


စိတ်ကူးချိုချိုအနုပညာ

မောင်ထွန်းသူ

# ကြယ်စင်များက ကြည့်နေသည်

THE STARS LOOK DOWN

A.J.CRONIN

ဒုတိယအကြိမ်

င်များက ကြည့်နေသည်
တ်တမ်း
င်ပြုချက်အမှတ် - ၅၀၀၆၁၁၀၄၀၈ နှင့်
ဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၃၀၆၀၈ တို့ဖြင့်
ဖုံးဒီဇိုင်း ဓ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို
တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ -
း ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ဒုတိယ
် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဩဂုတ်လတွင် တန်ဖိုး
တုပ်ဖြင့် ဖြန့်ချိသည်။
ချုပ် - ကိုမြင့်

## မြန်မာပြန်သူ၏အမှာ

စာရေးဆရာကြီး အေဂျေကရိုနင်၏ ဤဝတ္ထု "The Stars Look Down" သည် အကောင်းဆုံးနှင့် အထူးခြားဆုံးသော လက်ရာတစ်ခုဟု သတ်မှတ်ခြင်း ခံရသည့်စာအုပ် ဖြစ်သည်။ *'ဒေါက်တာကရိုနင်၏ The Stars Look Down ဝတ္ထုကြီးသည် ဝတ္ထုကောင်းကြီး တစ်အုပ်ဖြစ်ပေသည်။ ကျွန်ုပ်အနေဖြင့် သူ၏ ပထမဆုံးလက်ရာ ဖြစ်သော Hatter's Castle ထက် ပို၍ကောင်းသည်ဟု ထင်ပါသည်။ ဆွဲဆောင်မှုအားကောင်းဆုံးသော စာအုပ်တစ်အုပ် ဖြစ်သည်မှာလည်း အငြင်းပွားဖွယ်ရာမရှိဟု ကျွန်ုပ် ယူဆပါသည်'* ဟု Lost Horizon ဝတ္ထုဖြင့် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီး ဂျိမ်း(စ်) ဟစ်လ်တန် (James Hilton) က မှတ်ချက်ပေးခဲ့ဖူးသည့်စာအုပ် ဖြစ်၏။

ဤဝတ္ထုကြီးသည် အေဂျေကရိုနင်၏ စတုတ္ထမြောက်စာအုပ် ဖြစ်သည်။ သူ့အား စာရေးဆရာအဖြစ်သို့ တွန်းပို့ပေးခဲ့သည့် ပထမဆုံး စာအုပ်မှာ Hatter's Castle ဖြစ်၍ ၁၉၃၀ ခုနှစ်တွင် ထွက်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယ ဝတ္ထုမှာ Three Loves (၁၉၃၂) ဖြစ်၍၊ တတိယ ဝတ္ထုမှာ Grand Canary (၁၉၃၃) ဖြစ်သည်။ The Stars Look Down မှာ ၁၉၃၅ ခုနှစ်တွင် ထွက်ရှိခဲ့ခြင်းဖြစ်၍ စတင် ထုတ်ဝေခဲ့သည့် ၁၉၃၅ ခုနှစ်မှစ၍ ယနေ့အထိ အကြိမ်ပေါင်း သုံးလေးဆယ်မက ရိုက်နှိပ်ခဲ့ရပြီး အုပ်ရေ သန်းပေါင်းများစွာ ရောင်းခဲ့ရသော စာအုပ် ဖြစ်၏။ ဘာသာပေါင်း သုံးဆယ်ခန့်သို့လည်း ပြန်ဆိုထုတ်ဝေခဲ့ရသည်ဟု ဆိုပါသည်။

The Stars Look Down သည် တောင်ပိုင်းဝေလပြည်နယ်အတွင်းရှိ ကျောက်မီးသွေးတွင်းများမှ အလုပ်သမားများ၏ ဘဝကို ရေးဖွဲ့ထားသော ဝတ္ထုကြီး ဖြစ်သည်။ ရေးဖွဲ့ရာ၌လည်း သူ့ခေတ် သူ့အခါ (၁၉၃၀ ပြည့်လွန်နှစ် များ အတွင်း) က သူကိုယ်တိုင် သိမြင်ကြားသိခဲ့ရသမျှကို အခြေခံပြီး ရေးဖွဲ့ခဲ့ခြင်း

ဖြစ်၍ စာတ်လမ်းစာတ်ကွက်နှင့် ဇာတ်ကောင်စရိုက်များသည် များစွာ ပီပြင်နေခြင်းဖြစ်သည်ဟု စာပေပညာရှင်အများစုက ယူဆခဲ့ကြလေသည်။

အေဂျေကရိုနင်အား ၁၈၉၆ ခုနှစ်၊ ဇူလိုင်၁၉ ရက်တွင် စကော့တလန်နိုင်ငံ၊ ဒမ်ဘာတွန်ရှိုင်းယားနယ်၊ ကာဒရော့ဒ်မြို့၌ မွေးဖွားခဲ့သည်။ နာမည်ရင်းမှာ 'အာချီဘော ဂျိုးဇက်ကရိုနင်' ဖြစ်၍ တစ်ဦးတည်းသောသား ဖြစ်၏။ သူ့ဖခင်သည် သူ လူလားမမြောက်မီ ကွယ်လွန်သွားခဲ့ရသဖြင့် အဖမဲ့သားဘဝဖြင့် မိခင်မုဆိုးမအား အမှီပြုကာ နေထိုင်ခဲ့ရသည်။ တကယ်တော့ ကရိုနင်၏ ငယ်စဉ်ဘဝသည် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသောဘဝ ဖြစ်၏။

ကရိုနင်၏မိခင်သည် အလွန်ရှေးဆန်ပြီး အစွဲအလန်းကြီးသော ပရိုတက်စတင့်ဘာသာဝင် စကော့မိသားစုမှ ပေါက်ဖွားလာခဲ့သူ ဖြစ်သည်။ သူ့မိခင်သည် အသက်ဆယ့်ကိုးနှစ်အရွယ်တွင် ကက်သလစ်ဘာသာဝင် အိုင်းရစ်လူငယ်တစ်ဦးနှင့် ချစ်ကြိုးသွယ်မိခဲ့သည်။ မိဘများက သဘောမတူသဖြင့် အိမ်မှထွက်ပြေးပြီး ချစ်သူ အိုင်းရစ်လူငယ်အား လက်ထပ်ခဲ့ရုံမျှမက သူ့မိဘ၏ ပရိုတက်စတင့်ဘာသာကို စွန့်ပစ်ပြီး ကက်သလစ်ဘာသာသို့ ကူးပြောင်းခဲ့သည်။

ဖခင် ကွယ်လွန်သွားသည့်အခါ ကရိုနင်တို့သားအမိသည် ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်ခဲ့ရသည်။ ကရိုနင်၏မိခင်သည် နှစ်နှစ်တိတိမျှ ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားပြီး သူတို့သားအမိ၏ဘဝကို ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းခဲ့သည်၊ သို့သော်လည်း ကျန်းမာရေး မကောင်းသဖြင့် သူမျှော်မှန်းသလို ဖြစ်မလာခဲ့ပေ။ ဤတွင် ကရိုနင်၏မိခင်သည် သားငယ်ကို လက်ဆွဲကာ မိဘအရိပ်ကို ပြန်ခိုခဲ့ရလေသည်။

ကရိုနင်၏အဘိုးသည် သူ့သမီးအား ဖခင်၏ ဂုဏ်သိက္ခာကို ကင်းမဲ့အောင် လုပ်သည့် သမီးဟု မြင်သည်။ ကရိုနင်ကျတော့ သူနှင့် ဘာသာမတူသော ဒိဋ္ဌိကလေးဟု ထင်သည်။ ထို့ကြောင့်လည်း ကရိုနင်တို့သားအမိသည် ကရိုနင်၏အဘိုး အသိုင်းအဝိုင်းထဲတွင် မျက်နှာငယ်ခဲ့ကြရသည်။ သို့သော်လည်း ပျော်ပျော်နေတတ်သော သူ့အဘိုးသည် ကရိုနင်၏ ကြံ့ခိုင်သောစိတ်ဓာတ်နှင့် ထက်မြက်သော ဉာဏ်ရည်ဉာဏ်သွေးများကို များစွာသဘောကျခဲ့သည်။ သူကိုယ်တိုင်ကပင်လျှင် ကရိုနင်အား စိတ်ဓာတ်ကြံ့ခိုင်သည်ထက် ကြံ့ခိုင်အောင် ဘေးမှနေ၍ ပံ့ပိုးမြှိုးဆောင်ပေးခဲ့သည်။ ယင်းအဖြစ်များကို ကရိုနင်သည် အစိမ်းရောင်နှစ်များ (The Green Years) စာအုပ်၌ မှတ်တမ်းတင်ထားခဲ့၏။

သူလူငယ်ဘဝက ကြုံခဲ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ သူ၏ 'နှစ်လောက' (Adventures In Two Worlds) စာအုပ်တွင် 'အဖေ မရှိတော့၍ ဆင်းရဲ မွဲတေသွားပြီ ဖြစ်သော လူငယ်တစ်ယောက်၏ဘဝတွင် ဘာကိုမှ တောင့်တ၍ မရပါ။ ပတ်ဝန်းကျင်၏ အဖိအနှိပ် အထုအထောင်းကို များစွာခံရပါသည်။ မိမိ လုပ်ကိုင်နေသမျှ အရာအားလုံး မှန်ကန်ကြောင်း သိသာထင်ရှားအောင် ပြရပါသည်။ မှန်ကန်သည်ဟုဆိုရာ၌ မိမိ၏ အမြင်၌သာမက လူအများ၏အမြင်၌ပါ မှန်ကန်သည်ဟု လက်ခံလာအောင် ကြိုးစားခြင်း ဖြစ်ပါ၏' ဟု ဆိုခဲ့သည်။

ကရိုနင်သည် သူ့အား အပေါ်စီးနှင့် ဆက်ဆံကာ ဝိုင်းဝန်းနှိပ်စက်နေသူများကို ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သည်။ အထူးသဖြင့် ပညာနှင့် အားကစားဘက်တွင် ထူးချွန်ထင်ရှားလာအောင် ကြိုးစားခဲ့ခြင်းအားဖြင့် သူ့ကို ပတ်ဝန်းကျင်က လက်ခံလာအောင် အားထုတ်ခဲ့၏။ ပညာသင်ဆုများနှင့် အားကစားဆုအများအပြားကိုလည်း ရရှိလာသည်။ ထိုအခါ သူ့အား အများစုက အသိအမှတ်ပြုကာ လက်ခံလာခဲ့သည်။ သူ့အဘိုးကပါ သူ့အား အသိအမှတ်ပြုလာခဲ့သည်။

ကရိုနင်သည် ငယ်စဉ်ကတည်းက ဆရာဝန်ဘဝကို ပြင်းပြင်းပြပြ လိုလားတောင့်တခဲ့သူ ဖြစ်၏။ သူ လိုလားတောင့်တသည့်အတိုင်းလည်း အသက်ဆယ့်ခြောက်နှစ်အရွယ်တွင် ဆေးကျောင်းသား ဖြစ်လာခဲ့သည်။ ဆင်းရဲသော ဆေးကျောင်းသားဖြစ်သဖြင့် ပေလွှားလွှား နေခဲ့ရသည်မဟုတ်။ သူ့အဖေထံမှ အမွေဆက်ခံထားသည့် ရွှေနာရီနှင့် ရွှေကြိုးကို မကြာခဏ အပေါင်ဆိုင်ပို့ပြီး ကျောင်းသုံးစာအုပ် အဟောင်းများကိုသာ ဝယ်၍ အဖက်ဖက်တွင် ချိုးခြိုးချွေတာပြီး လိုအပ်သော ဆေးပညာဆိုင်ရာ ကိရိယာတန်ဆာပလာများကိုဝယ်၍ ရေဆွတ်ထားသော မျက်နှာသုတ်ပဝါကို ခေါင်း၌ပတ်ကာ ညစဉ်ညတိုင်း ညလုံးပေါက်စာကျက်၍ အပြင်းအထန် ရုန်းကန်လှုပ်ရှားနေခဲ့ရသော ဆေးကျောင်းသားတစ်ယောက် ဖြစ်လေသည်။

ဆရာဝန်ဘွဲ့ရလာသော ဒေါက်တာကရိုနင်သည် ပထမဦးစွာ သင်္ဘောဆရာဝန် ဝင်လုပ်သည်။ ထို့နောက် စကော့တလန်နိုင်ငံ အနောက်ဘက် ကုန်းမြင့်ဒေသမှ တန်နော့ချ်ဘရေးရွာ၌ လက်ထောက်ဆရာဝန် ဝင်လုပ်သည်။ နှစ်အတန်ကြာသည့်အခါ တောင်ပိုင်းဝေလနယ် ထရီဂျင်နီ ကျောက်မီးသွေး ကုမ္ပဏီ၏ ကျန်းမာရေး အရာရှိအဖြစ် ဝင်လုပ်သည်။ ဤဒေသ၌ နေစဉ်အတွင်း သူသည် အမ်ဒီ (M.D) ဘွဲ့ကိုသာမက အမ်အာစီပီ (M.R.C.P) နှင့် ဒီပီအိတ်ချ်(D.P.H) စသော အဆင့်မြင့်ဘွဲ့များကိုပါ ရရှိလာခဲ့သည်။

ကျောက်မီးသွေးတွင်းဒေသသည် သူ့အား များစွာအကျိုးပြုခဲ့သည်ဟု ဆိုရမည်။ ဤဒေသ၌ နေထိုင်စဉ်အတွင်း သူသည် အဆင့်မြင့် ဆေးပညာဘွဲ့များကို

ရကာ ထင်ရှားကျော်ကြားသော ဆရာဝန်တစ်ယောက် ဖြစ်လာသည်။ နောင်အခါ စာရေးဆရာဘဝသို့ ရောက်လာသည့်အခါတွင်လည်း ကျောက်မီးသွေးတွင်းတူး အလုပ်သမားများ၏ဘဝကို နောက်ခံထား၍ ရေးဖွဲ့ခဲ့သော ဤဝတ္ထု (The Stars Look Down) သည် သူ၏အကောင်းဆုံးနှင့် အထူးခြား အပြောင်မြောက်ဆုံး လက်ရာအဖြစ် စာပေလောကမှ အသိအမှတ်ပြုခံခဲ့ရသည်။

ဤဝတ္ထု (The Stars Look Down) သည် ၁၉၃၀ ခုနှစ်ဆီက တည်ရှိခဲ့သော ကျောက်မီးသွေးတွင်းတူး အလုပ်သမားတို့၏ဘဝကို ခြယ်မှုန်းရေးဖွဲ့ထားခြင်း ဖြစ်သည်။ ယင်းတို့ ခံစားနေကြရသော လူမှုဒုက္ခများကို 'စာရေးဆရာအမြင်' ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်၏။ ယင်းအလုပ်သမားများကို နောက်ခံထား၍ ယင်းလူတန်းစားများမှ ပေါက်ဖွားလာသောလူတို့၏ စိတ်နေစိတ်ဓာတ်များ၊ လှုပ်ရှားရုန်းကန်မှုများ၊ ဒုစရိုက် သုစရိုက်မှုများ၊ မျှော်လင့်ချက်များ၊ အောင်မြင်မှုများနှင့် ဆုံးရှုံးမှုများကို ရေးဖွဲ့ထားခြင်းဖြစ်၏။ ဤဝတ္ထုထဲမှ အေ၊ ဂျေ၊ ကရိုနင်၏ ဇာတ်ကောင်များသည် ပီပြင်အသက်ဝင်လှသဖြင့် စာပေပညာရှင်များက တလေးတစားချီးကျူးဝေဖန်ခဲ့ကြသော စာအုပ်ဖြစ်သည်။

အချို့ ဝေဖန်ရေး ပညာရှင်များကမူ ဤဝတ္ထုကြီးကိုဖတ်၍ အေ၊ ဂျေ၊ ကရိုနင်အား 'မျှော်တလင့်လင့်၊ ဒေးဗစ်ကောပါးဖီးလ်၊ အိုလီဗာတွစ်' အစရှိသော ဝတ္ထုများဖြင့် ကမ္ဘာကျော်ခဲ့သည့် အင်္ဂလိပ်စာရေးဆရာကြီး ချားလ်ဒစ်ကင်းနှင့် နှိုင်းယှဉ်ခဲ့ကြသည်။ ဝေဖန်ရေးဆရာ အတော်များများက 'ကရိုနင်သည် ချားလ်ဒစ်ကင်း၏ အမွေကို ဆက်ခံနိုင်သော စာရေးဆရာတစ်ဦး ဖြစ်သည်' ဟုပင် အဆိုပြုခဲ့ကြလေသည်။

The Stars Look Down သည် စာမျက်နှာ ၆၀၀ ကျော် ၇၀၀ နီးပါးမျှရှိသော အထူစား စာအုပ်ကြီး တစ်အုပ်ဖြစ်သည်။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် စရိတ်စကများ ကြီးမားနေခြင်း၊ ဘာသာပြန်စာအုပ်များ အထွက်ကျဲကာ စာအုပ်ဈေးကွက်တွင်းသို့ မဝင်ရဲသလို ဖြစ်နေခြင်း၊ စာအုပ်ဈေးများ အဆမတန်ကြီးနေသဖြင့် စာဖတ်သူများ ဝယ်မဖတ်နိုင်ခြင်း၊ အငှားဆိုင်မှ ငှားဖတ်သူများ အဖို့မှာလည်း ဖတ်ခ ဈေးကြီးသဖြင့် ငှားဖတ်ရန်ပင် ဆင်ခြင်နေရခြင်း စသည် စသည်များကြောင့် ဤဝတ္ထု အထူစားကြီးများကို ဘာသာပြန်ရသည်မှာ စိတ်ပန်းကိုယ်ပန်း ရှိလှပါသည်။

ဤစာအုပ်ကို မြန်မာပြန်ရာ၌ လုံးစေ့ပတ်စေ့ အတိအကျပြန်ဆိုသည့်နည်းကို ကျွန်တော်အသုံးမပြုနိုင်ပါ။ အနည်းငယ်မျှသော စာပိုဒ်များကို ချန်ထားခဲ့ရခြင်း၊ အချို့သော စာပိုဒ်များကို နှစ်ပိုဒ်သုံးပိုဒ်မျှ ပေါင်း၍ အနှစ်ချုပ်ကိုသာရယူခြင်း၊ အချို့စာပိုဒ်များကို အကျဉ်းချုပ်၍ ချုံ့ယူရခြင်း စသည်များကို ပြုခဲ့ရပါသည်။ ယင်းကဲ့သို့ မပြုလုပ်လိုသော်လည်း အချိန်အခါနှင့် အခြေအနေကိုကြည့်၍ လုပ်ခဲ့ရခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ လုပ်ပါလျက်နှင့်ပင် ဗလာစာရွက်နှင့် စာမျက်နှာပေါင်း ၃၀၄၉ မျက်နှာမျှ ရှိနေပါသည်။ အမှန်အတိုင်းဝန်ခံရလျှင် စာမျက်နှာ ၈၀ ဗလာစာအုပ်နှင့် အုပ်ရေ ၁၈ အုပ်မျှ ရှိသော လက်ရေးစာမူကို ကြည့်ကာ ကျွန်တော် များဇွာရင်မောနေရပါသည်။

'ရွှေစာပေ' ကတော့ ဤစာအုပ်ကို မဖြစ်မနေ ထုတ်မည်ဟု ကြုံးဝါးလျက်ရှိပါသည်။ ကျွန်တော်အနေဖြင့် 'ဘယ်တော့ထုတ်မှာလဲ' ဟု မေးချင်မိပါ၏။ သို့သော်လည်း ကျွန်တော် မမေးဝံ့၊ မမေးရက်ပါ၊ မြန်မြန်ဆန်ဆန် ထွက်ပါစေဟု တော့ ကျွန်တော်ကြိတ်၍ ဆုတောင်းနေမိပါသည်။

ဤစာအုပ်နှင့် ပတ်သတ်၍ ကျွန်တော် မပြောလျှင်မဖြစ်သည့် အချက်နှစ်ချက် ရှိနေပါသေးသည်။ ပထမအချက်မှာ ဤစာအုပ်၏ 'အမည်' ဖြစ်သည့် The Stars Look Down ဟူသော မူရင်းအမည်သည် (ကျွန်တော့်အထင်) အလွန်လှပြီး အလွန်လေးနက်သည်ဟု ယူဆမိပါသည်။

သို့သော်လည်း 'အလွန်လှပြီး လေးနက်သော' ထိုအမည်ကို ကျွန်တော်လိုချင်သည့် ပုံစံအတိုင်း ဖလှယ်၍မရပါ။ ဇာတ်လမ်းဇာတ်ကွက်ကို ကြည့်၍ အမည်ပေးဖို့ ကြိုးစားပြန်တော့လည်း အဆင်မပြေပါ။ ဤသို့ဖြင့် ဤစာအုပ်၏ မြန်မာပြန်အမည်သည် (ကျွန်တော် မကြိုက်လှသော်လည်း) 'ကြယ်စင်များက ကြည့်နေသည်' ဟု ဖြစ်လာရပါသည်။

ကျွန်တော် ပြောလိုသည့် ဒုတိယအချက်မှာ (The Stars Look Down) စာအုပ်ကို မြန်မာပြန် စာမူဘဝသို့ ရောက်ရှိလာရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော ကိုစိုးညွန့် – စင်ရော် (မာန်) အား ကျေးဇူးအထူးတင်ကြောင်း ဖော်ပြလိုခြင်း ဖြစ်ပါသည်။

ကိုစိုးညွန့်သည် ကျွန်တော့်အပေါ် သံယောဇဉ်ရှိသူ ဖြစ်သည်။ ကျွန်တော့်အခက်အခဲများကိုလည်း သိသူ ဖြစ်သည်။ ကျွန်တော့်စာအုပ်များအပေါ်တွင်လည်း တွယ်တာသူ ဖြစ်၏။ အကယ်၍ သူသာ ပံ့ပိုးမပေးလျှင် ဤစာအုပ်သည် စာမူဘဝသို့ ရောက်လာလိမ့်မည်မဟုတ်ပါ။

**မောင်ထွန်းသူ**

**၁၉၉၉၊ ဧပြီ ၂၁**

## (၁)

မာသာ အိပ်ရာမှနိုးလာချိန်တွင် မှောင်မိုက်နေဆဲ ဖြစ်ရုံမျှမက စူးစူးရှရှ အေးမြနေဆဲ ဖြစ်၏။ မြောက်ပင်လယ်ပေါ်မှ ကျော်ဖြတ်တိုက်ခိုက်လာနေသော လေသည် တစ်ဖက်သို့ ကျုံကျုံနိမ့်စောင်းလျက်ရှိသော အိပ်ခန်းနှစ်ခန်းပါသည့်အိမ်၏ နံရံပေါက်များမှတဆင့် အတွင်းသို့တိုးဝင်လျက် ရှိသည်။ ခပ်ဝေးဝေးမှ လှိုင်းပုတ်သံများကို ကြားနေရ၏။ ထိုမှတစ်ပါး ကျန်အရာအားလုံးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိလေသည်။

သူသည် မီးဖိုခန်း အိပ်ရာထက်၌ ငြိမ်သက်စွာလဲလျောင်းလျက် ရှိသည်။ တစ်ညလုံး ဘယ်ပြောင်းညာကူး တလူးလူး တလိမ့်လိမ့် ဖြစ်ကာ ချောင်းတဟွတ်ဟွတ် ဆိုးနေသော ရောဂါတ်နှင့် ဝေးနိုင်သမျှဝေးအောင် ခွာ၍နေသည်။ တစ်မိနစ်ခန့်မျှ နေ့သစ်တစ်နေ့တွင် ရင်ဆိုင်ရမည့်အရေးကို ဆင်ခြင်စဉ်းစားသည်။ ရောဘတ်အပေါ်၌ စက်ဆုတ်သောစိတ်ကို ချိုးနှိမ်သည်။ ထို့နောက် သူ့ကိုယ်သူ အားတင်းကာ အိပ်ရာမှထသည်။

သူ၏ ဖိနပ်မပါသော ခြေဖဝါးများအောက်မှ သမံတလင်းကြမ်းပြင်သည် ရေခဲတမျှ အေးစက်နေသည်။ သူသည် အဝတ်အစားများကို ကပျာကယာ ဝတ်သည်။ အသက်လေးဆယ်ပင် မပြည့်သေးသော မိန်းမတစ်ယောက်အနေဖြင့် ခွန်အားအပြည့်အဝ ရှိနေသေးသည် ဖြစ်ရာ သူ၏လှုပ်ရှားမှုများသည် လျင်မြန်သွက်လက်နေဆဲ ဖြစ်လေသည်။

သို့တစေလည်း အဝတ်အစား လဲလှယ်ပြီးသွားသည့်အခါတွင် လှုပ်လှုပ်ရှားရှား လုပ်ကိုင်နေသဖြင့် ပင်ပန်းနွမ်းနယ်မှုသည် သူ့တစ်ကိုယ်လုံးတွင် ကျန်ရစ်ခဲ့၏။ သူ့အနေဖြင့် ဆာလောင်မွတ်သိပ်မှု မရှိသေး၊ ဘာကြောင့်ရယ်တော့ မသိ။ မစားချင် မသောက်ချင် ဖြစ်နေခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီ။ အမှန်တော့ သူ နေမကောင်း ဖြစ်နေသည်။ ကိုယ်တွေ လက်တွေ မသယ်ချင်လောက်အောင်ပင်

နေထိုင်မကောင်းခြင်း ဖြစ်၏။ သူသည် သူ့ကိုယ်သူအားယူ၍ ကြွေပန်းကန်ဆေးခွက်ဆီသို့ လျှောက်သွားပြီး ရေဘုံဘိုင်ခေါင်းကို ဖွင့်လိုက်သည်။ ရေတစ်စက်မှ ထွက်မလာ။ ပိုက်တွေ ရေခဲကုန်ပြန်ပြီ။

သူသည် အေးစက်နေသော လက်တစ်ဖက်ဖြင့် ယောင်ယမ်းနေသော နံဘေးတစ်ဖက်ကို နှိပ်ကာ ရပ်နေမိသည်။ ပြတင်းပေါက်မှနေ၍ တွန့်ဆုတ်ဆုတ်လုပ်သလို ဖြစ်နေသော အရုဏ်ဦး အလင်းရောင်ဆီသို့ ငေးကြည့်နေသည်။ သတ္တုတွင်း အလုပ်သမားများ၏ အိမ်တန်းလျားများသည် သူ့မျက်စိအောက်၌ ရောက်နေကြသည်။ အားလုံးသည် မှုန်ဝါးဝါး၊ အိမ်တစ်လုံးပေါ်တစ်လုံး ဆင့်နေသည့်နှယ် ရှိသည်။

သူ့ညာဘက်တွင် မည်းမှောင်နေသည့် စလီစကေးမြို့။ ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်၍ အခြားတစ်ဖက်တွင် အေးမြသော ပင်လယ်ပြင် တည်ရှိသည်။ ဘယ်ဘက်တွင်မူ နက်ပ်ကျွန်းနံပါတ်စဉ် (၁၇) သတ္တုတွင်း၏ ဦးခေါင်းပိုင်းသည် ပင်လယ်ဆိပ်ကမ်းနှင့် ပင်လယ်ပြင်တို့ကို အုပ်မိုးကာ အရှေ့ဘက် မိုးကောင်းကင်ပြင်ကို ကျောပေးပြီး လူသတ်ဝင်းကြီးတစ်ခုသဖွယ် မားမားမတ်မတ်ကြီး ရပ်တည်လျက်ရှိ၏။

မာသာ၏ မျက်ခုံးများသည် တွန့်လျက်ရှိကြ၏။ အခုဆိုလျှင် အလုပ်သမားများ သပိတ်မှောက်နေကြသည်မှာ သုံးလပင် ရှိခဲ့ပြီ။ ထိုသပိတ်၏ ဆင်းရဲဒုက္ခကို တွေးလိုက်မိသည့်အခါ သူ့စိတ်သည် တစ်မျိုးဖြစ်သွားသည်။ ပြတင်းပေါက်အနီးမှ ချာခနဲလှည့်ကာ မီးဖိုဆီသွား၍ မီးမွှေးသည်။ မီးမွှေးရသည်မှာ ခက်လှပါဘိခြင်း။ သူ့တွင် တမြန်နေ့က ဆင်မီ ဆယ်ယူလာသော ရေမျောထင်းများနှင့် ဟူးဂီး ကောက်ယူလာသည့် ကျောက်မီးသွေးထိပ်ဖျားမှ ချေးများသာရှိ၏။ ယင်းပစ္စည်းများနှင့် မီးမွှေးရသည်မှာ အလုပ်မဖြစ်။ မာသာဖင်းဝစ်သည် အမြဲတစေ ကောင်းမှုဆိုသည့် ကျောက်မီးသွေးစစ်စစ်များကို အသုံးပြုနေသူဖြစ်သည်။ ကျောက်မီးသွေးစစ်စစ်နှင့် မီးမွှေးရသည်မှာ အလွန်လွယ်၍ ချက်ရာပြုတ်ရာ၌လည်း အလွန်မြန်သည်။ ယင်းကဲ့သို့ လုပ်ကိုင်နေထိုင်လာခဲ့ရသူတစ်ဦးအဖို့ အခုလို ခက်ခဲပင်ပန်းစွာ လုပ်ကိုင်နေရသည့်အခါ စိတ်ညစ်လာသည်။ စိတ်ရှုပ်လာသည်။ သို့သော်လည်း နောက်ဆုံးကျတော့ မီးကိုမွှေးလို့ရလာသည်။ သူသည် နောက်ဖေးတံခါးမှ ထွက်သွားပြီး ခဲနေသော ရေခဲတုံးကို ဒေါသတကြီးနှင့် ထုခွဲလိုက်သည်။ ထို့နောက် ရေနွေးအိုးထဲထည့်ကာ ပြန်ယူလာပြီး မီးဖိုပေါ်တင်၍ ရေနွေးကျိုသည်။ ရေနွေးကျိုရသည်မှာ အချိန်ကုန်လှ၏။ တော်တော်နှင့်မဆူ။ ဆူလာသည်နှင့် တစ်ပြိုင်နက် သူသည် ရေနွေးကို ပန်းကန်တစ်လုံးထဲ



ထည့်ကာ မီးဖိုရှေ့၌ထိုင်၍ ရေနွေးခွက်ကို လက်နှစ်ဖက်နှင့် ကိုင်မပြီး တစ်ငုံနှစ်ငုံမျှ သောက်လိုက်သည်။ ထုံကျင်နေသော ခန္ဓာကိုယ်တစ်ခုလုံး အသက်ဝင် လှုပ်ရှားသွားသည်။ ရေနွေးအဖြူသက်သက်ချည်း သောက်ရခြင်းဖြစ်၍ လက်ဖက်ရည်လောက်တော့ အရသာမရှိ။ သို့သော်လည်း လောလောဆယ် အခြေအနေအရတော့ ရေနွေးချည်းသက်သက် သောက်လိုက်ရသဖြင့် သူ့တွင် အားတော့ရှိသွားသည်။

စိုနေသော ထင်းများဆီမှ မီးတောက်များကို မြင်ရသည်။ သတင်းစာဟောင်း တစ်စောင်ကို ဆုတ်ဖြဲပြီး ထိုးထည့်ထားခြင်းကြောင့် ဖြစ်၏။ သတင်းစာတစ်ပိုင်းတစ်စသည် မီးဖိုပေါ်၌တင်ထားသည်။ သူသည် ရေနွေးကိုသောက်ရင်းက သတင်းစာအစုတ်ပေါ်မှ စာကြောင်းများကို စိတ်မပါတပါဖြင့် ဖတ်နေမိသည်။

အောက်လွှတ်တော်တွင် ပြည့်သူ့ကိုယ်စားလှယ်အမတ် မစ္စတာကီယာဟာဒီက ခိုးကိုးရာမဲ့ ကလေးသူငယ်များ ပြဿနာမှာ တစ်နေ့တစ်ခြား ကြီးမားလာနေသဖြင့် ပညာရေးဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ယင်းတို့အား စောင့်ရှောက်ကျွေးမွေးရန် တာဝန်ယူသွားရေးအတွက် သက်ဆိုင်ရာအစိုးရက အရေးယူဆောင်ရွက်ခြင်း ပြုလုပ်ပေးရန် အစီအစဉ်ရှိပါသလားဟု မေးသည်။ အစိုးရက သက်ဆိုင်ရာ တာဝန်ရှိသူများအား တစ်စုံတစ်ရာတာဝန်ပေးရန် အစီအစဉ် မရှိပါဟု ဖြေကြားသွားသည်။

မာသာ၏ ပိန်ချောင်နေသောမျက်နှာသည် သတင်းအပေါ်တွင် စိတ်ဝင်စားဟန်လည်း မပြ၊ မနှစ်သက်သည့် လက္ခဏာကိုလည်း မပြ။ သူ့မျက်နှာတွင် ဘယ်လို ထူးခြားမှုကိုမှ မမြင်ရ။ ဖျတ်ခနဲ နောက်လှည့်ကြည့်သည်။ သူ တင်သည့်အတိုင်း ဖြစ်၏။ သူ့ယောကျ်ား အိပ်ယာမှနိုးနေပြီး မိမိဘက်သို့စောင်း၍ ပါးတစ်ဖက်ကို လက်ဖဝါးပေါ်တင်ထားပြီး မိမိအား လှမ်းကြည့်နေသည်။ ချက်ချင်းပင် မာသာ၏ စိတ်ထဲ၌ သူ့ယောကျ်ားအပေါ် ရွံရှာစက်ဆုတ်သော ခံစားမှုသည် အစိုင်အခဲနှင့် ဝင်ရောက်လာသည်။ သူ့စိတ်သည် ပူလောင်လာသည်။ အရာရာတိုင်းသည် ကျေနပ်စရာမရှိ။ သူလုပ်ကိုင်နေသမျှ အရာရာတိုင်းသည် လက်ခံနိုင်စရာ လုံးဝမရှိ။

ထို့နောက် သူ့ထံမှ ချောင်းဆိုးသံ ကြားရသည်။ ဤချောင်းဆိုးသံသည် မိမိအား ကြောက်၍ တမင်သက်သက်လုပ်၍ ဆိုးလိုက်သော ချောင်းဖြစ်သည် ထင်၏။ အမှန်ကတော့ ဤချောင်းဆိုးမှုသည် သူနှင့် ခွဲခွာ၍ရသည်မဟုတ်။ ချောင်းဆိုးပြီ ဆိုပါကလည်း သူ့လည်ချောင်း၊ သူ့ပါးစပ်ထဲတွင် ချွဲသလိပ်တွေ အပြည့်။ သူသည် လှဲနေရာမှ တံတောင်နှင့်ထောက်၍ ထကာ တစ်ဘက်ဂျာနယ်မှ ဖြတ်ယူထားသည့် သတင်းစာစက္ကူပေါ်သို့ တွေးချလိုက်သည်။

ဤစာရွက်များကို သူသည် အမြဲတစေ ဂျာနယ်မှ ယူထားလေ့ရှိ၏။ ဖြတ်သည့် အခါတိုင်းလည်း မိမိ အာလူးအခွံနွှာသောဓားကို အသုံးပြုလေ့ရှိသည်။ သူသည် ချောင်းဆိုး၍ ချွဲသလိပ်တွေ ပြည့်လာတိုင်း ဤစက္ကူများပေါ်သို့ ထွေးချသည်။ ပြီးတော့ ထိုစက္ကူများကိုစု၍ မီးဖိုထဲထည့်ပြီး မီးရှို့ပစ်လေ့ရှိ၏။ အခုလည်း သူသည် အိပ်ရာပေါ်မှ ဆင်းသည့်အခါ စက္ကူများကိုစုယူပြီး မီးဖိုထဲထည့်သည်။

မာသာ၏စိတ်တွင် သူ့အား မုန်းတီးစိတ်သည် ထပ်မံဖြစ်ပေါ်လာပြန်သည်။ သူ့ကိုသာမက သူ့ချောင်းဆိုးသံကိုပါ မုန်းသည်။ သို့သော်လည်း သူမသည် ပန်းကန်တစ်လုံးတွင် ရေနွေးပူပူထည့်ကာ သူ့အား လှမ်းပေးသည်။ သူသည် ပန်းကန်ကို ဆီးယူသည်။

အလင်းရောင် ဝင်လာပြီ။ နာရီက မရှိ၊ ပထမဦးဆုံး ပေါင်ခဲ့ရသည့်ပစ္စည်းမှာ နာရီ ဖြစ်၏။ ဘိုးလင်းကစားပွဲတွင် သူ့အဖေ အနိုင်ရ၍ ဆုအဖြစ် ချီးမြှင့်ပေးအပ်ခဲ့သောနာရီ ဖြစ်သည်။ နာရီသည် တကယ့်အကောင်းစားနာရီ ဖြစ်၏။ သူ့အဖေသည် လူတော်တစ်ယောက် ဖြစ်၍ ဘိုးလင်းကစားရာ၌လည်း ချန်ပီယံ ဖြစ်ခဲ့သည် မဟုတ်ပါလား....။

သူသည် အချိန်ကို ခန့်မှန်းကြည့်သည်။ ခုနစ်နာရီခန့်ရှိပြီ ထင်၏။ သူသည် ဒေးဗစ်၏ ခြေအိတ်တစ်ခုကိုယူ၍ လည်ပင်းတွင် ပတ်လိုက်သည်။ သူပိုင်ဖြစ်နေသည့် ယောကျ်ားဆောင်း အဝတ်ကက်ဦးထုပ်ကို ယူ၍ ခေါင်းတွင် ဆောင်းလိုက်သည်။ ထို့နောက် စုတ်ပြဲနေပြီဖြစ်သော အနက်ရောင်ကုတ်အင်္ကျီကို ယူဝတ်သည်။ ဘာပစ္စည်းမှ မည်မည်ရရ မရှိချိန်တွင် ဤကုတ်အင်္ကျီစုတ် တစ်ထည်သည် အရာရောက်သော ပစ္စည်းတစ်ခုပင် ဖြစ်၏။ သူသည် ပဝါခြုံတတ်သည့် မိန်းမစား မဟုတ်။ သူ ဘယ်တော့မှ ဒါမျိုး ဝါသနာမပါ။ သူသည် ဂုဏ်သိက္ခာရှိသော မိန်းမတစ်ယောက် ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံး သူသည် ဂုဏ်သိက္ခာ မြင့်မားအောင် နေခဲ့သည် မဟုတ်ပါလော....။

သူသည် စကားလည်း မပြော၊ သူ့ယောကျ်ားကိုလည်း လှည့်မကြည့်ဘဲ အိမ်ရှေ့တံခါးပေါက်မှ အပြင်သို့ ထွက်လာခဲ့သည်။ သူသည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသောလေကို ရင်ဆိုင်ကာ ကောင်းပင်လမ်းအတိုင်း မြို့ဘက်သို့ လျှောက်လာခဲ့သည်။ အပြင်ဘက်တွင် အအေးဓာတ်သည် ပိုမို၍ ပြင်းထန်သည်။ ကြောက်စဖွယ်ကောင်းလောက်အောင်ပင် အေးလှပေသည်။ ဆင်ခြေလျှောကုန်းတန်းများတစ်လျှောက်တွင် တည်ရှိနေကြသည့် အိမ်တန်းများတွင် လူရိပ်လူခြည်ဟူ၍ မတွေ့ရ။ သူသည် ဆယ်လူတေးရှင်း၊ မစ်ဒယ်လ်ရစ် လမ်းများကို ကျော်ဖြတ်ကာ သိပ္ပံကျောင်းရှေ့မှ ဖြတ်လာခဲ့သည်။ အဆောက်အဦ၏ ဘေး



တစ်ဖက် နံရံပေါ်တွင် 'သုံးနာရီတွင် လူထုစည်းဝေးပွဲ ရှိသည်' ဟု မြေဖြူဖြင့် ရေးထားသည်။

အေးလွန်း၍ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။ သူသည် ခြေလှမ်းကို ခပ်ကျဲကျဲ၊ ခပ်သုတ်သုတ်လှမ်းသည်။ သို့သော်လည်း မြန်မြန်တော့မလျှောက်နိုင်။ သူ့ဗိုက်ထဲမှ ကလေးသည် အသက်မဝင်သေးသော်လည်း အတော်ကြီးလေးလံနေပြီ ဖြစ်၏။ ဤကလေးသည် သူ့အား ခြေလှမ်း မမှန်အောင်၊ ကိုယ်ကို ကိုင်းနေအောင် လုပ်ဆောင်လျက်ရှိ၏။

အခုလိုအချိန်မျိုးကျခါမှ ဤအဖြစ်မျိုးနှင့် ရင်ဆိုင်နေရသည့်အတွက် သူသည် စိတ်မကောင်းဖြစ်ရ၏။ သူ့တွင် သားသုံးယောက်ရှိနေပြီ ဖြစ်သည်။ အငယ်ဆုံးသား ဒေးဗစ်ဆိုလျှင် ဆယ့်ငါးနှစ် ပြည့်တော့မည်။ သူသည် တွေးရင်းနှင့် ဒေါသဝင်လာသဖြင့် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုတ်ထားမိသည်။ တရားခံမှာ တခြားသူမဟုတ်၊ သူပင် ဖြစ်၏။ အိမ်ပြန်လာလျှင် သူသည် အရက်မူးပြီး ပြန်လာလေ့ရှိ၏။ သူ မူးလာသည့်အခါတွင် နှုတ်ဆိတ်တတ်သော်လည်း မိမိအပေါ်တွင်မူကား အနိုင်ယူချင်တတ်သည် မဟုတ်ပါလား....။

မြို့ထဲတွင် စတိုးဆိုင် အများစုသည် ပိတ်ထားသည်။ ယင်းတို့အနက်မှ ဆိုင်အများအပြားသည် ဖွင့်ကြလိမ့်မည် မဟုတ်။ သမဝါယမဆိုင်ပင်လျှင် ဖွင့်သည်ကို မတွေ့ရ။ နောက်ဆုံး အကြွေးစနစ်ဒဏ်ဖြင့် လုံးပါးပါးသွားရခြင်း ဖြစ်၏။ အခု သူ့တွင် နှစ်ပဲနီတန် အနီရောင် တိုကင်လက်မှတ် တစ်စောင်တော့ ရှိသည်။ ထိုငွေဖြင့် လိုအပ်သည့်ပစ္စည်းများ ဝယ်နိုင်လိမ့်မည် ဖြစ်၏။ ခက်နေသည်မှာ ဆိုင်တွေမဖွင့်ခြင်း ဖြစ်သည်။ မတ်စတာဆိုင်လည်း မဖွင့်။ မာချီဆန်၊ ဒေါ့ဘ်နှင့် ဘိတ်စ်ဆိုင်များလည်း မဖွင့်။ သူတို့အားလုံး ပိတ်ထားကြသည်။ သူတို့အားလုံး ပြဿနာဖြစ်မည်ကို စိုးရိမ်ပူပန်နေကြသည် မဟုတ်ပါလား....။

သူသည် လမ်းထောင့်အရောက်တွင် လင့်မ်လမ်းထဲသို့ ချိုးဝင်သည်။ တစ်ဘက် မျက်နှာချင်းဆိုင်ရှိ ရမ်ပက်ချ်လမ်းကို ဖြတ်၍ စကပ်လမ်းကြားထဲရှိ အမဲသားဆိုင်သို့ လျှောက်လာခဲ့သည်။ ဆိုင်ဖက်သို့ နီးကပ်လာချိန်တွင် သူ့မျက်နှာသည် လင်းလက်သွားသည်။ ခြံဝင်းထဲ၌ အင်္ကျီလက်များကိုခေါက်တင်ပြီး သားရေခါးစည်းဝတ်၍ အမှိုက်လှဲနေသော ဟော့ဘ်ကို မြင်လိုက်ရခြင်းကြောင့်ပေတည်း။

'ဒီနေ့မနက် ဘာရသလဲ ဟော့ဘ်' သူ့အသံသည် အေးဆေး တည်ငြိမ်သည်။ ရပ်နေသည်မှာလည်း အေးအေးဆေးဆေးပင် ဖြစ်သည်။ ဟော့ဘ်က သူ့ကို မမြင်မချင်းတော့ သူ စိတ်ရှည်မှ ဖြစ်ပေလိမ့်မည်။

ဟော့ဘ်သည် သူ့ကို အစောကတည်းက သတိထားမိသည်။ သို့သော်လည်း မသိဟန်ပြုကာ ခေါင်းကိုငုံ့ထားသည်။ သမံတလင်း၌ ဝပ်နေသော ရေများကို တံမြက်စည်းဖြင့် လှည်းထုတ်နေသည်။ ထိုကဲ့သို့ လုပ်နေခြင်းအပေါ်တွင် သူကလည်း သိပ်ပြီးအလေးအနက်မထား။ ဟော့ဘ်သည် လူကောင်းတစ်ယောက်ဖြစ်၏။ ဟော့ဘ်သည် သူ့အကြောင်းကို သိသူ ဖြစ်သည်။ ဟော့ဘ်သည် မိမိအတွက်ဆိုလျှင် သူ တတ်နိုင်သမျှ လုပ်မပေးဘဲ နေလိမ့်မည် မဟုတ်၊ မိမိကဖွဲကောင်းကောင်း၊ စိတ်ရှည်ရှည်နှင့် စောင့်ဖို့သာလို၏။

'ရှင့်မှာ အကြွေးရောင်းစရာ အနည်းအကျဉ်း မကျန်တော့ဘူးလား ဟော့ဘ်' ဟု သူက မေးသည်။ သူ့အနေဖြင့် များများစားစား တောင်းဆိုနေခြင်း မဟုတ်၊ သူများက မလိုလားသည့် အမဲသား အရိုးအရွဲ၊ အစအနများကိုသာ တောင်းခံနေခြင်း ဖြစ်၏။

ဟော့ဘ်သည် တံမြက်စည်းလှည်းခြင်းကို ရပ်လိုက်သည်။ သူသည် မာသာ၏မျက်နှာကို မကြည့်။ 'ဒီမှာတော့ ဘာမှမရှိဘူး' ဟု ပြောသည်။

မာသာက လှမ်းကြည့်သည်။ 'မရှိဘူး ဟုတ်လား' ဟု မေးသည်။

ဟော့ဘ်က ခေါင်းခါသည်။

'အခုတော့ မရှိဘူး၊ ရာမက်ချ်က ကျုပ်တို့ကို မနေ့ညက ခြောက်နာရီထိုးမှ သတ်နိုင်းတာ၊ ပြီးတော့ အားလုံးကို လှည်းနဲ့ ဆိုင်ကို ပို့နိုင်းတယ်၊ ဘာမှ ချန်မထားခဲ့ဘူး'

မာသာသည် နှုတ်ခမ်းကို ကိုက်ထားသည်။ အခုပုံဆိုပါက မိမိတို့အဖို့ အမဲသား အရိုးအရွဲနှင့် စွပ်ပြုတ်ကိုပင် သောက်နိုင်မည့် အနေအထားမရှိ။ သူ့မျက်နှာတွင် သောကငွေ့များ ထင်ဟပ်လာသည်။ ဟော့ဘ်ကတော့ သူ့တံမြက်စည်းဖြင့် တအားကုန်ကျုံး၍ လှည်းနေသည်။

မာသာသည် လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။ သူသည် စကပ်လမ်းကြားမှ ဖြတ်ထွက်ပြီး လင့်မ်လမ်းအတိုင်း ဆိပ်ကမ်းဘက်သို့ လျှောက်လာခဲ့သည်။ တစ်ချက်မျှကြည့်ရုံဖြင့် အခြေအနေကို သူ သိသည်။ ပင်လယ်ငါးကိုမှ စားရတော့မည့် အနေအထားမရှိ။ လှေအားလုံးသည် ပင်လယ်ပြင်သို့ မထွက်ကြ။ ပိုက်ကွန်များကိုလည်း ဘယ်သူမှကိုင်ပုံမရ။ ရာသီဥတု အခြေအနေသည် အတော်ကြီး ဆိုးပုံရလေသည်။

မာသာသည် အိမ်ဘက်သို့ ပြန်ခဲ့သည်။ မြို့ထဲတွင် လူအများအပြားသွားလာလှုပ်ရှားနေကြပြီး လှည်းအနည်းငယ်သည် ကျောက်ခင်းလမ်းများပေါ်၌ သွားလာနေကြပြီ ဖြစ်၏။ ဘီသဲလ် လမ်းကြောင်းဆီမှ ဆူဆူညံညံအသံများ



ကြားနေရပြီ။ အရပ်ပုပု၊ မုတ်ဆိတ်မွေးချွန်ချွန်နှင့် ရွှေကိုင်းမျက်မှန် တပ်ထားသည့် လူတစ်ယောက်၊ အလုပ်သမ မိန်းကလေးတစ်စု၊ မြူနီစီပယ်ကောင်စီရုံးမှ စာရေးလူငယ်၊ သူတို့အားလုံးသည် မာသာကို ရှောင်ကွင်းသွားကြသည်။ မာသာနှင့် အကြည့်ချင်း မဆုံမိအောင် သတိထား၍ ရှောင်ကြသည်။ သူတို့သည် မာသာနှင့် လူချင်းမသိကြသော်လည်း မာသာအား ကျောက်မီးသွေးတွင်း အလုပ်သမားတန်းလျားမှ မိန်းမတစ်ယောက်မှန်းတော့ သိကြသည်။ လွန်ခဲ့သည့် သုံးလခန့်မှစ၍ တစ်မြို့လုံးကို ပြဿနာ ဖြစ်စေခဲ့သည့် လူအများနှင့် ဆက်စပ်ပတ်သက်နေသည့် လူတစ်ယောက်မှန်းလည်း သိနေကြ၏။ မာသာသည် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ နွေးကွေးလေးလံသော ခြေလှမ်းများဖြင့် တောင်ကုန်းထက်သို့ တက်လာခဲ့လေသည်။

တီဆာဒေးလ် မုန့်ဆိုင်ရှေ့တွင် မြင်းတစ်ကောင်တပ် ကုန်တင်လှည်းတစ်စီး ရပ်ထားသည်။ မုန့်ဆိုင်ပိုင်ရှင်၏သား ဒန်းတီဆာဒေးလ်သည် ဖုတ်ပြီးစပူပူနွေးနွေး ပေါင်မုန့်များ ထည့်ထားသည့် ခြင်းကြီးများကို တစ်ခြင်းပြီးတစ်ခြင်း ထမ်းလာပြီး ကုန်တင်လှည်းပေါ်သို့ တင်ပေးလျက်ရှိသည်။ မာသာ ဆိုင်ရှေ့အရောက်တွင် ဆိုင်တွင်းမြေအောက်ထပ်ရှိ မုန့်ဖိုဆီမှ သင်းပျံ့သော ပေါင်မုန့်နံ့သည် သူ့နှာခေါင်းဆီသို့ ရောက်လာသည်။ သူသည် တံတွေးကို တစ်ချက်မျှ မျိုချလိုက်မိ၏။

သူသည် ဆိုင်ရှေ့၌ တစ်ခဏမျှ ရပ်လိုက်မိသည်။ သူ့ရင်ထဲတွင် ပေါင်မုန့်ကို စားလိုက်ချင်သော ဆန္ဒသည် ပြင်းပြလာသည်။ ထိုအခိုက်မှာပင် ဒန်းတီဆာဒေးလ်သည် ပေါင်မုန့်ခြင်းကြီးကို ထမ်း၍ထွက်လာသည်။ သူသည် မာသာကို လှမ်းမြင်သည်။ မာသာ့မျက်လုံးများက ဖော်ပြနေသည့် ဆန္ဒကိုလည်း သူ ရိပ်မိသည်။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူသည် ဘာမှ စဉ်းစားမနေတော့ဘဲ ခြင်းထဲမှ ပေါင်မုန့်တစ်လုံးကို ဖျတ်ခနဲ ဆွဲယူကာ မာသာလက်ထဲသို့ ထိုးထည့်လိုက်လေ၏။

မာသာသည် ဘာစကားမှ မပြောနိုင်၊ ကျေးဇူးတင်သည့် မျက်လုံးအစုံဖြင့် မော့ကြည့်သည်။ သူ့မျက်လုံးများသည် မျက်ရည်များ စို့နေသဖြင့် မှုန်မှိုင်းနေသည်။ သူသည် ကောင်းပင်လမ်းအတိုင်း တက်လာပြီး ဆီဘတ်စတိုပို လမ်းထဲသို့ ချိုးဝင်ခဲ့သည်။ သူသည် ဒန်းကို ခင်မင်ခဲ့သူ ဖြစ်၏။ ဒန်းသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်နေသော လူငယ်တစ်ဦး ဖြစ်သည်။ အလွန်ယဉ်ကျေးသိမ်မွေ့သောလူငယ် ဖြစ်၏။ အလုပ်သမားသပိတ် ပေါ်လာချိန်မှ စ၍ သူသည် သူ့အဖေ၏ အလုပ်တွင် ဝင်ရောက်ကူညီလျက် ရှိသည်။ ပေါင်မုန့်

လှည်းကို သူကိုယ်တိုင်မောင်း၍ မုန့်များကို ဆိုင်များသို့ ပို့ပေးနေသည်။ အမော တကော လျှောက်လာနေသော မာသာသည် နောက်ဆုံးတွင် သူ့အိမ်တံခါးဝသို့ ပြန်ရောက်သွားသည်။

သူ အိမ်ထဲဝင်တော့မည်အလုပ်တွင် သူ့အိမ်နားနီးချင်း ဟန်နာဘရေ့စ်က 'မစ္စကင့်ချ်ရဲ့ကလေး အဲလစ္စတစ်ယောက် နေမကောင်းဖြစ်နေတယ်' ဟု လှမ်းပြောသည်။

မာသာက ခေါင်းညိတ်သည်။ ယခု သီတင်းပတ်အတွင်း သူတို့ အလုပ်သမားရပ်ကွက်ရှိ ကလေးသူငယ်များ၌ နမိုးနီးယားရောဂါ ဖြစ်နေကြသည် မဟုတ်ပါလား....။

'နောက်မှ ကျွန်မ သွားမေးမယ်၊ ကျွန်မ လာမယ်လို့ မစ္စကင့်ချ်ကို ပြောလိုက်ပါ' ဟု မာသာက ပြန်ပြောကာ သူ့အိမ်တွင်းသို့ ဝင်လာခဲ့သည်။

သူတို့လေးယောက်စလုံး အိပ်ရာမှ နိုးနေကြပြီ။ ရောဘတ်နှင့် သားငယ်သုံးဦးသည် မီးဖိုဘေး၌ ရောက်နေကြသည်။ သို့သော်လည်း မာသာ၏ မျက်လုံးအစုံသည် ထုံးစံအတိုင်း သားကြီး ဆင်မီကို အရင်ဆုံး ကြည့်သည်။ ဆင်မီက သူ့အား အပြုံးဖြင့် ဆီးကြိုသည်။ ဆင်မီ၏ အပြာရောင် မျက်လုံးများသည် ကြည်လင်တောက်ပနေကြသည်။ ဆင်မီသည် အသက်ဆယ့်ကိုးနှစ်မျှသာ ရှိသေး၏။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းတွင် ကျောက်မီးသွေးခွဲရသည်။ အလုပ်ကြမ်းသမား လုပ်နေရပြီး သူသည် မာသာ၏ အချစ်ဆုံးသားကြီး ဖြစ်လေသည်။

'ဟော့ကောင် .... ကြည့်စမ်း' ဟု ဆင်မီက ဒေးဗစ်အား လှမ်းပြောသည်။

'မင်းအမေ ဘယ်သွားပြီး ဘာလုပ်လာသလဲဆိုတာ မြင်ရဲ့လား၊ သူ မြို့ထဲသွားပြီး မင်းအတွက် ပေါင်မုန့်တစ်လုံး ဆွဲလာတယ်၊ မင်း တွေ့ရဲ့လား'

ဒေးဗစ်က ပြုံးနေသည်။ မျက်နှာက ပိန်သွယ်သွယ် အသားဖြူသည်။ အလွန်စကားနည်းသော လူငယ်တစ်ဦး ဖြစ်၏။ ခါတိုင်းလိုပင် သူ၏ မည်းနက်သော မျက်လုံးအစုံသည် စပ်စုလိုသည့် အရိပ်လက္ခဏာများ ဖော်ပြနေကြသည်။ သူသည် အခုမှ အသက်ဆယ့်လေးနှစ်မျှသာ ရှိသေးသော်လည်း နက်ပ်ကျွန်းကျောက်မီးသွေးတွင်း၌ ဇာဟီရ အလုပ်သမား လုပ်နေရပြီး သူ တာဝန်ကျသည်မှာ မြေအောက်တွင်းထဲ၌ ဖြစ်သော်လည်း သူ့အလုပ်ဌာနသည် နတ်ဘုံနတ်နန်းတစ်ခု ဟု ဆိုလောက်သည်။ တစ်နေ့မှ ကိုးနာရီသာ အလုပ်လုပ်ရ၏။ အခုတော့လည်း အလုပ်သမားသပိတ်ကြောင့် အလုပ်မဆင်းနိုင်။ သူသည် အိပ်ရာမှ နိုးကတည်းက ဗိုက်ဆာနေသူ ဖြစ်လေသည်။

'ငါပြောတာ ကြားကြလား' ဟု ဆင်မီက ထပ်ပြောသည်။



'ငါက အသုဘ ဖြစ်မသွားသေးတဲ့ အရိုးစုအကြောင်း သင်ပေးမယ့် မင်းတို့ရဲ့ဆရာပဲ၊ ဆယ့်ငါးရက် တစ်ခါလောက် ဆယ်စတုံပေါင်ချိန် လျော့နေတာကို တို့အမေက မကြည့်ရက်ဘူး၊ အခုဆိုကြည့်၊ တို့အတွက် စားစရာရှာလာတယ် မြင်ကြလား'

မာသာက သူ့သား ဆင်မီအား မျက်မှောင်ကုတ်ကြည့်သည်။ 'ဒါလေး ရလာတာ နင်တို့ ကံကောင်းတယ်မှတ်' ဟု ပြောသည်။ ထို့နောက် ပေါင်မုန့်ကို လှီးနေသည်။

သူတို့အားလုံးသည် မာသာ၏လုပ်ရှားမှုကို စိတ်ဝင်တစား ဝိုင်းကြည့်နေကြသည်။ ဘောကန်ဖိနပ်အပေါက်ကို ချုပ်နေသော ဟူးဂီးသည်ပင်လျှင် သူ့အလုပ် ကို ခဏမျှရပ်ကာ သူ့အမေ လှီးနေသော ပေါင်မုန့်များကို လှမ်းကြည့်နေသည်။ ဟူးဂီးသည် အသက်ဆယ့်ခုနစ်နှစ်သား၊ ဘောလုံးဝါသနာအိုး ဖြစ်နေသည်။ နယ်မြေတွင်းမှ စလီစကေး ဘောလုံးအသင်းတွင် ရှေ့တန်းအလယ်မှ ပါဝင်ကစားနေပြီ ဖြစ်သည်။

ဟူးဂီးသည် ဆင်မီ ပြောသမျှကို ငြိမ်ဆိတ်စွာ နားထောင်နေသည်။ ပြောစရာ ဘာမှမရှိသဖြင့် စကားတစ်ခွန်းမှ ဝင်မပြော၊ သူ့အမေကဲ့သို့ပင် ရေငုံနှုတ်ပိတ် လုပ်နေသည်။ သို့သော်လည်း သူ့အမေလက်ထဲမှ ပေါင်မုန့်ချပ်များကိုတော့ စိတ်ဝင်တစား ကြည့်လျက်ရှိသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါအမေ' ဟု ဆင်မီက ပေါင်မုန့်ပန်းကန် လှမ်းယူရင်း ပြောသည်။

'ဒီကမ္ဘာကြီးထဲမှာ ကျွန်တော်တို့ ဘာတွေပဲရရ မမေ့ထိုက်တဲ့လူကိုတော့ မေ့ပစ်လို့ မဖြစ်ဘူး'

ပြောပြောဆိုဆို သူသည် ပေါင်မုန့်ပန်းကန်ကို သူ့အဖေအား လှမ်းပေးသည်။

ရောဘတ်က ပေါင်မုန့်တစ်ချပ်ကို ကောက်ယူပြီး အသေအချာ ကြည့်သည်။ 'ဒီပေါင်မုန့် ဘယ်ကရလာတာလဲ၊ ဂါးဒီးယန်းက ရလာတာလား၊ အဲဒီက ဆိုရင်တော့ ငါ မစားချင်ဘူး' ဟု ပြောသည်။

မာသာက ရောဘတ်အား စူးစူးရဲရဲ ပြန်ကြည့်သည်။ 'ငါ မင်းကို မေးနေတာယ်၊ ဒီပေါင်မုန့်ကို ဂါးဒီးယန်းက ရလာတာလား' ဟု ရောဘတ်က ထပ်မေးသည်။

မာသာက ချက်ချင်းအဖြေမပေးဘဲ ရောဘတ်ကိုသာ စိုက်ကြည့်နေသည်။ မိမိတို့ စုဆောင်းထားသည့် ငွေများကို သပိတ်အဖွဲ့သို့ လှူဒါန်းလိုက်ခြင်းကို ပြန်တွေးကာ ဒေါသဝင်လာသည်။ 'မဟုတ်ဘူး' ဟု တိုတိုတောင်းတောင်းဖြေသည်။

အခြေအနေကို ရိပ်စားနားလည်သော ဆင်မီက စကားရောဖောရော လုပ်ကာ ကြားဝင်သည်။ ‘ပြဿနာ မဟုတ်တာကို ပြဿနာ လုပ်မနေကြပါနဲ့၊ ဘယ်ကပဲရရ ပေါင်မုန့်ဆိုတာ စားဖို့ပဲ၊ စားသာ စားကြစမ်းပါ’ သူသည် စကားကို ခဏဖြတ်ထားပြီး သူ့အဖေအား ကြည့်သည်။

‘ဒီကိစ္စမှာ အဲဒီလိုကြည့်လို့ ဘယ်ဖြစ်မလဲ အဖေရာ၊ အားလုံးဟာ နောက်ဆုံးကျတော့ သူ့နည်းနဲ့သူ အဆုံးသတ်သွားကြတာချည်းပါပဲ၊ ကျွန်တော်လည်း အလုပ်တစ်ခုတော့ လုပ်ချင်တာပဲဗျာ၊ လက်မရှိတဲ့ လူတစ်ယောက်လို အိမ်ထဲမှာ ထိုင်နေပြီး အမေရှာလာတဲ့မုန့်ကို စောင့်စားနေလို့ မဖြစ်ဘူးဆိုတာတော့ သိတာပေါ့၊ ဒါပေမဲ့ လောလောဆယ် ဘာတတ်နိုင်မှာလဲ’ ဟု ဆက်ပြောသည်။ သူသည် ဒေးဗစ်ဖက်လှည့်၍ ‘ကဲ ....မြို့စားမင်း၊ ပေါင်မုန့်ကို တွယ်ပေတော့၊ ရော့ ....ယူ၊ တွန့်ဆုတ်ဆုတ် လုပ်မနေနဲ့’ ဟု ပြောသည်။ .

မာသာက သူ့သား လက်ထဲမှ ပန်းကန်ကိုဆွဲယူလိုက်သည်။ ‘မင်း ဒီလို ပြက်လုံးမျိုး နောက်မလုပ်နဲ့၊ အစားကောင်း အသောက်ကောင်းကို သရော်တာ အမေ မကြိုက်ဘူး ဆင်မီ’

မာသာက ဆင်မီအား မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်သော်လည်း ပေါင်မုန့်ကျတော့ အကြီးဆုံး တစ်ချပ်ကို ရွေးပေးသည်။ ထို့နောက် ဟူးဂီးအား တစ်ချပ်ယူပေးသည်။ အားလုံးကိုဝေပေးအပြီးတွင် သူ့အတွက်ချန်ထားသည့် အသေးဆုံးကို စားသည်။

* * * * *

(၂)

မနက်ဆယ်နာရီထိုးပြီ။ ဒေးဗစ်သည် သူ့ကက်ဦးထုပ်ကိုယူ၍ အပြင်သို့ထွက်လာခဲ့သည်။ သူသည် အင်ကာပင်လမ်း၏ မညီမညာ၊ မချောမွေ့သော ပလက်ဖောင်းပေါ်အတိုင်း လျှောက်လာသည်။ သစ္စာတွင်း အလုပ်သမားများ ရပ်ကွက်ရှိ လမ်းအမည်များမှာ ကရိုင်းမီးယန်းစစ်ပွဲမှ အောင်ပွဲရနယ်မြေ အမည်များကိုယူ၍ မှည့်ထားခြင်း ဖြစ်၏။

အမြင့်ဆုံးပိုင်းရှိ ဒေးဗစ် နေထိုင်ရာ လမ်းအမည်သည် အင်ကာပင်လမ်း ဖြစ်၍ ထိုလမ်းနှင့် ကပ်လျက်လမ်းသည် အယ်လ်မာလမ်း ဖြစ်သည်။ ထိုလမ်း၏ အောက်ဖက်မှလမ်းသည် ဆီဘတ်စတိုပိုလမ်း ဖြစ်၏။ အောက်ဆုံးရှိ အနိမ့်ဆုံးလမ်းမှာ ဘာလာကလာဗာလမ်း ဖြစ်၍ သူ့လုပ်ဖော်ကိုင်ဖက် ဂျိုး၏အိမ်တည်ရှိရာ



လမ်း ဖြစ်သည်။ ယခု သူထွက်လာခြင်းသည် ဂျိုး အိမ်၌ ရှိ မရှိ သိလို၍ လာခဲ့ခြင်း ဖြစ်လေသည်။

လေသည် အရှိန်ကျသွားပြီ။ နေသည် မမှော်လင့်ဘဲ ဖြုန်းခနဲ ထွက်ပေါ်လာသည်။ နေ၏အလင်းရောင်သည် ပူနွေးလှ၏။ မျက်စိများကို ကျိန်းစပ်သွားစေသည်။ သို့သော်လည်း နေကို မမြင်တွေ့ရသည်မှာ ကြာခဲ့ပြီဖြစ်သော ဒေးဗစ်အဖို့တော့ နေရောင်ခြည်သည် လှပနေသည်။ ဆောင်းရာသီဆိုလျှင် အလုပ်ခွင်ထဲ၌ တကုပ်ကုပ် အလုပ်လုပ်နေရသော ဒေးဗစ်သည် နေရောင်ခြည်ကို ရက်ပေါင်းများစွာ ကုန်လွန်သည်အထိ မမြင်မတွေ့ရပေ။ အမှန်တော့ သူသည် နံနက် အရုဏ်မတက်မီ မှောင်ကြီးမည်းမည်းအချိန်၌ ကျောက်မီးသွေးတွင်းထဲသို့ ဆင်းခဲ့ရ၏။ အလုပ်ပြီးစီး၍ တွင်းထဲမှ ပြန်ထွက်လာသည့်အခါ ညအမှောင်ထုသည် ပတ်ဝန်းကျင်တစ်ခွင်လုံးကို ကြီးစိုးလွှမ်းမိုးလျက် ရှိနေပြီ မဟုတ်ပါလား။

သို့သော်လည်း ယနေ့တော့ဖြင့် ရာသီဥတု အေးစိမ့်နေသော်လည်း နေရောင်ခြည်ကို မြင်နေရ၏။ သူ့အဖို့တော့ ကြည်လင်တောက်ပသော နေရောင်ခြည်၏ ထွေးပိုက်မှုကို ရရှိနေခြင်းသည် အထူးအဆန်းတစ်ခုနှင့် ကြုံရသလို ဖြစ်လျက်ရှိ၏။ ဟိုတစ်ချိန်က အခုလို နေအလွန်သာသည့် နေရက်များတွင် သူ့အဖေသည် ဝမ်းစ်ဘက်ဘက်သို့ သူ့အားခေါ်သွားပြီး ငါးဖမ်းလေ့ရှိ၏။ အလွန် မှောင်မိုက်ပြီး ညစ်ပတ်ပေရေနေသော ကျောက်မီးသွေးတွင်းနှင့် ဝေးကွာသည့် နေရာ၌ ရောက်နေသည့်အခါ စိုစိုစိမ်းစိမ်း တောအုပ်များကိုလည်း မြင်ရ၏။ လှိုင်းဂယက်ကလေးများ ထကြွလှုပ်ရှားနေကြသည့် ရေပြင်ကိုလည်း ‘အဖေရေ၊ ဟိုမှာကြည့်ပါဦး လှလိုက်တာဗျာ’ ဟု အားရဝမ်းသာ အော်ပြောလေ့ရှိ၏။ ထိုစဉ်က စောစောစီးစီး ပွင့်ဖူးနေကြသည့် တောပန်းဝါဝါကလေးများကို မြင်တွေ့ရသည့်အခါတိုင်း သူသည် စိတ်လှုပ်ရှားခဲ့ရဖူး၏။

သူသည် လမ်းထောင့် ရောက်သည့်အခါ ဘာလာကလာဗာလမ်းသို့ ချိုးဝင်ခဲ့သည်။ အခြားလမ်းများကဲ့သို့ပင် ကိုက်ငါးရာ ရှည်လျားသော ဤလမ်းသည်လည်း လမ်းကောင်းတစ်လမ်း မဟုတ်ပေ။ ချိုင့်တွေ၊ ကျင်းတွေဖြင့် ပြည့်နေသောလမ်းပင် ဖြစ်သည်။ လမ်းဘေးရှိ ကျောက်တုံးအိမ်များသည် ကျောက်မီးသွေးမှုန်များ အလိမ်းလိမ်းကပ်ကာ မည်းနက်နေကြသည်။ အဖြူရောင်ဟူ၍ မကြာသေးခင်ကမှ ပေါက်ပြဲ ကွာကျနေသော နံရံပေါ်ရှိ အအက်အကွဲများပေါ်၌သာ မြင်ရလေသည်။

ကျိုးပဲ့အက်ကွဲနေကြပြီ ဖြစ်သော မီးခိုးခေါင်းတိုင်များသည် ညီညီညာညာ မားမားမတ်မတ် မဟုတ်။ အားလုံး စောင်းလျက်၊ ရွဲ့လျက်၊ ယိုင်းယိုင်လျက်

ရှိနေကြသည်။ အိမ်ခေါင်မိုးများသည် တပြေးတညီတည်း မရှိ။ နိမ့်ချီတစ်ခါ မြင့်ချီတစ်လှည့် ဖြစ်နေသဖြင့် လှိုင်းတံပိုးများ ထကြွနေကြသည့်နှယ် ရှိသည်။ အိမ်များတည်ရာ ခြံဝင်းကို မီးရထား ဇလီဖားတုံးဟောင်းများ စိုက်ထူ၍ သံဆူးကြိုးများဖြင့် ကာရံထားသည်။ ဝင်းတိုင်များမှာ အလဲလဲ အပြိုပြိုနှင့် ဖရိုဖရဲ ဖြစ်နေကြ၏။ သံဆူးကြိုးများမှာလည်း သံချေးများ အထပ်ထပ် တက်ကာ ပြတ်ကျနေကြသည်ကများသည်။ ကျောက်မီးသွေးတွင်းထဲမှ ထွက်လာသမျှ အမှိုက်သရိုက်များ၊ အညစ်အကြေးများ၊ အမှုန်များနှင့် ချော်ရည်ချော်ခဲများသည် ဝင်းထဲတွင် ဟိုတစ်ပုံ၊ သည်တစ်ပုံ စုပုံနေကြလေသည်။

တိုက်အိမ်ဝင်း တစ်ဝင်းထဲတွင် အိမ်သာတစ်လုံး ရှိသည်။ အိမ်သာတစ်လုံးစီတွင် သံရေပုံးတစ်ခုစီ ထားပေးသည်။ အိမ်သာများသည် အစောင့်တဲများနှင့် တူလှချေသည်။ ထိုအိမ်သာများသည် အိမ်တန်းများကြား၌ တည်ရှိခြင်းဖြစ်၍ အိမ်တန်းများအဆုံးတွင် အလုပ်သမားများက သူတို့ဘာသာသူတို့ ဆောက်လုပ်ထားသည့် ကိုယ်ပိုင်သီးသန့် အိမ်သာများ တည်ရှိသည်။ ယင်းအိမ်သာများမှာ ဖုတွေထစ်တွေများလှသော မြေမို့မို့များပေါ်၌ တည်ဆောက်ထားကြရခြင်း ဖြစ်လေသည်။

နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း အမှတ် (၁၇) သည် အိမ်တန်းများ၏ အလယ်ခန့်တွင် တည်ရှိသည်။ တွင်းနောက်ဘက်တွင် အမှိုက်သရိုက် အညစ်အကြေးပုံကြီး ရှိသည်။ စွန့်ပစ်ပစ္စည်းများ တည်ရာမြေ ဖြစ်၏။ အရောင်အဆင်းမှာ မည်းညစ်ကာ ရွှံ့နှစ်ရောင် သမ်းနေသည်။ နေရာတိုင်းတွင် ရေအိုင်များ၊ ရွှံ့ဗွက်များ တည်ရှိသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဟောင်းများထဲမှ လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်က ထွက်လာခဲ့ကြသည့် အညစ်အကြေးများကို စွန့်ပစ်ထားခဲ့ကြခြင်းပေတည်း။

အမှိုက်သရိုက် အညစ်အကြေးပုံကြီးပေါ်မှ တွင်းဟောင်းအပေါက်ကြီးသည် ပါးစပ်ကြီးတစ်ခု ဟထားသည့်နှယ် 'ဟ' လျက် ရှိသည်။ အမှိုက်ပုံကြီး၏ နောက်ဘက် အတော်အလှမ်းဝေးကွာသော မြေညီမျက်နှာပြင်ထက်၌ ကျောက်မီးသွေးတွင်း ခေါင်းတိုင်များ၊ ကျောက်မီးသွေးပုံကြီးများ၊ ကျောက်မီးသွေးတွင်း ဝင်ပေါက်များ စသည့် ကျောက်မီးသွေးတူးလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်နေသော အရာဝတ္ထုအားလုံး ရှိသည်။

ဒေးဗစ်သည် ထိုအရာအားလုံးကို ကောင်းစွာ သိသည်။ အစကတည်းက ဤအရာအားလုံးကို သူ သိပ်ပြီး သဘောမကျခဲ့။ အခုကျတော့ ပို၍ပင် သဘောမကျဖြစ်လာခဲ့ရ၏။ ကျောချင်းကပ် ဆောက်ထားသော အလုပ်သမားအိမ်များနှင့်



ပတ်ဝန်းကျင်တစ်ခွင်လုံးသည် သာယာမှုမရှိ။ စိတ်ရွှင်လန်း ချမ်းမြေ့စရာ ဟူ၍လည်း ဘာတစ်ခုမှ မမြင်ရ။

စလော့ဂါးလီမင်း၊ ကီကာဟိုးဝီး၊ ဘော့အိုဂါနှင့် အခြားအလုပ်သမားတစ်စုသည် ခါတိုင်းဆိုလျှင် အခုလိုအားလပ်ချိန်၌ လောင်းကစား လုပ်နေတတ်ကြ၏။ ယခုအခါတွင်မူ အိမ်နံရံကိုမှီ၍ ထိုင်နေကြသည်။ သူတို့အနေဖြင့် လောင်းကစားအလုပ်ကို မလုပ်နိုင်ကြ။ လက်ထဲတွင် ခြူးတစ်ပြားမှ မရှိသဖြင့် အားလုံး ငြိမ်ဆိတ်စွာ ထိုင်နေကြသည်။

ဘော့အိုလ်ဂါသည် ဒေးဗစ်ကို မြင်သည့်အခါ ခေါင်းညိတ်၍ နှုတ်ဆက်သည်။ စလော့ဂါးလီမင်းကမူ 'ဘယ်လိုလဲ....ဒေးဗစ်၊ နေကောင်းရဲ့လား' ဟု လှမ်းမေးသည်။

'အေး....နေကောင်းတယ်၊ မင်းကော နေကောင်းတယ် မဟုတ်လား' ဟု ဒေးဗစ်က ပြန်မေးသည်။

ကျန်လူစုကမူ ဒေးဗစ်အား ဝိုင်းကြည့်နေကြသည်။ သူတို့သည် ဒေးဗစ်အား ရောဘတ်၏သား ဖြစ်သဖြင့် စိတ်ဝင်စားနေကြသည်။ ရောဘတ်သည် ဤအလုပ်ကို လုပ်ကြဖို့ မိမိတို့အား ဆွဲထုတ်လာခဲ့သူ မဟုတ်ပါလော။ ဤအလုပ်နှင့်ပတ်သက်၍ ဒေးဗစ်သည် အနည်းအကျဉ်းလောက်တော့ သိတန်ကောင်းရဲ့ဟု သူတို့ တွေးကြသည်။

သူတို့သည် ဖြူရော်ရော် မျက်နှာပိုင်ရှင် ဒေးဗစ်ကိုသာ စိတ်ဝင်တစား ကြည့်နေကြသည်။ ဒေးဗစ်သည် အပေါ်စား ကုတ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားသည်။ လူကောင်က ကြီးထွားပြီး ဝတ်စုံက သေးသဖြင့် ကြည့်ရမြင်ရသည်မှာ စိတ်သက်သာစရာ မရှိ။ သူ့တစ်ကိုယ်လုံးကို အဝတ်များဖြင့် တင်းကျပ်စွာ တုတ်နှောင်ထားသလို ဖြစ်နေသည်။ ခြေထောက်တွင်စီးထားသည့် ဖိနပ်မှာလည်း ကျောက်မီးသွေးတွင်းထဲ၌ အလုပ်လုပ်သည့်အခါစီးသည့် ရှူးဖိနပ် အလေးကြီး ဖြစ်သည်။ သူ စီးနေကျ ရှူးဖိနပ်မှာ ပေါင်ထားရသည် မဟုတ်ပါလော။ ဆံပင်များမှာလည်း အဆမတန် ရှည်လျက် ရှိ၏။ ညှပ်သင့်သည့်အချိန်ကိုပင် ကျော်လွန်နေပြီ။

ဒေးဗစ် အနေဖြင့်လည်း မိမိအား သူတို့ ဘာကြောင့် မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေကြသည်ကို နားလည်သည်။ သို့သော်လည်း သူ ဘာမှမတတ်နိုင်။ သူတို့သိလိုသော အချက်ကိုလည်း သူ မသိ။ သူသည် ဘာမှမသိသူတစ်ဦးသဖွယ် အေးအေးဆေးဆေးနှင့်ပင် အိမ်နံပါတ် (၁၉) ဂျိုး၏နေအိမ်ဆီသို့ ဆက်လျှောက်လာခဲ့သည်။ နံပါတ် (၁၉) အိမ်ရှေ့တံခါးပေါ်တွင် 'ဆိုင်ကယ် ကိုယ်စားလှယ်

တာဝန်ယူဆောင်ရွက်ပေးသည်၊ အော်ဒါလက်ခံသည်' ဟူသော ဆိုင်းဘုတ် ချိတ်ထားသည်။ ဒေးဗစ်သည် အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

ဂျိုးနှင့် သူ့ဖခင် ချာလီဂိုလန်သည် နံနက်စာ စားနေကြသည်။ သစ်သားစားပွဲပေါ်တွင် မုန့်အပြည့် ထည့်ထားသည့် ပန်းကန်ကြီးတစ်ချပ်၊ အညိုရောင်လက်ဖက်ရည်အိုးကြီးတစ်လုံး၊ အသင့်ဖွင့်ထားသည့် နို့ဆီတစ်ဘူးနှင့် အချပ်လိုက်လှီးထည့်ထားသည့် ပေါင်မုန့်များ....။ ဤမျှလောက် များပြားသော အစားအစာများကို မြင်ရသည်မှာ ကိုယ့်မျက်စိများကိုပင် ကိုယ်မယုံနိုင်အောင် ဖြစ်ရ၏။ တစ်အိမ်လုံးတွင် မြင်နေရသမျှ အားလုံးမှာလည်း သူ့မျက်စိထဲတွင် အထူးအဆန်းတွေ ဖြစ်နေသည်။ အိမ်ခန်းနှစ်ခန်းကို လှေကားတစ်ခုနှင့် ဆက်ထားသည်။ ဖုန်များ၊ အထားအသို မသပ်ရပ်မှုများ၊ အလျှံပယ်ဖြစ်နေသည့် အစားအစာများ၊ ဟိုတင် သည်လှမ်း လုပ်ထားသဖြင့် ပြန့်ကျဲနေကြသည့် အဝတ်အထည်များ၊ မဆေးကြောသေးဘဲ စုပုံထားသည့် ပန်းကန်များ၊ ပြီးတော့ ဘီယာနံ့၊ ဆီနံ့၊ ချွေးနံ့များနှင့် အခြားသော အောက်သိုးသိုး ချဉ်စုတ်စုတ်အနံ့များ....။

'ဟယ်လို....ဒေးဗစ်၊ ဘယ်လိုလဲ နေကောင်းရဲ့လား' ဟု ချာလီဂိုလန်က နှုတ်ဆက်သည်။ သူသည် ညဝတ်အင်္ကျီကို ဘောင်းဘီအတွင်းသို့ သပ်ရပ်စွာ ထိုးသွင်းထားသည်။ ပူနေသော ဝမ်းဗိုက်သည် ရှေ့သို့ တိုးထွက်နေသည်။ ခြေထောက်တွင် စီးထားသည်မှာ ခြေညှပ်ဖိနပ်၊ သူသည် အမဲသားတုံးကို ခက်ရင်းနှင့် ထိုးယူကာ သူ့ပါးစပ်တွင်းသို့ ထိုးသွင်းလိုက်သည်။

သူသည် ဓားကိုင်ထားသောလက်ကို ဒေးဗစ်ဘက် ဝှေ့ယမ်းပြပြီး ထိုင်ခိုင်းသည်။ ချာလီသည် ဆက်ဆံရေးပြေပြစ်သူ ဖြစ်၏။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းတွင် သူသည် အားလုံးနှင့် ခင်အောင်နေတတ်သူ ဖြစ်သည်။ သူ့မိန်းမမှာ သူ ဤအလုပ်ကို လုပ်ကိုင်နေသည့် သုံးနှစ်အတွင်း ကွယ်လွန်သွားခဲ့ခြင်း ဖြစ်၏။

ဒေးဗစ်သည် စားပွဲတွင် ဝင်ထိုင်သည်။ အစားအသောက်ကို မြိန်ရေရှက်ရေ စားသောက်နေကြသော ဂျိုးနှင့် ချာလီတို့ကို စိတ်ဝင်တစား ကြည့်နေမိသည်။ အထူးသဖြင့် အစားကို တမြုံ့မြုံ့ဝါးနေသော ဂျိုးကို ကြည့်နေသည်။ ဒေးဗစ်၏ ပါးစပ်ထဲတွင် သွားရည်များဖြင့် ပြည့်လာသည်။ စားသောက်ပြီးခါနီးတွင် ချာလီသည် တစ်ခဏမျှရပ်ကာ တစ်စုံတစ်ရာကို စဉ်းစားချိန်ဆနေသည့်ပုံ ပေါ်လာသည်။

'ဟေ့....ချာတိတ်၊ တစ်ခုခု စားပါလား၊ စားမလား'

ဒေးဗစ်က ခေါင်းခါသည်။ သူ့စိတ်ထဲမှ သူ မသိသော အရာတစ်ခုက သူ့အား ငြင်းဆန်ခိုင်းနေသည် မဟုတ်ပါလား။ သူသည် ချာလီကိုကြည့်၍ ပြုံးသည်။



'ကျွန်တော် နံနက်စာ စားပြီးခဲ့ပြီ'

'ဪ....အေး....ကောင်းတာပေါ့၊ အစာစားပြီးရင် ကောင်းတာပဲ' ဟု ချာလီက ပြောသည်။ သူ၏ နီရဲရဲမျက်နှာထက်မှ မျက်စိပေါက် ကျဉ်းကျဉ်းများသည် မှိတ်တုတ်မှိတ်တုတ် ဖြစ်နေကြသည်။ သူသည် ပန်းကန်ထဲမှ အစားကို လက်စသတ်လိုက်သည်။ 'ဒါနဲ့ စကားမစပ် မေးရဦးမယ်၊ အခု တို့ဘက်က ရှုံးသလို ဖြစ်နေတဲ့ကိစ္စကို မင်းအဖေက ဘယ်လိုယူဆနေသလဲကွ' ဟု မေးသည်။

'အဲဒါတော့ ကျွန်တော်မသိဘူး' ချာလီက သက်ပြင်းချသည်။

'အေးကွာ၊ ဒုက္ခတွေက များလှပါပြီ၊ တို့အားလုံးက မဖြစ်ချင်ကြပါဘူး၊ ဟက်ဒွန်းကလည်း ဖြစ်ချင်တာ မဟုတ်ပါဘူး၊ အမှန်တော့ ဘယ်သူကမှ မဖြစ်ချင်ကြပါဘူးကွာ၊ ဒီကိစ္စက တစ်တန်ကို ပဲနိဝက် တိုးဖို့ကိစ္စပါ၊ အဘောကြီးကတည်းက ဒီလိုဖြစ်လာရင် မကောင်းဘူးလို့ ပြောခဲ့ကြသားပဲ'

ဒေးဗစ်က ချာလီအား ကြည့်နေသည်။ ချာလီသည် တိုင်နီကပ်ဆဲလ်မြို့မှ စေလွှတ်ထားသည့် အလုပ်သမားများသမဂ္ဂ အဖွဲ့ချုပ်ကိုယ်စားလှယ် ဟက်ဒွန်းနှင့်လည်း အဆင်ပြေစွာ ပေါင်းသင်းလျက်ရှိသူ ဖြစ်၏။ ယခု ဖြစ်ပွားလာသည့် ကိစ္စတွင် လုပ်ခ ပဲနိဝက်တိုးရေးသည် အဓိကမဟုတ်။ ဤအချက်ကို ချာလီကိုယ်တိုင်က သိနေပါလျက်နှင့် ဘာကြောင့် ထိုအချက်ကို အဓိကထား၍ ပြောနေရပါလိမ့်။ သူသည် ချင့်ချိန်စဉ်းစားပြီး စကားတစ်ခွန်းပြောသည်။

'စကပ်ပါးဖလက်ထဲမှာ ရေတွေက အများကြီးရှိနေတာ'

'ရေ....၊ ဟုတ်လား' ချာလီက သံယောင်လိုက်၍ ရေရွတ်ပြီး ပြုံးသည်။ သူ့အပြုံးသည် သရော်ပြုံး ဖြစ်၏။ အမှန်တော့လည်း ချာလီ၏ အလုပ်သည် ကျောက်မီးသွေးတွင်းထဲ ဆင်းရသည့်အလုပ် မဟုတ်ပေ။ တွင်းထဲမှ အလုပ်သမားများ လေးဘက်တွား၍ တက်လာချိန်တွင် သူက အပေါ်မှစောင့်၍ စစ်ဆေးရခြင်းမျှသာ ဖြစ်၏။ သူ့အဖို့ကတော့ သရော်ပြုံး ပြုံးနိုင်ပေလိမ့်မည်။

'ပါရာဒိုက်စ်တွင်းဆိုရင် အမြဲတမ်း ရေတွေရှိလို့ စိုစွတ်နေတာပဲ မဟုတ်လား၊ ရေကတော့ နေ့စဉ် အများကြီးရှိမှာပဲ၊ တကယ်တော့ စကပ်ပါးဖလက်ဟာ တခြားနေရာတွေထက်ပိုပြီး မဆိုးပါဘူးကွာ၊ ပြီးတော့ မင်းအဖေကလည်း ရေကို ကြောက်တတ်တဲ့လူ မဟုတ်ပါဘူးကွ' ဟု ချာလီက ဆက်ပြောသည်။

စပ်ဖြဲဖြဲလုပ်နေသော ချာလီ၏မျက်နှာကိုကြည့်ကာ ဒေးဗစ်သည် ဒေါသဖြစ်လာသည်။ သို့သော်လည်း သူသည် ဒေါသကိုထိန်းကာ ဂရုမထားသည့်လေသံဖြင့် 'သူ ဒီတွင်းတွေထဲမှာ အလုပ်လုပ်လာတာ နှစ်ဆယ့်ငါးနှစ်တောင် ရှိနေပြီပဲ၊ ရေကို ကြောက်စရာ မလိုပါဘူး' ဟု ပြန်ပြောသည်။

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ မင်းပြောတာ အမှန်ပါပဲ၊ ငါလည်းပဲ သိနေတာပဲ၊ အေးပေါ့လေ....မင်းကတော့ မင်းအဖေဘက်ကပဲ နေရမှာပေါ့၊ မင်းကမှ သူ့ဘက်က မပါရင် ဘယ်ကောင်က ပါမှာတဲ့လဲ၊ အေးကွာ....အခြေအနေတွေ ပိုဆိုးမလာဖို့တော့ ငါက ဆုတောင်းပါတယ်'

သူသည် စကားအဆုံးတွင် ကျယ်လောင်စွာ လေတက်သည်။ စားပွဲမှ ထကာ မီးဖိုဘေးမှ ကုလားထိုင်သို့ သွားထိုင်သည်။ ခြေထောက်များကို ဆန့်ထုတ်လိုက်ပြီး သူ့မြေဆေးတံထဲသို့ ဆေးများ ထည့်နေသည်။ ဂျိုးနှင့် ဒေးဗစ်သည် အပြင်သို့ ထွက်လာခဲ့ကြလေ၏။

'သူကတော့ ပါရာဒိုက်စ်တွင်းထဲကို ဆင်းမှ မဆင်းရဘဲ၊ ဒီစကားမျိုး ပြောနိုင်တာပေါ့' ဟု ဂျိုးက အပြင်သို့ရောက်၍ တံခါးကို ဆောင့်ပိတ်အပြီးတွင် မကျေမနပ် လေသံဖြင့် ပြောသည်။ 'အလကားပါကွာ၊ ငါ့မှာသာ ခိုင်းနိုင်တဲ့ အာဏာရှိရင် အဲဒီလို ရေတွေဝင်ပြီး စိုနေတဲ့နေရာ တစ်နေရာမှာ ငါရပ်သလိုမျိုး အကြာကြီး ရပ်ခိုင်းထားချင်တယ်'

'နေရာတွေက စိုစွတ်ရုံတင်မကဘူး ဂျိုးရ' ဟု ဒေးဗစ်ကပြောသည်။ 'ငါ့အဖေက ဘာပြောတယ်ဆိုတာ မင်းမသိလို့ကွ'

'ငါသိပါတယ်ကွာ၊ သိသမှ သိပ်သိတာပေါ့၊ ဒါမျိုးတွေ ကြားရလွန်းလို့ စိတ်တောင်ကုန်နေပြီသိလား၊ ကျန်တဲ့ကောင်တွေလည်း ငါ့လိုပဲ ကြားရဖန်များလို့ နားကြားပြင်းကတ်နေကြပြီ၊ မင်းအဖေက စကပ်ပါးဖလက်အကြောင်းပဲ သိတာ၊ ဒါပေမဲ့ သူက အကုန်လုံးကို သိပ်သိတယ်လို့ ထင်နေတယ်'

'အဖေက အများကြီးသိတာတော့အမှန်ပဲ ဂျိုးရ၊ ငါ ပြောပြမယ်၊ သူ ဒီအလုပ်ကို စလုပ်တာလည်း အပျော်ထလုပ်တာတော့ မဟုတ်ဘူး'

'ဟုတ်ပါတယ်၊ မင်းအဖေကတော့ အဲဒီသဘော မဟုတ်ပါဘူး၊ ဒါပေမဲ့ တချို့ကတော့ အဲဒီသဘောမျိုးရှိတယ်ကွ၊ သူတို့လူစုက ရေထဲမှာရပ်ပြီး အလုပ်လုပ်နေရတာကို ကြာတော့ စိတ်ကုန်ကြတယ်၊ အဲဒီတော့ ခဏတဖြုတ် မလုပ်ရဘဲ နေရတာဟာ သူတို့အတွက် ပျော်စရာတစ်ခုလို ဖြစ်လာတာပေါ့ကွာ' ဟု ဂျိုးက ပြန်ပြောသည်။

'ဒါဆိုရင်လည်း ဒီကောင်တွေ ရေထဲပြန်လုပ်ရအောင် ဝိုင်းလုပ်လိုက်ကြတာပေါ့ကွာ'

'ဒါကတော့ကွာ၊ သုံးနာရီမှာလုပ်မယ့် အစည်းအဝေးပြီးသွားတဲ့အထိတော့ စောင့်ရမှာပဲ၊ ငါလည်း မင်းလိုပဲ၊ ဒီကိစ္စကို စိတ်ပျက်တယ်၊ တွင်းထဲမှာ အလုပ်လုပ်နေရတာကိုလည်း သိပ်စိတ်ပျက်တယ်၊ အခွင့်သာရင် ငါကတော့ ဆက်မလုပ်



ဘူး၊ လစ်မှာပဲ၊ ငါ့ဘဝတစ်လျှောက်လုံး ဒီအလုပ်ထဲမှာ နေသွားဖို့ဆိုတာ လုံးဝ ငါ စိတ်မကူးဘူး ဒေးဗစ်'

ဒေးဗစ်သည် ချက်ချင်းပင် နှုတ်ဆိတ်သွားသည်။ သူသည် အခြေအနေကို ဆင်ခြင်ကာ စိတ်ဆင်းရဲသည်။ ဒေါသလည်းထွက်သည်။ သူ့ဘဝသည် သူ့အား ပြန်လည်၍ ဆန့်ကျင်တိုက်ခိုက်နေသည်ဟု စိတ်ထဲက ခံစားနေရသည်။ သူကိုယ်တိုင်လည်း နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှ ထွက်ခွာသွားလို၏။ သို့သော်လည်း ဂျိုးလုပ်လိုသည့် နည်းမျိုးတော့ မဟုတ်။

ဂျိုးသည် ယခင်တစ်ကြိမ် အိမ်မှ ထွက်ပြေးသွားခဲ့ဖူး၏။ သို့သော်လည်း ရဲတပ်ကြပ် ရော့ဒမ်က ဖမ်းဆီးကာ အိမ်သို့ပြန်ပို့ပေးခဲ့သည်။ သူ့အဖေကလည်း အိမ်မှထွက်ပြေးသည့် အပြစ်အတွက် ဂျိုးအား ကြာပွတ်နှင့်ရိုက်၍ ဆုံးမခဲ့သည်။ ဒေးဗစ်အနေဖြင့် ထိုကဲ့သို့ ထွက်ပြေးသည့် နည်းမျိုးကိုတော့ မကြိုက်။

နှစ်ယောက်သား နောက်ထပ် စကားမပြောကြတော့ဘဲ ဆက်လျှောက်လာကြသည်။ ဂျိုးသည် လက်နှစ်ဖက်ကို အိတ်ကပ်များထဲနှိုက်ကာ ခြေလှမ်းများကို ခပ်ကြဲကြဲလှမ်းသည်။ သူသည် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းကြံ့ခိုင်သူ ဖြစ်၏။ ဒေးဗစ်ထက် အသက်နှစ်နှစ် ကြီးသည်။ နက်မှောင်သောဆံပင်၊ တောက်ပသော အညိုရောင် မျက်လုံးအစုံနှင့် ဖြောင့်စင်းသော ကိုယ်လုံးကိုယ်ထည်တို့သည် ယောကျ်ားပီသသည့် လူချောတစ်ဦးဖြစ်ကြောင်း ဖော်ပြနေကြသည်။ သူသည် သူ့ကိုယ်သူ ကောင်းစွာနားလည်သူ ဖြစ်၏။ သူ့အမူအရာသည် သူ့ကိုယ်သူ အလွန် ယုံကြည်စိတ်ချခြင်းကို အပြည့်အဝ ထုတ်ဖော်ပြသလျက် ရှိလေသည်။

'မင်း စဉ်းစားကြည့်ပေါ့၊ လူ့ဘဝမှာ ပျော်ပျော်နေချင်တယ်ဆိုရင် မင်းမှာ ငွေရှိနေအောင် လုပ်ရမှာပဲ၊ ကျောက်မီးသွေးတွင်းထဲက ငွေအများကြီးရလိမ့်မယ်လို့တော့ မထင်လေနဲ့ သူငယ်ချင်း၊ ဘယ်တော့မှ မရနိုင်ဘူး၊ မင်း ဘယ်လောက်ပဲ လုပ်လုပ် ထမင်းနပ်မှန်အောင် စားရဖို့တောင် မလွယ်ဘူး'

'အေး....ငါကတော့ ပျော်ပျော်နေချင်တယ်၊ ငွေများများရအောင် ရှာရမှာပဲ၊ ငါ ဒီအရပ်က ထွက်သွားမှဖြစ်မှာ၊ တခြားတစ်နေရာကို မသွားလို့မဖြစ်ဘူး၊ မင်းက ငါ့ထက် ကံသာပါတယ်၊ မင်းက တစ်နေ့ကျရင် တိုင်နီကပ်ဆဲလ်ကို ရောက်ချင်ရောက်မှာပါ၊ မင်းအဖေက မင်းကို ကောလိပ်ကျောင်းပို့ချင်မှာ၊ သူ့မှာ စိတ်ကူးရှိချင်လည်း ရှိမှာပေါ့'

'ဒါပေမဲ့ ငါ့မှာကတော့ ငါ့ဘာသာ ငါလုပ်မှာ၊ ငါ့ရဲ့တိုးတက်မှုအတွက် ငါ့နည်းငါ့ဟန်နဲ့ ရုန်းကန်လှုပ်ရှားမှဖြစ်မှာ၊ မင်းသိတဲ့အတိုင်းပဲ၊ ငါအဲဒီကိုသွားမှ ဖြစ်မှာ၊ ငါမသွားသေးရင်လည်း ငါ့ရှေ့က လူတစ်ယောက်တော့ ရောက်နှင့်မှ ဖြစ်မှာ၊ အဲဒါမှ ငါ့အတွက် အလုပ်ဖြစ်မှာကွ'

ဂျိုးသည် စကားကိုဖြတ်ကာ ဒေးဗစ်ကိုကြည့်၍ပြုံးသည်။ ကျော့ကိုလည်း တရင်းတနှီးလှမ်းပုတ်သည်။ ဂျိုး၏အပြုံးသည် နှစ်လိုဖွယ်ကောင်းသည်။ ခင်စရာ၊ ချစ်စရာ၊ အားတက်စရာလည်းကောင်းသည်။ အထူးသဖြင့် သူ၏ လှပသော အညိုရောင် မျက်လုံးအစုံသည် အလွန်ဆွဲဆောင်မှု ကြီးမားသည်။

'ကဲပါကွာ၊ လှေဆီသွားကြရအောင်၊ ပင်လယ်ပြင်ဘက် ထွက်လိုက်ရင် တစ်ခုခုတော့ ရကောင်းပါရဲ့' ဟု ဂျိုးက ပြောသည်။

ကွေးလမ်းကို ဖြတ်ကျော်မိသည့်အခါ သူတို့သည် ပင်လယ်ဆိပ်သို့ ရောက်သွားကြသည်။ နေရာအနှံ့တွင် သဲသောင်များကို မြင်နေကြရ၏။ ဒေးဗစ်သည် သဲတောင်ကုန်းများကို အလွန်သဘောကျသူ ဖြစ်၏။ သူငယ်စဉ်က နွေရာသီဆိုလျှင် သူ့အဖေနှင့်အတူ ပင်လယ်ကမ်းစပ်သို့ လာလေ့ရှိ၏။ ကျောက်မီးသွေးတွင်း ပိတ်ရက်များတွင်သာ လာကြရခြင်းဖြစ်သည်။

ထိုစဉ်တုန်းကတော့ ဒေးဗစ်သည် သူတစ်ယောက်တည်း ကမ်းစပ်ကျူပင်များကြားသို့ ဝင်၍ ပုန်းနေလေ့ရှိသည်။ မိုးစွေငှက်တို့၏ တေးဆိုသံများကို နားစွင့်နေလေ့ရှိသည်။ ပြာသောကောင်းကင်ထက်မှ ရွေ့လျားနေသော တိမ်လိပ်များကို ကြည့်၍ စိတ်ကူးယဉ်နေတတ်သည်။ အခုလည်း သူသည် ငယ်ငယ်တုန်းကလိုပင် ကျူတောထဲ[illegible]နေချင်သည်။ ငှက်သံများကိုလည်း နားထောင်ချင်သည်။

သို့သော်လည်း သူသည် တစ်နေရာရာ၌ ခဏတဖြုတ်ဖြစ်ဖြစ် လှဲနေချင်သည်။ နံနက်က သူစားခဲ့ရသည်မှာ ပေါင်မုန့်တစ်ချပ်မျှသာ ဖြစ်၏။ ထိုပေါင်မုန့်သည် သူ့ဗိုက်ထဲ၌ မည်မျှကြာကြာခံပါမည်နည်း။ ဗိုက်ထဲက ဆာလောင်မှုကြောင့် သူ့ဦးခေါင်းသည် မူးနောက်ရီဝေနေသည်။ ခဏလောက်နားလိုက်ရလျှင် ကောင်းမည်ထင်၏။ သို့သော်လည်း သူ့ရှေ့မှ ဂျိုးသည် တာရိုးနားသို့ ရောက်သွားခဲ့လေပြီ။

သူတို့သည် တာရိုးပေါ်သို့ တက်ခဲ့ကြသည်။ ဆိပ်ကမ်းတစ်လျှောက်ရှိ ရေများမှာ နောက်ကျိလျက်ရှိသည်။ အနီးအနားတစ်ဝိုက်တွင် အလုပ်သမား နေအိမ်များမှ လူငယ်တစ်ချို့သည် ငါးလာမျှားနေကြ၏။ သူတို့သည် လောင်စာကျောက်မီးသွေးနှင့်လဲရန် အကြံအဖန် လုပ်နေကြခြင်းပေတည်း။ တချို့သည် အပေါက်တွေ ဇရပ်ဖြစ်နေသည့် ရေပုံးတစ်လုံးကို ဝါးတစ်လုံးတွင်ချီကာ ကျောက်မီးသွေးဖောင်ကြီးများပေါ်မှ ကျကျန်ရစ်ခဲ့သည့် ကျောက်မီးသွေးတုံးများကို ဆယ်ယူနေကြသည်။ ရွံ့ညွှံများထဲ၌ နစ်နေသော ကျောက်မီးသွေးများကို ပိုက်စိပ်တိုက်၍ ဆယ်ယူနေကြခြင်းဖြစ်၍ တပင်တပန်း ရှိလှချေသည်။

သီတင်းနှစ်ပတ်လျှင်တစ်ခါ ရှင်းပေးသည့် လုပ်ခကို မရကတည်းက သူတို့လူစုသည် ထိုကျောက်မီးသွေးများကိုလာ၍ ဆယ်ယူနေကြခြင်း ဖြစ်၏။



ဂျိုးသည် ထိုလူငယ်စုအား ရွံရှာစက်ဆုတ်သည့်စိတ်ဖြင့် ကြည့်နေမိသည်။ သူသည် လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ကပ်ထဲနှိုက်ကာ ခြေထောက်များကို ကား၍ ရပ်ကြည့်နေခြင်းဖြစ်သည်။ သူ့အနေဖြင့် ဤလူငယ်အုပ်စုအပေါ်တွင် အထင်အမြင်မသေးဘဲ မနေနိုင်။

သူ့အိမ်မြေတိုက်ခန်းထဲတွင် ကောင်းပေ့ဆိုသည့် ကျောက်မီးသွေးတွေ အများကြီးရှိသည်။ သူ့အဖေက သူစိတ်တိုင်းကျ အကောင်းဆုံးများကို ရွေးယူလာခဲ့ခြင်း ဖြစ်၏။ တူးဖော်ပြီးစ လတ်လတ်ဆတ်ဆတ် ကျောက်မီးသွေးပုံကြီးများထဲမှ လက်ရွေးစင်များကိုသာ ရွေးထုတ်ရယူထားခြင်း ဖြစ်သည်။ အခု သူတို့လုပ်နေသလို ရွှံ့တွေ၊ ဗွက်တွေထဲမှ လိုက်၍ ရှာဖွေကောက်ယူနေရခြင်း မဟုတ်။ ပြီးတော့ သူ့ဗိုက်သည် အစာရေစာများဖြင့် ပြည့်နေသောဗိုက် ဖြစ်သည်။ သူ့ဗိုက်ထဲ၌ အကောင်းဆုံးဆိုသည့် အစားအစာများ အမြဲရှိသည်။ ထိုအစားအစာများကို သူကိုယ်တိုင် လိုက်လံရှာဖွေနေရသည် မဟုတ်။ သူ့အဖေ ချာလီက တာဝန်ယူ၍ ရှာဖွေပေးနေခြင်း ဖြစ်သည်။ သူ့ဘဝနှင့် သူတို့ဘဝသည် များစွာ ခြားနားသည်။ ထိုခြားနားမှုကို သူ အသိအမှတ်မပြုဘဲ မနေနိုင်၊ သတိမပြုဘဲလည်း မနေနိုင်။

'ဟော့....သူငယ်ချင်း ဂျိုး၊ ဘယ်လိုလဲကွ၊ အဆင်ပြေရဲ့လား' ဟု နက်ဒ်ဆော့ဖ်လေးက နှုတ်ဆက်သည်။ သူ့နှာခေါင်းသည် နီရဲနေသည်။ ကြုံလှီသေးကွေးလှသော သူ့ကိုယ်ခန္ဓာသည် အေးလွန်းသဖြင့် တုန်ယင်လျက်ရှိသည်။ 'စီးကရက် မပါဘူးလား ဂျိုးရာ၊ စီးကရက်သောက်ချင်လွန်းလို့ ငါဖြင့် သေတော့မလား ထင်ရတယ်'

ဂျိုးက သူ့နားတစ်ဖက်၌ ညှပ်ထားသည့် စီးကရက်ကိုယူ၍ အသေအချာကြည့်နေသည်။ 'တကယ်လို့သာ ငါ့မှာရှိတာ ဒီတစ်လိပ်ထဲ မဟုတ်ဘူးဆိုရင်တော့....' ဟု ရေရွတ်ကာ စီးကရက်ကို မီးညှိပြီးဖွာသည်။ သူ့မျက်နှာထားသည် နက်ဒ်အတွက် စိတ်မကောင်းဖြစ်သည့်ဟန်ကို ဖော်ပြထားသည်။ သို့သော်လည်း နက်ဒ်က သူ့အား ကျောပေးသွားသည့်အခါ သူ့မျက်နှာသည် ပြုံးဖြဲဖြဲ ဖြစ်လာသည်။

အမှန်တော့ ဂျိုးသည် ဝုဒ်ဘိုင်းစ် စီးကရက်ဘူး တစ်ဘူးကို အမြဲဆောင်ထားလေ့ရှိသူ ဖြစ်၏။ အခုလည်း သူ့ဘောင်းဘီ အိတ်ကပ်ထဲတွင် စီးကရက်တစ်ဘူး ရှိနေသည်။ သူ့တွင် စီးကရက်တစ်ဘူးလုံး ရှိနေသည်ကို နက်ဒ်အား ဘယ်တော့မှ အသိပေးလိမ့်မည် မဟုတ်။ သူသည် စပ်ဖြဲဖြဲမျက်နှာပေးဖြင့် ဒေးဗစ်အား လှမ်းကြည့်သည်။ ထိုအခိုက်မှာပင် သူ့နောက်မှ အော်သံကြားလိုက်သဖြင့် ချာခနဲ လှည့်ကြည့်သည်။

နက်ဒ်၏အော်သံ ဖြစ်သည်။ နက်ဒ်သည် သူ့အိတ်ထဲသို့ ကျောက်မီးသွေးများကို ထည့်နေသည်။ အလွန်အေးစက်နေသည့် လေတရှူးရှူးဒဏ်ကိုခံ၍ သုံးနာရီ နီးပါးမျှ ရှာဖွေကောက်ယူထားသော ကျောက်မီးသွေးများ ဖြစ်၏။ အိတ်အပြည့် ရပြီဖြစ်၍ အိမ်သို့ပြန်ရန် ပြင်ဆင်နေခြင်း ဖြစ်လေသည်။

ထိုအခိုက်တွင် ဂျိတ်ဝစ်ခ်သည် သူ့ရှေ့မှောက်သို့ လာရပ်သည်။ ဂျိတ်သည် အသက်ဆယ့်ခုနစ်မျှသာ ရှိသေးသော်လည်း ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်ကြီးမားသူဖြစ်သည်။ သူသည် နက်ဒ်ထက် အဆမတန် ကြီးမားထွားကြိုင်းသူဖြစ်သည့်အားလျော်စွာ နက်ဒ်၏ ပခုံးထက်မှ ကျောက်မီးသွေးအိတ်ကိုဆွဲကာ ထွက်သွားသည်။

လူငယ်များထံမှ ရယ်သံများ ကြားရသည်။ ဂျိတ်သည် နက်ဒ်အား အနိုင်ကျင့်ကာ ကျောက်မီးသွေးအိတ်ကို လုယူသွားခြင်း ဖြစ်သည်။ နက်ဒ်သည် ဂျိတ်ဝစ်ခ်နောက်မှလိုက်ကာ သူ့အိတ်ကို ပြန်တောင်းသည်။ ထိုဖြစ်ရပ်သည် ရယ်စရာကောင်းသည် မဟုတ်။ သို့သော်လည်း လူငယ်များအတွက်ကတော့ အလွန် ရယ်စရာကောင်းသည့် အရာတစ်ခု ဖြစ်နေသည်။ ရယ်သံများထဲတွင် ဂျိုး၏ အသံသည် အကျယ်လောင်ဆုံး....။

အားလုံးက ဝိုင်း၍ရယ်နေကြသော်လည်း မရယ်နိုင်သူမှာ ဒေးဗစ်။ သူသည် ဖြစ်နေပုံကိုကြည့်ကာ မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။

'ကျောက်မီးသွေးအိတ်ကို သူ အခုလို ယူမသွားသင့်ဘူး' ဟု ဒေးဗစ်က ပြောသည်။ 'ဒီအိတ်က နက်ဒ်ဆော့ဖ်လေးရဲ့ အိတ်ပဲ၊ သူ့ဘာသာသူ အပင်ပန်းခံပြီးရှာထားတာပဲ'

'အေးလေ....မယူသင့်ပေမယ့် သူ ယူသွားပြီလေကွာ၊ ဘယ်သူဝင်တားမလဲ၊ တားရဲတဲ့ကောင် တားကြပေါ့ကွ' ဟု ဂျိုးက မလိုတမာသံဖြင့် ပြောသည်။ 'ကြည့်စမ်းပါဦး၊ ဆော့ဖ်လေးဆိုတဲ့ကောင် ဖြစ်နေပုံကို'

ဂျိတ်ဝစ်ခ်သည် သဘော်ဆိပ်ခံ တံတားပေါ်အတိုင်း လျှောက်သွားလျက်ရှိသည်။ လက်ထဲမှ ကျောက်မီးသွေးအိတ်ကိုလည်း မချ။ သူ့နောက်မှလိုက်လာပြီး သူ့အိတ်ကိုပြန်တောင်းနေသော နက်ဆော့ဖ်လေးကိုလည်း ဂရုမစိုက်။ ဘေးမှ ရပ်ကြည့်နေသူများကိုလည်း လုံးဝဂရုမပြု။

'ဒါတွေဟာ ငါ ကောက်ထားတာ' ဟု နက်ဒ်ကပြောသည်။ သူသည် မခံချင်စိတ်ကြောင့် မျက်ရည်များ စီးကျလျက်ရှိ၏။ 'မင်း ဒီလိုမလုပ်ပါနဲ့ကွာ၊ ငါ့ပစ္စည်းကိုပြန်ပေး၊ ငါ့အမေဖို့ ငါကောက်ထားတာပါကွာ'

ဒေးဗစ်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်ထားသည်။



သူသည် ဒေါသကိုမထိန်းနိုင်အောင် ဖြစ်လာသည်။ ချက်ချင်းပင် ဂျိတ်ဝစ်၏ရှေ့သို့သွား၍ ပိတ်ရပ်ထားလိုက်သည်။

'ဟယ်လို....' ဟု ဂျိတ်ကပြောသည်။ 'မင်းက ဘာဖြစ်ရတာလဲ'

'မင်း အခုယူထားတဲ့ပစ္စည်းက နက်ဒ်ကောက်ထားတာကွ' ဟု ဒေးဗစ်က ပြောသည်။ 'မင်း အခုလို မတရားသဖြင့် လုယူတာ ဘယ်ကောင်းမလဲကွ၊ ဒီလိုလုပ်တာ ဘယ်တရားမလဲ၊ မှန်လည်း မမှန်ဘူး'

'ဘုရား....ဘုရား' ဟု ဂျိတ်က ရေရွတ်သည်။ 'ငါ့ကို ဘယ်လိုကောင်က တားလို့ရမှာလဲ'

'ငါ အခု တားတယ်ကွ' ဘေးမှရပ်နေသူအားလုံး ငြိမ်ဆိတ်သွားသည်။ ဂျိတ်သည် သူ့လက်ထဲမှ ကျောက်မီးသွေးအိတ်ကို ဘေးနားတွင် ချထားလိုက်သည်။

'မင်းက တားတယ် ဆိုပါတော့၊ ဟုတ်လား' ဟု ဂျိတ်က မလိုတမာသံဖြင့် ရေရွတ်သည်။

'ဟုတ်တယ်၊ ငါတားတယ်' ရယ်သံများကို မကြားရတော့ပေ။ 'မင်းက တားတယ်ပေါ့' ဟု ဂျိတ်က ရေရွတ်သည်။

ဒေးဗစ်သည် ဦးခေါင်းကို မော့ထားသည်။ သူသည် ဒေါသအရှိန်ဖြင့် စကားမပြောနိုင်၊ တစ်ကိုယ်လုံး တောင့်တင်းနေသည်။ ဂျိတ်၏မတရားမှုပေါ်တွင် မကျေနပ်မှုသည် ကြီးမားပြင်းထန်လျက်ရှိသည်။ ဂျိတ်ဝစ်သည် လူကြီးတစ်ယောက်နီးပါးမျှ ဖြစ်နေသူပေတည်း။ သူသည် ဆေးလိပ်သောက်သည်။ အရက်သောက်သည်။ လူကြီးတစ်ယောက်သဖွယ် ဆဲဆိုကြိမ်းမောင်းနေပြီး လူချင်းယှဉ်ပါက ဂျိတ်သည် ဒေးဗစ်ထက် အရပ်မြင့်သည်။ တစ်ပေနီးပါးမျှ မြင့်သူဖြစ်၏။ ပြီးတော့ ကိုယ်အလေးချိန်မှာ ဒေးဗစ်ထက် နှစ်စတုံခန့်ပိုသည်။ သို့တစေလည်း ဒေးဗစ်သည် ထိုအရာများကို အရေးမထား။ နက်ဆော့ဖ်လေးအပေါ်၌ မတရားပြုခြင်းကိုသာ အမှိကထားသည်။

ဂျိတ်ဝစ်သည် လက်သီးများကိုဆုတ်၍ ဆန့်တန်းထားသည်။ 'အလဲအကွဲပဲနော်' ဟု သူကပြောသည်။ ရိုးရာဓလေ့ထုံးစံအရ စိန်ခေါ်လိုက်ခြင်းပေတည်း။

ဒေးဗစ်သည် ဂျိတ်၏ မှဲ့ခြောက်များဖြင့် ပြည့်နေသော မျက်နှာကို တစ်ချက်မျှ စူးစူးဝါးဝါးကြည့်သည်။ အားလုံးကို ပီပီပြင်ပြင် မြင်ရသည်။ သူသည် ဂျိတ်၏ မျက်ခွက်ကို ပထမဆုံးတစ်ချက် စထိုးသည်။ သူ့လက်သီးသည် ဂျိတ်၏ နှာခေါင်းကို ပြင်းထန်စွာ ထိုးမိသည်။

ထိုလက်သီးချက်သည် အလွန်ထိရောက်လှပသည့် လက်သီးချက်ဖြစ်၏။

ဂျိတ်၏နှာခေါင်းမှ သွေးများ ယိုစီးကျလာသည်။ ဘေးမှကြည့်နေသူများထံမှ အော်သံများထွက်ပေါ်လာသည်။ ဂျိတ်သည် နောက်သို့ ဒယီးဒယိုင်ဖြင့် ဆုတ်ခွာသွားသည်။ ထို့နောက် အရူးအမူးဖြစ်ကာ ဒေါသတကြီးဖြင့် ဒေးဗစ်ဆီသို့ ပြေးဝင်ထိုးသတ်သည်။

ထိုအခိုက်မှာပင် ဘေးမှဝိုင်းကြည့်နေသော ပရိသတ်၏အစွန်းမှ လူငယ်တစ်ယောက်၏ အော်ဟစ်သတိပေးသံကို ကြားကြရသည်။ 'သတိထားကြဟေ့၊ ဝက်ပ်လာနေတယ်'

ဒေးဗစ်သည် တုံ့ခနဲဖြစ်သွားသည်။ သူသည် တစ်ဖက်သို့ ဦးခေါင်းကို စောင်းပြီး လှည့်ကြည့်သည်။ ဤတွင် ဂျိတ်၏ လက်သီးချက် တစ်ချက်သည် သူ့နားထင်ကို ပြင်းထန်စွာ လာထိသည်။ ဒေးဗစ်၏ ဦးခေါင်းသည် ရီဝေဝေဖြစ်သွားသည်။ ထို့နောက် တစ်ကိုယ်လုံး ရှာခနဲလည်ကာ လဲကျသွားသည်။ အမှောင်ထုကြီးသည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားသည်။ ထို့နောက် သတိလစ်သွားလေ၏။

ဘေးမှ ကြည့်နေသူများသည် ဒေးဗစ်အား တစ်ချက်မျှကြည့်လိုက်ပြီး အားလုံး ကစဉ့်ကလျား ထွက်ပြေးကုန်ကြသည်။ နက်ဒ်ဆော့ဖ်လေးသည်လည်း တခြားလူများနှင့်အတူ ရော၍ ထွက်ပြေးသွားသည်။ သို့သော်လည်း သူ့ကျောက်မီးသွေးအိတ်သည် သူနှင့်အတူ ပါသွားခဲ့လေသည်။

ထိုအတောအတွင်းမှာပင် ဝက်ပ်သည် ဆိုက်ရောက်လာသည်။ သူသည် ပင်လယ်ကမ်းစပ်တစ်လျှောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုကာ လျှောက်လာနေခြင်း ဖြစ်၏။ ဂျီးဆပ်ဝက်ပ်သည် ပင်လယ်ကို မြတ်နိုးသူတစ်ဦး ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှ ဆယ်ရက်တိတိ အချိန်ယူကာ ပင်လယ်ကမ်းခြေသို့ လာလေ့ရှိသည်။ အထူးသဖြင့် ထိုဆယ်ရက်ကို ဇွန်ကလေ ပင်လယ်ကွေ့သို့လာ၍ အချိန်ဖြုန်းသည်။ သူသည် သူ အနှစ်သက်ဆုံး တရားစာပိုဒ် ဖြစ်သည့် "ဂျီးဆပ်စ်အရှင်သည် ကမ္ဘာကြီး၏ ဒုစရိုက်မှုများအတွက် ငိုကြွေးခဲ့သည်" ဟူသော စာတမ်းကို ကိုင်ဆောင်ကာ ကမ်းခြေတစ်လျှောက်၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေတတ်လေသည်။

ထိုစာတမ်းကို ရွှေရောင်စာလုံးများဖြင့်ရေးကာ သူ့အိမ်ရှေ့၌ ဆွဲထားသည်။ ယင်းအချက်ကို အကြောင်းပြု၍ သူ၏ နာမည်ရင်း ကလင်းဒစ်ကာရီကို မည်သူကမှ မခေါ်ကြတော့ဘဲ "ဂျီးဆပ်ဝက်ပ်" ဟု ခေါ်လာခဲ့ကြသည်။ ကျောက်မီးသွေးကူး အလုပ်သမားတစ်ဦး ဖြစ်သော ဂျီးဆပ်ဝက်ပ်သည် အလုပ်သမားများ တန်းလျားၥ၌ မနေပေ။ လင့်ပ်လမ်းထောင့်၌ ဖွင့်ထားသော သူ့ဇနီး ဆူဆန်ဒစ်ကာရီ၏ ဆိတ်သားမုန့်ဆိုင် အပေါ်ထပ်၌ သူ့ဇနီးနှင့်အတူ နေထိုင်သည်။



ဆူဆန်ကလည်း သူ အလွန်သဘောကျသော စာတမ်းတစ်ခုကို သူ့ဆိုင်ရှေ့၌ ချိတ်ဆွဲထားသည်။ "သင့် ဘုရားသခင်အား တွေ့ရန် ပြင်ဆင်ထားပါ" ဟူသော စာတမ်း ဖြစ်၏။ ထိုစာတမ်းကို သူ၏ မုန့်အိတ်များအပေါ်၌လည်း ရိုက်နှိပ်ထားသည်ဖြစ်ရာ ထိုစာတမ်းသည်လည်း စလီစကေးရှိ လူတိုင်းပါးစပ်ဖျား၌ ပြောစမှတ်ပြုနေရသည် စာတမ်းတစ်ခု ဖြစ်လာသည်။ ဒစ်ကာရီ၏ ဆိတ်သားမုန့်များကိုစား၍ မိမိတို့၏ ဘုရားသခင်ကိုတွေ့ရန် ကြိုတင်ပြင်ဆင်ကြသည်။ မည်သို့ဖြစ်စေ ဆိတ်သားမုန့်ကတော့ အလွန်အရသာရှိသည်။ ဒေးဗစ်ကိုယ်တိုင်လည်း ဒစ်ကာရီ၏ ဆိတ်သားမုန့်ကို ကြိုက်သည်။ ပြီးတော့ ကလင်းဒစ်ကာရီကိုလည်း သူ သဘောကျသည်။ ကလင်းဒစ်ကာရီ သို့မဟုတ် ဂျီးဆပ်ဝက်ပ်သည် ခပ်ကြောင်ကြောင်တော့နိုင်၏။ သို့သော်လည်း ဖြူစင်ဖြောင့်မတ်သောစိတ်ထားရှိသည်မှာတော့ အမှန်ပင် ဖြစ်လေသည်။

ဒေးဗစ် သတိပြန်လည်လာ၍ မျက်လုံးများကို ဖွင့်လိုက်သည့်အခါ သူ့အား ငုံ့ကြည့်ပြီး ပခုံးကို ပုတ်နေသော ဝက်ပ်ကို တွေ့ရသည်။ ဒေးဗစ်သည် တံတောင်နှင့်ထောက်ကာ မြေကြီးပေါ် လဲနေရာမှ ထလိုက်သည်။ ဝက်ပ်သည် ရန်ပွဲအကြောင်းနှင့်စပ်၍ ဘာတစ်ခွန်းမှ မပြော။ 'မင်း နောက်ဆုံး ဘယ်အချိန်က အစာ စားခဲ့သလဲ' ဟုသာ မေးသည်။

'ဒီမနက်က စားခဲ့တယ်၊ နံနက်စာ စားပြီးပြီ'

'မင်း ရပ်နိုင်မလား'

ဒေးဗစ်က ဝက်ပ်၏လက်ကို လှမ်းဆွဲပြီး မတ်တတ်ရပ်လိုက်သည်။ သူသည် မသိမသာ ယိမ်းယိုင်လျက်ရှိသည်။ ဝက်ပ်က သူ့အား မျက်မှောက်ကုပ်ပြီး ကြည့်နေသည်။ ဝက်ပ်သည် မုန်ရာကို တဲ့တိုးမေးတတ်သောအကျင့်ရှိသူ ဖြစ်၏။

'မင်း အစာမစားရလို့ အားနည်းနေတယ် မဟုတ်လား၊ အခု ငါနဲ့လိုက်ခဲ့၊ အိမ်ကိုသွားမယ်' ဟု ပြောကာ ဒေးဗစ်ကို တွဲခေါ်သွားသည်။ သူသည် သဲတောင်ကုန်းများကြားမှ ဖြတ်၍ သူ့အိမ်ရှိရာ လင့်ပ်လမ်းအထိ ခေါ်ဆောင်သွားခြင်းဖြစ်သည်။ သူ့အိမ် မီးဖိုခန်းထဲ ရောက်သည့်အခါ ဝက်ပ်က ဒေးဗစ်အား စားပွဲ၌ နေရာချပေးသည်။

ဤမီးဖိုခန်းသည် ဝက်ပ်၏ တရားဆွေးနွေးရာ အစည်းအဝေးခန်း ဖြစ်သည်၊ နံရံများပေါ်တွင် ဘုရားသခင်နှင့် ပတ်သက်သော ပိုစတာရုပ်ပုံကား အများအပြားကို ကပ်ထားသည်။ ဘုရားသခင် ဖြစ်စဉ်များနှင့် ဆက်စပ်နေသော ပန်းချီကားများ ဖြစ်၏။ ဆောင်းမီးဖိုစင်ပေါ်တွင်မူ ဆေးဖက်ဝင်သော အပင်၊ အမြစ်၊ အသီးများနှင့် ပင်လယ်မှရသည့် ကျောက်ပွင့်၊ ကျောက်ခက်များ တင်ထားသည်။

ဝက်ပ်သည် ထိုပစ္စည်းများအပေါ်တွင်လည်း စိတ်ဝင်စားသူ ဖြစ်သဖြင့် ကမ်းစပ်ရှိ သဲသောင်ပြင်များ၊ ကျောက်တုံးကျောက်ဆောင်များကြားမှ လိုက်လံရှာဖွေ၍ ကောက်ယူစုဆောင်းထားခြင်း ဖြစ်လေသည်။

ဝက်ပ်သည် မီးဖိုဘေး၌ရပ်ကာ လက်ဖက်ရည်အချိုခြောက်အိုးကို မီးဖိုပေါ်တင်၍ နှပ်နေသည်။ ရေနွေးဆူလာသည့်အခါ ပန်းကန်တစ်လုံးနှင့်ထည့်၍ ဒေးဗစ်အား လှမ်းပေးသည်။ ထို့နောက် စကားတစ်ခွန်းမှမပြောဘဲ အခန်းထဲမှ ထွက်သွားသည်။

ဒေးဗစ်သည် လက်ဖက်ရည်ကို သောက်သည်။ အရသာကတော့ ခါးလှပါဘိခြင်း။ သို့သော်လည်း အပူက ပြင်းသဖြင့် ချက်ချင်းပင် တစ်ကိုယ်လုံး ပူနွေးသွားသည်။ ကိုယ်ရောစိတ်ပါ ကြည်လင်လန်းဆန်းသွားရုံမျှမက စောစောက ဖြစ်ခဲ့သည့် ထိုးပွဲ ကြိတ်ပွဲကိုပင် မေ့သွားသည်။ သူသည် ဆာလောင်မွတ်သိပ်မှု ဝေဒနာကို ခံစားလာရသည်။ ထိုအခိုက်မှာပင် ဝက်ပ်သည် သူ့မိန်းမနှင့်အတူ အခန်းထဲသို့ ပြန်ဝင်လာသည်။

ဆူဆန်ဒစ်ကာရီသည် သပ်သပ်ရပ်ရပ် ဝတ်စားထားသည်။ သွားလာလှုပ်ရှားပုံကလည်း တည်ငြိမ်အေးဆေးသည်။ သူသည် စကားမပြောဘဲ ဒေးဗစ်ရှေ့တွင် ဆိတ်သားမုန့် ပူပူနွေးနွေးနှစ်ခု ထည့်ထားသည့် ပန်းကန်တစ်ချပ် လာချသည်။ အပြာရောင် ကြွေအိုးတစ်လုံးထဲမှ ဟင်းနှစ်ရည်များကိုပါ လောင်းထည့်ပေးသည်။ မုန့်ရော၊ ဟင်းရည်များပါ ပူပူနွေးနွေး ဖြစ်၏။

'ဖြည်းဖြည်းစား....' ဟု ဆူဆန်ကပြောပြီး သူ့ယောက်ျား၏ဘေးသို့ သွားရပ်သည်။ သူတို့လင်မယားသည် ဒေးဗစ်အား ကြည့်နေကြသည်။ တစ်ခဏမျှ အကြာတွင် ဒေးဗစ်သည် ဆိတ်သားမုန့်များကို စားသည်။ မုန့်သည် အရသာရှိလှ၏။ သူသည် အစအနကလေးမျှမကျန်အောင် စားပစ်သည်။ ထို့နောက် သူသည် ဝက်ပ်တို့ လင်မယားကို မော့ကြည့်သည်။ သူတို့နှင့် အကြည့်ချင်း ဆုံမိကြသည်။

ဒေးဗစ်သည် ကျေးဇူးတရားကို အပြုံးဖြင့်ဖော်ပြရန် ကြိုးစားသည်။ သို့သော်လည်း သူ လုံးဝမမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာခဲ့သော ဤကြင်နာသနားမှုအတွက် စိတ်ထဲတွင် တစ်မျိုးခံစားလာရ၏။ စားလိုက်ရသည့်အတွက် သူ့ကိုယ်သူ မုန်းတီးစိတ် ဖြစ်မိသည်။ မဖြစ်အောင်တော့ ထိန်းပါ၏။ မရ။

ကြောက်မက်ဖွယ်ကောင်းသည့် ခံစားမှုတစ်ခုသည် ထပ်၍ ဝင်လာပြန်သည်။ လွန်ခဲ့သော သုံးလအတွင်းက သူတို့ မိသားစုနှင့် အခြားသော အလုပ်သမား မိသားစုများ ရင်ဆိုင်ခဲ့ရသမျှကို စဉ်းစားမိ၍ ပေါ်ပေါက်လာခဲ့ရသော



ခံစားမှု ဖြစ်၏။ ရှိသမျှလေးကို ကုတ်ကတ်ချွေတာပြီး ဝေမျှစားသောက်ခဲ့ရခြင်းများ၊ အိမ်၌ ရှိသမျှ ပစ္စည်းများကို ပေါင်နှံခဲ့ရခြင်းများ၊ မိဘနှစ်ပါးကြားတွင် အမြဲတစေ တည်ရှိလာခဲ့သည့် မကျေနပ်မှုများ၊ ပြီးတော့ သူ့အမေ၏ ဒေါသနှင့် သူ့အဖေ၏ ခေါင်းမာမှု....။

မိမိ၏ အသက်မှာ အခုမှ ဆယ့်လေးနှစ်မျှသာ ရှိသေး၏။ နံနက်က ကြုံခဲ့ရသည့်အဖြစ်ကို သတိရမိသည်။ နံနက်က သူသည် လစ်ဒဲလ်၏ ယာခြံထဲမှ ရလာသည့် မုန်လာဥကို အစိမ်းလိုက် စားခဲ့ရ၏။ အလွန်လှပပြီး ချမ်းသာကြွယ်ဝသည့် ဤကမ္ဘာလောကကြီးအတွင်း၌ သူသည် တိရစ္ဆာန်တစ်ကောင်သဖွယ် ယာတောထဲဝင်ကာ မုန်လာဥကိုစား၍ သူ၏ ငတ်မွတ်မှုကို အာသာဖြေနေရ၏။

သူသည် ပိန်လှီသေးကွေးလွန်းလှသော လက်တစ်ဖက်ဖြင့် သူ့ခေါင်းကို ကိုင်ထားသည်။ ရုတ်တရက် ဖြစ်ပေါ်လာသော ပြင်းထန်သည့် ဆန္ဒတစ်ခုကြောင့် တစ်ခုခု လုပ်ချင်စိတ်သည် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ပေါ်လာနေသည်။ အခုလို ဖြစ်ပွားနေမှုကြီးကို ကြိုတင်ကာကွယ်နိုင်မည့် အလုပ်တစ်ခုကို သူ လုပ်ချင်လှပါ၏။

သူ လုပ်ချင်နေသောအရာမှာ လူသားတို့၏ဘဝကို မြှင့်တင်ပေးရန်နှင့် မကောင်းမှု ဒုစရိုက်ဟူသော ရောဂါဆိုးများကို ကုစားပေးနိုင်မည့် အလုပ်တစ်ခုကို လုပ်လိုခြင်း ဖြစ်သည်။ ထိုအလုပ်ကို သူ မလုပ်၍မဖြစ်၊ လုပ်ကိုလုပ်မှ ဖြစ်ပေမည်။ သူ့မျက်လုံးထဲမှ မျက်ရည်ပေါက်ကြီးတစ်ပေါက်သည် မုန့်ပန်းကန်ထဲမှ ဟင်းအနှစ်ရည်ပေါ်သို့ ကျဆင်းသွားသည်။ နံရံများပေါ်ရှိ ရုပ်ပုံကားများထဲမှ နတ်သားများသည် ခရာများကို မှုတ်နေကြသည်။ ဒေးဗစ်သည် ရှက်စိတ်ဝင်နေသော မျက်နှာဖြင့် နှာခေါင်းကို တစ်ချက်မျှ ရှုံ့လိုက်လေသည်။

* * * * *

(၃)

တစ်နာရီခွဲပြီ။ လောဂေဟာ၌ ပြုလုပ်နေသည့် နေ့လယ်စာစားပွဲသည် ပြီးဆုံးလုနီးပါး ဖြစ်နေပြီ။ ကုလားထိုင်၌ တောင့်တောင့်မတ်မတ် ထိုင်နေသော အာသာသည် သူ့ဖခင်အား ဇွတ်အတင်း နားပူနားဆာ လုပ်လိုသည့် မျက်နှာထားဖြင့် ကြည့်လျက်ရှိသည်။ ဤပတ်ဝန်းကျင်တွင် အားလုံးက ဖုံးကွယ်ထားသည့် တင်းမာမှုကတော့ ရှိနေသည်။ ဤအချိန်ကာလသည် အလွန် အရေးကြီးသော

အချိန်ကာလတစ်ခု ဟူ၍လည်း သိနေကြ၏။ အချိန်အခါနှင့် အခြေအနေသည် သူ့စိတ်ကို များစွာ အနှောင့်အယှက်ပေးလျက် ရှိ၏။

အခုလို စိတ်လှုပ်ရှားမှုမျိုးနှင့် ရင်ဆိုင်နေရချိန်တွင် သူသည် ဘာကိုမှ စားချင်သောက်ချင်စိတ် မရှိ။ ဤကြားထဲ တမင် ဟန်လုပ်၍ စားနေရသည့်အခါ သူသည် များစွာ စိတ်ပျက်လက်ပျက် ဖြစ်နေမိသည်။ သူ သိထားသည်မှာ ယနေ့ လူအားလုံး တွေ့ဆုံစည်းဝေးကြလိမ့်မည် ဖြစ်၏။ တွေ့ဆုံကြမည့်လူများမှာ သူ့ဖခင်၏ လူများ ဖြစ်သည်။ သူ့ဖခင်၏ တွင်းထဲ၌ ရိုးသားဖြောင့်မတ်စွာဖြင့် လည်းကောင်း၊ သစ္စာရှိစွာဖြင့် လည်းကောင်း အလုပ်လုပ်နေရန် သင့်သည့်လူများ ဖြစ်သည်။

ယနေ့ အစည်းအဝေးသည် အရေးကြီးသော အစည်းအဝေး ဖြစ်၏။ အရာရာတိုင်းသည် ယနေ့ အစည်းအဝေးပေါ်၌ အမှီပြုလျက်ရှိ၏။ အထူးသဖြင့် အလုပ်သမားတွေ အလုပ်ခွင် ပြန်ဝင်ကြမလား။ သို့မဟုတ် စိတ်ပျက်စရာကောင်းသည့် ဤသပိတ်တိုက်ပွဲကို ဆက်ကြမလား ဟူသော အချက်ကို ဤအစည်းအဝေးတွင် ဆုံးဖြတ်ကြလိမ့်မည် မဟုတ်ပါလား။ အာသာသည် သောကအရှိန်ဖြင့် တစ်ကိုယ်လုံး တုန်လျက်ရှိ၏။ သူသည် သူ့အဖေဆီသို့ မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းမျှော်ကြည့်နေမိသည်။

အကယ်၍ တစ်ဖက်မှ ဖိတ်ကြားလာခဲ့ပါက သူ့အဖေသည် တိုင်နီကပ်ဆဲလ်မြို့သို့ သွားရလိမ့်မည် ဖြစ်၏။ အကယ်၍ သူ့အဖေ သွားလျှင် သူ အဖော်လိုက်ခွင့်ရလိမ့်မည်ဟု မျှော်လင့်မိ၏။ ထို့ကြောင့်လည်း သူသည် သူ့အဖေ၏ အရိပ်အကဲကို ကြည့်ကာ စောင့်စားနေမိသည်။

ယနေ့နံနက် ဆယ်နာရီက သူ့အဖေသည် ဘတ္တလေအား မြင်းရထားကို အသင့်ပြုလုပ်ထားရန် မှာနေသည်ကို သူ ကြားထားရ၏။ ဘယ်နည်းနှင့်မဆို သူ့အဖေသည် တိုင်နီကပ်ဆဲလ်ကို မသွားဘဲနေလိမ့်မည်ဟု သူ မထင်၊ သို့သော်လည်း မျှော်လင့်နေသည့် ဖိတ်ကြားမှုကို အခုထက်ထိ မရသေး။ အကယ်၍ သူ့အဖေ တိုင်နီကပ်ဆဲလ်သို့သွားလျှင် တော့ဒ်ထံကို မသွားဘဲနေမည် မဟုတ်။ တော့ဒ်ထံကို သွားလျှင်တော့ သူ မလိုက်လို။ အချိန်တွေ အများကြီး ကြာလိမ့်မည် ဖြစ်၍ သူ စောင့်ရသည်မှာ သက်သာမည် မဟုတ်။

စားပွဲ၌ထိုင်၍ စကားပြောနေကြသည်မှာ အေးအေးဆေးဆေးပင် ဖြစ်သည်။ စကားဝိုင်းကို ထုံးစံအတိုင်း သူ့အဖေကပင် လွှမ်းမိုးချုပ်ကိုင်ထားသည်။ မည်သည့်အချိန်၊ မည်သည့်အခါ၌မဆို ယခုကဲ့သို့ အေးအေးဆေးဆေး ပြောဆို ဆွေးနွေးသည့်အကျင့်ကို ခိုင်မြဲတည်တံ့နေအောင် အားလုံးက ဝိုင်းဝန်း ထိန်းသိမ်း



ထားကြ၏။ မည်သည့်အချိန်၊ မည်သည့်ကာလ၌ မည်သည့်အကြောင်းအရာများကိုပဲ ဆွေးနွေး ဆွေးနွေး အားလုံး တည်ငြိမ်အေးဆေးစွာ ဆွေးနွေးပြောဆိုလေ့ရှိကြသည့် အစဉ်အလာတစ်ရပ် ဖြစ်နေခဲ့လေပြီ။

ရစ်ချတ်ဘားရပ်စ်သည် အေးဆေးတည်ငြိမ်သူ ဖြစ်သည်။ သို့သော်လည်း သူ လုပ်ကိုင်သမျှသည် တိကျတင်းမာသော ချုပ်ကိုင်မှုများ ရှိတတ်သည်။ အခုလည်း သူသည် စားပွဲထိပ်၌ တည်တည်ငြိမ်ငြိမ်ထိုင်လျက် ရှိသည်။ သူ့အဖို့ သုံးလမျှ ကြာနေပြီဖြစ်သော အလုပ်သမား သပိတ်သည် ရေးကြီးခွင်ကျယ်လုပ်စရာမလိုဟု ယူဆထားသည့်ပုံမျိုး ဖြစ်သည်။

သူသည် ကုလားထိုင်တွင် ခါးနှင့် ကျောကိုဆန့်ကာ တောင့်တောင့်မတ်မတ်ထိုင်လျက် ရှိသည်။ သူသည် ဘယ်တော့ထိုင်ထိုင် ဤပုံစံမျိုးနှင့်သာ ထိုင်လေ့ရှိသူ ဖြစ်၏။ အာသာသည် သူ့အဖေပုံစံကိုယူ၍ သူ့အဖေထိုင်သည့်အတိုင်း ထိုင်နေခြင်း ဖြစ်သည်။

ရစ်ချတ်ဘားရပ်စ်သည် သူ့ရှေ့၌ချထားသည့် နေ့လယ်စာကို ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန် စားသောက်လျက်ရှိသည်။ သူ့နေ့လယ်စာမှာ ခါတိုင်းစားနေကျအတိုင်းပင် ဖြစ်၏။ ပါးပါးလွှာထားသည့် အမဲသားကြော်၊ ဝက်ပေါင်ခြောက်၊ သိုးသားတစ်တုံး၊ မုန်ညင်းရွက်ကြော်၊ ဒိန်ခဲနှင့် ဘီစကွတ်မုန့်များ ဖြစ်သည်။ သူသည် ပါးစပ်ထဲထည့်ထားသည့် အစာများကို စိတ်မပါသလို ဝါးလျက်ရှိလေသည်။

သူသည် ထွားထွားကျိုင်းကျိုင်း လူတစ်ယောက် မဟုတ်သော်လည်း ရင်အုပ်ကျယ်ကျယ်၊ လက်မောင်းတုတ်တုတ်နှင့် ကြံ့ခိုင်တောင့်တင်းသူ ဖြစ်သည်။ သူ့ခန္ဓာကိုယ်ကို တစ်ချက်မြင်ရုံမျှဖြင့် အားကောင်းမောင်းသန် လူတစ်ယောက်မှန်း သိသာသည်။ သူ့အသားအရေသည် စိုပြည်သည်။ ပါးရိုးကြီးသော မျက်နှာတွင် မျက်လုံးအစုံသည် စူးစူးရှရှနိုင်လွန်းလှ၏။ သူ့အသွင်သဏ္ဌာန်သည် ကြမ်းတမ်းမာကျောမည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။

သူသည် အီဗန်ဂျယ်လစ် ခရစ်ယာန်အယူဝါဒတွင် ယုံကြည်သက်ဝင်သူဖြစ်၏။ သူ့ယုံကြည်မှုအပေါ်တွင် ပြင်းထန်ခိုင်မာသူလည်း ဖြစ်၏။ တနင်္ဂနွေနေ့တိုင်း ဥပုသ်မစောင့်ဘဲ မနေ၊ ထိုနေ့ဆိုလျှင် တစ်အိမ်သားလုံး ဥပုသ်စောင့်ကြသည်။ ညပိုင်းကျလျှင် ဓမ္မကျမ်းစာထဲမှ တရားစာများကို ဖတ်ပြလေ့ရှိ၏။ ဥပုသ်နေ့ ညဘက်ဆိုလျှင် နာရီပေါင်းများစွာ ကြာသည်အထိ တရားစာကို နားထောင်နေရသဖြင့် အာသာခမျာ မကြာခဏ ငိုပွဲဆင်ရလေသည်။

ရစ်ချတ်ဘားရပ်စ်သည် သူ ပိုင်ဆိုင်လိုသော ပစ္စည်းကို မပိုင်ပိုင်အောင်

လုပ်တတ်သူ ဖြစ်၏။ ယခု သူ ထိုင်နေသည့် ကုလားထိုင်၏ နောက်ကျောဘက်တွင် အမေရိကန်လုပ် စန္ဒရားကြီး ရှိသည်။ သူသည် ထိုစန္ဒရားကြီးကို များစွာ ငွေကုန်ကြေးကျခံ၍ ဝယ်ယူကာ သူ့အိမ်ဧည့်ခန်းထဲ၌ တခမ်းတနား နေရာချထားခဲ့သူ ဖြစ်၏။ ဤစန္ဒရားကြီးကို တီး၍ ဓမ္မတေးသံများကို နားထောင်ခြင်းအားဖြင့် သူ၏ ဘုရားအပေါ် ယုံကြည်စိတ်ကို ပိုမို၍ တိုးတက်ခိုင်မာစေခဲ့သည်။ သူ့အဖေအကြောင်းကိုသိနေသော အာသာသည် သူ့အဖေကို အလွန်ချစ်သည်။ အာသာအတွက်တော့ သူ့အဖေသည် ဘုရားသခင်နှင့်တူသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ဦး ဖြစ်လေသည်။

'ကဲ....အာသာ၊ မင်းအတွက်ပေးထားတဲ့ ပူတင်းကို စားလိုက်ဦး' ဟု အန်တီကေရီက လှမ်းပြောသည်။ အမှန်တော့ အာသာသည် ပူတင်းကို မကြိုက်။ ထို့ကြောင့်လည်း ပူတင်းပန်းကန်ကို လက်ဖျားနှင့်ပင်မတို့ဘဲ အမေ့ခံထားခြင်း ဖြစ်၏။ သို့သော်လည်း အန်တီကေရီက သတိပေးလိုက်သဖြင့် သူ့အဖေ သိသွားခဲ့လေပြီ။ ဟစ်လ်ဒါကတော့ သူ့ပူတင်းကို စားပြီးသွားပြီ ဖြစ်၍ နားအေးပါးအေး ဖြစ်သွားခဲ့လေပြီ။ အာသာ၏အဖြစ်ကိုကြည့်၍ တိတ်တိတ်ကလေး ပျော်ရွှင်မြူးတူးနေသူမှာ ဂရေ့စ်။

'ဒီနေ့ အိမ်ကို လက်ဖက်ရည်သောက် ပြန်လာဦးမလား ရစ်ချတ်' ဟု အန်တီကေရီက တရိုတသေ မေးသည်။

'ပြန်လာမယ်၊ ညနေ ငါးနာရီ' ဖြေသံမှာ တိကျပြတ်သားသည်။

'အင်း....အင်း....ဟုတ်ပြီ'

အန်တီကေရီသည် ဦးခေါင်းကို ညွှတ်ထားသည်။ သူသည် ရစ်ချတ်နှင့် စကားပြောသည့်အခါတိုင်း ကိုယ်နှုတ်အမူအရာကို အလွန်နူးညံ့သိမ်မွေ့စွာ ထားသည်။ တရိုတသေ၊ တလေးတစား ပြောဆို ဆက်ဆံသည်။ သူသည် နဂိုကတည်းက ဦးခေါင်းလျှိုတတ်သူ ဖြစ်၏။ လူတိုင်းနှင့် အရာရာတိုင်းကို ဦးခေါင်းလျှိုးတတ်သော အကျင့်သည် သူ၏ ပင်ကိုစရိုက် ဖြစ်၏။

သူသည် သူ့အနေအထားကို နားလည်သူ ဖြစ်သည်။ သူသည် နော့သ်သမ်ဘာလင် မိသားစုမျိုးနွယ်မှ ဆင်းသက်လာသူ ဖြစ်သဖြင့် သူ့ကိုယ်သူ ဆွေကြီးမျိုးကြီး အနွယ်ဝင်တစ်ဦးဟု မသတ်မှတ်ခဲ့ပေ။ သူ့မိသားစုသည် တောပိုင်း၌ ပေါက်ဖွားလာခဲ့ရသည့် မိသားစုဖြစ်၍ အဆင့်အတန်းအားဖြင့် မြင့်မားခြင်းမရှိဟု သတ်မှတ်ထားသူ ဖြစ်လေသည်။

သူသည် ရစ်ချတ်ဘားရပ်စ်၏ ခယ်မတော်သည် ဟူသော အချက်ကိုလည်း အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးမချ။ သူသည် သူ့တာဝန်အရ ကလေး



များကို ပြုစုစောင့်ရှောက်သည်။ မွန်းလွဲပိုင်းကျလျှင် စာသင်ခန်းထဲ၌ ကလေးများအား စာပြပေးသည်။ အစားအစာ ချက်ပြုတ်သည်။ အိမ်တွင်းသန့်ရှင်းရေးနှင့် အခင်းအကျင်းများကို ဆောင်ရွက်သည်။ အဝတ်ဟောင်းများကို လျှော်ဖွပ်သည်။ စုတ်ပြဲနေသည်များကို ဖာထေးသည်။

ဟာရီးယက်တစ်ယောက် အိပ်ရာပေါ် ရောက်သွားသည့် လွန်ခဲ့သောငါးနှစ်ခန့်မှစ၍ အန်တီကေရီသည် ဤအိမ်သို့ ရောက်လာခဲ့ခြင်း ဖြစ်၏။ တစ်ချိန်က ဟာရီးယက် မီးဖွားတိုင်း ဤအိမ်၏ ဝေယျာဝစ္စများကို လာရောက်လုပ်ကိုင်ပေးခဲ့သလို အခုလည်း လာရောက်လုပ်ကိုင်ပေးနေခြင်း ဖြစ်သည်။ အသက်လေးဆယ်ရွယ်ရောက်၍ ဝဝဖိုင့်ဖိုင့် ဖြစ်လာချိန်အထိ သူသည် ဤအိမ်အတွက် အသုံးဝင်သည့်လူတစ်ယောက် ဖြစ်ကြောင်းကို ပြသနေဆဲပင် ဖြစ်လေသည်။

သူ့အနေဖြင့် ဤအိမ်တွင် ဩဇာအရှိန်အဝါ အလွန်ကြီးမားသော လူတစ်ယောက် ဖြစ်လာအောင် လုပ်နိုင်သည့် အခွင့်အလမ်းတွေ မရေမတွက်နိုင်အောင် ပေါ်လာခဲ့ဖူးပါ၏။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ဤအိမ်ထောင်၏ အကြီးအကဲတစ်ယောက် မဟုတ်ဟူသောအချက်ကို ဘယ်တော့မှ မေ့မသွား။ သူ့ကိုယ်သူ မှီခိုသူတစ်ဦးအဖြစ်သာ သတ်မှတ်ထားသည်။ နေထိုင်ပြောဆိုဆက်ဆံရာ၌လည်း အားလုံးကို မှီခိုနေသူတစ်ဦးအဖြစ်နှင့်သာ ဆက်ဆံခဲ့လေသည်။

သူသည် သူ့လက်ဖက်ရည်အိုးကို သူ့ကိုယ်ပိုင်ထားသူဖြစ်၍ ဘီစကွတ်မုန့်ကိုပင် သူ့ဘာသာသူထား၍ စားသူ ဖြစ်၏။ တခြားလူတွေ စကားပြောနေလျှင် သူ့ကိုယ်သူ မရှိသင့်သည့်လူတစ်ယောက်အဖြစ် သဘောထားကာ အခန်းထဲမှ ထွက်သွားတတ်သူ ဖြစ်၏။ အိမ်စေများနှင့် စကားပြောသည့်အခါတွင်လည်း အလွန်သတိထား၍ စကားပြောလေ့ရှိ၏။ အပေါစီးဖြင့် တင်းတင်းမာမာ မပြောဆိုမိစေရန် အထူးသတိထားသည်။ ကိုယ်ရေးကိုယ်တာ ကိစ္စများ ပြောဆိုသည့်အခါ ပို၍ပင် သတိထားလေ့ရှိ၏။ 'အန်းရေ....မင်း အခုဝတ်နေတဲ့ ဘလောက်စ်အကျီက သိပ်စုတ်နေပြီကွယ်၊ လဲဝတ်ပါလားကွယ်' ဟူသော အပြောမျိုးကိုသာ သူ့ထံမှ ကြားရတတ်၏။

သူ့တွင် ကိုယ်ပိုင်ငွေဟူ၍ အနည်းငယ်မျှသာ ရှိသည်။ တစ်နှစ်လျှင် ပေါင်တစ်ရာမျှသာ စုမိ၏။ သူ ဝတ်စားဆင်ယင်ပါကလည်း ခပ်မှိုင်းမှိုင်း မီးခိုးရောင်များကိုသာ ဝတ်လေ့ရှိသည်။ ငယ်စဉ်က မြင်းရထား အတိုက်ခံရသဖြင့် လမ်းလျှောက်သည့်အခါ သူ့ခြေတစ်ဖက်သည် ထော့နင်းထော့နင်း ဖြစ်နေသည်မှတစ်ပါး တခြား ချွတ်ယွင်းချက်ဟူ၍ သူ့တွင်မရှိပေ။

အန်တီကေရီတွင် အားနည်းချက်တစ်ခုတော့ ရှိသည်။ သူသည် ညစဉ်

ညတိုင်း ရေနွေးနှင့် ရေချိုးခြင်း ဖြစ်သည်။ သူ စိုးရိမ်နေသည်မှာ ရစ်ချတ်က ရေချိုးလိုသောဆန္ဒ ရှိနေချိန်ကျခါမှ သူက ရေချိုးနေမိမည်ကို စိုးရိမ်ခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤအချက်ကို အကြောင်းပြု၍ မကြာခဏ အိပ်မက်ဆိုးတစ်ခုကို မြင်မက်လေ့ရှိသည်။ အိပ်မက်ထဲတွင် ရစ်ချတ်က သူ ရေချိုးနေသည်ကို မြင်သွားသည်။ ထိုအိပ်မက် မက်ပြီး၍ အိပ်ရာမှနိုးလာတိုင်း အန်တီကေရီ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေတတ်လေသည်။

ရစ်ချတ်သည် စားပွဲမှလူများကို အသေအချာကြည့်သည်။ ဘယ်သူမှ စားသောက်နေသည်ကို မတွေ့ရတော့။

'မင်း ဘီစကွတ် စားဦးမှာလား အာသာ' ဟု သူ့သားအား လှမ်းမေးသည်။

'မစားတော့ဘူး အဖေ' ဟု အာသာက ဖြေသည်။

ရစ်ချတ်သည် သူ့ဖန်ခွက်တွင် ရေဖြည့်သည်။ သူ ဖန်ခွက်ကို ကိုင်ထား၍လား မသိ၊ ရေသည် ပိုမိုကြည်လင်နေသည်။ ပိုမိုအေးမြနေသည်။ သူသည် ရေကို ဖြည်းလေးစွာ အချိန်ဆွဲ၍ သောက်သည်။ အခန်းထဲတွင် တိတ်ဆိတ်နေသည်။ ရစ်ချတ်သည် ထိုင်ရာမှထ၍ အခန်းထဲမှ ထွက်သွားသည်။

အာသာတွင် မျက်ရည်များ စို့လာသည်။ ဘာ့ကြောင့် သူ့ဖခင် သူ့အား တိုင်နီကပ်ဆဲလ်သို့ ခေါ်မသွားပါလိမ့်။ ဘာကြောင့် တော့ဒ်ထံ သွားရာ၌ သူ့ကို မခေါ်ဘဲ ထားခဲ့ပါသနည်း။ အေဒမ်တော့ဒ်သည် သတ္တုတူးဖော်ရေး အင်ဂျင်နီယာ ဖြစ်၏။ သူ့ဖခင်၏ မိတ်ဆွေဟောင်းကြီး ဖြစ်၏။ တော့ဒ်ထံ သွားလျှင် သူ့ကို မခေါ်ဘဲနေလေ့မရှိ။ ဘာပဲဖြစ်ဖြစ် သူ့ကိုမခေါ်ဘဲတော့ နေလိမ့်မည်မထင်။ ခေါ် သွားပါက သူသည် ဟက်တီနှင့် ကစားရမည်မှာမလွဲ။

အာသာသည် ထင်ရာမြင်ရာများကို လျှောက်တွေးရင်း ခန်းမကြီးထဲ ရောက်လာသည်။ သူသည် နံရံများပေါ်မှ သူ့ဖခင်၏ ပုံများကို မော့ကြည့်လာသည်။ ဟစ်လ်ဒါသည် စာအုပ်တစ်အုပ်ယူကာ အခန်းထဲဝင်သွားပြီ။ သူနှင့် ဟစ်လ်ဒါသည် စိတ်ချင်းတူညီကြသည် မဟုတ်။ ဟစ်လ်ဒါသည် စိတ်မြန်လက်မြန်လုပ်တတ်သူ ဖြစ်၏။ ပြီးတော့ အကြောင်းအကျိုး မခိုင်လုံဘဲနှင့် စိတ်ဓာတ်က ပြင်းထန်တတ်သည်။ သူသည် အမြဲတစေ တစ်စုံတစ်ခုနှင့် ရန်းကန်တိုက်ခိုက်နေသည့်နှယ် ရှိသည်။

ဟစ်လ်ဒါသည် လွန်ခဲ့သော သုံးလမှ အသက်ဆယ့်ခုနစ်နှစ် ပြည့်ခဲ့သူ ဖြစ်၏။ သပိတ်မှောက်မှုမစခင် အချိန်အနည်းငယ်ကမှ ဆယ့်ခုနစ်နှစ်ပြည့်၍ ဆံပင်ပုံကို လူကြီးသဖွယ် ညှပ်ခဲ့ခြင်း ဖြစ်သည်။ သူ့အမြင်မှာကတော့ ဟစ်လ်ဒါသည် နည်းနည်းကလေးမှ မချော။ ချစ်စရာမကောင်း။ အသားအရေကလည်း မလှ။ အနံ့အသက်ကလည်း မကောင်း။



အာသာ ခန်းမကြီးထဲ၌ ရပ်နေခိုက်မှာပင် ဂရေ့စ်သည် ပန်းသီးတစ်လုံး ကိုင်၍ စာသင်ခန်းထဲမှ ဆင်းလာသည်။ 'ဟော့...အာသာ၊ ငါတို့ ဘော့ဘ်ဆာကို သွားတွေ့ကြရ အောင်' ဟု ပြောသည်။

အာသာက ဂရေ့စ်အား ငုံ့ကြည့်သည်။ ဆယ့်တစ်နှစ်သမီးမျှသာ ရှိသေးသော ဂရေ့စ်သည် သူ့ထက် တစ်နှစ်မျှသာ ငယ်သော်လည်း အရပ်အမောင်းကျတော့ သူ့အောက် တစ်ပေခန့်နိမ့်သည်။ သူသည် အမြဲတစေ ပျော်ရွှင်နေတတ်သော ဂရေ့စ်ကိုကြည့်ကာ မနာလိုဝန်တို ဖြစ်မိသည်။ ဂရေ့စ်သည် ပင်ကိုသဘာဝကိုက ပျော်ပျော်နေတတ်သောသဘော ရှိသည်။ နူးညံ့သိမ်မွေ့သော မျက်နှာ၊ ပျော့ပျောင်းလှပသော ဆံပင်နှင့် အပြာရောင် မျက်လုံးအစုံတို့သည် ဆွဲဆောင်မှုအပြည့် ရှိသည်။ မြင်သူတိုင်းက ဂရေ့စ်အား မချစ်ဘဲမနေနိုင်။ ဟစ်လ်ဒါ ပင်လျှင် ဂရေ့စ်ကို အလွန်ချစ်သည်။

အာသာသည် အခုလောလောဆယ် ဂရေ့စ်နှင့်လိုက်သွားရလျှင် ကောင်းမလားဟု စဉ်းစားသည်။ သူသည် သွားလည်း သွားချင်သည်။ သွားချင်စိတ်လည်း မရှိ၊ သူသည် မဆုံးဖြတ်နိုင်။ ဘယ်တော့မဆို ဆုံးဖြတ်စရာတစ်ခုရှိလာလျှင် ချီတုံချတုံ ဖြစ်တတ်သည်မှာ သူ့အကျင့်။ နောက်ဆုံးကျတော့ သူသည် ခေါင်းခါသည်။

'နင်ပဲသွား' ဟု အာသာက သုန်သုန်မှုန်မှုန် မျက်နှာထားဖြင့် ပြောသည်။ 'ငါ သပိတ်မှောက်နေတဲ့ကိစ္စအတွက် စိတ်ပူနေလို့ ဘယ်မှမသွားဘူး'

'တကယ် မလိုက်ဘူးလား' ဟု ဂရေ့စ်က တအံ့တသြ မေးသည်။

အာသာက ခေါင်းညိတ်ပြသည်။ ပြီးတော့ ချက်ချင်း စိတ်မကောင်းဖြစ်သည်။ အမှန်တော့ သူသည် မြင်းပုကလေး ပန်းသီးစားနေသည်ကို ကြည့်လိုစိတ် ရှိသည်။ စိတ်ဝင်စားစရာ ရှုခင်းတစ်ခု ဖြစ်၏။ သို့ပါလျက်နှင့် မလိုက်ဘူးဟု ငြင်းလိုက်မိ၏။ စောစောကထက် ပို၍ စိတ်မကောင်းဖြစ်သွားသည်။

ဂရေ့စ် ထွက်သွားသည်ကို ရပ်ကြည့်နေရင်းနှင့် နားစွင့်နေသည်။ အပေါ်ထပ်မှ သူ့အဖေသည် လက်ကိုင်အိတ်ကို ချိုင်းတွင်ညှပ်၍ ဆင်းလာသည်။ သူသည် အာသာ ရပ်နေသည်ကို မမြင်။ အပြင်၌ ရပ်စောင့်နေသော ဒေါက်ကပ် မြင်းရထားပေါ်သို့ တက်သွားသည်။ တစ်ခဏအတွင်းမှာပင် မြင်းရထားသည် အိမ်ဝင်းထဲမှ ထွက်ခွာသွားသည်ကို မြင်လိုက်ရ၏။

အာသာသည် သူ့အား သူ့အဖေက ခေါ်မသွားသည့်အတွက် စိတ်ပျက်သွားသည်။ သူ့အနေဖြင့် တော့ဒ်ကို မတွေ့ရလျှင် နေပါစေ။ ဟက်တီကိုတော့ အလွန်တွေ့ချင်မိသည်။ ဟက်တီသည် အလွန်ခင်စရာကောင်းသည် မဟုတ်ပါ

လား၊ ဟက်တီ၏ ချစ်စရာအပြုံးနှင့် ချစ်စရာ ကျစ်ဆံမြီးကလေး၊ သူ့ထံသို့ ပြေးလာပြီး သူ့အား ဖက်လိုက်သည့်အခါတိုင်း ခံစားရသည့် နွေးထွေးမှု၊ တနင်္ဂနွေ နေ့တိုင်း ရသော သူ့မုန့်ဖိုး ခြောက်ပဲနိနှင့် သူ့ထံမှ ချောကလက်ဝယ်စားဖို့ နားပူနားဆာ လုပ်နေတတ်သည့် ဟက်တီ။

သူသည် ဟက်တီကို အလွန်သဘောကျသည်။ ခင်လည်း ခင်သည်။ သူ ကြီးလာသည့်အခါ ဟက်တီကိုသာ လက်ထပ်မည်။ ပြီးတော့ သူသည် ဟက်တီ၏အစ်ကို အေလန်တော့ဒ်ကိုလည်း ခင်သည်။ သူတို့ဖခင် တော့ဒ်ကို လည်း သူ မခင်ဘဲမနေနိုင်။ ဆေးချေးများစွဲနေသည့် မုတ်ဆိတ်မွေး၊ အဝါရောင် သမ်းနေသည့် မျက်လုံးများ....။ သို့သော်လည်း သူသည် အပယ်ခံဘဝကိုတော့ မလိုလား။ သူ့အား ပစ်ပယ်ခဲ့သည့်သဘောမျိုး လုပ်လာလျှင် သူ မကြိုက်။ အခုဆိုကြည့်၊ သူသည် သူ့အဖေ၏ စွန့်ပယ်မှုကို ခံနေရ၏။

သူသည် ဂရုထားစရာ လူတစ်ယောက် မဟုတ်လို့လား။ သူသည် သူ့ အသက်နှင့်စာလျှင် အလွန့်အလွန် ကြံ့လှီသေးကွေးနေလို့လား။ သူများလို မသန်မာ၊ မထွားကျိုင်းလို့လား။ 'အာသာက သိပ်ကိုပျော့တဲ့ကလေး' ဟု သူ့အဒေါ် အန်တီ ကေရီက မကြာခဏ ပြောသည်။ ထိုစကားသည် တကယ်ပဲ မှန်သလား။ အခု ဆိုလျှင် ဟစ်လ်ဒါသည် ဟာရီးဂိတ်ကျောင်း၌ ကျောင်းတက်နေရပြီ။ မကြာမီ ဂရေ့စ်လည်း ကျောင်းတက်ရတော့မည်။ သူကတော့ အခုထက်ထိ ကျောင်း မတက်ရသေး။

ကျောင်းသား ဖြစ်မလာသဖြင့် သူငယ်ချင်း အပေါင်းအသင်း များများ စားစား မရှိ။ သူတို့၏ လောဂေဟာသို့ အပြင်ကလူတွေ အလည်လာကြသည့် အခါကျမှပင် သူသည် စိတ်ဝင်စားစရာများကို မြင်ရ တွေ့ရ၏။ သူသည် သူ့ အခြေအနေကို ကောင်းစွာ သတိထားမိသည်။ သူသည် ရှက်တတ် ကြောက်တတ် ၏။ စိတ်ထိခိုက်လွယ်၏။ အထီးကျန်နိုင်၏။ အမှန်အတိုင်း ဝန်ခံရမည် ဆိုပါက သူသည် ရှက်စိတ်ကြီးလွန်းလှသည်။ ရှက်စိတ်ဝင်တိုင်းလည်း 'ငါ့ကို မြေမျိုသွား ရင် ကောင်းမှာပဲ' ဟု အမြဲတွေးလေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ သူသည် သူ့အဖေနှင့်အတူ နက်ပ်ကျွန်း ကျောက်မီးသွေး တွင်းလုပ်ငန်းကို လုပ်ချင်သည်။ အဖေနှင့်သား တွဲ၍ လုပ်ကိုင်နိုင်မည့် အနာဂတ် ကာလတစ်ခုကို မျှော်မှန်းသည်။ အသက် ဆယ့်ခြောက်နှစ်ပြည့်လျှင် အလုပ်ကို စလုပ်မည်။ လက်တွေ့လုပ်နည်းကိုင်နည်းများကို သင်ကြားလေ့လာမည်။ ပြီးတော့ စာသင်တန်းတချို့ကိုတက်၍ အောင်လက်မှတ် ရယူမည်။ ထို့နောက် သူ့ဖခင်နှင့် ဖက်စပ်အလုပ်ကို လုပ်မည်။ သို့မှသာလျှင် သူ့ဘဝသည် ရှင်သန်လာမည် မဟုတ် ပါလော။



အခုလောလောဆယ်ချိန်မှာတော့ သူ့မျက်လုံးအစုံတွင် မျက်ရည်များ စို့နေ သည်၊ ရည်ရွက်ချက်မရှိဘဲ အိမ်ရှေ့တံခါးမှ အပြင်သို့ ထွက်လာခဲ့ကာ ဟိုသည် လျှောက်သွားသည်။ လောဂေဟာ၏ မြေပြင်သည် သူ့ရှေ့တွင် ပြားပြားဝပ်နေ သည်၊ အိမ်ဝင်းခြံ၏ အလယ်တွင် စိုပြည်စိမ်းလန်းသော မြက်ခင်းပြင်၊ ဟိုတစ်ပင် သည်တစ်ပင် ပေါက်ရောက်နေကြသည့် ငုပင်များ။ ထို့နောက် အခြားတစ်ဖက်သို့ နိမ့်ဆင်းသွားသည့် လယ်ကွင်း။

ခြံဝင်း၏ တစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးနှစ်ပင် ရှိသည်။ ပင်စည် ကြီးများသည် အပြင်မှ မလှမပသော ရှုခင်းများကို မမြင်သာအောင် ကာကွယ်ပေး ထားသည်။ လောဂေဟာ၏ နေအိမ်သည် စလီစကေးဘက်သို့ နီးကပ်စွာ တည်ရှိ နေသည်။ စလီစကေးနှင့် အနီးဆုံးနေရာ သို့မဟုတ် တောင်ကုန်းငယ်တစ်ခုပေါ်၌ တည်ရှိခြင်း ဖြစ်လေသည်။

အဝေးတွင် မြင်နေရသည့် ကျောက်မီးသွေးတွင်းမှ မီးခိုးခေါင်းတိုင်များ၊ ကျောက်မီးသွေးပုံများနှင့် တွင်းများသည် အိမ်နှင့် တစ်မိုင်ခန့်တော့ ကွာဝေးလိမ့် မည် ဖြစ်၏။ အိမ်သည် ကျောက်တုံးများဖြင့် တည်ဆောက်ထားသောအိမ် ဖြစ် သည်။ လေးထောင့်စတုရန်းပုံဖော်ထားခြင်း ဖြစ်၍ အိမ်ရှေ့တွင် ပေါ်တီကိုဆင်ဝင် ကြီး ရှိသည်။ အိမ်၏နောက်ဘက်တွင် တစ်ဆက်တည်း တည်ဆောက်ထားသော အဆောင်တစ်ခု ရှိလေသည်။

အိမ်ရှေ့မျက်နှာစာတွင် အိုင်ဗီနံရံကပ်ပန်းပင်သည် တွယ်ကပ်တက်နေ သည်။ လှပနေအောင် ကတ်ကြေးဖြင့် ညှပ်ထားသဖြင့် ကြည့်၍ တင့်တယ်နေ သည်။ ရစ်ချတ်သည် အကြွားအဝါများကို မုန်းတီးစက်ဆုပ်သူ ဖြစ်၏။ သို့တစေ လည်း လောဂေဟာ၏ နေအိမ်ကို ပြုပြင်မွမ်းမံထားသည်။ အကြွားအဝါကို ဦးစား ပေးထားခြင်း မဟုတ်။ စည်းနှင့်၊ စနစ်နှင့် သပ်ရပ်သန့်ရှင်းနေအောင် ဖန်တီးပြုပြင် ထားခြင်းမျှသာ ဖြစ်ပေသည်။

ဤအိမ်တစ်အိမ်လုံးတွင် အဖြူရောင်သုတ်ဆေးကိုသာ အများဆုံး အသုံး ပြုထား၏။ အဖြူရောင်သည် ရစ်ချတ် နှစ်သက်သော အရောင်ဖြစ်သည် မဟုတ် ပါလား။ ဂိတ်တံခါး၊ ဝင်းထရံ၊ ပြတင်းပေါက်များမှအစ သစ်သားအဆောက်အအုံ မှန်သမျှကို အကောင်းစားဆေးအဖြူများ သုတ်ထားသည်။ ရစ်ချတ်သည် သူ့အိမ် နှင့် သူ့ဝင်းခြံကို သူ့စိတ်တိုင်းကျ ထိန်းသိမ်းနိုင်ရေးအတွက် ဘဏ္ဍာလေ တစ်ဦး တည်းကိုသာ ခန့်ထား၍ တာဝန်ပေးထားလေသည်။

အာသာ၏ ညိုးနွမ်းသော မျက်လုံးအစုံသည် ကြည်နူးစရာ ရှုခင်းဆီသို့ ရောက်သွားသည်။ ဂရေ့စ်ထံသွားရလျှင် ကောင်းလေမလား။ ပထမတော့ ကောင်း

လိမ့်မည်ဟု သူ ထင်သည်။ နောက်တော့ မသွားသင့်ဟု ယူဆသည်။ စိတ်အားငယ်နေသည်နှင့်အမျှ သူ့စိတ်သူ အပိုင်အနိုင် မဆုံးဖြတ်နိုင်ချေ။ သူသည် အိမ်ထဲသို့ပြန်ဝင်လာပြီး စာစောကလိုပင် ခန်းမကြီးထဲ၌ လျှောက်သွားနေပြန်သည်။

သူသည် နံရံများထက်မှ ပန်းချီကားများကို လျှောက်ကြည့်နေသည်။ သူ့အဖေသည် နှစ်စဉ် ပန်းချီကားတစ်ကားမှ နှစ်ကားအထိ ဝယ်ယူလာလေ့ရှိသည်။ တိုင်နီကပ်ဆဲလ်မြို့ရှိ ပန်းချီကုန်သည်ကြီး ဗင်းဆင့်၏ဆိုင်မှ ဝယ်ဝယ်လာခြင်း ဖြစ်၏။ သူ့အဖေ ပြောပြောနေသည့် စကားများအရဆိုလျှင် ပန်းချီကားတစ်ချပ်၏တန်ဖိုးသည် သူ့နားများကိုပင် မယုံနိုင်လောက်အောင် ကြီးမားများပြားလှချေသည်။

သို့သော်လည်း သူ့အဖေ လုပ်သမျှကို ထောက်ခံလေ့ရှိသော အာသာသည် ပန်းချီကားများ ဝယ်ခြင်းကိုလည်း ထောက်ခံသည်။ ဘယ်လောက်ပဲ ပေးရပေးရ သူ့အဖေကြိုက်၍ ဝယ်လာသမျှ အားလုံး အကောင်းတွေချည်း ဖြစ်၏။ အခု သူ ကြည့်နေသော ပန်းချီကားအားလုံးသည် ချစ်စရာ၊ မြတ်နိုးစရာတွေချည်း ဖြစ်၏။ စတုံးသြချတ်ဆန်၊ ဝတ်လ်၊ လစ်မ်တန်၊ ဟိုလ်မင်းဟန့် .... စသည့် ပန်းချီဆရာ အကျော်အမော်များ၏ လက်ရာများပေတည်း။

အာသာသည် ပန်းချီကားနှင့် ပန်းချီဆရာများ၏ အမည်များကို ကောင်းစွာ မှတ်မိနေသည်။ သူ့အဖေ ပြောဆိုသံများကို နားထောင်ပြီး မှတ်သားထားခြင်း ဖြစ်သည်။ သူ့အဖေ ပြောသည့်အတိုင်းဆိုပါက ဤပန်းချီဆရာကြီးများသည် အနာဂတ်တွင် ကြီးကျယ်ထင်ရှားလာကြမည့် အနုပညာရှင်ကြီးများပေတည်း။ အထူးသဖြင့် "ဥယျာဉ်တွင်းမှ ချစ်ဦးသူများ" အမည်ရှိ ပန်းချီကားသည် သူ့ရင်ကို ထိထိနိုက်နိုက် ဖြစ်စေသည့် ပန်းချီကားတစ်ခု ဖြစ်ပါ၏။

အာသာသည် မျက်မှောင်ကုတ်၍ စဉ်းစားနေပြန်သည်။ သူသည် ခန်းမကြီးထဲ၌ရပ်ကာ ဟိုကြည့် သည်ကြည့် လုပ်နေသည်။ ကြောက်စရာကောင်းသည့် သပိတ်မှောက်မှုနှင့် ပတ်သက်၍ ခက်ခဲနက်နဲသော ပုစ္ဆာများကို အဖြေရှာကြည့်နေပြန်သည်။ သူ့အဖေသည် ဘာကြောင့် ရေးကြီးသုတ်ပျာနှင့် တောဒ်ထံသို့ ထွက်သွားရတာပါလိမ့်။ သူသည် နောက်သို့ပြန်လှည့်ကာ ရေအိမ်အတွင်းသို့ဝင်၍ အတွင်းမှ သော့ပိတ်ထားလိုက်သည်။ နောက်ဆုံးကျတော့လည်း ဤနေရာတစ်နေရာသာလျှင် သူ့အတွက် လုံခြုံသည် မဟုတ်ပါလား။

ရေအိမ်သည် သူ ဆုတ်ခွာတပ်စွဲရာနေရာ ဖြစ်၏။ သူ့အတွက် လုံခြုံရာအရပ် ဖြစ်၏။ ဆိတ်ငြိမ်ရာနေရာ ဖြစ်၏။ ဤနေရာတွင် ဘယ်သူမှ သူ့ကိုလာပြီး နှောင့်ယှက်၍မရ၊ သူ့ဒုက္ခများကို ဆင်ခြင်စဉ်းစားစရာနေရာ ဖြစ်၏။



စိတ်ကူးယဉ်အိမ်မက်များ မက်လို့ကောင်းသည့်နေရာလည်း ဖြစ်၏။ ဤနေရာသည် သူ့အား ဘုရားရှိခိုးကျောင်းကိုလည်း သတိရစေသည်။ ဘုရားရှိခိုးကျောင်းထဲမှ လူသွားစင်္ကြံလမ်းကိုလည်း သတိရစေ၏။ အဘယ့်ကြောင့်ဆိုသော် ဤအခန်းသည် မြင့်မား၍ အေးမြနေသည်။ ဤအခန်းထဲရောက်တိုင်း "ဥယျာဉ်တွင်းမှ ချစ်သူများ" ပန်းချီကားကို ကြည့်နေစဉ်အတွင်း ရရှိတတ်သည့် ခံစားမှုမျိုးလည်း ပေါ်လာတတ်လေသည်။

အာသာသည် အိမ်သာကြွေခွက်ပေါ်၌ ဝင်ထိုင်လိုက်သည်။ ဒူးနှစ်လုံးပေါ်၌ တံတောင်များကို ထောက်ကာ ဦးခေါင်းကို လက်ဝါးများဖြင့် အုပ်ကိုင်ထားသည်။ ရုတ်တရက် သောကသည် ဝင်လာသည်။ သူသည် မျက်လုံးများကို စုံမှိတ်ကာ သောကကို ပြေပျောက်သွားအောင် ကြိုးစား၍ဖျောက်သည်။ ထို့နောက် ဘုရားသခင်ထံ ဆုတောင်းသည်။

'ချစ်လှစွာသော အဖ ဘုရားသခင်၊ သပိတ်မှောက်ပွဲကို ယနေ့ ပြီးဆုံးသွားအောင် လုပ်ပေးပါ ဘုရား၊ တပည့်တော်၏ ဖခင်အတွက် အလုပ်သမားအားလုံးက သပိတ်လှန်ပြီး အလုပ်ခွင်သို့ ပြန်ဝင်အောင် လုပ်ပေးပါ ဘုရား၊ တပည့်တော်၏ အဖေသည် အလွန်သဘောကောင်းပါသည်။ သူ့အကြောင်းကို ဘုရားသခင်လည်း သိပါသည်။ တပည့်တော်သည် အဖေ့ကို အလွန်ချစ်ပါသည်'

'ချစ်လှစွာသော အဖဘုရားသခင်၊ အရှင် ဘုရားသခင်ကိုလည်း တပည့်တော် အလွန် ချစ်ပါသည်။ အလုပ်သမားတွေကို အမှန်တရားသိအောင် ပြုလုပ်ပေးတော်မူပါ၊ အမှန်အတိုင်းလုပ်အောင်လည်း တိုက်တွန်းပေးတော်မူပါ၊ နောက်ထပ် သပိတ်မှောက်မနေကြပါစေနဲ့တော့၊ တပည့်တော်ကိုလည်း အဖေနှင့်တွဲ၍ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်နိုင်အောင် စောင့်ရှောက်တော်မူပါ အာမင်'

* * * * *

(၄)

ငါးနာရီထိုး၍ ရစ်ချတ်ဘားရပ်စ် အိမ်ပြန်ရောက်လာသည့်အခါ သူ့အား စောင့်မျှော်နေကြသည့် အမ်းစထရောင်းနှင့် ဟတ်ဒ်စပက်တို့ကို တွေ့သည်။ သူသည် အပြင်မှ အအေးဒဏ်ခံလာရသဖြင့် စိတ်မကြည်မလင် ဖြစ်လာသည့်ပုံ ပေါ်နေသည်။ ညှိသည်နှစ်ဦးသည် အိမ်ရှေ့ခန်းမထဲမှ ကုလားထိုင်နှစ်လုံးတွင် ဘေးချင်းယှဉ်ကာ မျက်နှာများကိုင့်၍ ငြိမ်ဆိတ်စွာ ထိုင်နေကြလေသည်။

သူတို့နှစ်ယောက် ရောက်လာစဉ်က အန်တီကေရီသည် ဘယ်နေရာ၌ ထိုင်ခိုင်းရမည်ကိုမသိ ဖြစ်ခဲ့ရ၏။ နောက်ဆုံးတွင် သူ နားလည်သလိုတွေးကာ ခန်းမအတွင်း၌ နေရာပေးခဲ့ခြင်း ဖြစ်သည်။ ဂျော့အမ်းစထရောင်းသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းလုပ်ငန်းတွင် တွင်းများကို လိုက်လံစစ်ဆေးကြည့်ရှုသူဖြစ်၍ ပုံမှန်အနေအထားဖြင့်တွက်လျှင် ဆေးလိပ်သောက်သည့်အခန်း၌သာ ထားရမည် ဖြစ်သည်။

သို့သော်လည်း ဟာတ်ဒ်စ်စပက်မှာ လက်ထောက်စစ်ဆေးရေးမှူး ဖြစ်၍ သူသည် အများအားဖြင့် လုံခြုံရေးမှူးများနှင့်တွဲ၍ လုပ်ကိုင်နေရသူ ဖြစ်၏။ သူသည် တွင်းထဲမှထွက်ပြီး ဤအိမ်သို့ တန်း၍လာခဲ့ခြင်း ဖြစ်သဖြင့် သူ့ရှူးဖိနပ်များသည် ပေရေညစ်ပတ်နေကြသည်။ ဤဧည့်သည်နှစ်ဦးအား ဘယ်နေရာ၌ ထားရမည်ကို သူ ဝေခွဲ၍မရ။ ရစ်ချတ်၏ ကိုယ်ပိုင်ဧည့်ခန်းထဲ၌ ထား၍ကား လုံးဝ မဖြစ်နိုင်။ ဤသို့ဖြင့် သူသည် ဧည့်သည်များအား အိမ်အဝင် ဧည့်ခန်းမ ထဲ၌ နေရာပေးခဲ့ခြင်း ဖြစ်ပေသည်။

လူနှစ်ဦးကို မြင်လိုက်သည့်အခါ ရစ်ချတ်၏ မျက်နှာထားသည် ပြောင်း မသွားချေ။ သူတို့နှင့် ချိန်းထားပြီးဖြစ်၍ သူတို့ ရောက်လာမည်ကို ကြိုတင်၍ သူ သိထားသည် မဟုတ်ပါလော။ မည်သို့ပင်ဖြစ်စေ သူသည် အပြင်မှခံခဲ့ရသော အအေးဒဏ်ကြောင့် စိတ်မရှည်သလို ဖြစ်လျက်ရှိ၏။ သို့သော်လည်း သူသည် ချက်ချင်းပင် သူ့စိတ်သူထိန်းကာ သူ့မျက်နှာထားကို ပြင်သည်။

ရစ်ချတ် ဝင်လာသည့်အခါ အမ်းစထရောင်းနှင့် ဟာတ်ဒ်စပက်တို့က ထိုင်နေရာမှ ထရပ်ကာ ခေါင်းငြိမ့်ကြိုပြကြသည်။ တစ်ခဏမျှတော့ တိတ်ဆိတ်သွားလေသည်။

'ဘယ်လိုလဲ' ဟု ရစ်ချတ်က ရေရွတ်သည်။

အမ်းစထရောင်းက ခေါင်းညိတ်သည်။ သူ့အမူအရာသည် စိတ်လှုပ်ရှား နေခြင်းကို ဖော်ပြနေသည်။

'လုပ်ပြီးသွားပြီ၊ ဘုရားသခင်ကို ကျေးဇူးတင်ရမှာပဲ'

ရစ်ချတ်သည် အမ်းစထရောင်း ပေးသည့်သတင်းကို တစ်စုံတစ်ရာ အရိပ် လက္ခဏာဟူ၍ တစ်ခုမျှမပြဘဲ လက်ခံသည်။ သို့သော်လည်း အမ်းစထရောင်း၏ နောက်ဆုံးလေသံကိုတော့ ကြိုက်ဟန်မတူပေ။ သို့သော်လည်း သူသည် ဘာမှ မဖြစ်သည့်နှယ် သူ့စိတ်သူ ထိန်းချုပ်ကို ဖုံးကွယ်ထားသည်။ နောက်ဆုံးတွင် သူသည် လက်ဟန်ခြေဟန်ပြကာ လူနှစ်ဦးကို စာသောက်ခန်းထဲသို့ ခေါ်သွားသည်။ သူသည် နံရံကပ်ဗီရိုနားသို့သွားကာ အထဲမှ ဝီစကီပုလင်းကိုထုတ်၍



ခန့်ခွက်နှစ်ခွက်၌ထည့်ပြီး ဧည့်သည်များရှေ့၌ ချပေးသည်။ သူ့အတွက် လက်ဖက် ရည်ယူလာဖို့ မှာသည်။ အန်တီကေရီသည် ချက်ချင်းပင် လက်ဖက်ရည်ပွဲကိုယူပြီး သူ့ရှေ့၌ ချပေးသည်။

လူသုံးယောက်သည် သောက်စရာများကို မတ်တတ်ရပ်လျက် သောက် ကြသည်။ ဟာတ်ဒ်စပက်သည် သူ့ဝီစကီကို ရေပင် မရောတော့ဘဲ မော့လိုက်သည်။ အမ်းစထရောင်းကတော့ သူ့ဝီစကီတွင် ဆိုဒါတွေ အများကြီးရောပြီး သောက် သည်။ သူသည် စိတ်လှုပ်ရှားတတ်သူ ဖြစ်၏။ အပူအပင်ကြီးသူလည်း ဖြစ်၏။ သူသည် အိမ်ထောင်သည်တစ်ဦး ဖြစ်၍ ကလေးငါးယောက်တာဝန်ကို ယူထား ရသူ ဖြစ်သည်။ သူသည် အလုပ်ပြုတ်မည်ကို အလွန်ကြောက်သူ ဖြစ်သည်။ အခုလည်း သူသည် ဟက်ခနဲ တစ်ချက်မျှ ရယ်လိုက်သည်။

'ဘုရားသခင်ရှေ့မှောက်မှာ သစ္စာဆိုပြီး ပြောရဲပါတယ်၊ ဒီကိစ္စပြီးသွားလို့ ကျွန်တော် ဝမ်းမနည်းပါဘူး မစ္စတာဘားရပ်စ်၊ အလုပ်ကတော့ အတော်ကို မိုက်မဲ တဲ့အလုပ်ပါ၊ အခုလိုဖြစ်လာတဲ့အတွက် ကျွန်တော်တို့အားလုံး အတော် ဒုက္ခ ရောက်ကြရတာပဲ၊ အခုလို သုံးလတိတိ ဒုက္ခဆင်းရဲတွေနဲ့ နပန်းလုံးနေမယ့်အစား ကျွန်တော်ကတော့ တစ်နှစ်လုံးလုံး အလုပ်ကို နှစ်ဆိုင်းဆင်းပြီး လုပ်မှာပဲ'

ရစ်ချတ်ဘားရပ်စ်သည် သူ့စကားကို ဂရုမစိုက်။ 'ဘယ်လိုပြီးသွားသလဲ' ဟူသာ လှမ်းမေးသည်။

'သူတို့ အစည်းအဝေးလုပ်တယ်၊ ဖင်းဝစ်က စကားပြောတယ်၊ ဘယ်သူမှ နားမထောင်ဘူး၊ သူ ပြီးတော့ **ဂိုလန်**က ပြောတယ်၊ မစ္စတာဘားရစ်ပ်....**ဂိုလန်** ကို သိတယ် မဟုတ်လား၊ ချာလီဂိုလန် ဆိုတဲ့လူလေ၊ အဲဒီနောက် ဟက်ဒွန်းက ပြောတယ်၊ သူက တိုင်နီကပ်ဆဲလ်က လာတဲ့လူပေါ့၊ သူကတော့ ပြောတယ်၊ အလုပ်သမားသမဂ္ဂရဲ့ ထောက်ခံမှုမရရင် သူတို့အနေနဲ့ ဘာမှ ပြောပိုင်ခွင့်မရှိ ဘူးတဲ့၊ ဒီလုပ်ငန်းတစ်ခုလုံးကို သမဂ္ဂကပိုင်တာမဟုတ်လို့ လုပ်ချင်တိုင်းလုပ်လို့ မရဘူးတဲ့၊ တစ်ယောက်တစ်ပေါက် ပြောနေကြတာတွေကတော့ အများကြီးပဲ၊ အဲဒီနောက်တော့ သူတို့ မဲခွဲကြတယ်၊ လုပ်မယ်ဆိုတဲ့ မဲက မဲပေါင်း ရှစ်ရာတောင် ရှိတယ်၊ မလုပ်ဘူးဆိုတဲ့ဖက်က ခုနစ်မဲပဲ ရှိတယ်'

အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ 'အဲဒီနောက် ဘာဖြစ်သလဲ' ဟု ဘားရပ်စ် က မေးသည်။

'သူတို့အားလုံး ရုံးခန်းကို လာကြတယ်၊ လူကတော့ အများကြီးပဲ၊ ဟက်ဒွန်း၊ **ဂိုလန်**၊ ဩဂလီ၊ ဟိုးဗီးနဲ့ ဒင်းနင်းတို့လည်း ပါတယ်၊ တခြားလူတွေ လည်း ပါတယ်၊ သူတို့က ခင်ဗျားရှိလားလို့ မေးတယ်၊ မရှိဘူးလို့ ပြန်ပြောလိုက်

တယ်။ ဒါပေမဲ့ ကျွန်တော်က ခင်ဗျားပြောလိုက်တဲ့ စကားတွေကို ပြန်ပြောပြခဲ့တယ်၊ ခင်ဗျားက အလုပ်ပြန်မဆင်းရင် ဘယ်သူနဲ့မှ မတွေ့နိုင်ဘူးလို့ မှာလိုက်တယ်လို့ ပြောပြတယ်။'

'အဲဒီတော့ ကိုလန့်က စကားထပ်ပြောတယ်၊ ဒီငနဲက သိပ်တော့မဆိုးပါဘူး။ သူ စကားပြောအပြီးမှာ ဟက်ဒွန်းက ပြောတယ်၊ သူကတော့ သမဂ္ဂအကြောင်းပဲ၊ ပြီးတော့ သီချင်းဆိုသေးတယ်၊ ဟာရီနူးဂျင့်ရဲ့ကိစ္စကို ပါလီမန်အထိ တင်လို့ ဝမ်းသာအားရဖြစ်ပြီး ကတောင် ကနေသေးတယ်၊ အဲဒီလို လုပ်တာကလည်း သူ့သိက္ခာ သူဆယ်တာနဲ့ တူပါတယ်ဗျာ၊ တိုတိုပြောရရင်တော့ မနက်ဖြန်ကို အလုပ်ပြန်ဆင်းကြဖို့ သူတို့ကို ပြောလိုက်တယ်၊ မစ္စတာဘားရပ်စ်ရဲ့ အဖြေကိုတော့ ခြောက်နာရီထိုးမှာ လာပေးမယ်လို့ ပြောခဲ့တယ်'

ရစ်ချတ်ဘားရပ်စ်သည် သူ၏ သောက်လက်စ လက်ဖက်ရည်ကို လက်စသတ်နေသည်။

'ဒါဆိုရင် သူတို့အားလုံး အလုပ်ပြန်ဆင်းချင်ကြပြီပေါ့ ဟုတ်လား' ဟု ရစ်ချတ်က ရေရွတ်သည်။ သူသည် ဖြစ်ပေါ်လာသည့် အခြေအနေပေါ်တွင် စိတ်ဝင်စားနေပုံတော့ ရ၏။ သို့သော်လည်း ဆန်းစစ်သည့်အခါတွင်မူ စိတ်ခံစားချက်ဖြင့် ဆန်းစစ်ခြင်းပြုပုံမပေါ်။

လွန်ခဲ့သောသုံးလက သူသည် "မီးသင်းကျောက်မီးသွေး" ပေးသွင်းရန် ပါဆန်ကုမ္ပဏီမှ ကန်ထရိုက်ရခဲ့သည်။ ယင်းကန်ထရိုက် လုပ်ငန်းများသည် ရှားပါးလှ၏။ ရရန်လည်း အလွန်ခဲယဉ်း၏။ ထို့ကြောင့် အဖိုးတန် ကန်ထရိုက် လုပ်ငန်းများဟု အသိအမှတ်ပြုထားကြရသည်။ သူသည် ခက်ခက်ခဲခဲရလာသော ကန်ထရိုက်စာချုပ်ကို အိတ်ကပ်ထဲထည့်ကာ လုပ်ငန်းများကို စတင် လုပ်ဆောင်ခဲ့သည်။ သူသည် အဖိုးတန်သော မီးသင်းကျောက်မီးသွေးများကို နက်ပ်ကျွန်းကျောက်မီးသွေးတွင်းထဲမှ ထုတ်ယူရန် အားထုတ်ခဲ့လေသည်။

ထို့နောက်တော့ အလုပ်သမားများက သပိတ်မှောက်ကြသည်။ သူကိုယ်တိုင် ရှိနေပါလျက်နှင့် မထိန်းနိုင်၊ သမဂ္ဂကလည်း ဝင်ရောက်ဟန့်တားနိုင်စွမ်းမရှိ။ အခုတော့ သူ့အိတ်ထဲတွင် ကန်ထရိုက်စာချုပ် မရှိတော့။ သူ့စာချုပ်သည် မီးပုံထဲ ရောက်သွားခဲ့ပြီ။ ယင်းကန်ထရိုက်အလုပ်ကို လက်လွှတ်လိုက်ရသဖြင့် သူသည် ပေါင်နှစ်သောင်းမျှ ဆုံးရှုံးခဲ့ရလေသည်။

သူသည် ဖြစ်ပြီးခဲ့သမျှကို ပြန်တွေးကာ ပြုံးလိုက်မိ၏။ သူ့အပြုံးသည် မလိုတမာပြုံး ဖြစ်သည်။ နှုတ်ခမ်းကိုလည်း မဲ့ထားသည်။ 'အဖြစ်ကတော့ သိပ်ကောင်း၊ ငါ ခံရတဲ့ပွဲပဲ' ဟု ပြောချင်ဟန်ရှိ၏။



အမ်းစထရောင်းက သူ့အား လှမ်းကြည့်ပြီး 'ကျွန်တော် ကြော်ငြာကပ်လိုက်ရတော့မလား မစ္စတာဘားရပ်စ်' ဟု မေးသည်။

ရစ်ချတ်သည် နှုတ်ခမ်းများကို ကိုက်ထားသည်။ သူ့အား ကြည့်နေသည့် အမ်းစထရောင်းအား အလွန် မနှစ်မြို့သည့် မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။

'အင်း....ကပ်လိုက်' ဟု အေးစက်စက်လေသံဖြင့် ပြောသည်။ 'သူတို့ မနက်ဖြန်ကစပြီး အလုပ်ဆင်းကြပါစေတော့'

အမ်းစထရောင်းသည် အလွန် စိတ်အေးသွားဟန်ဖြင့် သက်ပြင်းချသည်။ သူသည် တံခါးဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်။ သို့သော်လည်း ဟတ်ဒ်စပက်ကတော့ သူ့နောက်မှ လိုက်မသွား၊ ရစ်ချတ်ရှေ့၌ရပ်ကာ သူ့လက်ထဲမှ ကက်ဦးထုပ်ကို လိမ်ဆွဲနေသည်။

'ဖင်းဝစ်ကို ဘယ်လိုလုပ်ရမလဲ ခင်ဗျာ' ဟု မေးသည်။ 'သူ့ကိုရော အလုပ်ပြန်ဆင်းခိုင်းရမလား'

'ဒါကတော့ ဖင်းဝစ်နဲ့ ဆိုင်တာပဲ၊ သူ့သဘောပေါ့'

'ပြီးတော့ ဟိုရေစုပ်စက်တွေကို ဘယ်လိုလုပ်မလဲ' ဟု ဟတ်ဒ်စပက်က မေးသည်။ သူသည် လူကောင်ကြီးသလောက် ဉာဏ်ထိုင်းမည့်ရုပ်ရှိသူ ဖြစ်၏။ ရစ်ချတ်ဘားရပ်စ်က စိတ်မရှည်သည့် မျက်နှာထားဖြင့် လှမ်းကြည့်သည်။

'ဘာရေစုပ်စက်လဲ'

'ဟိုသုံးလလောက်က ပြောထားခဲ့တဲ့ ရေစုပ်စက်တွေပါ၊ စကပ်ပါးဖလက်ထဲက ရေတွေကို စုပ်ထုတ်ခဲ့တာ အဆင်ပြေခဲ့ပါတယ်၊ အခု အဲဒါတွေကို ပြန်လုပ်ဖို့'

ရစ်ချတ်ဘားရပ်စ်၏ အေးစက်စက်၊ မာကျောကျော အသံသည် ထွက်ပေါ်လာသည်။ 'စကပ်ပါးဖလက်တွင်းကို ငါ ဆက်တူးလိမ့်မယ်လို့ မင်း ထင်နေရင် လွဲပြီ၊ အဲဒီတွင်းလည်း ကျောက်မီးသွေးတွေက နောက်ထပ်ရမယ့် ကန်ထရိုက်စာချုပ်ကို စောင့်ဦးမှာ'

ဟတ်ဒ်စပက်၏ မျက်နှာသည် နီရဲသွားသည်။ 'ဟုတ်ကဲ့ပါ....ခင်ဗျာ၊ အခုပြောလိုက်တဲ့အတိုင်းပဲ ကျွန်တော် လုပ်ပါမယ်' ဟု ပြောသည်။

'ဒါဆိုရင်လည်း ပြီးပြီ၊ သွားတော့' ဟု ဘားရပ်စ်က ပြောသည်။

'တစ်ခုတော့ရှိတယ်၊ သူတို့တတွေ အခုလို အလုပ်ပြန်ဆင်းကြလို့ သူတို့အတွက် ငါ အများကြီးဝမ်းသာနေတယ်ဆိုတာကိုတော့ သူတို့ သိအောင် ပြောပြကြ၊ မြို့ထဲမှာ မလိုအပ်တဲ့ ခက်ခဲမှုတွေ ဖြစ်လာတဲ့အတွက် စိတ်ပျက်ကြတယ်ဆိုတာလည်း သိစေချင်တယ်'

'ကျွန်တော် ဆက်ဆက်ပြောပြပေးပါ့မယ် ခင်ဗျာ' ဟု အမ်းစထရောင်းက

ပြန်ပြောသည်။ ဘားရပ်စ်သည် ရေငုံနှုတ်ပိတ်လုပ်ကာ ငြိမ်ဆိတ်နေသည်။ သူ့အမှုအရာသည် ပြောစရာစကား ကုန်သွားပြီဟု အသိပေးနေသည်နှင့် တူသည်။ အမ်းစထရောင်းနှင့် ဟတ်ဒ်စပက်တို့သည် အိမ်ထဲမှ ထွက်ခွာသွားကြလေသည်။

ဘားရပ်စ်သည် အချိန်အတော်ကြာမျှ မီးဖိုကို ကျောပေး၍ ရပ်နေသည်။ သူသည် သူ့အတွေးနှင့်သူ ဖြစ်သည်။ ထို့နောက် ဝီစကီပုလင်းကို သိမ်းသည်။ လင်ပန်းထဲ၌ကျနေသော သကြားနှစ်ခဲကို ကောက်၍ ပုလင်းထဲ ပြန်ထည့်သည်။ သူသည် ပစ္စည်းများ အလဟဿ ဖြုန်းတီးခြင်းကိုလည်း သဘောမကျ။

လောဂေဟာတွင် ဘာပစ္စည်းကိုမျှ အလဟဿ မဖြစ်စေရ။ ထိုကဲ့သို့ဖြစ်ခြင်းကို သူ ဘယ်တော့မှ သည်းမခံနိုင်။ အသေးအဖွဲကလေးတွေကို ဖြုန်းတီးဖန်များပါက ပစ္စည်းကြီးတွေပါ ဖြုန်းတီးခြင်း ဖြစ်လာလိမ့်မည်။ သူသည် မီးခြစ်ဆံကအစ ချွေတာ၍ သုံးစွဲသည်။ ခဲတံ ဆိုလျှင်လည်း နောက်ဆုံးခဲဆန် ကျန်လောက်အထိ ကုန်အောင်သုံးသည်။ မီးသုံးပါကလည်း စနစ်တကျသုံးစွဲမှ ကြိုက်သည်။ သူ့အိမ်ထဲတွင် ဆပ်ပြာ၊ ကျောက်မီးသွေးနှင့် အခြား တိုလီမုတ်စ မီးဖိုချောင်သုံးပစ္စည်းများကိုပါ ချွေတာသုံးစေသည်။ သူ့အမြင်တွင် အန်တီကေရီသည် သူ့စိတ်တိုင်းကျ ဆောင်ရွက်ပေးနိုင်သည့် အိမ်ရှင်မကောင်းတစ်ဦး ဖြစ်နေပေသည်။

သူသည် အမြဲတစေ သန့်ရှင်းစင်ကြယ်နေအောင်ထားလေ့ရှိသော သူ့လက်ချောင်းများကို အသေအချာ ကြည့်ရှုနေသည်။ ထို့နောက် တံခါးကိုဖွင့်ကာ လှေကားမှ တက်လာခဲ့သည်။ သူ့ဇနီး၏ အခန်းထဲသို့ ဝင်ခဲ့သည်။

'ဟာရီးယက်'

'ဘာလဲ ရစ်ချတ်'

ဟာရီးယက်သည် ကျောဘက်တွင် ခေါင်းအုံးသုံးလုံးချကာ မှီ၍ ထိုင်နေသည်။ သူသည် သိုးမွေးတစ်ထည်ကို စိတ်ပါလက်ပါ ထိုးလျက်ရှိသည်။ သူသည် ကျောနောက်မှ ခေါင်းအုံးသုံးလုံးချ၍ မှီထိုင်လျှင် သူ့အတွက် အကောင်းဆုံးဖြစ်သည်ဟု တစ်ဦးတစ်ယောက်က ပြော၍ ယခုကဲ့သို့ ထိုင်နေခြင်း ဖြစ်သည်။ သိုးမွေးထိုးနေခြင်းသည် သူ့အတွက် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု သူ၏ ဆရာဝန်အသစ် ဒေါက်တာလီးဝစ္စက ပြောထားသဖြင့် သိုးမွေးထည်ကို ထိုးနေခြင်း ဖြစ်လေသည်။

ရစ်ချတ် ဝင်လာသည့်အခါ သူသည် သိုးမွေးထိုးအလုပ်ကို ရပ်ကာ ဖျတ်ခနဲ မော့ကြည့်သည်။ ထူထဲမည်းနက်သော မျက်ခုံးများအောက်မှ မျက်လုံးအစုံသည် ပြူးနေကြသည်။ သူသည် သူ့ခင်ပွန်းအား အလွန်အားတုံ့အားနာဖြစ်သည့် မျက်နှာထားဖြင့် ကြည့်နေသည်။ သူသည် ဖိုးရိုးဖားရား ဖြစ်နေသည့် ဆံပင်များကို အသာအယာကိုင်နေသည်။



'ဘယ်လိုမှ မအောက်မေ့ပါနဲ့ ရစ်ချတ်ရယ်၊ ကျွန်မ ခေါင်းကိုက်လွန်းလို့ပါ၊ ကျွန်မ ကာရိုလိုင်းကိုခေါ်ပြီး ခေါင်းရှင်းခိုင်းထားရတယ်၊ ဒါကြောင့် ဆံပင်တွေ ပွနေတာပါ'

သူသည် စကားဆုံးသည့်အခါ နောက်တစ်ကြိမ် ထပ်၍ ပြုံးပြန်သည်။ သူ့အပြုံးမှာ ဝေဒနာကို ကြာရှည်ခံစားနေရသည့် နာတာရှည် လူမမာတစ်ဦး၏ ခံနေရသည်းကြေကွဲသောအပြုံးဟု ဆိုလျှင်လည်း မမှားနိုင်ပေ။ သူ ခံစားနေရသည့် ဝေဒနာများမှာ သူ၏ နောက်ကျော၊ သူ၏ ဝမ်းဗိုက်နှင့် သူ၏ အကြောများတွင် ရှိနေသည်။

သူသည် အချိန်အခါလိုက်၍ ခေါင်းကိုက်ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသည်။ သူ၏ ခေါင်းကိုက်ဝေဒနာကို ဘာနှင့်မှ ကု၍မရ။ ကာရိုလိုင်းကိုခေါ်၍ သူ့ဆံပင်ကို ဖြီးခိုင်းခါမှပင် သက်သာသည်။ ထိုအချိန်မျိုးတွင် အန်တီကေရီသည် တစ်နာရီခန့် အနားမှရပ်ကာ ပါးနပ်စွာဖြင့် ချော့မော့ဖျောင်းဖျပေးသည်။ ဟာရီးယက်၏ ဆံပင်ကို အသာအယာဖြီးပေးဖို့ ဘေးမှနေ၍ အဆက်မပြတ် သတိပေးနေရသည်။

ဟာရီးယက်၏ ဒုက္ခဆင်းရဲကို မည်သူမှ ပျောက်ကင်းအောင် ကုသပေးနိုင်စွမ်းမရှိချေ။ သူ ခံစားနေရသည့် ဝေဒနာများကို ဒေါက်တာရစ်ဒဲလ်၊ ဒေါက်တာစကော့နှင့် ဒေါက်တာပရော့တို့က ကုသခဲ့ဖူးသည်။ စလီစကေးမြို့မှ နာမည်ကြီး အကျော်အမော် ဆရာဝန်များ ဖြစ်၏။ သူတို့အနေဖြင့် စိတ်ပင်ပန်းရုံမှတစ်ပါး အခြားအကျိုးဖြစ်ထွန်းမှုကို မရှိခဲ့ကြပေ။

တိုင်နီကပ်ဆဲလ်မြို့မှ အထူးကုဆရာဝန် ဒါဇင်ဝက်ခန့်ကိုလည်း ပြခဲ့ပြီးပြီ။ ဘာမှ ထူးခြားမလာ။ သဘာဝ ဓမ္မဆရာတစ်ဦး၊ ဗိန္ဓောဆရာတစ်ဦး၊ လျှပ်စစ်ဓာတ်ကု ဆရာဝန်တစ်ဦးတို့ဖြင့်လည်း ကုသခဲ့ပြီးပြီ။ အားလုံးပင် လက်မြှောက်အရှုံးပေးခဲ့ကြရ၏။ အားလုံးသော ဆရာဝန်များနှင့် ဆေးကုသမားများသည် လက်မြှောက်အရှုံးပေးသွားကြရသည်သာ ဖြစ်၏။

ဟာရီးယက်သည် သူ ခံစားနေရသည့် ရောဂါဝေဒနာနှင့် ပတ်သက်၍ စာအုပ်အများအပြားကို ရှာဖွေဖတ်ရှုခဲ့ပြီးပြီ။ သို့သော်လည်း ဘယ်စာအုပ်ကမှ အကူအညီမရ။ သူသည် သူ့အတွက် ကောင်းလိမ့်မည်ဟု ပြောသော ဆေးများကိုလည်း မသုံးဘဲမနေ။ သူ့အခန်းထဲတွင် ဆေးပုလင်းတွေ၊ ဆေးဘူးတွေ အများအပြားရှိ၏။ ဆေးမျိုးစုံ ဖြစ်သည်။ အားလုံးကို သူ သောက်ခဲ့၏။ သူ့ရောဂါမှာ ထူးထူးခြားခြား သက်သာလာသည်ဟု မရှိခဲ့ပေ။ သူ အသုံးပြုခဲ့သမျှ အရာအားလုံးသည် တစ်ခုမျှ အသုံးမကျခဲ့။ လွန်ခဲ့သော ငါးနှစ်ကာလအတွင်း အကောင်းဆုံး

ဆိုသည့် ဆေးဝါးများကို သူ စားသုံးခဲ့ပါ၏။ သို့တစေလည်း ဘယ်ဆေးမှ သူ့အား အကူအညီမပေးနိုင်ခဲ့။ ကြာလာတော့လည်း ဆေးတစ်လုံး နှစ်လုံးမျှ သောက်ပြီး ပစ်ထားသည့် ဆေးဘူးများနှင့် တစ်ဇွန်း နှစ်ဇွန်းမျှ သောက်ပြီး ပစ်ထားသည့် ဆေးပုလင်းများသည် သူ့အခန်းထဲတွင် တောင်ပုံရာပုံ ဖြစ်လာခဲ့ရလေ၏။

ဖြစ်နေသည့် အခြေအနေသည် ဆိုးဝါးလွန်းလှ၏။ သို့သော်လည်း ဟာရီးယက်သည် အလွန် စိတ်ရှည်သည်။ သူသည် အိပ်ရာပေါ်မှ မဆင်း။ ဤကြားထဲမှပင် အစာကိုတော့ ကောင်းစွာ စား၏။ ကောင်းပေ့၊ အရသာရှိပေ့ ဆိုသည့် အစားအစာများကို တစ်ဝတစ်ပြဲစားခြင်း ဖြစ်သည်။ ဤအချက်မှာ သူ့ဒုက္ခ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ချေသည်။

သူသည် သူ့ယောက်ျားနှင့်တွေ့လျှင် အလွန်နှစ်လိုဖွယ်ကောင်း၏။ ဖော်ရွေသည်၊ ချစ်စရာကောင်းသည်။ သူ့ယောက်ျားနှင့် သဘောချင်းမတိုက်ဆိုင်မှု ဟူ၍ တစ်ခုမျှမရှိ။ အမြဲတစေ ရီသေသည်၊ ကိုင်းညွတ်သည်၊ နာခံသည်၊ အလျှော့ပေးသည်၊ ကိုယ်ချင်းစာသည်။ တစ်ခုတော့ရှိ၏။ သူသည် မယားဝတ္တရားကိုတော့ ပျက်ကွက်သည်။ သူသည် အိပ်ရာထဲမှ ဘယ်တော့မှ မထွက်။ သူသည် တစ်နေ့တခြား ဝဝလာသည်။ နွားမတစ်ကောင်နှင့် တူတူလာသည်။ သို့သော်လည်း သူသည် ဘာသာရေးကိုတော့ အလွန်ရိုသေကိုင်းရှိုင်းသည်။ သူသည် အထွတ်အမြတ်ပြုရမည့် နွားမတစ်ကောင် ဖြစ်လာနေပြီလား....။

ရစ်ချတ်ဘားရပ်စ်သည် သူ့မိန်းမအား ကြည့်နေသည်။ သူ့မိန်းမကို သူ ဘယ်လို ထင်မြင်ယူဆနေပါသနည်း။ ယင်းတဒင်္ဂအချိန်တွင် သူ့အထင်အမြင် အမှန်ကို ပြောပြရန် ခက်ခဲလှချေသည်။

'မင်းရဲ့ ခေါင်းကိုက်တာကော အခုသက်သာသွားပြီလား'

'ဟုတ်ကဲ့....သက်သာသွားပါပြီ၊ နည်းနည်းတော့ သက်သာသွားပါတယ်၊ ကာရိုလိုင်းကို ဆံပင်ရှင်းခိုင်းအပြီးမှာ ဟိုဆရာဝန် ဒေါက်တာလီးဝစ္စ ပေးတဲ့ ခေါင်းလိမ်းဆီကို လိမ်းလိုက်တော့ နည်းနည်းသက်သာသွားတယ်'

'မင်းအတွက် တိုင်နီကပ်ဆဲလ်က စပျစ်သီးဝယ်လာဖို့ စိတ်ကူးထားတာ မောင် မေ့သွားတယ်'

'ကျေးဇူးပါပဲ ရစ်ချတ်ရယ်' ဟု ပြောလိုက်သော်လည်း ရစ်ချတ်သည် ဘာကြောင့် စပျစ်သီးဝယ်လာဖို့ ခဏခဏ မေ့ရသနည်းဟု မတွေးဘဲမနေနိုင်။

'မောင် တော့ဒ်တို့ဆီ ရောက်ခဲ့သေးသလား'

ရစ်ချတ်ဘားရပ်စ်၏မျက်နှာသည် တင်းမာသွားသည်။ အမြဲတစေ ပြဿနာကိုရှာ၍ တွေးနေတတ်သော အာသာသည်သာလျှင် ထိုမျက်နှာထားကို မြင်တွေ့သွားပါက မည်ကဲ့သို့ နေလိမ့်မည်နည်း။



'ဟုတ်တယ်၊ မောင် ရောက်ခဲ့တယ်၊ သူတို့အားလုံး နေကောင်းကြတယ်၊ ဟာက်တီကတော့ တစ်နေ့ထက်တစ်နေ့ လှလာနေတာပဲ၊ ဒီကလေးမက လာမယ့် အပတ်ထဲမှာ ဆယ့်သုံးနှစ် ပြည့်တော့မယ်'

သူသည် စကားကိုဖြတ်ကာ တံခါးဆီသို့ လျှောက်သွားသည်။

'ဒါနဲ့ စကားမစပ် မင်းကို ပြောရဦးမယ်၊ အလုပ်သမားတွေ သပိတ်လှန်လိုက်ပြီ၊ မနက်ဖြန်ဆိုရင် အားလုံး အလုပ်ပြန်ဆင်းကြတော့မယ်'

ဟာရီးယက်သည် ဝမ်းသာအံ့ဩလျက် ရှိသည်။

'အို....သိပ်ကို ဝမ်းသာတာပဲ၊ ဒီသတင်းကို ရောက်ရောက်ချင်း ဘာပြုလို့ မပြောတာလဲ၊ ဘယ်လောက်ကောင်းတဲ့ သတင်းလဲ၊ စိတ်ချမ်းသာစရာ ကောင်းလိုက်တာ'

ရစ်ချတ်သည် တံခါးကို မဟတဟ ဖွင့်ထားပြီး လှည့်ပြောသည်။

'ဒီည မောင် လာခဲ့မယ်၊ စောင့်နေ' သူသည် အခန်းထဲမှ ထွက်သွားသည်။

'ကောင်းပါပြီတဲ့ ရစ်ချတ်ရယ်....'

ဟာရီးယက်သည် အိပ်ရာပေါ်သို့ လှဲလိုက်သည်။ သူ့မျက်နှာသည် ဝမ်းသာမှုကို ဖော်ပြနေဆဲ။ ထို့နောက် သူသည် စာရွက်တစ်ရွက်ကိုယူကာ စာတစ်ကြောင်း ရေးသည်။ "ရစ်ချတ်က သတင်းကောင်း ပြောပြသဖြင့် နှလုံးအကြီးအကျယ် ခုန်ခဲ့ရကြောင်း ဒေါက်တာလီးဝစ္စအား ပြောပြရန်မမေ့နှင့်"။

သူသည် အချိန်အတော်ကြာမျှ စဉ်းစားနေသည်။ အခုကျတော့လည်း ကြီးမားခြင်း ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကို သူ နားလည်ခဲ့ရပြီ။ နောက်ဆုံးတွင် သူသည် သိုးမွေးထိုးအပ်များကိုယူကာ သိုးမွေးထည်ထိုးသည့် အလုပ်ကို ဆက်လုပ်နေသည်။

* * * * *

(၅)

အမ်ဒသရောင်းနှင့် ဟတ်ဒ်စပက်တို့ လောဂေဟာဖက်သို့ ပြန်လာချိန်တွင် မှောင်စပြည်းနေလေပြီ။ သူတို့သည် ဟက်ဒ်လေလမ်းနှင့် မြို့ဘက်သို့ ဦးတည်နေသော လေ့စ်ဒင်းလမ်းအတိုင်း ဝင်လာခဲ့ကြသည်။ သူတို့သည် တစ်ဦးကိုတစ်ဦးကသိပ်ပြီး ဂရုမစိုက်သည့် အနေအထားမျိုးဖြင့် ငြိမ်ဆိတ်စွာ လျှောက်လာနေကြခြင်း ဖြစ်၏။ နောက်ဆုံးတွင်မှ ဟတ်ဒ်စပက်သည် သူ့အား တမင်သက်သက် အနိမ့်

ခံနေရသည်ဟူသောစိတ်မျိုး ဝင်လာသဖြင့် အလွန်နာကြည်းနေသော လေသံဖြင့် သူ့မကျေမနပ်မှုကို ရင်ဖွင့်သည်။

'ဒီထဲက လူတစ်ယောက်ကို သူ့ကိုယ်သူ လုံးဝအသုံးမကျတဲ့ကောင်တစ်ကောင်လို့ ထင်နေအောင် လုပ်တတ်တယ်၊ တကယ့် မကောင်းဆိုးဝါးကောင်ကွ၊ ငါ သူ့ကို ဘယ်နည်းနဲ့ ပြန်တွယ်ရမလဲဆိုတာ စဉ်းစားလို့မရဘူး'

အမ်းစထရောင်းက ပြုံးသည်။ အမှောင်ထုကြောင့် သူ့အပြုံးကို မမြင်ရ။ သူသည် ဟတ်ဒ်စပက်အား စက်ဆုပ်သည်။ ဟတ်ဒ်စပက်သည် နည်းနည်းကလေးမှ အထင်ကြီးစရာရှိသည့် လူတစ်ယောက် မဟုတ်။ ပညာလည်း မတတ်။ အသိဉာဏ် ဗဟုသုတလည်း မရှိ။ ဒေါသကြီးခြင်းနှင့် စိတ်တိုခြင်းတို့သည် သူ့အရည်အချင်းများ ဖြစ်၏။ သူသည် အလုပ်ခွင်တွင် အနေကြာမှုကို အကြောင်းပြု၍ အခုလို တိုးတက်လာခြင်းဖြစ်သည် မဟုတ်ပါလား။

'မင်းက ဘာဆိုလိုတာလဲကွ' ဟု အမ်းစထရောင်းက ဟတ်ဒ်စပက်၏ စကားကို နားမလည်ဟန်ဆောင်၍ မေးသည်။

'မင်း ငါပြောနေတာကို နားမလည်ဘူးလား' ဟု ဟတ်ဒ်စပက်က မကျေမနပ် ပြန်မေးသည်။

'သူ ဘာလုပ်နေတယ် ဆိုတာနဲ့၊ သူ ဘာကောင်လဲဆိုတာတော့ သူ့ဘာသာသူ သိပါတယ်ကွာ' ဟု အမ်းစထရောင်းက ပြောသည်။

'အေးပေါ့ကွာ၊ သူက သူ့အလုပ်တော့ သူ သိမှာပေါ့၊ မင်းတို့ ငါတို့လည်း ကိုယ့်အလုပ်ကိုတော့ မသိလို့ ဘယ်ဖြစ်မလဲ၊ သူက အရည်အချင်းတော့ ရှိချင်လည်း ရှိမှာပါ၊ ငါ မငြင်းပါဘူး၊ ဒါပေမဲ့ သူ့မှာ သနားကြင်နာမှုဆိုတာ နည်းနည်းလေးမှမရှိဘူး၊ မင်းကြားတယ် မဟုတ်လား၊ သူပြောတာ မလိုလားအပ်တဲ့ အခက်အခဲတွေ မြို့ထဲမှာ ဖြစ်လာတယ်တဲ့၊ အဲဒီစကားက ဘာလဲကွာ၊ ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ၊ အတော့်ကို ရယ်စရာကောင်းတဲ့လူပါကွာ'

'ဒါတော့ မင်းထင်တာ မဟုတ်သေးဘူးကွ၊ သူ ပြောတာဟာ အဓိပ္ပာယ်ရှိမယ်' ဟု အမ်းစထရောင်းက ပြန်ပြောသည်။

'ဘာအဓိပ္ပာယ်လဲ၊ ငရဲပြည်သွားချင်တဲ့ အဓိပ္ပာယ်လား၊ စလီစကေးမှာတော့ ဒီလူဟာ လူယုတ်မာပါကွာ၊ အမှန်က ကန်ထရိုက်စာချုပ် ပျက်သွားလို့ သူ့ရင်ထဲမှာ ပူလောင်နေတာကွ၊ အဲဒါကို ဘာမှမဖြစ်သလို ဟန်ဆောင်နေတာ၊ အဲဒါကို မင်း သိရဲ့လား၊ ငါ မင်းကို ပြောပြချင်တာ တစ်ခုရှိသေးတယ်၊ ငါတို့ ကာပ်ပါးဖလက်တွင်းထဲက ကျောက်မီးသွေးတွေ တူးမပေးခဲ့တာ ဝမ်းသာတယ် ကွာ သိလား၊ အဲဒီတွင်းထဲက ရေတွေနဲ့ပတ်သက်လို့ ဖင်းဝစ်လုပ်တာ အကောင်း ဆုံးပဲ၊ ငါလည်း သူ လုပ်သလိုပဲ လုပ်ချင်တယ်'



အမ်းစထရောင်းက အလွန် သဘောမကျသည့် မျက်နှာထားဖြင့် ဖျတ်ခနဲ လှမ်းကြည့်သည်။

'အဲဒီလိုတော့ မင်းမပြောသင့်ဘူး၊ ငါ့လူ' ဟု ပြောသည်။

နှစ်ဦးစလုံး နှုတ်ဆိတ်သွားကြသည်။ ထို့နောက် ဟတ်ဒ်စပက်ထံမှ မလိုတမာသံဖြင့် စကားတစ်ခွန်း ထွက်လာသည်။

'ဘာပဲပြောပြောကွာ၊ အဲဒီနေရာကတော့ တကယ့်ကိုဆိုးတဲ့ နေရာတစ်ခုပဲကွ'

သို့သော်လည်း အမ်းစထရောင်းက ဘာထင်မြင်ချက်မှ မပေး။ သူတို့သည် ငြိမ်ဆိတ်စွာ ဆက်လျှောက်လာကြသည်။ ဟက်ဒ်လေလမ်းအတိုင်း လျှောက်ကာ ကောင်းပင်လမ်းထဲသို့ အလုပ်သမားရပ်ကွက်ရှေ့မှ ဖြတ်ဝင်ခဲ့ကြသည်။ လမ်းထောင့်သို့အရောက်တွင် ဆလူတေးရှင်းဆိုင်အတွင်းမှ ထွက်ပေါ်လာနေသော ဆူဆူညံညံ အသံများကြောင့် နှစ်ယောက်စလုံး ပြိုင်တူလှည့်ကြည့်မိကြသည်။

'ဒီည ဆလူတေးရှင်းဆိုင်မှာ လူသိပ်ပြီးစည်နေပါလား' ဟု အမ်းစထရောင်းက ရေရွတ်သည်။

'အေး...ဟုတ်တယ်၊ လူပြည့်နေပုံပဲကွ၊ အာမိုးတော့ ပြန်ပြီး ဟန်ကျသွားပြီ' ဟု ဟတ်ဒ်စပက်က ထောက်ခံသည်။

ထို့နောက်တော့ နှစ်ဦးစလုံး စကားမပြောကြတော့ဘဲ ကြော်ငြာများကပ်ရန်အတွက် ဆက်လက်၍ ထွက်ခွာသွားကြလေ၏။

* * * * *

(၆)

ဆလူတေးရှင်းဆိုင်တွင် လူတွေဖြင့် ပြည့်ကျပ်နေသည်။ အထူးသဖြင့် အရက်ဘားတွင် လူအများဆုံး ဖြစ်၏။ ထောင်းထောင်းထနေသည့် ဆေးလိပ်မီးခိုးငွေ့များ၊ ဆူညံစွာပြောဆိုနေကြသည့် စကားများ၊ ဘီယာနံ့များ။ ဆိုင်ရှင် ဘတ်ထ်အာမိုးသည် ကောင်တာနောက်တွင် ရပ်နေသည်။ သူသည် ရှပ်အင်္ကျီလက်များကို ခေါက်ထားသည်။ သူ့ဘေးရှိ ကျောက်သင်ပုန်းကြီးပေါ်တွင်မူ အရက်ကြွေးစာရင်းများ ရေးမှတ်ထားသည်။

ဘတ်ထ်သည် လိမ္မာပါးနပ်သူတစ်ဦး ဖြစ်သည်။ လွန်ခဲ့သော သီတင်းနှစ်ပတ်ကဆိုလျှင် သူသည် ဘယ်သူ့ကိုမှ အကြွေးမပေး။ ထိုစဉ်က သူသည်

အကြွေးရှင်တို့အတွက် တခဲတယ တောင်းပန်နေသူများ၊ အကြွေးဝယ်မရ၍ သူ့အား ဆဲဆိုကြိမ်းမောင်းနေသူများနှင့် ရင်ဆိုင်ခဲ့ရ၏။ ဘယ်လိုပဲဖြစ်ဖြစ် သူသည် အကြွေးရောင်းစနစ်ကို လုံးဝ ပိတ်ထားသည်။ အခုကျတော့လည်း စနေနေ့ဆိုလျှင် လုပ်ရတော့မည်မှာ ကျိန်းသေနေပြီဖြစ်၍ အကြွေးရောင်းစနစ်ကိုပါ ဖွင့်ထားပြီး ဖြစ်၏။ အရက်ဘားမှာ အချိန်ပြည့်ဖွင့်ထားပြီဖြစ်၍ သောက်သမျှ အကြွေးစာရင်းကိုလည်း မှတ်နေပြီ ဖြစ်သည်။

'ကဲ….သူငယ်ချင်း ဘတ်ထ်၊ အရက် ထပ်ဖြည့်ပေးပါဦး' ဟု ချာလီဂိုလန်က သူ့ဖန်ခွက်ကို ထိုးခံပြီး ပြောသည်။ ချာလီသည် မမူးသေး၊ အမှန်တော့ သူသည် ဘယ်လောက်ပဲသောက်သောက် မူးသည်ဟု မရှိ။ သူသည် အရက်ကို အလွန်သောက်နိုင်သူ ဖြစ်သည်။ သူ့အပေါင်းအသင်းများက ကြွက်တွင်းဟုခေါ်ရလောက်အောင် သောက်သူ ဖြစ်၏။ သို့သော်လည်း သူ အရက်မူးပြီး လဲနေသည်၊ ရမ်းကားနေသည်ဟု ဘယ်သူမှ မမြင်ရ၊ မကြားရ။ အထူးသဖြင့် သူနှင့် အရင်းနှီးဆုံးသော တယ်လီဘရောင်း၊ ရီဒီနှင့် စလော့ဂါးလီးမင်းတို့သည် သူ့အကြောင်းကို အသိဆုံးလူများ ဖြစ်လေသည်။

သူတို့အထဲတွင် စလော့ဂါးသည် အရက်မူးလျှင် ရမ်းတတ်၊ ကြမ်းတတ်သူ ဖြစ်၏။ သူသည် ပင်ကိုဉာဏ စရိုက်ကြမ်းသူ ဖြစ်သည်။ မျက်နှာနီရဲရဲ၊ နှာခေါင်းပြားပြားတွင် နားရွက်က ကားကားကြီးကြီးနှင့် ဖြစ်သည်။ လူငယ်ဘဝက သူသည် လက်ဝှေ့သမားတစ်ယောက် ဖြစ်ခဲ့ဖူး၍ စိန့်ဂျိမ်းစ်လက်ဝှေ့ကြိုးဝိုင်းဝ တွင် ထိုးသတ်ခဲ့ဖူးသည်။ ထိုစဉ်က သူသည် 'ပစ်ဘွိုင်းဝမ်းဒါး' အမည်ဖြင့် နာမည်ကြီးခဲ့သည်။ သို့သော်လည်း အရက်သောက်လွန်းသဖြင့် လက်ဝှေ့လောကမှ ထွက်လာခဲ့ရပြီး နောက်ဆုံးတွင် ကျောက်မီးသွေးတွင်းထဲသို့ ပြန်ရောက်လာခဲ့သည်။ သူသည် ရွှေထီးဆောင်းခဲ့ရသည့် လက်ဝှေ့သမားဘဝကို အတိတ်မှာ ထားခဲ့ရပြီ။ လက်ဝှေ့သမားဘဝက ရရှိခဲ့သော ဒဏ်ရာဒဏ်ချက် မျက်နှာဖြင့် တွင်းတူးသမားလောကတွင် လူကြမ်းလူရမ်းတစ်ယောက်အဖြစ် နာမည်ဆိုး ထွက်နေခဲ့လေသည်။

ချာလီဂိုလန်သည် အရက်ကောင်တာတွင် လာသမျှလူနှင့် ဒိုင်ခံ၍ ဆုတောင်းပြီး အရက်သောက်လျက် ရှိသည်။ အရက်ဝိုင်းသည် ပေါ့ပျက်ပျက်နိုင်နေသည်ဟု သူ ထင်သည်။ ပျော်စရာကောင်းသင့်သလောက် မကောင်းဟုလည်း သူ မြင်သည်။ ဆလူတေးရှင်းဆိုင်ကို ဟိုတုန်းကလို ရှင်သန်နေအောင် ပြန်လည်တည်ထောင်လိုသည်။

'လွန်ခဲ့တဲ့ သုံးလက ဖြစ်ခဲ့တာတွေကို မေ့ပစ်လိုက်ကြတော့၊ စိတ်ဓာတ်



ကျနေနဲ့တော့၊ စိတ်ဆင်းရဲနေရင် ပျော်ရွှင်မှုဆိုတာ မရှိနိုင်တော့ဘူး' ဟု ချာလီဂိုလန်က အော်ပြောသည်။ အားလုံးကို အသက်ဝင်လှုပ်ရှားလာအောင် တမင်သက်သက် အားပေးစကားပြောခြင်း ဖြစ်သည်။ သို့သော်လည်း ကျန်လူစုသည် သူ့စကားကို သိပ်ပြီးလက်ခံနိုင်ကြပုံမပေါ်။

သူသည် ရောဘတ်ဖင်းဝစ်နှင့် အကြည့်ချင်းဆုံမိသည်။ ရောဘတ်သည် ထုံးစံအတိုင်း ဘားကောင်တာထောင့်တွင် ရပ်နေသည်။ သူသည် အရက်ကို ဖြည်းဖြည်းမှန်မှန် သောက်နေခြင်း ဖြစ်၏။ သူ့အမူအရာသည် ဘာကိုမှ စိတ်ဝင်စားသည့် လက္ခဏာ မရှိ။

ဂိုလန်သည် သူ့လက်ထဲမှ ဘီယာဖန်ခွက်ကို မြှောက်ပြလိုက်ပြီး 'ဟေ့…. ရောဘတ်၊ သောက်လေကွာ၊ ဘာလုပ်နေတာလဲ၊ ဒီည ဘီယာကို အဝသောက်ပြီး မင်းခန္ဓာကိုယ် အတွင်းပိုင်းကို စိုနေအောင်လုပ်ထား၊ မနက်ဖြန်ဆိုရင် မင်းခန္ဓာကိုယ် အပြင်ပိုင်းတစ်ပိုင်းလုံး ရေစိုခံရတော့မှာ သေချာနေပြီ' ဟု လှမ်းပြောသည်။

ရောဘတ်က ဂိုလန်၏ ဘီယာအခိုးများသမ်းနေသော မျက်နှာကို စူးစူးရဲရဲ ပြန်ကြည့်နေသည်။

'ငါတို့အားလုံး တစ်နေ့ကျရင် တစ်ကိုယ်လုံး ရွှဲရွှဲစိုနေကြမှာပါကွာ၊ မပူပါနဲ့' ဟု ပြန်ပြောသည်။

အခြားလူစုက ရောဘတ်အား လှမ်းအော်ကြသည်။

'ဟေ့ကောင် ရောဘတ်၊ မင်းပါးစပ်ကို ပိတ်ထားစမ်း'

'သူငယ်ချင်းတို့ အေးအေးဆေးဆေး ပြောကြကွာ၊ မင်းတို့ အစည်းအဝေးမှာ စကားပြောခဲ့ဖူးကြတယ် မဟုတ်လား'

'အခုစကားမျိုးတွေကို တို့ ကြားရတာ သုံးလတောင်ရှိပြီ၊ တော်လောက်ပြီပေါ့'

ရောဘတ်၏ မျက်နှာတွင် စိတ်ထိခိုက်လှုပ်ရှားသွားသည့် အရိပ်အငွေ့များ ထင်ဟပ်လာသည်။ သူသည် သူ့အား လှမ်းအော်လိုက်သည့် လူစုအား လက်မြှောက်အရှုံးပေးသည့် မျက်နှာထားဖြင့် ပြန်ကြည့်နေသည်။

'ကောင်းပြီ သူငယ်ချင်းတို့၊ မင်းတို့ကြိုက်သလိုပဲ လုပ်ကြ၊ ငါ နောက်ထပ် စကားတစ်ခွန်းမှ မပြောတော့ဘူး'

ဂိုလန်က စပ်ဖြဲဖြဲ လုပ်နေသည်။

'တကယ်လို့ မင်းအနေနဲ့ ပါရာဒိုက်စ်တွင်းထဲကို ဆင်းရမှာ ကြောက်တယ်ဆိုရင် ဘာပြုလို့ ဆင်းမယ်လို့ ပြောခဲ့ရတာလဲ' ဟု ပြောသည်။

စလော့ဂါးလီးမင်း၏ ပါးစပ်သည် လှုပ်လာသည်။

'ဟော့....ဂိုလန်၊ မင်း ပါးစပ်ပိတ်ထားစမ်း၊ မိန်းမကျနေတာပဲ၊ ဟောင်ဖွာဟောင်ဖွာနဲ့ ရောဘတ်က ငါ့အချစ်ဆုံး သူငယ်ချင်းကွ၊ ကျောက်မီးသွေးတွင်း အကြောင်းကို သူက မင်းထက် ပိုပြီးသိတယ်၊ မင်း ကြီးကြီးကျယ်ကျယ်တွေ လာပြောမနေနဲ့၊ မင်းအလုပ် မင်းလုပ်ပါ'

အားလုံး ငြိမ်ဆိတ်သွားသည်။ ဘေးလူများသည် အသက်ကိုပင် မရှူနိုင်တော့ဘဲ ဝိုင်းကြည့်နေကြသည်။ စလော့ဂါး ပါလာပြီဖြစ်၍ ထိုးပွဲကြိတ်ပွဲတစ်ခု မြင်ရတော့မည်ဟု မျှော်လင့်နေကြသည်။ သို့သော်လည်း ချာလီသည် အထိုးအကြိတ်တွင် ဝါသနာရှိသူ မဟုတ်။ သူသည် ဘီယာမျက်နှာဖြင့် အပြုံးအရယ်မပျက်။ တင်းမာမှုသည် ချက်ချင်းပင် ပြေသွားပြီး စိတ်မကောင်းဖြစ်သည့်အသွင်သို့ ကူးပြောင်းသွားသည်။

ထိုအခိုက်တွင် ဆိုင်တံခါးသည် ဖြန်းခနဲပွင့်သွားပြီး ဝစ်လ်ကင့်ချ်သည် အရက်ဘားဆီသို့ တန်းသွားသည်။

'ကျုပ်ကို တစ်ခွက်ပေးဗျာ ဘတ်ထ်၊ တစ်ခွက်လောက်မှမချရင် မဖြစ်တော့ဘူး' ဟု ပြောသည်။

ဘေးမှလူများ၏အာရုံသည် ဝစ်လ်ထံသို့ ကူးပြောင်းသွားသည်။

'ဟော့ ....ဝစ်လ်၊ မင်း ဘာဖြစ်လာတာလဲ' ဟု ဝိုင်းမေးကြသည်။

ဝစ်လ်သည် သူ့နဖူးထက်၌ အပြုံလိုက်ကျနေသော ဆံပင်များကို လက်တစ်ဖက်နှင့်သပ်ပြီး သိမ်းလိုက်သည်။ ဘတ်ထ်၏ လက်ထဲမှ အရက်ခွက်ကို လှမ်းယူပြီး ဘေးမှလူများနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ငါ့မှာ ပြဿနာတွေက အများကြီးပါပဲကွာ' ဟု အစချီကာ တံတွေးကို ထွီခနဲ ထွေးလိုက်သည်။

'ငါ့ရဲ့ အဲလစ္စကလေး အတော်ကြီးကို နေမကောင်းဖြစ်နေတယ်၊ နမိုးနီးယား ဖြစ်နေတာကွ၊ သူက လက်ဖက်ရည်ချိုပူပူလေးတစ်ခွက်လောက် သောက်ချင်တယ်လို့ ပြောတယ်၊ ငါ ရာမက်ချ်ရဲ့ဆိုင်ကို သွားတယ်၊ ငါ ရောက်သွားတော့ သူနဲ့တွေ့တယ်၊ မင်းတို့ သိကြတာပဲ၊ ဒီလူက ဗိုက်ရွှဲရွှဲနဲ့ တကယ့်စားဖားရုပ်ပေါက်နေတဲ့ လူကြီးပဲ၊ ငါက သူ့ကို တရိုတသေ တလေးတစားနဲ့ ငါ့သမီးလေး နေမကောင်းလို့ လက်ဖက်ရည်အချို တိုက်ချင်တဲ့အကြောင်း၊ ငွေကို စနေနေ့လုပ်ခရမှ ယူဖို့အကြောင်း ပြောတယ်'

ဝစ်လ်သည် စကားကိုဖြတ်ကာ ရပ်ထားသည်။ သူ့နှုတ်ခမ်းများသာမက တစ်ကိုယ်လုံး တုန်ယင်နေသည်။ ဝမ်းနည်းခြင်းနှင့် ဒေါသဖြစ်ခြင်းတို့သည် သူ့အား ဖမ်းစားထားဟန်တူ၏။ သူသည် နှုတ်ခမ်းကိုကိုက်ကာ အံကိုကြိတ်ထားသည်။ ပြောလက်စ စကားကို ဆက်ပြောသည်။



'ငါက အသေအချာ ရှင်းပြလို့လည်းပြီးရော သူက ငါ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ခေါင်းခါတယ်၊ ပြီးတော့ မပေးနိုင်ဘူးလို့ ပြောတယ်ကွာ၊ အဲဒီတော့ ငါက အဲဒီလိုတော့ မလုပ်ပါနဲ့ မစ္စတာရမ်မက်ချ်ရယ်၊ တစ်ခွက်လောက်ပဲဖြစ်ဖြစ် ပေးပါဗျာ၊ စနေနေ့ကျရင် ဆက်ဆက်လာပေးပါမယ်ဗျာလို့ တောင်းပန်တယ်၊ ဒါပေမဲ့ကွာ ....သူ ဆက်ဆံပုံက အတော့်ကို ဆိုးပါတယ်၊ ငါ့ကို ပြောပုံဆိုပုံက ခွေးတစ်ကောင်နဲ့ စကားပြောနေသလိုပါပဲ၊ မင်းကို ဘာမှ မရောင်းနိုင်ဘူး၊ အမဲရိုးတစ်ရိုးတောင် အကြွေးမပေးနိုင်ဘူးတဲ့'

'ပြီးတော့ သူက ထပ်ပြောတယ်၊ မင်းမှာ ဘာမှမရှိတာ ငါနဲ့မဆိုင်ဘူး၊ မင်းဘာသာမင်း အလုပ်မလုပ်လို့ ငွေမရတာက မင်းအပြစ်ပဲကွ၊ သွားကွာ၊ ငါ့ဆိုင်ထဲလာပြီး ငိုပြမနေနဲ့၊ ငါကိုယ်တိုင်က ကန်မထုတ်ခင် မင်းထွက်သွား၊ ငါ့ဆိုင်က အလှူပေးနေတာ မဟုတ်ဘူးတဲ့၊ မင်းတို့ကောင်တွေဟာ တစ်မြို့လုံးကို ဝုဏ်သိက္ခာကင်းမဲ့အောင်လုပ်တယ်၊ အလကားကောင်တွေလို့လည်း ပြောတယ်'

လူအားလုံး ငြိမ်ကျသွားသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ပထမဆုံး အသံထွက်လာသူမှာ ဘော့ဘ်အိုဂဲ ....။

'ဒီလောက်ပြောတာကတော့ လွန်လွန်းပါတယ်ကွာ၊ တော်တော်ဆိုးတာပဲ' ဟု ရေရွတ်သည်။ ထိုအခါ တစ်နေရာ၌ ထိုင်နေသော စလော့ဂါးသည် ခုန်ထလာသည်။

'ဒီလိုပြောတာ တအားကိုလွန်တယ်' ဟု အော်သည်။

'ဒီကိစ္စကို အပြတ်ရှင်းမယ်'

လူအုပ်သည် လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ချက်ချင်းပင် တစ်ယောက်တစ်ပေါက် ပြောဆို ဝေဖန်လာကြသည်။ ဆူဆူညံညံအသံများကြားမှ အော်သံဟစ်သံများ ကြားလာရသည်။ စလော့ဂါးသည် ဒယီးဒယိုင်ဖြင့် လူအုပ်ကြားမှ အတင်းတိုးထွက်လာသည်။

'ဒါမျိုးကို ငါကတော့ လွှတ်မပေးနိုင်ဘူး သူငယ်ချင်းတို့၊ ဒီခွေးမသားရမ်မက်ချ်ကို ငါကိုယ်တိုင် ဆော်မယ်၊ ကဲ ....လာ ဝစ်လ်၊ မင်းက ငါနဲ့ကပ်လိုက်၊ မင်းပြဿနာကို ငါက အပြတ်ရှင်းမှာ'

သူသည် ဝစ်လ်ကင့်ချ်၏ လက်မောင်းကိုကိုင်၍ တရွတ်သီထိုး ဆွဲခေါ်သွားသည်။ သူတို့နှစ်ယောက်အား ကျန်လူများက ဝိုင်းရံပြီး လိုက်ကြသည်။ အားလုံးက စလော့ဂါးက အားပေးအားမြှောက်စကားများ ပြောလာကြသည်။ တစ်မိနစ်ခန့်အတွင်း အရက်ဘားထဲ၌ လူရှင်းသွားသည်။ တခြားအချိန်များ၌ ဘယ်လောက်ပဲ တောင်းပန် တောင်းပန် ဘားထဲမှ ထွက်ပေးမည့်လူမရှိ။ အခုကျ

တော့လည်း ချက်ချင်းပင် အရက်သောက်မည့်လူတစ်ဦးမှ မကျန်တော့။ ကတ်သီးကတ်သတ် ကျန်ရစ်ခဲ့သူတစ်ဦးတော့ ရှိ၏။ ထိုသူမှာ ရောဘတ်ဖင်းဝစ်၊ သူသည် အဝိုးထဲမှာ အရက်တစ်ခွက် ထပ်တောင်းပြီး တစ်ချက်တည်း မော့သည်။ ထို့နောက် သူသည် လူအုပ်သွားရာနောက်သို့ လိုက်ပါသွားလေသည်။

အပြင်သို့ရောက်သည့်အခါ လမ်းပေါ်မှ လူငယ်တစ်စုနှင့် လူအုပ်တစ်အုပ်သည် ရောယှောင်ပြီး လိုက်လာကြသည်။ သူတို့သည် ဘာအကြောင်းမှ မသိ။ လူအုပ်ကို မြင်သည့်အခါ ပြဿနာတစ်ခုခုတော့ရှိနေပြီဟု ခန့်မှန်းသည်။ ထိုပြဿနာသည် ဆော်ပွဲနှက်ပွဲ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ကြသည်။ ဘာပဲဖြစ်ဖြစ် စိတ်လှုပ်ရှားစရာ မြင်ကွင်းတစ်ခုကိုတော့ မြင်ရလိမ့်မည်ဟုလည်း တွက်ကြသည်။ သူတို့သည် ရှေ့မှ ဦးဆောင်သွားနေသော စလော့ဂါးနောက်မှ လိုက်ကြသည်။ လူအုပ်သည် ကောင်းပင်လမ်းအတိုင်း လျှောက်သွားကြသည်။ လူအုပ်ထဲတွင် ဂျိုးဂိုလန်တစ်ယောက်လည်း ပါသွားလေသည်။

လမ်းထောင့်ရောက်သည့်အခါ လူအုပ်သည် လင့်ဆ်လမ်းထဲသို့ ချိုးဝင်သည်။ သူတို့ ဆိုင်ရှေ့သို့ ရောက်သွားချိန်တွင် ရာမက်ချ်၏ဆိုင်သည် ပိတ်နေလေပြီ။ ရာမက်ချ်၏ဆိုင်သည် ဆိုင်ကြီး ဖြစ်၏။ ညပိုင်းရောက်ပြီဖြစ်၍ ပိတ်ထားခြင်း ဖြစ်သည်။ ဆိုင်ရှေ့တံခါးမှာ သံဘာဂျာတံခါးဖြစ်၍ လုံခြုံသည်။ တံခါးထိပ်တွင် "ဂျိမ်းစ်ရာမက်ချ်" ဟူသော ဆိုင်းဘုတ် ချိတ်ထားသည်။ ခဲနှင့် ထုစရာ ပြတင်းပေါက်ဟူ၍ တစ်ပေါက်မျှမရှိ။

စလော့ဂါးသည် ရုတ်တရက် ကြံရာမရဖြစ်ကာ ရပ်နေသည်။ ဒေါသထကြီး အော်ဟစ်လိုက်သည်။ အရက်အရှိန်ဖြင့် သူ့ခေါင်းသည် ဆူနေပြီဖြစ်၏။ သူ ဘာလုပ်ရမည်နည်း၊ လုပ်စရာရာ၍မရ။ ဘေးနားတွင် တခြားဆိုင်တွေ ရှိသည်။ ရာမက်ချ်နှင့် ဘေးချင်းကပ်ဆိုင်များမှာ တရုတ်တုတ် အဖွင့်အပိတ်တံခါးများ မရှိ။

ဘိတ်စ်နှင့် မာချီဆန်ဆိုင်များမှာ ကုန်စုံဆိုင်များ ဖြစ်သည်။ နှစ်ဆိုင်စလုံးတွင် လိုင်စင်ရ အရက်ဘားများ ဖွင့်ထားသည်။ ဆိုင်ရှေ့တွင် သော့ခလောက်ကြီးများကို မြင်ရသည်။ စလော့ဂါးသည် အရက်မူးနေပြီ ဖြစ်၍ သူ့ကိုယ်သူ ထိန်းနိုင်စွမ်းမရှိ။ အသံကုန်ဟစ်၍ အော်ပြောပြန်သည်။

'ရဲဘော်တို့ ငါတို့ အရှုံးမပေးဘူး၊ မာချီဆန်ရဲ့ဆိုင်ကို ဆော်ကြမယ်'

ပြောပြောဆိုဆို သူသည် ဆိုင်တံခါးဝသို့ ပြေးသွားသည်။ တံခါးသော့ခလောက်ကို သူ့ရှူးဖိနပ်ကြီးဖြင့် တအားကုန်ခုန်ပြီး ဆောင့်ကန်သည်။ သော့ခလောက် မပျက်မချင်း ဆောင့်ကန်နေခြင်း ဖြစ်သဖြင့် ကန်ပါများသည့်အခါ



[illegible]ယောက်သည် ပြုတ်ထွက်သွားသည်။ တစ်ချိန်တည်းမှာပင် လူအုပ်ထဲမှ [illegible]တစ်ယောက်သည် ဆိုင်၏ မှန်ပြတင်းပေါက်ကို အုတ်ခဲကြီးတစ်လုံးနှင့် ပစ်ခွဲသည်။ မှန်တံခါးကွဲသွားခြင်းသည် လုဖို့ ယက်ဖို့အတွက် တွန်းအားပေးလိုက်[illegible]လို ဖြစ်သွားခဲ့လေသည်။

လူအုပ်သည် တံခါးကို ရိုက်ချိုးကာ ဆိုင်ထဲသို့ ဝင်ကြသည်။ အများစုသည် အရက်မူးနေကြသည်။ အားလုံးလိုလိုမှာ အစားအစာကို ဟုတ်တိပတ်တိ [illegible]ကြရသည်မှာ ကြာခဲ့ပြီ ဖြစ်၏။ ဤသို့ဖြင့် ဆိုင်ထဲရောက်သွားကြသည့် [illegible]အုပ်ထဲမှ တယ်လီဘရောင်းသည် ဝက်ပေါင်ခြောက်တစ်တုံးကို ဖျတ်ခနဲ[illegible]ကောက်ယူပြီး သူ့ချိုင်းကြား၌ ညှပ်ထားလိုက်၏။ ရိုစီသည် သစ်သီးဘူးတချို့ကို [illegible]ယူသည်။ ဝစ်လ်ကင့်ချ်၏ အဲလစ္စကလေးအတွက် သနားကရုဏာသက်ကာ [illegible]ေါ်သထွက်ခဲ့သော စလော့ဂါးသည် ဘီယာစည်ပိုင်းတစ်လုံးကို ရိုက်ဖွင့်သည်။

ဆူဆူညံညံအသံများကြောင့် မိန်းမတချို့ ရောက်လာသည်။ ယောကျ်ားများကြားမှ အတင်းတိုးဖေ့ကာ ဆိုင်ထဲသို့ ဝင်လာကြသည်။ မြင်မြင်သမျှ အစားအစာ စည်သွတ်ဘူးများကို အတင်းဝင်ယူကြသည်။ သူတို့သည် ရသမျှပစ္စည်းများကို သူတို့၏ ခြုံထည်များနှင့် ထုပ်၍ ယူဆောင်သွားကြသည်။

ဆိုင်ထဲမှ ငွေသေတ္တာကို တွေးမိသူမှာ ဂျိုးဂိုလန် ဖြစ်၏။ အစားအစာဘူးများသည် သူ့အတွက် အသုံးဝင်သည် မဟုတ်။ သူ့အဖေလိုပင် ဝဝလင်လင် စားနေရသဖြင့် မက်မောစရာမရှိ။ ငွေသေတ္တာထဲမှာ ငွေကျတော့ သူ့အတွက် များစွာအသုံးဝင်လိမ့်မည် ဖြစ်သည်။

သူသည် ချက်ချင်းပင် ကြမ်းပေါ်၌ လေးဖက်ထောက်ကာ လူအများ၏ ခြေထောက်များကြားမှ တိုးဖေ့ဖြတ်သန်းပြီး ကောင်တာဆီသို့ ချဉ်းကပ်သည်။ သူသည် ကောင်တာနောက်သို့ ကွေ့ပတ်ပြီး ဝင်ခဲ့သည်။ သူ မျှော်လင့်ထားသည့်အတိုင်း ငွေသိမ်းအံဆွဲကို တွေ့သည်။ ဆိုင်ရှင် မာချီဆန်သည် ပေါ့တန်လွန်းလှ၏ ၊ အံဆွဲကို သော့ပိတ်မထား။ ဂျိုးသည် အံဆွဲထဲသို့ လက်နှိုက်ကာ ငွေအကြေများကို လက်တစ်ဆုပ်မျှ နှိုက်ယူသည်။ ထို့နောက် အိတ်ကပ်ထဲသို့ ထိုးထည့်ကာ လူအများကြားမှဖြတ်၍ ပြေးထွက်လာခဲ့သည်။ အပြင်ရောက်သည်နှင့်တစ်ပြိုင်နက် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် တအားကုန် ခုန်းစိုင်း၍ ပြေးထွက်လာခဲ့လေ၏။

ဆိုင်ထဲမှာ ဂျိုး ပြေးထွက်သွားသည့် တစ်ခဏမှာပင် ရောဘတ်ဖင်းဝစ်သည် ဆိုင်ထဲသို့ ဝင်လာသည်။

'မင်းတို့ ဘာလုပ်နေကြတာလဲ ....ကွာ' ဟု စိုးရိမ်သံဖြင့် မေးသည်။

'မင်းတို့ အခုလိုလုပ်ရင် ဒုက္ခရောက်ကြလိမ့်မယ်'

ဆိုင်ထဲမှ လူများသည် ရောဘတ်ကို မမြင်ကြ။ သူသည် အသံကိုမြှင့်၍ အော်သည်။

'သောက်ရူးတွေ ....မလုပ်နဲ့၊ ရပ်လိုက်ကြ၊ မင်းတို့ ဒီလိုလုပ်ရင် ပိုဆိုးကုန်လိမ့်မယ်ဆိုတာ မသိကြဘူးလား၊ တော်ကြတော့၊ မလုပ်ကြနဲ့တော့၊ ရပ်လိုက်ကြ'

သို့သော်လည်း မည်သူကမှ မရပ်။

ရောဘတ်၏မျက်နှာသည် နီရဲလာသည်။ သူသည် လူအုပ်ကို အတင်းတွန်းထိုးပြီး တားသည်။ ထိုအခိုက်မှာပင် သူ့နောက်မှ အသံတစ်သံ ကြားလိုက်ရ၏။ သူသည် ချာခနဲ လှည့်ကြည့်လိုက်သည်။ ရဲနှစ်ယောက် ဖြစ်၏။ သဘော်ဆိပ်ဖက် တာဝန်ကျရဲ ရှော့ဒမ်နှင့် ရဲစခန်းသို့ မကြာသေးခင်ကမှ ရောက်လာသည့် လူသစ် ရဲတပ်ကြပ်တစ်ဦး ဖြစ်လေသည်။

'ဟေး ....ဖင်းဝစ်' ဟု ရှော့ဒမ်က အော်ကာ ဖမ်းဆွဲထားသည်။ ထိုအခိုက်မှာပင် အထဲမှ လူများ၏ အော်သံများ ကြားရသည်။

'ရဲတွေလာကုန်ပြီဟေ့၊ ရဲတွေလာကုန်ပြီ၊ ပြေးကြ ....ပြေးကြ'

လူအများသည် တံခါးဆီသို့ စုပြုံပြေးလာကြသည်။ အလုအယက် အတင်းတိုးထွက်ကြသည်။ ရဲနှစ်ယောက်သည် လူအုပ်အား တားဆီးဖို့ မကြိုးစား။ သူတို့သည် ပြေးထွက်သွားနေကြသူများအား ကြောင်၍ ကြည့်နေကြသည်။ သူတို့သည် မိထားသည့် ရောဘတ်ကိုတော့ အလွတ်မပေးဘဲ ဆိုင်ထဲသို့ ဆွဲသွင်းလာကြသည်။

'ဟာ ....ဒီမှာ တစ်ကောင်' ဟု ရှော့ဒမ်က ရဲတပ်ကြပ်အား လှမ်းအော်ပြောသည်။ ဘီယာစည်ကို ကားရားခွ၍ ထိုင်နေသော စလော့ဂါးလီးမင်း ဖြစ်၏။ စလော့ဂါးသည် အလွန်အမင်း မူးနေပြီဖြစ်၍ ထွက်ပြေးလွတ်မြောက်နိုင်သည့် အခြေအနေ မရှိ။

ရဲတပ်ကြပ်သည် စလော့ဂါးအား အသေအချာ ကြည့်သည်။ ဆိုင်ထဲကို ကြည့်သည်။ ပြီးတော့ ရောဘတ်ကို ကြည့်သည်။

'တကယ့်ပြစ်မှုကြီးကို ကျူးလွန်တာပဲ' ဟု ရေရွတ်သည်။

'မင်းက ရောဘတ်ဖင်းဝစ် မဟုတ်လား၊ အလုပ်သမားသပိတ်ကို စခဲ့တဲ့ လူလေ ဟုတ်တယ် မဟုတ်လား'

ရောဘတ်က ရဲတပ်ကြပ်အား အေးအေးဆေးဆေးပင် ပြန်ကြည့်သည်။

'ကျုပ် ဘာမှ မလုပ်ဘူး' ဟု ဖြေသည်။

'ဒါပေါ့လေ ....ဟုတ်တာပေါ့၊ မင်းကတော့ ဘာမှ မလုပ်ဘူးလို့ပဲ ပြောမှာပေါ့' ဟု ရဲတပ်ကြပ်က ပြန်ပြောသည်။



ရောဘတ်သည် အကြောင်းစုံကိုရှင်းပြရန် သူ့ပါးစပ်ကိုဟ၍ အားယူလိုက်သည်။ သို့သော်လည်း မျှော်လင့်ချက် မရှိတော့သည့် အခြေအနေကို မြင်သည်။ သူသည် ဘာမှ ပြန်မပြောတော့။ ငြိမ်ဆိတ်သွားသည်။ ရဲက သူ့အား စလော့ဂါးနှင့်အတူ ဖမ်းခေါ်သွားပြီး အချုပ်ခန်းထဲသို့ ပို့လိုက်လေ၏။

* * * * *

(၇)

နောက်ငါးရက်မျှအကြာ မွန်းလွဲလေးနာရီထိုးခန့်တွင် ဂျိုးဂိုလန်သည် တိုင်နီကပ်ဆဲလ်မြို့ စကော့စ်ဂုဒ် လမ်းမကြီးပေါ်၌ လျှောက်သွားလျက်ရှိသည်။ သူသည် အခန်းငှားရန်ဟူသော ဆိုင်းဘုတ်ကပ်ထားသည့် ပြတင်းပေါက်များကို အသေအချာ ကြည့်ရှုလာသည်။ တိုင်နီကပ်ဆဲလ်မြို့သည် မြောက်ပိုင်းဒေသတွင် လူနေထူထပ်ပြီး လူအလွန်စည်ကားသော မြို့ကြီးတစ်မြို့ ဖြစ်၏။ ဓာတ်ရထားသံများ၊ ကားသံများနှင့် အခြား ယာဉ်အမျိုးမျိုးတို့၏ အသံများကို ကြားနေရသော မြို့တစ်မြို့ ဖြစ်၏။ ဂျိုးသည် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသော လူအများကြားတွင် ရွှင်လန်းတက်ကြွသောစိတ်ဖြင့် လျှောက်လှမ်းသွားလျက် ရှိလေသည်။

ဂျိုးသည် တိုင်နီကပ်ဆဲလ်မြို့ကို အထူးမျက်စိကျခဲ့သူ ဖြစ်သည်။ ဤမြို့သည် သူ့ဇာတိမြို့နှင့် ဆယ့်ရှစ်မိုင်မျှသာ ဝေး၏။ သူ့အနေဖြင့် တိုင်နီကပ်ဆဲလ်မြို့သည် သူ့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် အလားအလာကောင်းများရှိသောမြို့ဟု အမြဲ တွေးခဲ့သည်။ သူ့အတွက် စွန့်စားခန်းပေါင်းများစွာနှင့် ကြုံတွေ့ရလိမ့်မည်ဟုလည်း မျှော်မှန်းထားခဲ့သည်။ ဤမြို့သည် သူ့ကို များစွာ အထောက်အကူ ပြုလိမ့်မည်ဟုလည်း ယုံကြည်ထားခဲ့သည် မဟုတ်ပါလား။

ဂျိုး၏ အသွင်အပြင်သည် တခန့်တညားနှင့် သားနားသပ်ရပ်လျက်ရှိသည်။ ဝတ်စားဆင်ယင်ထားသည်မှာလည်း သစ်လွင်တောက်ပလျက် ရှိသည်။ အသားဖြူဖြူ ဆံပင်တွန့်တွန့်နှင့် ရှူးဖိနပ်များကလည်း ပြောင်လက်နေကြသည်။ သို့သော်လည်း ဂျိုးသည် ယခုလောလောဆယ်တွင် များစွာ စိတ်ဓာတ်ကျလျက် ရှိလေသည်။

သူ့အိမ်မှ ထွက်ပြေးလာခဲ့စဉ်က မာချီဆန်၏ စတိုးဆိုင် ငွေသေတ္တာထဲမှ နှိုက်ယူလာခဲ့သော ငွေသားနှစ်ပေါင် ပါလာခဲ့သည်။ ထိုစဉ်ကတော့ သူသည် ငွေကို ထင်သလို သုံးဖြုန်းကာ ကြွားကြွားဝါဝါ နေခဲ့သည်။ သူသည် ကြေးကြီးပေးရသော အင်ပါရာ ဟော်တယ်ဟု ခေါ်သော တည်းခိုခန်းမသို့သွား၍ အရသာခံခြင်း၊ လိုဝီးဘားသို့

ဝင်၍ ဘီယာသောက်ခြင်းနှင့် အခြား နာမည်ကျော်ဆိုင်များသို့ သွားရောက် အချိန်ဖြုန်းခြင်း စသည်များကို ဆက်တိုက် ပြုလုပ်ခဲ့သည်။ အခုကျတော့ သူ့လက်ထဲတွင် တစ်ပြားမှ မကျန်တော့။ နောက်ဆုံးကျန်သည့် ခြောက်ပဲနီမှာလည်း မရှိမဖြစ်သည့် ပစ္စည်းအသေးအဖွဲများ ဝယ်လိုက်သဖြင့် ပြောင်သွားပြီ။ အခုတော့ သူသည် သူနှင့် သင့်တော်မည့် အခန်းတစ်ခန်းကို လိုက်လံရှာဖွေလျက်ရှိ၏။

ဂျိုးသည် စကော့စ်ဝုဒ် လမ်းမကြီးအတိုင်း လျှောက်လာခဲ့ပြီး ကျွဲ၊ နွားဈေးရှေ့မှ ဖြတ်လာခဲ့သည်။ ထို့နောက် ကမ်ဘာလင်မြို့စားရဲတိုက်၊ ပလမ်းမားလမ်းနှင့် အဲ့စ်ဝစ်အရှေ့ပိုင်း၏ ရပ်ကွက် စသည်များကို ဖြတ်သန်းလာခဲ့သည်။ ငြိမ်းချမ်းစရာကောင်းသော နေ့တစ်နေ့ ဖြစ်သော်လည်း ခြောက်သွေ့သော နေ့တစ်နေ့ ဖြစ်သည်။ လမ်းများပေါ်တွင် လူအများအပြား သွားလာနေကြသည်။ ခပ်လှမ်းလှမ်းမှ မီးရထား ဥသြသံနှင့် သင်္ဘောဥသြသံများကို ရံဖန်ရံခါ ကြားနေရ၏။ ဂျိုးအဖို့တော့ သူ့ပတ်ဝန်းကျင်မှ ရှင်သန်နေသော ဘဝများကိုကြည့်ကာ အားတက်လျက်ရှိသည်။ သူ့စိတ်ထဲတွင်လည်း ကမ္ဘာကြီးအား သူ့ခြေထောက်ရှေ့၌ ရောက်နေသည့် ဘောလုံးကြီးတစ်လုံးဟု ထင်သည်။ ထိုဘောလုံးကြီးကို သူ ကန်နိုင်ရန် ပြင်ဆင်ထားဖို့သာ လိုအပ်သည်ဟု တွက်နေသည်။

ပလမ်းမားလမ်း၏ တစ်ဖက်သို့အရောက်တွင် ဂျိုးသည် အိမ်တစ်လုံးရှေ့၌ တစ်ခဏမျှရပ်၍ ....

*"အခန်းငှားရန်ရှိသည်၊ ယောကျ်ားများအတွက်သာ၊ အိပ်ရာနေရာကောင်းသည်။"* ဟူသော ဆိုင်းဘုတ်ကို ကြည့်နေသည်။

သူသည် အိမ်အခြေအနေကို ကြည့်ကာ စဉ်းစားချိန်ဆလျက် ရှိသည်။ အတန်ကြာသည့်အခါ ဆက်လျှောက်လာခဲ့သည်။ မကြာခင်မှာပင် သူ သွားနေရာဘက်သို့ ခပ်သွက်သွက် လျှောက်လာနေသော မိန်းမပျိုတစ်ယောက်ကို သူ သတိထားလိုက်မိသည်။

မိန်းမပျိုသည် ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းသည်။ ခါးသေး၍ ရင်ချီသည်။ ဦးခေါင်းကို မော့ထားသည်။ သူ့ကိုယ်သူ ဘုရင်မတစ်ပါးဟု ထင်နေဟန်မျိုး ဖြစ်၏။ မိန်းမပျိုသည် သူ့ကို ကျော်ဖြတ်သွားသည်။ ဂျိုးသည် မိန်းမပျို၏နောက်သို့ လိုက်သွားသည်။ မိန်းမပျိုသည် စကော့စ်ဝုဒ်လမ်းပေါ်ရှိ အိမ်အမှတ် ၁၁၇–အေ ထဲသို့ ဝင်သွားသည်။ ထိုအိမ်သည် "အခန်းများငှားရန်" ဟူသော ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည့်နေရာ ဖြစ်၏။ သူသည် တုံ့ဆိုင်းမနေတော့ဘဲ လမ်းကိုဖြတ်ကာ ထိုအိမ်ရှေ့သို့ လျှောက်သွားပြီး ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။



တံခါးလာဖွင့်ပေးသူမှာ သူ နောက်ယောင်ခံလိုက်လာခဲ့သော မိန်းမပျိုပင်ဖြစ်၏။ ဦးထုပ်ကို ချွတ်ထားခဲ့ပြီဖြစ်၍ မိန်းမပျို၏ မျက်နှာကို သူ ပြက်ပြက်ထင်ထင် မြင်နေရသည်။ သူ တွေးထင်ထားသည်ထက်ပင် ချောမောလှပနေသည်။ အသက်မှာ ဆယ့်ခြောက်နှစ်သာသာမျှသာ ရှိလိမ့်ဦးမည်ဟု ခန့်မှန်းရ၏။ နှာခေါင်းက ချွန်ချွန်သေးသေး၊ မျက်လုံးများက မီးခိုးရောင်၊ အသားက ဖြူဖြူဖွေးဖွေး၊ နုးညံ့ပျော့ပျောင်းသည့် နှုတ်ခမ်းများသည် ဆွဲဆောင်မှုအားအကောင်းဆုံးထင်မိ၏။

'ဘာကိစ္စရှိပါသလဲ' ဟု မိန်းမပျိုက မေးသည်။

ဂျိုးက အပြုံးဖြင့် တုံ့ပြန်သည်။ ခေါင်းမှ ဦးထုပ်ကိုချွတ်၍ လက်နှစ်ဖက်ဖြင့် ကိုင်ထားသည်။

'ခွင့်လွှတ်ပါ မစ္စ ....၊ ကျွန်တော် အခန်းငှားချင်လို့ပါ'

မိန်းမပျိုက သူ့အား အပြုံးဖြင့် တုံ့ပြန်ခြင်းမပြု။ မနှစ်မြို့သည့် မျက်နှာဖြင့် ကြည့်နေသည်။ ဂျင်နီဆန်းလေး အမည်ရှိ ဤမိန်းမသည် သူ့အမေက အခန်းများ ငှားစားနေသည်ကို မကြိုက်။

'အိမ်ထဲဝင်ပါ'

ဂျိုးသည် ခပ်ကျဉ်းကျဉ်း စင်္ကြံလမ်းအတိုင်း မိန်းမပျိုနောက်မှ လိုက်သွားသည်။ ချက်ချင်းပင် မီးချောင်းနံ့များကို ရှူရှိုက်ရသည်။ မီးသံများကိုလည်း ကြားနေရ၏။ သူသည် အပေါ်ကို မော့ကြည့်သည်။ မီးတစ်ကောင်မှ မမြင်ရ။ ရေချိုးခန်းတစ်ခန်း၏ တံခါးသည် ပွင့်နေသည်။ အထဲတွင် အမျိုးသမီး ခြေအိတ်များနှင့် အဖြူရောင် ဂါဝန်များ လှမ်းထားသည်ကို မြင်နေရ၏။ မိန်းမပျို၏ အသုံးအဆောင်များ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိသော ဂျိုးသည် မပြုံးဘဲမနေနိုင်။ မိန်းမပျိုက သူ့အရိပ်အခြည်ကို မြင်လိုက်သဖြင့် ရှက်စိတ်ဝင်ဟန်တူ၏။ တစ်မျက်နှာလုံး နီရဲသွားသည်။

'ရှင် သိချင်တယ်ဆိုရင် ဒီအခန်းပဲ၊ နောက်ဖေးခန်း' ဟု မိန်းမပျိုက နှုတ်သီးကောင်းလျှာပါး လေသံဖြင့် ပြောသည်။

သူသည် မိန်းမပျိုနောက်မှ ကပ်၍ အခန်းထဲ လိုက်သွားသည်။

နောက်ဖေးခန်း ဆိုသည့်အတိုင်း တကယ့် နောက်ဖေးဘက်၌ တည်ရှိသောအခန်း ဖြစ်သည်။ အိမ်ထောင်ပရိဘောဂ ပစ္စည်းဟောင်းများ၊ တစ်ပဲနီတန်အပေါစား မဂ္ဂဇင်းဟောင်းများ၊ ခိုစာအိတ်များ ....စသည့် ပစ္စည်းမျိုးစုံထားရာအခန်း ဖြစ်သည်။ အခန်းတစ်နေရာတွင် မသန့်မပြန့်နိုင်လွန်းလှသော အမျိုးသမီးကြီးတစ်ဦးသည် လှုပ်ကုလားထိုင် တစ်လုံးပေါ်တွင် ပျင်းတိပျင်းတွဲ ထိုင်လျက်ရှိသည်။

'ဒီမှာ အမေ....၊ အခန်းငှားချင်လို့....တဲ့'

မိန်းမပျိုသည် ဂျိုးအား သူ့အမေလက်ထဲ လွှဲပေးအပြီးတွင် ဘာမှ စိတ်ဝင်စားတော့သည့်နယ် မဂ္ဂဇင်းဟောင်း အစုတ်တစ်အုပ်ကိုယူ၍ လှန်လှော ကြည့်ရှုနေသည်။

အဒေါ်ဆန်းလေးခေါ် မစ္စဆန်းလေးသည် သူ့ကုလားထိုင်ကို အသာအယာ လှုပ်ကာ သက်သောင့်သက်သာ ဖြစ်အောင် လုပ်လျက်ရှိသည်။ ဤသည်မှာ အဒေါ်ဆန်းလေး၏အကျင့် ဖြစ်သည်။ သူသည် တတ်နိုင်သမျှ သူ့ကိုယ်သူ သက်သာအောင် နေလေ့ရှိသူ ဖြစ်၏။ သူသည် ရှူးဖိနပ်တစ်ဖက်ကို ချွတ်ထားသည်။ လက်ဖက်ရည်တစ်ခွက်ကို ဘေးနား၌ ချထားသည်။ မီးဖိုပေါ်၌ တည်ထားသည့် ရေနွေးအိုး မဆူမချင်း သတင်းစာတစ်စောင်ကို ဖတ်နေလေ့ရှိသည်။

အဒေါ်ဆန်းလေးသည် ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ ဖော်ရွေသည်။ ဖိုသီဖတ်သီနှင့် ဖြစ်ကတတ်ဆန်း နေတတ်သောအကျင့် ရှိသည်။ သူ့ယောကျ်ားကို နားပူနားဆာ လုပ်သည့်အခါ လုပ်တတ်သော်လည်း အများအားဖြင့်တော့ ဘာသာလဝါ နေတတ်သူ ဖြစ်သည်။ သူသည် မျိုးကောင်းရိုးကောင်းမှ ပေါက်ဖွားလာသူ ဟူသော စကားကိုလည်း မကြာခဏ ပြောလေ့ရှိသည်။

သူသည် စိတ်ကူးယဉ်တတ်သူ ဖြစ်၏။ လထွက်လာလျှင် လကို ကြည့်နေရမှ ကျေနပ်သူ ဖြစ်၏။ အယူသီးတတ်သူလည်း ဖြစ်၏။ သူသည် ဘယ်တော့မှ အစိမ်းရောင် မဝတ်။ လှေကားအောက်မှ လမ်းမလျှောက်။ ဆားကို သူ့ဘယ်ဘက်ပခုံးပေါ်မှကျော်၍ နောက်သို့မပက်ဘဲ မသုံး။ ဝတ္ထုဇာတ်လမ်းကောင်းဆိုလျှင် အလွန်ကြိုက်သည်။ သူသည် ချမ်းသာကြွယ်ဝချင်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ထီထိုးသည်။ ငွေများများ ရနိုင်မည်ဟု ယူဆရသော ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်လေ့ရှိသည်။ အထူးသဖြင့် ကဗျာပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်တတ်သည်။ သို့သော်လည်း သူ့ကဗျာများသည် သုံးမရသည့် ကဗျာများသာ ဖြစ်လေသည်။

သူ့တွင် ထူးဆန်းသော စိတ်ကူးများသည် မကြာခဏ ဝင်တတ်သည်။ သားသမီးများက 'အမေ့ ဦးနှောက်လှိုင်းများ' ဟု ခေါ်လေ့ရှိ၏။ အခန်းနံရံများတွင် စက္ကူများ ထပ်ကပ်ခြင်း၊ ဆိုဖာဖုံးများကို ပန်းရောင်ဖုံးများဖြင့် ထပ်ကပ်ခြင်း၊ ရေချိုးခန်းတွင် ကြွေပြားအသစ်များ ထပ်ခါတလဲလဲ လဲခြင်း၊ တောပိုင်းသို့ အနားယူခရီးထွက်လိုခြင်း၊ ဟိုတယ်ဖွင့်လိုခြင်း၊ ဖဲပြားကြီးဆိုင် ဖွင့်လိုခြင်း၊ ဝတ္ထုတို ရေးသားဖြင်း စသည်တို့မှာ သူ၏ ဦးနှောက်လှိုင်းများမှ ထွက်ပေါ်လာခဲ့ဖူးသော စိတ်ကူးများ ဖြစ်၏။ ဝတ္ထုတို ရေးသားခြင်းတွင် သူ့ကိုယ်သူ ပါရမီထူးသူဟု ယူဆထားသူ ဖြစ်လေသည်။



သို့သော်လည်း အဒေါ်ဆန်းလေး၏ စိတ်ကူးအထူးအဆန်းများသည် ဘယ်တော့မှ အသီးအပွင့် ထွက်မလာချေ။ အဒေါ်သည် ဘယ်သောအခါမှာမှ သူ့လှုပ်ကုလားထိုင်နှင့် ဝေးဝေးသွားသူ မဟုတ်ပေ။ ထို့ကြောင့်လည်း သူ့ယောကျ်ား အဲလ်ဖရက်က သူ့အား 'အဒေါ်ရယ် မင်းဟာ အတော် အပျင်းထူတာပါလား' ဟု မကြာခဏ ပြောတတ်ခြင်း ဖြစ်လေသည်။

အခုလည်း သူ့သမီး၏စကား ကြားသည့်အခါ ....

'ဩော်....ဟုတ်လား' ဟု အေးအေးဆေးဆေး ရေရွတ်သည်။

'မင်းက အခန်းရှာနေတယ် ဆိုပါတော့'

'ဟုတ်ပါတယ် ခင်ဗျာ'

'တို့က လူငယ် ယောကျ်ားလေးတစ်ဦးပဲ လက်ခံမှာ' ဟု ပြောသည်။ ဘယ်သူနှင့်တွေ့တွေ့ ပထမဆုံးတွေ့ချိန်တွင် သူပြောနေကျစကားကို ပြောသည်။ သို့သော်လည်း သူ့စကားသည် တည်တံ့ခိုင်မြဲခြင်းမရှိ။

'တို့ရဲ့ နောက်ဆုံးအိမ်ငှားက အခန်းပြန်အပ်သွားတာ တစ်ပတ်ရှိသွားပြီ၊ အစားအစာကော စားမှာလား'

'တာဝန်မကြီးဘူးဆိုရင်တော့ အစားအစာပါ စားဖို့ စိတ်ကူးပါတယ်'

'အေး....မင်းနေရင်တော့ မိသားစုနဲ့ နေရမှာပဲ၊ တို့အိမ်ထောင်စုမှာ လူချောက်ယောက် ရှိတယ်၊ ငါရယ်၊ ငါ့ယောကျ်ားရယ်၊ ဒီမှာထိုင်နေတဲ့ ဂျင်နီရယ်၊ သူကတော့ တစ်နေ့လုံး အလုပ်သွားနေတာပါ၊ သူပြီးတော့ ဗီးလစ္စ၊ ကလားရစ္စနဲ့ ဆယ်လီတို့ရှိတယ်၊ အငယ်တွေပေါ့ ....ကွယ်'

သူသည် စကားကိုဖြတ်ထားပြီး ဂျိုး၏ အရိပ်အခြည်ကို အကဲခတ်သည်။

'ဒါနဲ့ မင်းနာမည်က ....၊ မင်းက ဘယ်ဒေသက လာတာလဲ'

ဂျိုး၏ မျက်လုံးအစုံသည် အောက်သို့ ငုံ့သွားသည်။ သူ့စိတ်ထဲတွင် ဆိတ်လန့်ကြောက်ရွံ့မှု ဝင်လာသည်။ အမှန်တော့ သူသည် ဂျင်နီကို မြင်လိုက်ရာမှ အပျော်အပြက်သဘောဖြင့် ဝင်လိုက်လာပြီး စုံစမ်းမေးမြန်းနေခြင်း ဖြစ်၏။ အခုလက်တွေ့ကျတော့ တွေ့ကရာပြောပြီး လွတ်အောင်ရုန်းမရ ဖြစ်နေခဲ့လေပြီ။ အခုပုံအတိုင်းဆိုပါက သူ ရှေ့မတိုး၍ မဖြစ်။ ဤကိစ္စတွင် မိမိသာလျှင် တရားခံဖြစ်၏။ မိမိသည် ဂျင်နီအား ငမ်းမိနေရာမှ ဤအိမ်ထဲ ရောက်လာခဲ့ခြင်း မဟုတ်ပါလော။

သူ အခု ဘာပြောရမည်နည်း။ လိမ်ညာဝါဖြန်းပြီး ပြောမည့် စကားလုံးများသည် သူ့ခေါင်းထဲ ဝင်လာသည်။ ချက်ချင်းပင် ပယ်ချလိုက်သည်။ သူ့တွင် သယ်ယူလာစရာ ဘာပစ္စည်းမှ မရှိ။ စရန်ငွေပေးဖို့လည်း ခြူးတစ်ပြားမှ မရှိ။

သူသည် တွေးရင်းတွေးရင်းနှင့် ချေးပြန်လာသည်။ ချက်ချင်းပင် စိတ်ညစ်စိတ်ရှုပ်လာသည်။

ရုတ်တရက် စိတ်ကူးတစ်ခု ဝင်လာသည်။ အမှန်အတိုင်း ပြောပြခြင်းထက် ကောင်းသောနည်းမရှိဟုပင် သူ ယူဆသည်။ သူ့စိတ်ထဲတွင် လွှန်ဆွဲနေသည်။ အမှန်အတိုင်း ပြောမလား၊ ပြောမည် ....။ တစ်ခုမကျန် အမှန်အတိုင်း ပြောမည်။ သူသည် ခေါင်းကို ပြန်မော့ကာ အဒေါ်ဆန်းလေးနှင့် မျက်နှာချင်း ခဲခဲဆိုင်လိုက်သည်။ သူသည် ရိုးသားပွင့်လင်းစွာဖြင့် စကားကို စပြောသည်။

'ကျွန်တော် လိမ်ပြောမယ်ဆိုရင် လိမ်ပြောစရာတွေ အများကြီး ရှိပါတယ် ခင်ဗျား၊ ဒါပေမဲ့ ကျွန်တော် အမှန်ကိုပဲ ပြောချင်ပါတယ်၊ ကျွန်တော်ဟာ အိမ်က ထွက်ပြေးလာတာပါ'

'ဘာ ....ကွယ့်၊ ဒါမျိုးဆိုရင်တော့ ငါက လုံးဝ ....'

အဒေါ့်လက်ထဲမှ မဂ္ဂဇင်းသည် အနည်းငယ် နိမ့်ကျသွားသည်။ ကုလားထိုင်သည် တငြိမ့်ငြိမ့် လှုပ်နေရာမှ လုံးဝ ရပ်သွားသည်။ အဒေါ်ဆန်းလေးနှင့် သူ့သမီးတို့သည် စိတ်ဝင်စားမှုအသစ်ဖြင့် သူ့အား ကြည့်နေကြသည်။ ဂျိုးကတော့ သူ့စကားကို ဆက်သည်။

'ကျွန်တော် ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေဟာ သိပ်ကို ဆိုးပါတယ်၊ ကျွန်တော် မခံနိုင်လို့ အခုလို ထွက်လာတာပါ၊ အမေက ဆုံးသွားခဲ့ပါတယ်၊ အဖေက အမြဲတမ်းလိုလို သားရေကြိုးပွတ်နဲ့ ရိုက်လေ့ရှိပါတယ်၊ ကျွန်တော်တို့ ကျောက်မီးသွေးတွင်းမှာ အလုပ်သမားတွေကလည်း သပိတ်မှောက်နေတော့ ကျွန်တော်တို့မှာ စားစရာတောင် မရှိပါဘူး'

ပြောရင်းပြောရင်းနှင့် သူ့မျက်လုံးများတွင် မျက်ရည်များ စို့လာသည်။ သူ့စကားများသည် နှစ်ဦးစလုံးကို ထိခိုက်ဟန်ရှိ၏။ သူ့စိတ်ကူးသည် အောင်မြင်ပြီ။

'အဲဒီတော့ မင်းအမေက သေသွားပြီပေါ့၊ ဟုတ်လား' ဟု အဒေါ်က မေးသည်။

ဂျိုးက ခေါင်းညိတ်သည်။

အဒေါ်၏ ကရုဏာမကင်းသော မျက်လုံးများသည် သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားသည့် လူချောကလေးအပေါ် စူးစူးစိုက်စိုက် ကြည့်သည်။ သနားစရာ လူငယ်တစ်ယောက်ပါလား။ ရုပ်ကလေးကလည်း လှသား၊ ဆံပင်လေးတွေကလည်း အခွေအလိပ်ကလေးတွေနဲ့ လှိုင်းထနေကြတယ်။ ဒါပေမဲ့ ဆံပင်အခွေအလိပ်လေးတွေက အခန်းခ ပေးမှာတဲ့လား ...။

အဒေါ်သည် ကုလားထိုင်ကို ပြန်၍ လှုပ်သည်။ ငါ အရူးမှ မဟုတ်ဘဲ၊



အလွမ်းသနားလို့ ဖြစ်မတဲ့လားဟု တွေးသည်။ သူသည် သူ့ကိုယ်နှင့်စိတ်ကို အချိန်မီ ပြန်ထိန်းသွားနိုင်သည်။

'ဒီမယ် သူငယ်၊ မင်းအနေနဲ့ အခုလို သနားကရုဏာကို အမှီပြုပြီး အလုပ်လုပ်လို့ကတော့ မဖြစ်ဘူးကွယ့်၊ မင်းမှာ ဝင်ငွေ ပုံမှန်ရနေမယ့် အလုပ်တစ်ခုတော့ ရှိမှဖြစ်မှာ၊ ဒီနေ့ပဲ ငါ့ယောက်ျား အဲလ်က ပြောတယ်၊ ပလတ်စေးလိမ်းလုပ်ငန်းထဲက ယာရီးဖောင်ဒေးရှင်းမှာ အလုပ်သမားတွေ လိုတယ်တဲ့၊ အဲဒီကိုသွားပြီး အလုပ်ရှာပါလား၊ မင်း ကံကောင်းရင် ဒီကိုပြန်ခဲ့၊ တစ်ကယ်လို့ ကံမလိုက်ရင်တော့ တခြားဟာ ရှာပေါ့'

'ဟုတ်ကဲ့ပါ ခင်ဗျား'

ဂျိုးသည် သူ၏ ရိုးသားဖြောင့်မတ်မှုကို အိမ်ပြင်ရောက်၍ လမ်းကို ဖြတ်ကူးခဲ့ချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။ လမ်းကူးပြီးသည့်အခါ ရုံးအကူ သူငယ်တစ်ဦးနှင့် ဆုံမိသည်။ သူသည် သူငယ်၏ အင်္ကျီကော်လံကို ဖမ်းဆွဲထားပြီး 'ဟေ့ ကောင်လေး၊ မီလင်တန် ဖောင်ဒေးရှင်းကို ဘယ်လိုသွားရလဲ လမ်းပြစမ်း၊ မပြရင် မင်းခေါက်ကို ချိုးပစ်မယ်' ဟု ခြိမ်းခြောက်ကြိမ်းမောင်းပြီး မေးသည်။

သူသည် ယာရီးဘက်သို့ ကဆုန်စိုင်းသည်။ အမြန်ရောက်ချင်နေသဖြင့် သူ သွားနေရသည့်ခရီးကို ဝေးလွန်းသည်ဟု ထင်နေသည်။ သူသည် အလုပ်ရုံသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အထဲသို့ဝင်၍ လိမ်ညာပြောသင့်သည်များကို လိမ်ညာပြောသည်။ သူ့အင်္ကျီနှင့် ဘောင်းဘီများကို ချွတ်၍ သူ့ "အားကောင်းမောင်းသန် တစ်ဦး" ဖြစ်ကြောင်း အလုပ်ရုံ ဖိုမင်အား အရှက်အကြောက်မရှိ ပြသသည်။ ဂျိုးသည် ကံကောင်းနေသည်။ သူတို့တွင် လူလိုနေသဖြင့် သူ့အား ချက်ချင်းပင် သတ္တုကျို အကူအလုပ်သမားအဖြစ် ခန့်ထားပေးသည်။ တစ်ပတ်လျှင် လုပ်ခ နှစ်ဆယ့်ငါးဒေါ်လာ ပေးမည်ဟု ဆိုသည်။ ကျောက်မီးသွေးတွင်း အလုပ်သမားတစ်ယောက်၏ လုပ်ခနှင့် နှိုင်းယှဉ်ပါက သူ့ရွေးဖြစ်နိုင်သည့် လုပ်ခ ပေတည်း။ ပြီးတော့ သူ့တွင် ဂျင်နီ ....ဂျင်နီတစ်ယောက် ရှိနေသေးသည် မဟုတ်ပါလော ....။

သူသည် စကော့ဝုဒ်လမ်းသို့ ပြန်လာခဲ့သည်။ ခေါင်းတမော့်မော့်၊ လည်တဆန့်ဆန့်နှင့် ပြန်လာခဲ့ခြင်း ဖြစ်၏။ အခုတစ်ခေါက်တော့ ဘာကိုမှ ရေးကြီးသုတ်ပျာ လုပ်၍မဖြစ်။ သတိနှင့်လုပ်မှ ဖြစ်မည်ဟုလည်း ဆင်ခြင်တွေးတောလာသည်။ သူသည် နောက်ဖေးခန်းဆီသို့ တန်းဝင်သွားသည်။

မိသားစု တစ်စုလုံး လက်ဖက်ရည်သောက်ပြီး၍ စားပွဲ၌ ထိုင်နေကြသည်။

အေဒါသည် စားပွဲထိပ်၌ နေရာယူထား၍ သူ့ဘေးတွင် ဂျင်နီ ထိုင်နေသည်။ သူ့ဘေး ကုလားထိုင်သုံးလုံးတွင် ညီမအငယ်သုံးယောက် ကြီးစဉ်ငယ်လိုက် တန်းစီပြီး ထိုင်နေကြသည်။ ဖီးလစ္စမှာ သူ့အမေနှင့် ရုပ်ချင်းဆင်သည်။ အသက်က ဆယ့်သုံးနှစ်။ ကလားရစ္စမှာ ဆယ့်တစ်နှစ်ခွဲ၊ သူ့အစ်မ ဂျင်နီ၏ ချောကလက်ဘူးမှ ဖြုတ်ယူထားသည့် ပိုးကြိုးကလေးဖြင့် ဆံပင်ကို စုစည်းထားသည်။ နောက်ဆုံးတစ်ဦး ဖြစ်သည့် ဆယ်လီမှာ ဆယ်နှစ်သမီး။

စားပွဲ၏ အစွန်ဆုံး၌ ထိုင်နေသူမှာ အေဒါ၏ခင်ပွန်း၊ သမီးလေးယောက်၏အဖေ အဲလ်ဖရက် ဖြစ်သည်။ အိမ်ထောင်ဦးစီး ဖြစ်သော်လည်း နားအေးပါးအေးရှိပုံရ၏။ သာမန်ရုပ်ရည်မျိုးရှိ၍ လက်ပြင်ကုန်းသည်။ သူ့နှုတ်ခမ်းမွေးသည် ကျိုးတိုးကျဲတဲ။ သူသည် အိမ်သုတ်ဆေးသမားတစ်ဦး ဖြစ်သည်။ ဆေးသုတ်သည့်အခါတိုင်း ခဲဖြူများက ပါးစပ်ထဲ အမြဲဝင်သဖြင့် သူ့မျက်နှာသည် ဖြူရော်ရော်ဖြစ်နေရုံမျှမက ဗိုက်အမြဲနာတတ်သည်။ သူ့တွင် ဝါသနာတစ်ခု ရှိ၏။ ငှက်မွေးမြူခြင်း ဖြစ်သည်။ သူ အနှစ်သက်ဆုံးသော ခိုများကို အိမ်တွင် မွေးထားလေသည်။

ဂျိုးသည် စားပွဲ၌ ထိုင်နေသူများကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး ဝမ်းသာအားရ ပြောသည်။

'သူတို့က ကျွန်တော့ကို အလုပ်ခန့်လိုက်ပြီ၊ မနက်ဖြန် စဆင်းရမယ်၊ တစ်ပတ်ကို နှစ်ဆယ့်ငါးသျှိလင် ရမယ်'

ဂျင်နီသည် ဂျိုးကို မေ့နေပြီ ဖြစ်၏။ အေဒါကသာလျှင် ဂျိုး၏စကားကို ကျေနပ်အားရသော အမူအရာဖြင့် လက်ခံသည်။

'မင်းကို ငါ မပြောဘူးလား၊ အခုဆိုကြည့် လက်တွေ့ပဲ၊ အဲဒီတော့ လောလောဆယ်မှာ မင်းက ငါ့ကို တစ်ပတ် ဆယ့်ငါးသျှိလင်ပေး၊ အဲဒါဆိုရင် မင်းလက်ထဲမှာ ဆယ်သျှိလင် ကျန်မယ်၊ မကြာခင် မင်းလုပ်ခတော တိုးဦးမှာ၊ သတ္တုကျိုတဲ့ အလုပ်သမားတွေက ဝင်ငွေကောင်းတယ်ကွယ့် သိလား'

အေဒါသည် သူ့ပါးစပ်ကို လက်ဝါးနှင့်ကာပြီး တစ်ချက်မျှ အားရပါးရ သမ်းလိုက်သည်။

'ကဲ ....လာ၊ ဝင်ထိုင်၊ လက်ဖက်ရည်သောက်၊ ကလားရစ္စ ....လက်ဖက်ရည်ပန်းကန်တစ်လုံး သွားယူပြီး လက်ဖက်ရည် ထည့်ပေးလိုက်ပါ၊ အဲလ်ဖရက်ရေ ....ဒါက ကျွန်မတို့ရဲ့ အခန်းငှား လူသစ်ပေါ့၊ မစ္စတာဂျိုးကိုလန်လို့ခေါ်တယ်'

အဲလ်ဖရက်က ဂျိုးအား တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်သည်။ ကလားရစ္စက ပန်းကန်တစ်လုံးနှင့် ပန်းကန်ပြားတစ်ချပ် ယူလာပြီး ဂျိုးရှေ့တွင် ချပေးသည်။ လက်ဖက်ရည်ကို ငှဲ့ပေးပြီး ဝက်ပေါင်ခြောက်တစ်ခုနှင့် ပေါင်မုန့်တစ်ဝက်ကို ပန်းကန်ပြားထဲ ထည့်ပေးသည်။



ဂျိုးသည် ဂျင်နီ၏ဘေး၌ ထိုင်နေခြင်း ဖြစ်၏။ ဂျင်နီဘေး၌ ကပ်ထိုင်ရသဖြင့် သူ့အဖို့တော့ မူးယစ်ဝေသီသော အချိန်တစ်ချိန် ဖြစ်နေသည်။ သူသည် တစ်မိသားစုလုံးနှင့် ရင်းနှီးအောင် အားထုတ်လျက် ရှိသည်။ ဂျင်နီက သူ့အပေါ် အထင်အမြင်ရှိလာအောင် တရင်းတနှီး စကားပြောသည်။ ဖော်ရွေသောအပြုံးပန်းကို ပွင့်ထားသည်။

အားလုံးနှင့် အဆင်ပြေအောင် စကားပြောသည်။ ဟာသနှောသည့်အခါ နှော၍ ပြက်လုံးထုတ်သည့်အခါ ထုတ်သည်။ ကလေးတွေနှင့်လည်း စကားကိုအောင်လောက်အောင် ပြောသည်။ အေဒါကိုလည်း မသိမသာ မြှောက်ပင့်ပြောသည်။ သူ တစ်ခါတုန်းက ကြားဖူးခဲ့သည့် ပုံပြင်လေးတစ်ပုဒ်ကိုပင် ပြောပြသည်။ သူ ပြောသမျှကို ဆယ်လီနှင့် ဂျင်နီတို့မှလွဲ၍ အားလုံးက သဘောကျကြသည်။ ဆယ်လီကတော့ သူ့ပုံပြင်ကို နားထောင်ပြီး နှာခေါင်းရှုံ့၍ ဂျင်နီကမူ နည်းနည်းတလေးမှ စိတ်မဝင်စားသည့် အမူအရာကို ပြခဲ့သည်။ အေဒါကတော့ ဂျိုး၏ဟာသပုံပြင် အဆုံးတွင် ဟက်ဟက်ပက်ပက် ရယ်သည်။ 'မစ္စတာကိုလန် အခုပြောသွားတဲ့ ပုံပြင်က စိတ်ဝင်စားဖို့ ကောင်းပါတယ်' ဟု အေဒါက ပြောသည်။

'ဟာ ကျွန်တော့်ကို တရင်းတနှီး ဂျိုးလို့ပဲ ခေါ်ပါခင်ဗျာ၊ ကျွန်တော့်ကို မိသားစုဝင်တစ်ယောက်လို ဆက်ဆံနိုင်ပါတယ်'

သူသည် မိသားစုဝင် အများစုကို အပိုင်ကိုင်နိုင်ပြီ။ ဤအတွက် သူသည် အဝင်လေဟပ်လျက် ရှိ၏။ ဤအောင်မြင်မှုသည် သူ့ဘဝအတွက် ရှေ့ရေးကောင်းဖို့ရှိသည်ဟု ယူဆသည်။ ဤပုံအတိုင်းသာ ဆက်သွားမည်ဆိုပါက သူလိုချင်သည့် အရာအားလုံးကို ရရှိပေတော့မည်။

နောက်ပိုင်းတွင် အဲလ်ဖရက်က ဂျိုးအား သူမွေးထားသည့် ခိုများကို လိုက်ကြည့်ရန် ဖိတ်ခေါ်သည်။ ဂျိုးသည် အဲလ်ဖရက်နှင့်အတူ ခြံဝင်းထဲသို့ လိုက်သွားသည်။ ခိုများသည် ကျွေးထားသော အစာများကို လာ၍ကောက်ကြသည်။ သူ့မိန်းမ၏ ကွယ်ရာသို့ ရောက်သည့်အခါ အဲလ်ဖရက်သည် သွက်လက်တက်ကြွလာသည်။ သူ့မိန်းမ၏ရှေ့မှောက်၌နေစဉ်ကတော့ စကားမပြော၊ တုံးကိုဘာဝေ။ အခုမျက်ကွယ်ကျတော့ သွက်သွက်လက်လက် စကားပြောသည်။ ဘီယာ၏ကောင်းခြင်းမှအစ မျိုးချစ်စိတ်အဆုံး အကြောင်းအရာမျိုးစုံကို ပြောနိုင်သူဖြစ်ကြောင်း သိလာရ၏။

သို့သော်လည်း ဂျိုးသည် ဂနာမငြိမ် ဖြစ်နေသည်။ သူစိတ်ဝင်စားနေသည်မှာ အဲလ်ဖရက် မဟုတ်။ ဂျင်နီ မဟုတ်ပါလော ....။ သူ့စိတ်သည် ဂျင်နီထံသို့သာ ရောက်နေသည်။ သူ့အနေဖြင့် ဂျင်နီထံ သွားချင်စိတ်ကြောင့် ပူလောင်လျက်

ရှိသည်။ စီးကရက် တစ်ယောက်တစ်လိပ် သောက်၍ ကုန်သွားသည့်အခါ ဂျိုးသည် သူ့ကို ခွင့်ပြုပါဦးဟုဆိုကာ ထထွက်လာခဲ့လေ၏။

ဂျင်နီသည် နောက်ဖေးခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။ သူသည် ဆိုဖာတစ်လုံးပေါ်၌ထိုင်ကာ မဂ္ဂဇင်းတစ်စောင် ဖတ်နေခြင်း ဖြစ်၏။

'ခွင့်ပြုပါ ခင်ဗျာ' ဟု ဂျိုးက အသံပြုသည်။

'ခင်ဗျား ကျွန်တော့်အခန်းကို ပြပေးနိုင်မလား'

ဂျင်နီသည် ခေါင်းငုံ့၍ပင် မကြည့်၊ မျက်စိအကြည့်ကို သူ့မဂ္ဂဇင်းပေါ်၌သာ စူးစိုက်ထားသည်။

'ချာတိတ်မ တစ်ယောက်ကို သွားမေး၊ လိုက်ပြပေးလိမ့်မယ်' ဟု ပြောသည်။

ဂျိုးက ထွက်မသွားသေးဘဲ ပေရပ်နေသည်။

'ညကျရင် မင်း အပြင်ထွက်မလည်ဘူးလား၊ အခုလို နေ့တစ်ဝက် နားရတဲ့ညဆိုရင်ပေါ့' ဟု မေးသည်။ အဖြေ မရ။

'မင်း အမှုထမ်းနေတာ စတိုးဆိုင်မှာလား' ဟု ဂျိုးက ထပ်မေးသည်။ ဖွဲ့ကောင်းကောင်းဖြင့် နောက်တစ်ကြိမ် ကြိုးစားခြင်း ဖြစ်၏။ သူ့အမေထံမှ ကြားခဲ့ရသည့် စလက်တာရီးဆိုင်ကို သူ ကောင်းစွာ မှတ်မိ၏။ ဂရိန်းဂျားလမ်းထဲက ဆိုင်ကြီးဟု သူ ထင်သည်။

ဂျင်နီက ဖျတ်ခနဲ မော့ကြည့်သည်။

'ကျွန်မ စတိုးဆိုင်မှာလုပ်တယ်ပဲ ထားပါတော့၊ ရှင့်အလုပ်လား၊ ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ဘာလဲ 'အမှုထမ်း' ဆိုတာ၊ အဲဒီစကားလုံးက အောက်တန်းအလွန်ကျတဲ့စကား၊ ကျွန်မ ဘယ်သူ့အမှုမှ မထမ်းဘူး၊ အဲဒီစကားလုံးကို ကျွန်မ အရမ်းမုန်းတယ်၊ နားလည်လား၊ ကျွန်မ စလက်တာရီးဆိုင်မှာ မိန်းမဆောင်းဦးထုပ်တွေ ရောင်းတဲ့တာဝန် ယူထားတယ်၊ အင်မတန် အဆင့်မြင့်တဲ့အလုပ်၊ အောက်တန်းကျတဲ့ စကားလုံးတွေ လာမပြောနဲ့၊ ကျွန်မ သိပ်မုန်းတယ်၊ ပေရေညစ်ပတ်တဲ့ အလုပ်မျိုး လုပ်နေတဲ့ ယောကျ်ားတွေ ဆိုရင်လည်း ကျွန်မ မုန်းတာပဲ' ဟု ပြောသည်။

ဂျင်နီသည် သူ့မဂ္ဂဇင်းကို ပြန်ဖတ်နေသည်။ ဂျိုးသည် သူ့မေးစေ့ကို လက်နှင့်ပွတ်နေ၏။ ဂျင်နီ၏ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ဖြောင့်စင်းသောပေါင်များ၊ သေးသွယ်သောခါးနှင့် ပြေပြစ်လှသောတင်ပါး၊ ချပ်ချပ်ရပ်ရပ်ရှိသည့် ဗိုက်သား ....။

'အင်း ....မင်းက ပေရေညစ်ပတ်တဲ့ အလုပ်လုပ်တဲ့ကောင်ဆိုရင် မုန်း



သတဲ့၊ ဒါပေမဲ့ ငါလို အလုပ်သမားကျတော့ မင်းသဘောကျလာမှာပါကွာ' ဟု စိတ်ထဲက ကြိတ်၍ပြောနေသည်။

* * * * *

(၈)

မာသာအဖို့တော့ ကြောက်မက်ဖွယ်ကောင်းသည့် ဂုဏ်သိက္ခာကင်းမဲ့မှုနှင့် ကြုံရခြင်း ဖြစ်သည်။ သူ့ဘဝတွင် အခုလို အရှက်တကွဲ အကျိုးနည်းစေမည့် အဖြစ်မျိုးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ ဤဖြစ်ရပ်မျိုးကို အိပ်မက်ပင် မက်ခဲ့ဖူးသည် မဟုတ်။ ရှက်စရာကောင်းလှချေသည်။ သူသည် မီးဖိုခန်းထဲ၌ ပြုတ်ထားသော အာလူးကို ခက်ရင်းနှင့် ထိုး၍စမ်းရင်း ပြုတ်ထားသည့် အသားအိုးအဖုံးကို ဖွင့်ကြည့်ရင်း ထိုအကြောင်းကို မတွေးမိအောင် ကြိုးစားလျက်ရှိသည်။

သို့သော်လည်း သူ့ကြိုးစားမှုသည် မအောင်မြင်၊ သူသည် မတွေးဘဲ မနေနိုင်။ ထိုအကြောင်းကို တွေးမိသည်သာ ဖြစ်၏။ မာသာရက်ဒ်ပက်သ်အဖို့တော့ ဤကိစ္စသည် လွယ်လွယ်နှင့် မေ့ပစ်နိုင်မည့်ကိစ္စ မဟုတ်။ သူတို့ ရက်ဒ်ပက်သ် မျိုးနွယ်များသည် အကျင့်စာရိတ္တကို တန်ဖိုးထားခဲ့သူများ ဖြစ်သည်။ အလွန် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်သည်။ ဘုရားတရား ကြည်ညို ရိုသေသူများလည်း ဖြစ်သည်။

ရက်ဒ်ပက်သ်နွယ်များသည် ဘုရားရှိခိုးကျောင်းကို ပျက်ရက်မရှိစေဘဲကြသော မက်သဒစ်ဂိုဏ်းဝင်များ ဖြစ်သည်။ ကျောက်မီးသွေးတွင်း အလုပ်သမားလောကတွင် ရိုးသားဖြောင့်မတ်သူများအဖြစ် ထင်ရှားခဲ့သူများ ဖြစ်သည်။ အခုဆိုလျှင် မျိုးဆက်လေးဆက်မျှ ရှိခဲ့ပြီ။ ထိုလေးဆက်စလုံးကို ပြန်လည်လေ့လာပါက မာန်တက်စရာ၊ ဂုဏ်တက်စရာများကိုသာ တွေ့ရ၏။ မကောင်းမှုနှင့် ပတ်သက်၍ အပြစ်အနာအဆာဟူ၍ မရှိသလောက် ဖြစ်သည်။

သူတို့သည် ကျောက်မီးသွေးတူး အလုပ်သမားများ ဘဝဖြင့် မြေအောက်သို့ဆင်း၍ တပင်တပန်း အလုပ်လုပ်ကြရ၏။ ဆင်းရဲခြင်း အဆင့်ဆင့်နှင့်လည်း ရင်ဆိုင်ခဲ့ကြရ၏။ သို့သော်လည်း သူတို့ကိုယ်သူတို့ ထိန်းသိမ်းကြသည်။ ကိုယ်ကျင့်တရား ပျက်ပြားအောင် မနေကြ။ သို့သော်လည်း အခုတော့ဖြင့် ....

မာသာသည် သူ့ကိုယ်သူ "ရက်ဒ်ပက်သ် မျိုးနွယ်ဝင်တစ်ဦး" ဟု မသတ်မှတ်တော့။ သူသည် ရောဘတ်ဖင်းဝစ်၏မယား ဖြစ်၏။ သို့ဆိုလျှင် အခု ရောဘတ်ဖင်းဝစ်သည် ထောင်ထဲရောက်နေပြီ မဟုတ်ပါလား။

နာကြည်းစိတ်သည် သူ့မျက်နှာတွင် ထင်ဟပ်နေသည်။ ထောင်ကျနေသည့် ဖေဘတ်ကို မြင်ယောင်လိုက်သည့်အခါ သူ့နှလုံးသားသည် ပူလောင်လာသည်။ သူ ကြုံခဲ့ရသည့် မြင်ကွင်းသည် သူ့စိတ်အာရုံတွင် ပြန်ပေါ်လာသည်။ ဖေဘတ်သည် တရားရုံးအတွင်းရှိ တရားခံထားရာ ခြံကလေးထဲ၌ စလော့ဂါးနှင့် အတူတွဲ၍ ရပ်နေသည်။ တရားရုံး၏ ရုံးထိုင်တရားသူကြီးမှာ ဂျိမ်းစ်ရာမက်ချ် ဖြစ်သည်။ ဂျိမ်းစ်သည် သူ တွေ့မြင်ခဲ့သမျှနှင့် သူ၏ ထင်မြင်ယူဆချက်အားလုံးကို ထုတ်ဖော်ပြောဆိုသွားသည်။ မာသာအဖို့တော့ မြင်ရ ကြားရသမျှ အားလုံးသည် စိတ်သက်သာစရာမရှိ။

မာသာသည် တရားရုံးသို့ ရောက်ခဲ့ရ၏။ သူ မရောက်ချင်၍လည်း မရ။ မသွားလျှင် မဖြစ်သည့် နေရာတစ်နေရာအဖြစ် သတ်မှတ်ကာ သွားခဲ့ရခြင်း ဖြစ်၏။ သူသည် တရားရုံးအတွင်း၌ လှုပ်ရှားနေသမျှ အရာအားလုံးကို မြင်တွေ့ခဲ့ရ၏။ ပြောဆိုနေသမျှ စကားလုံးကို သူ့နားများဖြင့် ကြားခဲ့ရ၏။ ထောင်ဒဏ်သုံးပတ်၊ အယူခံဝင်ခွင့် မရှိ။ ဂျိမ်းစ်ရာမက်ချ်က ထိုအပြစ်ဒဏ်ကို ချမှတ်ခြင်း ဖြစ်၏။ မာသာအနေဖြင့် တရားရုံးထဲမှာပင် အသံကုန်ဟစ်၍ အော်ပစ်ချင်စိတ် ဖြစ်ပေါ်လာသည်။

သူ သေသွားလျှင် မည်မျှကောင်းပါမည်နည်း။ သို့သော်လည်း သေလိုခြင်းသည် အရှုံးပေးခြင်း ဖြစ်၏။ သူသည် မျက်နှာကို တင်းတင်းမာမာဖြစ်အောင် အားထုတ်၍နေခဲ့သည်။ သူ့မာန်မာနသည် သူ့အား များစွာ ကူညီခဲ့၏။ စိတ်ဆင်းရဲစရာကောင်းလှသည့် ဤရက်များအတွက် သူ့မာန်မာနက သူ့အား စိတ်ဓာတ်အင်အားကျဆင်းမသွားအောင် ကျားကန်ပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ယနေ့ မွန်းလွဲပိုင်းတွင် သူ မြို့ထဲ ရောက်ခဲ့၏။ အပြန်တွင် အယ်လ်မားလမ်းထောင့်၌ စလော့ဂါးလီးမင်း၏မိန်းမနှင့် ဆုံမိသည်။ သူတို့ယောကျ်ားတွေ စနေနေ့တွင် လွတ်လိမ့်မည်ဟု သတင်းပေးသွားခဲ့၏။ ကိုယ်ချင်းစာတရားထား၍ ဝမ်းသာစရာသတင်းအဖြစ် ပေးသွားခဲ့ခြင်းပေတည်း။

သူသည် နာရီကို မော့ကြည့်သည်။ ဤနာရီသည် အပေါင်ဆိုင်မှ ပထမဆုံး ဆင်မီကိုယ်တိုင် သွား၍ ပြန်ရွေးလာခဲ့သောပစ္စည်း ဖြစ်သည်။ သူသည် ရေပုံးကို မီးဖိုရှေ့သို့ ဆွဲယူသွားပြီး ရေနွေးဖြည့်သည်။ သူသည် ဤသံပုံးကြီးကို အသွားအပြန် ဆွဲရသည်မှာ တပင်တပန်း ရှိလှချေသည်။ ရေထည့်ပြီး ပြန်ဆွဲယူရသည့်အခါ ပို၍လေးသဖြင့် ပို၍ အားကုန်ရ၏။

အခုတလော သူသည် သိပ်ပြီး နေလို့မကောင်း။ အားနည်းခြင်း၊ ကတုန်ကယင်ဖြစ်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်း စသော ခံစားမှုများကို သူ ရရှိခံစားနေရ



သည်မှာ ကြာခဲ့ပြီ။ သူ့နံဘေးတစ်ဖက်အတွင်းထဲမှ နာကျင်မှုဝေဒနာသည် မကြာခဏ ပေါ်လာတတ်၏။ အခုလည်း ပေါ်လာပြန်ပြီ။ သူသည် နံဘေးတစ်ဖက်ကို လက်နှင့်နှိပ်ကာ ခေတ္တမျှ ရပ်နားနေရသည်။

အမှန်တော့ သူသည် ကျန်းမာသန်စွမ်းသော မိန်းမတစ်ယောက် ဖြစ်၏။ သို့သော်လည်း နေ့စဉ်နှင့်အမျှ ခံစားနေရသော သောကများကြောင့် တဖြည်းဖြည်းနှင့် အားအင်ကုန်ခန်းသလို ဖြစ်လာခဲ့ရသည်။ သူ့ဗိုက်ထဲတွင် ကလေးက ရှိနေပြန်ပြီ။ အကယ်၍ ထိုကလေးသည် အသက်ဝင်လာပြီဆိုပါက သူ့အခြေအနေသည် ကောင်းလာဖွယ်ရာ ရှိ၏။ သို့သော်လည်း ကလေးက ခုထက်ထိ မလှုပ်ရှားသေး။ ဗိုက်ထဲတွင် အဆမတန် လေးလံနေသည်မှတစ်ပါး အခြား ထူးခြားမှုဟူ၍ မရှိသေး။

တိုင်ကပ်နာရီမှ ငါးနာရီထိုးသံ ကြားရပြီ။ မကြာခင်မှာပင် ခြေသံများ ကြားရသည်။ နေးကွေးလေးလံစွာဖြင့် ခြေတရွတ်ဆွဲပြီး လျှောက်လာနေသည့် ခြေသံများ ဖြစ်သည်။ အလုပ်ခွင်တွင် ကိုးနာရီကြာမျှ အလုပ်လုပ်ခဲ့ရပြီးနောက် မြေပေါ်သို့ ရောက်လာခဲ့ကြသော အလုပ်သမားများအဖို့ အဘယ်မှာလျှင် မပင်ပန်းဘဲ နေကြပါမည်နည်း။ သို့သော်လည်း ထိုအလုပ်သည် ကောင်းသောအလုပ် ဖြစ်သည်။ စင်ကြယ်သော အလုပ်တစ်ခုလည်း ဖြစ်သည်။ ထိုစင်ကြယ်မှုသည် သူ၏ အမျိုးအနွယ်များနှင့် သူ့သွေးသားထဲတွင် ကိန်းဝပ်လျက်ရှိသည်။ သူ့သားများသည် ငယ်ရွယ်နုပျိုကြသေးသည်။ သို့သော်လည်း ကျန်းမာသန်စွမ်းကြသူများ ဖြစ်၍ အားကိုးလောက်၏။ ကျောက်မီးသွေးတူးသောအလုပ်သည် မိမိတို့ မျိုးရိုးစဉ်ဆက်အတွက် တည်ရှိလာခဲ့သောအလုပ် ဖြစ်၏။ သူ့သားများအား ထိုအလုပ်မှတစ်ပါး အခြား ဘာအလုပ်ကိုမှ မလုပ်စေချင်။

ထိုအခိုက်မှာပင် အိမ်ရှေ့တံခါးသည် ပွင့်သွားပြီး သူ့သားသုံးယောက် ဝင်လာသည်။ ပထမဆုံး ဟျူးဂီး၊ ထို့နောက် ဒေးဗစ်၊ နောက်ဆုံးမှ ဆင်မီ၊ ဆင်မီ၏ ချိုင်းကြားတွင် မိမိ မီးမွှေးရန်အတွက် သစ်သားတစ်တုံး ညှပ်လျက်။ ဆင်မီသည် အမြဲတစေ မအေအတွက် စဉ်းစားတတ်သည်။ ထိုအတွေးကြောင့် သူ့နှလုံးသားသည် နွေးထွေးသွားသည်။ သူ့သား ဆင်မီအား ဖက်၍ငိုချပိုက်ချင်သော စိတ်သည် ဖြစ်ပေါ်လာသည်။

သားများသည် အမေ့မျက်နှာကို ရှာဖွေကြသည်။ အခုတလော အိမ်တွင် ဒိစီးမှုတွေ များနေသည်။ မာသာ ကိုယ်တိုင်မှာလည်း အဖိအနှိပ်၊ အထုအထောင်းများအောက်တွင် ရောက်နေရ၏။ ဤအတွက် သားတွေပေါ်၌ အဖိအနှိပ်သည် ကူးစက်ရောက်ရှိနေကြသည်။ သူတို့မိသားစုသည် အခက်အခဲများနှင့်ပါ ရင်ဆိုင်ရုန်းကန်ကြရ၏။ သားများသည် မအေ့မျက်နှာကို မြင်ချင်ကြသည်။ အမေ့မျက်နှာ ဘယ်လိုနေသလဲ၊ ပြုံးသလား၊ မဲ့သလား၊ ရွှင်သလား၊ တင်းသလား။

'ဘယ်လိုလဲ အမေ' ဟု ဆင်မီက အပြုံးဖြင့် မေးသည်။ သူ ပြုံးလိုက်သည့်အခါ သွားများပေါ်တွင် ကပ်ငြိနေသည့် ကျောက်မီးသွေးမှုန့် မည်းမည်းများကို မြင်နေရ၏။

ဆင်မီသည် တခြားသားတွေလို "မာ" ဟု မခေါ်၊ "အမေ" ဟုသာ ခေါ်သည်။ "အမေ" ဟုသောခေါ်သံကို ကြားလိုက်ရသည့်အခါတိုင်း မာသာသည် စိတ်ပြစ်ရ၏။ သူသည် သားများအတွက် အဆင်သင့်ထည့်ထားသည့် ရေနွေးသံပုံးကြီးဘက်သို့ ခေါင်းဆတ်ပြလိုက်ပြီး စားပွဲပေါ်တွင် ခင်းကျင်းပြင်ဆင်သည်။

သားသုံးယောက်သည် မိခင်၏ ရှေ့မှောက်မှာပင် တွင်းတူးသမားဝတ်စုံများကို ချွတ်ကြသည်။ သူတို့၏ ကိုယ်ခန္ဓာများမှာ ကျောက်မီးသွေးမှုန့်များ ကပ်နေသဖြင့် မည်းနက်နေကြသည်။ မည်သူမှ လူရုပ်မပေါ်ကြ။ ထို့နောက် ရေနွေးသံစည်ပိုင်းသေးသေးတွင် ထည့်ထားသည့်ရေများကို ဝေငှ၍ ချိုးကြသည်။ ရေချိုးခန်းက ကျဉ်းလွန်းသဖြင့် ကတ်ကတ်သတ်သတ် ချိုးကြရခြင်း ဖြစ်သည်။ ဘယ်တော့ ရေချိုးချိုး သူတို့ ညီအစ်ကိုတစ်စုသည် တရင်းတနှီးရှိသည်။

'နည်းနည်းလောက် ဟိုဘက်တိုးပါဦး ဆင်ကြီးရ' ဟူသော ပြောသံနှင့် ....

'ဟာ ....မင်းဟာကလည်း ဆပ်ပြာကို ဝါးစားပစ်သလား အောက်မေ့ရတယ်' ဟူသော ပြောသံများမှတစ်ပါး အရင်တုန်းကလို ဆူဆူညံညံ ပြောင်သံနောက်သံများ မကြားရ။ အိမ်၌ ရင်ဆိုင်နေရသည့် ပြဿနာနှင့် သူ့အမေမာသာ၏ မျက်နှာထားများသည် သူတို့အား ငြိမ်ဆိတ်နေအောင် လုပ်ထားသည်။ ညစာစားကြသည့်အခါတွင်လည်း သူတို့အားလုံး နှုတ်ဆိတ်လျက်ရှိကြသည်။

ညစာသည် ဖွယ်ဖွယ်ရာရာနှင့် လုလုပပ ရှိသည်။ ကြက်သွန်များများနှင့် ကြော်ထားသည့် အသားစင်းကောကြော်နှင့် အာလူးပြုတ်များသည် အရသာရှိလှ၏။ တကယ်တော့ မာသာ၏ ညစာများသည် အမြဲတစေ အရသာထူးပြီး ဖွယ်ဖွယ်ရာရာ ရှိစမြဲ ဖြစ်သည်။ ယောကျ်ားတစ်ယောက်အတွက် အစားကောင်း အသောက်ကောင်းသည် များစွာတန်ဖိုးရှိသည်ကို သူ နားလည်ထားသည် မဟုတ်ပါလား။ ယောကျ်ားတစ်ယောက်အား အရသာရှိသည့် အစားကောင်း အသောက်ကောင်းများ ချက်ပြုတ်ကျွေးမွေးခြင်းသည် မယားကောင်းတစ်ယောက်၏တာဝန် ဖြစ်သည်ဟုလည်း သူ သိထားသည် မဟုတ်ပါလား။

တော်ပါသေး၏။ သပိတ်လှန်လိုက်ခြင်းသည် သူတို့အတွက် များစွာအသက်ရှူချောင်စေခဲ့သည်။ အကယ်၍ သပိတ်သာ ဆက်မှောက်နေလျှင် သူ့သားတွေကို အခုလို ကောင်းကောင်းမွန်မွန် ကျွေးနိုင်မည် မဟုတ်။ သူကိုယ်တိုင်ကတော့ စားချင်စိတ်မရှိ၍ မစား။ လက်ဖက်ရည်တစ်ခွက်သာ သောက်သည်၊ သူ့နောက်ကျောထဲမှ နာကျင်မှုဝေဒနာတစ်ခု ပေါ်လာပြန်သည်။



သူ့သားအားလုံး ညစာစားပြီးသွားကြပြီ။ ဒေးဗစ်သည် ပထမဦးဆုံးထသူ ဖြစ်သည်။ သူသည် စားပွဲမှထကာ သူ့စာအုပ်များချထားသည့် ထောင့်သို့သွားသည်။ ခွေးခြေလေးတစ်လုံးပေါ်၌ ဝင်ထိုင်ကာ မီးဖိုမှ မီးရောင်ဖြင့် စာအုပ်ကိုဖတ်သည်။ တစ်ခါတစ်ရံတွင် စာအုပ်ကို ပေါင်ပေါ်တင်၍ သူ့လက်ထဲမှ ခဲတံဖြင့် ရေးမှတ်သည်။

သူ့သားဒေးဗစ်သည် လက်တင်ဘာသာကို ကျက်မှတ်နေခြင်း ဖြစ်လိမ့်မည်ဟု မာသာက တွေးသည်။ ဤကိစ္စသည် သူ့ယောကျ်ား ရောဘတ်၏ အစီအစဉ် ဖြစ်သည်။ ဒေးဗစ်အား ကောလိပ်သို့ ရောက်စေချင်၍ ဤပညာ သင်ကြားမှုကို စခဲ့ခြင်း ဖြစ်သည်။ သူ့သား ဒေးဗစ်သည် လာမည့်နှစ်တွင် စကောလားရှစ်စာမေးပွဲ ဖြေဆိုရတော့မည် ဖြစ်သည်။

ရောဘတ်သည် သူ့သားဒေးဗစ်အား လက်တင်ဘာသာ သင်ကြားနိုင်ရန်အတွက် ဘီသဲလ်လမ်းမှ မစ္စတာကာမီချယ်ထံအပ်၍ ညကျောင်းတက်စေခဲ့သည်။ မာသာအနေနှင့်ကတော့ ကျောက်မီးသွေးတွင်းတူး အလုပ်သမားမျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်သဖြင့် စာဖတ်သည့်အလုပ်ကို အထင်မကြီး။ စာအုပ်တွေဖတ်၍ စာတွေ ကျက်မှတ်နေသော အလုပ်မှ အကျိုးတစ်စုံတစ်ရာ ရရှိလာလိမ့်မည်ဟုလည်း မယုံကြည်။

ညစာစားပွဲမှ ဒုတိယ ထလာသူမှာ ဟူးဂီး ဖြစ်သည်။ သူသည် ရေချိုးခန်းထဲဝင်သွားပြီး သူ့ဘောကန်ရှူးဖိနပ်နှင့် တူတစ်ချောင်းဆွဲကာ ပြန်ထွက်လာသည်။ သူသည် လူအများနှင့်ဝေးရာ မီးဖိုချောင်နောက်ဘက်အထိသွားကာ တင်ပလ္လင်ခွေထိုင်သည်။ ပြီးတော့ သူ့နည်း သူ့ဟန်ဖြင့် သူ့ရှူးဖိနပ်ကို သံစွာများရိုက်နေသည်။

လွန်ခဲ့သော စနေနေ့က သူသည် သူ့လုပ်ခထဲမှ ခြောက်ပဲနိကို သူ့အမေထံမှ ပြန်တောင်းထားခဲ့သည်။ သူ့အမေကလည်း သူ ဘာလုပ်မည်ကို သိဟန်တူ၏။ သူ တောင်းထားသည့်ငွေကို ဘာမှမပြောဘဲ ပြန်ပေးခဲ့သည်။ အမှန်တော့ သူ့သားက ခြောက်ပဲနိ ပြန်တောင်းသည်မှာ ဘောလုံးကိစ္စ ဖြစ်သည်ကို မာသာ သိသည်။ ထို့ကြောင့်လည်း ဘာမှ မမေးမမြန်းဘဲ အလွယ်တကူနှင့် ထုတ်ပေးလိုက်ခြင်း ဖြစ်လေသည်။

ဟူးဂီးသည် ဘောလုံးတွင် အသေအလဲ ဝါသနာပါသည်။ သာမန် ဝါသနာပါရုံမျှသာ မဟုတ်။ အသင်းကြီးတစ်သင်းတွင် ဘောလုံးသမား စုပါစတား ဖြစ်လိုသည်။ အနည်းဆုံး သီတင်းတစ်ပတ်လျှင် ခြောက်ပေါင်ရသည့် ဘောလုံးသမားတစ်ယောက် ဖြစ်ချင်သည်။ ထိုရည်မှန်းချက်သည် သူ၏ လျှို့ဝှက်ချက်

လေးတင်ခု ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် စီးကရက်ကို ဝေးဝေးက ရှောင်သည်။ ဘီယာဆိုလျှင် တစ်ခွက်တစ်ဖလားပင် မသောက်။ မိန်းကလေးများနှင့်ဆိုလျှင်လည်း စကားပင် အဖက်လုပ်၍မပြော။

မိန်းကလေးများစွာက သူ့သား ဟူးဂီးအပေါ် စိတ်ဝင်စားကြသည်ကို မာသာ သိသည်။ ဟူးဂီးကတော့ လုံးဝ စိတ်မဝင်စား။ ညညဆိုလျှင်တော့ သူ့သား ဟူးဂီးသည် အပြင်ထွက်သည်။ တခြားကိစ္စ မဟုတ်။ ပြေးခြင်း ဖြစ်သည်။ ဘောလုံးအတွက် လေ့ကျင့်ခန်းဆင်းခြင်းဟု သူ့သားက ပြောသည်။ ထိုစကားကြားရတော့လည်း သူ့သားအတွက် စိတ်အေးနားအေး ရှိခဲ့ရလေသည်။

မာသာသည် သူ့သားဟူးဂီး၏ဘဝကို လက်ခံ သဘောတူခဲ့သည်။ သူ့သား ရည်မှန်းထားသည့်အတိုင်း ဖြစ်သွားပါက ကန့်ကွက်စရာမရှိဟုပင် သဘောထားခဲ့သည်။ သို့သော်လည်း သူ့သား ဘာ့ကြောင့် ဘောလုံးစုပါစတား ဖြစ်ချင်ရတာလဲဟု တွေးလိုက်သည့်အခါ သူ့ရင်ထဲတွင် ခံစားမှုတစ်မျိုး ဝင်လာပြန်သည်။

တကယ်တော့ ဟူးဂီးသည် ကျောက်မီးသွေးတူး အလုပ်သမားဘဝမှ လွတ်ချင်၍ ဘောလုံးသမား အကျော်အမော်ဖြစ်ရန် အားထုတ်နေခြင်း ဖြစ်သည်။ သူ့သား၏ ရည်မှန်းချက်အစစ်သည် အခြားလူငယ်များကဲ့သို့ပင် ကျောက်မီးသွေးတွင်းမှ အလုပ်ကို စွန့်ခွာသွားရန် ဖြစ်၏။ သည်လိုဆိုပြန်တော့လည်း သူ့သား၏ ရည်မှန်းချက် မအောင်မမြင် ဖြစ်မည်ကို စိုးရိမ်ရပြန်သည်။ မည်သို့ပင်ဆိုစေ ဟူးဂီးသည် ဘောလုံးသမားကောင်းဖြစ်ဖို့ အပြင်းအထန် ကြိုးစားနေသည်ဖြစ်ရာ ဤကြိုးစားမှုအတွက် ထိုက်သင့်သလောက်တော့ ခံစားရမည်မှာ မလွဲဟု သူယုံကြည်မိလေသည်။

သူသည် ဟူးဂီးအကြောင်းကို တွေးနေမိရာမှ သူ့မျက်လုံးအစုံသည် သူ့သားငယ် ဆင်မီဆီသို့ ရောက်သွားသည်။ ဆင်မီသည် စားပွဲ၌ ထိုင်နေဆဲ။ သူသည် ခက်ရင်းဖြင့် စားပွဲခင်းပေါ်၌ ပုံအမျိုးမျိုး ဖော်နေရာမှ သူ့အမေက သူ့အား လှမ်းကြည့်သည်ကို သတိထားမိသည်။ သူသည် ထိုင်နေရာမှ အိပ်ချင်မူးတူးဖြင့် ထရပ်သည်။ သူသည် ဂျက်ကက်အင်္ကျီအိတ်ကပ်များတွင် လက်နှိုက်ကာ ကြေဇလုံအပေါ်ဘက်မှ မှန်ရှိရာသို့ လျှောက်သွားသည်။ ဆပ်ပြာစင်ပေါ်၌ အစဉ်အမြ တင်ထားသော ဘီးကိုယူ၍ သူ့ဆံပင်ကို ဖြီးနေသည်။

ထို့နောက် သူသည် မွန်းလွဲပိုင်းက မီးပူတိုက်ထားသော ရှပ်အင်္ကျီကို ယူဝတ်သည်။ နက္ကတိုင်ကို တပ်သည်။ မှန်ထဲမှ သူ့အရိပ်ကို ပြန်ကြည့်သည်။ သူ့ကက်ဦးထုပ်ကို လှမ်းယူကာ တံခါးဆီသို့ လျှောက်သွားသည်။ လက်နှစ်ဖက်



ကို ဒူးများပေါ်၌တင်၍ ထိုင်နေသော မာသာသည် လှုပ်ရှားလာသည်။ သူ့သားငယ်အား တစ်ချက်မျှ လှမ်းကြည့်ပြီး 'ဆင်မီ' ဟု အသံပြုသည်။

ဆင်မီသည် တံခါးကိုဖွင့်ပြီး ထွက်တော့မည်ဟု ဟန်ပြင်နေရာမှ သူ့အမေအား လှည့်ကြည့်သည်။

'မင်း ဘယ်သွားမလို့လဲ ဆင်မီ'

'ကျွန်တော် အပြင်သွားမလို့'

ဆင်မီ၏အပြုံးကြောင့် မာသာ၏စိတ်သည် ပျော့မသွား။

'မင်း အပြင်သွားမယ်ဆိုတာ ငါ သိတယ်၊ ငါ မေးတာက မင်း ဘယ်သွားမှာလဲလို့ မေးတာ'

'လမ်းလျှောက်မလို့'

'ဘယ်လမ်းလဲ ကွေးလမ်းလား'

ဆင်မီက သူ့အမေအား ကြည့်သည်။ သူ့မျက်နှာသည် နီရဲနေသည်။ ခေါင်းမာမည့် အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။

'ဟုတ်တယ် အမေ၊ အမေ သိချင်တယ်ဆိုရင်တော့ ကွေးလမ်းကို သွားမလို့'

မိမိ ထင်သည့်အတိုင်း မှန်နေပြီ။ ဆင်မီသည် အင်နီမေဆာနှင့် သွားတွေ့မိမည် ဖြစ်၏။ မာသာသည် မေဆာ မိသားစုကို မုန်းတီးသူ ဖြစ်သည်။ သူသည် သူတို့အပေါ်တွင် လုံးဝ အယုံအကြည်မရှိ။ အမြော်အမြင်မရှိသော ဖခင်၊ အလွန်ဆိုးယုတ်ရိုင်းစိုင်းသော သူ့သား ပတ်ဂ်မေဆာ၊ သူတို့မိသားစုသည် စလော့ခါးလီးမင်း မိသားစုနှင့် အတူတူပင် ဖြစ်သည်။ သူတို့အားလုံးသည် ဂုဏ်သိက္ခာ အလွန်ကင်းမဲ့သည့် မိသားစုများ ဖြစ်သည်။

သူတို့ မိသားစုသည် ကျောက်မီးသွေးတွင်း အလုပ်သမားများပင် မဟုတ်ကြ၊ သူတို့သည် တံငါလုပ်သားလိုလို၊ ဘာလိုလိုနှင့် မရေမရာဘဝတွင် နေထိုင်သူများ ဖြစ်သည်။ ဒီတစ်လ ကုန်းပေါ်၌ မြေဖြင့် လုပ်ကိုင်စားသောက်နေသော်လည်း နောက်တစ်လကျတော့ လှေနှင့် ငါးဖမ်းထွက်သည်။ ဤလိုလူစား မိသားစုအပေါ်၌ သူ ဘယ်လိုနည်းနှင့်မှ ကောင်းပါသည်ဟု မမြင်နိုင်။ သူ့အနေဖြင့် အင်နီမေဆာ၏ အကျင့်စာရိတ္တကို ဆိုးသည် မပြောလို။ ဤမိန်းကလေးသည် မိန်းမကောင်းလေးတစ်ယောက် ဖြစ်သည်ဟု အချို့က သူ့အား ပြောပြဖူးသည်။ သို့သော်လည်း ဤမိန်းကလေးသည် သူ့သား ဆင်မီနှင့် သင့်တော်လျော်ကန်သည့် မိန်းကလေး မဟုတ်။ ဤမိန်းကလေးသည် သူ့သားနှင့် မသင့်တော်သည့် မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်သည်။

ဤမိန်းကလေးသည် လမ်းပေါ်တွင် ငါးရောင်းနေသည့် ငါးစိမ်းသည်မဖြစ်၏။ ယာမောက်လို မြို့ကလေးကိုပင် ရောက်ဖူးသူ မဟုတ်။ မိမိ၏သား ဆင်မီသည် နောင်တစ်ချိန်တွင် ကျောက်မီးသွေးတွင်း၌ အဆင့်မြင့်မြင့်နေရာကို ရနိုင်မည့် အလားအလာကောင်းများ ရှိနေသူ ဖြစ်၏။ သူ့သားကို ဘာမျှော်လင့်ချက်မှမရှိသည့် အင်နီမေဆာလို မိန်းကလေးမျိုးနှင့် လုံးဝ မပေးစားနိုင်။ သူသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

'ဒီည မင်း ဘယ်ကိုမှမသွားနဲ့ ဆင်မီ'

'အမေကလည်းဗျာ၊ ကျွန်တော် လာမယ်လို့ ကတိပေးထားပြီးပြီ၊ ပတ်ဂ်မေဆာနဲ့ ကျွန်တော် အပြင်သွားကြဖို့ ချိန်းထားတယ်၊ ပြီးတော့ အင်နီလည်း လိုက်မှာ'

'မင်း ကတိပေးထားတာတွေ ဘာတွေ မလိုချင်ဘူး၊ ငါ မင်းကို မသွားစေချင်ဘူး'

ဆင်မီသည် ဤတစ်ကြိမ်တွင် သူ့အမေအား ရဲရဲဝံ့ဝံ့ ရင်ဆိုင်သည်။ သူ့မျက်လုံးများသည် အလျှော့မပေး ဟူသော အရိပ်အငွေ့များကို ဖော်ပြနေကြသည်။

'အင်နီ မျှော်နေလိမ့်မယ် အမေ၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ကျွန်တော် မသွားလို့မဖြစ်ဘူး၊ သွားရလိမ့်မယ်'

ပြောပြောဆိုဆိုပင် ဆင်မီသည် အပြင်ဘက်သို့ထွက်ကာ တံခါးကို အသာအယာ ပြန်ပိတ်ထားခဲ့သည်။

မာသာသည် တောင့်တောင့်မတ်မတ်ကြီး ထိုင်ကာ သူ့ရှေ့ကို စူးစိုက်ကြည့်နေသည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် သားငယ် ဆင်မီဘက်မှ သူ၏ဆိုဆုံးမမှုကို မနာခံခြင်းပေတည်း။ သူသည် ပါးကို အရိုက်ခံရသည့်နှယ် ခံစားရသည်၊ ဒေးဗစ်နှင့် ဟူးဂီးတို့က သူ့အား လှမ်းကြည့်နေသည်ကို သတိထားလိုက်မိသော မာသာသည် သူ့ကိုယ်သူ ဣန္ဒြေပြန်ဆယ်သည်။ သူသည် ဖျတ်ခနဲထသွားပြီး စားပွဲကို ရှင်းလင်းသုတ်သင်သည်။ ပန်းကန်များကို တုန်ယင်နေသော လက်များဖြင့် ဆေးကြောနေသည်။

'အမေ ကျွန်တော် ဆေးပေးရမလား' ဟု ဒေးဗစ်က လှမ်းမေးသည်။

မာသာက ခေါင်းခါသည်။ ပန်းကန်များကို သူ့ဘာသာသူပင် ပြီးအောင်ဆေးသည်။ ပြီးတော့ တစ်နေရာ၌ထိုင်ကာ အဝတ်ဟောင်းများကို ဖာထေးနေသည်။ သူသည် ဆင်မီ၏ တွင်းတူးလုပ်သားဝတ်စုံနှင့် ဖလန်နယ်အင်္ကျီအပေါက်များကို ချုပ်နေခြင်း ဖြစ်၏။ သူသည် ဆင်မီ၏ ဘောင်းဘီအပေါက်ကိုကြည့်ကာ ရင်ထဲ၌ နာကျင်နေသည်။



သူသည် ဆင်မီနှင့် ဆက်ဆံရာ၌ ကြမ်းတမ်း တင်းကျပ်နေလေသလား၊ ဆင်မီအား ဆိုဆုံးမရာ၌ တစ်ဖက်စောင်းနင်း ဖြစ်နေလေသလား။ အခုကိစ္စတွင် အပြစ်ဆိုရမည့်လူမှာ ဆင်မီ မဟုတ်၊ မိမိသာလျှင် ဖြစ်လိမ့်မည်ဟု သူ ယူဆမိ၏။ ထိုအယူအဆ ဝင်လာသည့်အခါ သူ့နှလုံးသားသည် နာကျင်ရပြန်သည်။ အကယ်၍ သူ့ဘက်ကသာ အေးအေးသာသာနှင့် တရင်းတနှီး ပြောဆို ဆက်ဆံသွားမည်ဆိုပါက ဆင်မီသည် သူ ဆိုဆုံးမသမျှကို နာခံလိမ့်မည်ဟု ထင်မိ၏။

သူသည် မျက်ရည်ဝိုင်းနေသော မျက်လုံးအစုံဖြင့် အပ်ကို သတိထား၍ ထိုင်ကာ အလုပ်ကို ဆက်လုပ်နေသည်။ ထိုအခိုက်မှာ ကျောထဲမှ နာကျင်ကိုက်ခဲသော ဝေဒနာသည် ပေါ်လာပြန်သည်။ ယခုတစ်ကြိမ် နာကျင်မှုသည် ပြင်းထန်လှ၏။ သူသည် နာကျင်မှုအပေါ်တွင် အာရုံစူးစိုက်မိသည်။ ဘာ့ကြောင့် အခုလို နာတာလဲ။ သူသည် တစ်စုံတစ်ခုကို တွေးလိုက်မိသဖြင့် တုန်လှုပ်ချောက်ချားသွားသည်။ နာကျင်မှုကတော့ တိုး၍သာလာနေသည်။

သူသည် ထိုင်ရာမှထကာ မီးဖိုတံခါးပေါက်ကိုဖွင့်၍ အပြင်သို့ ထွက်ခဲ့သည်၊ သူသည် လက်တစ်ဖက်ဖြင့် ခြံစည်းရိုးကို ကိုင်ကာ ကျန်တစ်ဖက်ဖြင့် သူ့ဗိုက်ကိုမ၍ ငြိမ်ငြိမ်ကလေး ရပ်နေသည်။ သူ့ယောကျ်ား ထောင်ကျနေသည့် အချိန်အခါမှ ဤကိစ္စသည် ပေါ်လာရ၏။ သူကတော့ ဤအဖြစ်သည်လည်း ဂုဏ်သိက္ခာကျစရာ အဖြစ်တစ်ခုဟုပင် ထင်မိလေသည်။

အခုကိစ္စကို သားများ၏ မျက်စိအောက်၌ အဖြစ်ခံရမှာလား။ သူသည် အမှောင်ထုအတွင်း၌ရပ်ကာ လျှင်မြန်စွာ စဉ်းစားသည်။ သူ့အနေဖြင့် ဒေါက်တာကိုတော့ သို့မဟုတ် သားဖွားဆရာမ မစ္စက်ရီးစီးတို့အား ခေါ်နိုင်မည် မဟုတ်။ ဤကိစ္စအတွက် မိမိ စုဆောင်းထားသည့်ငွေများကို ရောဘတ်က သပိတ်ရန်ပုံငွေထဲ ထည့်ပစ်ခဲ့သည် မဟုတ်ပါလော။ အခုဆိုလျှင် သူ့မှာ ကြွေးတင်နေပြီ။ နောက်ထပ် အပိုကုန်ကျစရာငွေမရှိ။ တစ်ခဏအတွင်းမှာပင် သူသည် သူ့စိတ်သူ ပိုင်နိုင်စွာ ဆုံးဖြတ်လိုက်သည်။ သူသည် အိမ်ဘက်သို့လှည့်ပြီး လှမ်းအော်သည်။

'ဒေးဗစ် ....ရေ၊ မစ္စက်ဘရေ့စ်ကို သွားခေါ်စမ်း၊ အမေ့ကို လာကြည့်ပေးပါလို့ ပြော'

ဒေးဗစ်သည် သူ့အမေအား တအံ့တသြ ကြည့်နေသည်။ ဒေးဗစ်သည် အမြဲတစေ အဖေ့သား ဖြစ်သည်။ အခုကျတော့ အမေအတွက် ဖြစ်ပေါ်နေသော စိုးရိမ်သောက အရိပ်အငွေ့များသည် မာသာစိတ်ကို များစွာ ထိခိုက်လှုပ်ရှားစေခဲ့သည်။

'စိတ်မပူနဲ့ သား၊ အမေ နည်းနည်းနေမကောင်းဖြစ်နေလို့ ခေါ်ခိုင်းတာ'

သူ့သား ထွက်ခွာသွားသည့်အခါ သူသည် ခြေထောက်များကို မနိုင့်တနိုင်သယ်၍ သူ့သားများ၏ အခန်းသို့ လှေကားမှ တက်လာခဲ့သည်။

ဟာနာဘာရေ့စ်သည် မကြာခဏ ကိုယ်ဝန်လွယ်ခဲ့ရသူ ဖြစ်သည်။ ကလေးတစ်ယောက် မွေးပြီးတိုင်း သူသည် သူ့ယောကျ်ားနှင့် အတူမအိပ်ဟု အမြဲဆုံးဖြတ်သည်။ သို့သော် လက်တွေ့ဘဝတွင်မူ သူ့ဆုံးဖြတ်ချက်ကို အကောင်အထည် မဖော်နိုင်ခဲ့ချေ။

အိမ်နီးနားချင်းဖြစ်သော မစ္စက်ဘာရေ့စ်သည် ချက်ချင်း ရောက်လာသည်။ မစ္စက်ဘာရေ့စ်သည် တစ်ဖက်သားအပေါ်၌ သနားကြင်နာတတ်သည်။ ဝဝဖိုင့်ဖိုင့်ကြီးဖြစ်၍ အခုလို စိုးရိမ်စိတ်ဖြင့် အမောတကော ရောက်လာသည့်အခါ အသက်ပင် မှန်မှန်မရှူနိုင် ဖြစ်နေသည်။ သူကိုယ်တိုင် ကလေးမီးဖွားတော့မလားဟုပင် ထင်ရသည်။ သူသည် အမောပင် မဖြေတော့ဘဲ မာသာရှိရာ အပေါ်ထပ်သို့ တက်သွားလေသည်။

ဒေးဗစ်နှင့် ဟူးဂီးသည် မီးဖိုခန်းထဲ၌ ထိုင်နေကြသည်။ ဟူးဂီးသည် သူ့ဖိနပ်ကို ခွာတပ်ပြီးပြီဖြစ်၍ သတင်းစာတစ်စောင်ကို ဖတ်နေသည်။ သူ့စိတ်သည် သတင်းစာထဲတွင် မရှိ၊ သူ့အမေထံ ရောက်နေသည်။ ဒေးဗစ်ကလည်း သူ့စာတွင် စိတ်ဝင်စားဟန်ပြနေသည်။ သို့သော်လည်း နှစ်ယောက်စလုံး တစ်ယောက်မျက်နှာတစ်ယောက် မကြာခဏ လှမ်းကြည့်တတ်သည်။ သူတို့ခေါင်းများအထက်မှ အခန်းထဲတွင် အမေ ဘာဖြစ်နေပါလိမ့် ....။ နှစ်ဦးစလုံး၏ မျက်လုံးများသည် ရှက်စိတ်ဝင်နေခြင်းကို ဖော်ပြနေကြသည်။ ဤအသက် ဤအရွယ်ရောက်ခါမှ သူတို့အမေတွင် ကိုယ်ဝန်ရှိရ၏။ ဟုတ်မှ ဟုတ်ပါလေစ။

အပေါ်ထပ် အိပ်ခန်းဆီမှ ဘာသံမှမကြားရ။ တစ်ခါတစ်ရံတွင် မစ္စက်ဘာရေ့စ်၏ လေးလံသော ခြေသံများ ပေါ်လာတတ်သည်။ တစ်ကြိမ်တွင် ရေနွေးအိုးယူလာပေးဖို့ လှမ်းအော်သည်။ ဒေးဗစ်က ရေနွေးအိုးကို ကပျာကယာ ပို့ပေးခဲ့ရ၏။

ညဆယ်နာရီတွင် ဆင်မီ ပြန်ရောက်လာသည်။ ဒေးဗစ်တို့က အကြောင်းစုံဆီးပြောကြသည်။ သူ့မျက်နှာသည် နီရဲသွားသည်။ အမေ့အား ဆန့်ကျင်မိခဲ့သည့် လုပ်ရပ်အတွက် သူသည် နောင်တရ၍မဆုံး။ သူသည် အပေါ်ထပ်ကို မော့ကြည့်ကာ ....

'အမေ သနားပါတယ်' ဟု တီးတိုး ရေရွတ်သည်။

ညဆယ့်တစ်နာရီထိုးရန် မိနစ်နှစ်ဆယ်အလိုတွင် မစ္စက်ဘာရေ့စ်သည် သတင်းစာစက္ကူများနှင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကိုဆွဲ၍ အောက်ထပ်သို့ဆင်းလာသည်။ သူ့မျက်နှာသည် မကောင်း။ သူသည် ကြွေခွက်ဆီသို့သွားကာ သွေးချင်းချင်းနီနေသော လက်များကို ဆေးကြောသုတ်သင်သည်။ ရေတစ်ခွက်ခပ်၍ သောက်သည်။ ထို့နောက် သားအကြီးဆုံး ဆင်မီနှင့် မျက်နှာချင်းဆိုင်ကာ ပြောစရာရှိသည်များကို ပြောသည်။



'မိန်းကလေး မွေးတယ်၊ အသေကလေး မွေးတာ၊ တကယ့်ပိစိကလေးပဲ၊ ငါလည်း သားဖွားဆရာမ မစ္စက်ရီးစီး လုပ်သလို ကြိုးစားပြီး လုပ်ပေးခဲ့ပါတယ်၊ ဒါပေမဲ့ ကလေးက မရှင်ဘူးကွယ့်၊ ငါ မနက်ကျတော့ တစ်ခေါက် ထပ်လာခဲ့မယ်၊ အခု မင်းအမေကို ကိုကိုးတစ်ခွက်ဖျော်ပြီး သွားပို့ပေးလိုက်ပါ'

သူသည် လက်ထဲမှအထုပ်ကို ထွက်မကျအောင် အသေအချာ ပြင်ကိုင်သည်။ သတင်းစာထုပ်ထဲမှ စိမ့်ကျလာနေသော သွေးများကို ကြည့်နေသည့် ဒေးဗစ်ကိုကြည့်၍ ပြုံးသည်။ ထို့နောက် အိမ်ထဲမှ ထွက်သွားသည်။

ဆင်မီသည် ကိုကိုးတစ်ခွက်ဖျော်ပြီး အပေါ်ထပ်သို့ တက်သွားသည်။ သူသည် ဆယ်မိနစ်ခန့်ကြာမှ ပြန်ဆင်းလာသည်။ နဖူးတွင် ချွေးများစို့လျက်ရှိ၏။ ဒေးဗစ်သည် ဆင်မီထံမှ တစ်စုံတစ်ခု ပြောလေမလားဟူသော မျှော်လင့်ချက်ဖြင့် စောင့်မျှော်နေသည်။ သို့သော်လည်း ဆင်မီထံမှ ကြားရသည့်စကားမှာ သူ့အမေအကြောင်း မဟုတ်။

'တို့အိပ်ရာတွေ ဒီအခန်းထဲကို သယ်ခဲ့ကြ၊ ဒီတစ်ညတော့ တို့သုံးယောက် ဒီမှာပဲ အိပ်ကြရအောင်'

နောက်တစ်နေ့သည် အင်္ဂါနေ့။ မစ္စက်ဘာရေ့စ်သည် သူပြောထားသည့်အတိုင်း ရောက်လာပြီး မာသာ့အခြေအနေကို ကြည့်သည်။ သူ ပေးထားခဲ့သည့် ကတိအတိုင်း ကလေးအလောင်းကို ပြင်ဆင်ပြီး နေရာချထားပေးသည်။ အလုပ်ဆင်းမှ စော၍ ပြန်ရောက်လာသူမှာ ဒေးဗစ် ဖြစ်၏။ သူသည် မီးဖိုခန်းထဲသို့ ဝင်လာသည်။ အမှောင်ရိပ်များကျနေသော အခန်းထဲရှိ ပန်းကန်စင်ပေါ်တွင် တင်ထားသော ကလေးအလောင်းကို တွေ့ရလေသည်။

သူသည် အနီးသို့သွားပြီး ငုံ့ကြည့်သည်။ ကြောက်ခြင်း၊ လန့်ခြင်းနှင့် အံ့သြခြင်းများသည် သူ၏စိတ်ကို လှုပ်ရှားစေသည်။ ကလေးငယ်၏ လက်များသည် သေးကွေးလှပါဘိခြင်း။ ကြာရိုးလောက်သာ ရှိလိမ့်မည်။ လက်ချောင်းများတွင် လက်သည်း မရှိ။ မျက်နှာမှာ သူ့လက်တစ်ဝါးစာမျှသာ ရှိ၏။ ကိုယ်လက်အင်္ဂါကတော့ စုံသည်။ တစ်ကိုယ်လုံး သွေးမရှိသဖြင့် ဖြူဆွတ်နေသည်။ ပြာနှမ်းနေသော နှုတ်ခမ်းများသည် အသက်မရှင်လိုက်ရခြင်းကို အံ့သြနေသည့်နှယ် ဟနေကြသည်။

အတွေ့အကြုံများလှပြီဖြစ်သော မစ္စက်ဘာရေ့စ်သည် ကလေးအလောင်းကို စနစ်တကျ ပြင်ဆင်ပေးထားသည်။ ပါးစပ်နှင့် နှာခေါင်းပေါက်များတွင် ဂွမ်းစများ ဆို့ထားသည်။

'အိပ်ပျော်နေသလိုပဲ၊ သေနေတာနဲ့ မတူဘူး၊ သူ့ကို အပေါ်ထပ်မှာ ထားလို့မဖြစ်ဘူး၊ မင်းအမေက သူ့ကလေး အခုလိုဖြစ်သွားတာကို မကြည့်ရက်ရှာဘူး ဒေးဗစ်ရဲ့' ဟု မစ္စက်ဘာရေ့စ်က ပြောသည်။

ဒေးဗစ်သည် မစ္စက်ဘာရေ့စ်၏ စကားများကို ကြားတစ်ချက် မကြားတစ်ချက် ဖြစ်နေသည်။ ဤကိစ္စအပေါ်၌ မလိုလားသောစိတ်သည် ခေါင်းမာစွာတည်ရှိနေဆဲပင် ဖြစ်သည်။ ဘာ့ကြောင့် ဒီကလေး အသေလေး မွေးရတာလဲ၊ သူ့အမေသည် ဘာ့ကြောင့် အစားကောင်း မစားရတာလဲ၊ ဆရာဝန် ဆရာမများ၏ စောင့်ရှောက်ပြုစုမှုကို ဘာ့ကြောင့် မရရှိခဲ့တာလဲ၊ အမေ့ကျန်းမာရေး အခြေအနေကိုကြည့်ပြီး ဘာ့ကြောင့် လိုအပ်တာတွေ လုပ်မပေးနိုင်ခဲ့တာလဲ စသည့် စသည့် အတွေးများသည် သူ့ရင်ထဲတွင် ပြည့်ကျပ်နေသည်။

ထိုကလေး ဘာ့ကြောင့် မရှင်တာလဲ၊ ဘာ့ကြောင့် မပြုံးတာလဲ၊ ဘာ့ကြောင့် နို့ကလေးတစ်စက်မှ စို့မသွားနိုင်ရတာလဲ။ သူသည် တွေးရင်း တွေးရင်းနှင့် ဒေါသဖြစ်လာသည်။ သူ့ရင်ထဲ၌ နာလာသည်။ ဒီလိုအဖြစ်မျိုးတွေနှင့် ထိပ်တိုက်မတွေ့ရအောင် သူ ဘာလုပ်ရမည်နည်း။ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။ သို့သော်လည်း ထိုတစ်ခုခုကို သူ မသိ။ ဘာလုပ်ရမည်နည်း။ ဘယ်လို လုပ်ရမည်နည်း။ သို့သော်လည်း သူ့အနေဖြင့် တစ်ခုခုတော့လုပ်မှ ဖြစ်မည်။

ဆင်မီနှင့် ဟူးဂီးသည် နှစ်ဦးတွဲ၍ ပြန်ရောက်လာကြသည်။ သူတို့သည် ကလေးကို စိတ်ဝင်တစား လာကြည့်ကြသည်။ အဝတ်ပုံပေါ်မှာ ကလေးအလောင်းသည် ငြိမ်ဆိတ်နေသည်။ ထို့နောက် မစ္စက်ဘာရေ့စ် ကျော်ပေးထားသည့် ဝက်ပေါင်ခြောက်နှင့် ပေါင်မုန့်ညစာကို စားကြသည်။ ခါတိုင်းလို အစားကောင်းတော့ မဟုတ်။ ပြုတ်ပေးထားသည့် အာလူးများသည် မနူးမနပ် ဆတ်တတ်တတ် ဖြစ်နေသည်။ ရေချိုးခန်းတွင်လည်း ရေမပြည့်။ မီးဖိုခန်းတစ်ခုလုံး ကပြောင်းကပြန် ဖြစ်နေသည်။ အရာရာတိုင်းသည် မသန့်မရှင်း မသပ်မရပ် ဖြစ်နေသည်။ သူတို့သည် အမေ့လက်များကို တမ်းတလာမိကြလေသည်။

မကြာမီ ဆင်မီသည် အပေါ်ထပ်မှ ဆင်းလာသည်။ သူ့ညီများကို မသာမယာသော မျက်နှာထားဖြင့် ကြည့်သည်။

'ကလေးကို အခမ်းအနားနဲ့ မသင်္ဂြိုဟ်ဘူးလို့ အမေက ပြောတယ်၊ နောက်ထပ် ငွေကုန်မခံနိုင်ဘူးတဲ့၊ ငါလည်း ပြောတာပဲ၊ မရဘူး' ဟု ပြောသည်။



'မဟုတ်သေးဘူး ဆင်မီ၊ ရှာပန အခမ်းအနားလေးတော့ လုပ်ကြမှပေါ့' ဟု ဒေးဗစ်က ပြန်ပြောသည်။

'ကျွန်တော်တို့ မစ္စက်ဘာရေ့စ်နှင့် တိုင်ပင်ပြီးလုပ်ရင် ....'

သူတို့သည် မစ္စက်ဘာရေ့စ်အားခေါ်၍ ပြောသည်။ မစ္စက်ဘာရေ့စ်ကလည်း မာသာထံသွား၍ ရှင်းပြသည်။ မာသာက လက်မခံ။ သူ မရချင်သော ကလေးတစ်ယောက်အတွက် နောက်ထပ် ငွေကုန်ကြေးကျ မဖြစ်ချင်။ လူသေတစ်လောင်းကို ရှာပနအခမ်းအနား မလုပ်ဘဲ မြေမမြှုပ်ရဟု ဘယ်ဥပဒေကမှ ပြဋ္ဌာန်းထားခြင်း မရှိဟု မာသာက ဆိုသည်။

ဤကိစ္စမျိုးတွင် နံ့နံ့စပ်စပ် သိတတ်သော ဟူးဂီးသည် အိမ်၌ရှိနေသည့် သစ်သားပြားများဖြင့် ကလေးအတွက် ခေါင်းကလေးတစ်လုံး လုပ်သည်။ အတွင်းဘက်တွင် သန့်စင်သော စက္ကူများ အပြည့်ကပ်သည်။ ပြီးတော့ ကလေးအလောင်းကို ထည့်သည်။ ထို့နောက် အပေါ်မှ ပျဉ်ပြားတစ်ချပ်နှင့်ပိတ်ကာ ဟူးဂီးကိုယ်တိုင် သံများနှင့် အသေရိုက်လိုက်သည်။

ကြာသပတေးနေ့ညတွင် ဆင်မီသည် ခေါင်းကလေးကို ပွေ့ပိုက်ကာ တစ်ယောက်တည်း ထွက်လာခဲ့သည်။ သူ့ညီ ဟူးဂီးနှင့် ဒေးဗစ်တို့အား အိမ်၌နေခဲ့ကြရန် ပြောသည်။ မှောင်မိုက်သောညတွင် လေကလည်း ထန်လှ၏။ အိမ်၌ကျန်နေခဲ့ကြသော ညီအစ်ကိုနှစ်ယောက်သည် သူတို့အစ်ကို ဘယ်ဆီသွားမှန်းမသိ၊ သူ ပြန်ရောက်လာ၍ အကြောင်းစုံကို ပြောပြခါမှပင် အကြောင်းစုံကို သိကြရလေသည်။

ဆင်မီသည် အင်နီ၏ အစ်ကိုအကြီးဆုံး ပတ်ဂ်မဆာထံမှ ငွေငါးသျှိလင် ချေး၍ သချိုင်းစောင့် ဂက်ဒီးစ် လက်သို့ပေးကာ အလောင်းမြှုပ်နှံခွင့်ကို ရယူခဲ့သည်။ ဂက်ဒီးစ်ကလည်း ကလေးအတွက် သုသာန်တွင် ထောင့်တစ်ထောင့်ရှိ သီးခြား မြေကွက်လပ်ကလေးပေါ်၌ မြှုပ်နှံခွင့်ပေးခဲ့သည်။ ဒေးဗစ်သည် ဘယ်နေရာ၌ ကလေးအလောင်း မြှုပ်ခဲ့သည်ကို မသိ။ သို့သော်လည်း ဒေးဗစ်သည် မကြာခဏ တွင်းတိမ်တိမ်ကလေးကို တွေးကာ သောကဖြစ်သည်။ သူ့ညီမ၏ အလောင်းသည် လူမွဲဆင်းရဲသားတစ်ယောက် အလောင်းနှင့် ကပ်လျက်မဟုတ်ဟူသော အချက်ကိုတော့ ဆင်မီက ပြောပြသဖြင့် သိရသည်။ ဤအတွက် သူသည် များစွာဝမ်းသာသည်။

သောကြာနေ့ ကုန်လွန်၍ စနေနေ့သို့ ရောက်လာသည်။ မာသာ မီးဖွားသည်မှာ တနင်္လာနေ့ဖြစ်သည့်အားလျော်စွာ စနေနေ့ မွန်းလွဲပိုင်းတွင် မာသာသည် ရောဘတ် ပြန်ရောက်အလာကို တမျှော်မျှော်ဖြစ်လျက် ရှိလေသည်။

ရောဘတ်သည် ညရှစ်နာရီတွင် ရောက်လာသည်။ သူ ပြန်ရောက်သည့်အခါ မာသာတစ်ဦးတည်း မီးဖိုခန်းတွင် ရှိနေသည်ကို တွေ့ရ၏။ အိမ်ထဲသို့ အသာကလေးဝင်လာခြင်းဖြစ်၍ သူ ရောက်လာသည်ကို မာသာ မသိချေ။ ချောင်းဆိုးသံ ကြားခါမှပင် မီးဖိုပေါင့်နေသော မာသာသည် ချာခနဲ လှည့်ကြည့်သည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြသည်။ နှစ်ဦးစလုံး စကားမပြောကြ။

ရောဘတ်သည် သူ့ကက်ဦးထုပ်ကိုချွတ်ကာ ဆိုဖာပေါ်သို့ ပစ်ချလိုက်ပြီး စားပွဲတွင် နေးကွေးလေးလံစွာ ဝင်ထိုင်သည်။ မာသာသည် အသင့်တင်ထားသည့် ညစာပန်းကန် ပူပူနွေးနွေးကိုဆွဲယူပြီး ရောဘတ်ရှေ့၌ လာချသည်။ ရောဘတ်သည် ညစာကို ချက်ချင်းစားသည်။ သူ့မိန်းမကိုလည်း မကြာခဏ လှမ်းကြည့်သည်။

'ငါ့မိန်းမ ဘာတွေဖြစ်နေတာလဲ'

မာသာက ဒေါသဖြင့် တုံ့ပြန်သည်။

'ရှင် ကျွန်မကို မိန်းမလို့ မခေါ်ပါနဲ့'

ထိုအခါကျမှပင် ရောဘတ်သည် ဘာဖြစ်ခဲ့သည်ကို ဆင်ခြင်စဉ်းစားမိသည်။

'ဘာကလေးမွေးသလဲ' ဟု မေးသည်။ ရောဘတ်သည် သမီးလေးတစ်ယောက် လိုချင်စိတ် ပြင်းပြနေသည်မှာ ကြာခဲ့ပြီ။ မာသာသည် တုံ့ဆိုင်းမနေတော့ဘဲ မွေးဖွားလာသည့် သမီးငယ် သေသွားပြီဟု အသိပေးလိုက်သည်။

'ဖြစ်သွားပြီးတဲ့ကိစ္စဟာ ဘာတတ်နိုင်တော့မှာလဲကွာ' ဟု ပြောကာ ရောဘတ်က သက်ပြင်းချသည်။

'မင်း တော်တော်ဒုက္ခရောက်သွားသလား'

မေးလိုက်ပုံမှာ တဆိတ်လွန်လွန်းသည်ဟု မာသာက ထင်မိသည်။ သူသည် ချက်ချင်း ပြန်မဖြေ။ လက်ဖက်ရည်တစ်ခွက်ဖျော်ပြီး သူ့ရှေ့တွင် ချပေးပြီးခါမှ အဖြေပေးသည်။

'ကျွန်မ ဒုက္ခရောက်ခဲ့တာက ရှင်နဲ့ စတွေ့ကတည်းကပဲ'

ရောဘတ်သည် အေးအေးဆေးဆေး ဖြစ်လိုစိတ်ရှိသော်လည်း မာသာက ဒေါကြီးလွန်းနေသဖြင့် သူပါရော၍ စိတ်တိုလာသည်။

'သူ့ဘာသာသူ ဖြစ်ချင်သလိုတွေ ဖြစ်လာတာကတော့ ငါလည်း တားလို့မရဘူးဟေ့၊ သူတို့က ငါ့ကို ဘာအပြစ်မှမရှိဘဲ ထောင်ချခဲ့တာ၊ အဲဒါကို မင်းနားလည်လိမ့်မယ်လို့ ငါကတော့ မျှော်လင့်မိခဲ့တယ်' ဟု စိတ်ဆိုးမာန်ဆိုး ပြန်ပြောသည်။



'ကျွန်မ နားမလည်ဘူး' ဟု မာသာက ခါးနှစ်ဖက်ကိုထောက်ကာ ပြန်အော်သည်။

'သူတို့က ငါ့ကို သပိတ်မှောက်ကတည်းက အငြိုးထားတာ ....ကွ၊ မင်းသေိဘူးလား'

'ဒါကတော့ အံ့သြစရာ မရှိပါဘူး၊ ရှင့်လိုလူစား ဒီလိုပဲ ဖြစ်ရမှာပေါ့' ဟု မာသာက ဒေါသဖြင့် တုံ့ပြန်သည်။

ရောဘတ်၏ ဒေါသအိုးသည် ပေါက်ကွဲခဲ့လေပြီ။ သူ ဘာများ မကောင်းတာလုပ်ခဲ့လို့လဲ၊ သူသည် ကျောက်မီးသွေးတွင်းထဲက အလုပ်သမားများကို ခေါ်ဆောင်သွားခဲ့၏။ ဘာကြောင့်နည်း။ စကပ်ပါးဖလက်ထဲ၌ အန္တရာယ်များရှိနေ၍ ဖြစ်သည်။ နောက်ဆုံးကျတော့ သူ့အား အပြစ်မရှိ အပြစ်ရှာကာ လက်ထိပ်ခတ်၍ ဖမ်းဆီးချုပ်နှောင်ခဲ့၏။ ထောင်ဒဏ်အပြစ်ပေးခဲ့၏။ သူသည် တွေးရင်းတွေးရင်းက ဒေါသကြီးလာသည်။ သူသည် မာသာ၏မျက်နှာကို လက်ဝါးဖြင့် တအားပိတ်ရိုက်လိုက်သည်။

မာသာသည် နောက်တွန့်မသွား၊ ရိုက်ချက်ကို ခပ်တင်းတင်းပင် ခံယူသည်။

'ကျေးဇူးကမ္ဘာပဲ' ဟု ရေရွတ်သည်။

'ရှင့်အတွက် သိပ်ကောင်းတာပေါ့လေ၊ ကျွန်မ လိုချင်နေတာ ဒါပဲပေါ့ ဟုတ်လား'

ရောဘတ်သည် ကုလားထိုင်တွင် ပြန်ထိုင်လိုက်သည်။ သူ့မျက်နှာသည် ချက်ချင်းပင် ဖြူရော်ရော် ဖြစ်လာသည်။ ထို့နောက် ချောင်းဆိုးလာသည်။ သူ ဆိုးနေကျအတိုင်း တအားဆိုးခြင်း ဖြစ်၏။ မရပ်မနား အပြင်းအထန်ဆိုးခြင်း ဖြစ်သည်။ ချောင်းဆိုးရပ်သွားသည့်အခါ ထုံးစံအတိုင်း မောဟိုက်နွမ်းနယ်ကာ လှုပ်နိုင် မရှားနိုင်လောက်အောင် ဖြစ်သွားသည်။ သူသည် ခေါင်းငိုက်စိုက်ကျကာ ချောင်းဆိုးဝေဒနာ၏ဒဏ်ကို လက်မြှောက်အညံ့ခံရသည်။ ထို့နောက်တော့ ဆိုင်ရာမှထကာ အဝတ်များကို ချွတ်ချပြီး မီးဖိုခန်း အိပ်ရာပေါ်သို့ လှဲချလိုက်လေသည်။

နောက်တစ်ရက် တနင်္ဂနွေနေ့တွင် ရောဘတ်သည် နံနက် ခုနစ်နာရီကတည်းက အိပ်ရာမှ နိုးသည်။ သို့သော်လည်း သူသည် အိပ်ရာထက်၌ တစ်နေ့ခင်းလုံး လှဲနေသည်။ မာသာကတော့ အိပ်ရာမှ အစောကြီးထကာ ဘုရားကျောင်းသွားသည်။ သူသည် သူ့ကိုယ်သူ အားတင်း၍သွားခြင်း ဖြစ်၏။ ဘီသဲလ်လမ်းတစ်လျှောက်၌ တွေ့ရသည့်လူများ၏ ကိုယ်ချင်းစာမှု၊ သနားကြင်နာမှု စသည်တို့ ရှိနေသော အကြည့်များကို ရင်ဆိုင်၍ လာခဲ့ရခြင်း ဖြစ်လေသည်။

ထိုည ညစာသည် သားများအတွက် စိတ်ဆင်းရဲစရာ ဖြစ်သည်။ အဖေနှင့်အမေကြားတွင် ဒေါသအိုးပေါက်ကွဲတိုင်း ဤအဖြစ်မျိုးနှင့် ကြုံကြရစမြဲ ဖြစ်၏။ မိဘနှစ်ပါး အဆင်မပြေဖြစ်လျှင် တစ်အိမ်လုံး ကပြောင်းကပြန်တွေ ဖြစ်တတ်သည်မှာ သူတို့အတွက် အဆန်း မဟုတ်တော့။

ထိုညက ညစာစားအပြီးတွင် ရောဘတ်သည် ကျောက်မီးသွေးတွင်းဘက်သို့ လမ်းလျှောက်ထွက်သည်။ သူ့အား အလုပ်မှ ထုတ်ပစ်လိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော်လည်း သူ့အား အလုပ်မှ ထုတ်ပစ်သည်ကို မတွေ့ရ။ ဘာ့ကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်း။ ကျောက်မီးသွေးတွင်းတူး အလုပ်သမားများကိုယ်စားလှယ် ဟက်ဒွန်း၊ အလုပ်သမားအဖွဲ့ချုပ်မှ ဟာရီနူဂျင့်တို့နှင့် ခင်မင်ရင်းနှီးမှုကြောင့် ဖြစ်သည်ကို သူ တဖြည်းဖြည်း နားလည်လာသည်။ အလုပ်သမားအဖွဲ့ချုပ်နှင့် နောက်ထပ် ပြဿနာဖြစ်မည်ကိုစိုး၍ မိမိအား အလုပ်မှမဖြုတ်ဘဲထားကြခြင်းပင်တည်း။

သူသည် အိမ်သို့ တန်းပြန်လာသည်။ မီးဖိုဘေးတွင်ထိုင်၍ စာဖတ်သည်။ ပြီးသည့်အခါ အေးအေးဆေးဆေးပင် အိပ်ရာဝင်သည်။ နောက်တစ်နေ့နံနက်နှစ်နာရီတွင် သူသည် အလုပ်ဆင်းသည်။ မာသာသည် တစ်နေ့လုံး သူ့ယောကျ်ားပြန်အလာကို စောင့်မျှော်နေသည်။ ရလာသည့် လုပ်ခကို မပေးဘဲမနေရ။

အလုပ်ဆင်းချိန်တွင် ရောဘတ်သည် အိမ်သို့ ပြန်ရောက်လာသည်။ လုပ်ခငွေမပေးလျှင် ရန်ဖြစ်ရန် အသင့်မောင်းတင်ထားသော မာသာသည် ရောဘတ်ကို မြင်လိုက်သည့်အခါ ဘာကစ၍ ပြောရမှန်းမသိ။

'ဘယ်လိုလဲ' ဟူသာ စကားတစ်ခွန်းတည်းသာ ထွက်လာသည်။

ရောဘတ်မှာ စားပွဲကိုမှီ၍ ထိုင်နေသည်။ အကြီးအကျယ် ချောင်းဆိုးလျက် ရှိသဖြင့် အသက်ပင် မရှူနိုင်။ သူသည် မာသာဘက်သို့ တစ်ချက် လှမ်းကြည့်သည်။

'သူတို့က ငါ့ကို နာမည်ပျက်စာရင်းမှာ သွင်းထားတယ်၊ အခု ငါ့ကိုအဆိုးဆုံးနေရာမှာ တာဝန်ချထားတယ်၊ ခေါင်မိုးက သုံးပေပဲ မြင့်တယ်၊ တစ်နေ့လုံး ရေထဲမှာ အလျားမှောက်ပြီး အလုပ်လုပ်ခဲ့ရတယ်' ဟု ရောဘတ်က ရှင်းပြနေသည်။

မာသာ၏ရင်ထဲ၌ သူ့ယောကျ်ားအပေါ် ကြင်နာသနားသည့်စိတ်သည် ပေါ်လာသည်။ ဤစိတ်ကြောင့် စောစောက ရှိနေခဲ့သော အာဃာတများသည် လွင့်ပျောက်သွားသည်။ သူ့လက်နှစ်ဖက်သည် သူ့ယောကျ်ားထံသို့ ရောက်သွားသည်။



'ကဲ ....လာ ....လာ ကျွန်မ လုပ်ပေးမယ်' ဟု ပြောသည်။

သူသည် ရောဘတ်၏ကိုယ်ပေါ်မှ အဝတ်များကို ဂရုတစိုက် ချွတ်ပေးသည်။ ပြီးတော့ သူကိုယ်တိုင် ရေချိုးပေးသည်။ သူသည် ရောဘတ်အပေါ်၌ အခုအချိန်ထိ ချစ်နေဆဲပါတကား ....။

* * * * *

## (၉)

ဒေးဗစ်သည် မြေအောက်တွင်းထဲသို့ဆင်းသည့် ဗဟိုတွင်းမကြီးနှင့် နှစ်မိုင်အကွာမြေအောက်အနက် ပေငါးရာရှိ တွင်းထဲ၌ ရောက်နေသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းများထဲတွင် ပါရာဒိုက်စ်ဟု အမည်ပေးထားသော ဤတွင်းသည် အနိမ့်ဆုံးတွင်း ဖြစ်၏။ အကောင်းစား ကျောက်မီးသွေး ထွက်ရှိသောတွင်းဖြစ်၍ နာမည်ကြီးသော တွင်းတစ်တွင်း ဖြစ်လေသည်။

အချိန်မှာ အစာစားချိန်ခန့်တော့ ရှိနေပြီဟု ဒေးဗစ်က ခန့်မှန်းသည်။ သူ့တွင် လက်ပတ်နာရီ မရှိ၍ အချိန်ကို အတိအကျ မသိရသော်လည်း သွားချည်တစ်ခါ ပြန်ချည်တစ်လှည့် လုပ်နေကြရသည့် ကျောက်မီးသွေးတင် သံခွက်ကြီး၏ အခေါက်ပေါင်းနှင့်တွက်ကာ စားချိန်သောက်ချိန် ရောက်နေပြီဟု ခန့်မှန်းလိုက်ခြင်း ဖြစ်၏။

သူသည် ကျောက်မီးသွေး အတင်အချလုပ်သည့်ဆိပ်၌ ဒစ်ခ်နှင့်အတူ ဘေးချင်းကပ်၍ ရပ်နေခြင်း ဖြစ်သည်။ သံခွက်ကြီးများတွင် ကျောက်မီးသွေးများပြည့်လာတိုင်း တယ်လီဘရောင်းသည် ကောင်းကင်စက်သီးကြိုးခလုတ်ကို နှိပ်သည်။ ထိုအခါ ကျောက်မီးသွေး ပြည့်နေသော သံခွက်ကြီးများသည် အရှိန်ပြင်းစွာဖြင့် ပြေးလာကြသည်။ ကျောက်မီးသွေးများ ချပြီး၍ လွတ်နေသော သံခွက်ကြီးများကလည်း နောက်ဘက်သို့ ပြန်လည်ရွေ့လျားသွားကြသည်။

ဒေးဗစ်သည် ဒစ်ခ်၏ဘေးမှရပ်ကာ တယ်လီဘရောင်း၏ ခလုတ်အနှိပ်ကို စောင့်ဆိုင်းလျက်ရှိသည်။ ဒေးဗစ်သည် ပါရာဒိုက်စ်တွင်းကို မုန်းတီးသူဖြစ်၏။ သို့သော်လည်း သူသည် ဤတွင်း၏ ကျောက်မီးသွေး အတင်အချလုပ်ရာဆိပ်ကိုတော့ အတော်ကြီး သဘောကျသည်။ ဤဆိပ်သည် အလွန်အေးသည်။ ချွေးတစိုစိုဖြင့် အမောတကော ဖြစ်နေသော လူတစ်ယောက်အဖို့ အလွန် အမောပြေသောနေရာ ဖြစ်သည်။ ထိုနေရာသည် စန့်စန့်မတ်မတ် ရပ်လို့ရသောနေရာဖြစ်၏။ မိမိ၏ဦးခေါင်းနှင့် ခေါင်မိုး တိုက်မိမည်ကို မစိုးရိမ်ရ။

ဒေးဗစ်သည် တယ်လီဘရောင်း၏ ခလုပ်နှိပ်ကိုစောင့်ရင်း သူ့ဘဝရှေ့ရေးကို တွေးနေမိသည်။ ယနေ့သည် စနေနေ့ ဖြစ်၏။ ဤစနေသည် မိမိအဖို့ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း၌ နောက်ဆုံးစနေ ဖြစ်မည်ဆိုပါက မည်မျှကောင်းပါမည်နည်း။ နောက်ဆုံးစနေသာမက မိမိအတွက် နောက်ဆုံးရက်ဖြစ်လျှင် ပိုကောင်းလိမ့်မည် ထင်၏။ သူသည် ကံကောင်းချင်လှပါ၏။ သူသာ ကံကောင်းလျှင် ဤဘဝမှ လွတ်မြောက်နိုင်လိမ့်မည် ဖြစ်သည်။

သူသည် ကျောက်မီးသွေးတွင်းကို အစဉ်အမြဲ မုန်းတီးစက်ဆုပ်သူ ဖြစ်သည်။ သူ့အပေါင်းအသင်းတွေထဲမှ တချို့ကတော့ ကျောက်မီးသွေးတွင်း အလုပ်သမားဘဝကို ကြိုက်ကြသည်။ သူတို့လူစုကျတော့ ရေငုပ်နေရခြင်းကို အလွန်သဘောကျနေကြသည့် ဘဲတွေနှင့် တူလှချေသည်။ ဒေးဗစ်ကတော့ ဤဘဝကို လုံးဝမကြိုက်။ နည်းနည်းကလေးမှ ကြိုက်လို့မရ။ ဘယ်တော့မှ ကြိုက်လိမ့်မည်ဟုလည်း သူ မထင်။

တကယ်တော့ ကျောက်မီးသွေးတူး အလုပ်သမားလောက၌ နေရသည်မှာ အပိတ်အလှောင်ခံနေရသည့်နှယ် မွန်းကျပ်လှ၏။ တစ်လုံးပေါ်တစ်လုံး ထပ်လုမတတ် ပြွတ်သိပ်ကျပ်တောက်နေသော အိမ်များ၌ နေထိုင်ရသည်မှာလည်း စိတ်ချမ်းသာစရာ တစ်စက်မှမရှိ။ အလုပ်ကျတော့လည်း မြေအောက်သို့ဆင်း၍ လုပ်ကိုင်ရသောအလုပ် ဖြစ်၏။ အလွန်နက်ရှိုင်းသော မြေကြီးအောက်၌ နေထိုင်လုပ်ကိုင်ရခြင်းဖြစ်၍ ကြောက်မယ်ဖွယ်ကောင်းလှချေသည်။

အပြင်ဘက် မြေပြင်ပေါ်၌ နေရောင်ခြည်များ ဖြာကျနေပြီး လေတဝှူးဝှူး တိုက်ခတ်နေချိန်တွင် မိမိတို့သည် မှောင်နှင့်မည်းမည်း ဖြစ်နေသော မြေအောက်၌ ချွေးဒီးဒီးကျမျှ ရုန်းကန်လှုပ်ရှားနေကြရ၏။ ထိုဘဝမျိုးသည် အဘယ်မှာလျှင် ကြိုက်ချင်စရာ ကောင်းပါမည်နည်း။ စကောလားရှစ် ပညာသင်ဆု စာပေးပွဲ ဖြေဆိုရန်အတွက် မိမိအား ကူညီနေသော ဘီသဲလ်လမ်းကျောင်းမှ ဆရာ မစ္စတာ ကာမီချယ်ကတော့ ဤအလုပ်ကို လုပ်နေရသူသည် 'အပိတ်အလှောင်ခံထားရသည် ဟူသော စိတ်အစွဲအလမ်း ဝင်တတ်သည်' ဟု သူ့အား ပြောခဲ့ဖူးသည်။

ထို့ကြောင့်လည်း ဒေးဗစ်သည် တွင်းတူးအလုပ်ကို စလုပ်ကတည်းက ထိုအစွဲ ဝင်မလာအောင် အမြဲတစေ ခုခံတွန်းလှန်ခဲ့သည်။ အကယ်၍သာ ယင်းအစွဲကို သူ လက်ခံလိုက်မည်ဆိုပါက သူသည် သူ့လည်ပင်းသူ ကြိုးကွင်းစွပ်၍ သတ်သလို ဖြစ်ရပေလိမ့်မည်။ ထိုအစွဲ မဝင်အောင် သူ့စိတ်သူ သတိထား၍ စောင့်ကြပ်ထိန်းသိမ်းခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှ အပြီးအပိုင် ထွက်



ခွာသွားရမည်ဆိုလျှင်တော့ သူသည် ဝမ်းသာစွာဖြင့် ခွဲခွာသွားမည်သူ ဖြစ်သည်။ သို့သော်လည်း သူ့တွင် ထူးဆန်းသော အယူအဆတစ်ခုကတော့ ရှိနေသည်။ လူငယ်တစ်ဦးသည် ကျောက်မီးသွေးတွင်းထဲသို့ တစ်ကြိမ်တစ်ခါမျှ ဆင်းမိပါက ထိုလူငယ်အား ကျောက်မီးသွေးတွင်းက သူပိုင်ဆိုင်သော လူတစ်ယောက်အဖြစ် သတ်မှတ်သွားတတ်ကြောင်း၊ အကယ်၍ တွင်းမှ အပြီးအပိုင် ထွက်ခွာသွားတော့မည်ဆိုပါမူ ထိုတွင်းက ခွင့်ပြုရန် ငြင်းဆန်တတ်ကြောင်း စသည့် အယူအဆဖြစ်သည်။

အမှန်တော့ ထိုအယူအဆသည် ရှေးရိုးစဉ်လာက တည်ရှိလာခဲ့သော အယူအဆ ဖြစ်သည်။ ကျောက်မီးသွေးတူး အလုပ်သမားဟောင်းကြီးများကတော့ ထိုအယူအဆမှာ တမင်သက်သက် နောက်ပြောင်ပြောခြင်းမျှသာ ဖြစ်သည်ဟု ဆိုကြသည်။ ဒေးဗစ်သည် ထိုအယူအဆအကြောင်းကို တွေးမိသည့်အခါ ပြုံးမိသည်။

တယ်လီဘရောင်းသည် ကျောက်မီးသွေးများ ချပြီးသွားသည့် သံခွက်တွဲကြီးများ တွင်းထဲသို့ ပြန်ဆင်းသွားစေရန် စက်ခလုတ်ကို နှိပ်လိုက်သည်။ ဒေးဗစ်က သံခွက်ကြီးများကို လေးလုံးတစ်တွဲစီ တွဲပြီး လွှတ်ပေးနေသည်။ အားလုံး ပြီးသွားသည့်အခါ သူသည် သံခွက်ကြီးများ၏ အဆင်းလမ်းဘားပေါ်သို့ ခုန်တက်ကာ လိုက်ပါသွားသည်။ သူ့နောက်မှ သံခွက်ကြီးများသည် တဂျုံးဂျုံး မြည်ဟီးကာ လိုက်လာနေကြသည်။ သူသည် အဆင်းလမ်းဘားအတိုင်း လျှောဆင်းသွားနေသည်။

သူ ဆင်းသွားနေသည့်အရှိန်မှာ မသေးလှ။ အခုလို မြန်မြန်ဆင်းနိုင်သူသည် သူတစ်ဦးတည်းသာ ရှိ၏။ အခုလို အရှိန်ပြင်းစွာဖြင့် ဆင်းနိုင်သည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူ၍မဆုံး။ သူသည် သူ့ဦးခေါင်းကို ငုံ့သင့်သည့်နေရာတွင် ငုံ့သည်။ ခန္ဓာကိုယ်ကို ဟန်ချက်ပျက်မသွားအောင် ထိန်းသည့်အခါ ထိန်းသည်။ သူ လုပ်ကိုင်နေပုံသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် အန္တရာယ်များလှ၏၊ ထို့ကြောင့်လည်း သူ့အဖေက သူ့အား မကြာခဏ လာရောက်ကြည့်ရှုတတ်ခြင်း ဖြစ်သည်။ ဒေးဗစ်ကတော့ အခုလို မြန်မြန်ဆင်းသွားရခြင်းအတွက် ခံစားရသည့် သည်းထိတ်ရင်ဖို ဖြစ်ရခြင်းအပေါ်တွင် များစွာ သာယာမက်မောသည်။ သူသည် ကျောက်မီးသွေးတွင်း အလုပ်သမားများ၏ စုရပ်သို့ ရောက်သည့်အခါ လျှင်မြန်ဖျတ်လတ်စွာ ခုန်ဆင်းလိုက်လေသည်။

သူ ထင်ထားသည့်အတိုင်း နက်ဒ်ဆောဖ်လေးနှင့် တွမ်ရီးဒီးတို့သည် အလုပ်ကိုရပ်နားကာ အစာစားနေကြသည်ကို တွေ့ရသည်။

‘သော့ကောင် သူတောင်းစား၊ မင်း မစားသေးဘူးလား၊ စားလှည့်တော့လေကွာ’ ဟု တွမ်က ပါးစပ်ထဲ အပြည့်အသိပ် ထည့်ထားသည့် ပေါင်မုန့်နှင့် ဒိန်ခဲများကို ပလုတ်ပလောင်း ဝါးနေရင်းမှ လှမ်းခေါ်သည်။ ဒေးဗစ် ထိုင်နိုင်ရန်အတွက် တစ်ဖက်သို့ တိုးပေးသည်။

ဒေးဗစ်သည် သဘောကောင်းသည့် တွမ်ကို ခင်သည်။ တွမ်သည် ဂျိုး မရှိတော့၍ ဂျိုး၏နေရာတွင် လူစားဝင်လာခြင်း ဖြစ်သည်။ ဂျိုးတစ်ယောက်တော့ ဘယ်အရပ် ဘယ်ဒေသသို့ ရောက်နေသည် မသိ။ သူသည် ဂျိုးအကြောင်းကို မကြာခဏ တွေးမိသည်။ အခု သူ ဘာလုပ်နေသနည်း။ ဘာ့ကြောင့် ဂျိုးကို သူ သိပ်ပြီး သတိမရတာလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ဂျိုးသည် သူ့သူငယ်ချင်းပင် ဖြစ်၏။ သူ ဂျိုးကို သိပ်ပြီး သတိမရခြင်းသည် ဂျိုးနေရာသို့ ဝင်လာသော တွမ်က ဂျိုးထက် ပိုပြီး သဘောကောင်းနေလို့များလား။

ဒေးဗစ်သည် တွမ်နှင့်တွဲ၍ နေထိုင်ရသည်ကို သဘောကျသော်လည်း ယခု အစားလာစားဖို့ခေါ်သည်ကိုမူ လက်မခံဘဲ ငြင်းလိုက်သည်။ သူသည် အစားစားသည့်အခါအတိုင်း သူ့အဖေနှင့်သာတွဲ၍ စားနေကျဖြစ်သည်။ ထို့ကြောင့် အခုလည်း သူ့အဖေနှင့် စားလိုသည်။ သူသည် သူ့အစားအစာကိုယူကာ သူ့အဖေရှိရာဘက်သို့ ထွက်လာခဲ့သည်။

သူ ဝင်လာရသည့် ကျောက်မီးသွေးတွင်း၏ ဥမင်လိုဏ်ခေါင်းသည် နိမ့်လွန်းလှ၏။ သူသည် ခါးကို အဆမတန်ကုန်း၍ လျှောက်သွားနေရသည်။ အောက်တွင်လည်း ရေတွေက ရှိနေသဖြင့် လျှောက်ရသည်မှာ မလွယ်။ သူ လှမ်းလျှောက်သည့်အခါတိုင်း သူ့ဖိနပ်များဆီမှ တစွိစွိမြည်သံများ ကြားနေရ၏။ လိုဏ်ခေါင်းက နိမ့်လွန်းသဖြင့် တစ်နေရာအရောက်တွင် သူ့ခေါင်းသည် အပေါ်အမိုးနှင့် ဆောင့်မိသေးသည်။

သူ ရောက်သွားချိန်တွင် သူ့အဖေနှင့် စလော့ဂါးတို့သည် အလုပ်မှ မနားကြသေး။ ကျောက်မီးသွေးများကို သယ်ယူကာ သံခွက်ကြီးများထဲသို့ ထည့်နေကြဆဲ ဖြစ်သည်။ တကယ်တော့ သူတို့အလုပ်သည် ခက်ခဲပင်ပန်းလှချေသည်။ ရေထဲတွင် လုပ်နေကြရခြင်းဖြစ်၍ အဆမတန် ပင်ပန်းလှ၏။ သူသည် ရေမဝပ်သည့် နေရာတစ်ခု၌ ဝင်ထိုင်သည်။ သူ့အဖေ လုပ်ကိုင်နေပုံကိုကြည့်ကာ များစွာ အံ့သြနေမိသည်။ သူ့အဖေသည် အလွန်ကျွမ်းကျင်လိမ္မာစွာဖြင့် အလုပ်ကို လုပ်နေခြင်း ဖြစ်၏။ အတွေ့အကြုံများလှကြောင်းကို သူလုပ်ကိုင်နေပုံကိုကြည့်၍ အဆုံးအဖြတ်ပေးနိုင်၏။ စလော့ဂါးမှာလည်း သူ့အဖေလိုပင် ဖြစ်သည်။ သူ့ အလုပ်ကို အလွန်ကျွမ်းကျင်စွာ လုပ်ကိုင်နေခြင်းဖြစ်၍ သူ့တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွှဲရွှဲစိုလျက် ရှိလေသည်။



နောက်ဆုံးတွင် သူ့အဖေနှင့် စလော့ဂါးတို့သည် အလုပ်မှ နားကြသည်။ ချွေးကိုသုတ်ကာ သူ့ထံသို့ရောက်လာကြသည်။ သူ့အနီး၌ ဝင်ထိုင်ကြသည်။ သူ့သားကို မြင်သည့်အခါ ရောဘတ်က ....

‘ဘယ်လိုလဲ ဒေးဗစ်၊ အဆင်ပြေရဲ့လား’ ဟု မေးသည်။

‘အဆင်ပြေပါတယ် အဖေ၊ အဖေကော’ ဟု ဒေးဗစ်က ပြန်မေးသည်။

အခြားတစ်နေရာမှ တာဝန်ကျအလုပ်သမားဖြစ်သည့် ဟာရီဘရေ့စ်နှင့် အိုဂလီတို့သည် သူတို့ထံ ရောက်လာကြသည်။ ဒေးဗစ်၏ညီ ဟူးဂီးသည်လည်း ထိုလူနှစ်ယောက်၏နောက်မှ လိုက်ပါလာသည်။ သူတို့အားလုံးသည် တစ်နေရာ၌ စုထိုင်ကာ နေ့လယ်စာ စားကြသည်။

တစ်နံနက်ခင်းလုံး တပင်တပန်း အလုပ်လုပ်နေခဲ့ရသော ဒေးဗစ်အဖို့တော့ သူ့အမေ ထည့်ပေးလိုက်သည့် ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်သည် အရသာ ရှိလှ၏။ သို့သော်လည်း သူ့အဖေကတော့ အစာကို များများမစားနိုင်။ ပုလင်းနှင့် ထည့်လာသည့် လက်ဖက်ရည်ကိုသာ အများကြီး သောက်သည်။ လင်မယား နှစ်ယောက် ပြန်လည်သင့်မြတ်ချိန်မှစ၍ မာသာသည် ရောဘတ်အတွက် အစားကောင်းများကို ကျကျနနလုပ်၍ ထည့်ပေးနေသည်။ သို့သော်လည်း ရောဘတ်သည် သူ့အတွက် ထည့်ပေးလိုက်သည့် မုန့်ကို စလော့ဂါးအား အမြဲတစေ တစ်ဝက် ခွဲဝေပေးလေ့ရှိသည်။ သူ သိပ်မဆာလို့ဟု ပြောပြောပြီး ခွဲဝေပေးခြင်း ဖြစ်၏။

‘စားရ သောက်ရတာ ဘယ်လိုလုပ်ပြီး အရသာရှိနိုင်မှာလဲကွာ’ ဟု ဟာရီဘရေ့စ်က ရောဘတ်ဘက်သို့ ခေါင်းတစ်ချက်ဆတ်ပြပြီး မှတ်ချက်ချသည်။

‘ငါတို့ ထိုင်ပြီး စားသောက်နေရတဲ့ နေရာကို ကြည့်ပါဦး၊ ဘယ်လောက် ဆိုးတဲ့နေရာလဲ’

‘နားနားနေနေ စားနိုင်သောက်နိုင်မယ့် နေရာလေးတစ်ခုတော့ သီးသန့် လုပ်ပေးဖို့ ကောင်းပါတယ်ကွာ’ ဟု စလော့ဂါးက ရောဘတ် ခွဲပေးထားသော မုန့်ကို ပလုတ်ပလောင်းဝါးနေရင်းက ပြောသည်။

‘ရောဘတ်ပေးတဲ့ မုန့်ကဖြင့် တယ်ပြီး ကောင်းသကွာ’

‘ဟုတ်ပါရဲ့ကွာ၊ ရေတွေက စိုစွတ်နေတော့ နေရထိုင်ရတာ ဘယ်လိုမှ အဆင်မပြေဘူး’ ဟု အိုဂလီက ထောက်ခံသည်။

‘ရေကလည်း အောက်မှာတင် စိုနေတာ မဟုတ်ဘူး၊ အပေါ်ခေါင်မိုးက နေပြီး စိမ့်ကျနေသေးတယ်’

အားလုံး ငြိမ်သက်နေကြသည်။ တစ်ချက် တစ်ချက်တွင် အပြင်မှ တိုးဝှေ့ ဝင်ရောက်လာနေသော လေသံကို ကြားရသည်။ မှောင်မည်းနေသဖြင့် ထိုင်နေကြသူ

များသည် တစ်ဦးကိုတစ်ဦး သဲသဲကွဲကွဲ မမြင်ရ။ တိုးဝင်လာသော လေသံသည် တစ်ခါတစ်ရံတွင် ပြင်းထန်သော လေအရှိန်ကြောင့် အနိမ့်ပိုင်း ရေအိုင်များဆီမှ ရောက်၍ လှုပ်ရှားသံများကို ကြားရသည်။

ဟာရီဘရေ့စ်က ရောဘတ်ဘက်သို့ လှည့်ကြည့်သည်။

'ဒီတွင်းမှာ ရေစိုတာက စက္ကူပါးတွင်းလောက်တော့ မဆိုးဘူး' ဟု ပြောသည်။

'မထူးပါဘူး၊ အတူတူပါပဲ' ဟု ရောဘတ်က ပြန်ပြောသည်။

'မင်းဖင် ရေစိုသွားရင်တော့ မင်းမိန်းမဆီက အဝတ်စုတ်တောင်းပြီး သုတ်ပေါ့ကွာ' ဟု စလော့ဂါးက ဝင်ပြောသည်။ ဘေးလူများ ဝိုင်း၍ ရယ်ကြသည်။ သူ့ပြက်လုံးကို သဘောကျမှန်းသိသဖြင့် အားတက်နေသော စလော့ဂါးသည် သူ့အနီးမှ ဒေးဗစ်အား တံတောင်နှင့် တွက်၍....

'ဟေ့ကောင် ....ဒေးဗစ်၊ မင်းက လည်လည်ပတ်ပတ်ရှိတဲ့ကောင်ပဲ၊ အခု ငါ့ဖင် ရေစိုနေတာ ဘယ်လိုလုပ်ပေးနိုင်မလဲ' ဟု မေးသည်။

'ခြေထောက်နဲ့ ပိတ်ကန်ပေးမယ်' ဟု ဒေးဗစ်က ဖြေသည်။

ဝါးခနဲ ရယ်သံများ ထွက်ပေါ်လာသည်။ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသော စလော့ဂါးသည် သွားဖြဲပြလျက် ရှိ၏။ မှုန်ဝါးဝါး အလင်းရောင်သာရှိသော အမှောင်ထုထဲတွင် တစ်ကိုယ်လုံး မီးသွေးမှုန်များဖြင့် မည်းနက်နေသည့် စလော့ဂါးသည် သူ့ရဲတစ်ကောင်နှင့် တူလျက်ရှိလေသည်။

'မင်း တော်တယ်၊ သိပ်ကိုတော်တဲ့ကောင် ....၊ စကားပြောတတ်တယ် .... ဟဲ ....ဟဲ ....ဟဲ' ဟု စလော့ဂါးက ပြောသည်။

'မင်းက တော်တော့်ကို လိမ္မာပါးနပ်တဲ့ကောင်ပါလား၊ မင်းနဲ့ပတ်သက်လို့ ငါကြားတာတွေ အားလုံးဟာ မှန်နေပြီ၊ မင်းက ဘက်ဒလေကောလိပ် တက်မလို့ဆို၊ တိုင်နီကပ်ဆဲလ်က ပညာစုံလင်တဲ့ ကောလိပ်ကျောင်းလေကွာ'

'ဟုတ်တယ်၊ အဲဒီကိုရောက်ရင် ပညာအစုံသင်ရမယ်လို့ ထင်တာပဲ'

'ဒါပေမဲ့ကွာ ....မင်းက ဘာပြုလို့ အဲဒါတွေကို သင်ချင်နေရတာလဲ' ဟု စလော့ဂါးက ရောဘတ်အား မျက်စိတစ်ဖက်မှိတ်ပြပြီး ပြောသည်။

'မင်းအနေနဲ့ ငါ့လို လူကောင် ထွားထွားကျိုင်းကျိုင်းကြီး ဖြစ်နေနိုင်တဲ့ ကျောက်မီးသွေးတူး အလုပ်သမားဘဝကို ဘာ့ကြောင့် မနေချင်ရတာလဲ၊ ရတဲ့ လုပ်ခကို ဖစ်ဒလားဘဏ်မှာ စုထားပေါ့၊ အဲဒါက ပိုမကောင်းဘူးလား'

ဤတစ်ကြိမ်တွင်မူ ရောဘတ်သည် စလော့ဂါး၏ နှောက်ပြောင်မှုကို လက်မခံနိုင်အောင် ဖြစ်လာသည်။



'သူသွားရမှာက တခြားကြောင့် မဟုတ်ဘူး၊ ငါက သူ့ကို ဒီအလုပ်က ထွက်စေချင်လို့ သွားမှာ' ဟု ကြားဖြတ်ပြောသည်။

သူ့စကားကြောင့် အားလုံး နှုတ်ဆိတ်သွားကြသည်။

'သူ့ကို ဒီအခွင့်အရေး မပေးလို့ကတော့ မဖြစ်ဘူး၊ သူ ကြိုးစားလွန်းလို့ အခု သူ စကောလားရှစ် ပညာသင်ဆုကို ရပြီ၊ အဲဒီတော့ တနင်္လာနေ့ကျရင် သူ တိုင်နီကပ်ဆဲလ်မြို့ကို မသွားလို့ မဖြစ်တော့ဘူး၊ သွားရမှာပဲ' ဟု ဆက်ပြောသည်၊

အားလုံး ငြိမ်သွားပြန်သည်။ စောစောက စကားတစ်လုံးမှ ဝင်မပြောသော ဟူးဂီးက 'ကျွန်တော်လည်း တိုင်နီကပ်ဆဲလ်ကို ရောက်ချင်တယ်ဗျာ၊ ယူနိုက်တက် ဘောလုံးအသင်းကို ကြည့်ချင်လို့' ဟု ပြောသည်။ စလော့ဂါးက ဟက်ဟက် ပက်ပက် ရယ်သည်။

'မပူနဲ့ ချာတိတ်' ဟု ဟူးဂီး၏ကျောကိုပုတ်၍ ပြောသည်။

'မင်း တစ်နေ့ကျရင် ယူနိုက်တက်အသင်းမှာ ကစားနေတဲ့ ဘောလုံးသမား တစ်ယောက် ဖြစ်လာမှာ သေချာတယ်၊ ငါ မင်း ကစားနေတာ မြင်ဖူးတယ် ဆိုလား၊ မင်း ကစားပုံ မဆိုးဘူး၊ လာမယ့် စလီစကေး ဘောလုံးပြိုင်ပွဲကို တိုင်နီကပ်ဆဲလ်က လူတစ်ယောက် လာကြည့်လိမ့်မယ်၊ မင်းတို့ထဲက တော်တဲ့ကောင်ကို သူက ရွေးမှာကွ၊ အဲဒါ သေချာတယ်'

ဟူးဂီး၏မျက်နှာသည် နီရဲသွားသည်။ စလော့ဂါးက သူ့အား သရော်မှန်း သိသည်။ သို့သော်လည်း သူ ဂရုမစိုက်။ သူ့အနေဖြင့် တစ်နေ့ကျလျှင် ဘောလုံးသမားဘဝဖြင့် တိုင်နီကပ်ဆဲလ်သို့ ရောက်ကို ရောက်ရမည်ဟု ငွက်ပြီးသား ဖြစ်သည်။ အခုလောလောဆယ် သရော်နေကြသူများအား အရေးလုပ်နေ၍ ခြင်း၊ မကြာခင် သူတို့အား လက်တွေ့လုပ်ပြမည်ဟု စိတ်ထဲက ကြိတ်၍ တွေးနေသည်။

ထိုအခိုက်တွင် ဘရေ့စ်သည် ဖျတ်ခနဲ ခေါင်းထောင်ကာ နားစွင့်သည်။

'ဟေ့ .... ဟိုဘက်က ရေစုပ်စက်အသံက ဘယ်လိုလဲ၊ ဘာဖြစ်လို့ပါလိမ့်' ဟု ရေရွတ်သည်။

စလော့ဂါးသည် ဆေးအဝါးကိုရပ်ကာ နားစွင့်သည်။ လူတိုင်းသည် အမှောင်ထုဘက်သို့ လှမ်းကြည့်ကာ သတိကြီးစွာထား၍ နားစွင့်နေကြသည်။ ရေစုပ်စက်ဆီမှ အသံသည် ရပ်သွားသည်။ တစ်မိနစ်ခန့်ကြာမျှ အားလုံး ငြိမ်နေကြသည်။ မည်သူကမှ စ၍ စကားမပြောကြ။ ဒေးဗစ်သည် စိုးရိမ်စိတ်ကြောင့် [illegible]ထဲတွင် စိမ့်ခနဲ ဖြစ်သွားသည်။

စလော့ဂါးက ဒေါသတကြီး ကျိန်ဆဲသည်။

'မင်းတို့ အသေအချာ နားထောင်လိုက်ကြရဲ့လား' ဟု မေးသည်။

'ရေစုပ်စက်က ငါတို့ကို ဒုက္ခပေးတော့မယ်ထင်တယ်'

ပါရာဒိုက်စ်တွင်း၌ အလုပ် လုပ်ခဲ့သည်မှာ မကြာသေးသော အိုဂလီသည် ထိုင်ရာမှ ကသောကမျောထကာ မြေပြင်ကို စမ်းသပ်သည်။ ချက်ချင်းပင် သံကုန်ဟစ်၍ အော်သည်။

'ရေတွေ တက်လာနေတယ်ဗျို့၊ ရေတွေ တက်လာနေတယ်'

သူသည် အအော်ရပ်ကာ ရေထဲကို လက်နှိုက်၍ စမ်းပြန်သည်။ သူသည် ခိုးရိမ်တကြီး ထအော်ပြန်သည်။

'လက်ထောက်ကြီးကြပ်ရေးမှူးကို ကျုပ် သွားခေါ်ရင် ကောင်းမလား'

'ခဏနေဦး' ဟု ရောဘတ်က လှမ်းတားသည်။

'အဲဒီလို အလျှင်စလိုလုပ်လို့ မဖြစ်ဘူး၊ ဒင်းနင်းကို သွားမနှောင့်ယှက်နဲ့၊ သူ့ဘာသာသူ နေပါစေ၊ ရေစုပ်စက်က ပြဿနာရှိချင်မှ ရှိမှာ၊ ခါတိုင်းလို စက်ပျက်ပြီး ခဏတဖြုတ်ရပ်သွားတာ ဖြစ်ချင်ဖြစ်မယ်၊ တစ်ခါတလေ စက်ချေးပိတ်လို့ ရပ်တာမျိုးလည်း ဖြစ်မယ်၊ ငါကိုယ်တိုင် သွားကြည့်လိုက်ဦးမယ်'

သူသည် ပြောပြောဆိုဆို ထိုင်ရာမှထ၍ ဖြည်းဖြည်းဆေးဆေး ထွက်ခွာသွားသည်။ ကျန်လူစုသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ ရောဘတ် ပြန်ရောက်အလာကို စောင့်ဆိုင်းနေကြသည်။ ငါးမိနစ်ခန့်အတွင်း ရေစုပ်စက်ဆီမှ စက်နှိုးသံ ကြားရသည်။ နောက်သုံးမိနစ်မျှအကြာတွင် စက်သံကိုပါ ကြားလာကြရ၏။ စိတ်လှုပ်ရှားလျက်ရှိကြသူအားလုံး သက်သာရာရသွားကြသည်။ ဒေးဗစ်သည် သူ့အဖေ၏ ဗဟုသုတအတွက် ဂုဏ်ယူ၍မဆုံး။

'တော်ပါသေးရဲ့ ....ကွာ' ဟု ပြောကာ အိုဂလီက သက်ပြင်းချသည်။

စလော့ဂါးက အိုဂလီအား အပြစ်ဆိုသည်။

'အလုပ်ခွင်မှာ ရောဘတ်ဖင်းဝစ်ခ် ရှိနေလို့ကတော့ ဘာပြဿနာမျှ မရှိဘူးဆိုတာ မင်းသိသင့်တယ်ကွ၊ ကဲ ....လာ၊ တို့အလုပ်ကို ပြန်စကြရအောင်၊ တစ်နေ့လုံး ဒီမှာထိုင်နေလို့ မဖြစ်ဘူး'

သူသည် ထိုင်ရာမှထကာ အလုပ်ခွင်သို့ ပြန်ဝင်သည်။ ဘရေ့စ်၊ အိုဂလီတို့ကလည်း သူ့နောက်မှလိုက်ကာ ကျောက်မီးသွေးများကို သယ်ယူ၍ တင်ပေးနေကြသည်။ ဒေးဗစ်သည် သံခွက်ကြီးများဆီသို့ လျှောက်သွားသည်။ သူသည် သူ့အဖေရှေ့မှ ဖြတ်လျှောက်ခဲ့သည်။

'မင်း ရှင်းလိုက်လို့ ပြဿနာက ပြီးသွားတယ်၊ ဟိုအကောင် အိုဂလီကတော့ ပျာယာကိုခတ်နေတာပဲ' ဟု စလော့ဂါးက ပြောကာ ရယ်နေသည်။



ရောဘတ်ကတော့ မရယ်။ သူသည် စွပ်ကျယ်ကိုဆွဲချွတ်ကာ တစ်နေရာသို့ ပစ်ချလိုက်သည်။ စွပ်ကျယ်သည် ရေထဲသို့ ကျသွားသည်။

သူတို့သည် လုပ်ငန်းကို ပြန်စကြသည်။ ပေါက်တူးများကိုယူ၍ ကျောက်မီးသွေးများကို တူးကြသည်။ တစ်ကိုယ်လုံးတွင် ချွေးများ စို့စွဲလာသည်။ ကျောက်မီးသွေးမှုန့်များသည် သူတို့ကိုယ်များတွင် ကပ်ငြိလာကြသည်။ မြေအောက်အနက် ငါးရာ၊ တွင်းထဲသို့ဆင်းရာ ပင်မတွင်းနှင့်ဆိုလျှင် နှစ်မိုင်ခန့် ဝေးကွာသည်။ ပတ်ဝန်းကျင်သည် မှောင်မည်းနေသည်။ အပေါ်ဘက်ရှိ ခေါင်မိုးမှ ရေများသည် တစ်စက်စက် စီးကျနေသည်။ သူတို့သည် ချွေး၊ ရေနှင့် ကျောက်မီးသွေးမှုန့်များကြောင့် လူရုပ်မပေါ်ကြ။ ရေစုပ်စက်ဆီမှ စက်လည်ပတ်သံသည် အဆက်မပြတ် ထွက်ပေါ်လာလျက် ရှိလေသည်။

* * * * *

## (၁၀)

အဆိုင်းအပြီးတွင် ဒေးဗစ်သည် သူ့မြင်းပုကလေး ဒစ်ခ်အား မြင်းဇောင်းသို့ သွားပို့သည်။ သက်သောင့်သက်သာနားစေရန် ဖြစ်၏။ သူ့စိတ်ထဲသို့ အတွေးတစ်ခု ဝင်လာသည်။ ထိုဖြစ်ရပ်သည် အဆိုးဆုံးသော ဖြစ်ရပ်တစ်ခုဟု သူ ထင်မိ၏၊ သူကိုယ်တိုင် မြင်တွေ့ခဲ့ရခြင်းဖြစ်၍ ယနေ့အထိ မေ့လို့မရ။ သူသည် သူ့မြင်းပုကလေး ဒစ်ခ်၏လည်ပင်းကို အသာအယာ ပွတ်သပ်ပေး၍ ချော့သည်။ မြင်းပုကလေး ဒစ်ခ်သည် ဒေးဗစ်အား လှည့်ကြည့်သည်။ ပြီးတော့ ဒေးဗစ်၏ ကက်အကျီအိတ်ကပ်ကို နှုတ်သီးဖြင့် ထိုးသည်။

ဒေးဗစ်သည် သူ့မြင်းပုကလေး ဒစ်ခ်အတွက် သူ့အစားအစာထဲမှ ပေါင်မုန့် အနည်းငယ် ချန်ထားလေ့ရှိ၏။ တစ်ခါတစ်ရံ ပေါင်မုန့် မပါသည့်အခါ ဘီစကွတ်မုန့် အနည်းငယ် ချန်ထားတတ်သည်။ သို့သော်လည်း ယနေ့ကျတော့ သူ့မြင်းပုကလေးအတွက် အထူးတလည် စီမံထားသလို ဖြစ်နေသည်။ အခြားမုန့်များ မရှိတော့သဖြင့် ချန်ထားသည့် ဒိန်ခဲကို လက်ဖဝါးပေါ်တင်၍ ဒစ်ခ်အား ကျွေးနေသည်။ ဒစ်ခ်သည် သူ ကျွေးသည့် ဒိန်ခဲကို ခုံခုံမင်မင် စားသည်။ လက်ထဲမှ ဒိန်ခဲ ကုန်သွားသည့်အခါ သူသည် ဒစ်ခ်အား တစ်ချက်မျှ စူးစိုက်ကြည့်နေပြီး သူ့အနီးမှ ထွက်ခွာလာခဲ့လေသည်။

သူသည် ကျောက်မီးသွေးတွင်း၏ အဝင်အထွက် လမ်းကြီးအတိုင်း လျှောက်လာခဲ့သည်။ လွန်ခဲ့သောနှစ်က တွင်းပြိုကျခဲ့သည့်နေရာကို ကျော်ဖြတ်လာခဲ့

သည်။ ထိုတွင်းပြိုကျစဉ်က လူသုံးဦး သေဆုံးခဲ့ရ၏။ ဟာရီးဝါး၊ နေးလ်နှင့် အေလင်ပရက်စ်တန်တို့ ညီအစ်ကို ဖြစ်သည်။ ထိုတွင်းကို ပြန်လည်တူးဖော်နေစဉ်က သူ ရောက်သွားခဲ့၏။ အားလုံး ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကို မြင်ခဲ့ရ၏။ သုံးယောက်စလုံး ပါးစပ်များထဲတွင် မြေကြီးများ ထိုးသိပ်ထည့်ထားသလို ဖြစ်နေသည်။ သူသည် ထိုမြင်ကွင်းကို သူ့တစ်သက်တာပတ်လုံး မေ့ပျောက်သွားလိမ့်မည် မဟုတ်ပေ။ ဘယ်လိုပဲဖြစ်ဖြစ် သူသည် ထိုနေရာမှ ဖြတ်လျှောက်တိုင်း သူ့တွင် ကြောက်စိတ်မရှိကြောင်း ပြသရန်အတွက် ဖြည်းဖြည်းအေးအေး လျှောက်လေ့ရှိသည်။

သူ လျှောက်သွားနေခိုက်တွင် တွမ်ရီးဒီးနှင့် ညီဖြစ်သူ ဂျက်၊ ဆော့ဖ်လေ၊ အိုဂလီ၊ စလော့ဂါး၏သားချော လီးမင်း၊ ဒန်းတီးစ်ဒေးလ်တို့အုပ်စုသည် အခြားအလုပ်သမားများနှင့်အတူ သူ့ထံသို့ ရောက်လာကြသည်။ သူတို့အားလုံးသည် မြေအောက်တွင်းများဆီသို့ဆင်းရာ တွင်းမကြီးဆီသို့ ဆိုက်ရောက်သွားကြသည်။ ထိုနေရာတွင် နောက်တစ်ဆိုင်းဝင်မည့် အလုပ်သမားများသည် တန်းစီ စောင့်နေကြသည်။

အလုပ်သမားများအား မြေအောက်သို့ သယ်ယူပို့ဆောင်ပေးမည့် ဓာတ်လှေကားသည် တစ်ကြိမ်ပို့လျှင် လူဆယ့်နှစ်ဦးသာ တင်နိုင်သဖြင့် ကျန်လူစုသည် ကိုယ်အလှည့် မရောက်မချင်း သည်းခံ၍ စောင့်ကြရသည်။ ဒေးဗစ်သည် ဝက်ပ်၏ဘေး၌ ရောက်နေသည်။ ဝက်ပ်သည် သူ့အား စိတ်ဝင်တစားကြည့်နေသည်။

'မင်း တိုင်နီကပ်ဆဲလ်က ကောလိပ်ကျောင်း တက်မလို့ဆို ....၊ ဟုတ်လား' ဟု ဝက်ပ်က မေးသည်။

ဒေးဗစ်က ခေါင်းညိတ်ပြသည်။ သူ့စိတ်ထဲတွင် ထိုကိစ္စသည် အမှန်တကယ်မှ ဟုတ်ရဲ့လားဟု တွေးနေမိသည်။ လွန်ခဲ့သော ခြောက်လအတွင်းက လုပ်ခဲ့ရသမျှအတွက် သူ့မှာ အခုအချိန်ထိ ပင်ပန်းဆဲ။ ညတိုင်း စာကျက်ရ မှတ်ရသည်မှာ တပင်တပန်း ရှိလွန်းလှ၏။ မစ္စတာ ကာမီချယ်လ်၏ အသင်အပြကို ခံယူရသည်မှာလည်း သက်သာလှသည် မဟုတ်။ ပြီးတော့ တိုင်နီကပ်ဆဲလ်သို့ သွား၍ စကောလားရှစ် စာမေးပွဲ ဖြေဆိုခဲ့ရခြင်းနှင့် အောင်စာရင်းကိုကြည့်၍ ပျော်ရွှင်ခဲ့ရခြင်းများ ....။

သူ့ကိစ္စနှင့်ပတ်သက်၍ သူ့အမေနှင့် အဖေတို့၏ ပဋိပက္ခ ....။ ထိုပဋိပက္ခသည် သူ့ကို များစွာ အနှောင့်အယှက် ပေးခဲ့၏။ သူ့အဖေ ရောဘတ်က သူ့အား ပညာသင်ဆုကို မရမနေ လုပ်ရမည်ဟု ဆိုသည်။ ထိုစာမေးပွဲအောင်လျှင် ကောလိပ်ကို သွားရမည်ဟုလည်း အခိုင်အမာ ဆုံးဖြတ်သည်။ သူ့အမေ မာသာကတော့



ရောဘတ်၏စိတ်ကူးကို လုံးဝ ဆန့်ကျင်သည်။ ဒေးဗစ်အား ဘယ်ကိုမှ မသွားစေချင်။ ဒီမှာပဲ ကျောက်မီးသွေးတူး အလုပ်သမားအဖြစ်ဖြင့် နေစေချင်သည်။

သူ စာမေးပွဲအောင်ပြီဟု သိရသည့်အခါ မာသာသည် ဘာမှ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်း မပြုတော့ဘဲ နှုတ်ဆိတ်နေသည်။ သူ့ပညာသင်ကြားရေးနှင့် ပတ်သက်၍ တစ်ခွန်းတလေမျှပင် မဟ။ သူ့သွားရေးလာရေးအတွက် လုပ်စရာရှိသည်များကိုလည်း လုပ်မပေး။ အဝတ်အစားများကိုပင် အဆင်သင့်ဖြစ်အောင် ဆောင်ရွက်မပေး။ ဤကိစ္စတွင် သူ လုံးဝ ပါဝင်ခြင်းမပြုဟု မပြောသော်လည်း ပြောသည့်နှယ်ရှိသည်။

'တိုင်နီကပ်ဆဲလ်ကို သွားရင်တော့ အစစအရာရာ သတိထားပေါ့ကွာ' ဟု ဝက်သ်က ပြောသည်။

'နေ့ခင်းကြီးမှာ အမှောင်ထုရှိပြီး ညဘက်လို ဖြစ်နေတဲ့ တောကြီးမျက်မည်းလိုနေရာမျိုးမှာ မင်း နေရမှာ'

ဝက်သ်က သူ့အတွက် အိတ်ကပ်ထဲမှ လက်နှိုက်ကာ အိတ်ဆောင်စာအုပ်အရွယ် စာအုပ်ကလေး တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ စာအုပ်မှာ မီးသွေးမှုန့်များ အလိမ်းလိမ်းကပ်ကာ ညစ်ပတ်ပေရေနေသည်။

'မင်း ဒီစာအုပ်ကလေးကို ယူသွားကွာ၊ ငါ တွင်းထဲမှာ အစာစားချိန်ရောက်တိုင်း ဖတ်တယ်၊ ငါ့အတွက် အဖော်ကောင်းတစ်ယောက်လိုပဲ၊ မင်းလည်း ဒီစာအုပ်ကလေးကိုဖတ်ပြီး အကြံကောင်းယူပေါ့' ဟု ပြောကာ လှမ်းပေးသည်။

ဒေးဗစ်က စာအုပ်ကို လှမ်းယူသည်။ စိတ်ထဲကတော့ သိပ်ပြီး မလိုချင်။ တစ်ပြိုင်တည်းမှာ စေတနာနှင့် ပေးလာသော ဝက်သ်၏စိတ်ကို ထိခိုက်သွားမှာ စိုးသည်။ သူသည် စာရွက်များကို တစ်ရွက်ချင်းစီ လှန်ကြည့်သည်။ စာအုပ်ပေးသူ ဝက်သ် ကျေနပ်စေရန် လုပ်နေခြင်း ဖြစ်၏။ ရုတ်တရက် သူ့မှန်အိမ်မီးရောင်ဖြင့် စာတစ်ကြောင်းကို မြင်လိုက်သည်။

*'သခင်နှစ်ယောက်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အလုပ်အကျွေးပြုနိုင်သော အစေခံဟူ၍ မရှိ။ သင်သည် ဘုရားသခင်နှင့် နတ်ဆိုးကို တစ်ပြိုင်တည်း အလုပ်အကျွေးပြုနိုင်မည် မဟုတ်'*

ဝက်သ်သည် ဒေးဗစ်အား စိတ်ဝင်တစား ကြည့်နေသည်။ ဒေးဗစ်၏ဘေးမှ လူများသည် ရွှေ့လျားသွားနေကြသည်။ ဓာတ်လှေကားသည် ပြန်ရောက်လာသည်။ နောက်ဘက်မှ အော်သံ ထွက်ပေါ်လာသည်။

'အားလုံး ဝင်ကြ ....ဝင်ကြ'

အလုပ်သမားများသည် အလုအယက် တိုးဝှေ့ဝင်ရောက်ကြသည်။ ဒေးဗစ်

သည် လူအများကြားတွင် ကျပ်ညပ်ပြီး ပါသွားသည်။ ဓာတ်လှေကားသည် ငြိမ့်ခနဲ တက်သွားသည်။ အလွန့်အလွန် ကြီးမားသော လက်ကြီးတစ်ဖက်က မ၍ တင်သွားသည်ဟုပင် ထင်မှတ်ရသည်။ အပြင်မှ နေရောင်သည် ဓာတ်လှေကား အတွင်းသို့ ဖြိုးခနဲ ပြက်ခနဲ ဝင်ရောက်လာနေသည်။ ဓာတ်လှေကားသည် တုံ့ခနဲ ရပ်သွားသည်။ အတွင်းမှ လူအုပ်သည် အပြင်နေရောင်အောက်သို့ အန်ထွက်လာသည်။

ဒေးဗစ်သည် အခြား အလုပ်သမားများနှင့်အတူ ရော၍ ထွက်လာသည်။ အလုပ်ဝင်းကြီးကို ဖြတ်ကာ လုပ်ခယူရန် တန်းစီစောင့်နေကြသော အလုပ်သမားများနောက်တွင် ဝင်ရပ်သည်။ ဇွန်လ၏ နေသာသော နေ့တစ်နေ့ဖြစ်၍ ပတ်ဝန်းကျင်တစ်ခွင်လုံး သာယာကြည်လင်လျက် ရှိ၏။ အခုလိုနေ့ကျတော့လည်း ကျောက်မီးသွေးတွင်းများ၏ ရှုခင်းသည် လှပတင့်တယ်နေသည်။ အခုလိုကျပြန်တော့လည်း ဤလုပ်ငန်းကို စွန့်ပစ်ပြီး ထွက်ခွာသွားရမည့်ကိစ္စမှာ ဝန်လေးသလို ဖြစ်လာလေသည်။

တန်းစီနေကြသူများသည် ရှေ့သို့ ဖြည်းဖြည်းချင်း တိုးသွားနေကြသည်။ ဒေးဗစ်သည် ဓာတ်လှေကားထဲမှ ထွက်လာသော သူ့အဖေကို လှမ်းမြင်သည်။ သူ့အဖေသည် နောက်ဆုံးမှ ထွက်လာသူ ဖြစ်ပေလိမ့်မည်။ သူသည် လူတန်းကြီး၏ နောက်ဆုံးနေရာ၌ ဝင်၍ ရပ်သည်။ ထို့နောက်တော့ အလုပ်ဝင်းကြီး၏ ဂိတ်မှ ဝင်လာသော ဒေါက်ကပ်မြင်းရထားကို မြင်လိုက်ရသည်။ ဤသည်မှာ လုပ်ခထုတ်ပေးသည့် စနေနေ့တိုင်း လာနေကျဖြစ်၍ အထူးအဆန်းတစ်ခု မဟုတ်ပေ။ လစာ တစ်ပတ်စာ ထုတ်ပေးသည့်နေ့တိုင်း ပိုင်ရှင် ရစ်ချတ်ဘားရပ်စ်သည် အခုလိုလာ၍ ကြည့်ရှုတတ်သည်။

မြင်းလှည်းသည် ရုံးရှေ့၌ ရပ်သည်။ ရစ်ချတ်ဘားရပ်စ်သည် မြင်းရထားပေါ်မှ ဆင်းလာသည်။ သူသည် ရုံးတံခါးကို တွန်းဖွင့်ကာ အထဲသို့ဝင်သွားသည်။ မြင်းရထားထဲတွင် အာသာဘားရပ်စ်သည် ထိုင်လျက် ....။ ဒေးဗစ်သည် လူတန်းထဲ၌ တရွေ့ရွေ့ သွားနေရင်းမှ အာသာဘားရပ်စ်ကို လှေ့လာမိသည်။ ဘာ့ကြောင့် ရယ်တော့ မသိ၊ သူသည် အာသာအပေါ် ကရုဏာဖြစ်နေမိသည်။

တကယ်တော့ ထိုခံစားမှုသည် ထူးဆန်းလျက်ရှိ၏။ အံ့သြစရာလည်း ကောင်း၍ ရယ်စရာလည်း ကောင်း၏။ သူ့ဘဝနှင့် အာသာဘားရပ်စ်၏ဘဝသည် များစွာ ကွာခြားသည်။ ဘဝချင်းမတူသော လူနှစ်ယောက်အဖို့ တစ်ယောက်က တစ်ယောက်အား သနားကြင်နာခြင်းသည် သဘာဝကျပါလော ....။ မည်သို့ပင် ဖြစ်စေ သူသည် အာသာအား များစွာ သနားနေမိ၏။ ဤအဖြစ်အပျက်ကြောင့် သူသည် အော်ဟစ်ပြီး ရယ်မောချင်စိတ်ပင် ဖြစ်လာမိလေသည်။



သူ့အလှည့် ရောက်လာသဖြင့် ဒေးဗစ်သည် ပြတင်းပေါက်နားသို့ တိုးသွားသည်။ ငွေကိုင်စာရေး ပက်တစ်က အပေါက်မှထိုးပေးသော လုပ်ခငွေစာအိတ်ကို လှမ်းယူသည်။ ထို့နောက် သူသည် သူ့အဖေကိုစောင့်ရန် အလုပ်ဝင်း၏ ဂိတ်တံခါးဆီသို့ လျှောက်လာခဲ့သည်။ ဂိတ်တံခါးတိုင်ကို မှီ၍ ရပ်နေသည်။ ကောင်းပင်လမ်းအတိုင်း လျှောက်လာနေသော အင်နီမေဆာသည် ဒေးဗစ်ကို လှမ်းမြင်သည်။

ဒေးဗစ်ကို မြင်သည့်အခါ ပြုံး၍ နှုတ်ဆက်သည်။ စကားတော့ မပြော။ သူ့ကို ဒေးဗစ်က စ၍ စကားမပြောမချင်း သူက ပြန်ပြောလေ့မရှိ။ ဤသည်မှာ သူ့အကျင့် ဖြစ်သည်။ သူသည် သူ့အကျင့်အတိုင်း သူ့ရှေ့၌ ရပ်နေသော်လည်း စကားမပြော၊ အပြုံးဖြင့်သာ ဒေးဗစ် စကားအပြောကို စောင့်နေသည်။

'တစ်ယောက်တည်းလား အင်နီ' ဟု ဒေးဗစ်က နှုတ်ဆက်စကား ဆိုသည်။ သူသည် အင်နီကို ခင်သည်။ နှစ်နှစ်ခြိုက်ခြိုက် ခင်ခြင်း ဖြစ်၏။ ဆင်မီအနေဖြင့် ဘာ့ကြောင့် အင်နီမေဆာအား သဘောကျနေသည်ကို သူ ကောင်းစွာသိသည်။ အင်နီသည် ရိုးသားသည်။ စိတ်ဖြူစင်သည်။ အိမ်ထောင်ကို ကောင်းစွာ ထိန်းသိမ်းနိုင်မည့် လက္ခဏာများ ရှိသည်။ အင်နီသည် သူ့အသက်နှင့်စာလျှင် ထွားသည်ဟု ပြောနိုင်သည်။ ကိုယ်လုံးကိုယ်ပေါက်က တောင့်တင်းလှပသည်။ သူသည် အပြာရောင် စကတ်ကို ဝတ်ကာ သူကိုယ်တိုင် ထိုးထားသည့် သိုးမွေးခြေအိတ်ကို စွတ်ဆင်ထားသည်။ သူ့ဘဝ တစ်သက်တာပတ်လုံး စာအုပ်တစ်အုပ်ကို မဖတ်ဖူးသော်လည်း အိမ်သူအိမ်သားများအတွက် ခြေအိတ်အစုံပေါင်း အများအပြားကို ထိုးခဲ့ဖူးသူ ဖြစ်ပေသည်။

'ဒီနေ့ဟာ ကိုယ့်ရဲ့ နောက်ဆုံးနေ့ပဲ အင်နီ' ဟု ဒေးဗစ်က ပြောသည်။

'နက်ပ်ကျွန်းမှာ အလုပ်လုပ်နေတာ ပြီးဆုံးသွားတဲ့နေ့ပဲပေါ့ဟာ'

အင်နီက ပြုံးသည်။

'ကိုယ့်အနေနဲ့ ဒီအလုပ်က ထွက်ရလို့ ဝမ်းမနည်းပါဘူး' ဟု ဒေးဗစ်က ဆက်ပြောသည်။

အင်နီက ခေါင်းညိတ်သည်။ နားလည်မှု အပြည့်အဝရှိသော ခေါင်းညိတ်ခြင်း ဖြစ်၏။ ထို့နောက် သူတို့နှစ်ဦးကြားတွင် တိတ်ဆိတ်မှု ဝင်လာသည်။ အင်နီက အပြုံးဖြင့် တုံ့ပြန်ကာ ခေါင်းတစ်ချက်ဆတ်ပြပြီး သူ့လမ်းသူ ဆက်လျှောက်သည်။ သူသည် ဆက်လျှောက်သွားသော အင်နီအား မျက်စိတဆုံး လိုက်ကြည့်နေသည်။ အင်နီသည် သူ့အား စကားတစ်ခွန်းမှ ပြောမသွား။ သို့သော်လည်း အင်နီနှင့် တစ်ခဏမျှ ဆုံလိုက်ရသည့်အတွက် သူ စိတ်ချမ်းသာသည်။ ဤသည်မှာ သူ၏ ထူးခြားသော စိတ်ခံစားမှု ဖြစ်ပေသည်။

သူသည် သူ့အဖေဘက်သို့ လှမ်းမျှော်ကြည့်သည်။ သူ့အဖေသည် ယခု အချိန်ထိ ငွေပေးနေသည့် ပြတင်းပေါက်နှင့် အဝေးကြီး ရှိနေသေး၏။ ငွေကိုင် စာရေး ပက်တစ်သည် သူ့အလုပ် ဘယ်အချိန်ကျမှ ပြီးပါမည်နည်း။ သူသည် ဂိတ်တံခါးတိုင်ကို ကျောနှင့် ပြန်မှီကာ သူ့အဖေ ရောက်အလာကို ဆက်စောင့် နေသည်။

ရုတ်တရက် သူ့အား တစ်စုံတစ်ဦးက ကြည့်ခြင်းကို ခံနေရကြောင်း သိလာသည်။ ကြည့်နေသူမှာ ဘားရပ်စ် ဖြစ်သည်။ သူသည် သူ့တပည့် အမ်းစထရောင်းနှင့် မြင်းရထားဆီသို့ ပြန်လာရင်းက သူ့အား ကြည့်နေကြခြင်း ဖြစ်သည်။ သူတို့သည် အတူတူတွဲ၍ ရပ်ကာ သူ့အား စူးစူးစိုက်စိုက် ကြည့်နေကြခြင်း ဖြစ်သည်။ သူကလည်း သူတို့အား ရဲရဲဝံ့ဝံ့ပင် ပြန်ကြည့်သည်။ သူ့အနေဖြင့် ဤအလုပ်မှ ထွက်တော့မည်ဖြစ်၍ သူတို့အား ဂရုစိုက်စရာမလိုဟုလည်း တွက် ထားသည်။

သူတို့နှစ်ယောက်သည် စကားပြောနေကြသည်။ အမ်းစထရောင်းက ဘားရပ်စ် ပြောလိုက်သည့်စကားကို နားထောင်ကာ ရယ်သည်။ ပြီးတော့ သူ့အား လက်ယပ်ခေါ်သည်။ သူ့စိတ်ထဲက သွားချင်စိတ်မရှိ။ သို့သော်လည်း သူသည် သူ့ကိုယ်သူ သတိထား၍ သူတို့ထံ သွားသည်။

'မစ္စတာ အမ်းစထရောင်းက ငါ့ကို ပြောတယ်၊ မင်း ဘက်ဒလေ စကော လားရှစ် ပညာသင်ဆု စာမေးပွဲကို အောင်တယ်ဆို'

ဘားရပ်စ်သည် အမှန်တကယ်ပင် ဝမ်းသာနေသည့်လက္ခဏာ ရှိ၏။ သို့ သော်လည်း ဒေးဗစ်ကတော့ အေးစက်စက် မျက်လုံးများ၏ အကြည့်ကို မကြိုက်။

'ငါ သိပ်ဝမ်းသာတယ်' ဘားရပ်စ်က ဆက်ပြောသည်။

'မင်းရဲ့ အောင်မြင်မှုဟာ ဝမ်းသာစရာ ကောင်းပါတယ်၊ မင်း ဘက်ဒလေ မှာ ဘယ်ဘာသာ ယူမယ်လို့ စိတ်ကူးထားသလဲ'

'ကျွန်တော် ဝိဇ္ဇာဘွဲ့ယူမယ်လို့ စိတ်ကူးထားတယ်'

'ဝိဇ္ဇာဘွဲ့ ဟုတ်လား၊ သတ္တုတွင်းအင်ဂျင်နီယာဘွဲ့ကို ဘာလို့ မယူတာလဲ'

ဒေးဗစ်က ခပ်ကန်ကန် အမူအရာဖြင့် 'ကျွန်တော် အဲဒီအလုပ်ကို စိတ် မဝင်စားဘူး' ဟု အဖြေပေးသည်။ ဘားရပ်စ်ကလည်း ဒေးဗစ်၏ အမူအရာကို ရိပ်မိသည်။

'တကယ်ပဲ စိတ်မဝင်စားဘူးလား'

'တကယ့်ကို စိတ်မဝင်စားဘူး၊ မြေအောက်မှာ အလုပ်လုပ်ရတာကို ကျွန် တော် မကြိုက်ဘူး'



'သြော် ....မင်းက အဲဒါကို မကြိုက်တာလား' ဟု ဘားရပ်စ်က ပြောသည်။

'ဒါဆိုရင် မင်း ကျောင်းဆရာ လုပ်မှာလား'

ဤအကြောင်းကိုလည်း အမ်းစထရောင်းသည် ဘားရပ်စ်အား ပြောထား ပြီးပြီဟု နားလည်လိုက်သည်။

'မဟုတ်ဘူး၊ အဲဒါနဲ့တင် ကျွန်တော် ပြီးမှာမဟုတ်ဘူး' ဟု ပြန်ပြောသည်။

သူသည် ထိုစကားကို ပြောရသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။ သူ့ရင်ထဲတွင် မသက်မသာသော စိတ်သည် ဝင်ရောက်လာသည်။ သူက တွင်းတူး အလုပ်သမားဝတ်စုံဖြင့်၊ အာသာက မြင်းရထားထဲတွင် တခန့်တညားထိုင်လျက်၊ သစ်သားတဲအိမ်ကလေးမှ အိမ်ဖြူတော်သို့ ရောက်သွားသည့် အမေရိကန်သမ္မတ လင်ကွန်း၏ဘဝကို ပြေး၍သတိရမိ၏။ မည်သို့ပင်ဖြစ်စေ သူ့ဘက်ကတော့ အလျှော့မပေးဟု အခိုင်အမာ ဆုံးဖြတ်ထားသည်။ အကယ်၍ ဘားရပ်စ်က နောက်ထပ် မေးခဲ့ပါမူ သူက သူ့စိတ်ထဲ ရှိသမျှကို အမှန်အတိုင်းဖြေရန် စိတ်ကူး ထားသည်။

သို့သော်လည်း ဘားရပ်စ်သည် နောက်ထပ် သူ့ကိစ္စတွင် စိတ်ဝင်စားဟန် မပြ၊ ဒေးဗစ်၏ ရန်လိုမှုကိုလည်း အသိအမှတ်ပြုပုံမပေါ်။ သူသည် သူ့စိတ်ထဲ ရှိသမျှကိုသာ ဆက်ပြောသည်။

'ပညာရေးအလုပ်ဟာလည်း ကောင်းတာပါပဲ၊ ငါ့အနေနဲ့ ဘယ်သူ့ရဲ့ လမ်းကိုမှ ပိတ်ပင်တားဆီးချင်တဲ့စိတ် မရှိပါဘူး၊ မင်း ဘက်ဒလေမှာ ကျောင်းပြီး သွားရင် ငါ့ကို ပြောပါ၊ ငါက ဘုတ်အဖွဲ့ထဲမှာ ပါတယ်၊ မင်းကို ကောင်တီစရိုင် ကျောင်းတွေထဲက တစ်ကျောင်းမှာ ရအောင် လုပ်ပေးနိုင်ချင် လုပ်ပေးနိုင်မှာ၊ အဲဒီကျောင်းတွေမှာ အောက်တန်းပြဆရာတွေ လိုတတ်တယ်'

ဘားရပ်စ်သည် သူ့မျက်မှန်နောက်ရှိ စူးရှသော မျက်လုံးများဖြင့် ဒေးဗစ် အား ကြည့်နေသည်။ သူသည် လက်တစ်ဖက်ဖြင့် ဘောင်းဘီအိတ်ထဲမှ ငွေဒင်္ဂါး များကို နှိုက်ယူသည်။ ငွေအကြွေ လက်တစ်ဆုပ်စာ ကရောင်းဒင်္ဂါးများထဲမှ တစ်သျှီလင်ပြား နှစ်ပြားကို ရွေးယူလိုက်သည်။ ထို့နောက် ဒေးဗစ်၏လက်သို့ လှမ်းပေးသည်။

ဒေးဗစ်သည် ယောင်တီးယောင်ကန်းဖြင့် ဘားရပ်စ်ပေးသည့် ငွေကို ယူလိုက်မိသည်။ မြင်းရထားပေါ်သို့ တက်သွားသည့် ဘားရပ်စ်အား ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်နေသည်။ မြင်းရထားပေါ်မှ အာသာက သူ့အား ခင်မင်ဖော်ရွေသော အပြုံးဖြင့် လှမ်းကြည့်နေသည်။ ထို့နောက် မြင်းရထားသည် သူ့ရှေ့မှ ထွက်ခွာသွားလေ၏။

ဒေးဗစ်၏ စိတ်ထဲတွင် အော်ဟစ်ပြီး ရယ်မောချင်စိတ် ဖြစ်လာသည်။ စောစောက သူ့အား ဝက်သ်က လက်ဆောင်ပေးခဲ့သည့် စာအုပ်ထဲမှ စာပိုဒ်ကို သတိရလိုက်မိသည်။

'ဘုရားသခင်နှင့် နှုတ်ဆိုးကို တစ်ပြိုင်တည်း အလုပ်အကျွေးပြုနိုင်မည် မဟုတ်' ဟူသော စကား ဖြစ်၏။ ထိုစကားသည် ယခု သူ ရင်ဆိုင်လိုက်ရသည့် အတွေ့အကြုံနှင့် ယှဉ်ကြည့်လိုက်သည့်အခါ ရယ်စရာကောင်းနေသည်ဟု ထင်သည်။

သူသည် နောက်သို့ပြန်လှည့်ကာ ဂိတ်တံခါးဆီသို့ ပြန်လျှောက်သွားသည်။ ယခုအခါတွင် စောစောက သူ ရပ်နေသော နေရာ၌ သူ့ဖခင် ရောဘတ် ရောက်နေပြီ။ သူ့အား တစ်လှည့် ပြန်စောင့်နေသည်ကို တွေ့ရ၏။ သူနှင့် ဘားရပ်စ်ကို ဆက်ဆံပြောဆိုနေပုံအားလုံးကို ရောဘတ် ကိုယ်တွေ့မျက်မြင် ဖြစ်သွားခဲ့ပြီ။ သူ့အဖေသည် သူ့အား ဒေါပွလျက်ရှိ၏။ သူ့သား၏ မျက်နှာကိုပင် မကြည့်၊ ခေါင်းကိုငုံ့ထားသည်။

သားအဖသည် ဂိတ်တံခါးမှ ဘေးချင်းယှဉ်၍ ထွက်လာကြသည်။ ကောင်းပင်လမ်းရောက်ချိန်ထိ စကားမပြောကြ။ ထိုလမ်းပေါ်အတက်တွင် ဆွီးမက်ဆာနှင့် ဆုံမိသည်။ ချက်ချင်းပင် ရောဘတ်က ဆွီးမက်ဆာအား စကားပြောသည်။ ဆွီးသည် ဆံပင်ရွှေရောင်နှင့် လူချောလေးတစ်ဦး ဖြစ်သည်။ သူသည် အမြဲတစေ ပျော်ပျော်နေတတ်သည့် လူငယ်တစ်ယောက် ဖြစ်၏။ သူသည် ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းမှ မဟုတ်၊ ဂလုတ် ကျောက်မီးသွေးတွင်းမှ ဖြစ်သည်။

ဆွီး၏ နာမည်ရင်းမှာ အော့စ်ဝေးမက်ဆား ဖြစ်သည်။ သူ့ဖခင်သည် လင့်သ်လမ်းမှ ဆံပင်ညှပ်သမား ဖြစ်သည်။ ဩစတြီးယန်းလူမျိုးတစ်ဦး ဖြစ်၍ နိုင်ငံသားအဖြစ်ခံယူပြီး စလီစကေး၌ နေထိုင်လာခဲ့သည်မှာ အနှစ်နှစ်ဆယ်ပင် ရှိနေပြီ ဖြစ်၏။ သူတို့သားအဖသည် ကိုယ့်လုပ်ငန်းနယ်ပယ်တွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လူသိများသူများ ဖြစ်သည်။ နှစ်ဦးစလုံးသည် အလုပ်ကို ပျော်ပျော်ရွှင်ရွှင် လုပ်တတ်သဖြင့် ထင်ရှားကျော်ကြားနေကြခြင်း ဖြစ်လေသည်။

ရောဘတ်သည် ဆွီးနှင့် အဆက်မပြတ် စကားပြောလာသည်။ သူ့စိတ်တွင် ဘာအနှောင့်အယှက်မှမရှိသည့်ပုံမျိုးနှင့် ဖြစ်သည်။ ဖရီးဟိုးလမ်းအရောက် ဆွီးက လမ်းခွဲသွားသည့်အခါ ရောဘတ်က 'မင်းအဖေကို ပြောလိုက်ကွာ၊ ခါတိုင်းလိုပဲ ညနေ လေးနာရီထိုးကျရင် ငါလာလိမ့်မယ်လို့' ဟု လှမ်းမှာသည်။

ဆွီး ထွက်သွားသည့်အခါ ရောဘတ်၏ မျက်နှာသည် စောစောကလိုပင် မှုန်ကုပ်ကုပ် ပြန်ဖြစ်သွားသည်။ သူသည် စောစောက ပုံစံအတိုင်း ဒေးဗစ်ကို



မကြည့်၊ စကားလည်း တစ်ခွန်းမှ မပြော။ ကောင်းပင်လမ်း၏ တစ်ဝက်နီးပါးခန့် လျှောက်မိချိန်အထိ ရေငုံနှုတ်ပိတ်လုပ်လာသည်။ ထို့နောက် ဖျတ်ခနဲ ရပ်လိုက်သည်။ လမ်းတစ်ဖက် မျက်နှာချင်းဆိုင်တွင် သက်ကြီးရွယ်အို နွားမကြီးများ ထားသည့် မစ်ဒယ်လ်ရစ် နွားခြံ ရှိသည်။ အလွန် ညစ်ပတ်ပေရေသော နေရာ ဖြစ်၏။ ပုပ်သိုးဆွေးရိနေသော ကောက်ရိုးများသည် အစုလိုက် အပုံလိုက်၊ နွားချေးပုံကြီးကလည်း ဟီးထနေသည်။ ရောဘတ်သည် ဒေးဗစ်အား မျက်နှာချင်းဆိုင်လိုက်သည်။

'ငါ့သား မင်းကို ဟိုလူက ဘာပေးသွားတာလဲ' ဟု လေသံအေးအေးဖြင့် မေးသည်။

'ငွေ နှစ်သျှီလင် ပေးသွားတယ် အဖေ' ဟု ဒေးဗစ်က ပြန်ဖြေကာ လက်ဝါးထဲ၌ ဆုပ်ကိုင်ထားဆဲ ဖြစ်သော သျှီလင်ပြားနှစ်ပြားကို ပြသည်။

ရောဘတ်သည် သျှီလင်ပြားများကို လှမ်းယူပြီး တစ်ချက်မျှ စိုက်ကြည့်နေသည်။ ထို့နောက် တအားကုန်လွှဲပြီး လွှင့်ပစ်လိုက်သည်။

'သွားရအောင်ကွာ' ဟုလည်း အံကြိတ်၍ ရေရွတ်သည်။ သျှီလင်ပြားများသည် နောက်ချေးပုံကြီး၏ အလယ်တည့်တည့်သို့ ကျသွားကြလေသည်။

* * * * *

## (၁၁)

မိလင်တန် လူမှုရေးကာလပ်အသင်း၏ နှစ်ပတ်လည်ပွဲ ကျင်းပသည့် ညသို့ ရောက်ခဲ့ပြီ ဖြစ်၏။ မိလင်တန် သတ္တုရည်ကျို စက်ရုံသည် ပလတ်လမ်းတစ်ဖက်ရှိ လမ်းကြားလေးအဆုံး၌ တည်ရှိသည်။ စက်ရုံသည် သေးငယ်သည်ဟု ဆိုရသော်လည်း အလုပ်သမား နှစ်ရာခန့် ရှိသည်။ မတ်လ၏ ပျင်းရိငြီးငွေ့စရာကောင်းသော နေ့တစ်နေ့တွင် ဖြစ်သည်။ စက်ရုံခေါင်းတိုင်များဆီမှ မီးခိုးငွေ့များသည် ကောင်းကင်သို့ တလိပ်လိပ် တက်နေကြသည်။ စက်ရုံတွင်းရှိ သံရည်ကျိုသော မီးဖိုကြီးများဆီမှ ထွက်လာနေသော မီးခိုးများပေတည်း။

ဤစက်ရုံ၏ အဓိကထုတ်ကုန်များမှာ ကျောက်မီးသွေးတွင်းတူး လုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာ တန်ဆာပလာများ ဖြစ်သည်။ ကျောက်မီးသွေးထည့်သည့် သံချက်ကြီးများ၊ ပစ္စည်းအတင်အချ စက်ကိရိယာများ၊ ခေါင်မိုးသံတန်းများနှင့် သံချိတ်ကြီးများ စသည့်ပစ္စည်းများ ထုတ်လုပ်ခြင်း ဖြစ်သည်။ ယင်းပစ္စည်းများသည် အရောင်းရတွင်ကျယ်သည်။ ရှေးဆန်ဆန် တည်ထောင်ထားကြသည့်

ကျောက်မီးသွေးတွင်းများအဖို့ မီလင်တန်စက်ရုံ၏ ထုတ်လုပ်မှုသည် အံဝင်ခွင်ကျ ဖြစ်လျက်ရှိသည်။ ထို့ပြင်လည်း မီလင်တန်စက်ရုံတွင် အစဉ်အလာတစ်ခု ရှိသည်။ ယင်းမှာ လူမှုရေးကလပ်အသင်း၏ လုပ်ငန်းများ ဖြစ်သည်။

မီလင်တန် လူမှုရေးကလပ်အသင်းကို တည်ထောင်သူမှာ စက်ရုံပိုင်ရှင် အဘိုးကြီး ဝက်စ်လေမီလင်တန် ဖြစ်သည်။ သူသည် သူ့စက်ရုံမှ အလုပ်သမား များနှင့် ယင်းအလုပ်သမားတို့၏ မိသားစုများအတွက် လူမှုရေးလုပ်ငန်းများကို လုပ်ပေးနိုင်ရန် ဤကလပ်ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဤကလပ်သည် စာပေနှင့် အနုပညာဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေး၊ အားကစား စသည် များနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ ယင်းလုပ်ငန်း များထဲတွင် နှစ်စဉ်ကျင်းပလေ့ရှိသော ကပွဲသည် လူအများက မျှော်လင့်သည့် ပွဲကြီးတစ်ပွဲ ဖြစ်လေသည်။

ယနေ့ညသည် မတ်လ ၂၃ ရက်၊ သောကြာနေ့ ဖြစ်၏။ ပျော်စရာနှင့် ဝမ်းသာစရာကောင်းသည့်ည ဖြစ်သည်။ ဂျိုးသည် စက်ရုံမှနေ၍ အိမ်သို့ ပြန်လာ သည်။ ဂျိုးသည် ကလပ်၏ လှုပ်ရှားမှုများတွင် များစွာ စိတ်ဝင်စားသူ ဖြစ်၏။ သူသည် ကလပ်အသင်းဝင်များက သဘောကျသောလူတစ်ဦး ဖြစ်နေသည်။ အထူးသဖြင့် သူသည် လက်ဝှေ့ပိုင်း၌ နာမည်တစ်လုံးနှင့် ထင်ရှားကျော်ကြား နေသူ ဖြစ်သည်။

လွန်ခဲ့သော ရှစ်လအတွင်း ဂျိုးသည် လက်ဝှေ့နယ်ပယ်တွင် ထင်ရှားလာခဲ့ သည်။ အလုပ်သမားများကသာမက မစ္စတာစတန်လေမီလင်တန် ကိုယ်တိုင် ကလည်း ဂျိုးအား အလွန်သဘောကျသည်။ လူတိုင်းက ဂျိုးအား အားပေးနေကြ သော်လည်း ဂျင်နီကတော့ လုံးဝ လက်မခံခဲ့ပေ။

ဂျင်နီသည် ကလပ်သို့ သူနှင့်အတူသွားလေ့ရှိ၏။ သို့သော်လည်း ထိုကဲ့သို့ သွားကြသည်မှာ မည်သည့် အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ အများကတော့ အမျိုးမျိုး ထင်ကြေးပေးကြ၏။ သို့သော်လည်း တကယ့်လက်တွေ့တွင်မူကား ဂျိုးအတွက် ဘာတစ်ခုမှ အရာမထင်ခဲ့ပေ။ လွန်ခဲ့သော ရှစ်လအတွင်း ဂျင်နီထံမှ သူ ဘာတွေများ ရခဲ့ပါသနည်း။ သူသည် ဂျင်နီနှင့်တွဲ၍ အပြင်သို့ အကြိမ်ပေါင်း များစွာ ထွက်ခဲ့သည်။ ဂျင်နီအတွက် ငွေကြေး အမြောက်အမြား သုံးစွဲခဲ့၏။ ဂျင်နီနှင့် ပတ်သက်လာလျှင် သူသည် ငွေကို ရေလိုသုံးခဲ့သည်။ ဤအတွက် ဂျင်နီထံမှ သူ ဘာတွေပြန်လည်ရရှိခဲ့သနည်း။ အနမ်း အနည်းငယ်မျှကိုသာ ရခဲ့၏။ စိတ်မပါ့တပါနှင့် ပေးခဲ့သောအနမ်းများ ဖြစ်သဖြင့် သူသည် အမြဲတစေ အားမလိုအားမရ ဖြစ်နေခဲ့ရ၏။



တကယ်တော့ ဂျိုးသည် ဂျင်နီအား သူ့ရင်တွင်းခံစားချက်များကို ထုတ် ဖော်ပြောပြခဲ့ဖူးသည်။ အကြိမ်ပေါင်းလည်း များလှပြီ။ သို့သော်လည်း ဂျင်နီထံမှ သူ လိုချင်သောအဖြေကို မရ။ နဝေတိမ်တောင်လုပ်ကာ လှည့်ပတ်ပြောခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။ သူ့အနေနှင့်ကတော့ ဂျင်နီကို သူ လိုလားသည်။ ဂျင်နီ၏ အချစ်ကို ရယူပိုင်ဆိုင်ချင်သည်။

သို့သော်လည်း ဂျင်နီသည် သူ့စိတ်ကို ဝေခွဲမရအောင်လုပ်လေ့ ရှိသည်။ တစ်ခါတစ်ရံတွင် သူ့အပေါ်၌ မလိုလားဟန်ပြကာ ဆက်ဆံလေ့ရှိ၏။ တစ်ခါ တစ်ရံကျတော့လည်း တရင်းတနှီး ဆက်ဆံလေ့ရှိ၏။ အပြာရောင်ဝတ်စုံသစ်ကို ဝတ်၍ တွဲသွားသည့်အခါများတွင် ဂျင်နီသည် သူ့အား ချိုသာသိမ်မွေ့စွာ ဆက်ဆံပြောဆိုလေ့ ရှိသည်။ အထူးသဖြင့် ကျကျနန ဝတ်စားဆင်ယင်ပြီး အင်ပါယာ ရုပ်ရှင်ရုံသို့ အလည်ခေါ်သွားပြီး ငွေကုန်ကြေးကျခံ၍ ကျွေးမွေးသည့် အခါ ဂျင်နီသည် သူ့အပေါ်တွင် များစွာ အရေးပေးတတ်၏။

ထိုအခါမျိုးတွင် ဂျင်နီသည် သူ့အား အမြဲတစေ အပြုံးဖြင့် တုံ့ပြန်တတ် သည်။ သူ့လက်ကို ဂျိုးက ကိုင်ထားလျှင်လည်း လိုက်လျောတတ်၏။ အကယ်၍ သူက တောင်းမူးဘက်မှ မှောင်ရိပ်များဆီသို့ ခေါ်သွားလျှင်လည်း လိုလိုချင်ချင်နှင့် ဆိုက်လာတတ်သည်။ သို့တစေလည်း ထိုအခါမျိုးတွင် သူ၏ ပြောပုံဆိုပုံသည် တိုတိုပြတ်ပြတ် ဖြစ်လာရုံမျှမက သူနှင့် ပူးပူးကပ်ကပ် မနေတော့ဘဲ ခပ်ခွာခွာ နေလေ့ရှိသည်။ သူ့အား ဟန့်တားသည့်သဘောဟု ယူဆမိလေသည်။

အကယ်၍ သူက မက်ဂေဂန် ကော်ဖီဆိုင်သို့သွား၍ ဝက်အူချောင်းနှင့် အာလူးပြုတ် ကြော်စားဖို့ ခေါ်သည့်အခါ 'အဲဒီနေရာတွေဟာ ကျွန်ုပ်အဖေ သွားလေ့ရှိတဲ့ နေရာမျိုးတွေပေါ့' ဟု ပြောကာ ဝမ်းသာအဲလဲ လိုက်လာတတ် သည်။ အကယ်၍များ ဟိုက်လမ်းမှ အထက်တန်းလွှာတို့ ကျက်စားရာ လက်ဖက် ရည်ခန်းမသို့ ဖိတ်ခေါ်ခဲ့ပါမူကား ဂျင်နီ၏ မျက်နှာသည် ကြည်လင်ဝင်းလက် နေတတ်သည်။ သူ့လက်ကိုဆွဲကာ သူ့ကိုယ်နှင့်ကပ်၍ ပွတ်သီးပွတ်သပ်နေလေ့ ရှိ၏။

တကယ်တော့ ဂျင်နီသည် သူ့ကိုယ်သူ သူ့မိသားစုထက် ကြီးမြင့်လိုသူ ဖြစ်သည်။ သူ့မိသားစုထက် အဖက်ဖက်တွင် သာလွန်နေလိုသူ ဖြစ်သည်။ သူ သည် သူ့အဖေနှင့် သူ့အမေတို့ကိုသာမက သူ့ညီအစ်များ (အထူးသဖြင့် ဆယ်လီ) ကိုပါ အဆင့်အတန်းမြင့်မြင့် နေထိုင်တတ်အောင် ပြုပြင်သင်ကြားပေးလိုသူ ဖြစ် သည်။ ထိုမျှမကသေး၊ ဂျင်နီသည် မိမိကိုပါ အဆင့်မြင့်မြင့် နေထိုင်တတ်အောင် အမြဲတစေ ပြုပြင်သင်ကြားပေးလေ့ရှိသည်ကို ဂျိုး သတိထားမိခဲ့သည်။

လူချင်းတွေ့၍ နှုတ်ဆက်သည့်အခါ သူ့ဦးထုပ်ကို ဘယ်လိုချွတ်၍ ဘယ်လိုကိုင်ရမည်၊ သူ့လမ်းလျှောက်တုတ်ကို ဘယ်လိုကိုင်ရမည်၊ ပလက်ဖောင်းပေါ်၌ လျှောက်သွားသည့်အခါ ဘယ်ပုံဘယ်နည်း လျှောက်ရမည်၊ လက်ဖက်ရည်သောက်လျှင် ပန်းကန်ကို ဘယ်လို ကိုင်ရမည် စသည် ....စသည်များကိုပါ သင်ကြားပေးလေ့ရှိသည် မဟုတ်ပါလား။

ဂျင်နီသည် တစ်ပဲနိတန် အမျိုးသမီးဂျာနယ်ထဲမှ လမ်းညွှန်ဆောင်းပါးများကိုဖတ်၍ သူ့ကိုယ်သူ လေ့ကျင့်ပျိုးထောင်နေသူ ဖြစ်သည်။ ယဉ်ကျေးဖွယ်ရာသော အပြုအမူများကိုပြုပြီး အထက်တန်း အမျိုးသမီးတစ်ယောက် ဖြစ်လာအောင် အားထုတ်နေသူ ဖြစ်သည်။ ထိုဂျာနယ်များတွင် ဖော်ပြထားသည့် ဖက်ရှင်ပုံစံများကိုကြည့်၍ သူ့ဝတ်စုံများကို ချုပ်လုပ်ဝတ်ဆင်လေ့ရှိသူ ဖြစ်သည်။ သူ့လက်တွေကို အမြဲတစေ ဖြူစင်လှပနေအောင် ဘယ်လို နေရထိုင်ရမလဲ၊ သူ့ဆံပင်ကို သန့်စွမ်းလှပနေအောင် ဘယ်လို ခေါင်းလျှော်ရမလဲ စသည် ....စသည်များကိုလည်း လေ့လာလုပ်ကိုင်နေသူ ဖြစ်သည်။

ဂျိုးကတော့ သူ့ကိုယ်သူ အဆင့်မြင့်မြင့် မိန်းမတစ်ယောက် ဖြစ်လာအောင် ကြိုးပမ်းနေသော ဂျင်နီ၏ လုပ်ရပ်များအပေါ်တွင် အပြစ်မမြင်ပေ။ ဂျင်နီ၏ ဝတ်စားဆင်ယင်မှုနှင့် ပြောဆိုဆက်ဆံဟန်များသည် သူ့စိတ်ကို အလွန်လှုပ်ရှားစေသဖြင့် များစွာ သဘောကျသည်။ ထို့ကြောင့်လည်း ရံဖန်ရံခါ လမ်းများပေါ်မှ သူ တွေ့ရတတ်သည့် မိန်းမများနှင့် ဂျင်နီသည် အလွန် ကွာခြားသည်ဟု သူ့စိတ်က ယူမှတ်ထားသည်။ မည်သို့ပင်ဖြစ်စေ ဂျင်နီနှင့် တပူးတွဲတွဲ နေခဲ့ရသည့် ကာလများအတွင်း သူ့အတွက် မျှော်လင့်ချက်ကတော့ အားနည်းလျက်သာ ရှိရလေသည်။

ဂျိုးသည် ဂျင်နီနှင့် သူ၏ ဆက်ဆံရေးများကို ပြန်တွေးကာ ဘဝင်မကျဖြစ်လျက်ရှိသည်။ စိတ်မရှည်နိုင်အောင်လည်း ဖြစ်လျက်ရှိ၏။ ဤသို့ဖြင့် သူသည် အမှတ် ၁၁၇–အေ စကော့ဝုဒ်လမ်း တိုက်ခန်းဆီသို့ တက်လာခဲ့သည်။ မည်သည့်နည်းနှင့်မဆို ယနေ့ညတော့ဖြင့် သူ့ကိစ္စကို ဂျင်နီအား ထပ်မံပြောပြပြီး အဖြေတောင်းမည်။ အဖြေမပေးပါက ဘာ့ကြောင့် မပေးတာလဲဟု မေးမည်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်လေသည်။

သူ နောက်ဖေးခန်းထဲ ဝင်သွားသည့်အခါ နာရီကို တစ်ချက်မျှ မြင်လိုက်သည်။ သူ နောက်ကျနေပြီဟု သိလိုက်၏။ ဂျင်နီသည် အပေါ်ထပ်သို့တက်၍ အဝတ်လဲနေပြီ။ မစ္စက်ဆန်းလေးသည် ခေါင်းကိုက်သဖြင့် ညေ့ခန်းထဲ၍ လှဲနေသည်။ ဖီးလစ္စနှင့် ကလာရီတို့ကတော့ ကစားရန် လမ်းပေါ်သို့ ရောက်သွားကြပြီ။ သူ့ကို လက်ဖက်ရည် လာချပေးသူမှာ ဆယ်လီ။



'မင်းအဖေ ဘယ်သွားလဲ' ဟု ဂျိုးက ပေါင်မုန့်ကိုဝါး၍ လက်ဖက်ရည်နှင့်မျောချရင်း မေးသည်။

'ဘာမင်ဂမ်ကို သွားတယ်၊ အတွင်းရေးမှူး မသွားနိုင်လို့ အဖေက ကိုယ်စားသွားရတာ၊ မနက်ဖြန်အတွက်....ကာလပ်အတွက်ရော၊ အိမ်အတွက်ပါ ပစ္စည်းတွေသွားဝယ်တာ'

ဂျိုးသည် အသားများကို ခက်ရင်းနှင့်ထိုးယူပြီး ပါးစပ်ထဲထည့်သည်။ ပါးစပ်ကို တအားဟ၍ ထိုးထည့်နေခြင်း ဖြစ်၏။ သူသည် အဲလ်အကြောင်းကိုတွေးနေမိသည်။ စနေနေ့ပွဲအတွက် သူက ဘာမင်ဂမ်ကို အချောင်သွားရတာပဲဟု တွေးစားမိသည်။

ဆယ်လီသည် ဂျိုး စားသောက်နေပုံကိုကြည့်၍ ရင်ထဲ၌ ဖြစ်ပေါ်လာသောစကားကို မပြောဘဲမနေနိုင်အောင် ဖြစ်လာသည်။

'ခက်ရင်းကို မျိုချမပစ်နဲ့နော်' ဟု သတိပေးသည်။

'ပေါလခါ ရိုးရာအက ကလို့ ခုန်တဲ့အခါ ရှင့်ဗိုက်ထဲက ခက်ရင်းသံတွေကြားနေရလိမ့်မယ်'

ဂျိုးက ဆယ်လီအား မျက်မှောင်ကြုတ်၍ ကြည့်သည်။ ဆယ်လီသည် သူ့အား မုန်းတီးရွံရှာကြောင်းကို ဂျိုးက သိနေသည်။ သူသည် ဆယ်လီနှင့် စကားပြောခွင့်ရတိုင်း အနိုင်ယူဖို့ ကြိုးစားခဲ့သည်။ သို့သော်လည်း ဆယ်လီ၏ ဆက်မြက်သောဉာဏ်ကို သူ မမီ။ သူကသာလျှင် အရှုံးပေးရ၏။ အခုလည်း ဆယ်လီ၏ စိုက်ကြည့်ခြင်းကို ခံနေရသော ဂျိုးသည် စိတ်ထဲတွင် မသက်မသာဖြစ်နေမိသည်။ မလုံမလဲဖြစ်ကာ ဂနာမငြိမ်ဖြစ်လျက် ရှိသည်။

သူက မျက်မှောင်ကြုတ်၍ ကြည့်နေသည့်အခါ ဆယ်လီသည် များစွာကျေနပ်အားရသွားဟန်တူသည်။ ဆယ်လီ၏ မျက်လုံးအစုံသည် တလက်လက်တောက်ပလာသည်။ ဆယ်လီသည် အသက် ဆယ့်တစ်နှစ်မျှသာ ရှိသေးသောကလေးမ ဖြစ်၏။ သို့သော်လည်း စကားသိပ်တတ်သည်။ သူ့နှုတ်မှ ထွက်လာသော လှောင်ပြောင်သရော်သည့် စကားများသည် တစ်ဖက်သားအား ထိထိနိုက်နိုက် ဖြစ်စေသည်။ အခုလည်း ဆယ်လီသည် သူ့အား စေ့စေ့စပ်စပ်ကြည့်ကာဆက်လက်ပြီး အရေးနိုင်ရန် အားထုတ်နေသည်။

'ရှင့်ခြေထောက်ကြီးတွေက အကြီးကြီးတွေဆိုတော့ ကန်တာ ကောင်းမှာပဲ တကယ်ပြောတာ မစ္စတာဂိုလန်၊ ဩော် ....မေ့လို့ ....မစ္စတာဂျိုး'

ဆယ်လီသည် မျက်နှာကို ပြောင်စပ်စပ်လုပ်ကာ ဂျိုးအား ကြည့်နေပြန်သည်၊ ဂျိုးကတော့ မျက်နှာကို တင်းထားသည်။

'နှင့်ပါးစပ်ကို ပိတ်ထားစမ်း၊ ပြောင်တောင်တောင် နောက်တောက်တောက်နဲ့ တွေ့ကရာတွေ လာပြောမနေနဲ့၊ သောက်ရူးမ' ဟု ပြောကာ ဂျိုးက ထိုင်ရာမှ ထ၍ တံခါးဆီသို့ လျှောက်သွားသည်။

ဆယ်လီသည် ဂျိုး၏ရှေ့မှ ပြေးသွားပြီး ပိတ်ရပ်နေသည်။

'ကျွန်မကို ပဂ္ဂီလို့ ခေါ်စေချင်ပါတယ်ရှင်' ဟု ပြောသည်။

'အခုလို ကျွန်မကို တစ်ယောက်တည်းထားခဲ့ပြီး လစ်သွားတာတော့ မကောင်းပါဘူးရှင်၊ ကျွန်မက သီချင်းလေးတစ်ပုဒ် ဆိုပြမလို့ စိတ်ကူးထားပါတယ်၊ နားထောင်သွားပါဦး မစ္စတာကိုလန်ရယ်' ဟု ပြောပြောဆိုဆို ဆယ်လီသည် သူ့အစ်စ ဂျင်နီ၏ အမူအရာကို အတုခိုးကာ သီချင်းစဆိုသည်။

ဂျိုးသည် တံခါးကို တအားဆောင့်ပိတ်လိုက်သည်။ ဆယ်လီသည် ဆိုဖာဆီသို့ပြေးသွားကာ လှဲအိပ်လိုက်ပြီး သံသေးသံကြောင်ဖြင့် အော်ရယ်သည်။ အပေါ်ထပ်တွင် ဂျိုးသည် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို အမြန်ရိတ်သည်။ သူ့ဆံပင်ကို ဖြီးသည်။ အပြာရောင်ဝတ်စုံကို အကျအန ဝတ်ဆင်သည်။ နက္ကတိုင်သစ် အစိမ်းရောင်ကို တပ်သည်။ ပြောင်လက်နေအောင် တိုက်ထားသည့် ရှူးဖိနပ်ကြိုးများကို လှပနေအောင် ချည်လိုက်သည်။ ထို့နောက် ခန်းမထဲမှနေ၍ ဂျင်နီကို စောင့်နေရပြန်သည်။ စောင့်ရသည်ကို စိတ်မရှည်လွန်း၍ သူသည် ဖင်တကြွကြွ ဖြစ်လျက်ရှိ၏။

ဂျင်နီ ဆင်းလာသည်ကို မြင်လိုက်ရသည့်အခါ အကြာကြီး စောင့်နေခဲ့ရခြင်းကို မေ့သွားသည်။ ဂျင်နီကိုကြည့်ကာ အသက်ရှူမှားလျက်ရှိသည်။ ပန်းရောင်ဖျော့အကျီရှည်အပွကို ဝတ်ထားသည်။ အဖြူရောင် ရှူးဖိနပ်ကို စီးထားပြီး အဖြူရောင်ပဝါကို ခြုံထားသည်။ ဂျိုး၏ မျက်စိထဲတွင် ဂျင်နီ၏အလှသည် မက်မောစရာ ကောင်းလှပါဘိခြင်း။

'ဂျင်နီရယ် .... သိပ်ကို လှတာပဲကွယ်'

ဂျိုး၏ ချီးမွမ်းသံကို ဣန္ဒြေမပျက် လက်ခံသည်။ သူသည် ဂျိုးအား ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ဂျိုး၏ ခြေထောက်မှ ဘွတ်ဖိနပ် အညိုရောင်ကြီးကို မြင်သည့်အခါ မျက်နှာပျက်သွားသည်။

'ဒီမယ် ဂျိုး၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ကျွန်မ ရှင့်ကို ပန့်ရှူးစီးဖို့ ပြောထားခဲ့တာ မေ့သွားပြီလား'

'အင်း ....အခုလိုပွဲမျိုးမှာ ဒီဖိနပ်မျိုးတွေပဲ စီးတယ်လို့ သူတို့က ပြောကြတယ်'

'မရူးစမ်းပါနဲ့ ဂျိုးရယ်၊ ကျွန်မ ဘာကိုမှ မသိတဲ့လူလို့ ရှင် ထင်နေသလား။



ဒီဖိနပ်ကြီးနဲ့ဆိုရင် ကျွန်မဟာ ရယ်စရာ လူတစ်ယောက် ဖြစ်တော့မှာပဲ၊ ဒါနဲ့ အငှားကား ခေါ်ပြီးပြီလား'

'အငှားကား' ဟု ရေရွတ်ကာ ဂျိုးသည် မျက်နှာပျက်သွားသည်။ ဂျင်နီသည် သူ့အား သန်းကြွယ်သူဌေးဟုများ ထင်နေသလား မသိ။ သူသည် မျက်စိမျက်နှာအပျက်ပျက်ဖြင့် ပြန်ပြောသည်။

'ကိုယ်တို့ ဓာတ်ရထားနဲ့ သွားကြမယ် .... လေ'

ဂျင်နီ၏ မျက်လုံးများတွင် ဒေါသအခိုးအငွေ့များ ယှက်သန်းလာသည်။

'သြော် ....ဒီလိုလား၊ ရှင်က ကျွန်မကို ဘယ်လိုအစားလို့ ထင်နေသလဲ၊ ကျွန်မဟာ အငှားကားနဲ့ သွားသင့်တဲ့ အဆင့်မရှိဘူးလို့ ထင်နေသလား' ဟု မေးသည်။

အပေါ်ထပ်မှ အဒေါ်၏ အော်ပြောသံကို ကြားကြရသည်။

'နှင်တို့နှစ်ယောက် နောက်ကျတော့မယ်၊ သွားကြတော့'

'စိတ်မပူပါနဲ့ အမေရယ်' ဟု ဂျင်နီက ပြန်အော်သည်။

'သမီးတို့ လုံးဝ နောက်ကျမှာ မဟုတ်ပါဘူး'

သူတို့သည် လူတွေပြည့်ကျပ်နေသည့် အနီရောင် ဓာတ်ရထားကို စီးကြရသည်။ လူတွေကျပ်တောက်နေသဖြင့် ဂျင်နီ၏ မကျေနပ်မှုသည် ပို၍ ကြီးထွားလာသည်။ ခရီးတစ်လျှောက်လုံး သူသည် စကား လုံးဝမပြော။ သို့သော်လည်း နောက်ဆုံးတွင် သူတို့သည် ယာရီးသို့ ဆိုက်ရောက်လာသဖြင့် ဓာတ်ရထားပေါ်မှ ဆင်းလာခဲ့ကြသည်။ သူတို့ အော့ဒ်ဖဲလိုးခန်းမတွင်းသို့ ဝင်သွားချိန်တွင် မိတ်ဆုံပွဲသည် အစပြုနေခဲ့လေပြီ။

ဤမိတ်ဆက်ပွဲသည် အလယ်အလတ်တန်းစား မိသားစုများ ဆုံစည်းရာပွဲတစ်ပွဲဖြစ်သဖြင့် အဆင်ပြေသော ပွဲတစ်ပွဲ ဖြစ်သည်။ ခန်းမကြီး၏ တစ်ဖက်တွင် စားပွဲများ ချထားသည်။ ထိုစားပွဲများပေါ်တွင် ညလယ်စာအတွက် ကိတ်မုန့်များ၊ အသားညှပ်ပေါင်မုန့်များ၊ ဘီစကွတ်မုန့်များ စသည့် အစားအစာမျိုးစုံ တင်ထားသည်။ ခန်းမ၏ အခြားတစ်ဖက်တွင်မူ သံစုံတီးဝိုင်းအဖွဲ့ကို နေရာချပေးထားသည်။ တီးဝိုင်းအဖွဲ့၏ စန္ဒရားတွင် ဖရန့်မက်ဂါဗီသည် ထိုင်နေသည်။

ဂျင်နီသည် ပရိသတ်ဘက်သို့ တစ်ချက်မျှ ဝေ့ကြည့်သည်။ ပရိသတ်ထဲမှ လူများ၏အနေအထားသည် နှစ်သက်စရာမရှိ။ အားလုံး ဝတ်စားဆင်ယင်ထားပုံသည် အဆင့်နိမ့်လှသည်ဟု သူ ထင်သည်။ တစ်ချက်ကြည့်ရုံမျှဖြင့် ပရိသတ်အဆင့်အတန်း နိမ့်ကျမှုကို သူ သိသည်။

'ကျွန်မတော့ စိတ်ပျက်သွားပြီ' ဟု ဂျိုးအား ပြောသည်။

'ဘာပြောတယ်' ဟု ဂျိုးက အလန့်တကြား ရေရွတ်သည်။

'အလကားပဲ၊ ဒီပွဲက မကောင်းဘူး၊ အဆင့်အတန်းလည်း မရှိဘူး၊ သိပ် နိမ့်ကျတယ်'

'ဘာလဲ မင်း မကတော့ဘူးလား'

ဂျင်နီက ခေါင်းခါသည်။

'ဟာ....ခုက္ခပါပဲ၊ ကဖို့ကတော့ ကောင်းပါတယ်ကွာ၊ တို့အနေနဲ့ လက်မှတ်တွေလည်း ဝယ်ပြီးနေပြီကွ'

ဤသို့ဖြင့် သူတို့သည် ကပွဲတွင် ဝင်ကကြသည်။ သို့သော်လည်း ဂျင်နီသည် ရွှင်လန်းတက်ကြွမှု မရှိ။ ဂျိုးနှင့် တွဲကနေသော်လည်း တရင်းတနှီးမနေ။ ကျန်လူများကိုလည်း အသိအမှတ်မပြု။ သူ လုပ်နေပုံသည် စိတ်မပါဘဲနှင့် လုပ်ကိုင်နေရသည့်ပုံ ဖြစ်၏။

'ဟိုလူက ဘယ်သူလဲ' ဟု ဂျင်နီက သူတို့ ကနေခိုက်တွင် မြင်လိုက်ရသော လူတစ်ယောက်ဆီသို့ မေးငေါ့ပြပြီး မေးသည်။ ဂျိုးက ဂျင်နီပြသည့်လူကို ကြည့်သည်။

'အဲဒါ ဂျက်လင့်ချ်ပေါ့၊အလုပ်ရုံမှာ သူဟာ ပန်းပဲဆရာပဲ၊ မင်းကို သဘောကျနေပုံပေါ်တယ်' ဟု ဂျိုးက ပြန်ပြောသည်။ ဂျက်လင့်ချ်သည် အသက် လေးဆယ်ကျော် ငါးဆယ်တွင်းအရွယ် ဖြစ်သည်။ ခေါင်းလုံးလုံးနှင့် ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်သော်လည်း ခြေနှစ်ဖက်က ခပ်ခွင်ခွင် ဖြစ်သည်။

'အင်း.....သူနဲ့ နှစ်ယောက်တည်း လှောင်ချိုင့်တစ်ခုတည်းမှာသာတွေ့ရင် မလွယ်ဘူး' ဟု ဂျင်နီက မှတ်ချက်ချသည်။

ညဉ့်နက်လာသည့်အခါ နောက်ထပ် ဧည့်သည်များ ထပ်ရောက်လာသည်။ အလုပ်သမားများသာ မဟုတ်၊ ပုံဆွဲဌာနစိတ်မှ ပုံဆွဲသမားစုံတွဲများ ဖြစ်သည်။ စာရင်းကိုင် မစ္စတာအိုင်ရာဗင်နှင့် သူ့ဇနီး၊ ငွေကိုင်စာရေး မော်ဂန်နှင့် သူ့ဇနီးတို့သာမက အလုပ်ရုံမန်နေဂျာ မစ္စတာကလက်ပါ ရောက်လာကြသည်။ ထိုအခါကျတော့လည်း ဂျင်နီ၏ အပြုအမူသည် သိသာစွာ ပြောင်းသွားသည်။ ပြုံးရယ်ဖော် ရလာသည်။ ဂျိုးနှင့်လည်း စကားပြောလာသည်။

'ကပွဲ အခြေအနေက တိုးတက်လာပြီ'

ထိုစကားပြောအပြီး အကြာခင်မှာပင် စက်ရုံပိုင်ရှင် မစ္စတာ စတန်လေမီလင်တန် ရောက်လာသည်။ သူ ရောက်လာချိန်သည် တကယ် ကြီးကျယ်ခမ်းနားသော အချိန် ဖြစ်သည်။ သူသည် အကောင်းဆုံး ညစာဝတ်စုံကို ဝတ်ထားသည်။ သူသည် သူနှင့် စေ့စပ်ထားသည့် အမျိုးသမီးကိုပါ ခေါ်လာသည်။



ဒီတစ်ခါကျတော့ ဂျင်နီသည် ပို၍ အသက်ဝင်လာသည်။ ကလပ်အမှုဆောင်အဖွဲ့ဝင်များနှင့် လက်ဆွဲနှုတ်ဆက်နေသော စတင်လေမီလင်တန်တို့အား ကြည့်ကာ နှုတ်သွက်လျှာသွက် ဖြစ်လာသည်။

'သူနဲ့ ပါလာတဲ့ အမျိုးသမီးက လော်ရာတော့ဒ်ပေါ့' ဟု ဂျင်နီက နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။

'ရှင်သိတယ် မဟုတ်လား၊ သူ့အဖေက သတ္တုတွင်း အင်ဂျင်နီယာလေ၊ သူ့အကြောင်းကို ဂျင်နီ ကောင်းကောင်းသိတယ်၊ သူတို့စေ့စပ်တာ ဩဂုတ်လထဲကပေါ့၊ ကူးရီးယားမဂ္ဂဇင်းထဲမှာ အစုံပါတယ်'

အားတက်သရော စကားပြောနေသော ဂျင်နီအား ဂျိုးက အံ့အားသင့်ပြီး ကြည့်နေသည်။ တကယ်တော့ ဂျင်နီသည် တိုင်နီကပ်ဆဲလ်မြို့ပေါ်မှ လူကုံထံအသိုင်းအဝိုင်းကို စိတ်ဝင်စားသူ ဖြစ်သည်။ လူကုံထံများ ရောက်လာသည်ကို ကြည့်ကာ သွက်လက်တက်ကြွလာသည်။ ဂျိုးသည် ဂျင်နီကိုကြည့်ကာ သူ့အတွက် ရှော်လင့်ချက်ထားလာသည်။

'ကျွန်မတို့ မကတော့ဘူးလား ဂျိုး' ဟု ဂျင်နီက မေးကာ ထိုင်ရာမှ ထရပ်သည်။ သူသည် ဂျိုး၏လက်တွင်း၌ အလိုက်သင့်ပါလာသည်။ သူတို့စုံတွဲသည် မီလင်တန်နှင့် မစ္စတာတော့ဒ်တို့အတွဲနှင့် သိပ်မဝေး။

'သူ့အကျီကိုကြည့်စမ်း၊ သိပ်ကိုလှတာပဲနော် ဂျိုး' ဟု ဂျင်နီက ခပ်တိုးတိုးပြောသည်။ ဂျိုးနှင့်တွဲ၍ ကနေသော်လည်း သူ့မျက်လုံးများသည် မစ္စတာတော့ဒ်ဆီ၌သာ ရောက်နေသည်။

ကနေသူများသည် ရွှင်လန်းမြူးထူးလာကြသည်။ တီးသံမှုတ်သံများသည်လည်း သွက်လက်မြန်ဆန်လာသည်။ လူတို့၏အကသည် သွက်လက်မြူးကြွလာသည်။ လူတိုင်းလိုလိုပင် မစ္စတာစတန်လေမီလင်တန်တို့စုံတွဲ ရောက်လာသည့်အတွက် ဝမ်းသာနေကြသည် မဟုတ်ပါလား။

မစ္စတာစတန်လေသည် ယာရိုးတွင် လူချစ်လူခင်ပေါသူ ဖြစ်၏။ သူ့ဖခင်မှာ လွန်ခဲ့သော နှစ်အနည်းငယ်က သေဆုံးသွားခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က စတန်လေသည် အသက် ဆယ့်ခုနစ်နှစ်မျှသာ ရှိသေး၍ စိန့်ဘီဒီကျောင်းတွင် ပညာသင်ကြားနေဆဲ ဖြစ်သည်။ သူ့ဖခင်၏အမွေဖြစ်သော ဤလုပ်ငန်းကို အသက်ငယ်ငယ်နှင့် ဆက်ခံလာခဲ့ရသည်။ သူသည် ကျောင်းတွင် ပညာမှာရော၊ အားကစား၌ပါ ထူးချွန်ခဲ့သည့် လူချောတစ်ဦး ဖြစ်သည်။ သူ့ဖခင်၏လုပ်ငန်းကို ဆက်ခံခဲ့သည့်အချိန်တွင် သူသည် နှုတ်ခမ်းမွေးပင် ထွက်ခါစမျှသာ ရှိသေးသည်။ လုပ်ငန်းကို ထင်နရီကလက်ထဲမှ သင်ယူလေ့လာခဲ့ရ၏။

ယခုအခါတွင်မူ စတန်လေ၏အသက်သည် နှစ်ဆယ့်ငါးနှစ်မျှရှိနေပြီ ဖြစ်သည်။ လုပ်ငန်းကို သူကိုယ်တိုင် စနစ်တကျ အုပ်ချုပ်၍ စီမံခန့်ခွဲနေပြီ ဖြစ်သည်။ သူ့လုပ်ငန်းနှင့် ပတ်သက်၍ ကောင်းသည်၊ မှန်သည်ဟု ယူဆလျှင်လည်း ရဲရဲဝံ့ဝံ့ လုပ်လေ့ရှိသည်။ လုပ်ကိုင်လိုသောဆန္ဒလည်းရှိသဖြင့် အားလုံးက သူ့အား သဘောကျကြသည်။ လူတိုင်းက စတန်လေအား ကျောင်းကောင်းကောင်း၌ နေရပြီး ပညာတတ် ဖြစ်ခဲ့သဖြင့် စိတ်စေတနာကောင်းရှိသည်ဟု ယုံကြည်ကြလေသည်။

မစ္စတာစတန်လေသည် စကားပြောဆိုရာ၌ လည်းကောင်း၊ ပြုမူနေထိုင်ဆက်ဆံရာ၌ လည်းကောင်း အလွန် ယဉ်ကျေးသိမ်မွေ့သည်။ ယခုညတွင်လည်း ကလပ်မှ ဦးစီးသော ဤကပွဲသို့ သူ့ဇနီးလောင်း လော်ရာတော့ဒ်ကိုပါခေါ်၍ ရောက်လာသည်။ အားလုံးကို လက်ဆွဲနှုတ်ဆက်ကာ စကားစမြည် ပြောသည်။ အခုကျတော့လည်း လော်ရာနှင့် တွဲကသည် မဟုတ်။ အလုပ်သမားဟောင်းကြီးများ၏ ဇနီးများနှင့်ရော၊ လက်ရှိအလုပ်သမားတို့၏ ဇနီးများနှင့်ပါ တရင်းတနှီး တွဲကလျက် ရှိလေသည်။

ညကပွဲ၏အချိန်သည် မသိမသာ ကုန်ဆုံးသွားနေသည်။ ဂျင်နီအဖို့တော့ အစစအရာရာ ကျေနပ်စရာကောင်းနေသဖြင့် ပြုံးရွှင်လျက်ရှိသည်။ သူ့စိတ်သည် မစ္စတာစတန်လေနှင့် လော်ရာတော့ဒ်တို့စုံတွဲ ဝင်လာကတည်းက ရွှင်လန်းလာခဲ့ခြင်း ဖြစ်သည်။ ဂျင်နီသည် မစ္စတော့ဒ်နှင့် သိကျွမ်းခင်မင်လိုသောဆန္ဒ ပြင်းပြလျက်ရှိသည်။ မစ္စတာစတန်လေက သူ့ထံလာ၍ တွဲကဖို့ ဖိတ်ခေါ်ခြင်းကို အာသာဆန္ဒပြင်းပြစွာဖြင့် မျှော်လင့်တောင့်တလျက် ရှိသည်။ သို့သော်လည်း အခုအချိန်ထိ သူ မျှော်နေသလို ဖြစ်မလာသေးသည့်အတွက် စိတ်ပျက်လျက် ရှိလေသည်။

ဂျက်လင့်ချ်ကတော့ ဂျင်နီကိုသာ စိုက်ကြည့်နေသည်။ သူ့အကြည့်သည် ဂျင်နီ၏နောက်မှ တကောက်ကောက်လိုက်လျက် ရှိ၏။ အကယ်၍ နောက်မှ လူချင်းဆုံမိပါက သူနှင့်တွဲကဖို့ ဖိတ်ခေါ်ရန်လည်း အသင့်ပြင်ထားသည်။ ဂျက်သည် စရိုက်ဆိုးသော လူတစ်ယောက် မဟုတ်ပေ။ သူ့အားနည်းချက်မှာ အရက်ကို မူးအောင်သောက်တတ်ခြင်း ဖြစ်သည်။

ယနေ့ညတွင်လည်း သူသည် ခန်းမထဲသို့ ပြန်ဝင်လာလိုက်၊ ထွက်သွားလိုက်နှင့် အလုပ်များလျက် ရှိသည်။ သူသည် ကပွဲခန်းမနှင့် ကပ်နေသော ဘားသို့ သွားကာ အရက်သောက်နေခြင်း ဖြစ်၏။ သူ့အကျင့်အတိုင်းဆိုပါက ဂျက်သည် ခန်းမ၏ အဝင်တံခါးဘေး၌ရပ်ကာ အရက်၏စည်းစိမ်ကို ခံယူနေတတ်သည်။ ခန်းမထဲမှ တီးသံမှုတ်သံများကို နားထောင်ကာ ခေါင်းတညိတ်ညိတ်လုပ်နေလေ့



ရှိသည်။ ကလပ်ပိတ်ပြီဆိုခါမှ အိမ်သို့ လေးကွက်သိုင်းနင်း၍ပြန်ကာ ဒယီးဒယိုင်ဖြင့် အိပ်ရာဝင်လေ့ရှိသည်။ ယနေ့ညကျတော့ ခါတိုင်းလို နေ၍မရ။ တရစ်ဝဲဝဲ လိုက်နေရမည့် နတ်မိမယ်တစ်ပါးကို သူ တွေ့ထားသဖြင့် အပြင်ကိုပင် မထွက်နိုင်။

ညလယ်စာ မစားခင် နောက်ဆုံးကျင်းပသည့်ကပွဲ စတော့မည်။ ဂျက်သည် သူ့နက္ကတိုင်ကို ပြန်လည် ပြုပြင်လိုက်ပြီး ဂျင်နီအနီးသို့ ရောက်လာသည်။

'ကဲ ....လာကွာ၊ မင်းနဲ့ငါ ကကြရအောင်' ဟု ပြောသည်။ ဂျင်နီက ဂျက်ကို မကြည့်၊ သူ့ရှေ့တည့်တည့်ကို ကြည့်နေရာမှ ခေါင်းယမ်းသည်။ သူ့ဘေး၌ ထိုင်နေသော ဂျိုးက ....

'ဟေ့ကောင် ဂျက်၊ အေးအေးဆေးဆေး ပြန်ပါကွာ၊ မစ္စဆန်းလေးက ငါနဲ့ ကနေတာ' ဟု ဝင်ပြောသည်။

ဂျက်သည် ဖြောင့်ဖြောင့်တန်းတန်း ရပ်နိုင်သည် မဟုတ်။ သူသည် ဟိုယိမ်းသည်ယိုင် ဖြစ်နေရာမှ အာလေးလျှာလေးနှင့် ပြန်ပြောသည်။

'ငါက သူနဲ့ တွဲကချင်တယ်ကွာ'

သူ့လက်တစ်ဖက်သည် ဂျင်နီထံသို့ ကမ်းလာသည်။ ဂျက်ကတော့ အန္တရာယ်ပြုလိုသည့် စိတ်ထားနှင့် မဟုတ်။ သို့သော်လည်း မူးနေသူဖြစ်၍ သူ့ကိုယ်သူ မဟန်နိုင်။ ဤသို့ဖြင့် သူ့လက်သည် ဂျင်နီ၏ပခုံးသို့ မတော်တဆ ကျလာသည်။ ဂျင်နီက အလန့်တကြား ထအော်သည်။ ဂျိုးက ထိုင်နေရာမှ ဖြန်းခနဲထကာ ဂျက်၏မေးစေ့ကို လက်သီးနှင့်ထိုးသည်။ ယိုင်တိုင်တိုင် ဖြစ်နေသော ဂျက်သည် ဂျိုး၏ လက်သီးချက်ကြောင့် ကြမ်းပြင်ထက်သို့ လဲကျသွားလေ၏။

ဤအဖြစ်ကြောင့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ဝိုင်းအုံနေသော လူအများကြားမှ တိုးဝင်လာသူမှာ မစ္စတာ စတန်လေ။

'ဘာဖြစ်ကြတာလဲ' ဟု သူက မေးသည်။ ရင်ကို ခပ်ကော့ကော့လုပ်၍ ရပ်နေသော ဂျိုးသည် လက်တစ်ဖက်ဖြင့် ကြောက်လန့်တကြား ဖြစ်နေသော ဂျင်နီ၏ခါးကို ဖက်ထားသည်။

'ဘယ်လို ဖြစ်ကြတာလဲ ....ပြဿနာက ဘာလဲ' ဟု မစ္စတာစတန်လေက ထပ်မေးသည်။

သူ့အမေးကို ယောကျ်ားပီသဟန် ဆောင်ထားသည့် ဂျိုးက ပြန်ဖြေသည်။

'သူ မူးနေတယ် မစ္စတာမီလင်တန်၊ လူမှန်းသူမှန်း မသိအောင်ကို မူးနေပါတယ်'

သူသည် လွန်ခဲ့သော စနေနေ့က ဂျက်နှင့်အတူ အင်ပါယာဘား၌ အရက်အတူတူသောက်ပြီး အတူတူ မူးခဲ့ဖူးကြသည်ကို မေ့သွားပြီ။

'သူ မူးနေတော့ ကျွန်တော့်အဖော်ကို လာနှောင့်ယှက်တယ် မစ္စတာစတန်လေ၊ ကျွန်တော့်အနေနဲ့ ကျွန်တော့်အဖော်ကို ကာကွယ်ရတာပါ'

စတန်လေသည် ဂျိုးနှင့် ဂျင်နီတို့အား တစ်လှည့်၊ လဲကျနေသော အမူးသမားကို တစ်လှည့် ကြည့်သည်။

'မူးနေတယ် ဟုတ်လား' ဟု ရေရွတ်သည်။

'ဒါကတော့ မကောင်းဘူး တော်တော်ဆိုးတာပဲ၊ ဒါမျိုးဖြစ်တာတော့ ကျွန်တော် သည်းမခံနိုင်ဘူး၊ ကျွန်တော့်လူတွေဟာ လူယဉ်ကျေးတွေပါ၊ ဒီပွဲမှာ ယဉ်ယဉ်ကျေးကျေးနဲ့ ပျော်ပျော်ပါးပါး ဖြစ်စေချင်တယ်၊ သူ့ကို အပြင်ထုတ်သွားကြပါ၊ မစ္စတာကလက် ....ဒီကို လာပါဦး၊ ဒီကိစ္စကို ရှင်းကြရအောင်၊ မနက်ဖြန်ကျရင် အဲဒီလူကို ကျွန်တော့်ရုံးခန်း ခေါ်ခဲ့ပါ' ဟု ပြောသည်။

ဂျက်လင့်ချ်အား အပြင်သို့ တွဲထုတ်သွားကြသည်။ နောက်တစ်ရက်တွင် သူ့အား မစ္စတာစတန်လေက အလုပ်မှ ထုတ်ပစ်လိုက်သည်။ ထိုညက ဂျက်အား အပြင်သို့ ဆွဲထုတ်သွားချိန်တွင် မစ္စတာစတန်လေသည် ဂျိုးနှင့် ဂျင်နီတို့အား သူကိုယ်တိုင် တရင်းတနှီး မိတ်ဆက်သည်။ သူက လှည့်ကြည့်ပြီး ပြုံးပြသည့်အခါ ဂျိုးက အူကြောင်ကြောင် မျက်နှာပေးဖြင့် ဖြစ်စပ်စပ်လုပ်၍ တုံ့ပြန်သည်။ ဂျင်နီကတော့ စိတ်မောလူမော ဖြစ်လွန်း၍ အရည်ပျော်ကျသွားတော့မည့် အနေအထားကို ဖော်ပြနေသည်။

'အားလုံး အဆင်ပြေသွားပါပြီ' ဟု စတန်လေက ပြောသည်။

'မင်းက ဂျိုးကိုလန် မဟုတ်လား၊ ငါ မင်းကို ကောင်းကောင်းသိတယ် မင်းအဖော်နဲ့ ငါ့ကို မိတ်ဆက်ပေးပါဦး၊ ကျန်းမာပါရဲ့လား မစ္စဆန်းလေး၊ ဖြစ်ပြီးတာတွေကို ကျေးဇူးပြုပြီး မေ့ပစ်လိုက်စေချင်တယ်၊ ကျုပ်နဲ့ တွဲကမယ်ဆိုရင် ကစေချင်ပါတယ်၊ ဂျိုးကိုလည်း ကျုပ်ရဲ့ မိန်းကလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ မင်းလည်း သူနဲ့ တွဲကလို့ ရပါတယ်'

ဂျင်နီသည် မစ္စတာစတန်လေ၏ လက်မောင်းတစ်ဖက်ကိုမှီ၍ မျောပါသွားသည်။ အခန်းထဲရှိ ပရိသတ်၏ မျက်လုံးများသည် ဂျင်နီအပေါ်၌သာ ကျက်စားနေကြသည်။ ဂျိုးကလည်း မစ္စတော့ဒ်နှင့် တွဲ၍ကလျက်ရှိသည်။ မစ္စတော့ဒ်၏ မျက်လုံးများသည် ဂျိုးနှင့် တွဲကနေရခြင်းအတွက် စိတ်ဝင်စားဟန်ကို ဖော်ပြနေကြသည်။

'သိပ်ကိုကောင်းတဲ့ လက်သီးချက်ပဲနော်' ဟု မစ္စတော့ဒ်က မဲ့ပြုံးပြုံးပြီး ပြောသည်။ ဤစကား ကြားသည့်အခါ ဂျိုးက ....

'ဟုတ်တယ်၊ သိပ်ကိုပြင်းတဲ့ လက်သီးချက်ပဲ' ဟု ပြန်ပြောသည်။ စိတ်ထဲမှာကတော့ မသက်မသာ ခံသားနေရသည်။



'ကျွန်မက ကိုယ့်ကိုယ်ကို ကာကွယ်နိုင်တဲ့ လူတစ်ယောက်ဆိုရင် သဘောကျတာပဲ' ဟု မစ္စတော့ဒ်က ထပ်ပြောပြီး နောက်တစ်ကြိမ် ပြုံးပြန်သည်။

' စတန်လေ၊ မစ္စတော့ဒ်၊ ဂျင်နီနှင့် ဂျိုးတို့သည် ညလယ်စာကို အတူတူ စားကြသည်။ ဂျင်နီအဖို့တော့ နတ်ဘုံသို့ ရောက်နေသည့်နှယ် ခံစားနေရသည်။ သူသည် ပြုံးသည့်အခါပြုံး၍ ရယ်သည့်အခါရယ်ပြီး သူ၏ ညီညာလှပသော သွားများကို ပြသည်။ မျက်လွှာကို မကြာခဏချ၍ သူ့ဏှာခြေကို ထုတ်ဖော်သည်။ အစားအစာကို ယဉ်ကျေးသိမ်မွေ့စွာ စားသည်။ ပန်းကန်ထဲတွင် အစားအစာကို အများကြီးစုပုံ၍ ထည့်မထား။

လော်ရာတော့ဒ်က လိမ္မော်သီးတစ်လုံးကို ဆတ်ခနဲ ကောက်ယူပြီး ပါးစပ်နှင့်ကိုက်၍ အခွံခွာသည် မြင်သည့်အခါ မသိမသာကလေး တုန်လှုပ်ဟန်ပြသည်။ လော်ရာက စတန်လေ၏ လက်ကိုင်ပဝါကို တောင်း၍သုံးသည့်အခါ ပို၍တုန်လှုပ်သွားသည်။ သို့သော်လည်း အားလုံးကို ခြုံကြည့်လိုက်သည့်အခါ ဝမ်းသာခြင်း၊ ပျော်ရွှင်ခြင်းနှင့် အားရကျေနပ်ခြင်းများကသာ လွှမ်းခြုံလျက်ရှိသည်။ စားပွဲသောက်ပွဲ ပြီးသွားသည့်အခါ အလာတုန်းက ဓာတ်ရထားနှင့် လာခဲ့ရ၍ မကျေနပ် ဖြစ်ခဲ့သော ဂျင်နီအတွက် ဂျိုးက အငှားကားဖြင့် အိမ်ပြန်ခဲ့သည်။

ကားနောက်ခန်း ကူရှင်ပေါ်သို့ ထိုင်လိုက်ရခြင်းသည် ဂျင်နီအတွက် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားခြင်း ဖြစ်သည်။ သူ့နှုတ်မှ ....

'ဂျိုး ....ရယ်' ဟူသော ရေရွတ်သံ ထွက်လာသည်။

'သိပ်ကို ပျော်စရာကောင်းတာပဲ၊ ရှင်နဲ့ မစ္စတာမီလင်တန်တို့ ဒီလောက် အထိရင်းနှီးမှန်း ဂျင်နီ မသိခဲ့ဘူး၊ ဘာပြုလို့ ဂျင်နီကို အသိမပေးတာလဲ၊ ဂျင်နီ လုံးဝ နားမလည်ဘူး၊ ဘယ်လိုသဘောလဲ၊ မစ္စတာစတန်လေဟာ အတော့်ကို သဘောကောင်းတာပဲနော်၊ လော်ရာကလည်း အတူတူပဲ သဘောသိပ်ကောင်းတယ်'

'သူ ဝတ်ထားတဲ့ အဝတ်တွေကလည်း တကယ့်အဖိုးတန်တွေချည်းပဲ၊ သောင်းနဲ့ချီပြီးပေးရမှာ သေချာတယ်၊ ဒါပေမဲ့ ဟိုဟာလေ လိမ္မော်သီးကို သွားနဲ့ ကိုက်ပြီး ခွာတာကျတော့ တစ်မျိုးဖြစ်မနေဘူးလားဟင်၊ ဂျင်နီသာဆိုရင် ဘယ်တော့မှ အဲဒီလိုမလုပ်ဘူး သိလား၊ အထက်တန်းစား အဆင့်မြင့်မြင့် အမျိုးသမီးတွေက ဘယ်တော့မှ အဲဒီလိုမျိုး မလုပ်ဘူး ဂျိုးရဲ့၊ ဂျင်နီ ပြောနေတာကြားရဲ့လား ဂျိုး'

ဂျိုးကလည်း အလွန်ပျော့ပျောင်းချိုသာသော လေသံဖြင့် သူ ကြားပါသည်ဟု ဖြေသည်။ ဂျင်နီနှင့် နှစ်ယောက်တည်း ကားအမှောင်ရိပ်ထဲ၌ ရှိနေသည့် အခွင့်အရေးသည် ဂျိုး အမြဲတစေ မျှော်လင့်တောင့်တခဲ့သောအရာ ဖြစ်၏။ သူ့

နှလုံးအခုန်သည် မြန်လာသည်။ သူ့တစ်ကိုယ်လုံး ပူလောင်လာသည်။ တစ်ညလုံး နီးပါးမျှ ဂျင်နီသည် သူ့လက်တွင်း၌ ရောက်နေခဲ့၏။ ကကြသည့်အခါတိုင်း ခန္ဓာကိုယ်ချင်း အထိအတွေ့၊ အပွတ်အသပ်တွေ ရှိခဲ့၏။ ဂျင်နီသည် သူ့စိတ်ကို ဆာလောင်မွတ်သိပ်နေအောင် လုပ်နေခဲ့သည်မှာ လနှင့်ချီ၍ ကြာခဲ့ပြီ။

အခုတော့ဖြင့် သူ ရယူလိုသော အခွင့်အရေးသည် သူ့လက်ထဲ ရောက်နေပြီ။ ဂျင်နီသည် သူ့အနား၌ တစ်ယောက်တည်း ရောက်နေပြီ။ ပူလောင်လျက်ရှိသော ဂျိုးသည် နေရာပြင်ထိုင်သည်။ ဂျင်နီနှင့် လူချင်းထိမိကပ်မိအောင် ဖြည်းဖြည်းချင်း ရွှေ့ရွှေ့သွားသည်။ ကား၏ တစ်ဖက်သောထောင့်၌ မှေးမှိန်၍ထိုင်နေသော ဂျင်နီ၏ခါးကို လက်တစ်ဖက်ဖြင့် ဖက်လိုက်သည်။ ထိုအချိန်ထိ ဂျင်နီကတော့ သူပြောလိုသည့် စကားများကို ကရားရေလွှတ် တတွတ်တွတ် ပြောနေဆဲ။ အခုအချိန်ထိ ဂျင်နီသည် ပျော်ရွှင်ကြည်နူးမှုအရသာကို ခံစားကာ စိတ်လှုပ်ရှားနေဆဲ။

'တစ်နေ့ကျရင် ဂျင်နီလည်း သူဝတ်တဲ့အဝတ်မျိုး တစ်စုံတော့ ရှိလာမှာပါ၊ အသားကလည်းကောင်း၊ ပုံကလည်းကောင်း၊ အဲဒါမျိုးဝတ်ရမှ လူဖြစ်ရကျိုးနပ်တာ'

ဂျိုးသည် ဂျင်နီအား သူ့ဖက်သို့ မသိမသာ ဆွဲယူသည်။ တယုတယ ချော့မော့သော လေသံနှင့် သူပြောလိုက်သည့်စကားကို ပြောသည်။

'ကိုယ်ကတော့ သူ့အကြောင်း နားလည်းမထောင်ချင်ဘူး၊ ပြောလည်း မပြောချင်ဘူး၊ ကိုယ် သူ့ကို မြင်လည်း မမြင်ချင်ဘူး၊ သတိလည်းမထားခဲ့ဘူး၊ ကိုယ် သိတာ၊ ကိုယ် မြင်တာ မင်းတစ်ယောက်ပဲ ရှိပါတယ် ....ကွယ်'

ဂျင်နီက တခစ်ခစ်ရယ်သည်။

'မင်းဟာ သူ့ထက် အများကြီးကို ပိုလှ ပိုချောပါတယ်၊ မင်း ဝတ်ထားတဲ့ အဝတ်အစားတွေက သူ့အဝတ်အစားတွေထက် အများကြီး ပိုလှပါတယ် ဂျင်နီရယ်'

'အဲဒီအဝတ်က သိပ်ဈေးကြီးတယ်'

ဂျိုးသည် လိမ္မာပါးနပ်စွာဖြင့် ဂျင်နီအား ချဉ်းကပ်သည်။ သူ့လက်သည် ဂျင်နီ၏ ကိုယ်ပေါ်၌ ရွေ့လျားလျက်ရှိသည်။ ယခင်က လုံးဝ ခွင့်မပြုခဲ့သော အထိအတွေ့၊ အကိုင်အတွယ်ကို ခံနေသဖြင့် ပို၍ အတင့်ရဲလာသည်။ ထိုအချိန်တွင် ရုတ်တရက် ဂျင်နီထံမှ တင်းမာသောအသံ ထွက်လာသည်။

'ဘာလုပ်တာလဲ ဂျိုး၊ ဒါမျိုးမလုပ်နဲ့၊ မကြိုက်ဘူး၊ ကိုယ့်သိက္ခာကိုယ် ထိန်းပါ'

'မင်းကလည်းကွာ၊ ဘာများစိတ်ပူစရာရှိလို့လဲ'



'မရဘူး ဂျိုး၊ ဒီအလုပ်မျိုးဟာ မှားတယ်၊ လုံးဝမမှန်ဘူး သိလား'

'မမှားပါဘူး ဂျင်နီရာ၊ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်နေကျပြီပဲဟာ'

'မဖြစ်ဘူး ဂျိုး၊ ဒီနေရာမှာ မသင့်တော်ဘူး'

'ဟာ ....ကွာ၊ ဂျင်နီကလဲ'

ဂျင်နီက အတင်းရုန်းသည်။

'အိမ်နားရောက်နေပြီ ဂျိုး၊ သတိထားဦးမှပေါ့၊ ကြည့်စမ်း ....အခုပဲ ပလန်းမားလမ်းထဲ ရောက်နေပြီ၊ လွှတ်ပါ၊ လွှတ်ဆိုရင် လွှတ်နော် ဂျိုး'

အတင်းနမ်းရန် အားထုတ်နေသော ဂျိုးသည် သူ့မျက်နှာကို ဂျင်နီထံမှ ခွာလိုက်သည်။ ဂျင်နီ၏ ပြောစကားသည် မှန်နေသည်။ သူသည် ချက်ချင်းပင် စိတ်ပျက်သွားသည်။ သူသည် ကားပေါ်မှ အရင်ဆင်းသည်။ ဂျင်နီအား လက်ကို ဆွဲ၍ ဆင်းခိုင်းသည်။ ရှေ့မှသွားနေသော ဂျင်နီ၏ ကိုယ်ခန္ဓာအားကြည့်ကာ စိတ်မောလျက်ရှိသည်။ ထို့နောက် ယနေ့ည ဂျင်နီ၏အဖေ အဲလ်တစ်ယောက် အိမ်၌မရှိသည့်အဖြစ်ကို သတိရလာသည်။

မီးဖိုခန်းထဲ ရောက်သည့်အခါ ဂျင်နီသည် ဂျိုးနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။

'မီးမွှေးပြီး ကိုကိုးတစ်ခွက် ဖျော်တိုက်ရဦးမလား ဂျိုး' ဟု မေးသည်။

'မင်းဟာ ကိုယ့်ကို ဘယ်တော့မှ မလိုက်လျောခဲ့ဘူး ဂျင်နီ၊ လာပါကွာ၊ ဒီဆိုဖာပေါ်မှာ ခဏလာထိုင်ပါဦး၊ တစ်ညလုံး မင်းနဲ့ စကားပြောခွင့်ကို မရဘူး၊ စကားပြောစမ်းပါရစေဦး'

ဂျင်နီသည် ဝေခွဲ၍မရသော မျက်နှာထားဖြင့် ဂျိုးရှေ့၌ ရပ်နေသည်။ သူ့မျက်စိထဲတွင် ဂျိုးသည် လူချောတစ်ယောက် ဖြစ်နေသည်။ ပြီးတော့ သူ့အား အငှားကားဖြင့် ပြန်ခေါ်လာခဲ့သည် မဟုတ်ပါလား။ သူ့အဖို့တော့ ဂျိုးသည် အစစအရာရာ ကျေနပ်စရာကောင်းသည့် လူတစ်ယောက် ဖြစ်နေသည်။ သူသည် ဆိုဖာပေါ် ဝင်ထိုင်သည်။

ဂျိုးသည် ကားပေါ်၌ ရရှိခဲ့သော အခွင့်အရေးကို ပြန်လည်ရရှိသွားသည်။ ပထမတော့ ဂျင်နီက အတင်းရုန်းကာ အကြောက်အကန် ငြင်းဆန်သည်။ နောက်တော့ သူ့အလိုကို လိုက်လျောသည်။ ဂျိုးအဖို့တော့ ပထမဆုံး အချစ်စစ်သည် ပေါက်ဖွားလာခဲ့လေသည်။

* * * * *

## (၁၂)

စနေနေ့ညတိုင်း လောဂေဟာတွင် လုပ်ရိုးလုပ်စဉ် ထုံးစံတစ်ခု ရှိသည်။ ညလယ်စာစားပြီးတိုင်း ဟစ်လ်ဒါသည် သူ့အဖေအား စန္ဒရားတီးပြရသည်။ သူ့အဖေကလည်း အေးအေးဆေးဆေး ထိုင်၍ နားထောင်လေ့ရှိ၏။ ယနေ့ညသည် ၁၉၀၉ ခုနှစ် နိုဝင်ဘာလ၏ နောက်ဆုံး စနေနေ့ည ဖြစ်သည်။ ထုံးစံအတိုင်း ဟစ်လ်ဒါသည် ဟန်ဒယ်လ်၏ "ဝပ်တားမြူးဇစ်" သီချင်းကို တီးလျက်ရှိ၍ ဘားရပ်စ်သည် သူထိုင်နေကျ ကုလားထိုင်၌ထိုင်ကာ စန္ဒရားသံကို နားထောင်လျက်ရှိသည်။ အမှန်အားဖြင့် ဟစ်လ်ဒါသည် သူ့အဖေအား စန္ဒရားတီးပြရသည့် အလုပ်ကို မလုပ်ချင်။ သို့သော်လည်း လုပ်ရိုးလုပ်စဉ် ရှိနေသည့်အတိုင်း လုပ်ပေးရသည်။ သူ့အဖေ ဘားရပ်စ်ကလည်း စန္ဒရား တီးပြသည်ကို နားမထောင်ဘဲမနေ။

ရစ်ချတ်ဘားရပ်စ်သည် သူ၏ လုပ်ရိုးလုပ်စဉ် အလုပ်များကို အတိအကျ လုပ်ဆောင်လေ့ရှိသည်။ ဤအကျင့်စရိုက်ရှိသဖြင့် သူ့အား အစွဲအလမ်းကြီးသော လူတစ်ယောက်ဟုတော့ ပြော၍မရ။ သူသည် သူ့မူ၊ သူ့စည်းကမ်းနှင့် နေထိုင်တတ်သူ ဖြစ်သည်။ သူသည် အကျင့်စာရိတ္တ ကောင်းမွန်ဖြင့်မားခြင်းကို လိုလားနှစ်သက်သူ ဖြစ်သည်။ သူသည် အပေါယံရွှေမှုန်ကြဲ၊ အထဲက နောက်ချေးခံသည့် အကျင့်စရိုက်မျိုးနှင့် မူမျိုးကို နှစ်သက်လက်ခံတတ်သူ မဟုတ်။ သူသည် ဖြောင့်မှန်မှုကိုသာ အဓိကထားသူ ဖြစ်လေသည်။

သူသည် ကိုယ်ကျင့်တရား ကောင်းမွန်မှုကို များစွာ အလေးအနက်ထားသူ ဖြစ်၏။ လူအများစုတွင် အများအားဖြင့် ဖြစ်လေ့ဖြစ်ထရှိသော သစ္စာမဲ့မှုများနှင့် ကိုယ်ကျင့်တရား ပျက်ပြားမှုများကို ရွံရှာစက်ဆုပ်သူ ဖြစ်သည်။ ဥပမာအားဖြင့် သူသည် သူ့ဇနီးမှတစ်ပါး အခြား ဘယ်မိန်းမကိုမှ စိတ်ဝင်စား၍မရ။ စိတ်ဝင်စားခြင်းကိုလည်း လိုလားနှစ်သက်ခြင်းမရှိ။

သူ့ဇနီး ဟားရီးယက်မှာ အိပ်ရာထဲမှ မထနိုင်သည့် နာတာရှည် လူမမာတစ်ဦး ဖြစ်နေသော်လည်း သူ့ဇနီးအပေါ်၌ စိတ်ပျက်သွားခြင်းမရှိ။ သူ့ဇနီးသည် သူ့ဇနီးသာ ဖြစ်သည်ဟု သတ်မှတ်သူ ဖြစ်သည်။ ယောကျ်ားအများစုတွင် တွေ့ရတတ်သည့် အစားအစာကောင်းများ စားခြင်း၊ အရက်အလွန်အကျွံ သောက်ခြင်း၊ အစားကျူးခြင်း၊ အအိပ်ကြီးခြင်း၊ စည်းစိမ်ခံခြင်း၊ ကာမဂုဏ်အာရုံ၏အလိုများကို လိုက်ခြင်း စသည်တို့ကို မုန်းတီးစက်ဆုပ်သူ ဖြစ်သည်။ သူ့ဝတ်စုံသည် အသားအနားကောင်းသည့် အထည်စကို ပုံကောင်းကောင်းဖြစ်အောင် ချုပ်ထားသော်



လည်း အဝတ်အစားနှင့် ပတ်သက်၍ ပလွှားမှုနှင့် ဂုဏ်တုဂုဏ်ပြိုင်လုပ်မှုကို ဝါသနာပါသူ မဟုတ်ပေ။

သူ့တွင် ကိုယ်ပိုင်မာန်မာန ရှိသည်။ သဘာဝအတိုင်း ဖြစ်ပေါ်နေသော လွတ်လပ်မှုနှင့် အသိအမြင်ကျယ်မှု မာန်မာန ဖြစ်သည်။ သူသည် သူ့ကိုယ်သူ အဆင့်အတန်း သတ်မှတ်ထားသူ ဖြစ်၏။ သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းပိုင်ရှင် ဖြစ်သည်။ မိဘမျိုးရိုး ဘိုးဘွားစဉ်ဆက်မှစ၍ သူတို့မိသားစုသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းများတွင် အလုပ် လုပ်ကိုင်လာခဲ့ကြသည်မှာ နှစ်တစ်ရာပင် ရှိခဲ့ပြီ။

သူသည် သူ့မိဘ ဘိုးဘွားတို့၏အမွေကို ကျေနပ်စွာ လက်ခံခဲ့သူ ဖြစ်သည်။ ဤလုပ်ငန်းသည် ၁၈၀၅ ခုနှစ်တွင် ပီတာဘားရပ်စ်က ယနေ့အချိန်တွင် လူအများက သိနေသည့် အမှတ် (၁) တွင်းနှင့် လုပ်ငန်းကို အစပြုခဲ့ခြင်း ဖြစ်သည်။ ထိုတွင်းသည် သူ့သား ဝီလျံဘားရပ်စ်၏ လက်တွင်းသို့ ရောက်လာခဲ့ပြီးနောက် တွင်းအမှတ် (၂) နှင့် (၃) တိုးလာခဲ့၏။

ပီတာဝီလျံသည် ရစ်ချတ်၏ဖခင် ဖြစ်သည်။ သူ့ဖခင်သည် တွင်းအမှတ် (၄) ကို စတင်တူးဖော်ချိန်တွင် ကွယ်လွန်ခဲ့သည်။ တွင်းသစ်အမှတ် (၄) သည် အမွေဆက်ခံခဲ့သူ ရစ်ချတ်ဘားရပ်စ်အား ချမ်းသာကြွယ်ဝမှုကို များစွာပေးခဲ့၏။ အမှန်တော့ မိသားစု မျိုးရိုးစဉ်ဆက် တည်ထောင်ထားခဲ့သော ငွေကြေးပမာဏနှင့် လုပ်ငန်းသည် ရစ်ချတ်အား များစွာ အကျိုးကျေးဇူးပြုခဲ့သည်။ သူ့အနေဖြင့်လည်း ဤလုပ်ငန်းကို အမွေဆက်ခံရခြင်းနှင့် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ခဲ့ရခြင်းတို့အတွက် များစွာ ဂုဏ်ယူခဲ့လေသည်။

လူမှုရေးရှုထောင့်မှ ကြည့်မည်ဆိုပါက သူသည် တည်ငြိမ်အေးဆေးသူ ဖြစ်သည်။ မည်သည့်ကိစ္စတွင်မှ စပ်စပ်စုစု မလုပ်တတ်။ မျက်နှာကြီးငယ် ရွေးခြင်းလည်း မရှိ။ သူသည် အသေးအဖွဲကိစ္စများတွင် စိတ်ဝင်စားခြင်းမရှိ။ သူ ယူထားသော ဟားရီးယက်ဝမ်းလက်စ်သည် ကောင်တီခရိုင် နယ်မြေထဲတွင် ဂုဏ်သိက္ခာမြင့်မားသော မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ သို့သော်လည်း ဟားရီးယက်ကို သူ လက်ထပ်ခဲ့ခြင်းမှာ ဆွေကြီးမျိုးကြီး အနွယ်ဝင်ဖြစ်၍ မဟုတ်။ သူ့အတွက် ဟားရီးယက်သည် မယားကောင်းတစ်ယောက် ဖြစ်လာလိမ့်မည်ဟု ယုံကြည်၍ ဖြစ်၏။

သူသည် အကြမ်းပတမ်းသမားတစ်ဦး မဟုတ်ပေ။ ပြင်းထန်သော ရမ္မက်ဆန္ဒမျိုးရှိသူလည်း မဟုတ်ပေ။ သူသည် သူ မသိသော သို့မဟုတ် သူနှင့်စိမ်းသော အရာဟူသမျှကို လက်မခံဘဲ ပစ်ပယ်တတ်သူ ဖြစ်သည်။ သူနှင့် မစိမ်းသော

သို့မဟုတ် သူ ပိုင်ဆိုင်သော အရာများကိုမှ အလွန်အလေးအနက်ပြု၍ တန်ဖိုးထားတတ်သူ ဖြစ်ပေသည်။ အထူးသဖြင့် သူ၏ ကျောက်မီးသွေးတွင်း၊ သူ၏အိမ်၊ သူ့ဝန်ချီကားများ၊ သူ့အသုံးအဆောင် ပစ္စည်းများနှင့် သူ ပိုင်ဆိုင်သမျှအရာရာတိုင်းကိုတော့ မြတ်နိုးတွယ်တာတတ်သူ ဖြစ်လေသည်။

ထိုစိတ်ကို အကြောင်းပြု၍ သူသည် အလဟဿ ဖြုန်းတီးခြင်းကို အလွန်အမင်း မနှစ်သက်သူတစ်ဦး ဖြစ်လာသည်။ သူ၏စိတ်သည် အန်တီကေရီ၏ အပေါ်၌ သွားရောက် ထင်ဟပ်ခဲ့လေရာ "ဘာပစ္စည်းကိုမှ မလွှင့်ပစ်ချင်သောစိတ်" စိတ်သည် အန်တီကေရီတွင် စွဲကပ်လာသည်။ ဘာကိုမှ လွှင့်မပစ်တတ်သော အကျင့်စရိုက်ရှိနေသည့် ဘားရပ်စ်အဖို့တော့ အန်တီကေရီ၏ လုပ်ရပ်သည် ကျေနပ်ဖွယ်ကောင်းသည်။

အမှန်အားဖြင့်လည်း ဘားရပ်စ်သည် သူ သုံးနေသော ပစ္စည်းများထဲမှ ဘာပစ္စည်းကိုမှ အလွယ်တကူနှင့် စွန့်ပစ်တတ်သူ မဟုတ်ပေ။ စာရွက်များ၊ မှတ်တမ်းမှတ်စုများ၊ ပြေစာများမှ အစ အားလုံးကို သူ့စားပွဲပေါ်၌ စနစ်တကျ ထားကာ သိမ်းဆည်းထားသူ ဖြစ်သည်။ စာရွက်စာတမ်းများကို စုဆောင်းသိမ်းဆည်းထားပြီး သော့ခတ်၍ သိမ်းထားရသည့် အလုပ်ကို ဘာသာရေးနှင့် ဆက်စပ်နေသော အလုပ်တစ်ခုသဖွယ် တရိုတသေလုပ်ခြင်း ဖြစ်သည်။

ထိုအလုပ်သည် ထူးခြားသော အရည်အသွေးရှိသူများသာ လုပ်လေ့ရှိသည်ဟု ဆိုနိုင်သည်။ စံနမူနာပြုအပ်သည့် အလုပ်တစ်ခုဟု ဆိုပါကလည်း မှားနိုင်မည် မဟုတ်ပေ။ သို့တစေလည်း ထိုအကျင့်နှင့်အတူ သူ့တွင် လောဘတစ်ခု ရှိသည်။ ယင်းမှာ သူ၏ လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။ သူသည် ငွေကို အလွန်မက်မောချစ်ခင်ခြင်း ဖြစ်သည်။ သူ့အနေဖြင့် ယင်းမက်မောမှုကို လိမ္မာပါးနပ်စွာဖြင့် ဖုံးကွယ်ထားသည်။ သူ ငွေမက်သည်ကို မမက်ဟု သူ့ကိုယ်သူလည်း လှည့်စားသည်။ သို့သော်လည်း တကယ်လက်တွေ့ဘဝတွင်မူ သူသည် ငွေကို အမြတ်တနိုး ကိုးကွယ်နေသူ ဖြစ်သည်။ ငွေကို ရင်ဝယ်ပိုက်ကာ သူ၏ ဥစ္စာစနေ ချမ်းသာကြွယ်ဝလာခြင်းအတွက် တိတ်တဆိတ်ကြိတ်၍ မာန်တက်နေသူ ဖြစ်လေသည်။

သူ့အဖေ နှစ်သက်သော ဟာန်ဒယ်၏တေးဂီတ ပြီးဆုံးသွားပြီ ဖြစ်သဖြင့် ဟာစ်လ်ဒါ၏ စန္ဒရားသံသည် ရပ်သွားသည်။ ခါတိုင်းလုပ်နေကျအတိုင်းဆိုပါက တေးသီချင်းတစ်ပုဒ် တီးပြပြီးလျှင် ဟာစ်လ်ဒါသည် စန္ဒရားခုံပေါ်မှထ၍ အပေါ်ထပ်သို့ တက်သွားရန်သာရှိ၏။ သို့သော်လည်း ယနေ့ညတွင်မူ သူသည် သူ့အဖေအား စကားတစ်ခု ပြောမည်ဟု ဆုံးဖြတ်ထားပြီ ဖြစ်သဖြင့် ထိုင်ရာမှ ရုတ်တရက် မထသေး။ သူသည် စန္ဒရားခလုတ်များကို ငေးစိုက်ကြည့်နေရာမှ ....



'လာဂို တီးပြဦးမယ် အဖေ' ဟု ပြောသည်။

"လာဂို" မှာ သူ့အဖေ အကြိုက်ဆုံးသော တေးဂီတတစ်မျိုး ဖြစ်သည်။ ဟာစ်လ်ဒါသည် စန္ဒရားကို ဖြည်းဖြည်းမှန်မှန် တီးသွားသည်။ စန္ဒရားသံ ရပ်သွားသည့်အခါ တစ်ခဏမျှ တိတ်ဆိတ်နေသည်။ ရစ်ချတ်ဘားရပ်စ်သည် နဖူးပေါ်၌ တင်ထားသည့် လက်ကို ပြန်မချသေးဘဲ ....

'ကျေးဇူးတင်တယ် ဟာစ်လ်ဒါ' ဟု ပြောသည်။

ဟာစ်လ်ဒါသည် ထိုင်ခုံမှထကာ စားပွဲ၏တစ်ဖက်တွင် သွားရပ်နေသည်။ သူ့မျက်နှာထားသည် တည်ငြိမ်လျက်ရှိသော်လည်း အတွင်းမှာကတော့ စိတ်လှုပ်ရှားကာ တုန်ယင်လျက်ရှိသည်။ သူ့ကိုယ်သူ အားတင်းကာ ပါးစပ်မှ အသံထွက်လာအောင် ကြိုးစားသည်။

'အဖေ'

'အင် ....ဘာလဲ ဟာစ်လ်ဒါ'

'အခုဆိုရင် သမီးအသက် နှစ်ဆယ်ပြည့်ခါနီးနေပြီ အဖေ၊ သမီး ကျောင်းကထွက်ပြီး အိမ်ပြန်ရောက်တာလည်း သုံးနှစ်ပြည့်တော့မယ်၊ အိမ်ကိုရောက်နေတာကြာပြီ၊ ဒါပေမဲ့ ဘာမှ လုပ်စရာလည်းမရှိဘူး၊ ကြာလာတော့လည်း ဘာအလုပ်မှမလုပ်ရတော့ ငြီးငွေ့လာတယ်၊ စိတ်အပြောင်းအလဲဖြစ်အောင် သမီး အလုပ်တစ်ခုလောက် လုပ်ချင်တယ်၊ သမီးကို ရပ်ဝေးတစ်နေရာမှာသွားပြီး အလုပ်လုပ်ခွင့်ပေးပါလား အဖေ'

ရစ်ချတ်သည် သူ့နဖူးပေါ်မှ လက်ကို ဖယ်ချလိုက်ပြီး သူ့သမီးအား အသေအချာ စိုက်ကြည့်နေသည်။

'အလုပ်လုပ်ချင်တယ် ဟုတ်လား' ဟု ရေရွတ်သည်။

'ဟုတ်တယ် အဖေ၊ သမီး အလုပ်တစ်ခု လုပ်ချင်တယ်' ဟု ဟာစ်လ်ဒါက ပြောသည်။

'သမီးကို အတတ်ပညာတစ်ခု သင်ခွင့်ပေးပါ၊ သမီးကို နေရာတစ်နေရာ ရအောင်တော့ လုပ်ပေးပါ'

'နေရာတစ်နေရာ ဟုတ်လား' ဟု ရေရွတ်ပြန်သည်။

'ဘယ်လိုနေရာလဲ'

'ဘာနေရာပဲ ဖြစ်ဖြစ်ပေါ့၊ အဖေရဲ့ အတွင်းရေးမှူး ဖြစ်လာအောင်၊ သူနာပြုဆရာမတစ်ယောက် ဖြစ်လာအောင်ပေါ့၊ ဒါမှမဟုတ်လည်း ဆေးပညာသင်ခွင့်ပေးပါလား၊ သမီးအကြိုက်ဆုံးအလုပ်ပဲ'

သူသည် ဟာစ်လ်ဒါအား ထပ်၍ ကြည့်နေပြန်သည်။ သူ့မျက်နှာထားတွင် အံ့ဩလိုသည့် အရိပ်အငွေ့များ ထင်ဟပ်လျက်ရှိ၏။

'ဒါဆိုရင် မင်း အိမ်ထောင်ကျတော့ ဘာဖြစ်လာမလဲ'

'သမီး အိမ်ထောင်ပြုဖို့ စိတ်မကူးဘူး၊ အိမ်ထောင်ပြုရမှာကို သမီး မုန်းတယ်။ သမီးဟာ အကျည်းတန်တဲ့ မိန်းကလေးဆိုတော့ အိမ်ထောင်ကျဖို့ မလွယ်ပါဘူး'

သူ့မျက်နှာသည် အေးစက်တင်းမာသွားသည်။

'မင်းက သတင်းစာတွေ ဖတ်နေတယ် ထင်တယ်' ဟု ပြောသည်။

ဟစ်လ်ဒါ၏မျက်နှာသည် နီရဲသွားသည်။ သူ့အဖေစကားသည် မှန်နေသည်။ နံနက်တိုင်း ရောက်လာသည့် သတင်းစာများကို သူ အမြဲဖတ်နေသည် မဟုတ်ပါလား။ တမြန်မနေ့က သတင်းစာတွင် အမျိုးသမီး မဲဆန္ဒပေးပိုင်ခွင့်ကို တောင်းဆိုတိုက်ပွဲဝင်နေကြသည့် သတင်းတစ်ပုဒ် ပါလာခဲ့၏။ ထိုကိစ္စနှင့် ပတ်သက်၍ ဆန္ဒပြပွဲတစ်ခုကို လန်ဒန်မြို့တော်၏ ခေါင်းနင်းလမ်း၌ ပြုလုပ်သွားခဲ့သည်။ ယင်းဆန္ဒပြပွဲကို ဝန်ကြီးအဖွဲ့ အစည်းအဝေး ကျင်းပနေခိုက်တွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်၍ အောက်လွှတ်တော်အတွင်းသို့ပင် ဝင်ရောက်ရန် အားထုတ်ခဲ့ကြသည်ဟုပင် သတင်းက ဆိုသည်။ ဤသတင်းသည် ဟစ်လ်ဒါ၏ခေါင်းထဲတွင် တွေးစရာတွေအများကြီး ဝင်လာခဲ့လေသည်။

'ဒါဟာ ဖွတ်အတင်းအဓမ္မလုပ်ဖို့ ကြိုးစားမှုတစ်ခုပဲ' ဟု ရစ်ချတ်ဘားရပ်စ်က ပြောသည်။

'အောက်လွှတ်တော်ထဲအထိဝင်ဖို့ လုပ်ခဲ့ကြတာ၊ ဟင်း ....ဟင်း'

ဟစ်လ်ဒါသည် သူ့နှုတ်ခမ်းကို တအားကိုက်ထားသည်။

'သမီးကို ဆေးပညာသင်ဖို့ ခွင့်ပြုပါ အဖေ၊ သမီး ဆရာဝန်ဖြစ်ချင်တယ်' ဟု ပြောသည်။

'မလွှတ်နိုင်ဘူး ဟစ်လ်ဒါ'

'သမီးကို ခွင့်ပြုပါ အဖေရယ်'

'မလွှတ်ဘူး ဟစ်လ်ဒါ'

'သမီး သွားပါရစေ'

တိတ်ဆိတ်သွားသည်။ ဟစ်လ်ဒါ၏ မျက်နှာသည် ဖြူဖွေးနေသည်။ ရစ်ချတ်ကတော့ မျက်နှာကြက်ကို မော့ကြည့်ကာ စဉ်းစားသလို လုပ်နေသည်။ သူတို့သည် ထိုပုံစံအတိုင်း တစ်မိနစ်ခန့်ကြာမျှ နေကြသည်။ ဟစ်လ်ဒါသည် နောက်သို့ ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားသည်။

သူသည် အခန်းထဲမှ ဟစ်လ်ဒါ ထွက်သွားသည်ကို သတိပြုမိပုံမရ။ သူ့အဖို့တော့ ဟစ်လ်ဒါသည် မချိုးဖောက်သင့်သည့် အစဉ်အလာတစ်ခုကို ချိုးဖောက်ခြင်း ဖြစ်၏။ သူသည် ဟစ်လ်ဒါအပေါ် ဒေါသပွားလျက် ရှိသည်။



သူသည် အခန်းထဲ၌ နာရီဝက်ခန့် ထိုင်နေသည်။ ထို့နောက် သူသည် ထိုင်ရာမှထကာ မီးကို ပိတ်လိုက်ပြီး အပေါ်ထပ် စာကြည့်ခန်းဆီသို့ တက်သွားသည်။ သူသည် ဟစ်လ်ဒါ၏ စန္ဒရားသံကို နားထောင်ပြီးတိုင်း စာကြည့်ခန်းသို့ ဝင်ရောက်စမြဲ ဖြစ်သည်။ သူ၏စာကြည့်ခန်းသည် များစွာ ကျယ်ဝန်းပြီး သက်သောင့်သက်သာ ရှိသည်။ တစ်ခန်းလုံးတွင် ကော်ဇောများ အပြည့်ခင်းထားသည်။ ကြီးမားသော စားပွဲကြီးတစ်လုံးသည် တခမ်းတနား ရှိလှသည်။ နံရံများပေါ်တွင် ကျောက်မီးသွေးတွင်းလုပ်ငန်းဆိုင်ရာ မှတ်တမ်းတင် ဓာတ်ပုံပေါင်း အများအပြားကို ချိတ်ဆွဲထားသည်။ အနီရောင် ခန်းဆီးများသည် ပြတင်းပေါက်များကို ကာရံထားသည်။

ရစ်ချတ်ဘားရပ်စ်သည် စားပွဲ၌ ဝင်ထိုင်ကာ သော့တွဲကြီးတစ်တွဲကို ထုတ်ယူပြီး သော့တစ်ချောင်းကို ရွေးယူသည်။ ထို့နောက် စားပွဲ၏ အပေါ်ဘက်မှ အံဆွဲတစ်ခုကိုဖွင့်၍ အတွင်းမှ အနီရောင် ငွေစာရင်းစာအုပ် သုံးအုပ်ကို ထုတ်ယူသည်။ သူသည် စာအုပ်ကြီးများကို တစ်အုပ်ချင်းစီ ကြည့်ရှုစစ်ဆေးသည်။ ပထမစာအုပ်သည် သူ၏ ရင်းနှီးမြှုပ်နှံမှု ငွေစာရင်းကို ဖော်ပြသည်။ ထိုစာရင်းတွင် သူကိုယ်တိုင် ရေးသွင်းထားသည့် စာရင်းများ ရှိသည်။

သူသည် ကလောင်တန် တစ်ချောင်းဖြင့် စာရင်းများကို တစ်ကြောင်းချင်းစီ စစ်ဆေးသည်။ စာရင်းများကို ကြည့်လိုက်လျှင် သူ၏ ရင်းနှီးမြှုပ်နှံမှုများသည် မည်မျှလောက်အထိ ခိုင်မာသေချာသည်ကို သိနိုင်သည်။ သူသည် စာရင်းဇယားတစ်ခုကိုကြည့်ရင်း အတွေးတစ်ခု ဝင်လာသည်။ ငွေကြေးနှင့် ပတ်သက်လာလျှင် သူသည် အလွန် သတိကြီးစွာထား၍ ကိုင်တွယ်ခဲ့သည်။ ထို့ကြောင့်လည်း သူ့တွင် အရှုံးဟူ၍ သိပ်မရှိ။ အမြတ်သာလျှင် ရှိခဲ့၏။ အခုလည်း သူသည် သူ့စာရင်းအင်းကို ပြန်ကြည့်လိုက်သည့်အခါ ငွေကြေးနှင့် ပတ်သက်၍ သူ၏ အသိနှင့် သတိကြီးမားမှုကို ပြန်၍ သတိထားနေမိသည်။

သူသည် တစ်ချက်မျှ အားရပါးရ ပြုံးလိုက်မိသည်။ သူ့ကိုယ်သူ အလွန်ကျေနပ်အားရသည့်အပြုံး ဖြစ်၏။ ယခု ဤစာအုပ်ထဲ၌ ရှိနေသမျှ စာရင်းဇယားများသည် သူ၏ ရင်းနှီးမြှုပ်နှံမှုများ ခိုင်မာခြင်းနှင့် လုံခြုံမှုရှိခြင်းများကို ဖော်ပြနေကြသည်။ ငွေကြေးနှင့် ပတ်သက်လာလျှင် သူသည် ဘယ်တော့မှ မှားလေ့မရှိ၊ သူ့လိုလူတစ်ယောက်အဖို့ ဘာ့ကြောင့် မှားရမည်နည်း။ သူသည် စာရင်းများကို ပေါင်းကြည့်လိုက်သည်။ စုစုပေါင်း ငွေကြေးပမာဏသည် သူ့အတွက် စိတ်ချမ်းသာစရာ ကောင်းလှပေသည်။

ထို့နောက် သူသည် ဒုတိယစာအုပ်ကို ကြည့်သည်။ ဒုတိယစာအုပ်သည်

လယ်ကောနှင့် ခရိုင်နယ်မြေအတွင်းရှိ သူပိုင်ပစ္စည်းများစာရင်းကို ဖော်ပြသည်။ အလုပ်သမားအိမ် အများစုသည် သူပိုင်ပစ္စည်းများ ဖြစ်သည်။ ထို့ပြင်လည်း ဆိုင်နီကပ်ဆဲလ်၌ အငှားချထားသည့် အိမ်တန်းလျားများ ရှိသေးသည်။ ထိုအိမ်များသည် မြစ်ကမ်းပါးတစ်လျှောက်၌ တည်ရှိပြီး အခန်းခများကို အပတ်စဉ်ကောက်ယူရရှိနေသည်။ ဤတန်းလျားများမှာလည်း သူ့အတွက် အမြတ်ငွေများစွာ ရရှိနေသော အဆောက်အဦများ ဖြစ်၏။ ဤနေအိမ်များအတွက် သူ့တွင် ရှုပင်စရာဟူ၍ လုံးဝမရှိ။ သူ့ရှေ့နေ ဘင်းနားမင်းက အစစအရာရာ တာဝန်ယူထားသည်။

နောက်ဆုံးတွင် သူသည် တတိယ စာရင်းစာအုပ်ကို ဆွဲယူလိုက်သည်။ ဤစာအုပ်သည် သူ ဝယ်ယူခဲ့သည့် ပန်းချီကားများ၏ စာရင်းကို ရေးသွင်းထားသည်။ ပန်းချီကားအမည်နှင့် ဝယ်ယူခဲ့ရသည့် တန်ဖိုးငွေကို အသေးစိတ်သွင်းထားသည့် စာရင်း ဖြစ်၏။ သူသည် ပန်းချီကားများအတွက် စုစုပေါင်းငွေ ပေါင်နှစ်သောင်းမျှ သုံးစွဲထားခဲ့ပြီးပြီ။ ဤအတွက် သူသည် များစွာ ကျေနပ်အားရခြင်း ဖြစ်မိ၏။ ယခုအခါတွင် သူ ဝယ်ယူထားသည့် ပန်းချီကားအားလုံးသည် သူ့အိမ်နံရံများပေါ်၌ ရှိနေကြပြီ။ ဤလုပ်ငန်းမှာလည်း နောင်တစ်ချိန်တွင် အကျိုးဖြစ်ထွန်းလာမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုပင် ဖြစ်၏။ ယခုပင်လျှင် ဤပန်းချီကားများသည် ရှားပါးပစ္စည်းများ ဖြစ်လာနေပြီ မဟုတ်ပါလား။

သူသည် သူ့လက်ပတ်နာရီကို ကြည့်သည်။ အချိန် အတော်ကလေးနောက်ကျသွားပြီ။ သူသည် စာရင်းစာအုပ်များကို အံဆွဲထဲ ပြန်ထည့်ကာ သော့ခတ်ပြီး ပိတ်လိုက်သည်။ ထို့နောက် သူ့အိပ်ခန်းဆီသို့ သွားသည်။ အိပ်ခန်းထဲရောက်သည့်အခါ နာရီကို နောက်တစ်ကြိမ် ထပ်ကြည့်သည်။ နာရီကို သော့ပေးသည်။ သူ့အိပ်ရာဘေးရှိ စားပွဲပေါ်မှ ရေဘူးကိုယူ၍ ရေသောက်သည်။ ထို့နောက်တော့ အဝတ်အစားများ လဲသည်။ သူ၏ လှုပ်ရှားနေပုံသည် စနစ်တကျရှိလွန်းလှချေသည်။

နောက်ဆုံးတွင် သူသည် ခရမ်းရောင် ညဝတ်အင်္ကျီကို ယူဝတ်သည်။ သူ့မေးစေ့ကို လက်ချောင်းများဖြင့် ပွတ်ကာ အတန်ကြာမျှ ရပ်နေသေးသည်။ ထို့နောက် မီးကိုပိတ်ကာ အိပ်ရာဝင်လိုက်လေတော့သည်။

* * * * *



## (၁၃)

ဂျိုးသည် စကော့စ်ဝုဒ်လမ်း နေအိမ်တိုက်ခန်း၏ ဧည့်ခန်းထဲ၌ ပျင်းရိငြီးငွေ့မှုဖြင့် ထိုင်နေသည်။ အဲလ်ဆန်းလေးသည် စားပွဲ၌ထိုင်ကာ မြင်းတစ်စာအုပ်ကို အော်ဖတ်လျက်ရှိသည်။ ယနေ့ မွန်းလွဲပိုင်းတွင် ဂျိုးနှင့် အဲလ်သည် မြင်းပွဲသို့ သွားရန် ပြောဆိုထားကြပြီး ဖြစ်သည်။ ဂျိုးသည် အဲလ် ဖတ်ပြနေသည့် မြင်းတစ်တွင် လုံးဝ စိတ်ဝင်စားဟန်မပြ။ သူသည် ကုလားထိုင်ကို ကျောနှင့်မှီကာ ခြေထောက်များကို ပြတင်းပေါက်ပေါင်ပေါ်သို့ လှမ်းတင်ထားသည်။ သူသည် သူ့အတွေးနှင့်သူ နှုတ်ဆိတ်နေခြင်း ဖြစ်လေသည်။

အဲလ်၏အသံသည် အခန်းထဲတွင် ကျယ်လောင်စွာ ထွက်ပေါ်လျက်ရှိ၏။

'အတော်စိတ်ပျက်စရာကောင်းတဲ့ နေရာပါလား' ဟု ဂျိုးက တွေးသည်။

'ကြွက်တွင်းလို နေရာမျိုးမှာနေရတာဟာ ကောင်းကို မကောင်းဘူး၊ ဘာလိုလိုနဲ့ ငါ ဒီမှာနေခဲ့ရတာ သုံးနှစ်တောင် ရှိသွားပါပကောလား' ဟုလည်း စဉ်းစားမိသည်။ အမှန်တော့ သူ ဤအိမ်၌ နေလာခဲ့သည်မှာ သုံးနှစ်ကျော်၍ လေးနှစ်နီးပါးပင် ရှိခဲ့ပြီ။ ဤအိမ်တွင် ဆက်၍နေဦးမလား။ အခုပုံအတိုင်းကတော့ ဆက်နေရဦးတော့မလို ဖြစ်နေသည်။ သူ့အဖြစ်သည် ကမ်းစပ်တစ်နေရာ၌ သောင်တင်နေသည့် ဝေလငါးတစ်ကောင်နှင့် တူလျက်ရှိ၏။ သည်ပုံဆိုလျှင် သူ့ရည်မှန်းချက်သည် ဘယ်ရောက်သွားပြီနည်း။ သူ့ဘဝတစ်လျှောက်လုံး ဤအိမ်မှာပင်နေ၍ အချိန်ကုန်ရတော့မည်လော။

သူ့လက်ရှိ အခြေအနေကို ပြန်လှန်စစ်ဆေး ဆင်ခြင်ကြည့်သည်။ လက်ရှိရထားသည့်အလုပ်မှာ ကျေနပ်ဖွယ်ရာတော့ရှိ၏။ ဤလေးနှစ်အတွင်း မီလင်တန်စက်ရုံ၌ အလုပ်လုပ်ရသည်မှာ မဆိုးလှ။ ဘာပြဿနာမှလည်းမရှိ။ သို့သော်လည်း ဂျိုးကိုလန် အဖို့ကတော့ လက်ရှိအခြေအနေသည် အားရစရာမရှိသေး။

အခုဆိုလျှင် သူ့အသက်သည် နှစ်ဆယ့်နှစ်နှစ်မျှ ရှိခဲ့ပြီ။ ဤအသက်အရွယ်နှင့် သီတင်းတစ်ပတ်လျှင် သုံးပေါင် ရနေသည်မှာ မဆိုးလှ။ စက်ရုံအလုပ်သမားများကြားတွင်လည်း သူသည် လူသိများ၍ ခင်မင်သူပေါသည့် လူတစ်ယောက် ဖြစ်နေပြီ။ စက်ရုံပိုင်ရှင် မစ္စတာမီလင်တန်ကလည်း သူ့အပေါ် စိတ်ဝင်စားဟန်ပြခဲ့၏။ အလုပ်ခွင်သို့ လာရောက်ကြည့်ရှု စစ်ဆေးသည့်အခါတိုင်း သူ့အား အရေးတယူ စကားပြောလေ့ရှိသည်။ သို့သော်လည်း သူ၏ စိတ်ဝင်စားမှုမှ သူ့

အတွက် အံကျိုးအမြတ်ဟူ၍ ဘာတစ်ခုမှ ပေါ်မလာသေး။ ဤအတွက်တော့ သူသည် များစွာမကျေမနပ် ဖြစ်မိသည်။ စိတ်ပျက်အားငယ်ခြင်းလည်း ဖြစ်မိသည်။

ဤလေးနှစ်တာ ကာလအတွင်း သူ့တွင် ဘာတွေ စုမိဆောင်းမိခဲ့ပါသနည်း။ ယခင်က ဝတ်စုံတစ်စုံသာ ရှိခဲ့ရာမှ လေးစုံ ဖြစ်လာသည်။ အညိုရောင်ရှူးဖိနပ် သုံးရန်အထိ တိုးတက်လာခဲ့သည်။ နက္ကတိုင် အရောင်မျိုးစုံကိုလည်း အများအပြား ပိုင်ဆိုင်လာခဲ့သည်။ သူ့အိပ်ကပ်ထဲတွင် ငွေစက္ကူစကလေးများ ထည့်ထားနိုင်ခဲ့၏။ စိန့်ဂျိမ်းခန်းမတွင် လက်ဖွဲ့တစ်ကြိမ် ထိုးခဲ့ပြီးပြီ။ သူ့ခန္ဓာကိုယ်နှင့် ရုပ်အဆင်းအင်္ဂါတို့မှာလည်း သိသိသာသာ ပြောင်းလဲလာခဲ့၏။

ထိုအရာများသည် သူ့အတွက် လုံလောက်ပြီလားဟု ဂျိုးက တွေးသည်။ ဘယ်လိုနည်းနှင့်မှ လုံလောက်သည်ဟု မပြောနိုင်။ တကယ်တမ်းကျတော့ သူသည် အခန်းငှား၍နေရသည့် သူလို ငါလို သာမန် အလုပ်သမားတစ်ဦးမျှသာ ဖြစ်၏။ ငွေကို ရက်ရက်ရောရော သုံးနိုင်သည့် အခြေအနေလည်းမရှိ။ ပြီးတော့ သူသည် ယနေ့အချိန်ထိ ဂျင်နီနှင့် ရှုပ်နေဆဲ ....။

ဂျင်နီအကြောင်း တွေးမိသည့်အခါ သူ့စိတ်သည် များစွာ မငြိမ်မသက် ဖြစ်လာသည်။ လောလောဆယ်ဆယ် သူ့ရင်ထဲ၌ ရှိနေသည့် မကျေနပ်မှုများတွင် ဂျင်နီသည် ရှေ့ဆုံးမှပါဝင်လျက် ရှိသည်။ ဂျင်နီသည် သူ့အတွက် ဆူးငြောင့်ခလုတ်တစ်ခု ဖြစ်နေသည်။ ပထမတော့ ဂျင်နီကို သူ မရလျှင် မနေနိုင်။ နောက်ပိုင်း သူ ရချင်တာ ရပြီးသွားသည့်အခါ ဂျင်နီသည် စိတ်ပျက်စရာ ဖြစ်လာသည် ဂျင်နီသည် သူ့ကို တန်းတန်းစွဲဖြစ်ကာ သူ့နောက်မှ တကောက်ကောက် ....။

အခုအချိန်မှာတော့ဖြင့် သူသည် ဂျင်နီနှင့် သွားလာနေရသည့်အတွက် မပျော်မရွှင် ဖြစ်လာသည်။ ဂျင်နီအပေါ်တွင် အလွန်ငြီးငွေ့လာပြီဖြစ်၍ ဂျင်နီ သူ့နောက်မှ တကပ်ကပ် ဖြစ်နေသည်ကို မလိုလား။ သို့သော်လည်း ဂျင်နီနှင့် တိတ်တဆိတ် တွေ့ရခြင်းကိုမူ မစွန့်ချင်သေး။ သူနှင့် ဂျင်နီသည် ဤအခန်း၊ သူ့အခန်း၊ အိမ်အပြင်ဘက် အမှောင်ထုကြား၊ အဲလ်စ်စစ် မြင်းဇောင်းနောက်ဘက်စသည့်နေရာများ၌ မကြာခဏ ချိန်းတွေ့ခဲ့ကြ၏။ ထိုအကြောင်းများကို ပြန်ပြောင်းသတိရလိုက်သည့်အခါတွင်မူ လွမ်းတသသ ဖြစ်ရပြန်လေသည်။

မည်သို့ပင်ဖြစ်စေ သူသည် ဂျင်နီကိုတော့ လက်ထပ်ယူလိုစိတ် မရှိ။ ဤဂျင်နီကိုသာမက တခြား ဘယ်ဂျင်နီကိုမှ လက်ထပ်ယူလိုစိတ် မရှိ။ ဘဝတစ်သက်တာပတ်လုံး နှောင်ကြိုးအချည်ခံရမည့် အိမ်ထောင်ရေးကိစ္စတွင် သူ လုံးဝ မစဉ်းစား။ ထိုအလုပ်မျိုးကို ဘယ်တော့မှ လုပ်မည်မဟုတ်။ သူ့အနေဖြင့် ...ဉ့နည်းသူ့ဟန်ဖြင့် ငွေရှာချင်သည်။



သူသည် ဂျင်နီအကြောင်းကို စဉ်းစားတိုင်း မျက်မှောင်ကုပ်မိသည်။ သူ့ဘဝတွင် ဂျင်နီသည် အဟန့်အတားကြီးတစ်ခုဟု သူ ထင်သည်။ သူ့ဘဝကိုလည်း များစွာ ပြောင်းလဲအောင် လုပ်ခဲ့သည်သာမက သူ့အား များစွာ စိတ်ဆင်းရဲစေခဲ့၏။ ဥပမာတစ်ခုအနေဖြင့် ပြမည်ဆိုပါက ယနေ့ ဂေါ့စ်ဖော့သ် မြင်းပြိုင်ကွင်းသို့ သွားကြရန် ဂျင်နီ၏ဖခင်နှင့် တိုင်ပင်ထားခဲ့၏။ ဂျင်နီကို မခေါ်ဘဲ အိမ်၌ထားခဲ့ရန်လည်း စီစဉ်ထားခဲ့၏။ ထိုအကြောင်းကို သိသွားသည့်အခါ ဂျင်နီက ငိုယိုပြီး တပူဆာဆာ လုပ်ခဲ့သည်။ ဤသို့ဖြင့် သူသည် ဂျင်နီအား ခေါ်သွားပါမည်ဟု ကတိပေးခဲ့ရသည်။ အခုဆိုလျှင် ဂျင်နီသည် အိမ်အပေါ်ထပ်တွင် အဝတ်အစားလဲနေပြီ မဟုတ်ပါလား။

တွေးရင်းတွေးရင်းနှင့် ဒေါသဖြစ်လာသော ဂျိုးသည် သူ့အနီးမှ ခွေးခြေကို ခြေနှင့် ကန်လိုက်မိသည်။ ထိုအသံကြောင့် အဲလ်သည် စာကို အော်ဖတ်နေရာမှ ရပ်သွားပြီး ဂျိုးအား မော့ကြည့်သည်။

'မင်း ငါဖတ်ပြနေတာကို နားမထောင်ဘူးလား ဂျိုး' ဟု မေးသည်။

'မင်း နားမထောင်ဘဲနဲ့ ငါက အပင်ပန်းခံပြီး လေကုန်အောင် လုပ်နေသလို ဖြစ်မနေဘူးလားကွာ'

'အဲဒီဟာက အရင်ကလို မှန်မှ မမှန်တော့ဘဲ၊ ဒီအကောင် ဘာမှမသိတော့ဘူး၊ သူ အခုပေးထားတဲ့ "မြင်းတစ်တွေ" က အလိမ်အညာတွေချည်းပဲ၊ ကျွန်တော် မြင်းပွဲရောက်မှ ကျွန်တော့်သူငယ်ချင်း ဒစ်ခ်ဂျိုးဘေးဆီက မြင်းတစ်ကို ယူမယ်၊ သူကမှ တကယ်သိတာ' ဟု ဂျိုးက ပြန်ပြောသည်။

အဲလ်က တဟား.... ဟား ရယ်သည်။

'မင်း ဘယ်လိုဖြစ်တာလဲ ဂျိုးရာ၊ ငါက မြင်းတစ်ဖတ်ပြလို့ပြီးတာ ကြာလှပြီ ဆယ်မိနစ်လောက်တောင် ရှိသွားပြီ၊ အခါ ငါ ဖတ်ပြနေတာက ဘလီးယားဆိုတဲ့ကောင် လေယာဉ်ပျံအသစ်တစ်စီး ရသွားတဲ့သတင်းကွ၊ မင်း သိတယ်မဟုတ်လား၊ မနှစ်က ရေလက်ကြားကို ဖြတ်ပျံခဲ့တဲ့ကောင်လေ'

'အဲဒါများ အရေးတယူလုပ်ပြီး ဖတ်နေရသလားဗျာ၊ ကျွန်တော်ကိုယ်တိုင် အဲဒီလို လေယာဉ်ပျံမျိုးတွေ အများကြီးပိုင်အောင် တစ်နေ့ကျရင် လုပ်ပြမယ်၊ ခင်ဗျား စောင့်ကြည့်နေ'

အဲလ်က သတင်းစာကို မျက်စိများမှေး၍ ကြည့်နေသည်။

'အေးပေါ့လေ၊ ငါကလည်း မျက်စိဒေါက်ထောက်ပြီး ကြည့်ရဦးပေါ့ကွာ' ဟု အဲလ်က သရော်သံဖြင့် ပြန်ပြောသည်။

ထိုအခိုက်တွင် အခန်းတံခါးကို တွန်းဖွင့်ပြီး ဂျင်နီ ဝင်လာသည်။

'အင်း ....မင်းကတော့ အဆင်သင့်ဖြစ်နေအောင် လုပ်ထားပြီးပြီပေါ့လေ' ဟု မလိုလားသံဖြင့် ရေရွတ်သည်။

'ဟုတ်တယ်လေ၊ အဆင်သင့်ဖြစ်နေအောင် လုပ်ပြီးပြီ' ဟု ဂျင်နီက ရွှင်မြူးထူးစွာဖြင့် ပြန်ပြောသည်။ စောစောက မြင်ခဲ့ရသော မျက်ရည်စများမှာ ဘယ်ဆီရောက်သွားကြသည် မသိ။ ပြင်ဆင်ထားလိုက်သည်မှာ ကြော့မော့နေသည်။ သူသည် ခေါင်းပေါ်မှ ဦးထုပ်ကို ပြင်ဆောင်းလိုက်ရင်း ....

'ဦးထုပ်အသစ်လေး လှရဲ့လား' ဟု ဂျိုးအား လှမ်းမေးသည်။

ဂျိုးသည် စောစောက ဂျင်နီအကြောင်းတွေးကာ စိတ်တိုနေသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် 'ကြည့်လို့မလှဘူး၊ အလကားပဲ' ဟု ပြောလိုက်ချင်စိတ်ဖြစ်ပေါ်လာသည်။ သို့သော်လည်း အသေအချာ ကြည့်လိုက်သည့်အခါ ဂျင်နီသည် သူ့မျက်စိထဲတွင် လှနေသည်။ ကိုယ်လုံးကိုယ်ပေါက်သည် ဆွဲဆောင်မှုအပြည့်ရှိသည်။ တင်ပါးများ၊ ပေါင်တံများနှင့် ခြေထောက်များသည် စံပြမယ်တစ်ဦးနှင့် တူနေသည်။

'ကဲပါ၊ လာပါ ....သွားကြစို့' ဟု ဂျင်နီက ပြောတော့ သူ့အား စိုက်ကြည့်နေသည့် ဂျိုးကိုကြည့်ပြီး ရယ်သည်။

'အဖေကလဲ ထလေ၊ သွားကြစို့၊ တော်တော်ကြာ နောက်ကျနေဦးမယ်၊ သမီး အကြာကြီး စောင့်မနေပါရစေနဲ့'

'မင်းကို တို့က စောင့်ခိုင်းထားတယ် ဟုတ်လား' ဟု ဂျိုးက မကျေမနပ်လေသံဖြင့် ရေရွတ်သည်။ အဲလ်ကလည်း ခေါင်းတစ်ချက်ဆတ်ကာ သက်ပြင်းချသည်။

'အင်း ....မိန်းမများ ဒီအတိုင်းပါပဲကွာ' ဟု ပြောသည်။

သူတို့ သုံးယောက်သည် ဂေါ့စ်ဖော့သ် မြင်းပြိုင်ကွင်းသို့ ဓာတ်ရထားဖြင့် လာခဲ့ကြသည်။ ဓာတ်ရထားသည် နော့သ်လမ်းအတိုင်း ပြေးသွားလျက်ရှိ၏။

'ဂျင်နီ ချမ်းသာချင်တယ်၊ ငွေများများရအောင် လုပ်မလို့' ဟု သူ့ရင်ခွင်ထဲမှ လက်ကိုင်အိတ်ကိုပုတ်ပြပြီး ဂျိုးအား ပြောသည်။

'ချမ်းသာချင်တာ မင်းတစ်ယောက်တည်း မဟုတ်ဘူးကွ' ဟု ဂျိုးက လေသံမာမာဖြင့် ပြန်ပြောသည်။

သူတို့သည် လူပြည့်ကျပ်နေသည့် နှစ်သျှိလင်တန်းသို့ ဝင်ခဲ့ကြသည်။ ပရိသတ်များသည် ဂျင်နီအား စိတ်ဝင်တစား ကြည့်နေကြသည်။ ဂျင်နီသည် ဝမ်းသာရွှင်မြူးလျက်ရှိသည်။ ရှေ့တည့်တည့်ရှိ အဖြူရောင်သံတန်းများ၏ တစ်ဖက်တွင် အဝတ်ရောင်စုံ ဝတ်ဆင်ထားသည့် ဂျော်ကီများကို မြင်တွေ့နေရ၏။ ပြီးတော့



ချောမွေ့လှပသည့် အားကောင်းမောင်းသန် မြင်းကြီးများ။ အပြာရောင်နှင့် ရွှေရောင်ထီးကြီးများအောက်မှ အော်ဟစ်နေကြသည့် ဘွတ်ကီဒိုင်များ ....။ ကွင်းထဲမှ လှုပ်ရှားမှုအားလုံးသည် စိတ်ဝင်စားစရာတွေချည်း ဖြစ်သည်။ လူတွေအားလုံး၏ ဝတ်စားဆင်ယင်ပုံများသည် ဖက်ရှင်အလွန်ကျသဖြင့် အားကျစရာကောင်းလှပါပေ၏။

'ဟိုမှာကြည့်စမ်း ဂျိုး၊ မြင်ရဲ့လား' ဟု ဂျင်နီက ဂျိုး၏လက်မောင်းကို ဆွဲ၍ တစ်နေရာမှ လူတစ်ယောက်ဘက်သို့ လက်ညှိုးထိုးပြသည်။

'အဲဒါ လော့ဒ်ကယ်လီ မဟုတ်လားဟင်'

လော့ဒ်ကယ်လီသည် ဗြိတိန်နိုင်ငံ အား/ကာအဖွဲ့ဝင်လူကြီး ဖြစ်သည်။ မြောက်ပိုင်းဒေသမှ မြေပိုင်ရှင် သန်းကြွယ်သူဌေးကြီးတစ်ဦး ဖြစ်၏။ သူသည် သူ့ဂျော်ကီ လျူးလက်စတာနှင့် စကားပြောလျက်ရှိသည်။

'သူ့မြင်း နက်စ်ဖီးလ် နိုင်ဖို့အတွက် စိုင်းပြင်းနေတာ ဖြစ်မှာပေါ့' ဟု ဂျိုးက ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်ဖြေကာ သူ့မိတ်ဆွေ ဒစ်ဂျိုးဘေးအားရှာရန် ထွက်သွားသည်။

သူသည် ဒစ်ကို ရုတ်တရက် ရှာမတွေ့။ ဒစ်မှာ ဆယ်သျှိလင်တန်း၌ ရောက်နေသည်။ ဂျိုးက မြင်၍ လှမ်းခေါ်ကာမှ ရောက်လာသည်။ ဂျိုးက အကျိုးအကြောင်းပြောပြပြီး မြင်းတစ်ပေးဖို့ တောင်းသည်။

'ဒီနေ့ ကျွန်တော့်မှာ မိန်းကလေးမိတ်ဆွေတစ်ယောက်နဲ့ သူ့အဖေ ပါလာတယ်၊ မိန်းကလေးက မြင်းလောင်းချင်နေလို့ လာတောင်းတာပါ'

ဒစ်က ဂျိုးအား အသေအချာကြည့်ပြီး အကဲခတ်နေသည်။ သူသည် ဂျိုး၏ ပြောပုံဆိုပုံကို သဘောကျသည်။ သူသည် ဂျိုးကို စိန့်ဂျိမ်းစ်နန်းမ၌ လက်ဝှေ့ထိုးစဉ်ကတည်းက သိခဲ့ဖူးခြင်းဖြစ်၍ 'ခင်စရာကောင်းသည့် လူငယ်တစ်ဦး' ဟု အသိအမှတ်ပြုခဲ့သည်။

'နိုင်ခြေရှိတဲ့ တစ်ကလေး ဘာကလေးရှိရင် ကျွန်တော့်အမျိုးသမီးကို ပြောပြချင်လို့ပါ' ဟု ဂျိုးက ထပ်ပြောသည်။

'အေး ....ငါသာ မင်းနေရာမှာဆိုရင်တော့ နောက်ဆုံးပွဲကျမှပဲ လောင်းခိုင်းမှာပဲ ဂျိုး'

'နက်စ်ဖီးကော နိုင်ခြေရှိသလား' ဟု ဂျိုးက မေးသည့်အခါ ဒစ်က ခေါင်းယမ်းသည်။

'ဖြစ်နိုင်ရင်တော့ ပင့်စ်ဘတ်ဆိုတဲ့မြင်းကို ကရောင်းဒဂ်ါးတစ်ဝက်ဖိုးလောက် လောင်းပါစေကွာ၊ အပျင်းပြေသဘောပေါ့၊ အဲဒီထက်တော့ မပိုစေနဲ့' ဟု ဒစ်က

ပြောသည်။ သူသည် ဂျိုးအား ပြုံး၍နှုတ်ဆက်ကာ သူ့ထိုင်ခုံဆီသို့ ပြန်သွားသည်။ *ဂျိုးအဖို့တော့ ဒစ်လိုလူထဲမှာ မြင်းတစ် ရခဲ့သဖြင့် များစွာပျော်သွားသည်။* သူသည် ချက်ချင်းပင် ဂျင်နီတို့သားအဖထံ လူအများကြားမှ တပင်တပန်းတိုးဝှေ့ပြီး ပြန်လာခဲ့သည်။

'ဂျိုးရယ် ....ရှင် ဘယ်ပျောက်သွားနေတာလဲ၊ ပထမပွဲတောင် ပြီးသွားပြီ၊ ဂျင်နီ လုံးဝ မလောင်းလိုက်ရဘူး' ဟု ဂျင်နီက ဆီးပြောသည်။

ဂျိုးသည် ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ ဂျင်နီဘေး၌ ဝင်ထိုင်သည်။ ဂျင်နီတို့သားအဖ သူတို့ကြိုက်မြင်း ရွေးနေကြသည်ကို ဘေးမှနေ၍ နားထောင်နေသည်။ ဂျင်နီသည် နာမည်လှလှကလေးတွေ ပေးထားသည့် မြင်းများ၊ အရောင်အဆင်းလှသည့် မြင်းများနှင့် အလွန်ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များ ပိုင်ဆိုင်သော မြင်းများကိုသာ ရွေးလောင်းသည်။ ဂျိုးကလည်း သူတို့ရွေးသော မြင်းများကို ထောက်ခံ သဘောတူသည်။ ဂျင်နီပေးသမျှ လောင်းကြေးငွေများကိုလည်း ချိုသာသိမ်မွေ့စွာဖြင့် လက်ခံရယူပြီး သွားလောင်းပေးသည်။ သို့သော်လည်း ဂျင်နီလောင်းသမျှ အားလုံး ရှုံးသည်။

'သိပ်စိတ်ဆိုးတာပဲ၊ တစ်ပွဲမှလည်း မနိုင်ဘူး' ဟု စတုတ္ထပွဲအပြီးတွင် ဂျင်နီက စိတ်ပျက်လက်ပျက် ညည်းသည်။ သူမသည် နိုင်ချင်စိတ် အပြင်းအထန်ဖြစ်ပေါ်နေသည်။ နောက်တစ်ပွဲတွင် သူ ဘယ်မြင်းလောင်းသင့်သည်ကို အချိန်ယူ၍ စဉ်းစားသည်။ သူ့အဖေ အဲလ်သည် ဤတစ်ပွဲတွင် နက်စ်ဖီးလ် အမည်ရှိမြင်းကို ရွေးသည်။ ဂျင်နီက သူ့ဖခင် ရွေးထားသော မြင်းစာရင်းကို ကြည့်သည်။

'အဖေ့မြင်းက သိပ်မသေချာဘူးထင်တယ်' ဟု ပြောကာ ဂျိုးဖက်လှည့်၍ 'ဂျိုးကော ဘယ်လိုထင်သလဲ' ဟု မေးသည်။

'အတိအကျပြောလို့တော့ မရဘူး' ဟု ဂျိုးက ပြန်ဖြေသည်။ 'အဲဒီမြင်းက လော့ဒ်ကယ်လီရဲ့မြင်းပေါ့'

'ဟယ် ....ဟုတ်လား' ဂျင်နီ၏မျက်နှာ ဝင်းထိန်သွားသည်။ 'ဂျင်နီ မေ့သွားတယ်၊ ဂျင်နီကို အဲဒီမြင်း လောင်းသင့်တယ်လို့ ထင်သလား ဂျိုး' ဟု မေးသည်။

'ပင့်စ်ဘတ်ကိုရော မင်း မလောင်းချင်ဘူးလား' ဟု ဂျိုးက အရဲစွန့်၍ ပြန်မေးသည်။

'ဟင့်အင်း ဂျင်နီ မကြိုက်ဘူး၊ လော့ဒ်ကယ်လီရဲ့မြင်း နက်စ်ဖီးကို လောင်းမယ်'

'ကောင်းပြီလေ မင်းသဘောပဲ၊ ကိုယ်ကတော့ ပင့်စ်ဘတ်ကိုပဲ လောင်းမယ်'

သူသည် ငွေအားလုံးကို ယူသွားသည်။ အားလုံး စုစုပေါင်း လေးပေါင်



ရှိသည်။ ရဲရဲဝံ့ဝံ့ပင် ပင့်စ်ဘတ်မြင်းကို လောင်းလိုက်သည်။ ထို့နောက် ထိုင်ခုံလက်တန်းများကို ကိုင်၍ရပ်ကာ မြင်းပွဲ တာအလွှတ်ကို စောင့်သည်။ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ပြေးသွားနေသည့် မြင်းများကို မျက်ခြည်မပြတ်ကြည့်နေသည်။ မြန်လိုက်သည့် မြင်းများ။ သဲသဲကွဲကွဲ မမြင်ရ။ တစ်ချီတစ်ချီမှသာ ပင့်စ်ဘတ်ကို မြင်ရသည်။

သူ့တစ်ကိုယ်လုံးတွင် ချွေးများဖြင့် ရွှဲနေသည်။ အသက်ကိုပင် မှန်မှန်မရှူနိုင်။ သူသည် စိတ်ပန်းကိုယ်ပန်း ဖြစ်လျက်ရှိသည်။ မြင်းများသည် ပန်းတိုင်ဆီသို့ အလွန်လျင်မြန်စွာ ပြေးသွားနေကြပြီ။ သူသည် ပင့်စ်ဘတ်ကို မြင်လိုက်သဖြင့် သံကုန်ဟစ်၍ အော်ကာ ခုန်ပေါက်ပြီး အားပေးနေမိသည်။ ပန်းဝင်သွားသည့်မြင်းသည် ပင့်စ်ဘတ် ....။

ဂျိုးသည် သူ အနိုင်ရသည့်ငွေများကို သွားရောက်ထုတ်ယူသည်။ ရငွေများထဲမှ ငါးပေါင်တန် လေးရွက်ကို သူ့ကုတ်အင်္ကျီ အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။ ဆော်ဗရင် ရွှေဒင်္ဂါးပြား လေးပြားကို အတွင်းခံအင်္ကျီအိတ်ကပ်တွင်းသို့ ထည့်လိုက်သည်။ သူသည် အပေါ်မှ ထပ်ဝတ်ထားသည့် ကုတ်အင်္ကျီကြယ်သီးများကို တပ်လိုက်သည်။ သူသည် ဦးထုပ်ကို ပြင်ဆောင်းကာ ဂျင်နီထံသို့ ပြန်လာသည်။

ဂျင်နီသည် ငိုတော့မည့် မျက်နှာထားဖြင့် ဆီးကြိုသည်။

'ဂျိုးရယ် ....၊ ဂျင်နီ ဘာဖြုလို့ ပင့်စ်ဘတ်ကို မလောင်းမိတာပါလိမ့်' ဟု ပြောသည်။

'အေးပေါ့၊ မင်း ဘာဖြစ်လို့ မထိုးတာလဲ၊ ကိုယ်ပေးတဲ့တစ်ကိုသ၂ မင်းယူရင် မင်း ပွမျာ၊ ကိုယ် အတော်များများ ရလိုက်တယ်၊ ကိုယ် မင်းကို ကြိုပြီးသတိပေးခဲ့တယ်နော်၊ ကိုယ် ပင့်စ်ဘတ်ကိုပဲ လောင်းမှာလို့ ထုတ်ပြောခဲ့တယ်၊ ကိုယ့်မှာ အပြစ်မရှိဘူး၊ ကိုယ်က ဒီနေ့ တစ်ချိန်လုံးလိုလို ပင့်စ်ဘတ်ကို စွဲနေတာ'

မျက်စိမျက်နှာ အပျက်ပျက်နှင့် နောင်တကြီးစွာရနေသော ဂျင်နီကိုကြည့်၍ မရယ်ဘဲမနေနိုင် ဖြစ်ရသည်။

'နောင်တရပြီး စိတ်ညစ်မနေနဲ့တော့၊ ကိုယ် မင်းကို မြို့ထဲ ခေါ်သွားမယ်၊ ပျော်ပျော်ပါးပါး စားကြ သောက်ကြမယ်' ဟု ဂျိုးက ပြောသည်။

သူတို့သည် အဲလ်အား လိမ္မာပါးနပ်စွာဖြင့် ပထုတ်လိုက်ကြသည်။ ယခင်ကလည်း ဒီလိုကိစ္စမျိုးဘွေ လုပ်ခဲ့ဖူးသည်။ အခုညအဖို့တော့ အဲလ်အား ပထုတ်ရသည်မှာ ပိုလွယ်သည်။ အဲလ်သည် စာတ်ရထားပေါ်မှ ဆင်းနေခဲ့သည်။ သူသည် ခေါင်းငိုက်စိုက်ကျကာ အိမ်ဘက်သို့ ပြန်လာသည်။ စိတ်ထဲကကြိတ်၍ မြင်းတစ်ပေးသူ ကပ္ပတိန်ဆန်ဂလာအား ဆဲရေးတိုင်းထွာလာသည်။

ခေါက်ရထားနှင့် တက်လိုက်လာသော ဂျိုးနှင့် ဂျင်နီတို့သည် တိုင်နီကပ် ဆဲလ်မြို့ထဲသို့ ခြောက်နာရီထိုးပြီးစတွင် ရောက်သွားကြသည်။ မြင်းပွဲသို့မသွား မီက ရှိခဲ့သော အတွေးနှင့် စိတ်ကူးများသည် ဘယ်ဆီရောက်သွားမှန်းမသိ။ အခုကျတော့လည်း အလွန်ညင်သာသိမ်မွေ့စွာဖြင့် ဂျင်နီအား ဆက်ဆံပြောဆို လျက် ရှိ၏။ ဂျင်နီက သူ့လက်မောင်းကို ချိတ်၍ လိုက်လာသည်ကိုပင် ခွင့်ပြု ထားလေသည်။

သူတို့သည် နော့သ်ဘာလင် လမ်းကွေ့ကို ချိုးဝင်လာခဲ့ကြသည်။ ရုတ် တရက် ဂျိုးသည် ရပ်လိုက်ပြီး ရှေ့တစ်နေရာမှ လူငယ်တစ်ယောက်ဆီသို့ ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်နေသည်။

'ဟုတ်မှ ဟုတ်ရဲ့လား' ဟု ရေရွတ်သည်။ ထို့နောက် 'ဟေး .... ဒေးဗစ် .... ဒေးဗစ်ဖင်းဝစ်' ဟု လှမ်းအော်သည်။

'ဟာ .... ဂျိုး၊ ဟော့ကောင် ဂျိုးမှ ဟုတ်ရဲ့လားကွာ'

'သိပ်ဟုတ်တာပေါ့ သူငယ်ချင်းရာ၊ ဂျိုးမှ ဂျိုးအစစ်ပါ ငါ့လူရာ၊ တခြားလူ မဟုတ်ပါဘူး၊ တိုင်နီကပ်ဆဲလ်မှာ ဂျိုးဂိုလန်ဆိုလို့ ဒီတစ်ယောက်တည်းပဲ ရှိပါ တယ်ကွာ၊ စိတ်ချပါ'

နှစ်ယောက်စလုံး ဟက်ဟက်ပက်ပက် ရယ်လိုက်ကြသည်။ ဂျိုးက တခန့် တညား ဟန်အမူအရာဖြင့် မိတ်ဆက်ပေးသည့် အလုပ်ကို လုပ်သည်။

'ဟောဒါက မစ္စဆန်းလေးလို့ခေါ်တယ်၊ ကိုယ့်သူငယ်ချင်းမလေးပေါ့၊ ဟောဒါက ဒေးဗစ်ဖင်းဝစ်တဲ့၊ တို့ကတော့ ဒေးဗစ်လို့ခေါ်တယ်၊ ငယ်သူငယ်ချင်း တွေပေါ့'

ဒေးဗစ်က ဂျင်နီအား တစ်ချက်မျှ စိုက်ကြည့်သည်။ ဂျင်နီက ပြုံးသည့် အခါ သူကလည်း ပြုံးသည်။ ချိုးမွမ်းအုံ့ဩသည့် အရိပ်အငွေ့များသည် သူ့မျက်နှာ တွင် ထင်ဟပ်နေသည်။ အလွန်ယဉ်ကျေးသိမ်မွေ့စွာဖြင့် လက်ဆွဲနှုတ်ဆက်ကြ သည်။

'ဂျင်နီနဲ့ ငါနဲ့ တစ်ခုခု သွားစားမလို့လာတာ၊ မင်းလည်း လိုက်ခဲ့ပါလား၊ ဘယ့်နှယ်လဲ'

'ရတာပေါ့ကွာ လိုက်ရမှာပေါ့' ဟု ဒေးဗစ်က လွယ်လင့်တကူ လက်ခံသည်။

'တို့ အခု နမ့်လမ်းနဲ့ နီးနေပြီ၊ အဲဒီတော့ လော့ခ်ဟတ်ဆိုင်ကို သွားကြရင် မကောင်းဘူးလား'

ဂျိုးက လဲကျသွားတော့မည် ဟန်ပြသည်။

'လော့ခ်ဟတ်....တဲ့၊ မင်း ကြားလိုက်ရဲ့လား ဂျင်နီ' ဟု ဂျင်နီဘက်လှည့်၍ ရေရွတ်သည်။



'ဘာဖြစ်လို့လဲကွ' ဟု ဒေးဗစ်က မေးသည်။

'အဲဒီဆိုင်ဟာ ပျော်စရာကောင်းပါတယ်၊ ငါကတော့ ညတိုင်း အဲဒီဆိုင် သွားပြီး ကိုကိုးတစ်ခွက် သောက်တယ်'

'ဟာ .... ကိုကိုးတဲ့၊ ဖြစ်မှဖြစ်ရလေကွာ' ဟု ပြောကာ လဲကျသွားတော့ မည့် အမူအရာကို ထပ်လုပ်ပြပြန်သည်။ အနီးမှခေါက်တိုင်ကို မှီ၍ရပ်ကာ လဲကျ မသွားအောင် ထိန်းနေရသည့်ဟန်မျိုး လုပ်ပြနေပြန်သည်။

'ဒီမှာ ဂျိုး၊ ဘယ်လိုဟာတွေ လျှောက်လုပ်နေတာလဲ၊ ကိုယ့်ကိုယ်ကို သတိ ထားဦးမှပေါ့' ဟု ဂျင်နီက ဝင်တားသည်။ ဒေးဗစ်ကိုလည်း အားနာဟန်ဖြင့် လှမ်းကြည့်သည်။

ဂျိုးသည် ထိုအခါကျမှ သူ လုပ်နေသည့်အလုပ်ကို ရပ်ကာ ဒေးဗစ်ဆီသို့ လျှောက်သွားပြီး ပခုံးကို ဖက်လိုက်သည်။

'ဒီမယ် သူငယ်ချင်း၊ မင်း အခုရောက်နေတာ ကျောက်မီးသွေးတွင်း မဟုတ်ဘူးကွ၊ မင်း အခုတွေ့နေတဲ့လူဟာ မစ္စတာဂျိုးဂိုလန်နဲ့ တွေ့နေတာ၊ အဲဒါကို သတိထားဦးမှပေါ့ကွာ၊ ကဲ .... လာ သူငယ်ချင်း၊ ငါတို့ သွားကြစို့'

ပြောပြောဆိုဆို ဂျိုးသည် ဟန်ရေးဝါရေးအပြည့်ဖြင့် ရှေ့မှ ထွက်သွား သည်။ ဂျင်နီနှင့် ဒေးဗစ်က နောက်မှ လိုက်သွားကြသည်။ နော်သမ်ဘာလင် လမ်းထဲမှာ ပါဆီဂရစ်လ်ဆိုင်ထဲသို့ ရောက်သွားကြသည်။ ဂျိုး၏အမူအရာသည် တကယ့်လူကြီးလူကောင်းအသွင်ကို ဖမ်းထားသည်။ သူသည် ဤအလုပ်မျိုးတွင် ပါသနာကြီးသူ ဖြစ်၏။ သူသည် လူအများရှေ့ရောက်လျှင် ဟန်ပန်အပြည့်နှင့် ကြွားချင်ဝါချင်သူ ဖြစ်သည်။

သူသည် ဤဆိုင်သို့ မကြာခဏလာလေ့ရှိသည်။ တစ်ခါတစ်ရံ တစ် ယောက်တည်း၊ တစ်ခါတစ်ရံတွင် ဂျင်နီနှင့်။ တခမ်းတနားနှင့် သားနားသပ်ရပ် သောဆိုင်ဖြစ်၍ ဤဆိုင်မျိုး၌ ထိုင်၍ သောက်ရစားရသည်မှာ အလွန်ဂုဏ်ရှိသည်ဟု ယူဆထားသည်။ လက်သုတ်ပဝါတစ်ထည် ခါး၌ ညှပ်ထားသည့် စားပွဲထိုး တစ် ယောက်သည် လူကုံထံတစ်ယောက် ဂိုက်မျိုးဖမ်းကာ လှမ်းခေါ်လိုက်သည့် ဂျိုး၏ အပါးသို့ မျက်နှာထားချိုချိုနှင့် ရောက်လာသည်။

'ဟော့ .... မင်းတို့ ဘာသောက်ကြမလဲ' ဟု ဂျိုးက မေးသည်။

'ကိုယ်ကတော့ ဝီစကီပဲ၊ ဂျင်နီက ဘာသောက်မလဲ၊ ဒေးဗစ်ကကော ....၊ ဒီတစ်ခါတော့ ကိုကိုးသောက်မယ်လို့များ မှားမပြောလိုက်ပါနဲ့ သူငယ်ချင်းရယ်'

ဒေးဗစ်က ပြုံးသည်။ ဤပွဲမျိုးမှာတော့ သူ ဘီယာသောက်မည်ဟု ပြော သည်။ မှာထားသည့် ယမကာများ ရောက်လာသည့်အခါ ဂျိုးက စားစရာများ

များသည်။ ထို့နောက် ကုလားထိုင်ကို မှီထိုင်ကာ ဒေးဗစ်ကို အကဲခတ်သည့် မျက်နှာထားဖြင့် ကြည့်သည်။ ဒေးဗစ်သည် ယခင်ကထက် အရပ်ရှည်လာသည်။ တည်ငြိမ်ရင့်ကျက်လာပုံလည်း ရသည်။ အသိဉာဏ်လည်း တိုးတက်လာပုံရှိ၏။

'အခု မင်း ဘာလုပ်နေသလဲ ဒေးဗစ်၊ မင်း အတော်ကြီးကို ပြောင်းသွားတာပဲ' ဟု ဂျူးက ပြောသည်။

မှန်ပါ၏၊ ဒေးဗစ်သည် များစွာ ပြောင်းလဲနေပြီ ဖြစ်သည်။ အခုဆိုလျှင် သူ့အသက်သည် နှစ်ဆယ့်တစ်နှစ်နီးပါး ရှိနေပြီ။ ဖျော့ဖွေးသောမျက်နှာနှင့် နက်မှောင်သော ဆံပင်တို့သည် အသက်အတော်ကလေး ကြီးပြီဟု ထင်ရ၏။ သို့သော်လည်း သူ့အပြုံးသည် နုပျိုသေးကြောင်း ညွှန်ပြနေသည်။

'ပြောစရာအကြောင်း ကြီးကြီးမားမား မရှိသေးပါဘူး ဂျူးရာ'

'မဟုတ်သေးပါဘူးကွာ၊ မင်းရဲ့ လက်ရှိ အခြေအနေလောက်တော့ ပြောပြစမ်းပါဦး'

'အင်း'

ဒေးဗစ်က သူ့အကြောင်းကို ပြောပြသည်။ လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း သူ့ဘဝခရီးသည် သိပ်ပြီး လွယ်ကူချောမွေ့ခြင်းမရှိခဲ့။ သူသည် ကျောက်မီးသွေးတွင်းတူးအလုပ်ကို စွန့်ခွာခဲ့ပြီး ဘက်ဒလေကျောင်းသို့ ရောက်လာခဲ့သည်။ သူ့ပညာသင်ဆုငွေမှာ တစ်နှစ်လျှင် ပေါင်ခြောက်ဆယ် ဖြစ်သည်။ ဝက်စ်ဂိတ်ဟစ်လ်ဘက်၌ အခန်းငှားပြီး နေထိုင်ကာ ကျောင်းတက်ခဲ့ရသည်။

သူ့ဝင်ငွေသည် သူ့အတွက် မလုံလောက်။ အိမ်မှ ပို့ပေးနေသည့်ငွေမှာလည်း ပုံမှန်မဟုတ်။ တစ်ခါတစ်ရံမှ ရောက်လာခြင်း ဖြစ်၏။ သူ့ဖခင် ရောဘတ်မှာ ကျန်းမာရေး အခြေအနေကြောင့် နှစ်လကြာမျှ အလုပ်မဆင်းနိုင်။ ဒေးဗစ်သည် တစ်ခါတစ်ရံတွင် ကျပန်းအလုပ်များကိုလုပ်၍ ငွေရှာခဲ့ရသည်။ တစ်ကြိမ်တွင် သူသည် ဇဟိုဘူတာကြီး၌ လူတစ်ယောက်၏အိတ်ကို သယ်ပေးခဲ့ရဖူး၏။ ထိုစဉ်က အလုပ်သမားခငွေ ခြောက်ပဲနိ ရသဖြင့် ညလယ်စာ စားနိုင်ခဲ့လေသည်။

သူ၏ စိတ်အားထက်သန်မှုကြောင့် ရုန်းကန်ရခြင်းကို မကြောက်။ ရဲရဲရင်ရင် ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ ဘက်ဒလေကျောင်းသို့ရောက်စ ပထမလသည် သူ့အတွက် အခက်အခဲဆုံးနှင့် အပင်ပန်းဆုံးသောကာလ ဖြစ်၏။ ကျောက်မီးသွေးတွင်းတူး အလုပ်သမား လူငယ်တစ်ယောက်အဖို့ ဘာဇဟုသုတမှ မရှိ။ အဖက်ဖက်တွင် သူများအောက်၌ ကျရောက်နေခဲ့သည်။ စာလိုက်ရသည်မှာလည်း မလွယ်လှ။ ကံကောင်းထောက်မ၍ ပညာသင်ဆုကို ရလာသော်လည်း ဆက်လက်၍ ပညာသင်ကြားရာ၌မူ အမီလိုက်နိုင်မည် မဟုတ်ဟုပင် အထင်ခံခဲ့ရ၏။



ထိုစဉ်က သူ့အဖြစ်သည် အတော်တဆ မျက်စိလည် လမ်းမှားပြီး ရောက်လာသည့် လူငယ်တစ်ယောက်အဖြစ်နှင့် ပညာကို ကြိုးစားနေခဲ့ရခြင်း ဖြစ်၏။

ဤပြဿနာကို မရမနေ ကျော်လွှားမည်ဟု သန္နိဋ္ဌာန်ချထားသော ဒေးဗစ်သည် လုံးဝနောက်ဆုတ်ရန် မစဉ်းစားခဲ့။ ကျောင်းသားအများစု၏အလယ်တွင် သူ့ကိုယ်သူ တော်လာအောင် အပြင်းအထန် ကြိုးစားခဲ့သည်။ သူသည် လူတော်တစ်ယောက် ဖြစ်လာဖို့အတွက် စာဖတ်ခြင်းကို များစွာအလေးထား၍ လုပ်ခဲ့သည်။ စာဖတ်ရာ၌လည်း ကျောင်းမှ ပြဋ္ဌာန်းထားသည့် စာအုပ်များကိုသာ ဖတ်ခြင်းမဟုတ်။ ဂစ်ဘွန်၊ မကော့လေး၊ ဟိုးရေ့စ်တို့၏ စာအုပ်များကိုပါ ဖတ်ခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် သူသည် ကားလ်မတ်စ်မှသည် မော်ပါဆွန်းအထိ၊ ဂေါ့သ်မှသည် ဗွန်ကုတ်အထိ စာမျိုးစုံကို ဖတ်သူတစ်ဦး ဖြစ်လာခဲ့သည်။ ပညာနှင့်ယှဉ်၍ လိမ္မာစွာဖတ်ခြင်းမျိုး မဟုတ်ဟု ယူဆမည်ဆိုပါက ယူဆနိုင်သော်လည်း စာများကို ကျေအောင် ညက်အောင် ဖတ်သည်မှာကား ထင်ရှားသည်။ သူသည် ဖေဘီယန်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ဖေဘီယန်အဖွဲ့သည် ဆိုရှယ်လစ်ဝါဒကို ဖြန့်ဖြူးရာအဖွဲ့တစ်ဖွဲ့ ဖြစ်လေသည်။

ထို့ပြင်လည်း သူသည် ငွေခြောက်ပဲနိကို ခြစ်ခြစ်ကုပ်ကုပ် စုဆောင်းကာ ဂီတပြပွဲများသို့ သွားလေ့ရှိသည်။ ထိုဂီတပြပွဲများထဲတွင် တေးဂီတပညာရှင် ဘီသိုဗင်၊ ဘား စသည်တို့နှင့် အထိအတွေ့ရှိခဲ့၏။ ထိုမျှသာမကသေး၊ တိုင်နီဂယ်ဆဲလ် စည်ပင်သာယာပြခန်းသို့လည်း မကြာခဏ ရောက်သွားလေ့ရှိ၏။ ထိုပြခန်းတွင် ဗုစ္စလား၊ ဒီးဂတ်စ်နှင့် မာနက်တို့၏ လက်ရာမွန် ပန်းချီကားများကို ကြည့်ရှုလေ့လာခွင့် ရခဲ့သည် မဟုတ်ပါလား။

သူ့အဖို့ တစ်ယောက်တည်း အထီးကျန်ဘဝဖြင့် လောက၏အသိကို ရှာဖွေရသည်မှာ မလွယ်ကူလှပေ။ သူသည် အလွန် ဆင်းရဲသည်။ နေထိုင်ရသည်မှာ စုတ်ချာချာ ဖြစ်သည်။ အပေါင်းအသင်းရှာရန် အလွန်ဝန်လေးသည်။ မိတ်ဆွေအပေါင်းအသင်းတော့ ရချင်ပါ၏။ သို့သော်လည်း ပေါင်းသင်းဆက်ဆံလိုသူက သူ့ထံလာမှသာ အပေါင်းအသင်းဖြစ်ဖို့ရှိ၏။

သူသည် အဆင်းရဲဆုံးသော နယ်မြေများသို့ သွားရောက်ကာ ကျောင်းဆရာလုပ်၍ စာသင်ပေးသည်။ ဆော့လေး၊ ဝစ်တန်၊ ဟက်ဘမ်း စသည့် ခရိုင်များအတွင်းရှိ မူလတန်းကျောင်းများ၌ ဝင်ရောက် ပညာသင်ကြားပေးခြင်း ဖြစ်၏။ သူသည် ဆင်းရဲသား ရပ်ကွက်များမှ အသားအရောင် ဖြူဖပ်ဖြူရော်ဖြင့် အာဟာရချို့တဲ့နေသော ကလေးများအပေါ် သနားသည်။ စိတ်ဝင်စားသည်။ သူတို့အရေးတွေးကာ ဝမ်းနည်းကြေကွဲခြင်း၊ စိတ်ထိခိုက်ခြင်း ဖြစ်သည်။

သူသည် ဤကလေးသူငယ်များအား ရှူးဖိနပ်များ၊ အဝတ်အထည်များနှင့် အစားအစာများ ထုတ်ပေးလိုသည်။ ဝမ်းစ်ဘက်နယ်သို့ ခေါ်သွားပြီး နေရောင်ခြည်အောက်၌ ကစားစေချင်သည်။ နားမလည်သော ကဗျာတစ်ပုဒ်ကို ကျက်မှတ်နေရခြင်းထက် သဘာဝအလျောက် လွတ်လပ်စွာ ကစားခွင့်ပြုထားခြင်းသည် ပို၍ကောင်းမည်ဟု ထင်မိသည်။ သူ့နှလုံးသားသည် ဒုက္ခဆင်းရဲခံနေကြရသော ဤကလေးများအတွက် များစွာ နာကျင်ခဲ့ရ၏။

သူသည် ကျောင်းဆရာ လုပ်မည်ဟု စိတ်ကူးထား၏။ သို့သော်လည်း ယခု ရရှိနေသည့် အတွေ့အကြုံအရ ကျောက်သင်ပုန်းကြီးနှင့် အတူတူတွဲပြီး အလုပ်လုပ်ရခြင်းသည် အကျိုးရှိပါမည်လော။ သို့ဆိုလျှင် ယခုထက်ပို၍ ရုန်းကန်လှုပ်ရှားရသော၊ ပို၍ ဆွဲဆောင်မှုရှိပြီး ပို၍ စိတ်ဝင်စားစရာကောင်းသော လောကတစ်ခုအတွင်းသို့ သွားရလျှင် ကောင်းလေမလား။ ဘာပဲဖြစ်ဖြစ် လာမည့်နှစ်တွင် သူသည် ဘီအေတွဲ့ကို ယူမည်။ ပြီးလျှင် လုပ်စရာ ရှိသည်များကို ဆက်လုပ်ရမည်။

ဒေးဗစ်သည် သူ့အကြောင်းကို ဤနေရာတွင် အဆုံးသတ်လိုက်သည်။ အခုကျမှပင် တွေ့စတုန်းက အပြုံးကို ပြန်မြင်ရသည်။

'ငါ့အကြောင်း ပြောပြနေတာနဲ့ပဲ အချိန်တွေ သိပ်ကုန်သွားပြီ၊ ဇာတ်လမ်းက ဝမ်းနည်းကြေကွဲစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်မနေဘူးလား' ဟု သူက ပြောသည်။

ဂျင်နီကတော့ မဖြစ်ပါဘူးဟု ဆိုသည်။ သူသည် ဒေးဗစ်၏ ဇာတ်လမ်းတွင် စိတ်ဝင်စားနေသည်။ အလွန်လည်း သဘောကျနေသည်။

'ကျွန်မကတော့ သိပ်ကို သဘောကျတယ်၊ ကျွန်မအနေနဲ့ အဲဒီလောက်အထိ အရေးပါ အရာရောက်တဲ့ လူတစ်ယောက်နဲ့ တွေ့ရလိမ့်မယ်လို့ လုံးဝမမျှော်လင့်ခဲ့မိဘူး' ဟု ပြောသည်။

ဒေးဗစ်က ဂျင်နီအား ကြည့်နေသည်။

'ကျွန်တော့်ကို အရေးပါအရာရောက်တဲ့လူလို့ သုံးလိုက်တာဟာ သရော်တာများလား မစ္စဂျင်နီ'

သို့သော်လည်း မစ္စဂျင်နီသည် ဒေးဗစ်အား သရော်နေခြင်း မဟုတ်။ သူသည် ဘက်ဒလေကောလိပ်မှ ကျောင်းသားကို အရင့်အရင်က တစ်ဦးတလေမျှပင် တွေ့ခဲ့ဖူးသည် မဟုတ်။ ဘက်ဒလေကောလိပ်မှ ကျောင်းသူကျောင်းသားများသည် ဂျင်နီ အားကျခဲ့ဖူးသည့်လူစု ဖြစ်၏။ ထို့ကြောင့်လည်း ကောလိပ်ကျောင်းသား ဒေးဗစ်သည် သူ့အတွက် စိတ်ဝင်စားစရာကောင်းသည့် လူတစ်ယောက် ဖြစ်နေသည်။



ထို့ပြင်လည်း ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသည် ဂျိုးနှင့် နွမ်းနွမ်းဖတ်ဖတ် ဝတ်ဆင်ထားသော ဒေးဗစ်တို့ကို နှိုင်းယှဉ်ကြည့်လိုက်သည့်အခါ ဒေးဗစ်က ပိုချော ပိုလှသည့် လူငယ်တစ်ဦး ဖြစ်နေသည်။ ဤတစ်ချက်သည် သူ့အတွက် ဆွဲဆောင်မှုရှိနေသည်။ ပြီးတော့ အခုတလော ဂျိုးသည် မိမိအပေါ် ဆက်ဆံရာ၌ ယခင်ကလို အချိုးမဟုတ်။ ရောင်ဖယ်ဖယ် ဖြစ်နေသည်။ ဤအရေးတွင် ဒေးဗစ်ကို လိမ္မာပါးနပ်စွာ အသုံးချလိုက်မည်ဆိုပါက ဂျိုးသည် မနာလိုဝန်တို ဖြစ်လာဖွယ်ရှိ၏။ သို့ဆိုလျှင် ....

'ရှင် ဖတ်နေရတဲ့ စာအုပ်တွေအကြောင်း ပြောပြတော့ ကျွန်မ သိပ်ကိုကြောက်သွားမိတယ်၊ ဘီအေတွဲ့ရဖို့ဆိုတာ သိပ်ကိုခက်တာပဲနော်'

'ဒါပေမဲ့ အဲဒီတွဲ့က ကျွန်တော့်ကို ကလေးတွေ စာသင်ပေးတဲ့ ဆရာအလုပ်ရအောင် လုပ်ပေးမှာ'

'ဘာလဲ ရှင် ဆရာ မဖြစ်ချင်ဘူးလား၊ ဆရာတစ်ယောက် ဖြစ်ရတာလည်း ကောင်းတာပဲရှင်'

သူ့ဘက်မှ တစ်စုံတစ်ရာ ပြန်ပြောရန် ဟန်ပြင်နေခိုက်မှာပင် ဂျိုး မှာထားသည့် အစားအစာများ ရောက်လာသဖြင့် သူ့အာရုံသည် ပြောင်းသွားသည်။ ဂျိုးက အစားအစာများကို သုံးဦးစာ အညီအမျှ ခွဲသည်။ သူသည် လက်ကသာ အစားအစာများကို ခွဲဝေနေသော်လည်း ခေါင်းက တစ်ခုခုကို စဉ်းစားလျက်ရှိသည်။

စောစောက ဒေးဗစ် ပြောပြသွားသည့် စကားများကို သူသည် မနာလိုတိုရှည်စိတ်ဖြင့် နားထောင်ခဲ့၏။ နှုတ်ခမ်းများကိုလည်း မဲ့ပြုံးပြုံးကာ သရော်မိခဲ့၏။ ထို့နောက်တော့ ဂျင်နီအား စိုက်ကြည့်နေသည့် ဒေးဗစ်၏အကြည့်ကို မြင်လိုက်ရသောအခါ အံ့ဩဖွယ်ကောင်းသည့် စိတ်ကူးတစ်ခု ရလာသည်။ သူသည် ဒေးဗစ်၏လက်သို့ ပန်းကန်ကို လှမ်းပေးသည်။

'ဘယ့်နှယ်လဲ သူငယ်ချင်း၊ ဒီလောက်ဆိုရင် မင်းအတွက် လုံလောက်ပြီလား'

'လောက်ပါတယ် ဂျိုးရာ' ဟု ဒေးဗစ်က ပြန်ပြောသည်။ ဤမျှလောက်အများအပြား ထည့်ထားသည့် အစားပန်းကန်တစ်ချပ်ကို မမြင်ခဲ့ရသည်မှာ သီတင်းပတ်ပေါင်းများစွာရှိခဲ့ပြီ မဟုတ်ပါလား။

ဂျိုးက ခေါင်းညိတ်သည်။

'မင်း စောစောက ပြောသွားတာ ဘာတဲ့ ....' ဟု စကားပြန်ထောက်သည်။

'ဟိုဟာလေ ....ကွာ၊ ဆရာအလုပ်ရဲ့ အခြားတစ်ဖက်မှာ ရှိနေတဲ့အလုပ်ဆိုတာ ဘာလဲ'

ဒေးဗစ်က ထပ်မံ၍ ခေါင်းခါသည်။

'မင်း စိတ်ဝင်စားမယ့်အလုပ် မဟုတ်ပါဘူး ဂျိုးရာ၊ မင်း နည်းနည်းလေးမှ စိတ်ဝင်စားမယ် မထင်ပါဘူး' ဟု ပြောသည်။

'ဟာ .... ကွာ၊ တို့များက စိတ်ဝင်စားပါတယ်ကွာ၊ မင်းကော စိတ်ဝင်စားတယ် မဟုတ်လား ဂျင်နီ' ဟု ဂျိုးက ပြန်ပြောသည်။ သူ့အသံသည် တကယ် စိတ်ဝင်စားသည့် အရိပ်အငွေ့ ပါလာသည်။

'ကဲပါကွာ၊ တို့ကို ပြောပြစမ်းပါဦး'

ဒေးဗစ်သည် နှစ်ဦးစလုံး၏မျက်နှာကို တစ်လှည့်စီကြည့်၍ စူးစမ်းလျက်ရှိသည်။ နှစ်ဦးစလုံးသည် စိတ်ဝင်စားဟန် ပြနေကြသည်။ သူသည် မပြောဘဲ မနေနိုင်တော့။

'ဒါဆိုရင်တော့ ပြောပြရမှာပေါ့လေ၊ အဲဒါက ဒီလိုကွ၊ ငါ့ကို အရက်မူးနေပြီလို့တော့ မထင်နဲ့၊ ဝက်တစ်ကောင်လို့လည်း မထင်နဲ့၊ မြို့တော်အရှူးထောင်ကို ပို့ရမယ့် အရူးတစ်ယောက်လို့လည်း မထင်နဲ့၊ ဆရာအလုပ်ကို ဇောတဖြုတ်လုပ်မယ်လို့တော့ စိတ်ကူးထားတယ်၊ ဒီအလုပ်ကို လုပ်ရတာကလည်း ပေါင်မုန့်နဲ့ ထောပတ်ကို မှန်မှန်စားနေရအောင်လို့ လုပ်ရတာပါ'

'ငါ့အနေနဲ့ ကျောင်းဆရာလုပ်ချင်လို့ ပညာသင်နေတာ မဟုတ်ပါဘူး၊ ငါ အခု ပညာသင်နေတာဟာ "တိုက်ပွဲဝင်" ဖို့ပါ၊ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ငါ တကယ်လုပ်ချင်တာက လုပ်ရမယ့်အလုပ်နဲ့ အများကြီးကို ကွာပါတယ်၊ နားလည်အောင် ပြောပြဖို့လည်း မလွယ်ဘူး၊ အတော်ကြီးကိုခက်တယ်၊ ငါ တကယ်လုပ်ချင်နေတာက ငါ့လိုလူစားတွေအတွက်ပဲ၊ ကျောက်မီးသွေးတွင်းမှာ အလုပ်လုပ်နေကြတဲ့လူတွေအတွက်ပဲ'။

'မင်းလည်း သိနေသားပဲ ဂျိုးရာ၊ အလုပ်က ဘယ်လိုအခြေအနေဆိုတာ မင်းကိုယ်တိုင် နားလည်ခဲ့တာပဲ၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ မင်းနဲ့ငါ အတူတူတွဲပြီး လုပ်ခဲ့ဖူးတာပဲ မဟုတ်လား၊ ငါ့အဖေကို ဘယ်လိုလုပ်ခဲ့ကြသလဲ၊ အလုပ်ခွင်မှာ တွေ့နေရတဲ့ အနေအထားတွေကရော ဘယ်လိုလဲ၊ မင်း အသိပဲလေ၊ အထူးပြောစရာ မလိုပါဘူး၊ ပြီးတော့ သူတို့ပေးထားတဲ့ လုပ်ခကရော ....၊ အဲဒါတွေကို ငါက ပြောင်းသွားအောင် လုပ်ချင်တယ်၊ အလုပ်သမားတွေအတွက် ပိုပြီးကောင်းတဲ့ အခြေအနေတွေကို ငါ ဖန်တီးပေးချင်တယ်'

'ဒီကောင်တော့ ရူးနေပြီ၊ အရက်လည်း မူးနေပြီထင်တယ်' ဟု ဂျိုးက တွေးသည်။ သို့သော်လည်း သူသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့်

'ဆက်ပြောပါဦးကွာ၊ ဒါတွေက အလုပ်သမားတွေမှာ တကယ်လိုအပ်နေတာ အမှန်ပဲ' ဟု တိုက်တွန်းသည်။



'မင်းကတော့ ငါ့ကို ပေါက်တတ်ကရတွေ လာပြောနေတယ်လို့ ထင်မှာပဲ၊ ဒါပေမဲ့ မဟုတ်ဘူးဆိုတာကို သတ္တုတွင်းတူး အလုပ်သမားတွေရဲ့ သမိုင်းကို ကြည့်ရင် မင်း သိလာမှာပါ၊ ဒီမှာ ငါ ပြောမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ခုနစ်ဆယ်က နော့သမ်ဘာလင်က ကျောက်မီးသွေးတွင်းတူး အလုပ်သမားတွေရဲ့ သမိုင်းကို မင်း လေ့လာကြည့်'။

'အဲဒီတုန်းက သူတို့ဟာ မြေရှင်ပဒေသရာဇ် စနစ်အောက်မှာ အလုပ်လုပ်ခဲ့ကြရတာ၊ သူတို့ကို အရိုင်းအစိုင်း သတ္တဝါတွေလို ဆက်ဆံခံခဲ့ရတယ်၊ အားလုံးက အနိမ့်ဆုံး လူတန်းစားအဖြစ်နဲ့ အပယ်ခံဘဝမှာ ထားခဲ့ကြတယ်၊ သူတို့မှာ ပညာလည်း မတတ်ကြဘူး၊ အသိဉာဏ်ဗဟုသုတ တိုးတက်မလာအောင် ဝိုင်းပြီးချုပ်ချယ်ထားကြတယ်၊ အလုပ်ခွင် အခြေအနေတွေကလည်း ဆိုးဝါးလိုက်တာ ကြောက်ခမန်းလိလိပဲ၊ သန့်ရှင်းမှုနဲ့ လေကောင်းလေသန့်ရမှု ဆိုတာတွေ လုံးဝမရှိတဲ့ အလုပ်ခွင်ထဲမှာ မတော်တဆ ထိခိုက်ဒဏ်ရာရမှုဆိုတဲ့ ဘေးအန္တရာယ်တွေကလည်း အများကြီးပဲ'။

'မိန်းမတွေနဲ့ ခြောက်နှစ်အရွယ် ကလေးတွေကိုလည်း မြေအောက်တွင်းတွေထဲမှာ အလုပ်လုပ်ခိုင်းထားတယ်၊ ကလေးတွေခမျာ မြေအောက်မှာ တစ်နေ့ကို ရှစ်နာရီတိတိ လုပ်ရတာ၊ နေကြထိုင်ကြရတာကလည်း အကျဉ်းထောင်ထဲနေတာနဲ့ ဘာမှမခြားဘူး၊ ဈေးဆိုင်တွေကျတော့လည်း ပိုင်ရှင်ရဲ့ ဆွေမျိုးက ဖွင့်ထားတယ်၊ အဲဒီဆိုင်ကလွဲပြီး ဘယ်မှာမှ သွားမဝယ်ရဘူး၊ သူတို့ဆိုင်ပဲ ဝယ်ကြရတယ်၊ လုပ်ခရှင်းတဲ့နေ့ကျတော့ အလုပ်သမားတွေရဲ့ လုပ်ခဟာ သူတို့လက်ထဲ အကုန်လွှဲပေးလိုက်ရတယ်'

ဒေးဗစ်က စကားကိုဖြတ်၍ ရပ်ထားပြီး ဂျင်နီကိုကြည့်၍ ရယ်သည်။

'ကျွန်တော် အခုပြောနေတဲ့ စကားတွေအပေါ်မှာ ခင်ဗျား တကယ်ရော စိတ်ဝင်စားရဲ့လား၊ ခင်ဗျားကို ဒီစကားတွေ ပြောပြနေတာဟာ ကျွန်တော် ရူးနေလို့ပဲဖြစ်ရမယ်' ဟု ပြောသည်။

'ဟင့်အင်း .... ရှင် ထင်သလို လုံးဝမဖြစ်ဘူး' ဟု ဂျင်နီက ပြောသည်။

'ရှင် ဒါတွေအားလုံးကို သိနေတာဟာ ကျွန်မအဖို့ သိပ်ပြီး အံ့သြစရာလည်း ကောင်းတယ်၊ စိတ်ဝင်စားစရာလည်း ကောင်းနေတယ်'

'ဆက်ပြောပါကွာ' ဟု ဂျိုးက ထပ်မံ၍ တောင်းဆိုသည်။

'တို့ ထပ်ပြီး သိချင်သေးတယ်'

'အားလုံးကိုတော့လည်း ပြောပြနေလို့ မဖြစ်ဘူး၊ ငါ့ရဲ့ ဖေဘီယန်အသင်းအတွက် ချန်ထားဦးမှဖြစ်မှာ' ဟု ဒေးဗစ်က ပြောပြီး ရယ်သည်။

'အဲ .... ဟိုခေတ်တွေနဲ့စာရင်တော့ ဒီနေ့ ဒီအချိန်မှာ အလုပ်ခွင်အခြေအနေဟာ အများကြီး တိုးတက်လာပြီလို့ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကောင်းလာပြီလားလို့ မေးရင်တော့ လုံးဝမကောင်းသေးဘူးလို့ ဖြေရမှာပဲ'

'အခုအချိန်ထိ အလုပ်ခွင် အခြေအနေဟာ ဆိုးဝါးတုန်းပဲ ဂျိုး၊ ပေးထားတဲ့ လုပ်ခကလည်း အလွန်ကိုနည်းတာ၊ ထိခိုက်ဒဏ်ရာရမှုနဲ့ သေကြေပျက်စီးမှုနှုန်းတွေကလည်း ပိုပြီး များလာတယ်၊ အလုပ်ခွင်လုံခြုံမှုဆိုတာ လုံးဝ လုပ်မပေးကြဘူး၊ ဟိုတစ်နေ့က ဓာတ်ရထားပေါ်မှာ လူတစ်ယောက်က သတင်းစာဖတ်လာတယ်၊ သူ့ဘေးမှာထိုင်နေတဲ့ သူ့မိတ်ဆွေက 'ဒီနေ့ ဘာသတင်းထူးများပါသေးလဲ' လို့ မေးတော့၊ အဲဒီလူက 'ဟာဗျာ .... ထုံးစံအတိုင်းပေါ့၊ ကျောက်မီးသွေးတွင်းမှာ အလုပ်သမားတွေ ထိခိုက်ဒဏ်ရာရတဲ့ သတင်းကလွဲလို့ တခြားဘာမှမပါပါဘူး' လို့ ဖြေလိုက်သံ ကြားခဲ့ရတယ်၊ ငါက သတင်းစာကို သူ့ပခုံးပေါ်က ကျော်ပြီး ဖတ်လိုက်တော့ နော့တင်ဟမ်မှာ ကျောက်မီးသွေးတွင်းတစ်တွင်း ပေါက်ကွဲမှုဖြစ်လို့ အလုပ်သမား ဆယ့်ငါးယောက် သေတယ်လို့ ဖတ်လိုက်ရတယ်'

စကားဝိုင်းသည် ခေတ္တမျှ ရပ်နားသွားသည်။ ဂျင်နီ၏ မျက်လုံးအစုံတွင် ကရုဏာမကင်းသော အရိပ်အငွေ့များ ယှက်သန်းနေသည်။ ဂျင်နီသည် အရက်သုံးခွက်မျှ ဝင်သွားပြီဖြစ်၍ သူ၏ စိတ်အာရုံခံစားမှုသည် တုံ့ပြန်မှု မြန်ဆန်နေသည်။ ဂျိုးက တိတ်ဆိတ်မှုကို ဖြိုခွင်းသည်။

'မင်းက ငါ့ထက် အများကြီးသာနေပြီ သူငယ်ချင်း၊ မင်းဟာ ငါ့ရှေ့က ရောက်သွားပြီ၊ ငါက သံမဏိကို အရည်ကျိုနေချိန်မှာ မင်းက လွှတ်တော်ထဲ ရောက်နေတော့မှာပဲ' ဟု တည်ငြိမ်သော မျက်နှာထားဖြင့် ပြောသည်။

ဂျင်နီ၏ စိတ်ဝင်စားမှုသည် ပို၍ ကြီးမားလာသည်။ သူ့စိတ်အာရုံသည် ဒေးဗစ်အပေါ်သာ ကျက်စားနေသည်။ စောစောကတည်းက ဒေးဗစ်ကို ကြည့်လိုက်တိုင်း ရှက်စနိုးဖြစ်နေသော ဂျင်နီ၏ မျက်နှာထားသည် တိုး၍ တိုး၍ ရှက်ရွံ့ဟန်ပြလာနေသည်။ ဒေးဗစ်အား ဂျိုးနှင့် နှိုင်းယှဉ်ကြည့်မိသည်။ ဒေးဗစ်သည် တစ်မျိုးစွဲမက်စရာပင် ဖြစ်သည်။ သူ့လေးတွင် ကြိုးနှစ်ချောင်းတပ်ရမည့်ကိစ္စသည် အလွန့်အလွန် စိတ်ဝင်စားဖွယ် ကောင်းနေပြီ ဖြစ်၏။

သူတို့သည် ပေါ့ပေါ့ပါးပါး အကြောင်းအရာများကို ဆက်ပြောနေကြသည်။ ရယ်လိုက်ကြ၊ ပြုံးလိုက်ကြ၊ ငြင်းလိုက်ကြနှင့် ညဆယ်နာရီ ထိုးသွားသည်။ ဒေးဗစ်က အချိန်ကို ပထမဦးဆုံး သတိထားမိသည်။

'ဟာ .... အချိန်တောင် အတော်ကုန်သွားပြီ၊ ငါ့မှာ လုပ်စရာ ရှိနေသေးတယ်'



'နေပါဦး ဒေးဗစ်ရယ်' ဟု ဂျင်နီက တားသည်။

'အစောကြီး ရှိပါသေးတယ်'

'ကျွန်တော် မပြန်ချင်သေးပါဘူး၊ ဒါပေမဲ့ ပြန်မှဖြစ်မယ်၊ တနင်္လာနေ့ ကျရင် သမိုင်းဘာသာ လပတ်စာမေးပွဲ ရှိနေတယ်'

'ကဲလေ .... ကောင်းပြီ၊ ဒီနေ့တော့ ပြန်ချင်ရင် ပြန်ပေါ့' ဟု ဂျိုးက ဝင်ပြောသည်။

'ငါတို့ အင်္ဂါနေ့ကျရင် ပြန်ဆုံကြမယ်၊ အဲဒီနေ့ကျရင်တော့ မင်း အခုလို စောစောစီးစီး လစ်မသွားရဘူး'

သူတို့သည် လူစုခွဲလိုက်ကြသည်။ ဂျိုးက ကုန်ကျစရိတ်အတွက် ငါးပေါင်တန် ငွေစက္ကူတစ်ရွက်ထုတ်၍ ရှင်းသည်။ ဂျင်နီက ရေချိုးခန်းဝင်ကာ အလှပြန်ပြင်နေသည်။ ဒေးဗစ်နှင့် ဂျိုးသည် ဂျင်နီ ထွက်အလာကို ဆိုင်အပြင်ဘက်မှ ရပ်စောင့်နေကြသည်။

'အမျိုးသမီးက သိပ်မဆိုးဘူး ဒေးဗစ်ရ' ဟု ဂျိုးက ပြောသည်။

'မဆိုးပါဘူး၊ မင်းရွေးထားတဲ့ပုံက ချီးမွမ်းလောက်ပါတယ်'

'ငါ ရွေးထားတာ ဟုတ်လား' ဟု ဂျိုးက ရေရွတ်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်သည်။

'မင်း အထင်မှားနေပြီ သူငယ်ချင်း၊ တို့နှစ်ယောက်က သူငယ်ချင်းအဆင့်ပဲ ရှိပါသေးတယ် ငါ့လူရာ၊ ငါနဲ့ ဂျင်နီကြားမှာ ဘာမှ မဖြစ်သေးပါဘူး'

'ဟုတ်ရဲ့လားကွာ' ဟု ဒေးဗစ်က အလွန်စိတ်ဝင်စားဟန်ဖြင့် မေးသည်။

'တကယ်ပြောတာပါကွာ၊ ဘာမှ မဖြစ်ကြသေးပါဘူး' ဟု ပြောကာ ဂျိုးက ဆင်၍ ရယ်နေပြန်သည်။

ဂျင်နီ ထွက်လာသည့်အခါ သူတို့သုံးယောက်သည် ရင်ပေါင်တန်း၍ လျှောက်လာကြသည်။ ကောလင်းဝုဒ်လမ်းထောင့်သို့ ရောက်သောအခါ ဒေးဗစ်သည် သူတို့နှင့်ခွဲ၍ ဝက်စ်ဂိတ် လမ်းမကြီးအတိုင်း လျှောက်သွားသည်။ လူချင်း ခွဲကြမီ ....

'မင်း မမေ့နဲ့နော် ဒေးဗစ်' ဟု ဂျိုးက သတိပေးသည်။

'အင်္ဂါနေ့ညကျရင် တို့ ပြန်ဆုံကြမယ်'

သူတို့သည် လက်ဆွဲနှုတ်ဆက်ကြသည်။ ဂျင်နီ၏ လက်ချောင်းများသည် ဒေးဗစ်၏ ဖျစ်ညှစ်ဆုပ်ကိုင်မှု၏ အနက်အဓိပ္ပာယ်ကို သိသလိုလို ခံစားရသည်။ ဒေးဗစ်သည် စုတ်ပြတ်နုံချာလှသော သူ့အခန်းသို့ ပြန်ရောက်သည့်အခါ မစ်နက်

၏ "ဟာစ်စတိုရီ ဒီ လာ ရီဗော်လူးရှင်းဖရန့်တ်" ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူ့ဆေးတံကို မီးညှိ၍ ဖွာရှူနေသည်။

ဒေးဗစ်သည် ဂျိုး၏အကြောင်းကို တွေးနေမိ၏။ သို့သော်လည်း သူ ကိုင်ထားသည့် မစ်နက်၏ သမိုင်းစာအုပ် စာမျက်နှာများပေါ်၌ ကခုန်ပျံဝဲနေသည်မှာ ဂျိုး၏မျက်နှာ မဟုတ်။ ရွှင်ပြုံးနေသော ဂျင်နီ၏ မျက်နှာသာလျှင် ဖြစ်လေသည်။

* * * * *

## (၁၄)

အင်္ဂါနေ့ ညနေခင်းတွင် ဒေးဗစ်သည် စကော့ဂုဒ်လမ်းရှိ အမှတ် ၁၁၇–အေ နေအိမ်သို့ ရောက်လာသည်။ သူသည် အင်္ဂါနေ့ညကို တမျှော်မျှော် ဖြစ်ခဲ့ရသည်။ သို့သော်လည်း ယခု ရောက်လာသည့်အခါ ဂျိုးတစ်ယောက် မီလင်တန်စက်ရုံ၌ အချိန်ပိုအလုပ်ဆင်းနေရသည်ဟု သိရ၏။ သူသည် များစွာ စိတ်မကောင်းဖြစ်သွားသည်။ သို့သော်လည်း မတတ်နိုင်။ ဒေးဗစ်အနေဖြင့် သူ့စိတ်သူ အေးချမ်းသွားအောင် ကြိုးစား၍ ဖြေဖျောက်ရလေသည်။

သူသည် မမျှော်လင့်ဘဲနှင့် တွေ့လာရသည့် ဆန်းလေး မိသားစုနှင့် တရင်းတနှီး ပြောဆိုဆက်ဆံကာ အလိုက်သင့်ပင်နေသည်။ ဂျင်နီက ပြောပြထားသဖြင့် သူတို့မိသားစုသည် ဒေးဗစ်အကြောင်းကို သိနေကြပြီ။ သို့သော်လည်း သူတို့သည် ကောလိပ်ကျောင်းသားတစ်ဦးနှင့် ဆက်ဆံရမည်ကို နောက်တွန့်နေကြသည်။ ဒေးဗစ်အား မာန်မာနတစ်ခွဲသားနှင့် နေလိမ့်မည်ဟု ယူဆမိကြ၍ ဖြစ်သည်။

လက်တွေ့ စကားစပြီး ပြောကြသည့်အခါ ဒေးဗစ်၏ ခင်စရာကောင်းသည့် အပြုအမူများကို တွေ့လာကြသည်။ သူတို့သည် ချက်ချင်းပင် ဒေးဗစ်အား တရင်းတနှီး ဆက်ဆံလာကြသည်။ မကြာခင်မှာပင် စားပွဲပေါ်သို့ ညစာရောက်လာသည်။ ညစာကို စုစုဝေးဝေး စားကြသောက်ကြသည်။

ဒေးဗစ်၏ မျက်လုံးများသည် ဂျင်နီထံမှ မခွာနိုင်။ သူ တိုင်နီကပ်ဆဲလ်မြို့၌ နေထိုင်ခဲ့ရသည့် နှစ်များအတွင်း မိန်းမတစ်ယောက်နှင့် စကားပြောဆိုခွင့်မရခဲ့။ စလီစကေး၌ နေခဲ့စဉ်ကလည်း ထိုအတိုင်းပင် ဖြစ်၏။ အခုလို အပြင်ထွက်၍ လည်ရပတ်ရသည်ဟုလည်း အခါအခွင့်မကြုံခဲ့။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက သူ့ဘဝတွင် ဂျင်နီသည် ပထမဆုံး ခင်မင်ရင်းနှီးခွင့်ရခဲ့သည့် မိန်းကလေး



ဖြစ်၏။ ပထမဆုံး သူ့ရင်ထဲမှ မရိုးမသားစိတ်ဖြင့် တစ်မျိုးတစ်မည် ခံစားခဲ့ရသော မိန်းကလေး ဖြစ်လေသည်။

ဖွင့်ထားသည့် ပြတင်းပေါက်မှ ပူနွေးသောလေသည် အခန်းတွင်းသို့ တိုးဝင်လာလျက်ရှိသည်။ သူသည် ကုလားထိုင်ပေါ်၌ ငြိမ်ငြိမ်ဆိတ်ဆိတ်ထိုင်ကာ ဂျင်နီကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။ သူသည် ဂျင်နီ၏အပြုံးကိုသာ မျှော်လင့်စောင့်စားနေသည်။ သူ့အဖို့ ဂျင်နီ၏အပြုံးသည် မြတ်နိုးစရာအကောင်းဆုံး ဖြစ်နေသည်။ ဂျင်နီ၏အပြုံးသည် ပန်းကလေးတစ်ပွင့် ဖူးပွင့်လာသည်နှင့် တူသည်ဟုပင် ထင်မိ၏။ ဂျင်နီက လက်ဖက်ရည်ပန်းကန် လှမ်းပေး၍ ယူလိုက်သည့်အခါ လက်ချင်းထိမိ၏။ သူ့အဖို့ ထိုအထိအတွေ့ကလေးသည် သူ့ခန္ဓာကိုယ်တွင်းသို့ပင် စိမ့်ဝင်ပျံ့နှံ့သွားသည်ဟု ထင်မိလေသည်။

ဂျင်နီသည် သူ လုပ်ကိုင်ပြုမူနေသမျှ အားလုံး၏ အကျိုးသက်ရောက်မှုများကို ကောင်းစွာ သတိထားမိသည်။ ဤအတွက် စိတ်ထဲကကြိတ်၍ ဝမ်းသာမိသည်။ သွေးနားထင် ရောက်သည်။ တကယ်တမ်းကျတော့ သူသည် ဒေးဗစ်အပေါ်၌ စစ်မှန်သော စွဲလမ်းမှုမျိုး ရှိနေသည် မဟုတ်။ လက်ချင်းထိမိကြစဉ် ဒေးဗစ်တွင် ခံစားရသော်လည်း သူ့တွင် ရင်ဖိုခြင်းပင် မဖြစ်။ အမှန်တော့ သူသည် ဂျိုးနှင့်သာ ချစ်နေကြသည် မဟုတ်ပါလား။

သို့သော်လည်း သူ မနှစ်မြို့သော အရာများသည် ဂျိုးတွင် ရှိနေသည်။ ဂျိုး၏ အပြုအမူ အနေအထိုင်များသည် ရိုင်းစိုင်းကြမ်းတမ်းသည်။ ဂျိုး၏အပေါ်၌ ယုံကြည်မှု နည်းနည်းသွားသည်မှာ ဤအချက်သည် အဓိက။ ဘယ်လိုပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ သူ့အောင်မြင်မှုအတွက် အလွန်အားရကျေနပ်နေသည်။ အခုတလော သူ့အပေါ်၌ ဆက်ဆံမှု ပြောင်းနေသော ဂျိုးအား နာလိုခံခက်ဖြစ်နေစေမည့် အလုပ်တစ်ခုကို သူ လုပ်နိုင်ခွင့်ရတော့မည်။ သို့ဆိုလျှင် ဂျိုးသည် မိမိအပေါ်၌ သွေးအေးသွားတော့မည် မဟုတ်။

ညစာ စားသောက်အပြီးတွင် အဲလ်က အဆိုအတီးနှင့် ဧည့်သည်အား ဧည့်ခံဖို့ အကြံပြုသည်။ သူတို့အားလုံး ဧည့်ခန်းထဲသို့ ရောက်သွားကြသည်။ ဆယ်လီက စန္ဒရားတီး၍ ဂျင်နီက သီချင်းဆိုသည်။ တစ်ခါတစ်ရံတွင် အဲလ်၊ ကလာရီနှင့် ဖီးလစ်တို့ပါ ဝင်ဆိုကြသည်။

'ဆယ်လီက သိပ်တော်တာ' ဟု အဲလ်က ဒေးဗစ်အား လှမ်းပြောသည်။

'သူက ဟာသဘက်မှာလည်း ထူးချွန်တယ်'

'ကဲပါ .... ဆယ်လီရယ်၊ ကိုယ်တိုင် သီချင်းတစ်ပုဒ်ဆိုပြီး တီးပြပါလား' ဟု ကလာရီက တိုက်တွန်းသည်။

ဆယ်လီက ခေါင်းခါသည်။

'ဟင့်အင်း မဆိုချင်ဘူး' ဟု ငြင်းသည်။ ဒေးဗစ်ဘက်သို့ တစ်ချက်မျှ ငုံ့ကြည့်သည်။

'သူက ဂျင်နီရဲ့အသံကိုပဲ နားထောင်ချင်နေတာ၊ ဆယ်လီအသံကို ကြားချင်မှာ မဟုတ်ပါဘူး'

ဂျင်နီက ရယ်သည်။

'ဆယ်လီက သူ့ကို ချော့စေချင်နေတယ်' ဟု ပြောသည်။

'သူက ချော့မော့ပြီး ပြောမှရမှာ'

ဆယ်လီက ဒေါသဖြင့် တုံ့ပြန်သည်။

'ဒါဆိုရင် ရတယ်၊ ဘယ်သူကမှ ချော့စရာ မလိုဘူး၊ ဆယ်လီ အခုဆိုပြမယ်'

ပြောပြောဆိုဆို ဆယ်လီသည် စန္ဒရားအသံစမ်းသည်။ ဆယ်လီသည် အသက်ဆယ့်ငါးနှစ်မျှသာ ရှိသေးသဖြင့် ကလေးစိတ် မကုန်သေး။ အရုပ်ပုပု၊ ဝဝကစ်ကစ်နှင့် ချစ်စရာရုပ် ဖြစ်သည်။ သူသည် စန္ဒရားခလုတ်များကို အချိန်အနည်းငယ်ယူ၍ တို့ခေါက်လျက် ရှိသည်။ ထို့နောက် သီချင်းအဆိုနှင့် အတီး ....။

ဆယ်လီသည် စန္ဒရားလက်စွမ်းကို အစွမ်းကုန်ပြသွားသည်။ သူ အနှစ်သက်ဆုံး သီချင်းသုံးပုဒ်ကို ဆို၍ တီးခတ်သွားခြင်း ဖြစ်၏။ တစ်ခါတစ်ရံတွင် စန္ဒရားတီးနေရင်းက မျက်လုံးထောင့်ကပ်၍ ဒေးဗစ်ကို ကြည့်သည်။ နောက်ဆုံးသီချင်းအပြီးတွင် သူသည် ထိုင်ခုံမှ ဖျတ်ခနဲထရပ်ကာ ထိုင်နေသူများဘက်သို့ ပြုံးကြည့်သည်။

'လက်သံကတော့ စိတ်ပျက်စရာနေမှာပါ' ဟု ပြောသည်။

'ခရမ်းချဉ်သီးမှည့်တွေနဲ့ ဝိုင်းမပေါက်ခင် ဆယ်လီ သွားပါရစေတော့' ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။

ဆယ်လီ၏ ထူးဆန်းသော အပြုအမူအတွက် ဂျင်နီက ဒေးဗစ်အား တောင်းပန်စကား ဆိုသည်။

'သူ့ကိုတော့ ခွင့်လွှတ်ပါ၊ သူက ဒီလိုပဲ မကြာခဏ ထူးဆန်းတဲ့အလုပ်တွေ လုပ်တတ်တယ်၊ ပြီးတော့ စိတ်ကလည်း လက်တစ်ဆစ်ရယ်' ဟု ဂျင်နီက အသံကို တိုးလိုက်ပြီး 'အဲဒါတစ်ခုကတော့ သိပ်ဆိုးတယ်၊ သူက ဂျင်နီကို မနာလိုဖြစ်နေတာ' ဟု ဆက်ပြောသည်။

'ကိစ္စမရှိပါဘူး' ဟု ပြန်ပြောကာ ဒေးဗစ်က ပြုံးနေသည်။

'သူက ကလေးပဲရှိသေးတာ မဟုတ်လား'



'မဟုတ်ဘူး၊ သူ့အသက်က အခုဆို ဆယ့်ခြောက်နှစ်ထဲ ရောက်နေပြီ' ဟု ဂျင်နီက ပြောသည်။

'ဂျင်နီကို သူ့ရှေ့မှာ တစ်ဦးတစ်ယောက်က စိတ်ဝင်စားနေတာတွေ့ရင် သူ မနာလိုဝန်တို ဖြစ်လာရော၊ သူက အဲဒီလို လုပ်လုပ်နေတော့ ဂျင်နီအတွက် အနေရခက်တာပေါ့'

ဂျင်နီ အပြစ်ဆိုနေသည်မှာ အမွေးနံ့အတွက် နှင်းဆီပန်းတစ်ပွင့်ကို အပြစ်ဆိုနေသည်နှင့် တူသည်။ သန့်ရှင်းဖြူစင်မှုအတွက် နှင်းပန်းတစ်ပွင့်ကို အပြစ်တင်နေသည်နှင့်လည်း တူသည်။ မည်သို့ပင်ဖြစ်စေ ထိုညက အိမ်ပြန်သွားသည့်အခါ ဒေးဗစ်၏ရင်ထဲတွင် ဂျင်နီသည် ပို၍ မြတ်နိုးစရာကောင်းသည်ဟူသောအမြင် ဝင်သွားခဲ့လေသည်။ ထိုနေ့မှစ၍ ဒေးဗစ်သည် ညနေတိုင်းလိုလို ဂျင်နီတို့ထံ လာသည်။ ရံဖန်ရံခါတွင်သာ ဂျိုးနှင့် ဆုံမိသည်။ ဂျိုးမှာ အစဉ်အမြဲလိုလို အချိန်ပိုအလုပ် ဆင်းနေရသဖြင့် လူချင်းမတွေ့သည်က များသည်။ ရောက်လာဖန်များသည့်အခါ တစ်ခါတစ်ရံတွင် ဒေးဗစ်က ဂျင်နီအား အပြင်သို့ခေါ်သွားလေ့ရှိ၏။ သူတို့သည် မကြာခဏဆိုသလို နှစ်ယောက်တည်းတွဲ၍ နေရာအနှံ့သို့ သွားလေ့ရှိကြသည်။ သူတို့သွားသည့် ခရီးများသည် ဂျင်နီအတွက်တော့ အလွန်ထူးဆန်းလျက် ရှိလေသည်။

အက်စ်တွန်တောင်ကုန်းများ၊ လစ်ဒဲလ်ရပ်၊ အက်စ်မွန်ဒင်း စသည့်နေရာများသည် သူတို့နှစ်ယောက် အညောင်းအညာပြေ လျှောက်သွားလေ့ရှိသည့်နေရာများ ဖြစ်လာသည်။ ယခင်က ဂျိုးနှင့်သွားသည့်အခါများတွင် တခမ်းတနားရှိသည့် နေရာများကိုသာ ရောက်လေ့ရှိသော ဂျင်နီသည် ယခု ဒေးဗစ် ခေါ်သွားသည့် နေရာများအပေါ် ဘဝင်မကျ ဖြစ်နေမိသည်။ အမှန်တော့လည်း ဂျိုးသည် လက်ထဲတွင် သုံးဖြုန်းစရာငွေရှိသူ ဖြစ်၏။ ထို့ကြောင့်လည်း သူ့အား အထက်တန်းကျကျ ဆိုင်များသို့ ခေါ်သွားခြင်း၊ ဝိုင်အရက်တိုက်ခြင်း၊ ရုပ်ရှင်ပြခြင်း စသည်များကို လုပ်နိုင်ခြင်း ဖြစ်သည်။

ဒေးဗစ်မှာမူ သူ့အတွက် ငွေကုန်ကြေးကျ များများခံနိုင်သည် မဟုတ်။ သူ့တွင်ရှိနေသည့် ငွေစအနည်းငယ်ဖြင့် အပြင်သို့ခေါ်ရခြင်းဖြစ်၍ အရင်က သူ ရောက်ခဲ့သည့်နေရာများကို မရောက်တော့။ ဒေးဗစ် သဘောကောင်းသည်ကိုကား ဂျင်နီက သိသည်။ သူ့အနေဖြင့် ဒေးဗစ်အား ခင်လည်း ခင်ပါ၏။ သို့သော်လည်း တစ်ခါတစ်ရံကျတော့ ဒေးဗစ်အား လူထူးလူဆန်း တစ်ယောက်ဟု မထင်မိဘဲ မနေနိုင်။

တစ်ရက်သော မွန်းလွဲပိုင်းတွင် သူတို့သည် အက်စ်မွန်ဒင်းသို့ သွားကြ

သည်။ အမှန်တော့ ဂျင်နီသည် အက်စ်မွန်သို့ သွားချင်စိတ်မရှိ။ သာမန် အောက်တန်းစားများ လာရာအရပ်ဟု ယူဆထားသူ ဖြစ်သည်။ အနိမ့်ကျဆုံးသောလူများသည် ဤနေရာရှိ မြက်ခင်းများပေါ်၌လှဲကာ စက္ကူအိတ်များနှင့် ထည့်ယူလာသည့် အစာများကို စားကြ သောက်ကြသည်။ အချို့သော အောက်တန်းစား မိန်းကလေးများသည် သူတို့အဖော် ယောကျ်ားလေးများနှင့်အတူ တနင်္ဂနွေနေ့တိုင်း ဤနေရာသို့ လာလေ့ရှိကြသည်။ ဤလိုနေရာမျိုးကို အထင်မကြီးသော ဂျင်နီသည် ဤနေရာသို့ လိုက်ချင်စိတ်မရှိ။ သို့သော်လည်း ဒေးဗစ်က သူ့အား လိုက်စေချင်သော ဆန္ဒ ပြင်းပြနေသည်ကို ရိပ်စားမိသဖြင့် လိုက်လာခဲ့လေသည်။

ဒေးဗစ်သည် ဂျင်နီအား ပျံလွှားငှက်သိုက်များ ပြလိုသဖြင့် တစ်ပတ်ကြီး လှည့်ခေါ်သွားသည်။

'ငှက်သိုက်တွေကို ဂျင်နီ မြင်ဖူးသလား' ဂျင်နီက ခေါင်းခါသည်။

'ကျွန်တော် ဒီနေရာကို တစ်ခေါက် ရောက်ဖူးခဲ့တယ်၊ အဲဒီတုန်းက ကျွန်တော် ကလေးပဲရှိသေးတယ်၊ အသက်က ငါးနှစ်သားပေါ့၊ ချစ်စရာသိပ်ကောင်းတဲ့ နေရာကလေးပါ ဂျင်နီ၊ ကျွန်တော် ဒီနေရာကို အပတ်တိုင်းလာပြီး လမ်းလျှောက်တယ်၊ တစ်ခါတလေကျရင် မှောင်မိုက်ပြီး စိတ်ညှိုးငယ်စရာကောင်းပေမယ့် တစ်ခါတလေကျတော့ နေသာလွန်းလို့ စိတ်ကြည်လင် လန်းဆန်းရတယ်၊ ကြည့်ပါဦး.... ဒီမှာ မြင်လား၊ ပျံလွှားသိုက်ကလေးတွေ ....'

ဂျင်နီက ဂရုတစိုက် ငုံ့ကြည့်သည်။ နံရံ၌ကပ်ထားသည့် ရွှံ့တုံးများကိုသာ မြင်ရသည်။ စိတ်ထဲက မကျေမနပ်နှင့်ပင် ဒေးဗစ်နောက်သို့ ဆက်လိုက်လာခဲ့သည်။ နောက်ဆုံးတွင် ရေတံခွန်ရှိရာသို့ ရောက်သွားကြသည်။ နှစ်ယောက်သား ကျောက်တုံးတံတားပေါ်၌ရပ်ကာ ပတ်ဝန်းကျင်ကို ကြည့်မိကြသည်။

'ဟောဟို သစ်ပင်တွေကို ကြည့်ပါဦး ဂျင်နီ' ဟု ဒေးဗစ်က ရွှင်ပြုံးတက်ကြွသော လေသံဖြင့် ပြောသည်။

'မိုးကောင်းကင်ကို မော့ကြည့်နေသလို ဖြစ်မနေဘူးလား၊ ဟိုကျောက်တုံးတွေပေါ်မှာ ကပ်နေတဲ့ ရေညှိတွေကိုရော မြင်တယ် မဟုတ်လား၊ ပြီးတော့ ဒီဘက်မှာရှိတဲ့ စက်ရုံ၊ စုပေါင်းပြီးကြည့်လိုက်ရင် မြင်ရတဲ့ ရှုခင်းက အံ့သြစရာမကောင်းဘူးလားဟင်'

ဂျင်နီက ဒေးဗစ် ပြရာများကို ကြည့်သည်၊ ပျက်စီးယိုယွင်းနေသော အိမ်ဟောင်းကြီးတစ်လုံး၊ အုပ်ကြွတ်အမိုး နီရဲရဲများ၊ စက်ရုံထဲမှ သစ်သားဘီးကြီး တစ်ခု၊ အားလုံးကို အိုင်ဗီယန်နွယ်များက ဖုံးလွှမ်းထားသည်။ သူ မြင်နေရသည့် ရှုခင်းတွင် အိုမင်းဟောင်းနွမ်းမှုများကိုသာ မြင်နေရသည်။ စိတ်ဝင်စားစရာ အထူး အဆန်းဟူ၍ ဘာတစ်ခုမှ မမြင်ရ။



ဂျင်နီသည် စိတ်တိုလာသည်။ သူသည် ဒေးဗစ်၏အလိုကိုလိုက်ကာ ခရီးအဝေးကြီး လမ်းလျှောက်လာခဲ့ရ၏။ မကြာသေးခင်ကမှ ကိုးသျှီလင်ပေး၍ ဝယ်လာခဲ့သော ဒေါက်ဖိနပ်အသစ်ကို စီးလာမိသဖြင့် သူ့ခြေထောက်တွေ ပေါက်နေပြီ၊ တကယ်တမ်းကျတော့ သူသည် အထူးအဆန်းဟူ၍ ဘာတစ်ခုမှ မမြင်ရသေး။ မြက်ခင်းတွေ၊ သစ်ပင်တွေ၊ ပန်းတွေနှင့် မိုးကောင်းကင်မှတစ်ပါး ကြည့်စရာ ဘာမှမရှိ။

ဤပတ်ဝန်းကျင်တွင် ရေသံ လေသံနှင့် ငှက်သံများမှတစ်ပါး အခြားဘာသံကိုမှလည်း မကြားရ။ ဤတစ်ဝိုက်တွင် သူ စားခဲ့ရသည်များမှာလည်း ကြက်ဥ၊ ပေါင်မုန့်၊ အသားညှပ်ပေါင်မုန့်နှင့် ငှက်ပျောသီးနှစ်လုံး။ သူ ကြိုက်တာဟူ၍ ဘာမှမရှိ။ သူသည် ခေါင်းရှုတ်လာသည်။ ဒေးဗစ်ကို စိတ်ဆိုးသည်။ ပြီးတော့ ဂျိုး၊ သူ့ဘဝနှင့် သူ့ဒေါက်ဖိနပ် ....။ အားလုံးကို စိတ်ဆိုးသည်။ သူ့အနေဖြင့် လက်ဖက်ရည်တစ်ခွက် သောက်ချင်သည်။ ဝိုင်တစ်ခွက်လောက် မော့ချင်သည်။

ဤတံတားပေါ်၌လာ၍ ရပ်နေခြင်းသည် ဘာများ အဓိပ္ပာယ်ရှိပါမည်နည်း။ သူသည် နှုတ်ခမ်းများကို တအားကိုက်ထားသည်။ ရင်ထဲမှ ဒေါသလှိုင်းသည် ပြင်းထန်စွာ လှုပ်ရှားလာသည်။ ဒေါသတကြီးနှင့် တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း ထိုတစ်ဒင်္ဂမှာပင် ဒေးဗစ်၏မျက်နှာကို သူ မြင်လိုက်ရသည့်အခါ စိတ်ထဲတွင် ခံစားမှုတစ်မျိုး ဝင်လာသည်။

ဒေးဗစ်၏မျက်နှာသည် ရွှင်လန်းချမ်းမြေ့နေသည်။ သာယာကြည်လင်နေသည်။ လန်းဆန်းတက်ကြွနေသည်။ ပထမတော့ သူသည် အံ့အားသင့်နေသည်။ ထို့နောက်တော့ ရယ်ချင်စိတ်ကို တားမနိုင် ဆီးမရ ဖြစ်လာသဖြင့် ခွက်ထိုးခွက်လန် ရယ်လိုက်မိသည်။ ဘာမသိ ညာမသိနှင့် ဒေးဗစ်ကပါ လိုက်၍ရယ်သည်။

'ဘာဖြစ်တာလဲ ဂျင်နီ' ဟု ဒေးဗစ်က မေးသည်။

'ရယ်စရာ ဘာတွေ့လို့လဲ'

'ဂျင်နီလည်း မသိဘူး' ဟု ပြောကာ နောက်တစ်ခါ ထပ်၍ရယ်ပြန်သည်။

'တကယ်ပါ ဂျင်နီလည်း မသိဘူး၊ ဂျင်နီ ရယ်ချင်စိတ်ပေါ်လာတာနဲ့ ရယ်မိတာပဲ'

ဂျင်နီသည် သူ့ကိုယ်သူထိန်း၍ အရယ်ကို ရပ်လိုက်သည်။ အခုကျတော့လည်း သူသည် ဒေးဗစ်အပေါ် အလွန်ခင်မင်သွားမိပြန်သည်။ ဒေးဗစ်က သူ့လက်ကိုဆွဲ၍ တောင်ကုန်းပေါ်သို့ တက်သွားနေသည်ကို လိုက်လျောသည်။ သို့သော်လည်း နောက်ထပ်ခရီးဆက်ဖို့ကိုတော့ ငြင်းသည်။ သူ ပင်ပန်းနေပြီဟု

အကြောင်းပြသည်။ အိမ်ရောက်လျှင် သနားယူချင်သဖြင့် အိမ်အထိ လိုက်မပို့ ဒါနှင့်ဟုပြောကာ လူချင်းခွဲခဲ့လေသည်။

သူသည် စကော့ဝု့ဒ်လမ်းမကြီးအတိုင်း လျှောက်ခဲ့သည်။ လမ်းပေါ်တွင် လူအများ သွားလာလှုပ်ရှားနေပြီဖြစ်၍ အသက်ဝင်နေပြီ။ ယနေ့သည် စနေနေ့ ဖြစ်သည်။ အချိန်မှာ ခြောက်နာရီခန့် ရှိနေပြီ။ ဤအချိန်တွင် လူအများသည် စိတ်သာယာပျော်ရွှင်မှု ရှာဖွေကြရန် အပြင်သို့ ထွက်လာကြခြင်း ဖြစ်၏။ ဤအချိန်သည် ဂျင်နီ သဘောအကျဆုံးအချိန် ဖြစ်သည်။ အများအားဖြင့် ဤအချိန်သည် သူနှင့် ဂျိုးတို့ အပြင်သို့ထွက်လေ့ရှိသည့်အချိန် ဖြစ်ခဲ့သည် မဟုတ်ပါလား။

သူသည် အိမ်ထဲသို့ အသံမကြားအောင် တိတ်တိတ်ဆိတ်ဆိတ် ဝင်လာခဲ့သည်။ အိမ်ထဲရောက်သည့်အခါ ထစ်၍ ခုန်မိတော့မလောက် ဝမ်းသာသွားသည်။ တခြားကြောင့် မဟုတ်။ အပြင်သို့ထွက်ရန် အခန်းထဲမှ ထွက်လာသည့် ဂျိုးနှင့် ဆုံမိနေ၍ ဖြစ်သည်။

'ဟယ်လို ဂျိုး' ဟု ဂျင်နီက နှုတ်ဆက်သည်။ တစ်ပတ်ကြာမျှ ဂျိုးအား သူ အဆက်ဖြတ်ထားခဲ့သည်ကို မေ့သွားပြီ ဖြစ်၏။

ဂျိုးကတော့ သူ့ကို စောင်းငဲ့၍ပင် မကြည့်ဘဲ ....

'ဟယ် .... လို' ဟု ရေရွတ်သည်။

'ဒီနေ့တော့ တကယ့် ပွဲကောင်းနဲ့ ကြုံခဲ့ရတယ် ဂျိုးရဲ့' ဟု ဂျင်နီက ပြောသည်။

'သေချင်စော်ကို နံသွားတာပဲ၊ တခြားမဟုတ်ဘူး ဂျိုးရေ၊ ဂျင်နီလေ ပုံလွှား ငှက်တွေ ကြည့်ခဲ့ရတယ်'

ဂျိုးက သူ့ရှေ့မှ ပိတ်ရပ်နေသော ဂျင်နီအား သံသယမကင်းသော မျက်နှာထားဖြင့် ကြည့်သည်။ ဂျင်နီကလည်း ရှေ့သို့ တိုးလာသည်။ သူ့အကြည့်၊ သူ့ မျက်နှာထား၊ သူ့ကိုယ်ခန္ဓာကိုယ်တို့ဖြင့် သူ့အား အသိအမှတ်ပြုဖို့ တောင်းခံ လျက်ရှိသည်။

'ဒီည ဂျင်နီနဲ့ ဂျိုး အပြင်မထွက်တော့ဘူးလား' ဟု ဂျင်နီက မေးသည်။

'ဒီနေ့တစ်နေ့ခင်းလုံး ဂျင်နီ စိတ်ရှုပ် စိတ်ညစ် ဖြစ်လာခဲ့ရတယ်၊ ဂျိုးကို ဂျင်နီ သိပ်ပြီး သတိရတာပဲ၊ ဂျိုးနဲ့ သွားရလာရတာက သိပ်ပြီး ပျော်စရာကောင်း တယ် မဟုတ်လား၊ အခုဆိုရင် ဂျင်နီမှာ အဆင်သင့် အဝတ်လဲပြီးနေပြီ'

'ဘာ ....'

ဂျင်နီက ဂျိုးထံကပ်လာပြီး ကုတ်အင်္ကျီကြယ်သီးကို ကိုင်၍ ဆော့ကစား နေသည်။ သူ့ပုံပန်းသည် ကလေးတစ်ယောက်သဖွယ် ကန့်ကလျ ရှိလွန်းလှ၏



'ဂျင်နီလေ လွတ်လွတ်လပ်လပ် နေချင်တာပဲ ဂျိုးရယ်၊ ဂျင်နီတို့ ပါဆီ ဂရစ်လ်ဆိုင်ကို သွားကြရအောင်လား၊ ပြီးတော့လေ ဟို ....ဟို ဂျိုးနဲ့ ဂျင်နီတို့ လွတ်လွတ်လပ်လပ် နေကြရအောင်လေ၊ ဂျင်နီ အခုပြောတာကို ဂျိုး သိတယ် မဟုတ်လား ....ဟင်'

ဂျိုးက ခပ်ရိုင်းရိုင်း အမူအရာဖြင့် ခေါင်းယမ်းသည်။

'မသွားနိုင်ဘူး' ဟု ပြောသည်။

'ငါ့မှာ အလုပ်ကလည်း ရှုပ်နေတယ်၊ သောကတွေလည်း ရှိနေတယ်၊ ကိုယ်ရောစိတ်ပါ မအားဘူး'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဂျိုးသည် ဂျင်နီရှေ့မှဖြတ်ကာ တံခါးကို ဖွင့်၍ အပြင်သို့ထွက်သွားသည်။ ဂျင်နီသည် နံရံကို ကျောနှင့်မှီ၍ရပ်ကာ ကျန်ရစ် ခဲ့သည်။ သူ့ပါးစပ်သည် ဟလျက်၊ သူ့မျက်လုံးများသည် တံခါးဆီသို့ ငေးမော လျက် ....။ သူသည် အလွန် အောက်ကျနောက်ကျခံ၍ တောင်းပန်ခဲ့၏။ စောစော ကတည်းက သူသည် ဂျိုးကို တမ်းတခဲ့သည်။ တမ်းတခဲ့သဖြင့်လည်း အခုလို တောင်းပန်ခဲ့မိခြင်း ဖြစ်လေသည်။

သို့သော်လည်း ဂျိုးသည် ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြုမူကာ ငြင်းဆန်ခဲ့ လေသည်။ ဂျင်နီအဖို့ အရှက်သိက္ခာ ကင်းမဲ့ခဲ့ရပြီ။ အထိနာလှပါဘိခြင်း။ သူ့အား ဂုဏ်သိက္ခာကင်းမဲ့အောင် စော်ကားသွားခြင်းပင် ဖြစ်၏။ သူသည် ဒေါသအရှိန် ဖြင့် နှုတ်ခမ်းများကို ပြတ်လုမတတ် ကိုက်ထားသည်။ မျက်နှာသည် သွေးမရှိ တော့သလို ဖြစ်နေသည်။ ဒေါသကြီးလွန်းသဖြင့် သူသည် ရုတ်တရက် နေရာမှ လှုပ်ရှားနိုင်။ ထို့နောက်တွင်မှ သူသည် အားပြန်တင်းကာ ဦးခေါင်းကို မတ်မတ် ဖော့လိုက်ပြီး နောက်ဖေးဘက် အခန်းထဲသို့ ဝင်သွားလေသည်။

သူသည် ခေါင်းမှဦးထုပ်ကိုချွတ်၍ ပစ်ချလိုက်သည်။ လက်အိတ်များကို ချွတ်၍ ဆိုဖာပေါ်သို့ ပစ်တင်လိုက်သည်။ သူသည် လက်ဖက်ရည်တစ်ခွက်ကို ဖျော်နေသည်။ လှုပ်ကုလားထိုင်ပေါ်မှ အဒေါ်သည် သူ ဖတ်နေသည် မဂ္ဂဇင်းကို ချလိုက်ပြီး ဂျင်နီအား မနှစ်မြို့သည့် မျက်နှာထားဖြင့် လှမ်းကြည့်နေသည်။

'နင် ဘယ်လျှောက်သွားနေတာလဲ' ဟု အဒေါ်က အေးစက်စက်လေသံ ဖြင့် မေးသည်။

'အပြင်သွားတယ်'

'ဟင်း ....အပြင်ကို ဒေးဗစ်ဖင်းဝစ်ဆိုတဲ့လူနဲ့ သွားတယ်ဆိုပါတော့ ဟုတ် လား'

'ဟုတ်တယ် ....အဲဒါဘာဖြစ်လဲ၊ ဒေးဗစ်ဖင်းဝစ်နဲ့ သွားတယ်လေ၊ တစ်နေ့

ခင်းလုံး ပျော်လိုက်တာ အလွန်ပဲ၊ ပန်းလှလှတွေနဲ့ ငှက်ကလေးတွေ အများကြီး မြင်ခဲ့ရတယ်၊ သူက သိပ်သဘောကောင်းတယ်၊ တကယ့်ကို သဘောကောင်းတာ'

'ဩော် ....ဟုတ်လား၊ သဘောသိပ်ကောင်းတယ်ပေါ့'ဟု အေဒါက ငေါ့သည်။

'ဟုတ်တယ် ....သိပ်ကို သဘောကောင်းတယ်၊ သူဟာ သမီး တွေ့ခဲ့ဖူးသမျှလူတွေထဲမှာ သဘောအကောင်းဆုံး တစ်ယောက်ပဲ'

စကားအဆုံးတွင် ဂျင်နီက မခန့်လေးစား မျက်နှာပေးဖြင့် သီချင်းတစ်ပုဒ် ညည်းနေသည်။

'နင် ငါရှေ့လာပြီး သီချင်းတညည်းညည်း လုပ်မနေနဲ့၊ နားကြားပြင်းကပ်တယ်၊ ငါ နင့်ကို ပြောလိုက်မယ်၊ နင် လုပ်နေပုံဟာ ကြောက်စရာသိပ်ကောင်းတယ် သိလား၊ နင် ဂျိုးအပေါ် ဆက်ဆံနေပုံဟာ လုံးဝမကောင်းဘူး၊ သူ နင်နဲ့တွဲနေတာ လေးနှစ်တောင် ရှိသွားပြီ၊ နင့်ကို အမြဲတမ်း အပြင်ခေါ်ခေါ်သွားနေတာလည်း ကြာပြီ၊ နင့်စိတ်ကြိုက်ဖြစ်အောင် အကုန်လိုက်လျှောပြီး လုပ်ပေးနေတာ၊ အဲဒါကို သစ္စာမရှိဘူး၊ ဟိုတစ်ယောက်လည်း ရောက်လာရော ....ဂျိုးကို ဖယ်ချလိုက်ပြီး လူသစ်နဲ့ချည်း တွဲထွက်နေတယ်၊ နင် ဂျိုးအပေါ် လုပ်ပုံဟာ လုံးဝ မတရားဘူး'

ဂျင်နီက မခန့်လေးစား အမူအရာဖြင့် လက်ဖက်ရည်ကို တစ်ငုံမျှ သောက်လိုက်သည်။

'သမီး ဂျိုးဂိုလန်နဲ့ ပတ်သက်လို့ ဘာမှ စဉ်းစားနေစရာ မရှိတော့ဘူး၊ လိုလည်း မလိုတော့ဘူး အမေ'

'ဩော် .... ဒီလိုလား၊ အခုကျတော့ ဂျိုးက နင့်အတွက် လူကောင်းတစ်ယောက် မဟုတ်တော့ဘူးပေါ့ ဟုတ်လား၊ ဒီမှာ ငါပြောလိုက်မယ်၊ နင့်အဖေအပေါ်မှာ ငါ ဆက်ဆံခဲ့တာဟာ အခု နင်က ဂျိုးအပေါ်မှာ ဆက်ဆံသလိုမျိုး မဆက်ဆံခဲ့ဘူး၊ နင် ဂျိုးနဲ့ ဆက်ဆံတဲ့ကိစ္စမှာ အဲဒီလိုမျိုးလုပ်နေရင် နင် ဂျိုးကို လက်လွှတ်မှာ သေချာတယ်၊ သူ့ကိုလက်လွှတ်ရင် နင်ရဲ့ ဂျင်နီဆန်းလေးဆိုတဲ့ နာမည်ကိုပါ လက်လွှတ်ရလိမ့်မယ်ဆိုတာ နားလည်ထား'

'သမီး သူ့ကို အများကြီး ဂရုစိုက်ခဲ့တယ်၊ ဒါပေမဲ့ အခုအချိန်ကစပြီး ဂျိုးဂိုလန် ဆိုတဲ့လူကို နောက်ထပ် မျက်လုံးနဲ့တောင် ကြည့်လိမ့်မယ်မထင်နဲ့'

မစ္စက်ဆန်းလေး၏ ဒေါသသည် တစ်ရှိန်ထိုး ပေါက်ကွဲထွက်လာသည်။

'နင် လုပ်ပုံမဟုတ်ဘူး၊ အခု ဂျိုး စိတ်သိပ်ထိခိုက်နေပြီ၊ နင် သိရဲ့လား၊ အခုပဲ သူ ငါ့ကိုပြောသွားတယ်၊ သူ့မျက်လုံးတွေထဲမှာ မျက်ရည်တွေအပြည့်နဲ့၊ နင့်အကြောင်းကို ပြောရင်းနဲ့ မျက်ရည်စို့နေတာ နင် သိရဲ့လား'။



'သူ့ခများမှာ ဘာလုပ်လို့ လုပ်ရမှန်း မသိရှာဘူး၊ အလုပ်ရုံမှာလည်း ပြဿနာက ဖြစ်နေတယ်၊ နင်က သူ့ကို အရှက်ရအောင် လုပ်ထားတာ နင်ဟာ သိပ်ကိုဆိုးတဲ့ မိန်းကလေး၊ အသည်းနှလုံးမရှိတဲ့ မိန်းမ၊ ဒီကိစ္စ နင့်အဖေကို ငါ မပြောလို့မဖြစ်ဘူး ပြောကိုပြောရမယ်'

အေဒါသည် သူ့လက်ထဲမှ မဂ္ဂဇင်းကို သူ့မျက်နှာနှင့် ပြန်အပ်လိုက်ခြင်းအားဖြင့် စကားကို အဆုံးသတ်၍ ဖြတ်ပစ်လိုက်သည်။ သူသည် မိခင်တစ်ယောက်အနေဖြင့် ပြောသင့်သည့် စကားများကို ပြောပြီးသွားပြီ။ သူ လုပ်ရမည့်တာဝန်ကို လုပ်ပြီးသွားပြီ။ ဂျင်နီ မကြိုက်ခြင်းသည် သူနှင့် မဆိုင်။

ဂျင်နီကတော့ လက်ဖက်ရည်ကို ကုန်အောင် သောက်နေသည်။ ယခုအချိန်ထိတော့ သူ့အပြုံးသည် ခပ်တင်းတင်း၊ ခပ်မာမာပင် ဖြစ်သည်။ သူသည် သူ့ဦးထုပ်နှင့် လက်အိတ်များကို ကောက်ယူကာ လှေကားထစ်များကို ဟန်ပါပါနင်း၍ အပေါ်ထပ်သို့ တက်သွားသည်။

သူ့အိပ်ခန်းထဲ ရောက်သည့်အခါ စောစောက အပြုံးသည် ဘယ်ဆီရောက်သွားသည် မသိ။ လုံးဝ ပျောက်ကွယ်သွားသည်။ သူသည် အခန်းထဲ၌ တစ်ယောက်တည်းရပ်ကာ တွေဝေငေးမောလျက်ရှိသည်။ သူ့အဖြစ်သည် ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေသော အပယ်ခံ အကျင့်ပျက်ကလေးမတစ်ယောက်နှင့် တူနေသည်။

သူ့ခေါင်းမှ ဦးထုပ်နှင့် လက်နှစ်ဖက်မှ လက်အိတ်များကို ချွတ်ချလိုက်သည်။ ထို့နောက် သူ့ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။ ထို့နောက် သူ့ထံမှ ကြိတ်၍ ကြိတ်၍ ငိုရှိုက်နေသောအသံများ ထွက်ပေါ်လာသည်။

ထိုအချိန်တွင် တစ်ဂ်မားကက်ဘက်သို့ လျှောက်လာခဲ့သော ဂျိုးသည် သူ့မိတ်ဆွေ ဒစ်ခ်ဂျိုးဘေးနှင့် တွေ့ဆုံကာ သူ၏ အရေးကြီးသော ကိုယ်ရေးကိုယ်တာ ကိစ္စများကို ဝမ်းသာအားရ ပြောပြလျက်ရှိသည်။

'ငါ့စိတ်ကူးက အလုပ်ဖြစ်တယ် သူငယ်ချင်း၊ တကယ့်ကို အလုပ်ဖြစ်တာကွ'

* * * * *

## (၁၅)

နောက်ဆယ်ရက်မျှအကြာ နံနက်စောစောတွင် ဂျိုးသည် စက်ရုံ ရုံးခန်းသို့ ရောက်လာပြီး မစ္စတာစတန်လေနှင့် တွေ့ခွင့်တောင်းသည်။

'ဘယ်လိုလဲ ဂျိုး၊ ဘာကိစ္စရှိလို့လဲ' ဟု စတန်လေမီလင်တန်က သူ့စားပွဲ၌ ထိုင်နေရာမှ ဂျိုးအား မော့ကြည့်ပြီး မေးသည်။

စတန်လေ၏ ရုံးခန်းသည် ကျယ်ဝန်းသည်။ စားပွဲပေါ်တွင် စာရွက်များ၊ စာအုပ်များ၊ စက်ပစ္စည်း နမူနာပုံစံ စာရွက်များနှင့် ပြည့်လျှက်ရှိသည်။ လေးဘက်လေးတန် နံရံများပေါ်တွင်မူ စက်ရုံ အတွင်းအပြင် ဓာတ်ပုံများ၊ အလုပ်ရှင်၊ အလုပ်သမား စုပေါင်းရိုက်ကူးထားသည့် ဓာတ်ပုံများ၊ စက်ရုံ၊ ရုံးအမှုထမ်းများ၏ ဓာတ်ပုံများနှင့် လူမှုရေးကလပ်အသင်း၏ လှုပ်ရှားမှုဓာတ်ပုံများ ချိတ်ဆွဲထားသည်။

'ကျွန်တော် အလုပ်ထွက်တော့မယ်လို့ နို့တစ်ပေးထားပြီးပါပြီ၊ မစ္စတာမီလင်တန်' ဟု ဂျိုးက တရိုတသေ ပြောသည်။

'ကျွန်တော် နှုတ်မဆက်ဘဲ မသွားချင်လို့ လာပြီး နှုတ်ဆက်တာပါ'

'ဟာ .... ဘယ်လိုဖြစ်တာလဲ၊ မင်းက ငါတို့ကို ခွဲသွားတော့မယ် ဆိုပါတော့၊ ဘာပြုလို့လဲ၊ လုပ်ရကိုင်ရတာ မကောင်းလို့လား၊ အခုလို အလုပ်က ထွက်သွားမယ်ဆိုတာကတော့ ဆိုးပါတယ်ကွာ၊ မင်းဟာ တို့စက်ရုံမှာ အားကိုးရတဲ့ လူတစ်ယောက်ပါ၊ ဆိုရှယ်ကလပ်အတွက်လည်း မင်းဟာသိပ်အသုံးဝင်နေတာပဲ၊ ဘာပြဿနာရှိနေလို့လဲ၊ မကျေနပ်တာ ရှိနေလို့လား' ဟု စတန်လေက ပြောသည်။

ဂျိုးက ခေါင်းယမ်းသည်။

'မကျေနပ်တာ မရှိပါဘူးခင်ဗျာ၊ အခုဟာက ကိုယ်ရေးကိုယ်တာ ပြဿနာပါ၊ စက်ရုံနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ကျွန်တော် ဒီမှာ အလုပ်လုပ်ရတာ ကျေနပ်ပါတယ်၊ အခုဟာက ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေးတို့ကြားမှာ ဖြစ်လာတဲ့ ပြဿနာပါ'

'ဩော် .... ဘယ်လိုဖြစ်ကြတာလဲ ဂျိုး' ဟု စတန်လေက ရေရွတ်သည်။

'မင်းဆိုလိုတာက ....' မစ္စတာစတန်လေသည် စကားကိုဖြတ်၍ ရပ်လိုက်သည်။ ချက်ချင်းပင် ဂျင်နီကို သတိရလာသည်။ ယခုအခါတွင် စတန်လေသည်



လော်ရာနှင့် မကြာသေးမီကပင် လက်ထပ်ခဲ့ပြီးပြီ။ မစ္စတာစတန်လေသည် စကားပြောလျှင် ပွင့်လင်းသူ ဖြစ်သည်။

'မင်း ဆိုလိုတာက မိန်းကလေးက မင်းကို အဆက်ဖြတ်လိုက်တယ်လို့ ဆိုချင်တာလား' ဟု မေးသည်။

ဂျိုးက ခေါင်းညိတ်သည်။

'ကျွန်တော် အလုပ်ကမထွက်ရင် မဖြစ်လို့ပါ၊ ဒီမှာဆက်နေလို့လည်း အလကားပါပဲ၊ တစ်ခါတည်း ဒီနေရာက အပြီးအပိုင် ထွက်သွားတာ အကောင်းဆုံးဖြစ်မယ် ထင်လို့ပါ'

စတန်လေသည် ဂျိုးအား မကြည့်ဘဲ သူ့အကြည့်ကို အခြားတစ်ဖက်သို့ လွှဲထားသည်။ တစ်စုံတစ်ရာကို စဉ်းစားနေသည့်ပုံမျိုး ဖြစ်၏။ သူသည် စားပွဲပေါ်မှ ဆေးတံကို ကောက်ကာ ဆေးထည့်ပြီး မီးညှိသည်။

'ငါ စိတ်မကောင်းပါဘူးကွာ' ဟု ပြောသည်။

'မင်းကို လက်လွှတ်ရတာလည်း နှမြောစရာပဲ၊ ငါ မင်းကို အဆင့်တိုးပေးဖို့ စိတ်ကူးထားတာ ကြာပြီ၊ မင်းကို စောင့်ကြည့်ပြီး အကဲခတ်နေတာ၊ အခါအခွင့်သင့်လာရင် မင်းကို ရာထူးတိုးပေးမယ်လို့ စဉ်းစားပြီးပြီ'

'အပိုစကားတွေ လာပြောမနေစမ်းပါနဲ့၊ အဲဒီလို စိတ်ကူးတယ်ဆိုရင် ဘာပြုလို့ လုပ်မပေးတာလဲ' ဟု ဂျိုးက စိတ်ထဲမှ ကြိတ်၍ ပြန်ပြောသည်။ သို့သော်လည်း သူ့နှုတ်ကတော့ ထိုစကား ထွက်မလာ။

'ကျွန်တော့်အပေါ် စေတနာထားလို့ ကျေးဇူးတင်ပါတယ်ခင်ဗျာ' ဟုသာ ပြောသည်။

'အေးကွာ ....' ဟု ဆေးတံကိုဖွာရင်း စတန်လေက ရေရွတ်သည်။

'မင်းလို ရိုးသားပွင့်လင်းတဲ့လူမျိုးနဲ့ အလုပ်လုပ်ရတာ ငါ သိပ်ကြိုက်ပါတယ်၊ ဒီခေတ်မှာ ပညာတတ်တာ မတတ်တာက အရေးမကြီးတော့ဘူး၊ လူက အဓိကပဲ၊ ယဉ်ကျေးတယ်၊ ရိုးသားဖြောင့်မတ်တယ်ဆိုရင် တခြား ဘာမှမလိုတော့ဘူး၊ ငါ့အနေနဲ့ မင်းအတွက် လမ်းဖွင့်ပေးထားချင်ပါသေးတယ်'

မစ္စတာစတန်လေသည် စကားကို ဆက်မပြောဘဲ အချိန်အတန်ကြာမျှ ရပ်နေသည်။

'ဒါပေမဲ့ အခုလောလောဆယ်မှာတော့ ငါ မင်းကို မတားပါဘူး၊ ပေါင်မုန့်ဆိုချင်နေတဲ့လူကို ကျောက်ခဲပေးတယ်ဆိုရင် ဘယ်မှာ တရားပါ့မလဲ၊ အဲဒီတော့ မင်း သွားမယ်လို့ ဆုံးဖြတ်ထားတဲ့အတိုင်း သွားစရာရှိတာ သွားပေါ့၊ ဖြစ်ခဲ့သမျှကို မေ့ပစ်နိုင်အောင် ကြိုးစားပေါ့' ဟု ဆက်ပြောသည်။

သူသည် စကားကို ဆက်မပြောဘဲ ရပ်ထားပြန်သည်။ ဆေးတံကို လက်နှင့် လှည့်ကစားနေရင်းက သူနှင့် လော်ရာတို့ မည်မျှလောက်အထိ ပျော်ရွှင်ချမ်းမြေ့ခဲ့ကြသည်ကို စဉ်းစားနေမိသည်။ သူ့ဘဝသည် ဂျိုး၏အဖြစ်နှင့် များစွာခြားနားလှချေသည်ဟု တွေးမိသောအခါ စိတ်မကောင်း ဖြစ်မိလေသည်။

'ဒါပေမဲ့ကွာ၊ အခု ငါပြောမယ့် စကားကိုတော့ အမြဲသတိရပါ' ဟု ဆက်ပြောသည်။

'ဒီစကားဟာ အတည်ပြောတဲ့ စကားပါ၊ တကယ်လို့ မင်း ဒီကိုပြန်လာချင်တယ်ဆိုရင် အချိန်မရွေး ပြန်လာခဲ့ပါ၊ အလုပ်တစ်ခုက မင်းကို ဆီးကြိုလိမ့်မယ်ဆိုတာ ယုံပါ၊ အလုပ်ကလည်း အလုပ်ကောင်းတစ်ခု ဖြစ်မှာပါ၊ ငါပြောတာ နားလည်တယ် မဟုတ်လား ဂျိုး'

'ဟုတ်ကဲ့ပါ၊ ကျွန်တော် နားလည်ပါတယ် မစ္စတာစတန်လေ'

စတန်လေသည် ထိုင်ရာမှ ထရပ်ကာ သူ့ပါးစပ်မှ ဆေးတံကို ချွတ်လိုက်သည်။ သူ့လက်ကို ဆန့်တန်းပေးကာ လက်ဆွဲနှုတ်ဆက်သည်။

'ဂွတ်ဘိုင် ဂျိုး၊ တို့နှစ်ယောက် ပြန်တွေ့ကြလိမ့်မယ်လို့ ငါ့စိတ်က သိနေပါတယ်' ဟု ပြောသည်။

ဂျိုးသည် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ သူသည် ပလက်လမ်းအတိုင်း လျှောက်လာပြီး ဓာတ်ရထား တက်စီးသည်။ သူသည် စကော့ဝုဒ်လမ်းမသို့ ရောက်သောအခါ နံပါ ၁၁၇–အေ တိုက်ခန်းတွင်းသို့ ဝင်လာခဲ့သည်။ အပေါ်ထပ်ရှိ သူ့အခန်းသို့ တက်သွားပြီး သူ့ပစ္စည်းများကို လက်ဆွဲအိတ်ထဲ ထည့်သည်။ စားပွဲပေါ်၌ တင်ထားသည့် ဂျင်နီ၏ဓာတ်ပုံကို စပ်ဖြဲဖြဲ မျက်နှာပေးဖြင့် ကြည့်နေသည်။ ဤပုံသည် ဂျင်နီက ပေးထားသောပုံ ဖြစ်၏။ သူကိုယ်တိုင်ကလည်း ရခဲ့စဉ်က မှန်ပေါင်တပ်၍ တင်ထားခဲ့ခြင်း ဖြစ်သည်။ သူသည် ဓာတ်ပုံမှန်ပေါင်ကို ဖြုတ်ယူသည်။ မှန်ပေါင်မှာ အကောင်းစားတစ်ခု ဖြစ်၏။ ငွေသားမှန်ပေါင်တစ်ခု ဖြစ်သဖြင့် အဖိုးတန်သည် မဟုတ်ပါလား။

သူသည် အိတ်ကိုဆွဲ၍ အောက်ထပ်သို့ ဆင်းခဲ့သည်။ အိတ်ကို ဧည့်ခန်းထဲ၌ ချထားခဲ့ပြီး အဘွားကြီးအေဒါရှိရာ နောက်ဖေးဘက်မှ အခန်းထဲသို့ ဝင်လာခဲ့သည်။ အေဒါသည် ထုံးစံအတိုင်း လှုပ်ကုလားထိုင်ပေါ်၌ ထိုင်နေသည်။

'ဂွတ်ဘိုင် ....မစ္စက်ဆန်းလေး'

'ဘာ ....ကွယ့်' ဟု ပြောကာ အေဒါသည် ကုလားထိုင်ပေါ်မှ ထလာသည်။

'ကျွန်တော် အလုပ်ပြုတ်သွားပြီ' ဟု ဂျိုးက ပြောသည်။



'ကျွန်တော့်အဖို့ အလုပ်လည်းပြုတ်၊ ဂျင်နီကိုလည်း လက်လွှတ်ဖြစ်သွားရပြီ၊ ဒီမှာ ဆက်မနေချင်တော့ဘူး၊ ဝေးရာကို သွားတော့မလို့'

'မဟုတ်သေးဘူးလေ ဂျိုးရယ်၊ မင်းက သိပ်ပြင်းထန်နေသလား'

'ဟုတ်တယ်၊ ပြင်းထန်တယ်'

'အေး....လေ၊ ငါထင်တဲ့အတိုင်း ဖြစ်လာတာပဲ၊ ငါ အစောကြီးကတည်းက သိတယ်၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ ....၊ ဂျင်နီ လုပ်နေပုံအတိုင်းဆိုရင် ဒီလိုပဲ ဖြစ်လာရမှာပေါ့၊ ငါလည်း သူ့ကို နားလည်အောင် ပြောပြပါတယ်၊ ဒါပေမဲ့ မရဘူး၊ သူ လုပ်ပုံက မင်းအတွက် အများကြီးကို ထိခိုက်ရတာပဲ'

'အများကြီးကို ထိခိုက်ခဲ့ရတာပါ ခင်ဗျာ'

'အေးပေါ့လေ၊ ဒီလိုဖြစ်နေတဲ့ကြားထဲမှာ အလုပ်ပါ ပြုတ်ရပြန်တော့ ပိုပြီးဆိုးကုန်တာပေါ့ ဂျိုးရယ်၊ ငါ စိတ်မကောင်းပါဘူးကွယ်၊ အခု မင်း ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ'

'ကျွန်တော် အလုပ်တစ်ခု ရှာလုပ်ရမှာပေါ့' ဟု ဂျိုးက ဖြေသည်။

'ဒါပေမဲ့ အခုရှာမယ့်အလုပ်က တိုင်နီကပ်ဆဲလ်မြို့နဲ့ ဝေးမှဖြစ်မှာ'

'ဒါပေမဲ့ ဂျိုးရယ် ....မင်းအနေနဲ့ ....'

'မဖြစ်ပါဘူး ခင်ဗျာ၊ ကျွန်တော် ဒီကိစ္စမှာ ဘာမှ မလုပ်တော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားပါပြီ၊ ကျွန်တော့်အဖို့ ဒီလောက် ခံစားရင် တော်လောက်ပါပြီ၊ ကိုယ့်ရဲ့အရင်းနှီးဆုံး သူငယ်ချင်းကတောင် ဒီလိုလုပ်လိုက်တော့ ခံရတာ မသက်သာပါဘူး၊ နောက်ထပ် ဒီထက်ပိုပြီး ခံစားရမယ်ဆိုရင် မဖြစ်တော့ပါဘူး'

အမှန်တော့ ဂျိုးသည် ဒေးဗစ်အား အနိုင်ဖဲတစ်ချပ်အဖြစ် ကိုင်၍ ကစားနေခြင်း ဖြစ်သည်။ ဒေးဗစ်ကတော့ ထိုအချက်ကို သိသည် မဟုတ်။ ဤကိစ္စတွင် ဂျိုးက မိမိအပေါ် အပြစ်ပုံချပြီး ရှောင်ထွက်သွားလိမ့်မည်ဟု လုံးဝ မထင်။ သို့သော်လည်း ဂျိုးကတော့ သူ လုပ်ကိုင်နေပုံနှင့်ပတ်သက်၍ သူ့ကိုယ်သူ အလွန်သိမ္မာပါးနပ်သည်ဟု ယူဆထားသည်ဖြစ်ရာ ဤနိုင်ဖဲကိုပင် ဆက်လက်အသုံးချရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

'ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပါဘူး ခင်ဗျာ' ဟု ဂျိုးက ပြောသည်။

'ဂျင်နီကို ပြောလိုက်ပါ၊ ကျွန်တော်က ခွင့်လွှတ်ပါတယ်လို့ ....၊ ကျန်တဲ့သူတွေကိုလည်း ကျွန်တော်က နှုတ်ဆက်သွားတယ်လို့ ပြောပြလိုက်ပါ၊ ကျွန်တော် စိတ်ထိခိုက်လွန်းလို့ သူတို့နဲ့ မျက်နှာချင်းမဆိုင်ချင်တော့ပါဘူး'

ဂျိုး၏ အပြောအဆိုနှင့် ဟန်အမူအရာများသည် အသက်ဝင်လှသည်။

အေဒါအဖို့တော့ ဂျိုးကို အလွန်သနားနေသည်။ ဂျိုးအတွက် သူက ပိုပြီး စိတ်ထိခိုက်နေသည်မှာ ထင်ရှားလျက်ရှိ၏။ ဓားမြှအကြာတွင် ဂျိုးသည် အခန်းထဲမှ ထွက်သွားသည်။ အကျင့်စာရိတ္တ အလွန်ကောင်းသည့် လူတစ်ယောက်အဖြစ်ဖြင့် ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

ထိုညတွင် ဂျင်နီသည် အိမ်သို့ အလွန်နောက်ကျပြီးမှ ပြန်ရောက်လာသည်။ စလက်တာရီးဆိုင်၏ နွေရာသီလျှော့ဈေး၊ ဈေးရောင်းပွဲရှိနေ၍ ဖြစ်သည်။ သူ ပြန်ရောက်လာချိန်တွင် သူ့မိခင် အေဒါသည် အိမ်ထဲတွင် တစ်ယောက်တည်း၊ ဂျင်နီ ပြန်လာလျှင် ကြိမ်းလိုက် မောင်းလိုက် ဆူလိုက်ပူလိုက် လုပ်ရန် မောင်းတင်ထားသည်၊ သူနှင့် ဂျင်နီတို့ လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင်ရန် ကလာရီနှင့် ဗီးလနွတ့်အား အပြင်သို့ မောင်းထုတ်ထားသည်။ အဲလ်နှင့် ဆယ်လီတို့သားအဖ ထတော့ အင်ပါယာဓာတ်ရုံသို့ သွားကြသည်။

'ငါ နင့်ကို စကားပြောချင်တယ် ဂျင်နီ'

အေဒါ၏အသံသည် တုန်ယင်နေသည်။ ဂျင်နီ၏စိတ်ထဲတွင် ထူးခြားသည်ဟု ထင်မိသည်။ သို့သော်လည်း အလွန်ပင်ပန်းလျက်ရှိသော ဂျင်နီသည် အေဒါ၏စကားအပေါ်တွင် သိပ်ပြီး စိတ်ဝင်စားခြင်း မရှိ။

'အလုပ်က သိပ်ကို စိတ်ပျက်စရာကောင်းတာပဲ၊ ဒီနေ့ဆိုရင် ရပ်လိုက်ရတာ ဆယ်နာရီတိတိ ရှိတယ်၊ ခြေသလုံးတွေလည်းတောင့်၊ ခြေထောက်တွေလည်းနာနဲ့ အရမ်းကို စိတ်ကုန်ဖို့ကောင်းတာပဲ' ဟု ဂျင်နီက ပြောသည်။

အေဒါသည် သူ့သမီး၏ စကားပေါ်တွင် စိတ်မဝင်စား။

'ဂျိုးထွက်သွားပြီ' ဟုသာ ပြန်ပြောသည်။

'ထွက်သွားပြီ'

'အေး .... ဟုတ်တယ်၊ ဒီနံနက်ကပဲ အပြီးထွက်သွားတယ်၊ အားလုံးကောင်းဖို့ပဲပေါ့'

ဂျင်နီသည် သဘောပေါက်သွားသည်။ သူ့မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ တစ်နေရာ၌ ဝင်ထိုင်ကာ ငြိမ်ဆိတ်နေသည်။ သူ့အမေကိုလည်း လှည့်မကြည့်။ သူ့ပုံပန်းသည် တုန်လှုပ်ချောက်ချားနေသည့် လူတစ်ယောက်နှင့် တူနေသည်။ အတန်ကြာမှပင် သူသည် သူ့စိတ်သူ ပြန်တင်းကာ သူ့အမေအား လှည့်ကြည့်သည်။

'လက်ဖက်ရည်တစ်ခွက်လောက် ဖျော်ပေးစမ်းပါ' ဟု ပြောသည်။

'နောက်ထပ် ဘာစကားမှ မပြောပါနဲ့တော့ အမေရယ်၊ အမေ့ပါးစပ်ကို ပိတ်ထားပါ'



အေဒါသည် သက်ပြင်းချသည်။ အပြစ်တင်ရန် စီစဉ်ထားသည့် စကားလုံးများသည် သူ့လျှာပေါ်မှာပင် ပျောက်ပျက်သွားသည်။ သူ့သမီး ဂျင်နီအကြောင်းကို သူသာလျှင် အသိဆုံး ဖြစ်၏။ ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တွင် သူ့သမီး အမိန့်အတိုင်း မလိုက်နာ၍မဖြစ်။ ထို့ကြောင့်ပင် သူသည် ပါးစပ်ကိုပိတ်၍ လက်ဖက်ရည်တစ်ခွက် ဖျော်ပေးလိုက်လေသည်။

ဂျင်နီသည် လက်ဖက်ရည်ကို ဖြည်းဖြည်းချင်း သောက်နေသည်။ သူ့မျက်လုံးများသည် ရှေ့တည့်တည့်ကိုသာ စူးစိုက်နေသည်။ သူ့အတွေးများသည် ဟိုရောက် သည်ရောက် ....၊ လက်ဖက်ရည်သောက်အပြီးတွင် သူသည် သူ့အမေအား လှမ်းကြည့်သည်။

'သမီး ပြောပြမယ် အမေ၊ အမေ သေသေချာချာ နားထောင်ပါ' ဟု ဂျင်နီက ပြောသည်။

'သေသေချာချာတော့ နားထောင်စေချင်တယ်၊ အမေက သမီးကို ဆူဖို့ ငူဖို့ ပြင်ဆင်ထားတာ သမီး သိတယ်၊ အမေ့ပါးစပ်က ဘယ်လိုစကားတွေ ထွက်လာမယ်ဆိုတာလည်း သမီး သိထားတယ်၊ သမီး ဂျိုးအပေါ်မှာ ဘယ်လို လုပ်ခဲ့တယ်ဆိုတာ သမီးဘာသာသမီး သိထားပါတယ်၊ အားလုံးကို သမီး သိထားပါတယ်၊ အားလုံးကို သမီး သိထားပြီးပြီဆိုတာ အမေ ယုံပါ၊ အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ထပ် အမေ ဘာမှမပြောပါနဲ့၊ ဒါဆိုရင် အမေ့မှာ ဝမ်းနည်းစရာအကြောင်း မရှိတော့ဘူး၊ ကဲ .... အမေ သမီး အိပ်တော့မယ်'

ဂျင်နီသည် အံ့အားသင့်ပြီး ကြောင်တက်တက် ဖြစ်နေသော သူ့အမေကို ထားခဲ့ကာ အပေါ်ထပ်သို့ တက်သွားသည်။ သူသည် အဆမတန် ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ အကယ်၍များ အခုလိုအချိန်တွင် ဝိုင်တစ်ခွက်၊ နှစ်ခွက်လောက် သောက်လိုက်ရလျှင် မည်မျှ ကောင်းပါမည်နည်း။ အခုလောလောဆယ် ဝိုင်တစ်ခွက်လောက် သောက်ရမည်ဆိုလျှင် သူ့ဘက်က ဘာပဲ ပြန်ပေးရ၊ ပေးရပေးဖို့အသင့် ဟူသောစိတ်ပင် ဝင်လာခဲ့သည်။ သူသည် ဦးထုပ်၊ ဖိနပ်၊ အကျီသည်များကိုချွတ်၍ ကုလားထိုင်ပေါ် ပစ်တင်သည်။ အချို့ကို ကြမ်းပေါ်သို့ လွှင့်ပစ်သည်။ ပြီးတော့ အိပ်ရာပေါ် လှဲအိပ်ချလိုက်သည်။ သူနှင့် တစ်ခန်းတည်းနေသော ကလာရီ မရှိသည်မှာ တော်ပါသေး၏။ အကယ်၍သာရှိလျှင် ရန်ပွဲတစ်ပွဲဖြစ်လာဖို့ ရှိလေသည်။

အခန်းထဲရှိ အေးမြသော အမှောင်ထုအောက်တွင် သူသည် အိပ်ရာပေါ်၌ ပက်လက်လှဲရင်း အတွေးပင်လယ်ကြောတွင် နစ်မျောလျက်ရှိသည်။ ဤတစ်ကြိမ်မှာတော့ သူသည် ငိုလားယိုလား မလုပ်၊ မျက်ရည်ဟူ၍ တစ်စက်ကလေးမှ မကျ။

ခေါင်းအုံးကို ထုလားရိုက်လားလည်း မလုပ်။ သူသည် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး ဖြစ်နေသည်။

ဂျိုးက သူ့အား ကန်ထုတ်လိုက်ပြီ ဟူသောအချက်ကို သူ လက်မခံ၍ မရ။ ကြောက်စရာကောင်းသည့် ထိုးနက်ချက်တစ်ခု ဖြစ်သည်။ သူ့မာန်မာနကို နှင်းချေပစ်လိုက်ခြင်း ဖြစ်၏။ စိတ်ပိုင်းတွင် အထိနာဆုံးသော ထိုးနက်ချက်ဖြစ်၍ သူ့အတွက် အဆိုးရွားဆုံး ပြဿနာတစ်ခု ဖြစ်သည်။

သူ့အနေဖြင့် စလက်တာရီးဆိုင်ကိုလည်း စိတ်ကုန်ပြီ။ နာရီပေါင်းများစွာ ရပ်၍ ဈေးရောင်းရသည့်အလုပ်မှာ များစွာ ပင်ပန်းလှ၏။ အောက်တန်းကျကျ ဈေးဝယ်မိန်းမများကို အောက်ကျနောက်ကျခံ၍ ချိုသာသိမ်မွေ့စွာ ဆက်ဆံနေရခြင်းကိုလည်း စက်ဆုပ်လှပြီ။ ယနေ့သည် ဤစတိုးဆိုင်၌ သူ အလုပ်လုပ်ခဲ့သည်မှာ ခြောက်နှစ်ပြည့်မြောက်သောနေ့ ဖြစ်၏။ သူ ဤဆိုင်မှ ထွက်တော့မည် ဟူသော ဆုံးဖြတ်ချက်ကို ယနေ့ပင် အခိုင်အမာ ချမှတ်လိုက်ပြီ ဖြစ်သည်။

သူ့အနေဖြင့် ဤအိမ်၌ နေရသည်ကိုလည်း စိတ်ပျက်လှပြီ။ အိမ်က ကျဉ်းကျဉ်း၊ လူက များများ။ ကိုယ်ပိုင် လွတ်လပ်မှု ဆိုသည်မှာ မရှိ။ သူ့အနေဖြင့် ကိုယ်ပိုင်အိမ်ကလေး၊ အခန်းကလေးနှင့် နေချင်သည်။ လူတွေကို ဖိတ်လိုက်၊ ပါတီပွဲတွေ ပေးလိုက်နှင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် ဝင်ဆံ့ချင်သည်။ သို့သော်လည်း အကယ်၍များ သူ့ဆန္ဒအတိုင်း ကိုယ်ပိုင်အိမ်ကို မရဟုဆိုလျှင်၊ သို့မဟုတ် သူ့ဘဝတစ်လျှောက်လုံး လက်ရှိ စတိုးဆိုင်၌ အလုပ်လုပ်ပြီး ဤအိမ်မှာပင် ဆက်လက်နေထိုင်သွားရမည် ဆိုလျှင်ကား ....။ ရုတ်တရက် သူ့ခေါင်းထဲသို့ ဂျိုး၏ ပြဿနာ ဝင်လာသည်။ ထိုအခါ ထိတ်လန့်စိုးရိမ်စိတ် ဝင်လာသည်။ ဂျိုး၏ ထံတွင် အခွင့်ကောင်းတစ်ခုကို သူ လက်လွှတ်ခဲ့ရပြီးပြီ။ နောက်တစ်ခုကိုပါ လက်လွှတ်ဆုံးရှုံးရဦးမည်လော။

သူသည် အိပ်မပျော်မချင်း စဉ်းစားစရာ ရှိသည်များကို အပင်ပန်းခံ၍ စဉ်းစားသည်။ နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးသည့်အခါ သူ့စိတ်သည် ကြည်လင်လန်းဆန်းလျက် ရှိသည်။ စနေနေ့ဖြစ်၍ ထိုနေ့တွင် နေ့တစ်ဝက်သာ အလုပ်တက်ရမည် ဖြစ်၏။ သူသည် အလုပ်ခွင်မှ နေ့ခင်း တစ်နာရီတွင် အိမ်ပြန်ရောက်သည်။ နေ့လယ်စာကို ကမ္ဘာကသီစားပြီး အပေါ်ထပ်သို့တက်ကာ အဝတ်အစားကို ကျကျနနလဲသည်။ ဆံပင်ကို လှလှပပဖြစ်အောင် ပြုပြင်သည်။ ဗင်နီလီယာ အလှဆီကို အထူးသတိထား၍ လိမ်းသည်။ ထို့နောက် အောက်ထပ် ဧည့်ခန်းသို့ဆင်း၍ ဒေးဗစ် ရောက်အလာကို စောင့်သည်။ ဒေးဗစ်သည် နှစ်နာရီခွဲတွင် ရောက်မည်ဟု သူ့အား ပြောထားသည် မဟုတ်ပါလား။



တကယ်တမ်း ဒေးဗစ် ရောက်လာသည့်အခါ ပြောထားသည့်အချိန်ထက် ဆယ်မိနစ်တိတိ စောရောက်သည်။ ဂျင်နီနှင့် အလွန်တွေ့ချင်နေသည့်ဆန္ဒ ပြင်းပြလျက်ရှိသည်ကို သူ့မျက်နှာက ဖော်ပြနေသည်။ သူ့မျက်နှာကို တစ်ချက်ကလေး ကြည့်ရုံမျှဖြင့် ဂျင်နီက သိနေသည်။ တကယ်တော့ ဒေးဗစ်သည် သူ့အား ချစ်နေပြီ။

ဂျင်နီက ဒေးဗစ်၏ အမူအရာကြည့်၍ အလွန်ကျေနပ်စွာဖြင့် ရယ်သည်။ အခုတစ်ခေါက်တွင်လည်း ဒေးဗစ်သည် လက်ဆောင်လေးတစ်ခု ယူလာသည်။ သူ့လက်ဆောင်သည် ချောကလက် မဟုတ်၊ ချိုချဉ် မဟုတ်၊ ရေမွှေး မဟုတ်။ ဂျင်နီအတွက် အသုံးမဝင်ဆုံးသော အူတုတူလက်ဆောင် ဖြစ်သည်။ အများဆုံး ပေးရပါမှ နှစ်ပဲနီမျှသာ ပေးရမည့် ပန်းစည်းတစ်စည်း ဖြစ်၏။ ထိုပန်းစည်းမျိုးမှာ လက်တွန်းလှည်းနှင့် လည်ရောင်းသော ဈေးသည်များထံမှ အလွယ်တကူဝယ်ယူရရှိနိုင်သော ပစ္စည်းမျှသာ ဖြစ်လေသည်။ သို့သော်လည်း အကြောင်းမဟုတ်။ ဂျင်နီအဖို့ ဤအချက်သည် လောလောဆယ်တွင် အရေးကြီးသည် မဟုတ်။

ဂျင်နီက ပြုံးသည်။

'ရှင်နဲ့တွေ့ရတာ စိတ်ချမ်းသာစရာပါ၊ ပန်းတွေကလည်း ချစ်စရာကောင်းလိုက်တာ'

'ပန်းတွေက ဈေးသိပ်မပေးရပါဘူး၊ ဒါပေမဲ့ လှတယ် ဂျင်နီ၊ ဂျင်နီနဲ့ အတူတူပဲ၊ ပွင့်ချပ်ကလေးတွေက မြူမှုန်ကလေးတွေနဲ့ တူတယ်၊ မင်းမျက်လုံးပေါ်မှာ မြင်နေရတဲ့ ရီဝေဝေ အရိပ်ကလေးတွေလိုပဲ၊ ချစ်စရာကောင်းတယ်၊

ဂျင်နီသည် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဤပြောနည်းပြောဟန်မျိုးကို ကြားလိုက်ရသည့်အခါ သူသည် ကြောင်တောင်တောင် ဖြစ်သွားသည်။ ဤစကား ပြောပုံဆိုပုံများကို လွန်ခဲ့သော သုံးနှစ်အတွင်းက သူ ဖတ်ခဲ့ဖူးသည့် ဝတ္ထုစာအုပ်များထဲတွင် တွေ့ခဲ့ရဖူးသည် မဟုတ်ပါလော။ စာသံပေသံနှင့် ကဗျာဆန်ဆန် ပြောခြင်းမျိုးဖြစ်၍ ရယ်စရာကောင်းနေပေသည်။

သာမန်အခြေအနေဆိုလျှင် ဂျင်နီသည် ဤပန်းများကိုယူ၍ 'ပန်းတွေသွားထိုးလိုက်ဦးမယ်နော်' ဟု ပြောကာ အသာရှောင်ထွက်သွားမည် ဖြစ်သည်။ အခုတစ်ကြိမ်တွင်မူ အခြေအနေက တစ်မျိုးဖြစ်နေသည်။ ဒေးဗစ်၏အနားမှ ရုတ်တရက် ခွာမသွားချင်။ သူသည် နှစ်ယောက်ထိုင် ဆိုဖာပေါ်၌ ထိုင်ချလိုက်သည်။ ပန်းစည်းကိုလည်း လက်တွင်ကိုင်ထားသည်။ ဒေးဗစ်က သူ့ဘေးတွင် ဝင်ထိုင်သည်။

'ကိုယ်တို့နှစ်ယောက် ထိုင်နေတာက ဓာတ်ပုံတွဲရိုက်တဲ့အခါ ထိုင်နေသလိုပဲနော်' ဟုလည်း ပြောသည်။

'ဘာ' ဂျင်နီက အလန့်တကြား ရေရွတ်ကာ နားမလည်နိုင်သည့် မျက်နှာအားဖြင့် ဒေးဗစ်အား ကြည့်နေသည်။ ဒေးဗစ်ကတော့ ဂျင်နီ ဖြစ်နေပုံကိုကြည့်ပြီး ယ်သည်။

'ကိုယ်တော့လေ မင်းလို ဘာမှ မသိနားမလည်လောက်အောင် ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေးမျိုးကို အရင်က တစ်ယောက်မှ မတွေ့ခဲ့ဖူးဘူး၊ ဘယ်သူနဲ့ တူသလဲဆိုတော့ စတီဖင်ဖီးလစ် ဆိုတဲ့ စာရေးဆရာတစ်ယောက် ရေးထားတဲ့ ဝတ္ထုထဲက ဖရန်စစ္စကာ အတိုင်းပဲ ....'

ဂျင်နီသည် မျက်လွှာကို ချထားသည်။ သူသည် ဒေးဗစ် ပြောလိုက်သည့် စကားကို နားမလည်။ သူ ဘာဆိုလိုတာပါလိမ့်ဟု စဉ်းစားလျက်ရှိသည်။ ဖြူစင်သန့်ရှင်းသည် ဟူသောစကားသည် မည်သည့်အဓိပ္ပာယ်ကို ဆောင်ပါသနည်း။ သူ့အကြောင်းကို တစ်စွန်းတစ်စ သိနေသဖြင့် လှောင်ပြောင်ပြီး ပြောလိုက်ခြင်းလား။ မဖြစ်နိုင်ဟု သူ ထင်သည်။ ဘယ်နည်းနှင့်မဆို ဒေးဗစ်သည် သူ့အကြောင်းကို ဂဃနဏ သိလိမ့်မည်မဟုတ်။

'ဂျင်နီကို မလှောင်ပါနဲ့၊ ဂျင်နီ နေမကောင်းတာ တစ်ရက် နှစ်ရက် ရှိသွားပြီ' ဟု ပြောသည်။

ဂျင်နီ၏စကားကို ကြားသည့်အခါ ဒေးဗစ်သည် စိုးရိမ်သွားဟန်ရှိသည်။

'ဘာဖြစ်လို့လဲ ဂျင်နီ' ဟု မေးသည်။ ဂျင်နီက သက်ပြင်းချသည်။

'အားလုံးက ဂျင်နီကို ဝိုင်းပြီး အပြစ်ဆိုနေကြတယ်၊ အားလုံးပါပဲ ဒေးဗစ်ရယ်၊ တစ်အိမ်လုံးကပဲ ဆိုပါတော့၊ ဂျိုးနဲ့ ပတ်သက်ပြီး ပြဿနာတစ်ခု ဖြစ်နေတယ်၊ ဂျိုးက အခု ဒီမှာ မရှိတော့ဘူး၊ ထွက်သွားပြီ' ဟု စိတ်ထိခိုက်ဟန်ဖြင့် ပြောသည်။

'ဂျိုး ထွက်သွားပြီ ဟုတ်လား' ဂျင်နီက ခေါင်းငြိမ့်သည်။

'သူက ဘာဖြစ်လို့ ထွက်သွားတာလဲ၊ ဘယ်လိုဖြစ်လို့လဲ'

'သူက မနာလို ဖြစ်နေတယ်၊ သူ ဒီမှာ မနေချင်တော့ဘူးတဲ့၊ ဘာကြောင့်လဲဆိုတော့ ဂျင်နီက သူ့ထက် ရှင့်ကိုပိုပြီး ခင်နေလို့တဲ့'

'ဘာ ....ဘယ်လို၊ သူက ဂျင်နီကို သဘောကျနေသလား၊ ကိုယ်က ဒီအကြောင်းကို မသိတော့ ....'

'ဂျင်နီတို့ ဒီအကြောင်းကို မပြောကြတာပဲ ကောင်းလိမ့်မယ် ထင်ပါတယ်' ဟု ဂျင်နီက အလွန် စိတ်ထိခိုက်နေဟန်ဖြင့် ပြောသည်။

'ဂျင်နီကတော့ ဒီအကြောင်းကို မပြောချင်ဘူး၊ တစ်အိမ်သားလုံး ဒီအကြောင်းကိုပဲ ပြောနေကြတာ၊ သူတို့က ဂျင်နီကိုပဲ ဖိပြီး အပြစ်တင်နေကြတယ်၊ ဂျင်နီက



ဂျိုးကို ဆက်ဆံတာ မကောင်းလို့ ခုလိုဖြစ်ရတာတဲ့၊ တကယ်တော့ ဂျင်နီ ဘာတတ်နိုင်မှာလဲ၊ ဂျင်နီက သူ လိုချင်တဲ့ပုံစံမျိုးနဲ့ ခင်လို့မှမရတာ'

ဒေးဗစ်အဖို့ ဂျင်နီ၏နှုတ်မှ ထွက်လာသမျှ စကားများသည် နားဝင်ချိုလှပါပေ၏။ ဂျင်နီသည် ဂျိုးကို သဘောမကျ။ ဂျိုးထက် မိမိကို ပို၍ သဘောကျနေသည်။ ဤသည်မှာ သူ့အတွက် ဝမ်းသာဂုဏ်ယူစရာ အကောင်းဆုံး ဖြစ်နေသည်။ အခုဆိုလျှင် ဂျင်နီက သူ့အား တရင်းတနှီး "ဒေးဗစ်" ဟု ခေါ်လျက်ရှိသည်။ သူသည် ဂျင်နီအား စူးစူးရဲရဲကြည့်ကာ သူ့သဘောထားကို ဖော်ပြသည်။

သူ့အဖို့ကတော့ ဤလောကတွင် ဂျင်နီမှတစ်ပါး အခြားဘယ်သူမှမရှိ။ ချစ်စရာလူ ဟူ၍ ဂျင်နီတစ်ဦးတည်းသာလျှင် ရှိပါ၏။ သူ့အတွေးထဲတွင် "ဂျင်နီ" ဟူသော အမည်သာလျှင် ရှိသည်။ ထိုနာမည်ကိုသာလျှင် သူ သိသည်၊ တွယ်တာသည်၊ မြတ်နိုးသည်။ ယခုလောလောဆယ်တွင် သူသည် ဂျင်နီ၏ အလှအပေါ်၌သာ ယစ်မူးလျက်ရှိသည်။ သူသည် ဂျင်နီဘက်သို့ တိုးလာသည်။ ဂျင်နီက နေရာရွှေ့မသွား။

'ဂျင်နီ မင်း ကိုယ့်ကို သဘောကျတယ်ဆိုတာ တကယ်လားဟင်'

'တကယ်ပြောတာပေါ့ ဒေးဗစ်ရယ်'

'ဂျင်နီရယ်' ဟူသော ဒေးဗစ်၏အသံသည် နစ်ကိုယ်ကြားလေသံ ဖြစ်၏။ 'မင်းနဲ့ စတွေ့ကတည်းက အခုလို ဖြစ်လာလိမ့်မယ်လို့ ကိုယ် ထင်ထားမိခဲ့တာပါ၊ မင်း ကိုယ့်ကိုချစ်တာ တကယ်လား'

ဂျင်နီက ခေါင်းညိတ်သည်။ ဒေးဗစ်က ဂျင်နီအား ပွေ့ယူလိုက်သည်။ သူသည် ဂျင်နီ၏ နှုတ်ခမ်းကို အသာအယာ နမ်းသည်။ သူ၏ ပွေ့ဖက်မှုနှင့် နမ်းပုံများသည် အတွေ့အကြုံမရှိသူ ဖြစ်ကြောင်း သိသာလျက်ရှိသည်။ ဂျင်နီကြုံခဲ့ရသမျှ အနမ်းများထဲတွင် အထူးခြားဆုံးသောအနမ်း ဖြစ်သည်။ ဤထူးဆန်းသော အနမ်းကြောင့် ဂျင်နီ၏ မျက်လုံးအစုံမှ မျက်ရည်စများသည် ပါးပြင်များဘက်သို့ စီးကျလာကြသည်။

'ဂျင်နီ ဘာပြုလို့ ငိုရတာလဲ၊ မင်း တို့ကို ချစ်တယ်ဆို၊ ဘာကြောင့် ငိုရတာလဲ အချစ်ရယ်၊

'ဂျင်နီ မောင့်ကို ချစ်ပါတယ် ဒေးဗစ်ရယ်' ဟု ဂျင်နီက တိုးတိုးသာသာ ပြောသည်။

'ဂျင်နီမှာ ဒေးဗစ်ကလွဲပြီး တခြားချစ်ရမယ့်လူ မရှိပါဘူး၊ ဂျင်နီကတော့ မောင်က ဂျင်နီကို အမြဲတမ်း ချစ်သွားစေချင်ပါတယ်၊ ပြီးတော့ ဂျင်နီကို ဒီအိမ်ထဲကနေပြီး ခေါ်သွားစေချင်ပါတယ်၊ ဂျင်နီ ဒီအိမ်မှာ မနေချင်တော့ဘူး၊ အိမ်သူ

အိမ်သားတွေက ဂျင်နီအပေါ်မှာ သိပ်ကို ရက်စက်ကြတာပဲ၊ ဂျင်နီလေ စတိုးဆိုင်မှာ အလုပ်လုပ်ရတာကိုလည်း စိတ်ကုန်လှပါပြီ မောင်ရယ်၊ နောက်ထက် တစ်မိနစ်တောင်မှ မလုပ်ချင်တော့ဘူး၊ ဂျင်နီလေ မောင်နဲ့ပဲ အမြဲနေချင်လှပါပြီ၊ ဂျင်နီအနေနဲ့ ကြာကြာ မဆိုင်းချင်တော့ဘူး၊ မောင်နဲ့ လက်ထပ်ပြီး ပျော်ပျော်ရွှင်ရွှင် နေချင်လှပါပြီ အချစ်ရယ်'

ဂျင်နီ၏အသံသည် တုန်ယင်လှုပ်ရှားလျက်ရှိ၏။ ဤအသံသည် ဒေးဗစ်၏နှလုံးသားကို များစွာ ထိခိုက်စေခဲ့ရုံမျှမက ဝမ်းသာရွှင်လန်းခြင်းကိုပါ ဖြစ်စေခဲ့သည်။

'မောင် မင်းကို ဒီအိမ်ကနေပြီး ခေါ်သွားပါ့မယ် ဂျင်နီရယ်၊ မောင် ခေါ်ထုတ်သွားနိုင်တဲ့ အချိန်ကျရင် မင်းကို ခေါ်သွားမှာ၊ မောင် ဘွဲ့ရပြီးလို့ အလုပ်ရတဲ့အခါ အားလုံး အဆင်ပြေသွားမှာပါ' ဟု ပြန်ပြောသည်။

ဂျင်နီ၏ ပါးနှစ်ဖက်တွင် မျက်ရည်စများ စီးကျလာပြန်သည်။

'ဒေးဗစ်ရယ် နောက်ထပ် တစ်နှစ်ကြီးတောင် စောင့်နေရဦးမှာလား၊ မောက်က ဂျင်နီနဲ့ခွဲပြီး ဒါဟင်မြို့က တက္ကသိုလ်မှာ ရောက်နေမှာ၊ ဂျင်နီကို မေ့သွားမှာပါ၊ အဲသလောက်အထိ ဂျင်နီ မစောင့်နိုင်ဘူး အချစ်ရယ်၊ ဂျင်နီ ဒီမှာ မနေပါရစေနဲ့တော့၊ အခုချက်ချင်း မောင် အလုပ်မရနိုင်ဘူးလား' ဟု ပြောကာ ဝမ်းနည်းပက်လက် ငိုသည်။ ဘာ့ကြောင့် ဤမျှလောက်အထိ ငိုမိသည်ကိုပင် သူ့ဘာသာသူ မသိ။

ဂျင်နီ ငိုယိုနေသည်ကို ကြည့်ကာ ဒေးဗစ်သည် များစွာ ဝမ်းနည်းလာသည်။ သူ ငိုလေ ဒေးဗစ်၏နှလုံးသားသည် နာကျင်လေ ဖြစ်လာသည်။ သူ့ပခုံးကိုမှီထားသည့် ဂျင်နီ၏ ဆံစများကို တယုတယပွတ်ကာ ချော့မော့သည်။

'တစ်နှစ်ဆိုတာ မကြာပါဘူး ဂျင်နီရယ်၊ စိတ်မပူပါနဲ့၊ အခုလောလောဆယ်လည်း မောင် အလုပ်ရနိုင်ပါတယ်ကွယ်၊ အခုဆိုရင် မောင်ဟာ စာသင်နိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံနေပြီ၊ မောင့်မှာ ဘီလစ်ဘွဲ့ ရထားပြီ မဟုတ်လား၊ ဘီအေဘွဲ့လောက် မမြင့်ပေမယ့် အလုပ်ကတော့ ရနိုင်ပါတယ်'

'တကယ်ပြောတာလား ဒေးဗစ်' ဟု ဂျင်နီက ပြောသည်။

'ဒါဆိုရင် အလုပ်ရအောင် မောင် ကြိုးစားပါလားဟင်၊ အလုပ်ရအောင် ဘယ်လိုလုပ်မှာလဲ'

'မောင်အနေနဲ့ မောင်တို့မြို့က ဩဇာကြီးတဲ့ လူတစ်ယောက်ဆီကို စာရေးပြီး ပြောပြမယ်၊ သူ့နာမည်က ဘားရပ်စ် ....တဲ့၊ သူ့အကူအညီနဲ့ဆိုရင် ကောင်တီခရိုင်ထဲမှာ အလုပ်တစ်ခုတော့ ရမှာပါ၊ ဒါပေမဲ့ မင်း သိထားဖို့က ....'



'ဂျင်နီ သဘောပေါက်ပါတယ် ဒေးဗစ်ရယ်' ဟု ဂျင်နီက ပြောသည်။

'မောင့်အနေနဲ့ ဘီအေဘွဲ့ကိုလည်း ရအောင် ယူရမှာပေါ့၊ ဒေးဗစ်နဲ့ ဂျင်နီတို့က အိမ်ကလေးတစ်လုံးငှားပြီး နေကြတာပေါ့၊ မောင်က ညဘက်ကျရင် ကျောင်းစာတွေကို ကျက်ပေါ့၊ နေ့ခင်းကျတော့ ကျောင်းဆရာအလုပ်ကို လုပ်ပေါ့၊ မောင့်အတွက် သိပ်ပြီး ပင်ပန်းမယ်တော့ မထင်ပါဘူး၊ မောင် စာကျက်တဲ့အခါကျတော့ ဂျင်နီက မောင့်ဘေးနားက ထိုင်စောင့်မယ်၊ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ မောင်ရယ်'

ဂျင်နီ၏ စိတ်ကူးယဉ်ပုံလွှာသည် ဒေးဗစ်၏စိတ်ထဲသို့ ကူးပြောင်းရောက်ရှိသွားသည်။ ဒေးဗစ်သည် နူးညံ့သိမ်မွေ့သော အပြုံးဖြင့် ဂျင်နီကို ကြည့်နေသည်။

'ဒါပေမဲ့ ဂျင်နီရယ်၊ မောင်တို့အနေနဲ့ လုပ်တဲ့အခါမှာ လက်တွေ့ကျကျဖြစ်ဖို့ကတော့ ....'

ဂျင်နီကတော့ မျက်ရည်စများကြားမှနေ၍ ပြုံးသည်။

'ဒေးဗစ်ရယ် နောက်ထပ် ဘာမှ ပြောမနေပါနဲ့တော့၊ ဂျင်နီ သိပ်ကို ပျော်တာပဲ၊ ဂျင်နီ ပျော်နေတာကို ပျက်သွားအောင် မဖျက်ဆီးပါနဲ့ ဒေးဗစ်ရယ်'

ပြောပြောဆိုဆို ဂျင်နီက ထိုင်နေရာမှ ခုန်ထလိုက်သည်။

'ကဲ ....ဂျင်နီ ပြောမယ် နားထောင်၊ ဂျင်နီတို့ လမ်းလျှောက်ကြရအောင်၊ အက်စ်မွန်ဒင်းကို သွားကြမယ်၊ အဲဒီမှာဆိုရင် ပျော်စရာသိပ်ကောင်းမှာပဲ၊ ဂျင်နီတော့ အဲဒီဘက်က ရှုခင်းကို ကြည့်ရတာ သိပ်ချစ်တာပဲ၊ ပြောစရာရှိတာကို လမ်းလျှောက်ရင်း ပြောကြမယ်နော်၊ ဘာပဲဖြစ်ဖြစ်လေ မစ္စတာဘားရပ်စ် ဆိုတဲ့ ဗုဂ္ဂိုလ်ကြီးဆီ စာရေးလို့ ဘာပြဿနာမှ မရှိနိုင်ပါဘူး မောင်ရယ်'

ဂျင်နီသည် မှုယာမာယာအပြည့်ဖြင့် ဒေးဗစ်အား ကပျာကယာနမ်းလိုက်ပြီး အပြင်ထွက်ဖို့ စီစဉ်သည်။ ဒေးဗစ်ကတော့ မတ်တတ်ရပ်ကာ ဂျင်နီ၏ လှုပ်ရှားမှုများကို ပြုံး၍ကြည့်နေသည်။ သူ့အနေဖြင့် တခြားဘာကိုမှ မတွေးနိုင်။ ဂျင်နီက သူ့ကို ချစ်နေပြီဆိုလျှင် သူ့အဖို့ ဘာမှမလိုတော့။ သူနှင့် ဂျင်နီတို့၏ အနာဂတ် သာယာချမ်းမြေ့ရေးကိုတွေးကို စိတ်အေးလျက်ရှိသည်။ ဂျင်နီကလည်း စောင့်မည်။ မိမိကလည်း စောင့်မည်။ သူ့အသက်သည် ခုမှ နှစ်ဆယ့်နှစ်နှစ်မျှသာ ရှိသေး၏။ သူ ဘီအေဘွဲ့ကို မယူ၍မဖြစ်။ ယူရလိမ့်မည်။ သူ ဘွဲ့ယူသည့်အခါ ဂျင်နီကိုယ်တိုင် လာ၍ ကြည့်ရမည်။

သူ့အတွေးနှင့်သူ ရပ်၍ ဂျင်နီအား စောင့်နေခိုက်တွင် အိမ်ရှေ့တံခါးသည် ပွင့်သွားသည်။ ဝင်လာသူမှာ ဆယ်လီ ....။ ဒေးဗစ်အား မြင်လိုက်သည့်အခါ ရုတ်ခနဲ ရပ်လိုက်သည်။

'ရှင် ရောက်နေတာ ကျွန်မ မသိဘူး' ဟု ဆယ်လီက မျက်မှောင်ကုတ်၍ ပြောသည်။

'ကျွန်မက ကိုယ့်ကီစ္စနဲ့ကိုယ် ဝင်လာတာ'

ဆယ်လီ၏ မျက်နှာထားသည် ဒေးဗစ်၏ သာယာပျော်ရွှင်မှုကို ဖျက်ဆီးလိုက်သလို ဖြစ်သွားသည်။ ဆယ်လီသည် သူနှင့်တွေ့တိုင်း မနှစ်သက်သော အပြုအမူများကို ဖော်ပြလေ့ရှိသည်။ ဤအတွက် ဒေးဗစ်တွင် စိတ်အနှောင့်အယှက် အမြဲဖြစ်ရ၏။ ဆယ်လီသည် ဘာ့ကြောင့် သူ့အပေါ်၌ မကျေမနပ် ဖြစ်နေရပါလိမ့်။ သို့သော်လည်း သူသည် ဤပြဿနာကို ကြာကြာတွေးမနေချင်။ မကြာခင် သူသည် ဆယ်လီ့အစ်မနှင့် လက်ထပ်တော့မည်ဖြစ်၍ ဆယ်လီနှင့် ပြေပြေလည်လည် ရှိချင်သည်။ ထို့ကြောင့်လည်း လူချင်း ပြေလည်စေရန် အားထုတ်မှုည်ဟု စိတ်ကူးသည်။ သို့သော်လည်း သူသည် မမျှော်လင့်ဘဲနှင့် စိတ်ထဲ၍ ရုတ်တရက် ပေါ်လာသည့် စကားတစ်ခွန်းကို ပြောလိုက်မိသည်။

'မင်း ဘာပြုလို့ ငါ့ကို အဲဒီလိုကြည့်နေတာလဲ ဆယ်လီ၊ မင်း ငါ့ကို သဘောမကျဘူးလား'

ဆယ်လီက ဒေးဗစ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူ ဝတ်ထားသည်မှာ သူ ကျောင်းတက်ခဲ့စဉ်က ဝတ်ဆင်ခဲ့ဖူးသည့် အပြာရောင် ကျောင်းဝတ်စုံဖြစ်သည်။ သူ့ဆံပင်များသည် ဖိုးရိုးဖားရား။

'ကျွန်မ ရှင့်ကို သဘောမကျတာ မဟုတ်ဘူး' ဟု ပြောသည်။

ဆယ်လီ၏မျက်နှာကို ကြည့်ခြင်းအားဖြင့် အမှန်အတိုင်းပြောခြင်း ဖြစ်သည်ဟု ဒေးဗစ်က သိသည်။ သူသည် တစ်ချက်မျှ ပြုံးလိုက်သည်။

'ဒါပေမဲ့ မင်း ငါနဲ့တွေ့တိုင်း မကြိုက်သလိုပဲ' ဟု ပြောသည်။

ဆယ်လီကလည်း သူ့ဝသီအတိုင်း ပွင့်ပွင့်လင်းလင်း ပြောသည်။

'သကြား လိုချင်ရင် ဘယ်နေရာမှာ ရနိုင်တယ်ဆိုတာ ရှင်အသိသားပဲ'

ဆယ်လီသည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားသည်။

ဆယ်လီ ထွက်အသွားမှာပင် ဂျင်နီသည် အခန်းထဲသို့ ပြန်ရောက်လာသည်။

'ဟိုကောင်မလေးက မောင့်ကို ဘာတွေ လာပြောသွားတာလဲ' ဟု မေးသည်။ ဒေးဗစ်က အဖြေမပေးမီ ဒေးဗစ်၏လက်ကို ဆွဲယူလိုက်သည်။ 'ကဲ....လာသွားကြစို့၊ လမ်းကျမှ ပြောစရာစကားတွေကို အများကြီးပြောမယ်'

အခုအချိန်တွင် ဂျင်နီသည် သွက်လက်မြူးကြွနေသည့် ငှက်ငယ်လေး



တစ်ကောင်နှင့် တူနေသည်။ သူ ရွှင်မည်ဆိုပါကလည်း ရွှင်လောက်၏။ သူ့ခေါင်းတွင် သတို့သားလောင်း ရှိနေပြီ မဟုတ်ပါလား။ သူ ရထားသည့် သတို့သားလောင်းသည် သာမန်လူတစ်ယောက် မဟုတ်။ ကျောင်းဆရာ ဖြစ်လာမည့် ပညာတတ်တစ်ဦး ဖြစ်သည်။

နောက်တစ်ချက် ရှိသေးသည်။ စလက်တာရီး စတိုးဆိုင်မှ သူ အလုပ်ထွက်နိုင်တော့မည်။ ပြီးတော့ စကော့ဝုဒ်လမ်းအိမ်မှ အပြီးအပိုင် ထွက်ခွာလို့ရတော့မည်။ သူ ဘယ်လိုအဆင့်ရှိသည်ကို သူ့မိသားစုကိုရော၊ ဂျိုးကိုပါ ပြနိုင်ခွင့်ရတော့မည်။ သူ့အနေဖြင့် ဘုရားကျောင်းတွင် လက်ထပ်မည်။ သတင်းစာထဲတွင် ကြေညာဦးမည်။ လက်ထပ်သည့်အခါ သူ ဘယ်လို အဝတ်အစား ဝတ်ရလျှင် ကောင်းမလဲ ....။

ဂျင်နီထံမှ အပြန်တွင် ဒေးဗစ်သည် မစ္စတာဘားရပ်စ်ထံ စာရေးသည်။ ဂျင်နီ ကျေနပ်စေရန် ဖြစ်၏။ တစ်ပတ်အကြာတွင် သူ့ထံသို့ ပြန်စာရောက်လာသည်။ သူ့အား စလီစကေးမြို့ရှိ နယူးဘီသဲလ်လမ်းကောင်တီကျောင်း၌ မူလတန်းကျောင်းဆရာအလုပ် ရမည်ဟူသော အဖြေပါလာသည်။ ဒေးဗစ်က ထိုစာကို ဂျင်နီအား ပြသည်။ ဂျင်နီကို သူ သိပ်ချစ်ကြောင်း သက်သေပြခြင်းလည်း ဖြစ်သည်။ ဂျင်နီက ဝမ်းသာအားရဖြင့် သူ့လည်ပင်းအား လက်နှစ်ဖက်ဖြင့် သိမ်းဖက်ထားသည်။

'အချစ်ရယ် သိပ်ကို အံ့ဩစရာကောင်းတာပဲ' ဟု ပြောကာ မျက်ရည်ကျသည်။ ဝမ်းသာလွန်း၍ကျသောမျက်ရည် ဖြစ်သည်။

ဒေးဗစ်က ဂျင်နီအား တင်းကျပ်စွာ ဖက်ထားသည်။ ဂျင်နီ၏နှုတ်ခမ်းကို အားရပါးရနမ်းသည်။ သူချစ်သောဂျင်နီ၏ အလိုဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးနိုင်ခဲ့ခြင်းသည် တကယ့်ကို အံ့ဩစရာကောင်းသည့် အရာတစ်ခု မဟုတ်ပါလား။

* * * * *

## (၁၆)

မနေ့နံနက်တွင် အာသာသည် စိတ်ကြည်လင်စွာဖြင့် အိပ်ရာမှနိုးလာသည်။ မျက်စိနှစ်လုံးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ပြတင်းပေါက်မှနေ၍ ကောင်းကင်ပြာပြာကို မြင်နေရသည်။ ဘဝသည် တန်ဖိုးရှိလှပါသည်ဟု တွေးလိုက်မိ၏။

နေရောင်သည် ကြည်လင်တောက်ပနေသည်။ အခုလိုကျတော့လည်း အားမာန်အပြည့်၊ မျှော်လင့်ချက်အပြည့်။

သာမန်အားဖြင့်ပြောမည်ဆိုပါက သူသည် အိပ်ရာနိုးလာသည့်အခါတိုင်း ဤပုံစံမျိုးနှင့် နိုးလေ့မရှိ။ အချို့နံနက်ခင်းများတွင် နေရောင်ကို လုံးဝမမြင်ရ။ သာယာကြည်လင်သော ကောင်းကင်ပြင်ကိုလည်း မတွေ့ရ။ ပတ်ဝန်းကျင်တစ်ခွင်လုံး မှုန်မှိုင်းမှောင်မည်းနေလေ့ရှိသည်။ ထိုအခါမျိုးတွင် သူ့စိတ်သည် သူ့ကိုယ်ပိုင်ချွတ်ယွင်းချက်များကို သတိပြုမိကာ စိတ်လက်မကြည်မလင် ဖြစ်လေ့ရှိသည်။

သူ ဘာကြောင့် ဒီနေ့ ပျော်နေရတာပါလိမ့် ....။ သူ့အဖေထံသို့ မကြာခင်ရောက်လာမည့် ကြေးနန်းအကြောင်းကို ကြိုတင်ပြီး သိနေ၊ မြင်နေလို့များလား ...။ သူသည် အိပ်ရာပေါ်တွင် အသာလှဲကာ ယမန်နေ့ညက ကြုံခဲ့ရသည်များကို သတိရနေသည်။

ဒီနေ့နံနက်တော့ စတော်ဘယ်ရီကို မစားဟု သူ ပိုင်းဖြတ်ထားသည်။ မနေ့ညက ညစာစားပွဲတွင် သူ့အဒေါ် ကာရိုလိုင်းကေရီက သူ့အား စတော်ဘယ်ရီ စားခိုင်းခဲ့သည်။

'ဒီညတော့ ကျွန်တော် စတော်ဘယ်ရီကို မစားချင်ဘူး အန်တီ' ဟု သူက အဖြေပေးခဲ့သည်။ ထိုအဖြေသည် သူ့အဖေက ချမှတ်ထားသည့် မစားမနေရ စည်းကမ်းကို ချိုးဖောက်ခြင်း ဖြစ်၏။

သူ့စကား ကြားသည့်အခါ သူ့အဖေက သူ့အား လှမ်းကြည့်သည်။ အန်တီကေရီကလည်း စိုးရိမ်မကင်းသော လေသံဖြင့် ....

'ဘာပြုလို့လဲ အာသာ၊ မင်း နေမကောင်းဘူးလား' ဟု မေးခဲ့သည်။

'နေကောင်းပါတယ် အန်တီ၊ ကျွန်တော် မစားချင်လို့ပါ' ဟု သူက ပြန်ပြောခဲ့သည်။ အမှန်တော့ သူ့အဖေ၏ ထိုစည်းကမ်းကို သူတို့အားလုံး လိုက်နာကြရစမြဲ ....။ မနေ့ညကတော့ သူက မလိုက်နာ၊ ဤအတွက် သူ့အဖေထံမှ ဘာသံမှ မကြားခဲ့ရ။

အာသာသည် အိပ်ရာပေါ်မှဆင်းကာ ပြတင်းပေါက်အနီး၌ လေ့ကျင့်ခန်းများ လုပ်သည်။ ထို့နောက် ရေချိုးခန်းဝင်၍ ရေအေးအေးနှင့် ရေတဝကြီးချိုးလိုက်သည်။ အခန်းထဲ ပြန်ရောက်သည့်အခါ အဝတ်အစားလဲသည်။ သူသည် သူ့အိပ်ရာခုတင်နှင့် မျက်နှာချင်းဆိုင် နံရံပေါ်မှ ပိုစတာစာတမ်းကို လှမ်းကြည့်သည်။ ကော်ပြာစာရွက်၏ အပေါ်ဘက်တွင် "ကျွန်ုပ်သည်" ဟု ရေးထားသည်။ ထိုစာလုံးအောက်တွင်မူ "လူတိုင်း၏ မျက်လုံးများနှင့် ရင်ဆိုင်ကြည့်မည်" ဟူသော စာတမ်းရှိလေသည်။



သူသည် လေးလံလွန်းလှသော ဘွတ်ဖိနပ်ကြီးကိုစီးကာ ဖိနပ်ကြိုးများကို ခိုင်ခိုင်မြဲမြဲ ဖြစ်သွားအောင် ချည်လိုက်သည်။ စားပွဲအံဆွဲထဲမှ စာအုပ်နီနီလေးတစ်အုပ်ကို ဆွဲထုတ်လိုက်သည်။ "မိမိ စိတ်မလုံမလဲဖြစ်မှုကို ကုသနည်း" ဟူသောစာအုပ် ဖြစ်၏။ သူသည် မနက်တိုင်း နံနက်စာ မစားမီ စာအုပ်ထဲမှ အခန်းတစ်ခန်းကို ပြီးအောင် ဖတ်လေ့ရှိသည်။ ဤစာအုပ်မှာ စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပြုစုပျိုးထောင်မှုအတွက် နည်းလမ်းများ ညွှန်ပြထားသည့်စာအုပ် ဖြစ်ပေသည်။

အပြင်ဘက်မှ လှုပ်ရှားသံများကို သူ ကြားနေရ၏။ သူ့အမေ၏အိပ်ခန်းထဲမှ အန်တီကေရီ၏ စကားပြောသံများနှင့် ခြေသံများကိုလည်း ကြားနေရသည်။ ပြီးတော့ ဂရေ့စ်၏ရယ်သံနှင့် ဟာစ်လ်ဒါ၏ စကားပြောသံများ ....။ သူ့အဖေမှာ လွန်ခဲ့သော တစ်နာရီကပင် အိပ်ရာမှ ထသွားခဲ့ပြီ။ အိပ်ရာမှ စောစောထခြင်းသည် သူ့ဖခင် နေ့စဉ်ပုံမှန်အလုပ်တစ်ခု ဖြစ်၏။

"*လူ့အလိုဆန္ဒသည် လူတစ်ဦး၏ ဘဝကံကြမ္မာကိုသာမက လူအများအပြား၏ ကံကြမ္မာကိုပါ ထိန်းချုပ်နိုင်စွမ်းရှိ၏* " ဟူသော စာပိုဒ်အရောက်တွင် အာသာသည် အတန်ကြာမျှ ဆက်မဖတ်သေးဘဲ စဉ်းစားနေသည်။ ထိုစကားသည် မည်မျှအထိ မှန်ကန်ပါသလဲ။ ထိုအကြောင်းတစ်ခုတည်းနှင့်ပင် လူတစ်ယောက်သည် မိမိ၌ ကောင်းသောအလိုဆန္ဒ ပေါပေါက်ရှင်သန်နေအောင် ပြုစုပျိုးထောင်သင့်သည်ဟု သူ ထင်မိသည်။

သူ့အနေနှင့်ကတော့ စိတ်ရောကိုယ်ပါ ကြံ့ခိုင်လိုသည်။ သူ့စိတ်သူ နိုင်နင်းလိုသည်။ ငါသာလျှင် ငါ့စိတ်၏သခင် အဖြစ်မျိုးကို ပိုင်ဆိုင်ချင်သည်။ သူသည် သူ့ချွတ်ယွင်းချက်များကို သိထားသူ ဖြစ်၏။ သူသည် ရုတ်ဘရက် ကြောက်တတ်သည်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် ကြောင်တောင်တောင် တတ်သတ်သတ်နှင့် ခွတီးခွကျနိုင်သည်။ စိတ်ကူးယဉ်တတ်၏။ ယင်းစိတ်ကူးယဉ်တတ်သောအကျင့်မှာ ပြုပြင်၍မရနိုင်လောက်အောင် စွဲနေသော အကျင့်စရိုက်ဖြစ်သည်။

ထိုစိတ်ကူးယဉ် အိပ်မက်များကို အားပြုကာ တကယ့်ဘဝထဲမှ ထွက်ပြေးတိမ်းရှောင်လိုသောစိတ် ရှိ၏။ ပြဿနာတစ်ခုခုကို သူသည် လက်တွေ့ရင်ဆိုင်ခြင်းထက် စိတ်ကူးနှင့် ရင်ဆိုင်ရခြင်းကိုသာ တွယ်တာမက်မောသည်။ သူ့စိတ်ကူးယဉ်အိပ်မက်များသည် အလွန်အံ့ဩဖွယ်ကောင်းသည်။ နက်ပ်ကျွန်းကျောက်မီးသွေးတွင်း၌ သူသည် မကြာခဏ သူရဲကောင်းဆန်သော ကြောက်စရာလုပ်ရပ်တစ်ခုခုကို စိတ်ကူးထဲ၌ မကြာခဏ လုပ်ခဲ့ဖူး၏။

တစ်ခါတစ်ရံတွင် သူသည် ရေနစ်နေသော ကလေးတစ်ယောက်အား

ကယ်ဆယ်လျက်ရှိသည်။ ရထားတိုက်မိတော့မည့်ဘေးမှ ကယ်တင်သွားသည့် အခါများလည်း ရှိ၏။ ကယ်တင်ပြီးသောအခါ သူသည် ဘယ်သူမှမသိအောင် လျှို့ဝှက်ပြီး ထွက်ခွာသွားသည်။ နောင်အခါကျမှ သူ့နာမည်ကိုသိသွားပြီး သူ့ကို လူအများက ပခုံးပေါ်၌တင်ကာ ပိုင်းဝန်းချီးကျူးနေခဲ့ကြသည်။ ဤသည်တို့မှာ လက်တွေ့ဖြစ်ရပ်များ မဟုတ်။ သူ့စိတ်ကူးယဉ်လောကတွင်းမှ အရာများသာလျှင် ဖြစ်လေသည်။

တစ်ခါတလေကျတော့လည်း သူသည် မိန်းမတစ်ယောက်အား စော်ကား မော်ကားပြုနေသည့် လူဆိုးလူမိုက်တစ်ဦးအား လက်သီးနှင့် အလဲထိုးလိုက်သည်။ သို့မဟုတ် လူထုပရိသတ်ကြီးအား သူက မိန့်ခွန်းပြောနေသည်။ သို့မဟုတ် သူ့အား ဆွဲဆောင်မှုအပေးဆုံးသော ဟက်တီတော့ဒ်နှင့်အတူ ကြီးကျယ်ခမ်းနားသည့် ညစာစားပွဲကြီး ကျင်းပနေသည်။ ထိုဖြစ်ရပ်အားလုံးသည်လည်း သူ၏ စိတ်ကူးယဉ် လောကအတွင်းမှ အရာများချည်းသာလျှင် ဖြစ်သည်။ တကယ်တော့ ထို စိတ်ကူး ယဉ်အိပ်မက်များသည် အကန့်အသတ်မရှိ၊ အဆုံးမရှိ၊ များစွာ ကြီးမားကျယ်ပြန့် လှသည်ဖြစ်ရာ သူ့အတွက် အသာယာဆုံးသော လောကတစ်ခု ဖြစ်ပေသည်။

သို့သော်လည်း သူသည် ယင်းစိတ်ကူးယဉ် အိပ်မက်များ၏ ကြောက်စရာ အန္တရာယ်ကို ကောင်းစွာသိသည့်အားလျော်စွာ ရှေ့တန်းသို့မတင်မိစေရန် ကြိုးစား သည်။ အခုဆိုလျှင် သူသည် ကြံ့ခိုင်သောစိတ်ဓာတ်ကို ပိုင်ဆိုင်ထားပြီး အသက် ကလည်း ဆယ့်ကိုးနှစ်နီးပါး ရှိနေပြီ။ နောက်တစ်နှစ်ဆိုလျှင် သတ္တုတွင်းအင်ဂျင် နီယာသင်တန်းမှပင် ပြီးဆုံးတော့မည်။ ထိုအခါ ဘဝသည် အစပြုပေတော့မည်။ ဤတစ်ခါ စမည့်ဘဝသည် တကယ့်လက်တွေ့ဘဝ ဖြစ်သဖြင့် သူ့တွင် "သတ္တိနှင့် နိုင်မာသောစိတ်" ရှိရပေတော့မည်။

သူသည် စာအုပ်ကိုပိတ်လိုက်ပြီး စောစောက ကြည့်ခဲ့သည့် နံရံပေါ်မှ ပိုစတာစာရွက်ကို လှမ်းကြည့်သည်။ သူသည် မျက်လုံးအစုံကို တင်းကျပ်စွာ မှိတ်၍ ပိုစတာပေါ်မှ စာတမ်းကို အကြိမ်ကြိမ် အထပ်ထပ် ရွတ်သည်။ ထို့နောက် အောက်ထပ်သို့ဆင်းကာ နံနက်စာစားမည့် စားပွဲဆီသို့သွားသည်။

သူ့အဖေသည် နံနက်စာကို အခြားသူများထက် နာရီဝက်စော၍ စားလေ့ ရှိသည်ဖြစ်ရာ သူ ရောက်သွားချိန်တွင် နံနက်စာကို စားသောက်ပြီးလုနီးနေလေပြီ။ သူ့အဖေသည် နောက်ဆုံး ကော်ဖီတစ်ခွက်ကိုပင် သောက်နေပြီ ဖြစ်၏။ သူ့ဒူး ပေါ်၌ တင်ထားသော သတင်းစာကို ငုံ့ကြည့်နေရာမှ အာသာက ....

'မင်္ဂလာနံနက်ပါ' ဟူသော နှုတ်ဆက်မှုကို ခေါင်းတစ်ချက်ညိတ်၍ တုံ့ပြန် သည်။



အာသာသည် သူ့အဖေအား ပြုံးကြည့်လိုက်ပြီး သူ့ကုလားထိုင်တွင် ဝင် ထိုင်သည်။ သူ့ကြက်ဥပြုတ်ကိုယူ၍ စားသည်။ သူ့အား သူ့အဖေက မျက်ခြည် မပြတ် ကြည့်နေသည်ကိုလည်း သတိထားနေမိသည်။

'အဖေထင်တယ် အာသာ ....' ဟူသော ပြောသံကို သူ့အဖေထံမှ ကြားရ သည်။

'ဒီနေ့တော့ ငါတို့ စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတစ်ခုရလိမ့်မယ်'

'ဟုတ်လား အဖေ'

'ငါတို့ ကန်ထရိုက်တစ်ခုရဖို့ အလားအလာရှိနေတယ်'

'ဟုတ်လား အဖေ' ဟု ထပ်ပြောကာ အာသာက သူ့အဖေမျက်နှာကို မော့ကြည့်သည်။ 'ငါတို့' ဟူသော စကားလုံးသည် သူ့အဖေက သူ့ကိုပါ ရည်ညွှန်း ထည့်သွင်းထားသည်ဟု သူ ယုံကြည်ထားသည်။ သူ့အဖေသည် သတ္တုတူးဖော် သောလုပ်ငန်းများနှင့် ပတ်သက်သမျှ ကိစ္စရပ်များတွင် သူ့ကို ထည့်သွင်းထားလိမ့် မည်ဟု သူ ထင်သည်။

'ရမှာကတော့ ပထမတန်းစား ကန်ထရိုက်ပဲ အာသာ၊ ပီ-ဒဗလျူအင် ကုမ္ပဏီနဲ့ လုပ်ရမယ့် လုပ်ငန်းပဲ'

'ဟုတ်ကဲ့ အဖေ'

'မင်း ဝမ်းသာတယ် မဟုတ်လား'

'ဝမ်းသာပါတယ် အဖေ'

ဘားရပ်စ်က ခေါင်းတစ်ချက် ညိတ်ပြန်သည်။

'သူတို့က မီးဖုတ်ပြီးသား ကျောက်မီးသွေးကို လိုချင်ကြတာ၊ ငါ စဉ်းစား မိတာက တွင်းဟောင်းကို ထပ်တူးလို့တော့ မသင့်ဘူးလို့ထင်တယ်၊ ဒါပေမဲ့ သူတို့က ငါတို့ကြိုက်ဈေးပေးရင် စကပ်ပါးဖလက်က တူးပေးမှဖြစ်မယ်'

'ဒီကိစ္စကို အဖေ ဘယ်တော့ကျမှ သိရမှာလဲ'

'ဒီနေ့နံနက် သိရမယ်' ဟု ဘားရပ်စ်က ပြန်ဖြေကာ ပေါင်ပေါ်မှ သတင်းစာ ကို ယူလိုက်သည်။

'ကိုးနာရီတိတိမှာ အဆင်သင့်ဖြစ်အောင်လုပ်ထား၊ ငါက စောင့်နေရတာ ကို မကြိုက်ဘူး' ဟု ပြောကာ သတင်းစာကို ဖတ်နေသည်။

အာသာသည် သူ့ကြက်ဥကို ဆက်စားနေသည်။ သူ့အဖေထံမှ ကြားလိုက် ရသည့်သတင်းအတွက် များစွာ အားရဝမ်းသာလျက်ရှိသည်။ သို့သော်လည်း ထိုအခိုက်မှာပင် သူ့ခေါင်းထဲသို့ ရုတ်တရက် ဝင်လာသည့် အတွေးတစ်ခုကြောင့် စိုးရိမ်စိတ် ဖြစ်ပေါ်လာသည်။ ချက်ချင်းပင် သူ့အဖေအား မေးခွန်းတစ်ခု မေးလို

စိတ် ဖြစ်လာသည်။ သူ့အဖေအနေဖြင့် စကပ်ပါးဖလက်တွင် လုပ်သင့်သလား၊ လုပ်နိုင်ပါ့မလား၊ မလုပ်ဘဲနေလျှင် ပိုမကောင်းဘူးလား ....။

ထိုအခိုက်မှာပင် အန်တီကေရီသည် အခန်းထဲသို့ ဝင်လာသည်။ သူနှင့်အအတူ ဂရေ့စ်နှင့် ဟစ်လ်ဒါတို့ပါ လိုက်လာကြသည်။ အန်တီကေရီ၏မျက်နှာသည် နံနက်ခင်းတိုင်း တွေ့မြင်ရသည့်ပုံစံပင် ဖြစ်သည်။ ကြည်လင်အေးဆေးသော မျက်နှာထားကိုပင် မြင်တွေ့ရသည်။ အန်တီကေရီသည် ဘယ်အချိန် ဘယ်အခါ၌မဆို အေးချမ်းသာယာမှုကိုသာ လိုလားသူ ဖြစ်၏။ ဘာပြောပြော၊ ဘာလုပ်လုပ် ရန်မီးပွားမလာအောင် သတိထား၍ ပြောဆိုလုပ်ကိုင်တတ်သူ ဖြစ်သည်။

အာသာက ပေါင်မုန့်မီးကင်ပန်းကန်ကို သူတို့ဘက်သို့ လှမ်းပေးသည်။ သူသည် ယခုအချိန်ထိ စောစောက သူ့ခေါင်းထဲ ဝင်လာခဲ့သည့် အတွေးအပေါ်၌သာ အာရုံစူးစိုက်နေဆဲ ဖြစ်၏။ တခြားမဟုတ်။ စကပ်ပါးဖလက်တွင်းအကြောင်းပင် ဖြစ်သည်။ အခုကျတော့လည်း သူ့စိတ်သည် အပြည့်အဝ ပျော်ရွှင်ခြင်းကို မခံစားရတော့ချေ။ သူ့စိတ်၏တစ်ဝက်သည် ပူပင်သောကနှင့် ကြုံနေရပြီ ဖြစ်သည်။ သူသည် သူ့ရှေ့မှ ပန်းကန်ကိုသာ စိုက်ကြည့်ပြီး အတွေးပင်လယ်ဝေလျက်ရှိ၏။ အိပ်ရာမှ နိုးကတည်းက ရွှင်မြူးနေခဲ့သောစိတ်သည် ကွယ်ပျောက်သွားခဲ့ရလေပြီ။ ဘာ့ကြောင့် အခုလို ဖြစ်ဖြစ်နေရတာပါလိမ့် ....။

သူသည် မျက်နှာချင်းဆိုင်၌ထိုင်နေသော ဂရေ့စ် ....။ မနာလိုတိုရှည်ဖြစ်သည့် မျက်နှာထားဖြင့် ကြည့်နေသည်။ ဂရေ့စ်သည် သူ့ဝသီအတိုင်း ပျော်ပျော်ရွှင်ရွှင်ရှိသည်။ ဘယ်တော့ကြည့်လိုက်၊ ကြည့်လိုက် ဂရေ့စ်သည် ဤပုံစံပင် ဖြစ်သည်။ အသက် ဆယ့်ခြောက်နှစ်အရွယ်ဖြစ်၍ နုနယ်ခြင်း၊ လန်းဆန်းခြင်းနှင့် ကလေးစိတ်မကုန်သေးခြင်းတို့သည် သူ၏ ချစ်စရာ အရည်အသွေးများ ဖြစ်လေသည်။

မနေ့က အာသာသည် ဂရေ့စ်အား ဒန်းတီးစ်ဒေးလ်နှင့် တရင်းတနှီးတွဲ၍ လျှောက်လာနေသည်ကို မြင်တွေ့ခဲ့ရ၏။ ထိုစဉ်က ဂရေ့စ်သည် ပန်းသီးတစ်လုံးကို ကိုက်၍ ကိုက်၍ စားလာနေသည်။ လာမည့်လဆိုလျှင် ဂရေ့စ်သည် ဟားရိုးဂိတ်မြို့သို့သွား၍ လူကုံထံ သားသမီးများသာ တက်ရောက်သင်ကြားလေ့ရှိသည့် လူမှုရေးရာ ပညာသင်ကျောင်း တက်ရတော့မည် ဖြစ်၏။ သို့ပါလျက်နှင့် သူသည် အနေအထိုင် မပြင်သေး။ နေ့ခင်းကြောင်တောင်ကြီး မြို့လယ်လမ်းမပေါ်၌ မုန့်ဖိုပိုင်ရှင်တစ်ဦး၏သားနှင့် တွဲလျှောက်ကာ ပန်းသီးကို ကိုက်ဝါး၍ စားနေသည်။ အကယ်၍သာ ဂရေ့စ်၏ အပြုအမူကို အန်တီကေရီ မြင်တွေ့ခဲ့ပါမူ အပြစ်တင်လိမ့်မည်မှာ မလွဲ။ ပန်းသီးမှာလည်း ဒန်းတီးစ်ဒေးလ်က ပေးထားခြင်း ဖြစ်သည်မှာလည်း သံသယဖြစ်ဖို့မရှိပါဟု သူ ထင်သည်။



အာသာက သူ့အား ကြည့်နေသည်ကို မြင်သွားသော ဂရေ့စ်က ပြုံးပြသည်။ ပြီးတော့ အသံမထွက်ဘဲ စကားတစ်လုံးကို ရေရွတ်ပြသည်။ စကားလုံးကို အာသာ နားလည်စေရန်အတွက် သူ့နှုတ်ခမ်းများကို အပီအပြင်ဖြစ်အောင် လုပ်ပြသည်။ အာသာကလည်း ဂရေ့စ်၏ စကားလုံးကို နားလည်သည်။ ဂရေ့စ်က 'ဟက်တီ' ဟု ပြောခြင်းဖြစ်သည်။ ဂရေ့စ်သည် အာသာတစ်ယောက် တွေတွေငေးငေး ဖြစ်နေသည့်အခါတိုင်း ဟက်တီကို အိပ်မက်မက်နေပြီဟု ယောင်တတ်လေသည်။

အာသာက ခေါင်းတစ်ခါခါ လုပ်သည်။ သူ့အမူအရာသည် ဂရေ့စ်အဖို့၌ ရယ်စရာကောင်းနေသည်။ ရင်ထဲ၌ မျိုသိပ်ထားရသည့် ရယ်ချင်စိတ်ကို တအားထိန်းလိုက်သည့်အခါ တခွီ....ခွီး ဖြစ်လာသည်။ ပလုတ်ပလောင်းစားနေရင်းက ရယ်လိုက်မိခြင်းဖြစ်၍ ပါးစပ်ထဲမှ အစာများသည် ဖွီးခနဲမြည်ကာ အပြင်သို့ လွင့်ထွက်လာသည်။ ချောင်းလည်း တဟွတ်ဟွတ် ဆိုးလာသည်။

'အမယ်လေး ....အစာက လမ်းကြောင်းမှားပြီး ဝင်သွားတယ်' ဟု ရေရွတ်သည်။

ဟစ်လ်ဒါက ဂရေ့စ်အား မျက်မှောင်ကုတ်၍ကြည့်သည်။

'ကော်ဖီကို မြန်မြန်သောက်လိုက်လေ၊ ဒါမျိုးတွေ မလုပ်စမ်းနဲ့ ....ဟယ်' ဟု ဟန့်သည်။

ဂရေ့စ်က ကော်ဖီကို သောက်လိုက်သည်။ ဟစ်လ်ဒါကတော့ ဂရေ့စ်အား မကျေမနပ်သော မျက်နှာထားဖြင့် ကြည့်နေဆဲ ....။

'နင်ဟာ ကောင်းကောင်းမွန်မွန် နေထိုင်တတ်တဲ့ အကျင့်စရိုက် လုံးဝကို မရှိဘူး၊ ဘယ်တော့မဆို ထင်ရာလျှောက်လုပ်နေတာပဲ' ဟု အပြစ်တင်သည်။

အာသာသည် ပြင်းထန်လှသော ဟစ်လ်ဒါ၏ မှတ်ချက်အပေါ် အံ့သြခြင်း ဖြစ်မိ၏။ အမှန်တော့ ဟစ်လ်ဒါသည် ဂရေ့စ်ကို ချစ်သည်။ သို့သော်လည်း ဂရေ့စ်၏ နေထိုင်ပြုမူပုံများနှင့် ပတ်သက်၍ အမြင်မတော်ဖြစ်လာလျှင် နည်းနည်းကလေးမျှ ညှာတာထောက်ထားခြင်းမရှိဘဲ ထောက်ပြတတ်သည်။ ဟစ်လ်ဒါသည် ဂရေ့စ်ကို ချစ်သည်နှင့်အမျှ ဂရေ့စ်ကို ကောင်းစေချင်သောဆန္ဒ ရှိနေသည်မှာ ထင်ရှားလျက်ရှိပေသည်။

အာသာသည် ကော်ဖီကို လက်စသိမ်းလိုက်သည်။ သူသည် စောစောက တွေးမိခဲ့သော အကြောင်းကို ပြန်ပြီး သတိရလာပြန်သည်။ သူ့အဖေအား တစ်ချက်လှမ်းကြည့်သည်။ သူ့အဖေသည် သတင်းစာကို ဖတ်နေဆဲ။ သူသည် သူ့အဖေ သတင်းစာဖတ်အပြီးကို စောင့်နေသည်။ သူ မေးလိုသည့်မေးခွန်းကို အခုမေးရ

လျှင် ကောင်းမလား၊ ကျောက်မီးသွေးတွင်းကိုအသွား လမ်းကျမှ မေးရလျှင် ကောင်းမလား။ သို့မဟုတ် အလုပ်က အိမ်အပြန်လမ်းကျမှ မေးရလျှင် သင့်မလား။

နောက်ဆုံးတွင် ဘားရုပ်စ်သည် သတင်းစာ ဖတ်ပြီးသွားသည်။ သူသည် သတင်းစာကို သေသေသပ်သပ်ခေါက်ကာ အန်တီကေရီလက်သို့ လှမ်းပေးသည်။ ထုံးစံအတိုင်းဆိုပါက ဘားရုပ်စ် အခန်းထဲမှ ထွက်တော့မည်အပြုတွင် သတင်းစာကို ဟစ်လ်ဒါက ယူလေ့ရှိသည်။ အခုကျတော့ သူသည် လုပ်ရိုးလုပ်စဉ်အတိုင်း မလုပ်။

ဘားရုပ်စ်သည် ထိုင်ရာမှထကာ အခန်းထဲမှ ထွက်သွားသည်။ အာသာက သူ့နောက်မှ လိုက်သွားသည်။ ငါးမိနစ်မျှအကြာတွင် သူတို့၏ ဒေါက်ကပ် မြင်းလှည်းသည် ကျောက်မီးသွေးတွင်းဆီသို့ သွားလျက်ရှိသည်။ သူ့လျှာပေါ်တွင် စကားလုံးများ တန်းစီလျက်ရှိသည်မှာ အကြိမ်ပေါင်း တစ်ဒါဇင်ခန့်ရှိခဲ့ပြီ။ သို့သော်လည်း အပြင်သို့ထွက်မလာ။ စကားတစ်ခွန်းမှ မပြောဖြစ်။ သူ့စိတ်ကူးထဲမှာကတော့ သူသည် စကားပြောနေသည်။ သူပြောနေသည့် စကားများကိုလည်း သူ့နားက ကြားနေသည်။

သူ့ပါးစပ်မှ ပြောချင်နေသည့်စကားအတွက် ချိန်ရ ဆရ စဉ်းစားရသည်မှာ စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလှချေသည်။ သူ ကံကောင်းသည်ဟု ဆိုရမည်။ သူ တပင်တပန်း စဉ်းစားနေခိုက်မှာပင် သူ့အဖေ၏ စကားပြောသံကို သူ ကြားလိုက်ရလေ၏။

'လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်က စကပ်ပါးဖလက်မှာ ပြဿနာဖြစ်ခဲ့တာ မင်း မှတ်မိသေးလား'

'မှတ်မိတယ် အဖေ' ဟု အာသာက ပြန်ဖြေကာ သူ့ဘေး၌ တောင့်တောင့် မတ်မတ်လုပ်၍ တခမ်းတနား ထိုင်နေသော သူ့အဖေမျက်နှာကို တစ်ချက်မျှ ခိုးကြည့်သည်။

'သိပ်ကိုဆိုးတဲ့ အဖြစ်မျိုးပဲ၊ ငါ့အနေနဲ့ ဘယ်ဖြစ်ချင်ပါ့မလဲ၊ ဒါပေမဲ့ ဖြစ်လာခဲ့တော့ ဘာတတ်နိုင်မှာလဲ၊ ငါ့မှာ ငွေကုန်ကြေးကျလည်း အရှုံးများခဲ့တယ်'

ဘားရုပ်စ်သည် အတိတ်ကဖြစ်ရပ်ကို ပြန်တွေးကာ စိတ်မကောင်းဖြစ်လျက် ရှိသည်။

'ဘဝဆိုတာ ခက်ခဲတာပဲ၊ တစ်ခါတလေ ဒုက္ခတွေနဲ့ ကြုံတွေ့ရတတ်တဲ့ သဘောတွေ ရှိတတ်တယ် အာသာ၊ လူတစ်ယောက်ဟာ ကိုယ့်ပတ်ဝန်းကျင် အခြေအနေကိုကြည့်ပြီး လုပ်ကိုင်သွားတတ်ဖို့လိုတယ်'



ဘားရုပ်စ်သည် ခဏမျှ ငြိမ်ဆိတ်နေသည်။

'ဒါပေမဲ့ ဒီတစ်ခါတော့ ဘာပြဿနာမှ ရှိလာလိမ့်မယ်လို့ မထင်ပါဘူး' ဟု ရေရွတ်သည်။

'အဖေ အဲဒီလိုပဲ ထင်ထားသလား'

'အေး ....ထင်ထားတယ်၊ ဒီတစ်ခါ သေချာပါတယ်၊ ဘာမှဖြစ်ဖို့မရှိပါဘူး၊ လူတွေအနေနဲ့လည်း ဖြစ်ပြီးခဲ့တဲ့ကိစ္စကြောင့် သင်ခန်းစာရထားပြီဆိုတော့ ဒါမျိုး ထပ်မဖြစ်အောင် သတိထားကြမှာပါ။

'စကပ်ပါးတွင်းကလည်း ရေခိုတွင်း ဖြစ်နေပြီ၊ မက်က်ဇင်းနဲ့ ပါရာဒိုက်စ် တွင်းနှစ်တွင်းလည်း ရေခိုတွင်းတွေပဲ၊ အလုပ်သမားတွေအနေနဲ့ ရေခိုတွင်းတွေ ထဲမှာ ကျောက်မီးသွေးတူးကြရတဲ့ အလုပ်ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် လုပ် တတ်နေကြပြီပဲ၊ သိပ်ပြီးစိတ်ပူစရာတော့ ရှိမယ်မထင်တော့ပါဘူး'

သူ့အဖေ၏ စကားများကြောင့် အာသာသည် များစွာစိတ်သက်သာရာ ရသွားသည်။ လွန်ခဲ့သော နာရီပိုင်းအတွင်းက ကိန်းအောင်းနေခဲ့သည့် သောကများသည် ပျောက်ကွယ်လုနီးပါး ဖြစ်သွားသည်။ သူ့အဖေအား ကျေးဇူးတင်သော စိတ်သည် ဖြစ်ပေါ်လာသည်။ သူ့အဖေသည် ရိုးသားဖြူစင်သည်။ တည်ငြိမ် အေးဆေးသည်။ စိတ်ဓာတ်အင်အား ကြံ့ခိုင်ကြီးမားသည်။ ဤအရည်အချင်းများ ရှိနေသဖြင့်လည်း အာသာသည် သူ့အဖေအား အထင်ကြီးသည်။ ချစ်မြတ်နိုး သည်။ အခုတော့လည်း သူ့ရင်ထဲ၌ရှိနေသည့် သောကများသည် လွင့်စဉ်ပျောက် ပျက်သွားကြပြီ။ နံနက်စောစောက ရရှိထားခဲ့သော စိတ်သာယာမှုသည် ပြန်လည် ကိန်းအောင်းလာခဲ့ပြီ။

မြင်းလှည်းသည် ကောင်းပင်လမ်းကို ဖြတ်ကာ ကျောက်မီးသွေးတွင်းဝင်း ထဲသို့ ဝင်ရောက်ခဲ့သည်။ အမ်းစထရောင်းသည် ပြတင်းပေါက်အနီး၌ရပ်ကာ အပြင်သို့ မျှော်ကြည့်နေသည်ကို မြင်ရသည်။ မိမိတို့သားအဖ ရောက်အလာကို စောင့်မျှော်နေသည်မှာ သိသာထင်ရှားလျက်ရှိသည်။ သူသည် မြင်းရထားကို မြင်လိုက်သည့်အခါ ပြတင်းပေါက်အနီးမှ ခွာသွားသည်။ ရုံးခန်းထဲသို့ ဝင်ရောက်လာသည့် ဘားရုပ်စ်အား ဆီးကြိုသည်။

'ကြေးနန်းတစ်စောင် ရောက်နေပါတယ် ခင်ဗျာ' ဟု အမ်းစထရောင်းက ပြောကာ ကြေးနန်းစာကို ညွှန်ပြသည်။ ဘားရုပ်စ်သည် စားပွဲပေါ်မှ လိမ္မော်ရောင် စာအိတ်ကို ကောက်ယူပြီး ဖောက်ဖတ်သည်။

'တို့တောင်းထားတဲ့ဈေးကိုပေးဖို့ သူတို့က သဘောတူလိုက်ပြီ' ဟု ဘားရုပ်စ် က ပြောသည်။

'ဒါဆိုရင် တနင်္လာနေ့ကစပြီး စကပ်ပါးဖလက်မှာ အလုပ် စလုပ်ကြရမှာပေါ့' ဟု အမ်းစထရောင်းက ပြန်ပြောသည်။ ဘားရပ်စ်က ခေါင်းညိတ်ပြလေသည်။

အမ်းစထရောင်းသည် သူ့လက်ခုံဖြင့် နှုတ်ခမ်းကို ပွတ်လိုက်ပြီး ဆက်ရပ်နေသည်။ ဘားရပ်စ်က ဘာများပြောဦးမလဲဟု စောင့်မျှော်နေသည့်သဘော ဖြစ်၏။ ထိုအခိုက်တွင် စားပွဲပေါ်မှ တယ်လီဖုန်းသံ ကြားလိုက်ရ၏။ သူသည် စားပွဲဆီသို့ လျှောက်သွားကာ တယ်လီဖုန်းကို ကောက်ယူလိုက်သည်။

'ဟယ် ....လို၊ ဟယ် ....လို'

သူသည် တယ်လီဖုန်းကို ကိုင်ကာ တစ်ဖက်မှအသံကို နားထောင်နေသည်။

'တိုင်နီကပ်ဆဲလ်က မစ္စတာတော့ဒ်ပါ၊ ဒီနေ့နံနက် သူ ဖုန်းဆက်တာ နှစ်ခါရှိသွားပါပြီ' ဟု ပြောကာ တယ်လီဖုန်းကို လှမ်းပေးသည်။ ဘားရပ်စ်က လှမ်းယူသည်။

'ဟုတ်ပါတယ်၊ ရစ်ချတ်ဘားရပ်စ်ပါ၊ သြော် ....ဟိုကိစ္စလား ပြီးပြတ်သွားပြီ တော့ဒ်'

သူသည် တစ်ဖက်မှစကားကို နားထောင်နေသည်။ ချက်ချင်းပင် တည်ငြိမ်အေးဆေးသော လေသံဖြင့် 'တွေ့ကရာတွေ လျှောက်တွေးမနေနဲ့ တော့ဒ်၊ ဒီကိစ္စက သေချာသွားပြီပဲ' ဟု ပြန်ပြောသည်။

ဘားရပ်စ်သည် နောက်တစ်ကြိမ် နားစွင့်နေပြန်သည်။ စိတ်မရှည်သော အရိပ်လက္ခဏာများသည် သူ့နဖူးပေါ်၌ ထင်ဟပ်လာသည့် အရေးအကြောင်းများက ဖော်ပြနေပေသည်။

'ဟုတ်တယ်လို့ ကျွန်တော်ကတော့ ပြောရမှာပဲ' ဟု ဘားရပ်စ်က ပြောသည်။ သူ့အသံတွင် စိတ်မရှည်သံ ပါနေသည်။

'ဟာ....အဓိပ္ပာယ်မရှိတာပဲ ငါ့လူရာ၊ ဟုတ်တယ်၊ ကျွန်တော့်ဘက်က အဲဒီလိုပဲ တွေးသင့်တာပေါ့၊ ဒါက ဖုန်းနဲ့ မပြောချင်ဘူး၊ ဘာ ....၊ ဟာ ....ဗျာ၊ ကျွန်တော်ကတော့ အဲဒီအချက်ကို နည်းနည်းလေးမှ လိုမယ်မထင်ဘူး၊ အင်း ဒီညနေ တိုင်နီကပ်ဆဲလ်ကို ကျွန်တော် လာခဲ့မယ်၊ ဘယ်မှာတွေ့ကြမလဲ၊ ခင်ဗျား အိမ်မှာလား၊ ရတယ်လေ၊ ဘာဖြစ်ပြန်ပြီလဲ၊ အစာမကြေတာပဲလား ....'

ဘားရပ်စ်သည် ဖုန်းခွက်ထဲမှအသံကို ငြိမ်၍ နားထောင်နေပြန်သည်။

'သြော် ....အသည်း ထပ်ဖြစ်ပြန်ပြီလား၊ အေးလေ ....၊ ဒုက္ခပါပဲ၊ ဒါပေါ့ဗျာ စိတ်ပျက်စရာပေါ့၊ ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ သဘောချင်းမတိုက်ဆိုင်စရာ



တစ်ခုပဲ၊ ဒါကတော့ ကျွန်တော် သိပ်ပြီး အလေးအနက်မထားပါဘူး၊ ကျွန်တော် ပြောမယ်၊ နားထောင်ပါဦး၊ ကျွန်တော် အာသာကို ခေါ်ခဲ့မယ်၊ ဟက်တီကိုလည်း ပြောပြထားလိုက်ပါ'

သူသည် တယ်လီဖုန်းကို ခွက်ပေါ်သို့ ပြန်တင်လိုက်သည်။ စက္ကန့်ပိုင်းမျှ ရပ်၍ စဉ်းစားနေသည်။ အာသာဘက်လှည့်၍ 'တို့ ဒီညနေ တိုင်နီကပ်ဆဲလ်ကို သွားမယ်၊ တော့ဒ်က နေမကောင်းဖြစ်ပြန်ပြီ' ဟု ပြောသည်။ ထို့နောက် အမ်းစထရောင်းနှင့်တွဲ၍ ရုံးခန်းအပြင်ဘက်သို့ ထွက်သွားသည်။

အာသာသည် ရုံးခန်းထဲတွင် အတွေးပေါင်းစုံဖြင့် ခေါင်းရှုပ်၍ကျန်ရစ်ခဲ့သည်။ တော့ဒ်သည် အရက်ကြောင့် မကြာခဏ ရောဂါထူးနေခြင်း ဖြစ်သည်ဟု သူ နားလည်ထားသည်။ မကြာခဏ အသည်းရောင်ရောဂါကို ခံစားရတတ်သည်ကိုလည်း သူ သိထားခဲ့ရ၏။ အာသာသည် အဒေမ်တော့ဒ်တစ်ယောက် နေထိုင်မကောင်းဟု သိရတိုင်း စိတ်မကောင်းဖြစ်ရလေသည်။

သူသည် တော့ဒ်ကို ခင်သည်။ သနားလည်း သနားသည်။ တော့ဒ်သည် ဆေးလိပ်နှင့် အရက်ကြောင့် မကြာခဏ ချူချာတတ်သည်။ သူသည် ငယ်ရွယ်စဉ်က မိမိ၏ဖခင် ရစ်ချတ်ဘားရပ်စ်ထံ၌ လက်ထောက်အဖြစ် လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ထိုစဉ်အခါကတော့ တော့ဒ်သည် အလုပ်ကို အလွန်ကြိုးစားသူ ဖြစ်သည်။ စိတ်အားထက်သန်မှုကလည်း ပြင်းထန်ကြီးမားခဲ့၏။ သူ့အလုပ်အတွက် ကြီးမားသော မျှော်လင့်ချက်ကိုလည်း ထားခဲ့သည်။

ထို့နောက်တွင်မူ နှစ်တွေ လတွေ ကုန်လွန်လာခဲ့သည်။ ထိုကာလအတွင်း သူသည် သူ့ဇနီးကို ဆုံးရှုံးခဲ့ရ၏။ ကလေးမီးဖွားရာ၌ အဆင်မပြေဖြစ်ကာ သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ထိုအတောအတွင်း နော့သ်အက်တွန်အမှုဟု ကျော်ကြားခဲ့သော အမှုကြီးတစ်မှု ဖြစ်ပွားလာခဲ့သည်။ ထိုအမှုတွင် ဘရစ်ဟက်တွန်ကုမ္ပဏီက တော့ဒ်အား ကျွမ်းကျင်ပညာရှင် သက်သေအဖြစ် တင်ပြခဲ့ရာမှ အများ၏ အထင်အမြင် လွဲမှားမှုကို ခံခဲ့ရသည်။ သူသည် ထိုအမှုကြောင့် နာမည်ပျက်ခဲ့ရ၏။ စိတ်ဓာတ်လည်း ကျဆင်းပျက်ပြားခဲ့ရ၏။ သူ့ကိုယ်သူ ယုံကြည်မှုသည်လည်း မရှိသလောက် ဖြစ်ခဲ့ရ၏။ ဤသည်မှစ၍ သူ့ဘဝသည် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရလေ၏။

သူ့ကလေးများသည် အသက်အရွယ် ကြီးမားလာကြသည်။ သူ့အချစ်ဆုံးသမီး လော်ရာသည် အိမ်ထောင်ကျသွားသည်။ သားဖြစ်သူ အေလန်မှာ သူ့ဖခင်၏လုပ်ငန်းကို ပြန်လည်တည်ဆောက်ရေးကို လုပ်ရမည့်အစား သူ့သာယာပျော်ရွှင်မှုကိုသာ အလေးထား၍ ရှာဖွေလျက်ရှိ၏။ ဟက်တီကလည်း သူ့ကိုခ
သာသူ စိတ်ဝင်စားပြီး သူ ပျော်သလိုသာ နေထိုင်ခဲ့သည်။

တဖြည်းဖြည်းနှင့် တော့ဒ်သည် သူ့ဘာသာသူ တစ်ဦးတည်းနေသော အကျင့်ကို ရလာသည်။ သူသည် ကမ်းထရီးကလပ်မှတစ်ပါး အခြား ဘယ်ကိုမှ မသွားတော့။ ညစဉ်ညတိုင်း ကမ်းထရီးကလပ်တွင် ညရှစ်နာရီမှ ဆယ့်တစ်နာရီအထိ သူ ထိုင်နေကျနေရာ၌ထိုင်ကာ အရက်ကို တစိမ့်စိမ့် သောက်သည်။ ဆေးလိပ်ကို တစ်လိပ်ပြီးတစ်လိပ် သောက်သည်။ ပါးစပ်မှလည်း စကားတွေ တတွတ်တွတ် ပြောနေလေ့ရှိသည်။

ထိုနေ့နံနက် တစ်နံနက်ခင်းလုံး အာသာသည် အလုပ်ကို လုပ်နေရသော်လည်း အလုပ်တွင် စိတ်ဝင်စားခြင်းမရှိ။ အဒမ်တော့ဒ်၏ အကြောင်းကို သူ့ခေါင်းထဲမှ ထုတ်၍မရ။ ညနေသုံးနာရီ ထိုးသည့်အခါ သူ့အဖေနှင့်အတူ တိုင်နီကပ်ဆဲလ်သို့ လိုက်ခဲ့သည်။ ကောလိပ်ရိုးရှိ တော့ဒ်၏နေအိမ်သို့ သားအဖနှစ်ယောက် လျှောက်လာခဲ့ကြသည်။

ဘားရပ်စ်သည် အိမ်ရှေ့မှ ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ တံခါးဖွင့်ပေးသူမှာ တော့ဒ်ကိုယ်တိုင် ဖြစ်၏။ တော့ဒ်သည် ခါတိုင်းလိုပင် ဖြစ်သည်။ ဖြစ်ကတတ်ဆန်း ဝတ်စားဆင်ယင်ထားသည်။

'ဘယ်လိုလဲ တော့ဒ်' ဟု ဘားရပ်စ်က တော့ဒ်အား အသေအချာကြည့်ပြီး ရေရွတ်သည်။

'ခင်ဗျား ဘာပြုလို့ အိပ်ရာထဲ လှဲမနေတာလဲ'

'ရပါတယ် ....ကိစ္စမရှိပါဘူး' ဟု ပြောကာ နှာခေါင်းပေါ်သို့ လျှောကျနေသော မျက်မှန်ကို တွန်းတင်လိုက်သည်။ မျက်မှန်ကတော့ ချက်ချင်းပင် ပြန်လျှောကျလာသည်။

'အအေးမိတဲ့သဘောပါ၊ နောက်နှစ်ရက် သုံးရက်ဆိုရင် သက်သာသွားမှာပါ'

'အင်းပေါ့လေ၊ ဒီလိုဆိုလည်း ကောင်းပါတယ်' ဟု ဘားရပ်စ်ကပြုံး၍ အလိုက်သင့် ပြန်ပြောသည်။ 'အအေးမိတာပါ' ဟု မကြာခဏ ပြောတတ်သော ဘားရပ်စ်အတွက် ပြုံးစရာကောင်းသည့် ပြက်လုံးတစ်ခုလို ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ လုပ်ငန်းအဆင်ပြေပြီး ချမ်းသာကြွယ်ဝနေသော ဘားရပ်စ်နှင့် အဝတ်အစား တစ်ပတ်နွမ်းများကို ဝတ်၍ ကျန်းမာရေး ချို့တဲ့နေရှာသည့် တော့ဒ်တို့၏ ကွာဟမှုသည် ကြီးမားလှချေသည်။

'ကျွန်တော် ခင်ဗျားကို စကားတစ်ခု ပြောချင်တယ် ရစ်ချတ်'

'ပြောပါ'

'ကျွန်တော် ဒီမနက် ဖုန်းဆက်တာ အနှောင့်အယှက်များ ဖြစ်သွားသလား



'တော့ဒ်ရယ် .... ဘာပြုလို့ စိတ်ဆိုးရမှာလဲ'

'ကျွန်တော့်စိတ်ထဲမှာ ပြောမှဖြစ်မယ်လို့ ခံစားနေရလို့ပါ'

တော့ဒ်၏အသံသည် တောင်းပန်တိုးလျှိုးသံ ပါနေသည်။

'ရပါတယ်၊ ပြောစရာရှိတာသာ ပြောပါ'

'လာပါ၊ နောက်ဘက်အခန်းထဲ သွားကြရအောင်၊ ဟိုမှာက မီးဖိုရှိတယ်၊ ကျွန်တော်က နည်းနည်းအေးနေလို့ပါ'

သူသည် စကားကို ဆက်မပြောဘဲ ရပ်ထားပြီး အာသာအား လှမ်းကြည့်သည်။

'မင်း ဟက်တီဆီကို သွားချင်မှာပေါ့၊ သွားလေ .... အပေါ်ထပ်မှာရှိတယ်၊ ဆော်ရာလည်း ယာရီးကနေပြီး ဒီနေ့ နေ့ခင်း ရောက်လာတယ်၊ သူတို့နှစ်ယောက်စလုံး အပေါ်ထပ်က ဧည့်ခန်းထဲမှာ ရှိကြတယ်' ဟု ပြောသည်။

အာသာ၏မျက်နှာသည် နီရဲနေသည်။ သူ ပြောနေသည့် စကားများကြောင့် အာသာသည် စိတ်လှုပ်ရှားလျက်ရှိသည်။ တော့ဒ်သည် သူ့အဖေအား ထူးခြားသည့်စကားများ ပြောလိမ့်မည်မှာ သေချာ၏။ သူသည် ထိုစကားများကို နားထောင်ချင်သည်။ သူ နားထောင်ခွင့်ရရှိလိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့၏။ အခုကျတော့ သူ့အား ဖယ်ထုတ်နေလေပြီ။ သူသည် သူ့အား ဖယ်ထုတ်လိုက်ခြင်းကို မသိလေဟန် ဆောင်ထားသည်။

'ဟုတ်ကဲ့ပါ၊ ကျွန်တော် အပေါ်ထပ်ကို သွားပါ့မယ်'

တော့ဒ်က ခေါင်းညိတ်သည်။ ဘားရပ်စ်က အာသာအား လှမ်းပြောသည်။

'အဖေ သိပ်မကြာဘူး၊ အဖေတို့ ငါးနာရီဆယ်မိနစ် ရထားနဲ့ ပြန်မယ်'

သူသည် တော့ဒ်နောက်မှ လိုက်သွားသည်။

အာသာသည် ခန်းမထဲ၌ရပ်လျက် ကျန်ရစ်ခဲ့သည်။ တော့ဒ်က ပြောလိုသည့်စကားသည် ဘာပါလိမ့်။ သူ့အဖေထံမှ ငွေများ ချေးငှားချင်လို့လား၊ သို့မဟုတ်လျှင် တခြား ဘာကိစ္စများ အရေးတကြီး ပြောချင်လို့ပါလိမ့်။ အာသာသည် စဉ်းစားရခက်လျက်ရှိသည်။ ထိုအခိုက်မှာပင် အပေါ်ထပ်မှ ဆင်းလာသော ဟက်တီကို သူ မြင်ရသည်။

'အာသာ' ဟု ဟက်တီက လှမ်းခေါ်သည်။

'အာသာ့အသံကို ကြားလိုက်လို့ ဆင်းလာတာ' ဟု ပြောသည်။ သူသည် ပြောဆိုဆိုနှင့် အာသာထံ လျှောက်လာပြီး လက်တစ်ဖက်ကို ဆန့်တန်းပေးသည်။

အာသာသည် ဟက်တီကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် သူ့အဖေကိုရော တော့ဒ်ကိုပါ မေ့သွားသည်။

'ဟယ်လို ဟက်တီ' ဟု နှုတ်ဆက်စကား ပြောသည်။ အပြင်ထွက်မည့် အဝတ်အစားများ လဲထားသည်ကို သတိပြုမိသည့်အခါ 'ဘာလဲ ....ဟက်တီ အပြင်သွားမလို့လား' ဟု မေးသည်။

ဟက်တီသည် ရှက်ရွံ့တတ်သည့် မိန်းကလေး မဟုတ်။ သူသည် အာသာ အား ပြုံး၍ကြည့်ပြီး ....

'ဟုတ်တယ် အာသာ၊ လော်ရာနဲ့ အပြင်သွားမလို့' ဟု ပြောသည်။

'ဒီနေ့တစ်နေ့ခင်းလုံး အစ်မနဲ့ပဲ အချိန်ကုန်နေရတယ်၊ ဒါပေမဲ့ အာသာ အတွက် လက်ဖက်ရည်တစ်ခွက်တော့ ဖျော်တိုက်ခဲ့ဦးမယ်'

'တစ်ရက်လောက်တော့ တို့ ဒီလေးကိုသွားပြီး လက်ဖက်ရည်သောက်ကြ ရအောင်လား' ဟု အာသာက ပြောသည်။

'ကောင်းတာပေါ့ အာသာရယ်၊ သွားမှာပေါ့'

အာသာသည် ဟက်တီအား စေ့စေ့စပ်စပ် ကြည့်သည်။ သူ့မျက်စိထဲတွင် ဟက်တီသည် အလွန့်အလွန် လှနေသည်။ အခုဆိုလျှင် ဟက်တီသည် အသက် ဆယ့်ရှစ်နှစ် ရှိနေပြီ။ သူ့အလှသည် ပီပြင်ပေါ်လွင်လှဘိခြင်း။ သူသည် ဟက်တီ ၏အလှတွင် နစ်မျောလျက်ရှိ၏။ ပျော့ပျောင်းသေးသွယ်သော လက်များ၊ အစိမ်း ရောင် မျက်လုံးအစုံ၊ ဖြူဖွေးသောအသား၊ နူးညံ့သော ရွှေရောင်ဆံပင်၊ မည်းနက် သောမျက်ဆံ၊ တစ်ကိုယ်လုံးသည် ဆွဲဆောင်မှုအပြည့် ရှိနေသည်။ အခုလည်း ဟက်တီသည် သူ့အားပြုံးပြီး ကြည့်နေသည်။

'ဘာလဲ ဟက်တီ ....ဒီလေးဆိုင်ကို တို့နဲ့ အတူတူသွားချင်တာ တကယ် လား' ဟု အာသာက မေးသည်။

'တကယ်ပြောတာပေါ့' ဟု ဟက်တီက ဖြေသည်။ အမှန်တော့လည်း ဟက်တီသည် အမှတ် ၁၅၊ ကောလိပ်ရိုးအိမ်ကို သံယောဇဉ် သိပ်မရှိ။ ခေတ်မမီ တော့သည့် ဤအိမ်နှင့် ဤပတ်ဝန်းကျင်သည် သူ့စိတ်ကို များစွာ အနှောင့်အယှက် ပြုလျက်ရှိ၏။ သူသည် ဤအိမ်ထက်ကောင်းသောအိမ်သို့ ပြောင်းရွှေ့ရန် သူ့ အဖေအား အမြဲတစေ ပူဆာနေသူဖြစ်သည့်အားလျော်စွာ ဤအိမ်၌ လက်ဖက်ရည် သောက်ရခြင်းထက် အခြားတစ်နေရာ၌ လက်ဖက်ရည် သောက်ရခြင်းကို ပိုမို၍ နှစ်သက်သူ ဖြစ်လေသည်။

'အာသာကကော ဟက်တီ့ကို တကယ်ခေါ်သွားချင်တာ ဟုတ်ရဲ့လား'

ထိုအခိုက်တွင် သူတို့နောက်မှ ချောင်းဟန့်သံ ကြားရသည်။ နှစ်ဦးစလုံး လှည့်ကြည့်သည်။ လော်ရာသည် သူတို့နှင့် မနီးမဝေး၌ ရပ်လျက်ရှိသည်။ ဟက်တီ ၏မျက်နှာထားသည် ပြောင်းသွားသည်။



'ဘယ်လိုလုပ်တာလဲ လော်ရာ၊ ကိုယ်လာနေတာကို သူများသိအောင် အသံလေးဘာလေး ပြုဖို့သင့်ပါတယ်' ဟု ဟက်တီက ဒေါသဖြင့်ပြောသည်။

'လော်ရာ ချောင်းဆိုးသံ ပေးထားတယ်လေ' ဟု လော်ရာက ပြောသည်။

'ပြီးတော့ နှာချေတော့မလို လုပ်နေတာ'

'တော်တော်လူလည်ကျတာ' ဟု ဟက်တီက မကျေနပ်သော မျက်နှာထား ဖြင့် သူ့အစ်မကို လှမ်းကြည့်ပြီး ပြောသည်။

လော်ရာကတော့ ဟက်တီ၏စကားကို ဂရုမပြု။ သူ့လက်အိတ်များကို ချွတ်ရင်း ဟက်တီအား တစ်လှည့်၊ အာသာအားတစ်လှည့် ကြည့်နေသည်။ သူ သည် ကြော့မော့လှပနေအောင် ဝတ်စားဆင်ယင်ထားသည်။ အာသာသည် လော်ရာ အား စတာန်လေမီလင်တန်နှင့် လက်ထပ်သွားပြီးကတည်းက မတွေ့ခဲ့၊ မမြင်ခဲ့။ သို့သော်လည်း ဘာအကြောင်းကြောင့်မှန်းမသိ။ သူသည် လော်ရာနှင့်ဆုံမိတိုင်း စိတ်ထဲတွင် မငြိမ်မသက် ဖြစ်ရ၏။ မလုံမလဲ ဖြစ်ရ၏။

လော်ရာ၏ အပြုအမူသည် ဟက်တီ၏စိတ်ကို ဆွပေးသလို ဖြစ်နေ သည်။

'ဒီနေရာမှာ တစ်ချိန်လုံးရပ်နေလို့ အပိုပဲ၊ အာသာက ညီမကို ဒီလေးဆိုင် ခေါ်သွားမယ်လို့ ပြောထားတယ်' ဟု ဟက်တီက ပြောသည်။

'ကဲ ....လာ၊ အာသာ ....ဟက်တီတို့ သွားကြစို့'

လော်ရာက စကားတစ်ခွန်းမှမပြောဘဲ ပြုံး၍သာနေသည်။ သူတို့သုံးယောက် အိမ်အပြင်လမ်းမပေါ်သို့ ရောက်သည့်အခါ အာသာက အာရုံပြောင်းစေလိုသော သဘောဖြင့် ....

'စတာန်လေရော နေကောင်းရဲ့လား' ဟု မေးသည်။

'နေကောင်းပါတယ်' ဟု လော်ရာက ဖြေသည်။

'ဒီနေ့ ညနေပိုင်း သူ ဂေါက်ရိုက်သွားလိမ့်မယ်ထင်တယ်'

သူတို့သည် ဂရိန်းဂျားလမ်းထောင့် ရောက်ချိန်အထိ ထွေရာလေးပါးစကား များကို ပြောလာကြသည်။ ထိုနေရာအရောက်တွင် လော်ရာသည် ဘိုနာအပ်ချုပ် ဆိုင်သို့ ဝင်စရာရှိသည်ဟု ဆိုကာ သူတို့အား ခွဲခွာသွားသည်။

'သူက အဝတ်အစားရူးပဲ' ဟု ဟက်တီကပြောပြီး ရယ်သည်။ သူတို့သည် ဒီလေးဆိုင်ဘက်သို့ လျှောက်လာခဲ့ကြသည်။

'သူ အသုံးအစွဲသာမကြီးရင် ဟက်တီ့အပေါ်မှာ အခုကောင်းနေတာထက် ပိုပြီးကောင်းမှာ'

'မင်းပြောတဲ့ အဓိပ္ပာယ်က ဘာလဲ ဟက်တီ'

'သူက ဟက်တီ့ကို အဝတ်ဝယ်ဖို့နဲ့ မုန့်ဖိုးပဲဖိုးအဖြစ် တစ်လကို ငါးပေါင်ပဲ ပေးတာ'

အာသာက အံ့ဩသွားသည့် မျက်နှာထားဖြင့် ဟက်တီအား လှည့်ကြည့်သည်။

'လော်ရာက မင်းကို အဲသလောက်တောင် ပေးတာ ဟုတ်လား၊ ဒါဆိုရင် လော်ရာဟာ အတော့်ကို ရက်ရောတာပဲ ဟက်တီ၊ ကိုယ်ပြောတာ မမှန်ဘူးလား' ဟု ပြောသည်။

'အဲဒီလိုတွေးတဲ့အတွက် အာသာကို ဟက်တီက ကျေးဇူးတင်ပါတယ်ရှင်' ဟု ဟက်တီက ပြောသည်။

'ဒါပေမဲ့ သူ့အနေနဲ့ အဲဒီလောက်မက ပေးနိုင်တယ်ဆိုတာ အာသာ နားလည်မှာပါ'

'ကိုယ်ကတော့ လော်ရာ့စိတ်ကို အကဲမခတ်တတ်ပါဘူး' ဟု အာသာက ပြောသည်။

'ဒီစကား ကြားရတာ ဟက်တီ မအံ့ဩပါဘူး' ဟု ဟက်တီက ပြန်ပြောသည်။

'ကိုယ့်အစ်မအကြောင်းကို ဟက်တီကိုယ်တိုင် နားမလည်ဘူး၊ အို .... ဘာပဲဖြစ်ဖြစ် ဟက်တီကတော့ သူနဲ့မတူတာ ဝမ်းသာတယ်၊ ကဲပါလေ ....ဒီ အကြောင်း မပြောကြတာ ကောင်းပါတယ်'

သူတို့သည် ဒီလေးဆိုင်တွင်းသို့ ဝင်လာခဲ့ကြသည်။ လေးနာရီခွဲမျှသာ ရှိသေးသော်လည်း ဆိုင်ထဲတွင် လူပြည့်နေပြီ။ တိုင်နီကပ်ဆဲလ်မြို့တွင် ဒီလေး ဆိုင်သည် လက်ဖက်ရည်တွင် နာမည်အကြီးဆုံး ဖြစ်၏။ ဆိုင်ထဲတွင် တေးသံစုံ တီးဝိုင်းအဖွဲ့က ဖြေဖျော်လျက်ရှိသည်။ သူတို့သည် ဂျပန်ပုံစံ ခင်းကျင်းထားသည့် မီကာဒိုခန်းထဲ ဝင်ထိုင်သည်။ ဝါးစားပွဲ၌ ထိုင်မိကြသည့်အခါ အာသာက လက် ဖက်ရည် မှာသည်။

ဟက်တီသည် အခြားစားပွဲများမှ သူ့သူငယ်ချင်းများအား ခေါင်းညိတ်၍ နှုတ်ဆက်နေသည်။ အခုလိုအချိန်တွင် ဒီလေးဆိုင်၌ တိုင်နီကပ်ဆဲလ်မြို့ပေါ်ရှိ လူချမ်းသာ ဆရာဝန်များ၊ ရှေ့နေများနှင့် ကုန်သည်များ၏ သားသမီးများသည် ရောက်လာကြစမြဲ ဖြစ်၏။ ဟက်တီသည် ဤအုပ်စု အသိုင်းအဝိုင်းတွင် လူသိ များသူ ဖြစ်သည်။ သူ့ဖခင် အေဒမ်တော့ဒ်သည် သတ္တုတွင်း အင်ဂျင်နီယာတစ်ဦး ဖြစ်ခဲ့ဖူးသော်လည်း လုပ်ငန်းနယ်ပယ်တွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသူ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်သေ ဟက်တီသည် အထက်တန်းစားဟုခေါ်သော လူငယ်



များကြား၌ ကျော်ကြားနေသူ ဖြစ်သည်။ အသက်ငယ်သေးသော်လည်း သူ့ကိုယ်သူ အလွန်ယုံကြည်မှုကြီးမားသူ ဖြစ်၏။ အာသာဘားရုပ်စ်နှင့်တွဲ၍ ထွက်လာသည့် အခါတိုင်း ဟက်တီ၏အပြုံးသည် အလွန်အသက်ဝင်၍ ရှင်သန်လှသည်ဟု သူနှင့် သက်တူရွယ်တူများက ပြောလေ့ရှိကြသည်။

ဟက်တီသည် လက်ဖက်ရည်ကို တစ်ငုံမျှ သောက်လိုက်သည်။

'ဟော ဟိုမှာ အေလန်' ဟု ပြောကာ သူ့အစ်ကိုဆီသို့ လက်ညှိုးထိုးပြသည်။

'ဒစ်ပါဗက်စ်တို့နဲ့ လာတာပဲ၊ သူတို့ဆီ သွားကြရအောင်လား အာသာ'

အာသာက လှည့်ကြည့်သည်။ ဟက်တီ၏အစ်ကို အေလန်သည် အလုပ်ခွင်၌ ရှိနေရမည့်အချိန်တွင် လက်ဖက်ရည်ဆိုင်ထဲ ရောက်နေသဖြင့် အာသာမှာ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ အေလန်သည် လူငယ်တစ်ဒါဇင်ခန့်နှင့် အခန်း၏အလယ်တည့်တည့်ရှိ စားပွဲ၌ ထိုင်နေသည်။ သူတို့၏အပေါ်ဘက်တွင် စီးကရက်မီးခိုးများသည် ထောင်းထောင်းထလျက် ရှိလေသည်။

'သူတို့ဘာသာသူတို့ လွတ်လွတ်လပ်လပ်နေပါစေ ဟက်တီရယ်' ဟု အာသာက ပြောသည်။

'တို့ဘာသာတို့ အေးအေးနေရတာက ပိုကောင်းပါတယ်'

'ဒစ်ပါဗက်စ်က တော်တော်ချောတယ်နော်' ဟု ဟက်တီက ပြောသည်။

'ဒါပေမဲ့ သူက မြည်းတစ်ကောင်လို အစားထဲကပါ ဟက်တီရယ်'

'အို မဟုတ်တာပဲ အာသာရယ်၊ သူက သဘောလည်း ကောင်းပါတယ်၊ ကတဲ့အခါလည်း သိပ်ကို လှလှပပ ကတတ်တာ'

'ဘဝင်မြင့်နေတဲ့ လူပေါကြော့ပါ' ဟု ပြောကာ စားပွဲအောက်မှနေ၍ ဟက်တီလက်ကို ဆွဲကိုင်ထားသည်။

'မင်း ကိုယ့်ကို သူ့ထက်ပိုပြီး သဘောကျတယ် မဟုတ်လား ဟက်တီ' ဟု မေးသည်။

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့ ထပ်မေးနေရတာလဲ' ဟု ဟက်တီက ပြောပြီး ရယ်သည်။

'သူက ဘဏ်စာရေးလေးပဲ၊ အဲဒီလောက်ပဲ တန်ဖိုးရှိတဲ့လူကို ဟက်တီ စိတ်မဝင်စားပါဘူး'

'ကိုယ်က သူ့ထက်သာရမယ် ဟက်တီ'

'ဒါပေါ့ အာသာရယ်၊ အခြေအနေက ကောင်းနေတာပဲ'

'မင်း စောင့်ကြည့်ပါ ဟက်တီ၊ မင်း မြင်ရမှာပါ၊ ဒီနေ့ ကိုယ့်အဖေ ကန် ထရိုက်အသစ်တစ်ခုရတယ် ဟက်တီ'

'ငွေတွေ အများကြီး အများကြီး ထပ်ရဦးမှာပေါ့နော်'

အာသာက ခေါင်းညိတ်သည်။

'ဒါပေမဲ့ ကိုယ်ပြောချင်တာက အဲဒါတစ်ခုတည်း မဟုတ်ဘူး ဟက်တီ၊ ဟို .... လေ၊ ဟို .... ဒင်း .... အရာရာတိုင်းမှာ သာမှာကို ပြောတာ၊ ကိုယ့်အဖေနဲ့ တွဲလုပ်ရရင် တစ်ခါတည်းတက်သွားမှာ သေချာတယ်'

ဟက်တီက အာသာ၏စကားကို နားထောင်ရင်း အာသာ၏မျက်နှာကို ကြည့်၍ ပြုံးနေသည်။ အာသာသည် လူချောတစ်ယောက် မဟုတ်ပေ။ ဒစ်ပါမက်စ်နှင့် ယှဉ်လိုက်လျှင် အာသာသည် အရုပ်ဆိုးနေသည်။ သို့သော်လည်း နက်ပ်ကျွန်းကျောက်မီးသွေးတွင်းပိုင်ရှင်၏ သားတစ်ယောက်အနေဖြင့် ငွေကြေးကတော့ ချမ်းသာသည်။

'ကိုယ် ဒီနေ့ သိပ်ပျော်တာပဲ ဟက်တီ၊ ဘာကြောင့်မှန်းတော့ မသိဘူး' ဟု အာသာက ပြောသည်။

'ဟုတ်လား'

'ဟုတ်တယ် .... တကယ့်ကို ပျော်တာ၊ မင်းကော မပျော်ဘူးလားဟင်'

'ဟက်တီလည်း ပျော်တာပေါ့'

စားပွဲအောက်မှနေ၍ ဟက်တီ၏လက်ကို ဆုပ်ကိုင်ထားရခြင်းသည် သူ့နှလုံးအခုန်ကို မြန်စေသည်။ ဦးခေါင်းသည်လည်း သာယာမှုဖြင့် ယစ်မူးလျက်ရှိသည်။ မျှော်လင့်ချက်သည်လည်း ကြီးမားလာနေသည်။ တဖြည်းဖြည်းနှင့် အာသာလည်း စောစောကထက်ပို၍ ပြောရဲဆိုရဲ ရှိလာသည်။

'ကိုယ် တစ်ခုပြောချင်တယ် ဟက်တီ၊ ကိုယ် ပြောမယ်လို့ စဉ်းစားနေတာကြာပြီ၊ ဒီနေ့တော့ ဖွင့်ပြောရတော့မှာပဲ၊ ကိုယ်တို့နှစ်ယောက် စေ့စပ်ထားလိုက်ရင် မကောင်းဘူးလား'

ဟက်တီက ရယ်ပြန်သည်။

'အာသာဟာလေ .... အဲဒါတွေကြောင့် ချစ်စရာကောင်းတာ'

အာသာ၏မျက်နှာသည် စိတ်လှုပ်ရှားမှုများလာသဖြင့် နီရဲလာနေသည်။

'မင်းအပေါ်မှာ ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိရဲ့လား ဟက်တီ' ဟု အားတက်သရော ပြောသည်။

'တို့ ငယ်ငယ်တုန်းက လောဂေဟာမှာ အတူတူနေခဲ့ကြတာ မှတ်မိသေးတယ် မဟုတ်လား ဟက်တီ၊ အဲဒီအချိန်ကတည်းက မင်းသဘောကောင်းတာကို ကိုယ် သိခဲ့ရတယ်၊ ဘာပဲဖြစ်ဖြစ်လေ အဖေက ကိုယ့်ကို ဒီလုပ်ငန်းမှာ ဝင်လုပ်ဖို့ စီစဉ်ပေးတော့မှာပါ၊ အဲဒီတော့ ....'



ဟက်တီသည် ကပျာကယာ စဉ်းစားချိန်ဆနေသည်။ အာသာသည် ဤစကားကို မကြာခဏ ပြောခဲ့ဖူး၏။ သူ့အတွင်းစိတ်က ဤကိစ္စကို အလျင်စလို မလုပ်ရန် သတိပေးနေသည်။ အကယ်၍ အခုလောလောဆယ် စေ့စပ်မည်ဆိုပါက လုတကာ၏ ကဲ့ရဲ့ပြစ်တင်မှုများကို ခံရမည်မှာ မလွဲပေ။ ငယ်ငယ်ရွယ်ရွယ်နှင့် စေ့စပ်ရကောင်းလားဟုလည်း ဝေဖန်ကြလိမ့်မည် ဖြစ်၏။ ပြီးတော့ သူ့အခြေအနေကို တည်ငြိမ်အောင် လုပ်ထားချင်စိတ်က ရှိနေသေးသည် မဟုတ်လား။

'အာသာရယ် ဒီကိစ္စကို သိပ်ပြီးမလောပါနဲ့လား၊ ဟက်တီက အာသာကို ချစ်နေတာပဲ၊ နှစ်ယောက်စလုံး တစ်ယောက်သဘောကို တစ်ယောက်က သိထားကြပြီပဲဟာ၊ အချိန်တန်တော့မှ စေ့စပ်ကြတာပေါ့'

'မင်း ကိုယ့်ကို တကယ်ချစ်တာပဲနော်'

'အာသာရယ် .... တကယ်ချစ်တာပေါ့'

ဤစကားကြောင့် အာသာသည် အလွန်ပျော်သွားသည်။ ဝမ်းသာလွန်း၍ မျက်ရည်များပင် စို့လာသည်။ သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မိနစ်အနည်းငယ်ကြာမျှ ငြိမ်နေကြသည်။

'ဟက်တီ ပြန်တော့မှဖြစ်မယ်' ဟု ဟက်တီက ပြောသည်။

'အိမ်မှာ အဖေတစ်ယောက်တည်းရယ်'

အာသာက နာရီကို ငုံ့ကြည့်သည်။

'ငါးနာရီထိုးဖို့ မိနစ်နှစ်ဆယ် လိုသေးတယ်၊ ကိုယ့်အဖေကလည်း ငါးနာရီဆယ်မိနစ်ရထားကို အမီလာခဲ့ဖို့ မှာထားတယ်' ဟု ပြန်ပြောသည်။

'အာသာနဲ့ ဟက်တီ ဘူတာကို လမ်းလျှောက်သွားကြမယ်လေ'

သူတို့သည် ထိုင်ရာမှ ထကြသည်။ ဆိုင်ထဲမှအထွက်တွင် သူတို့သည် အေလန်အား သွား၍နှုတ်ဆက်သည်။ အေလန်သည် ပေါင်းသင်းဆက်ဆံတတ်သူဖြစ်သည်။ အပျင်းထူသော်လည်း ပျော်ပျော်နေတတ်သောသဘော ရှိသည်။ တစ်ခါတစ်ရံတွင် ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်း ပြုမူဆက်ဆံတတ်သော်လည်း ပင်ကိုစိတ်သဘောထားကတော့ ကောင်းသည်။ သူသည် နောသင်းနောမက် ဘောလုံးအသင်းမှ ထင်ရှားသော ဘောလုံးသမားတစ်ယောက် ဖြစ်လေသည်။

သူတို့သွား၍ နှုတ်ဆက်သည့်အခါ ဟက်တီအား ဤဆိုင်သို့ ခေါ်ထုတ်လာသည့်အတွက် နောက်ပြောင်နေသည်။ ခါတိုင်းဆိုလျှင် အာသာသည် ရှက်စိတ်ဖြင့် နောက်တွန့်နေတတ်၏။ ယခုတစ်ကြိမ်တွင်မူ သူသည် ရဲရဲတင်းတင်းပြန်၍ ဆက်ဆံသည်။ သူသည် ဟက်တီစကားကြောင့် အားသစ်မာန်သစ်ဝင်ကာ ပျော်ရွှင်မြူးထူးနေခိုက်ဖြစ်၍ အေလန်နှင့် ပခုံးချင်းယှဉ်၍ ဆက်ဆံနိုင်ခဲ့သည်။

ဆေးနား၌ ထိုင်နေသည့် ဘဏ်စာရေး ဒစ်ပါဗက်စ်ကိုပင် ခေါင်းထဲမထည့်ခဲ့။ သူသည် စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာကာ ဟက်တီနှင့်အတူ တည်တည် ခန့်ခန့်ပင် လမ်းပေါ်သို့ ထွက်လာခဲ့သည်။

သူတို့သည် ဘူတာဘက်သို့ ဖြည်းဖြည်းမှန်မှန် လျှောက်လာကြသည်။ အာသာသည် မြေကြီးပေါ် ခြေချနေရသည်ကိုပင် မေ့နေဟန်ရှိ၏။ ယနေ့ သူ လုပ်ခဲ့ ပြောခဲ့သမျှသည် အားရကျေနပ်စရာ ကောင်းလှချေသည်။ ဟက်တီသည် သူ အခုလို ဖုံဖုံစားစား ပြောဆိုလုပ်ကိုင်ခြင်းကို နှစ်သက်အားပေးသူ ဖြစ်သည် မဟုတ်ပါလား။

သူတို့သည် ဘူတာတွင်းသို့ ဝင်လာခဲ့ကြသည်။ အချိန်က စောနေသေးသည်။ ရထားမဆိုက်သေး။ ဘားရပ်စ်သည်လည်း ရောက်မလာသေး။ ရုတ်တရက် ဟက်တီထံမှ မေးခွန်းတစ်ခု ထွက်လာသည်။

'ဒါနဲ့လေ .... ဟက်တီ အံ့သြသလိုဖြစ်နေလို့ တစ်ခုမေးချင်တယ်၊ အာသာ့ အဖေက ဟက်တီအဖေဆီလာတာ ဘာကြောင့်လဲ'

အာသာသည် ဖျတ်ခနဲရပ်ကာ ဟက်တီအား ကြည့်နေသည်။ မမျှော်လင့်သောမေးခွန်းဖြစ်၍ သူသည် အံ့အားသင့်လျက်ရှိသည်။ ဟက်တီကတော့ ပြုံးနေသည်။

'သိပ်ကို ထူးဆန်းနေလို့ပါ' ဟု ဟက်တီက ထပ်ပြောသည်။

'အဲဒါကြောင့် ဟက်တီ တွေးမိတာပါ၊ ဟက်တီအဖေဟာ သိပ်ပြီး မကျန်းမမာ ဖြစ်လာချိန်ကစပြီး လူတွေနဲ့ အတွေ့မခံတော့ဘူး၊ ဒီကြားထဲကပဲ ကနေ့ မနက် စလီစကေးကို တယ်လီဖုန်းသုံးခါ ဆက်တယ်၊ ဘာများအရေးကြီးလို့လည်း မပြောတတ်ဘူး၊ အဲဒါ အာသာ သိသလား'

'ကိုယ်လည်း မသိဘူး ဟက်တီ' ဟု အာသာက ဖြေသည်။

'ကိုယ်ကိုယ်တိုင်လည်း အဲဒါကို သိချင်နေတာ၊ ဘာပဲဖြစ်ဖြစ်လေ .... ကိုယ်ကိုယ်တိုင်လည်း အံ့သြနေတယ်၊ အဖေ့ကိုတော့ မေးကြည့်ဦးမှပဲ'

ဟက်တီက အာသာ၏ လက်မောင်းကို ညှစ်ထားပြီး ရယ်သည်။

'မမေးပါနဲ့ အာသာရယ်၊ ဒီကိစ္စကို သိပ်ပြီး အလေးအနက်ထားပြီး မစဉ်းစားပါနဲ့'

* * * * *



## (၁၇)

ထိုနေ့မွန်းလွဲပိုင်း လေးနာရီခွဲအချိန်တွင် ဒေးဗစ်သည် ဘီသဲလ်လမ်းကျောင်းထဲမှ ထွက်လာပြီး ကစားကွင်းကိုဖြတ်၍ လမ်းဆီသို့ လျှောက်လာခဲ့သည်။ ကျောင်းမှာ နယူးဘီသဲလ်လမ်းကျောင်းဟု အမည်ပေးထားသည်။ ယခင်က ကျောင်းဟောင်းနှင့် ကွဲပြားခြားနားစေရန် ဤနာမည်ကို ပေးထားခြင်း ဖြစ်သည်။ ဘီသဲလ် လမ်းထိပ် မြေကွက်လပ်ပေါ်၌ ဆောက်လုပ်ထားသောကျောင်းမှာ မကြာသေးသဖြင့် သစ်လွင်တောက်ပလျက်ရှိသည်။ လွန်ခဲ့သော ခြောက်လကမှ ဖွင့်လှစ်ခဲ့သော ဤကျောင်းတွင် နေရာအနှံ့အပြားမှ ကျောင်းဆရာများ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည်။ ယင်းတို့အထဲမှ လစ်လပ်သော နေရာတစ်နေရာတွင် မူလတန်းပြ ဆရာအဖြစ် ခန့်ထားခြင်းခံရသူမှာ ဒေးဗစ် ဖြစ်လေသည်။

နယူးဘီသဲလ်လမ်းကျောင်း အဆောက်အဦကို နှစ်ပိုင်းခွဲထားသည်။ တစ်ပိုင်းသည် ယောကျ်ားကလေးများ စာသင်ဆောင် ဖြစ်၍ တစ်ပိုင်းမှာ မိန်းကလေးများ စာသင်ဆောင် ဖြစ်သည်။ စာသင်ဆောင်များကို ကြားမှ သံဆူးကြိုးဝင်းထရံတစ်ခုဖြင့် ခြားထားပြီး ကျောင်းတွင်းဝင်ပေါက်မှာမူ တစ်ခုတည်းသာ ရှိလေသည်။

ဒေးဗစ်၏ရုပ်လွှာသည် ခပ်သုတ်သုတ် လှုပ်ရှားလျက် ရှိသည်။ အေးမြသော ညနေခင်းဖြစ်၍ သူသည် အအေးဒဏ်ကို ခံစားနေရသည်။ ကုတ်အင်္ကျီကို ဝတ်မလာမိသော ဒေးဗစ်သည် သူ၏ ဂျက်ကက်အင်္ကျီကော်လံများကို အပေါ်သို့ ဆွဲဆန့်ကာ လည်ပင်းကိုလုံသွားအောင် ဖုံးလိုက်သည်။ ရုတ်တရက် သူ့ခေါင်းထဲသို့ ဝင်လာသော အတွေးတစ်ခုကြောင့် သူ ပြုံးလိုက်မိသည်။ သူသည် အခု အချိန်ထိ သူ့ကိုယ်သူ အိမ်ထောင်သည်တစ်ဦးအဖြစ် သတိမှတ်၍ မရနိုင်သေးပေ။ သူ့ကိုယ်သူ ကျောင်းဆရာတစ်ယောက် ဖြစ်နေခြင်းကိုလည်း ကောင်းစွာ အသိအမှတ် မပြုနိုင်သေးပေ။ ထို့ကြောင့်လည်း ကျောင်းအုပ်ဆရာကြီး မစ္စတာစထရောသားပြောသလို သူ့ကိုယ်သူ အိမ်ထောင်သည်နှင့်တူအောင်၊ ကျောင်းဆရာနှင့်တူအောင် ပြုမူနေထိုင်ရေးအတွက် ကြိုးစားအားထုတ်ရလိမ့်ဦးမည် ဖြစ်၏။ သူ ဂျင်နီနှင့် လက်ထပ်ပြီး အိမ်ခန်းငယ်လေးတစ်လုံးငှား၍ နေထိုင်လာခဲ့သည်မှာ ခြောက်လမျှ ရှိခဲ့ပြီ။ အခက်အခဲဆုံးနှင့် အပင်ပန်းဆုံးအလုပ်မှာ သူတို့အတွက် သင့်တော်သည့် အိမ်ခန်းရရှိအောင် ရှာဖွေရခြင်း ဖြစ်သည်။ အိမ်တန်းလျားများ၌ နေဖို့ဆိုသည်မှာ

ဂျင်နီအတွက် အခက်ဆုံးကိစ္စ ဖြစ်၏။ အထူးသဖြင့် ကျောက်မီးသွေးတွင်း အလုပ်သမားတန်းလျားများ တည်ရှိရာ ရပ်ကွက်များအတွင်း၌ အိမ်ငှားနေဖို့မှာ ဂျင်နီအဖို့ လုံးဝမစဉ်းစားနိုင်သော ကိစ္စတစ်ခု ဖြစ်၏။ ဒေးဗစ် ကိုယ်တိုင်ကလည်း လောလောဆယ်တွင် သူ့မိဘများ နေထိုင်ရာရပ်ကွက်နှင့် နီးနီးကပ်ကပ် မနေချင်။ သူ့မိဘများနှင့်ဝေးရာ မြို့တစ်ဖက်အစွန်၌သာ နေချင်သည်။ သူ့မိဘများအနေဖြင့် သူ အိမ်ထောင်ပြုသည့်ကိစ္စအပေါ်၌ တုံ့ပြန်မှုမကောင်းပါက ပြဿနာများ ရှိလာမည်ကို စိုးရိမ်၍ ဖြစ်လေသည်။

သူတို့သည် နေရာအနှံ့အပြားသို့ထွက်၍ အိမ်ခန်းရှာပုံတော်ဖွင့်ခဲ့ကြရာ တော်တော်နှင့်မရ။ ဂျင်နီက မကြိုက်၍ ပယ်ခဲ့ရသည်က များ၏။ သို့သော်လည်း နောက်ဆုံးတွင် လင့်လမ်းထဲမှ အိမ်ခန်းလေးတစ်ခန်းကို ဂျင်နီက သဘောကျခဲ့သည်။ ထိုအိမ်ခန်းကို ဝက်ပ်၏ဇနီးက ပိုင်ဆိုင်ခြင်း ဖြစ်၏။ ဝက်ပ်၏ဇနီးသည် စလီစကေးတွင် သူ့နာမည်နှင့် အိမ်နှစ်လုံး ပိုင်ထားသူ ဖြစ်လေသည်။

အိမ်ခန်းကို မငှားဘဲထားသည်မှာ ကြာပြီဖြစ်၍ စိုစိုစွတ်စွတ်နိုင်လှ၏။ သို့သော်လည်း တစ်ပတ်လျှင် ဆယ်သျှီလင်မျှ ပေးရသည်။ တစ်နှစ်လျှင် ပေါင်ခုနစ်ဆယ်မျှသာရသော ဒေးဗစ်အဖို့ တစ်ပတ်လျှင် ဆယ်သျှီလင် ပေးရမည့်အလုပ်မှာ တာဝန်လေးလှ၏။ သို့သော်လည်း ဂျင်နီက သဘောကျနေသဖြင့် အကြံရကျပ်လျက်ရှိသည်။ နောက်ဆုံးတွင် ဂျင်နီအား စိတ်ထိခိုက်အောင် မလုပ်လိုသဖြင့် ထိုအိမ်ကိုပင် ငှားခဲ့ရလေ၏။

ဂျင်နီသည် အိမ်ရှေ့၌ မြေကွက်လပ်ရှိနေခြင်းကို များစွာသဘောကျလျက်ရှိသည်။ ထိုမြေပေါ်တွင် ပန်းပင်များစိုက်ကာ ပန်းခြံလေးတစ်ခု လုပ်မည်ဟု ပြောလျက်ရှိ၏။ အိမ်ထဲတွင် မီးဖိုခန်း၊ ဧည့်ခန်းနှင့် အိပ်ခန်းဟူ၍ သုံးခန်းမျှရှိရာ ဂျင်နီသည် အခန်းအားလုံးကို စနစ်တကျ ပြုပြင်ခင်းကျင်းလိုသည်။ ဒေးဗစ်ကလည်း အကုန်အကျများမည်စိုး၍ မလုပ်ချင်။ နောက်ဆုံးတွင် သူတို့သည် လိုအပ်သော ပစ္စည်းများကို အကြွေးစနစ်ဖြင့်ဝယ်ယူ၍ ပြင်ဆင်ခင်းကျင်းကြရန် သဘောတူခဲ့ကြလေသည်။

ဒေးဗစ်သည် စိတ်ချမ်းသာမှုရကာ ပျော်ရွှင်လျက်ရှိသည်။ အိမ်ထောင်သက်ခြောက်လတာ ကာလသည် သူ့တစ်သက်တာတွင် အပျော်ဆုံး ဖြစ်ခဲ့ရ၏။ ထိုခြောက်လမတိုင်မီ သီတင်းတစ်ပတ်သည် သူတို့လင်မယား ဟန်းနီးမွန်း ထွက်ခဲ့သည့်အချိန် ဖြစ်သည်။ ထိုသီတင်းတစ်ပတ်သည်လည်း ပျော်စရာအကောင်းဆုံးအချိန်တစ်ချိန်ပင် ဖြစ်ခဲ့သည်။

ပထမတော့ သူသည် ငွေကုန်ကြေးကျများမည့် ဟန်းနီးမွန်းခရီးကို



မထွက်ချင်။ သို့သော်လည်း အစဉ်အလာတစ်ခု ဖြစ်နေသည်ဟုဆိုကာ ဂျင်နီက ထိုခရီးကို မဖျက်လို။ ဂျင်နီကပင် သူ စုထားသည့်ငွေကို ထုတ်ပေးခဲ့သည်။ ငွေမှာ ဆယ့်ငါးပေါင်မျှရှိ၍ စလက်တာရီး စတိုးဆိုင်တွင် အလုပ်လုပ်ခဲ့သည့် ခြောက်လအတွင်း စုမိသမျှ ဖြစ်သည်။ သူသည် ထိုငွေကို ဒေးဗစ်လက်ထဲသို့ ထည့်ပေးခဲ့သည်။

ထို့ပြင်လည်း ဂျင်နီက သူ့အား ချုပ်ပြီးသား ဝတ်စုံသစ်တစ်စုံဝယ်ဖို့အတင်း တိုက်တွန်းခဲ့၏။ သူ လက်ရှိဝတ်နေသည့် ဝတ်စုံမှာ အတော်ကြီးဟောင်းနေပြီဖြစ်၍ တိုက်တွန်းနေခြင်းဖြစ်၍ သူ လက်ခံခဲ့ရသည်။ ဂျင်နီ၏ လုပ်နည်းလုပ်ဟန်သည် ဂုဏ်သိက္ခာကင်းမဲ့အောင် လုပ်ခြင်းမဟုတ်။ လူတောသူတောထဲ၌ တိုးနိုင်အောင် အားပေးခြင်းဖြစ်၍ မကျေနပ်စရာမရှိ။

ဂျင်နီသည် ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ တွန့်တိုခြစ်ကုပ်တတ်သော အလေ့အထမရှိ။ ကိစ္စတစ်ခုကို လုပ်တော့မည်ဆိုပါက ဘယ်တော့မှ နှစ်ခါပြန်မတွေး။ ထို့ကြောင့်လည်း သူ့ငွေနှင့် ဝတ်စုံကို ဝယ်လိုက်သည်။ ဂျင်နီပေးသောငွေကိုမူ ဟန်းနီးမွန်းအတွက် သုံးခဲ့သည်။ ဤကိစ္စအတွက် သူ့ဘဝတစ်လျှောက်လုံး ဂျင်နီ၏လုပ်ရပ်ကို မေ့နိုင်တော့မည် မဟုတ်ပေ။

မင်္ဂလာလက်ထပ်ပွဲကတော့ အောင်မြင်မှု မရခဲ့ပေ။ ဒေးဗစ်ကတော့ သူတို့၏ [illegible]က်ထပ်ပွဲကို အဆိုးဆုံးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ လက်ထပ်ပွဲကို ပလမ်းမားလမ်း ဘုရားရှိခိုးကျောင်းတွင် ပြုလုပ်ခဲ့ကြသည်။ ဤပွဲတွင် ဂျင်နီ၏ မိဘများနှင့် ဒေးဗစ်၏ မိဘများသည် နှစ်ဖက်စလုံးက တင်းမာခဲ့သဖြင့် အခြေအနေသည် ဆိုးခဲ့ရ၏။ သို့တစေလည်း ကူးလားကုတ်စ်၌ နေထိုင်ခဲ့ရသည့် သီတင်းပတ်သည် မင်္ဂလာပွဲ ပြုလုပ်ခဲ့စဉ်က ကြုံခဲ့ရသမျှ အဆိုးအားလုံးရှင့်စဉ်ပပျောက်သွားစေခဲ့လေသည်။

သူ့အဖို့တော့ ဂျင်နီသည် အံ့သြစရာကောင်းရုံမျှမက ချစ်စရာလည်းကောင်းလှသည်။ ဂျင်နီသည် သူ့ကို အလွန်ချစ်၏။ ယုံမှားဖွယ်ရာမရှိသည့်အချစ်ဟု သူ ယုံကြည်သည်။ သို့သော်လည်း ဂျင်နီသည် ကံမကောင်းဟု ဆိုရသည်။ သူတို့၏ မင်္ဂလာဦးညမှာပင် ဂျင်နီ အပျိုစင် မဟုတ်သည့်အဖြစ်ကို ဒေးဗစ်က တွေ့ရှိခဲ့ရလေသည်။

ထိုစဉ်က ဂျင်နီသည် သူ့လက်မောင်းပေါ် ခေါင်းအုံးကာ ရှိုက်ကြီးတငင်ငိုကြွေးခဲ့သည်။ မင်္ဂလာဦးညတွင် ကျခဲ့ရသည့် မျက်ရည်များပင်တည်း။ ထိုညတွင်ပင် ဂျင်နီသည် သူ့ဇာတ်ကြောင်းကို ရင်ဖွင့်ခဲ့သည်။ သူ့အနေဖြင့် နားထောင်လိုစိတ်မရှိသဖြင့် မပြောပါနှင့်ဟု တားမြစ်သော်လည်း မရခဲ့ပေ။ သူ့အနေဖြင့်

ရှင်းပြထားလျှင် မဖြစ်ဟုဆိုကာ ဖွတ်ပြောပြခဲ့သည်။ ငိုယိုပြီး ပြောပြနေခြင်း ဖြစ်၍ ဒေးဗစ်သည် များစွာ စိတ်ထိခိုက်ခဲ့ရလေ၏။

ထိုအချိန်က ဂျင်နီသည် အသက်ငယ်ငယ်မျှသာ ရှိသေး၏။ လူချမ်းသာ ခရီးသွား ကုန်သည်ကြီးတစ်ယောက်နှင့် ဆုံမိခဲ့သည်။ ထိုလူသည် လူတစ်ယောက်နှင့်မတူ။ သားရဲတိရစ္ဆာန်တစ်ကောင်နှင့် တူသည်။ ဂျင်နီ၏ မသိနားမလည်မှုကို အခွင့်ကောင်းယူခဲ့သည်။ သူ့အသက်က လေးဆယ်၊ ဂျင်နီက ဆယ့်ခြောက်နှစ်ပင် မပြည့်သေး။ ဂျင်နီ မှတ်မိသလောက်ဆိုလျှင် ထိပ်က ပြောင်ပြောင်၊ မေးစေ့တွင် မှည့်တစ်လုံးနှင့်၊ သူ့နာမည် ဟားရစ္စ။

ထိုနေ့က ထိုလူယုတ်မာသည် အရက်မူးနေသည်။ သူ့အား မတော်မတရား ပြုကျင့်ရန် အားထုတ်နေစဉ်အတွင်း ဂျင်နီကလည်း ရှိသမျှခွန်အားနှင့် ခုခံတွန်းလှန်ခဲ့သည်။ သို့သော်လည်း လူယုတ်မာ၏ အားထုတ်မှုသည် အောင်မြင်သွားခဲ့သည်။ သူသည် ဤဖြစ်ရပ်ကို သူ့အမေအား မပြောဝံ့။ သူ့ဘဝတွင် ထိုတစ်ကြိမ်သာလျှင် အဆက်အဆံ ရှိခဲ့ဖူးသည်၊ နောက်ထပ် ဘယ်သူနှင့်မှ ဆက်ဆံခြင်းမရှိဟု ဆိုသည်။

ဂျင်နီ၏အဖြစ်ကို ကြားရသည့်အခါ ဒေးဗစ်၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ ဖြစ်မှ ဖြစ်ရပလေ ....။ ဂျင်နီ၏အဖြစ်သည် သနားစရာ ကောင်းလှချေသည်ဟု တွေးသည်။ သူသည် ဂျင်နီအား တယုတယ ပွေ့ဖက်ကာ အငိုတိတ်အောင် ချော့ခဲ့ရ၏။

ဟန်းနီးမွန်းခရီးအဆုံးတွင် သူတို့သည် သူ အလုပ်ဝင်ရမည့် နယူးဘီသဲလ် လမ်းကျောင်း တည်ရှိရာ စလီစကေးသို့ တန်းပြန်ခဲ့ကြသည်။ ဤနေရာသို့အရောက်တွင်မူ သူ့ကံသည် ထင်သလောက်မကောင်းဟု ယူဆဖွယ်ရာ ရှိလာခဲ့သည်။

သူသည် ကျောင်းဆရာအလုပ်တွင် ပျော်ရွှင်မှု မရရှိခဲ့ချေ။ ကျောင်းဆရာ အလုပ်သည် သူနှင့် သင့်တော်သည့်အလုပ် မဟုတ်ဟုပင် သူ့ဘာသာသူ ထင်မြင်လာခဲ့သည်။ သူသည် သူ ကောင်းသည်ဟု ယူဆလျှင် ထင်ရာကို လုပ်တတ်သူ ဖြစ်ရုံမျှမက ကမ္ဘာကြီးတစ်ခုလုံးကို ပြောင်းလွဲပစ်ချင်နေသူ ဖြစ်သည်။ ယခု ကျောင်းဆရာအဖြစ်ဖြင့် ၃ တန်း(က) ၏ အတန်းပိုင်ဆရာ ဖြစ်သည်။ သူ့အတန်းတွင် အသက် ကိုးနှစ်အရွယ် ယောကျ်ားလေးနှင့် မိန်းကလေး အများအပြား ရှိသည်။ ဤကလေးများအား ခေါင်းလောင်း၊ ခရာနှင့် ကြိမ်များကို ကိုင်၍ ထိန်းသိမ်းအုပ်ချုပ်ရသည့် အလုပ်သည် သူ့အဖို့ စိတ်မရှည်စရာ ကောင်းလှချေသည်။

စာသင်ကြားမှုနှင့် ပတ်သက်၍လည်း သင်ရိုးညွှန်တမ်းအားလုံးအပေါ် ဘဝင်မကျဖြစ်လျက် ရှိသည်။ အထူးသဖြင့် သမိုင်းဖြစ်ရပ်များနှင့် ခုနှစ် သက္ကရာဇ်များနှင့် နေ့စွဲရက်စွဲများကို ကျက်မှတ်နေရခြင်းများ၊ လောင်ဂျီတွဒ်နှင့် လတ္တီတွဒ်



မျဉ်းများကို မှတ်သားနေရခြင်းများ၊ နိုင်ငံတကာ မြို့တော်ကြီးများ၏ အမည်များကို အလွတ်ကျက်မှတ်နေရခြင်းများ စသည်တို့သည် ကလေးများ၏ ဦးနှောက်ကို သက်သက်မဲ့ ဒုက္ခပေးနေခြင်းများဟု ထင်လာသည်။ အကယ်၍ ထိုသင်ခန်းစာများအစား ဟန့်စ်အန်ဒါဆင်၏ ပုံပြင်များကိုသာ သင်ကြားခွင့်၊ ဖတ်ရှုခွင့်ပေးလိုက်မည်ဆိုပါက ကလေးများ၏ အသိဉာဏ် ဖွံ့ဖြိုးရှင်သန်အောင် အားပေးလိုက်သလို ဖြစ်သွားလိမ့်မည်ဟု သူထင်သည်။

ဤသို့ဖြင့် သူသည် ကလေးများအား သူ သင်လိုသော အကြောင်းအရာများကို သင်ပေးသည်။ ထိုအခါ ပတ်ဝန်းကျင်၏ တုံ့ပြန်မှုများသည် အေးတိအေးစက် ဖြစ်လာသည်။ သူ့အပေါ် မလိုလားသည့် အမူအရာများကိုပင် တွေ့လာရသည်။ နေ့စဉ် နာရီပိုင်းနှင့်အမျှ သူ့စိတ်သည် ပတ်ဝန်းကျင်နှင့် ပဋိပက္ခ ဖြစ်လာခဲ့ရ၏။

သူ့စိတ်သည် စာသင်ခန်းထဲ၌လည်း သာယာပျော်မွေ့ခြင်း မရှိ။ ဆရာ ဆရာမများ နားနေရာအခန်းထဲ ရောက်တော့လည်း အားလုံးနှင့် စိမ်းနေသည်။ လုပ်ဖော်ကိုင်ဖက်များကလည်း သူ့အပေါ် တရင်းတနှီးမရှိ။ ခပ်ခွာခွာ၊ ခပ်ရှောင်ရှောင်နေကြသည်။ အထူးသဖြင့် သူ့အတန်းနှင့် မျက်နှာချင်းဆိုင်ရှိ သုံးတန်း(ခ) ၏ အတန်းပိုင်ဆရာမ မစ္စမင်းမ်သည် သူ့ကိုမြင်လျှင် ရှောင်သွားလေ့ရှိ၏။

ကျောင်းအုပ်ဆရာကြီး မစ္စတာစထရောသားကလည်း သူ့ကိုမနှစ်သက်ကြောင်း သိသာစွာဖော်ပြလေ့ရှိ၏။ စထရောသားသည် ဒါဟာမ်တက္ကသိုလ်မှ ဟောဝိဇ္ဇာဘွဲ့ရခဲ့သူ ဖြစ်သည်။ ဟန်ကြီးပန်ကြီး လုပ်တတ်သောအကျင့်ရှိ၍ ဘယ်သူမှ သူ့လောက်မသိ၊ မတတ်ဟု ထင်တတ်သူ ဖြစ်သည်။ သူသာလျှင် အသိဆုံး၊ အတတ်ဆုံးဟု ကြွားချင်ဝါချင်သူလည်း ဖြစ်၏။ အလွန် ဘုကန့်လန့်လုပ်တတ်သူလည်း ဖြစ်လေသည်။

စထရောသားသည် အနက်ရောင်ဝတ်စုံကို အမြဲဝတ်သည်။ လူပုံက တုတ်ခိုင်ခိုင်တွင် ရှည်လျားထူထဲသော မုတ်ဆိတ်ကြောင့် ခန့်ညားထည်ဝါသယောင်ရှိသည်။ သူသည် ကျောင်းဟောင်းတွင် ဒုတိယကျောင်းအုပ် ဖြစ်ခဲ့ဖူးသဖြင့် ဒေးဗစ်အကြောင်းကို ကောင်းစွာသိနေသူ ဖြစ်သည်။ ဒေးဗစ် အကြောင်းကိုသာမက ဒေးဗစ်၏ မိဘများအကြောင်းကိုပါသိသူ ဖြစ်၏။

ဒေးဗစ်အား ကျောက်မီးသွေးတွင်းထဲ၌ အလုပ်လုပ်ခဲ့ဖူးသဖြင့် အလွန်အထင်သေးသည်။ ဘီအေဘွဲ့ကို မယူခဲ့ခြင်းအတွက်လည်း ရှုတ်ချပြစ်တင်ချင်သည်။ သူသည် ဒေးဗစ်အား အထက်စီးဖြင့် ပြောဆိုဆက်ဆံ၏။ မထီမဲ့မြင်ပြုခြင်းလည်း လုပ်တတ်သည်။ ဤအတွက်ကြောင့်လည်း ဒေးဗစ်သည် များစွာ စိတ်ညစ်ညှစ်နေရ၏။

အကယ်၍သာ ကျောင်းအုပ်ကြီးသည် မစ္စတာကာမီချယ် ဖြစ်ခဲ့ပါမူကား အခြေအနေသည် တစ်မျိုးတစ်ဖုံ ဖြစ်လာဖွယ်ရှိသည်။ ကာမီချယ်သည် ကျောင်းသစ်မှ ကျောင်းအုပ်ကြီးရာထူးကို လျှောက်ထားခဲ့ဖူး၏။ သို့သော်လည်း မရခဲ့ပေ။ သူ့တွင် သြဇာအာဏာကြီးသော နောက်ခံလူ မရှိသည့်အတွက် ဤရာထူးကို ရသင့်ပါလျက်နှင့် မရခြင်း ဖြစ်၏။ သူသည် စိတ်ပျက်ပျက်နှင့် ဝေါလင်တန်ရှိ ကျေးရွာကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်ရာထူးကိုသူ လက်ခံပြီး နေခဲ့ရ၏။ သူသည် ဒေးဗစ်နှင့်ရင်းနှီးသူ ဖြစ်သည့်အားလျော်စွာ မကြာသေးခင်ကပင် သူ့ထံသို့ စာရှည်ကြီးတစ်စောင် ရေးခဲ့သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တိုင်း သူ့ထံသို့ လာလည်ပါဟု ဖိတ်ခေါ်ထားသည်။ စာသည် စိတ်ဓာတ်ကျနေသော လူတစ်ယောက်၏ အဆိုးမြင်မှုများဖြင့် ပြည့်လျှံနေသောစာ ဖြစ်လေသည်။

သို့သော်လည်း ဒေးဗစ်ကတော့ စိတ်ဓာတ်မကျ။ သူသည် အသက်ငယ်သေးသည်။ စိတ်အားထက်သန်မှုက အပြည့်ရှိသည်။ သူ့လမ်းကို မဖြစ်မနေ လျှောက်မည်ဟု ခိုင်မာသော ဆုံးဖြတ်ချက်နှင့်နေသူ ဖြစ်သည်။ သူသည် လင့်သ်လမ်းထောင့်အရောက်တွင် လမ်းကွေ့တွင်းသို့ ချိုးဝင်ခဲ့သည်။ သူသည် နယူးဘီသဲလ်ကျောင်းမှထွက်ကာ သူ့ဘဝခရီးကို ဆက်လျှောက်မည်ဟု တွေးလာသည်။ စထရေသား ရှိနေသောကျောင်းတွင် သူ ဆက်မနေချင်တော့။ ထိုနေရာထက် ပို၍ကောင်းသော နေရာကိုသာ ရအောင်လုပ်မည်ဟုလည်း ပိုင်းဖြတ်ထားသည်။ အခါအခွင့်ကတော့ ပေါ်လာလိမ့်မည်ဟု ထင်၏။ အကယ်၍ ပေါ်လာပါက ရအောင်ယူမည်ဟုလည်း ဆုံးဖြတ်ထားလေသည်။

လင့်သ်လမ်းအလယ်ခန့်သို့ ရောက်သည့်အခါ လူတစ်ယောက် လျှောက်လာနေသည်ကို မြင်ရ၏။ အမဲသားသည် ဂျိမ်းစ်ရာမက်ချ်ဆိုသူ ဖြစ်သည်။ ကျောင်းအုပ်ချုပ်ရေးဘုတ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်၍ မြို့တော်ဝန် ဖြစ်လာမည့် အလားအလာအများကြီးရှိနေသူ ဖြစ်သည်။ ဒေးဗစ်သည် တလေးတစားဖြင့် ခေါင်းညိတ်၍ နှုတ်ဆက်သည်။ သို့သော်လည်း ရာမက်ချ်က သူ၏နှုတ်ဆက်မှုကို အသိအမှတ်မပြု။ တစ်ချက်မျှ လှည့်ကြည့်ပြီး လုံးဝ ဂရုမစိုက်သည့် မျက်နှာထားဖြင့် ဆက်လျှောက်သွားသည်။

ဒေးဗစ်၏မျက်နှာသည် ရှက်စိတ်ဖြင့် နီရဲနေသည်။ အံလည်း ကြိတ်လိုက်မိ၏။ 'ငါ့မှာ ရန်သူတစ်ယောက်ရှိနေပြီ' ဟု တွေးသည်။ သူသည် ဖြည်းဖြည်းချင်း ဆက်လျှောက်လာခဲ့သည်။ အိမ်ထဲသို့ ရောက်သည့်အခါ ပန်းရောင်ပိုးဘလောက် အင်္ကျီဝတ်ထားသည့် ဂျင်နီနှင့် ရင်ဆိုင်မိသည်။

'ဘယ်လိုလဲ ဂျင်နီ၊ ပြင်ဆင်ထားလိုက်တာ ဘုရင်မတစ်ပါး ကျနေတာပဲ' ဟု ပြောသည်။



'အင်္ကျီသစ်ကလေး ကြေသွားအောင် လူကို လာပြီးမဖက်လိုက်ပါနဲ့ ဆရာကြီးရယ်' ဟု ဂျင်နီက ပြောသည်။ ဒေးဗစ်က ရယ်မောပြီး ဂျင်နီ၏ခါးကိုဖက်ကာ မီးဖိုခန်းဘက်သို့ လျှောက်သွားသည်။

'အဲဒီမှာ မဟုတ်တော့ဘူး ဒေးဗစ်၊ မီးဖိုခန်းထဲမှာ လက်ဖက်ရည်သောက်ရတာ မကောင်းဘူး၊ ဂျင်နီ နေရာပြောင်းထားတယ်' ဟု ပြောသည်။

'ဘယ်လိုဖြစ်ရပြန်တာလဲ၊ မောင်က မီးဖိုခန်းကိုပဲ ကြိုက်တယ်၊ အဲဒီမှာက နွေးနွေးထွေးထွေးလည်းရှိတယ် မဟုတ်လားကွာ'

'မီးဖိုခန်းထဲမှာ ထိုင်ရတာ မကောင်းပါဘူး၊ လက်ဖက်ရည်သောက်ရင် အိမ်ရှေ့ခန်းမှာပဲ သောက်မယ်၊ မီးဖိုခန်းထဲမှာ သောက်ရတာက အဆင့်အတန်းနိမ့်တယ်' ဟု ပြောကာ ဒေးဗစ်အား ဧည့်ခန်းထဲသို့ ဆွဲခေါ်သွားသည်။

'မောင် ဒီအခန်းထဲမှာ ထိုင်နေခဲ့၊ ဂျင်နီ လက်ဖက်ရည် ယူခဲ့မယ်'

နောက်ငါးမိနစ်ခန့်တွင် စနစ်တကျ ပြင်ဆင်ထားသော လက်ဖက်ရည်လင်ပန်းကို ယူလာသည်။ လင်ပန်းထဲတွင် ကိတ်မုန့်ပန်းကန်တစ်ချပ်လည်း ပါလာသည်။

ဂျင်နီက လက်ဖက်ရည်ကို ငှဲ့ထည့်ကာ ပန်းကန်ကို သူကိုယ်တိုင်ယူ၍ ဒေးဗစ်၏လက်သို့ပေးသည်။ ကိတ်မုန့်ပန်းကန်ကိုလည်း လက်တစ်ဖက်ဖြင့် ကိုင်ထားသည်။ ဂျင်နီ လုပ်ကိုင်နေပုံမှာ ကစားစရာ အသစ်များနှင့် အပျော်ကစားနေသည့် မိန်းကလေးတစ်ယောက်နှင့် တူနေသည်။

'ဒုက္ခပါပဲ ဂျင်နီရယ်၊ ဘာတွေလျှောက်လုပ်နေတာလဲ၊ မောင် သိပ်ဆာနေပြီ၊ လက်ဖက်ရည်ကောင်းကောင်းတစ်ခွက်နဲ့ ကြက်ဥပြုတ်များများ စားချင်နေတာ' ဟု ဒေးဗစ်က ပြောသည်။

'မဟုတ်ဘူး ဒေးဗစ်ရဲ့၊ ဒီပစ္စည်းတွေကို ဂျင်နီ ဝယ်လာတာ အဓိပ္ပာယ်ရှိတယ်၊ ဧည့်သည်တွေလာရင် အထက်တန်းကျကျနဲ့ လှလှပပဖြစ်အောင် ဧည့်ခံချင်လို့ ....၊ အဲဒီကိတ်မုန့်ကို စားကြည့်စမ်းပါ၊ မာချီဆန်စတိုးက ဝယ်လာတာ'

ဒေးဗစ်သည် ကိတ်မုန့်ကိုယူ၍စားသည်။ ကိတ်မုန့်သည် သူ့လည်ချောင်းထဲသို့ ချောချောချူချူ ဆင်းမသွား။ နင်နေသဖြင့် စိတ်ရှုတ်ရသည်။ သူသည် လည်ချောင်းထဲ၌ တစ်နေသော ကိတ်မုန့်ကို လက်ဖက်ရည်နှင့် မျှောချရသည်။ သူ ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်နေစဉ်က အလုပ်ခွင်မှ ပြန်လာတိုင်း သောက်ခဲ့ရသည့် သူ့အမေ ဖျော်ပေးသော လက်ဖက်ရည်ကို သတိရမိသည်။ ထိုအချိန်ကတော့ သူ ရသောလုပ်ခသည် ယခုလက်ရှိရနေသည့် လစာ၏ တစ်ဝက်ခန့်မရှိ။ ထိုစဉ်က သူ စားခဲ့သောက်ခဲ့ရသည်များမှာ သူ့အမေကိုယ်တိုင် ဖုတ်ထား

သည့် ခေါင်မုန့်ကြမ်း၊ သူ့အမေကိုယ်တိုင် ပြုလုပ်ထားသည့် ထောပတ်၊ ဒိန်ခဲနှင့် စတော်ဘယ်ရီယိုများသာ ဖြစ်သည်။ ထိုအစားအစာများသည် ကြမ်းသည်ဟု ဆိုရသော်လည်း ဗိုက်ဝသဖြင့် စားရသည်မှာ အားရပါးရ ရှိလေသည်။

သူ့အတွေးသည် သူ့အမေထံမှ ဂျင်နီထံသို့ ပြန်ရောက်လာသည်။ ဂျင်နီအားကြည့်၍ ပြုံးလိုက်သည်။

'ဒီနေ့ကော ကျောင်းမှာ ဘာတွေ ထူးထူးခြားခြား ဖြစ်သေးသလဲ' ဟု ဂျင်နီက မေးသည်။

'ထွေထွေထူးထူးဖြစ်တာ ဘာမှမရှိပါဘူး ဂျင်နီရယ်'

'နေ့တိုင်း ဘာမှမဖြစ်ဘူးချည်းပဲနော်'

'ဟုတ်တယ် ဂျင်နီ၊ နေ့စဉ် ဒီအတိုင်းပဲ'

ဒေးဗစ်သည် သူ့ဆေးတံကို မီးညှိပြီး ဖွာသည်။ နေ့စဉ်နှင့်အမျှ သူ ရုန်းကန်နေရသည့်အဖြစ်ကို ဂျင်နီအား ဖွင့်ပြောလိုက်ရလျှင် ကောင်းလေမလား။ ထိုစကားများကြားလျှင် အခြားလူများအဖို့ စိတ်ဝင်စားစရာကောင်းမည် ဖြစ်သော်လည်း ဂျင်နီကျတော့ ကြိုက်မည်မထင်။ ဂျင်နီသည် အောင်မြင်မှုများကိုသာ ကြားလိုသူဖြစ်၏။ ကျောင်းအုပ်ကြီးက သူ့အား ဘယ်လို သဘောကျသည်၊ သူ့အား ရာထူးတက်ပေးချင်စိတ်ရှိအောင် သူ ဘယ်လို ကြိုးစားခဲ့သည် စသော အကြောင်းအရာများကိုသာ နားထောင်လိုသူ ဖြစ်၏။ သူ အမှန်တကယ် ကြုံနေရသည်များကိုသာ ပြောပြလိုက်လျှင် ဂျင်နီသည် စိတ်ထိခိုက်မည်။ ထို့ကြောင့်လည်း အဖြစ်မှန်များကို သူ မပြောချင်။ ပြီးတော့ လိမ်လည်လှည့်ဖျား၍လည်း မပြောနိုင်။

တစ်ခဏမျှပင် ငြိမ်ဆိတ်နေသည်။ ထို့နောက် ဂျင်နီထံမှ မေးခွန်းတစ်ခု ထွက်လာပြန်သည်။

'ဒါဆိုရင် ဟိုကိစ္စကော ....၊ အာသာဘားရပ်စ်နဲ့ ပတ်သက်လို့ လုပ်ရမယ့်ကိစ္စလေ ....'

'မောင်ကတော့ ဒီကိစ္စမှာ သူ့ကို သိပ်ပြီး အပူမကပ်ချင်ဘူး ဂျင်နီရာ'

'ဒါပေမဲ့ မောင်ရယ်၊ ဒီအခွင့်အရေးမျိုးက ရခဲတယ် မဟုတ်လား၊ ဒီကိစ္စမှာ မစ္စတာဘားရပ်စ်ကိုယ်တိုင်ကပေးလို့ လုပ်ရတယ်လို့ သဘောထားလိုက်ပေါ့'

'မောင့်မှာက ဘားရပ်စ်နဲ့ တွဲလုပ်ခဲ့ရတာတွေ အများကြီးပဲ၊ မောင် သူ့ကို မကြိုက်ဘူး၊ သူ့ဆီစာရေးပြီး အလုပ်ကိစ္စ အကူအညီတောင်းခဲ့ရတာကိုတောင် စိတ်မကောင်းဖြစ်နေတုန်းပဲ၊ သူနဲ့ မောင်နဲ့ အလုပ်အတွက် ကျေးဇူးခံ ကျေးဇူးစားဖြစ်ရတာကိုက မကောင်းတာ'

'ဒီလိုဆိုရင်တော့ ရှင်မိုက်တာပေါ့ ဒေးဗစ်ရယ်၊ ဘားရပ်စ်က ဩဇာသိပ်



ကြီးတဲ့ ပုဂ္ဂိုလ်ဆိုတာ သိဖို့ကောင်းပါတယ်၊ သူက ရှင့်အပေါ်မှာ စိတ်ဝင်စားပြီး သူ့သားကို စာပြပေးဖို့ ခေါ်တယ်ဆိုတာ အလွန်ကောင်းတဲ့ အခွင့်အရေးပါ'

'မောင်ကတော့ အဲဒီကိစ္စမှာ စိတ်ဝင်စားဖို့လို့ မယူဆဘူး၊ သူဟာ မောင်နဲ့ သင့်တော်တဲ့လူတစ်ယောက် မဟုတ်ဘူး၊ သူက မောင့်အပေါ်မှာ စိတ်ကောင်းစေတနာရှိတယ်ဆိုတာကို သိအောင်ကြိုးစားနေတာ'

'သူက ဘယ်သူ့ကို သိစေချင်နေတာလဲ'

'သူ့ကိုယ်သူ သိစေချင်နေတာပေါ့'

ငြိမ်ဆိတ်နေသည်။ ဒေးဗစ် ဆိုလိုသည့်အဓိပ္ပာယ်ကို ဂျင်နီသည် နားမလည်။ သူ သိနားလည်ထားသည်မှာ ပြီးခဲ့သော စနေနေ့က ဘားရပ်စ်သည် ကောင်းပင်လမ်းထဲ၌ ဒေးဗစ်အား သူ့အိမ်ဂေဟာသို့ လာရောက်ရန်နှင့် တစ်ပတ်လျှင် သုံးညမျှ သူ့သား အာသာအား သင်္ချာဘာသာပြပေးရန် ဘားရပ်စ်က ပြောသွားခဲ့သည်။ အာသာသည် သင်္ချာတွင် ညံ့နေ၍ လာမည့်စာမေးပွဲကြီးတွင် ကောင်းစွာ ဖြေဆိုနိုင်ရန် စီစဉ်ခြင်း ဖြစ်လေသည်။

'မောင့်အနေနဲ့ ကိုယ် ဘာပြောနေတယ်ဆိုတာကော သိရဲ့လား မောင်ရယ်' ဟု ဂျင်နီက ပြောသည်။

သူသည် နောက်ထပ်ပြောစရာရှိသည်များကို ပြောရန် ဟန်ပြင်နေသေးသည်။ သို့သော်လည်း ဘာမှ ထပ်မပြောတော့ဘဲ လက်ဖက်ရည်လင်ပန်းကို သိမ်း၍ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိသည်။ ထို့နောက် ဒေးဗစ်သည် ထိုင်ရာမှထကာ သူ့စာအုပ်များကို စားပွဲပေါ်သို့ တင်လိုက်သည်။ သစ်သားမီးဖိုကို မီးညှပ်တစ်ခုဖြင့် ထိုးဆွနေသည်။ သူသည် ဘားရပ်စ်ကိစ္စကို မေ့ပစ်လိုက်ပြီး အလုပ်လုပ်ရန် စားပွဲ၌ ထိုင်သည်။

သူသည် မူလက စီစဉ်ထားသည့်အတိုင်း စာကျက်ဖို့အချိန်မရသဖြင့် များစွာ သောကရောက်လျက်ရှိ၏။ မျှော်လင့်ထားသည့်အတိုင်း စာကျက်နိုင်သည့် အခါအခွင့်သည် များစွာနည်းပါးလျက်ရှိ၏။ စာသင်ရသည့်အလုပ်ကို လွယ်လွယ်ကလေးဟု သူ ထင်ခဲ့မိ၏။ အခု လက်တွေ့လုပ်ရသည့်အခါတွင်မှ စာသင်ရသည့် အလုပ်လောက် ခက်ခဲသောအလုပ်သည် မရှိဟုပင် သူ ယူဆမိလေသည်။

သူသည် အိမ်ပြန်ရောက်တိုင်း ပင်ပန်းနွမ်းနယ်မှုကို ခံစားရသည်။ အထူးသဖြင့် ယနေ့ညတွင် ပင်ပန်းနွမ်းနယ်မှုကို ပို၍ ခံစားရသည်။ သူသည် အံကိုကြိတ်ကာ သူ့ခေါင်းကို အပေါ်သို့မော့လိုက်ပြီး စာအုပ်ထဲတွင် စိတ်ဝင်စားနိုင်ရန် ကြိုးစားသည်။ သူသည် ဘီအေ စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ထား

ရမည် မဟုတ်ပါလား။ တကယ်တော့ ဘီအေဘွဲ့သည် သူနှင့် ဂျင်နီတို့၏ဘဝကို မြင့်မားတိုးတက်စေလိမ့်မည် မဟုတ်ပါလား။

သူသည် အနှောင့်အယှက်မရှိဘဲ နာရီဝက်ခန့်မျှ စာကျက်နေသည်။ ထိုအခိုက်မှာပင် ဂျင်နီ ဝင်လာပြီး ကုလားထိုင်လက်တန်းပေါ်၌ တင်ပါးလွှဲ ဝင်ထိုင်သည်။

'စောစောက ပြောခဲ့မိတာကို ခွင့်လွှတ်ပါ မောင်ရယ်' ဟု ပြောသည်။ ဒေးဗစ်က သူ့ပါးတစ်ဖက်ဖြင့် ဂျင်နီ၏ရင်ကို ကပ်ထားသည်။

'ဂျင်နီလေ တစ်နေ့လုံး ပျင်းနေတာပဲ' ဟု ပြောကာ ဒေးဗစ်၏ဦးခေါင်းကို လက်တစ်ဖက်ဖြင့် အသာအယာ ပွတ်သပ်ပေးနေသည်။

ဒေးဗစ်သည် သူ့ရှေ့မှစာအုပ်ကို ပြန်ဖတ်နေသည်။

'တကယ့်ကို ပျင်းစရာကောင်းတယ် ဒေးဗစ်ရယ်' ဟု ထပ်ပြောသည်။

'တစ်နေ့လုံး ဆိုင်ကိုသွားတဲ့အခါကျမှပဲ မစ္စတာမာချီဆန်နဲ့ စကားပြောခွင့်ရတယ်၊ တစ်ခါတလေ ဈေးဝယ်ရင်း အရောင်းဝန်ထမ်း မိန်းမနဲ့ စကားပြောရတယ် ....၊ ဒီည မောင်နဲ့အတူ အပျင်းပြေ အပြင်ထွက်ကြရအောင်လား'

'ဂျင်နီရယ် မောင့်မှာ အလုပ်ရှိနေတယ်၊ စာကျက်ဦးမှ ဖြစ်မယ်ဆိုတာ မင်းလည်း အသိသားပဲ'

'မောင်ကလည်းကွာ အချိန်ရှိသမျှ ဒီစာအုပ်တွေကိုချည်းပဲ ဖတ်နေတော့မှာလား၊ အလကားဟာတွေနဲ့ပဲ အချိန်ဖြုန်းနေရတာ မပျင်းဘူးလား၊ ဒီညတော့ အပြင်ထွက်ကြရအောင်ပါ၊ နောက်ရက်ကျမှပဲ လုပ်စရာရှိတာ လုပ်ပေါ့၊'

'မဖြစ်လို့ပါ ဂျင်နီရာ၊ အရေးကြီးတဲ့အချိန်ရောက်နေပြီ၊ ဒါကြောင့် ပြောနေတာပါ'

'အို .... ကွာ .... မောင် သွားချင်စိတ်ရှိရင် ရပါတယ်၊ မသွားချင်လို့ တမင်ကတ်သီးကတ်သတ် လုပ်နေတာပါ'

ဒေးဗစ်သည် စိတ်ရှုတ်သော မျက်နှာထားဖြင့် ဂျင်နီအား စိုက်ကြည့်နေသည်။

'မင်းက ဘယ်သွားစရာ ရှိလို့လဲကွာ၊ ဘယ်ကိုသွားမယ်လို့ စိတ်ကူးထားလို့လဲ၊ အပြင်မှာ သိပ်အေးတယ်ကွာ၊ နှင်းတွေကျနေလို့ စိုစွတ်ထိုင်းမှိုင်းနေတာပဲ ကိုယ့်အိမ်ထက်ကောင်းတဲ့နေရာ ဘယ်မှာရှိမလဲကွာ' ဟု ညည်းညည်းညူညူဖြင့် ပြောသည်။

မည်သို့ပင် ပြောစေကာမူ ဂျင်နီမှာကတော့ ကြိုတင်စီစဉ်ပြီးသားက ရှိနေသည်။



'ဂျင်နီတို့ ခြောက်နာရီဆယ်မိနစ် ရထားနဲ့ တိုင်နီကပ်ဆဲလ်ကို သွားမယ်၊ ဒီည အယ်လ်ဒွန်းခန်းမမှာ ဂေးဂီတပွဲရှိတယ်၊ နာမည်ကြီးအဖွဲ့တစ်ဖွဲ့က ဖြေဖျော်မှာ၊ ဂျင်နီကိုယ်တိုင် သတင်းစာထဲမှာ ဖတ်ထားရတယ်၊ လက်မှတ်က တစ်ဆောင်မှ တစ်သျှီလင်နဲ့ သုံးပဲနိပဲ ပေးရမယ်၊ ပိုက်ဆံက နှမြောစရာ မလိုပါဘူး၊ ပွဲက တကယ့်ပွဲကောင်းဆိုတော့ ကြည့်သင့်တယ် မောင်ရဲ့၊ အမြဲတမ်း အဘိုးကြီးတစ်ယောက်လို အိမ်တွင်းပုန်းလုပ်နေလို့ ဖြစ်မလား'

ဒေးဗစ်သည် တစ်ခဏမျှ ငြိမ်နေသည်။ သူသည် အပြင်သို့မထွက်ချင်။ အေးကလည်း အေး၍ လုပ်စရာတွေကလည်း ရှိနေသည်။ ဂေးဂီတပွဲကိုလည်း သူ နားထောင်လိုစိတ်မရှိ။ ရုတ်တရက် သူ့ခေါင်းထဲသို့ အကြံတစ်ခု ဝင်လာသည်။

'ဒီမယ် ဂျင်နီ .... မောင် စိတ်ကူးတစ်ခုရတယ်၊ မောင်ကိုယ်တိုင်သွားပြီး ဆင်မီနဲ့ ဟျူးဂီးတို့ကို သွားခေါ်မယ်၊ ဒီမှာ ညလယ်စာ စားမယ်၊ သူတို့ကို ဆိုဒိုင်းတီးခိုင်းမယ်၊ မင်းလည်း ဆင်မီ ဆိုတာ တီးတာ ကြားဖူးသားပဲ၊ သူလည်း ကောင်းတာပါပဲ'

ဒေးဗစ်က သူ့အကြံကို ပြောပြသည်။ သူ့အကြံသည် အလွန်ကောင်းသည်ဟုလည်း ယူဆသည်။ သူသည် သူ့မိသားစုနှင့် ကင်းကွာနေခဲ့သည်မှာ ကြာခဲ့ပြီ။ သူတို့ ညီအစ်ကိုတစ်တွေ တစ်ကြိမ်တစ်ခါလောက်တော့ ဆုံချင်၏။ ပြီးတော့ ဂျင်နီနှင့် မိသားစုကြား၌ ရှိနေသော တင်းမာမှုသည်လည်း ပြေပျောက်သွားနိုင်စရာရှိသည်ဟု သူ ထင်သည်။

'မဖြစ်ပါဘူး .... ဂျင်နီက အဲဒီလိုပွဲမျိုးမှ မကြိုက်တာ၊ ပြီးတော့ ဒေးဗစ်ရဲ့ မိသားစုကလည်း ဂျင်နီအပေါ် အကောင်းမှမမြင်တာ၊ သူတို့ကို ဂျင်နီရဲ့အိမ်ရိပ်တောင် မနင်းစေချင်ဘူး'

နောက်တစ်ကြိမ် တိတ်ဆိတ်သွားပြန်သည်။ ဒေးဗစ်သည် နှုတ်ခမ်းများကို တအားကိုက်ထားသည်။ ဂျင်နီ လုပ်ပုံသည် အကြောင်းလုံလောက်ခြင်းလည်း မရှိ။ တရားမျှတမှုလည်း မရှိဟု သူ ထင်သည်။ အခုလိုညမျိုးတွင် သူ့အား တိုင်နီကပ်ဆဲလ်သို့ အတင်းအကျပ် ခေါ်နေခြင်းသည် လုံးဝမတရားဟု ယူဆမိသည်။ သူ ဘယ်နည်းနှင့်မှ မသွားနိုင်။ ထိုအခိုက်မှာပင် ဂျင်နီ၏ မျက်လုံးအစုံ၌ မျက်ရည်များ ပြည့်လာနေသည်ကို မြင်ရသည်။ သူသည် သက်ပြင်းတစ်ချက် ချကာ ထိုင်ရာမှထသည်။ ဂျင်နီ၏မျက်ရည်ကို မြင်ပြန်တော့လည်း သူ့စိတ်သည် ပျော့သွားရပြန်လေသည်။

'ကဲ .... ဂျင်နီ၊ မင်းရဲ့ ဂီတပွဲကို သွားကြမယ်'

ဂျင်နီက ဝမ်းသာအားရနှင့် ဒေးဗစ်၏လည်ပင်းကိုဖက်၍ နှုတ်ခမ်းကို နမ်းသည်။

'အချစ်ဟာလေ .... ဂျင်နီအပေါ်မှာ သိပ်ကို သဘောကောင်းတာပဲ' ဟု ပြောသည်။

'ခဏလေးနော်၊ ဂျင်နီ အပေါ်တက်ပြီး ဦးထုပ်ဆောင်းလိုက်ဦးမယ် မကြာပါဘူးနော်၊ အခုပဲ ဆင်းလာခဲ့မှာပါ၊ ရထားကတော့ အချိန်အများကြီး လိုပါသေးတယ်'

ဂျင်နီ အပေါ်ထပ် တက်သွားခိုက်တွင် ဒေးဗစ်သည် မီးဖိုခန်းထဲသွား၍ ပေါင်မုန့်တစ်ချပ်လိုးကာ ဒိန်ခဲညှပ်၍ စားသည်။ သူသည် ပေါင်မုန့်ကိုဝါးနေရင်းမှ မီးဖိုထဲမှ မီးတောက်များဆီသို့ တွေဝေငေးမောနေသည်။ ဂျင်နီသည် ဤဂီတပွဲတော်ကိုသွားဖို့အတွက် လွန်ခဲ့သော ရက်အတန်ကြာကတည်းက စီစဉ်စိတ်ကူးထားပုံရသည်ဟု တွေးနေမိသည်။ သူ စားပြီးခါနီးတွင် နောက်ဖေးတံခါးခေါက်သံကို ကြားရသည်။ သူသည် အံ့အားသင့်သွားသည်။ ကပျာကယာ လျှောက်သွားပြီး တံခါးကို ဖွင့်လိုက်လေ၏။

'ဟာ ဆင်မီပါလား' ဟု ဝမ်းသာအားရ ရေရွတ်လိုက်မိသည်။ ဆင်မီက သူ့အားပြုံးပြီး ကြည့်နေသည်။

'ကျွန်တော်နဲ့ အင်နီနဲ့ လမ်းကြုံလို့ ဝင်လာတာ' ဟု ပြောသည်။

'မတွေ့ရတာကြာလို့ တွေ့ချင်လွန်းတာနဲ့ ဝင်လာတာ'

'ဝင်လာတော့ တွေ့ကြရတာပေါ့ကွာ၊ ဘယ့်နှယ်လဲ .... မင်းရဲ့ အင်နီကော'

ဆင်မီကား အပြင်ဘက် အမှောင်ထုဆီသို့ ဓောင်းငဲ့ပြီး ခေါင်းတစ်ချက်ဆတ်ပြသည်။ အပြုအမူသည် ယဉ်ကျေးသိမ်မွေ့လှ၏။ အင်နီက အထဲသို့ လိုက်မလာဘဲ အပြင်မှ စောင့်နေသည်။ အင်နီသည် သူ့နေရာကို သူ သိသည်။ သူ့အား ပျူပျူငှာငှာ ဆီးကြိုချင်မှ ကြိုလိမ့်မည် ဟူသောအသိဖြင့် အပြင်၌နေခဲ့ခြင်းဖြစ်တည်း။

ဒေးဗစ်သည် မသဲမကွဲ ဖြစ်နေသော အင်နီ၏ရုပ်လွှာကို လှမ်းမြင်နေရသည်။ အင်နီသည် အမှောင်ထုကြားတွင် ငြိမ်ဆိတ်အေးဆေးစွာ လမ်းလျှောက်လျက်ရှိသည်။ ဒေးဗစ်သည် စိတ်မကောင်း ဖြစ်သွားသည်။

'ဟောကောင် ဆင်မီ၊ အခုချက်ချင်း အင်နီကို သွားခေါ်၊ မင်း အရူးလားဘာပြုလို့ အခုလို တစ်ယောက်တည်း ခွဲထားခဲ့ရတာလဲ၊ သွား .... သွား မြန်မြန်သွားခေါ်' ဟု ဒေးဗစ်က အော်ပြောသည်။

ဆင်မီကတော့ ပြုံးနေသည်။ ထိုအခိုက်တွင် အပြင်ထွက်ရန်အတွက် အစွမ်းကုန် အလှပြင်ထားသော ဂျင်နီသည် အခန်းတွင်းသို့ ဝင်လာသည်။ နောက်ဖေးတံခါးဆီသို့ လျှောက်သွားနေသော ဆင်မီသည် တန့်သွားသည်။ ဆက်သွားရမလား၊ ရပ်နေရမလား ဝေခွဲ၍မရ ဖြစ်နေသည်။ ဂျင်နီသည် သူ့အား ကြည့်နေသည် ဆင်မီထံသို့ တခမ်းတနား အမူအရာဖြင့် လျှောက်သွားသည်။



'သိပ်ကို ပျော်စရာပါပဲ' ဟု ဂျင်နီက မထေ့တထေ့ အပြုံးဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ရေရွတ်လိုက်သည်။

'ထူးလည်း တော်တော် ထူးဆန်းပါတယ်၊ ဒေးဗစ်နဲ့ကိုယ် အပြင်ထွက်မလို့လုပ်နေတုန်းမှာ အခုလိုလာပြီး နှောင့်ယှက်တာဟာ ရှက်စရာမကောင်းဘူးလား'

'မဟုတ်ဘူးလေ၊ ဆင်မီက လမ်းကြုံလို့ မောင်တို့နဲ့တွေ့ရအောင် ဝင်လာတာ ဂျင်နီ' ဟု ဒေးဗစ်က ကြားဖြတ်သည်။

'သူနဲ့အတူ အင်နီလည်း ပါလာတယ်၊ အင်နီက အပြင်က ရပ်စောင့်နေရတယ်'

ဂျင်နီ၏ မျက်လုံးများသည် အထက်သို့ မြင့်တက်သွားသည်။ အလွန်ချိုမြသည့်အပြုံးဖြင့် ဆင်မီအား ကြည့်နေသည်။

'စိတ်မကောင်းစရာပဲ' ဟု ရေရွတ်သည်။

'တကယ်ပြောတာပါ၊ စိတ်မကောင်းပါဘူး၊ ကိုယ်တို့က ဂီတပွဲသွားကြမလို့ စီစဉ်ထားပြီးနေပြီ၊ တိုင်နီကပ်ဆဲလ်က သူငယ်ချင်းတွေနဲ့ ဆုံမယ်လို့လည်း ကတိပေးထားခဲ့တယ်၊ သူတို့ကို စိတ်မကောင်းဖြစ်သွားအောင် လုပ်လို့ကတော့ လုံးဝ မဖြစ်နိုင်ဘူး၊ အလည်လာချင်ရင် နောက်မှပဲလာပါ'

ဆင်မီကတော့ အပြုံးမပျက်။

'ဟာ .... ကိစ္စမရှိပါဘူး၊ ကျွန်တော်နဲ့ အင်နီက လမ်းကြုံလို့ ဝင်လာတာပါ၊ ဘာမှ အထူးအထွေ မရှိပါဘူး၊ နောက် အချိန်မရွေး လာလည်လို့ရနေတာပဲ' ဟု ပြန်ပြောသည်။

'မင်း သွားစရာမလိုဘူး ဆင်မီ' ဟု ဒေးဗစ်က ဝင်တားသည်။ 'အင်နီ့ကို သွားခေါ်ခဲ့၊ ဒီမှာ ခဏတဖြုတ်ထိုင်ပြီး လက်ဖက်ရည်သောက်သွားကြ'

ဂျင်နီက မသာမယာ မျက်နှာထားဖြင့် နာရီကို မော့ကြည့်သည်။

'ကိစ္စမရှိဘူး ဒေးဗစ်' ဟု ဆင်မီက လှမ်းပြောပြီး တံခါးဆီသို့ လျှောက်သွားသည်။

'ကျွန်တော့်ကြောင့် ဒေးဗစ်တို့ အပြင်သွားမယ့်ကိစ္စ ပျက်မသွားစေချင်ဘူး၊ ကျွန်တော်နဲ့ အင်နီက ဟိုနားဒီနား လျှောက်သွားပြီး အချိန်ဖြုန်းလိုက်လို့ရတယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံးအတွက် မင်္ဂလာညခင်းပါ'

စကားဆုံးသွားသည်အထိ ဆင်မီ၏ အပြုံးသည် ပျောက်မသွားပေ။ သို့သော်လည်း ထိုအပြုံး၏အောက်၌ အလွန် စိတ်ထိခိုက်နာကြည်းသွားသည်ကို ဒေးဗစ်က သိနေသည်။ အပြင်ရောက်၍ အင်နီနှင့် တွေ့သည့်အခါ ....

'တို့များ သွားကြစို့ အင်နီ၊ တို့အစ်ကို ဒေးဗစ်က ကျောင်းဆရာဖြစ်သွားလို့ ဘဝမြင့်သွားပြီ ထင်ပါရဲ့' ဟု ပြောလိမ့်မည် ထင်၏။

ဒေးဗစ်သည် ဆင်မီနောက်သို့ လိုက်ရကောင်းနိုး၊ မလိုက်ဘဲနေရကောင်းနိုးဖြင့် ချီတုံချတုံ ဖြစ်လျက်ရှိသည်။ ဂျင်နီအား ပေးထားသည့် ကတိကလည်း ရှိနေ၏။ ထိုအခိုက်မှာပင် ဆင်မီသည် အပြင်သို့ ရောက်သွားခဲ့လေပြီ။

ဂျင်နီနှင့် ဒေးဗစ်တို့သည် တိုင်နီကပ်ဆဲလ်သို့ ထွက်သည့် ခြောက်နာရီဆယ်မိနစ် ရထားကို မီသည်။ ရထားသည် ဘူတာတိုင်း၌ ရပ်သဖြင့် နှေးကွေးလှချေသည်။ ရထားဆိုက်လျှင်ဆိုက်ချင်း သူတို့သည် အယ်လ်ဗွန်းခန်းမသို့ လျှောက်သွားကြသည်။ ဝင်ခွင့်လက်မှတ်မှာ တစ်စောင်လျှင် နှစ်သျှီလင် ပေးရ၏။ ဈေးနည်းသည့် ထိုင်ခုံလက်မှတ်များမှာ ကုန်သွားခဲ့လေပြီ။ သူတို့သည် တေးဂီတပွဲကို သုံးနာရီကြာမျှထိုင်၍ ကြည့်ခွင့်ရကြလေသည်။

ဂျင်နီသည် သူ မြင်ရတွေ့ရ၊ နားထောင်ရသမျှအပေါ်တွင် များစွာကျေနပ်လျက်ရှိသည်။ အမြဲတစေ လက်ခုပ်ဩဘာပေးလျက် ရှိသည်။ ဒေးဗစ်အဖို့ကတော့ ငရဲပြည် ရောက်နေသည့်နှယ် ခံစားရသည်။ သူသည် ဆိုသမျှ တီးသမျှများအပေါ်၌ ဂျင်နီလို သဘောကျအောင် ကြိုးစားပါသော်လည်း မရ။ ဂျင်နီကတော့ ဖြေဖျော်နေသူများကို ပထမတန်းစားတွေဟု ဆိုသည်။ အမှန်ကတော့ ဤလူများသည် ပထမတန်းစားများ မဟုတ်။ စတုတ္ထအဆင့်၌သာ ရှိသူများ ဖြစ်လေသည်။

ဒေးဗစ်၏စိတ်သည် ဆင်မီထံသို့ ရောက်သည့်အခါ ရောက်သွားသည်။ သူသည် စကော့ဝုဒ်လမ်း နေအိမ်တွင်း၌ ဆယ်လီ စန္ဒရားတီးပြခဲ့သည်ကိုလည်း သတိရမိသည်။ ယခု သူ တွေ့နေရသည့် ဖြေဖျော်ပွဲသည် ဆယ်လီ ဖြေဖျော်စဉ်က လောက်ပင် မကောင်း။ သူ့စိတ်သည် စားပွဲပေါ်၌ ဖွင့်လျက်တင်ထားခဲ့သည့် စာအုပ်များဆီသို့လည်း ရောက်သွားတတ်၏။ ပြီးတော့ သူ့ထံသို့ မမျှော်လင့်ဘဲနှင့် ရောက်လာခဲ့ကြသည့် ဆင်မီနှင့် အင်နီ ....။ သူတို့နှစ်ဦး လက်ချင်းချိတ်၍ အမှောင်ထုထဲ၌ လျှောက်သွားနေကြသည်ကို သူ မြင်ခဲ့ရသည် မဟုတ်ပါလား....။

ဂီတပွဲပြီးသွားသည့်အခါ သူတို့သည် ခန်းမထဲမှ ပြန်ထွက်လာခဲ့ကြသည်။

'နောက်ဆုံးရထားထွက်ဖို့ တစ်နာရီတောင် လိုသေးတယ် ဒေးဗစ်၊ ဂျင်နီတို့ ပါဆီဂရစ်လ်ဆိုင်ကိုသွားပြီး တစ်ခုခုစားလို့ရသေးတယ်၊ ကျုံးက ဂျင်နီကို အမြဲတမ်း ခေါ်သွားတဲ့ဆိုင်ပေါ့၊ ဘူတာမှာ ရထား အလာကို စောင့်နေရမယ့်အစား အဲဒီဆိုင်မှာ သွားထိုင်နေရတာ မကောင်းဘူးလား' ဟု ဂျင်နီက ပြောသည်။

ပါဆီဂရစ်လ်ဆိုင်တွင် သူတို့သည် ဝိုင်တစ်ခွက်စီ သောက်ကြသည်။



ဂျင်နီသည် သူလာနေကျဆိုင်ကို ပြန်လည်ရောက်ရှိလာရသည့်အတွက် ဝမ်းသာလျက်ရှိသည်။ သူ အရင်က တွေ့နေကျလူများကို မြင်တွေ့ရသဖြင့် ရွှင်မြူးလျက်ရှိသည်။ ဝိုင်တစ်ခွက် ဝင်သွားသည့်အခါ ဒေးဗစ်သည် အာသွက်လျှာသွက် ဖြစ်လာသည်။

'မင်းဟာ အတော့်ကိုဆိုးတဲ့ မှင်စာမကလေးတစ်ကောင်ပဲ၊ သနားစရာကောင်းတဲ့ လူတစ်ယောက်ကို သိပ်ပြီးအနိုင်ကျင့်ချင်တယ်၊ နောက်ဆုံးမှာ မင်းကြောင့် ဘားရပ်စ်ရဲ့သားကို စာသင်ပေးရတော့မယ် ထင်ပါရဲ့' ဟု ဒေးဗစ်က ပြောသည်။

'အခြေအနေကို အဲဒီလိုပဲ သုံးသပ်ရတော့မှာပေါ့ အချစ်ရယ်၊ အဲဒါမှ မှန်တော့မပေါ့' ဟု ဂျင်နီက ပြန်ပြောသည်။ ဂျင်နီသည် ဝိုင်တစ်ခွက် ထပ်မှာပြီး သောက်သည်။ ထို့နောက်တော့ နှစ်ယောက်သား ရထားမီရန် ဘူတာသို့ အပြေးအလွှား ထွက်လာခဲ့ကြသည်။

သူတို့သည် ရထားပေါ်သို့ အမောတကော တက်ခဲ့ကြသည်။

'တော်ပါသေးရဲ့' ဟု ဂျင်နီက ရေရွတ်သည်။ ရထားသည် စလီစကေးကို ရောက်ဖို့ အနည်းဆုံး နောက်ထပ် နာရီဝက်ခန့် သွားရလိမ့်ဦးမည်။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ရထားတွဲထဲတွင် သူတို့နှစ်ယောက်မှတစ်ပါး အခြားခရီးသည်ဟူ၍ တစ်ဦးမှမရှိ။

မကြာမီ ဂျင်နီသည် ဒေးဗစ်ကိုမှီ၍ အိပ်မောကျသွားသည်။ ဒေးဗစ်သည် သူ့ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင် ထူးခြားသော အရိပ်လက္ခဏာများကို မြင်နေရ၏။ ရထားသည် အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းသွားလျက်ရှိသည်။ အပြင်ဘက်တွင် မှောင်မည်းလျက်ရှိသည်။ လေသည် ညည်းတွားအော်မြည်လျက်ရှိသည်။ ပြင်းထန်သော မိုးစက်မိုးပေါက်များသည် ရထားပြတင်းပေါက်များကို ရိုက်ခတ်လျက်ရှိသည်။ ရထားကတော့ အရှိန်အဟုန်မပျက်၊ ဆက်လက် ခုတ်မောင်းသွားလျက်ရှိလေသည်။

* * * * *

## (၁၈)

*လောဂေဟာသို့ ပုံမှန်သွား၍ အာသာဘားရုပ်စ်အား* သင်္ချာဘာသာ သင်ကြားပို့ချပေးခဲ့ပြီးနောက် သုံးလနီးပါးမျှအကြာ ဧပြီလ လဆန်းပိုင်းတွင် *ဒေးဗစ်သည်* သူ့အဖေထံမှ စာတစ်စောင် ရသည်။ စာကို လာပေးသူမှာ လွန်ခဲ့သော ခုနစ်နှစ်နီးပါးခန့်က အဆုတ်အအေးမိသည့်ရောဂါဖြင့် သေဆုံးသွားခဲ့သော အဲလစ္စ၏မောင် ဟာရီကင့်ချ်အမည်ရှိ ချာတိတ်ကလေးတစ်ယောက် ဖြစ်၍ တစ်မနက်ခင်း ဒေးဗစ် ကျောင်းရောက်နေခိုက်တွင် လာ၍ပေးသွားခြင်း ဖြစ်လေသည်။

စာတွင် 'ချစ်သော ဒေးဗစ်၊ စနေနေ့ အဖေ ငါးမျှားမည့်နေရာ ဝမ်းစ်ဘက်သို့ လာနိုင်မလား' ဟု ရေးထားသည်။ စာအိတ်ဟောင်းတစ်လုံးကို ပြောင်းပြန်လှန်ကာ ကော်ပီကူး မင်ခဲတံဖြင့် ဖြစ်ကတတ်ဆန်း ရေးထားသည့်စာ ဖြစ်၏။

ဒေးဗစ်သည် စာကိုဖတ်ကာ စိတ်မကောင်း ဖြစ်သွားသည်။ အဖေသည် သူ ဝမ်းစ်ဘက်ချောင်းသို့ ငါးသွားမျှားသည့်အခါတိုင်း မိမိအား ခေါ်သွားလေ့ရှိ၏။ ထိုစဉ်က ဒေးဗစ်သည် ကလေးဘဝဖြစ်၍ အဖေနှင့် သွားရသည့်အခါတိုင်း အလွန် ပျော်ခဲ့သည်။ ဆယ်ရက်ကြာမျှ ဝမ်းစ်ဘက်၌ နားနေရခြင်းသည် သူ့အဖေအဖို့ အလွန်ပျော်စရာကောင်းသည့် အချိန်တစ်ချိန် ဖြစ်ပေလိမ့်မည်။ ထိုအတွေးသည် ဒေးဗစ်၏စိတ်ကို များစွာ ကြည်နူးစေခဲ့၏။

သူ့အဖေ ရောဘတ်သည် အဆုတ်ရောင်နေသဖြင့် ကျောက်မီးသွေးတွင်းအလုပ်မှ ဆယ်ရက်မျှ နားနေခဲ့ရ၏။ စနေနေ့ဆိုလျှင် သူ၏နားရက်သည် ပြီးဆုံးပေတော့မည်။ ထိုရက်တွင် သူသည် သူ့သားဒေးဗစ်နှင့် ငယ်ငယ်တုန်းကလိုပျော်ပျော်ပါးပါး နေလိုဟန်ရှိ၏။ ပြီးတော့ တစ်နည်းအားဖြင့်တွက်မည်ဆိုပါက အိမ်ထောင်ပြုသွား၍ စိတ်ဆိုးနေသော သူ့အဖေသည် ဤဖိတ်ခေါ်မှုဖြင့် သူ စိတ်ပြေသွားသည့်သဘောကို ဖော်ပြလိုက်ခြင်းဟု ယူဆလို့ရသည် မဟုတ်ပါလား။

အသက်ဝင် လှုပ်ရှားနေသော စာသင်ခန်းအတွင်းရှိ စားပွဲ၌ ရပ်နေသည့် ဒေးဗစ်သည် လွန်ခဲ့သော လများအတွင်းက သူ ကြုံခဲ့ရသမျှကို ပြန်၍ ဆင်ခြင်နေမိသည်။ ဂျင်နီ၏ နားပူနားဆာလုပ်မှုနှင့် အပိုဝင်ငွေ ရလိုမှုများကြောင့် သူသည် စိတ်ထဲက မပါဘဲနှင့် *လောဂေဟာမှ အာသာဘားရုပ်စ်အား* စာပြပေးရသည့် အလုပ်ကို လက်ခံခဲ့ရ၏။ ထိုကိစ္စသည် သူ့အဖေအား များစွာ စိတ်ထိခိုက်စေခဲ့၏။ တကယ်တော့လည်း သူသည် ထိုကိစ္စနှင့်ပတ်သက်၍ သူ့ကိုယ်သူ များစွာ အံ့သြခဲ့မိသည်။



သူ့စိတ်ထဲတွင် ငယ်ရွယ်စဉ်ကတည်းက ရစ်ချတ်ဘားရုပ်စ်မိသားစုအပေါ် အမြင်တစ်မျိုး ရှိခဲ့သည်။ ဤမိသားစု၏ ဘဝသည် မိမိတို့နှင့် များစွာ ကွဲပြားခြားနားသဖြင့် ပေါင်းစပ်၍ရနိုင်ဖွယ်ရာမရှိဟု ယူဆခဲ့၏။ အခုတော့လည်း သူသည် ဤမိသားစုနှင့် မကင်းရာ မကင်းကြောင်း ဖြစ်ကာ ဆက်ဆံပေါင်းသင်းနေခဲ့ရ၏။ သူ ဤအလုပ်ကို လက်ခံပြီးလုပ်စကဆိုလျှင် ထိုဂေဟာမှ အန်တီကေရီသည် သူ့အား သံသယမကင်းသော အမူအရာကို အမြဲလိုလို ဖော်ပြခဲ့သည်။ အန်တီကေရီသည် လောဂေဟာ၏ အိမ်ရှင်မသဖွယ် ဖြစ်နေလေရာ သူတို့အိမ်ထဲသို့ ရွှံ့အလိမ်းလိမ်း ကပ်နေသည့် ရှူးဖိနပ်ပိုင်ရှင်များ ဝင်လာတိုင်း အထူးအဆန်း ဖြစ်ကာ သံသယမျက်လုံးများဖြင့် စောင့်ကြည့်တတ်သောအကျင့် ရှိလေသည်။

သို့တစေလည်း အလာများသည့်အခါ အန်တီကေရီ၏ ဆက်ဆံရေးသည် ပြောင်းသွားသည်။ ဒေးဗစ်အား တလေးတစား ဆက်ဆံရမည့် လူတစ်ဦးဟု အသိအမှတ်ပြုလာခဲ့သည်။ စာသင်ချိန် ပြီးဆုံးကာနီး ကိုးနာရီခန့်တွင် အန်တီကေရီသည် အာသာနှင့် ဒေးဗစ်တို့ရှိရာ စာသင်ခန်းထဲသို့ နွားနို့ပူပူနှင့် ဘီစကွတ်များ လာပို့တတ်၏။

ထို့နောက်တွင်မူ နွားနို့ပူပူနှင့် ဘီစကွတ်များ လာပို့သူမှာ ဟစ်လ်ဒါ ဖြစ်လာသည်။ ဟစ်လ်ဒါကတော့ စတင်တွေ့ဆုံခဲ့ကြစဉ်က သူ့အား ရွှံ့အလူးလူး ရှူးဖိနပ်စီးလာသူတစ်ယောက်လို မဆက်ခံခဲ့သော်လည်း ထိုရှူးဖိနပ်တွင် ကပ်နေသည့် ရွှံ့တုံးတစ်တုံးလို ဆက်ဆံခဲ့သူ ဖြစ်သည်။ သူကတော့ ထိုသို့သော ဆက်ဆံမှုကို ဂရုမပြုခဲ့ပေ။ စတွေ့စဉ်ကတည်းက ဟစ်လ်ဒါက သူ့ကို မနှစ်သက်သည့် လက္ခဏာ ပြထားသဖြင့် ဂရုစိုက်ဖို့မလိုဟု သတ်မှတ်ထားခဲ့ပြီး ဖြစ်ပေသည်။

ဟစ်လ်ဒါသည် သူ့အပေါ်တွင် စိတ်ဝင်စားပုံတော့ ပေါ်၏။ သူမအသက်မှာ နှစ်ဆယ့်လေးနှစ်မျှ ရှိနေပြီ။ သူမ၏ ရက်စွဲ့နောက်တွန့်သော အမူအရာနှင့် ဆွဲဆောင်မှုကင်းမဲ့သော ရုပ်ရည်တို့သည် အခုအခါကျမှပင် ပို၍ ပေါ်လွင်ထင်ရှားလာသည်။

ဒေးဗစ်ကတော့ ဟစ်လ်ဒါအား ဆွဲဆောင်မှု လုံးဝမရှိသည့် မိန်းမတစ်ယောက်ဟု မမြင်ပေ။ အများအားဖြင့် သူ တွေ့ခဲ့ဖူးသမျှ ဆွဲဆောင်မှုအားနည်းသော မိန်းမများမှာ သူတို့ကိုယ်တိုင်က အနေအထိုင် မတတ်ကြ၍ ဖြစ်သည်ဟု သူ ထင်သည်။ ထိုမိန်းမများသည် အဝတ်အစား ဝတ်စားဆင်ယင်မှုတွင် အားနည်းခြင်းနှင့် ပြုမူဆက်ဆံမှုတွင် မပြေပြစ်ခြင်း စသည်တို့ကြောင့် ဖြစ်သည်ဟု သူ ယူဆသည်။ မိမိနှင့် မလိုက်သည့် အရောင်၊ မိမိနှင့် မလိုက်သည့် အကျီပုံနှင့် ဆံပင်ကိုမှ မရွေးတတ်သော မိန်းမများသည် အဘယ်မှာလျှင် ဆွဲဆောင်မှုရှိနိုင်ပါမည်နည်း။

အမှန်တော့ ဟစ်လ်ဒါသည် မူလကတည်းက သူ့ကိုယ်သူ အရုပ်ဆိုးသည့် မိန်းမဟု သတ်မှတ်ထားသူ ဖြစ်ရမည်။ ထို့ကြောင့်လည်း သူ့ကိုယ်သူ ပြုပြင်မွမ်းမံခြင်းမပြုဘဲ ပစ်စလက်ခတ် နေလာခဲ့သည်ဖြစ်ရာ အရုပ်ဆိုးခြင်းကို တိုး၍ အရုပ်ဆိုးအောင် တမင်လုပ်ထားသလို ဖြစ်လျက်ရှိသည်ဟု ဒေးဗစ်က ယူဆသည်။

ထို့ပြင်လည်း ဟစ်လ်ဒါသည် စိတ်ပဋိပက္ခ ဖြစ်နေသူဟု သူ ထင်သည်။ သူမ၏အဖေသည် ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကြီးမားသူ ဖြစ်၍ သူ့အမေကတော့ ကိုယ်ရောစိတ်ပါ အားနည်းသူ ဖြစ်သည်။ ထိုစိတ်နှစ်ခုသည် ဟစ်လ်ဒါစိတ်တွင် ပေါင်းစပ်ပါဝင်နေသည်ဖြစ်ရာ ဤအချက်သည် ဟစ်လ်ဒါ၏ စိတ်ပဋိပက္ခရှင် တစ်ဦး ဖြစ်လာစေခဲ့သည်ဟု သူ တွက်သည်။ ထိုစိတ်နှစ်ခုသည် ဟစ်လ်ဒါထံတွင် သန္ဓေတည်စကတည်းက ပေါင်းစပ်တည်ရှိလာလေသလားဟုပင် ထင်မိလေသည်။

ဟစ်လ်ဒါကို ကြည့်ရသည်မှာ စိတ်ချမ်းသာပုံ မပေါ်ပေ။ ဤအချက်ကို ဟစ်လ်ဒါ ကိုယ်တိုင်က တဖြည်းဖြည်းချင်း ဖော်ပြလျက်ရှိသည်။ သူကိုယ်တိုင်က သူ၏ စိတ်မချမ်းသာမှုကို ဖော်ပြနေသည်ဟုလည်း သူ့ကိုယ်သူ သတိထားမိဟန် မတူပေ။ မည်သို့ပင်ဖြစ်စေ ဟစ်လ်ဒါသည် သူ့ညီမငယ် ဂရေ့စ်ကိုတော့ အမြဲတစေ သတိရလွမ်းဆွတ်လျက်ရှိသည်။ ဂရေ့စ်သည် ယာရိုးဂိတ်သို့သွား၍ ကျောင်းတက်နေရပြီ ဖြစ်သည်။ ဂရေ့စ်နှင့် ပတ်သက်၍ သူ ပြောနေကျ စကားများမှာ 'သူတို့က သူ့ကို ဘာမှ ဟုတ်တိပတ်တိ သင်ပေးမှာ မဟုတ်ပါဘူး၊ သူက သိပ်ကို ငယ်ပါသေးတယ်' ဟု ဖြစ်သည်။ တစ်ခါတစ်ရံ ဂရေ့စ်ထံမှစာကို ဖတ်သည့်အခါ 'ဒုက္ခပါပဲ၊ ဒီကောင်မလေး အခုထက်ထိ စာလုံးကောင်းကောင်း မပေါင်းတတ်သေးပါလား' ဟု မှတ်ချက်ချတတ်သည်။ ဤသည်ကိုကြည့်၍ ဟစ်လ်ဒါသည် ဂရေ့စ်အား အလွန်ချစ်သည်ဟူ၍ကား ဒေးဗစ် အနိုင်အမာ သတ်မှတ်၍ရလေသည်။

တကယ်တော့ ဟစ်လ်ဒါသည် ဒေးဗစ်၏အမြင်တွင် ထူးဆန်းသော မိန်းမတစ်ယောက် ဖြစ်သည်။ သူမသည် သူမ၏ အတွင်းပဋိပက္ခများကို သူ့ဘာသာသူ တိုက်ပွဲဝင်နေသူတစ်ဦး ဖြစ်ဟန်တူ၏။ လွန်ခဲ့သော မတ်လ ၁၂ ရက်နေ့ထုတ် သတင်းစာများတွင် အမျိုးသမီးများ ဆန္ဒမဲပေးခွင့် အဓိကရုဏ်း သတင်းများ ပါလာခဲ့၏။ ထိုသတင်းများသည် ဟစ်လ်ဒါအတွက် အလွန်စိတ်အားတက်ဖွယ်ရာ သတင်းများ ဖြစ်နေသည်။ လန်ဒန်မြို့တော် အနောက်ပိုင်း ရပ်ကွက်များအတွင်း၌ ဖြစ်ပွားခဲ့သော ထိုအရေးအခင်းတွင် လူစည်ကားရာ လမ်းမကြီးများပေါ်မှ အဆောက်အဦ ပြတင်းပေါက်များ ပျက်စီးကုန်သည်။ လူပေါင်း အမြောက်အမြား အဖမ်းခံခဲ့ရသည်။ ထိုအရေးအခင်းသည် ဟစ်လ်ဒါအတွက် အထူးစိတ်အားတက်ကြွစရာ သတင်း ဖြစ်ခဲ့လေသည်။



ထိုအကြောင်း ပြောကြသည့်အခါ ဟစ်လ်ဒါသည် များစွာ စိတ်အားထက်သန်သည်။ သူကိုယ်တိုင် ထိုအရေးအခင်းတွင် ပါဝင်ဆင်နွှဲလိုသည်ဟုပင် ဆိုသည်။ မိန်းမများအပေါ် ဖိနှိပ်ချုပ်ချယ်ခြင်းကို သူ လုံးဝ မလိုလားဟုလည်း ဆိုသည်။ အမေရိကန် အမျိုးသမီးကို သူ အလွန် အားကျသည်ဟုလည်း ထုတ်ဖော်ခဲ့သည်။ သူသည် ယောကျ်ားများကို စက်ဆုပ်မုန်းတီးသူ ဖြစ်၏။ ထိုစရိုက်လက္ခဏာမှာလည်း သူ၏ စိတ်ပဋိပက္ခ၊ သူ၏ အရုပ်ဆိုးအကျည်းတန်မှု၊ သူ၏ စိတ်ရောဂါ စသည်တို့နှင့် ဆက်စပ်ပြီး ဖြစ်ပေါ်လာရခြင်းပင် ဖြစ်လေသည်။

သူ အခုလို ဖြစ်နေရခြင်း၏ အကြောင်းရင်းကို ထုတ်ဖော်ပြောဆိုခြင်း မပြုသော်လည်း ဟစ်လ်ဒါ ယောကျ်ားများကို မုန်းတီးခြင်းသည် သူ့အဖေထံမှ မြစ်ဖျားခံလာခြင်း ဖြစ်သည်မှာ သိသာထင်ရှားလျက်ရှိသည်။ သူ့အဖေသည် "ယောကျ်ား" ဖြစ်၏။ သူ၏ အလိုဆန္ဒ ဟူသမျှကို ပိတ်ပင်တားဆီးနေသူ ဖြစ်၏။ ထိုအပြုအမူများသည် သူမ၏စိတ်ကို များစွာ နာကြည်းနေခဲ့၏။ ဤသို့ဖြင့် ယောကျ်ားမုန်းသော စိတ်သည် သူ့ရင်တွင်း၌ အနိုင်အမာ ကိန်းအောင်းလာခဲ့ရလေသည်။

ဟစ်လ်ဒါသည် သူ့အဖေ ခြေဓာလွှမ်းမိုးရာ လောဂေဟာမှ ဝေးရာသို့ ထွက်ခွာသွားလိုသည်။ စလီစကေးမြို့မှလည်း အပြီးအပိုင် ထွက်ခွာသွားလိုသည်။ သူ့အနေဖြင့် သူ့ဝမ်းစာကို သူ့ဘာသာသူ အလုပ်လုပ်၍ ရှာဖွေလိုသည်။ သူသည် အလုပ်တစ်ခုကို လွတ်လပ်စွာ ရှာဖွေလုပ်ကိုင်လို၏။ သို့သော်လည်း သူ့ဆန္ဒအားလုံးကို သူ့အဖေက ချိုးနှိမ်ပစ်၏။ သူ၏ တောင်းဆိုချက်များကို သူ့အဖေက ပြက်ရယ်ပြုကာ သူ့အား အရူးတစ်ယောက်သဖွယ် ဆက်ဆံခဲ့၏။ သူ့စိတ်ထဲမှာတော့ လောဂေဟာမှ မဖြစ်မနေ ထွက်ခွာမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ အကယ်၍ ခွင့်မပြုပါက ဤကိစ္စအတွက် မရမနေ တိုက်ပွဲဝင်မည်ဟုလည်း စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်၏။ သို့သော်လည်း ယနေ့အချိန်ထိ လောဂေဟာမှ မထွက်ခွာနိုင်သေး။ တကယ်တော့ သူ ဆင်နွှဲမည့် တိုက်ပွဲသည် သူ့စိတ်ထဲ၌သာ ဖြစ်ပေါ်နေခြင်း ဖြစ်၏။ သူသည် စောင့်မျှော်လျက်ပင်ရှိ၏။ ဘာကို စောင့်မျှော်နေပါသနည်း။

ဒေးဗစ်သည် ဟစ်လ်ဒါထံမှတစ်ဆင့် ရစ်ချတ်ဘားရပ်စ်၏အကြောင်းကို အနည်းငယ်မျှ သိခွင့်ရခဲ့သည်။ တချို့တစ်ဝက်ကိုမူ အာသာထံမှ သိခဲ့ရ၏။ ဒေးဗစ်သည် လောဂေဟာသို့ မကြာခဏ ရောက်နေသော်လည်း ရစ်ချတ်ဘားရပ်စ်နှင့်ကား တွေ့ဆုံခွင့်မရခဲ့ပေ။ ဘားရပ်စ်သည် သူနှင့် များစွာအလှမ်းဝေးသည့် လူတစ်ယောက် ဖြစ်နေသည်။

သို့သော်လည်း အာသာကတော့ သူ့အဖေ ဘားရပ်စ်အကြောင်းကို အမြဲလိုလို ပြောပြလေ့ရှိသည်။ အာသာသည် သူ့အဖေအကြောင်း ပြောရခြင်းအပေါ်၌ အလွန်သာယာသူ ဖြစ်သည့်အားလျော်စွာ သူ့အဖေအကြောင်းကို အများကြီး ပြောလေ့ရှိသည်။ သူ ပြောသမျှလည်း သူ့အဖေ တော်ကြောင်းနှင့် ကောင်းကြောင်းများသာ ဖြစ်၏။

ဒေးဗစ်သည် အာသာအပေါ်တွင် တစ်နေ့တခြား တိုး၍ တိုး၍ ခင်လာသည်။ ခင်မင်သည်နှင့်အမျှ အာသာအား သနားစိတ်လည်း ဝင်မိသည်။ ထိုသနားစိတ်မှာ သူနှင့် အာသာ ကျောက်မီးသွေးတွင်း အလုပ်ရုံတွင်း၌ မြင်ဖူးစဉ်ကတည်းက ဖြစ်ပေါ်ခဲ့သောစိတ် ဖြစ်သည်။ အာသာသည် အလွန် စိတ်အားထက်သန်သူ ဖြစ်သည်။ ဤကြားထဲကပင် အားနည်းချက်က ရှိနေ၏။ သူသည် မည်သည့်အရာ၌မဆို ရုတ်တရက် ချက်ချင်း အဆုံးအဖြတ် မပြုနိုင်ချေ။ ဥပမာဆိုပါတော့၊ သူ သုံးသင့်သည့် ခဲတံနှင့် ပတ်သက်၍ ဘယ်ခဲတံကို သုံးရလျှင် ကောင်းမလဲဟု မဆုံးဖြတ်နိုင်ချေ။

အာသာသည် အရာရာတိုင်းကို နှလုံးသားနှင့် ခံယူတတ်သူ ဖြစ်သည်။ စိတ်ကလည်း ထိခိုက်လွယ်၏။ စိတ်ထိခိုက်မှုမှာ လွန်ကဲလွန်းသဖြင့် ဒေးဗစ်က သွယ်ဝိုက်၍ မသိမသာ ပြုပြင်ပေးလေ့ရှိသည်။ ဥပမာဆိုပါတော့၊ အာသာသည် အလွန် ရှက်တတ်သူ ဖြစ်၏။ အာသာ၏ ရှက်စိတ်ကို ပျောက်သွားစေရန်အတွက် ဒေးဗစ်သည် ရယ်စရာများ ပြောပေးလေ့ရှိသည်။ သို့သော်လည်း မရချေ။ အာသာတွင် ဟာသဉာဏ်ဟူ၍ နှမ်းစေ့တစ်စေ့လောက်မျှပင် မရှိပေ။

ဒေးဗစ်သည် အာသာ၏ မိခင်ကိုလည်း ခင်ခွင့်ရခဲ့၏။ တစ်ညနေခင်းတွင် အန်တီကေရီသည် ထုံးစံအတိုင်း သူ့အတွက် နွားနို့လာပို့သည်။ သူ့မျက်နှာသည် ခါတိုင်းနှင့်မတူ၊ အထူး ရွှင်မြူးလျက် ရှိသည်။ သူသည် ဒေးဗစ်အား ပြုံး၍ ကြည့်ကာ ....

'အန်တီ့ညီမ မစ္စက်ဘားရပ်စ်က မင်းကို တွေ့ချင်လို့တဲ့' ဟု ပြောသည်။

ဒေးဗစ် ရောက်သွားသည့်အခါ အာသာ၏မိခင် ဟားရီးယက်သည် ခေါင်းအုံးများကို ကျောနှင့်မှီကာ အိပ်ရာပေါ်၌ ထိုင်နေသည်။ အာသာ အကြောင်းနှင့် အာသာအပေါ် မြင်ထားသည့် ဒေးဗစ်၏အမြင်ကို မေးသည်။ သူ့တွင် အာသာအတွက် သောကရှိနေရကြောင်း၊ သူ့သားအတွက် သူ့တွင် တာဝန်ကြီးတစ်ခု ဖြစ်နေကြောင်း စသည်များကိုလည်း ပြောသည်။ ဤကြားထဲမှပင် 'တာဝန်မလေးပါက သူ့အိပ်ရာဘေးရှိ စားပွဲပေါ်မှ ရေမွှေးပုလင်းလေး လှမ်းလိုက်စမ်းပါ' ဟု ခိုင်းသည်။



ကာရိုလင်း မအား၍ သူ့ဆံပင်ကို ရှင်းလင်းမပေးနိုင်သည့်အခါ ရေမွှေးကို ရှူရကြောင်း၊ ရေမွှေးနံ့ရလျှင် ခေါင်းကိုက် သက်သာသွားကြောင်း၊ အကယ်၍ အာသာသည် သူ့အဖေ မျှော်လင့်ထားသလို ဖြစ်မလာပါက အာသာ့အဖေသည် များစွာ စိတ်ထိခိုက်သွားလိမ့်မည် ဖြစ်ကြောင်း စသည်များကိုလည်း ပြောသည်။ သူသည် စကားကို မရပ်မနား ပြောသည်။ အသက်ရှူဖို့ပင် သတိရဟန်မတူ။ ဒေးဗစ်သည် ဟားရီးယက်နှင့် ဆုံမိခဲ့သည့် အချိန်ကာလအတွင်း သူက စကားများများ ပြောလိုက်ရခြင်း မရှိ၊ အာသာ့အမေ ဟားရီးယက်ကသာ အကြောင်းအရာ တစ်မျိုးပြီးတစ်မျိုးပြောင်း၍ ပြောသွားလျက် ရှိလေသည်။

မည်သို့ပင်ဖြစ်စေ လောဂေဟာမှ လူများက ဒေးဗစ်အပေါ်၌ အထင်အမြင်ကောင်းကြသည်ဟု သိရသောအခါ ဂျင်နီက များစွာ ဝမ်းသာသသည်။ အထူးသဖြင့် ဒေးဗစ်သည် ဘားရပ်စ်မိသားစုနှင့် ခင်မင်ရင်းနှီးနေပြီဟု သိရသည့်အခါ ပို၍ ဝမ်းသာအားတက်သည်။ ဘားရပ်စ်တို့အိမ်မှ ဒေးဗစ် ပြန်ရောက်လာပြီဆိုပါက ဂျင်နီသည် ထိုအိမ်၌ ဖြစ်ခဲ့သမျှ၊ မြင်တွေ့ခဲ့သမျှ အကြောင်းများကို စေ့စေ့စပ်စပ် ပြောလေ့ရှိသည်။ ဘားရပ်စ်၏သမီး ဟစ်လ်ဒါသည် ဒေးဗစ်အပေါ်၌ စိတ်ဝင်စားချင် ဝင်စားပေလိမ့်မည်။ ဤအတွက်တော့ သူ သောကမဖြစ်၊ ဒေးဗစ်အကြောင်းကို သူ ကောင်းကောင်းသိသည်။ ဒေးဗစ်သည် ဖောက်ဖောက်ပြန်ပြန်လူစား မဟုတ်။ ပြီးတော့ ဟစ်လ်ဒါဆိုသည့် မိန်းမကလည်း အလွန် ဖြစ်ကတတ်ဆန်းနေတတ်သည့် မိန်းမ။ စွဲမက်စရာဟူ၍ တစ်စက်မှမရှိ။

ဤအချိန်ကာလအတွင်း ဒေးဗစ်သည် ဂျင်နီအကြောင်းကို ကောင်းကောင်းသိလာရသည်။ သူ့မယားအကြောင်း ကောင်းကောင်းကြီး သိလာရသည်မှာ သူ့အဖို့ အထူးအဆန်းတစ်ခု ဖြစ်နေသည်။ သို့သော်လည်း တကယ်တမ်းပြန်၍ စဉ်းစားလိုက်သည့်အခါ ထူးဆန်းသည်ဟုတော့ မဆိုသာ။ သူသည် ဂျင်နီအကြောင်းကို လက်မထပ်ခင်က အကျအန စုံစမ်းသိရှိခဲ့ရသည် မဟုတ်။ ရပြီးမှသာ သိခဲ့ရခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူသည် အခုမှပင် တကယ့်ဂျင်နီကို သိလာရခြင်း ဖြစ်၏။ ဂျင်နီသည် အထက်တန်းအလွှာတွင်သာ ဝင်ဆံ့ချင်သူ ဖြစ်သည်။ အဝတ်အစားကောင်းကြိုက်သည်။ အပျော်အပါး ဝါသနာကြီးသည်။ ဝိုင်အရက်သောက်ရ ကျေနပ်သည်။ အသေးအဖွဲ့ ကိစ္စကလေးနှင့် စိတ်ကောက်ကာ ငိုလားယိုလား လုပ်တတ်သည်။

ဂျင်နီ၏ အကျင့်စရိုက်များကို အသေးစိတ် သိလာရသော်လည်း ဒေးဗစ်ကတော့ အရင်ကလိုပင် ချစ်မြဲတိုင်း ချစ်နေဆဲ ဖြစ်သည်။ သို့သော်လည်း သူတို့

နှစ်ယောက်ကြားတွင် မကြာခဏ ရန်ပွဲများ ပေါ်ပေါက်နေပြီ ဖြစ်၏။ ဖြစ်လိုက်လျှင်လည်း ရန်ပွဲတွေက ကြီးသည်။ ဂျင်နီက ခေါင်းမာသကဲ့သို့ ဒေးဗစ်ကလည်း ခေါင်းမာသည်။

ဒေးဗစ်က ဂျင်နီအား ဝိုင်အရက်သောက်သည်ကို မကြိုက်။ ပါဆီဂရစ်လ်ဆိုင်သို့ သွားခဲ့ကြသည့်ညက ဂျင်နီသည် ဝိုင်ကို မှာသောက်ခဲ့သည်။ ထိုစဉ်က ဒေးဗစ်၏စိတ်ထဲတွင် ဂျင်နီသည် ဝိုင်အလွန်ကြိုက်ပုံရသည်ဟု တွေးခဲ့သည်။ ထို့နောက် ဂျင်နီသည် ဝိုင်ကို အိမ်ထဲ၌ သောက်လာသည်။ ဒါကျတော့ ဒေးဗစ်က လုံးဝ လက်မခံနိုင်။ သူတို့သည် ဝိုင်ကိစ္စအတွက် အကြီးအကျယ် စကားများကြသည်။ .

'ရှင်ဟာ အလကားလူပဲ၊ ကယ်တင်ခြင်းတပ်မှာ အလုပ်သွားလုပ်ဖို့ကောင်းတဲ့လူစား၊ ကျွန်မ ရှင့်ကိုမုန်းတယ်၊ တကယ့်ကိုမုန်းတယ်' ဟု ဂျင်နီက အော်သည်။ ပြီးတော့ ငိုလားယိုလား လုပ်သည်။ ထို့နောက်တော့ ငြိမ်းချမ်းရေး ရကြသည်။

'ဂျင်နီလေ မောင့်ကို သိပ်ချစ်တယ်၊ တကယ့်ကိုချစ်တာပါ ဒေးဗစ်ရယ်' ဟူသော စကားများသည် ဂျင်နီ၏နှုတ်မှ ထွက်လာသည်။

သူတို့သည် ဒေးဗစ်၏ စာမေးပွဲအတွက်လည်း ရန်ဖြစ်ခဲ့ကြသည်။ ဂျင်နီသည် ဒေးဗစ်အား ဘီအေဘွဲ့ကို ရစေချင်သည်မှာ အမှန်။ ဒေးဗစ်ကို ဘီအေဘွဲ့ ရစေချင်သည်မှာ အရှုးအမူး။ သို့သော်လည်း ဒေးဗစ်အား စာကျက်ဖို့ကျတော့ အချိန်ကောင်းကောင်းမပေး။ သူတို့တွင် ညစဉ်ညတိုင်း လုပ်စရာ အလုပ်တစ်ခုခုက အမြဲရှိနေတတ်သည်။ ဘာမှမရှိတော့သည့်ညမျိုးတွင် အလုပ်မရှိ အလုပ်ရှာပြီး သူ ငယ်ငယ်တုန်းက ကစားသလို လုပ်သည်ဟုဆိုကာ ဒေးဗစ်၏ဒူးပေါ်၌ တက်ထိုင်နေလေ့ရှိသည်။ ဒေးဗစ်က ဒူးကို လှုပ်ပေးနေရလေသည်။

တစ်ခါတစ်ရံတွင် အာလူးလှီးရင်း ဓားထိသွားတတ်သည်။ ဓားထိသည့် ဒဏ်ရာက မဖြစ်လောက်၊ သို့သော်လည်း သူ့တွင် သွေးထွက်လွန်သည်ဟုဆိုကာ တပူပူ တဆူဆူ လုပ်တတ်သည်။ ဒေးဗစ်အနေဖြင့် သူ့အတွက် ဘယ်အချိန်ကျ အိမ်စေထားပေးမှာလဲဟုမေးကာ ပူညံပူညံ လုပ်သည်။ ထိုအခါမျိုးတွင် အာလူးများကို သူကိုယ်တိုင်ဝင်၍ အခွံနွှာပေးရုံမှတစ်ပါး အခြားရွေးစရာလမ်းမရှိ။

လောလောဆယ်တော့ဖြင့် ဘီအေ စာမေးပွဲကို ဘေးချိတ်ထားရသည်။ အိမ်၌ စာကျက်ချိန်က မရ။ လောဂျေဟာ၌ စာသင်ပေးနေရသည့်အလုပ်က တစ်ဖက်၊ ကျောင်း၌ စာသင်နေရသည့်အလုပ်က တစ်ဖက်၊ သူ့တွင် စာကျက်ဖို့အချိန်က လုံးဝမရှိ။ ဤသို့ဖြင့် ဘီအေဘွဲ့ကိစ္စကို သူ မမေ့ချင်ဘဲနှင့် မေ့ထားရသည်။



သူသည် စိတ်ညစ်စိတ်ရှုပ်သည့်အခါတိုင်း ဆယ့်ငါးမိုင်မျှဝေးသော ဝေါ်လင်တန်သို့ စက်ဘီးဖြင့် သွားလည်သည်။ ဝေါ်လင်တန်ရွာသည် သူ့မိတ်ဆွေ ကာမီချယ် တာဝန်ကျနေသောရွာ ဖြစ်သည်။ ကာမီချယ်နှင့် နေရသည့်အခိုက်တွင် ငြိမ်းချမ်းသည်။ အကြံဉာဏ်ကောင်းများလည်း ရသည်။ ကာမီချယ်သည် သူ့အပေါ်၌ ကြင်နာသည်။ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံသည်။ ထို့ကြောင့်လည်း သူသည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တိုင်း ကာမီချယ်ထံသွား၍ နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

သူတို့ချင်း မကြာခဏဖြစ်ရသည့် ရန်ပွဲတစ်ပွဲ ရှိသေးသည်။ ယင်းမှာ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်မိဘဆွေမျိုးများကို အကြောင်းပြု၍ဖြစ်သော ရန်ပွဲဖြစ်သည်။ ထိုပြဿနာသည် ဒေးဗစ်အတွက် သောကအများဆုံး ပြဿနာတစ်ခုဖြစ်ခဲ့သည်။ သူ အိမ်ထောင်ပြုလိုက်သည့်အတွက် သူနှင့် မိဘများကြားကွင်ဆက်ဆံရေး ပျက်ပြားခဲ့ရ၏။ သူနှင့် မိဘတို့ကြားတွင် အကူးအသန်း၊ အသွားအလာများ အထိုက်အလျောက် ရှိခဲ့သည်မှာ မှန်သော်လည်း ဂျင်နီနှင့်ကား အဆက်အဆံ မရှိခဲ့ပေ။

ပထမတွင် ဒေးဗစ်သည် ဂျင်နီအား သူ့မိဘများထံ ခေါ်သွားခဲ့ဖူးသည်။ သို့သော်လည်း သူ လိုလားသည့်ပုံစံကို မရရှိခဲ့ပေ။ ဂျင်နီသည် အခြားသော လူရတတ်များနှင့် တွေ့သည့်အခါ တလေးတစား တရင်းတနှီး ဆက်ဆံလေ့ရှိသော်လည်း မိမိ၏ မိဘများနှင့်ကျတော့ တုံ့ဏှိဘာဝေ လုပ်နေသည်။ မိမိ၏ မိခင် မာသာကလည်း အေးစက်တင်းမာနေသည်။ မိမိ၏ဖခင် ရောဘတ်ကလည်း စကားတစ်ခွန်းမှမပြောဘဲ နှုတ်ဆိတ်လျက်ရှိ၏။ အနီး၌ထိုင်နေသော ဆင်မီနှင့် ဟူးဘီးတို့ကတော့ စိတ်လက်မသက်မသာ ဖြစ်နေသော အမူအရာကို ဖော်ပြနေခဲ့ကြသည်။

ထိုစဉ်က မိမိ၏ မိဘများအပေါ်၌ အဖက်မတန်သလို လုပ်နေခဲ့သော ဂျင်နီအား အိမ်ပြင်ဘက် ရောက်လျှင်ရောက်ချင်း ရိုက်နှက်ပစ်လိုစိတ် ပေါ်ခဲ့သည်။ သို့သော်လည်း အပြင်သို့ရောက်သည့်အခါ စိတ်က ပြောင်းသွားသည်။ ဂျင်နီအပေါ်၌ ချစ်သောစိတ်သည် ပြန်ပေါ်လာခဲ့ပြန်သည်။ အမှန်တော့ သူ အိမ်ထောင်ပြုလိုက်ပြီ ဟူသောသတင်းကို ကြားခဲ့ရသည့်အချိန်က သူ့အမေနှင့် အဖေသည် များစွာ စိတ်ထိခိုက်သွားကြသည်။ သို့သော်လည်း အမေသည် သူ့စိတ်သူဖြေ၍ နေတတ်သူ ဖြစ်သည်။

သူ့ချွေးမ ဂျင်နီသည် ကောင်းလိမ့်မည်မဟုတ်ဟု ဂျင်နီကို မြင်ကတည်းက သိသည်။ သူ့သားဒေးဗစ် ဒုက္ခရောက်တော့မည်ကိုလည်း ကြိုတင်၍မြင်သည်။

သို့သော်လည်း ဘာမှ ပြောဆိုဝေဖန်ခြင်းမပြု။ တကယ်တော့ မာသာသည် ဒေးဗစ်အား ကျောက်မီးသွေးတွင်းမှ အလုပ်ထွက်နိုင်းကတည်းက သဘောတူခဲ့သည်မဟုတ်၊ ဒေးဗစ် အလုပ်မှထွက်လျှင် ဒေးဗစ်ပင် ဒုက္ခရောက်လိမ့်မည်ဟု သူ ထင်ခဲ့၏၊ အခုဆိုလျှင် အချိန်မတန်ခင် အိမ်ထောင်ကျလာသည့်အတွက် ဒုက္ခရောက်နေပြီ မဟုတ်ပါလော။

ရှောဘတ်၏ သဘောထားမှာမူ မာသာနှင့် ကွဲပြားခြားနားသည်။ ဒေးဗစ် အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ နှုတ်ဆိတ်နေသည်။ ဂျင်နီအပေါ် ကိုယ်ချင်းစာနာသောစိတ်ဖြင့် ငြိမ်ဆိတ်နေခြင်းမျှသာ ဖြစ်သည်။ စိတ်ထဲမှာကတော့ များစွာ ထိခိုက်ကြေကွဲလျက်ရှိသည်။ အမှန်တော့ ရှောဘတ်သည် ဒေးဗစ်အပေါ်တွင် များစွာ မျှော်လင့်ချက်ထားခဲ့သူ ဖြစ်သည်။ ကြီးမားသော ရည်မှန်းချက်များကိုလည်း ထားခဲ့သူ ဖြစ်သည်။ သူ၏ အနာဂတ်ဘဝကို ဒေးဗစ်၏လက်ထဲ၌ ပုံအပ်ထားခဲ့သူလည်း ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဒေးဗစ် အိမ်ထောင်ပြုလိုက်သည့်အခါ များစွာ ထိခိုက်ကြေကွဲခဲ့ရ၏။ သူ့သား လက်ထပ်သည့် မိန်းကလေးမှာ မြို့ပေါ်ရှိ စတိုးဆိုင်မှ အရောင်းစာရေးမဟု သိလိုက်ရသည့်အခါ ပို၍ပင် စိတ်ထိခိုက်ခဲ့ရ၏။ သို့သော်လည်း သူ၏ စိတ်ထိခိုက်မှုကို အပြင်သို့မထုတ်။

ရှောဘတ်က မည်မျှပင် ဖုံးထားစေကာမူ သူ့အဖေအကြောင်းကို သိနေသော ဒေးဗစ်သည် သူ့ဖခင်၏ ဝမ်းနည်းကြေကွဲမှုကို ကောင်းစွာသိနေသည်။ ထိုစဉ်က သူကိုယ်တိုင်ပင် သူ့အဖေ၏အဖြစ်ကိုတွေးကာ ဝမ်းနည်းကြေကွဲခဲ့ရ၏။ ညညဆိုလျှင် ရက်တရက် အိပ်မပျော်။ သူ့အဖေသည် သူ အိမ်ထောင်ပြုလိုက်သည်ကိုလည်း သဘောမကျ။ ကျောင်းဆရာ အလုပ်အတွက် ရစ်ချတ်ဘားရပ်စ်ထံမှ အကူအညီတောင်းခံခဲ့သည်ကိုလည်း မနှစ်မြို့။ ရစ်ချတ်ဘားရပ်စ်၏အိမ်သို့သွား၍ အာသာဘားရပ်စ်အား စာသင်ပေးနေသည်ကိုလည်း မကြိုက်။ သို့သော်လည်း သူ့အဖေသည် သူ့ဆန္ဒကို သူ့ရင်ထဲ၌သာ သိုဝှက်ထားခဲ့သည်။ သူ့အဖေသည် မည်မျှလောက်အထိ ခံစားရပါမည်နည်း ....။ ဤကဲ့သို့ ဖြစ်နေသည့်ကြားမှပင် မိမိထံ စာရေးပြီး သူနှင့်အတူ ဝမ်းစ်ဘက်သို့ ငါးမျှားလိုက်ရန်ခေါ်နေသေး၏။

အတန်းထဲမှ ကလေးများ၏ ဆူဆူညံညံ အသံများသည် အိပ်ပျော်နေသော ဒေးဗစ်အား လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ သူသည် ကလေးများအား ငြိမ်သွားအောင် သတိပေးလိုက်သည်။ ချက်ချင်းပင် စာတိုတစ်စောင် ကပျာကယာရေးကာ စာလာပေးသူ ဟာရီ၏လက်ထဲသို့ ထည့်လိုက်သည်။ ထို့နောက် သူသည် သူ၏ တစ်နေ့တာလုပ်ငန်းကို စတင်ခဲ့လေ၏။

ထိုသီတင်းတစ်ပတ်လုံး ဒေးဗစ်သည် စနေနေ့ အရောက်ကိုသာ တမျှော်



မျှော် ဖြစ်နေသည်။ နွေဦးပေါက်တော့မည်။ အခုလိုအချိန်ဆိုလျှင် ဝမ်းစ်ဘတ်ချောင်းကြားသည် ချစ်စရာကောင်းနေပေတော့မည်။

စနေနေ့ ရောက်လာပြီ။ ရာသီဥတုက နွေးနွေးထွေးထွေး ရှိလှ၏။ တိမ်များကြားမှ နေသည် ထွက်လာလိုက်၊ ပြန်ဝင်သွားလိုက် ....။ အနောက်ဘက်မှ တိုက်ခတ်လာနေသောလေသည် ဖြည်းဖြည်းသာသာ ရှိလှ၏။ အခုလို သာယာသောနေ့သည် ငါးမျှား၍ ကောင်းသောနေ့ ဖြစ်သည်။

ဒေးဗစ်သည် အိပ်ရာမှ အစောကြီးထသည်။ ဂျင်နီအတွက် လက်ဖက်ရည်တစ်ခွက် ဖျော်ကာ ပေါင်မုန့်တစ်ချပ်ကို ယိုသုတ်ပြီး အဆင်သင့် ပြင်ထားခဲ့သည်။ ထို့နောက် သူ့အသက် ဆယ်နှစ်ပြည့်မွေးနေ့က သူ့အဖေ လက်ဆောင်အဖြစ်ဝယ်ပေးခဲ့သည့် ငါးမျှားတံကိုယူကာ အိမ်မှ ထွက်လာခဲ့သည်။ သူသည် ငါးမျှားတံကို စမ်းကြည့်သည်။ ဤငါးမျှားတံသည် အခုအချိန်ထိ အသုံးပြုလို့ရနေဆဲ ....။ သူ အိမ်မှထွက်လာချိန်တွင် ဂျင်နီသည် အိပ်မောကျနေဆဲ ....။

သူသည် တောင်ကုန်းပေါ်ရှိ အလုပ်သမားများ အိမ်တန်းလျားဆီသို့ အင်ကာမင်လမ်းအတိုင်း တက်လာခဲ့သည်။ အခုလို နွေဦးပေါက်ရာသီ နံနက်ခင်းစောစောစီးစီး သူ့မိဘများ၏အိမ်ထဲသို့ ဝင်လာရခြင်းသည် အထူးအဆန်းတစ်ခုလို ဖြစ်နေသည်။ ဆင်မီနှင့် ဟူးဂီးတို့မှာ နံနက်ဆိုင်း အလုပ်ဆင်းနေကြသဖြင့် အိမ်၌မရှိကြချေ။ သူ့အမေသည် စားပွဲနား၌ရပ်ကာ သူ့အဖေအတွက် နေ့လယ်စာထည့်ပေးရန် ပြင်ဆင်နေသည်။

ဒေးဗစ်ကို မြင်လိုက်သည့်အခါ အမေ့မျက်နှာသည် တစ်မျိုးဖြစ်သွားသည်။ ခေါင်းတစ်ချက်ညိတ်၍ နှုတ်ဆက်လိုက်သော်လည်း မျက်နှာထားကတော့ တည်ငြိမ်လျက်ပင် ရှိသည်။ အမေသည် အခုအချိန်ထိ ခွင့်မလွှတ်နိုင်သေးသည်မှာ ထင်ရှားနေပေသည်။

'နင့်ကိုကြည့်ရတာ နေမကောင်းသလိုပဲ' ဟု အမေက သူ့မျက်နှာကို တစ်ချက်မျှ စူးစိုက်ကြည့်ပြီး ပြောသည်။

'ကျွန်တော် ဘာမှမဖြစ်ဘူး အမေ၊ နေကောင်းပါတယ်' ဟု သူက ပြန်ပြောသည်။

ထိုစကားမှာ မမှန်ပေ။ လွန်ခဲ့သော လအနည်းငယ်ခန့်မှစ၍ သူသည် နေထိုင်၍မကောင်းသလို ခံစားနေရ၏။

'နင့်မျက်နှာက ပိန်လိုက်တာ အလွန်ပဲ၊ ပြီးတော့ သွေးမရှိတော့တဲ့အတိုင်းပဲ ဖြူဖပ်ဖြူရော်နဲ့'

ဒေးဗစ် စိတ်တိုသွားသည်။

'အဲဒါတော့ မတတ်နိုင်ဘူး အမေ၊ ကျွန်တော် နေကောင်းပါတယ်လို့ အမေ့ကို ပြောပြီးပြီ မဟုတ်လား'

'နင်ဒီအိမ်မှာပဲနေပြီး ကျောက်မီးသွေးတွင်းမှာသာ အလုပ်ဆက်လုပ်နေရင် အခုလိုဖြစ်မှာ မဟုတ်ဘူးလို့ ငါ ထင်တယ်'

ဒေးဗစ်သည် တိုး၍ စိတ်တိုသွားသည်။ သို့သော်လည်း နောက်ထပ် ဘာမှ မပြောတော့ဘဲ ....

'အဖေ ဘယ်မှာလဲ' ဟုသာ မေးသည်။

'ငါးစာ သွားရှာတယ်၊ အခုပဲပြန်လာမှာ၊ နင်က ဘာကြောင့် အရေးကြီးနေရတာလဲ၊ ခဏတဖြုတ်ထိုင်ပြီး ကိုယ့်အမေနဲ့တောင် စကားမပြောနိုင်တော့ဘူးလား'

ဒေးဗစ်က စားပွဲတွင် ဝင်ထိုင်ကာ သူ့အမေ လုပ်ကိုင်နေသည်ကို ကြည့်နေသည်။ အမေသည် အသက်ကြီးလာပြီ။ သူ လှုပ်ရှားပုံများကတော့ သွက်လက်ဖျတ်လတ်ဆဲ။ ပြီးတော့ လုပ်ကိုင်ပုံသည် ယခင်ကလိုပင် စေ့စပ်သေချာဆဲ ....။ သူ့မျက်လုံးများသည် ကြည်လင်တောက်ပဆဲ ....။

'နင့် နေ့လယ်စာက ဘယ်မှာလဲ'

'ကျွန်တော့် အကျႌအိတ်ကပ်ထဲမှာ'

'ငါ့ကို ပြစမ်း'

ဒေးဗစ်က မကြားချင်ဟန်ဆောင်နေသည်။ အမေက သူ့လက်ဝါးတစ်ဖက်ကို ဒေးဗစ်ဆီသို့ ဆန့်တန်းလိုက်ပြီး ထပ်ပြောသည်။

'ငါ့ကို ပြစမ်း'

'ကျွန်တော် မပြဘူး အမေ၊ ကျွန်တော့် နေ့လယ်စာက ကျွန်တော့်အိပ်ကပ်ထဲမှာ'

အမေသည် လက်ကိုဆန့်ကာ လက်ဝါးကို ဖြန့်ထားဆဲ ....။ သူ့မျက်နှာထားသည် တင်းမာလျက်ရှိ၏။

'နင်က အခု ငါ့စကားကို ငါ့ရှေ့မှာတောင် မနာခံတော့ဘူး ဆိုပါတော့၊ ငါကွယ်ရာမှာ ငါ့စကားကို ပယ်ရှားပြီး နင်လုပ်ချင်တာ လုပ်တော့မယ် ဆိုပါတော့ ဟုတ်လား'

'အို .... ဗျာ၊ အမေကလဲ ....၊ ပြဿနာမရှိ ပြဿနာရှာနေတယ်၊ ကျွန်တော် အမေ့စကားကို မနာခံချင်လို့ မဟုတ်ဘူး၊ နေ့လယ်စာက ....'

သူသည် ဒေါသတကြီးဖြင့် အိတ်ကပ်ထဲမှ စက္ကူထုပ်တစ်ထုပ်ကိုယူကာ စားပွဲပေါ်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် ချပြသည်။



အမေသည် တင်းမာသော မျက်နှာထားဖြင့် စက္ကူထုပ်ကို ဆွဲယူကာ ဖြေကြည့်သည်။ ယိုသုတ်ထားသည့် အောက်သိုးသိုးအနံ့ထွက်နေသော ပေါင်မုန့်သုံးချပ် ထွက်လာသည်။ ထိုပေါင်မုန့်များမှာ ဒေးဗစ်ကိုယ်တိုင် လုပ်လာခဲ့သည့် မုန့်များ ဖြစ်၏။ အမေ့မျက်နှာထားသည် ပြောင်းမသွား။ စိတ်ဆိုးဟန်လည်း မပြ။ အထင်သေး အမြင်သေး ဖြစ်သွားသည့် အရိပ်လက္ခဏာကိုလည်း မပြ။ ပေါင်မုန့်ထုပ်ကိုသာ ဘေးသို့ တွန်းဖယ်လိုက်ပြီး သူ လုပ်ထားသည့်အထုပ်ကို လှမ်းပေးသည်။

'အဲဒီထဲမှာ ငါ ထည့်ထားတာ နှစ်ယောက်စာ မကဘူး' ဟု ပြောသည်။

အမေ့သဘောထားထဲတွင် မတရားခြင်းလည်း ပါသည်။ တရားမျှတခြင်းလည်း ပါသည်။ ထိုတရားမျှတမှုသည် ဒေးဗစ်အား ပြင်းထန်သော လက်သီးချက်တစ်ခုသဖွယ် အထိနာခြင်းကို ဖြစ်စေသည်။

'ဒီမယ် အမေ၊ အမေ့ဘက်က ဂျင်နီကို အဆင်ပြေအောင် အခွင့်အလမ်းတော့ ပေးစေချင်တယ်၊ အမေက သူ့ကို အမြဲတမ်း အထင်သေးနေတာပဲ၊ အဲဒါတော့ အမေ မတရားဘူး၊ သူနဲ့ အမေကြားမှာ အဆင်ပြေအောင် အမေ့ဘက်က လုံးဝ မကြိုးစားဘူး၊ လွန်ခဲ့တဲ့ သုံးလအတွင်းမှာ အမေ သူနဲ့တွေ့တာ အကြိမ်ပေါင်း ဒါဇင်ဝက်တောင်မှ မရှိဘူး'

'ဩော် .... မင်းမိန်းမက သူ့ဆီကို ငါက လာတွေ့စေချင်တယ်ပေါ့ ဟုတ်လား'

'အမေ့ကို သူက လာတွေ့ချင်အောင် အမေကမှ မလုပ်တာ၊ အမေ့အနေနဲ့ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံရင် ဘယ်လောက်အဆင်ပြေမလဲ၊ သူ့ခမျာ ဒီနေရာမှာနေရတာ သိပ်ကို အထီးကျန်နိုင်တယ်၊ အမေက သူ့ကို ပျော်လာအောင် လုပ်ပေးသင့်တယ်'

မာသာ၏ မျက်နှာထားသည် ပို၍ တင်းသွားသည်။ မထီတရီ အမူအရာဖြင့် လှောင်ပြုံးပြုံးသည်။

'နင့်မိန်းမကို ပျော်အောင် လုပ်ပေးဖို့တောင် လိုနေပြီလား' ဟု ပြောသည်။ ဒေါသလည်း ပို၍ကြီးလာသည်။

'နင့်မိန်းမ အထီးကျန်နိုင်တယ်ပေါ့ ဟုတ်လား၊ ဒါဆိုရင် ငါ မေးမယ်၊ သူ ဘာပြုလို့ အထီးကျန်နိုင်ရတာလဲ၊ နင့်အိမ်ထဲမှာ မိန်းမတစ်ယောက်လုပ်ရတဲ့ အိမ်မှုကိစ္စတွေ မရှိဘူးလား။

'ငါ့ကို ကြည့်စမ်း၊ ငါ့မှာ ဘယ်တော့မှ အထီးကျန်ဖြစ်ဖို့ အချိန်မရှိဘူး၊ အမြဲတမ်း ကိုယ့်အလုပ်ထဲကိုယ် နစ်မြုပ်နေတော့ အထီးကျန်ဖြစ်ဖို့ မလို

တော့ဘူးပေါ့၊ ပြီးတော့ နင့်မိန်းမက ဒီကလူတွေနဲ့ မိတ်ဆွေဖြစ်အောင် နေလို့လား၊ ဒီကလူတွေကို သူနဲ့ အဆင့်မတူဘူးလို့ ထင်နေသမျှ သူ့မှာ ပေါင်းသင်းစရာလူ ရှိပါ့မလား၊ နင့်အနေနဲ့ ငါ့ကို အခုလိုလာပြောနေမယ့်အစား မာချီဆန်ရဲ့ဆိုင်က ဝိုင်အရက်ပုလင်းတွေ အများကြီး ဝယ်မထားအောင် ဆုံးမပေါ့'

ဒေးဗစ်သည် ထိုင်နေရာမှ ခုန်ထလိုက်သည်။

'အမေ လွန်လာပြီနော်၊ ဒီစကားမျိုးကို အမေ မပြောသင့်ဘူး ထင်တယ်ဗျာ' ဟု ဒေါသတကြီး ပြောသည်။

သားအမိနှစ်ယောက်သည် မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက်မျက်နှာတစ်ယောက် စူးစူးရဲရဲ ကြည့်နေသည်။ ထိုအခိုက်မှာပင် ပွင့်နေသော တံခါးပေါက်မှ ရောဘတ် ဝင်လာသည်။ တစ်ချက်မျှ ကြည့်လိုက်ရုံဖြင့် သားအမိနှစ်ယောက်သားဘာဖြစ်နေသည်ကို အကဲခတ်မိသည်။ သို့သော်လည်း သူသည် ဘာမှ မသိဟန်ဖြင့် လှမ်း၍စကားပြောသည်။

'မင်း ရောက်နေပြီကိုး၊ အမေကတော့ အားလုံးအဆင်သင့်ပဲ၊ ဒေးဗစ်ကဲကွာ ....လာ၊ မင်းအမေနဲ့ ပြောစရာရှိတာကို ဟိုကအပြန်ကျမှ ပြောပေါ့'

ဒေးဗစ်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

'သွားတာပေါ့ အဖေ' ဟု ပြန်ပြောသည်။ သူတို့သားအဖသည် အိမ်ထဲမှ ထွက်သွားကြသည်။

ကောင်းပင်လမ်းအတိုင်း လျှောက်လာနေကြချိန်တွင် ရောဘတ်သည် ခါတိုင်းထက်ပို၍ စကားများများ ပြောလာနေသည်။ သူသည် ငါးမျှားခြင်းအကြောင်းကို ခရေစေ့တွင်းကျ ပြောပြလာနေခြင်း ဖြစ်၏။ သူ့တွင် ငါးစာကောင်းကောင်းတွေ ရလာကြောင်း၊ လေကလည်း အလိုက်သင့် တိုက်ခတ်နေသဖြင့် ငါးများလို့ကောင်းလိမ့်မည်ထင်ကြောင်း စသည်များကို ပြောပြနေသည်။ ပြီးတော့ သူတို့သားအဖအနေဖြင့် ဒန်းတီးစ်ဒေး၏ ကုန်ကားဖြင့် လမ်းကြုံလိုက်ဖို့လည်း သူစီစဉ်ထားကြောင်း၊ ခါတိုင်း ကုန်ကားမောင်းနေကျ ဒရိုင်ဘာမှာ ဖျားနေသဖြင့် သူ့အစား ကျောက်မီးသွေးတွင်းအလုပ်မှ အနားရထားသော တီးစ်ဒေးက မောင်းလိမ့်မည်ဖြစ်၍ မိမိတို့အား ခေါ်သွားခြင်း ဖြစ်ကြောင်း၊ တီးစ်ဒေးက သူတို့အားမော်ပက်သ်နှင့် နှစ်မိုင်ကွာအထိ ရောက်လိမ့်မည်ဖြစ်ကြောင်း စသည်များကိုလည်း ရှင်းပြသည်။

ဒေးဗစ်သည် နားထောင်သည်။ နားထဲဝင်အောင်လည်း ကြိုးစားသည်။ တီးစ်ဒေးနှင့် သူ့အဖေတို့ စကားပြောနေခိုက်တွင် ဒေးဗစ်သည် ဆိုင်အပြင်ဘက်မှာရပ်စောင့်နေသည်။ သူသည် စောစောက သူ့အမေ ပြောခဲ့သည့် စကားများကို



သတိရနေသည်။ ဤစကားများကို သူ့အမေက ပြောခဲ့၍ စိတ်ဆိုးခြင်းမဟုတ်။ အမေ့စကားများတွင် မှန်ကန်လွန်းသောအချက်များပါနေ၍ စိတ်ဆိုးမိခဲ့ခြင်းဖြစ်၏။

ကုန်ကားပေါ်သို့ ဒန်းတီးစ်ဒေးက အရင်တက်သည်။ သူ့နောက်မှ ရောဘတ်က လိုက်တက်သည်။ ပြီးတော့မှ ဒေးဗစ်က တက်သည်။ သုံးယောက်ဆိုတော့ ကျပ်ကျပ်သပ်သပ် ထိုင်ကြရသည်။ ကုန်ကားသည် ချက်ချင်းပင် ထွက်ခွာလာခဲ့လေ၏။

မြို့ပြင်ရောက်ချိန်မှစ၍ ဒန်းသည် စကားတွေ ဖောင်လောက်အောင် ပြောလာသည်။ သူ့အနေဖြင့် သူတို့သားအဖအား အေဗိုရီအထိ လိုက်ပို့ပေးမည်ဖြစ်ကြောင်း၊ ပစ္စည်းများကို အပြန်ခရီးကျမှ ချပေးမည်ဟု စိတ်ကူးကြောင်း၊ ငါးမျှားခြင်းကို သူကိုယ်တိုင် အလွန်ဝါသနာကြီးကြောင်း၊ သို့သော်လည်း အလုပ်ကများသဖြင့် ငါးမျှားခွင့်ကို မရခဲ့ကြောင်း၊ သူသည် ယာသမားတစ်ယောက် ဖြစ်လိုသောဆန္ဒဖြင့် ကြိုးစားခဲ့သော်လည်း ကျောက်မီးသွေးတွင်းတူး အလုပ်သမားဘဝသို့ လုံးဝ မမျှော်လင့်ဘဲနှင့် ရောက်လာခဲ့ရကြောင်း စသည်များကို မရပ်မနားပြောလာသည်။ ပြောအပြီးတွင် ဟက်ဟက်ပက်ပက် ရယ်သည်။ သူ့အကြောင်းသူ ပြောပြနေရသဖြင့် ရှက်စိတ်ဝင်ကာ ရှက်ရယ်ရယ်သည့်သဘော ရှိသည်။

ကုန်ကားသည် ကျောက်မီးသွေးတွင်းများကိုကျော်ကာ တောပိုင်းဒေသသို့ ရောက်လာသည်။ တောပိုင်းဒေသတွင် စိုစိုစိမ်းစိမ်း သစ်ပင်များနှင့် မြက်ခင်းများကို မြင်ရသည်။ ကမ္ဘာသစ်တစ်ခုအတွင်းသို့ ဝင်ရောက်သည့်နှယ်ရှိ၏။ ဤအပိုင်းသို့ ရောက်သည့်အခါ စောစောက စိတ်ညစ်နေသော ဒေးဗစ်သည်ပင်လျှင်ရွှင်လန်းလာသည်။ လယ်ကွင်းများကိုကြည့်ကာ စိတ်ကြည်နူးမှုကို ခံစားလာရလေသည်။

'သိပ်သာယာတာပဲ' ဟု ဒေးဗစ်က ပြောသည့်အခါ ဒန်းက ခေါင်းညိတ်သည်။

'ဟုတ်တယ်....၊ သိပ်သာယာတယ်' ဟု ပြောသည်။

တစ်ဆက်တည်းပင် 'မင်း လောဂေဟာကိုသွားပြီး စာပြပေးနေရတာ အဆင်ပြေရဲ့လား' ဟု မေးသည်။

'သိပ်တော့မဆိုးပါဘူး ဒန်းရယ်' ဟု ဒေးဗစ်က ဖြေသည်။

ဒန်းက သက်သမကင်းသည့် မျက်နှာထားဖြင့် ဒေးဗစ်အား ကြည့်သည်။

'မင်း သူတို့အကြောင်းတော့ သိရောပေါ့၊ မသိလို့လည်း မရတော့ဘူးလေ၊ ဒါနဲ့ မေးရဦးမယ်၊ မင်း ဂရေ့စ်ကိုရော တွေ့တယ်မဟုတ်လား' ဟု ပြောသည်။

ဂရေ့စ်၏ နာမည်ကို မေးလိုက်သောအချိန်တွင် ဒန်း၏ မျက်နှာထား တစ်မျိုးဖြစ်သွားသည်ကို သတိထားလိုက်မိလေသည်။

ဒေးဗစ်က ခေါင်းခါပြသည်။

'ဂရေ့စ်ကိုတော့ ကျွန်တော် မတွေ့ရဘူး၊ အခုလောလောဆယ် သူက အိမ်မှာမရှိဘူး၊ ဟာရီးဂိတ်မှာ ရောက်နေတယ် မဟုတ်လား'

'အေး ..... ဟုတ်တယ်၊ သူ အခု ဟာရီးဂိတ်မှာ ရောက်နေတယ်' ဟု ဒန်းက ပြောသည်။

အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက် ဒန်းတီးစ်ဒေးက သက်ပြင်းချသည်။

'အဲဒီကလေးမက အတော်ကို သဘောကောင်းတယ်ကွ' ဟု ပြောကာ နောက်တစ်ကြိမ် သက်ပြင်းချပြန်သည်။

မော်တော်ကားသည် အေဗိုရီယာတောသို့ အရောက်တွင် လမ်းထိပ်၌ ရပ်ပေးသည်။ ရောဘတ်နှင့် ဒေးဗစ်တို့သည် ဒန်းအား ကျေးဇူးတင်စကားပြောကာ ကားပေါ်မှ ဆင်းကြသည်။ ထို့နောက် ယာခင်းများကိုဖြတ်၍ ဝမ်းစ်ဘက်ဆီသို့ လျှောက်ကြသည်။

သူတို့သည် ချောင်းဆီသို့ ရောက်သွားကြသည်။ သူတို့ ရောက်သွားသည့်နေရာသည် ရေအများဆုံးအပိုင်း ဖြစ်၍ ရေကလည်း ကြည်လင်နေသည်။ ရောဘတ်က သူ့သားဖက် လှည့်မကြည့်ဘဲ ....

'အဖေက တံတားရဲ့ဟိုဘက်မှာ သွားပြီးမျှားမယ် ဒေးဗစ်၊ မင်းက ဒီနေရာမှာ မျှား၊ ဒီနေရာဟာ ငါးအပေါဆုံးနေရာပဲ၊ တို့နှစ်ယောက် ပြန်ဆုံတဲ့အခါကျမှ နေ့လယ်စာ စားကြမယ်' ဟု ပြောသည်။ ဒေးဗစ်က ခေါင်းညိတ်လိုက်ပြီး ချောင်းကမ်းပါးအတိုင်း လျှောက်သွားသည်။

ဒေးဗစ်သည် သူ့ငါးမျှားတံကို ရေထဲသို့ချကာ စောင့်ကြည့်နေသော်လည်း စိတ်ဝင်စားခြင်းမရှိ။ တဖြည်းဖြည်းနှင့် ငါးမျှားတံမှ ဖော့သည် တလှုပ်လှုပ် ဖြစ်လာသည်။ သူ့စိတ်သည် ငါးမျှားတံပေါ်တွင် နစ်ဝင်သွားသည်။ နောက်တစ်ခဏမျှ အကြာတွင် သူသည် ငါးမျှားတံကို ဆတ်ခနဲ ဆွဲလိုက်သည်။ ငါးမျှားချိတ်တွင် ထိုးထိုးထွန့်ထွန့်ဖြစ်ပြီး ပါလာသည်မှာ ငါးသလောက် တစ်ကောင်။ သူသည် ငါးမျှားတံပေါ်မှတစ်ပါး အခြားဘာကိုမျှ မစဉ်းစားတော့။

နေသည် တိမ်လိပ်များကြားမှ ထွက်လာသည်။ သူ၏ နွေးထွေးသော ရောင်ခြည်သည် ဒေးဗစ်အပေါ် ဖြန့်ဆင်းလာသည်။ ရေစီးသံများသည် သူ့နားများအတွင်းသို့ ဝင်လာသည်။ ရေစီးသံများသည် သာယာလှပါဘိခြင်း။



သူသည် ငါးစုစုပေါင်း ငါးကောင် ရလာသည်။ အကြီးဆုံးငါးသည် တစ်ပေါင်နီးပါးမျှ အလေးချိန်စီးသည်။ သို့သော်လည်း တံတားတစ်ဖက်၌ ထိုင်၍ မျှားနေသော သူ့အဖေထံ ရောက်သွားသည့်အခါ သူ့အဖေက သူ့ထက်သာနေသည်ကို တွေ့ရသည်။ သူ့အဖေ ချထားသည့် မြက်ခင်းပြင်ပေါ်မှ ငါးများမှာ ဆယ့်နှစ်ကောင်တိတိ ရှိသည်။ သူ့အဖေသည် ထိုငါးတစ်ဒါဇင်၏ဘေး၌ မြက်ခင်းပြင်ပေါ် တံတောင်တစ်ဖက်ထောက်၍ လဲလျောင်းကာ ဆေးတံကိုဖွာလျက်ရှိသည်။ သူသည် ငါး ဆယ့်နှစ်ကောင် ရပြီးကတည်းက ငါးမျှားခြင်းကိုရပ်ကာ အနားယူနေခြင်းပေတည်း။

သုံးနာရီ ထိုးသွားပြီ။ ဒေးဗစ်သည် ဆာလောင်နေပြီ ဖြစ်၏။ သားအဖနှစ်ယောက် အတူတွဲထိုင်ကာ သူ့အမေ ထည့်ပေးလိုက်သည့် ဝက်ပေါင်ခြောက်ညှပ်ထားသည့် ပေါင်မုန့်များ၊ ကြက်ဥပြုတ်များနှင့် မုန့်များကို စားကြသည်။ ပြီးတော့ နို့တစ်ပုင်းကို ခွဲ၍သောက်ကြသည်။ ရောဘတ်သည် အစားကို သိပ်ပြီး မစားနိုင်။ နည်းနည်းပါးပါး တို့ကာဆိတ်ကာ စားပြီး ပြီးသွားသည်။ သူသည် ဆေးတံကိုခဲကာ တစ်စုံတစ်ရာကို စဉ်းစားလျက်ရှိသည်။

သူ့အဖေသည် အရင်ကထက် ပို၍ပိန်သွားသည်ကို ဒေးဗစ် သတိထားမိသည်။ ဤရောဂါဝေဒနာကို ခံစားကြရသော လူများသည် ဆွစ်ဇာလန်နိုင်ငံသို့ ခဏပဲဖြစ်ဖြစ် သွားရောက် နေထိုင်ကြသည်။ တချို့က အမေရိကန်နိုင်ငံရှိ ဖလော်ရီဒါပြည်နယ်နှင့် အရီဇိုးနား ပြည်နယ်များသို့ သွားရောက် နေထိုင်ကြသည်။ ငွေကြေးများစွာပေး၍ နာတာရှည်ရောဂါကု ဆေးရုံများသို့တက်၍ ဆေးကုသမှုခံယူကြသည်။ မိမိအဖေမှာတော့ ငွေကြေးအကုန်အကျခံနိုင်သူမဟုတ်၍ ဘယ်ကိုမှမသွားနိုင်။ ကျောက်မီးသွေးတွင်းထဲကိုပင် နေ့စဉ်ဆင်း၍ အလုပ်လုပ်နေရ၏။ သူ့အဖေ၏ရောဂါသည် အဘယ်မှာလျှင် သက်သာပျောက်ကင်းနိုင်ပါမည်နည်း။ ယခင်က သူ့ရင်ထဲ၌ အမြဲတစေ ကိန်းအောင်းနေခဲ့သော ခံစားမှုသည် ပြန်လည်ဝင်ရောက်လာသည်။

'အဖေ စားတာကလည်း တကယ့် နည်းနည်းကလေးပဲ၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့' ဟု ဒေးဗစ်က ပြောသည်။

'ငါ ဘာမှ မဖြစ်ပါဘူး၊ ကျန်းမာရေး ကောင်းပါတယ်' ဟု ရောဘတ်က ပြောသည်။ ရောဘတ်သည် သူ့ရောဂါနှင့် ပတ်သက်၍ ဖြစ်သမျှ အကောင်းချည်းပဲဟု မြင်သူ ဖြစ်သည်။ တကယ်တော့ အဆုတ်ရောဂါသည်များသည် သူတို့ကိုယ်သူတို့ မကြာခင် သက်သာပျောက်ကင်းသွားလိမ့်မည်ဟု ယူဆတတ်ကြသည်။ ရောဘတ်သည်လည်း ထိုအယူအဆအတိုင်းပင် နေလာခဲ့သူ ဖြစ်၏။

အမှန်တော့ ရောဘတ်တွင် ဤရောဂါ စွဲကပ်လာခဲ့သည်မှာ အချိန်ကာလ အားဖြင့် အတော်ကြာခဲ့ပြီ။ ချောင်းဆိုးခြင်း၊ ချွေးထွက်ခြင်းနှင့် ချွဲသလိပ်ထခြင်း စသည်များမှာ တစ်နေ့ထက်တစ်နေ့ တိုး၍ ဆိုးလာခဲ့၏။ ယင်းဆိုးလာမှုကို သူသည် သိပ်ပြီး အလေးအနက်မထား။ သူ့ရောဂါ ဆိုးလာနေသည့် အဓိပ္ပာယ်ဟု လည်း မတွက်။ တစ်နေ့ကျ သက်သာလာလိမ့်မည်ဟုသာ တွေးခဲ့၏။ အခုလည်း ဒေးဗစ်က သူ့ရင်ဘတ်ပေါ် လက်တင်၍ ခေါက်နေသည်ကိုကြည့်ကာ ပြုံးနေသည်။

ဒေးဗစ်က သူ့ဆေးတံကို မီးညှိသည်။ သားအဖနှစ်ယောက်သည် မြက်ခင်း ပေါ်လှဲကာ ဆေးတံကိုယ်စီဖွာရင်း တရွေ့ရွေ့ လှုပ်ရှားနေသည့် တိမ်ဖြူဖြူများကို ကြည့်နေသည်။ လေထဲတွင် မြက်နံ့နှင့် ဆေးတံဆေးနံ့များသည် ရောနှောနေကြ သည်။ သူတို့ပတ်ပတ်လည်တွင် လယ်ကွင်းများ၊ မြက်ပင်ကြီးများနှင့် သစ်ပင် ကြီးများသာ ရှိသည်။ အိမ်ဟူ၍ တစ်လုံးမှ မမြင်ရ။

တစ်ခါတစ်ရံတွင် သိုးအော်သံများ ကြားရသည်မှတစ်ပါး ပတ်ဝန်းကျင် တစ်ခွင်လုံး တိတ်ဆိတ်နေသည်။ အရာရာတိုင်းသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။ လှုပ်ရှားနေသည့်အရာဟူ၍ မိုးကောင်းကင်ထက်မှ တိမ်ဖြူဖြူများနှင့် မြက် စားနေကြသည့် သိုးများသာလျှင် ရှိသည်။

သူ့သား ဒေးဗစ်တစ်ယောက် ပျော်မှပျော်ရဲ့လားဟု ရောဘတ်က တွေးနေ မိသည်။ အပေါ်ယံတွင် ပျော်ရွှင်မှုကို မြင်နေရသော်လည်း အတွင်း၌ကား ပျော် ချင်မှ ပျော်ပေလိမ့်မည်။ သို့သော်လည်း သူသည် ဒေးဗစ်အား မေးမြန်းခြင်းမပြု။ သူ့အနေဖြင့် မာသာလို ဒေါသတကြီးနှင့် ပြောဖို့ဆိုဖို့လည်း စိတ်မကူး။ ဒေးဗစ် နှင့် ဂျင်နီတို့၏ ဆက်ဆံရေးကိုလည်း နှိုက်နှိုက်ချွတ်ချွတ်သိအောင် အားမထုတ်လို။

နွေဦးပေါက်ရာသီ၏ ရနံ့သည် လေထဲတွင် သင်းပျံ့လျက်ရှိသည်။ ငှက် များ၏ တေးသီသံများကိုလည်း ကြားနေရ၏။ ယင်းတို့အထဲတွင် ဥသြငှက်သံ များသည် အသာယာဆုံးဟု ထင်မိသည်။ သူသည် ငှက်သံများကို နားစွင့်နေသော် လည်း စိတ်ကတော့ ဒေးဗစ်အကြောင်း၌သာ ဝင်စားလျက်ရှိသည်။

ဒေးဗစ်သည် ဂျင်နီနှင့် လက်ထပ်ခဲ့၏။ ဂျင်နီသည် ဘယ်လိုအမျိုးအစား ထဲ၌ ပါဝင်နေပါသနည်း။ သူ့သား ဒေးဗစ်သည် ယခုအခါတွင် မူလတန်းပြဆရာ လုပ်နေသည်။ ငွေရလိုမှုကြောင့် ဘားရပ်စ်အိမ်သို့သွား၍ ဘားရပ်စ်၏ သားအား စာသင်ပေးနေ၏။ ဘီအေဘွဲ့ရဖို့ကိစ္စကတော့ နေ့ရွှေ့ညရွှေ့နှင့် အခုအချိန်ထိ အကောင်အထည်မဖော်သေး။ သူ့သားနှင့် ချွေးမတို့သည် ထိုကိစ္စကို မေ့ပျောက် သွားကြပြီလား။

ဒေးဗစ်အား အခုလိုဖြစ်နေရသည့် အခြေအနေများထဲမှ လွတ်မြောက်



ချင်၏။ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ရုန်းကန်လှုပ်ရှားစေချင်၏။ ထူးသဖြင့် သူ့သားဒေးဗစ်အား ထူးချွန်ထင်ရှားသော လူတစ်ယောက် ဖြစ်လာ ချင်၏။ ယင်းကဲ့သို့ဖြစ်လာအောင် ဘုရားသခင်က စောင်မကူညီမည်ဆိုလျှင် ည်မျှကောင်းပါလိမ့်မည်နည်း။

ထိုအခိုက်တွင် ဒေးဗစ်သည် အသက်ဝင် လှုပ်ရှားလာသည်။ သူ့အဖေ ား တစ်ချက်လှမ်းကြည့်ပြီး ....

'အဖေ ငြိမ်လှချည်လား၊ ဘာတွေများ တွေးနေတာလဲ၊ စိတ်ရှုပ်စရာတစ်ခုခု ရှိနေသလား' ဟု မေးသည်။

'အေးကွာ၊ ငါလည်း မပြောတတ်တော့ပါဘူး၊ ဒီမှာနေရတာ တော်တော် ကောင်းတာပဲ၊ စကပ်ပါးဖလက်မှာ နေရတာထက် အများကြီးကိုကောင်းတာ' ဟု ရောဘတ်က ပြန်ပြောသည်။

ဒေးဗစ်သည် ထိုအခါကျမှပင် သူ့အဖေ၏အဖြစ်ကို သိရ၏။

'အခု အဖေ အလုပ်ဆင်းနေရတာ အဲဒီမှာလား'

'အေး ဟုတ်တယ်၊ ငါတို့ စကပ်ပါးဖလက်မှာ ဆင်းနေရတာ သုံးလတောင် ရှိသွားပြီ'

'ဟုတ်လား'

'ဟုတ်တယ်'

'ရေတွေ ရှိတာပဲလား'

'ရှိတာပေါ့ကွ၊ ငါ့နားရွက်တောင် မြုပ်လုနီးပါးပဲ၊ ဒါကြောင့် လွန်ခဲ့တဲ့ တ်က အဖေ နေမကောင်းဖြစ်သွားတာ'

ဒေးဗစ်သည် စိတ်မကောင်း ဖြစ်သွားသည်။

'အဖေ စကပ်ပါးဖလက်တွင်းမှာ လုပ်ဖို့မသင့်ဘူး၊ တခြားနေရာမှာ ရအောင် င်ပါလား'

'အေးလေ .... လုပ်ကြည့်ရဦးမှာပေါ့၊ ဘားရပ်စ်မှာ အရင်က လုပ်ထားတဲ့ န်ထရိုက်စာချုပ် ပျက်သွားတော့ ငါတို့ စကပ်ပါးဖလက်မှာ မဆင်းရတော့ဘူး၊ တစ်ခါ ကန်ထရိုက်အသစ် ပြန်ရတော့ ဆင်းရပြန်တာပေါ့၊ ဘဝဆိုတာ ည်းဘီးကြီးတစ်ဘီးနဲ့ သိပ်တူတယ်၊ ဒီလိုပဲ လည်ပတ်နေရတာပဲပေါ့ကွာ'

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။

ထို့နောက် ရောဘတ်က ဆက်ပြောသည်။

'အဖေက ရေစိုတာ အရေးမစိုက်ပါဘူး၊ အဖေ့ဘဝတစ်လျှောက်လုံး ရေထဲ င်းပြီး ကျောက်မီးသွေးတူးခဲ့ရတဲ့ အကြိမ်ပေါင်းဟာ မနည်းလှဘူး၊ အဲဒီထက်

ပိုဆိုးတဲ့ နေရာတွေမှာလည်း ဆင်းပြီးတူးခဲ့ရတာပါပဲ၊ အဖေ စိတ်ပူတာက ကျောက်မီးသွေးအဖြုန်းတွေပေါ် ရေရှိနေရင် ပြဿနာရှိမှာ စိုးရတယ်၊ အဖြစ်က ဒီလိုကွ'

သူသည် ပြောပြောဆိုဆို လက်တစ်ဖက်ဖြင့် မြေကြီးကိုထောက်၍ အလျား မှောက်လိုက်သည်။

'ဒီလို ....ကွ၊ ဒီနေရာမှာ တာတမံရှိတယ် ဆိုပါတော့၊ အဲဒါဟာ အတား အဆီးကြီးတစ်ခုပဲ၊ သူ့အကြောအတိုင်း အောက်ကို ဆင်းသွားရင် တောင်နဲ့ မြောက် တန်းနေတာ တွေ့ရတယ်၊ တာရိုးရဲ့တစ်ဖက်မှာက နက်ပ်ကျွန်းတွင်း ဟောင်းကြီး ပြိုကျတုန်းက ကျန်နေတဲ့ အမှိုက်သရိုက်တွေနဲ့ ကျောက်မီးသွေး အဖြုန်းတွေ ရှိနေတယ်၊ အဲဒီနေရာတစ်လျှောက်က မြေနိမ့်ပိုင်း အားလုံးမှာ ရေ တွေက အပြည့်ဖြစ်နေတယ်၊ အဲဒီလို ရေတွေက ပြည့်နေတော့ ထပ်ပြီးပြိုကျမှာ ကြောက်ရတယ် ....ကွ၊ တာရိုးရဲ့တစ်ဖက်မှာ တို့က တူးနေရတာဆိုတော့ တကယ် လို့ ပြိုကျလိုက်ရင် အားလုံး ဒုက္ခရောက်ကြမှာသေချာတယ်၊ အမှန်တော့ အခု အဖေတို့လုပ်နေရတဲ့နေရာက စကပ်ပါးဖလက်တွင်းဟောင်းထဲမှာ ....၊ တကယ် လုပ်နေရတာကလည်း တာတမံထဲက ကျောက်မီးသွေးတွေကို တူးယူနေရတာ၊ အဲဒီတော့ အရံအတား လုပ်ထားတဲ့ တာတမံကြီးကို ပြိုလဲသွားအောင် ဖြိုချနေ သလို ဖြစ်နေတယ်'

ရောဘတ်သည် စကားကို ဖြတ်ကာ သူ့ဆေးတံကို ဖွာနေသည်။ ဒေးဗစ် ကတော့ သူ့အဖေ ပြောသွားသည့်စကားများကို ပြန်၍စဉ်းစားနေသည်။

'ကျွန်တော် အရင်က ကြားဖူးခဲ့တာတော့ တာတမံက မြေမပြိုအောင် တားထားနိုင်တယ်တဲ့၊ အခု အဖေတို့ တာတမံက အဲဒီသဘော မရှိဘူးလား'

'ရှိချင်လည်း ရှိမှာပေါ့ကွာ'

'ဒါပေမဲ့ တို့က ....' ဟု ရောဘတ်က ဆက်ပြောသည်။

'အဲဒီ တာတမံကြီးထဲက ကျောက်မီးသွေးတွေကို တူးယူနေရတာဆိုတော့ ကြာရင် ပြိုကျသွားမလားလို့ မတွေးဘဲ မနေနိုင်ဘူး၊ သူတို့ လုပ်ထားခဲ့တဲ့ တာတမံ ဟောင်းကလည်း သိပ်ပြီးခိုင်မယ့်ပုံလည်း မပေါ်ဘူး'

ရောဘတ် ပြောပြနေသည်မှာ ကျိုးကြောင်းခိုင်လုံနေသည်။ သူ့အနေဖြင့် ပြုံးပြုံးရယ်ရယ်ဖြင့် ရှင်းပြနေခြင်း ဖြစ်သော်လည်း အန္တရာယ်ကြီးမားလှသည့် အဖြစ်ကိုမူ ဒေးဗစ် သတိမပြုဘဲမနေနိုင်။

'ဒါပေမဲ့ သူတို့အနေနဲ့ သူတို့ ဘာလုပ်နေတယ်ဆိုတာ သိကြမှာပါ၊ အခု ဟာ တွင်းဟောင်းနေရာမှာ တူးရတာဆိုတော့ တွင်းဟောင်းပုံစံတွေတော့ရှိမှာပါ'



ရောဘတ်က ခေါင်းခါသည်။

'သူတို့ဆီမှာ နက်ပ်ကျွန်းတွင်းဟောင်းရဲ့ပုံတွေ မရှိတော့ဘူး' ဟု ပြောသည်။

'ဟာ .... မရှိလို့ ဘယ်ဖြစ်မလဲ၊ ရှိကိုရှိရမယ်၊ ဒါဆိုရင် အဖေ့အလုပ် ခေါ်ဆေးရေးမှူးဆီ သွားပြောသင့်တယ်၊ ဂျင်းနင်းဆီကိုလည်း သွားပြီး အသိပေး သင့်တယ်'

'သူတို့နဲ့သွားတွေ့တော့ ဘာထူးလာမှာလဲ' ဟု ရောဘတ်က ရေရွတ် သည်။

'သူတို့လည်း လုပ်နိုင်မှာ မဟုတ်ဘူး၊ ဥပဒေမှ မရှိတာ၊ ဘာနဲ့သွားပြီး တားကြမှာလဲ၊ ၁၈၇၂ ခုနှစ် မတိုင်မီက စွန့်ပစ်ထားခဲ့တဲ့ တွင်းဟောင်းတွေနဲ့ ပတ်သက်လို့ ဘာဥပဒေမှမရှိဘူးကွ၊ ဒီနက်ပ်ကျွန်းတွင်းတွေက တွင်းဟောင်းတွေ ဖြစ်သွားခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး။

'တွင်းဟောင်းတွေဖြစ်သွားတာ ကြာပြီဆိုတော့ ဒီတွင်းတွေရဲ့ မြေပုံတွေ၊ ပုံစံတွေဟာ ဘယ်ရှိတော့မှာလဲ၊ အဲဒီတော့ အလုပ်က မှန်းဆပြီး လုပ်နေကြရတဲ့ သဘော ဖြစ်နေတယ်၊ တာတမံရဲ့တစ်ဖက်မှာ ရေတွေအများကြီး ရှိချင်ရှိနေမှာ၊ ဒါမှမဟုတ် မိုင်ဝက်လောက်မှာ ရှိချင်ရှိမယ်၊ အဲဒါကို သူတို့ တာဝန်ရှိတဲ့လူတွေ သိချင်လည်း သိမယ်၊ အဖေတို့လည်း အတိအကျ မပြောနိုင်ဘူး'

ရောဘတ်သည် စကားကို အဆုံးသတ်ကာ အားရပါးရ သမ်းလိုက်သည်။ သူ လက်ရှိတူးနေရသည့်တွင်းအကြောင်း ပြောပြနေရသည်ကို ငြီးငွေ့သွားဟန် တူသည်။ ထို့နောက် ဒေးဗစ်၏မျက်နှာကိုကြည့်၍ ပြုံးလိုက်ပြီး ....

'အဖေကတော့ ရေတွေဟာ တာနဲ့ မိုင်ဝက်လောက် ဝေးလိမ့်မယ်လို့ မျှော် လင့်ထားတာပဲ' ဟု ပြောသည်။

'ဒါပေမဲ့ အဖေရယ်၊ အဲဒီလို တွေးလို့ကလည်း ....'

ဒေးဗစ်သည် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။ သူ့အဖေ၏ သဘော ထားသည် "ကံကြမ္မာဝါဒ" ကို အခြေခံလွန်းသည်ဟု သူ ထင်သည်။

ရောဘတ်သည် သူ့သား၏ မျက်နှာပေါ်မှ စိုးရိမ်သောကရိပ်ကို မြင်သည်။ သူသည် သူ့အတွေးနှင့်သူ ပြုံးနေပြန်သည်။

'ဒီတစ်ခါတော့ အဖေလည်း ဘာမှ မလုပ်ချင်တော့ဘူး' ဟု ပြောသည်။

'သူတို့က အဖေ့စကားကို မယုံကြဘူး၊ အခုနောက်ဆုံး ဖြစ်ခဲ့ကြတုန်း ကတော့ လုပ်ခ ပဲနိုဝက်တိုးရေးဆိုတော့ စိတ်ဝင်စားကြတယ်၊ အခုဟာကတော့ လုပ်ခွင်အခြေအနေနဲ့ ပတ်သက်နေတော့ စည်းလုံးမှုရဖို့မလွယ်ဘူး ဒေးဗစ်၊ အဲဒီ တော့ အဖေ မပြောချင်တော့ဘူး၊ ဦးနှောက်လည်း အခြောက်မခံချင်တော့ဘူး'

သူသည် မိုးကောင်းကင်ကို မော့ကြည့်သည်။

'လာမည့်အပတ် တနင်္ဂနွေနေ့ကျရင် အဖေ ဒီကို ထပ်လာဦးမယ်လို့ စဉ်းစားထားတယ်၊ ဒီအချိန် ဒီရာသီဟာ ဝမ်းစ်ဘက်မှာ နေလို့ထိုင်လို့ သိပ်ကောင်းတယ်၊ ဒါကြောင့်မို့ ....'

သူသည် စကားကို ဆက်မပြောနိုင်။ ချောင်းတဟွတ် ....ဟွတ် ဆိုးလာသည်။ အဆက်မပြတ် ဆိုးလာနေသောချောင်း ဖြစ်၍ အသံမှာ ကြောက်စရာကောင်းလှချေသည်။

'အခုလို ချောင်းဆိုးပုံမျိုးနဲ့ဆိုရင် အဖေ ဒီနေရာကို မကြာမကြာလာပြီး အနားယူသင့်တယ် အဖေ' ဟု ဒေးဗစ်က ပြောသည်။

'တစ်နေ့နေ့မှာတော့ အဖေ အငြိမ်းစားယူပြီး ဒီနေရာကိုလာနေဖို့ စိတ်ကူးထားတယ်' ဟု ပြုံးရယ်ပြီး ပြောသည်။ သူသည် ဆေးတံခေါင်းဖြင့် သူ့ရင်ဘတ်ကို ခေါက်နေသည်။

'ဒါပေမဲ့ကွာ .... ဒီချောင်းဆိုးတာကိုတော့ စိတ်မပူပါနဲ့၊ ဒီချောင်းနဲ့ အဖေဟာ မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်နေပါပြီ၊ အဖေ့ကို သူ ဘယ်တော့မှ မသတ်ပါဘူး'

ဒေးဗစ်သည် သူ့အဖေအား သောကမကင်းသော မျက်နှာဖြင့် ကြည့်နေသည်။ သူ့အဖေ အလုပ်လုပ်နေခဲ့သည်မှာ ကြာပြီ။ အခုလို အသက်အရွယ်ကျတော့ အလုပ်၏ဒဏ်ကို ခံနိုင်ဖွယ်ရာမရှိ။ ရောဘတ်၏ ချောင်းသည် ကြမ်းတမ်းသော စကပ်ပါးဖလက်၏ အဖိအနှိပ်၊ အထုအထောင်းကို ရေရှည်ခံနိုင်ပါမည်လော။

သူ့အဖေအတွက် စိုးရိမ်စိတ်သည် သူ့နှလုံးသားကို ဆုပ်ကိုင်ထားသည်။ အကယ်၍ သူ့အဖေ ပြောပြသွားသည့် ဘေးအန္တရာယ်သည် အမှန်တကယ် ရှိနေသည် ဆိုပါက ....။ ဒေးဗစ်၏ နှလုံးခုန်သည် တစ်ခဏမျှ ရပ်သွားသည်။

'ငါ စကပ်ပါးဖလက်ရဲ့ ကျောက်မီးသွေးတွင်းကိစ္စကို မစ္စတာဘားရပ်စ်နားလည် သဘောပေါက်အောင် မပြောလို့ မဖြစ်တော့ဘူး၊ ပြောကိုပြောမှ ဖြစ်တော့မယ်' ဟု တွေးမိသည်။

'ပြောရင်လည်း မြန်မြန်ပြောမှ၊ ဒီအပတ်ထဲမှာပဲ ပြောမှဖြစ်တော့မယ်' ဟု အနိုင်အမာ ဆုံးဖြတ်လိုက်လေ၏။

* * * * *



## (၁၉)

ထိုအချိန်ကာလအတွင်းတွင် ဂျိုးသည် အလွန်ကြီးကျယ်ခမ်းနားသော အခြေအနေနှင့် ကြုံနေရသည်။ သူသည် ထိုအချိန်ကာလကို သူ့ဘဝ၏ အမြင့်မားဆုံးသော အချိန်ဟု ပြောလေ့ရှိသည်။ သူသည် ရှစ်ပ်ဟတ်မြို့ကို အလွန်သဘောကျသည်။ သူ့အတွက် မိတ်ဆွေကောင်းတစ်ယောက်ဟုပင် ထင်သည်။ မြို့ထဲတွင် ဘယ်နေရာသွားသွား ဘီယာဆိုင်ကလေးတွေ ရှိသည်။ နာမည်ကြီး ဘိလိယက်ခန်းနှစ်ခန်း ရှိသည်။ ပြီးတော့ ကပွဲခန်းမတစ်ခုနှင့် စနေနေ့ညတိုင်း လက်ဝှေ့ပွဲရှိသည်။

ဂျိုးသည် အပြောင်းအလဲကို အလွန်ကြိုက်သူ ဖြစ်သည်။ သူ့အခန်းနှင့် သူ့ရုံးခန်းတို့သည် သူ့အတွက် အလွန် နှစ်သက်စရာကောင်းသည့် အပြောင်းအလဲများ ဖြစ်သည်။ သူ့အခန်းသည် ဖောင်တိန်ဟိုတယ်နှင့် မျက်နှာချင်းဆိုင်၌ တည်ရှိသည်။ တယ်လီဖုန်းတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ စားပွဲတစ်လုံး၊ ခြေတင်ခုံတစ်လုံးနှင့် အာမခံသေတ္တာတစ်လုံး ရှိသည်။ နံရံပေါ်တွင် ပန်းချီဓာတ်ပုံကားများ လှပစွာ ချိတ်ထားသည်။

သူသည် စားပွဲ၌ထိုင်ကာ ခြေထောက်များကို ခြေတင်ခုံပေါ်၌တင်၍ ခဲတံချွန်သည့် ဓားကလေးဖြင့် လက်သည်းများကို ပြုပြင်နေသည်။ သူသည် သူ့အလုပ်ကို အလွန်သဘောကျသည်။ သူ့အလုပ်သည် တပင်တပန်းလုပ်စရာဟူ၍ ဘာမှမရှိ။ သူ လုပ်ရသည်မှာ ဖြတ်ပိုင်းများနှင့် ငွေကို ကောက်ယူစုဆောင်းထားရန်သာ ဖြစ်သည်။ ပြီးလျှင် တယ်လီဖုန်းဖြင့် တိုင်နီကပ်ဆဲလ်မြို့မှ ဒစ်ခ်ဂျိုးဘေးထံ အကြောင်းကြားရသည်။ ထို့နောက် ကောက်ယူရရှိထားသည့်ငွေများကို ဒစ်ခ်ရောက်လာပြီး သိမ်းယူသည့် စနေနေ့ညအထိ သူ့လက်၌ ထားရလေသည်။

ဒစ်ခ်ကတော့ သူ့အား လူမှန်နေရာမှန်ဟု သတ်မှတ်ထားသည်။ ရှစ်ပ်ဟက်မြို့တွင် ဖွင့်လိုက်သည့် ဌာနခွဲအသစ်အတွက် အသင့်တော်ဆုံးလူကို ရရှိထားခြင်း ဖြစ်သည်ဟု ယူဆသည်။ ဤလူငယ်သည် ပေါင်းသင်းဆက်ဆံရေးကောင်းသည်။ ရွှင်လန်းသည်။ ရဲကို ကောင်းစွာ ပေါင်းတတ်သည်။ အလုပ်ကို ပြေပြစ်ချောမောနေအောင် လုပ်ကိုင်တတ်သည်။ ဤသည်မှာ ဒစ်ခ်က ဂျိုးအပေါ်၌ မြင်ထားသည့် အမြင် ဖြစ်၏။ ဒစ်ခ်အနေဖြင့် လုပ်ငန်းအလာကို ထိုင်စောင့်နေသည့် လူငယ်မျိုးကို အလိုမရှိ။ ရိုးသားသော၊ သွက်လက်ဖျတ်လတ်သော၊ အမြင်ရှိသော လူငယ်မျိုးကိုသာ လိုချင်၏။ ပခုံးနှစ်ဖက်ကြား၌ "ခေါင်း" ရှိသော လူမျိုးကိုသာ ရချင်၏။ ဤသည်မှာ ဒစ်ခ်၏သဘောထား ဖြစ်လေသည်။

ဂျိုးကို ရွေးထားခြင်းသည် ဒစ်ခ် မှားသလား၊ စဉ်းစားဖွယ်ရာရှိ၏။ ဒစ်ခ် မြင်ထားသလို ဂျိုးသည် ပခုံးနှစ်ဖက်ကြား၌ "ခေါင်း" ရှိသည့်လူစား ဟုတ်ရဲ့လား။ ဤအချက်မှာလည်း စဉ်းစားသင့်သည့်အချက်ပင် ဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဂျိုးကတော့ သူ့အတွက် "ခေါင်း" ရှိသူ ဖြစ်သည်။ ဂျိုးသည် သွားကြားထိုးနေရာမှ သူ့အတွင်းအိတ်ကပ်ထဲမှ မှတ်စုစာအုပ်သေးသေးလေးကို ဆွဲထုတ်လိုက်သည်။ စာအုပ်ထဲတွင် မစ္စတာဂျိုးဂိုလန် ရရန်ရှိနေသည့် ကြွေးစာရင်းကို မှတ်ထားသည့် ငွေမှာ နှစ်ရာနှစ်ပေါင်၊ ဆယ်သျှီလင်နှင့် ခြောက်ပဲနိ ရှိသည်။ ဤစာရင်းကို ကြည့်ခြင်းအားဖြင့် ဂျိုးသည် များစွာ အောင်မြင်မှုရနေသည်မှာ ထင်ရှားလျက် ရှိလေသည်။

ထိုအခိုက်တွင် တယ်လီဖုန်း မြည်လာသည်။ ဂျိုးသည် တယ်လီဖုန်းခွက်ကို ကောက်ယူလိုက်သည်။

'ဟယ်လို ....၊ ဩော် ....ဟုတ်ကဲ့ပါ၊ မစ္စတာကား၊ မှန်ပါတယ် ....ခင်ဗျာ၊ နှစ်နာရီခွဲပါ၊ ဘလက်ဘာ့ဒ်က လေးနာရီပါ၊ ရပါတယ် မစ္စတာကား'

ယခု ဖုန်းဆက်သူ မစ္စတာကားသည် ဘတ်လမ်းမှ ဆေးဆိုင်ပိုင်ရှင် ဖြစ်သည်။ လူများသည် ရယ်စရာတော့ကောင်းသည်ဟု သူ ထင်သည်။ ယခု မစ္စတာကားသည် တနင်္ဂနွေနေ့တိုင်း သူ့ဇနီးနှင့်တွဲ၍ ဘုရားရှိခိုးကျောင်းသို့ မှန်မှန်သွားလေ့ရှိသူ ဖြစ်သည်။ ဤကြားထဲမှပင် မြင်းပွဲလည်း ပုံမှန်လောင်းလေ့ရှိ၏။ နိုင်သည့်အခါ နိုင်၍ ရှုံးသည့်အခါ ရှုံးသည်။ အများအားဖြင့် နိုင်သည်က များ၏။

တချို့ကျတော့လည်း အမြဲတစေ ရှုံးသည်။ ဥပမာ–ထရေစီ ဆိုသည့်လူငယ်၊ ထိုလူငယ်သည် လွန်ခဲ့သောလကမှ ရှစ်ပ်ဟက်မြို့သို့ ရောက်လာသူ ဖြစ်သည်။ ဂျိုးနှင့် ဘိလိယက်ထိုးဖော်ထိုးဖက် ဖြစ်လာကတည်းက တွဲမိလာသူ ဖြစ်သည်။ ထရေစီသည် အမြဲတစေ အရှုံးသမားဘဝ၌ နေရသူ ဖြစ်၏။ သူသည် လူတကာ၏ အမဲဘဝဖြင့် တလည်လည်နေသူတစ်ဦးပေတည်း။ အခုလည်း ထရေစီသည် ဂျိုး၏အမဲ ဖြစ်နေခဲ့လေပြီ။

တယ်လီဖုန်း မြည်လာပြန်သည်။ မင်နီထံမှ ဖြစ်သည်။

'ဟယ်လို မင်နီ၊ ဘာလဲ မြင်းတစ် ဟုတ်လား၊ မင်းက ကိုယ့်ကို ဒေါက်တာနားဒိုးဟုမ်းလို့ ထင်နေသလား၊ ဟတ် ....ဟား ....ဟား ....ဟား၊ ကိုယ့်ဆီက နိုင်ငံတော်လျှို့ဝှက်ချက်တွေကို တောင်းရလိမ့်မယ် ထင်နေသလား'

ဂျိုးသည် တစ်ဖက်မှစကားကို အတန်ကြာမျှ နားထောင်နေသည်။

'အေးပေါ့လေ၊ ကိုယ် မင်းကို ပေးထားပြီးပြီပဲ ....၊ မင်း စိတ်ပြောင်းသွားတာတော့ ကိုယ်လည်း မတတ်နိုင်ဘူး၊ အင်း ....အင်း ....ဒါပေါ့၊ ကိုယ့်ကိုလွှဲထား



ချင်ရင် ရပါတယ် မင်နီရယ်၊ တစ်ခုတော့ရှိတယ်၊ မင်းက ကိုယ့်အတွက် တစ်ခုခုလုပ်ပေးရင် ကိုယ်ကလည်း မင်းအတွက် တစ်ခုခုလုပ်ပေးမှာပေါ့၊ စိတ်ချပါ၊ အင်း ···· အဲသလိုဆိုရင် ဆယ့်တစ်နာရီတိတိ အရောက်လာခဲ့၊ ကိုယ် စောင့်နေမယ်'

ဂျိုးသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး လက်ထဲမှ သွားကြားထိုးတံကို အိတ်ကပ်ထဲ ထည့်လိုက်သည်။ စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာလိုက်ပြီး အလုပ်ကိုစလုပ်သည်။ ရှေးဦးစွာ ယခုနံနက်ခင်း ရထားသည့် ဖြတ်ပိုင်းစာရွက်အားလုံးကို စားပွဲပေါ်သို့ တင်လိုက်သည်။ စာရွက်တစ်ရွက်ချင်းစီကို အသေအချာ စစ်ဆေးကြည့်ရှုနေသည်။ သူ့လက်ထဲမှ ●လွှတ်ခင် ဖြစ်နိုင် မဖြစ်နိုင် ချိန်ဆကြည့်သည်။ ပြီးမှ စာရွက်များကို တစ်နေရာ၌ ချသည်။

နောက်ဆုံးတွင် ဖြတ်ပိုင်းစာရွက်များကို နှစ်ပုံခွဲ၍ ပုံလိုက်သည်။ တစ်ပုံတွင် ဖြတ်ပိုင်းတွေ အများကြီးရှိသည်။ ဒုတိယအပုံတွင်မူ ဖြတ်ပိုင်းသုံးရွက်သာ ရှိ၏။ ထိုသုံးရွက်စလုံးမှာ ကိုယ်ကြိုက်ရာ ကိုယ်ထိုးထားခြင်းဖြစ်၍ အများနှင့် မတူပေ။ ဤလောင်းကြေးများမှာ ရှုံးမည့်ကြေးများ ဖြစ်၏။ ဤသုံးရွက်ထဲတွင် ထရေစီလည်း ပါသည်။ ထရေစီသည် သုံးပေါင်တိတိပင် လောင်းထားသည်။ သူ လောင်းထားသည့် မြင်းသည် ဖိနပ်ကိုက်၍ လိုက်မည့်မြင်းဖြစ်သည်။ သူသည် ထရေစီ၏ လောင်းကြေးဖြတ်ပိုင်းကို တစ်စစီဖြစ်သွားအောင် ဆုတ်ဖြဲပစ်လိုက်သည်။

ထို့နောက် ကျန်ဖြတ်ပိုင်းနှစ်ခုကို ကြည့်သည်။ ဤမြင်းနှစ်ကောင်မှာလည်း သေချာပေါက်ရှုံးမည့်မြင်းများ ဖြစ်၏။ သူသည် ထိုဖြတ်ပိုင်းနှစ်ခုစလုံးကို ဆွဲဆုတ်ဖြဲလိုက်သည်။ သူသည် တစ်စစီဖြစ်သွားသော စက္ကူစများကိုကြည့်ကာ ပြုံးသည်။ နာရီကို မော့ကြည့်လိုက်သည်။ တစ်နာရီခွဲသွားပြီ။ နောက်ထပ် လောင်းကြေးဝင်လာဖွယ်ရာ မရှိတော့။ သူသည် တယ်လီဖုန်းကို ကောက်ယူကာ တိုင်နီကပ်ဆဲလ်သို့ ဆက်သည်။

'ဟယ်လို ....ဒစ်ခ်ဂျိုးဘောလား၊ အခုစကားပြောနေတာ ဂျိုးပါ၊ ဒီနေ့ သိပ်ဆိုးဘူး သိလား၊ ဟား ....ဟား ....ဟား၊ ဟုတ်တယ် ....ဒစ်ခ်၊ အဆင်ပြေပါတယ်၊ ကဲ ....အဆင်သင့်ဖြစ်ပြီလား၊ ဟုတ်ပြီမှတ်တော့'

ဂျိုးသည် သူ ဆုတ်မပစ်သည့် အပုံထဲမှ ဖြတ်ပိုင်းများကို တစ်စောင်ချင်းစီ ချ၍ ဖတ်ပြနေသည်။ အားလုံးပြီးသွားသည့်ခါ 'ဟုတ်တယ် ဒါအကုန်ပဲ ဒစ်ခ်၊ မှားပါဘူး၊ အင်း ....ဟုတ်ပါတယ်၊ ဂျိုး ဘယ်တော့မှ မမှားဘူး ဒစ်ခ်၊ ဒါပဲနော်၊ နေ့နေ့ကျမှ တွေ့ကြမယ်'

ဂျိုးသည် တယ်လီဖုန်းကို ပြန်ချလိုက်ကာ ထိုင်ရာမှထ၍ ဦးထုပ်ကို ပြင်

ဆောင်းသည်။ ရုံးခန်းတံခါးကို သော့ခတ်၍ပိတ်လိုက်ပြီး အပြင်သို့ ထွက်ခဲ့သည်။ လူစည်ကားနေသော လမ်းမကိုဖြတ်၍ ဖောင်တိန် ဟိုတယ်ထဲသို့ ဝင်လာခဲ့သည်။ ဟိုဖက် ခေါင်းဆတ်လိုက် .... သည်ဘက် ခေါင်းဆတ်လိုက်နှင့် သူ့ခေါင်းသည် အငြိမ်မနေရ။ လူတိုင်းက သူ့ကို သိကြသည်။ 'မစ္စတာ ဂျိုးဂိုလန်၊ ကော်မရှင် အေးဂျင့်'

သူသည် လူတစ်လုံးသူတစ်လုံးဖြစ်ကာ လူရာဝင်နေပြီ။

သူသည် ဘိဖ်စတိ အမဲသားကြော်ကို ကြက်သွန်နီနိုင်နိုင်၊ အာလူးကြော်များများနှင့် အားရပါးရစားသည်။ ဝိုင်သုံးပက်ကိုလည်း ဖြည်းဖြည်းချင်းသောက်သည်။ ပြီးတော့ ကောင်းပေ့ဆိုသည့် ကိတ်မုန့် ....၊ စားနေရင်းနှင့်လည်း သူ့ကိုယ်သူ ကျေနပ်၍မဆုံး၊ အားရ၍မဆုံး ဖြစ်နေသည်။ ဤကမ္ဘာလောကအတွင်း ဂျိုးဂိုလန်သည် ထိပ်ဆုံးသို့ ရောက်ရမည်။

မွန်းလွဲပိုင်းသည် ဂျိုး၏ ကိုယ်ပိုင်အချိန် ဖြစ်သည်။ သူသည် ဖောင်တိန်ဟိုတယ်ပိုင်ရှင် ဂျက်ပရက်စ်တန်နှင့် စကားလက်ဆုံကျသည်။ ဂျက်သည် သဘောကောင်းသူတစ်ဦး ဖြစ်၏။ ထို့နောက် မာကီဘိလိယက်ခုံသို့သွားကာ ဘိလိယက်နှစ်ပွဲ ထိုးသည်။ ဘိလိယက်ခုံတွင် ထရေစီနှင့်မတွေ့။ ထရေစီသည် ရယ်စရာအလွန်ကောင်းသည့်လူ ဖြစ်၏။ ထရေစီနှင့် မဆုံရသော်လည်း အကြောင်းမဟုတ်။ ထရေစီ၏ငွေ သုံးပေါင်သည် ဂျိုး၏ အတွင်းအိတ်ကပ်ထဲသို့ရောက်ကာ လုံလုံခြုံခြုံရှိနေပြီ မဟုတ်ပါလော။

ဘိလိယက်ကို ထိုးအပြီးတွင် သူသည် ယမ်းကာလေး အားကစားရုံသို့ သွားသည်။ ဂျိုးသည် ဤအားကစားရုံကို အမြဲတစေ အားပေးသူ ဖြစ်သည်။ သူသည် အားကစားရုံတွင် အလေးမသည်။ ပိုင်ရှင် ကာလေးနှင့် လက်ဝှေ့လေ့ကျင့်သည်။ လက်ဝှေ့သုံးပွဲတိတိ ထိုးအပြီးတွင် ရေချိုးသည်။ ညနေငါးနာရီတွင် သူသည် ကာလေးလက်ထဲသို့ ကရောင်းဒဂ်ါးပြားဝက်တစ်ပြား ထည့်ခဲ့ပြီး ပြန်ထွက်လာခဲ့သည်။

ငါးနာရီသည် ရုံးဖွင့်ဖို့ အချိန်ကောင်း ဖြစ်သည်။ သူသည် လမ်းခုလတ်တွင် စက်ရပ်သတင်း မြင်းတစ် တစ်စောင်ဝယ်၍ ဖတ်လာခဲ့သည်။ သူ ထင်ထားသည့်အတိုင်းပင် ပရိုင်ဒရမ်ဂျိယာ အမည်ရှိ မြင်းနာမည်ကို မတွေ့ရ။ ဖူးလ်ဘာရွှတ်မှာ မြင်းခြောက်ကောင်တွင် နံပါတ်လေးနေရာ၌ ရှိနေသည်။ သူသည် မြင်းတစ်ထဲမှစာရင်းကိုလေ့လာကာ သူ ထင်ထားသည့်အတိုင်း ဖြစ်နေသဖြင့် သူ့ကိုယ်သူ အထင်ကြီးလျက်ရှိသည်။ သူသည် လမ်းမကြီးကိုကျော်ဖြတ်ကာ ရုံးခန်းကို ဖွင့်သည်။



စားပွဲတွင် ထိုင်မိသည့်အခါ သူသည် နေ့စဉ် ဝင်ငွေစာရင်းစာအုပ်ကို ကြည့်ပြီး တိုင်နီကပ်ဆဲလ်သို့ ဖုန်းဆက်သည်။

'ဟယ်လို ဒစ်ခ်ဂျိုးဘေးလား၊ ဟယ်လို ....ဟယ်လို၊ အခုပြောနေတာ ဘယ်သူလဲ၊ ဘာ ....မစ္စတာဒစ်ခ်ဂျိုးဘေး အစောကြီးထွက်သွားတယ် ဟုတ်လား၊ ဒါဆိုရင် နံနက်ကျမှပဲ ကျွန်တော် ပြန်ဆက်တော့မယ်' ဟု ပြောကာ တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

သူသည် ထိုင်နေရာမှထရပ်ကာ နက်ကွဲတိုင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်၍စီးနေသည်။ ထိုအခိုက်တွင် တံခါးပွင့်သွားပြီး ဒစ်ခ်ဂျိုးဘေးသည် အခန်းထဲသို့ ဝင်လာသည်။

'ဟာ ....ဒစ်ခ်၊ ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျား ဒီကိုရောက်လာလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး'

'မင်း ပါးစပ်ပိတ်ထားစမ်း ဂျိုး၊ ပြန်ထိုင်စမ်း'

ဒစ်ခ်ဂျိုးဘေးသည် ပြုံးရယ်ခြင်းမရှိ။ မျက်နှာထားက တင်းတင်းမာမာ ရှိလှသည်။ သူသည် ကုလားထိုင်ကို လက်ညှိုးထိုးပြပြီး ထိုင်ခိုင်းနေခြင်း ဖြစ်သည်။

ဂျိုးသည် ကုလားထိုင်၌ ထိုင်ချလိုက်ရင်းက 'ဟို ....ဟို ....ဘယ်လို'

သူသည် စကားကို အဆုံးမသတ်နိုင်၊ ထစ်တီးထစ်ငေါ့ဖြစ်ကာ ရပ်သွားသည်။ ဤအခိုက်တွင် ဒစ်ခ်၏နောက်မှ ထရေစီ ဝင်လာသည်။ သူ့နောက်မှ မျက်နှာနီရဲရဲ၊ အရပ် ထောင်ထောင်မောင်းမောင်း၊ ဗလကြီးကြီးနှင့် လူထွားကြီးတစ်ယောက်။ လူကြီးသည် တံခါးကိုပိတ်လိုက်ပြီး သူ့ကျောနှင့် မှီရပ်နေသည်။ ထရေစီကတော့ ဂျိုးအား စက်ဆုပ်သောမျက်နှာဖြင့် ကြည့်နေသည်။

'ဟော့ကောင် ဂျိုး၊ မင်းဟာ တော်တော်ယုတ်မာညစ်ပတ်တဲ့ကောင်ပါလား'

'ဘာ ....ဗျ' ဟု ဂျိုးက ရေရွတ်သည်။

'ခင်ဗျား ဘာတွေ လာပြောနေတာလဲ၊ လွန်ခဲ့တဲ့ တစ်မိနစ်လောက်ကပဲ ကျွန်တော် ခင်ဗျားဆီ ဖုန်းဆက်သေးတယ်၊ ကျွန်တော် မေ့ပြီး မပြောလိုက်မိတဲ့ ဟာတစ်ခု ပြောပြမလို့၊ သူ လောင်းထားတဲ့မြင်း ....'

ဂျိုးက စကားကို ဆုံးအောင်မပြောဘဲ ထရေစီအား လက်ညှိုးထိုးပြသည်။

'ကျွန်တော် တကယ်ပြောတာ ဒစ်ခ်၊ ကျွန်တော် မေ့သွားလို့ မပြောမိတာ၊ သတိရတာနဲ့တစ်ပြိုင်နက် ခင်ဗျားဆီ ဖုန်းဆက်တာ'

'မင်း ပါးစပ်ပိတ်ထားစမ်း ဂျိုး၊ ငါ အလိမ်ခံရတာ ဒီနေ့တစ်နေ့တည်း မဟုတ်ဘူးကွ၊ တစ်လလောက် ရှိနေပြီ၊ ထရေစီက မင်းဘာလုပ်နေသလဲဆိုတာ

သိအောင် လုပ်နေတာကြာပြီ၊ သူ လောင်းထားတဲ့ ငွေသုံးဆယ့်ငါးပေါင်ကို မင်း ဖြောင်ထားတယ်၊ ငါ့လက်ထဲကို တစ်ပြားမှ မရောက်လာဘူး'

'ဘာ ....ဗျ' ဟု ဂျိုးက ပြန်ဟောက်သည်။

'ဒီစကားတွေကို သူက ပြောတာမဟုတ်လား၊ ခွေးမသား လူလိမ်ကောင်၊ ခင်ဗျားက သူ ပြောတာကို ယုံသလား ဒစ်ခ်၊ ဒီအကောင် လိမ်ပြောတာ ....၊ ကျုပ်က ....'

'ဟေ့ကောင် မင်းပါးစပ်ပိတ်ထား' ဟု ဒစ်ခ်ဂျိုးဘေးက တတိယအကြိမ် ထပ်ပြောပြန်သည်။

'ထရေစီက ငါနဲ့ အလုပ်လုပ်နေတာ၊ ငါ့ရဲ့ အလုပ်ရုံးခွဲတွေမှာ သူ အလုပ် လုပ်နေတာ တစ်လရှိနေပြီ၊ မင်းက ငါ့ကို ဘာကောင်ထင်နေသလဲ၊ ငါ့အလုပ် တွေကို ငါက ဒီအတိုင်း မစုံစမ်းဘဲ လွှတ်ထားလိမ့်မယ်လို့ မင်း ထင်နေသလား၊ ငါက မင်းကို အလုပ်ကောင်းတစ်ခု ပေးထားတယ်၊ ဒါနဲ့တောင်မှ မင်းက ငါ့ အပေါ် သစ္စာမရှိဘူး၊ တော်တော်အောက်တန်းကျတဲ့ လူလိမ်လူညစ်ပဲ၊ မင်း သွားတော့၊ မင်းအတွက် ငါ့ဆီမှာ နေရာမရှိတော့ဘူး'

'ခင်ဗျားကလား ကျုပ်ကို လူလိမ်လူညစ်လို့ခေါ်တာ၊ ကျုပ်အကြောင်းကို သိသွားချင်သလား'

ဂျိုးက ဒေါသတကြီးနှင့်အော်ကာ ဒစ်ခ်အား လက်သီးနှင့်ထိုးရန် အားထုတ် သည်။ သို့သော်လည်း သူတို့က သုံးယောက်၊ မိမိက တစ်ယောက်တည်း၊ မိမိသာ ခံရမည်ကို တွက်မိသဖြင့် သူ့ကိုယ်သူ ကိုယ်ရှိန်သတ်လိုက်သည်။

ဒစ်ခ်ဂျိုးဘေးက ဂျိုးအား စက်ဆုပ်သော မျက်နှာထားဖြင့် ကြည့်နေရာမှ တံခါးဝမှ လူထွားကြီးဘက်လှည့်၍ ....

'ဟေ့ ဂျင်၊ ဒီကောင်ကို အရေခွာပစ်လိုက်စမ်း' ဟု လှမ်းခိုင်းသည်။

ဂျင်သည် တံခါးမှခွာပြီး ဂျိုးဆီသို့ လာသည်။ ဂျိုးသည် လက်ဝှေ့ထိုးဖူး ခဲ့သည့်အားလျော်စွာ လက်သီးများကိုဆုတ်၍ ကိုယ်ကို ခပ်ကုန်းကုန်းလုပ်ကာ သူ့အနီးသို့ ဂျင်ရောက်အလာကို စောင့်သည်။ အနားရောက်သည်နှင့်တစ်ပြိုင်နက် ဂျင်၏မေးစေ့ကို လက်သီးနှင့် လှမ်းထိုးသည်။ ဂျင်၏မေးစေ့သည် သံမဏိနှင့် လုပ်ထားသလားဟု ထင်ရ၏။ နည်းနည်းကလေးမှ ထိခိုက်နာကျင်ပုံမပေါ်။

ဂျင်သည် ဂျိုး၏ရင်ဘတ်ကို သူ့နဖူးနှင့် တစ်ချက်မျှ ဆောင့်လိုက်သည်။ ဂျိုးသည် ကြမ်းပေါ်သို့ ခြေပစ်လက်ပစ် လဲကျလာကာ သတိလစ်လုနီးပါး ဖြစ် သွားသည်။ ဂျင်က သူ့ရင်ဘတ်ပေါ်၌ ခွထိုင်ကာ အင်္ကျီအိတ်ကပ်များကိုနှိုက်၍ အထဲမှ တွေ့သမျှကိုယူ၍ စားပွဲပေါ်တင်သည်။ ဂျိုးထံမှ ငါးပေါင်တန် ငွေစက္ကူ များနှင့် ဘဏ်စာအုပ်သည် စားပွဲပေါ်သို့ ရောက်လာသည်။



ဒစ်ခ်ဂျိုးဘေးသည် ငွေစက္ကူများကိုယူ၍ အိတ်ကပ်ထဲ ထည့်လိုက်သည်။ ဘဏ်စာအုပ်ကို ကောက်ယူပြီး အသေအချာကြည့်သည်။ ဂျိုးသည် လဲကျနေရာမှ ကုန်းထလာပြီး ....

'အဲဒါ ကျုပ်ရဲ့ ကိုယ်ပိုင်ငွေတွေပါ မစ္စတာဂျိုးဘေးရယ်၊ ဒီငွေတွေဟာ ကျုပ်စုထားတဲ့ငွေ'

ဒစ်ခ်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်ပြီး တယ်လီဖုန်းကို ကပျာကယာ လှမ်းယူသည်။ ပြီးတော့ ဘဏ်မန်နေဂျာထံ ဆက်သည်။ ဘာမှ မတတ်နိုင်တော့ သည့် ဂျိုးသည် ဒစ်ခ် ပြောနေသမျှ စကားများကိုသာ နားထောင်နေရသည်။

'ဒီအချိန်ကျမှ ဒုက္ခပေးတယ်လို့ မထင်ပါနဲ့ဗျာ၊ ကိစ္စက သိပ်ကိုအရေးကြီး နေလို့ပါ၊ မစ္စတာဂျိုးဂိုလန်က ငွေထုတ်ချင်လို့ပါ၊ ဩော် ....အခု စကားပြောနေ တာ တိုင်နီကပ်ဆဲလ်မြို့က မစ္စတာဒစ်ခ်ဂျိုးဘေးပါ၊ မစ္စတာဂိုလန်အတွက် အထူး ကိစ္စတစ်ရပ်လို့ သဘောထားပြီး လုပ်ပေးစေချင်ပါတယ်၊ ဩော် ....ဟုတ်ကဲ့ .... ဟုတ်ကဲ့၊ အခုပဲ လာခဲ့ပါမယ်၊ ကျေးဇူးအထူးတင်ပါတယ်ခင်ဗျာ'

'ကျုပ် လုံးဝ မသွားဘူး' ဟု ဂျိုးက ပြောသည်။

'ကောင်းပြီ လိုက်မလား မလိုက်ဘူးလား၊ မင်း ဆုံးဖြတ်ဖို့ အချိန်တစ်မိနစ် ပေးမယ်' ဟု ဒစ်ခ်ဂျိုးဘေးက ပြောသည်။

'တကယ်လို့ မင်း မလိုက်ဘူးဆိုရင် ငါ ရဲကိုခေါ်မယ်'

ဂျိုးသည် ရှေ့က ထွက်သွားသည်။ လူလေးယောက်သည် ရှေ့နောက် တန်းစီကာ ဘဏ်ဘက်သို့သွားပြီး မကြာမီ ရုံးခန်းဆီသို့ တန်းစီ၍ ပြန်လာကြ သည်။

'ကဲ ....ငွေအားလုံး ငါ့လက်ထဲထည့်' ဟု ဒစ်ခ်က ပြောသည်။

'အကုန်လုံးတော့ မလုပ်ပါနဲ့ဗျာ၊ တချို့ငွေက ကျွန်တော့်ကိုယ်ပိုင်ငွေပါ' ဟု ဂျိုးက တောင်းပန်သည်။

'ပေးဆိုရင် ပေးကွာ' ဟု ဒစ်ခ်က ပြောသည်။ သူ့ဘေး၌ရပ်နေသော ဂျင်က အသင့်အနေအထားပြင်ထားသည်။

ဂျိုးသည် နောက်ထပ်အနာခံရဦးမည်ကို တွေးမိသဖြင့် သူ့ငွေအားလုံးကို ပေးလိုက်ရသည်။ စုစုပေါင်း ပေါင်နှစ်ရာတိတိ ရှိသည်။ သူ ပိုင်ဆိုင်သမျှငွေ အားလုံးကို ပေးလိုက်ရခြင်းပေတည်း။

'ဒီလိုလုပ်တာတော့ မကောင်းပါဘူး ....ဗျာ' ဟု ဂျိုးက ပြောသည်။

ဒစ်ခ်ဂျိုးဘေးသည် တံခါးဝအရောက်တွင် ခဏမျှရပ်လိုက်သည်။ သူ့ ဘောင်းဘီအိတ်ထဲရှိ ငွေများထဲမှ ဒင်္ဂါးတစ်ပြား ထုတ်ယူပြီး ဂျိုးဘက်သို့ပစ်ပေးသည်။

'ရော့ မင်း ဦးထုပ်တစ်လုံး ဝယ်ဆောင်းဖို့' ဟု ပြောကာ ထရေစီနှင့်အတူ အပြင်သို့ ထွက်သွားသည်။

ဂျိုးသည် စိတ်ဆင်းရဲကြီးစွာဖြင့် ဆယ်မိနစ်ခန့် ထိုင်နေသည်။ သူ့ပါး နှစ်ဖက်တွင် မျက်ရည်များ စီးကျနေသည်။ ထို့နောက် ထိုင်နေရာမှ ဝုန်းခနဲထကာ ဒစ်ခ် ပေးခဲ့သည့် ဒင်္ဂါးပြားကို သွားကောက်သည်။ ဒေါသအရှိန်သည် မြင့်တက်လာသည်။

သူသည် ကုလားထိုင်ကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။ ထို့နောက် တစ်ချက်ပြီးတစ်ချက် မရပ်မနား ဆောင့်ဆောင့်ကန်သည်။ သူသည် ရုံးခန်းထဲမှ ပစ္စည်းအားလုံးကို မပျက်ပျက်အောင် ဖျက်ဆီးသည်။ အပေါ်စား ပရိဘောဂများ ဖြစ်သဖြင့် အလွယ်တကူပင် တစ်ပိုင်းတစ်စစီ ဖြစ်သွားသည်။ သူသည် ကြမ်းပြင်ကို ငုံ့ကြည့်ကာ တံတွေးဖြင့် တစ်ချက်ထွေးလိုက်သည်။

သူသည် ဂျိုးဘေးအား ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာသည်။ ကျိန်ဆဲသည်။ သူသည် အပြာရောင်ခဲတံတစ်ချောင်းကိုယူ၍ နံရံပေါ်တွင် "ဂျိုးဘေးဟာ *အလွန်ညစ်ပတ်ယုတ်မာတဲ့ မိမစစ် ဖမစစ်ကောင်တစ်ကောင် ဖြစ်သည်*" ဟု ရေးလိုက်သည်။ နောက်ထပ် ညစ်ပတ်ယုတ်မာသော စာများကိုလည်း ထပ်ရေးသည်။

သူသည် ပြတင်းပေါက်ပေါင်ပေါ် တက်ထိုင်ကာ သူ့ထံ၌ရှိနေသည့် လက်ကျန်ငွေကို ရေတွက်ကြည့်သည်။ တစ်ပေါင်တန် ဒင်္ဂါးတစ်ပြားနှင့် သူ့အိတ်ထဲမှ သျှီလင် သုံးဆယ် ....။

သူသည် ပျက်စီးနေသော ရုံးခန်းထဲမှ ထွက်ခဲ့ပြီး ဖောင်တိန်ဟိုတယ်သို့ သွားသည်။ ဆယ်သျှီလင်ကို အပေါ်အင်္ကျီအိတ်ကပ်ထဲ ထည့်ထားလိုက်ပြီး ကျန်ငွေဖြင့် အရက်ကို မူးအောင်သောက်သည်။ ညဆယ်နာရီခွဲအထိ တစ်ယောက်တည်း ထိုင်သောက်နေခြင်း ဖြစ်၏။ ဆယ်နာရီခွဲတွင် သူသည် ဟိုတယ်မှထွက်ကာ ရုပ်ရှင်ရုံသို့ သွားသည်။

ဆယ့်တစ်နာရီတွင် မင်နီသည် ရုံးရှေ့သို့ ရောက်လာသည်။ သူ့ပုံပန်းကို မြင်ရုံမျှဖြင့် မိန်းမရှုင်တစ်ယောက်ဖြစ်မှန်း သိသာသည်။ ဂျိုးက မင်နီ၏လက်ကို ဆွဲထားပြီး ခြေဆုံးခေါင်းဆုံး ကြည့်သည်။ သူသည် သူ့ကိုယ်သူ မဟန်နိုင် ဒယီးဒယိုင် ဖြစ်နေသည်။

'လာ .... ကွာ' ဟု ဂျိုးက ပြောသည်။ မင်နီကလည်း သူ ခေါ်ရာသို့ လိုက်လာသည်။ ထိုညက ဂျိုးသည် သူ့အတွက် ဦးထုပ်တစ်လုံး မဝယ်။ သို့သော်လည်း



ထိုညကို အကြောင်းပြု၍ နောက်ပိုင်းတွင် သူသည် ဦးထုပ်အမြောက်အမြားကို ဝယ်ယူနိုင်ခဲ့လေသည်။

* * * * *

(၂၀)

သည်းထန်စွာ ရွာသွန်းလျက်ရှိသော မိုးအောက်တွင် လမ်းသွယ်ဘေးနှစ်ဖက်ရှိ သစ်ပင်များသည် ကုပ်နေကြသည်။ မိုးရေစိုရွှဲနေသော သစ်ကိုင်းများမှရေများ သည် တစ်စက်စက် စီးကျနေကြသည်။ သစ်ပင်များ၏အဖြစ်သည် ငိုကြွေးနေ သော မိန်းမများနှင့် တူနေသည်။ သို့သော်လည်း စိုစွတ်နေသော လမ်းပေါ်တွင် ခပ်သုတ်သုတ် လျှောက်လာနေသော ဒေးဗစ်သည် ငိုကြွေးနေသည့် သစ်ပင်များကို အာရုံမပြုနိုင်။

သူသည် ခေါင်းကို ငိုက်စိုက်ချကာ တစ်စုံတစ်ခုကို တွေးတောဆင်ခြင် လာနေသည်။ သူသည် လောဂေဟာ ခြံဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ပြီး လူခေါ် ခေါင်းလောင်းကြိုးကို တစ်ချက်ဆွဲကာ ရပ်စောင့်နေသည်။ တစ်ခဏမျှအတွင်း တံခါးသည် ပွင့်သွားသည်။ လာဖွင့်သူမှာ ခါတိုင်းလို အိမ်စေအမျိုးသမီး အင်း ဟော်တယ်၊ ဟစ်လ်ဒါဘားရုပ်စ် ဖြစ်နေသည်။ ဒေးဗစ်ကို မြင်လိုက်သည့်အခါ ဟစ်လ်ဒါ၏မျက်နှာသည် နီရဲသွားသည်။

'ရှင်လာတာ စောနေတယ်' ဟု ဟစ်လ်ဒါက ပြောသည်။

'သိပ်ကိုစောနေတာ၊ အာသာက အဖေနဲ့ စာကြည့်ခန်းထဲ ရောက်နေတယ်'

ဒေးဗစ်သည် ခန်းမကြီးထဲသို့ ဝင်လိုက်ပြီး ရေစိုနေသော ကုတ်အင်္ကျီကို ချွတ်လိုက်သည်။

'တမင်သက်သက် စောပြီးလာခဲ့တာ၊ ကိုယ် မင်းအဖေနဲ့ တွေ့ချင်လို့' ဟု ပြောသည်။

'အဖေနဲ့ တွေ့ချင်တယ် ဟုတ်လား၊ ရှင်ပြောပုံက အရေးကြီးတဲ့ကိစ္စရှိနေ လို့ပါပဲလား'

'ဟုတ်လား .... အဲဒီလောက်ကို သိသာနေသလား'

'ဟုတ်တယ် .... သိပ်အရေးကြီးတဲ့ အနေအထား ဖြစ်နေတယ်'

ဟစ်လ်ဒါ ပြောနေသည့်လေသံတွင် သရော်သံ ပါနေသည်ဟု ဒေးဗစ်က ထင်သည်။ သို့သော်လည်း သူသည် ဘာမှ ပြန်မပြော။ ဘယ်လိုပဲဖြစ်ဖြစ် ဒေးဗစ် ကတော့ ဟစ်လ်ဒါကို သဘောကျသည်။ ဟစ်လ်ဒါ ပြောဆိုဆက်ဆံပုံသည်

ရှိုင်းသလိုလို ရှိသော်လည်း ရိုးသားဖြူစင်မှုကတော့ ရှိသည်။ နှစ်ဦးစလုံး ငြိမ်နေကြသည်။ ဟစ်လ်ဒါသည် ဒေးဗစ်၏စိတ်ထဲ၌ ဘာပြောစရာ ရှိနေသည်ကို သိလိုစိတ်ရှိဟန်တူသော်လည်း ထုတ်၍မမေး။

'ကျွန်မ ပြောပြီးပါပကော၊ သူတို့ စာကြည့်ခန်းထဲ ရောက်နေတယ်'

'ကိုယ် တက်သွားရင် ရမလား'

ဟစ်လ်ဒါသည် ပါးစပ်မှ အဖြေမပေးဘဲ ပခုံးများကို တွန့်ပြသည်။ ဟစ်လ်ဒါ၏အကြည့်ကို ဒေးဗစ် သဘောပေါက်သည်။ ဟစ်လ်ဒါကတော့ နောက်ထပ် ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ ဒေးဗစ်သည် အချိန်အတန်ကြာမျှ ရပ်၍ စဉ်းစားနေသေးသည်။ နောက်ဆုံးတွင် သူသည် အပေါ်ထပ်သို့ တက်လာခဲ့ပြီး စာကြည့်ခန်းတံခါးကိုခေါက်ကာ အထဲသို့ ဝင်လာခဲ့လေ၏။

စာကြည့်ခန်းသည် နွေးနွေးထွေးထွေး ရှိသည်။ စနစ်တကျ ထွန်းထားသော မီးရောင်များဖြင့် လင်းထိန်နေသည်။ မီးလင်းဖိုဆီမှ မီးတောက်မီးလျှံများသည် ထိန်ထိန်ညီးမျှ တောက်လောင်လျက်ရှိသည်။ ရစ်ချတ်ဘားရပ်စ်သည် စားပွဲ၌ထိုင်နေပြီး အာသာက သူ့ရှေ့တည့်တည့် မီးဖိုဘေး၌ ရပ်နေသည်။ ဒေးဗစ် ဝင်သွားသည့်အခါ ခါတိုင်းလိုပင် အာသာက တရင်းတနှီးပြုံး၍ နှုတ်ဆက်သော်လည်း ဘားရပ်စ်၏ ဆီးကြိုပုံကတော့ ဟက်ဟက်ပက်ပက်မရှိချေ။ သူသည် သားရေဆုံလည်ကုလားထိုင်ကို တစ်ပတ်မျှလှည့်ကာ ဒေးဗစ်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'ဘာကိစ္စလဲ' ဟု သူက မေးသည်။

နှုတ်ခမ်းများကို တင်းကြပ်စွာ စေ့ထားသော ဒေးဗစ်က ....

'ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်လို့ပါ' ဟု ပြန်ဖြေသည်။

ရစ်ချတ်ဘားရပ်စ်သည် ကုလားထိုင်ကို ကျောနှင့်မှီလိုက်သည်။ အမှန်တော့ သူသည် အခုလောလောဆယ်တွင် စိတ်လက်သာယာကြည်နူးလျက်ရှိသည်။ ယနေ့ မွန်းလွဲပိုင်းတွင် စာတိုက်မှ စာတစ်စောင် ရောက်လာခဲ့သည်။ ထိုစာမှာ တိုင်းနီကပ်ဆဲလ် မြို့တော်ဝန်ထံမှစာ ဖြစ်၍ သူ့အား စီးတီးရှိုင်းရယ် ဆေးရုံ၏ တိုးချဲ့ဆောင် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ နေရာကို လက်ခံရန် မေတ္တာရပ်ခံထားသည့်စာ ဖြစ်သည်။

ဘားရပ်စ်သည် ယခုအခါတွင် ခုံသမာဓိအဖွဲ့ဝင်တစ်ဦး ဖြစ်နေပြီး ဒေသန္တရ ပညာရေးကော်မတီ ဥက္ကဋ္ဌအဖြစ် သုံးနှစ်မျှ တာဝန်ယူခဲ့ရပြီးနောက် ယခုကိစ္စပေါ်လာရခြင်း ဖြစ်၏။ သူ့အတွက်ကတော့ ဂုဏ်သိက္ခာ မြင့်မားစေ အကြောင်းတစ်ခု ဖြစ်သဖြင့် ထိုစာကို ရသည့်အချိန်မှစ၍ များစွာ စိတ်ကြည်နူး လျက်ရှိလေသည်။



'မင်း ဘာပြောချင်တာလဲ' ဟု ဘားရပ်စ်က မေးသည်။

ဒေးဗစ်က အာသာအား တစ်ချက်လှမ်းကြည့်လိုက်သည်ကို မြင်လိုက်သည့်အခါ စိတ်မရှည်တော့သည့် အမူအရာဖြင့် ....

'ပြောစရာရှိ ပြောပေါ့ကွာ၊ တကယ်လို့ မင်းပြောမယ့်ဟာက အာသာ့ကိစ္စဖြစ်နေရင် အာသာပါ ကြားရတော့ ပိုမကောင်းဘူးလား' ဟု ပြောသည်။

ဒေးဗစ်သည် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာချလိုက်သည့်အလား သက်ပြင်းတစ်ချက်ချသည်။ သူ ပြောရမည့်စကားသည် ဘားရပ်စ်လို ပုဂ္ဂိုလ်မျိုးအတွက် နှစ်သက်လက်ခံနိုင်စရာ ရှိလိမ့်မည်ဟု သူ မထင်။ သို့သော်လည်း သူ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မိမိကတော့ ပြောမည်ဟု အခိုင်အမာ ဆုံးဖြတ်ထားပြီးပြီ။ ဘယ်အရာကမှ သူ့ကို နောက်တွန့်သွားအောင် လုပ်နိုင်လိမ့်မည် မဟုတ်။

'ပါရာဒိုက်စ်မှာ လုပ်နေတဲ့ လုပ်ငန်းအသစ်တွေအကြောင်း ပြောချင်လို့ပါ' ဟု ဒေးဗစ်က စကားစသည်။

'အမှန်တော့ ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိဘူးဆိုတာ သိပါတယ်၊ ကျွန်တော်ကတော့ အခုအချိန်မှာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းရဲ့ ပြင်ပကို ရောက်နေပါပြီ၊ ဒါပေမဲ့ ကျွန်တော့်အဖေက ဒီမှာပဲ လုပ်နေပါတယ်၊ ကျွန်တော့်ညီနှစ်ယောက်လည်း ဒီမှာပဲ ရှိနေပါတယ်။

'ကျွန်တော့်အဖေကို မစ္စတာဘားရပ်စ် သိနေတာပဲ၊ ကျောက်မီးသွေးတွင်းမှာ လုပ်လာခဲ့တာ အနှစ်သုံးဆယ် ရှိပါပြီ၊ သူဟာ လူကြောက်တစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားမှာ လုပ်ငန်းကန်ထရိုက်အသစ်ရလို့ တွင်းဟောင်းကို တူးကတည်းက အဖေဟာ ဒုက္ခရောက်မှာကို ကြောက်နေပါတယ်၊ အခု သူတို့ တူးနေရတဲ့ တာရိုးကျပြီး ရေတွေဝင်လာရင် အားလုံး သေကုန်ကြမှာပါ၊ အဲဒါကို သူ ကြောက်နေပါတယ်'

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ဘားရပ်စ်သည် အလွန် တင်းမာသော မျက်နှာထားဖြင့် ဒေးဗစ်အား စိုက်ကြည့်နေသည်။

'မင်းအဖေအနေနဲ့ ပါရာဒိုက်စ်တွင်းမှာ မလုပ်ရဲရင် အလုပ်ကထွက်ပေါ့၊ အချိန်မရွေး ထွက်နိုင်တယ်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်ကတည်းက မင်းအဖေဟာ အဲဒီလို အတွေးမျိုး ဝင်ခဲ့သေးတာပဲ၊ မင်းအဖေက ပြဿနာအမြဲရှာနေတဲ့လူပဲ'

ဒေးဗစ်၏တစ်ကိုယ်လုံး ပူထူသွားသည်။ သို့သော်လည်း သူသည် ဒေါသ ချုပ်တည်းကာ တည်ငြိမ်အေးဆေးစွာဖြင့် စကားကို ဆက်ပြောသည်။

'ကျွန်တော့်အဖေ တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီတွင်းကို သဘောမတူတဲ့လူ အတော်များများ ရှိနေပါတယ်၊ သူတို့ ပြောနေကြတာကတော့ အခု

တူးနေရတဲ့နေရာဟာ အရင်တွင်းဟောင်းထဲက ထုတ်ပစ်ခဲ့တဲ့ အညစ်အကြေးပုံ အဟောင်းကြီးဘက်ကို ကပ်ကပ်လာတယ် ...တဲ့၊ ရေတွေနဲ့ပြည့်နေတဲ့ နက်ပ်ကျွန်း တွင်းဟောင်းကြီးနဲ့လည်း သိပ်ကပ်နေတယ် ....တဲ့'

'ဒါဆိုရင် သူတို့ ဘာလုပ်ရမယ်ဆိုတာ သူတို့ သိမှာပေါ့' ဟု ဘားရပ်စ်က အေးစက်စက်လေသံဖြင့် ပြန်ပြောသည်။

'သူတို့အားလုံး အလုပ်က ထွက်သွားနိုင်တယ်'

'ဒါပေမဲ့ သူတို့မထွက်နိုင်ဘူးလေ၊ သူတို့ရဲ့ စားဝတ်နေရေးက စဉ်းစား ရသေးတာပေါ့၊ လူတိုင်းလိုလိုမှာ မယားရှိတယ်၊ သားသမီးတွေ ရှိတယ်၊ အားလုံးက သူတို့ကို မှီခိုနေရတယ်ဆိုတာ သိနေကြတာပဲ'

'ဒီလိုဆိုရင် သူတိုကို့ ဟက်ဒွန်းဆီ သွားကြပါစေပေါ့၊ ဟက်ဒွန်းက ဒီကိစ္စ မျိုးအတွက် ရှိနေတာပဲ၊ သူတို့ရဲ့ နစ်နာမှုတွေကို ပြောနိုင်ဖို့ သူတို့က လခပေးထား တဲ့လူပဲ၊ ဒီကိစ္စက မင်းနဲ့ ဘာမှမဆိုင်ဘူး'

တင်းမာမှုသည် ရှိလာပြီ ဖြစ်၏။ တင်းမာမှုရှိလာ၍ အာသာသည် နေတတ်ထိုင်တတ်သည် မဟုတ်။ သူသည် ဒေးဗစ်ကို တစ်လှည့်၊ ဖအေကို တစ်လှည့်ကြည့်ကာ စိတ်လှုပ်ရှားလျက်ရှိ၏။ အာသာသည် ပြဿနာကို မုန်းတီးသူ ဖြစ်သည်။ ဒေးဗစ်ကတော့ ဘားရပ်စ်၏မျက်နှာကို စေ့စေ့ကြည့်နေသည်။ သူ့ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။ သို့သော်လည်း သူ့မျက်နှာထား ကတော့ သူ့ကိုယ်သူ ထိန်းချုပ်ခြင်းနှင့် ပြောသင့်သည့်ကိစ္စကို မပြောဘဲမနေဟု ဆုံးဖြတ်ထားခြင်းမျိုးကို ဖော်ပြနေသည်။

'ကျွန်တော် အခုပြောနေတာက ဒီအလုပ်သမားတွေရဲ့စကားကို ခင်ဗျား ဘက်က စဉ်းစားသင့်တယ်ထင်လို့ ပြောနေတာပါ'

ဘားရပ်စ်က သရော်သံဖြင့် ရယ်သည်။

'သြော် ....ဟုတ်လား၊ ဒါကြောင့်မို့ မင်းက ကျုပ်ရဲ့လုပ်ငန်း ဘယ်လို လုပ်ရမယ်ဆိုတာကို အလုပ်သမားတွေဆီက သင်ယူဖို့ လာပြောနေတယ်ဆိုရင် တော့'

'ခင်ဗျား ဘာမှ လုပ်မပေးဘူးဆိုပါတော့'

'လုံးဝ ဘာမှ လုပ်မပေးဘူး'

ဒေးဗစ်သည် အံကြိတ်ထားသည်။ ပေါက်ကွဲလုနီးပါးဖြစ်နေသော ဒေါသ ကို တအားထိန်းချုပ်ထားသည်။ သူသည် အသံကိုနှိမ့်ကာ သူ ပြောစရာစကားကို ဆက်ပြောသည်။

'ရပါတယ် မစ္စတာဘားရပ်စ်၊ ကျွန်တော့်စေတနာကို ခင်ဗျားက ဝေ[illegible] လို့ထင်တယ်ဆိုရင် ကျွန်တော် ဆက်ပြောစရာ မလိုတော့ပါဘူး'



သူသည် ဘားရပ်စ်ထံမှ အဖြေစကား ရလိုရငြား အချိန်အတော်ကြာမျှ ရပ်စောင့်နေသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။ အာသာသည် ချက်ချင်း လိုက်မသွား၊ ကြမ်းပြင်ကို ငုံ့ကြည့်ကာ နှုတ်ဆိတ်နေသည်။ အတန်ကြာမှ ....

'သူ ပြောတာ အဆိုးတော့မဟုတ်ဘူး အဖေ၊ သူဟာ လူကောင်းပါ' ဟု ပြောသည်။

ဘားရပ်စ်ကတော့ တိတ်ဆိတ်နေသည်။ အာသာ၏မျက်နှာသည် နီရဲ လျက်ရှိ၏။

'သူပြောတာ မှန်တယ်လို့ အဖေ မထင်ဘူးလား' ဟု မေးသည်။

'သူပြောသွားတာ ဟုတ်တယ်လို့ထင်တယ် အဖေ၊ ဒီနေ့ ပါရာဒိုက်စ်တွင်း မှာ ထူးဆန်းတဲ့ဟာတစ်ခုဖြစ်တယ် အဖေရဲ့၊ စကပ်ပါးပိုက်တွေ ရေအောက် ရောက်ကုန်သတဲ့'

'အင်း'

'ရေတွေလည်း အများကြီး တက်လာတယ် ....တဲ့'

'ဟုတ်လား'

ဘားရပ်စ်သည် စားပွဲပေါ်မှ သူ့ဖောင်တိန်ကို ကောက်ယူပြီး နစ်သွားကို ကြည့်နေသည်။ သူပြောလိုက်သောသတင်းသည် သူ့အဖေအတွက် ဘာမှ မထူးခြား သလို ဖြစ်နေသဖြင့် အာသာသည် စိတ်မကောင်း ဖြစ်နေသည်။ အာသာသည် နောက်ထပ် အရဲစွန့်ကာ စကားဆက်ပြန်သည်။

'ကျွန်တော် ထင်တာကတော့ စကပ်ပါးဖလက်ထဲမှာ ရေတွေအများကြီး ရှိနေတာ မှန်မယ်လို့ထင်တာပဲ အဖေ၊ ဟို တာတာမ်က ကျောက်မီးသွေးတွင်းကို နေတော့ အဲဒီနောက်မှာရှိနေတဲ့ ရေတွေက တအားဖိလာလိမ့်မယ်ထင်တယ်၊ ကျွန်တော်က အဖေ သိချင်မှာပဲဆိုပြီး ဒါတွေကို ပြောပြနေတာပါ'

'ငါ သိချင်တယ် ထင်လို့လား' ဟု ဘားရပ်စ်က ရေရွတ်သည်။

'အေးပေါ့၊ ဟုတ်တာပေါ့' ဟု ပြောကာ သရော်ပြုံး ပြုံးသည်။

'ငါ မင်းကို ကျေးဇူးတင်ရပေမပေါ့၊ မင်းက အမ်းစထရောင်းထက် စောပြီး ကြိုတောင်မြင်တာကိုး ....'

သူ့အဖေ၏ ငေါ်သံကြောင့် အာသာသည် စိတ်ပျက်သွားသည်။ သူသည် ခေါင်းကိုငုံ့၍ ခြေထောက်အောက်မှ ကော်ဇောကွက်များကို ကြည့်နေသည်။

'ကျွန်တော်တော့ နက်ပ်ကျွန်းတွင်းဟောင်းတွေရဲ့ ပုံစံတွေ ရှိထားရင် ကောင်းမှာပဲ အဖေ' ဟု ပြောသည်။

'အဲဒါဆိုရင် တွင်းရဲ့အခြေအနေကို အတိအကျ သိရမှာပဲ၊ ဒီလိုပုံစံဟောင်း

တွေကို သိမ်းမထားတာဟာ မိုက်မဲတဲ့လုပ်ရပ်လို့ ကျွန်တော် ထင်မိတယ်၊ ဒါဟာ သိပ်ကိုမှားတာပဲ'

ဤတစ်ကြိမ်တွင်မူ ဘားရပ်စ်သည် လျှောင်ပြောင်ခြင်း မပြုနိုင်ချေ။

'လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကသာ မင်းကို မွေးမယ်ဆိုရင် မင်းဟာ ဒီလုပ်ငန်းကို တော်လှန်ရေးအမြင်နဲ့ ပြောင်းလဲပစ်မှာ သေချာတယ် အာသာ' ဟု ပြန်ပြောသည်။

နောက်ထပ် အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေပြန်သည်။ ဘားရပ်စ်သည် စောစောက အပြီးမသတ်သေးသော ရေးလက်စ စာကို ပြန်လည်ဖတ်ရှုနေသည်။ နောက်ဆုံးဝါကျကို ဘယ်လိုအဆုံးသတ်ရလျှင် ကောင်းပါ့မလဲဟု စဉ်းစားနေသည်။ ထို့နောက် စာကို ဆက်ရေးသည်။ သူ ဦးခေါင်းပြန်မော့လိုက်သည့်အခါ တံခါးအနီး၌ရပ်နေသော အာသာကို မြင်သွားသည်။

သူသည် အာသာအား စေ့စေ့စပ်စပ်ကြည့်၍ လေ့လာအကဲခတ်နေသည်။ သူ့မျက်နှာပေါ်မှ ပြင်းထန်မှု အရေးအကြောင်းများသည် ဖြည်းဖြည်းချင်း ပျောက်ပြယ်သွားသည်။ သူ့မျက်နှာသည် ရွှင်လန်းလာသည့် အရိပ်အငွေ့များဖြင့် ထင်ဟပ်လာသည်။

'နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းအပေါ်မှာ မင်း စိတ်ဝင်စားနေတာဟာ ကျေနပ်စရာ အလွန်ကောင်းတယ် အာသာ၊ ဒီတွင်းရဲ့ စီမံခန့်ခွဲရေးအလုပ်အပေါ်မှာ စိတ်ကူးစိတ်သန်း ရှိနေတဲ့အတွက်လည်း အဖေ ဝမ်းသာတယ်၊ နောက်နှစ်အနည်းငယ်အတွင်းမှာ မင်းဟာ သတ္တုတွင်းလုပ်ငန်းကို ကောင်းကောင်း လုပ်သွားနိုင်လိမ့်မယ်လို့ အဖေ ယုံကြည်တယ်'

သူသည် တစ်ချက်မျှ ပြုံးလိုက်ပြီး သူ့စကားကို ဆက်သည်။

'အခုအချိန်မှာတော့ အခြေခံပညာ ဗဟုသုတတွေကို ပြည့်ဝအောင်လုပ်စေချင်တယ်၊ အလွန် နက်နဲရှုပ်ထွေးတဲ့လုပ်ငန်းကို ခေါင်းထဲ မထည့်နဲ့ဦး၊ မင်းရဲ့ ဒေးဗစ်ဖင်းဝစ်ခ်ဆီက ထရိုဂိုနိုမက်ထရီပညာကိုယူပြီး မင်းခေါင်းထဲထည့်ဖို့ အားထုတ်ဦး'

အာသာ ထွက်သွားသည့်အခါ ဘားရပ်စ်သည် ဥက္ကဋ္ဌရာထူး လက်ခံကြောင်း ပြန်ကြားစာကို ပြန်ဖတ်နေသည်။ သူ ရေးနေတာ ဘယ်အပိုင်းရောက်နေပြီလဲ .... ဪ .... သိပြီ၊ သူ မှတ်မိပြီ။ သူသည် စာကို ဆက်ရေးသည်။

'ကျွန်တော် ကိုယ်တိုင်ကတော့ ....။

* * * * *



(၂၀)

များသည် လျင်မြန်စွာ ကုန်လွန်သွားနေကြသည်။ နွေရာသီမှသည် ဆောင်းဦး ပေါက်၊ ဆောင်းဦးမှ ဆောင်းရာသီ စသည်ဖြင့် တစ်ရာသီပြီး တစ်ရာသီ ကုန်ဆုံး သွားနေသည်။ ဒေးဗစ်သည် ဘားရပ်စ်နှင့် တွေ့ဆုံခဲ့ရသည့်အဖြစ်ကို သတိရတိုင်း နာကြည်းခဲ့ရာမှ တဖြည်းဖြည်းနှင့် နာကြည်းမှုဝေဒနာသည် လျော့ပါးသက်သာ လာခဲ့သည်။ သို့သော်လည်း ထိုအဖြစ်ကို တွေးလိုက်မိသည့်အခါတိုင်း မျက်မှောင် တော့ ကုပ်မိနေသေး၏။

ဤကိစ္စတွင် သူသည် အရှုံးဖြစ်ခဲ့ရ၏။ စကပ်ပါးဖလက်တွင် လုပ်နေသည့် လုပ်ငန်းမှာ ယနေ့အထိ ရပ်ဆိုင်းမသွားသေး။ ချုပ်ဆိုထားသည့် ကန်ထရိုက် သက်တမ်းသည် နှစ်သစ်ကူးအချိန်ကျမှ ပြည့်လိမ့်မည် ဖြစ်၏။ သူ လောဂေဟာ သို့ သွားနေရသည့် အလုပ်မှာလည်း ပြီးဆုံးသွားခဲ့ပြီ။ အာသာသည် သူ့ ကျောင်းထွက်လက်မှတ်ကို ဂုဏ်ထူးတွေ အများကြီးဖြင့် ရရှိသွားခဲ့၏။ တစ်ချိန် တည်းမှာပင် ဒန်းတီးစ်ဒေးလ်သည်လည်း သူ့လက်မှတ်ကို ရသွားခဲ့လေပြီ။

ဒေးဗစ်သည် သူ၏ ဘီအေ ဗိုင်နယ်စာမေးပွဲကို နေ့ရွှေ့ညရွှေ့ လုပ်ခဲ့သည် မှာ အကြိမ်ပေါင်းများခဲ့ပြီ။ အခုဆိုလျှင် ဒီဇင်ဘာ (၁၄) ရက်နေ့တွင် ဖြေရတော့မည် ဖြစ်ရာ ဤတစ်ကြိမ်တွင်တော့ မဖြစ်မနေ ဖြေတော့မည်ဟု သူ့စိတ်ကို ပိုင်းဖြတ် လိုက်သည်။ သူသည် ဂျင်နီ၏ နားပူနားဆာ လုပ်မှုများကို ယခင်ကလို နား ထောင်တော့ချေ။ စာမေးပွဲအတွက် လုပ်စရာရှိသည်များကိုသာ ဖိလုပ်သည်။ နေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်လည်း သူသည် ဝေါလင်တန်ရှိ သူ့ မိတ်ဆွေ ကာမီချယ်ထံသို့ အမြဲတစေ သွားလေ့ရှိ၏။

ဂျင်နီသည် အပယ်ခံ မယားတစ်ယောက် အဖြစ်သို့ ရောက်လာသည်။ သူ့တွင် အလည်လာမည့် မိတ်ဆွေလည်း မရှိ။ ရင်းနှီးခင်မင်သည့် သူငယ်ချင်း လည်းမရှိဟုပြောကာ တညည်းညည်း တညူညူလုပ်လျက် ရှိသည်။ သူသည် သော်လည်း ရှာဖွေလျက်ရှိ၏။ မစ္စက်ဝက်ပ်ကိုပင် သူသည် ရင်းနှီးအောင် ကြိုးစား လျက်ရှိသည်။ မစ္စက်ဝက်ပ်မှာ အိမ်လခ မှန်မှန်လာယူလေ့ရှိသဖြင့် သူ့အိမ်သို့ မကြာမကြာ ရောက်လာလေ့ရှိသည် မဟုတ်ပါလား။ သူတို့နှစ်ဦး၏ဆက်ဆံရေး သည် အဆင်ပြေလျက်ရှိရာ တစ်ခါတစ်ရံတွင် မစ္စက်ဝက်ပ်က ဂျင်နီအား အစည်း အဝေးသို့ ခေါ်သွားလေ့ရှိသည်။ ဂျင်နီသည် အစည်းအဝေးမှ ပြန်လာတိုင်း ရွှင်လန်း လာတတ်သည်။ ဒေးဗစ်ကတော့ ဂျင်နီတွင် ဘာတွေဖြစ်နေသည်ကို မသိ။ သို့

တစေလည်း အခြေအနေ သိပ်မကောင်းဟူသော အချက်ကိုတော့ သူ နားလည်နေသည်။

နောက်ဆုံး အဖြေရှာသည့်အနေဖြင့် ဂျင်နီသည် သူ့မိသားစုထဲမှ တစ်ဦးတစ်ယောက်ကို ခေါ်ထားလျှင် ကောင်းလေမလားဟု တွေးမိသည်။ သို့သော်လည်း ဘယ်သူ့ကိုခေါ်ရမည် မသိ။ ဤတစ်ခါတော့ အမေ့ကိုခေါ်၍ မဖြစ်သေး။ အမေသည် ဝလွန်းအားကြီးသဖြင့် ထိုင်နေရုံမှတစ်ပါး အခြား ဘာမှ ကူဖော်လောင်ဖက်ရမည် မဟုတ်။ အိမ်တွင် သူ့အတွက် တာဝန်ကြီးတစ်ခု ဖြစ်လာဖို့သာ ရှိသည်ထင်၏။

ဖီးလစ္စနှင့် ကလာရီတို့ကတော့ လာနိုင်မည် မဟုတ်။ သူတို့နှစ်ယောက်စလုံး စလက်တာရီး စတိုးဆိုင်တွင် အလုပ်လုပ်နေကြပြီ ဖြစ်၏။ အဖေ့ကိုခေါ်ဖို့ကျတော့လည်း မလွယ်။ သူ့ကိုခေါ်လျှင် မွေးထားသည့် ခွေးတွေက ပြဿနာ။ သူသည် ဤခွေးတွေကြောင့် ဘယ်ကိုမှမသွားနိုင်။ သူကိုယ်တိုင် သူ့ကိုယ်သူ ခွေးအဖြစ် ပြောင်းလိုက်ပါမှသာလျှင် သွားနိုင်လာနိုင်မည် ဖြစ်လေသည်။

ဆယ်လီ တစ်ယောက်တော့ ရှိ၏။ ဆယ်လီကတော့ စလက်တာရီးဆိုင်တွင် အလုပ်မလုပ်။ ဆယ်လီသည် တိုင်နီကပ်ဆဲလ် တယ်လီဖုန်းဌာနတွင် အလုပ်လုပ်နေသည်။ တိုင်နီကပ်ဆဲလ်တွင် အလုပ်လုပ်နေရသည့်အတွက် ဆယ်လီတွင် များစွာအကျိုးရှိခဲ့၏။ သူသည် တေးဂီတခန်းမများသို့ သွားခွင့်ရခဲ့သည်။ ကပွဲခန်းမများသို့ သွားခွင့်ရခဲ့သည်။ ယင်းအခွင့်အလမ်းများသည် ဆယ်လီအတွက် များစွာအကျိုးဖြစ်ထွန်းစေခဲ့လေသည်။

အမှန်တော့ ယင်းအခွင့်အရေးများကို ညွှန်ပြခဲ့သူမှာ ဒေးဗစ် ဖြစ်သည်။ ဒေးဗစ်သည် ဆယ်လီ၏ စန္ဒရားလက်သံကို သတိထားမိရာမှ သူ၏ အစွမ်းအစကို သိကာ အားပေးတိုက်တွန်းခဲ့ခြင်း ဖြစ်၏။ ဒေးဗစ်သည် ဆယ်လီအား စနေနေ့ညတိုင်း ပြုလုပ်သည့် အင်ပါယာ တေးဂီတခန်းမမှ "သင်နှစ်သက်ရာ အစီအစဉ်"ကို ပါဝင်ဆင်နွှဲရန် အားပေးခဲ့သည်။ ထိုပြိုင်ပွဲသည် ဆယ်လီလို ဝါသနာရှင်များအတွက် များစွာအကျိုးရှိစေသော ပွဲတစ်ပွဲ ဖြစ်လေသည်။

ထိုပြိုင်ပွဲတွင် ဆယ်လီသည် ဆုရခဲ့၏။ ပထမဆုကို ရရှိခဲ့ရုံမျှမက စနေညပျော်ပွဲရှင်ပွဲကော်မတီက သီတင်းတစ်ပတ် အစီအစဉ်တွင် ထည့်သွင်းခဲ့သည်။ ထိုမျှသာမက ဆယ်လီအား သီတင်းခြောက်ပတ်တိတိ အပန်းဖြေခရီးထွက်ခွင့်ကို ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ ဆယ်လီသည် ထိုဖျော်ဖြေရေးခရီးကို လက်ခံလေသည်။

ယခုအခါတွင် ဆယ်လီသည် ထိုအလုပ်ကို လုပ်ခဲ့ပြီးသည်မှာ လေးလ



ရှိခဲ့လေပြီ။ နောက်ထပ် ကမ်းလှမ်းချက်ဟူ၍ ဘာမှမရှိတော့။ တယ်လီဖုန်းဌာနမှလည်း သူ့အား နောက်ထပ်ခေါ်ယူခြင်းမပြုတော့။ လောလောဆယ်တွင် ဆယ်လီ၌ ဘာအလုပ်မှ မရှိတော့။ ဤသို့ဖြင့် ဂျင်နီသည် ဆယ်လီအား သူ့ထံသို့ လာရောက်နေထိုင်ရန် စီစဉ်ခဲ့လေ၏။

ဆယ်လီသည် နိုဝင်ဘာလ တတိယပတ်အတွင်းတွင် စလီစကေးသို့ ရောက်လာခဲ့သည်။ သူ့အစ်မ ဂျင်နီကိုယ်တိုင် ဆင်းကြိုကာ ဝမ်းပန်းတသာ ခေါ်လာခဲ့သည်။ ဂျင်နီသည် ဆယ်လီ ရောက်လာသည့်အတွက် များစွာဝမ်းသာလှုက်ရှိ၏။ သူ့ညီမ ရောက်လာသည့်အတွက် သူ့ရယ်သံများကို အဆက်မပြတ်ကြားနေရသည်။ သူ့ညီမအတွက် သီးသန့် အိပ်ခန်းတစ်ခန်း လုပ်ပေးထားသည်။ သူ့ညီမအတွက် အပေါ်ထပ်တွင် ရေနွေးရအောင် လုပ်ပေးထားရုံမျှမက မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာမှအစ အရာရာတိုင်းကို အသစ်တွေချည်း ထားပေးသည်။

သို့သော်လည်း ထိုသာယာပျော်ရွှင်မှုသည် ကြာရှည်မခံပေ။ မကြာခင်မှာပင် ချုပ်ငြိမ်းသွားသည်။

'ဆယ်လီဟာ အရင်ကနဲ့ မတူတော့ဘူး၊ စိတ်ပြောင်းသွားပြီ ဒေးဗစ်' ဟု ဂျင်နီက ပြောသည်။

'သူဟာ အရင်တုန်းက ဆယ်လီ မဟုတ်တော့ဘူး' ဟုလည်း သူက ဆိုသည်။ ဆယ်လီ ရောက်လာပြီးနောက် ပထမသီတင်းပတ် ကုန်ခါနီးတွင် ဂျင်နီ၏ ပါးစပ်မှ ဤစကားများသည် ထွက်လာသည်။

ဒေးဗစ်ကတော့ ဆယ်လီ စိတ်ပြောင်းသွားသည်ကို မတွေ့ရပေ။ ဆယ်လီသည် ယခင်ကထက်ပို၍ စကားနည်းလာပြီး အနေအထိုင် အပြုအမူများ အဆင့်အတန်းမြင့်လာသည်ကိုသာ သတိထားမိသည်။ ဂျင်နီ၏ လောကွတ်ပိုမှုများကြောင့် ဆယ်လီသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားလေသလား။ ဆယ်လီသည် ယခင်အလောက် သွက်လက်ချက်ချာမှု မရှိသည်ကိုတော့ ဒေးဗစ် မြင်သည်။ ဆယ်လီ၏ မျက်လုံးများ၏နောက်ကွယ်တွင် အတွေးအခေါ်သစ်များ ကိန်းအောင်းနေသည်ဟုတော့ ယူဆရလေသည်။

ဆယ်လီသည် အိမ်မှုကိစ္စအဝဝတွင် ကူဖော်လောင်ဖက်ရအောင် ကူညီသည်။ ဂျင်နီက သူ့အား ပျော်အောင်ထားသည့်သဘောဖြင့် လောကွတ်တွေပိုနေသည်ကိုတော့ သိပ်ပြီးကြိုက်ပုံမရ။ မည်သို့ပင်ဖြစ်စေ ဆယ်လီသည် သူ့အတွေ့အကြုံများကိုတော့ စိတ်ရှည်လက်ရှည် ပြောပြသည်။ ပြောပြသည့်အခါတိုင်းတွင်လည်း ကြွားမှုဝါမှု ထင်ပေါ်လိုမှုများ မပါ။ သူ တွေ့ကြုံခဲ့ရသည့်အတိုင်း ရိုးရိုးစင်းစင်းကလေး ပြောပြသွားခြင်းပင် ဖြစ်၏။ သူ ပြောပြသွားသည့်အထဲတွင်

သူ၏ အကျင့်စရိုက်များကိုလည်း ကြားသိကြရသည်။ ဂျင်နီသည် ဆယ်လီ၏ ဓာတ်လမ်းများကို စိတ်ဝင်တစား နားထောင်သည်။

ဆယ်လီသည် ဂျင်နီလို မဟုတ်။ သူ့ကိုယ်သူ သိပ်ပြီးဂရုစိုက်သူ မဟုတ်ချေ။ ဘယ်လိုဆပ်ပြာမျိုး သုံးရမှ ဖြစ်မည်ဟုလည်း သဘောမထား။ သူ့မျက်နှာကို ရေအေးနှင့် သစ်ရလျှင်လည်း အကြောင်းမဟုတ်။ အဝတ်အစားကျတော့လည်း အများကြီးရှိမှ ဟူသောလောဘမျိုး မရှိ။ ဂျင်နီသည် အဝတ်ကို အမျိုးမျိုးအဖုံဖုံ ထား၍ ထည့်လဲဝတ်နေရမှ နေတတ်သူ ဖြစ်၏။ ပြီးတော့ ပုံလှမှ၊ မီးပူတိုက်၍ ဝတ်ရမှ စသော ဈေးများမှုများလည်းရှိ၏။ ဆယ်လီကတော့ အဝတ်တစ်စုံရှိလျှင် ထိုတစ်စုံ မစုတ်မချင်းဝတ်သည်။ စုတ်ပြီဆိုမှ နောက်ထပ် အသစ်တစ်စုံ ဝယ်ဝတ်တတ်သူ ဖြစ်လေသည်။

ဒေးဗစ်သည် ဆယ်လီ၏ အပြုအမူနှင့် အနေအထိုင်ကို များစွာသဘောကျသည်။ စိတ်အပြောင်းအလဲမြန်ခြင်းနှင့် မကြာခဏ စိတ်ကောက်ခြင်းတို့ကြောင့် ဂျင်နီအပေါ် စိတ်ပျက်ရသလောက် ဆယ်လီ၏ အကျင့်စရိုက်ကို မြင်ရသည်မှာ စိတ်ချမ်းသာသည်။ အကျင့်စရိုက်ချင်း မတူညီသည့်အတွက်ကြောင့်လည်း ဆယ်လီနှင့် ဂျင်နီသည် သဘောထားချင်း ကွဲပြားခြားနားမှုများ မကြာခဏ ပေါ်တတ်ခြင်း ဖြစ်ပေလိမ့်မည်။

ဒီဇင်ဘာလတစ်ရက်နေ့ ညနေခင်းတွင် ဖြစ်သည်။ ကျောင်းဆင်းလာသော ဒေးဗစ်သည် ခါတိုင်းနှင့်မတူဘဲ တစ်မူထူးခြားနေသော ဂျင်နီကို တွေ့ရသဖြင့် စိတ်ထဲမှကြိတ်၍ အံ့သြနေမိသည်။ ဂျင်နီသည် အလွန် ရွှင်မြူးတက်ကြွနေသည်မှာ အမှန်ပင်ဖြစ်၏။

'စလီစကေးမှာ ဘယ်သူရောက်နေသလဲ သိလား တွေးကြည့်စမ်း' ဟု ဂျင်နီက ဒေးဗစ်အား ဆီး၍ပြောသည်။ သူ့မျက်နှာသည် ပြုံးရွှင်မြူးတူးလျက် ရှိသည်။

ဒေးဗစ်အတွက် လက်ဖက်ရည်ပွဲ ပြင်နေသော ဆယ်လီက စိတ်မရွှင်သော မျက်နှာထားဖြင့် 'ဘတ်ဖဲလိုး ဘစ်လ်' ဟု ဝင်ပြောသည်။

'တိတ်တိတ်နေစမ်း ဆယ်လီ' ဟု ဂျင်နီက ဟန့်သည်။

'နင်က နင် သဘောမကျတဲ့လူဆိုရင် ပစ်စလက်ခတ် ပြောချင်တတ်တယ်။ နင့်ကို မစွမလိုတစ်မျိုး လိုတစ်မျိုးလို့ နာမည်ပေးဖို့ပဲကောင်းတယ်'

'ဒီမယ် ဒေးဗစ်၊ ဘယ်သူလို့ထင်သလဲ ပြောစမ်း၊ ရှင် လုံးဝပြောနိုင်မယ် မထင်ပါဘူး၊ ဒီကိုရောက်လာတာ ဘယ်သူဖြစ်မယ်လို့ ထင်သလဲ၊ တခြားလူ မဟုတ်ဘူး၊ ဂျိုးရှင် .... ဂျိုး'



'ဂျိုး ဟုတ်လား' ဟု ဒေးဗစ်က ရေရွတ်သည်။

'ဂျိုးဂိုလန်လား'

'ဟုတ်တယ်လေ သူပေါ့' ဟု ဂျင်နီက ပြောသည်။

'ဂျင်နီ စတွေ့တော့ သူ့ကို ရုတ်တရက် မမှတ်မိဘူး၊ ဟိုတစ်ချိန်က အဆင်မပြေ ဖြစ်ခဲ့ဖူးတာကလည်းရှိတော့ သူမှန်းလည်းသိရော ... စိတ်ထဲက သိပ်သဘောမကျသလို ဖြစ်နေတယ်၊ ဒါပေမဲ့ သူက လာပြီးနှုတ်ဆက်တယ်၊ စကားပြောတယ်၊ သူ့ကြည့်ရတာ အတော့်ကို တိုးတက်လာတာပဲ ဒေးဗစ်ရယ်'

ဆယ်လီက သူ့အစ်မကို လှမ်းကြည့်သည်။

'ဒေးဗစ် လက်ဖက်ရည်သောက်ရင် ပေါင်မုန့်နဲ့စားဖို့ အမဲသားကြော်ပေးရမလား' ဟု မေးသည်။

'အို .... မပေးနဲ့၊ မပေးနဲ့၊ ချန်ထားလိုက်၊ လက်ဖက်ရည်ပဲပေး' ဟု ဂျင်နီက ပြန်ပြောသည်။

'အမဲသားကို ဒီည ညစာကျွေးဖို့ ချန်ထားဦး၊ ဂျင်နီလေ ဂျိုးကို ညစာလာစားဖို့ ဖိတ်ခဲ့တယ်၊ ဒေးဗစ်ကလည်း သူ့ကိုတွေ့ချင်မယ်ထင်လို့'

'အင်းပေါ့၊ တွေ့ချင်တာပေါ့'

'ဂျင်နီလေ တစ်ခု စိတ်ပူနေတယ်၊ မစွတာဂျိုးဂိုလန်ကို ဖွယ်ဖွယ်ရာရာ ကျွေးချင်တာ၊ အခု အိမ်မှာက အမဲသားနှင့် ပဲသာ ရှိတယ်၊ ငါးရှိရင် သိပ်ကောင်းတာပဲ၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ငါးက ရနိုင်တယ်၊ ငါးကို ပါးပါးလေးတွေ လှအောင် ထိုးပြီး ကြော်မယ်ဆိုရင် ရတယ်၊ ဒါပေမဲ့ သားလှီးဓားကောင်းကောင်း မရှိတာ ခက်တယ်၊ သြော် .... သိပြီ၊ မစ္စက်ဝက်ပ်ဆီက ခဏငှားရင်ရတယ်'

'အဲဒီလောက် တခမ်းတနားကျွေးချင်ရင် ဘာပြုလို့ စားပွဲထိုးကောင်းကောင်းတစ်ယောက် မငှားတာလဲ' ဟု ဆယ်လီက ပြောသည်။

ဂျင်နီ၏မျက်နှာသည် နီရဲသွားသည်။ မျက်နှာလည်း ပျက်သွားသည်။ သူသည် ဆယ်လီအား လှည့်ကြည့်သည်။

'နင်ဟာ ကျေးဇူးမသိတတ်တဲ့ မိန်းမစားတစ်ယောက်ပါလား' ဟု ပြောသည်။

'ခပ်တည်တည်နဲ့ အခုလိုစကားမျိုး ငါ့ကိုပြောတာဟာ ကောင်းတယ်လို့ ထင်နေသလား၊ ငါ့အိမ်ထဲမှာ လူကြီးလူကောင်းတစ်ယောက်ကို ညစာဖိတ်ကျွေးတာ နင့် ဝေဖန်စရာအလုပ်လား၊ ဒါတွေဟာ နင့်ကိုခေါ်ပြီး အိမ်ပေါ်တင်ကျွေးထားတဲ့အတွက် ကျေးဇူးဆပ်တာပေါ့လေ ဟုတ်လား၊ ဒီမယ် ဆယ်လီ နင် မကျေနပ်ရင် အချိန်မရွေး အိမ်ပြန်သွားလို့ရတယ် သိလား'

'ရှင် သဘောမကျရင် ကျွန်မ ပြန်ရုံပဲ' ဟု ဆယ်လီက ပြန်ပြောကာ ဒေးဗစ်အတွက် လက်ဖက်ရည်ပွဲ သွားယူသည်။

ထိုည ခုနစ်နာရီခန့်တွင် ဂျိုး ရောက်လာသည်။ အညိုရောင်ဖျော့ဖျော့ ဝတ်စုံကို ဝတ်ထားသည်။ ရွှေလက်ပတ်ကြိုး ပတ်ထားသဖြင့် လူအထင်ကြီးစရာ ဖြစ်နေသည်။ ဂျိုးသည် ယခင်ကလို ဆူဆူညံညံ၊ ကျယ်ကျယ်လောင်လောင် ပြောဆိုပြုမူခြင်း မရှိ။ ခပ်အေးအေး၊ ခပ်ကုပ်ကုပ်ပုံစံမျိုး ဖြစ်သည်။ ဂျိုးသည် အခုအချိန်အထိ အလုပ်မရှိသေး။ သူ့အနေဖြင့် ယခင်အလုပ်ရှင် မစ္စတာစတန်လေ မီလင်တန်ထံ ပြန်သွားမည်ဟု စိတ်ကူးထားကြောင်း ပြောသည်။ မီလင်တန်က သူ ပြန်လာချင်သည့်အချိန် ပြန်လာခဲ့၊ အလုပ်ပေးမည်ဟု ပြောခဲ့ဖူးသည် မဟုတ်ပါလား။

သို့သော်လည်း စိတ်ကူးရုံ စိတ်ကူးထားခြင်း ဖြစ်သည်။ အခုထက်ထိ မီလင်တန်ထံသို့ မသွားဖြစ်သေး။ သူ့တွင် အခြားစိတ်ကူးတစ်ခုက ရှိနေသေးသည်။ ထိုစိတ်ကူးသည် သူ့ကို မသွားချင်အောင် ဟန့်တားထားသလို ဖြစ်နေသည်။ ယင်းအတွက်ကြောင့်လည်း သူသည် သွားသင့် မသွားသင့် စဉ်းစားရခက်နေသည်ဟုလည်း ဆိုသည်။

ဂျိုး၏ အမူအရာ ပြောပုံဆိုပုံများနှင့် ပြုမူဆက်ဆံပုံများသည် တကယ့်လူကြီးလူကောင်းကိုက်အပြည့် ရှိသည်။ အသက်အရွယ် ကြီးရင့်လုပြီဖြစ်သော သူ့အဖေအား သွားတွေ့ဖို့လည်း စိတ်ကူးထားသည်ဟု ပြောသည်။ အထိုက်အလျောက် အောင်မြင်နေပုံရသည့် သူ့ဘဝအကြောင်းကိုမူ လုံးဝ ပြောဆိုခြင်း မပြု။ သူငယ်ချင်းဟောင်း ဒေးဗစ်နှင့် တွေ့ရသဖြင့် အလွန် ဝမ်းသာသည့် အနေအထားကိုတော့ ထင်ရှားစွာ ဖော်ပြသည်။

ဂျင်နီအဖို့ကတော့ ဂျိုးသည် ယဉ်ကျေးသည်၊ သိမ်မွေ့သည်၊ စကားပြောလိမ္မာသည်၊ ပါးနပ်သည်၊ တကယ့် အထက်တန်းစား လူကြီးလူကောင်းတစ်ယောက် ဖြစ်နေသည်။ ဂျိုးကလည်း ဂျင်နီ၏ ညစာ အခင်းအကျင်း၊ အပြင်အဆင်နှင့် အစားအစာများကို ချီးမွမ်း၍မဆုံး။ သူသည် ညစာကို အတော်များများစားသည်။ ဂျင်နီကတော့ သူ့မျက်စိထဲတွင် ဂျိုးသည် ယခင်ကထက် ချောလာသည်၊ အသံကလည်း ခန့်ညားလှပါဘိခြင်း။

ယခုတစ်ခါ ပြန်အတွေ့တွင် ဂျိုးသည် ဂျင်နီအား စကားများများ မပြော။ သူသည် ဂျင်နီအပေါ်၌ မိတ်ဆွေတစ်ဦးအဖြစ်သာ စိတ်ဝင်စားနေသည့်ဟန် ပြသည်။ ဆယ်လီကိုမူ လုံးဝ လှည့်မကြည့်။ ဂျိုးသည် တစ်ချိန်လုံး ဒေးဗစ်အပေါ်၌သာ စိတ်ဝင်စားနေဟန်ရှိ၏။ နောက်ဆယ့်လေးရက်အကြာတွင် ဘီအေစာမေးပွဲ



ဖြေရတော့မည်ဟု သိရ၍ ဝမ်းသာသည်။ ကာမီချယ်ထံသွား၍ စာကျက်နေသည့်အကြောင်း ပြောသည့်အခါ ဒေးဗစ်၏ အားထုတ်မှုကို တလေးတစား ချီးကျူးသည်။

စားသောက်အပြီးတွင် ဂျိုးနှင့် ဒေးဗစ်သည် စားပွဲမှ မထ၊ အချိန်အတော်ကြာမျှ စကားလက်ဆုံကျနေကြသည်။ ဂျင်နီကတော့ အခန်းထဲမှ ထွက်သွားလိုက်၊ ပြန်ဝင်လာပြီး ထိုင်လိုက် လုပ်နေသည်။ ဆယ်လီကတော့ ပန်းကန်တွေဆေးကြောနေသည်။

'တို့ ပြန်တွေ့ရတာ ဝမ်းသာတယ်ကွာ' ဟု ဂျိုး ထိုင်ရာမှ အထတွင် ဒေးဗစ်က ပြောသည်။

'အေးကွာ၊ ငါလည်း သိပ်ဝမ်းသာတယ်၊ ငါ ဒီမှာ သီတင်းတစ်ပတ်နှစ်ပတ်လောက် နေဦးမှာဆိုတော့ တို့နှစ်ယောက် မကြာခဏ တွေ့ကြသေးတာပေါ့၊ ဪ .... လာကွာ၊ ခဏတဖြုတ် လမ်းလျှောက်ကြရအောင်၊ အချိန်စောပါသေးတယ်' ဟု ဂျိုးက ပြန်ပြောသည်။

အပြင်ဘက်ရောက်သည့်အခါ သူသည် လက်မှ ရွှေနာရီကြိုးကို ငုံ့ကြည့်လိုက်သည်။

'ငါ ပြောဖို့မေ့သွားတယ်၊ ငါ အဖေ့ကို ဒီနေ့ နေ့ခင်းကပဲ ငွေတော်တော်များများ သွားပေးလိုက်တယ်၊ ငါ့အပြစ်တွေအတွက် ကြေစေချင်တယ်လေ၊ အဲဒါကြောင့် ငါ့မှာ ပါလာသမျှ အကုန်လုံး ပေးပစ်လိုက်တယ်၊ ဘဏ်ကလည်း ပိတ်ချိန်ဆိုတော့ ငွေထုတ်ဖို့တောင် အချိန်မရလိုက်ဘူး၊ မင်းဆီမှာ ငွေနှစ်ပေါင်လောက်များ ချေးလို့ရမလား'

'ငွေနှစ်ပေါင် .... ဟုတ်လား ဂျိုး' ဟု ဒေးဗစ်က ပြန်မေးသည်။ သူသည် ဂျိုးကိုကြည့်ကာ အံ့အားသင့်လျက်ရှိသည်။

'ဘယ်လိုလဲ မရနိုင်ဘူးလား၊ ဒါဆိုရင်လည်း ရပါတယ်' ဟု ဂျိုးက ပြောသည်။ သူ့မျက်နှာပေါ်တွင် အပြုံးရိပ်ကို မမြင်ရတော့ပေ။

'မင်း မယုံကြည်လို့ မချေးချင်ဘူးဆိုလည်း ဖြစ်ပါတယ်၊ ငါ့အနေနဲ့ တခြားဘယ်သူ့ဆီသွားယူယူ ရနိုင်တဲ့ကိစ္စပါကွာ'

ဒေးဗစ်သည် စိတ်ထိခိုက်သွားသည့် ဂျိုး၏မျက်နှာကိုကြည့်ကာ စိတ်မကောင်းဖြစ်နေမိသည်။ သူ့အိပ်ခန်းထဲတွင် စာမေးပွဲသွားဖြေသည့်အခါ သုံးဖို့အတွက် ငွေဆယ်ပေါင် စုထားသည်ကို သတိရသည်။ ချက်ချင်းပင် ဂျိုး၏လက်ကိုပုတ်၍ 'ငါ ချေးလိုက်ပါမယ် ဂျိုးရာ၊ သူငယ်ချင်း မင်း ခဏစောင့်နေဦး'

သူသည် အိမ်ပေါ်သို့ အပြေးအလွှား ပြန်တက်သွားပြီး ငွေနှစ်ပေါင်ကိုယူကာ ဂျိုး၏လက်ထဲသို့ ထည့်ပေးသည်။

'အေးကွာ၊ သူငယ်ချင်းကောင်း ပီသပါပေတယ်၊ ကျေးဇူးပဲ ဒေးဗစ်၊ ဒီငွေကို တစ်ပတ်ကြာရင် ပြန်ပေးမှာပါ၊ စိတ်ချပါ' ဟု ဂျိုးက ပြောသည်။

သူတို့သည် လမ်းထိပ်ရောက်သည့်အခါ လူချင်းခွဲကြသည်။

'မင်္ဂလာညပါ' ဟု နှုတ်ဆက်သွားသည့် ဂျိုး၏အသံသည် ခရစ်ယာန်ဘုန်းကြီးတစ်ပါး၏ ဆုတောင်းသံနှင့် တူလှချေသည်။

ဒေးဗစ်သည် ကောင်းပင်လမ်းအတိုင်း ပြန်လျှောက်လာခဲ့သည်။ ယနေ့ည သူ့အဖေကို သွားတွေ့မည်ဟု စိတ်ကူးရှိထားခဲ့၏။ သို့သော်လည်း အချိန်က နောက်ကျနေကြပြီ။ အခုဆိုလျှင် ဆယ်နာရီထိုးလုနီးနေပြီ ဖြစ်၏။ ဂျိုးသည် သူ ထင်ထားသည်ထက် အချိန်ကြာကြာ နေသွားခဲ့သည်။ အကယ်၍ အချိန်နောက်ကျမှသွားမည်ဆိုပါက သူ့အမေက အပြစ်တင်ပေလိမ့်ဦးမည်။

သူသည် ဖရီးဟိုးလမ်းအတိုင်း ဆက်လျှောက်လာသည်။ ထိုလမ်းမှနေ၍ ဘီသဲလ်ကို ဖြတ်မည်ဟု စိတ်ကူးထားသည်။ ထိုအခိုက်မှာပင် မမျှော်လင့်ဘဲ သူ့ညီ ဟူးဂီးအား ရုတ်တရက် လှမ်းမြင်လိုက်ရသည်။ ဟူးဂီးသည် အမှောင်ထုထဲမှ ထွက်လာခြင်း ဖြစ်သည်။ ဖြည်းဖြည်းအေးအေးလာခြင်း မဟုတ်။ ပြေးလာနေခြင်း ဖြစ်၏။ စွပ်ကျယ်နှင့် ဘောင်းဘီတိုနှင့် ဖြစ်သဖြင့် ဒေးဗစ်အဖို့ ထူးဆန်းနေသည်။ သူသည် သူ့ညီဆီသို့ လှမ်းအော်သည်။

'ဟူးဂီး ....ဟေ့ ဟူးဂီး'

ဟူးဂီးသည် ဖျတ်ခနဲရပ်လိုက်ပြီး လမ်းကိုဖြတ်ကာ ဒေးဗစ်ဆီသို့ လျှောက်လာသည်။ သူ့ကို ခေါ်လိုက်သူသည် ဒေးဗစ် ဖြစ်နေသည်ကို သိလိုက်သည့်အခါ ဝမ်းသာအားရပြေးလာပြီး လည်ပင်းကို ဖက်ထားသည်။

ဒေးဗစ်က သူ့ညီလက်ထဲမှ အသာအယာ ရုန်းထွက်လိုက်ပြီး ....

'ဟေ့ကောင်၊ မင်း ဘယ်လိုဖြစ်လာတာလဲ' ဟု ရေရွတ်သည်။

'နောက်ဆုံးကျတော့ အားလုံးအဆင်ပြေသွားတာပဲ၊ ခင်ဗျား သိပြီးပြီလား။ ကျွန်တော် ဒီနေ့ နေ့ခင်းကပဲ စာရတယ် သိလား၊ ကျွန်တော် အလုပ်က ပြန်လာလာချင်းရတာ၊ သူတို့က ကျွန်တော့်ဆီကို စာရေးပြီးမေးတယ်'

'ဘာမေးတာလဲ ဟူးဂီး၊ ဘယ်သူတွေက မေးတာလဲ'

'တိုင်းနီကပ်ဆဲလ်အသင်းအတွက် ကစားပေးနိုင်မလားလို့ မေးတာ၊ ယုံနိုင်စရာတောင်မရှိဘူး ဒေးဗစ်၊ ပြီးခဲ့တဲ့ စနေနေ့ကပွဲကို သူတို့က ကြည့်သွားတာကိုး ....ဗျ၊ ကျွန်တော်က အဲဒါကိုမသိလိုက်ဘူး၊ အဲဒီနေ့က ကျွန်တော်ကချည်း သုံးဂိုးသွင်းနိုင်ခဲ့တယ်၊ အခုတော့ သူတို့က လာမယ့် စနေနေ့မှာ စိန့်ဂျိမ်းကွင်းမှာ အရန်လူအဖြစ် ဝင်ကစားကြည့်ပါလို့ ကမ်းလှမ်းတယ်၊ ကျွန်တော့်အဖို့တော့ မဟာအောင်ပွဲကြီးပဲ၊ ယူနိုက်တက်အသင်းမှာ ဝင်ကစားရမယ့် လမ်းပွင့်သွားပြီ'



ဒေးဗစ်သည် သူ့ညီ၏အဖြစ်ကို နားလည်သွားသည်။ နောက်ဆုံးတွင် ဟူးဂီး၏ လိုအင်ဆန္ဒသည် ပြည့်သွားခဲ့လေပြီ။ တကယ်တော့ ဟူးဂီး မက်ခဲ့သော အိပ်မက်သည် မဖြစ်နိုင်သောအိပ်မက် ဖြစ်သည်။ ထိုအိပ်မက်သည် အကောင်အထည်ပေါ်သွားခဲ့ပြီ။ သူသည် ဟူးဂီးအတွက် အတိုင်းအဆ မသိနိုင်လောက်အောင် ဝမ်းသာသွားသည်။ သူ့လက်ကို လှမ်းဆန့်ပေးကာ ဟူးဂီး၏လက်ကို ဆုတ်ဆွဲထားမိသည်။

'ဝမ်းသာတယ် ဟူးဂီး၊ ငါ သိပ်ဝမ်းသာတာပဲ'

'သူတို့က ကျွန်တော့်ခြေကို ကြည့်နေတာ လပေါင်းအတော်ကြာသွားပြီတဲ့' ဟု ဟူးဂီးက ဆက်ပြောသည်။

'ကျွန်တော် အဲဒီအကြောင်း ခင်ဗျားကို ပြောခဲ့မိရဲ့လား၊ ကျွန်တော်လည်း ဝမ်းသာလွန်းလို့ ဘာတွေပြောခဲ့မိမှန်းတောင် မသိတော့ပါဘူး ဒေးဗစ်ရာ၊ ဘာပဲဖြစ်ဖြစ်လေ အခုလာမယ့် စနေနေ့မှာတော့ သေချာပေါက် ကစားရတော့မှာ၊ အဲဒီနေ့ပွဲကို ခင်ဗျား ဆက်ဆက်လာကြည့်မယ် မဟုတ်လား ဒေးဗစ်'

'လာမှာပေါ့ ဟူးဂီးရာ၊ ဆက်ဆက်ကို လာကြည့်မယ်'

'ဆင်မီလည်း လာမှာဗျ၊ သူက ပြောတယ် အဲဒီနေ့ကျရင် ခြောက်ဂိုးလောက်သွင်းတဲ့၊ မသွင်းနိုင်ရင် ကျွန်တော့်လည်ပင်းကို လိမ်ချိုးပစ်မယ်တဲ့'

သူသည် စကားပြောရင်း ခုန်ဆွခုန်ဆွ လုပ်နေသည်။

'ကျွန်တော် အအေးမိလို့ မဖြစ်ဘူး ဒေးဗစ်၊ အခုအချိန်မှာ ရလာတဲ့ အခွင့်အရေးကို လက်အလွှတ်မခံနိုင်ဘူး၊ ကဲ .... သွားတော့မယ် ဒေးဗစ်၊ မင်္ဂလာညပါ'

'မင်္ဂလာညပါ ဟူးဂီး'

ဟူးဂီးသည် ဆက်၍ပြေးသွားသည်။ ညအမှောင်ထုအတွင်းသို့ ချက်ချင်းပင် တိုးဝင်ပျောက်ကွယ်သွားသည်။

ဒေးဗစ်သည် အိမ်သို့ ပြန်လာခဲ့သည်။ သူ့နှလုံးသားသည် ပေါ့ပါး လန်းဆန်းလျက်ရှိသည်။ သူ အိမ်ထဲဝင်သွားသည့်အခါ ဆယ်လီသည် မီးဖိုဘေး၌ ထိုင်ခုံတစ်ခုပေါ်တွင် တစ်ယောက်တည်းထိုင်လျက်ရှိသည်ကို တွေ့ရ၏။ သူ့မျက်နှာသည် ဝမ်းနည်းခြင်းကို ဖော်ပြလျက်ရှိသည်။ ဘာများဖြစ်လို့ပါလိမ့်။

'ဂျင်နီ ဘယ်သွားသလဲ' ဟု သူက မေးသည်။

'အိပ်ရာဝင်သွားပြီ'

သူသည် စိတ်မကောင်းဖြစ်သွားသည်။ သူ့ညီ ဟူးဂီး၏ ဝမ်းသာစရာ သတင်းကို ဂျင်နီအား ပြောပြချင်နေသည် မဟုတ်ပါလား။ ချက်ချင်းပင် ပြောပြစရာလူတစ်ယောက် ရှိနေသေးသည်ကို သတိရကာ ပြုံးလိုက်သည်။ ဆယ်လီ

သည် သူ့စကားကို နားထောင်နိုင်သေးသည် မဟုတ်ပါလား။ သူသည် ဟူး အကြောင်းကို ဆယ်လီအား ပြောပြသည်။ ဆယ်လီကလည်း နားထောင်သည်။ သို့သော်လည်း ဘာမှပြန်မပြောဘဲ သူ့ကိုသာ ငေးကြည့်နေသည်။

'ဘယ့်နှယ်လဲ ဆယ်လီ၊ ဝမ်းသာစရာ မကောင်းဘူးလား၊ သူ သိပ်ဖြစ်ချင် နေတာ ဖြစ်သွားတာမို့ တကယ့်ကို ပျော်စရာကြီးပဲ'

ဆယ်လီက သက်ပြင်းချသည်။ ဘာစကားမှ ပြန်မပြော။ ထိုအခါ ဒေးဗစ် ကပင် ထပ်ပြောပြန်သည်။

'ဟုတ်တယ်နော်၊ ကိုယ်လိုချင်တာ ရသွားတဲ့ လူတစ်ယောက်အဖို့တော့ သိပ်ကို စိတ်ချမ်းသာစရာကောင်းတာပဲ'

ဒေးဗစ်သည် ဆယ်လီအား အသေအချာထပ်ကြည့်သည်။

'ဘာဖြစ်နေတာလဲ' ဟု မေးသည်။

'ဘာမှ မဖြစ်ပါဘူး'

'မင်းကြည့်ရတာ တစ်ခုခု ဖြစ်နေသလိုပဲ၊ ဘာဖြစ်တာလဲ'

'ကျွန်မဟာ သိပ်ကို မိုက်တယ်၊ ဒီကိုလာတာဟာ ကျွန်မအမှားပဲ၊ ရှင် ရောက်မလာခင်ကလေးမှာပဲ ကျွန်မနဲ့ ဂျင်နီရဲ့ရန်ပွဲ ပြီးသွားတာ'

ဒေးဗစ်က မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်သည်။

'ဟုတ်လား....ငါ စိတ်မကောင်းပါဘူး'

'စိတ်မကောင်းမဖြစ်ပါနဲ့၊ အခုဟာ ပထမဆုံးဖြစ်တာမှ မဟုတ်ဘဲ၊ ဖြစ်ခဲ့တဲ့ အကြိမ်ပေါင်းဟာ မနည်းတော့ဘူး၊ ကျွန်မ ရှင့်ကို မပြောသင့်မှန်းတော့ သိပါ တယ်၊ အမှန်တော့ ကျွန်မအနေနဲ့ ရှင့်ကို ဘာမှမပြောဘဲ စိတ်ခတ်ကို မြင့်မြင့် မားမားထားပြီး မနက်ဖြန် ပြန်သွားရင် ကိစ္စက ပြီးသွားနိုင်တာပဲ'

'မင်း မနက်ဖြန် ပြန်တော့မလို့လား'

'ဟုတ်တယ်၊ မနက်ဖြန် ပြန်တော့မယ်၊ ပြန်ဖို့သင့်နေတာကြာပြီ၊ အိမ်မှာ အဖေ ဒုက္ခရောက်နေတယ်၊ သူ မိတ္တေနဲ့ ခုလောက်ဆို မနိုင်မနင်းဖြစ်နေရောပေါ့'

'ပြဿနာက ဘာလဲဆိုတာ ငါ နားလည်ချင်လိုက်တာ'

'ရှင် နားမလည်တဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်'

ဒေးဗစ်က သံသယမကင်းသော မျက်လုံးများဖြင့် ဆယ်လီအား စိုက် ကြည့်နေသည်။

'ငါကတော့ ဒီလိုဖြစ်ပြီး ပြန်သွားရတာကို မကြိုက်ဘူး၊ မင်း မပြန်ပါနဲ့ဦး'

'မပြန်လို့ မဖြစ်ဘူး၊ ပြန်မှဖြစ်မှာ'

ဆယ်လီက ဟက်ခနဲ တစ်ချက်ရယ်သည်။ ထို့နောက် မျက်ရည်များ



ကျလာသည်။ ဒေးဗစ်သည် ဘာပြော၍ ဘာဆိုရမှန်းမသိ။ ချက်ချင်းပင် ဆယ်လီ သည် အဝိုတိတ်ကာ မျက်ရည်များကို သုတ်နေသည်။

'ကိစ္စမရှိပါဘူး၊ ဆယ်လီ့ကို ဂရုစိုက်မနေပါနဲ့၊ ဆယ်လီက ဘယ်သူ့ရဲ့ သနားကိုမှ ရယူချင်တဲ့လူ မဟုတ်ပါဘူး၊ ကဲ....ကျွန်မ အိပ်တော့မယ်'

'ဒါပေမဲ့ ဒီကိစ္စအတွက် စိတ်မကောင်းဖြစ်မိတာအမှန်ပဲ ဆယ်လီ'

'ပါးစပ်ပိတ်ထား' ဟု ဆယ်လီက ပြောသည်။

'တခြားလူအတွက် စိတ်မကောင်းဖြစ်တာကို ရပ်လိုက်တော့၊ ရှင့်ကိုယ်ရှင် သနားဖို့ အချိန်ပေးဦး'

'ကိုယ်က ဘာတွေဖြစ်နေလို့ ကိုယ့်ကိုယ်ကို သနားရမှာလဲ'

'ဘာမှမဖြစ်ဖူးပဲ ထားပါတော့' ဟု ပြောကာ ဆယ်လီက မတ်တတ်ရပ် လိုက်သည်။

'စိတ်နေစိတ်ထား ရင့်ကျက်ကြီးမားဖို့က နောက်ကျသွားပြီ၊ ကျွန်မ ရှင့်ကို နောက်ကျမှပဲ ပြောတော့မယ်'

သူသည် သူ့ကိုနှုတ်ဆက်ကာ အိပ်ရာဝင်သွားလေသည်။

နောက်တစ်နေ့နံနက်တွင် ဒေးဗစ်သည် ဆယ်လီနှင့် မတွေ့ရတော့ချေ။ ဆယ်လီသည် အိပ်ရာမှ အစောကြီးထကာ နံနက်ခုနစ်နာရီ မီးရထားနှင့် ပြန်သွား ပြီဖြစ်၏။ ထိုနေ့တစ်နေ့လုံး ဒေးဗစ်သည် ဆယ်လီအကြောင်းတွေးကာ စိတ် မကောင်းဖြစ်နေသည်။ ညနေပိုင်း ကျောင်းမှ အိမ်ပြန်ရောက်သည့်အခါ သူသည် ဂျင်နီအား အကျိုးအကြောင်း ပြောပြမိလေ၏။

ဂျင်နီကတော့ ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသည့်နှယ် ရယ်သည်။

'သူက မနာလိုဝန်တို ဖြစ်နေတာ မောင်ရဲ့' ဟု ပြောသည်။

'မဟုတ်ဘူး ဂျင်နီ၊ အဲဒါမဟုတ်ဘူးဆိုတာ မောင် သေသေချာချာသိတယ်' ဟု ဒေးဗစ်က ပြန်ပြောသည်။

'မောင် မှားနေပြီ' ဟု ဂျင်နီက ပြောသည်။

'ဆယ်လီက မောင့်ကို စိတ်ဝင်စားနေတာကြာပြီ၊ မောင် စကော့ဝုဒ်လမ်း အိမ်ကို ဝင်ထွက်နေတုန်းကတည်းက သူ မျက်စိကျနေတာ၊ ဂျင်နီကို မောင်က အယုံတယလုပ်နေတာမြင်ရင် သူ ဂျင်နီကို တအားမုန်းတယ်၊ အခုမှ ပိုပြီးဆိုးလာ တာ' ဟု ဂျင်နီက ရှင်းပြသည်။

ဒေးဗစ်သည် ဂျင်နီအား ထူးဆန်းသော မျက်လုံးများဖြင့် ကြည့်နေသည်။ သူ့မျက်လုံးများထဲတွင် "တင်းမာမှု" ပါနေသည်။

'မောင် မင်းကိုချစ်တာတော့ အမှန်ပဲ ဂျင်နီ' ဟု ဒေးဗစ်က ပြောသည်။

'မောင့်လိုပဲ မင်းမှာလည်း အပြစ်တွေအများကြီး ရှိနေတယ်ဆိုတာ မောင် သိပါတယ်၊ ဒါပေမဲ့ တစ်ခါတလေကျရင် မင်း ပြောတာဆိုတာ လုပ်တာကိုင်တာတွေဟာ မောင် သိပ်ပြီး မုန်းတီးရွံရှာတဲ့ဟာတွေ ဖြစ်ဖြစ်နေတယ်၊ တစ်ခါတလေ မောင် မင်းကို လုံးဝသည်းမခံနိုင်ဘူး၊ ဒါပေမဲ့ မောင့်စိတ်ကိုမောင် မပြုပြင်နိုင်ဘူး၊ မင်းကို ချစ်မြဲတိုင်း ချစ်နေမိတာပဲ'

ဂျင်နီသည် ဒေးဗစ်စကားကို နားလည်သဘောပေါက်အောင် မကြိုးစားချေ။ အပေါ်ယံရုပ်တိုက်၍သာတွေးပြီး အလေးအနက်ထား၍ စဉ်းစားဆင်ခြင်မှုလည်း မပြုခဲ့ပေ။ သူသည် ဖတ်လက်စ ဝတ္ထုစာအုပ်ကိုသာ ဆက်ဖတ်နေသည်။

ဒေးဗစ်သည် ဂျင်နီအပေါ်၌ ထားရှိနေသည့် သူ၏ စိတ်ခံစားမှုများကို ပြန်လည်၍ ဝေဖန်သုံးသပ်သော အလေ့အထ မရှိခဲ့ပေ။ သူ့စိတ်ထဲ၌ ဖြစ်ပေါ်လာသည့်အတိုင်းသာ လက်ခံနေခဲ့ခြင်း ဖြစ်၏။ သို့သော်လည်း နောက်နှစ်ရက်မျှ အကြာ သောကြာနေ့က တွေ့ကြုံခဲ့ရသောအဖြစ်သည် သူ့စိတ်ကို ထူးဆန်းစွာ အနှောင့်အယှက်ပြုလျက်ရှိကြောင်း တွေ့ရှိခဲ့ရလေ၏။

ထုံးစံအတိုင်းဆိုပါက ဒေးဗစ်သည် ညနေလေးနာရီထိုးမှသာ ကျောင်းမှ အိမ်သို့ပြန်လေ့ရှိသည်။ သို့သော်လည်း ထိုသောကြာနေ့တွင်မူ မစ္စတာထရောသားသည် သုံးနာရီတိတိတွင် သူ့အတန်းသို့ရောက်လာပြီး လက်လွှဲယူသည်။ ထိုအကျင့်သည် ကျောင်းအုပ်ကြီး စထရောသား၏ လုပ်နေကျအကျင့် ဖြစ်၏။ တစ်ပတ်လျှင် တစ်ရက်ကျ အတန်းတစ်တန်းကိုဝင်၍ သူကိုယ်တိုင် စာသင်ကာ အတန်းထဲရှိ ကျောင်းသူ ကျောင်းသားများ၏ ပညာရည်တိုးတက်မှုကို လေ့လာသုံးသပ်သည်။ သူ စာသင်နေစဉ်အတွင်း အတန်းပိုင်ဆရာက ဘေးမှနေ၍ ရပ်ကြည့်နေရသည်။

သို့သော်လည်း ထိုနေ့ကမူ ဘီအေစာမေးပွဲ ဖြေဆိုရေးအတွက် စာအမြဲကျက်နေရသော ဒေးဗစ်အား ငဲ့ညှာသောအားဖြင့် သူ စာသင်နေသည်ကို စောင့်မကြည့်နိုင်းတော့ဘဲ အိမ်ပြန်ခွင့်ပြုလိုက်သည်။ ဒေးဗစ်သည် အချိန်ရလာသဖြင့် ချက်ချင်း အိမ်သို့ တန်းမပြန်သေးဘဲ ဟန်နစ်မက်ဆာဆိုင်သို့ဝင်ကာ ဆံပင်ညှပ်သည်။

ဆံပင်ညှပ်ဆိုင်တွင် သူသည် ကျောက်မီးသွေးတူး အလုပ်သမား ဆွိုးနှင့် ဆုံမိသဖြင့် ဆံပင်ညှပ်ရင်း စကားလက်ဆုံကျနေခဲ့သည်။ ဆွိုးမှာ မုတ်ဆိတ်မွေးလာရိတ်ခြင်း ဖြစ်၏။ အမြဲတစေ ပျော်ပျော်နေတတ်သော ဆွိုးနှင့် စကားပြောရသည်မှာ ဒေးဗစ်အဖို့ စိတ်ကြည်နူးစရာတစ်ခု ဖြစ်ခဲ့ရ၏။

ဆွိုးနှင့် စကားပြောခဲ့သည်မှာ နာရီဝက်နီးပါးမျှ ကြာသော်လည်း သူ



အိမ်သို့ ပြန်ရောက်သွားသည့်အခါ သုံးနာရီခွဲမျှသာ ရှိပေသေးသည်။ ခါတိုင်း လေးနာရီထိုးပြီး ဆယ့်ငါးမိနစ်ကျမှ ပြန်ရောက်လာလေ့ရှိသော ဒေးဗစ်သည် ထိုနေ့သော် အချိန်အများကြီးစော၍ အိမ်သို့ ပြန်ရောက်သွားခဲ့သည်။ သူ အိမ်ရှေ့သို့ ရောက်လုလုအချိန်တွင် သူ့အိမ်ထဲမှ ထွက်လာသော ဂျိုးဂိုလန်ကို တွေ့လိုက်သဖြင့် များစွာ အံ့အားသင့်သွားလေ၏။

သူသည် ဖျတ်ခနဲရပ်ကာ ဂျိုးအား ငေးကြည့်နေမိ၏။ ဂျိုးသည် သူ့ထံမှ နှုတ်ခွန်းစံပေါင် ချေးသွားပြီးကတည်းက ပျောက်သွားခြင်းဖြစ်ရာ သူ့ကို မမြင်ရသည်မှာ ရက်အတော်ကြာခဲ့ပြီ။ သူ အိမ်ထဲကထွက်လာပုံမှာ ပိုင်စိုးပိုင်နင်းရှိလှသဖြင့် ကိုယ်ပိုင်အိမ်ထဲမှ ထွက်လာသည့် လူတစ်ယောက်နှင့် တူနေသည်။ သူသည် မမျှော်လင့် မထင်မှတ်ဘဲနှင့် တွေ့လိုက်ရခြင်းဖြစ်၍ များစွာ အံ့အားသင့်သွားခဲ့သည်။ ဂျိုးကလည်း သူ့လိုပင် ဖြစ်ဟန်တူ၏။ သူ့ကို မြင်လိုက်သည့်အခါ များစွာ အံ့အားသင့်လျက်ရှိလေသည်။

'ကိုယ့်လမ်းလျှောက်တုတ်ကလေး ကျန်ခဲ့တယ်ထင်လို့ လာရှာတာပါကွာ' ဟု ဂျိုးက ကျိုးကန်းတောင်းမှောက်ကြည့်ပြီး ဒေးဗစ်အား ရှင်းပြသည်။

'မင်းမှာ တုတ်မှ ပါမလာဘဲ'

ဂျိုးက ရယ်သည်။ သူသည် ဒေးဗစ် လျှောက်လာခဲ့သည့် လမ်းကြားဆီသို့ လှမ်းမျှော်ကြည့်သည်။ သူ့တုတ်သည် ထိုလမ်းထဲ၌ ကျကျန်နေခဲ့သည်ဟုများ ထင်နေသလားမသိ။

'မဟုတ်ဘူး...ကွ၊ ငါ့မှာ ဟိုဟာလေ၊ တုတ်ပါတယ်ကွ၊ ကြိမ်တုတ်ကလေးပါ၊ ငါ သွားလေရာ ကိုင်ကိုင်သွားတယ်၊ အခုတော့ ပျောက်နေလို့၊ ဟိုညကများ ကျန်ခဲ့သလားဆိုပြီး ....'

ဂျိုးသည် ဤမျှသာပြောပြီး သူ့ကိုပင် နှုတ်ဆက်စကား မပြောဘဲ ခေါင်းဆတ်၍ပြုံး၍ သုတ်သီးသုတ်ပျာ ထွက်သွားသည်။ ဒေးဗစ်သည် သူ့အိမ်ဆီသို့ အတွေးတစ်ခုတွင် နစ်မျောကာ ဆက်လျှောက်လာခဲ့သည်။

'ဂျင်နီ ဂျိုးက ဒီအိမ်မှာ ဘာလာလုပ်တာလဲ' ဟု အိမ်ထဲ ရောက်လျှင် ရောက်ချင်း ဒေးဗစ်က မေးသည်။

'ဂျိုး ဟုတ်လား' ဟု ရေရွတ်ကာ ဂျင်နီ ဒေးဗစ်၏မျက်နှာကို လှမ်းကြည့်သည်။ သူ့မျက်နှာသည် မလှုံမလဲဖြစ်ကာ နီနေသည်။

'မောင် သူ့ကို အခုပဲ အပြင်မှာတွေ့ခဲ့တယ်၊ သူ ဒီအိမ်ထဲက ထွက်လာတာ ....'

ဂျင်နီသည် ခန်းမအလယ်တွင် ရပ်နေရာမှ များစွာ အံ့အားသင့်သွားပြီး

နောက်သို့ တစ်လှမ်းဆုတ်သွားသည်။ ထို့နောက်တော့ သူ့ဒေါသသည် ပေါက်ကွဲလေတော့သည်။

‘ရှင်ဘာသာရှင် သူ့ကိုတွေ့တာ ကျွန်မ ဘာတတ်နိုင်မှာလဲ၊ ကျွန်မ သူ့ကို လိုက်ထိန်းပေးနေတဲ့လူ မဟုတ်ဘူး၊ သူ့ဘာသာသူ ခဏဝင်လာတာ ဘာဖြစ်လဲ၊ ရှင် ကျွန်မကို ဘာပြုလို့ အဲဒီလိုအကြည့်မျိုးနဲ့ ကြည့်နေရတာလဲ’

‘ဘာမှ မကြည့်ပါဘူး’ ဟု ဒေးဗစ်က ပြောကာ တစ်ဖက်သို့ လှည့်သွားသည်။ ဘာ့ကြောင့် ဂျင်နီက “တုတ်” အကြောင်း မပြောတာလဲဟု သူ မတွေးဘဲ မနေနိုင်။

သူသည် ပြတင်းပေါက်၌ရပ်ကာ အပြင်သို့ လှမ်းကြည့်နေသည်။ မိမိ ကျောင်းရောက်နေချိန်ကျခါမှ ဂျူး ဘာကြောင့် အိမ်ကိုလာရသနည်း။ ဘယ်လို ဖြစ်တာလဲ၊ ရုတ်တရက် သူ့ခေါင်းထဲသို့ ဖြေရှင်းချက်တစ်ခု ဝင်လာသည်။ အချိန် အခါမဟုတ် လာသည့်အချက်၊ မလုံမလဲ ဖြစ်နေသည့် ဂျူး၏အမူအရာ၊ သူနှင့် တွေ့သည့်အခါ အမြန်ထွက်ခွာသွားခြင်း စသည်များသည် အလွန်ထူးခြားလျက် ရှိသည်။ ဂျူးသည် သူ့ထံမှ ငွေနှစ်ပေါင် ချေးသွားခဲ့၏။ ထိုငွေကို သူ အခုထက်ထိ ပြန်မပေးသေး။ ဤကိစ္စအတွက် ဖြစ်ကောင်းဖြစ်မည်ဟု သူ ထင်သည်။

သူ့မျက်နှာသည် မှုန်မှိုင်းနေရာမှ ကြည်လင်သွားသည်။ ချက်ချင်းပင် နောက်သို့ပြန်လှည့်ပြီး ....

‘ဂျူးက သူ့တုတ်ကို လာရှာတာ မဟုတ်လား’ ဟု ဂျင်နီအား လှမ်းမေးသည်။

‘ဟုတ်တယ်’ ဟု ဂျင်နီက အော်ပြောသည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကျွေးကာ ဒေးဗစ်၏ရင်ခွင်ထဲသို့ဝင်သည်။

‘ဟုတ်တယ်၊ သူ့တုတ်ကို လာရှာတာ၊ သူ ဒီကိုလာစရာ တခြားအကြောင်း ဘာများရှိမယ်လို့ မောင်က ထင်နေလဲ’

ဒေးဗစ်က ဂျင်နီအား ချော့သည်။ ဂျင်နီ၏ခေါင်းကို အသာအယာပွတ်သပ်ပြီး တောင်းပန်စကား ဆိုသည်။

‘မောင် တောင်းပန်ပါတယ် အချစ်ရယ်၊ သူက အချိန်အခါမဟုတ် အိမ်ထဲက ထွက်လာတော့ မောင့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်၊ အဲဒါကြောင့်ပါ’

‘ဒေးဗစ်ရယ် ဘာပြုလို့ အဲဒီလိုထင်ပြီး ဒီစကားမျိုးကို ပြောရတာလဲ’ ဟု ပြောကာ ဂျင်နီက ငိုပြန်သည်။

ဒေးဗစ်က သူ့နှုတ်ခမ်းဖြင့် ဂျင်နီ၏လည်ပင်းကို ခပ်ဖွဖွနမ်းသည်။

‘မောင် ဂျင်နီကို စိတ်မဆိုးပါဘူးနော်’ ဟု ဂျင်နီက ငိုရှိုက်သံဖြင့်မေးသည်။



သူက ဘာ့ကြောင့် ဂျင်နီကို စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးစရာ ဘာများရှိလို့လဲ ....။

‘မဆိုးပါဘူး အချစ်ရယ်၊ မောင်က ဘာကြောင့် စိတ်ဆိုးရမှာလဲ’

သူ့ကိုယ်သူ ယုံကြည်စိတ်ချသွားပြီ ဖြစ်သော ဂျင်နီသည် သူ့မျက်လုံးအစုံဖြင့် ဒေးဗစ်အား ကြည့်ရဲလာသည်။ ဒေးဗစ်အား ဖက်၍နမ်းသည်။ ထိုနေ့ ညနေခင်း တစ်ခင်းလုံး ဂျင်နီသည် ဒေးဗစ်နားကပ်ကာ ပလီပလာ တီတီတာတာ လုပ်လျက်ရှိသည်။ ပြောဆိုဆက်ဆံနေသည်မှာလည်း ကြောက်စရာကောင်းလောက်အောင်ပင် ချိုသာလျက်ရှိသည်။ နောက်တစ်နေ့နံနက် စနေနေ့ကျတော့လည်း အိပ်ရာမှ အစောကြီးထကာ ဒေးဗစ်အတွက် လက်ဖက်ရည်ပွဲ ပြင်ပေးသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် စက်ဘီးဖြင့် ကာမီချယ်ထံ သွားသည့်အခါတွင်လည်း ဂျင်နီသည် ဒေးဗစ်၏ လက်မောင်းကိုဆွဲ၍ ဖက်တွယ်ထားသည်။ နောက်ဆုံးတွင် မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရသည့် အမူအရာမျိုး လုပ်ထားသည်။

ဒေးဗစ် ထွက်သွားသည့်အခါ သူသည် ပေါ့ပါးသွက်လက်စွာ အိမ်ထဲသို့ ပြန်ဝင်လာသည်။ သီချင်းကလေး တညည်းညည်းနှင့် ရွှင်လန်းမြူးကြွလျက်ရှိသည်။ ဒေးဗစ်က သူ့ကို ချစ်သည်။ ကျေနပ်စရာကောင်းလှပါဘိခြင်း။ ပြီးတော့ သူ့ရှေ့တွင် မကြာမီ လွတ်လပ်စွာနေရမည့်ရက်များကို တွက်မျှော်မှန်းကာ သူ့ဘဝသူ ပို၍ ပို၍ ကျေနပ်မိလေသည်။

ဒီည ညစာစားဖို့တော့ ဂျူးကို ခေါ်မထားခဲ့။ ဂျူးက ဟိုတစ်ချိန်က ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်သည်ဟု ပြောထားသည်။ သူသည် ထိုအကြောင်းကို ဒေးဗစ်အား အသိမပေးခဲ့။ လူကုံထံ အထက်တန်းစား အမျိုးသမီးတစ်ယောက် အနေဖြင့် ဒီကိစ္စမျိုးကို ဖွင့်ပြော၍မဖြစ်၊ စောင့်ထိန်းရမည့်တာဝန် ရှိသည်ဟု ထင်၏။

ညနေခင်းတွင် သူသည် မြို့ထဲသို့သွား၍ မစ္စတာမာချီဆန်၏ စတိုးဆိုင်မှ ပို့တ်ဝိုင်တစ်ပုလင်း ဝယ်သည်။ ဒေးဗစ် မကြိုက်မှန်း သူ သိသည်။ သို့သော်လည်း ဒေးဗစ်၏ ကျိုးကြောင်းမဆီလျော်သည့် ရှေးဟောင်းအယူအဆကို သူ လက်မခံနိုင်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် သူ အိမ်မှာမရှိ။ မိမိ ဘာလုပ်သည်ကို သူ သိနိုင်သည် မဟုတ်။

မျက်လုံးများက မမြင်လျှင် နှလုံးသားက ကြေကွဲလိမ့်မည်မဟုတ် ဟူသော ရှေးစကားကိုသာ လက်ခံ၍ လုပ်စရာရှိတာ လုပ်ရမည်ဟု သူ ယူဆသည်။ သူသည် သူ့အတွေးနှင့်သူ ပီတိဖြစ်ကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အဝတ်အစားလဲသည်။ သူ့တစ်ကိုယ်လုံးကို ရေမွှေးဆွတ်သည်။ သူ့ကိုယ်သူ လှနေအောင် မွမ်းမံသည်။

နောက်သို့ တစ်လှမ်းဆုတ်သွားသည်။ ထို့နောက်တော့ သူ့ဒေါသသည် ပေါက်ကွဲ လေတော့သည်။

'ရှင်ဘာသာရှင် သူ့ကိုတွေ့တာ ကျွန်မ ဘာတတ်နိုင်မှာလဲ၊ ကျွန်မ သူ့ကို လိုက်ထိန်းပေးနေတဲ့လူ မဟုတ်ဘူး၊ သူ့ဘာသာသူ ခဏဝင်လာတာ ဘာဖြစ် ရှင် ကျွန်မကို ဘာပြုလို့ အဲဒီလိုအကြည့်မျိုးနဲ့ ကြည့်နေရတာလဲ'

'ဘာမှ မကြည့်ပါဘူး' ဟု ဒေးဗစ်က ပြောကာ တစ်ဖက်သို့ လှည့်သွား သည်။ ဘာ့ကြောင့် ဂျင်နီက "တုတ်" အကြောင်း မပြောတာလဲဟု သူ မတွေး မနေနိုင်။

သူသည် ပြတင်းပေါက်၌ရပ်ကာ အပြင်သို့ လှမ်းကြည့်နေသည်။ ကျောင်းရောက်နေချိန်ကျခါမှ ဂျိုး ဘာကြောင့် အိမ်ကိုလာရသနည်း။ ဘယ် ဖြစ်တာလဲ၊ ရုတ်တရက် သူ့ခေါင်းထဲသို့ ဖြေရှင်းချက်တစ်ခု ဝင်လာသည်။ အ အခါမဟုတ် လာသည့်အချက်၊ မလုံမလဲ ဖြစ်နေသည့် ဂျိုး၏အမူအရာ၊ သူ တွေ့သည့်အခါ အမြန်ထွက်ခွာသွားခြင်း စသည်များသည် အလွန်ထူးခြားလှ ရှိသည်။ ဂျိုးသည် သူ့ထံမှ ငွေနှစ်ပေါင် ချေးသွားခဲ့၏။ ထိုငွေကို သူ အခုထက် ပြန်မပေးသေး။ ဤကိစ္စအတွက် ဖြစ်ကောင်းဖြစ်မည်ဟု သူ ထင်သည်။

သူ့မျက်နှာသည် မှုန်မှိုင်းနေရာမှ ကြည်လင်သွားသည်။ ချက်ချင်းပင် နောက်သို့ပြန်လှည့်ပြီး ....

'ဂျိုးက သူ့တုတ်ကို လာရှာတာ မဟုတ်လား' ဟု ဂျင်နီအား လှမ်းမေး သည်။

'ဟုတ်တယ်' ဟု ဂျင်နီက အော်ပြောသည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးကာ ဒေးဗစ်၏ရင်ခွင်ထဲသို့ဝင်သည်။

'ဟုတ်တယ်၊ သူ့တုတ်ကို လာရှာတာ၊ သူ ဒီကိုလာစရာ တခြားအကြောင်း ဘာများရှိမယ်လို့ မောင်က ထင်နေလဲ'

ဒေးဗစ်က ဂျင်နီအား ချော့သည်။ ဂျင်နီ၏ခေါင်းကို အသာအယာပွတ် သပ်ပြီး တောင်းပန်စကား ဆိုသည်။

'မောင် တောင်းပန်ပါတယ် အချစ်ရယ်၊ သူက အချိန်အခါမဟုတ် အိမ် ထဲက ထွက်လာတော့ မောင့်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်၊ အဲဒါကြောင့်ပါ'

'ဒေးဗစ်ရယ် ဘာပြုလို့ အဲဒီလိုထင်ပြီး ဒီစကားမျိုးကို ပြောရတာလဲ' ဟု ပြောကာ ဂျင်နီက ငိုပြန်သည်။

ဒေးဗစ်က သူ့နှုတ်ခမ်းဖြင့် ဂျင်နီ၏လည်ပင်းကို ခပ်ဖွဖွနမ်းသည်။

'မောင် ဂျင်နီကို စိတ်မဆိုးပါဘူးနော်' ဟု ဂျင်နီက ငိုရှိုက်သံဖြင့်မေးသည်။



သူက ဘာ့ကြောင့် ဂျင်နီကို စိတ်ဆိုးရမှာလဲ၊ စိတ်ဆိုးစရာ ဘာများရှိလို့ လဲ ...

'မဆိုးပါဘူး အချစ်ရယ်၊ မောင်က ဘာကြောင့် စိတ်ဆိုးရမှာလဲ'

သူ့ကိုယ်သူ ယုံကြည်စိတ်ချသွားပြီ ဖြစ်သော ဂျင်နီသည် သူ့မျက်လုံး အစုံဖြင့် ဒေးဗစ်အား ကြည့်ရဲလာသည်။ ဒေးဗစ်အား ဖက်၍နမ်းသည်။ ထိုနေ့ ညနေခင်း တစ်ခင်းလုံး ဂျင်နီသည် ဒေးဗစ်နားကပ်ကာ ပလီပလာ တီတီတာတာ ဆုပ်လျက်ရှိသည်။ ပြောဆိုဆက်ဆံနေသည်မှာလည်း ကြောက်စရာကောင်း လောက်အောင်ပင် ချိုသာလျက်ရှိသည်။ နောက်တစ်နေ့နံနက် စနေနေ့ကျတော့ လည်း အိပ်ရာမှ အစောကြီးထကာ ဒေးဗစ်အတွက် လက်ဖက်ရည်ပွဲ ပြင်ပေး သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် စက်ဘီးဖြင့် ကာမီချယ်ထံ သွားသည့်အခါတွင် လည်း ဂျင်နီသည် ဒေးဗစ်၏ လက်မောင်းကိုဆွဲ၍ ဖက်တွယ်ထားသည်။ နောက်ဆုံး တွင် မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်ရသည့် အမူအရာမျိုး လုပ်ထားသည်။

ဒေးဗစ် ထွက်သွားသည့်အခါ သူသည် ပေါ့ပါးသွက်လက်စွာ အိမ်ထဲသို့ ပြန်ဝင်လာသည်။ သီချင်းကလေး တညည်းညည်းနှင့် ရွှင်လန်းမြူးကြွလျက် ရှိသည်။ ဒေးဗစ်က သူ့ကို ချစ်သည်။ ကျေနပ်စရာကောင်းလှပါဘိခြင်း။ ပြီးတော့ သူ့ရှေ့တွင် မကြာမီ လွတ်လပ်စွာနေရမည့်ရက်များကို တွက်မျှော်မှန်းကာ သူ့ ဘဝသူ ပို၍ ပို၍ ကျေနပ်မိလေသည်။

ဒီည ညစာစားဖို့တော့ ဂျိုးကို ခေါ်မထားခဲ့။ ဂျိုးက ဟိုတစ်ချိန်က ရှေး ဟောင်းနှောင်းဖြစ်တွေ ပြောချင်သည်ဟု ပြောထားသည်။ သူသည် ထိုအကြောင်း ကို ဒေးဗစ်အား အသိမပေးခဲ့။ လူကုံထံ အထက်တန်းစား အမျိုးသမီးတစ်ယောက် အနေဖြင့် ဒီကိစ္စမျိုးကို ဖွင့်ပြော၍မဖြစ်၊ စောင့်ထိန်းရမည့်တာဝန် ရှိသည်ဟု ထင်၏။

ညနေခင်းတွင် သူသည် မြို့ထဲသို့သွား၍ မစ္စတာမာချီဆန်၏ စတိုးဆိုင်မှ ပို့တ်ဝိုင်တစ်ပုလင်း ဝယ်သည်။ ဒေးဗစ် မကြိုက်မှန်း သူ သိသည်။ သို့သော်လည်း ဒေးဗစ်၏ ကျိုးကြောင်းမဆီလျော်သည့် ရှေးဟောင်းအယူမဆကို သူ လက်မခံ နိုင်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် သူ အိမ်မှာမရှိ။ မိမိ ဘာလုပ်သည်ကို သူ သိနိုင်သည် မဟုတ်။

မျက်လုံးများက မမြင်လျှင် နှလုံးသားက ကြေကွဲလိမ့်မည်မဟုတ် ဟု သော ရှေးစကားကိုသာ လက်ခံ၍ လုပ်စရာရှိတာ လုပ်ရမည်ဟု သူ ယူဆသည်။ သူသည် သူ့အတွေးနှင့်သူ ပီတိဖြစ်ကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်တော့ အဝတ်အစားလဲသည်။ သူ့တစ်ကိုယ်လုံးကို ရေမွှေးဆွတ်သည်။ သူ့ကိုယ်သူ လှနေအောင် မွမ်းမံသည်။

ညခုနစ်နာရီထိုးသည့်အခါ တံခါးဝသို့ ဂျိုး ရောက်လာသည်။ ခေါင်းလောင်းကြိုးကို ဆွဲသည်။ တံခါးကို သွားဖွင့်ပေးသူမှာ ဂျင်နီ။

'ကျွန်မ ရှင့်ကို ပြောခဲ့ပြီးပြီပဲ' ဟု ဂျင်နီက ပြောသည်။

'အားလုံး ပြောခဲ့ပြီးပြီလေ'

'ဟာကွာ...ဂျင်နီကလည်း ဒီလို စိမ်းစိမ်းကားကား လုပ်တာတော့ မကောင်းပါဘူး' ဟု ဂျိုးက ပြောသည်။

'တစ်ချိန်က ရင်းနှီးခဲ့တဲ့ လူတစ်ယောက်အပေါ်မှာ ဒီလောက်ကြီး မတင်းပါနဲ့ကွာ'

'ကျွန်မ ရှင့်ကို အိမ်ထဲ ဝင်ခွင့်မပေးနိုင်ဘူး ဂျိုး' ဟု ဂျင်နီက ပြန်ပြောသည်၊ သို့သော်လည်း၊ နောက်ဆုံးကျတော့ ဝင်ခွင့်ပြုသည်။ အတော်ကြီးညဥ့်နက်ချိန်အထိ ဂျိုးကို အပြင်သို့ ပြန်မထုတ်။ မျက်နှာက နီရဲရဲ ....၊ ပုံပန်းက မြူသလို ဆွယ်သလို ကပိုကရို။ ပြီးတော့ သူမ၏ နိုးနိုးစစ်စစ်ရယ်သံ ....။ ထိုညတစ်ညတည်းနှင့်ပင် ပို့တ်ဝိုင်တစ်ပုလင်းသည် ပြောင်သလင်းခါသွားလေသည်။

* * * * *

(၂၂)

နောက်တစ်ရက်သည် ဒီဇင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ ဖြစ်သည်။ ရီးဒီးညီအစ်ကိုများထဲမှ အကြီးဆုံး ဂျက်ရီးဒီးနှင့် သူ့အဖော် ချာလီမင်းတို့သည် စကပ်ပါးဖလက်တွင် အချိန်ပိုအလုပ်ဆင်းနေကြသည်။ ပီဒဗလျူ ကန်ထရိုက်လုပ်ငန်းကို အချိန်မီပြီးပြတ်သွားစေရန်အတွက် အဆိုင်းများခွဲ၍ အလုပ်ဆင်းနေကြရသည်ဖြစ်ရာ ယခုအလှည့်သည် သူတို့၏အလှည့် ဖြစ်လေသည်။

ရောဘတ်သည် ဤအဆိုင်းထဲတွင် ပါလျက်ရှိသည်။ သူသည် စကပ်ပါးဖလက်၏ ထိပ်စည်းတစ်နေရာ၌ တာဝန်ကျနေသည်။ သူ တာဝန်ကျနေသောနေရာသည် နေရာကောင်း မဟုတ်ပေ။ ရီးဒီးနှင့် လီမင်းတို့၏ နေရာမှာမူ နေရာကောင်းဖြစ်၍ တွင်း၏အောက်ခြေနှင့် တစ်မိုင်ခန့်ကွာသည်။ ငါးနာရီထိုးသည့်အခါ တာဝန်ကျအဆိုင်းသည် အလုပ်ကိုရပ်ကာ တွင်းထဲမှ ထွက်လာကြလေ၏။

ရီးဒီးနှင့် ချာလီမင်းတို့သည် တွင်းထဲမှ ထွက်မလာမီ ဟူးလက်စ် ကျောက်မီးသွေးများကို သူတို့တာဝန်ကျသည့် ထိပ်စည်းတစ်နေရာ၌ ထားပစ်ခဲ့ကြသည်။ ကျောက်မီးသွေးများမှာ စည်ပိုင်းနှင့် ငါးလုံး၊ ခြောက်လုံးစာခန့်ရှိ၍ အကောင်းစားကျောက်မီးသွေးများ ဖြစ်သည်။ သူတို့အနေဖြင့် နောက်နေ့နံနက် အလုပ်ဆင်းချိန်



တွင် အလွယ်တကူ သယ်ထုတ်နိုင်ရန် အဆင်သင့်ပြင်ဆင်ပြီး ထားပစ်ခဲ့ကြခြင်းဖြစ်ပေသည်။

အလုပ်ပြီးစီးသွား၍ ပျော်ရွှင်ကျေနပ်နေကြသော ဂျက်ရီးဒီးနှင့် ချာလီမင်းတို့သည် ဆယ်လုတေးရှင်းဘားသို့ဝင်၍ အရက်သောက်ကြသည်။ ဂျက်၏လက်ထဲတွင် ငွေအနည်းငယ်မျှရှိနေသည်။ တနင်္ဂနွေည ဖြစ်သဖြင့် သူတို့သည် အရက်ကို အတော်များများ သောက်ဖြစ်ခဲ့ကြသည်။ အတော်ကြီး ရေချိန်ကိုက်လာသည့် နှစ်ယောက်သား လက်ချင်းချိတ်ကာ သီချင်းတကြော်ကြော်ဆို၍ အလုပ်သမားတန်းလျားဆီသို့ ပြန်လာခဲ့ကြပြီး အိပ်ရာဝင်ကြသည်။ နောက်နေ့နံနက်တွင် အိပ်ရာမှ စောစောစီးစီး မထနိုင်ကြ။

တနင်္လာနေ့နံနက် သုံးနာရီခွဲအချိန်တွင် လက်ထောက်တာဝန်ခံ ဒင်းနင်းသည် ပါရာဒိုက်စ်တွင်းထဲသို့ ဝင်ရောက်ပြီး လုပ်ငန်းအခြေအနေကို ထုံးစံအတိုင်းကြည့်ရှုစစ်ဆေးသည်။ သူသည် ထိုတာဝန်ကို မနက်ဆိုင်း အလုပ်သမားများအလုပ်မဝင်မီ လုပ်ခဲ့ခြင်းဖြစ်၏။ သူသည် မစ်ဇင်းနှင့် စကပ်ပါးဖလက်တစ်လျှောက် ဖြတ်သန်းသွားလာပြီး ပိုက်စိပ်တိုက်၍ စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ သူတွေ့ရသလောက် အားလုံးသည် ကျေနပ်ဖွယ်ရာရှိသဖြင့် အပြင်သို့ ပြန်ထွက်လာခဲ့ပြီး လုပ်နေကျအတိုင်း အစီရင်ခံစာကို ရေးသည်။

ထို့နောက် အဆိုင်းသစ်တစ်ဆိုင်း ဝင်သည်။ ဤအဆိုင်းတွင် အလုပ်သမားပေါင်း တစ်ရာ့ငါးယောက်ရှိ၍ ရှစ်ဆယ့်ခုနစ်ယောက်သည် လူကြီးများ ဖြစ်ကြပြီး ဆယ့်ရှစ်ယောက်မှာ လူငယ်များ ဖြစ်ကြသည်။ အဆိုင်းခေါင်းဆောင် ဘော့အိုဂလီနှင့် တယ်လီဘရောင်းတို့သည် ဒင်းနင်းနှင့် ကျောက်မီးသွေးများသယ်ယူရာ ကောင်းကင်ကြိုးတန်းအနီး၌ ဆုံမိကြသည်။

'ဂျက်နဲ့ ချာလီမင်းတို့ အိပ်ရာကမနိုးလို့ ပါမလာကြဘူး' ဟု ဘော့အိုဂလီက သတင်းပို့သည်။

'အိပ်ကြပါစေပေါ့၊ ငရဲပြည်သွားမယ့်ကောင်တွေ' ဟု ဒင်းနင်းက ရေရွတ်သည်။

'သူတို့နှစ်ယောက်ရဲ့ ထိပ်စည်းပိုင်းကို ကျွန်တော်နဲ့ တယ်လီ ယူလိုက်မယ်၊ ရမလား' ဟု ဘော့က မေးသည်။

'အေးလေ ... သူတို့မှမလာတာ ယူလိုက်ကြပေါ့' ဟု ဒင်းနင်းက ဖြေသည်။

ဘော့အိုဂလီနှင့် တယ်လီဘရောင်းတို့သည် လူတစ်စုနှင့်အတူ ကောင်းကင်ကြိုးတန်းဘေးအတိုင်း တွင်း၏အပေါ်ဘက်သို့ တက်သွားကြသည်။ ထိုလူစုတွင် ရောဘတ်၊ ဟူးဂီး၊ စလော့ဂါလီမင်း၊ ဟာရီဘရေ့စ်၊ ဆွီးမက်ဆာ၊ တွမ်ရီးဒီး၊

နက်ဒ်ဆော့ဖ်လေးနှင့် ဂျီးဆပ်စ်ဝက်ပ်တို့ ပါဝင်သည်။ တွမ်ရီးဒီးမှာ ဂျက်ရီးဒီး၏ ညီအငယ်ဆုံး ဖြစ်၏။ သူ့နောက်မှ အသက်ဆယ့်ငါးနှစ်အရွယ် ပက်က လိုက်ပါလာသည်။

ရောဘတ်သည် ညက အိပ်ရေးဝဝ အိပ်ထားရသဖြင့် ရွှင်လန်းတက်ကြွနေသည်။ သူ့စိတ်တွင် မျှော်လင့်ချက်တွေနှင့် ဖြစ်သည်။ အခုတလော သူ၏ ချောင်းဆိုးမှာလည်း သိပ်ပြီး ဒုက္ခမပေး။ သက်သောင့်သက်သာ ရှိနေသည်မှာ လအနည်းငယ်ပင် ရှိနေပြီ။ ဤအတွက် သူ့စိတ်သည် များစွာ ကြည်လင်ပေါ့ပါးနေသည်။ ရေတွေဝင်လာမည်ကို ကြောက်ရွံ့နေခဲ့သောစိတ်မှာလည်း ကွယ်ပျောက်လျက်ရှိသည်။ သူ့ကြောက်စိတ်သည် အခြေအမြစ်မရှိဟုပင် ယူဆနေခဲ့ပြီ ဖြစ်၏။

သူသည် ခပ်နိမ့်နိမ့်နှင့် ကျဉ်းမြောင်းမြောင်းနိုင်လှသော ကုန်းစောင်းအတိုင်း အမှောင်ထုကိုဖြတ်၍ တက်လာခဲ့သည်။ ကုန်းစောင်းမှာ လေးပေခန့် မြင့်၍ မြေပြင်အောက် ပေခြောက်ရာအနက်၌ တည်ရှိပြီး တွင်းမကြီးဝင်ပေါက်နှင့် နှစ်မိုင်ခန့်အကွာ၌ တည်ရှိသည်။ သူ တက်သွားနေစဉ်အတွင်း သူ့ဘေး၌ ရီးဒီးညီအစ်ကို အုပ်စုထဲမှ အငယ်ဆုံး ပက်ရီးဒီးတစ်ယောက် ရှိနေသည်ကို သူ သတိထားမိသည်။

'ဟော့ကောင် ပက်၊ မင်း ရထားတဲ့နေရာက တကယ့်နေရာကောင်းကွ' ဟု ပက်၏ကျောကိုပုတ်၍ ပြောသည်။ သူသည် အလုပ်သမားများက ဆွီလီဟု အမည်ပေးထားသော မြေနိမ့်ထဲသို့ဆင်းခဲ့ပြီး သူ့ရှေ့မှ စလော့ဂါးကို မီအောင်လိုက်သည်။ ဤနေရာမှ ထိပ်စည်းပိုင်းသည် ယခင် သီတင်းပတ်များလို ရေစိုစွက်ထခြင်းမရှိ။ ပို၍ခြောက်သွေ့လာပြီ ဖြစ်၏။

အိုဂလီနှင့် ဘရောင်းတို့သည် သူတို့နေရာတွင် အလုပ်စတင်လုပ်ကိုင်နေကြပြီး မနေ့က ဂျက်နှင့် ချားလ်တို့ ထားပစ်ခဲ့သည့် ကျောက်မီးသွေးများကိုလည်းကောင်း၊ တူးလက်စ အပေါက်များကို လည်းကောင်း တွေ့ကြသည်။ သူတို့သည် ကျောက်သားပြင်ပေါ်တွင် နှစ်ကိုက်ခန့် အနက်ရှိသော တွင်းပေါက်များကို လွန်ပူများဖြင့် စတင်ဖောက်ကြသည်။ ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင် လက်ထောက်တာဝန်ခံ ဒင်းနင်းသည် သူတို့ထံ ရောက်လာသည်။ သူသည် ကျောက်သားမျက်နှာပြင်ကို ကြည့်ရှုစစ်ဆေးပြီး သေနတ်ပစ်ဖောက်သည်။ သံခွက်ရှစ်လုံးစာခန့်မျှရှိသော ကျောက်မီးသွေးများသည် ဒလဟော ထိုးကျဆင်းလာကြလေ၏။

ဒင်းနင်းသည် သူ့အလုပ်ကို ပြန်လည်စစ်ဆေးသည်။ သူ သေနတ်ဖောက်မှုမှန်ကန်သည်ကို တွေ့ရသည်။ ကျောက်မီးသွေးတည်ရာ မြေမျက်နှာပြင်သည်



တစ်ဖြောင့်တည်း ဖြစ်သွားသည်။ သူသည် သူ့အလုပ်ပြီးလျှင်ပြီးချင်း စကပ်ပါးကောင်းကင်ကြိုးတန်းဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။ သို့သော်လည်း ဆယ်မိနစ်ခန့်အကြာတွင် ကျောက်မီးသွေးတင်လုပ်သား တွမ်ရီးဒီးသည် သူ့ထံသို့ အပြေးအလွှား ရောက်လာသည်။

'အိုဂလီက သူတို့ဆီကို လာကြည့်ပါဦးလို့ အခေါ်ခိုင်းလိုက်တယ် မစ္စတာဒင်းနင်း၊ တွင်းပေါက်တွေကနေပြီး ရေတွေ ဝင်လာနေလို့တဲ့'

ဒင်းနင်းသည် တွမ်ရီးဒီးနှင့်အတူ ပြန်လိုက်သွားသည်။ သူသည် စောစောကသူ သေနတ်ပစ်ဖောက်ပြီး တူးထားခဲ့သည့် တွင်းများကို ကြည့်သည်။ ထိုတွင်းနှစ်တွင်း၏ကြားရှိ အအက်ကလေးတစ်ခုမှ ရေများစိမ့်ဝင်နေသည်ကို တွေ့ရသည်။ စိမ့်ဝင်နေသော ရေ၏နောက်မှ ဖိအားရှိမရှိ ကြည့်သည့်အခါ ဖိအားရှိမည့် လက္ခဏာကို မတွေ့ရ။ သူသည် ရေကို ကြည့်ရှုသည်။ ရေအနံ့သည် ဆိုးဝါးလှသည်။ ဤအနံ့သည် ကျောက်မီးသွေးတွင်းမှလာသောအနံ့ မဟုတ်။ သူသည် ရေအနံ့ကို သိပ်ပြီးသဘောမကျ။ ဒင်းနင်းသည် တုန်လှုပ်ချောက်ချားလာသည်။

'မင်းတို့ အခုဝင်လာတဲ့ရေတွေကို ထုတ်ပစ်ဖို့ ကြိုးစားကြည့်စမ်း' ဟု ခိုင်းသည်။

အိုဂလီ၊ ဘရောင်းနှင့် တွမ်ရီးဒီးတို့သည် ရောက်နေသည့်ရေများကို သံခွက်ကြီးများနှင့်ခပ်ကာ အောက်ဘက် အနိမ့်ပိုင်းထဲသို့ သွန်ချကြသည်။ ထိုအခိုက်တွင် ဒင်းနင်း၏သား ဂျော်ဒီဒင်းနင်းသည် သူတို့နှင့် မနီးမဝေးသို့ ရောက်လာသည်။ ဒင်းနင်းက သူ့သားအား လှမ်းအော်သည်။ သူ့သားကို အဖော်လုပ်၍ နောက်ပိုင်းသို့ အပြေးအလွှား ပြန်သွားသည်။ ပြေးသွားနေစဉ်အတွင်း သူသည် အရေးပေါ်တယ်လီဖုန်းကို သတိရသည်။ သို့သော်လည်း တယ်လီဖုန်းသည် အတော်ကလေး အလှမ်းဝေးနေသည်။

ဒင်းနင်းသည် မည်သည့်ကိစ္စ၌မဆို လျင်မြန်စွာတွေးတတ်သူ မဟုတ်ပေ။ ရှော်တရက်ချက်ချင်းလည်း ဆုံးဖြတ်နိုင်စွမ်း မရှိပေ။ သို့သော်လည်း သူသည် သူ တာဝန်ကျသည့်နေရာသို့ ရောက်လျှင်ရောက်ချင်း ပုံဆွဲခဲတံကိုယူ၍ စာတိုနှစ်စောင် ရေးသည်။ သူရေးသောစာ မထင်ဘဲနေမည်ကိုစိုး၍ မကြာခဏ ပါးစပ်နှင့်ငုံကာ တံတွေးဆွတ်သည်။ ပထမစာတွင် ဒင်းနင်းသည် ဤကဲ့သို့ရေးသည်။

မစ္စတာ ဝီလျံဟက်ဒ်စပက် ....

မြေအောက်စစ်ဆေးရေးမှူး....

လူကြီးမင်း ....

စကပ်ပါးအမှတ် (၆) တွင်းထဲသို့ ရေများ ဝင်လာနေသည်။

ခြေမျက်စိ မြုပ်နေပြီ။ အပေါ်မှ ရေစုပ်စက်နှင့် အမြန်ဆုံး စုပ်ထုတ်ပေးရန် စီစဉ်ပေးပါ။ ခင်ဗျားကိုယ်တိုင် လာကြည့်စေလိုပါသည်။ ကျွန်တော် ပါရာဒိုက်စ်တွင်း ကောင်းကင်ကြိုးနေရာတွင် ရှိပါသည်။ ဘေးအန္တရာယ် အလွန်ကြီးမားနေပါသည်။

သင်၏ ဒင်းနင်း ....။

ဒုတိယစာတွင် ဒင်းနင်းသည် ဤသို့ရေးသည်။

ရေများသည် စကပ်ပါးနံပါတ် (၆) တွင်းကို ချိုးဖောက်ဝင်ရောက်လာနေပြီ။ အရေးကြုံလာပါက ဖရန့်အနေဖြင့် ပါရာဒိုက်စ်တွင်းထဲမှ လူများကို အမြန်သတိပေးပါ။

သင်၏ ဒင်းနင်း ....။

ဒင်းနင်းသည် စာများ ရေးပြီးလျှင်ပြီးချင်း သူ့သားဘက် လှည့်လိုက်သည်၊ သူသည် အတွေးနေးသလို အပြောလည်း နှေးသူတစ်ဦး ဖြစ်၏။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ သူသည် အလွန်လျင်မြန်သွက်လက်စွာ ပြောသည်။

'အဖေ ပြောမယ် နားထောင်၊ မင်း ဒီစာတွေကိုယူပြီး မီးသတ်သမားဖရန့်လိုဂန်ဆီကိုပြေး၊ ဒီစာကိုပေး၊ ပြီးရင် မြေအောက်တွင်းစစ်ဆေးရေးမှူးအိမ်ကို ပြေး၊ ဟောဒီစာကိုပေး၊ ကဲ ....ငါ့သား တအားပြေးပေတော့'

ဂျော်ဒီသည် စာနှစ်စောင်နှင့်အတူ အသားကုန်ပြေးသွားသည်။ လမ်းဆုံသို့ရောက်သောအခါ သူ စာပေးရမည့်လူ မရှိ။ သူသည် ဟိုသည်ပြေးသွားကာ အနီးအနား၌ တွေ့လိုတွေ့ငြားရှာသော်လည်း မတွေ့။ ထိုအခိုက်တွင် တော်လဲသံလိုလို ဘာလိုလို အသံတစ်သံကို ကြားလိုက်ရ၏။ အသံမှာ ခပ်သဲ့သဲ့ဖြစ်သော်လည်း အတွေ့အကြုံရှိနေသော ဂျော်ဒီသည် စကပ်ပါးဖလက်တွင်းထဲ၌ ဘေးဒုက္ခတစ်ခုဖြစ်ပြီဟု နားလည်လိုက်သည်။

ဂျော်ဒီသည် အပြင်သို့ ထွက်ပြေးလိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော်လည်း သူ့အဖေ ခိုင်းလိုက်သည့်ကိစ္စကို သတိရလိုက်သည့်အခါ ရုတ်တရက် ဝေခွဲမရ ဖြစ်သွားသည်။ သူသည် တဒင်္ဂမျှ ယောင်ချာချာ ဖြစ်သွားသည်။ ထို့နောက် သူ့စိတ်ကိုပိုင်းဖြတ်ကာ ပါရာဒိုက်စ်တွင်းလမ်း အလယ်အတိုင်း ခပ်သုတ်သုတ် ပြေးသွားသည်။

ပါရာဒိုက်စ်တွင်းအဝင်လမ်း အလယ်အတိုင်း ဂျော်ဒီ ပြေးလာနေခိုက်မှာပင် ရုတ်တရက် အတွင်းပိုင်း အမှောင်ထုထဲမှ ကျောက်မီးသွေးများအပြည့်



တင်ထားသည့် သံခွက်ကြီးလေးခွက်သည် ကောင်းကင်ကြိုးတန်းတစ်လျှောက် အရှိန်ပြင်းစွာဖြင့် ပြေးဆင်းလာသည်။ ဂျော်ဒီသည် ကြောက်လန့်တကြားဖြစ်ကာ သံကုန်ဟစ်၍ အော်လိုက်မိသည်။ သူသည် ခုန်၍ ရှောင်လိုက်၏။ သို့သော်လည်း စက္ကန့်ဝက်ခန့် နောက်ကျသွားပြီ ဖြစ်သဖြင့် သံခွက်ကြီးများက သူ့အား ဝင်တိုက်သွားသည်။ သူ့အား ကိုက်နှစ်ဆယ်ခန့်အကွာထိ ဆွဲယူသွားသည်။ ထို့နောက် တစ်ကိုယ်လုံး စိစိညက်ညက်ကြေနေပြီဖြစ်သော ဂျော်ဒီ၏ ခန္ဓာကိုယ်သည် လမ်းပေါ်သို့ ပြန်ကျလာသည်။ သံခွက်ကြီးများကတော့ တဂျိန်းဂျိန်းအော်မြည်ကာ ဆက်လက်ထွက်ခွာသွားလေသည်။

သူ့သားဂျော်ဒီ ထွက်သွားပြီးသည့်နောက်တွင် ဒင်းနင်းသည် သူ လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုကို ပြီးစီးအောင် လုပ်ပေးလိုက်ရသည့်အတွက် များစွာ ကျေနပ်သွားသည်။ ထို့နောက် သူ့နားများသည် ဝုန်းခနဲ မြည်ဟည်းသံကြီး တစ်သံကို ကြားလိုက်ရသည်။ သူ့သား ကြားလိုက်ရသည့်အသံပင် ဖြစ်သည်။ သူက အသံနှင့်နီးသဖြင့် ကြားလိုက်ရခြင်း ဖြစ်သည်။ သို့ဖြစ်၍ သူ ကြက်သေသေသွားသည်။ ပါးစပ်အဟောင်းသားဖြင့် သူ့နေရာ၌ ရပ်မြဲတိုင်း ရပ်နေမိသည်။

သူသည် ဒုက္ခတစ်ခုခု ဖြစ်တော့မည်ဟု မျှော်လင့်ထားခဲ့မိသည်မှာအမှန်။ သို့သော်လည်း ဤမျှလောက် မြန်ဆန်လိမ့်မည်ဟု မထင်ခဲ့။ အတွင်းဘက်မှ လာသည့် အသံကြီးဖြစ်မှန်း သူ သိသည်။ သူသည် တွင်းထဲသို့ လျှောက်လာခဲ့သည်။ သို့သော်လည်း သူ ဆယ်ကိုက်ခန့် လျှောက်မိသည့်အခါ သူ့ဆီသို့ ပြေးလာနေသော ရေများကို မြင်လိုက်ရလေ၏။

ရေများသည် ခေါင်မိုးနှင့် ထိလုနီးပါး မြင့်သည်။ အရှိန်နှင့် ဆင်းလာနေခြင်းဖြစ်၍ တဝေါဝေါ မြည်သံများကိုပင် ကြားနေရ၏။ ရေထဲတွင် အိုဂလီ၊ ဘရောင်းနှင့် အခြားလူဆယ်ယောက်၏ အလောင်းများ ပါလာသည်။ သူ့လက်ထဲမှ မီးအိမ်သည် ဖျတ်ခနဲ ငြိမ်းသွားသည်။ သူသည် နှစ်စက္ကန့်ကြာမျှ ကြောင်ပြီး ရပ်နေမိသည်။ သူ့ဆီကို ရေရောက်အလာကို စောင့်ကြိုနေသည်ဟုပင် ထင်ရ၏။

'တော်ပါသေးရဲ့၊ ငါ့သား ဂျော်ဒီကို လွှတ်လိုက်မိလို့ သူ ကံကောင်းသွားတယ်' ဟု တွေးသည်။ သို့သော်လည်း သူ့သားဂျော်ဒီ သေသွားပြီကို သူ မသိ။ ထိုအခိုက်မှာပင် ရေလုံးသည် ဒင်းနင်းအား ဆွဲခေါ်သွားသည်။ သူသည် ခုခံတိုက်ခိုက်သည်။ လွတ်မြောက်ရန် အားထုတ်သည်။ မရပ်မနား ရုန်းကန်လှုပ်ရှားသည်။ ရေကူးပြီး ထွက်သွားနိုင်ဖို့ ပြင်းထန်စွာ ကြိုးစားသည်။ သို့သော် ရေနစ်ပြီးသေဆုံးသွားသော ဒင်းနင်း၏အလောင်းသည် အလားတူ သေဆုံးသွားခဲ့ရသော အခြားအလောင်း ဆယ့်လေးလောင်းနှင့်အတူ ကောင်းကင်ကြိုးတန်းအောက် ရေပြင်ပေါ်တွင် တလှုပ်လှုပ် ရွေ့လျားလျက် ရှိလေသည်။

ပါရာဒိုက်စ်တွင်းမှ မီးသတ်သမား ဖရန့်လိုဂင်သည် ဒင်းနင်း၏စာကို မရပေ။ ထိုစာသည် အမှောင်ထုအောက်တွင် သွေးအလူးလူးဖြင့် လဲကျသေဆုံးနေသော ဂျော်ဒီဒင်းနင်း၏ လက်ထဲ၌ ဆုပ်ကိုင်ထားသည်။ သို့သော်လည်း ဖရန့်သည် တွင်းထဲမှ အသံကြီးကို ကြားလိုက်ရသည်။ တစ်မိနစ်ခန့်အတွင်းမှာပင် ရေတွေဆင်းလာနေပြီဟု သိလိုက်သည်။ ဒင်းနင်း၏စာကို မရသော်လည်း ရေတွေဝင်လာသည့်အကြောင်းကို ခန့်မှန်းပြီးသိသည်။

သူ့အနီးတွင် အလုပ်လုပ်နေသူများမှာ ဆယ့်ငါးယောက် ရှိသည်။ သူသည် ထိုအထဲမှ လူနှစ်ယောက်အား ပါရာဒိုက်စ်တွင်း၏ အနိမ့်ပိုင်းထဲ၌ အလုပ်လုပ်နေသူများထံသွား၍ အသိပေးရန် ခိုင်းလိုက်သည်။ ကျန်လူဆယ့်သုံးယောက်ကို တစ်မိုင်ခန့်အကွာရှိ တွင်းပင်မနေရာသို့ အမြန်ဆုံးသွားကြရန် စေခိုင်းလိုက်သည်။ သူကိုယ်တိုင်ကတော့ ထိုနေရာမှာပင် နေခဲ့သည်။

စကပ်ပါး ကျောက်မီးသွေးတွင်းထဲမှ လုပ်ကွက်များသည် ပါရာဒိုက်စ်တွင်းကြီး၌ အနိမ့်ဆုံး လုပ်ကွက်များ ဖြစ်သည်ကို ဖရန့် ကောင်းစွာသိသည်။ သူတို့လူစုသည် ပထမဆုံး ရေနစ်ခံရမည့်လူများ ဖြစ်သည်ဟုလည်း နားလည်ထားသည်။ ထိုဘေးအန္တရာယ်ကို သိနေသည့်ကြားမှပင် သူသည် အောက်ဘက် အနိမ့်ပိုင်းရပ်ကွက်ထဲမှ လူဆယ့်ရှစ်ယောက်အား သွား၍အသိပေးရန် ထွက်ခွာသွားသည်။ သူ ထွက်ခွာစမှာပင် ထိုလူအားလုံးသည် ရေနစ်၍ သေဆုံးသွားခဲ့ပြီဖြစ်၏။ ထို့နောက်ပိုင်းတွင် ဖရန့်လိုဂင်အား အသက်ရှင်လျက် ပြန်မတွေ့ကြတော့ပေ။

ဖရန့်လိုဂင်က ပြန်လွှတ်လိုက်သည့် လူဆယ့်သုံးယောက်သည် အက်တလတ်စ်ဒရစ်ဖ်သို့ ရောက်လာကြသည်။ သူတို့သည် ထိုနေရာအရောက်တွင် ဘယ်လိုဆက်လုပ်ကြရမည်ကို ကပျာကယာ ဆွေးနွေးကြသည်။ အက်တလတ်စ်ဒရစ်ဖ်သည် ဂလုပ်ဘဲလ် ကျောက်မီးသွေးတွင်းနှင့် ဆက်သွယ်ပေးသောနေရာဖြစ်၏။ ထိုနေရာ၏ အမြင့်ပိုင်းသည် ရေတက်နိုင်မည်မဟုတ်ဟု သဘောတူညီကြသည်။ ထိုနေရာသည် ဘေးအန္တရာယ်ကင်းသောနေရာ ဖြစ်လိမ့်မည်ဟု ယူဆ ရုံမျှမက ဂလုတ်ဘဲလ် ကျောက်မီးသွေးတွင်းအတိုင်း လိုက်သွားလျှင် ဘေးအကင်းဆုံးနေရာသို့ ရောက်နိုင်ဖွယ်ရာရှိသည်ဟုလည်း ယုံကြည်ကြလေသည်။

သူတို့သည် အက်တလတ်စ်ဒရစ်ဖ်အတိုင်း လိုက်ကာ ဂလုတ်ဘဲလ် ကျောက်မီးသွေးတွင်းဘက်သို့ ရောက်သွားကြသည်။ ထိုနေရာအရောက်တွင် ကျောက်မီးသွေးသယ်ရာ ပင်မလမ်းမကြီးပေါ်၌ အလုပ်လုပ်နေကြသည့်သူများသည် အချင်းချင်း တိုင်ပင်ကြသည်။ တစ်မိနစ်ခန့်ကြာမျှ နားစွင့်ကြသည်။ အပြ



ဘက်သို့သွားကြလျှင် ကောင်းမလား၊ သို့မဟုတ် ဤနေရာမှာပင် ဆက်နေရလျှင် ကောင်းမလား။

နောက်ဆုံးတွင် သူတို့သည် အပြင်သို့ထွက်ကြရန် ဆုံးဖြတ်လိုက်ကြသည်။ အက်တလတ်စ်ဒရစ်ဖ်ဆီသို့ ရောက်လာသည့် လူဆယ့်သုံးဦးနှင့်ပေါင်းကာ ဂလုတ်ဘဲသ် ကျောက်မီးသွေးတွင်းမှ ထွက်သည့်လမ်းအတိုင်း လိုက်ခဲ့ကြသည်။ သုံးမိနစ်ခန့်မျှအကြာတွင် သူတို့နောက်ဘက်မှ အပြေးအလွှား ဆင်းလာနေသည့် ရေသံများကို ကြားကြရလေ၏။

လူအများသည် ရေသံများကြားသည်နှင့် တစ်ပြိုင်နက် ပြေးကြသည်။ လမ်းမှာ ပြင်ဆင်ပြီး၍ လမ်းကောင်း ဖြစ်နေသည်။ ပြေးရလွှားရသည်မှာ အဆင်ပြေသည်။ လူငယ်များချည်း ဖြစ်သဖြင့် အပင်ပန်းခံကာ အသားကုန်ပြေးနိုင်ကြသည်။ သူတို့၏ဘဝတစ်သက်တာတွင် ဤတစ်ကြိမ်လောက် မြန်မြန်ပြေးခဲ့ရသည့် အဖြစ်မျိုးနှင့် နောက်ထပ်ကြုံရတော့မည်ဟုပင် မထင်ခဲ့ကြပေ။

သို့သော်လည်း သူတို့နောက်မှ ပြေးလာနေသည့် ရေလုံးက သူတို့ထက်ပို၍မြန်နေသည်။ ရေလုံးမြန်ဆန်ပုံသည် ကြောက်မက်ဖွယ်ကောင်းလှချေသည်။ ရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်တစ်ကောင်၏ လိုက်ပုံမျိုးနှင့်တူသည်။ ရေစီးအရှိန်သည် အားလုံးကို တိုက်ခိုက်လွှမ်းခြုံသွားသည်။ သူ့ရှေ့မှ ပြေးသွားနေကြသောလူအားလုံးကို ရိုက်ပုတ်ခေါ်ဆောင်သွားသည်။ ရေများသည် တစ်နေရာထဲ၌ လှုပ်ရှားနေသည် မဟုတ်။ နေရာအနှံ့မှယိုကျကာ နေရာအနှံ့သို့ စီးဝင်နေခြင်းဖြစ်၏။ တွင်း၏အောက်ခြေ၌ရှိနေသော လူများမှာလည်း ပြင်းထန်ကြီးမားလှသောရေများ၏ ဝါးမျိုနှစ်မြှုပ်ခြင်းကို ခံကြရလေ၏။

နစ်ဂါး၊ ကစ်တီ၊ ဝေါရီးယားနှင့် ဂျင်ဂျာ အမည်ရှိ မြင်းပုကလေး လေးကောင်သည် မြင်းဇောင်းထဲ၌ အသက်ရှင်နေဆဲ။ အန္တရာယ်ကိုမြင်၍ သူတို့သည် ထိတ်လန့်တကြား အော်မြည်လျက်ရှိကြ၏။ ဝေါရီးယားသည် တအားကုန် ကန်ကျောက်ရုန်းကန်ခဲ့ရသဖြင့် ရေနစ်ပြီး မသေဆုံးမီကတည်းက လည်ပင်းကျိုးသွားခဲ့သည်။ ကျန်သုံးကောင်သည် အော်ဟစ်နေသည်မှတစ်ပါး မြင်းဇောင်းထဲမှ လွတ်မြောက်ရန် ရုန်းကန်လှုပ်ရှားခြင်းမပြု။ ရေတက်လာပြီး သူတို့အား လွှမ်းခြုံသွားသည့်အခါကျမှသာ သူတို့၏အော်သံများသည် ပျောက်သွားသည်။ နောက်ဆုံးတွင် ရေများသည် ဂလုတ်ဘဲနှင့် ပါရာဒိုက်စ် ကျောက်မီးသွေးတွင်း နှစ်တွင်းစလုံးကို ဖုံးလွှမ်းသွားသည်။ အပြင် မြေမျက်နှာပြင်ထက်မှ အဝင်လမ်းအားလုံးကို ပိတ်ဆို့ပစ်လိုက်သည်။

ဤဘေးဆိုးကြီးသည် မဖျော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာခြင်း

ဖြစ်သည်။ မြန်ဆန်လွန်းလှသဖြင့် မယုံကြည်နိုင်စရာ ဖြစ်ခဲ့ကြရသည်။ ရေဝင်လာပုံမှာ ကြီးမားပြင်းထန်လှ၏။ ဆယ့်ငါးမိနစ်အချိန်အတွင်း လှုပေါင်း ရှစ်ဆယ့်ကိုးယောက်ကို ရေနစ်၍ အသက်ရှုပိတ်ဆို့အောင်လုပ်၍ သတ်ဖြတ်ပစ်ခဲ့ခြင်း ဖြစ်လေသည်။

သို့သော်လည်း ရောဘတ်နှင့် သူ့အပေါင်းအပါများသည် ထိုအချိန်ထိ အသက်မသေကြသေး။ သူတို့လူစုသည် ကုန်းစောင်းလေးတစ်ခုပေါ် ရောက်နေကြသည်။ ကုန်းစောင်း၏ထိပ်သည် ရေမရောက်နိုင်သောနေရာ ဖြစ်၏။ တွင်းထဲသို့ ဝင်လာသော ရေလုံးကြီးများသည် ထိုကုန်းစောင်းပတ်ပတ်လည်မှ ကွေ့ပတ်ပြီးစီးဆင်းသွားခြင်းဖြစ်၍ ရောဘတ်တို့လူစုသည် ဘေးကင်းနေကြခြင်းပေတည်း။

ရေကာတာကျိုးပေါက်သံ ကြားလိုက်ရပြီးနောက် စက္ကန့်ငါးဆယ်ခန့်အတွင်း ရောဘတ်သည် လေဝင်လမ်းကြောင်း ပြောင်းပြန်ဖြစ်သွားသည်ကို သတိထားမိခဲ့၏။ ထိုအချိန်က သူတို့သည် ကုန်းစောင်းထိပ်သို့ ရောက်သွားစဖြစ်သည်။ အသံကြားလိုက်ချိန်က 'ဘုရား ....ဘုရား၊ ဒီတစ်ခါတော့ တကယ်ဖြစ်ပြီ' ဟု စိတ်ထဲကကြိတ်၍ ပြောလိုက်မိသေးသည်။ သူ့ဘေးမှ စလော့ဂါးလီးမင်းသည် ဒူးထောက်ပြီး မတ်တတ်ရပ်လိုက်သည်။

'အသံကို ကြားလိုက်ရဲ့လား ရောဘတ်' ဟု မေးသည်။

'ငါ ပြန်ရောက်လာတဲ့အထိ မင်းတို့ ဒီနေရာက ဘယ်မှမသွားကြနဲ့' ဟု ရောဘတ်က မှာသည်။

ရောဘတ်သည် ကပျာကယာ ထကာ ကောင်းကင်ကြိုးတန်းတစ်လျှောက် အောက်ဘက်ရှိလမ်းအတိုင်း ကဆုန်စိုင်း၍ ပြေးသည်။ သူ့နားများသည် ရေသံများကြောင့် "အူ" နေကြသည်။ သူ့အောက်မှရေသည် ပထမတွင် ခြေမျက်စိနောက်တော့ ဒူးနှစ်ဖက်၊ ပြီးတော့ ခါးအထိ တက်လာသည်။

သူသည် ရေထဲ၌ ပြေးနေရခြင်းဖြစ်၍ ခရီးကမတွင်။ ဆိုးလီးကျောက်မီးသွေးလုပ်ကွက်နား အရောက်တွင် သူ့ခြေထောက်များသည် မြေကြီးနှင့် လွတ်သွားသည်။ ရေသည် သူ့အား အပေါ်သို့ အရှိန်ပြင်းစွာဖြင့် မြှောက်တင်လိုက်ခြင်းဖြစ်၍ သူ့ဦးခေါင်းသည် အပေါ်ဘက်ရှိ လိပ်သည်းကျောက်ခေါင်မိုးနှင့် ဆောင့်မိသည်။ သူသည် ခေါင်မိုးမှ ကျောက်များကို တွယ်ကပ်ကုတ်ခြစ်ပြီး သူ့ခြေထောက်များကို ရေထဲ၌ ကန်ကျောက်ကာ သူ့လာလမ်းဘက်သို့ ပြန်သည်။

ခြေထောက်မိသည့်နေရာသို့ ရောက်သည့်အခါ သူသည် ခဏမျှရပ်ပြီး အမောဖြေသည်။ အေးလွန်းသဖြင့် သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်။ အခု အချိန်တွင်မူ တွင်းထဲ၌ ဘာတွေဖြစ်ကုန်သည်ကို သူ ကောင်းစွာသိနေပြီ ဖြစ်၏။



အပြင်မှ တွန်းထိုးကန်ကျောက်ပြီး ဝင်လာသော ရေများသည် ဆိုးလီးလုပ်ကွက်တစ်ခုလုံးကို ဖုံးသွားခဲ့လေပြီ။ ထိုလုပ်ကွက်၏ ပတ်ဝန်းကျင် ကိုက်ငါးဆယ်မြေပြင်သည် ရေအောက်သို့ ရောက်သွားခဲ့ပြီ။ လွတ်မြောက်နိုင်မည့်လမ်းအားလုံးသည် ပိတ်သွားခဲ့လေပြီ။

တစ်ကိုယ်လုံး ရေစိုထားသဖြင့် အေးစိမ့်နေသော ရောဘတ်သည် ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ သူသည် တစ်မိနစ်ခန့်မျှရပ်၍ ချောင်းဆိုးနေသည်။ ထို့နောက် ချောင်းအဆိုး ရပ်သွားလျှင်သွားချင်း ကုန်းစောင်းပေါ်သို့ ခပ်သုတ်သုတ်တက်လာခဲ့သည်။ သူသည် လမ်းတစ်ဝက်ခန့်အရောက်တွင် အလွန်ကြောက်လန့်ချောက်ချားနေသော ပက်ရီးဒီးနှင့် ဝင်တိုက်မိသည်။

'ဘာဖြစ်တာလဲ ဆရာ' ဟု ပက်က မေးသည်။

'ဘာမှမဖြစ်ဘူး' ဟု ရောဘတ်က ပြန်ဖြေကာ ....

'လာ ငါနဲ့လိုက်ခဲ့' ဟုပြောပြီး ခေါ်လာခဲ့သည်။

ရောဘတ်နှင့် ပက်တို့ ကုန်းစောင်းထိပ်သို့ ရောက်သွားကြသည့်အခါ သူတို့လူများသည် စလော့ဂါးအား ဝိုင်းရံထားသည်ကို တွေ့ရသည်။ လူအားလုံး ဆယ်ယောက်ရှိ၍ သူတို့အထဲတွင် ဟူးဂီး၊ ဟာရီဘရေ့စ်၊ တွမ်ရီးဒီး၊ နက်ဆော့ပ်ဆေ၊ ဆိုးမက်ဆာနှင့် ဂျီးဆပ်ဝက်ပ်တို့ ပါဝင်သည်။ သူတို့သည် ရောဘတ်ပြန်ရောက်အလာကို စောင့်မျှော်နေကြခြင်း ဖြစ်၏။ ဤလူစုသည် နက်ပ်ကျွန်းကျောက်မီးသွေးတွင်းထဲ၌ အသက်ရှင်လျက် ကျန်ခဲ့သည့် တစ်စုတည်းသောအုပ်စုဖြစ်ပေသည်။

ရောဘတ် လာနေသည်ကို မြင်လိုက်သော စလော့ဂါးက 'အခြေအနေဘယ်လိုလဲ ရောဘတ်' ဟု လှမ်းမေးသည်။

ရောဘတ်က ချက်ချင်း အဖြေမပေး။ အတန်ကြာမှ အခြေအနေကို ရှင်းပြသည်။ သူသည် ဂျက်ကက်အင်္ကျီကိုချွတ်ကာ ရေညှစ်နေသည်။

'ဆိုးလီးလုပ်ကွက် တစ်ကွက်လုံး ရေတွေအောက် ရောက်သွားပြီ၊ ဒါပေမဲ့ ဒီနေရာကိုတော့ ရေမရောက်နိုင်တာ သေချာတယ်၊ တို့ လမ်းရှာပြီး အပြင်ကို ထွက်ကြရလိမ့်မယ်' ဟု ပြောသည်။

'ဒါဆိုရင် ဆိုးလီးအပေါ်က ရေကူးပြီးဖြတ်သွားလို့ မရနိုင်ဘူးလား' ဟု တွမ်ရီးဒီးက မေးသည်။

စလော့ဂါးက ဒေါသတကြီးနှင့် လှမ်းကြည့်သည်။

'မင်း ပါးစပ်ပုတ်ကို ပိတ်ထားစမ်း၊ ဒီလောက် ရှင်းပြနေတာတောင် မင်းနားမလည်ဘူးလား၊ မင်း ရူးနေသလား'

'ငါတို့ ဒီလိုလုပ်ကြရင် ကောင်းမယ်ထင်တယ်' ဟု ရောဘတ်က အေးအေးဆေးဆေး ပြောသည်။

'တို့ ဂလုတ်ဘဲတွင်းဘက်ကို ရောက်အောင်သွားမယ်၊ ပြီးတော့ အဲဒီက ဖြတ်ပြီး အပြင်ကိုထွက်ကြမယ်'

ရောဘတ်သည် ပက်အား သူ့နောက်၌ထားကာ ဂလုတ်ဘဲလုပ်ကွက်ဘက်သို့ ဦးဆောင်ပြီး လျှောက်သည်။ ကျန်လူစုက ရောဘတ်နှင့် ပက်တို့၏နောက်မှ တန်းစီပြီး လိုက်ကြသည်။ အားလုံးက ရောဘတ်နောက်မှ လိုက်ကြသော်လည်း တွမ်ရီးဒီးကတော့ မလိုက်။ တွမ်သည် အလွန် ရေကူးကောင်းသူဖြစ်သည်။ သူသည် ရေအောက်မှာရော၊ ရေပေါ်မှာပါ ရေကူးတော်သူ ဖြစ်သည့်အားလျော်စွာ ဆွီးလီးလုပ်ကွက်ပေါ်မှ ရေထုကို ကောင်းစွာဖြတ်၍ ကူးနိုင်လိမ့်မည်ဟု သူ့ကိုယ်သူ ယုံကြည်သည်။

သူသည် ဆွီးလီးပေါ်မှ ဖြတ်ကူးပြီး အပြင်သို့ထွက်ကာ အကူအညီခေါ်၍ စလော့ဂါးတို့ထံ ပြန်လာမည်။ သူ မရှူးကြောင်းကို စလော့ဂါးအား ပြလိုက်မည်ဟု တွေးသည်။ အားလုံး ထွက်သွားသည့်အခါ သူသည် နောက်ချန်နေခဲ့သည်။ ထို့နောက် ကုန်းစောင်းပေါ်မှဆင်းကာ ရှူးဖိနပ်များကို ချွတ်လိုက်ပြီး ဆွီးလီးရေပြင်ထက်သို့ ဆင်းလိုက်သည်။ ရေထဲရောက်သည်နှင့် တစ်ပြိုင်နက် အားထုတ်၍ ကူးခတ်သည်။ သို့သော်လည်း ဆွီးလီး၏ အခြားတစ်ဖက်ရှိ တစ်မိုင်ခွဲခန့် ကျယ်ဝန်းသော ရေလုံးကြီး၏ ဆီးကြိုဖမ်းယူခြင်းကို ခံရသည်။ နောက်ငါးမိနစ်ခန့်တွင် သူ့အလောင်းသည် ရေပြင်ထက်၌ ဖြည်းညင်းစွာ လည်ပတ်လျက်ရှိလေ၏။

ရောဘတ်သည် ရှေ့မှနေ၍ လေဝင်လမ်းကြောင်းအတိုင်း ဖြည်းဖြည်းချင်း တွားသွားနေသည်။ သူတို့သည် ဂလုတ်ဘဲတွင်းဘက်သို့ နီးကပ်လာနေပြီကို ရောဘတ်စိတ်ထဲက သိနေသည်။ ထိုအချိန်မှာပင် သူ့မီးခွက်သည် တစ်စုံတစ်ဦးက လာ၍မှုတ်ခြင်း ခံလိုက်ရသည့်နှယ် ဖျတ်ခနဲ ငြိမ်းသွားသည်။ တစ်ချိန်တည်းလိုလိုပင် ပက်ရီးဒီးသည် အသက်ရှူကျပ်ကာ လဲကျသွားသည်။ ယခုအဖြစ်သည် ရေကြောင့် မဟုတ်။ ရေဆိုးရေညစ်အနံ့ကြောင့် ဖြစ်သည်။

'နောက်ပြန်ဆုတ်ကြ' ဟု ရောဘတ်က ပြောသည်။

'အားလုံး နောက်ပြန်ဆုတ်ကြ'

လူအားလုံး ကိုက်လေးဆယ်ခန့်အကွာထိ ပြန်ဆုတ်ကာ ပက်ရီးဒီးအား သတိပြန်လည်လာအောင် ပြုစုကြသည်။ ပက်ရီးဒီး သတိရလာသည်ကို ကြည့်နေရင်း ရောဘတ်သည် တစ်စုံတစ်ရာကို များစွာအပင်ပန်းခံ၍ စဉ်းစားနေသည်။ ဂလုတ်ဘဲတွင်း၏ အခြားတစ်ဖက်တွင် လူတွေရှိရမည်။ သို့ဆိုလျှင် နောက်ဆုံးတွင် သူသည် အဖြေတစ်ခု ရှာ၍ရသလို ဖြစ်သွားသည်။



'ဂလုတ်တွင်းဘက်ကို ငါနဲ့အတူလိုက်ရဲတဲ့လူ ဘယ်သူရှိမလဲ' ဟု မေးသည်။

မည်သူကမှ အဖြေမပေး။ သူတို့အားလုံး ရေဆိုးရေညစ်၏ အငွေ့အကြောင်းကို သိနေကြသည် မဟုတ်ပါလား။ ထိုအငွေ့ကို တစ်ချက်လောက် မိုရုံမျှဖြင့် ချက်ချင်း ဒုက္ခရောက်သွားနိုင်သည်ကို ကောင်းစွာ နားလည်နေကြသည်။ အခုလို အခြေအနေမျိုးတွင် ဂလုတ်ဘဲတွင်း ဇရိယာထဲ ဝင်ရောက်ရေးသည် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်နိုင်ဖွယ်ရာရှိနေ၏။

'အဖေ မသွားနဲ့၊ ဟိုထဲမှာ အန္တရာယ်များတယ်ဗျ' ဟု ဟူးဂီးက တားသည်။

အခုအချိန်ထိ ဘာစကားမှ မပြောသေးသည့် ဂျီးဆပ်စ်ဝက်ပ်က ....

'ကျွန်တော် လိုက်မယ်ဗျာ' ဟု ဝင်ပြောသည်။

သူ့အနေဖြင့် ရောဘတ်၏သဘောကို နားလည်နေသည်။ ရောဘတ်သည် ရေဆိုးရေငွေ့ဒဏ်ကို ခံနိုင်ရည်ရှိပြီး အသက်ရှင်နေသေးသည့်လူ ကျန်ကျန် ဂလုတ်ဘဲတွင်းဆီသို့ သွားရောက်စူးစမ်းချင်နေသည်။ ဤသဘောကို နားလည်လိုက်သော ဝက်ပ်သည် ချက်ချင်းသဘောတူလိုက်ခြင်း ဖြစ်၏။ သူသည် သတ္တိကောင်းလွန်း၍ လိုက်ခြင်း မဟုတ်။ သူ့ဘာသာတရား၏ လှုံ့ဆော်မှုအရ အခုလိုလိုက်ခြင်း ဖြစ်သည်။

ရောဘတ်နှင့် ဝက်ပ်တို့သည် လေဝင်လမ်းကြောင်းအတိုင်း ဂလုတ်ဘဲတွင်းဘက်သို့ တွား၍သွားကြသည်။ သူတို့သည် ဂျက်ကက်အကျႌများကိုချွတ်၍ ခေါင်း၌ ပတ်ထားကြသည်။ ထိုနည်းမှာ ရေဆိုးရေညစ်အငွေ့ဒဏ်ကို ခုခံတိုက်ခိုက်သည့် ရှေးဟောင်းနည်းတစ်နည်း ဖြစ်၍ အထိုက်အလျောက်တော့ အကျိုးရှိသည်။ သူတို့သည် လေးဘက်တွားသွားနေရာမှ တစ်ခါတစ်ရံတွင် ဖလျားမှောက်၍ သွားကြသည်။ ဝက်ပ်သည် အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေသော်လည်း သူ့ကိုယ်သူ အားတင်းထားသည်။ စိတ်ထဲမှ ကြိတ်၍လည်း ဘုရားသခင်ထံ ဆုတောင်းသည်။

ရေဆိုးရေညစ်အနံ့ သို့မဟုတ် အငွေ့သည် ကာဘွန်မိုနောက်ဆိုက်ဓာတ်များ ပြည့်နေသောအငွေ့ ဖြစ်၏။ ထိုအငွေ့သည် နှစ်ပေါင်းအတန်ကြာက တူးဖော်ခဲ့ပစ်ထားသည့် အမှိုက်သရိုက် ပစ္စည်းပေါင်းစုံနှင့် ရေများ ရောစပ်ပြီး တည်ရှိနေသောအငွေ့ ဖြစ်သည်။ ထိုအငွေ့သည် လေထဲ၌ ပျံ့လွင့်နေတတ်ပြီး လူတို့က ရှူမိသည့်အခါ အသက်ကို သေစေနိုင်သော သဘောရှိသည်။

ရောဘတ်နှင့် ဝက်ပ်တို့ ဂလုတ်ဘဲတွင်းဆီသို့ ရောက်သွားချိန်တွင် ထိုအငွေ့သည် များများစားစား ပျံ့လွင့်နေပုံမရ။ အနံ့ကို မဆိုစလောက်ရှူမိပြီး အိပ်ချင်မူးဘူး ဖြစ်လာသော်လည်း အရှိန်မပျက် ဆက်သွားလို့ကတော့ ရနေသည်။ သို့

သော်လည်း ထိုအငွေ့သည် သူတို့ ရောက်မလာခင်ကတော့ အများအပြားရှိခဲ့ဟန် တူ၏။ ထိုအဆိပ်ငွေ့ကြောင့် သေဆုံးနေသော လူလေးယောက်စလုံး မျက်နှာချင်း ဆိုင်ထိုင်၍ သေဆုံးနေကြခြင်း ဖြစ်၏။

သေဆုံးနေကြသူများသည် တစ်ယောက်ကိုတစ်ယောက် ထိုင်၍ကြည့်နေကြသည်နှင့် တူသည်။ သက်သောင့်သက်သာနှင့် အသက်ကုန်သွားကြသည့် အနေအထား ဖြစ်သည်။ အငွေ့၏သတ္တိကြောင့် သူတို့မျက်နှာများနှင့် လက်များသည် ပန်းရောင်သမ်းနေကြသည်။ ဤအဆိုင်းသည် သူတို့နေရာသို့ ဆိုက်ရောက်ခဲ့ကြသည်မှာ ကြာသေးဟန်မတူ။ အားလုံး သန်မာတောင့်တင်းလျက်ပင် ရှိသည်။ မျက်နှာထားများကလည်း ကြည်ကြည်လင်လင်ပင် ရှိနေကြသည်။ ဤလူအားလုံးသည် အသက်ကုန်ဆုံးနေကြပေပြီ။

ရောဘတ်နှင့် ဝက်ပ်တို့သည် အလောင်းများကို ဆွဲထုတ်ခဲ့ကြသည်။ အဖွဲ့ဆီအထိ သယ်ယူလာခဲ့ကြခြင်း ဖြစ်၏။ သို့သော်လည်း သေနေသူများအား ပြန်ရှင်လာအောင် မည်သူမှ မတတ်နိုင်ကြတော့ပေ။ အလောင်းများကို မြင်သည့်အခါ ယခင် လူသေကို တစ်ခါမှ မတွေ့ဘူးသော ပက်ရီးဒီးသည် ဝမ်းနည်းပက်လက် ငိုကြွေးသည်။

'ဘာ့ကြောင့်များ ကျွန်တော် ဒီအလုပ်ကို ဝင်လုပ်မိသလဲ မပြောတတ်တော့ပါဘူးဗျာ၊ ကျွန်တော့်အစ်ကို တွမ်လည်း ဘယ်ရောက်နေမှန်း မသိဘူး' ဟု ပက်က ရေရွတ်သည်။

'မငိုပါနဲ့ကွာ၊ ဘုရားသခင်က ငါတို့ကို စောင့်ရှောက်မှာပါ' ဟု ဝက်ပ်က ပြောသည်။

ရောဘတ်သည် တစ်နေရာ၌ရပ်ကာ စဉ်းစားလျက်ရှိသည်။ သူ့မျက်နှာတွင် သောကရိပ်များ ဖုံးလျက်ရှိ၏။ အကယ်၍ ထိုအငွေ့သည် ဂလုတ်ဘဲတွင်းထဲ၌ ရှိနေသည်ဆိုပါက ရေလည်း ရှိရပေလိမ့်မည်။ ထိုအငွေ့သည် ရေများ ဝင်လာသဖြင့် နေရာရွှေ့သွားသော အညစ်အကြေး အမှိုက်သရိုက်များဆီမှ ပျံ့လွင့်လာခြင်း ဖြစ်ရမည်။ ယခု သေသူများသည် ပထမဆုံး ရေများ၏ ဝိုင်းရံပိတ်ဆို့ခြင်းကို ခံရမည်။ ထို့နောက် အငွေ့များကို ရှူမိကြမည်။ ထို့ကြောင့်လည်း ဤလူများသည် လွတ်မြောက်ရာလမ်းကို ရှာမတွေ့ကြတော့ဘဲ သေဆုံးကုန်ရခြင်း ဖြစ်လိမ့်မည်—စသည်ဖြင့် တွေးတောနေမိသည်။

'ငါတို့အနေနဲ့ ဂလုတ်ဘဲ တွင်းထဲကိုတော့ သွားလို့မရတော့ဘူး' ဟု ရောဘတ်က ပြောသည်။

'အဲဒီတွင်းထဲမှာ ဓာတ်ငွေ့ရော၊ ရေရော ရှိနေပြီ၊ တို့အနေနဲ့ စကပ်ပါးကို ပြန်သွားပြီး အပေါ်မြေပြင်ဆီကို တယ်လီဖုန်းဆက်မှ ဖြစ်တော့မယ်'



"တယ်လီဖုန်း" ဟူသော ပြောသံကို ကြားလိုက်ရသည့်အခါ လူအားလုံး၏ မျက်နှာများသည် ဝင်းထိန်သွားသည်။

'ဘုရား...ဘုရား၊ ခင်ဗျား တော်ပါပေတယ်ဗျာ' ဟု စလော့ဂါးက တအံ့တသြ ရေရွတ်သည်။

ရောဘတ်သည် စကပ်ပါးဖလက်တွင်း၏ အခြားတစ်ဖက်ရှိ တယ်လီဖုန်းကို သတိရလိုက်သဖြင့် ထိုစကားကိုပြောခြင်း ဖြစ်၏။ သို့သော်လည်း သူတို့ စကပ်ပါးဖလက်သို့ ပြန်သွားကြသည့်အခါ ထင်သလို မဖြစ်နိုင်တော့သည့် အခြေအနေနှင့် ရင်ဆိုင်ကြရ၏။ အမှန်တော့ သူတို့သည် တယ်လီဖုန်းဆက်ရေးကိုသာ တွေးနေကြသဖြင့် သူတို့အားလုံး ဤနေရာ၌ ထောင်ချောက်ထဲကျသလို ပိတ်မိနေပြီ ဟူသောအချက်ကို မစဉ်းစားမိကြချေ။

စကပ်ပါးဖလက်တွင်းသို့ ရောက်သည့်အခါ ရောဘတ်သည် ပို၍ သောကများလာသည်။ ဤဘက်တွင် ရောက်နေသော ရေများသည် ခေါင်မိုးများနှင့် ထိလုနီးပါး ဖြစ်နေသည်။ ရေသည် တန့်မသွားဘဲ တိုး၍သာ လာနေ၏။ ရေသည် ခေါင်မိုးကို တိုက်စားသွားမည်ဆိုပါက ပြိုကျဖို့သာ ရှိနေသည်။ ခေါင်မိုးများ ပြိုကျပါက ဤဘက်ရှိ ထွက်ပေါက်အားလုံးသည် ပိတ်ဆို့သွားမည်။ ထို့ပြင် ဤနေရာ၌ တန့်နေသည့် ရေများသည် နောက်ထပ် တက်လိုက်လာနေသည့် ရေများနှင့်ပေါင်းစပ်ကာ မိမိတို့အား ရေနစ်၍ သတ်တော့မည်မှာ မလွဲ။ အကယ်၍ နောက်ဆယ့်ငါးမိနစ်ခန့်အတွင်း ဤနေရာမှ မထွက်နိုင်ပါမူ သူတို့ ကြုံတွေ့ရမည့် အရေးသည် တွေးဝံ့စရာမရှိ။

'မင်းတို့ ဒီနေရာက စောင့်နေကြဦး' ဟု ရောဘတ်က ပြောသည်။ သူသည် တယ်လီဖုန်းဆီသို့ သူတစ်ယောက်တည်း သွားသည်။ တယ်လီဖုန်း ဖြုန်းခနဲ ဆွဲယူသည်။

'ဟယ်လို .... ဟယ်လို .... ဟယ်လို'

အမှောင်ထုအတွင်းမှ သေဘေးနှင့် ရင်ဆိုင်နေရသော လူတစ်ယောက်၏ တုန်လှုပ်ချောက်ချားလျက်ရှိသည့် အော်သံ ခေါ်သံသည် နှစ်မိုင်ခန့်အကွာရှိ မြေပြင်ဆီသို့ ရောက်မှ ရောက်ပါမည်လော။

'ဟယ်လို ....ဟယ်လို'

တစ်ဖက်မှ ပြန်ထူးသံကို ကြားလိုက်ရ၏။ ရောဘတ်သည် သတိလစ်ပြီး လဲကျတော့မလို ဖြစ်သွားသည်။ အသံမှာ ဘားရပ်စ်၏အသံ။ ရုံးခန်းမှ ထူးနေဟန်တူ၏။ ထပ်ခါတလဲလဲ ကြားနေရသည်။

'ဟယ်လို ....ဟယ်လို ....၊ ဟယ်လို ....ဟယ်လို'

'ရောဘတ်ဖင်းဝစ်ပါ၊ စကပ်ပါးဖလက် တယ်လီဖုန်းက ပြောနေတာပါ၊ ဆွီးလီးရဲ့ တစ်ဖက်အထိ ရေတွေ ရောက်နေပြီ၊ ခေါင်မိုးနဲ့ထိနေပြီ၊ ကျွန်တော်တို့ အဖွဲ့မှာ လူကိုးယောက် ရှိတယ်၊ ကျွန်တော်တို့ ဘယ်လိုလုပ်ကြရမလဲ'

ဖြေသံကို ချက်ချင်း ပြန်ကြားရသည်။

'လေဝင်လမ်းကြောင်းအတိုင်း လိုက်ပြီး ဂလုတ်ဘဲကျောက်မီးသွေးတွင်းဘက်ကို သွားပါ'

'ကျွန်တော်တို့ ကြိုးစားကြည့်ပြီးပြီ'

'ဘာ'

'ဂလုတ်ဘက်မှာလည်း ရေတွေပြည့်နေပြီ၊ ရေဆိုးရေပုပ်တွေက အငွေ့တွေလည်း ထွက်နေတယ်'

ငြိမ်ဆိတ်နေသည်။ စက္ကန့်သုံးဆယ်ခန့် ကြာသည်။ နှစ်ပေါင်းသုံးဆယ် လောက်ကြာသည်ဟု ရောဘတ် ထင်မိ၏။ ထို့နောက် တယ်လီဖုန်းထဲတွင် တံခါး ဆောင့်ပိတ်သံ ကြားရသည်။ ဘားရပ်စ်သည် စားပွဲခုံထိုင်နေဟန်တူသည်။ တံခါး ကို သူ့ခြေတစ်ဖက်နှင့် ဆောင့်ကန်ပြီး ပိတ်လိုက်လေသလား။

'အခုပြောတာကို သေသေချာချာနားထောင် ရောဘတ်' ဟူသော ဘားရပ်စ်၏ ရေးကြီးသုတ်ပျာပြောသံကို ကြားရသည်။

'မင်းတို့ တွင်းဟောင်း စကပ်ပါးဘက်ကိုသွား၊ ဒီဘက်လာလို့ကတော့ လုံးဝ မဖြစ်တော့ဘူး၊ နားလည်လား၊ မင်းတို့ စကပ်ပါး တွင်းဟောင်းဘက်ကို သွားဖို့ အရေးကြီးတယ်'

'စကပ်ပါးတွင်းဟောင်းဘက် သွားရမယ်၊ ဟုတ်လား'

ရောဘတ်၏စိတ်တွင် 'ဒီလူကြီး ဘာတွေ လျှောက်ပြောနေတာလဲ' ဟု တွေးလိုက်မိသည်။

'မင်းတို့ ကုန်းဆောင်းကို ပြန်တက်သွား' ဟု ဘားရပ်စ်က ဆက်ပြောသည်။

'ရေကာတာရဲ့ အပေါ်ဘက်က အရှေ့ဘက်ထိပ်အခြမ်းကို ဖောက်ထွက်၊ အဲဒီလို ထွက်လိုက်ရင် နက်ပ်ကျွန်းတွင်းဟောင်းကြီးက စွန့်ပစ်ထားခဲ့တဲ့ အညစ်အကြေးပုံကြီးရဲ့ အပေါ်ဘက်ကို ရောက်သွားလိမ့်မယ်၊ ရေကို လုံးဝမကြောက်နဲ့၊ အဲဒီနေရာကျရင် ရေက အောက်ခြေမှာပဲ ရှိမယ်၊ မင်းတို့ လမ်းအတိုင်း ဆက်လိုက် သွား၊ မိန်းလမ်းမကြီးအတိုင်းပဲ တည့်တည့်လျှောက်၊ ဘေးလမ်းတွေကို မလိုက်နဲ့၊ ညာဘက်ကို လုံးဝမသွားနဲ့၊ အရှေ့တည့်တည့် ကိုက်တစ်ထောင့်ငါးရာလောက် အထိ ဆက်သာသွား၊ စကပ်ပါးတွင်းဟောင်းက ထွက်ပေါက်ဆီ ရောက်လိမ့်မယ်'

ရောဘတ်သည် ဘုရားသခင်အား သတိရလိုက်မိသည်။ ထိုတွင်းဟောင်း လုပ်ကွက်များကို ကောင်းစွာ မှတ်မိသည်။ သူ့နဖူးတွင် ချွေးများ စို့လာသည်။



'မင်း ငါပြောတာတွေ ကြားရဲ့လား' ဟု ဘားရပ်စ်က မေးသည်။ အသံမှာ ဝေးလွန်းသဖြင့် သဲ့သဲ့ကလေးမျှသာ ကြားရ၏။

'ကယ်ဆယ်ရေးအဖွဲ့က မင်းတို့ကို အဲဒီနေရာက စောင့်လိမ့်မယ်၊ ငါ ပြောတာ ကြားရဲ့လား'

'ကြားတယ်' ဟု ရောဘတ်က အော်ပြောသည်။ ထိုအခိုက်တွင် ရေလုံး တစ်လုံး၏ ရိုက်ပုတ်မှုကြောင့် တယ်လီဖုန်းကြိုးများသည် ပြတ်ထွက်ကုန်သည်။ တယ်လီဖုန်းသံသည် ချက်ချင်းသေသွားပြီ။ သူ့လက်ထဲမှ လွတ်ကျသွားသော တယ်လီဖုန်းသည် တွဲလောင်းကျကာ ခါယမ်းလျက်ရှိ၏။ စိတ်ပင်ပန်းမှုဒဏ် ကြောင့် ရောဘတ်၏တစ်ကိုယ်လုံး နုံးချိပျော့ခွေသွားသည်။

'မြန်မြန်လုပ် အဖေ' ဟူးဂီးက အော်သည်။

'မြန်မြန်ထ .... လေ၊ ရေတွေ ကျွန်တော်တို့ဘက်ကို လာနေပြီ'

ရောဘတ်သည် လှည့်ကြည့်သည်။

'တို့ အညစ်အကြေးပုံဘက်ကိုပဲ သွားကြရလိမ့်မယ်၊ တခြားလမ်း မရှိ တော့ဘူး' ဟု အော်ပြောသည်။

သူသည် အားလုံးကို ရှေ့မှ ဦးဆောင်ပြီး ခေါ်သွားသည်။ မှန်သည်။ ရှေ့တွင် ရေကာတာဟောင်းတစ်ခု ရှိသည်။ သုံးလက်မ သစ်သားများဖြင့် ဆယ့်ရှစ် လက်မစီခြား၍ ကြားတွင် ရွှံ့မြေများထည့်၍ တည်ဆောက်ထားခြင်း ဖြစ်၏။ စလော့ဂါးသည် ရေကာတာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ရေကာတာတိုင် များကို ခြေထောက်နှင့် ဆောင့်ကန်ပြီး ဖြိုပစ်သည်။ သူတို့အဖွဲ့သည် ထိုအပေါက် မှနေ၍ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဟောင်း လုပ်ကွက်များအတွင်းသို့ ဝင်ရောက်ခဲ့ကြလေ၏။

အညစ်အကြေးပုံကြီးမှာ အေးစက်နေသည်။ ထူးဆန်းသော အနံ့မျိုးစုံဖြင့် ပြည့်နေသည်။ အနံ့ဆိုးများတော့ မရှိ။ ရေဆိုးရေညစ်နံ့များမှာ အနည်းငယ်မျှသာ ရှိပုံရ၏။ ဤအမှိုက်ပုံကြီးကို ဘာမှမလုပ်ဘဲ ပစ်ထားခဲ့သည်မှာ ရှစ်နှစ်နီးပါးမျှ ရှိခဲ့ပြီ။

ရောဘတ်၏ ဦးဆောင်မှုဖြင့် သူတို့အဖွဲ့သည် မှော်လင့်ချက်အသစ်များ ကို ရင်ဝယ်ပိုက်ကာ ခရီးဆက်ကြသည်။ ဤနေရာတစ်ဝိုက်သည် ခြောက်သွေ့ လျက်ရှိသည်။ သူတို့သည် ရေနှင့်ဝေးရာသို့ ရောက်လာရသဖြင့် များစွာ ဝမ်းသာ အားတက်လျက်ရှိ၏။ သူတို့ထဲမှ လူခြောက်ယောက်တွင် မီးအိမ်များ ရှိနေကြ သေးသည်။ ဟာရီဘရေ့စ်၏ အိတ်ကပ်ထဲတွင် ဖယောင်းတိုင်ကြီးသုံးတိုင် ရှိနေ သေးသည်။ သူတို့သည် လမ်းကို ကောင်းစွာမြင်နေရသဖြင့် အခက်အခဲမရှိ။

လမ်းသည် ဤတစ်လမ်းတည်းသာ ရှိ၏။ အရှေ့တည့်တည့်သို့သွားသည့် လမ်းမကြီးပေတည်း။

သူတို့သည် မသုံးတော့သည့် လမ်းတစ်ခုအရောက်တွင် ထိုလမ်းအတိုင်းလိုက်ကြသည်။ သူတို့ရှေ့တည့်တည့်တွင် ပြိုကျနေသော ခေါင်မိုး။

'ကိစ္စမရှိဘူး၊ စိတ်မပူကြနဲ့' ဟု စလော့ဂါးက အော်ပြောသည်။

'ဒီနေရာကို တို့ ချက်ချင်း ဖောက်ထွက်လို့ရမှာ သေချာတယ်' သူသည် ဂျက်ကက်အင်္ကျီကိုချွတ်ကာ သူ့ခါးပတ်ကို ခပ်တင်းတင်း ပြင်ချည်လိုက်သည်။ ထို့နောက် ပြိုကျနေသည့် အပုံကြီးကို ရှင်းလင်းဖယ်ရှားကြသည်။

သူတို့တွင် ကိရိယာတန်ဆာပလာဟူ၍ ဘာမှမရှိ။ လက်များကိုသာ အသုံးပြုကြရခြင်း ဖြစ်သည်။ သူတို့သည် ထိုရှင်းလင်းရေးလုပ်ငန်းကို နှစ်ယောက်တစ်တွဲ လုပ်ကြခြင်း ဖြစ်၏။ စလော့ဂါးသည် အခြားလူများထက် နှစ်ဆမျှအားထုတ်၍ လုပ်သည်။ အချိန်မည်မျှလောက်ကြာကြာ လုပ်ခဲ့ကြရသည်ကိုမူ မည်သူမှမသိချေ။ အလုပ်ကိုသာ ဖောက်ချ၍ ပင်ပန်းကြီးစွာ လုပ်နေရသဖြင့် အချိန်ကို မှတ်ထားရန် သတိမရကြ။ သူတို့လက်များ ထိခိုက်ပေါက်ပြဲပြီး သွေးတွေထွက်နေသည်ကိုပင် သတိမမူနိုင်ကြ။ အမှန်တော့ သူတို့လူစု မရပ်မနားလုပ်ခဲ့ကြသည်မှာ ခုနစ်နာရီတိတိ ကြာသည်။ ပြိုကျနေသည့် ပစ္စည်းပုံကြီးမှာ ဆယ့်ငါးကိုက်မျှ ရှည်လျားသည်။ ထွက်ပေါက်မှ ပထမဆုံး ထွက်သွားသူမှာ စလော့ဂါး ....။

'ဟူး .... ရေး'

စလော့ဂါးသည် ဝမ်းသာအားရ အော်လိုက်သည်။ သူ့နောက်မှ ကပ်လိုက်လာသော ပက်ရီးဒီးကို ဆွဲထုတ်လိုက်သည်။ အားလုံး ဘေးကင်းရာဘက်သို့ ရောက်ခဲ့ကြပြီ။ စကားတွေပြောကြ၊ ရယ်ကြ၊ မောကြ၊ အော်ကြဟစ်ကြနှင့် သောသောညံလျက်ရှိသည်။ ပြိုကျနေသော ခေါင်မိုးအပြိုအပျက်ပုံကြီးကို ဖယ်ရှားပြီး ထွက်လာနိုင်ခဲ့ခြင်းသည် အလွန်ထူးခြားသည့် ကြိုးပမ်းမှုတစ်ခု ဖြစ်ချေသည်။

သို့သော်လည်း နောက်ထပ် ကိုက်ငါးဆယ်ခန့် ဆက်သွားအပြီးတွင် သူတို့သည် မရယ်နိုင်ကြတော့ပေ။ နောက်တစ်ကြိမ် ပြိုကျနေသည့် အပျက်အစီးပုံကြီးတစ်ပုံနှင့် တွေ့နေရပြန်ပြီ။ ဤတစ်ကြိမ် တွေ့ရသည့် အပျက်အစီးပုံကြီးမှာ လိပ်သည်းကျောက်တုံးကြီးများ ဖြစ်သည်။ စိန်လွန်တစ်ခုနှင့် ဖောက်ပါမှ ထွက်လမ်းရနိုင်မည့်အခြေအနေ ဖြစ်သည်။

သို့သော်လည်း သူတို့တွင် ဘာလက်နက်မှ မရှိ။ လက်များသာ ရှိ၏။ သူတို့၏ လွတ်မြောက်ရေးအတွက် ဤလမ်းတစ်လမ်းတည်းသာရှိ၏။ ထိုတစ်လမ်း



မှာလည်း ပိတ်လျက်ရှိ၏။ ကျောက်တုံးများသည် ထုသည်၊ မာသည်၊ ကြီးသည်။ သူတို့၏လက်များမှာ ဒဏ်ရာအနာတရများကြောင့် သွေးသံတရဲရဲ ....။ သူတို့အားလုံး ငြိမ်ဆိတ်နေကြသည်။

'မင်းတို့အားလုံး စိတ်မလျှော့ကြနဲ့' ဟု ရောဘတ်က ရှင်လန်းတက်ကြွသောလေသံဖြင့် ပြောသည်။

'ငါတို့ အခု ဒီနေရာကို ရောက်နေကြပြီ၊ စကပ်ပါးတွင်းနဲ့ သိပ်မဝေးတော့ဘူး၊ သူတို့ဆီကလွှတ်တဲ့ ကယ်ဆယ်ရေးအဖွဲ့ဟာ တို့ဆီကိုလာနေမှာပဲ သေချာတယ်၊ ဘယ်နည်းနဲ့မဆို သူတို့ ရောက်လာမှာပဲ၊ တို့ လုပ်ရမှာက ဒီနေရာကနေပြီး တို့ရှိနေတာကို သိအောင်လုပ်ဖို့ပဲ'

သူတို့အားလုံး ထိုင်လိုက်ကြသည်။ ဟာရီဘရေ့စ်သည် ပြိုကျနေသော ခေါင်မိုးဘေး၌ဝပ်ကာ ကျောက်တုံးတစ်တုံးနှင့် အခြားကျောက်တုံးကြီးတစ်တုံးကို ထုသည်။ ကျောက်ထုသံကို ကယ်ဆယ်ရေးအဖွဲ့ဝင်များ ကြားစေရန် ဖြစ်၏။ ရံဖန်ရံခါတွင် သူသည် အသံကုန်ဟစ်၍ အော်သံပေးသည်။ သူတို့သည် ထိုအလုပ်နှစ်ခုကို ပုံမှန်လုပ်ကာ ကယ်မည့်သူများ ရောက်အလာကို မျှော်လင့်စောင့်စားလျက်ရှိကြလေသည်။

* * * * *

## (၂၃)

ကျောက်မီးသွေးတွင်း၌ ပြဿနာဖြစ်ခဲ့သည့်မနက် ခြောက်နာရီမထိုးခင် အချိန်ကလေးတွင် ရစ်ချတ်ဘားရပ်စ်သည် အပြင်မှ အသာအယာ တံခါးခေါက်သံကြောင့် အိပ်မောကျနေရာမှ လန့်နိုးလာသည်။ တံခါးခေါက်သံမှာ အတော်ကြာကြာကတည်းက ခေါက်နေခြင်း ဖြစ်၏။ သူသည် အိပ်ရာထဲမှနေ၍ ....

'ဘာလဲဟေ့' ဟု လှမ်းမေးသည်။

အပြင်မှ အန်တီကေရီ၏ ထိတ်လန့်နေဟန်ရှိသောအသံကို ကြားရသည်။

'ကျွန်မ ရှင့်ကို နှောင့်ယှက်ချင်လို့ မဟုတ်ပါဘူး၊ စစ်ဆေးရေးမှူး ရောက်လာပြီး အရေးကြီးတဲ့ကိစ္စရှိတယ် ပြောလို့ပါ၊ သူက တွေ့ချင်နေတယ်'

အန်တီကေရီသည် စစ်ဆေးရေးမှူး ဟတ်ဒ်စပက် ပြောလိုက်သည့်စကားကို ပြန်မပြောရဲ။

ရစ်ချတ်ဘားရပ်စ်သည် အဝတ်ကို ကပျာကယာလဲပြီး အောက်ထပ်သို့

ဆင်းလာခဲ့သည်။ အမှန်တော့ ဤအချိန်သည် သူ အိပ်ရာမှ နိုးနေကျဖြစ်၍ ပြဿနာဟု ပြော၍မရတော့ပေ။ သူသည် စစ်ဆေးရေးမှူးကို မြင်သည့်အခါ ....

'မင်္ဂလာနံနက်ခင်းပါ ဟတ်ဒ်စပက်' ဟု လှမ်းနှုတ်ဆက်သည်။

ဟတ်ဒ်စပက်ကို ကြည့်ရသည်မှာ အိပ်ရာမှ အရေးတကြီး ထလာသည့် ပုံမျိုး ဖြစ်၏။ သူ့ထံသို့ လာရာ၌လည်း အပြေးအလွှား လာခဲ့ရပုံရ၏။ ဟတ်ဒ်စပက်သည် သူ့ကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် အရေးကြီးသောသတင်းကို ပြောသည်။

'ကျောက်မီးသွေးတွင်း နှစ်တွင်းစလုံးကို ရေတွေဝင်လာတယ် မစ္စတာ ဘားရုပ်စ်၊ ရေတွေက နေရာတိုင်းမှာ ပြည့်ကုန်ပြီ၊ ဘာမှလုပ်လို့ မရတော့ဘူး'

ကြောက်မက်ဖွယ်ကောင်းသည့် တိတ်ဆိတ်ခြင်းသည် မင်းမှုလျက်ရှိသည်။ အချိန်အတန်ကြာမှ ....

'ဟုတ်လား' ဟူသော ရေရွတ်သံသည် ရစ်ချတ်၏နှုတ်မှ ထွက်လာသည်။

'ပထမဆုံးအဆိုင်းက ဂလုတ်ဘဲ ကျောက်မီးသွေးတွင်းနဲ့ ပါရာဒိုက်စ်တွင်းတွေထဲကို ရောက်သွားကြပြီ၊ သူတို့အားလုံးရဲ့ အခြေအနေ ဘာမှမသိရတော့ဘူး၊ အထဲကလည်း တစ်ယောက်မှ အပြင်ကို ထွက်မလာနိုင်ဘူး' ဟု ဟတ်ဒ်စပက်က ပြောသည်။

'အဆိုင်းထဲမှာ လူဘယ်နှစ်ယောက်ပါသလဲ' ဟု ရစ်ချတ်က မေးသည်။

'ကလေးလူကြီး တစ်ရာကျော်လောက် ရှိမယ်ထင်တယ်၊ အတိအကျတော့ မသိရသေးဘူး၊ ကျွန်တော် အိပ်ရာကထလာတာ ငါးမိနစ်ပဲ ရှိသေးတယ်၊ ဒီကို တန်းလာခဲ့တာ၊ ကျွန်တော် မစ္စတာအမ်းစထရောင်းဆီကို လူတစ်ယောက်လွှတ်ပြီး အသေးစိတ် မေးခိုင်းထားတယ်'

ရစ်ချတ်သည် တံ့ဆိုင်းမနေတော့ဘဲ ထွက်လာခဲ့သည်။ ခြောက်မိနစ်ခန့် အကြာတွင် သူတို့သည် ရုံးဝင်းအတွင်းသို့ ရောက်ကြသည်။ မီးသမား ဂျင်မီသည် တာစောင့်မှူးနှင့် လက်ထောက် တာစောင့်မှူးတို့ကိုသာမက အချိန်မှတ်စာရေး ကာစင်ကိုပါ ခေါ်ထားပြီး ရစ်ချတ်အား စောင့်နေသည်။ ရစ်ချတ်ကို တွေ့သည့် အခါ တာစောင့်မှူးက ....

'မစ္စတာအမ်းစထရောင်း အခုပဲ ရောက်ပါတယ်၊ သူ "ပိုင်းဒင်းအခန်း" ကို သွားနေပါတယ်' ဟု သတင်းပေးသည်။

ရစ်ချတ်က ဟတ်ဒ်စပက်အား လှမ်းကြည့်ပြီး ....

'သူ့ကို သွားခေါ်လိုက်ပါ' ဟု ခိုင်းသည်။ ဟတ်ဒ်စပက်သည် အရေးတကြီး ပြေးသွားသည်။ ရစ်ချတ်သည် သူ့ရုံးခန်းထဲသို့ ရောက်သွားသည်။ နံရံ



ထက်မှ တိုင်ကပ်နာရီ လက်တံများသည် ခြောက်နာရီဆယ့်ငါးကို ညွှန်ပြနေသည်။ ရစ်ချတ်သည် ရုံးခန်းထဲသို့ ဝင်လာနေခိုက်မှာပင် မြေအောက်နှင့်ဆက်ထားသော တယ်လီဖုန်း မြည်လာသည်။ သူသည် ဖုန်းခွက်ကို အမြန်ကောက်ယူလိုက်သည်။

'ဟယ်လို .... ဟယ်လို၊ ဟယ်လို ....'

စကပ်ပါးဖလက်တွင်းမှ ရောဘတ်ဖင်းဝစ်၏အသံကို ချက်ချင်းကြားလိုက်ရ၏။ မြေအောက်၌ ပိတ်မိနေသည့် လူစုထံမှ ခေါ်ခြင်းဖြစ်သည်။ နှစ်ဦးနှစ်ဖက် စကားပြောအပြီးခန့်တွင် တယ်လီဖုန်းအဆက်အသွယ်သည် ဖျက်ခနဲပြတ်သွားသည်။ ရစ်ချတ်သည် ဖုန်းခွက်ကို ပြန်ချထားလိုက်သည်။ ခဏမျှအကြာတွင် အမ်းစထရောင်းနှင့် ဟတ်ဒ်စပက်တို့ ဝင်လာကြသည်။

'ခင်ဗျား သိသလောက် ကျွန်တော့်ကို ပြောပြပါဦး မစ္စတာ အမ်းစထရောင်း' ဟု ရစ်ချတ်က ပြောသည်။

အမ်းစထရောင်းသည် သူ သိထားသမျှကို ရှင်းပြသည်။ နှစ်မိနစ်ခန့် ကြာသည်။ ဤကိစ္စပြီးသွားလျှင် မိမိ အလုပ်ပြုတ်တော့မှာ သေချာသည်ဟုလည်း တွေးသည်။ သူ့စကားအဆုံးတွင် ရစ်ချတ်က ....

'မစ္စတာ ဂျင်းနင်းဆီ ဖုန်းဆက်ပါ' ဟု ပြောသည်။

'ကျွန်တော် ဆောဟစ်ကင်းကို သူ့ဆီလွှတ်ပြီး အခေါ်ခိုင်းထားပါတယ်၊ သတင်းရရချင်း ကျွန်တော် သူ့ကိုခေါ်ဖို့ အစရင်ဆုံးလုပ်ခဲ့တာပါ၊ သူ မကြာခင် ဒီကိုရောက်လာပါလိမ့်မယ်' ဟု ပြန်ပြောသည်။

'သိပ်ကောင်းတယ်' ဟု ရစ်ချတ်က အလွန်ကျေနပ်သွားသည့် လေသံဖြင့် ရေရွတ်သည်။

'တယ်လီဖုန်းဆီသွားပါ မစ္စတာအမ်းစထရောင်း၊ အခုချက်ချင်း တိုင်နီကပ်ဆဲလ်က ရစ်ဂါအင်ဟက်စတော့ ကုမ္ပဏီကို ဆက်ပါ၊ မက်ဆာတီအင်အာရ်ဟင်ဒါဆင် ကုမ္ပဏီကိုလည်း ဆက်ပါ၊ ပြီးတော့ ဖက်စပ်ကျောက်မီးသွေးတွင်းများနှင့် ယော်တန်အိုင်းရွန်း ကုမ္ပဏီကိုလည်းဆက်ပါ၊ အထူးသဖြင့် အဲဒီကုမ္ပဏီက မစ္စတာပရိုးဘတ်ကို ဒီလိုက်လာဖို့ ပြောပါ'

'သူတို့အားလုံး ဒီမှာဖြစ်တဲ့ အခြေအနေတွေ ရှင်းပြပါ၊ လိုအပ်တဲ့အကူအညီမှန်သမျှ ပေးဖို့တောင်းခံပါ၊ ကျွန်တော်တို့အနေနဲ့ ဟက်ဒ်ဂီယာ၊ ရေပိုက်နဲ့ လျှပ်စစ်ပစ္စည်းတွေ လိုလာမှာ သေချာတယ်၊ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ အမြန်ဆုံး လွှတ်ပေးဖို့လည်း ပြောပါ၊ အခုခိုင်းတာတွေကို အခုချက်ချင်းလုပ်ပါ မစ္စတာ အမ်းစထရောင်း'

အမ်းစထရောင်းသည် ချက်ချင်းပင် တယ်လီဖုန်းဆီသို့ ပြေးသွားသည်။ ရစ်ချတ်ဘားရပ်စ်သည် ဟာတ်ဒ်စပက်ဘက်လှည့်၍ ....

'မင်းက လူဆယ်ယောက်ခေါ်ပြီး စကပ်ပါးတွင်းဟောင်း မြေအောက်အဝင်စခန်းကိုသွားပြီး စစ်ဆေးကြည့်ပါ၊ မြန်မြန်နဲ့ ပြည့်စုံအောင်လုပ်ပါ၊ အဲဒီက အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သိချင်တယ်၊ ပြီးရင် ငါ့ဆီကို အမြန်ဆုံးသတင်းပို့ပါ' ဟု တာဝန်ပေးသည်။

ဟာတ်ဒ်စပက် ထွက်အသွားမှာပင် မစ္စတာဂျင်းနင်း ရောက်လာသည်။ သတ္တုတွင်းများ စစ်ဆေးရေးအရာရှိ မစ္စတာဂျင်းနင်းသည် ဟောင်ဖွာဟောင်ဖွာသမား ဖြစ်သည်။ မျက်နှာနီရဲရဲနှင့် ပျော်ပျော်နေတတ်သည်။ လုပ်စရာရှိလျှင် ပြတ်ပြတ်သားသား လုပ်တတ်သည်ဟု နာမည်ကြီးနေသူ ဖြစ်၏။ သူသည် ခြည်းလွတ်ဝါးလွတ် လုပ်သည့် အလုပ်မျိုးကို ဆန့်ကျင်သူအဖြစ် ထင်ရှားနေသူဖြစ်၏။ မည်သူနှင့်မဆို တရင်းတနှီး ဆက်ဆံတတ်သော်လည်း အလုပ်နှင့် ပတ်သက်လာလျှင် တင်းတင်းကျပ်ကျပ် လုပ်တတ်သော အလေ့အထရှိသည်။ လူတိုင်းက သူ့အား ခင်မင်ကြသည်။ လေးစားကြသည်။

ရုံးခန်းထဲမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သော ဂျင်းနင်းသည် သူ့လည်ကုပ်၌ ပေါက်နေသော အနာစိမ်းတစ်လုံးကြောင့် စိတ်ပျက်စိတ်ရှုပ်လျက်ရှိသည်။ သူ့နှုတ်မှ ....

'ဒီအနာက တော်တော့်ကို နာသကိုး' ဟူသော ရေရွတ်သံ ကြားရသည်။ တစ်ဆက်တည်းပင် ....

'ဒီမှာ ဘာတွေဖြစ်နေကြသလဲ' ဟု မေးသည်။
ရစ်ချတ်ဘားရပ်စ်က အကြောင်းစုံကို ပြောပြသည်။ ဂျင်းနင်းသည် ကြားလိုက်ရသော သတင်းကြောင့် စိတ်တုန်လှုပ် ချောက်ချားသွားသည်။ သူသည် အံ့အားသင့်နေသည့် မျက်နှာထားဖြင့် ရစ်ချတ်အား ကြည့်နေသည်။ သူသည် သူ့လည်ကုပ်မှအနာကို သတိမရတော့ပေ။ ရုတ်တရက်ချက်ချင်း အခန်းထဲ၌ တိတ်ဆိတ်သွားသည်။

'ခင်ဗျား တာရီးကို စစ်ဆေးကြည့်မယ် မဟုတ်လား' ဟု ရစ်ချတ်က မေးသည်။ အခုမှ ထိုင်စဖြစ်သော ဂျင်းနင်းသည် ချက်ချင်းပြန်ထသည်။

'ဟုတ်တယ်၊ စစ်မယ်၊ ထိပ်ပိုင်းကို တစ်ချက်ကြည့်ချင်သေးတယ်' ဟု ပြောသည်။

ရစ်ချတ်ဘားရပ်စ်က ဂျင်းနင်းအား လိုက်ပြသည်။ သူတို့သည် တာရီးကို စစ်ဆေးသည်။ ရေစုပ်စက်များကို ကြည့်သည်။ တွင်းထဲတွင် ရေတွေဖြင့် ပြည့်နေ



သည်။ ဂျင်းနင်းသည် စက်ခန်းမှ အင်ဂျင်မောင်းသူကို မေးမြန်းစုံစမ်းသည်။ ထို့နောက် ရုံးခန်းသို့ ပြန်လာခဲ့ကြလေ၏။

'ဒီတွင်းတွေအတွက် ရေစုပ်စက်တွေ ထပ်လိုလိမ့်မယ် မစ္စတာရစ်ချတ်ဘားရပ်စ်၊ အမြန်ဆုံးလိုလာမှာ ....' ဟု ဂျင်းနင်းက ပြောသည်။

ရစ်ချတ်သည် ဂျင်းနင်း၏စကားကို သည်းခံ၍ နားထောင်သည်။ သူ့စကားများအပေါ်တွင် သူ့ထင်မြင်ချက်ကို မပေး။ ဝေဖန်ခြင်းလည်း မပြု။ သို့သော်လည်း ဂျင်းနင်းထံမှ ပြောစရာစကား ကုန်သွားသည့်အခါ သူ့သဘောထားကို ရှင်းလင်းပြောပြသည်။

'ဒီနေရာက ရေတွေကို စုပ်ထုတ်ဖို့ ကိစ္စကတော့ ချက်ချင်းမလုပ်နိုင်ဘူး၊ အထဲကလူတွေကို စကပ်ပါးဘက်က ဝင်ကြည့်ဖို့ စီစဉ်ရမှာပဲ၊ အဲဒီနည်းက အကျိုးဖြစ်လာနိုင်တယ်၊ ဟာတ်ဒ်စပက်ကို သွားကြည့်ခိုင်းထားတယ်၊ သူ ပြန်လာလို့ ဖြစ်နိုင်တဲ့ အခြေအနေရှိရင် အဲဒီကနေ ဝင်ခိုင်းရလိမ့်မယ်'

ဂျင်းနင်းသည် စဉ်းစားရခက်နေသည်။ စိတ်နေစိတ်ထားအားဖြင့် သူ့အား လွှမ်းမိုးနိုင်မည့် လူတစ်ယောက်နှင့် ရင်ဆိုင်နေရပြီဟု သူ ထင်မိသည်။ ရစ်ချတ်ဘားရပ်စ်၏ သဘောထားမှာ ရှင်းသည်။ တွင်းထဲမှ ရေအားလုံးကို စုပ်ထုတ်ပြီး ကယ်သည့်နည်းကို သုံးမည်မဟုတ်။ သို့သော်လည်း အခု ရစ်ချတ် တင်ပြနေသည့် အစီအစဉ်သည် ပို၍ လက်တွေ့ကျရုံမျှမက ကျိုးကြောင်းဆီလျော်နေသဖြင့် ဂျင်းနင်းသည် ရစ်ချတ်ဘားရပ်စ်အား စိတ်ထဲမှ ကြိတ်၍ချီးမွမ်းနေမိသည်။

'ခင်ဗျား စီစဉ်ထားတဲ့အတိုင်း လုပ်ပြီဆိုပါတော့၊ တွင်းဟောင်းရဲ့ မြေပုံတွေ၊ ပုံစံတွေ မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး အထဲဝင်မှာလဲ' ဟု ဂျင်းနင်းက မေးသည်။

'ဒါကတော့ ဒီလိုပဲ ဖြစ်တဲ့နည်းနဲ့ ကြိုးစားကြည့်ရမှာပဲ' ဟု ရစ်ချတ်ဘားရပ်စ်က ဖြေသည်။

'ကောင်းပြီလေ၊ ကြိုးစားကြည့်ပေါ့' ဟု ဂျင်းနင်းက ပြောကာ သက်ပြင်းချသည်။

'တကယ်လို့သာ တွင်းဟောင်းရဲ့ပုံစံတွေရှိခဲ့ရင် ဒီပြဿနာမျိုးနဲ့ ကြုံရမှာမဟုတ်ဘူး၊ ဟိုရှေးခေတ်က လူတွေဟာ အရူးတွေပဲ၊ ဘာ့ကြောင့် ကိုယ့်တွင်းရဲ့ ပုံစံတွေကို လုပ်မထားကြတာလဲ မသိဘူး'

ဂျင်းနင်းသည် ပြောရင်းဆိုရင်းနှင့် လည်ကုပ်မှအနာက နာလာသဖြင့် မျက်နှာရှုံ့သွားသည်။

'အရေးထဲမှာ ဒီအနာကလည်း တစ်ဒုက္ခပါပဲ၊ ကျွန်တော် ဆေးလည်း သောက်တာပဲ၊ မသက်သာဘူး' ဟု ညည်းသည်။

ထိုအခိုက်တွင် ဟာတ်ဒ်စပက် ပြန်ရောက်လာသည်။

'ကျွန်တော် စကပ်ပါးတွင်းဟောင်းကို အသေအချာ ကြည့်ခဲ့ပြီးပါပြီ မစ္စတာဘားရပ်စ်၊ တွင်းဟောင်းရဲ့ဝင်ပေါက်က သိပ်ပြီး အခြေအနေမဆိုးပါဘူး၊ တွင်းထဲမှာ အမှိုက်တွေနဲ့ အညစ်အကြေးတွေကတော့ ရှိတယ်၊ သိပ်အများကြီးတော့ မဟုတ်ပါဘူး၊ ရေဆိုးရေညစ်တွေလည်း အနည်းအပါးရှိနေတယ်၊ ကျွန်တော်တို့ လူတစ်ယောက်ကို ကြိုးနဲ့ချည်ပြီး တွင်းထဲ ချကြည့်ပါတယ်၊ သူ့ကို ပြန်ဆွဲတင်လိုက်တဲ့အခါမှာ သူ ရေဆိုးရေညစ်ကအငွေ့ကို ရှူလာမိလို့ နည်းနည်းနေမကောင်းသလို ဖြစ်သွားပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အမှိုက်တွေကို နှစ်ဆယ့်လေးနာရီအတွင်း ရှင်းလို့ရနိုင်လိမ့်မယ်လို့ ထင်ပါတယ်' ဟု ရှင်းလင်းပြောပြသည်။

'ကျေးဇူးတင်ပါတယ် မစ္စတာဟာတ်ဒ်စပက်' ဟု ရစ်ချတ်က ပြောသည်။

'တို့ အခုပဲ စကပ်ပါးဝင်ပေါက်ဆီကို သွားကြစို့'

ဤလုပ်ငန်းကို တခြားလူ ဦးဆောင်မည် မဟုတ်။ ရစ်ချတ်ဘားရပ်စ်ကိုယ်တိုင် ဦးဆောင်တော့မည်ဟု သေချာသွားပြီ။ သူ၏ တည်ငြိမ်အေးဆေးမှုနှင့် ခိုင်မာပြတ်သားမှုများသည် သူ့အား ဦးစီးဦးဆောင်ပြုရန် တွန်းအားပေးသည့်နှယ်ရှိသည်။

ရုံးထဲမှ လူလေးယောက် ထွက်လာသည်။ ထိုအုပ်စုထဲတွင် လူငယ်ဆရာဝန် ဒေါက်တာလူးဝစ္စ ပါလာသည်။ သူသည် ယခုအခါတွင် ဒေါက်တာစကော့နှင့် အလုပ်တွဲလုပ်နေသူ ဖြစ်၏။ သူသည် ကြားရသည့်သတင်းအတွက် များစွာ စိတ်လှုပ်ရှားနေသည်။

'ကျွန်တော် အခုမှ ကြားရတယ်၊ မွေးလူနာတစ်ယောက်ကိုကြည့်ပြီး ပြန်လာမှ သိရတယ်၊ ကျွန်တော် ဘာလုပ်ပေးဖို့လိုမလဲ ပြောပါ' ဟု ဒေါက်တာလူးဝစ္စက သူ့ဆန္ဒကို ဖော်ထုတ်သည်။ သူသည် ဘာပဲ လုပ်ပေးရ လုပ်ပေးရ လုပ်ပေးမည်ဟု သဘောထားပုံပေါက်သည်။ ကျောက်မီးသွေးတွင်းထဲသို့ဆင်း၍ သက်စွန့်ဆံဖျား လုပ်ပေးရမည် ဆိုပါကလည်း လုပ်ပေးမည့်သဘော ရှိသည်။ တကယ်တော့ စလီစကေးမြို့တွင် သူ့အား လူအများက "ဆရာဝန်ပေါက်စ ဒေါက်တာလူးဝစ္စ" ဟု ခေါ်ကြသည်။ ဂျင်းနင်းကတော့ ဒေါက်တာလူးဝစ္စ၏ ပြောပုံဆိုပုံနှင့် ဟန်အမူအရာကို ကြည့်၍မရ ဖြစ်နေသည်။

'ကျေးဇူးတင်ပါတယ် ဒေါက်တာလူးဝစ္စ' ဟု ရစ်ချတ်ဘားရပ်စ်က ပြောသည်။

'ကျွန်တော်တို့အနေနဲ့ ဒေါက်တာ့ရဲ့ အကူအညီကို လိုအပ်ပါလိမ့်မယ်၊ ကျေးဇူးပြုပြီး ရုံးခန်းထဲကိုကြွပါ၊ ဆောပစ်ကင်းက ဒေါက်တာ့အတွက် ကိုကိုး



တစ်ခွက် ဖျော်တိုက်ပါလိမ့်မယ်၊ ဒေါက်တာရဲ့ လုပ်အားကိုတော့ နောက်ပိုင်းကျရင် လိုအပ်လာမှာပါ'

ဒေါက်တာလူးဝစ္စသည် ရုံးခန်းဘက်သို့ သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် လျှောက်သွားသည်။ ရစ်ချတ်ဘားရပ်စ်၊ ဂျင်းနင်း၊ အမ်းစထရောင်းနှင့် ဟာတ်ဒ်စပက်တို့သည် စကပ်ပါး ကျောက်မီးသွေးတွင်းဟောင်း ဝင်ပေါက်ဆီသို့ ထွက်ခွာခဲ့ကြသည်။ အချိန်အချိန်ကျမှပင် အလင်းရောင်သည် ဝင်ရောက်လာသည်။ ရာသီဥတုသည် ချက်ချင်းပင် အေးလာသည်။ နှင်းမှုန်နှင်းလွှာများသည် တဖွဲဖွဲ ကျဆင်းလာနေသည်။ သူတို့လေးယောက်နှင့်အတူ လူနှစ်ဆယ့်ငါးယောက်ပါဝင်သော ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ လိုက်ပါလာသည်။ သူတို့အုပ်စုသည် ဆီးနှင်းများ၏အောက်တွင် ငြိမ်ဆိတ်စွာ လျှောက်သွားနေကြသည်။ ဤအဖွဲ့သည် ပထမဆုံးသော ကယ်ဆယ်ရေးအဖွဲ့ပေတည်း။

ယခုအခါတွင် ကျောက်မီးသွေးတွင်း သတင်းသည် တစ်မြို့လုံးကို ပျံ့နှံ့သွားခဲ့လေပြီ။ အလုပ်သမား တန်းလျားများမှ နေအိမ်တံခါးများသည် ပွင့်လာကြသည်။ အိမ်တွင်းမှ ယောကျ်ားနှင့် မိန်းမများသည် ထိုတံခါးပေါက်များမှ ထွက်လာကြသည်။ သူတို့သည် ကောင်းပင်လမ်းတစ်လျှောက် အပြေးအလွှားသွားနေကြသည်။ အားလုံးလိုလိုပင် ပြေးသွားနေကြခြင်း ဖြစ်၏။ သူတို့သည် ကျောက်မီးသွေးတွင်းဘက်သို့ ထိတ်လန့်ချောက်ချားခြင်း၊ စိုးရိမ်ပူပန်ခြင်း စသော စိတ်များဖြင့် အပြေးအလွှား သွားနေကြခြင်း ဖြစ်လေသည်။

မာသာသည် ထိုသတင်းကို မစ္စက်ဘရေ့စ်ထံမှ ကြားသိရခြင်း ဖြစ်၏။ ကြားလျှင်ကြားချင်း အကြီးအကျယ် ဆောက်တည်ရာမရ၊ ပူပန်သောကမရောက်အောင် သူ့စိတ်သူ ထိန်းသည်။ 'ငါ့သား ဆင်မီတစ်ယောက် ဒီနေ့ အလုပ်မဆင်းရတာ တော်ပါသေးရဲ့' ဟု တွေးကာ စိတ်ကိုဖြေသည်။

သူသည် ချက်ချင်းပင် ဆင်မီအား အိပ်ရာမှနိုးသည်။ ထို့နောက် ကုတ်အင်္ကျီကို ကပျာကယာ ယူ၍ဝတ်ကာ သူ့သား ဆင်မီနှင့်အတူ ကျောက်မီးသွေးတွင်းဘက်သို့ ပြေးသည်။ အဘိုးအို ဟန်းစ်ပက်ဆားသည်လည်း သူတို့နှင့်အတူ ရော၍ ပြေးသွားလျက်ရှိ၏။ ဟန်းစ်သည် ပထမဦးဆုံး ရောက်လာသည့် ဖောက်သည်တစ်ဦးအား မုတ်ဆိတ်မွေး ရိတ်ပေးနေရာမှ သတင်းကို ကြားလျှင်ကြားချင်း ပြေးလာခဲ့ခြင်းဖြစ်၍ သူ့ဘယ်ဘက်လက်ထဲတွင် သင်တုန်းဓားသွေးသည့် သားရေပြားတစ်ခု ကိုင်ထားဆဲ ဖြစ်သည်။

ဒေးဗစ်သည် သူ့စက်ဘီးကိုစီး၍ မြို့ထဲသို့ဝင်လာခိုက်တွင် ထိုသတင်းကို ကြားလိုက်ရခြင်း ဖြစ်သည်။ သူသည် စက်ဘီးကို တရကြမ်းနင်းကာ ကျောက်

မီးသွေးတွင်းဘက်သို့ တန်းသွားသည်။ စလော့ဂါး၏ မိန်းမသည် အိပ်ရာမှ မထသေးခင် ထိုသတင်းကို ကြားရခြင်းဖြစ်၍ စလော့ဂါး၏သား ချားလ်သည် ဆယ်လူတေးရှင်း ဆိုင်တံခါးဝ၌ ရပ်နေစဉ်အတွင်း ကြားရခြင်း ဖြစ်သည်။

ဆူဆန်ဝက်ပ်မှာ မနက်စောစော အိပ်ရာမှထ၍ ဘုရားရှိခိုးနေခိုက်တွင် ထိုသတင်းကို ရခြင်းဖြစ်၏။ ဝမ်းဆွဲဆရာမ မစ္စက်ရီးဒီးမှာ ဒေါက်တာလူးဝစ္စနှင့် အတူ လူနာတစ်ဦးကို မီးဖွားပေးနေစဉ် ထိုသတင်းကို ကြားရခြင်းဖြစ်၏။ သူမ၏ သားအကြီး ဂျက်ရီးဒီးသည် အရက်ဆိုင်သို့အသွား လမ်းခုလတ်တွင် ကြားရခြင်း ဖြစ်သည်။ သူသည် ချာလီမင်းနှင့် အတူတွဲ၍ ကျောက်မီးသွေးတွင်းဘက်သို့ ပြေးသည်။ နက်ဒ်ဆော့ဖ်လေး၏အမေသည် အများပြည်သူ အဝတ်လျှော်ရာ ရေဘုံဘိုင်သို့အသွားတွင် ကြားရခြင်းဖြစ်၏။ အဘိုးကြီး တွမ်အိုဂလီမှာ အဝတ်လဲနေခိုက် ကြားရခြင်းဖြစ်၍ ဘောင်းဘီကြယ်သီးများကိုတပ်ရင်း ကျောက်မီးသွေးတွင်းဘက်သို့ ပြေးသွားနေခြင်း ဖြစ်လေသည်။

တစ်ခဏမျှ အတွင်းမှာပင် ယောကျ်ား မိန်းမ ငါးရာခန့်သည် ကျောက်မီးသွေးတွင်း၏ ရုံးဝင်းရှေ့၌ ရောက်နေကြသည်။ လူအရေအတွက်သည် လျော့သွားသည်မရှိ။ တိုး၍သာ လာနေသည်။ အားလုံးသည် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်၍ စောင့်နေကြခြင်း ဖြစ်၏။ မိန်းမအများစုသည် မြို့ထည်များ ခြုံလာကြသော်လည်း ယောကျ်ားအများစုမှာ ကုတ်အင်္ကျီပင် ဝတ်မလာကြပေ။ သူတို့အားလုံးသည် ဆီးနှင်းများ တဖွဲဖွဲကျနေသည့်အောက်၌ရပ်ကာ ဖွဲနုပဲကြီးစွာဖြင့် စောင့်မျှော်နေကြလေသည်။

နံနက်ကိုးနာရီ ထိုးသည့်အခါ ဆီးနှင်းများသည် ပို၍ကျလာသည်။ ရစ်ချတ်ဘားရပ်စ်သည် ဂျင်းနင်းနှင့် အမ်းစထရောင်းတို့ လိုက်ပါကာ ရုံးဝင်းအတွင်းသို့ ပြန်ရောက်လာသည်။ အမ်းစထရောင်းသည် ရုံးဝင်းပြင်ဘက်မှ လူစုလူဝေးကို ကြည့်ပြီး ....

'ကျွန်တော် ဂိတ်တံခါးတွေကို ပိတ်ထားလိုက်ရမလား' ဟု မေးသည်။

'မပိတ်နဲ့' ဟု ရစ်ချတ်ဘားရပ်စ်က ပြောသည်။

'ဝင်းထဲမှာ မီးဖိုကြီးတစ်ခု ဖိုပေးထားလိုက်ပါ၊ ဝင်းရဲ့အလယ်မှာ ဖိုပေးထားပါ၊ သူတို့ ရပ်နေကြရတာ သိပ်ကိုအေးတယ်'

သူတို့သည် မီးဖိုကြီးတစ်ဖို ဖိုပေးကြသည်။ ချားလ်ဂိုလန်၊ ဂျိတ်ဝစ်ခ်နှင့် တာစောင့် အလုပ်သမားများသည် သစ်သားချောင်းများကို ယူလာပြီး မီးဖိုကြီးထဲသို့ ထည့်ပေးကြသည်။ မီးဖိုကြီးသည် မီးတောက်မီးလျှံများဖြင့် ထိန်ထိန်ညီးလျက်ရှိသည်။ ဤအခိုက်မှာပင် ဆီးတန်ကျောက်မီးသွေးတွင်းမှ စေတနာ့ဝန်ထမ်း



ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ ရောက်လျှင်ရောက်ချင်း သူတို့သည် စကပ်ပါးတွင်းသို့ ထွက်ခွာသွားကြလေသည်။

ထို့နောက် တိုင်းနီကပ်ဆဲလ်မှ ဂီယာများ လာပို့သည့် ထရပ်ကားသုံးစီး ရောက်လာသည်။ အမ်းစထရောင်းသည် တယ်လီဖုန်းဘေး၌ ရပ်ပြီးစောင့်နေရသည်။ ရစ်ချတ်ဘားရပ်စ်နှင့် ဂျင်းနင်းတို့သည် စကပ်ပါးတွင်းဝင်ပေါက်သို့ ပြန်သွားကြသည်။ ရေဆိုးရေညစ် အငွေ့များကြောင့် အောက်သို့ဆင်းသက်ရန်မှာ မလွယ်ကူပေ။ သို့သော်လည်း ချက်ချင်းပင် သူတို့သည် အငွေ့များကို ရှင်းလင်းပစ်နိုင်ခဲ့သည်။

နံနက် ဆယ့်တစ်နာရီတွင် အာသာဘားရပ်စ် ဆိုက်ရောက်လာသည်။ အာသာသည် စနေ၊ တနင်္ဂနွေ အားရက်များတွင် တိုင်းနီကပ်ဆဲလ်မှ တော့ဒ်ထံသွား၍ နေထိုင်ခဲ့ခြင်းဖြစ်ရာ ယနေ့မှ ဆယ်နာရီလေးဆယ့်ငါးမိနစ် မီးရထားဖြင့် ပြန်လည်ဆိုက်ရောက်လာခြင်း ဖြစ်၏။ သူသည် အလွန် စိတ်လှုပ်ရှားစွာဖြင့် ကျောက်မီးသွေးတွင်း ရုံးခန်းထဲသို့ အပြေးအလွှား ဝင်လာသည်။

'အဖေ ... အဖြစ်ကတော့ ကြောက်စရာပါလား' ဟု အာသာက ပြောသည်။

ရစ်ချတ်ဘားရပ်စ်က ဖြည်းဖြည်းချင်း လှည့်၍ကြည့်သည်။

'ဟုတ်တယ်၊ ကြေကွဲစရာ သိပ်ကောင်းတဲ့အဖြစ်ပဲ' ဟု ပြောသည်။

'ကျွန်တော် ဘာလုပ်နိုင်မလဲ၊ ဘာပဲလုပ်ရလုပ်ရ လုပ်ပေးပါ့မယ်'

ရစ်ချတ်က သူ့သား၏မျက်နှာကို ကြည့်နေသည်။

'ဒါတွေက ဘုရားသခင်ရဲ့ အလိုတော်အတိုင်းဖြစ်ကြရတာပဲ' ဟု ပြောသည်။

'ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ရတာ၊ ဟုတ်လား' ဟု အာသာက ရေရွတ်သည်။

'အဖေ့စကားက ဘာအဓိပ္ပာယ်လဲ'

ထိုအခိုက်တွင် အမ်းစထရောင်းသည် အပြေးအလွှား ဝင်ရောက်လာသည်။

'ဖက်စပ်ကျောက်မီးသွေးတွင်း ကုမ္ပဏီက ရေစုပ်စက်နှစ်လုံး ပို့ပေးမယ်လို့ ပြောပါတယ်၊ အခုပဲ လာနေပြီလို့ ပြောပါတယ်၊ ဟော်တန်ကုမ္ပဏီကလည်း ရေစုပ်စက်တစ်လုံး ပို့လိုက်ပြီလို့ ပြောပါတယ်' ဟု သတင်းပို့သည်။

'ကျေးဇူးပဲ မစ္စတာအမ်းစထရောင်း' ဟု ရစ်ချတ်ဘားရပ်စ်က ပြောသည်။

အခန်းထဲတွင် ငြိမ်ဆိတ်လျက်ရှိသည်။ ဆောပစ်ကင်းသည် ထော့နင်းထော့နင်းဖြင့် ဝင်ရောက်လာပြီး ကိုကိုးပန်းကန်များ လိုက်ချပေးသည်။ ဆောပစ်ကင်းမှာ အသက်ခုနစ်ဆယ်ကျော်ပြီ ဖြစ်၍ သစ်သားခြေတု တပ်ထားသော်

လည်း လျှင်မြန်သွက်လက်နေဆဲပင် ဖြစ်သည်။ သူသည် ကိုကိုးဖျော်ရာ၌လည်း အရသာထူးကဲနေအောင် ဖျော်တတ်သူ ဖြစ်လေသည်။

အာသာနှင့် အမ်းစထရောင်းတို့က တစ်ခွက်စီ ယူသောက်ကြသော်လည်း ရစ်ချတ်ကတော့ ခေါင်းခါသည်။ အာသာနှင့် အမ်းစထရောင်းတို့က သောက်လိုက်ဖို့ တိုက်တွန်းသော်လည်း မရ။ ထိုအခါ ဆောပစ်ကင်းက ....

'ဆရာဝန်ပေါက်စ ဒေါက်တာလူးဝစ္စကလည်း သူ ဘာလုပ်ပေးရမလဲဆိုတာ သိပ်ပြီးသိချင်နေပါတယ်၊ တကယ်လို့ သူ ဆက်ပြီး စောင့်နေရဦးမယ်ဆိုရင် ကျွန်တော် သူ့အတွက် ကိုကိုးဖျော်ပြီး ပို့ပေးရပါလိမ့်ဦးမယ်' ဟု ပြောသည်။

ဒေါက်တာလူးဝစ္စသည် ကိုကိုး သောက်ခဲ့သည်မှာ လေးခွက်တိတိရှိသွားပြီဟု ဆိုသည်။

ရစ်ချတ်က အမ်းစထရောင်းအား လှမ်းကြည့်သည်။

'မြို့ပေါ်က ရှိသမျှ ဆရာဝန်တွေကို ဒီမှာ တာဝန်ချထားပေးရင် ကောင်းမယ်ထင်တယ်၊ သူတို့အနေနဲ့ အလှည့်ကျ တာဝန်ယူသွားလို့ရတာပေါ့၊ အဲဒီလို စီစဉ်ထားရင် မကောင်းဘူးလား' ဟု ပြောသည်။

'သိပ်ကောင်းတဲ့ စိတ်ကူးပါ ခင်ဗျာ' ဟု အမ်းစထရောင်းက ထောက်ခံသည်။ သူသည် ချက်ချင်းပင် ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် တယ်လီဖုန်းဆီသို့ အပြေးအလွှား ထွက်သွားပြန်သည်။

'အဖေ ဒီကိစ္စက ဘယ်လိုကစပြီး ဖြစ်လာရတာလဲ၊ ကျွန်တော် သိပါရစေ' ဟု အာသာက ပြောသည်။

'အခုပြောလို့ မရဘူး' ဟု ရစ်ချတ်က ဖြေသည်။

'အခုဖြေလို့မရဘူး' ဟု ထပ်ပြောသည်။ သူ့လေသံသည် မာကျောလှ၏။ အာသာသည် သူ့အဖေ၏လေသံကြောင့် နှုတ်ဆိတ်သွားသည်။

ထိုအခိုက်တွင် မီးသတ်အဖွဲ့ခေါင်းဆောင် အီဘင်နက်ဇာကင်ဟောင်းသည် အခန်းထဲသို့ ဝင်လာသည်။ သူသည် ယူနီဖောင်းကို အပြည့်အစုံ ဝတ်လာသည်။ သူ့အင်္ကျီမှ ကြေးကြယ်သီးရှစ်လုံးသည် သူ့ဇနီး မစ္စက်ကင်ဟောင်း ပွတ်တိုက်ထားမှုကြောင့် အရောင်တလက်လက် ထွက်နေကြသည်။ သူသည် အရပ်ပုပု၊ ထိပ်ပြောင်ပြောင် ဖြစ်သည်။

သူသည် ယူနီဖောင်း အလွန်ကြိုက်သူ ဖြစ်သည်။ ငယ်စဉ်ကတည်းက ယူနီဖောင်းဝတ်ပြီး ကြော့ကြော့မော့မော့ကလေးနေသည်ကို အလွန်သဘောကျသူဖြစ်၏။ ယခုအချိန်တွင် သူသည် စလီစကေးမြို့ပေါ်၌ မီးသတ်ဗိုလ်အဖြစ် လည်းကောင်း၊ ဘင်ခရာတပ်ဖွဲ့၏ ခေါင်းဆောင်အဖြစ် လည်းကောင်း လုသိများနေသူ



ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်အတွင်းတွင် သူသည် အရက်ချက်ရုံဟောင်းလေးတစ်လုံး မီးလောင်သည်ကို ငြိမ်းသတ်နိုင်ခဲ့သဖြင့် ပို၍ လူသိများကာ ကျော်ကြားလာခဲ့သူ ဖြစ်လေသည်။

'လူကြီးမင်း အလိုရှိတာမှန်သမျှ ကျွန်တော် အဆင်သင့် ဖြစ်နေပါပြီ မစ္စတာဘားရပ်စ်' ဟု သူက ပြောသည်။

'ကျွန်တော့်လူတွေကို အပြင်မှာ တန်းစီပြီး စောင့်ခိုင်းထားပါတယ်၊ ခြံဝင်းထဲမှာပါ၊ သူတို့အားလုံး ရှေးဦးသူနာပြုသင်တန်း တက်ခဲ့ဖူးခဲ့တဲ့ လူတွေချည်းပါပဲ၊ ကျွန်တော့်ကိုသာ အမိန့်ပေးပါ၊ လုပ်စရာရှိတာအားလုံး ကျွန်တော် လုပ်သွားပါမယ်'

ရစ်ချတ်ဘားရပ်စ်က ကျေးဇူးတင်ပါသည်ဟု တုံ့ပြန်သည်။ ဆောပစ်ကင်းက မီးသတ်ဗိုလ်အား ကိုကိုးတစ်ခွက် ကောင်းကောင်းဖျော်တိုက်သည်။ သူသည် ကိုကိုးသောက်အပြီးတွင် ပြန်ထွက်သွားသည်။ သူသည် အလွန်အရေးပါအရာရောက်သည့် လူတစ်ယောက်ပုံမျိုး ဟန်ရေးထားရေးပြလျက်ရှိလေရာ တိုင်းနီကပ်ဆဲလ်မြို့မှာ သတင်းယူရန် ရောက်လာကြသော သတင်းထောက်နှစ်ဦးသည် သူ့ကို ဓာတ်ပုံရိုက်ယူကြသည်။ နောက်နေ့မနက်ထုတ် တိုင်းနီကပ်ဆဲလ်အာဂတ်စ်သတင်းစာတွင် ထိုဓာတ်ပုံ ပါလာခဲ့ရာ မီးသတ်ဗိုလ်သည် ထိုဓာတ်ပုံကို ဖြတ်ညှပ်ပြီး လုပ်ထားလိုက်လေသည်။

အကူအညီပေးလိုကြောင်း ကမ်းလှမ်းသည့် ကြေးနန်းစာများ၊ တယ်လီဖုန်းခေါ်သံများသည် အဆက်မပြတ် ဝင်လာနေသည်။ ဟော်တန်ကုမ္ပဏီမှ ကိုယ်စားလှယ် မစ္စတာပရိုးဘတ်သည် လူကိုယ်တိုင် ရောက်လာပြီး မေးမြန်းစုံစမ်းသည်။ ဖက်စပ် ကျောက်မီးသွေးလုပ်ငန်းကုမ္ပဏီမှလည်း ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ပေးသည်။

ဆယ့်နှစ်နာရီမထိုးမီ ရစ်ချတ်ဘားရပ်စ်နှင့် အာသာတို့သည် စကပ်ပါးကျောက်မီးသွေးတွင်းဝင်ပေါက် ရှင်းလင်းရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုကြသည်။ တာဝန်ကျနေသူများသည် ဆီးနှင်းများက တဖွဲဖွဲကျနေသည့်ကြားမှပင် အေးမြသော လေဒဏ်ကိုခံကာ အလုပ်ကို မရပ်မနားလုပ်လျက် ရှိကြသည်။ သူတို့သားအဖသည် ရုံးဝင်းဆီသို့ ပြန်လာကြသည့်အခါ ရုံးဝင်းရှေ့၌ ရပ်နေကြသော အလုပ်သမား မိသားစုများကို ဂရုတစိုက် ကြည့်မိကြသည်။ ယောကျ်ားခုတစ်စုသည် သူတို့အား လမ်းဖယ်မပေးဘဲ ရှေ့မှ ပိတ်ရပ်ထားကြသည်။ ထိုအခိုက်မှာပင် အာသာသည် ဒေးဗစ်ကို လှမ်းမြင်လိုက်လေ၏။

ဒေးဗစ်သည် အာသာတို့ သားအဖအား ပိတ်ရပ်ထားသည့်လူစု၏ ရှေ့ဆုံး

တစ်နေရာ၌ ရပ်နေခြင်း ဖြစ်သည်။ ထိုလူစုထဲတွင် ဂျက်ရီးဒီး၊ ချာလီမင်း အဘိုးကြီး တွမ်အိုဂလီတို့လည်း ပါဝင်သည်။ ဒေးဗစ်သည် သူ့အနီးသို့ ရစ် ဘားရပ်စ် ရောက်လာသည်အထိ ရပ်စောင့်နေသည်။ သူ စိတ်ချုပ်တည်းထား ခြင်းကို သူ့ပါးနှစ်ဖက်က သက်သေပြနေသည်။ သူ့မျက်လုံးများသည် ရစ် ၏မျက်လုံးများနှင့် ဆိုင်မိကြသည်။ ပထမဆုံး အကြည့်ကို တစ်ဖက်သို့ လွှဲ သွားသည်မှာ ရစ်ချတ်။

'ဒီမှာ ရောက်နေကြတဲ့ လူတွေအနေနဲ့ သိချင်တာတွေရှိတယ်' ဟု ဒေး က ပြောသည်။

'ဘာတွေလဲ'

'မြေအောက်မှာ ရောက်နေကြတဲ့လူတွေကို ကယ်ထုတ်ဖို့ လုပ်စရာရှိ တွေကို လုပ်နေပြီလားဆိုတာ သူတို့ သိချင်နေတယ်'

'လုပ်ပြီးပြီ' ဟု ပြောကာ ရစ်ချတ်က မျက်ခုံးပင့်ကြည့်သည်။

'ဒါပဲလား'

'လောလောဆယ်မှာတော့ ဒါပဲ'

ထိုအခိုက်မှာပင် အဘိုးကြီး တွမ်အိုဂလီသည် ဒေါသတကြီးနှင့် ရှေ့ တိုးလာသည်။ သူသည် စိတ်လွတ်ကိုယ်လွတ်ဖြစ်ကာ သတိကင်းမဲ့နေသ လက္ခဏာ ရှိသည်။

'မင်းက သူတို့ကို ဘာပြုလို့ မကယ်တာလဲကွ၊ ငါ့သား ဘော့အိုက် မြေအောက်ရောက်နေပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ မင်း သူ့ကို ကယ်မထုတ် လား' ဟု အော်သည်။

'တတ်နိုင်သမျှ လုပ်ပေးနေတယ် ငါ့လူ' ဟု ရစ်ချတ်ဘားရပ်စ်က တည် ခန့်ညားသော လေသံဖြင့် ပြန်ပြောသည်။

'မင်း ငါ့ကို ငါ့လူလို့မခေါ်နဲ့၊ ငါ မင်းလူ မဟုတ်ဘူး' ဟု ပြော ရစ်ချတ်၏မျက်နှာကို လက်သီးနှင့်ထိုးသည်။

အာသာသည် များစွာ တုန်လှုပ်သွားသည်။ ချာလီဂိုလန်နှင့် လူတချို့ တွမ်အိုဂလီကို အတင်းဝင်ချုပ်ကာ ဆွဲခေါ်သွားကြသည်။ တွမ်အိုဂလီသ အော်ဟစ်ရုန်းကန်ပြီး ပါသွားသည်။ ရစ်ချတ်ကတော့ သူ့နေရာ၌ တောင့် မတ်မတ် ရပ်လျက်ပင်ရှိသည်။ သူသည် သူ့ကိုယ်သူ ခုခံကာကွယ်ခြင်း မပြု ဤလက်သီးချက်သည် သူ့အတွက် ကျေနပ်စရာကောင်းသည့် အရာတစ် ယူဆဟန်ရှိ၏။ သူသည် တွင်းဘက်သို့ ပြန်သွားကာ မီးဖိုကြီးတစ်ခု နောက် ဖိုပေးရန် အမိန့်ပေးသည်။ သူသည် ရှင်းလင်းရေးလုပ်ငန်းကို စနစ်တကျ ကြီး ကွပ်ကဲပေးလျက် ရှိလေသည်။



သူသည် တစ်နေ့လုံး ကျောက်မီးသွေးတွင်းမှ မပြန်။ ဟက်ဒ်ဂီယာများ၊ ကျင်များ တပ်ဆင်ပြီးသည်အထိ၊ ရေစုပ်စက်များ တပ်ဆင်ပြီးသည်အထိ၊ စုပ်ပန်ကာများ တပ်ဆင်ပြီးသည်အထိ၊ တွင်းထဲမှ အညစ်အကြေးများနှင့် ဆိုးရေပုပ်များ ကုန်စင်သွားအောင် ထုတ်ပစ်ပြီးသည်အထိ စောင့်ကြပ်ကြည့်ရှု သည်။ ထို့ပြင်လည်း သူသည် လမ်းမပေါ်၌ ဖုံးအုပ်နေသည့် အမှိုက်သရိုက် ညစ်အကြေးများနှင့် ခဲများ၊ မြေကြီးများကို ဖယ်ရှားပြီးချိန်အထိ စောင့်ကြပ် ကွပ်ကဲပေးနေသည်။ တွင်းနံပါတ် ၁၇ ၏ ဝင်ပေါက်နှစ်ခုစလုံးတွင် ရေစုပ်စက် များ တပ်ဆင်ပြီးချိန်အထိ ကြီးကြပ်ပေးနေသည်။ ပထမတွင်းထဲမှ တစ်မိနစ်လျှင် ရေဂါလံ နှစ်ရာငါးဆယ်၊ ကျန်တစ်တွင်းမှ တစ်မိနစ်လျှင် ရေဂါလံ လေးရာငါးဆယ် ထုတ်ပေးနေချိန်အထိ မျက်ခြည်မပြတ် ကြည့်နေသည်။ ထို့နောက် သု တစ်ယောက်တည်း သူ့နေအိမ် လောဂေဟာသို့ ခြေကျင်လျှောက်၍ ပြန်သွားလေ သည်။

သူသည် မောပန်းနွမ်းနယ်ခြင်းလည်း မဖြစ်၊ ဆာလောင်မွတ်သိပ်ခြင်း လည်း မဖြစ်။ သူ့စိတ်သည် ထူးဆန်းသောခံစားမှုများဖြင့် ထုံထိုင်းလျက်ရှိသည်။ သူသည် ဘာမှ မသိနားမလည်သည့် လူတစ်ယောက်လို ဖြစ်နေသည်။ သူ လုပ် နေသမျှအရာများအပေါ်တွင်လည်း စိတ်မဝင်စားသလို ဖြစ်နေသည်။ သေစား သေစေ ဟူသောအမိန့်ကို တည်ငြိမ်အေးဆေးစွာ နားထောင်နေသည့် လူတစ် ယောက်နှင့် တူလျက်ရှိသည်။

အန်တီကေရီသည် သူ အလုပ်ပင်ပန်းသည့်အခါတိုင်း သောက်နေကျ ဖြစ်သည့် နွားမြီးစွပ်ပြုတ်ကို သူ့ရှေ့၌ လာချပေးသည်။ သူသည် စွပ်ပြုတ်ရည်ကို သောက်သည်။ ကြက်တောင်ပံရိုးတစ်ခုကို ဝါးသည်။ ပေါင်မုန့်ကို ဒိန်ခဲနှင့် စားသည်။ သို့သော်လည်း သူ စားနေပုံမှာ ဟက်ဟက်ပက်ပက် မရှိ။ ပြီးတော့ ကိုသာ သောက်သည်။ သူသည် အန်တီကေရီကိုလည်း မြင်ဟန်မတူ။

သူနှင့် မျက်နှာချင်းဆိုင်တွင် ဟစ်လ်ဒါ ထိုင်နေသည်။ ဟစ်လ်ဒါသည် သူ့မျက်နှာကို စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် ဟစ်လ်ဒါသည် တစ်စုံတစ်ရာ သည်းမခံနိုင်တော့သည့် သူ့အဖေအား စကားလှမ်းပြောသည်။

'သမီး ကူညီပါရစေ အဖေ၊ သမီး တစ်ခုခုလုပ်ပါရစေ၊ သမီးကို လုပ်ခွင့် ပြုဖို့ အဖေ့ကို တောင်းပန်ပါတယ်'

ရစ်ချတ်သည် ဟစ်လ်ဒါအား လှမ်းကြည့်သည်။ ဟစ်လ်ဒါအား အခုမှ တွေ့ထားမိသည့်ပုံနှင့် ဖြစ်သည်။

'ဘာလုပ်စရာမှ မရှိတော့ဘူး၊ အားလုံးပြီးသွားပြီ၊ ဒီအလုပ်မျိုးမှာ မိန်းမ တစ်ယောက် လုပ်စရာဆိုလို့ ဘာတစ်ခုမှမရှိဘူး' ဟု ရေရွတ်သည်။

သူသည် ကုလားထိုင်မှထကာ အပေါ်ထပ်သို့ တက်သွားသည်။ သူ့မိန်းမ၏ အခန်းထဲသို့ ဝင်သွားပြီး သူ့သား အာသာအား ပြောသကဲ့သို့ ....

'အခုဟာ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပဲ' ဟု ပြောကာ သူ့အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

နောက်လေးနာရီမျှအကြာတွင် ရစ်ချတ်ဘားရပ်စ်သည် ကျောက်မီးသွေးတွင်းသို့ ပြန်ရောက်လာပြန်သည်။ ချက်ချင်းပင် စကပ်ပါးတွင်းဟောင်းဆီသို့ သွားသည်။ ပါရာဒိုက်စ်တွင်းဆီကို ရောက်နိုင်သည့် အခွင့်အလမ်းသည် စကပ်ပါးတွင်းကို ဖောက်မှသာ ရလိမ့်မည်ဟု သူ နားလည်ထားသည်။ ထို့ကြောင့်လည်း သူသည် တွင်းထဲအထိ ဆင်းသည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် စကပ်ပါးတွင်းထဲ၌ မရပ်မနား အလုပ်လုပ်နေကြသည်။ အပျက်အစီးပုံများကို တစ်နာရီလျှင် ခြောက်ပေအကျယ်နှုန်းဖြင့် ရှင်းလင်းပစ်နေကြသည်။ အပျက်အစီးပုံများမှာ သူတို့ ထင်ထားသည်ထက် အဆမတန် များပြားနေသဖြင့် လုပ်ရကိုင်ရသည်မှာ မျှော်လင့်ထားသည်ထက် ပိုမို၍ ခက်ခဲပင်ပန်းလျက်ရှိသည်။

'ဒီလမ်းဟာ အနောက်စူးစူးကို သွားနေတာပဲ' ဟု ဂျင်းနင်းက ရစ်ချတ်ဘားရပ်စ်အား ပြောသည်။

'ဟုတ်တယ်'

နှစ်ဆယ့်လေးနာရီအတွင်း လမ်းဟောင်းပေါ်ရှိ ပေတစ်ရာ့လေးဆယ်အရှည်ရှိ အပျက်အစီးပုံများကို ဖယ်ရှားနိုင်ခဲ့ကြ၏။ ဤသို့ဖြင့် သူတို့သည် လမ်းပေါ်၌ ဘာမှမရှိအောင် ရှင်းလင်းပစ်ခဲ့ကြသည်။ ဝမ်းသာအားရ ဟစ်ကြွေးသံများကို ကြားရသည်။ သူတို့၏ ဝမ်းသာအားရ ဟစ်ကြွေးသံများသည် မြေပြင်ထက်မှ စောင့်နေသူများထံသို့ ရောက်လာသည်။

သို့သော်လည်း ဟစ်ကြွေးသံများကို ဒုတိယအကြိမ် ထပ်၍ မကြားရတော့ပေ။ အပျက်အစီးပုံကြီး၏ အခြားတစ်ဖက်တွင် လမ်းမကြီးသည် ဖြတ်သန်းသွားလာ၍ မရနိုင်လောက်အောင် ရေတွေပြည့်နေသည့် အနိမ့်ပိုင်းထဲသို့ ငုပ်ဆင်းသွားသည်ကို တွေ့မြင်လိုက်ကြရသောကြောင့်ပေတည်း။

ကျောက်မီးသွေးမှုန့်များ အလိမ်းလိမ်းကပ်ကာ ပေရေညစ်ပတ်နေသော ဂျင်းနင်းသည် ပါးစပ်အဟောင်းသားဖြင့် မျက်လုံးအစုံကိုပြူး၍ ရစ်ချတ်ဘားရပ်စ်အား ငေးကြည့်နေသည်။ အတော်ကြီးကြာကာမှ ....

'ဘုရား .... ဘုရား' ဟု ရေရွတ်သည်။

'ကျွန်တော်တို့မှာ ပုံစံဟောင်းတွေသာ ရှိထားရင် ဒီအခြေအနေကို အစောကတည်းက ကြိုပြီးသိရမှာ'



ရစ်ချတ်ဘားရပ်စ်ကတော့ မလှုပ်မယှက်။

'ပုံစံရှိတော့ကော ဘာထူးလာမှာလဲ၊ ပုံစံက အခုမြင်နေရတဲ့ အနိမ့်ပိုင်းကြီးကို ဖယ်ရှားပစ်နိုင်မတဲ့လား၊ ကျုပ်တို့အနေနဲ့ စလုပ်ကတည်းက အခက်အခဲတွေကို တွေ့ရမှာပဲလို့ မျှော်လင့်ထားပြီးသားပဲ၊ ဒီမြောင်းကြီးပေါ်မှာ လမ်းသစ်တစ်ခု မဖြစ်ဖြစ်အောင် ခင်းလိုက်ရင် ရနိုင်သေးတာပဲ၊ နောက်ဆုံး ဖောက်ခွဲလိုက်ရင် လျှောက်သွားစရာတစ်ခုတော့ ရလာနိုင်တာပဲ'

ဂျင်းနင်းသည် ရစ်ချတ်၏စကားကို ကြားသည့်အခါ များစွာ သဘောကျသွားသည်။

'ဟာ .. ဟုတ်တာပေါ့၊ ဒါဟာ ခိုင်မာတဲ့စိတ်ဓာတ်ပဲ၊ ဒီလိုဆိုရင် လာအချိန်ဖြုန်းမနေနဲ့၊ ခေါင်မိုးကို ဖောက်ခွဲပစ်ကြရအောင်'

သူတို့သည် ခေါင်မိုးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲပစ်ကြသည်။ သစ်တုံးသစ်စများ၊ ကျောက်လုံးကျောက်တုံးများနှင့် မြေကြီးများသည် မြောင်းဖြစ်နေသော အနိမ့်ပိုင်းပေါ်သို့ စုပြုံပြီး ကျရောက်လာသည်။ ဤအရာဝတ္ထုများ မြေပြင်ပေါ်၌ ပြည့်လာပါက ရေပေါ်တွင် လမ်းကြမ်းတစ်ခု ဖောက်ပြီးသား ဖြစ်သွားပေတော့မည်။

သူတို့သည် အမှောင်ထုတွင်း၌ အအေးဒဏ်ကိုခံ၍ ပင်ပန်းကြီးစွာ ဆက်လုပ်နေကြသည်။ ဖုန်များ၊ ကျောက်မှုန့်များ၊ ချွေးများ၊ ဖောက်ခွဲသံများနှင့် နပန်းလုံးကာ အလုပ်ကို မရပ်မနား လုပ်နေကြခြင်း ဖြစ်၏။ အခုအချိန်ထိ တည်ငြိမ်အေးဆေးစွာ ရှိနေသူမှာ ရစ်ချတ်ဘားရပ်စ် တစ်ဦးတည်းသာလျှင် ရှိ၏။ သူသည် ထိုနေရာကို စွန့်ခွာမသွား၊ အားမာန်အပြည့်ဖြင့် လမ်းညွှန်မှုကို ပြုနေဆဲ။ နောက်ထပ် ဤလုပ်ငန်းအတွက် ဆယ့်ရှစ်နာရီတိတိ ကြာခဲ့ရာ ထိုကာလအတွင်း သူသည် ထိုနေရာမှ ဘယ်ကိုမှမသွား။

ခြောက်နာရီတိတိ ဆက်တိုက်လုပ်ပြီးတိုင်း တစ်ခဏမျှ ရပ်နားကြ၏။ ရပ်နားသည့်အခါတိုင်း ဂျင်းနင်းသည် ရစ်ချတ်အား ....

'ခင်ဗျား တစ်မှေးလောက် အိပ်လိုက်ပါဦးလား မစ္စတာဘားရပ်စ်၊ အခုအတိုင်းသာ ဆက်လုပ်နေရင် ခင်ဗျားကိုယ်ခင်ဗျား သတ်နေသလို ဖြစ်တော့မယ်' ဟု ပြောသည်။

မစ္စတာပရိုးဘတ်၊ အမ်းစထရောင်းနှင့် အခြားအရာရှိများကလည်း သူ့အား ငိုင်း၍ ဖျောင်းဖျကြသည်။ သူ့အနေဖြင့် အလုပ်တွေ အများကြီး လုပ်ခဲ့ပြီးပြီ။ ခဏတစ်ဖြုတ်မှမနားလျှင် သူ့အတွက် အသက်အန္တရာယ် ဖြစ်မည်ကို အားလုံးကမ်းရိမ်နေကြသည်။ သူ့သား အာသာကပင်လျှင် သူ့အား ....

'အဖေရယ် .... ခဏလောက် အိပ်လိုက်ပါဦး၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ' ဟု ပြောလာရသည်အထိ ဖြစ်ခဲ့သည်။

သို့သော်လည်း ရစ်ချတ်ဘားရပ်စ်သည်။ သူ့ရုံးခန်းထဲရှိ ကုလားထိုင်ပေါ်၌ နာရီဝက်ခန့်သာ ထိုင်သည်။ လေးရက်မြောက်သည့်နေ့အထိ အိမ်ကိုမပြန်။ ထိုနေ့ညပိုင်းတွင် သူသည် အိမ်သို့ တစ်ယောက်တည်းပြန်သည်။ ဆီးနှင်းများသည် အသစ်တစ်ဖန် ကျလာနေပြန်လေပြီ။ နေရာတိုင်းတွင် ဖွေးဖွေးလှုပ်လျက်ရှိ၏။ ဆီးနှင်းများသည် ဖြူလှပါဘိသည်ဟု သူ တွေးမိသည်။

သူသည် ကောင်းပင်လမ်းအတိုင်း သူ့အတွေးနှင့်သူ လျှောက်လာခဲ့သည်။ သူသည် ယခု ပေါ်ပေါက်လာသည့် မတော်တဆဖြစ်မှုကြီးကို မတွေးချင်။ သို့သော်လည်း အတွင်းစိတ်က သူ့အား ဒုက္ခပေးလျက်ရှိ၏။ ထို့ကြောင့်လည်း မတွေးဘဲနေလို့မရ။ အပေါ်ယံတွင် မည်မျှပင် အေးဆေးတည်ငြိမ်ဟန်ဆောင်ထားသော်လည်း အတွင်းပိုင်း အောက်ခြေကတော့ သူ့စိတ်ကို ကိုင်လှုပ်လျက်ရှိလေသည်။

သူ့ပတ်ဝန်းကျင်ရှိလမ်းသည် တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသည်။ အိမ်တံခါးတိုင်းပင် ပိတ်ထားကြသည်။ လမ်းပေါ်တွင် ကစားနေသည့် ကလေးဟူ၍ တစ်ဦးမျှမရှိ။ ဆိုင်များမှာလည်း လိုက်ကာများ ချထားကြသည်။ သူနှင့် မျက်နှာချင်းဆိုင်ဘက်မှ အမျိုးသမီးနှစ်ယောက် လျှောက်လာနေသည်။ ဆီးနှင်းပြင်များရှိနေသဖြင့် သူတို့၏ ခြေသံများကိုပင် မကြားရ။ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းကသာ မင်းမူထားသည်။

အိမ်များအတွင်း၌ တိတ်ဆိတ်ခြင်းကသာ လွှမ်းခြုံထားသည်။ မြေအောက်၌ ရောက်နေကြသူများ၏ အိမ်များထဲရှိ စားပွဲများပေါ်တွင်မူ မနက်စာကို တည်ခင်းပြင်ဆင်ထားသည်။ သူတို့ခင်ပွန်းများနှင့် သူများ ပြန်အလာကို စောင့်ကြိုကြသည်သဘော ဖြစ်သည်။ ဤသည်မှာ ရှေးကတည်းက တည်ရှိလာခဲ့သော အစဉ်အလာတစ်ခု ဖြစ်၏။ ညပိုင်းရောက်သည့်တိုင်အောင် ခန်းဆီးများကို ချမထားရ။

အိမ်အမှတ် ၂၃ ထဲတွင် မာသာသည် မုန့်ဖုတ်လျက်ရှိသည်။ ရောဘတ်နှင့် ဟူးဂီးတို့သည် ထိုမုန့်ကို အလွန်ကြိုက်ကြသည့် မဟုတ်ပါလား။ ဆင်မီနှင့် ဒေးဗစ်သည် ငြိမ်ဆိတ်စွာ ထိုင်နေကြသည်။ သူတို့ညီအစ်ကိုသည် စကပ်ပါးတွင်းမှ ပြန်ရောက်လာကြသည်မှာ မကြာသေး။ ကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်ကူညီပြီး ပြန်လာခဲ့ကြခြင်း ဖြစ်၏။ ဒေးဗစ်သည် ကျောင်းကို မရောက်သည်မှာ လေးရက်တိတိ ရှိခဲ့ပြီ။ ဒေးဗစ်သည် သူ့ကျောင်း၊ သူ့စာမေးပွဲနှင့် သူ့ဖနီး ဂျင်နီကိုပင် မေ့နေသည်။ သူသည် သူ့ခေါင်းကို လက်နှစ်ဖက်နှင့်အပ်ကာ သူ့အဖေအကြောင်းကိုသာ စဉ်းစားလျက်ရှိလေသည်။



ရစ်ချတ်ဘားရပ်စ်သည် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူသည် သူ့ဘာသာသူ သက်ပြင်းချမိသည်ကိုပင် သတိမပြုမိ။ သူသည် အိမ်ထဲသို့ ဝင်လာခဲ့သည်။ စာတွေတစ်ပုံကြီးက သူ့အား စောင့်နေကြသည်။ စာအားလုံးသည် မတော်တဆဖြစ်မှုအတွက် ဝမ်းနည်းကြောင်းနှင့် ကိုယ်ချင်းစာမိကြောင်း ဖော်ပြထားသည့် စာများ ဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ သူ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ချီးကျူးသည့်စာများလည်း ပါသည်။ သူသည် စာအားလုံးကို ဂရုတစိုက်နှင့် တလေးတစား ဖတ်သည်။ သူသည် စာများကို ဖတ်နေသော်လည်း ပြုံးခြင်း ရယ်ခြင်း မရှိ။

နောက်နေ့မနက်တွင် သူသည် အိပ်ရာမှ အစောကြီးထကာ ကျောက်မီးသွေးတွင်းသို့ သွားသည်။ တွင်း၏ဝင်ပေါက်မှ ရေသည် အတော်ကြီးကျသွားခဲ့ပြီ၊ ရေငုပ်သမားများသည် တွင်းအောက်ခြေသို့ ရေငုပ်၍ သွားလာနိုင်ကြပြီ။ ရေငုပ်သမားများသည် ဂလုတ်နှင့် ပါရာဒိုက်စ်တွင်းများတစ်လျှောက် သွားလာရှာဖွေကြသည်။ တပင်တပန်း ရှာဖွေကြရခြင်း ဖြစ်၏။ နောက်ဆုံးတွင် ရေနစ်ပြီးသေဆုံးနေသော အလောင်း ခုနစ်ဆယ့်နှစ်လောင်းကို တွေ့ရှိခဲ့ကြရလေ၏။

ရေငုပ်သမားများသည် ပြန်ရောက်လာကြသည်။ အသက်ရှင်သူတစ်ဦးမှ မတွေ့ဟု သတင်းပို့သည်။ တွင်းထဲမှ ရေကုန်အောင် စုပ်ထုတ်ပစ်ရန်မှာ အနည်းဆုံး တစ်လခန့် အချိန်ကြာလိမ့်မည်ဟုလည်း ခန့်မှန်းတွက်ချက်ပြကြသည်။ ထို့နောက် သူတို့ ရှာဖွေတွေ့ရှိထားသည့် အလောင်းများကို အပေါ်သို့ဆယ်ယူကြသည်။ ရေနစ်သေသူ အားလုံးကို ကြိုးများနှင့် တွဲချည်ပြီး ကျောက်မီးသွေးတွင်းထဲမှ ဆွဲတင်ခဲ့ကြရခြင်း ဖြစ်၏။ သူတို့သည် တွင်းထဲမှ အပြင်သို့ရောက်ခဲ့ကြသော်လည်း နေ့၏အလင်းရောင်ကိုမူကား မမြင်ကြရတော့ချေ။

စကပ်ပါးတွင်းဘက်မှ ချဉ်းကပ်၍ ကယ်ဆယ်ရေးလုပ်ငန်းကို ယခင်အတိုက်ပိုပြီး ဖောက်ချ၍ လုပ်ကြသည်။ ယခု ရရှိသော အလောင်းများထဲမှ ပါသူများသည် အောက်ဘက် အညစ်အကြေးပုံများကြားမှ ပိတ်မိနေကြပြီဟု ခန့်မှန်းကြသည်။ အခင်းဖြစ်ပွားသည့်ရက်က စတွက်လျှင် ဆယ်ရက် မပြည့်သေး။ သို့ဆိုလျှင် ပိတ်မိနေသူများသည် အသက်နှင့်ကိုယ် မြဲနေပေလိမ့်ဦးမည်။

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ထိုအတွေးကြောင့် လုပ်ငန်းကို မရပ်မနား ဆက်လုပ်ကြပြန်သည်။ လမ်းပေါ်၌ ဖုံးအုပ်နေသည့် မြောင်းပေါ်မှ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လူအင်အားကို နှစ်ဆတိုး၍ ချသည်။ ခြောက်ရက်မျှကြာသောအခါ အခြေအနေသည် တိုးတက်လာသည်။ ယခင် တွင်းဟောင်းမှ

အသုံးပြုခဲ့သော လမ်းဟောင်းကို ပြန်တွေ့ကြရ၏။ သူတို့သည် အနောက်ဘက် ခြေလှမ်းခြောက်ဆယ်အကွာ၌ ခေါင်မိုးကြီးတစ်ခု ပြိုကျနေသည်ကို မြင်ကြရသည်။ သူတို့သည် မျှော်လင့်ချက် ကင်းမဲ့သောစိတ်ဖြင့် ထိုအပြိုအပျက်ပုံကြီးဆီသို့ ဦးတည်ပြီး သွားကြလေ၏။

ဘုရား ....ဘုရား' ဟု ဂျင်းနင်းက စိတ်ပျက်လက်ပျက်ဖြင့် ရေရွတ်သည်။

'အဲဒီအပုံကြီးက မိုင်ဝက်လောက်တော့ ရှိမှာပဲ၊ ဘယ်လိုနည်းနဲ့မှ သူတို့ဆီ ရောက်နိုင်မှာ မဟုတ်ဘူး၊ လမ်းကတော့ ဆုံးပြီ'

သူသည် လိပ်သည်းကျောက်တုံးတစ်တုံးကို မှီထိုင်လိုက်ပြီး သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။

'ကျုပ်တို့ ဆက်မသွားလို့ မဖြစ်ဘူး၊ ဆက်သွားရမယ်' ဟု ရစ်ချတ်ဘားရပ်စ်က အသံကိုမြှင့်၍ပြောသည်။

'ငါတို့ ဆက်သွားကြရမယ်၊ ဆက်သွားကြ'

* * * * *

## (၂၄)

သူတို့အုပ်စုထဲမှ ပထမဆုံး သေသူမှာ ဟာရီဘရေ့စ် ဖြစ်သည်။ ဟာရီသည် နှလုံးအားနည်းသူ ဖြစ်သည်။ သူသည် လူငယ်တစ်ယောက်လည်း မဟုတ်။ သူသည် ပင်ပန်းမောဟိုက်ပြီး သေဆုံးရခြင်း ဖြစ်သည်။ သူ ဘယ်လိုသေသည်၊ ဘယ်အချိန်က သေသည်ကို မည်သူမှ မသိ။ နက်ဒ်ဆော့ဖ်လေက ဟာရီ၏မျက်နှာကို လက်နှင့်ရိုက်မိ၍ အေးစက်နေသည်ကိုတွေ့ခါမှ သိရခြင်းဖြစ်၏။ သူသည် 'ဟာရီ သေပြီ' ဟု အလန့်တကြား ထအော်သည်။

ဟာရီဘရေ့စ် သေသည်မှာ တတိယညတွင် ဖြစ်၏။ ညဟု ဆိုရသော်လည်း သူတို့အဖြစ်မှာ နေ့နှင့်ည ခွဲခြားမရသည့် အနေအထား ဖြစ်သည်။ သူတို့အဖို့တော့ အမြဲတစေ ည ဖြစ်နေသည်။ ပြောမည်ဆိုပါက ပြောနိုင်စရာရှိပါသည်။ သူတို့တွင် ပါလာသည့် မီးအိမ်များနှင့် ဖယောင်းတိုင်များမှာ သုံးရလွန်း၍ ကုန်သွားခဲ့လေပြီ။ ရောဘတ်က အရေးပေါ်သုံးရန်ဟုပြောပြီး ချန်ထားသည့် ဖယောင်းတိုင် တစ်တိုင်သာလျှင် ကျန်တော့၏။ အမှောင်ထုသည် သိပ်ပြီးဆိုးသည်ဟုတော့ မပြောနိုင်။ အမှောင်ထုသည် သူတို့အား လွှမ်းခြုံပေးထားပြီး ရဲဘော်ရဲဘက်စိတ် မွေးမြူချင်အောင် ပေါင်းစပ်ပေးထားသည်ဟု ဆိုနိုင်သည်။



သူတို့လူစုတွင် အားလုံးပေါင်း ကိုးယောက် ရှိသည်။ ရောဘတ်၊ ဟူးဂီး၊ စလော့ဂါး၊ ပက်ရီးဒီး၊ ဂျီးဆပ်ဝက်ပ်၊ ဆွီးမက်ဆာ၊ နက်ဒ်ဆော့ဖ်လေး၊ ဟာရီဘရေ့စ်နှင့် အခြားလူနှစ်ဦး ဖြစ်သော ဘင်းနက်နှင့် ဆက်သ်ကောလ်ဒါတို့ ဖြစ်သည်။ ပထမရက်တွင် သူတို့သည် ကျောက်ခဲချင်းထု၍ အသံပေးသောအလုပ်ကို အဆက်မပြတ် မရပ်မနား လုပ်ကြသည်။ လူရိုင်းတို့၏ ဗုံသံနှင့် တူလှသည်။ ထိုအချက်ပေးနေသံကိုကြားလျှင် သူတို့ ရောက်နေသည့်နေရာကို ခန့်မှန်းနိုင်ဖွယ်ရာ ရှိသည်ဟု အားလုံးက ယုံကြည်ကြသည်။ သို့သော်လည်း ဒုတိယနေ့ ကုန်ဆုံးခါနီးတွင် စလော့ဂါးသည် ကျောက်ခဲချင်းထုသံကို နားမခံနိုင်အောင် ဖြစ်လာသည်။

'ရပ်လိုက်တော့ကွာ၊ အခုချက်ချင်း ရပ်လိုက်တော့၊ ဒီကျောက်ထုသံကို ငါ မကြားချင်တော့ဘူး' ဟု ဒေါသတကြီး ထအော်သည်။

သူ အော်သည့်အချိန်က ကျောက်တုံးထု အလှည့်ကျသူမှာ နက်ဒ်ဆော့ဖ်လေး ဖြစ်သည်။ သူသည် စလော့ဂါး၏ အော်သံကြောင့် သူ့အလုပ်ကို ရပ်လိုက်သည်။ ထိုအသံ ရပ်သွားသည့်အခါ လူအားလုံးသည် စိတ်ချမ်းသာသလို ဖြစ်သွားသည်။ ကျောက်ခဲသံ ရပ်သွားသည်မှာ တစ်နာရီခန့် ကြာသည်။ ထို့နောက်တော့ စလော့ဂါး အပါအဝင် လူအားလုံးက ကျောက်ခဲကို ဆက်ထုနေမှ ဖြစ်မည်ဟု သဘောတူကြသည်။

'ကျွန်တော်တို့ကို ကယ်ဖို့လာနေတဲ့ လူတွေဟာ ကျွန်တော်တို့အနားရောက်ချင်ရောက်နေမှာ၊ ကျွန်တော်တို့ရဲ့ ကျောက်ခဲထုသံကိုကြားရင် ရောက်လာမှာ' ဟု ဆွီးမက်ဆာက ပြောသည်။ ဤသို့ဖြင့် နက်ဒ်သည် ကျောက်တုံးကို ပြန်ထုသည်။ ကျောက်တုံးထုသံ 'တဒေါက် .... ဒေါက်' စည် အဆက်မပြတ် ထွက်ပေါ်လာပြန်လေ၏။

ခဏမျှအကြာတွင် ဂျီးဆပ်ဝက်ပ်သည် ဒူးနှစ်ဖက်ထောက်၍ထိုင်ကာ ဘုရားရှိခိုးခြင်းနှင့် ဆုတောင်းခြင်းကို ပြုသည်။ သူသည် အခြားလူများနှင့် ခပ်ကွာကွာ တစ်နေရာ၌ထိုင်၍ လုပ်နေခြင်း ဖြစ်သည်။ လှိုက်လှိုက်လှဲလှဲ ယုံကြည်မှုဖြင့် ပြုလုပ်နေခြင်းဖြစ်၍ သူ့ကိုကြည့်နေသူများ၏ မျက်စိထဲတွင် ဂျီးဆပ်စ်ကိုယ်တော်တိုင် ကြွရောက်လာပြီး ဆုတောင်းပေးနေသည်ဟုပင် ထင်မှတ်မိကြသည်။ ဘယ်တော့မှ ဘုရားရှိခိုးကျောင်း မသွားသည့် ရောဘတ်သည်ပင်လျှင် ဝက်ပ် လုပ်နေပုံကိုကြည့်ပြီး 'သူတို့အားလုံး ဘုရားသခင်အား အာရုံပြု၍ ဆုတောင်းသင့်သည်' ဟု ပြောသည်။

ဝက်ပ်သည် ဆုတောင်းခြင်းအမှုကို ပြုလုပ်မည်ဟု စိတ်ကူးရှိခဲ့သည်

မဟုတ်၊ ဖျတ်ခနဲဝင်လာသော ဆန္ဒကြောင့် ထ၍လုပ်လိုက်ခြင်း ဖြစ်၏။ သူသည် ပထမဦးစွာ ဘုရားရှိခိုးသည်။ ဘုရားရှိခိုးရာ၌ ဌာန်ကရိုဏ်းမကျ။ ဘုရားရှိခိုးစာများကို ရွတ်ဖတ်ရာ၌လည်း အမှားမှား အယွင်းယွင်း။ သို့သော်လည်း စိတ်စေတနာကတော့ အပြည့်ရှိသည်။

'အို .... အဖ ဘုရားသခင်၊ တပည့်တော်တို့အား ဤနေရာမှလွတ်မြောက်အောင် ကယ်တင်တော်မူပါ၊ အာမင်' ဟူသော အဆုံးသတ်စကားသည် ဝက်ပ်၏နှုတ်မှ တစ်လုံးချင်း ထွက်ပေါ်လာသည်။ ထို့နောက် ဝက်ပ်သည် သမ္မာကျမ်းစာထဲမှ သူ အလွတ်ရထားသည့် စာပိုဒ်ကို ရွတ်သည်။

*'ငါသည် ဤကမ္ဘာလောကကြီး၏ အလင်းရောင် ဖြစ်၏။ ငါ့နောက်သို့လိုက်သူသည် အမှောင်ထဲတွင် လမ်းလျှောက်ရလိမ့်မည် မဟုတ်။ သို့သော်လည်း ထိုသူသည် ဘဝ၏အလင်းရောင်ကို ရရှိပေလိမ့်မည်'*

ဝက်ပ်သည် ထိုစာပိုဒ်ကို သူတို့အား ရွတ်ပြနေခြင်း ဖြစ်၏။ ဘုန်းကြီးများရွတ်သလို ရွတ်ဖတ်ပြနေခြင်း မဟုတ်။ သာမန်အသံဖြင့် ရိုးရိုးရှင်းရှင်း ရွတ်ပြနေခြင်း ဖြစ်သည်။ ထို့နောက်တော့ သူတို့အားလုံးသည် "ကြွရောက်တော်မူပါ၊ မဟာကယ်တင်ရှင် အဖဘုရားသခင်" ဟူသော ဓမ္မတေးကို သီဆိုကြသည်။

*"ကျွန်ုပ်သည် အေးမြသော တောင်တန်းကြီးများပေါ်၌ လှည့်လည်သွားလာနေပါသည်။*
*အို.... အဖ ဘုရားသခင်၊*
*ကျွန်ုပ်အား သင့်ရင်ခွင်သို့ ခေါ်ယူထွေးပိုက်တော်မူပါ၊*
*ကြွရောက်တော်မူပါ၊ အို.... မဟာကယ်တင်ရှင်၊*
*ကြွရောက်တော်မူလှည့်ပါ အရှင်"*

သီချင်းဆုံးသည်နှင့်တစ်ပြိုင်နက် ပြန်လည်တိတ်ဆိတ်သွားသည်။ ထိုတိတ်ဆိတ်မှုကို ပြိုကွဲသွားအောင် လုပ်လိုသူတစ်ဦးမှ ရှိပုံမရ။ အားလုံးသည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြသည်။ စလော့ဂါးတစ်ယောက်ကတော့ အံကိုကြိတ်ထားသည်။

'အို ....အဖဘုရားသခင်၊ တပည့်တော်ကို ကူညီစောင့်ရှောက်တော်မူပါဘုရား'' ဟု ရေရွတ်သည်။ သူ့မျက်နှာတွင် မျက်ရည်များ စီးကျလာသည်။ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ အားရပါးရ ငိုကြွေးသည်။ သူ့တစ်ကိုယ်လုံး လှုပ်ခါလျက်ရှိ၏။ သူ့ငိုသံကို ကြားရသည်မှာ ဝမ်းနည်းကြေကွဲဖို့လည်း ကောင်း၏။ ထိတ်လန့်တုန်လှုပ်ဖို့လည်း ကောင်းလှချေသည်။

သူတို့အဖို့ စိတ်ကိုတင်း၍ နေသွားနိုင်ရန်မှာ ပို၍ပို၍ ခက်ခဲလာသည်။



အစာမရှိသော ဝမ်းဗိုက်နှင့် လူအဖြစ်နေသွားရန်မှာ လွယ်ကူသည် မဟုတ်။ သူတို့တွင် အစားအစာ မရှိ၊ သောက်စရာရေ မရှိ၊ ရေကြီးသောနေရာမှ လွတ်မြောက်လာခဲ့ခြင်းသည် ထူးဆန်းလှ၏။ ပို၍ထူးဆန်းသည်ကား သေဘေးမှလွတ်မြောက်ပြီးခါမှ အငတ်ဘေးနှင့် ရင်ဆိုင်နေရခြင်းပေတည်း။ ရေဘေးဖြင့် သေရမည့်အန္တရာယ်မှ လွတ်မြောက်လာခဲ့ကြရသော်လည်း ရေငတ်ပြီး သေရမည့်ဘေးနှင့် ရင်ဆိုင်နေရခြင်းသည်လည်း အထူးအဆန်းတစ်ခုပင် ဖြစ်နေပေသည်။

ဝက်ပ်သည် စလော့ဂါးထံသွားကာ ချော့မော့ဖျောင်းဖျသည်။ ဘုရားသခင်ထံ ဆုတောင်းပြီးကတည်းက ရွှင်လန်းတက်ကြွနေသော ဝက်ပ်၏စိတ်သည် စလော့ဂါးထံသို့ ကူးစက်သွားသည်။ မကြာခင်မှာပင် စလော့ဂါး၏စိတ်သည်လည်း သာယာပျော်ရွှင်မှုကို ရရှိလာသည်။

ထို့နောက်တော့ သူတို့အထဲမှ အချို့သည် များစွာ ဆာလောင်မွတ်သိပ်လာကြသည်။ အထူးသဖြင့် အသက်အငယ်ဆုံး ပက်ရီးဒီးသည် အစားကို အပြင်းအထန် တောင့်တလာသည်။ ရောဘတ်၏ အိတ်ကပ်ထဲတွင် ချောင်းဆိုးသက်သာစေသည့် ချိုချဉ်သုံးလုံး ပါလာသည်။ သူသည် ချိုချဉ်တစ်လုံးကို ပက်အား ပေးပြီးနောက်တစ်လုံးကိုလည်း ပက်ကိုပင် ပေးသည်။ ချိုချဉ်တစ်လုံးသည် မည်မျှကြာအောင် အဆာခံနိုင်ပါမည်နည်း။ ငါးမိနစ်ကြာမလား သို့မဟုတ် ငါးရက်ကြာအထိ အဆာခံနိုင်မည်လား။ ဒုတိယအလုံး ပေးသည့်အခါ ပက်က ....

'သိပ်ကိုအရသာရှိတာပဲ ဆရာရယ်' ဟု ပြောသည်။

ရောဘတ်က ပြုံးသည်။ တတိယတစ်လုံးကိုလည်း ပက်ကိုပင် ပေးမည်ဟု သူ စိတ်ကူးထားသည် မဟုတ်ပါလား။ သို့သော်လည်း အခုချက်ချင်း ပေးလို့မဖြစ်သေး။ သူ့အတွက် မိမိထံမှာ သိမ်းထားမည်ဟု စိတ်ကူးသည်။ ထိုနည်းတူစွာပင် မိမိထံ၌ရှိနေသည့် ဖယောင်းတိုင်ကိုလည်း အထူးလိုအပ်ခါမှ သုံးမည်ဟုဆုံးဖြတ်ထားသည်။ ယခုလောလောဆယ် ထွန်းလိုက်ပါက တစ်ခဏဖြင့် ကုန်သွားလိမ့်မည်ဖြစ်၏။ ထို့ပြင်လည်း အလင်းရောင်ကလေးနှင့် နေရပြီးခါမှ အမှောင်ထုထဲ ပြန်၍နေရလျှင် သူ့အဖော်အားလုံးသည် မနေတတ်မထိုင်တတ် ဖြစ်ကုန်ကြလိမ့်မည်။

အမှောင်ထုသည် အချိန်နာရီကို အတိအကျ တွက်ချက်ခန့်မှန်း၍ မရနိုင်လောက်အောင် ခေါင်းရှုပ်စေခဲ့သည်။ သူတို့အားလုံးထဲတွင် ရောဘတ်တစ်ယောက်တည်း၌သာလျှင် နာရီပါသည်။ ထိုနာရီမှာ သူ ရေထဲဆင်းစဉ်က ရေဝင်သွားသည်ထင်၏။ ယခု စက်ရပ်နေပြီ။ အချိန်နှင့်ပတ်သက်၍ သောကအကြီးအကျယ်ရောက်နေသူမှာ သူ့သား ဟူးဂီး။

ဟူးဂီးသည် အလွန်စကားနည်းသူ ဖြစ်၏။ အမြဲတစေ နှုတ်ပိတ်နေတတ်သူ ဖြစ်သည်။ အခုလိုအချိန်အခါမျိုးတွင် သူသည် ပို၍နှုတ်ဆိတ်နေသည်။ သို့သော်လည်း သူ့စိတ်ထဲ၌ ကြိတ်၍ပူနေသော ကိစ္စတစ်ခုအတွက် စကားတစ်ခွန်း ထွက်လာသည်။ အသံမှာ သူ့ဘေးမှ သူ့အဖေအား လေသံတိုးတိုးဖြင့် မေးလိုက်သောအသံ ဖြစ်သည်။

'အဖေ ကျွန်တော်တို့ ဒီနေရာမှာ ပိတ်မိနေတာ ဘယ်လောက်ကြာပြီလဲ'

'အဖေလည်း မပြောတတ်ဘူး' ဟု ရောဘတ်က ဖြေသည်။

'ဒါဆိုရင် ဘယ်နှစ်ရက်လောက်ရှိပြီလို့ အဖေ ထင်သလဲ'

'နှစ်ရက် သုံးရက်လောက်တော့ ရှိပြီထင်တာပဲ'

'ဒီနေ့ ဘာနေ့လဲ အဖေ'

'မသိဘူး ဟူးဂီး၊ ဘယ်လိုလုပ်ပြီး အတိအကျသိမလဲ၊ ဗုဒ္ဓဟူးနေ့ ဖြစ်မယ်ထင်ပါရဲ့'

'ဗုဒ္ဓဟူး ....' ဟူးဂီးက တစ်ခွန်းမျှ ရေရွတ်ပြီး သက်ပြင်းချသည်။ သူသည် နံရံကို ကျောနှင့် မှီလိုက်သည်။ တကယ်လို့သာ ဒီနေ့ ဗုဒ္ဓဟူးဆိုရင် သိပ်မဆိုးဘူး၊ နောက်ထပ် သုံးရက်လောက် လိုဦးမယ်။ ပွဲက သုံးရက်တောင် လိုသေးတာပဲ။ အကယ်၍သာ ဤနေရာမှ စနေနေ့ ထွက်နိုင်လျှင် ပူစရာမလိုတော့။ သူသည် သောကလှိုင်း၏ ရိုက်ခတ်မှုကြောင့် ကျောက်ခဲတစ်လုံးကို ဖျတ်ခနဲကောက်ယူကာ အနီးမှ ကျောက်တုံးကြီးကို ထုသည်။ ဒေါက် ....ဒေါက် ....ဒေါက် ....။

ဟူးဂီးက ခဲအထုကို ရပ်လိုက်သည့်အခါ ကြောက်စဖွယ်ကောင်းသည့် တိတ်ဆိတ်မှုသည် တည်ရှိလာသည်။ ထိုအခိုက်မှာပင် နက်ဒ်ဆော့ဖ်လေ၏ လက်တစ်ဖက်သည် မှောင်ထဲ၌ လှျောက်စမ်းသည်။ ဟာရီဘရေ့စ်၏ မျက်နှာကို သွားကိုင်မိသည့်အခါ ပထမတွင် ဟာရီဘရေ့စ်တစ်ယောက် အိပ်ပျော်နေသည်ဟု ထင်သည်။ နောက်တစ်ကြိမ် ထပ်၍ စမ်းကြည့်သည့်အခါ ဟာရီ့မျက်နှာ အဆမတန် အေးစက်နေခြင်းနှင့် ပါးစပ်ဟောင်းလောင်းပွင့်နေခြင်းများကို သတိထားမိလာသည်။ ဤတွင် အခြေအနေမှန် သိလာသည်။

ရောဘတ်သည် သူ့ဖယောင်းတိုင်ကို ထွန်း၍ကြည့်သည်။ မှန်သည်။ ဟာရီဘရေ့စ် သေနေပြီ။ ရောဘတ်နှင့် စလော့ဂါးသည် ဟာရီ့အလောင်းကို မျှသယ်ကြသည်။ အလောင်းမှာ လေးလှပါဘိ၏။ သူတို့ပင် အားအင်ကုန်ခန်းချည့်နဲ့နေလို့လား။ သူတို့သည် အလောင်းကို သူတို့နေရာနှင့် ကိုက်သုံးဆယ်အကွာရှိ မြေနိမ့်ပိုင်းထဲသို့ သယ်သွားပြီး ချထားသည်။ ရောဘတ်က ဟာရီ၏ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်ယှက်၍တင်ပေးပြီး ဖွင့်ဟနေသော မျက်လုံးများကို ပိတ်ပေးလိုက်သည်။



ဝက်ပ်သည် အိပ်မောကျနေသည်။ သုံးရက်တာကာလအတွင်း ပထမဆုံးအကြိမ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခြင်း ဖြစ်၏။ သူ၏ ဟောက်သံကိုပင် ကြားနေရသည်။ ရောဘတ်သည် ဝက်ပ်အား မနှိုးတော့ဘဲ သမ္မာကျမ်းစာထဲမှ စာတစ်ပိုဒ်ကို သူကိုယ်တိုင် ရွတ်လိုက်သည်။ ထို့နောက် သူနှင့် စလော့ဂါးတို့သည် ပြန်လာခဲ့ကြလေ၏။

'ငါ ဖယောင်းတိုင်ကို နောက်တစ်လက်မအထိ ထွန်းပေးထားမယ်၊ ငါတို့စိတ်ဓာတ်တက်ကြွလာအောင်လို့ လုပ်ပေးတာ' ဟု ရောဘတ်က ပြောသည်။

ပက်ရီးဒီးသည် နောက်တစ်ချီ ငိုပြန်သည်။ သူသည် သေခြင်းကို ဒုတိယအကြိမ် မြင်ရပြန်ခြင်း ဖြစ်၏။ သို့သော်လည်း သူ့စိတ်သည် သေခြင်းကိုမြင်တိုင်း ခံနိုင်ရည်မရှိ။

ရောဘတ်သည် သူ့လက်တစ်ဖက်ဖြင့် ပက်အား ဖက်လိုက်သည်။

'ဒီတစ်ခါတော့ ငါ မင်းကို အလုပ်တစ်ခု ပေးရမယ်၊ ကျောက်ခဲထုတဲ့အလုပ် ဝင်လုပ်ကွာ'

ပက်က ခေါင်းခါသည်။

'ကျွန်တော် အမေ့ဆီ စာရေးချင်တယ်' ဟု ပြောသည်

'ကောင်းပြီကွာ၊ ရေးရမယ်' ဟု ရောဘတ်က ပြန်ပြောသည်။

'ငါ့မှာ ခဲတံ ရှိတယ်၊ ဟော့ ....စာရွက် ဘယ်သူ့မှာပါသလဲ၊ တစ်ရွက်လောက် ပေးကြစမ်းပါ'

နက်ဒ်ဆော့လေထံတွင် ကျောက်မီးသွေးသံခွက်စာရင်းမှတ်သော စာအုပ်လေးတစ်အုပ် ပါသည်။ သူက စာအုပ်ကို ရောဘတ်အား လှမ်းပေးသည်။ ရောဘတ်က စာရွက်နှစ်ရွက်ကို ဆုတ်ယူပြီး စာရွက်များကို မှတ်စုစာအုပ်ပေါ်၌တင်ပြီး သူ့ခဲတံနှင့်ထပ်ကာ ပက်အား လှမ်းပေးသည်။

ပက်သည် စာရွက်ကို လှမ်းယူသည်။ သူသည် 'ကျွန်တော်ချစ်သော အမေ ....' ဟု စရေးသည်။ ထို့နောက် ရပ်နေပြန်သည်။ သူသည် နောက်တစ်ကြိမ် ထပ်၍ 'ကျွန်တော်ချစ်သော အမေ ....' ဟု ရေးပြန်သည်။ ထို့နောက် ရပ်နေပြန်သည်။ သူ ရေးထားသည့် စာကြောင်းများကို ဖတ်နေသည်။ ထို့နောက် သူသည် ရှိုက်ကြီးတငင် ငိုပြန်သည်။ တကယ်တော့ ပက်သည် အသက် ဆယ့်ငါးနှစ်မျှသာ ရှိသေးသည် မဟုတ်ပါလား။

ဖယောင်းတိုင်သည် တစ်လက်မ ပြည့်သွားသဖြင့် စာဆက်ရေး၍မရတော့။ ထိုအခါကျမှပင် ပက်သည် စိတ်သက်သာရာရသွားဟန်ရှိ၏။ ရောဘတ်က စာအုပ်နှင့် ခဲတံကို ပြန်ယူသည်။ စာအုပ်ပေါ်မှ စာရွက်ကို တစ်ချက်ငုံ့ကြည့်ပြီး

အားလုံးကို အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။ သူသည် ပက်အား ထပ်ဖက်ထားသည်။ ခဏမျှအကြာတွင် ပက်သည် သူ့လက်ပေါ်မှာပင် အိပ်ပျော်သွားလေသည်။

ရောဘတ် ကိုယ်တိုင်လည်း ငိုက်မျဉ်းလျက်ရှိသည်။ အချိန်သည် ဖြည်းဖြည်းချင်း ကုန်လွန်လျက်ရှိ၏။ သူသည် ဖျတ်ခနဲ လန့်နိုးလာသည်။ အမှောင်ထုနှင့် တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက်ရှိသည်။ သူသည် ချောင်းအဆက်မပြတ်ဆိုးလာသည်။ သူ ဆိုးနေကျချောင်း ဖြစ်သည်။ သူ၏ ရေစိုနေသော အဝတ်များသည် ကိုယ်ပေါ်မှာပင် ခြောက်သွေ့ကုန်သည်။ ဤအဖြစ်သည် သူ့အတွက် ကောင်းသည် မဟုတ်။ ငါ ဒီက လွတ်သွားလို့ ပြန်ရောက်ရင် ဒီချောင်းက ငါ့ကို ဒုက္ခပေးဦးတော့မှာပဲဟု တွေးမိသည်။ အခုလောက်ဆိုရင် တို့ကို ကယ်မယ့်လူတွေဟာ ငါတို့နဲ့ ဝေးတော့မယ် မထင်ပါဘူး၊ မကြာခင် ရောက်လာတော့မှာပါဟုလည်း တွေးမိသည်။

'အဖေ ဒီနေ့ ဘာနေ့လဲဟင်' ဟု ဟူးဂီးက မေးပြန်သည်။

'ငါ မပြောတတ်ဘူး သား' ဟု ရောဘတ်က ဖြေသည်။

'ဒါပေမဲ့ အဖေရာ ဒီနေ့ ဘာနေ့ဖြစ်နိုင်မလဲ'

'အဖေ မပြောတတ်တာ အမှန်ပဲသား' ဟု ရောဘတ်က ထပ်ဖြေသည်။

'အဖေရာ.... ဘောလုံးပွဲရှိတယ် အဖေ၊ ဘယ်လိုလုပ်ကြမလဲ၊ ယူနိုက်တက်အသင်း အဖေရဲ့၊ ကျွန်တော် ကစားရမှာက ယူနိုက်တက်အသင်းဗျ၊ စနေနေ့ကို ပြန်ရောက်ကြရင် သိပ်ကောင်းမှာပဲ၊ ကျွန်တော် အဲဒီနေ့ ပြန်ရောက်ချင်တယ် အဖေရာ ဘယ်လိုလုပ်ရ....ရ'

ဟူးဂီး၏အသံသည် တိမ်ဝင်သွားသည်။ သူ့တစ်ကိုယ်လုံးသည် တသိမ့်သိမ့်လှုပ်လျက်ရှိသည်။ သူ စနေနေ့ပြန်ရောက်မှ ဖြစ်မည်။ စနေနေ့ ပြန်ရောက်မှ စနေနေ့ ....၊ စနေနေ့ ....၊ စနေနေ့ဆိုလျှင် နောက်တစ်ရက်သည် တနင်္ဂနွေနေ့ ....၊ ထိုနေ့ညနေဆိုလျှင် ....။

စလော့ဂါးသည် အိပ်ရာမှ လန့်နိုးလာသည်။

'ငါ မက်နေတဲ့ အိပ်မက်က ဘယ်လိုအိပ်မက်ပါလိမ့်၊ ဆာလိုက်တာ ဘီယာသာ သောက်လိုက်ရရင် ငါ ဆာမှာ မဟုတ်ဘူး၊ ငါ အခု သောက်ချင်နေတာ ဘီယာပဲ၊ အို ....ငါ ဘာတွေ တွေးနေမိပါလိမ့်၊ ငါ အရက်မသောက်တော့ဘူးလို့ ကတိပေးထားတယ် မဟုတ်လား၊ ဘုရားသခင်က တို့ကို ဒီနေရာက လွတ်မြောက်အောင် လုပ်ပေးရင် သိပ်ကောင်းမှာပဲ၊ ဘုရားသခင်ရယ် ....တပည့်တော်တို့ကို ကူညီပါ ....ကူညီပါ'



သူတို့လူစုထဲမှ ဒုတိယသေသူမှာ ဘင်းနက်ပင် ဖြစ်သည်။ တတိယသေသူမှာ ဘင်းနက် သေပြီး ခြောက်နာရီအကြာတွင် သေသည့် ဆက်သ်ကော်ဒါ။ သူတို့နှစ်ယောက် အလုပ်တွဲလုပ်လာခဲ့ကြသည်မှာ ဆယ့်လေးနှစ်နီးပါး ရှိခဲ့ပြီ။ လူချင်းလည်း အလွန်ပင် ရင်းနှီးသူများ ဖြစ်၏။ ဤဆယ့်လေးနှစ်တာကာလအတွင်း သူတို့သည် အလုပ်အတူတူ လုပ်ခဲ့ကြသည်။ အရက်အတူတူ သောက်ခဲ့ကြသည်။ ကစားစရာ ပေါ်လာလျှင်လည်း အတူတူ ကစားခဲ့ကြသည်။ အခု သေတော့လည်း အတူတူ သေကြသည်ဟုပင် ပြောရမလို ဖြစ်ခဲ့ရ၏။

သူတို့နှစ်ယောက်တွင် ဘင်းနက်သည် အလွန် စကားနည်းသည်။ ဆက်သ်ကော်လ်ဒါသည် ဘင်းနက် သေသည်ကို သိသည်။ သူ သေတော့မည့်အဖြစ်ကိုလည်း သူ သိသည်။

'ကျွန်တော် မသေချင်သေးပါဘူးဗျာ၊ ကျွန်တော်ဟာ ငယ်ပါသေးတယ်၊ ကျွန်တော့်မယားလည်း ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ကျွန်တော် မသေချင်ဘူးဗျာ' ဟု တတွတ်တွတ်ပြောရင်းနှင့် သေဆုံးသွားခဲ့ရခြင်း ဖြစ်လေသည်။

လူတိုင်းသည် အားအင်ချည့်နဲ့နေကြပြီဖြစ်၍ ဘင်းနက်နှင့် ဆက်သ်ကော်လ်ဒါတို့၏ အလောင်းများကိုပင် မသယ်နိုင်ကြတော့။ ထို့ပြင်လည်း ရောဘတ်ထံတွင် မီးခြစ်ဆံနှစ်ဆံနှင့် ဖယောင်းတိုင် အတိုကလေး တစ်ခုမျှသာ ရှိတော့၏။ သူ သိမ်းထားသည့် ရှိုချဉ်နောက်ဆုံးအလုံးကိုလည်း ပက်ရီးဒီးအား ပေးလိုက်ပြီ။ ဘုရားသခင်သည် သူတို့အား ကယ်တင်မည်ဆိုပါက မြန်မြန်ကယ်တင်ပါမှသာ ဖြစ်ပေတော့မည်။ ဘုရားသခင်သည် ကယ်တင်မည့်သူများအား မိမိတို့ထံ စေလွှတ်မည်ဆိုပါက အမြန်ဆုံးစေလွှတ်မှသာ မိမိတို့ အသက်ချမ်းသာရာရဖို့ရှိသည် မဟုတ်ပါလား။

အခုဆိုလျှင် သူတို့သည် လှဲနေရာမှ လုံးဝ မထနိုင်ကြတော့။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ဖို့ပင် မလွယ်တော့။ လဲလျောင်းနေရင်းမှပင် ရောဘတ်သည် စိတ်ကူးတစ်ခု ရလာသည်။ ထိုစိတ်ကူးအရ သူသည် သူ့လူတစ်ဦးချင်းစီ၏ နာမည်ကို သုံးကြိမ်တိတိ ခေါ်ကြည့်သည်။ တတိယအကြိမ် ခေါ်သည်အထိ ထူးသံ မကြားရလျှင် သွားပြီဟု သူ ယူဆသည်။

နက်ဒ်ဆောဖ်လေထံမှ ထူးသံကိုပင် မကြားရတော့ပေ။ ဟာရီဘရေ့စ်ကဲ့သို့ပင် ညင်ညင်သာသာနှင့် သေဆုံးသွားခြင်း ဖြစ်ပေလိမ့်မည်။ နက်ဒ်သည် စိတ်ပျော့သူ ဖြစ်သော်လည်း သေသည့်အခါ ဘယ်သူ့ကိုမှ ဒုက္ခပေးမသွားချေ။ သူ့ထံမှ ညည်းညူသံကိုပင် မကြားရပေ။ ထို့နောက် ရောဘတ်၏ ခေါ်သံကို ပြန်မထူးနိုင်သူမှာ ဆွီးမက်ဆာ။

ဆွီး သေဆုံးပြီး မကြာမီမှာပင် ဝက်ပ်သည် စိတ်နောက်သွားသည်။ သူသည် အခြားသူများကဲ့ပင် ငြိမ်ဆိတ်နေရာမှ ရုတ်တရက် ထရပ်လိုက်သည်။ သူသည် အမှောင်ထုထဲ၌ ဆက်၍ရပ်နေသည်။ ထိုင်နေသူအားလုံးသည် ဝက်ပ် စိတ်ဖောက်ပြန်သွားသည်ကို သိနေကြ၏။

'ကျွန်တော် သူတို့ကို မြင်ရပြီ၊ နတ်သား နတ်သမီးတွေ၊ ဘုရားသခင်ရဲ့ ရှေ့မှာ ရပ်နေကြတယ်၊ သူတို့ရဲ့ ခရာမှုတ်သံတွေကိုလည်း ကြားနေရပြီ'

ပထမတွင် သူတို့အားလုံးသည် ဝက်ပ်၏ စကားများကို မကြားချင်ဟန် ဆောင်နေကြသည်။ ဝက်ပ်ကတော့ သူ ပြောချင်တာများကို ဆက်ပြောနေသည်။

'ကျွန်တော် သူတို့မှုတ်နေတဲ့ ခရာသံတွေကို ကြားနေရတယ်'

စလော့ဂါးက ....

'ဒုက္ခပါပဲလား၊ မင်းပါးစပ်ကို ပိတ်ထားစမ်းပါ ငါ့လူရယ်' ဟု လှမ်းပြောသည်။

ဝက်ပ်ကတော့ တားမရ။

'ပထမနတ်သားက ခရာသံ ပေးနေတယ်၊ ဒုတိယနတ်သားကလည်း ပေးတယ်၊ တောင်တန်းကြီးတွေပေါ်မှာ မီးတွေ လောင်နေတယ်၊ ပင်လယ်ပြင်ပေါ်မှာ သွေးတွေ လွှမ်းနေတယ်၊ ရေမရှိဘူး၊ သွေးပဲရှိတယ်၊ ကျွန်တော်တို့ကို ဒီနေရာ ရောက်အောင် ပို့ပေးတာဟာ ရေ မဟုတ်ဘူး၊ သွေး .... သွေး'

စလော့ဂါးသည် လှဲနေရာမှ ထထိုင်သည်။

'ဟေ့ကောင် .... ဝက်ပ်၊ ဘုရားသခင်ကို ချစ်ခင်တယ်ဆိုရင် တော်ပါတော့ ငါ နားမထောင်ချင်တော့ဘူး' ဟု ပြောသည်။

ဝက်ပ်ကတော့ တား၍မရ၊ သူ ပြောချင်သည်များကို ဆက်ပြောနေသည်။

'ကျွန်တော်တို့ဟာ လူ့လောဘရဲ့ ချေမှုန်းခြင်းကို ခံနေရတာပါ၊ ပဥ္စမ မြောက်နတ်သားနဲ့ နောက်ကြယ်တစ်ပွင့်ဟာ ကျောက်မီးသွေးတွင်းထဲကို ဆင်းလာကြတယ်၊ ကျောက်မီးသွေးတွင်းထဲက မီးခိုးငွေ့တွေ ထွက်လာတယ်၊ ကျွန်တော်တို့အားလုံး ကျောက်မီးသွေးတွင်းထဲမှာ ရောက်နေကြတယ်၊ အပြစ်ဒဏ်ဟာ ကျွန်တော်တို့ကို ဒီနေရာရောက်အောင် လုပ်ခဲ့တဲ့လူတွေအပေါ်မှာ ကျရောက်ပါလိမ့်မယ်၊ ကျွန်တော် မြင်နေရပါတယ်၊ ကျွန်တော်ဟာ ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းထဲမှာ အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ ခင်ဗျား'

ဝက်ပ်တစ်ယောက် စိတ်နောက်သွားပြီဟု သိနေသော ရောဘတ်က ....

'ထိုင်ပါ ငါ့လူရယ်' ဟု ချော့ချော့မော့မော့ ပြောသည်။

'ကဲကွာ ထိုင်ပါ၊ တို့ကို ကယ်ဆယ်မယ့်လူတွေဟာ မကြာခင် ရောက်လာ



တော့မှာပါ၊ သူတို့ရောက်အလာကို အေးအေးဆေးဆေးထိုင်ပြီး စောင့်ပါကွာ၊ သိပ်အကြာကြီး မစောင့်ရတော့ပါဘူး'

ဝက်ပ်ကတော့ သူ့စကားကို မရပ်၊ ပြောမြဲတိုင်း ဆက်ပြောနေသည်။ သူ့အသံသည် တိုးရာမှ ကျယ်လာသည်။ သူ့အော်သံသည် ပဲ့တင်ထပ်လာနေသည်။ သူ့အော်ဟစ်မှုအရှိန်ဖြင့် သူတို့အထက်မှ ခေါင်မိုးသည်ပင်လျှင် သိမ့်သိမ့် တုန်လာနေသည်ဟု ထင်မိကြလေသည်။

'ဒုက္ခပါပဲလားနော်' ဟု စလော့ဂါးက ညည်းသည်။

'ငါ သူ့အသံကို မကြားချင်တော့ဘူး'

သူသည် ရှေ့သို့တိုးသွားပြီး ဝက်ပ်အား သူ့လက်များဖြင့် စမ်းကြည့်သည်။ ဝက်ပ်ကတော့ စကားဆက်ပြောနေဆဲ ....။

'အခုဆိုရင် သတ္တမမြောက်နတ်သားဟာ ....'

သူ့စကားမဆုံးခင် စလော့ဂါးသည် ဝက်ပ်၏ ခြေမျက်စိကိုဆုတ်ကိုင်ကာ ဆွဲလှဲလိုက်သည်။ ဝက်ပ်သည် လဲကျသွားသည်။ သို့သော်လည်း သူ့ပါးစပ်ကတော့ အော်ဟစ်နေဆဲ။

'ကျွန်တော့်လူတွေရဲ့ လောဘနဲ့ အရူးထမှုကို မြင်နေရတယ်၊ ငွေပဲ၊ ငွေပဲ ... ငွေ .... ငွေ .... ငွေ၊ အဲဒီငွေကြောင့် ကျွန်တော်တို့ လူသားအားလုံးဟာ အချေမှုန်းခံနေကြပါတယ်၊ အသတ်ခံနေကြရပါတယ်၊ ဟိုအမြင့်ကနေပြီး ရေကျမလာဘူး၊ သွေးတွေပဲ ကျလာနေတယ်'

သူ့အသံသည် ဖြည်းဖြည်းချင်း ကုန်သွားသည်။ ထို့နောက် ငြိမ်ကျသွားသည်။ သူ့ထံမှ ငိုသံကြားရသည်။ ထို့နောက်တွင်မူ ဂျိုးဆပ်ဝက်ပ်သည် အသက်ပျောက်သွားသည်။

အချိန်သည် ဖြည်းဖြည်းချင်း ကုန်သွားသည်။ ရောဘတ်သည် ပက်ရီးဒီးအား ရေတစ်ခွက်တိုက်သည်။ ပက်သည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။

'ဘုရားသခင်ရယ် လာမှာဖြင့် လာပါတော့' ဟု စလော့ဂါးက ရေရွတ်သည်။ သူသည် ကျောက်တုံးတစ်တုံးကို ကောက်ယူကာ ကျောက်ခဲကြီးတစ်တုံးကို ထုသည်။ သို့သော်လည်း အားအင်က ချည့်နဲ့လွန်းသဖြင့် ကြာကြာမထုနိုင်ဘဲ သူ့လက်ထဲမှ ကျောက်ခဲသည် လွတ်ကျသွားသည်။ သူသည် သူ့လည်ပင်းကို ဆုတ်ကိုင်ကာ ညည်းညူလျက်ရှိသည်။ ထို့နောက် သူသည် လဲကျသွားပြီး နောက်ထပ်လှုပ်ရှားသည်ကို မမြင်ရတော့ပေ။

မကြာမီ သေဆုံးသူမှာ ပက်ရီးဒီး ဖြစ်၏။ သူသည် ရောဘတ်၏ရင်ခွင်

ပေါ်ခေါင်းတင်၍ သေဆုံးသွားရခြင်း ဖြစ်သည်။ မိမိ၏ရင်ခွင်တွင် ခေါင်းတင်၍ သေဆုံးသွားသည့် နို့စို့ကလေးတစ်ယောက်နှင့် တူလှချေသည်။

ထို့နောက်တွင် ရောဘတ်သည် လူတစ်ဦးချင်းစီ၏ နာမည်ကို ခေါ်သည်။ မည်သူ၏အသံကိုမှ မကြားရချေ။ ထိုအခါ ရောဘတ်က သူ့သားအား လှမ်းပြောသည်။

'မင်းနဲ့ငါပဲ ကျန်တော့တယ် ဟူးဂီး'

ဟူးဂီးကမူ ....

'ဒီနေ့ ဘာနေ့လဲ အဖေ' ဟု မေးသည်။ ပြီးတော့ ....

'ကျွန်တော် ရေတစ်ခွက်လောက် သောက်ချင်လိုက်တာ အဖေရယ်၊ ဒါပေမဲ့ ကျွန်တော့်ကြောင့် ပြဿနာမဖြစ်စေချင်ဘူး' ဟု ပြောသည်။

ရောဘတ်က သူ့သားအတွက် ကျောက်မီးသွေးတွင်းထဲမှ ရေတစ်ခွက် ခပ်တိုက်သည်။

'ကျေးဇူးတင်လိုက်တာ အဖေရယ်' ဟု ဟူးဂီးက ပြောသည်။ သူသည် အတန်ကြာမျှ ငြိမ်ဆိတ်ကာ စဉ်းစားနေသည်။

'အားလုံး ကိစ္စပြီးသွားပါပြီ အဖေရယ်' ဟု ပြောသည်။

'သူတို့က ကျွန်တော့်ကို နောက်တစ်ကြိမ်ထပ်ပြီး အခွင့်အရေးပေးတော့မှာ မဟုတ်ဘူးထင်ပါရဲ့'

'အဲဒီလိုတော့ မဟုတ်ပါဘူး ဟူးဂီးရယ်' ဟု ရောဘတ်က ဆက်ပြောသည်။

'ကျွန်တော် အဲဒီအသင်းမှာ ဘောလုံးကစားချင်လိုက်တာ အဖေရယ်'

'အဖေ သိပါတယ် သားရယ်'

ရောဘတ်သည် မျှော်လင့်ချက်အားလုံးကို စွန့်လွှတ်လိုက်ပြီ ဖြစ်သည်။ သူသည် နားများကို မကြာခဏစွင့်၍ နားထောင်သည်။ လူသံသူသံဆို၍ လုံးဝ မကြားရ။ သူတို့အနေဖြင့် တခြားနေရာတစ်ခုခုကို မှားရှာနေကြသလား။ သူ့မှာ ကတော့ မျှော်လင့်ချက်ဟူ၍ တစ်စက်မျှမရှိတော့။

သူသည် သူ့ရင်ခွင်ကိုမှီ၍ အသက်ပျောက်နေသော ပက်ရိုးဒီး၏အလောင်းကို မြေပေါ်သို့ ချထားလိုက်သည်။ သူသည် သူ့သား၏ပခုံးကို တယုတယ ဖက်ထားလိုက်သည်။ သူသည် ဟူးဂီးအပေါ်၌ ချစ်ခင်မှုကို အပြည့်အဝမပေးခဲ့။ ဟူးဂီးသည် သူနှင့် အလွန်တူသောသား ဖြစ်၏။ ဟူးဂီးသည် စကားနည်းသည်၊ ဘာသိဘာသာ နေတတ်သည်။ သူသည် ဟူးဂီးအား ဟူးဂီး ကျေနပ်လောက်အောင် မချစ်ခဲ့ဟု ထင်မိလေသည်။

သူသည် ဟူးဂီးအား စကားပြောရန်ကြိုးစားသော်လည်း မရ။ သူသည်



ချောင်းဆိုးလာပြန်သည်။ သူ့ပါးစပ်ထဲမှ ငန်ငြိငြိအရသာရှိသော တံတွေးများသာ ထွက်လာနေသည်။ အချိန်သည် ကုန်မှန်းမသိ ကုန်သွားသည်။ ဟူးဂီးထံမှ နောက်ဆုံး သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရ၏။ ဟူးဂီးသည် သူ ဘယ်တော့မှ ကစားခွင့်ရတော့မည်မဟုတ်သော ဘောလုံးပွဲအကြောင်းကိုတွေးရင်း အသက်ပျောက်သွားခဲ့ရ၏။ တကယ်တော့ အက်ကွဲကြေမွလျက်ရှိသော နှလုံးသားကြောင့် သေဆုံးရခြင်းပေတည်း။

ရောဘတ်သည် ဟူးဂီး၏ နဖူးကို နမ်းလိုက်သည်။ ဟူးဂီး၏လက်များကို ဟာရီ၏လက်များကဲ့သို့ တစ်ဖက်ပေါ်တစ်ဖက်ယှက်၍ တင်ထားပေးရန် အားထုတ်သည်။ သူသည် ထိုအလုပ်ကိုပင် ဖြစ်မြောက်အောင်မလုပ်နိုင်။ အဆမတန် အားနည်းနေပြီ ဖြစ်၏။ ချောင်းဆိုးရန်ပင် အားမရှိတော့။ သူသည် ဘုရားသခင်အား အာရုံပြု၍ ဆုတောင်းသည်။ ချောင်းသည် အဆက်မပြတ် ဆိုးလာပြန်သဖြင့် ဖြောင့်ဖြောင့်တန်းတန်းပင် ဆုမတောင်းနိုင်။

ရောဘတ်၏ အတွေးများသည် ဟိုရောက် သည်ရောက်နှင့် တလည်လည် ဖြစ်လျက်ရှိ၏။ သူသည် အားလုံးထဲတွင် ကျန်းမာရေးအညံ့ဆုံးလူ ဖြစ်သည်။ သို့ပါလျက်နှင့် နောက်ဆုံးကျမှ သေရမည့်အဖြစ်သည် ထူးဆန်းလှသည်ဟု ထင်သည်။ သူသည် သူ့ချောင်းက သူ့ကို မသတ်နိုင်ဟု အမြဲပြောခဲ့သူ ဖြစ်သည်။ သူ့စကားသည် မှန်နေ၏။ အခု သူ သေလျှင်လည်း သူ့ချောင်းဆိုးရောဂါက သတ်၍ သေခြင်းမဟုတ်။

သူ့စိတ်သည် ဝမ်းစ်ဘက်သို့ ရောက်သွားသည်။ သူနှင့် ဒေးဗစ်တို့ ငါးမျှား နေကြသည်။ သူ့သားကြီး ဒေးဗစ်နှင့် ငါးမျှားထွက်ခဲ့ရသည်များကို သူ မမေ့နိုင်။ ဒေးဗစ် ငယ်စဉ်က ငါးဘယ်လိုမျှားခဲ့ရသည်ကို သူ သင်ပေးခဲ့၏။ ပထမဆုံး ငါးတစ်ကောင်ကို ရခဲ့စဉ်က ဒေးဗစ် ပျော်မြူးလျက်ရှိသည်ကို ပြန်လည်မြင်ယောင်မိသည်။ သူ့အတွက် အလွန်လှပသည့် သဘာဝရှုခင်းလေးတစ်ခု ဖြစ်ခဲ့သည် မဟုတ်ပါလော။

အချိန်သည် ကုန်လျက်ပင် ရှိသည်။ ရောဘတ်သည် မျက်လုံးများကို ဖွင့်ထားသည်။ သူ့အိတ်ကပ်ထဲမှ ဖယောင်းတိုင် အတိုကလေးကို ထုတ်ယူပြီး ထွန်းလိုက်သည်။ သူ့အဖော်တွေရှိစဉ်က ဤဖယောင်းတိုင်ကလေးကို မသုံးလိုက်ရ။ သနားစရာကောင်းလှသည်။ သူ အသက်သေရမည်ဆိုပါက အမှောင်ထဲမှာတော့ မသေချင်။

ဖယောင်းတိုင်သည် အဝါရောင် မီးတောက်ကလေးဖြင့် ရောဘတ်၏ ဘေးပတ်လည်မှ လူသေအလောင်းများကို ထိုးပြနေသည်။ သူကိုယ်တိုင် မကြာမီ

သေရတော့မည်ကို သူ သိနေသည်။ သူသည် သေရမည်ကို မကြောက်။ သေခြင်းနှင့်ပတ်သက်၍ ဘာကိုမှလည်း ထွေထွေထူးထူး မတွေး။ သို့သော်လည်း သူ မသေခင် သူ့သားကြီး ဒေးဗစ်ထံသို့ စာလေးတစ်စောင် ရေးခဲ့ချင်လှပါ၏။ သူသည် ဒေးဗစ်ကို အလွန်ချစ်ခဲ့သည် မဟုတ်ပါလား။

သူသည် အိတ်ကပ်ထဲမှ မှတ်စုစာအုပ်ကလေးကို ထုတ်ယူသည်။ ပြီးတော့ ခဲတံနှင့် စက္ကူတစ်ရွက် ....။ သူ ဘာရေးရမည်နည်း ....။ တပင်တပန်း စဉ်းစားသည်။ ထို့နောက် စာကို ဖြည်းဖြည်းချင်းရေးသည်။

*'ချစ်သောဒေးဗစ်၊ သူတို့က အဖေ့ကို တွေ့ကြတဲ့အချိန်ကျရင် မင်း ဒီစာကိုရမှာပါ၊ အဖေတို့လည်း အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ကြတာပဲ၊ ဖလက်ထဲမှာ အပေါက်ဖောက်ပြီး ထွက်ခဲ့ကြတာပဲ၊ အဖေ တယ်လီဖုန်းဆက်ခဲ့တော့ ရစ်ချတ်ဘားရပ်စ်က တို့ကို စကပ်ပါးအပေါက်ဘက်ကထွက်ဖို့ ညွှန်ကြားခဲ့တယ်၊ ဒါပေမဲ့ ဒီအပြိုအပျက်ပုံကြီးက တို့ရှေ့က ပိတ်နေတော့ တို့ထွက်လို့မရတော့ဘူး၊ ဟူးဂီးတော့ အစုပဲ ဆုံးသွားပြီ။ ဝေဒနာမခံစားရဘဲ သေသွားတာ၊ တို့ ဆုတောင်းပွဲ လုပ်ရပါတယ်လို့ မင်းအမေကို ပြောပြလိုက်ပါ၊ မင်းဘဝမှာ အောင်မြင်မှုရတဲ့လူဖြစ်အောင် ကြိုးစားလိမ့်မယ်လို့ အဖေ မျှော်လင့်ထားတယ်'*

*မင်းရဲ့အဖေ ....။*

သူသည် စာကို ကိုင်ကာ ဘာများရေးစရာကျန်သေးသလဲဟု စဉ်းစားနေသည်။ ထို့နောက် အောက်နားမှ စာတစ်ကြောင်း ထပ်ရေးသည်။

*ရစ်ချတ်ဘားရပ်စ် ညွှန်ကြားတာမှန်တဲ့အတွက် သူ့ဆီမှာ ဒီတွင်းဟောင်းရဲ့ ပုံစံတွေ၊ မြေပုံတွေ ရှိနေလိမ့်မယ်ထင်တယ် ....။*

သူသည် စာကိုခေါက်လိုက်ပြီး သူ့စွပ်ကျယ်အင်္ကျီ ရှေ့တည့်တည့်တွင် လူမြင်သာအောင် ထိုးထည့်ထားလိုက်သည်။ သူသည် ပြိုကျနေသော ခေါင်မိုးကို ကျောနှင့်မှီပြီး ထိုင်သည်။ အမှောင်ထုသည် သူ့ဦးနှောက်တွင်းသို့ မျှောဝင်လာသည်။ သူသည် ချောင်းအဆက်မပြတ် ဆိုးလာပြန်သည်။ ဤချောင်းဆိုးရောဂါသည် သူ ....သူ့အား ....။

ထို့နောက် သူ့ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်းပျော့ခွေကာ လဲကျသွားသည်။ သူသည် မြေပေါ်၌ ပက်လက်ဖြစ်နေသည်။ လက်နှစ်ဖက်သည် ဆန့်တန်းလျက်ရှိသည်။ သေနေပြီဖြစ်သော မျက်လုံးများသည် ပွင့်နေကြ၏။ သူသည်



သူ၏ သေနှင့်နေပြီဖြစ်သော ရဲဘော်ရဲဘက်များကြား၌ လဲလျောင်းလျက်ရှိသည်။ ဖယောင်းတိုင်တိုကလေးသည် တဖြည်းဖြည်းနှင့် အရည်ပျော်ကျကာ နောက်ဆုံးတွင် ဖျတ်ခနဲ ငြိမ်းသွားလေ၏။

* * * * *

## (၂၅)

နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း ဘေးအန္တရာယ်ကျရောက်မှုကြီးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရသည် ကျောက်မီးသွေးတွင်းများ အက်ဥပဒေပါ ပုဒ်မ ၈၃ အရ ဖြစ်ပေါ်လာစေခဲ့သည့် အကြောင်းရင်းများနှင့် အခြေအနေများကိုသိရှိရန် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့၍ စစ်ဆေးခဲ့သည်။ ယင်းစုံစမ်းစစ်ဆေးမှုသည် ပြီးဆုံးခါနီးနေပေပြီ။

လင့်သ်လမ်းရှိ မြို့တော်ခန်းမထဲတွင် ပရိသတ်များဖြင့် ပြည့်ကျပ်နေသည်။ ရုံးပြင်ဘက်လမ်းပေါ်၌ ရပ်နေကြသည့် လူအုပ်စုများမှာလည်း အများအပြား။ မှုန်းလွဲဂိုင်း၏ ပူပြင်းသောနေရောင်သည် တရားရုံးခန်းမတွင်းသို့ အပြင် ပြတင်းပေါက်များမှတစ်ဆင့် တိုးဝင်လျက်ရှိ၏။

တရားခွင်တွင် စုံစမ်းစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဟင်နရီဒရမ်မွန် သည် နေရာယူထားသည်။ သူနှင့်အတူ အတတ်ပညာပိုင်းဆိုင်ရာ စစ်ဆေးမှုများအတွက် ကူညီရမည့် ရာဖြတ်အရာရှိနှင့် သတ္တုတွင်းဌာနမှ ဒုတိယစစ်ဆေးရေးမှူးချုပ်တို့လည်း ရှိနေကြသည်။ ထို့ပြင်လည်း ခန်းမကြီးထဲတွင် တိုင်းစစ်ဆေးရေးမှူးနှင့် ခရိုင်စစ်ဆေးရေးမှူး မစ္စတာဂျင်းနင်းတို့သည် သတ္တုတွင်းဌာန၏ ကိုယ်စားလှယ်များအဖြစ် ရောက်ရှိနေကြသည်။ ခန်းမထဲ၌ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း လုပ်ငန်းပိုင်ရှင် ရစ်ချတ်ဘားရပ်စ်၏ ရှေ့နေကြီး တိုင်နီကပ်ဆဲလ်မြို့မှ မစ္စတာ ဩန်ဘင်းနားမင်းက စေလွှတ်ထားသည့် ကိုယ်စားလှယ်ရှေ့နေ မစ္စတာလင်တန်ရော့စ်ကိုးလည်း ရှိနေသည်။

စုံစမ်းစစ်ဆေးရေး ကော်မတီတွင် ဗြိတိန်နိုင်ငံလုံးဆိုင်ရာ သတ္တုတွင်း အလုပ်သမားများ အဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ ဖြစ်ကြသော လွှတ်တော်အမတ် ဟာရီနူဂျင့်နှင့် ဂျင်ဒက်ဂျီယွန်တို့သည် အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။ တွမ်ဟက်ဒွန်းသည် စလီစကေးမြို့ ကျောက်မီးသွေးတွင်း အလုပ်သမားများအဖွဲ့မှ ကိုယ်စားလှယ်အဖြစ် ပါဝင်သည်။ တိုင်နီကပ်ဆဲလ်မှ ရှေ့နေကြီး မစ္စတာဝီလျံစနက်သည် သေဆုံးသွားသူ အလုပ်သမားများ၏ မှီခိုသူများ၏ ကိုယ်စားလှယ်

အဖြစ် ရုံးခန်းထဲ၌ ရောက်ရှိနေသည်။ ယင်းတို့အထဲတွင် သတ္တုတွင်းသူဌေးကြီး လော့ဒ်ကဲလ်၏ ကိုယ်စားလှယ်အဖြစ် အငြိမ်းစား ကာနယ်ဂတ်စကွိုင်းလည်း ပါဝင်သည်။ သူကတော့ အမှုစစ်ဆေးခြင်းကို လေ့လာနားထောင်ရန် ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ရှေ့ဆုံးတန်း ထိုင်ခုံများ၌ ထိုင်နေကြသူများမှာ မစ္စတာရစ်ချတ်ဘားရပ်စ်၊ သူ့သား အာသာဘားရပ်စ်၊ အမ်းစထရောင်း၊ ဟတ်ဒ်စပက်ပ်နှင့် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းလုပ်ငန်းမှ အရာရှိများ ဖြစ်သည်။ နောက်ဘက် သက်သေခုံတန်းများတွင်မူ ဒေးဗစ်၊ ဂျက်ရီးဒီး၊ ဟာရီအိုဂလီနှင့် အလုပ်သမားအချို့ ထိုင်နေကြသည်။ သူတို့သည် လွှတ်တော်အမတ် ဟာရီနူဂျင့်၏နောက်၌ ထိုင်နေကြခြင်း ဖြစ်၏။

ယင်းတို့၏နောက်တွင်မူ သေဆုံးသွားသော အလုပ်သမားများ၏ ဇနီး၊ သားသမီးနှင့် ဆွေမျိုးများက နေရာယူထားကြသည်။ အများစုသည် အမျိုးသမီးများဖြစ်၍ အပေါ်စား အနက်ရောင်ဝတ်စုံများ ဝတ်ထားကြသည်။ ပဝါခြုံလာသူဟူ၍ အနည်းငယ်မျှသာ ပါ၏။ အားလုံး၏ မျက်နှာများသည် ညှိုးငယ်နေကြသည်။ ခန်းမထဲရှိ ကျန်နေရာများတွင်မူ ကျောက်မီးသွေးတွင်း အလုပ်သမားများနှင့် မြို့သူမြို့သားများက နေရာယူထားကြသဖြင့် နောက်ထပ်လူနေစရာ တစ်လက်မပင် မကျန်တော့ပေ။

၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်မှစ၍ စုံစမ်းစစ်ဆေးရေးကော်မတီသည် ယင်းလုပ်ငန်းကို အစပြုခဲ့ခြင်းဖြစ်၍ ယခုအခါတွင် ခြောက်ရက်တင်းတင်းပြည့်ခဲ့လေပြီ။ စစ်ဆေးရာ၌လည်း တစ်နေကုန်သည်အထိ စစ်ဆေးခြင်းဖြစ်၍ ရပ်နားချိန်ကို တစ်ခဏမျှသာပေးသည်။ တရားရုံးခန်းထဲတွင် စကားပြောသံများကိုသာ ကြားနေရ၏။ သက်သေပေါင်း ငါးဆယ့်လေးယောက်ကို အကြိမ်ကြိမ် အထပ်ထပ် ခေါ်ယူစစ်ဆေးခဲ့သည်။ မေးခွန်းပေါင်း အမြောက်အမြားကို ကြားခဲ့ကြရသည်။ စကားလုံးများသည် အသွားအပြန် ရှိနေခဲ့ကြပြီး နာကြည်းသော၊ ခါးသီးသော၊ ထောက်ခံသော၊ ကန့်ကွက်သော၊ ဒေါသပါသော စကားလုံးပေါင်းများစွာကို ကြားသိခဲ့ကြရသည်။

ဤအထဲတွင် ဟက်ဒွန်းသည် လူပွဲတစ်ဦး ဖြစ်နေသည်။ သူ၏ဒေါသနှင့် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ပြောဆိုမှုများသည် ရုံးထဲ၌ သောသောရုတ်ရုတ် ဖြစ်စေခဲ့သည်ဖြစ်ရာ ဥက္ကဋ္ဌ၏ သတိပေးထိန်းသိမ်းမှုကို မကြာခဏ ခံခဲ့ရသည်။ ဂျင်ဒက်ဂျီယွန်၊ နူဂျင့်၊ ကာနယ်ဂတ်စ်ကွိုင်၊ လင်တန်ရှော့စ်ကိုး စသည့် လူတော်လူမော်များ၏ ပညာပါသော၊ လိမ္မာပါးနပ်သော စကားများကို နားထောင်ခွင့်ရကြသည်မှာ ပညာဗဟုသုတ တိုးတက်မှုကို ဖြစ်စေသည်။



မည်သို့ပင်ဖြစ်စေ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းသည် ပြီးဆုံးပေတော့မည်။ လင်တန်ရှော့စ်ကိုးသည် ယခုလောလောဆယ်တွင် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ ရပ်နေသည်။ သူသည် နှစ်နာရီထိုးကတည်းက သက်သေများကို စစ်ဆေးမေးမြန်းနေခြင်း ဖြစ်၏။ ရှော့စ်ကိုး၏ အမူအရာနှင့် ပုံပန်းသည် ဇာတ်ဆန်လှချေသည်။ အခုလည်း သူသည် ဥက္ကဋ္ဌဘက်သို့လှည့်၍ ရပ်လိုက်သည်။ အခန်းထဲတွင် တိတ်ဆိတ်သွားသည်။

ဥက္ကဋ္ဌ ။ 'လျှောက်လွှာတင်ဖို့ စီစဉ်ထားသလား မစ္စတာရှော့စ်ကိုး'

လင်တန်ရှော့စ်ကိုး ။ 'ဒါက မစ္စတာရစ်ချတ်ဘားရပ်စ်အပေါ်မှာ တည်နေပါတယ် ခင်ဗျာ၊ နောက်ဆုံးအကြိမ်အဖြစ် သူ့ကိုပြန်ခေါ်ပြီး စစ်ဆေးလိုက်ရင် ဒီကိစ္စကို ကျွန်တော် ဆုံးဖြတ်နိုင်ဖို့ရှိပါတယ်'

ဥက္ကဋ္ဌ ။ 'ဒါဆိုရင်လည်း ခေါ်ပါ၊ မစ္စတာရှော့စ်ကိုး'

ရစ်ချတ်ဘားရပ်စ်အား ခေါ်သည်။ ဘားရပ်စ်သည် သူ့နေရာမှ ချက်ချင်းထကာ သက်သေနေရာတွင် ဝင်ရပ်သည်။ သူသည် တောင့်တောင့်မတ်မတ်ရပ်ကာ မေးလာသမျှကိုဖြေရန် အသင့်စောင့်နေသည်။ သူ့ပါးများသည် ဖြူရော်ရော်ဖျော့တော့နေကြသည်။ အာသာသည် သူထိုင်နေသောနေရာတွင် ဦးခေါင်းကိုငုံ့ထားသည်။ သူ့မျက်လုံးများကိုလည်း ကြမ်းပြင်ထက်သို့ စူးစိုက်ထားသည်။ သူ့မျက်နှာကို ဘယ်သူကမှ မမြင်စေရန် လုပ်ထားခြင်း ဖြစ်လေသည်။

လင်တန်ရှော့စ်ကိုး ။ 'နောက်တစ်ကြိမ် ထပ်ပြီးခေါ်ရတဲ့အတွက် ခင်ဗျားကို ဒုက္ခပေးသလိုဖြစ်နေတာ ခွင့်လွှတ်ပါ၊ ကျွန်တော့်အနေနဲ့ ထပ်ပြီး အလေးအနက်ပြုချင်တဲ့ အချက်တချို့ ရှိနေလို့ပါ၊ ခင်ဗျားအနေနဲ့ ခင်ဗျားဟာ နက်ပ်ကျွန်း ကျောက်မီးသွေးလုပ်ငန်းပိုင်ရှင်၊ နှစ်သုံးဆယ် အတွေ့အကြုံရှိခဲ့တဲ့ သတ္တုတွင်းအင်ဂျင်နီယာတစ်ယောက်လို့ ပြောသွားခဲ့တယ် ထင်ပါတယ်၊ မှန်ပါသလား'

ဘားရပ်စ် ။ 'မှန်ပါတယ်'

လင်တန်ရှော့စ်ကိုး ။ 'သတ္တုတွင်းလုပ်ငန်းနဲ့ပတ်သက်တဲ့ ခင်ဗျားရဲ့ အတွေ့အကြုံဟာ ဘယ်နည်းနဲ့မဆို ကျယ်ဝန်းလိမ့်မယ်လို့ ထင်ပါတယ်၊ ဟုတ်ပါသလား'

ဘားရပ်စ် ။ 'ဟုတ်ပါတယ်၊ အဲဒီလို ပြောနိုင်ပါလိမ့်မယ်'

လင်တန်ရှော့စ်ကိုး ။ 'ခင်ဗျားအနေနဲ့ နက်ပ်ကျွန်း တွင်းဟောင်းထဲက ရေတွေပြည့်နေတဲ့ လုပ်ကွက်တွေနားက တာရိုးကို ကျောက်မီးသွေး စတူးတော့ တခြားဘာလုပ်ဖို့စိတ်ကူးများ ရှိခဲ့ဖူးသေးသလား'

ဘားရပ်စ် ။ 'မရှိခဲ့ပါဘူး'

လင်တန်ရှော့စ်ကိုး ။ 'အလွယ်ဆုံးဖြစ်အောင် အများနားလည်နိုင်တဲ့ စကားနဲ့ပဲ

မေးပါရစေ၊ ခင်ဗျားကိုယ်ခင်ဗျား မြေအောက် ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာသိဖို့၊ လွတ်မြောက်ဖို့အတွက် နည်းလမ်းနှစ်လမ်းရှိတယ် မဟုတ်လား၊ ပထမလမ်းက အပေါက်ဖောက်သွားတဲ့ နည်းလမ်း၊ ဒုတိယနည်းလမ်းက မြေအောက်အနေအထားနဲ့ ပတ်သက်တဲ့ ပုံစံတွေ၊ မှတ်တမ်းမှတ်စုတွေကို ပြန်ကြည့်ပြီး ရှာတဲ့နည်းလမ်းပဲ၊ အဲဒီနှစ်မျိုးပဲရှိတယ်လို့ ထင်ပါတယ်၊ မှန်ပါသလား'

ဘားရပ်စ် ။ 'မှန်ပါတယ်'

လင်တန်ရှော့စ်ကိုး ။ 'ဒါပေမဲ့ အပေါက်ဖောက်သွားတဲ့နည်းဟာ အဲဒီအပေါက်က ထွက်တဲ့လမ်း ရှိ မရှိ ခင်ဗျား သေချာသိနိုင်မှာလား၊ အဲဒီတော့ အားနည်းချက်တွေ အများကြီး ရှိလာနိုင်မှာပဲ၊ တကယ်စင်စစ်တော့ အပေါက်ဖောက်သွားတဲ့နည်းဟာ အကျိုးဖြစ်ထွန်းမှု လုံးဝမရှိဘဲ ဖြစ်ချင်လည်း ဖြစ်မယ်၊ အကျိုးဖြစ်ထွန်းမှု နည်းနည်းပါးပါးပဲ ရချင်လည်းရမယ်၊ အဲဒီသဘောတော့ ရှိမယ်မဟုတ်လား'

ဘားရပ်စ် ။ 'အခုလို အဖြစ်မျိုးမှာတော့ အဲဒါမျိုး မရှိနိုင်ပါဘူး'

လင်တန်ရှော့စ်ကိုး ။ 'ဒုတိယနည်းနဲ့ ပတ်သက်လို့ ခင်ဗျားဆီမှာ နက်ပ်ကျွန်းကျောက်မီးသွေးတွင်းဟောင်း လုပ်ကွက်တွေရဲ့ မှတ်တမ်းတွေ၊ ပုံစံတွေ ခင်ဗျားဆီမှာ ရှိပါသလား'

ဘားရပ်စ် ။ 'မရှိပါဘူး'

လင်တန်ရှော့စ်ကိုး ။ 'တကယ်လို့ အဲဒီပုံစံတွေ ရှိမယ်ဆိုရင် သိပ်ပြီးကြာနေတဲ့အတွက် အသုံးမကျတော့ဘူးလို့ ယူဆချင်လည်း ယူဆမိမှာပေါ့၊ ဒါပေမဲ့ အဲဒီပုံစံတွေဟာ ခင်ဗျားလက်ထဲကို လုံးဝရောက်မလာခဲ့ဘူး မဟုတ်လား'

ဘားရပ်စ် ။ 'လုံးဝရောက်မလာခဲ့ပါဘူး'

လင်တန်ရှော့စ်ကိုး ။ 'ဒါဆိုရင် အခုကျရောက်လာတဲ့ ဘေးအန္တရာယ်မျိုး ရှိလာလိမ့်မယ်ဆိုတာ ခင်ဗျား ကြိုတင်ပြီး မခန့်မှန်းနိုင်ခဲ့ဘူးပေါ့၊ ကျိုးကြောင်းဆင်ခြင်မှုနဲ့ကြည့်ရင် ခင်ဗျားရဲ့အဖြစ်က အခုကျရောက်သွားခဲ့တဲ့ အန္တရာယ်ကြောင့် သေဆုံးပျက်စီးသွားရတဲ့လူတွေလို ခံစားခဲ့ရတဲ့သဘော ရှိနေတာပဲ။ (သူသည် ဥက္ကဋ္ဌဘက်သို့လှည့်၍) ကျွန်တော် ပြန်ပြီး အလေးအနက်ပြု ဖော်ပြချင်တဲ့အချက်က ဒီအချက်ပါပဲ ခင်ဗျာ။ မစ္စတာဘားရပ်စ်ကို နောက်ထပ်မေးစရာ မရှိတော့ပါဘူး'

ဥက္ကဋ္ဌ ။ 'ကျေးဇူးပဲ မစ္စတာဘားရပ်စ်'

ဘားရပ်စ်သည် သက်သေခြံကလေးထဲမှ ပြန်ထွက်လာသည်။ လူတိုင်းက သူ့အားကြည့်နေမှန်းသိသဖြင့် ဦးခေါင်းကို မော့ထားသည်။ သူ၏ နေပုံထိုင်ပုံနှင့် ပြောပုံဆိုပုံများ တည်ငြိမ်အေးဆေးလှသဖြင့် လူအများက သူ့ကို အံ့ဩချီးမွမ်းကြသည်။ အခုလည်း သူ့အကြောင်း တီးတိုးပြောသံများနှင့် လက်ခုပ်သံများကို ကြားကြရသည်။



အမှန်အတိုင်းပြောရလျှင် ဤဖြစ်ရပ်အတွက် ရစ်ချတ်ဘားရပ်စ်အပေါ်၌ ကိုယ်ချင်းစာနာပြီး သနားသူများရှိခဲ့သည်။ အမှုကို စစ်ဆေးကြားနာနေစဉ်အတွင်း သူ့အပြုအမူများသည် သဘောကျစရာ ဖြစ်ခဲ့သည်။ အထူးသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်နေစဉ်က သူ၏ ကြိုးပမ်းအားထုတ်မှုများသည် သူ့အားများစွာ ကျော်ကြားစေခဲ့လေသည်။

ဘားရပ်စ်သည် အာသာဘေးတွင် ပြန်ထိုင်သည်။ လွှတ်တော်အမတ်ဘာရီနူဂျင့်သည် ဖြည်းဖြည်းချင်း ထရပ်သည်။ သူသည် အေးဆေးတည်ငြိမ်သူတစ်ဦး ဖြစ်၏။ သူသည် အရပ်မြင့်မြင့် ပိန်ပါးပါး ဖြစ်သည်။ တောက်ပစူးရှသော မျက်လုံးများပိုင်ရှင် ဖြစ်သည်။ သူသည် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ကိုင်နီကပ်ဆဲလ်မြို့ အက်ဒ်ဂျီလီ မဲဆန္ဒနယ်မှ အမတ်အဖြစ် ထင်ရှားကျော်ကြားလာခဲ့သူ ဖြစ်၏။ အလုပ်သမား လှုပ်ရှားမှုတွင် ထက်သန်တက်ကြွခဲ့သူလည်း ဖြစ်သည်။ သူ၏ နောက်လိုက်အချို့က သူ့အား အနာဂတ် ပါတီခေါင်းဆောင်အဖြစ်လည်း အသိအမှတ်ပြုထားကြသည်။ သူသည် ဥက္ကဋ္ဌနှင့် မျက်နှာချင်းဆိုင်ထိုက်သည်။

ဘာရီနူဂျင့် ။ 'ကျွန်တော်တို့ မိတ်ဆွေကြီးက သူ့ရဲ့ အဓိကသက်သေကိုပြန်ခေါ်ပြီး မေးမြန်းသွားခဲ့ပါတယ်၊ ကျွန်တော်ကလည်း ဒေးဗစ်ဖင်းဝစ်ခ်ကို ပြန်ခေါ်ချင်ပါတယ် ခင်ဗျာ'

ဥက္ကဋ္ဌ ။ 'အသုံးဝင်တဲ့ အချက်အလက်တွေ ရမယ်ထင်လို့ရှိရင် ခေါ်ခွင့်ပြုပါတယ်'

ဒေးဗစ်ဖင်းဝစ်ခ်၏ နာမည်ကို ခေါ်သည်။ ဒေးဗစ်သည် သက်သေနေရာဆီ ခပ်သွက်သွက် လျှောက်သွားသည်။ သူသည် မျက်နှာထားကို တည်ငြိမ်အေးဆေးအောင် ကြိုးစားပြီး ထိန်းထားသည်။ ဤခြောက်ရက်အတွင်း သူသည် သက်သေခြံတွင်းသို့ ဝင်လိုက်ထွက်လိုက် လုပ်ခဲ့ရသည့် အကြိမ်ပေါင်း မနည်းတော့ပြီ။ သူ့ကို မေးခွန်းထုတ်ခဲ့ကြ၏။ ပြန်လှန်မေးခွန်းတွေလည်း မေးခဲ့ကြ၏။ ဟော်ဟာစ်ဝေါက်ငမ်း၍ ခြိမ်းခြောက်ခြင်းကိုလည်း ခံခဲ့ရ၏။ မရိုးမသား လိမ်လည်လှည့်ဖြားသော စကားတွေလည်း ပြောခဲ့ကြ၏။ လှောင်ပြောင်သရော်ခြင်းလည်း ခံခဲ့ရ၏။ မြှောက်ပင့်မြှူဆွယ်ခြင်းကိုလည်း ပြုခဲ့ကြ၏။ သို့သော်လည်း သူသည် သူ ပြောခဲ့သည့် အချက်အလက်များအပေါ်တွင် မယိမ်းမယိုင် ခိုင်မြဲသောစိတ်ဓာတ်ကိုသာထား၍ ပြောဆိုခဲ့သည်။ အခုလည်း ကျမ်းကျိန်စာအုပ်ကို ကိုင်၍ ကျမ်းသစ္စာ ကျိန်ဆိုနေရပြန်လေသည်။

ဘာရီနူဂျင့် ။ 'နောက်တစ်ကြိမ် လူကြီးမင်းရဲ့အဖေ ရောဘတ်ဖင်းဝစ်ခ်အကြောင်း ပြောကြဦးစို့'

ဒေးဗစ် ။ 'ဟုတ်ကဲ့'
ဟာရီနူဂျင့် ။ 'ခင်ဗျားအဖေဟာ စကပ်ပါးဖလက်တွင်းထဲမှာ အလုပ်လုပ်နေတော့ ရေတွေဝင်လာမယ့် အန္တရာယ်ကို သူ ကြောက်ရွံ့နေကြောင်း ခင်ဗျားကို ပြောပြခဲ့ဖူးသလား'
ဒေးဗစ် ။ 'ပြောပြခဲ့ပါတယ်၊ အကြိမ်ပေါင်းများစွာ ပြောပြခဲ့ဖူးတာပါ'
ဟာရီနူဂျင့် ။ 'ခင်ဗျားကို ပြောပြတာပေါ့ ဟုတ်လား'
ဒေးဗစ် ။ 'ဟုတ်ပါတယ်၊ ကျွန်တော့်ကို ပြောပြတာပါ'
ဟာရီနူဂျင့် ။ 'အဲဒီပြောပြမှုအတွက် ခင်ဗျားအနေနဲ့ ဘယ်လိုများ ခံစားရပါသလဲ'
ဒေးဗစ် ။ 'ကျွန်တော် သိပ်ပြီး စိတ်ပူခဲ့ပါတယ်၊ စောစောပိုင်းက ပြောခဲ့သလိုပဲ ကျွန်တော်ကိုယ်တိုင် မစ္စတာဘားရပ်စ်ကို ပြောပြဖို့ သွားခဲ့ပါတယ်'
ဟာရီနူဂျင့် ။ 'ခင်ဗျားကိုယ်တိုင် ဒီကိစ္စကို မစ္စတာဘားရပ်စ်ဆီ သွားပြောခဲ့တယ် ဆိုပါတော့'
ဒေးဗစ် ။ 'မှန်ပါတယ်'
ဟာရီနူဂျင့် ။ 'အဲဒီတော့ သူ့သဘောထားက ဘယ်လိုရှိခဲ့သလဲ'
ဒေးဗစ် ။ 'ကျွန်တော်ပြောတာကို နားမထောင်ခဲ့ပါဘူး'
လင်တန်ရှော့စ်ကိုး ။ (ဖျတ်ခနဲထရပ်ပြီး) 'ကျွန်တော် မစ္စတာနူဂျင့်ရဲ့မေးခွန်းကို ကန့်ကွက်ပါတယ်'
ဥက္ကဋ္ဌ ။ 'ခင်ဗျား ဆန္ဒရှိတယ်ဆိုရင် သက်သေကို ပြန်လှန်မေးခွန်းထုတ်နိုင်တဲ့ အခွင့်အရေး အပြည့်အဝရမှာပါ'(နူဂျင့်ဘက်လှည့်၍) 'ဒါပေမဲ့ ကျွန်တော် မစ္စတာနူဂျင့်ကို အကြံပြုချင်တာက ဒီသက်သေကို နောက်ထက် ဆက်မမေးဖို့ပါပဲ'
ဟာရီနူဂျင့် ။ 'ကျွန်တော် နောက်ထပ်မေးစရာလည်း မရှိတော့ပါဘူး၊ ကျွန်တော်ရဲ့ အဓိကရည်ရွယ်ချက်က ဥက္ကဋ္ဌကြီးအနေနဲ့ ဒီဘေးအန္တရာယ်ကြီးဟာ ကြိုတင်ပြီး ရှောင်တိမ်းမယ်ဆိုရင် ရနိုင်တဲ့အလားအလာ ရှိတယ်ဆိုတဲ့အချက်ကို သိစေချင်လို့ပါ'

နူဂျင့်က သူ့နေရာတွင် ပြန်ထိုင်လိုက်သည်။ လင်တန်ရှော့စ်ကိုးသည် သက်သေခြံထဲမှ ပြန်ထွက်ရန် ဟန်ပြင်နေသော ဒေးဗစ်ကို လှမ်းကြည့်ပြီး ထိုင်ရာမှ ဖြုန်းခနဲ ထရပ်သည်။

လင်တန်ရှော့စ်ကိုး ။ 'ခဏနေပါဦး မစ္စတာဒေးဗစ်၊ အခု စွပ်စွဲထားတဲ့ စကားပြောဆိုမှုဟာ ဘယ်နေရာမှာ ဖြစ်ခဲ့တာလဲ'
ဒေးဗစ် ။ 'ဝမ်းဘက်စ်ချောင်းဘေးမှာပါ၊ ကျွန်တော်တို့ ငါးမျှားနေကြတဲ့အချိန်မှာပါ'



လင်တန်ရှော့စ်ကိုး ။ (မယုံကြည်သော မျက်နှာထားဖြင့်) 'ခင်ဗျား အဖေဟာ သေမှာကို ကြောက်နေပေမယ့် ငါးမျှားတဲ့အလုပ်ကို အေးအေးဆေးဆေးလုပ်ပြီး စိတ်အပန်းဖြေနေတယ် ဆိုပါတော့၊ ခင်ဗျားအဖေရဲ့ လုပ်ပုံကိုင်ပုံကို ကျွန်တော်တို့က ယုံကြည်ပါလို့ ခင်ဗျားက ပြောနေတဲ့သဘောပေါ့ ဟုတ်လား၊ (ပြောင်လှောင်သည့်လေသံဖြင့်) ဒီမယ် မစ္စတာဖင်းဝစ်ခ်၊ ကျွန်တော်တို့ ပွင့်လင်းကြတာ ကောင်းပါတယ်၊ ခင်ဗျားရဲ့အဖေဟာ ပညာတတ်တစ်ယောက်လား'
ဒေးဗစ် ။ 'သူဟာ အသိဉာဏ်ထက်မြက်တဲ့ လူတစ်ယောက်ပါ'
လင်တန်ရှော့စ်ကိုး ။ 'ပြောပါလေ၊ ကျွန်တော် မေးတာကိုသာ အတိအကျဖြေပါ၊ သူဟာ ပညာတတ်တစ်ယောက်လားလို့ မေးထားပါတယ်'
ဒေးဗစ် ။ 'စကားလုံးရဲ့ ကန့်သတ်တဲ့ အဓိပ္ပာယ်နဲ့ဆိုရင်တော့ မဟုတ်ဘူး'
လင်တန်ရှော့စ်ကိုး ။ 'မေးတဲ့မေးခွန်းရဲ့ မှန်ကန်တဲ့အချက်ကို ခင်ဗျား ဝန်မခံချင်ပေမယ့် သူဟာ ပညာတတ်တစ်ယောက် မဟုတ်ဘူးဆိုတာ သိသာထင်ရှားသွားပါပြီ၊ ဥပမာဆိုပါတော့၊ သူ့မှာ သတ္တုတွင်းအင်ဂျင်နီယာ သိပ္ပံပညာရပ်ဆိုင်ရာ အသိပညာ ဗဟုသုတမရှိဘူးဆိုတာ ဟုတ်တယ် မဟုတ်လား၊ ဟုတ်တယ် မဟုတ်ဘူးပဲ ဖြေပါ'
ဒေးဗစ် ။ 'ဟုတ်တယ်'
လင်တန်ရှော့စ်ကိုး ။ 'ခင်ဗျားမှာရော အဲဒီ အသိပညာ ဗဟုသုတမျိုး ရှိသလား'
ဒေးဗစ် ။ 'မရှိဘူး'
လင်တန်ရှော့စ်ကိုး ။ (သရော်သံဖြင့်) 'ခင်ဗျား လုပ်နေတာ ကျောင်းဆရာအလုပ်လို့ သိထားရတယ် ဟုတ်သလား'
ဒေးဗစ် ။ (ဒေါသဖြင့်) 'ကျုပ်ရဲ့ ကျောင်းဆရာအလုပ်က နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း ဘေးအန္တရာယ်နဲ့ အဆက်အစပ်ရှိသလား'
လင်တန်ရှော့စ်ကိုး ။ 'ကျွန်တော် မေးချင်နေတဲ့ မေးခွန်းက အဲဒါပါပဲ၊ ခင်ဗျားဟာ ဘွဲ့အဆိုတဲ့ဘွဲ့တောင် မရရှိသေးတဲ့ ကောင်တီ ကျောင်းလေးတစ်ကျောင်းက ရာထူးတန်းပြ ဆရာတစ်ယောက်ပါ၊ ပြီးတော့ သတ္တုတွင်း အင်ဂျင်နီယာပညာကို လုံးဝ မတတ်မသိပါဘူးလို့လည်း ဝန်ခံထားပါတယ်၊ အဲဒီကြားထဲကပဲ ....'
ဒေးဗစ် ။ 'ကျွန်တော်ဟာ ....'
လင်တန်ရှော့စ်ကိုး ။ 'ခဏနေပါဦးခင်ဗျာ၊ (စားပွဲကို လက်သီးနှင့်ထု၍) ဒီကိစ္စမှာ တာဝန်ရှိတဲ့ အာဏာပိုင် ပုဂ္ဂိုလ်တွေဆီက လုပ်ပိုင်ခွင့်ကို ခင်ဗျား ရထားသလား၊ ရမထားဘူးဆိုတာ သိချင်ပါတယ်'
ဒေးဗစ် ။ 'မရထားဘူး'

<u>လင်တန်ရှော့စ်ကိုး</u> ။ 'ဒါဆိုရင် ခင်ဗျားက မဆိုင်ဘဲ ဝင်ရောက်စွက်ဖက်တဲ့ကိစ္စ မစ္စတာဘားရပ်စ်က လက်ခံလိမ့်မယ်လို့ မျှော်လင့်ထားသလား၊ ခင်ဗျားရဲ့ စွက် ဖက်မှုကို ဂရုမစိုက်ဘဲ ပစ်ပယ်တာကို အပြစ်လို့ ဆိုချင်သလား'

<u>ဒေးဗစ်</u> ။ 'နေပါဦး၊ လူတစ်ရာကျော်ရဲ့ အသက်တွေကို ကာယ်ဆယ်နိုင်ဖို့ ကြိုးစား အားထုတ်တာကို မဆိုင်ဘဲ ဝင်ရောက်စွက်ဖက်တာလို့ ခင်ဗျားက ဆိုချင်သလား'

<u>လင်တန်ရှော့စ်ကိုး</u> ။ 'စော်ကားမော်ကား မပြောပါနဲ့ လူကြီးမင်းခင်ဗျား'

<u>ဒေးဗစ်</u> ။ 'စော်ကားမော်ကားပြုမှုကို ခင်ဗျား တစ်ယောက်တည်း ပိုင်ဆိုင်တာ မဟုတ်ပါဘူး'

<u>ဥက္ကဋ္ဌ</u> ။ (ဟန့်တားသည့်အနေဖြင့်) 'ကျွန်တော် အရင်က ပြောခဲ့ဖူးတဲ့အတိုင်း မစ္စတာလင်တန်ရှော့စ်ကိုး၊ ဒီသက်သေရဲ့ အသုံးဝင်မှုကို အလဟဿဖြစ်အောင် ကျွန်တော်တို့ လုပ်ခဲ့ပြီးပြီလို့ ကျွန်တော် ထင်တယ်'

<u>လင်တန်ရှော့စ်ကိုး</u> ။ (လက်တစ်ဖက်ဆန့်၍) 'ဒါပေမဲ့ ကျွန်တော်က ....'

<u>ဥက္ကဋ္ဌ</u> ။ 'ဒီကိစ္စကို ပြီးသွားပြီလို့ သဘောထားပါ၊ မစ္စတာရစ်ချတ်ဘားရပ်စ်ကို ထိခိုက်စေလိုတဲ့သဘောနဲ့ တားမြစ်ခြင်း မဟုတ်ဘူးဆိုတာ နားလည်ပါ'

<u>လင်တန်ရှော့စ်ကိုး</u> ။ (ပြုံး၍ ဦးညွတ်ကာ) 'ကျွန်တော် အထူးကျေးဇူးတင်ပါတယ် ခင်ဗျာ'

<u>ဥက္ကဋ္ဌ</u> ။ 'ခင်ဗျား ကျွန်တော့်ကို နောက်ထပ် ဘာပြောဖို့ ရှိပါသေးသလဲ၊ မစ္စတာ လင်တန်ရှော့စ်ကိုး'

<u>လင်တန်ရှော့စ်ကိုး</u> ။ 'ကျွန်တော် တင်ပြထားတဲ့အချက်တွေ မှန်ကန်ခိုင်မာကြောင်း ကို တိုတိုနဲ့ရှင်းသွားအောင် တင်ပြသွားပါ့မယ်၊ အခုဖြစ်သွားတဲ့ ဘေးအန္တရာယ်ရဲ့ ပြဿနာဟာ သိပ်ပြီးရှင်းပါတယ်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဟောင်းရဲ့ မှတ်တမ်းမှတ်စုတွေ၊ ပုံကြမ်းတွေ၊ ပုံစံတွေ၊ မြေပုံတွေ လုံးဝမရှိဘူးဆိုတာ သိပ်ထင် ထင်ရှားပေါ်လွင်နေပါတယ်၊ သံသယဖြစ်ဖို့ မရှိပါဘူး၊ ကျွန်တော် အခုပြောခဲ့တဲ့ လုပ်ကွက်ဟောင်းတွေဟာ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်းပဲ ၁၈၀၈ ခုနှစ်ကတည်းက စွန့်ပစ်ခဲ့တာပါ၊ တရားဥပဒေတွေ မပြဋ္ဌာန်းမီကတည်းက ပစ်သွားခဲ့တဲ့ တွင်း ဟောင်းကြီးရဲ့ လုပ်ကွက်တွေပါ၊ ဒီတွင်းနဲ့ပတ်သက်လို့ ပုံစံတွေ မြေပုံတွေ ရှိထား ရမယ်လို့ စည်းမျဉ်းဥပဒေတွေ မချမှတ်ခင်ကတည်းက တည်ရှိခဲ့တာဆိုတော့ ဘာမှတ်တမ်းမှတ်ရာမှ မရှိခဲ့ဘူးဆိုတာ သိပ်ကိုပေါ်လွင်နေပါတယ်၊ အဲဒီအချိန်က ရှေးအလွန်ကျခဲ့တဲ့အတွက် ဒါမျိုးတွေကို ထားရှိဖို့ဆိုတာ လိုအပ်တယ်လို့လည်း မမြင်ခဲ့ကြပါဘူး။

အဲဒါကြောင့် ဒီကိစ္စမှာ ပုံစံတွေ မရှိခြင်းဟာ ကျွန်တော်တို့မှာ တာဝ



ရှိဘူးဆိုတာ ထင်ရှားပါတယ်၊ ပြီးတော့လည်း အခုပြခဲ့တဲ့ သက်သေအထောက် အထားများအရ မစ္စတာရစ်ချတ်ဘားရပ်စ်ဟာ အလွန် ယုံကြည်စိတ်ချရတဲ့ အလုပ် ရှင်တစ်ဦး ဖြစ်ပါတယ်၊ သူဟာ စကပ်ပါးဖလက် ကျောက်မီးသွေးတွင်းကို အကောင်းဆုံးဖြစ်အောင် အမြင့်ဆုံးစံချိန်နဲ့ စီမံခန့်ခွဲ လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါပေမဲ့ သူဟာ ကျရောက်လာမယ့် ဘေးဆိုးကြီးကို ကြိုတင်မမြင်ခဲ့ပါဘူး။

မစ္စတာနူဂျင့်က သက်သေ မစ္စတာဒေးဗစ်ဖင်းဝစ်ခ်ကို စစ်ဆေးရာမှာ အခု ဘေးအန္တရာယ်ထဲမှာ အသက်သေဆုံးခဲ့ရတဲ့အထိ မဖြစ်မီကတည်းက သူ့အဖေ ဟာ စကပ်ပါးဖလက်ထဲကို ရေတွေ ဝင်လိမ့်မယ်လို့ ကြိုတင်ပြောဆိုခဲ့ဖူးကြောင်း ကြားရပါတယ်။

ဒီနေရာမှာ ဒေးဗစ်ဖင်းဝစ်ခ်ရဲ့ မှတ်ချက်ကို စဉ်းစားဖို့လိုပါတယ်၊ သူ့ အဖေရဲ့ ပြောဆိုမှုဟာ အခြေအမြစ် မခိုင်လုံပါဘူး၊ ဒီကိစ္စဟာ သာမန် ပြောရိုး ပြောစဉ် အာလာပသလ္လာပ ပြောကြတာပါ၊ ဒါဟာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က တာဝန်အရ ပြောကြရတဲ့စကားတွေ မဟုတ်ဘူး၊ ဒါနဲ့ပတ်သက် လို့ ကျောက်မီးသွေးတွင်းရဲ့ အခြားတာဝန်ခံ အရာရှိတွေနဲ့ တခြား အလုပ်သမား တွေက ပြောခဲ့ဆိုခဲ့တာ လုံးဝ မရှိခဲ့ဘူးဆိုတာ ကျွန်တော်တို့ဘက်က သက်သေ ပြခဲ့ပြီးပါပြီ။

သက်သေ ဒေးဗစ်ဖင်းဝစ်ခ်ရဲ့ ထွက်ဆိုချက်ဖြစ်တဲ့ ဧပြီလ ၁၃ ရက်ညက မစ္စတာရစ်ချတ်ဘားရပ်စ်နဲ့ တွေ့ဆုံပြောဆိုခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ ပြောစရာတွေ ရှိလာပါတယ်၊ အဲဒီညက မစ္စတာဘားရပ်စ်နဲ့ လာတွေ့ပြီး ပြောတဲ့လူဟာ တာဝန် ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုရင် တစ်မျိုးပါ၊ ဥပမာဆိုပါတော့ ....၊ မစ္စတာအမ်း ဆရောင်း၊ မစ္စတာဟာက်ဒ်စပက်သ်တို့ဆိုရင် တစ်မျိုးတစ်ဖုံ ဖြစ်သွားဖို့ရှိပါတယ်။

ဒါပေမဲ့ သာမန် လူစိမ်းတစ်ယောက်က ဒီကိစ္စကို ပြောလာတဲ့အခါမှာ ဒါဟာ စဉ်းစားရမယ့်ကိစ္စ ဖြစ်လာပါတယ်၊ သာမန်အားဖြင့် နက်ပ်ကျွန်း ကျောက် မီးသွေးတွင်းဟာ ရေအမြဲ စိုစွတ်နေတဲ့တွင်းပါ၊ ဒါပေမဲ့ ရေတွေ ဘယ်လောက် အထိ စီးဝင်လာမယ်ဆိုတာကျတော့ ခန့်မှန်းလို့ မရပါဘူး။

တိုတိုပြောရရင် စီမံအုပ်ချုပ်မှုအပိုင်းဟာ ဒီလုပ်ကွက်တွေထဲကို ရေတွေ ဝင်လာလိမ့်မယ်ဆိုတာ ဘယ်လိုမှ မသိနိုင်ကြပါဘူး၊ ပြီးတော့ ၁၈၇၂ ခုနှစ်က အတည်ပြု ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေထဲမှာ မပါခဲ့တဲ့အတွက် ပုံစံတွေ၊ မြေပုံတွေလည်း မရှိခဲ့ပါဘူး၊ အဲဒါဟာ ကျွန်တော်တို့ စဉ်းစားရမယ့် အခြေခံအကျဆုံး အချက်ပါ၊ အဲဒီတော့ ဒီပြဿနာကို ရုံးတော်မှ စဉ်းစားဖို့ ကျွန်တော် တင်ပြအပ်ပါတယ်'

<u>ဥက္ကဋ္ဌ</u> ။ 'ကျေးဇူးတင်ပါတယ် မစ္စတာရှော့စ်ကိုး၊ ခင်ဗျားရဲ့ အကျဉ်းချုပ် တင်ပြ ချက်ကို ကျွန်တော် ကြားပြီးပါပြီ၊ မစ္စတာနူဂျင့်အနေနဲ့ ပြောစရာ ဘာရှိပါသလဲ'

ဟာရီနွဂျင့်သည် ခပ်ဖြည်းဖြည်းပင် ထိုင်ရာမှ ထသည်။

ဟာရီနွဂျင့် ။ 'အခုလောလောဆယ်တော့ ကျွန်တော့်မှ ပြောစရာနည်းနည်းပဲ ရှိပါတယ်။ နောက်ပိုင်းကျရင်တော့ ရေဝပ်သတ္တုတွင်းတွေနဲ့ ပတ်သက်ပြီး ဥပဒေ ပြဋ္ဌာန်းဖို့ ကိစ္စတစ်ခုလုံးကို အောက်လွှတ်တော်ထဲမှာ တင်ပြဖို့အထိ စိတ်ကူး ရှိပါတယ်။ အခုဖြစ်ပွားသွားတဲ့ အရေးအခင်းဟာ ပထမဆုံးအကြိမ်ဖြစ်တာ မဟုတ်ပါဘူး၊ ဒီလိုကိစ္စမျိုးတွေ အရင်ကလည်း ဖြစ်ခဲ့ဖူးပါတယ်၊ လိုအပ်တဲ့ မြေပုံတို့၊ ပုံစံတို့ မရှိတဲ့အတွက် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရပါတယ် ဆိုတာ ကျွန်တော် ထပ်ပြောလိုပါတယ်၊ အဲဒီတော့ တကယ်လို့ ကျွန်တော်တို့ အနေနဲ့ သတ္တုတွင်းတွေထဲမှာ လုံခြုံမှုရှိချင်တယ်ဆိုရင် ကြိုတင်ကာကွယ်မှုဆိုတာ ရှိဖို့လိုအပ်ပါတယ်။ အခုဖြစ်တဲ့ ကိစ္စမျိုးတွေမှာ အများအားဖြင့် ကျောက်မီးသွေး တွင်းပိုင်ရှင်တွေရဲ့ ပေါ့ဆမှုကြောင့် ဖြစ်ရတာ များပါတယ်။ တကယ်တမ်း ပြော ရမယ်ဆိုရင် ပေါ့ဆမှု ဆိုတဲ့စကားထက် ပိုပြီးထိရောက်တဲ့စကားလုံး သုံးဖို့လိုမှာပါ။

အများအားဖြင့် ပိုင်ရှင်တွေဟာ ကျောက်မီးသွေး အကောင်းစား ရလိမ့် မယ်လို့ထင်ရင် မြေအောက်မှာရှိတဲ့ ဘေးအန္တရာယ်တွေကို မေ့သွားကြပါတယ်၊ လျစ်လျူရှုသွားတတ်ကြပါတယ်၊ ကျွန်တော်တို့ရဲ့ လက်ရှိကျင့်သုံးနေတဲ့စနစ်အရ ဒီကျောက်မီးသွေးတွင်းတွေထဲမှာ နေ့စဉ် တစ်နေ့ကို ပျမ်းမျှ လူလေးယောက်နှုန်း သေနေပါတယ်၊ တစ်နှစ် ၃၆၅ ရက်မှာ လူဘယ်လောက် သေမလဲဆိုတာ တွက် ကြည့်ကြပါ။

လူသေနှုန်းဟာ ခြောက်နာရီမှာ တစ်ယောက်နှုန်း ရှိနေပါတယ်၊ ဒဏ်ရာ အနာတရ ရသူဟာ သုံးမိနစ်မှာ တစ်ယောက်နှုန်း ရှိနေပါတယ်၊ အခု ဒီကိစ္စဟာ ကျွန်တော်တို့ရဲ့ ပေါ့တန်မှုဟာ သိသာထင်ရှားတဲ့ အချက်တစ်ခု ဖြစ်နေပါတယ်၊ ဒီအဖြစ်မျိုးတွေ မကြာခဏ ဖြစ်ပေါ်လာနေတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အခု ထက် ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းခွင်အခြေအနေ ပြုလုပ်ပေးဖို့နဲ့ ကြိုတင်ကာကွယ် ရေးတွေအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ အထူးလိုအပ်လာတာ တွေ့နေကြရပါတယ်၊ ဘာပြုလို့လည်းဆိုတော့ ဒီလို မတော်တဆမှုတွေ ဖြစ်လာ ရင် ဒုက္ခရောက်သွားရတဲ့ လူတွေအတွက် သနားကရုဏာဖြစ်မှုကို နည်းနည်းပဲ ရတတ်ကြလို့ပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လူသားတွေရဲ့ အသက်ကို အလဟဿ ဖြုန်းတီးမှုဟာ အခုအတိုင်းသာ ဆက်သွားနေရင် ဆက်လက်ပြီး ရှိနေဦးမှာပါပဲ၊ လောလောဆယ် ကျွန်တော် တင်ပြချင်တာကတော့ ဒီလောက်ပါပဲ'

ဥက္ကဋ္ဌ ။ 'စုံစမ်းစစ်ဆေးရေးကော်မတီရဲ့ လုပ်ငန်းဟာ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာအပ်ပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီအမှုကို စုံစမ်းစစ်ဆေးရာမှာ ဝိုင်းဝန်းပြီး



ပါဝင်ကူညီခဲ့ကြတဲ့ ပုဂ္ဂိုလ်အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းလည်း ဖော်ပြ လိုပါတယ်၊ အသက်ဆုံးရှုံးသွားရတဲ့လူတွေရဲ့ မိသားစုတွေအတွက်လည်း အများ ကြီး စိတ်မကောင်း ဖြစ်ရကြောင်းလည်း ပြောပြလိုပါတယ်၊ အထူးသဖြင့် အခု အချိန်ထိ အလောင်းရှာမတွေ့သေးတဲ့ လူဆယ်ဦးအတွက်လည်း အလွန် စိတ် ထိခိုက်ရပါကြောင်း ဖော်ပြပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောလိုတာက ကျောက်မီးသွေးတွင်းထဲမှာ ပိတ်မိနေကြတဲ့ လူတွေကို ကယ်ဆယ်ဖို့ ကြိုးစားအားထုတ်တဲ့အခါမှာ ရဲရဲဝံ့ဝံ့ ခွန့်ခွန့်စားစားနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ မစ္စတာရစ်ချတ်ဘားရပ်စ်ကို ချီးကျူးလိုပါတယ်၊ ကျွန်တော့် ရှေ့မှောက်မှာ ထွက်ဆိုသွားခဲ့ကြတဲ့ သက်သေများရဲ့ ထွက်ဆိုချက်တွေအရ မစ္စတာရစ်ချတ်ဘားရပ်စ်ဟာ အငြိအစွန်းတစ်ခုမှမရှိဘဲ ဒီတရားရုံးထဲက ပြန်လည် ထွက်ခွာသွားနိုင်ပါတယ်၊ အဲဒီအတွက်လည်း ဝမ်းသာပါကြောင်း ပြောကြား လိုပါတယ်'

စိတ်သက်သာရာရသွားခြင်းကို ဖော်ပြသည့် သက်ပြင်းချသံများ၊ တိုးတိုး စကားပြောသံများသည် တရားရုံးထဲတွင် လျှံထွက်လာသည်။ ဥက္ကဋ္ဌက ရပ်လိုက် သည့်အခါ ကုလားထိုင်ရွှေ့သံနှင့် ဆွဲသံများ ကြားကြရ၏။ ရုံးခန်းနောက်ဘက်မှ တံခါးများသည် ပွင့်သွားကြသည်။ ခဏမျှအကြာတွင် တရားရုံးခန်းထဲ၌ လူရှင်း သွားသည်။

ရစ်ချတ်ဘားရပ်စ်နှင့် အာသာတို့ အပြင်သို့ ထွက်လာကြသည့်အခါ ကာနယ်ဂတ်စကျိုင်းနှင့် အခြားလူတစ်စုက ဆီးကြိုပြီး ဝမ်းသာစကား ပြောကြ သည်။ သြဘာပေးသံ သဲ့သဲ့ကိုပင် ကြားနေရ၏။ သူတို့အနီးတွင် လူတွေ ပိုများ လာသည်။ ဘားရပ်စ်နှင့် လက်ဆွဲနှုတ်ဆက်ရန် တာစူနေကြခြင်း ဖြစ်သည်။ ဘားရပ်စ်သည် လှေကားထိပ်၌ ရပ်နေသည်။ သူ့သား အာသာကတော့ သူ့ နောက်မှ ရပ်လျက်။ လူအများက သူ့အား ဝိုင်းဝန်းချီးကျူးခြင်းကို ခံနေရသဖြင့် ထိုနေရာမှ ရုတ်တရက် ထွက်ခွာ၍မဖြစ်။ သူသည် အတန်ကြာမျှရပ်ကာ သူ့ထံ ရောက်လာသမျှ လက်များကို ဆွဲနေရ၏။ ထူးဆန်းသော စိတ်ခံစားမှုတစ်ခုသည် ဆောင့်ကြိုနှုတ်ဆက်နေသူများထံသို့ စီးဆင်းသွားနေသည်။

နောက်ထပ် ချီးကျူးသြဘာပေးသံများ ကြားနေရပြန်သည်။ ယခင်ကထက် ပို၍ ကျယ်လောင်လာသည်။ ဘားရပ်စ်သည် လှေကားထိပ်မှနေ၍ ဖြည်းဖြည်း ချင်း ဆင်းလာသည်။ သူ့နောက်မှ ဂတ်စ်ကျိုင်း၊ လင်တန်ရှော့စ်ကိုး၊ ဘင်းနားမင်း၊ အမ်းစထရောင်း၊ ဂျင်းနင်းနှင့် အာသာတို့ လိုက်ပါလာကြသည်။ ဘားရပ်စ်သည် ဦးခေါင်းကိုမော့၍ ရှေ့ဆုံးမှ သွားနေသည်။ သူ့အကျင့်စရိုက်နှင့် ပတ်သက်၍

အမည်းစက်တစ်စက်မှ မရှိဘဲ တရားရုံးထဲမှ ထွက်လာရခြင်းသည် သူ့အဖို့ ကျေနပ်အားရစရာတစ်ခုပင် ဖြစ်သည် မဟုတ်ပါလား။

ခန်းမထဲတွင် ဒေးဗစ်သည် မလှုပ်မယှက် ထိုင်နေသည်။ အပြင်မှ ထွက်ပေါ်လာနေသည့် ချီးကျူးသြဘာသံများနှင့် စကားပြောသံများကို ကြားနေရသည်။ သူသည် ရှေ့တည့်တည့်မှ နံရံများဆီသို့ ငေးမောနေသည်။ ညစ်ပတ်ပေရေနေသော ပြတင်းပေါက်ပေါင်များပေါ်တွင် ယင်ကောင်များသည် ပျံဝဲနေကြသည်။ သူသည် သူ့ကိုယ်သူ ပြန်၍ ဆင်ခြင်သည်။ အရှုံးပေး၍ အကျိုးထူးလာစရာမရှိ။ ဘာ့ကြောင့် အရှုံးပေးရမည်နည်း။

သူ့ပခုံးထက်သို့ လက်တစ်ဖက် တင်လာသဖြင့် လှည့်ကြည့်သည်။ သူ့ဘေး၌ ရပ်နေသော ဟာရီနူဂျင့်။

'ကိစ္စကတော့ အားလုံးပြီးသွားပြီ' ဟု နူဂျင့်က ပြောသည်။

'ဟုတ်တယ်'

နူဂျင့်က သူ့ဘေးတွင် ဝင်ထိုင်သည်။

'မင်းအနေနဲ့ ဘာမှတော့ မျှော်လင့်မထားဘူး မဟုတ်လား'

'အင်း ....တရားမျှတမှုကိုတော့ မျှော်လင့်ထားခဲ့တယ်၊ သူဟာ အပြစ်တင်သင့်တဲ့လူဆိုတာ ကျွန်တော် သိတယ်၊ သူဟာ အပြစ်ဒဏ်ကို ခံသင့်တဲ့လူပဲ၊ အခုတော့ အပြစ်ပေးရမယ့်အစား ဝိုင်းပြီး ချီးကျူးသြဘာပေးနေကြတယ်'

'မင်းအနေနဲ့ သိပ်ပြီးတော့ မပြင်းထန်ပါနဲ့'

'ကျွန်တော့်အတွက် ကျွန်တော် မတွေးပါဘူး၊ ဘာ့ကြောင့် တွေးရမှာလဲ၊ ကျွန်တော့်မှာ ဘာဖြစ်ခဲ့တာမှ မဟုတ်တာ၊ ဖြစ်ရတာက တခြားလူတွေပါ'

နူဂျင့်၏ နှုတ်ခမ်းများတွင် အပြုံးရိပ် ဝင်လာသည်။ အလွန် ရင်းနှီးဖော်ရွေသောအပြုံး ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးနေစဉ်ကာလအတွင်း နူဂျင့်သည် ဒေးဗစ်နှင့် မကြာခဏ တွေ့ခဲ့ရသည်။ သူသည် ဒေးဗစ်အား အလွန်ခင်မင်စိတ် ဖြစ်ခဲ့ရလေသည်။

'တို့ လုပ်ခဲ့တာ သိပ်တော့မဆိုးပါဘူး' ဟု နူဂျင့်က ပြောသည်။

'အခုဆိုရင် သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ရေရှိတဲ့ စွန့်ပစ်တွင်းဟောင်းတွေရဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ ဖိအားပေးနိုင်ခဲ့တယ်၊ ဒီကိစ္စအတွက် အခါအခွင့်ကို တို့ စောင့်လာခဲ့တာ နှစ်ပေါင်းမနည်းကြာခဲ့ပြီ မဟုတ်လား၊ ဒါဟာ အဓိကအချက်ပဲ၊ အဲဒီလိုရော မင်း မြင်တယ်မဟုတ်လား'

ဒေးဗစ်က ခေါင်းထောင်ကြည့်သည်။ အနိုင်ခံလိုက်ရခြင်းအတွက် မကျေနပ်သော စိတ်ကတော့ ကြီးထွားခိုင်မာနေဆဲ ....။



'အဲဒီအချက်ကိုတော့ ကျွန်တော် မြင်ပါတယ်' ဟု ဒေးဗစ်က ရေရွတ်သည်။ သို့တစေလည်း သူ့မျက်လုံးများ၏ အကြည့်သည် နူဂျင့်၏စိတ်ကို များစွာ လှုပ်ရှားသွားစေခဲ့၏။ သူသည် ဒေးဗစ်၏ပခုံးကို လှမ်းဖက်လိုက်သည်။

'မင်းစိတ်မှာ ဘယ်လို ခံစားနေရတယ်ဆိုတာ ငါ သိပါတယ်ကွာ၊ ဒါပေမဲ့ စိတ်ဓာတ်မကျပါနဲ့၊ မင်း လုပ်ခဲ့သမျှဟာ ထိရောက်ပါတယ်၊ မင်းရဲ့ထွက်ချက်တွေဟာ မင်း မျှော်လင့်ထားတာထက် အများကြီး အထောက်အကူ ဖြစ်ခဲ့ပါတယ်'

'ကျွန်တော် ဘာမှ လုပ်မပေးခဲ့ပါဘူး၊ လုပ်ပေးချင်စိတ် ရှိခဲ့ပေမယ့် လုပ်မပေးနိုင်ခဲ့ပါဘူး၊ ကျွန်တော့်ဘဝတစ်လျှောက်လုံး တစ်ခုခုလုပ်ဖို့ အမြဲပြောနေခဲ့ပေမယ့် ....'

'မင်း လုပ်ရမှာပါ၊ အခွင့်အလမ်းကိုရှာပြီး မင်းကိုယ်မင်းပေးပေါ့၊ ငါ မင်းနဲ့ အမြဲတမ်း အဆက်အသွယ် လုပ်ပါ့မယ်၊ တို့ ဘာလုပ်နိုင်မလဲဆိုတာကို ငါ အမြဲတမ်း ကြည့်နေမှာပါ၊ အခုလောလောဆယ်ကတော့ စိတ်ဓာတ်မကျပါစေနဲ့'

နူဂျင့်သည် ထိုင်ရာမှထကာ တံခါးပေါက်ဆီသို့ လှမ်းကြည့်သည်။ ဟက်ဒွန်းသည် ဂျင်ဒက်ဂျီယွန်နှင့် စကားပြောရင်း သူ့အား စောင့်နေသည်ကို မြင်သည်။

'မင်း ဒီည ခြောက်နာရီမှာ ဘူတာကို လာခဲ့ပါ၊ ငါ မင်းကို စကားပြောစရာရှိတယ်'

သူသည် ဒေးဗစ်အား ခေါင်းတစ်ချက်ညိတ်၍ နှုတ်ဆက်ကာ ဟက်ဒွန်းနှင့် ဒက်ဂျီယွန်တို့ဆီ လျှောက်သွားသည်။ သူတို့သုံးဦးသည် ကောင်းပင်လမ်း၌ ယာဉ်ဖြင့်ထားသော သူတို့ရုံးခန်းဆီသို့ ဆက်၍လျှောက်သွားကြသည်။

ခဏမျှအကြာတွင် ဒေးဗစ်သည် မတ်တတ်ထရပ်ကာ သူ့ဦးထုပ်ကို လှမ်းယူသည်။ သူသည် ခန်းမထဲမှထွက်ကာ ဖရီးဟိုးလမ်းအတိုင်း လျှောက်လာသည်။ သူသည် ကိုယ်ရောစိတ်ပါ များစွာပင်ပန်းလျက်ရှိ၏။ စုံစမ်းရေးကော်မတီ စတင်ရုံးထိုင်ကတည်းက သူသည် အရာရာတိုင်းကို များစွာ အလေးအနက်ထား၍ လုပ်ဆောင်ခဲ့၏။ ခြောက်ရက်မျှအတွင်း ကျောင်းပင် မတက်ခဲ့။ ရှိသမျှအချိန်ကို ဤကိစ္စအပေါ်၌သာ ပုံထားခဲ့၏။ နောက်ဆုံး ထွက်ပေါ်လာသည့်ရလဒ်ကား ယနေ့ ကြားခဲ့ရသည့် အဆုံးအဖြတ်ပင် ဖြစ်ချေသည်။

သူသည် ဖရီးဟိုးလမ်းအတိုင်း လျှောက်ခဲ့ပြီး လမ်းမကိုဖြတ်၍ လင့်သ်လမ်းထဲသို့ ဝင်လာခဲ့သည်။ ထိုအခိုက်တွင် သူ့အား လူတစ်ဦးက ခေါ်လိုက်သံကို ကြားသဖြင့် လှည့်ကြည့်သည်။ သားသတ်သမား ရာမက်ချ်ဆိုသူ ဖြစ်၏။ ရာမက်ချ်သည် ညစ်ပတ်ပေရေနေသော အပြာရောင် ကုတ်အင်္ကျီကိုဝတ်၍ အပြာနှင့် အဖြူ

ရောင် ခါးစည်းအဝတ်ကြီးကို စည်းထားသည်။ သူသည် သားသတ်ရုံမှ ပြန်လာခြင်းဖြစ်၍ သူ့လက်ဖမိုးများတွင် သွေးခြောက်များ ကပ်နေဆဲ ....။

'ဟေး ....ဒေးဗစ် ....ခဏနေပါဦး'

ဒေးဗစ်က ရပ်စောင့်နေသော်လည်း စကားမပြော။ ရာမက်ချ်ကတော့ သူ့ကော်လာကြယ်သီးများကို ဖြုတ်၍ သူ့လက်ချောင်းများကို သူ့ခါးထဲထိုးသွင်းလိုက်ပြီး ဒေးဗစ်အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

'မြို့တော်ခန်းမက တစ်နေ့တာလုပ်ငန်းကြီး ပြီးသွားပလားကွ' ဟု လှောင်သလို ပြောင်သလို လေသံဖြင့် မေးသည်။

'မင်း ဘဝင်မြင့်နေတာ ဆန်းတော့ မဆန်းပါဘူး၊ အခု ပြီးခဲ့တဲ့ သီတင်းပတ်ထဲမှာ မင်းက စလီစကေးမှာ နာမည်လေး ထွက်လာသကိုး၊ လင်တန်ရှောစ်ကိုးလိုလူနဲ့ မင်းက အငြင်းအခုံလုပ်နေရတော့ မင်းကိုယ်မင်း အထင်ကြီးပေမှာပေါ့ဟုတ်လား'

ရာမက်ချ်၏ သရော်မှုသည် ကြီးထွားလာသည်။

'ငါသာ မင်းနေရာမှာဆိုရင် ဒီအလုပ်ကို ငါ မလုပ်ဘူးကွ၊ မင်း အဲဒီအလုပ်ကို လုပ်မိတဲ့အတွက် ပေးရမယ့်တန်ဖိုးက မသေးဘူးဆိုတာ မင်း သိထားဖို့လိုတယ်'

ဒေးဗစ်သည် ရာမက်ချ်အား မျက်နှာချင်းဆိုင်၍ ရပ်နေသည်။ အကြောင်းတစ်ခုခုတော့ ရှိနေပြီဟု ဒေးဗစ်က တွေးမိသည်။ ရာမက်ချ်၏ သရော်သံသည် ရပ်သွားသည်။ သူသည် မျက်မှောင်ကုတ်၍ ဒေးဗစ်အား ကြည့်နေသည်။

'မင်းက မင်းကိုယ်မင်း ဘာများထင်နေလဲ မသိဘူး၊ ခွင့်ပြုချက်မရဘဲ ကျောင်းမတက်တာ ခြောက်ရက်တောင် ရှိသွားပြီ၊ ကျောင်းကို မင်းက ဘာထင်နေသလဲ၊ မင်းပိုင်တဲ့လုပ်ငန်းလို့ ထင်နေသလား'

'ကျွန်တော် စစ်ဆေးရေးအဖွဲ့ရုံးကို သွားသင့်တယ်ထင်လို့ သွားတာပဲ၊ အဲဒါ ဘာဖြစ်လဲ'

'မင်း မလုပ်သင့်တာကို လုပ်တာပဲကွ၊ မင်းက မြို့ပေါ်က လူကြီးတွေကို မထီမဲ့မြင် ပြုတာပဲ၊ မင်းနဲ့ လုံးဝ မထိုက်တန်တဲ့အလုပ်ကိုရအောင် လုပ်ပေးခဲ့တဲ့လူကိုတောင် မင်းက ပြန်ချတဲ့ကောင်ပဲ၊ မင်းဟာ အစာကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ကောင်စားမျိုးပဲ၊ အဲဒီအတွက် မင်း နောင်တရစေရမယ် သိလား'

'ဒါက ကျွန်တော့်ဘာသာ ကျွန်တော် ကောင်းတယ်ထင်လို့ လုပ်တာပဲ၊ ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး' ဟု ပြန်ပြောကာ ဒေးဗစ်က ထွက်သွားရန် ဟန်ပြင်သည်။



'ခဏနေပါဦးလေ' ဟု ရာမက်ချ်က တားသည်။

'ငါ့စကား မဆုံးသေးဘူးကွ၊ မင်းဟာ မင်းအဖေလိုပဲ ပြဿနာရှာမယ့်ကောင်တစ်ကောင်လို့ ငါက အမြဲတမ်းထင်ခဲ့တာ မှန်နေတာပဲ၊ မင်းဟာ အလွန်ရှုပ်ရှက်ဆုပ်ဖို့ကောင်းတဲ့ ဆိုရှယ်လစ်တစ်ကောင်ပဲ၊ မင်းလိုကောင်မျိုးကို တို့ကျောင်းမှာ ဆရာခန့်ထားတာဟာ အလကားပဲ၊ ဘာမှ အကျိုးမရှိဘူး၊ မင်းကို မောင်းထုတ်ပစ်ရမယ်'

'ခင်ဗျား မောင်းထုတ်ချင်တိုင်း မောင်းထုတ်လို့ ရမတဲ့လား'

'ဟား ....သိပ်ရတာပေါ့ကွာ၊ မင်းသိအောင် ပြောလိုက်မယ်၊ ငါတို့ မနေ့ညက ကျောင်းကော်မတီ အစည်းအဝေးလုပ်တယ်၊ မင်းဆီက နုတ်ထွက်စာတောင်းဖို့ အများသဘောတူ ဆုံးဖြတ်ပြီးပြီ၊ နားလည်လား'

'ဘာ'

'မနက်ဖြန်မနက်ကျရင် ကျောင်းအုပ်ကြီး စထရော့သားဆီက မင်း နို့တစ်စာရတော့မယ်၊ သူက ဘီအေဘွဲ့ရထားတဲ့ လူတစ်ယောက်ကိုပဲ လိုချင်နေတယ်၊ မင်းလို ကျောက်မီးသွေးတွင်းထဲက ထွက်လာတဲ့ ကောင်မျိုးကို လိုချင်တာ မဟုတ်ဘူး'

ရာမက်ချ်သည် အလွန် အားရကျေနပ်သော မျက်နှာထားဖြင့် ဒေးဗစ်အား ကြည့်နေသည်။ ထို့နောက် ချာခနဲလှည့်ကာ သူ့ဆိုင်ဘက်သို့ ထွက်သွားသည်။

ဒေးဗစ်သည် လင့်သ်လမ်းအတိုင်း ခေါင်းငိုက်စိုက်ချ၍ လျှောက်လာသည်။ သူ့အိမ်ထဲသို့ ရောက်သည့်အခါ မီးဖိုခန်းထဲသို့ တန်းဝင်ကာ လက်ဖက်ရည်တစ်ခွက် ဖျော်သည်။ ဂျင်နီက အိမ်တွင်မရှိ။ တိုင်နီကပ်ဆဲလ်မြို့မှ သူ့အမေအိမ်သို့ သွားနေသည်။ သူကိုယ်တိုင်ပင် ဂျင်နီအား သွားနေရန် လွှန်ခဲ့သောအပတ်ထဲက စေလွှတ်ထားခဲ့ခြင်း ဖြစ်၏။ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိစ္စနှင့် ပတ်သက်ပြီး ခေါင်းမရှုပ်စေလို၍ ဖြစ်သည်။

သူသည် စားပွဲဦးထိုင်ကာ လက်ဖက်ရည်ပန်းကန်ကို ဇွန်းနှင့် မွှေနေသည်။ တစ်ပတ်ပြီးတစ်ပတ် မွှေနေခြင်း ဖြစ်၏။ သူတို့ကတော့ မိမိအား အလုပ်ကဖြုတ်ပစ်ဖို့ အားထုတ်နေကြလေပြီ။ သူ့အနေဖြင့် ခုခံတိုက်ခိုက်မည်ဆိုပါက ရနိုင်၏။ မြောက်ပိုင်းဒေသ ဆရာများအဖွဲ့သို့ အသနားခံစာတင်လျှင် ရနိုင်သည်။ သို့သော်လည်း ဘယ်လိုများ အကြောင်းထူးလာစရာ ရှိပါသနည်း။

သူ့မျက်နှာထားသည် တင်းမာလျက်ရှိသည်။ အသနားခံစာကို မတင်တော့ဟု ဆုံးဖြတ်သည်။ သူတို့ ကြိုက်သလိုသာ လုပ်ပါစေဟု သဘောထားသည်။ ညနေ ခြောက်နာရီထိုးတွင် နုဂျင့်နှင့် တွေ့သည့်အခါ ဤအကြောင်းကို

ပြောပြမှ ဖြစ်မည်။ မမြင်မကန်းနှင့် စမ်းတဝါးဝါး ဖြစ်နေရသော ဤကျောင်းဆရာအလုပ်မှ သူ ထွက်ချင်နေသည်မှာ ကြာပြီ။ တခြားအလုပ်တစ်ခုကို သူ လုပ်မှ ဖြစ်တော့မည်။

ခြောက်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင် သူသည် အိမ်မှထွက်ကာ ဘူတာဘက်သို့ လျှောက်လာခဲ့သည်။ လမ်းခရီးတစ်ဝက်သို့ မရောက်သေးခင်မှာပင် လမ်းထိပ်မှ ဆူဆူညံညံ အသံများကို ကြားလိုက်ရ၏။ သူသည် လမ်းထိပ်ဆီသို့ လှမ်းကြည့်လိုက်သည်။ သတင်းစာ အရောင်းသမား သူငယ်နှစ်ယောက်သည် တောင်ကုန်းပေါ်မှ ဆင်းလာနေကြသည်။ သူသည် လမ်းမှစောင့်၍ သတင်းစာတစ်စောင်ကို ဝယ်လိုက်သည်။ သတင်းစာ၏ ရှေ့ဆုံးမျက်နှာဖုံးစာရွက်ပေါ်တွင် ခေါင်းစီးကြီးတစ်ခုသည် ပေါ်လွင်ထင်ရှားစွာ စီတန်းလျက်ရှိသည်။ ဗြိတိသျှတို့၏ နောက်ဆုံးရာဇသံသည် သန်းခေါင်ယံအချိန်တွင် ကုန်ဆုံးသွားပြီ။

* * * * *

## (၂၆)

၁၉၁၄ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်၊ စနေနေ့ နေ့လယ်တစ်နာရီထိုးခါနီးတွင် အာသာသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ လောဂေဟာသို့ ပြန်လာခဲ့သည်။ ကျောက်မီးသွေးတွင်းသည် ယခင်ကအတိုင်းပင် ပုံမှန်အနေအထားသို့ ပြန်ရောက်နေပြီ။ လုပ်ငန်းများကိုလည်း ပုံမှန် ပြန်လည်လုပ်ကိုင်နေကြပြီဖြစ်၍ ကျရောက်ခဲ့သော ဘေးအန္တရာယ်ကြီးကို လူတိုင်းက မေ့သွားကြပြီ ဖြစ်၏။

သို့သော်လည်း အာသာ၏မျက်နှာသည် သာယာခြင်းကို မဖော်ပြ။ သူသည် လမ်းသွယ်တွင်းသို့ နှေးကွေးလေးလံစွာ ဝင်ရောက်လာသည်။ အလွန်ပင်ပန်းမောဟိုက်နေသည့် လူတစ်ယောက်နှင့် တူလှချေသည်။ သူသည် လောဂေဟာ ခြံဝင်းထဲသို့ နှေးကွေးလေးလံစွာ ဝင်ရောက်လာသည်။ သူ ထင်ထားသည့်အတိုင်းပင် မော်တော်ကားအသစ်သည် ရောက်နေပြီ။

တိုင်နီကပ်ဆဲလ်သို့ တစ်လကြာမျှ ကျူရှင်သွားတက်နေခဲ့သော ဘတ်တလေသည် ကားသစ်ကို သူကိုယ်တိုင်မောင်း၍ ယူလာခဲ့ခြင်း ဖြစ်၏။ ကားမှာ နီညိုရောင် ဖြစ်သည်။ ဆေးရောင်မှာ တပြောင်ပြောင် တလက်လက်နှင့် တောက်ပလျက်ရှိသည်။ ရစ်ချတ်ဘားရပ်စ်သည် ကားဘေးတွင်ရပ်နေရာမှ မလှမ်းမကမ်းမှ ဖြတ်သွားသော အာသာကို မြင်လိုက်သည့်အခါ လှမ်းခေါ်သည်။



'မြင်ရဲ့လား အာသာ၊ နောက်ဆုံးကျတော့ ကားသစ် ရောက်လာပြီ'

အာသာသည် ခဏမျှရပ်၍ ကားကို ကြည့်သည်။ သူသည် ကျောက်မီးသွေးတွင်း လုပ်သားဝတ်စုံနှင့် ဖြစ်၏။

'မြင်ပါတယ်' ဟု သူ့အဖေအား ပြန်ပြောသည်။

'အဖေ့မှာ လုပ်စရာအလုပ်တွေက သိပ်များလွန်းတော့ ကားတစ်စီးရှိမှ ဖြစ်မယ်' ဟု ဘားရပ်စ်က ရှင်းပြသည်။

'အရင်က ဒီကားကို တစ်ခါမှ အဖေ မမြင်ဖူးခဲ့တာဟာ ရယ်စရာတော့ အကောင်းသား၊ ဘတ်တလေက ပြောတော့ ဒီကားဟာ သိပ်ကိုကောင်းတယ်တဲ့၊ ဒီညနေခင်း ဒီကားကို စမ်းတဲ့အနေနဲ့ တိုင်နီကပ်ဆဲလ်ကိုသွားမလို့ စီစဉ်ထားတယ်'

အာသာသည် တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။

'ကျွန်တော် မလိုက်နိုင်ဘူး အဖေ' ဟု ပြောသည်။

ဘားရပ်စ်က ရယ်သည်။ ရယ်ပုံမှာ မော်တော်ကားကဲ့သို့ပင် အသစ် ဖြစ်နေသည်။

'မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ဒီနေ့ညစာကို တော့ဒ်မိသားစုနဲ့ စင်ထရယ်မှာ စားကြမယ်လို့ စီစဉ်ထားတယ်'

အာသာသည် ကားကို မကြည့်တော့ဘဲ သူ့အဖေကို စိုက်ကြည့်နေသည်။ ဘားရပ်စ်၏မျက်နှာသည် တစ်မျိုးဖြစ်နေသည်။ သူ့ပုံပန်းသည် ကားသစ်ရောက်လာ၍ စိတ်လှုပ်ရှားနေသည့်ဟန်မျိုး ဖြစ်သည်။

'အဖေ စင်ထရယ်မှာ ညစာကျွေးတာ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး' ဟု အာသာက ပြောသည်။

'ဟုတ်တယ်လေ' ဟု ဘားရပ်စ်က စိတ်မရှည်သံဖြင့် ပြန်ပြောသည်။

'ဒါပေမဲ့ အခုဟာက အထိမ်းအမှတ်ပွဲတစ်ခု လုပ်ရမှာ၊ အေလန်က သူ့တပ်ရင်းနဲ့ ရှေ့တန်းကိုထွက်ရမယ်၊ ပြီးတော့လည်း အဖေနဲ့ တော့ဒ်တို့ မတွေ့ရတာ ကြာပြီမဟုတ်လား၊ အဖေ တော့ဒ်နဲ့ တွေ့ချင်တယ်'

အာသာသည် တစ်ခဏမျှငိုင်၍ စဉ်းစားနေပြန်သည်။ ထို့နောက် ....

'ကျောက်မီးသွေးတွင်းကိစ္စ ဖြစ်ပြီးကတည်းက တော့ဒ်နဲ့ မတွေ့ရတာထင်တယ်' ဟု မေးသည်။

'ဟုတ်တယ်' ဟု ဘားရပ်စ်က သံပြတ်နှင့် ဖြေသည်။

တိတ်ဆိတ်နေပြန်သည်။

'ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေတာတစ်ခုရှိတယ် အဖေ၊ စုံစမ်းရေး

ကော်မတီက စစ်ဆေးနေချိန်မှာ အဖေ့ဘက်က ထောက်ခံပေးဖို့ တော့ဒ်ဆီက အကူအညီ မတောင်းခဲ့ဘူးနော်'

'ထောက်ခံဖို့ ဟုတ်လား' ဟု ဘားရုပ်စ်က ရေရွတ်သည်။

'ထောက်ခံဖို့ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ စစ်ဆေးတွေ့ရှိချက်တွေက ကျေနပ်စရာ ကောင်းနေတာပဲဟာ၊ ဘာလိုသေးလို့လဲ'

'ကျေနပ်စရာကောင်းတယ်'

'ဟုတ်တယ်လေ၊ ကျေနပ်စရာကောင်းတယ်၊ အဲဒါ ငါပြောတဲ့စကားပဲ၊ အရေးကြီးတာက တိုင်နီကပ်ဆဲလ်ကို မင်း လိုက်မှာလား မလိုက်ဘူးလား .... အဲဒါပဲပြော'

အာသာသည် ခေါင်းကို ငုံ့ထားရင်းက ဖြေသည်။

'ကျွန်တော် လိုက်မယ် အဖေ'

တိတ်ဆိတ်နေသည်။ အိမ်ထဲမှ မောင်းသံ ကြားရသည်။ နေ့လယ်စာ စားရန် အချက်ပေးခြင်း ဖြစ်၏။ ဘားရုပ်စ်သည် ရှေ့မှနေ၍ ခပ်သွက်သွက် လျှောက်သွားသည်။

စားပွဲ၌ ထိုင်မိသည့်အခါ ဘားရုပ်စ်က ....

'သိပ်ကိုကောင်းတဲ့ကားပဲ' ဟု အန်တီကေရီဘက်လှည့်၍ ပြောသည်။

'မင်းလည်း အပျင်းပြေ လိုက်ခဲ့ပါလား ကာရိုလိုင်း'

အန်တီကာရိုလိုင်း၏ မျက်နှာသည် နီရဲသွားသည်။ တစ်စုံတစ်ရာ ပြန်မပြောခင်မှာပင် ဘားရုပ်စ်သည် တိုင်နီကပ်ဆဲလ်မှ ဘတ်တလေ ဝယ်လာသော အထူးထုတ် သတင်းစာကို ကောက်ယူလိုက်သည်။ သူသည် သတင်းစာကိုကြည့်ကာ အလွန်အားရကျေနပ်သောလေသံဖြင့် ပြောသည်။

'သတင်းကတော့ သတင်းထူး သတင်းကောင်းပဲ၊ ဂျာမန်တွေဘက်က အကျအဆုံးများတယ်၊ ဒီဘက်က မရှင်းဂန်း စက်သေနတ်ဒဏ်ကို အတော်ခံသွားရတာပဲကွ၊ လူပေါင်းလေးထောင်နီးပါး သေတယ်၊ ဒဏ်ရာရတယ်'

ဘားရုပ်စ်က ထိုသတင်းကို ဝမ်းသာအားရ ပြောနေခြင်း ဖြစ်၏။ အာသာသည် လူလေးထောင် သေဆုံးဒဏ်ရာရသည့် သတင်းကိုဖတ်၍ ဝမ်းသာနေသော သူ့အဖေကိုကြည့်ကာ တုန်လှုပ်ခြင်း ဖြစ်မိသည်။

'ဟုတ်တာပေါ့၊ လေးထောင်ဆိုတာ အများကြီးပဲ၊ ကျွန်တော်တို့ နက်ပ်ကျွန်းမှာ ဆုံးရှုံးသွားခဲ့တဲ့ လူအရေအတွက် အဆပေါင်း လေးဆယ်တောင် ရှိတာပဲ' ဟု အာသာက ဝင်ပြောသည်။ သူ့လေသံသည် ယခင်က ပြောနေကျအသံမျိုး မဟုတ်၊ တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။



ငြိမ်ဆိတ်သွားသည်။ ဘားရုပ်စ်သည် သတင်းစာကို အောက်သို့နှိမ့်လိုက်ပြီး အာသာဘက်သို့ စူးစူးဝါးဝါး ကြည့်နေသည်။ ထို့နောက် အသံခပ်ကျယ်ကျယ်ဖြင့် လှမ်းပြောသည်။

'မင်း တန်ဖိုးထားပုံက တစ်မျိုးပဲ၊ အတော့်ကို ထူးဆန်းတာပဲ၊ တို့တွင်းထဲမှာ ကံမကောင်းလွန်းလို့ ဖြစ်သွားရတဲ့ လူတွေနဲ့ ဒီဂျာမန်တွေကို နှိုင်းယှဉ်ပြီး စဉ်းစားတာ တော်တော် အံ့ဩဖို့ကောင်းတာပဲ၊ အခုလောလောဆယ် ငါတို့မှာ အမျိုးသားရေးကိစ္စအတွက် အရေးပေါ်ဖြစ်နေတာ မင်း မသိဘူးလား'

သူသည် မျက်မှောင်တစ်ချက်ကုတ်ကာ သူ့သတင်းစာကို ပြန်ဖတ်နေသည်။

နောက်ထပ်တစ်ဖန် ငြိမ်ဆိတ်သွားပြန်သည်။ အာသာသည် သူ ပြောချင်နေသည့် စကားများကို ပြန်မျိုကာ အပေါ်ထပ် သူ့အခန်းသို့ တက်ခဲ့သည်။ သူသည် အိပ်ရာအစွန်း၌ထိုင်ကာ အခုတလော သူ ဘာဖြစ်နေပါလိမ့်။ အမှန်အတိုင်း ဝန်ခံရလျှင် သူ့အဖေ ဘာပြောပြော သူ ဆန့်ကျင်ချင်သည်။ သူ့စိတ်သည် မသန့်မရှင်းဖြစ်နေသည်ဟု ထင်၏။ သို့သော်လည်း သူ ဘယ်လိုမှ မတတ်နိုင်။

နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းထဲ၌ လူပေါင်း တစ်ရာငါးယောက်တိတိ သေဆုံးခဲ့ရ၏။ သူသည် ထိုလူများကို မေ့ပစ်၍မရ။ ထိုလူများသည် မိမိနှင့် အတူတူနေ၊ အတူတူစားခဲ့သူများ ဖြစ်၏။ အတူတူ အလုပ်လုပ်ခဲ့သူများလည်း ဖြစ်၏။ သို့ဖြစ်၍ သူတို့ကို သူ မမေ့နိုင်။

ကြောက်မက်ဖွယ်ကောင်းသည် လူသတ်ပွဲကြီး အကြောင်းကို သူ့အဖေက စိတ်ဝင်တစား ပြောနေသည်။ မော်တာကျည်ဆန်များ၊ အမြောက်သံများ၊ သေနတ်ကျည်ဆန်များနှင့် ဗုံးများကြောင့် ထောင်နှင့်ချီ၍ သေကြေပျက်စီးခဲ့ကြရသည့် လူများ ....။ ဤလူများ၏အဖြစ်သည် ကျောက်မီးသွေးတွင်းထဲမှ လူများ၏အဖြစ်နှင့် လုံးဝခြားနားခြင်းမရှိ။ သူ့အမြင်တွင် အားလုံးအတူတူပင် ဖြစ်၏။ သို့ပါလျက်နှင့် သူ့အဖေ၏အမြင်သည် သူနှင့်မတူဘဲ တစ်မျိုးတစ်ဘာသာ ဖြစ်လျက်ရှိ၏။

သူ့အနေဖြင့် ပို၍ ကြောက်မိသည်မှာ တခြား မဟုတ်။ သူ့အဖေအပေါ်၌ သူ ထားခဲ့သော သဘောထား ပြောင်းလဲနေသည့်ကိစ္စ ဖြစ်သည်။ သူသည် သူ့အဖေကို ချစ်သည်။ အမြဲတစေ ချစ်ခင်တွယ်တာခဲ့ခြင်း ဖြစ်၏။ ပြီးတော့ သူ့အဖေ ပြောသမျှ လုပ်သမျှများအပေါ်တွင် အမြဲတစေ အံ့ဩချီးမွမ်းခဲ့၏။ အားကျခဲ့၏။ ဤကြားထဲမှပင် သူသည် သူ့အဖေအနားမှကပ်၍လိုက်ကာ သူ့အဖေ၏ လုပ်ရပ်များအပေါ် ဝေဖန်ခြင်း၊ သုံးသပ်ခြင်း စသည်များကို ပြုခဲ့မိ၏။ ဘုရားသခင်အား

လိုက်လံထောက်လှမ်းနေသည့် စုံထောက်တစ်ယောက်နှင့် တူလှသည်ဟုပင် သူ့ကိုယ်သူ ထင်မိလေသည်။

အမှန်တော့ သူသည် သူ့အဖေ၏အမြင်ကို ဆန့်ကျင်သည့် လူတစ်ယောက် မဖြစ်ချင်။ ဘုရားသခင်၏ အလိုဆန္ဒနှင့် မကိုက်ညီသော ထိုအဖြစ်မျိုးကို သူ လက်မခံချင်။ သို့သော်လည်း ထိုအဖြစ်မျိုး ရောက်လာခဲ့ရသည်မှာ သူ့အဖေ၏ ပြောင်းလဲမှုများကြောင့် ဖြစ်၏။ သူ့အဖေ၏ အပြောင်းအလဲများသည် သူ့စိတ်ကို ပြောင်းလဲ၍မရအောင် လုပ်ဆောင်လျက်ရှိ၏။ သူသည် သူ့အဖေအပေါ်၌ လက်တလောထားရှိနေသည့် သဘောထားနှင့်ပတ်သက်၍ ကြောက်စိတ်ပင်ဝင်နေမိ၏။

သူသည် အိပ်ရာပေါ်၌ထိုင်ကာ အချိန်များစွာ အကုန်ခံ၍ စဉ်းစားလျက်ရှိသည်။ ထို့နောက် အိပ်ရာပေါ်သို့လှဲကာ မျက်လုံးများကို မှိတ်ထားသည်။ ပင်ပန်းနွမ်းနယ်ခြင်းသည် သူ့အား ဖိစီးလျက်ရှိသဖြင့် တရေးလောက်အိပ်လိုက်မည်ဟု စိတ်ကူးသည်။ သူ အိပ်ရာမှ နိုးလာသောအခါ နေအတော်စောင်းနေပြီ။ သူသည် ချက်ချင်းပင် အိပ်ရာမှထကာ အဝတ်အစားလဲသည်။

ခြောက်နာရီထိုးသည့်အခါ သူသည် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သူ့အဖေသည် ခန်းမထဲမှနေ၍ စောင့်နေသည်ကို တွေ့ရ၏။ အာသာကို မြင်သည့်အခါ ဘားရပ်စ်သည် လက်ပတ်နာရီကို ကြည့်သည်။ သူ နာရီကြည့်ပုံမှာ ဟန်အပြည့်နှင့် ဖြစ်သည်။

'ငါက မင်း နောက်ကျနေပြီလို့ ထင်နေတာ' ဟု ဆီးပြောကာ ရှေ့မှ ထွက်သွားနှင့်သည်။

သူ့အဖေနှင့်အတူ ကားထဲ၌ ထိုင်မိကြ၍ ကားထွက်သည့်အခါ သူ့စိတ်သည် မသိမသာ လန်းဆန်းလာသည်။ အခုလို အပြင်သို့ ထွက်ရခြင်းသည် သာယာပျော်ရွှင်ဖို့တော့ကောင်း၏။ ဟက်တီနှင့် သူ မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ယနေ့ တွေ့ရတော့မည့်အဖြစ်ကို စဉ်းစားမိသည့်အခါ စိတ်ညှိုးငယ်မှုသည် ပြေပျောက်သွားသည်။ ကားကလည်း လှပခန့်ညားလှ၏။ ဘေး၌ထိုင်နေသည့် သူ့အဖေအားတစ်ချက်ငဲ့ကြည့်သည်။ ဘားရပ်စ်သည် ခန့်ခန့်ထည်ထည်ဖြစ်အောင် တောင့်တောင့်မတ်မတ် ထိုင်နေသည်။ သူ့မျက်နှာထားသည် ကားအပေါ်၌ သာယာယစ်မူးနေသည်မှာ ထင်ရှားနေ၏။ ကစားစရာအသစ်တစ်ခု ရလာသည့် ကလေးတစ်ယောက်နှင့် တူလှချေသည်။

သူတို့သည် ကားကို တိုင်နီကပ်ဆဲလ်မြို့တွင်းသို့ မောင်းဝင်ခဲ့ကြသည်။ လမ်းများပေါ်တွင် လူစည်ကားလျက်ရှိသဖြင့် ဘားရပ်စ်အဖို့ ပို၍ ကျေနပ်စရာဖြစ်နေသည်။ သူ့ဦးခေါင်းသည် ပို၍ မော်လာသည်။ စင်ထရယ်ဟိုတယ်ရှေ့



ရောက်၍ တံခါးစောင့်က ကားတံခါးကို ဖွင့်ပေးလိုက်သည့်အခါ ဘားရပ်စ်က ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ တံခါးစောင့်က ဘားရပ်စ်အား အလေးပြု၍ အရိုအသေပေးသည်။

သူတို့သည် လူစည်ကားလျက်ရှိသော ဧည့်ဆောင်ထဲသို့ ရောက်သွားကြသည်။ သူတို့ မြင်နေရသည့် လူများထဲတွင် ယူနီဖောင်းဝတ်တွေက များသည်။ ဘားရပ်စ်၏ မျက်လုံးများသည် ယူနီဖောင်းဝတ်များအားကြည့်၍ အလွန် သဘောကျနေသည့် အရိပ်လက္ခဏာကို ဖော်ပြလျက်ရှိလေသည်။

ဟက်တီသည် ဧည့်ခန်းဆောင်၏ ထောင့်တစ်နေရာမှ လှမ်း၍ နှုတ်ဆက်သည်။ သူနှင့် သူ့အစ်ကိုတို့ ရထားသည့်နေရာသည် မီးဖိုဘေးတွင်ဖြစ်၍ နေရာကောင်း ဖြစ်သည်။ အာသာတို့သားအဖ ရောက်သွားသည့်အခါ ဟက်တီ၏အစ်ကို အေလန်က မတ်တတ်ထရပ်ပြီး ခရီးဦးကြိုပြုသည်။

'မင်းအဖေ ဘယ်မှာလဲ' ဟု ဘားရပ်စ်က တွေ့တွေ့ချင်းမေးသည်။

အေလန်က ပြုံးသည်။ လက်ဖတင်နှင်ရာထူး ယူနီဖောင်းသည် အေလန်နှင့် လိုက်လှ၏။

'အဖေကတော့ ထုံးစံအတိုင်းပဲ အသားဝါရောဂါ ထနေပြန်ပြီ၊ မလာနိုင်ဘာ ခွင့်လွှတ်ပါလို့ မှာလိုက်တယ်' ဟု ပြောသည်။

ဘားရပ်စ်သည် စိတ်ပျက်သွားပုံရ၏။ တစ်ခဏမျှတော့ တိတ်ဆိတ်သွားသည်။ သို့သော်လည်း ဘားရပ်စ်သည် ချက်ချင်း သူ့ကိုယ်သူ ပြန်ထိန်းသည်။ ဟက်တီကိုကြည့်၍ အပြုံးနှင့် နှုတ်ဆက်သည်။ ခဏအကြာတွင် သူတို့လေးယောက်သည် ညစာစားခန်းထဲသို့ ဝင်ခဲ့ကြသည်။ အခန်းထဲတွင် လူတွေဖြင့် ပြည့်နေသည်။ ကာကီယူနီဖောင်းဝတ်များသည် အများဆုံးဖြစ်၏။

'မကြာသေးခင်က စိတ်ပင်ပန်းခဲ့ရတော့ အခုလို စိတ်အပန်းဖြေမှုမျိုးဟာ တို့အတွက် လိုအပ်တယ်' ဟု ဘားရပ်စ်က ပြောသည်။

'ဟုတ်ပါတယ် ခင်ဗျာ' ဟု အေလန်က ပြန်ပြောသည်။

'ကိစ္စတွေ အေးအေးဆေးဆေး ပြီးသွားတော့လည်း ဝမ်းသာရတာပေါ့'

'ဟုတ်တယ်'

'သူတို့လူစုက လူလိမ်တွေချည်းပဲ' ဟု အေလန်က ဆက်ပြောသည်။

'အခွင့်အရေးသာရလာရင် ညစ်ဖို့အသင့်ပဲ၊ ကျွန်တော် ဟက်ဒွန်းအကြောင်း ကောင်းကောင်းသိတယ်၊ ဒီလူက ဝက်တစ်ကောင်နဲ့ အတူတူပဲ၊ မွေးကတည်းက ဝက်လို မွေးလာတာဆိုတော့ ဝက်ပီသတယ်'

'အေလန်...ဘာတွေ လျှောက်ပြီးပြောနေတာလဲ' ဟု ဟက်တီက ဟန့်သည်။

'ငါ သိလို့ ပြောတာပေါ့' ဟု အေလန်က ဂရုမစိုက်သည့်လေသံဖြင့် ပြန်ပြောသည်။

'လူတွေအကြောင်းကို ငါ သိတယ်၊ ကိုယ်ကလက်ဦးမှုရတာ၊ ကိုယ်က လက်မဦးရင် သူက ဆော်မှာပဲ၊ ကိုယ့်ကိုယ်ကို ကာကွယ်မှုရှိမှဖြစ်တာ'

အာသာက သူ့အဖေမျက်နှာကို လှမ်းကြည့်သည်။ ယခင်က ထားနေကျ တင်းမာမှုသည် ဘားရပ်စ်၏မျက်နှာတွင် ပြန်လည်ထင်ဟပ်လာသည်။ သူ့ကိုယ်သူ ပြန်၍ ထိန်းချုပ်နေသည်ကိုတော့ မြင်တွေ့နေရ၏။ သူသည် အကြောင်းအရာကို ပြောင်းလဲသွားစေရန် စကားလမ်းကြောင်းကို ပြောင်းသည်။

'မင်း တနင်္လာနေ့ ထွက်မှာပေါ့ ....ဟုတ်လား'

'ဟုတ်ပါတယ်'

'စစ်ထဲဝင်ရတာ ဝမ်းသာတယ် မဟုတ်လား'

'ဝမ်းသာပါတယ်'

စားပွဲထိုး ရောက်လာသည်။ ဘားရပ်စ်က အရက်မျိုးစုံစာရင်း ကတ်ပြားကိုယူကြည့်ကာ စဉ်းစားနေသည်။

'တို့များ အမှတ်တရဖြစ်သွားအောင် အထိမ်းအမှတ်ပွဲကလေး လုပ်မှာဆိုတော့ ထူးခြားတာလေးတွေ လုပ်ကြတာပေါ့' ဟု ပြောကာ ရှန်ပိန်တစ်လုံး မှာသည်။

ဟက်တီကတော့ များစွာကျေနပ်သွားပုံရသည်။ သူသည် ဘားရပ်စ်၏ တည်ငြိမ်ခန့်ညားသော အနေအထိုင်၊ အပြုအမူများကိုကြည့်ကာ ကြောက်ရွံ့နေသူ ဖြစ်သည်။ အခုညကျတော့လည်း ဘားရပ်စ်သည် ခါတိုင်းနှင့်မတူ၊ အလွန် ဖော်ရွေနေသည်။ ယဉ်ကျေးသိမ်မွေ့နေသည်။ သူသည် ဘားရပ်စ်အား အလွန် လေးစားခင်မင်သော အပြုံးဖြင့် ကြည့်နေမိ၏။

'ကောင်းပါတယ်' ဟုလည်း ဘားရပ်စ်၏စကားကို ထောက်ခံသည်။ သူသည် အာသာအား လှည့်ကြည့်ပြီး ....

'အေလန်နဲ့ သူ့ယူနီဖောင်းဟာ သိပ်လိုက်တာပဲနော်' ဟု ပြောသည်။

အာသာက ကြိုးစား၍ပြုံးသည်။

'အေလန်က ဘာဝတ်ဝတ် လိုက်ပါတယ်'

'မဟုတ်ဘူး အာသာ၊ စစ်ယူနီဖောင်းနဲ့ ပိုပြီးလိုက်တာ အာသာရဲ့'

'အင်း .... ဟုတ်တယ်'

ဟက်တီသည် ဖန်ခွက်ထဲမှ ရှန်ပိန်ကို တစ်ငုံမျှ သောက်လိုက်သည်။

'အာသာလည်း ယူနီဖောင်းဝတ်လိုက်ရင် သိပ်ကိုကြည့်ကောင်းမှာပဲ' ဟု ပြောသည်။



'ဟက်တီကတော့ လိုက်မယ်လို့ထင်တယ်၊ အာသာက ကိုယ်လုံးကိုယ်ထည် သေးသွယ်ကျစ်လျစ်တယ်၊ အဲဒီလို ကိုယ်လုံးအနေအထားက ယူနီဖောင်း ဝတ်လိုက်ရင် သိပ်လှတယ် အာသာရဲ့'

အားလုံးက အာသာအား ဝိုင်းကြည့်နေကြသည်။

'ဟုတ်တယ် အာသာ၊ သူပြောတာအမှန်ပဲ၊ မင်း ယူနီဖောင်းဝတ်လိုက်ရင် သိပ်ကိုကြည့်ကောင်းမှာ သေချာတယ်၊ မင်း ငါနဲ့အတူတူ စစ်ထဲလိုက်လာဖို့တောင် ကောင်းတယ်'

အာသာ၏စိတ်သည် မငြိမ်မသက် ဖြစ်လာသည်။ ညစာစားပွဲသည် စိတ်ပျက်စရာကောင်းသည့် ပွဲတစ်ပွဲ ဖြစ်လာသည်။ ဘာကြောင့် သူ့အဖေ ဒီနေရာကို လာတာလဲ။ လူအလွန်ရှုပ်သည့် ဟိုတယ်ထဲလာပြီး ရှန်ပိန်သောက်နေရခြင်းသည် စိတ်ရှုပ်စရာ အလွန်ကောင်း၏။ အရေးထဲ အေလန်တော့ဒ်က စစ်ထဲဝင်ဖို့ ဆွယ်နေပြန်သည်။ သူသည် သူ့ကိုယ်သူ ဒေါသဖြစ်ချင်နေမိသည်။

'ကိုယ်ပြောတာ မကြားဘူးလား အာသာ၊ ကိုယ်တို့နှစ်ယောက် စစ်တပ်ထဲမှာ အတူတူဆိုရင် သိပ်ကောင်းမယ်' ဟု အေလန်က ထပ်ပြောသည်။

'အမှန်အတိုင်းပြောရရင် ကျွန်တော်က စစ်ထဲဝင်ဖို့ ဝါသနာမရှိဘူး'

'ဟာ .... အာသာကလည်း .... ဘယ်လို ပြောလိုက်တာလဲ၊ အခုလိုပြောတာ တွေကြားရင် လူတွေက အာသာကို လူကြောက်လို့ ထင်ကုန်မှာပေါ့' ဟု ဟက်တီက ပြောသည်။

'မဟုတ်တာကွယ်၊ အာသာမှာ အဲဒီကိစ္စကို စဉ်းစားဖို့အချိန် လုံးဝမရှိဘူး ဟက်တီရဲ့' ဟု ဘားရပ်စ်က ဝင်ပြောသည်။

'အခုအချိန်မှာ အာသာဟာ ကျောက်မီးသွေးတွင်း အလုပ်တွေနဲ့ စိတ်လက်မအား ဖြစ်နေတာ'

'အို .... ဟုတ်သားပဲ၊ ဟက်တီ မေ့သွားတယ်' ဟု ဟက်တီက ရေရွတ်သည်။ ပြောလိုက်မိသည့်စကားအတွက်လည်း စိတ်မကောင်း ဖြစ်သွားသည်။

အာသာသည် ဘာစကားမှ ထပ်မပြော။ သူ့အကြည့်ကို သူ့ရှေ့မှ ပန်းကန်ပြားပေါ်၌သာ စူးစိုက်ထားသည်။ သူသည် ရှန်ပိန်ကိုလည်း မသောက်၊ အချိုပွဲကိုလည်း လက်ဖျားနှင့်ပင် မတို့၊ အခြားလူများ စကားပြောနေကြသည်ကို ထိုင်၍ နားထောင်နေသည်။

တေးဂီတတီးဝိုင်းမှ ဂီတသံ ထွက်ပေါ်လာသည်။

"ဘုရင်မင်းမြတ်အား ဘုရားသခင် ကယ်မပါစေ" ဟူသော သီချင်းကို စတင် တီးမှုတ်လိုက်ခြင်းဖြစ်၍ လူအားလုံး မတ်တတ်ရပ်ပြီး အရိုအသေပေးကြ

သည်။ ထို့နောက် "အကတေးဂီတ" ကို တီးမှုတ်သည်။ စင်ထရယ်ဟိုတယ်သည် စနေနေ့ညတိုင်း ကပွဲကျင်းပလေ့ရှိသည် မဟုတ်ပါလား။

ဟက်တီက အာသာအား ပြုံးကြည့်သည်။ သူတို့နှစ်ယောက်စလုံး အကကောင်းသူများ ဖြစ်၏။ နှစ်ဦးတွဲကရခြင်းကိုလည်း သာယာမက်မောသူများဖြစ်၏။ သူတို့နှစ်ယောက် တွဲကတိုင်း မြင်သူအများစုက အလွန်လိုက်ဖက်ညီသည့်အတွဲဟု ဆိုကြ၏။ သူနှင့်ကဖို့ အာသာက ခေါ်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဟက်တီသည် စောင့်စားလျက်ရှိသည်။ သို့သော်လည်း အာသာသည် စားပွဲထက်မှ ပန်းကန်ကို စိုက်ကြည့်ကာ ရေငုံနှုတ်ပိတ်လုပ်နေသည်။ ဟက်တီအား ကဖို့ လုံးဝဖိတ်ခေါ်ခြင်းမပြု။

နောက်ဆုံးတွင် အာသာ၏ စိတ်မသာယာမှုကို အားလုံးက ရိပ်မိသွားကြသည်။ အေလန်သည် အကကောင်းသူ မဟုတ်။ ဟက်တီအဖို့ အေလန်နှင့် တွဲကနေရသည်မှာ ပျော်စရာမကောင်း၊ စိတ်ပျက်ဖို့သာ ကောင်းနေသည်။ သို့သော်လည်း ဟန်ဆောင်၍ပြုံးကာ ကျေနပ်ဟန်ကိုပြသည်။

'ကလေးမလေးက တော်တော် သဘောကောင်းတာပဲ' ဟု ဘားရပ်စ်က မောင်နှမနှစ်ယောက် ကနေသည်ကိုကြည့်၍ မှတ်ချက်ချသည်။ အာသာကတော့ ဘာမှပြန်မပြော။ ဟက်တီနှင့် အေလန်တို့ ကနေသည်ကို လှမ်းကြည့်ကာ အလိုမကျဖြစ်နေသည့် သူ့စိတ်ကိုပြင်ဖို့ ကြိုးစားသည်။

အေလန်နှင့် ဟက်တီတို့ ပြန်ရောက်လာကြသည့်အခါ အာသာသည် ယဉ်ကျေးမှုအရ ဟက်တီအား ကဖို့ခေါ်သည်။ ကသည့်အခါတွင်မူ စိတ်ဝင်တစားရှိသည့် လက္ခဏာမပြ။ နွဲ့နှောင်းပျော့ပျောင်းလှသည့် ဟက်တီ၏ကပုံကို အသိအမှတ်ပြုသော်လည်း နောက်တစ်ကြိမ် ထပ်မကတော့ဟူ၍ကား ကြိတ်၍ဆုံးဖြတ်လိုက်သည်။

နောက်ပိုင်းတွင် သူတို့သည် စားပွဲ၌သာ ထိုင်နေကြရသည်။ ဟက်တီသည် စိတ်မရှည်နိုင်တော့သည့် လေသံဖြင့် ....

'ဒီည ဒီစားပွဲမှာ ကချင်တဲ့လူ တစ်ယောက်မှ မရှိတော့ဘူးလား' ဟု မေးသည်။

'ကိုယ်က နည်းနည်း ပင်ပန်းနေတယ်' ဟု အာသာက ကပျာကယာ ဝင်ပြောသည်။

ရုတ်တရက် ငြိမ်ဆိတ်သွားသည်။ ထိုအခိုက်မှာပင် ဘားရပ်စ်ထံမှ စကားပြောသံ ထွက်ပေါ်လာသည်။

'တို့ကတော့ ခေတ်သစ်အကတွေကို သိပ်နားမလည်ဘူး၊ ဒါပေမဲ့ ဖြစ်မယ်ဆိုရင်တော့ တို့က ကဖို့အဆင်သင့်ပဲ'



ဟက်တီက ဘားရပ်စ်အားကြည့်ကာ အံ့အားသင့်နေသည်။

'လွယ်တော့ လွယ်ပါတယ်၊ အသာကလေး မှေးလျှောက်လိုက်ရင် ကတတ်သွားတာပါပဲ' ဟု ပြန်ပြောသည်။

'အေးလေ ....မင်းက ဖြစ်မယ်လို့ထင်ရင်လည်း တို့ ကြိုးစားကြည့်ကြတာပေါ့' ဟု ဘားရပ်စ်ကပြောကာ ထိုင်ရာမှ ထလာပြီး သူ့လက်ကို ကမ်းပေးသည်။

အာသာသည် သူ့ကုလားထိုင်တွင် မလှုပ်မယှက် ထိုင်နေသည်။ သူသည် သူ့အဖေနှင့် ဟက်တီတို့ ကနေသည်ကို မကြည့်ဘဲတော့မနေနိုင်။ သူ့အဖေနှင့် ဟက်တီသည် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ ငြိမ်ငြိမ်အေးအေး ရွေ့လျားသွားနေကြသည်။ သူ့အဖေသည် ဟက်တီအား ခပ်စိမ်းစိမ်း ဆက်ဆံခဲ့သူဖြစ်၏။ ဟက်တီကလည်း သူ့အဖေနှင့် ဆက်ဆံရာ၌ ဝံ့ဝံ့မဆက်ဆံရဲ။ တွန့်ဆုတ်ဆုတ်ဖြစ်သည်။ အခုကျတော့လည်း သူတို့နှစ်ဦး တွဲကနေကြသည်။ တရင်းတနှီး ပြောလိုက်ဆိုလိုက်၊ ပြုံးလိုက်ရယ်လိုက်၊ အထူးသဖြင့် သူသည် ဟက်တီ၏ ချိုမြသောအပြုံးကို မြင်တွေ့နေရသည်။ သူ ရလိုသည့် စိတ်ဝင်စားမှုတစ်ခုကို သူ သဘောကျသည့် လူတစ်ယောက်ထံမှ ရရှိနေသဖြင့် ဝမ်းသာလုံးဆို့နေသည့် အမျိုးသမီးတစ်ယောက်၏ အပြုံးမျိုး ဖြစ်သည်။

ထိုအခိုက်မှာပင် အေလန်က သူ့အား စကားပြောနေသံကို ကြားရသည်။ အပြင်သို့ဧကာထွက်ရန် ခေါ်နေခြင်းဖြစ်၏။ သူသည် ဖျတ်ခနဲထကာ အေလန်နှင့် လိုက်သွားသည်။ အေလန်သည် ရှန်ပိန်အရှိန်ဖြင့် မျက်နှာတစ်ခုလုံး နီရဲနေသော်လည်း မူးနေသည်တော့ မဟုတ်။ အိမ်သာခန်းထဲ ရောက်သည့်အခါ အေလန်သည် အာသာအား မျက်နှာချင်းဆိုင်လိုက်သည်။

'မင်းအဘိုးကြီးက ဒီည တော်တော်ကြီး လွတ်နေတာပဲ အာသာ၊ ငါဖြင့် ငါ့မျက်စိတွေကိုတောင် မယုံနိုင်အောင် ဖြစ်နေတယ်၊ သူ့ကိုယ်သူလည်း တော်တော်ဟုတ်လှပြီလို့ ထင်နေပုံပေါ်တယ်ကွ၊ သိလား'

အေလန်သည် ကြွေခွက်မှ ရေဘုံဘိုင်နှစ်ခုစလုံးကို ဖွင့်ချလိုက်သည်။ ထို့နောက် အာသာဘက် ပြန်လှည့်လိုက်သည်။

'မင်းလည်း သိပါတယ်လေ၊ ငါ့အဘိုးကြီးက မင်းအဘိုးကြီးကို သိပ်ကြည်ဘူးကွ၊ စုံစမ်းရေးကော်မတီက စစ်ဆေးတုန်းက မင်းအဘိုးကြီးက သူ့ဆီက အကူအညီ မတောင်းခဲ့တာကို အခုထိ မကျေနပ်သေးဘူး၊ ဒါကို မင်းအဘိုးကြီးလည်း မသိဘဲမနေပါဘူး၊ သိမှာပါကွာ'

အာသာက 'မျက်လုံးပြူးကြည့်နေသည်။ သူ့စိတ်သည် ဂနာမငြိမ် ဖြစ်လာသည်။

'စိတ်ပူစရာတော့ မလိုပါဘူး အာသာရာ' ဟု အေလန်က လက်တစ်ဖက်ကိုဝှေ့ယမ်းပြီး ပြောသည်။

'နည်းနည်းကလေးကိုမှ ပူစရာမလိုဘူး ကိုယ့်လူ၊ တို့အားလုံးဟာ မိတ်ဆွေတွေ မဟုတ်လား၊ ဘာများ ပူစရာလိုသလဲကွာ'

အာသာကတော့ အေလန်ကိုသာ စိုက်ကြည့်နေသည်။ သူသည် ဘာပြန်ပြောရမှန်းမသိ။ သံသယဖြစ်မှုများနှင့် မရေရာမှုများသည် ကြောက်လန့်စိတ်နှင့်ပေါင်းစပ်ကာ သူ့စိတ်ကို ဖမ်းချုပ်ထားသည်။ နောက်ဆုံးကျမှ ....

'ခင်ဗျား ဘာပြောချင်တာလဲ' ဟု မေးသည်။

ရုတ်တရက် ကြွေခွက်တွင်း၌ ရေများလျှံကာ အပြင်သို့ထွက်ကျလာသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းထဲ၌ ရေတွေဝင်ခဲ့သည်မှာ ဤပုံစံအတိုင်းပင်ဖြစ်၏။ အာသာ၏ မျက်လုံးများသည် ကြမ်းပေါ်သို့ လျှံကျနေသည့် ရေများကိုသာ ငုံ့ကြည့်နေသည်။ ကျောက်မီးသွေးတွင်းထဲ ရေဝင်စဉ်က မထင်မှတ်သောနေရာများမှ အခုလိုပင် လျှံကျလာခဲ့ခြင်းဖြစ်၍ လူအများအား အမှောင်ထုအတွင်း၌ ရေနစ်၍ သတ်ပစ်ခဲ့၏။

အာသာ၏ တစ်ကိုယ်လုံးသည် တုန်လှုပ်လျက်ရှိသည်။ 'ငါဟာ အမှန်တရားကို ရှာဖွေနေတာပါ၊ တကယ်လို့ အဲဒီရေက ငါ့ကိုသတ်ရင် ငါ အမှန်တရားကို တွေ့မှာသေချာတယ်' ဟု တွေးမိသည်။

* * * * *

## (၂၇)

အိမ်အပြန် ကားပေါ်တွင် အာသာသည် တိုင်နီကပ်ဆဲလ်မြို့တွင်း လမ်းများပေါ်ရှိ ကားအသွားအလာ ရှုပ်ထွေးမှုများကြားမှ လွတ်မြောက်သည်အထိ စောင့်နေသည်။ ကားသွားကားလာရှင်းသည့် ကင်တန်နှင့် စလီစကေးကြားရှိ လမ်းပေါ်သို့ ရောက်သောအခါတွင်မူ သူသည် နှုတ်ဆိတ်မနေနိုင်တော့ပေ။

'ကျွန်တော် မေးချင်တာတစ်ခုရှိတယ် အဖေ'

ဘားရပ်စ်က ချက်ချင်း ပြန်မဖြေဘဲ ငြိမ်နေသည်။ အတန်ကြာမှ စိတ်မပါ့တပါ့လေသံဖြင့် ....

'မင်းက ဘာသိချင်နေလို့လဲ' ဟု မေးသည်။ သူ့အသံမှာ လိုလိုချင်ချင်ရှိပုံမရ။



'ကျွန်တော် သိချင်နေတာက ကျောက်မီးသွေးတွင်းမှာ ဖြစ်ခဲ့တဲ့ ဆေားသင့်မှုကိစ္စပဲ'

ဘားရပ်စ်သည် မကြိုက်သည့်လက္ခဏာကို လှုပ်ရှားမှုဖြင့်ပြသည်။ သူ့အပြုအမူကိုကြည့်၍ အာသာကလည်း သိသည်။ တစ်ခဏမျှတော့ တိတ်ဆိတ်နေသည်။ ထို့နောက် သူ့အဖေ၏အသံကို သူ ကြားရသည်။

'မင်းက ဘာကြောင့် ဒီအကြောင်းကိုချည်း စဉ်းစားနေရတာလဲ၊ ငါ့အနေနဲ့လုံးဝ မပြောချင်တော့တဲ့ကိစ္စ ဖြစ်နေပြီ၊ ငါ့မှာ ဒီညနေခင်း စိတ်ချမ်းသာမှုရခဲ့တယ်၊ ဟက်တီနဲ့ ကခဲ့ရတဲ့အတွက်လည်း သိပ်ပြီး စိတ်သာယာခဲ့ရတယ်၊ အားလုံးပြီးသွားတဲ့ကိစ္စ၊ မေ့သွားတဲ့ကိစ္စကို မင်းက ဘာပြုလို့ ပြန်ပြီး အစဖော်ချင်နေရတာလဲ'

'ဒီကိစ္စကို ဘယ်သူတွေက မေ့မေ့ ကျွန်တော်ကတော့ မမေ့နိုင်ဘူး အဖေ'

ဘားရပ်စ်သည် ငြိမ်ကျသွားသည်။ သူသည် အချိန်အတန်ကြာသည်အထိ ငြိမ်ဆိတ်နေသည်။

'ဒီမယ် အာသာ၊ မင်း ဒီကိစ္စကို မေ့သွားပါစေတော့လို့ ဘုရားသခင်ဆီမှာ ငါ ဆုတောင်းခဲ့တယ်၊ ဒါပေမဲ့ မရခဲ့ဘူး၊ အဲဒီတော့ အခု ငါပြောတာကို မင်း အသေအချာနားထောင်၊ ပြီးရင် ကျိုးကြောင်းဆီလျော်အောင် စဉ်းစားပါ။

ဒီကိစ္စမှာ မင်းဟာ ငါ့ဘက်က ....၊ ငါ့ရဲ့ အကျိုးကျေးဇူးဟာ မင်းရဲ့အကျိုးကျေးဇူးတွေပဲ၊ အခုဆိုရင် မင်းအသက်ဟာ နှစ်ဆယ့်နှစ်နှစ် ပြည့်တော့မယ်၊ မကြာခင်မှာ မင်းဟာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းလုပ်ငန်းမှာ ငါနဲ့ တွဲလုပ်ရတော့မှာ၊ အခုဖြစ်နေတဲ့စစ်ကြီး ပြီးသွားရင် ဒီကိစ္စကို လုပ်ရတော့မှာ၊ အဲဒီတော့ အခု ပြီးခဲ့တဲ့ကိစ္စကို အားလုံးက မေ့ပျောက်နေတဲ့အချိန်မှာ မင်းက သတိရနေတယ်ဆိုတော့ ဒါဟာ ရူးခြင်းတစ်မျိုးပဲ'

အာသာသည် စိတ်မကောင်းဖြစ်မိသည်။ သူ့အဖေက သူ့အား နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှ ရရှိခံစားရမည့် အကျိုးကျေးဇူးများအကြောင်းကိုပြောပြကာ သူ့အား ပိတ်ပင်တားဆီးလျက်ရှိ၏။ ဤသည်မှာ သူ့အဖေက သူ့အား လာဘ်ထိုးသည့်သဘောလား။

'ကျွန်တော်ကတော့ ရူးတယ်လို့ မထင်ဘူး အဖေ၊ ကျွန်တော် အမှန်ကိုပဲ သိချင်တယ်'

ဘားရပ်စ်သည် သူ့စိတ်သူ မထိန်းနိုင်အောင် ဖြစ်သွားသည်။

'မင်းက အမှန်ကိုပဲ သိချင်တယ် ဟုတ်လား' ဟု ဒေါသတကြီး ရေရွတ်သည်။

'ဒီကိစ္စကို စုံစမ်းရေးကော်မတီဖွဲ့ပြီး အစစ်ဆေးခံခဲ့ကြရတယ်၊ ရက်ပေါင်း ဆယ့်တစ်ရက်တောင် ကြာတယ်၊ အားလုံး စစ်စရာရှိသမျှကို စစ်ဆေးပြီးလို့ ပြီးပြတ်သွားပြီ၊ ငါ့ကို အပြစ်မရှိဘူးလို့ သတ်မှတ်ပြီးပြီ၊ မင်းအတွက် အဲဒါဟာ အမှန်တရားပဲ၊ မင်းက အဲဒီထက်ပိုပြီး ဘာများလိုချင်သေးလဲ'

'စုံစမ်းစစ်ဆေးရေးအဖွဲ့က အစိုးရက ဖွဲ့တာပဲ၊ ဒီလိုအဖွဲ့မျိုးဟာ အချက်အလက်မှန်တွေကို ဖုံးကွယ်သွားအောင်လုပ်လို့ ရနေတာပဲ အဖေ'

'ဘာအချက်အလက်မှန်တွေလဲ၊ မင်း ရူးနေသလား' ဟု ဘားရပ်စ်က ပြောသည်။

အာသာသည် နောက်မှနေ၍ မှန်တစ်ဖက်ရှိ သူ့အဖေ၏နောက်ကျောကို ကြည့်နေသည်။

'ဒီအလုပ်ကို စပြီးလုပ်ကတည်းက အဖေ စွန့်ပြီး လုပ်နေရတယ်ဆိုတာ တစ်ချိန်လုံး သိနေတယ် မဟုတ်လား အဖေ'

'တို့ ဘာလုပ်လုပ် စွန့်ပြီးလုပ်ရတာချည်းပဲကွ' ဟု ဘားရပ်စ်က ဖြေသည်။

'အဲဒါ လူတိုင်းပဲ၊ သတ္တုတွင်းတူးတဲ့ လုပ်ငန်းတွေမှာ ပိုပြီးစွန့်စားကြရတယ်၊ နေ့ရှိသမျှ စွန့်စားနေကြရတတ်တာချည်းပဲ၊ မစွန့်စားချင်လို့ လုံးဝမရဘူး ....သိလား'

သို့သော်လည်း အာသာကတော့ အလျှော့မပေး။

'ကျောက်မီးသွေးကို ဟိုတွင်းနံရံတွေက တူးယူမယ်လို့ စိတ်ကူးကတည်းက အဖေ့ကို အေဒမ်တော့ဒ်က အန္တရာယ်များတယ်လို့ ကြိုပြီး သတိပေးခဲ့တယ် မဟုတ်လား' ဟု အာသာက ထပ်မေးပြန်သည်။

'အဖေ သူနဲ့ သွားတွေ့တဲ့နေ့ကို မှတ်မိတယ် မဟုတ်လား၊ အဲဒီနေ့က သူက ဒီအလုပ်ဟာ ဘေးအန္တရာယ်များတယ်လို့ ပြောလိုက်တယ် မဟုတ်လား၊ အဲသလိုပြောလျက်နဲ့ အဖေ ဇွတ်တိုးလုပ်ခဲ့တာပဲ'

'မင်း ဘာတွေ လာပြောနေတာလဲ' ဟု ဘားရပ်စ်က ဒေါသတကြီး ပြောသည်။

'ဘယ်သူတွေ ဘာပဲပြောပြော ဆုံးဖြတ်ရမယ့်လူက ငါကွ။

နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဟာ ငါ့တွင်း၊ ငါကြိုက်တာ ငါလုပ်မှာပေါ့၊ ငါ့ကို ဘယ်သူမှဝင်ပြီး နှောင့်ယှက်လို့မရဘူး၊ ငါ့ဘာသာငါ အကောင်းဆုံး ဖြစ်အောင် ဆုံးဖြတ်ပြီး လုပ်မှာပဲ'

'အဖေ့အနေနဲ့ ဘယ်သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်မှာလဲ'

ဘားရပ်စ်၏ ဒေါသသည် ပေါက်ကွဲလုနီးပါး ဖြစ်လာသည်။ သူသည် သူ့စိတ်ကို အပြင်းအထန် ချုပ်တည်းနေရသည်။



'နေစမ်းပါဦးကွ၊ မင်းက နက်ပ်ကျွန်း ကျောက်မီးသွေးလုပ်ငန်းကို အလှူပေးနေတဲ့ လုပ်ငန်းတစ်ခုလို့ ထင်နေသလား၊ ငါ့အနေနဲ့ ငါ့လုပ်ငန်းမှာ အမြတ်ရချင်တာ မှားတယ်လို့ မင်းက ထင်နေသလား'

'အဲဒါပဲ အဖေ' ဟု အာသာက ပြောသည်။

'အဖေက အမြတ်လိုချင်တယ်၊ အမြတ်ကို အဆမတန် အများကြီးလိုချင်တယ်၊ တကယ်လို့သာ နက်ပ်ကျွန်းတွင်းဟောင်းရဲ့ လုပ်ကွက်တွေထဲက ရေတွေကို ရေစုပ်စက်တွေနဲ့ စုပ်ထုတ်ပစ်ပြီးမှ အလုပ်ကို လုပ်မယ်ဆိုရင် ဘေးအန္တရာယ် ဘယ်ရှိမလဲ၊ ဒါပေမဲ့ ရေတွေစုပ်ထုတ်တဲ့ ကုန်ကျစရိတ်ကြောင့် အဖေ့မှာ အမြတ်နည်းသွားမှာကို စိုးရိမ်တယ်၊ ရေစုပ်ထုတ်လို့ ကုန်ကျရမယ့်ငွေကို အဖေ့စိတ်ထဲမှာ အများကြီးလို့ ထင်လာတယ်၊ အဲဒါကြောင့် စွန့်စားမယ်ကွာဆိုပြီး လုပ်လိုက်တာပဲ၊ ရေတွေ ဝင်လာနိုင်မယ့် အန္တရာယ်ကြီးကို လျစ်လျူရှုပြီး အလုပ်သမားတွေ အားလုံးကို ဘေးအန္တရာယ်စက်ကွင်းထဲ ပို့လိုက်တာပဲ'

'မင်း ထပ်မပြောနဲ့၊ တော်ပြီ' ဟု ဘားရပ်စ်က ပြောသည်။

'မင်း ငါ့ကို ဒီလိုအချိုးမျိုးပြောတာ ငါ လုံးဝမခံနိုင်ဘူး'

ဘေးမှ ဖြတ်သွားနေသော မော်တော်ကားများဆီမှ မီးရောင်များသည် ဘားရပ်စ်၏ မျက်နှာပေါ်သို့ ကျရောက်ဖြတ်သန်းသွားသည်။ သူ့မျက်နှာသည် နီမြန်းလျက်ရှိ၏။ သူ့မျက်လုံးများသည် နီရဲလျက်ရှိသည်။ ထို့နောက် ကားထဲ၌ ပြန်မှောင်သွားသည်။ အာသာသည် ကားထိုင်ခုံကို လက်ဖြင့်ကိုင်ထားသည်။ သူ့တစ်ကိုယ်လုံး တုန်လျက်ရှိသည်။

သူ့အဖေသည် သူ့အပြစ်မှ လွတ်မြောက်ရန် ရှောင်တိမ်းလျက်ရှိသည်။ ဤသည်ကို သူ ကောင်းစွာသိသည်။ ဤအသိကြောင့်လည်း သူသည် သူ့အဖေ အပေါ်၌ အထင်အမြင်ကြီးစိတ် လျော့ပါးသွားသည်။ သူသည် နောက်ထပ် ဘာမှ မပြောတော့ဘဲ နှုတ်ဆိတ်ပြီး လိုက်ပါလာသည်။ ကားသည် လောဂေဟာ ခြံဝင်းထဲသို့ ရောက်ခဲ့ပြီး ဆင်ဝင်ရှေ့၌ ရပ်သည်။

သူသည် ဘားရပ်စ်၏နောက်မှ ကပ်၍လိုက်လာသည်။ အိမ်ထဲမှ လှေကားထိပ်အရောက်တွင် သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။ ဘားရပ်စ်၏မျက်နှာတွင် ထူးခြားသော အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။ သူသည် လှေကားလက်ရန်းကို လှမ်းကိုင်ကာ အပေါ်သို့တက်သွားရန် ဟန်ပြင်လျက်ရှိသည်။

'မင်းမှာ ပြောစရာတွေ အများကြီးရှိခဲ့တာကိုး၊ အခုတော့ ပြောချင်တာတွေလည်း ပြောပြီးသွားပြီပဲ၊ မင်းဘာသာမင်း အပြောင်းအလဲတစ်ခုရှာရင် မင်းအတွက် အကောင်းဆုံးဖြစ်လိမ့်မယ်လို့များ မထင်မိဘူးလား'

'အဖေပြောတာ ကျွန်တော် နားမလည်ဘူး အဖေ'

ဘားရပ်စ်က လှေကားကို တက်နေရာမှ နောက်ပြန်လှည့်၍ ပြောသည်။

'မင်းနိုင်ငံအတွက် စစ်ဝင်တိုက်ပေးရင် ကောင်းမယ်လို့များ မင်းစိတ်ထဲမှာ မထင်ဘူးလား'

ထို့နောက် သူသည် လှေကားမှ တက်သွားသည်။

အာသာသည် လှေကားမှ တက်သွားနေသော သူ့အဖေအား နောက်မှ ရပ်ကြည့်ကာ ကျန်ရစ်ခဲ့သည်။ ဖြူဖပ်ဖြူရော် ဖြစ်လျက်ရှိသည့် သူ့မျက်နှာသည် ရှုံ့မဲ့မဲ့ဖြစ်နေသည်။

နောက်ဆုံးတွင် သူ့စိတ်ထဲ၌ ခံစားမှုတစ်ခု ဝင်လာသည်။ သူ့အဖေ အပေါ်၌ရှိနေသော သူ့ချစ်စိတ်သည် သေသွားခဲ့လေပြီ။ ပြာမှုန်များကြားမှ ကြောက်စဖွယ်ကောင်းသော စိတ်ဆိုးစိတ်ညစ်များသည် ထွက်ပေါ်လာနေသည် ထင်၏။

* * * * *

## (၂၈)

ထိုစနေည စောစောပိုင်းတွင် ဆင်မီသည် အင်နီမေဆာနှင့်အတူ ရိပ်သာလမ်းသွယ် အတွင်းသို့ လျှောက်ဝင်လာသည်။ စနေညတိုင်း သူတို့နှစ်ယောက် ဤကဲ့သို့ လမ်းလျှောက်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ ယင်းကဲ့သို့ လမ်းလျှောက်ကြခြင်းသည် ဆင်မီနှင့် အင်နီမေဆာတို့အတွက် သမီးရည်းစား ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လေသည်။

စနေနေ့ညတိုင်း ခုနစ်နာရီဆိုလျှင် ဆင်မီနှင့် အင်နီသည် ကျေးလမ်း ထောင့်၌ ဆုံကြသည်။ ထုံးစံအတိုင်းဆိုပါက ထိုလမ်းထောင့်သို့ အင်နီက ပထမ ရောက်၍ လမ်းဘေးပလက်ဖောင်းပေါ်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ဆင်မီ ရောက်အလာကို တမျှော်မျှော် ဖြစ်နေတတ်သည်။ ဆင်မီကတော့ နောက်ဆုံး ကျမှ ရောက်လာလေ့ရှိ၏။ သူ ရောက်လာသည့်အချိန်သည် အများအားဖြင့် ခုနစ်နာရီထိုးပြီး ဆယ်မိနစ်ကြာမှ ဖြစ်သည်။ သူ လာလျှင် အပြာရောင်ဝတ်စုံ နှင့်သာ ဖြစ်၏။

'ကိုယ် နောက်ကျသွားတယ် အင်နီ' ဟု ဆင်မီက ပြောစမြဲ ဖြစ်သည်။ နောက်ကျရသည့်အတွက် စိတ်မကောင်းဖြစ်ပုံမရ။ အင်နီကလည်း အခုလို အချိန်



ကြာကြာ စောင့်နေရသည့်အတွက် သူ့စိတ်၌ ကသိကအောက် ဖြစ်ရသည့် အရိပ် လက္ခဏာကိုပင်မပြ။

သူတို့ချင်း ဆုံမိကြသည့်အခါ ရိပ်သာလမ်းထဲအတိုင်း လမ်းလျှောက်ကြ သည်။ လက်ချင်းချိတ်၍၊ ဆွဲ၍ လျှောက်ကြခြင်းမဟုတ်။ ဆင်မီနှင့် အင်နီတို့၏ သမီးရည်းစားဘဝတွင် လက်ဆွဲခြင်း၊ ပွေ့ဖက်ခြင်း၊ နမ်းရှုပ်ခြင်း စသည်များမရှိ။ ဆင်မီက အင်နီအား လေးစားသမှုထားသည်။ အမှောင်ဆုံးနေရာ ရောက်ခါမှ ဆင်မီက အင်နီ၏ခါးကို ဖက်တတ်သည်။ ထို့ထက်ပို၍ကား မပြု....။

ဆင်မီအမေက မိမိနှင့် သဘောမတူသည်ကို အင်နီ သိသည်။ သို့သော် လည်း ဆင်မီက သူ့ကိုချစ်မှန်း သိနေသည်ဖြစ်ရာ ထိုမျှဆိုလျှင် သူ့အတွက် လုံလောက်သည်ဟု အင်နီက ယူဆသည်။ ရိပ်သာလမ်းထဲ၌ လမ်းလျှောက်အပြီး တွင်မှ သူတို့သည် မြို့ထဲသို့ ပြန်လျှောက်လာလေ့ရှိ၏။ လမ်း၌ တွေ့သမျှလူတိုင်း ကိုလည်း ဆင်မီ နှုတ်ဆက်လာစမြဲ ဖြစ်သည်။

'ဟေး နက်ဒ် ....နေကောင်းလား၊ တွမ် ....ဘယ်က လာသလဲ' ဟူသော ဆင်မီ၏ နှုတ်ဆက်သံများကို မကြာခဏ ကြားရသည်။ လင့်သ်လမ်းထဲအတိုင်း လျှောက်လာခဲ့သော ဆင်မီနှင့် အင်နီတို့သည် မစ္စက်ဝက်ပ်၏ မုန့်ဆိုင်သို့ ဝင်လေ့ ရှိသည်။ သူတို့ တံခါးကိုတွန်းဝင်လိုက်တိုင်း တံခါးထိပ်မှ ဘဲလ်သံသည် မြည် သွားလေ့ရှိသည်။ ဆိုင်ထဲရောက်သည့်အခါ သူတို့သည် ဟင်းရည်နှင့် မုန့်ကို စား၍ ဘိလပ်ရည် သောက်ကြသည်။ တစ်ခါတစ်ရံတွင် ဆင်မီသည် မုန့်ကို နှစ်ခုစားလေ့ရှိ၏။ အင်နီကတော့ ဘယ်တော့မှ တစ်ခုထက်ပို၍ စားလေ့မရှိ။

ထို့နောက်တော့ သူတို့သည် စကားစမြည် ပြောကြသည်။ တစ်ခါတစ်ရံ တွင် မစ္စက်ဝက်ပ်နှင့် စကားလက်ဆုံကျသည်။ ပြီးတော့ ဆိုင်ထဲမှ ပြန်ထွက်ခဲ့ပြီး ကျေးလမ်းထောင့်သို့ ရောက်သည့်အခါ ခဏတဖြုတ်ရပ်၍ စနေနေ့ည၏ လူသွား လူလာများကို ရပ်ကြည့်ကြသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် နှုတ် ဆက်ကာ အလုပ်သမားရပ်ကွက်ဘက်သို့ ပြန်ကြသည်။ ဆင်မီအနေဖြင့် အင်နီလို မိန်းကလေးကို ချစ်သူအဖြစ် ရရှိထားခြင်းအတွက် သူ ကံကောင်းသည်ဟု တွေး သည်။ ဤသည်ကား ဆင်မီနှင့် အင်နီတို့၏ နေရိုးနေစဉ် အချိန်တစ်ချိန် ဖြစ် ပေသည်။

ယနေ့ညတွင်မူ ဆင်မီနှင့် အင်နီတို့၏ကြား၌ ပြဿနာတစ်ခု ရှိနေသည်။ အင်နီသည် မျက်နှာမကောင်း၊ ဆင်မီကလည်း တစ်စုံတစ်ခုသော ကိစ္စအတွက် သူ့တွင် ရှင်းလင်းပြောပြရန် တာဝန်ရှိသည့်နှယ် မျက်စိမျက်နှာပျက်နေသည်။

'ကိုယ် စိတ်မကောင်းပါဘူး အင်နီရယ်' ဟု လမ်းပေါ်မှ ကျောက်ခဲတစ်လုံး ကို ခြေထောက်နှင့် ကန်ထုတ်လိုက်ပြီး ဆင်မီက ပြောသည်။

'ဒီကိစ္စကို မင်း စိတ်ဆိုးမယ်လို့တော့ မထင်ပါဘူး အင်နီရယ်'

'စိတ်မဆိုးပါဘူး' ဟု အင်နီက တီးတိုးလေသံဖြင့် ပြန်ပြောသည်။

'အင်နီအနေနဲ့ ဒီလောက်အထိ မဖြစ်ပါဘူး၊ ရပါတယ် ....ဘယ်တတ်နိုင်မလဲ'

အင်နီသည် ဆင်မီ ဘာပဲလုပ်လုပ် ထောက်ခံသူ ဖြစ်သည်။ သို့သော်လည်း ယနေ့ညတော့ မျက်နှာမကောင်း၊ စိတ်ထိခိုက်နေဟန်ရှိသည်။ ဆင်မီသည် နောက်ထပ် တွေ့လိုက်ရသည့် ကျောက်ခဲတစ်လုံးကို ခြေထောက်နှင့် ကန်ထုတ်လိုက်ပြန်သည်။

'ကိုယ် ကျောက်မီးသွေးတွင်းကို စိတ်ပျက်သွားတယ်၊ တကယ်ပြောတာပါ အင်နီ၊ နေ့စဉ် အလုပ်ဆင်းတိုင်း အဖေနဲ့ ဟူးဂီးတို့ တွင်းထဲမှာ ရှိနေတယ်လို့ မတွေးဘဲနေလို့မရဘူး၊ အမြဲ တွေးနေမိတယ်၊ ကျောက်မီးသွေးတွင်းဟာ ကိုယ့်စိတ်ထဲမှာ အရင်ကနဲ့ လုံးဝမတူတော့ဘူး၊ အဖေနဲ့ ဟူးဂီးတို့ကို အပြင်မထုတ်မချင်း ဒီတွင်းဟာ အရင်ကတွင်းနဲ့ တူလာမှာ မဟုတ်တော့ဘူး'

'အင်နီ သဘောပေါက်ပါတယ်' ဟု အင်နီက ပြန်ပြောသည်။

'အမှန်အတိုင်းပြောရရင် ကိုယ် ဒီက ထွက်မသွားချင်ပါဘူး' ဟု ဆင်မီက ပြောသည်။

'ဒီကျောက်မီးသွေးတွင်းက လွတ်ချင်လို့ပါ၊ အခုအချိန်မှာ တခြားအလုပ်ဟာ ကျောက်မီးသွေးတွင်း အလုပ်ထက်တော့ ကောင်းမှာပဲလို့ ကိုယ် ထင်တယ်လေ'

'ဟုတ်ပါတယ် ဆင်မီရယ်' ဟု အင်နီက ပြန်ပြောသည်။

'ဆင်မီ ပြောချင်တဲ့ အဓိပ္ပာယ်ကို အင်နီ နားလည်ပါတယ်'

ဆင်မီသည် ကျောက်မီးသွေးတွင်းတွင် အလွန်လိုအပ်သူတစ်ဦး ဖြစ်သည်။ အလုပ်သမားကောင်းတစ်ယောက် ဖြစ်၏။ ဤအချက်ကို အင်နီ ကောင်းစွာသိနေသည်။ သူ အခု စစ်ထဲဝင်ရန် စီစဉ်သည်မှာ ကျောက်မီးသွေးတွင်း အလုပ်ကို ခါးခါးသီးသီး မုန်း၍မဟုတ်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဟောင်းထဲ၌ ဖြစ်ပွားခဲ့သည့် အန္တရာယ်ဆိုးကြောင့် ဖြစ်သည်။ ဤအချက်ကိုလည်း အင်နီက ကောင်းစွာနားလည်သည်။

'မင်းပဲ စဉ်းစားကြည့်ပါ အင်နီရယ်' ဟု ဆင်မီက ပြောသည်။

'ဒီကိစ္စကြီးသာ ဖြစ်မလာရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ အဲဒီနေ့ကလည်း ကိုယ်က နောက်အဆိုင်း အလုပ်ဆင်းဖို့ စီစဉ်ထားတာ၊ အခုလိုဖြစ်လာတော့ စိတ်ထဲမှာ ဘယ်လိုနေမလဲ၊ ပြီးတော့ ကိုယ့်အစ်ကို ဒေးဗစ်ကို သူတို့ ဘယ်လို



လုပ်ခဲ့ကြသလဲ၊ သူ့ကို ကျောင်းဆရာအလုပ်က ထုတ်ပစ်တာ တရားသလား၊ ဒီကိစ္စကို ရာမက်ချ် လုပ်တယ်ဆိုတာလည်း လူအများက သိပါတယ်၊ ဒါတွေဟာ မတရားသဖြင့် ခံရတာတွေချည်းပဲ မဟုတ်လား'

'ဒေးဗစ်အနေနဲ့ တခြားနေရာမှာ အလုပ်ရမှာပါ၊ မပူပါနဲ့ ဆင်မီရယ်'

'အင်းပေါ့လေ ....ဟုတ်တော့ ဟုတ်ပါတယ်၊ အခုလည်း ဟာရီနဲ့ဂျင်ကတော့ သူ့ကို ပစ်ထားမယ်မထင်ပါဘူး၊ တစ်ခုခုတော့ လုပ်ပေးမှာပါ၊ သူ့အတွက် သင့်တော်တဲ့ အပြောင်းအလဲကတော့ ရှိမှာပါ'

အင်နီက ဘာထင်မြင်ချက်မှမပေး။ ဆင်မီအပေါ်၌ ဖြစ်ပေါ်လာသည့် အပြောင်းအလဲအကြောင်းကိုသာ တွေးတောနေမိသည်။

သူတို့သည် နောက်ထပ် စကားမပြောကြတော့ဘဲ ရိပ်သာလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ အတော်ကြီး မှောင်မိုက်နေပြီ ဖြစ်၏။ သို့သော်လည်း သူတို့နှစ်ယောက် လောဂေဟာရှေ့အရောက်တွင် တိမ်ဖုံးနေသော လမင်းသည် အပြင်သို့ရောက်လာသည်။ အေးမြသော လရောင်သည် လောဂေဟာထက်သို့ ဖြာဆင်းလာသည်။ လောဂေဟာ အဖြူရောင် ဂိတ်တံခါးအနီးရှိ သစ်ပင်တစ်ပင်အောက်တွင် တွဲ၍ရပ်နေသည့် လူနှစ်ယောက်ကို မြင်ရသည်။ တစ်ဦးမှာ စစ်ယူနီဖောင်းဝတ်စုံနှင့် လူငယ်တစ်ဦး၊ နောက်တစ်ဦးမှာ မိန်းမငယ်တစ်ဦး ....။

ရိပ်သာလမ်းထိပ်သို့အရောက်တွင် ဆင်မီက အင်နီအား လှည့်ကြည့်သည်။

'အင်နီ မြင်လိုက်ရဲ့လား' ဟု မေးသည်။

'ဒန်တီးစ်ဒေးလ်နဲ့ ဂရေ့စ်ဘားရပ်စ်တို့လေ'

'အင်း ....အင်နီ မြင်လိုက်တယ်'

'ဒီနေရာမှာ သူတို့ကိုမြင်ရင် ရစ်ချတ်ဘားရပ်စ်ကတော့ ဘယ်နည်းနဲ့မှ ကြိုက်မှာမဟုတ်ဘူးလို့ ကိုယ် တွေးမိတယ်'

'ဒါပေါ့ .... ဆင်မီရယ်'

'ဘားရပ်စ်ဆိုတဲ့လူအတွက် ကိုယ် ဘယ်တော့မှ အလုပ် လုပ်မပေးတော့ဘူး အင်နီ၊ ကိုယ်တို့ရှေ့မှာ ဒူးထောက်ပြီး တောင်းပန်ရင်တောင် ဘာမှ လုပ်မပေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်'

သူတို့နှစ်ဦးကြားတွင် တိတ်ဆိတ်မှုသည် ဆက်လက်တည်ရှိလာသည်။ သူတို့သည် မစ္စက်ဝက်ပ်၏ မုန့်ဆိုင်ဘက်သို့ လျှောက်လာခဲ့ကြသည်။ အင်နီသည် အားလုံးကို သည်းခံနိုင်သော်လည်း ဆင်မီ စစ်ထွက်ရမည့်အရေးကို တွေးမိလိုက်သည့်အခါတိုင်း စိတ်ထိခိုက်ရ၏။ သူ့စိတ်ထဲတွင် မုန့်ဆိုင်သို့သွားချင်စိတ်ပင် ပျောက်သွားသည်။ သို့သော်လည်း ဆင်မီက သွားချင်နေသဖြင့် လိုက်ခဲ့

ရ၏။ ဆိုင်ထဲရောက်တော့လည်း စိတ်ကမပါသဖြင့် မုန့်ကိုပင် စားချင်စိတ်မရှိ။ ယနေ့ညအဖို့ ဆင်မီသည် မုန့်ကို တစ်ခုတည်းသာစား၍ ဘိလပ်ရည်ကို တစ်ဝက်မျှသာ သောက်သည်။

ကွေးလမ်းထောင့်အရောက်တွင် သူတို့သည် တစ်ခဏမျှ ရပ်နေကြသည်။ ဆင်မီသည် အင်နီကိုကြည့်ကာ အားတင်း၍ ပြုံးလိုက်ပြီး ....

'ကျောက်မီးသွေးတွင်းက ကိုယ့်အတွက် ဘာမှဖြစ်အောင် လုပ်မပေးပေမယ့် စစ်ကတော့ နည်းနည်းပါးပါး ပိုကောင်းလာအောင် လုပ်ပေးကောင်းပါရဲ့ အင်နီရယ်' ဟု ပြောသည်။

'လုပ်ပေးမှာပေါ့' ဟု အင်နီက အလိုက်သင့် ပြန်ပြောသည်။

'မနက်ဖြန်ကျမှ တွေ့မယ်နော်၊ ဆင်မီ မသွားခင် တွေ့ရအောင် အင်နီ ဆက်ဆက်လာခဲ့မယ်'

ဆင်မီက ခေါင်းညိတ်ပြနေသည်။ သူ့အပြုံးသည် ပျက်ပြယ်မသွားသေး။

'မင်း ကိုယ့်ကို စိတ်မဆိုးဘူးဆိုတာ ပြတဲ့အနေနဲ့ နမ်းပြီးနှုတ်ဆက်ပါလား'

အင်နီက ဆင်မီအား အနမ်းဖြင့် နှုတ်ဆက်သည်။ ထို့နောက် သူ့မျက်လုံးအစုံတွင် ပြည့်နေသည့် မျက်ရည်များကို ဆင်မီ မြင်မည်ကိုစိုးသဖြင့် မျက်နှာကို တစ်ဖက်သို့ ကပျာကယာ လွှဲဖယ်ပစ်လိုက်သည်။ ထို့နောက် သူ့အိမ်ဘက်သို့ အပြေးအလွှား လျှောက်သွားသည်။

ဆင်မီသည် သူ့အိမ်ဆီသို့ လျှောက်လာခဲ့သည်။ သူသည် အရူးအမိုက် တစ်ယောက်နှင့်တူသည်ဟု ထင်မိ၏။ အင်နီနှင့် သူ့အလုပ်ကို စွန့်ပစ်ပြီး သူ လုံးဝ စိတ်မဝင်စားသည့် စစ်သားအလုပ်ကို လုပ်ခြင်းသည် ရူးမိုက်ခြင်းပင် မဟုတ်ပါလော။ သို့သော်လည်း သူ မတတ်နိုင်။ တွင်းထဲရောင်ပြီး လူတွေ အများကြီး သေဆုံးခဲ့ရသည့်ကိစ္စသည် သူ့စိတ်ကို များစွာထိခိုက်စေခဲ့၏။ နာကြည်းစေခဲ့၏။ ဤကိစ္စတွင် သူသည် သူ့အစ်ကို ဒေးဗစ်ကဲ့သို့ပင် စိတ်ကို မဖြေနိုင်လောက်အောင် ခံစားခဲ့ရ၏။

သူ အိမ်ရောက်သွားသည့်အခါ သူ့အမေသည် ခါတိုင်းလိုပင် သူ ပြန်အလာကို ထိုင်စောင့်နေသည်။ သူ့ကိုမြင်သည်နှင့် တစ်ပြိုင်နက် ထိုင်ရာမှထပြီး ကိုကိုးဖျော်သည်။ ကိုကိုးပူပူတစ်ခွက်ကို သူ့ရှေ့၌ လာချပေးသည်။ အမေသည် မီးဖိုနားသို့ပြန်သွားပြီး ရပ်နေသည်။

'ကိတ်မုန့် လှီးပေးရဦးမလား' ဟု လှမ်းမေးသည်။

ဆင်မီသည် ခေါင်းမှ ကက်ဦးထုပ်ကို အနည်းငယ် တွန်းတင်လိုက်ပြီး သူ့အမေအား လှမ်းကြည့်သည်။ အမေသည် သိသိသာသာကြီး ပြောင်းလဲသွားခဲ့



ပြီ။ အမေသည် ကျောက်မီးသွေးတွင်း အလုပ်သမားတစ်ယောက်၏ဇနီး ပီသသည်ဟု ဆိုရမည်။ ဖြစ်ပေါ်လာသည့် အဖြစ်ဆိုးကြီးကို တည်ငြိမ်အေးဆေးစွာပင် ခံယူခဲ့သည်။ သို့သော်လည်း နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း၏ ဘေးဒုက္ခသည် သူ့စိတ်တွင် အမာရွတ်တစ်ခုသဖွယ် စွဲထင်ကျန်ရစ်ခဲ့သည်။

အမေသည် ယခင်ကထက် များစွာ ပိန်ချုံးသွားသည်။ ပါးနှစ်ဖက်သည် ယခင်ကလို ပြည့်ပြည့်ဖောင်းဖောင်း မရှိတော့။ ဆံပင်တွေကလည်း ပို၍ဖြူလာသည်။ မျက်နှာပေါ်မှ အရေးအကြောင်းများမှာလည်း ပို၍ များလာသည်။ ပီပြင်ထင်ရှားလာသည်။ သို့သော်လည်း အမေသည် ယခင်ကလိုပင် တည်ငြိမ်အေးဆေးစွာနေသည်။ ဘာမှ မဖြစ်သလို ဘာမှ မခံစားရသလိုပင် နေသည်။ အမေ့ကို ကြည့်ရသည်မှာ အားအင်မကုန်ခန်းသေးသည့် လူတစ်ယောက်နှင့် တူသည်။

ဆင်မီသည် သူ့ကိစ္စကို သူ့အမေအား အသိမပေးချင်။ သို့သော်လည်း တခြားနည်းလမ်း ရှာလို့မရ။ နောက်ဆုံးတွင် သူသည် တိုက်ရိုက်ပင် ဖွင့်ပြောသည်။

'အမေ ကျွန်တော် အလုပ်ဝင်လိုက်ပြီ'

အမေ့မျက်နှာသည် ချက်ချင်းပင် ဖြူရော်သွားသည်။ သူ့နှုတ်ခမ်းများသွေးမရှိတော့သလို ဖြစ်သွားသည်။

'မင်း ....မင်း ....မင်း အလုပ်ဝင်တာ ....'

အမေသည် ရုတ်တရက် ချက်ချင်း စကားကိုမဆက်နိုင်။

'မင်း အလုပ်ဝင်တာ စစ်တပ်ထဲလား'

ဆင်မီက ခေါင်းညိတ်သည်။

'ဒီနေ့ နေ့ခင်းကပဲ ပစ္စည်းတွေ ထုတ်လာခဲ့တယ် အမေ၊ အမိန့်က တနင်္လာနေ့ ထွက်ရမယ်လို့ ဆိုထားတယ်'

'တနင်္လာနေ့ ...ဟုတ်လား' ဟု အမေက ရေရွတ်သည်။ အမေသည် သူ့ကို စိုက်ကြည့်နေဆဲ ....။ မယုံကြည်နိုင်သည့် မျက်နှာထားနှင့် ဖြစ်၏။ သူသည် စားပွဲထိုင်ပေါ်သို့ သူ့ကိုယ်သူ သတိကြီးစွာထား၍ ထိုင်ချလိုက်သည်။ ဆင်မီ၏ နှုတ်မှ ထွက်လာသောစကားသည် အမေ့အား ဆုတ်ချေပစ်သည့်နှယ် ခံစားရဟန်တူ၏။ မည်သို့ပင်ဖြစ်စေ အမေသည် ဆင်မီ့စကားကို ယုံကြည်လက်ခံချင်သည့် သဏ္ဌာန်မရှိ။

'သူတို့က မင်းကို လက်ခံမယ် မထင်ပါဘူး၊ သူတို့က ကျောက်မီးသွေးတွင်း အလုပ်သမားဆိုရင် ဒီအလုပ်မှာပဲထားမှာပါ၊ မင်းလို အလုပ်သမားကောင်း တစ်ယောက်ဆိုရင် ဒီမှာရှိဖို့က ပိုပြီးအရေးကြီးတာပဲ'

'သူတို့က ကျွန်တော့်ကို လက်ခံလိုက်ပြီ အမေ'

အမေသည် ငြိမ်ကျသွားသည်။

အချိန်အတော်ကြီးကြာမျှ တိတ်ဆိတ်နေသည်။ ထို့နောက် အလွန်တိုးသော လေသံဖြင့် ပြောသည်။

'မင်း ဘာပြုလို့ ဒီလိုလုပ်လိုက်ရတာလည်း ဆင်မိရယ်၊ မင်းလုပ်ပုံက မဟုတ်သေးပါဘူး သားရယ်'

'ကျွန်တော် မတတ်နိုင်ဘူး အမေ၊ ကျွန်တော် ကျောက်မီးသွေးတွင်းအလုပ်ကို ဆက်လုပ်ချင်တဲ့စိတ် မရှိတော့လို့ပါ အမေရယ်' ဟု ပြောလေသည်။

* * * * *

## (၂၉)

နောက်တစ်ပတ် အင်္ဂါနေ့ ညနေငါးနာရီအချိန်ခန့်တွင် ဖြစ်သည်။ အလင်းရောင်ရှိနေသေးသော်လည်း လမ်းများပေါ်တွင် လူသွားလူလာ မရှိတော့ဘဲ တိတ်ဆိတ်ခြောက်သွေ့နေသည်။ လင့်သ်လမ်းသွယ်အတိုင်း လျှောက်လာလျက်ရှိသော ဒေးဗစ်သည် သူ့အိမ်ထဲသို့ ဝင်သွားသည်။ ဧည့်ခန်းထဲ ရောက်သည့်အခါ သူ့စာများတင်ထားလေ့ရှိသော လင်ပန်းဆီသို့ လှမ်းကြည့်သည်။ လင်ပန်းထဲတွင် စာတစ်စောင် ....။ သူသည် စာကို ကောက်ယူပြီး ကြည့်လိုက်သည်။ သူ့မျက်နှာသည် ချက်ချင်း ဝင်းထိန်သွားသည်။

သူသည် မီးဖိုခန်းထဲသို့ ဝင်သွားပြီး စားပွဲဦးထိုင်ကာ သူ့ရှူးဖိနပ်များကို လက်တစ်ဖက်ဖြင့်ချွတ်၍ ကျန်တစ်ဖက်ဖြင့် စာကို ကြည့်နေသည်။ ဂျင်နီသည် သူ့အတွက် ညှပ်ဖိနပ် လာချပေးသည်။ ဤလုပ်ရပ်သည် ခါတိုင်းနှင့်မတူ၊ တစ်မူထူးခြားသော လုပ်ရပ် ဖြစ်နေသည်။ ခါတိုင်းဆိုလျှင် ဤကဲ့သို့ လုပ်ပေးလေ့မရှိ။ ဘာသာလဝါ နေတတ်သည်။ အခုတလော ဂျင်နီသည် တစ်စုံတစ်ခုအတွက် သောကရောက်နေသလိုလည်း ဖြစ်နေသည်။ ဒေးဗစ်က ဖိနပ် လာချပေးသည့်အတွက် ကျေးဇူးတင်စကား ပြောသည်။ ဂျင်နီထံမှ ပိုင်အနံ့သည် တသင်းသင်း။ သို့သော်လည်း ရန်ဖြစ်နေမည်စိုးသဖြင့် ဒေးဗစ်က ဘာမှမပြောတော့ဘဲ ငြိမ်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ပြောရသည့် အကြိမ်ပေါင်းမှာ မနည်းတော့ပြီ။ ပြောရမည့်စကားလုံးများအပေါ် ငြီးငွေ့လှပြီ။ ဂျင်နီကမူ သူ နည်းနည်းကလေး သောက်ထားတာပါဟု ရှင်းပြသည်။ နယူးဘီသဲလ်ကျောင်းမှ ဒေးဗစ်အား အလုပ်ဖြုတ်လိုက်



သည့်အတွက် သူ စိတ်ထိခိုက်ခဲ့ရရုံမက စိတ်ဓာတ်ပါ ကျခဲ့ရကြောင်း၊ ထို့ကြောင့် ပိုင်အနည်းငယ် သောက်မိကြောင်း စသည်ဖြင့် ပြောပြနေသည်။

ဒေးဗစ်သည် စာကိုဖောက်၍ ခပ်ဖြည်းဖြည်း ဖတ်နေသည်။ ထို့နောက် စာကို သူ့ဒူးပေါ်တင်ကာ သူ့ရှေ့မှ မီးဖိုဆီသို့ ငေးကြည့်နေသည်။ သူ့မျက်နှာထားသည် တည်ငြိမ်လျက်ရှိ၏။ ဒေးဗစ်အနေဖြင့် တစ်စုံတစ်ရာကို အလေးအနက်ထား၍ စဉ်းစားနေသည်မှာ ထင်ရှားနေသည်။ ဂျင်နီသည် ဒေးဗစ်၏အဖြစ်ကို သိနားလည်နေသည်။ ကျောက်မီးသွေးတွင်း အရေးအခင်းကြီး ဖြစ်ပွားခဲ့ပြီးနောက် ခြောက်လမျှ ကာလအတွင်း ဒေးဗစ်သည် များစွာ အိုစာသွားခဲ့၏။ ဆယ်နှစ်လောက် အသက်ပိုကြီးသွားသည်ဟုပင် ထင်မှတ်ရလေသည်။

ဂျင်နီသည် မီးဖိုထဲ၌ ဟိုလျှောက်သည်လျှောက်လုပ်ကာ အလုပ်များချင်ဟန်ဆောင်နေသော်လည်း တွေးငေးနေသည့် ဒေးဗစ်အား မကြာခဏ လှမ်းလှမ်းကြည့်သည်။ စာထဲ၌ ဘာပါသည်ကို သိချင်စိတ်သည် မျိုသိပ်၍မရ။ ဒေးဗစ်အခုလောက်ငြိမ်ပြီး တွေးနေခြင်းသည် စာ၏ ထူးခြားမှုကြောင့် ဖြစ်ရမည်ဟု သူ တွက်မိသည်။ သူမ၏မျက်လုံးများသည် ကြောက်လန့်ခြင်းနှင့် စိုးရိမ်မကင်းခြင်းများကို ဖော်ပြနေကြသည်။

'အရေးသိပ်ကြီးတဲ့ကိစ္စလား' ဟု ဂျင်နီက မေးသည်။ မမေးဘဲမနေနိုင်တော့သဖြင့် ထုတ်၍မေးလိုက်ခြင်း ဖြစ်၏။

'နူဂျင့်ဆီက စာပါ' ဟု ဒေးဗစ်က ဖြေသည်။

ဂျင်နီက ဒေးဗစ်အား နားမလည်နိုင်သည့် မျက်နှာထားဖြင့် ကြည့်နေသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း အရေးအခင်း ပေါ်ပြီးကာမှ ဟာရီနှင့်ဂျင်နှင့် ဒေးဗစ်တို့ ရင်းနှီးလာကြခြင်းဖြစ်၍ ထိုရင်းနှီးမှုအပေါ်တွင် ဂျင်နီက သံသယကင်း ဖြစ်ခဲ့သည်။

'ဂျင်နီက အလုပ်ကိစ္စနဲ့ ပတ်သက်တဲ့စာ ထင်လို့ပါ။ ဂျင်နီအနေနဲ့ မောင်အလုပ်အကိုင်မရှိလို့ ယောင်လည်လည် ဖြစ်နေတာကို မကြည့်ရက်ဘူး'

ဒေးဗစ်က လှည့်ကြည့်သည်။

'တစ်နည်းအားဖြင့်တော့ အလုပ်ကိစ္စလည်းပါတယ်လို့ ပြောရမှာပဲ၊ ပြီးခဲ့တဲ့ အပတ်က မောင် သူ့ဆီကို စာရေးခဲ့တယ်၊ အဲဒီစာကို သူ ပြန်ရေးလိုက်တာပဲ၊ သူက စစ်လူနာတင်ယာဉ်တပ်ဖွဲ့ထဲ ဝင်သွားပြီ၊ လူနာထမ်းစင်သယ် တပ်သားအဖြစ်နဲ့ ပြင်သစ်နိုင်ငံကို စစ်ထွက်ရမယ်၊ မောင်လည်း သူနဲ့အတူလိုက်သွားဖို့ ဆုံးဖြတ်ပြီးပြီ'

ဂျင်နီသည် များစွာအံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

ပထမတွင် ဒေါသကြောင့် တစ်မျက်နှာလုံး နီရဲလာသော်လည်း နောက်တစ်ခဏမှာ အတွင်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ မျက်စိမျက်နှာပျက်ကာ ကြောင်ငေးငေး ဖြစ်နေသော ဂျင်နီကိုကြည့်၍ ဒေးဗစ်သည် ထိုင်ရာမှ ဖျတ်ခနဲထလိုက်ပြီး အနား သို့ကပ်သွားသည်။

'စိတ်ပူစရာမရှိဘူး၊ ဂျင်နီ နည်းနည်းကလေးမှ စိတ်ပူစရာမလိုဘူး'

'ဒါပေမဲ့ မေးပါရစေဦး' ဟု ဂျင်နီက ပြောသည်။

'မောင်က ဘာ့ကြောင့် သူနဲ့ လိုက်သွားရမှာလဲ၊ မောင့်အနေနဲ့ သွားဖို့ လိုအပ်နေသလား'

ဂျင်နီက သူ့အတွက် ပူပန်မှုကိုကြည့်ကာ ဒေးဗစ်သည် စိတ်ထိခိုက်ရ၏။ အမှန်တော့ ဒေးဗစ်သည် မျိုးချစ်စိတ်ဟူသော စကားအပေါ် အလေးအနက်ထားသူ မဟုတ်ပေ။ နိုင်ငံရေးသဘောအရ ကြည့်မည်ဆိုပါက စစ်သည် စီးပွားရေးအရ ဆက်စပ်ပေါ်ပေါက်လာခြင်းသာ ဖြစ်သည်။ လူ၏ ကိုယ်ကျိုးကြည့်မှု၊ ပစ္စည်းဥစ္စာ များ တိုးတက်ပိုင်ဆိုင်လိုမှုနှင့် ဩဇာအာဏာ ကြီးမားလိုမှုများကြောင့်သာ မျိုးချစ် စိတ်ကို ရှေ့တန်းတင်နေကြခြင်း ဖြစ်သည်။ တကယ်တော့ အခု သူ စစ်ထဲဝင်ခြင်း သည် အများသူငါ ပြောနေသလို မျိုးချစ်စိတ်ကြောင့် မဟုတ်။ သူ့သဘော သူ့ အကြောင်းနှင့် စစ်ထဲဝင်ဖို့ စိတ်ကူးခဲ့ခြင်း ဖြစ်၏။

ဒေးဗစ်သည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ဂျင်နီ၏အနီးသို့သွားကာ တယုတယ ပွေ့ထားသည်။

'မောင် ရှင်းပြရမှာခက်တယ် ဂျင်နီ၊ မင်းလည်း သိခဲ့ပြီးပါပြီ၊ ကျောက် မီးသွေးတွင်းမှာ ဘေးအန္တရာယ်ကြီး ကျရောက်ပြီးကတည်းက မောင့်စိတ်ဟာ ကသောင်းကနင်းတွေ ဖြစ်ခဲ့ရတယ်၊ ဒီကြားထဲ ကျောင်းဆရာအလုပ်က အဖြုတ် ခံရတယ်၊ ဘီအေစာမေးပွဲကို မဖြေခဲ့ရဘူး၊ အဲဒါတွေနဲ့ ရင်ဆိုင်ရပြန်တော့ မောင့် စိတ်ဟာ ပိုပြီး ရှုပ်ထွေးခဲ့ရတယ်၊ ဒီကြားထဲမှာ စစ်ကြီးက ဖြစ်လာရမြန်တယ်'

'ဒီစစ်ကြီး ဖြစ်နေသမျှ ကာလပတ်လုံး မောင့်အနေနဲ့ ကိုယ့်နိုင်ငံအတွင်း မှာ ကိုယ်လုပ်ချင်တာ လုပ်နိုင်မယ့် အခွင့်အရေးဟာ ရမှာမဟုတ်ဘူး ဂျင်နီ၊ အခုဆိုရင်ကြည့် မောင့်ရဲ့ညီ ဆင်မီလည်း စစ်ထဲဝင်သွားပြီ၊ မောင့်မိတ်ဆွေ ဟာရီ နှဂျင့်လည်း စစ်ထဲဝင်သွားပြီ၊ မောင် ဘာလုပ်ရမလဲ၊ မောင့်အဖို့လည်း ရွေးစရာ လမ်း ဒီတစ်လမ်းပဲ ရှိတော့တယ်'

'မဟုတ်သေးပါဘူး ဒေးဗစ်ရယ်' ဟု ဂျင်နီက ပြောသည်။

'မောင် ဝင်သွားလို့ မဖြစ်နိုင်ပါဘူး'

'မောင် ဘာမှ မဖြစ်နိုင်ပါဘူးဆိုတာ ယုံပါ ဂျင်နီရယ်၊ ဒီကိစ္စအတွက် ဒီလောက်အထိ စိတ်ထိခိုက်မနေပါနဲ့'



'မဟုတ်ဘူး ဒေးဗစ်၊ မောင် ဂျင်နီကို အခုလို စွန့်ပစ်သွားလို့ မဖြစ်နိုင်ဘူး၊ အထူးသဖြင့် အခုလိုအချိန်မျိုးမှာ မောင် ပစ်သွားလို့ မတော်ပါဘူး'

'ဒါပေမဲ့ ဂျင်နီ အခုဟာက ....'

'အခုလောလောဆယ် ဂျင်နီကို မောင် ထားခဲ့လို့ လုံးဝမဖြစ်နိုင်ဘူး၊ မောင် ဟာ ဂျင်နီရဲ့လင်ပါ၊ ဂျင်နီမှာ ကလေးရှိနေပြီဆိုတာ မောင် မသိဘူးလားဟင်၊ ဂျင်နီတို့ ကလေးရတော့မယ်'

ပြောပြောဆိုဆို ဂျင်နီက ငိုသည်။ ကြားလိုက်ရသည့် သတင်းကြောင့် ဒေးဗစ်သည် တုန်လှုပ်သွားသည်။ ဂျင်နီ အခုလို ဝမ်းနည်းပက်လက်ဖြစ်ပြီး ငိုကြွေးနေသည်ကို သူ မကြည့်ရက်။ သူသည် ဂျင်နီအား တင်းကျပ်စွာ ပွေ့ဖက် ထားသည်။

'မငိုပါနဲ့ အချစ်ရယ်၊ မငိုပါနဲ့တော့၊ မောင် ဝမ်းသာတယ်၊ တအားကို ဝမ်းသာတယ်၊ မောင်က အခုလိုဖြစ်လာဖို့ အမြဲတမ်း မျှော်လင့်တောင့်တနေတဲ့ သူပါကွယ်'

ဒေးဗစ်က တယုတယပွေ့ဖက်ပြီး ချော့သည်။ ဂျင်နီသည် သူ့မျက်နှာကို ဒေးဗစ်၏ရင်ဘတ်၌အပ်၍ တရှုံ့ရှုံ့ငိုနေဆဲ ....။ နောက်တော့ တဖြည်းဖြည်းနှင့် ငိုတိတ်သွားသည်။ သူ့လျှို့ဝှက်ချက်ကို ပြောပြလိုက်ရ၍ ရင်ထဲတွင် များစွာ ပေါ့ပါးသွားဟန်တူ၏။ သူ့မျက်နှာသည် သွေးရောင်လျှမ်းလာသည်။

'မောင် ဂျင်နီကို မထားခဲ့တော့ဘူးနော်၊ ဘာပဲဖြစ်ဖြစ် ကလေးမွေးချိန် အထိတော့ မောင် ပစ်မသွားဘူး မဟုတ်လား' ဟု ပြောသည်။

'မသွားပါဘူး အချစ်ရယ်'

'ကတိပေးနော်'

'မောင် ကတိပေးပါတယ်ကွာ'

ဒေးဗစ်သည် ဂျင်နီအား ဒူးနှစ်ဖက်ပေါ်၌ ထိုင်ခိုင်းကာ ပွေ့ထားသည်။ ဂျင်နီကလည်း သူ့မျက်လုံးများထဲမှ အရိပ်အငွေ့များကို ဒေးဗစ် မြင်ပြီး အနက် အဓိပ္ပာယ်ကို သိရှိသွားမည်စိုး၍ထင်၏။ သူ့မျက်နှာကို ဒေးဗစ်၏ရင်ဘတ်ပေါ်၌ မှောက်ထားဆဲ ....။

'မင်း ဘာပြုလို့ ဒီကိစ္စကို စောစောစီးစီး အသိမပေးတာလဲ'

'မောင် စိတ်ဆိုးမှာ ကြောက်လို့၊ အဲဒီအချိန်က မောင့်မှာ သောကတွေ များကြီးရှိနေတာဆိုတော့ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်မှာစိုးလို့ပါ'

'မောင်က ဘာပြုလို့ စိတ်ဆိုးရမှာလဲကွ'

'မောင် မသွားတော့ဘူးနော် ဟုတ်လား၊ ဂျင်နီ ကလေးမီးဖွားပြီးချိန်အထိ ဘယ်ကိုမှ မသွားတော့ဘူးပေါ့နော်'

'မင်း ကျန်းကျန်းမာမာဖြစ်မှပဲ စစ်တပ်ထဲဝင်ဖို့ကိစ္စကို မောင် စဉ်းစားတော့မယ် ဂျင်နီ၊ ဒါပေမဲ့ ....'

ဂျင်နီက အထိတ်တလန့်ဖြစ်ကာ မော့ကြည့်သည်။ စိုးရိမ်သောက မကင်းသော မျက်နှာထားဖြင့် ကြည့်နေရင်းမှ ငိုဦးတော့မည့် လက္ခဏာကို ပြသည်။

'မင်းကလည်း နောက်ကို ဘယ်တော့မှ ဝိုင် မသောက်တော့ပါဘူးလို့ မင်းကလည်း မောင့်ကို ကတိပေး' ဟု ပြောသည်။

ချက်ချင်းပင် ဂျင်နီ၏မျက်နှာသည် ကြည်လင်ရွှင်လန်းသွားသည်။

'ဂျင်နီ မသောက်ဘူးလို့ ကတိပေးပါတယ် ဒေးဗစ်ရယ်၊ ဂျင်နီ တကယ့်ကို ကတိပေးပါတယ်၊ မောင်ဟာ ဒီကမ္ဘာပေါ်မှာ ဂျင်နီအပေါ် အကောင်းဆုံးပါ ဒေးဗစ်ရယ်၊ ဂျင်နီကသာ မကောင်းတာပါ အချစ်ရယ်'

ဒေးဗစ်က ဂျင်နီအား တိုး၍ တင်းကျပ်စွာ ဖက်ထားသည်။ ဂျင်နီကလည်း တအားပြန်ဖက်ထားသည်။ ဂျင်နီနှင့် သူ၏သား ....။ သူ့ဘဝသည် သေခြင်းမှ တစ်ဖန် ပြန်၍ ရှင်သန်လာခြင်းဟု သူ့စိတ်ကမြင်သည်။ ထိုအခိုက်မှာ အပြင်မှ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ဂျင်နီက ခေါင်းထောင်ကြည့်သည်။

'ဘယ်သူများပါလိမ့်' ဟု ရေရွတ်သည်။ အခုလိုအချိန်မျိုးတွင် အိမ်ရှေ့မှ လာသော ဧည့်သည်ဟူ၍မရှိ။ သူသည် ဒေးဗစ်၏ရင်ခွင်မှဆင်းကာ အိမ်ရှေ့တံခါးဆီသို့ ပြေးသွားသည်။

တစ်မိနစ်ခန့်အတွင်း ဂျင်နီ ပြန်ရောက်လာသည်။ သူ့စိတ်သည် အံ့ဩခြင်းကြောင့် လှုပ်ရှားလျက်ရှိ၏။

'မစ္စတာအာသာဘားရပ်စ် ရောက်နေတယ်' ဟု ပြောသည်။

'သူ့ကို ဧည့်ခန်းထဲမှာ ထိုင်ခိုင်းထားတယ်၊ မစ္စတာအာသာဘားရပ်စ်က မောင်နဲ့ တွေ့ချင်လို့တဲ့'

ဒေးဗစ်၏ မျက်လုံးအကြည့်သည် တင်းမာသွားသည်။

'သူက ဘာကိစ္စရှိလို့တဲ့လဲ' ဟုံ မေးသည်။

'သူက ဘာမှမပြောဘူး၊ ဂျင်နီကလည်း မေးလို့မသင့်တာနဲ့ မမေးမိဘူး၊ ဒါပေမဲ့ မောင် စဉ်းစားကြည့်လေ ဒီလိုအချိန်ကြီးလာတာဟာ မထူးဆန်းဘူးလား၊ ဧည့်ခန်းထဲက မီးဖိုကိုတော့ မီးသွားထည့်ပေးဦးမှဖြစ်မှာ'

ဒေးဗစ်သည် ဘာမှမပြောတော့ဘဲ ဧည့်ခန်းထဲသို့ ဝင်သွားသည်။ သူ ဝင်သွားချိန်တွင် အာသာသည် ဧည့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက်ရှိ၏။ ဝင်လာသော ဒေးဗစ်အား မျက်လုံးပြူး၍ ကြည့်နေသည်။ ထို့နောက် ဒေးဗစ်ဆီသို့ လျှောက်လာသည်။



'ကျွန်တော် အနှောင့်အယှက်ပေးသလို ဖြစ်နေရင် ခွင့်လွှတ်ပါ' ဟု အာသာက ပြောသည်။ သူသည် အနီးရှိ ကုလားထိုင်တစ်လုံးတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားသည်။

'ခင်ဗျား ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ခင်ဗျားကို နည်းနည်းကလေးမှ အပြစ်မတင်ပါဘူး၊ တကယ်လို့ အခုလာတာကို ခင်ဗျားက လက်မခံဘူးဆိုရင်တောင်မှ ကျွန်တော် ခင်ဗျားကို အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားဆီကို မလာလို့ မဖြစ်ပါဘူး၊ ကျွန်တော့်အခြေအနေက ခင်ဗျားဆီလာမှ ဖြစ်မှာပါ၊ ခင်ဗျားနဲ့မတွေ့လို့ ဖြစ်ကို မဖြစ်လို့ပါ၊ ကျွန်တော်ဟာ ခင်ဗျားကို အမြဲတမ်း ခင်လာခဲ့တဲ့လူပါ၊ အခုအချိန်မှာ ကျွန်တော့်ကို ကူညီနိုင်မယ့်လူဟာ ခင်ဗျားတစ်ယောက်ပဲရှိပါတယ်'

ဒေးဗစ်သည် အာသာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်၌ ဝင်ထိုင်သည်။

'မင်း ဘာပြောချင်လဲ ပြော' ဟု ဒေးဗစ်က မေးသည်။

အာသာသည် မျက်နှာပေါ်၌ အုပ်ထားသည့်လက်များကို ဖျတ်ခနဲဖယ်လိုက်ပြီး ဒေးဗစ်အား စူးစူးစိုက်စိုက် ကြည့်နေသည်။

'ကျွန်တော် လိုချင်နေတာ အမှန်တရားပဲ၊ ကျွန်တော့်စိတ်ဟာ ပူလောင်နေတယ်၊ အေးအေးနေလို့ကို မရဘူး၊ အိပ်လို့လည်း မပျော်ဘူး၊ ဒီဟာကို မသိရသမျှ ကျွန်တော့်စိတ်ဟာ ငြိမ်မှာ မဟုတ်တော့ဘူး၊ အခု ကျောက်မီးသွေးတွင်းမှာ ဖြစ်ခဲ့ရတဲ့ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့်အဖေဟာ အပြစ်ရှိတဲ့လူ မဟုတ်လား၊ ကျွန်တော် သိရမယ်၊ သိကိုသိမှ ဖြစ်မှာ၊ ခင်ဗျား ကျွန်တော့်ကို ကူညီစမ်းပါဗျာ'

ဒေးဗစ်သည် သူ့အကြည့်ကို အာသာအပေါ်မှ လွှဲဖယ်လိုက်သည်။ အာသာအပေါ် သနားသောစိတ်သည် ယခင်ကလိုပင် အစိုင်အခဲကြီးမားစွာနှင့် ဖြစ်ပေါ်လာသည်။

'ငါက ဘာလုပ်ပေးနိုင်မှာလဲကွာ' ဟု ဒေးဗစ်က အသံတိုးတိုးဖြင့် မေးသည်။

'ငါ ပြောသင့်ပြောထိုက်တာအားလုံးကို စုံစမ်းစစ်ဆေးရေးကော်မတီရှေ့မှာ ပြောခဲ့ပြီးပြီပဲ၊ သူတို့က ငါ့စကားတွေကို နားမှမထောင်ကြတာ'

'စုံစမ်းစစ်ဆေးရေးကော်မတီ ထပ်ဖွဲ့ပြီး စစ်နိုင်တယ် မဟုတ်လား'

'ဘာများ အကျိုးရှိမှာလဲကွာ'

အာသာထံမှ ရေရွတ်သံတစ်ခွန်း ထွက်လာသည်။ နာကြည်းမှုကို ဖော်ပြသောအသံ ဖြစ်၏။

'တရားမျှတမှုတဲ့' ဟု အာသာက ပြောသည်။

'ဘယ်မှာလဲ တရားမျှတမှု၊ တွင်းထဲမှာ ပိတ်လှောင်ပြီး သေခဲ့ရတဲ့လူတွေ

ကို တွေးကြည့်စမ်းပါ၊ ဘယ်လောက်များ ခံစားသွားကြရမလဲ၊ ကျန်ရစ်ခဲ့တဲ့ မယားတွေနဲ့ သားသမီးတွေအဖြစ်ကို ကြည့်ပါဦး၊ ဘုရား ....ဘုရား၊ သည်းမခံနိုင် လောက်အောင်ကို ဆိုးဝါးတဲ့ကိစ္စပါလား၊ ကျွန်တော့်အဖေမှာသာ အပြစ်မကင်း ဘူးဆိုရင် သူ ကျူးလွန်ခဲ့တဲ့အမှုဟာ ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာ ကောင်းလှပါတယ်၊ ဒီကိစ္စကို အခုလိုပဲ ဖုံးကွယ်မေ့ပျောက်ပစ်ပြီး သူ့ကိုပဲ အမွှမ်း တင်သင့်သလား'

ဒေးဗစ်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်ဆီသို့ သွားရပ်သည်။ အာသာ အား သူ့စိတ်သူ ပြန်ထိန်းရန်အတွက် ရှောင်ပေးခြင်း ဖြစ်၏။

'ငါလည်းပဲ ပထမတော့ အခု မင်းတွေးသလိုပဲ တွေးခဲ့မိတယ်၊ အဲဒီတော့ အဆိုးဆုံးတွေနဲ့ ရင်ဆိုင်ရတယ်၊ မုန်းတီးမှုဆိုတဲ့ ကြောက်စရာစိတ်ဟာ ပေါ်လာ တယ်၊ ဒါပေမဲ့ ငါ အဲဒီဟာကို ကျော်လွှားနိုင်အောင် ကြိုးစားခဲ့တယ်၊ လွယ်တော့ မလွယ်ဘူး၊ အဲဒီလို ပြင်းထန်တဲ့ တုံ့ပြန်မှုတွေ ဖြစ်ပေါ်လာတာဟာ လူ့သဘာဝပါ၊ အရေးကြီးတာက အဲဒီတုံ့ပြန်မှုကို ကောက်ယူပြီး လွှင့်ပစ်လိုက်ဖို့ပဲ၊ ဒီအကြောင်း ကို နူဂျင့် ဒီမှာရှိနေတုန်းက အမြဲ ပြောမိတယ်၊ မင်းကို ငါ နူဂျင့်နဲ့ တွေ့စေချင် တယ်ကွာ၊ နူဂျင့်ဟာ စိတ်နေစိတ်ထား သိပ်ကိုဖြူစင်တဲ့ လူတစ်ယောက်ပဲ၊ ငါ တွေ့ဖူးခဲ့သမျှ လူတွေထဲမှာ စိတ်ကောင်းအရှိဆုံး လူတစ်ယောက်ပါကွာ။

'အခု နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကိစ္စမှာ လူတစ်ယောက်တည်း အပေါ် အပြစ်ပေးရုံနဲ့ လုံလောက်သွားပြီလို့တော့ မထင်သင့်ဘူး အာသာ၊ ဖြစ်ရ မှာက အဲဒီကိစ္စကြီးရဲ့ နောက်မှာရှိနေတဲ့စနစ်ပဲ၊ ငါပြောတာကို မင်း နားလည် ရဲ့လား အာသာ၊ သစ်ပင်ရဲ့ အမြစ်တွေမှာ တွယ်နေတဲ့ရောဂါကို သစ်ကိုင်းတွေ ခုတ်ပစ်ရုံနဲ့ မရနိုင်ဘူးလို့ ငါ ထင်တယ်'

ဒေးဗစ်သည် အာသာအား နားဝင်အောင် စိတ်ရှည်လက်ရှည် ရှင်းပြနေ သည်။ သူ့စကားအဆုံးတွင် အာသာက ....

'ဒီလိုဆိုရင် ဒီကိစ္စကို ခင်ဗျား ဘာမှ မလုပ်တော့ဘူးပေါ့ ဟုတ်လား'

ဒေးဗစ်က ခေါင်းခါသည်။

'ဒါပေမဲ့ ကြိုးစားကြမယ်' ဟု ပြောသည်။

'စစ်ကြီးပြီးသွားတာနဲ့ တစ်ပြိုင်နက် လုပ်မှာပဲ၊ အခုတော့ မင်းကို မပြော နိုင်သေးဘူး၊ ဒါပေမဲ့ ငါပြောတာ ယုံပါ၊ ငါလုပ်ဖို့ ကြိုးစားသွားမှာပါ'

အခန်းထဲတွင် အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ အာသာသည် သူ့လက်တစ်ဖက်ဖြင့် မျက်လုံးများကို ပွတ်နေသည်။ ချွေးသီးချွေးပေါက်များ သည် သူ့နဖူးတွင် စီးကျလျက်ရှိ၏။ သူသည် ထိုင်နေရာမှ ထရပ်လိုက်သည်။



'ဒါဆိုရင် ခင်ဗျား ကျွန်တော့်ကို မကူညီဘူးပေါ့' ဟု မေးသည်။

ဒေးဗစ်က လက်တစ်ဖက်ကို ဆန့်တန်းပေးသည်။

'စွန့်လွှတ်လိုက်ပါတော့ကွာ' ဟု ဒေးဗစ်က ပြောသည်။

'ဒီကိစ္စကြီးကို စိတ်အစွဲအလမ်း မဖြစ်ပါနဲ့၊ မင်းပဲ နစ်နာမှာ၊ မေ့ပစ်လိုက် ပါကွာ'

'ကျွန်တော် မေ့ပစ်လို့မရဘူး ဒေးဗစ်၊ မေ့မပစ်နိုင်ဘူး'

ဒေးဗစ်သည် ထိုင်ရာမှထ၍ အိမ်ရှေ့တံခါးပေါက်သို့ ရောက်သွားသည်။ တံခါးကို ဖွင့်လိုက်သည်။ အပြင်ဘက်တွင် မိုးသည် ရွာသွန်းလျက်ရှိ၏။ အာသာ သည် ဒေးဗစ်အား လှည့်မကြည့်ဘဲ နှုတ်ဆက်စကားပြောသည်။ ထို့နောက် စိုစွတ် နေသော အမှောင်ထုအတွင်းသို့ တိုးဝင်သွားသည်။ ဒေးဗစ်သည် ပွင့်နေသော တံခါးဝ၌ရပ်ကာ အာသာ၏ခြေသံကို နားစွင့်နေသည်။ ခြေသံများသည် တဖြည်း ဖြည်းချင်း ဝေးသွားကာ နောက်ဆုံးတွင် ပျောက်သွားသည်။ ထို့နောက်တော့ သူ ကြားနေရသည့် အသံများသည် တဖြောက်ဖြောက် ကျဆင်းနေသည့် မိုးသံ များ ....။

* * * * *

## (၃၀)

အာသာသည် လောဂေဟာသို့ ခုနစ်နာရီထိုးမှ ပြန်ရောက်သည်။ မတည်မငြိမ် ဖြစ်လွန်းသောစိတ်ကြောင့် သူသည် မည်သူနှင့်မျှမတွေ့ချင်။ ဖြစ်နိုင်လျှင် တစ် ယောက်တည်းသာ နေချင်သည်။ အိမ်တွင် ညစာ စားပြီးလောက်ပြီဟု သူ မျှော်လင့် ထားခဲ့၏။ သို့သော်လည်း သူ ပြန်ရောက်သည့်အခါ ညစာ စားနေကြသည်မှာ မပြီးသေး။ သူ ဝင်သွားချိန်တွင် လူတိုင်းပင် ညစာစားပွဲ၌ ထိုင်နေကြဆဲ ....။

ဘားရပ်စ်သည် တိုင်နီကာပ်ဆဲလ်သို့ ရောက်ခဲ့ပြီး နောက်ထပ် အောင်ပွဲရ သတင်းတစ်ခုကို ယူလာနိုင်သဖြင့် များစွာ ပျော်ရွှင်မြူးထူးလျက်ရှိသည်။ စက် တင်ဘာလ ၂၆ ရက်နေ့က လူးစ်တိုက်ပွဲကြီး ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် အနောက်ဘက် စစ်မျက်နှာ၌ ဗြိတိသျှတို့ဘက်မှ လူပေါင်း ၁၅,၀၀၀ ကျဆုံးပြီး အောင်ပွဲရခဲ့သည်။ ရန်သူတို့ဘက်မှ လူပေါင်း ၁၈,၀၀၀ ကျဆုံးဒဏ်ရာရခဲ့ကြ၍ စစ်သုံ့ပန်း ၇,၀၀၀ ဖမ်းဆီးရမိခဲ့ပြီး အမြောက် ၁၂၅ လက် သိမ်းဆည်းရမိခဲ့သည်။ ထိုသတင်းကို တိုင်နီကာပ်ဆဲလ် အာဂတ်စ်သတင်းစာတွင် အကျယ်တဝင့် ရေးသား

ထားသည်။ နောသင်းစကား သတင်းစာကမူ ရန်သူပေါင်း ၂၁,၀၀၀ ကျဆုံး ဒဏ်ရာရပြီး စစ်သုံ့ပန်းအဖြစ် ၃,၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း ဖော်ပြထားသည်။

ထိုသတင်းများကြောင့် ဘားရပ်စ်သည် များစွာ ကျေနပ်အားရကာ စိတ်လှုပ်ရှားလျက်ရှိသည်။ သာယာပျော်ရွှင်ခြင်းလည်း ဖြစ်လျက်ရှိ၏။ သူသည် နောသင်းစကား သတင်းစာကို အော်၍ဖတ်ပြနေသည်။ ယခင်က သူသည် ညနေထုတ် သတင်းစာများကို ဝယ်လေ့မရှိ။ ယခုတလော စစ်သတင်းများကို စောစောစီးစီး သိလိုသဖြင့် ဝယ်ဖတ်နေခြင်း ဖြစ်၏။ တစ်ခါတစ်ရံ ညနေထုတ် အာဂတ်စ် သတင်းစာ သို့မဟုတ် နှစ်စောင်စလုံး ဝယ်ဖတ်တတ်လေသည်။

သူသည် သတင်းစာကို ကိုင်ကာ စားပွဲ၌ထိုင်နေရာမှထ၍ မျက်နှာချင်းဆိုင်နံရံထက်၌ ကပ်ထားသည့် ကမ္ဘာ့မြေပုံကြီးကို အသေအချာကြည့်သည်။ မဟာမိတ်တပ်အလံများကြားမှာ ယူနီဂျက်အလံများကို နေရာရွှေ့၍ စိုက်သည်။ အာသာသည် သူ့အဖေ လုပ်နေပုံကိုကြည့်ကာ ချောက်ချားသောအတွေးများ ဝင်လာသည်။ သူ့အဖေသည် ကိုက်အနည်းငယ်မျှသော မြေကြီးများကို ရရှိခြင်းအတွက် ဝမ်းသာလျက်ရှိသည်ဖြစ်ရာ ထောင်နှင့်ချီ၍ သေသွားသော လူများအတွက် ဝမ်းသာနေခြင်းနှင့် အတူတူပင် ဖြစ်နေသဖြင့် အပြစ်မကင်းဟု ယူဆမိ၏။

သူသည် အလံများကို ရွှေ့စိုက်အပြီးတွင် မြေပုံကို ဂရုတစိုက် ပြန်ကြည့်နေသည်။ သူသည် ကိုယ်ရောစိတ်ပါ စစ်ကြီးထဲတွင် နစ်နေသည်။ သူသည် မျိုးချစ်ကြီးတစ်ယောက် ဖြစ်နေပြီ။ လောလောဆယ်တွင် စစ်ကြီးနှင့် ပတ်သက်သည့် ကော်မတီခြောက်ခု၌ ပါဝင်ဆောင်ရွက်နေရပြီ ဖြစ်၏။ မြောက်ပိုင်းဒေသ စစ်ဘေးဒုက္ခသည်များ ကယ်ဆယ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်း ရွေးချယ်ခံထားရပြီ ဖြစ်၏။

ထိုကိစ္စများအတွက် အိမ်မှ တယ်လီဖုန်းသည် တစ်နေ့လုံး မြည်လျက်ရှိသည်။ မော်တော်ကားမှာလည်း နားရသည်မရှိ။ အမြဲမပြတ် လမ်းပေါ်၌ ပြေးလွှားနေရသည်။ ထွက်သမျှ ကျောက်မီးသွေးများကိုလည်း တစ်တန်လျှင် သျှီလင်လေးဆယ်နှုန်းဖြင့် သွက်သွက်ကြီး ရောင်းချနေရ၏။

ဘားရပ်စ်သည် အလံများကို ရွှေ့အပြီးတွင် စားပွဲဆီသို့ ပြန်ရောက်လာသည်။ စားပွဲ၌ ထိုင်မိသည့်အခါ ဘားရပ်စ်သည် ဟစ်လ်ဒါ၊ ဂရေ့စ်နှင့် အာသာတို့အား တိတ်တဆိတ် ခိုးကြည့်သည်။ မိနစ်အနည်းငယ်ကြာမျှ အခန်းထဲတွင် တိတ်ဆိတ်နေသည်။ သူသည် သတင်းစာထဲမှ သတင်းတစ်ပုဒ်ကို နှစ်ကြိမ်တိတိ ဖတ်သည်။ ထို့နောက် ခေါင်းထောင်ကြည့်သည်။

'လော့ဒ်ကဲလ်က လန်ဒန်မြို့ပေါ်က သူ့အိမ်ကို ဒဏ်ရာရသူတွေအတွက်



ယာယီဆေးရုံဖွင့်ဖို့ လှူခဲ့တယ်၊ ဆေးရုံနဲ့တူအောင် ပြုပြင်ဖို့ တစ်လ ကြာမယ်တဲ့၊ သူတို့အနေနဲ့ အခုဆိုရင် စေတနာ့ဝန်ထမ်း သူနာပြုဆရာမတွေ ခေါ်နေပြီ' ဟု ပြောကာ ဟစ်လ်ဒါနှင့် ဂရေ့စ်အား လှမ်းကြည့်သည်။

'မင်းတို့ကော သွားချင်စိတ် မရှိကြဘူးလား'

အာသာသည် မျက်နှာပျက်သွားသည်။ သူ့အဖေ၏ သဘောထားသည် စိတ်ပျက်စရာကောင်းချေသည်။ တစ်ချိန်က ဟစ်လ်ဒါသည် အလုပ်လုပ်ချင်လွန်း၍ သူ့အဖေထံ ခွင့်ပန်ခဲ့ဖူးသည်။ ထိုစဉ်က သူ့အဖေသည် ခွင့်မပြုခဲ့။ အခုကျတော့လည်း သူ့အလိုဆန္ဒ တစ်ခုတည်းကိုသာ ရှေ့တန်းတင်ကာ ဟစ်လ်ဒါအား သူနာပြုဆရာမလုပ်ဖို့ တိုက်တွန်းလျက်ရှိ၏။

ဟစ်လ်ဒါသည် ဝမ်းသာလုံးဆို့လျက်ရှိသည်။ သူ့နားများကိုပင် မယုံကြည်နိုင် ဖြစ်နေဟန်ရှိ၏။

'အဖေ တကယ်ပြောတာလား' ဟု မေးသည်။

'အဖေက တကယ့်လုပ်မယ့်ကိစ္စကိုသာ ပြောတတ်တယ်ဆိုတာ သိဖို့ကောင်းတယ် ဟစ်လ်ဒါ' ဟု ပြန်ပြောသည်။

ဟစ်လ်ဒါက ဂရေ့စ်အား လှမ်းကြည့်သည်။

'သမီးတို့ နှစ်ယောက်စလုံး အဲဒီအလုပ်ကို သွားဖြစ်လိမ့်မယ်လို့ ထင်တယ် အဖေ'

'ဒါဆိုရင် ပြီးရော' ဟု ပြောကာ ဘားရပ်စ်သည် သူ့လက်ထဲမှ သတင်းအပေါ် မျက်နှာပြန်ငုံ့သွားသည်။ ဟစ်လ်ဒါနှင့် ဂရေ့စ်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ဟစ်လ်ဒါသည် သူ့စိတ်ကို အောင့်မထားနိုင်။

'သမီးတို့ ဘယ်တော့လောက် သွားရမလဲ'

'ဒီရက်ပိုင်းပေါ့၊ လာမယ့်အပတ်ထဲ ဖြစ်ချင်လည်း ဖြစ်မယ်၊ မနက်ဖြန်ကျရင် ကောင်ဆယ်ကလူကြီး လိချ်နဲ့ တိုင်းနီကပ်ဆဲလ်မှာ တွေ့မယ်၊ ငါ သူ့ကို မေးပြီးရင် လိုအပ်တဲ့ အစီအစဉ်တွေ လုပ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဟစ်လ်ဒါရော၊ ဂရေ့စ်ပါ တိုင်းပြည်အတွက် အလုပ်လုပ်တော့မယ်ဆိုတော့ အဖေ စိတ်ချမ်းသာတယ်'

အာသာ စိတ်ထဲတွင် မသက်မသာ ဖြစ်လျက်ရှိသည်။ သူ့လက်ဖဝါးများတွင် ချွေးပြန်လျက်ရှိ၏။ သူသည် ထိုင်ရာမှထကာ အခန်းထဲမှ ထွက်သွားချင်သော်လည်း မလုပ်ဖြစ်။ ဟစ်လ်ဒါနှင့် ဂရေ့စ်တို့သည် အခန်းထဲမှ ထွက်သွားကြပြီ။ အန်တီကေရီမှာလည်း မရှိတော့။ အစေကြီးကတည်းက သူ့အမေအား လုပ်ကိုင်ပေးရန် အပေါ်ထပ်သို့ တက်သွားပြီ။

သူသည် ကုလားထိုင်မှထရန် အားထုတ်သည်။ သို့သော်လည်း သူ့ခြေထောက်များက လှုပ်ရှားခြင်းမပြု။ သူသည် လေဖြတ်ခံထားရသည့် လူတစ်ယောက်သဖွယ် ထိုင်လျက်ပင် ရှိနေသည်။ သူ ထင်ထားသည့်အတိုင်းပင် သူ့အဖေသည် သတင်းစာကို အောက်သို့နှိမ့်လိုက်ပြီး သူ့အား စကားလှမ်းပြောသည်။

'မင်းအစ်မနဲ့ နှမတွေက အခုလို တိုင်းပြည်အတွက် အလုပ်လုပ်မယ်ဆိုတာ သိရတော့ ငါ သိပ်ဝမ်းသာတယ်'

အာသာ၏စိတ်သည် များစွာ လှုပ်ရှားသွားသည်။ သူ့မျက်နှာသည် ရှုံ့မဲ့သွားသည်။ တစ်ချိန်ကတော့ ထိုစကားမျိုးပြောလျှင် ချစ်စိတ်သာ ပေါ်ခဲ့၏။ အခုတော့ ကြောက်စိတ်၊ သံသယနှင့် မုန်းတီးမှုများ ဝင်လာသည်။ မည်မျှအထိ ပြောင်းလဲသွားပါသနည်း။ သူသည် ယနေ့တစ်နေ့လုံး စိတ်လှုပ်ရှားမှုများလွန်း၍ ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ သူက မပြောချင် ပြောချင်နှင့် စကားတစ်ခွန်း ပြန်ပြောသည်။

'ဟစ်လ်ဒါနဲ့ ဂရေ့စ်က ဒီအိမ်က ဝေးရာကို သွားချင်နေကြတာကိုး'

'ဩော် ....ဟုတ်လား၊ သူတို့ ဘာကြောင့် ဝေးရာကို သွားချင်နေကြရတာတဲ့လဲ' ဟု ဘားရပ်စ်က ရေရွတ်သည်။

အာသာကလည်း ယခင်ကလိုမဟုတ်။ ချက်ချင်း တုံ့ပြန်သည်။ ယခုအခါတွင် သူသည် သူ့အဖေအား ဘာမဆိုပြောရန် ဝန်မလေးတော့ပေ။

'သူတို့က ဒီမှာဆက်ပြီးနေရမှာကို လုံးဝ မခံနိုင်တော့ဘူး၊ ဟစ်လ်ဒါဆိုရင် ဒီမှာ နေရတာကို စက်ဆုပ်နေတာကြာပြီ၊ အခုဆိုရင် ဂရေ့စ်ကလည်း သူ့လိုပဲ ဖြစ်နေပြီ၊ ကျောက်မီးသွေးတွင်းထဲမှာ အန္တရာယ်ကြီး ဖြစ်ပြီးကတည်းက အဲဒီလို ဖြစ်ကုန်တာ၊ ဟိုနေ့ကပဲ အဲဒီအကြောင်းကို သူတို့နှစ်ယောက် ပြောနေတာ ကျွန်တော် ကြားခဲ့ရသေးတယ်၊ သူတို့က ပြောတယ်၊ အဖေဟာ အတော်ကြီးကို ပြောင်းလဲသွားပြီတဲ့၊ ဟစ်လ်ဒါကဆိုရင် အဖေ့မှာ ရောဂါတစ်ခု စွဲကပ်နေပြီလို့တောင် ပြောနေပြီ'

ဘားရပ်စ်သည် အာသာ၏ စကားများကို ငြိမ်၍ နားထောင်နေသည်။ စကားဆုံးသွားသည့်အခါ အချိန်အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက် သူ့စိတ်သူ အလွန်ထိန်းထားရသည့်လေသံဖြင့် ....

'မင်းရဲ့ သဘောထားတွေကြောင့် ငါ စိတ်ပူနေရပြီ အာသာ၊ မင်းဟာ အတော့်ကို ပြောင်းလဲသွားတာပဲ'

'ပြောင်းလဲသွားတာက ကျွန်တော် မဟုတ်ဘူး၊ အဖေ ပြောင်းလဲနေတာ'

'မင်းအတွက် စိတ်ပူနေတာ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ ငါ ဒီညဟက်တီနဲ့ တွေ့ခဲ့တယ်၊ သူကလည်း မင်းအတွက် စိတ်ပူနေတယ်'



'မတတ်နိုင်ဘူး အဖေ' ဟု အာသာက ခပ်တည်တည်ပင် ပြန်ပြောသည်။

'အေလန်ကလည်း မင်းကိစ္စကို ပြောတယ်တဲ့၊ သူတို့ဆီကို စာလာတယ်လို့ ဟက်တီက ပြောတယ်'

'ကျွန်တော် ဘာမှ မလုပ်နိုင်ဘူး အဖေ'

ဘားရပ်စ်သည် မျက်မှောင်ကုတ်သွားသည်။ နဖူးကြောများ ထောင်လာသည်။

'မင်းက မင်းနိုင်ငံအတွက် တိုက်ချင်ခိုက်ချင်စိတ်တောင် မရှိတော့ဘူးလား' ဟု မေးသည်။ သူ့အသံသည် ဒေါသကြောင့် ကျယ်လောင်စူးရှလာသည်။

'ကျွန်တော် ဘာအတွက်မှ မတိုက်ချင်ဘူး' ဟု အာသာက တင်းမာသောလေသံဖြင့် အဖြေပေးသည်။

'ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ချင်ဘူး၊ သတ်ရဖြတ်ရတာ လုံလောက်သွားပြီ၊ ကျွန်တော်တို့ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းထဲမှာ လူသတ်ပွဲတစ်ခု လုပ်ပြီးခဲ့ပြီပဲ၊ အတော့်ကို လုံလောက်သွားပါပြီ၊ အဲဒီပွဲပြီးကတည်းက ကျွန်တော့်မှာ လူသတ်ချင်စိတ် ပျောက်သွားပြီ'

အာသာ့အသံသည် စူးရှလာသည်။ ကျယ်လောင်လာသည်။

'အဖေ ကျွန်တော်ပြောတာ နားလည်လား၊ အဲဒီကိစ္စသာ ဖြစ်မလာရင် ကျွန်တော်လည်း တခြားလူတွေလိုပဲ သေနတ်ကိုင်ပြီး စစ်တိုက်ထွက်မှာပဲ၊ ယူနီဖောင်းဝတ်စုံကို အကျအနဝတ်ပြီး စစ်ချီမှာပဲ၊ သတ်ဖြတ်ဖို့အတွက် တာမစူဘဲကိုနေဘူး၊ ဒါပေမဲ့ ဟိုကိစ္စက ဖြစ်သွားတယ်လေ၊ လူတွေသေတာ မြင်ရတယ်၊ ဘာကြောင့် သေတာလဲ၊ ဘယ်သူ့လက်ချက်လည်းဆိုတာ ကျေနပ်တဲ့အဖြေရပြီလား၊ မရဘူး၊ ကျွန်တော် အခုထိ မကျေနပ်သေးဘူး'

သူသည် စကားကိုမဆက်ဘဲ ရပ်လိုက်သည်။ သူ့အဖေမျက်နှာကို မော့မကြည့်။ သူ့အဖေက သူ့အား ကြည့်နေသည်ကိုတော့ စိတ်ထဲက သိနေသည်။ အခန်းထဲ၌ အချိန်အတော်ကြာသည်အထိ ငြိမ်ဆိတ်နေသည်။ ဘားရပ်စ်သည် သူ့အိတ်ကပ်ထဲမှ နာရီကို ထုတ်ကြည့်သည်။ နာရီအဖုံး ပြန်ပိတ်သံကို ကြားရသည်။

'မင်း နားလည်လိမ့်မယ်လို့ ငါ ထင်တယ်' ဟု ဘားရပ်စ်က ထိုင်ရာမှ ထရပ်ကာ ပြောသည်။

'ဒီနေ့ကစပြီး မင်းဟာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ မရှိမဖြစ်တဲ့ လူတစ်ယောက် မဟုတ်တော့ဘူး၊ အဲဒါကို မင်းစိတ်ထဲက သိထားပါ၊ ဒါဆိုရင် မင်းလုပ်ရမယ့်တာဝန်ကို လုပ်ဖို့ စဉ်းစားနိုင်မှာပေါ့'

ဘားရပ်စ်သည် အခန်းထဲမှ ထွက်သွားသည်။ တံခါးကိုလည်း ဆွဲပိတ်သွားသည်။ နောက် နှစ်မိနစ်ခန့်အကြာတွင် ခြံဝင်းထဲမှ မော်တော်ကား မောင်းထွက်သွားသံ ကြားရသည်။

အာသာ၏ နှုတ်ခမ်းသည် တုန်လာသည်။ သူ့တစ်ကိုယ်လုံးသည်လည်း တုန်လာသည်။ 'မလုပ်နိုင်ဘူး' ဟု အော်သည်။ သူ့အသံသည် လူမရှိသည့်အခန်းထဲ၌ ဟိန်းထွက်လာလေသည်။

* * * * *

## (၃၁)

စက်တင်ဘာလကုန်ခါနီး တစ်နေ့သောနံနက် စောစောစီးစီးတွင် ဂျိုးဂိုလန်သည် စလီစကေးမြို့မှ ပြန်လည်ထွက်ခွာသွားသည်။ ဘာကြောင့် ထွက်ခွာသွားရသည်၊ ဘယ်ကိုသွားမည် ဟူသောအချက်များကို လုံးဝ ပြောပြမသွားသော်လည်း သူ့တွင် ထိုကဲ့သို့ ထွက်ခွာသွားခြင်းအတွက် လုံလောက်သောအကြောင်းရှိထားပြီး ဖြစ်သည်။ သူသည် ယာရီးသို့ ပြန်သွားပြီး ထိုမှတစ်ဆင့် ပလတ်လိန်းလမ်းသို့ ရောက်သွားခဲ့လေသည်။

ဆောင်းဦးပေါက် တစ်မနက်တွင် ပလတ်လိန်းလမ်းတစ်လျှောက် လျှောက်လာနေသော ဂျိုးသည် မီလင်တန် အလုပ်ရုံ၏ ခါတိုင်းနှင့်မတူသော လှုပ်ရှားမှုကို သတိထားမိသည်။ အလုပ်ရုံဝင်းထဲတွင် သွပ်မိုး အဆောက်အဦတစ်ခု တိုးလာသည်ကို မြင်ရသည်။ ဝင်းထဲတွင် လော်ရီကားတစ်စီး ဆိုက်ထားပြီး ထိုကားပေါ်မှ ကြီးမားလေးလံသော ပစ္စည်းများ ချနေသည်။ သူသည် ခြံဝင်းတစ်နေရာရှိ အပေါက်ငယ်တစ်ပေါက်မှနေ၍ အတွင်းသို့ ချောင်းကြည့်မိသည်။

လော်ရီကားပေါ်မှ တွင်ခုံသစ်ကြီးနှစ်လုံးကိုချကာ စက်ရုံထဲသို့ သယ်ယူသွားကြသည်။ ဒရေးလင်းမရှင်းစက်ကြီး တစ်လုံး၊ ပုံစံခွက်ကြီးများနှင့် သံခွက်ကြီးများကိုလည်း သယ်ယူသွားနေကြသည်။ ဖိုမင်ဖြစ်သူ ပေါ်တာဖီးလ်သည် သူ့လူများအား အော်ဟစ်သတိပေးလျက်ရှိသည်။ အိုင်ရာဗင်သည် စာရွက်အချို့ကိုဆုပ်ကိုင်ကာ ရုံးခန်းထဲမှ ထွက်လာသည်။ ဂျိုးသည် သူ့ကိုယ်သူ သတိနှင့် ပြန်ထိန်းကာ ရုံးခန်းတွင်းသို့ ဝင်ခဲ့လေ၏။

သူသည် စုံစမ်းရေးအခန်းထဲ၌ တစ်ခဏမျှ နေရသေးသော်လည်း ချက်ချင်းပင် မီလင်တန်၏ ရုံးခန်းတွင်းသို့ ဝင်ခွင့်ရခဲ့သည်။ ရုံးအုပ်စာရေးကြီး ဖူးလား၏ စူးရှသောအကြည့်သည် ဂျိုးအား နောက်တွန့်မသွားစေခဲ့ပေ။



'ကျွန်တော် ဂျိုးဂိုလန်ပါ မစ္စတာစတန်လေ' ဟု ဂျိုးက ပြောကာ အပြုံးဖြင့် နှုတ်ဆက်သည်။

'ခင်ဗျား မှတ်မိသေးရဲ့လား၊ ကျွန်တော် အလုပ်လိုချင်ရင် အချိန်မရွေး ပြန်လာခဲ့ဖို့ ကတိပေးထားတာ မှတ်မိမယ်ထင်ပါတယ် ခင်ဗျာ'

စတန်လေသည် စားပွဲ၌ ထိုင်နေရာမှ ဖျတ်ခနဲ မော့ကြည့်သည်။ စိတ်မရှည်သော မျက်နှာထားနှင့် ဖြစ်၏။ သူသည် မျက်နှာတွင် အရေးအကြောင်းတွေ ပိုများလာသည်နှင့်အမျှ ခေါင်းမှဆံပင်များသည် ကျိုးတိုးကျဲတဲဖြစ်ကာ နဖူးပင် ပြောင်နေပြီ။ သူသည် ဂျိုးအား ချက်ချင်း မှတ်မိသည်။

'မှတ်မိတယ် ဂျိုး၊ ဘာလဲ မင်း အလုပ်လိုက်ရှာနေသလား' ဟု စိတ်ရှုပ်သွားသည့်လေသံဖြင့် မေးသည်။

'ဟုတ်ပါတယ် ခင်ဗျာ' ဟု ဂျိုးက ဖြေသည်။

'ကျွန်တော့်အနေနဲ့ အခြေအနေကတော့ သိပ်မဆိုးပါဘူး၊ ဒါပေမဲ့ လုပ်ရကိုင်ရတာ ငြီးငွေ့လာလို့ အပြောင်းအလဲဖြစ်အောင် လာခဲ့တာပါ၊ ဒီကိုပြန်လာချင်တဲ့စိတ်ကလည်း အမြဲတမ်း ရှိနေတာနဲ့ လာဖြစ်သွားတာပါ'

'သြော် ....ဟုတ်လား' ဟု စတန်လေက စိတ်မပါတပါ လေသံဖြင့် ပြန်ပြောသည်။

'ဒီမှာကလည်း လောလောဆယ် လူမလိုဘူး၊ စစ်ထဲ မဝင်ချင်ဘူးလား၊ မင်းလို ကြံ့ခိုင်တောင့်တင်းတဲ့ လူတစ်ယောက်ဟာ ရေ့တန်းစစ်မြေပြင်မှာ ရှိသင့်တဲ့အချိန်ကာလပဲ'

ဂျိုးသည် စိတ်ဓာတ်အကြီးအကျယ်ကျသွားသည်။ ဤအခက်အခဲမျိုးနှင့် ရင်ဆိုင်ရလိမ့်မည်ဟု သူ ကြိုတင်တွက်ဆထားခဲ့၏။ သူ့အနေဖြင့် စစ်မြေပြင်သို့ သွားမည်ဟူသော ရည်ရွယ်ချက်ကတော့ လုံးဝမရှိ။ ဤကိစ္စမှာ သူ လုံးဝ ခေါင်းထဲ မထည့်ခဲ့သောအရာ ဖြစ်သည်။ လူလည်း ဂျိုးသည် တုံ့ဆိုင်းခြင်းမရှိဘဲ ချက်ချင်း တုံ့ပြန်သည်။

'ကျွန်တော် အပယ်ခံရတာ နှစ်ကြိမ်ရှိသွားပြီခင်ဗျ၊ နောက်ထပ်လျှောက်လည်း အလကားနေမှာပဲ၊ ကျွန်တော့်ဒူးမှာ တစ်ခုခုဖြစ်နေပုံပေါ်တယ်၊ ကျွန်တော် လက်ဝှေ့ထိုးနေတုန်းက ဖြစ်သွားခဲ့တာလို့ ထင်ရတာပဲ'

စတန်လေ အနေဖြင့် ဂျိုး လိမ်ပြောသည်ဟု ထင်မြင်စရာအကြောင်းမရှိပေ။ စတန်လေသည် ခဏမျှ ငြိမ်နေသည်။ ထို့နောက် ....

'မင်း ဒီက ထွက်သွားချိန်ကစပြီး ဘာတွေလုပ်နေသလဲ' ဟု မေးသည်။

ဂျိုးအနေဖြင့် ထိုမေးခွန်းအတွက် နှစ်ကြိမ်ပြန်၍ စဉ်းစားစရာမလိုပေ။ ချက်ချင်းပင် မဆိုင်းမတွ ပြန်ဖြေသည်။

'ရုက်ဖီးလ်က ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာ ဝင်လုပ်နေတယ်၊ အဲဒီမှာ ကျွန်တော် ဖိုမင် လုပ်ခဲ့တယ်၊ ကျွန်တော့်လက်အောက်မှာ အလုပ်သမား သုံးဆယ် ရှိတယ်၊ ကျွန်တော် လုပ်နေရတာ မပျော်ဘူး၊ မစ္စတာစတန်လေ ပေးလိုက်တဲ့ ကတိကိုပဲ သတိရနေတာပဲ'

'ဒါနဲ့ နေပါဦး၊ တို့စက်ရုံမှာ အပြောင်းအလဲတွေ ရှိနေတာကော မင်းသိရဲ့လား'

'ကျွန်တော် မသိပါဘူး မစ္စတာစတန်လေ'

စတန်လေသည် ပေတံတစ်ချောင်း ကောက်ယူပြီး ကြည့်နေသည်။

'တို့ အခု စစ်လက်နက်ပစ္စည်းတွေ ထုတ်နေတယ်' ဟု ပြောသည်။

'လက်ပစ်ဗုံးတွေ၊ ကျည်ဆန်တွေ၊ ဆယ့်ရှစ်ပေါင်ဒါ အမြောက်ဆန်တွေ ထုတ်လုပ်နေကြတယ်'

စတန်လေအဖို့တော့ အောင်ပွဲခံနေရသည့် အခြေအနေပင် ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် မီလင်တန် စက်ရုံလုပ်ငန်းသည် ကျဆင်းခဲ့ရ၏။ ဈေးကွက်ဟောင်းများသည် တဖြည်းဖြည်းချင်း ကျဆင်းကွယ်ပျောက်သွားရသည်။ ဈေးကွက်သစ် ရှာဖွေရရှိဖို့ ဆိုသည်မှာလည်း များစွာ ခက်ခဲခဲ့ရ၏။ ထို့ကြောင့် အလုပ်သမားကောင်း အများအပြားကို အလုပ်မှ ဖြုတ်ပစ်ခဲ့ရသည်။ ယခင်က ဖွဲ့ထားသည့် ဆိုရှယ်ကလပ်မှာလည်း သိပ်ပြီး အသက်ဝင်လှုပ်ရှားခြင်း မရှိတော့ပေ။ မီလင်တန်၏စက်ရုံသည် နောက်ဆုံးတွင် ပိတ်ပစ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရလေ၏။

ဤသို့ ဖြစ်နေခိုက်မှာပင် ကမ္ဘာစစ်ကြီးသည် ဖြစ်ပွားလာခဲ့သည်။ ထိုအခါ အကွက်ကောင်းကို မြင်တတ် ရှာတတ်သော အဘိုးအို မစ္စတာကလက်ဂ်သည် ပန်းနာရင်ကျပ် ရောဂါဒဏ် ခံစားနေရသည့်ကြားမှပင် စတန်လေထံ ရောက်လာသည်။ အဘိုးကြီးကတော့ စီးပွားရေးသမားပီပီ ပြောင်ပြောင်တင်းတင်းပင် ပြောသည်။ သူသည် သူ့အတွက် အကျိုးအမြတ်ရရှိဖို့မှတစ်ပါး အခြား ဘာကိုမျှ ဂရုမစိုက်။

'အခု စစ်ကြီး ဖြစ်နေပြီ၊ တို့ရဲ့စက်ရုံက ထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကို အကုန်လုံး ရသလောက်ဈေးနဲ့ ရောင်းပစ်လိုက်' ဟု ပြောသည်။

'အခု လူတွေမှာ စစ်လက်နက်ပစ္စည်းတွေ လိုလားနေတယ်၊ တန်ပေါင်း အများကြီးလိုလာမှာ သေချာတယ်၊ အခုလို လမ်းပွင့်တုန်း စစ်လက်နက်ပစ္စည်းတွေ ထုတ်ရောင်းဖို့ စီစဉ်ကြ၊ စိတ်ကူးမလွဲနဲ့ မစ္စတာစတန်လေ၊ တို့ အသွင်မပြောင်းရင် နောက်ခြောက်လအတွင်း ဒီစက်ရုံကို ပိတ်ရတော့မှာ၊ ဒီကိစ္စကို ကျုပ်နဲ့ အမြန်ဆုံး ဆွေးနွေးစီစဉ်ပါ မစ္စတာစတန်လေ'



သူတို့သည် ဤကိစ္စကို တိုင်ပင်ဆွေးနွေးကြသည်။ သူတို့အလုပ်ရုံသည် သတ္တုအရည်ကျိုပြီး ပုံလောင်းပစ္စည်းများ ထုတ်လုပ်နေသော အလုပ်ရုံ ဖြစ်သည်။ စစ်လက်နက်ပစ္စည်း ကြီးကြီးမားမား ထုတ်၍မဖြစ်။ ဤသို့ဖြင့် သူတို့စက်ရုံသည် စစ်လက်နက်ပစ္စည်း အသေးစားများ ထုတ်လုပ်သည့် စက်ရုံအဖြစ်သို့ အသွင်ပြောင်းခဲ့ကြသည်။ ငွေကြေးများစွာ ကုန်ကျခြင်း၊ ခက်ခဲပင်ပန်းခြင်းများစွာမရှိဘဲနှင့် အသွင်ပြောင်းနိုင်ခဲ့သဖြင့် မစ္စတာစတန်လေမှာ အသက်ပင်မရှူနိုင်အောင် အံ့အားသင့်ခဲ့ရ၏။ အစိုးရဌာနတစ်ခုကလည်း သူ တောင်းခံသော ကြိုတင်ငွေကို အလွန် လွယ်ကူလျင်မြန်စွာ ထုတ်ပေးခဲ့သည်။ သူက တောင်းခံသည်မှာ ပေါင်သန်းဝက်ဖြစ်ရာ အစိုးရက ပေါင်ငွေ တစ်သောင်းလျှင် ၃,၅၀၀ နှုန်းဖြင့် ကြိုတင်ငွေ ထုတ်ပေးခဲ့ခြင်း ဖြစ်၏။ ကျည်ဆန်များကို သီတင်းတစ်ပတ်လျှင် တန်နှစ်ရာမှ သုံးရာအထိ လိုအပ်နေသဖြင့် ယင်းကဲ့သို့ ငွေကြေး ဗုံးပေါလအော ထုတ်ပေးခဲ့ခြင်းပေတည်း။ စတန်လေ၏ လက်ရှိအခြေအနေမှာ ငွေကို အဆမတန် ရရှိနေသည်သာမက အလုပ်ကလည်း မနားမနေ လုပ်နေရသည့် အချိန်ကာလ ဖြစ်လေသည်။

'မင်း အခု ရောက်လာတာဟာ အချိန်ကောင်းပဲ ဂျိုး' ဟု စတန်လေက ပြောသည်။

'ငါ့ဆီမှာ လူက လိုတော့လိုတယ်၊ စစ်ထဲဝင်တဲ့လူက များနေတဲ့အချိန်ဆိုတော့ အခက်အခဲရှိနေတယ်၊ အလုပ်ကထွက်တဲ့လူကိုလည်း ငါက တားမထားချင်ဘူး၊ အလုပ်ရုံဖိုမင် "ဟူး" ထွက်သွားတာ ရက်ပိုင်းပဲ ရှိသေးတယ်၊ သူ့နေရာမှာ လူစားထိုးဖို့ လိုနေတယ်၊ မစ္စတာကလက်ဂ်ကလည်း ကျန်းမာရေးကြောင့် အဲဒီနေရာနဲ့ မသင့်တော်ဘူး၊ ငါ့မှာက တစ်ယောက်တည်းက သုံးနေရာ တာဝန်ယူနေရသလို ဖြစ်နေတယ်၊ အလုပ်ရုံထဲမှာ ချက်ချင်း အလုပ်ဝင်နိုင်မယ့် ဖိုမင် တစ်ယောက် လိုနေတယ်၊ မင်းကို ငါ အစမ်းသုံးကြည့်မယ်၊ တစ်ပတ်ကို ခြောက်ပေါင်နှုန်းနဲ့ တစ်လ အစမ်းခန့်မယ်၊ မင်း ဘယ်လိုသဘောရသလဲ'

ကမ်းလှမ်းချက်မှာ သူ မျှော်လင့်ထားသည်ထက် အဆပေါင်းများစွာ ကောင်းနေသည်။ သို့သော်လည်း သူ၏ဝမ်းသာမှုကို တစ်ဖက်လူမသိအောင် မျိုသိပ်ထားသည်။

'ဟုတ်ကဲ့ပါ မစ္စတာစတန်လေ' ဟု ပြောသည်။

'ကျွန်တော့်ကို လုပ်နိုင်တဲ့ အခွင့်အရေးသာပေးပါ ခင်ဗျာ'

ဂျိုး၏ စိတ်အားထက်သန်သည့်လေသံကို ကြားလိုက်ရသော စတန်လေက ....

'ဒါဆိုရင် လာ၊ အခုပဲ ကလက်ဂ်ဆီကို ပို့ပေးမယ်' ဟု ပြောကာ ထိုင်ရာမှ ထသည်။

ကလက်ဂ်ကို အလုပ်ခွင်၌ အဆင်သင့်တွေ့ရသည်။ အသက်က ကြီးရသည့်အထဲ ပိန်လှ၏။ မမာမကျန်း ဖြစ်နေသည့် နာလန်ထ လူမမာတစ်ယောက်နှင့် တူလှချေသည်။ သို့သော်လည်း ကလက်ဂ်သည် သူ့အလုပ်ခွင်ကို ကောင်းစွာ ကြီးကြပ်လျက်ရှိသည်။ ဂျိုးကတော့ သူတို့ လုပ်ကိုင်နေသည်များကိုကြည့်ကာ သူ့အတွက် မခက်ခဲသော အလုပ်တစ်ခုဖြစ်မှန်း ချက်ချင်းသိသည်။

အဘိုးကြီး ကလက်ဂ်သည် ဂျိုးအား ကောင်းကောင်း မမှတ်မိ။ သူသည် ဂျိုးအား အလုပ်၏ သဘောသဘာဝများကို ရှင်းပြနေသည်။ ဂျိုးသည် ကလက်ဂ်၏စကားများကို စိတ်ဝင်တစား နားထောင်နေသည့်ဟန် ဆောင်ထားသော်လည်း တကယ်တမ်းကျတော့ တစ်လုံးမှ သူ့ခေါင်းထဲသို့မဝင်။

'မင်း လုပ်ရမှာက လူတွေကို ကိုင်တွယ်ပေးရမှာပဲ' ဟု စတန်လေက ပြောသည်။

'အရေးကြီးတာက သူတို့လုပ်အားနဲ့ ကုန်ထုတ်လုပ်မှု အမြဲ တိုးတက်နေအောင် ကြီးကြပ်ပေးရမှာ'

'ကျွန်တော့်အပေါ် ယုံကြည်စိတ်ချပါ ခင်ဗျာ၊ တိုးတက်မှုရှိအောင် ကြိုးစားပြီး လုပ်သွားပါ့မယ်'

စတန်လေက ခေါင်းတစ်ချက်ညိတ်ပြပြီး ကလက်ဂ်နှင့် အတူထွက်သွားသည်။ ထိုအချိန်မှစ၍ ဂျိုးသည် သူ့ကိုယ်သူ အာဏာပိုင် အရှင်သခင်တစ်ယောက်သဖွယ် သဘောထားလိုက်သည်။ ယခင်က အာဏာကို မပိုင်စိုးခဲ့ဖူးသော၊ အာဏာကို အသုံးမပြုခဲ့ဖူးသော ဂျိုးသည် ထိုနေရာကို ရသည့်အချိန်မှစ၍ အလုပ်ခွင်ထဲရှိ နေရာတိုင်းတွင် ပါသည်၊ ညွှန်ကြားပေးသည်၊ အာဏာပြသည်။

ပထမလအကုန်တွင် စက်ရုံအလုပ်ခွင်၏ ကုန်ထုတ်လုပ်မှုသည် ထူးခြားစွာ တိုးတက်လာသည်။ စတန်လေအဖို့တော့ အလွန်အားရကျေနပ်သည်။ ဂျိုးလို လူစားတစ်ယောက်ကို မိမိကိုယ်တိုင် ရွေးချယ်ခန့်ထားခဲ့သည့်အတွက် သူ့ကိုယ်သူ ချီးမွမ်း၍မဆုံး။ ဂျိုးအား သူ့ရုံးခန်းသို့ခေါ်၍ ချီးကျူးခြင်း၊ အမြဲတမ်းဖိုမင်အဖြစ် ခန့်စာထုတ်ပေးခြင်း စသည်များကို ပြုလုပ်ခဲ့လေ၏။

ဂျိုးသည် ညပိုင်း အချိန်များကို တိတ်တဆိတ် ကုန်ဆုံးစေခဲ့သည်။ လောလောဆယ်တော့ သူသည် ဆန်းလေးမိသားစုထံပြန်၍ နေထိုင်ရေးကို စိတ်ကူးယဉ်ကာ ရွှင်မြူးလျက်ရှိသော်လည်း တကယ်တမ်း သွားရောက်နေထိုင်ခြင်းကိုမူ မပြုသေးပေ။ စကော့ဝုဒ်လမ်းသို့ သွားရောက်နေထိုင်ခြင်း မပြုသည်မှာ သူ့တွင် အကြောင်းများစွာရှိသည်။ သူ့အနေဖြင့် ယခင်က ပေါင်းဟောင်းသင်းဟောင်းများနှင့် အဆက်အဆံ အရောအနှော မလုပ်လို။ မီလင်တန်စက်ရုံသည် ဝင်ငွေ



အလွန်ကောင်းလျက်ရှိ၏။ ပိုင်ရှင် စတန်လေသည် လက်ဖျားတွင် ငွေသီးလျက်ရှိ၏။ ယခုလို အခြေအနေမျိုးတွင် မိမိအပေါ်၌ အလုပ်ရှင်က အမြင်စောင်းသွားမည်ကို သူ မလိုလား။

စက်ရုံဖိုမင် ဆင်မီပေါ်တာဖီးလ်၏ အကူအညီဖြင့် သူသည် အခုလောလောဆယ်တွင် အမှတ် ၄၊ ဘီချ်လမ်း၊ ယာရိုး၌ နေထိုင်လျက်ရှိ၏။ သူ ငှားနေသည့် အခန်းပိုင်ရှင်မှာ ယဉ်ကျေးဖွယ်ရာသော အသက်ခပ်ကြီးကြီး အမျိုးသမီးကြီး မစ္စက်ကော်လ်ဒါးဆိုသူ ဖြစ်သည်။ သူသည် ဤအခန်း၌ ငြိမ်ငြိမ်ကုတ်ကုတ်နေထိုင်ရင်း သူ့အပေါ် အထင်အမြင် ကြီးလာစေရန် ကျိတ်ကြံလျက်ရှိသည်။

လပေါင်းများစွာ ကုန်လွန်လာခဲ့သည်နှင့်အမျှ ဂျိုး၏အာရုံသည် သူ့အတွက် ပေါ်လာမည့် အခွင့်ကောင်းကို အလစ်ချောင်းလျက်ရှိသည်။ သူ့မျက်လုံးများသည် စက်ရုံဖိုမင် အလုပ်ရှိရာ စက်ခန်းအလုပ်ရုံနှင့် ဖိုမင်ဆမ်မီပေါ်တာဖီးလ်၏ အပေါ်၌သာ မျက်ခြည်မပြတ် ကြည့်လျက်ရှိသည်။

ဆမ်မီသည် အရပ်ပုပု ပိန်ပါးပါး၊ မျက်နှာချောင်ချောင်၊ မုတ်ဆိတ်မွေး တိုနံ့နံ့နှင့် လူတစ်ယောက် ဖြစ်သည်။ ကာလ်းမတ်၏ အကြောင်းနှင့် ယင်း၏ သဘောတရားများကို ဟုတ်တိပတ်တိ နားမလည်သော်လည်း ဆိုရှယ်လစ်ဝါဒသမားများ၏ အဖွဲ့တစ်ဖွဲ့ဖြစ်သော ယာရိုးဖေဘီယံ အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ သူသည် အလုပ်သမားများကြားတွင် ပေါ်ပြူလာ မဖြစ်ပေ။ အလုပ်ရှင် စတန်လေကိုယ်တိုင်ကလည်း သူ့အား ဆိုရှယ်လစ်တစ်ယောက်ဟု သံသယဝင်နေသဖြင့် သိပ်ပြီး သဘောမကျလှပေ။

ဂျိုးသည် သူ့အလုပ်ကို အကွက်ချပြီး ဇောက်ချ၍ လုပ်လျက်ရှိသည်။ သူသည် ဆမ်မီအား အမြဲတစေတွဲကာ အနီးကပ် လေ့လာလျက်ရှိ၏။ အထူးသဖြင့် ဆမ်မီအား ချောက်ကျအောင် လုပ်နိုင်ရန်အတွက် ဆမ်မီ၏ အားနည်းချက်များကို မရမနေ ကြိုးစားရှာဖွေလျက်ရှိ၏။ သို့သော်လည်း ဆမ်မီ၏ နေထိုင်ပုံတည်ငြိမ်မှုကြောင့် ဂျိုးမှာ အကြံရခက်လျက်ရှိသည်။

ဆမ်မီသည် အရက်ကို များများမသောက်တတ်၊ တစ်ခါသောက်မှ တစ်ပက်ထက် မပိုပေ။ မိန်းမလိုက်စားဖို့ကျတော့လည်း လုံးဝ ဝါသနာမရှိ။ သို့ဖြစ်ရာ ဆမ်မီအား အမှားတစ်ခုခုလုပ်အောင် ထောင်ချောက်ဆင်ဖို့မှာ လုံးဝမလွယ်ဘဲ ဖြစ်နေသည်။ ဤသို့ဖြင့် တစ်ညခင်းတွင် ဂျိုးအတွက် အကွက်ကောင်းတစ်ခု ဝင်လာသည်။ ထိုညနေခင်း အလုပ်မှပြန်လာချိန်တွင် လူစိမ်းတစ်ယောက်က ဂျိုး၏လက်ထဲသို့ စာရွက်စာတမ်းတချို့ ထိုးထည့်ပေးခဲ့ပြီး ပလတ်လိန်းလမ်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ဂျိုးသည် အနီးဆုံး လမ်းဘေးဓာတ်မီးတိုင်အောက်သို့သွားကာ စာကို စိတ်မပါ့တပါနှင့် ဖတ်ကြည့်သည်။

ရဲဘော်တို့၊ ကမ္ဘာ့အလုပ်သမားတို့၊ စစ်ကြီးကို ဆန့်ကျင်ကြလော့၊ စစ်ဝါဒီသမားတွေက သင့်လက်ထဲ သေနတ်ထည့်ပေးပြီး ဂျာမန် အလုပ်သမားတစ်ယောက်ကို သတ်ခိုင်းတာ ခွင့်မပြုကြနဲ့၊ သင့်ဘဝ ရှင်သန်ရေးအတွက် လုပ်ခရဖို့ သင် သပိတ်မှောက်ရင် ဒီလူတွေက သင်တို့ကို ဘယ်လိုလုပ်ကြသလဲ၊ ဒီစစ်ကြီးကို သင် မပါဘဲနဲ့ သူတို့ တိုက်နိုင်လိမ့်မည် မဟုတ်၊ စစ်ကြီးကို တားဆီးကြ၊ ဂျာမန် အလုပ်သမားတွေက သင့်ကို မတိုက်ခိုက်လိုဘူး၊ စစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်နေကြတဲ့ အလုပ်သမားတို့၊ ကုန်ထုတ်ကိရိယာတွေကို လွှင့်ပစ်ကြ၊ အရင်းရှင်ကြီးတွေဟာ စစ်ပွဲအတွက် လက်နက်တွေ ထုတ်လုပ် ရောင်းချနေကြတယ်၊ အရှင်းရှင်စနစ်ကို သုတ်သင်ကြ၊ စစ်ကြီးကို ဆန့်ကျင်ကြ။

ဂျိုးသည် စာ၏သဘောကို နားလည်သည်။ အသုံးမကျသည့် စက္ကူစုတ်တစ်ရွက်အဖြစ် သဘောထားကာ အနီးရှိ မြောင်းထဲသို့ လွှင့်ပစ်ရန် ဟန်ပြင်သည်။ ဤအခိုက်မှာပင် သူ့ခေါင်းထဲသို့ အကြံကောင်းတစ်ခု ဖျတ်ခနဲဝင်လာသည်။ သူသည် စာရွက်ကို အသာအယာလိပ်ကာ သူ့အိတ်ကပ်ထဲသို့ ထိုးထည့်ထားလိုက်သည်။ သူ့စိတ်ကူးသူ သဘောကျလွန်းသဖြင့် သူ့အခန်းသို့ ပြန်လျှောက်လာသည့်အချိန်တွင် တစ်လမ်းလုံး ပြုံးလာမိသည်။

နောက်တစ်နေ့တွင် သူသည် ဆမ်မီနှင့်အတူ ကင်တင်းသို့သွား၍ နေ့လယ်စာ စားသည်။ အာလာပသလ္လာပ စကားပြောသည်။ သူ သိချင်သော အချက်များနှင့် အကြောင်းအရာများကို လိမ္မာပါးနပ်စွာဖြင့် နှိုက်ထုတ်သည်။ ထို့နောက် အလွန်အရေးကြီးသော ကိစ္စတစ်ခုရှိသည်ဟု အကြောင်းပြကာ စတန်လေနှင့် တွေ့ခွင့်တောင်းသည်။ စတန်လေ၏ ရုံးခန်းထဲတွင် အချိန်အတော်ကြာကြာ နေထိုင်ပြီး စကားပြောခွင့်ရသည်။

ထိုညနေ ခြောက်နာရီ အလုပ်ဆင်းချိန်တွင် စတန်လေ၊ ကလက်ဂ်နှင့် ဂျိုးတို့သည် ဝင်ပေါက်တံခါးဝ၌ ရပ်စောင့်နေကြသည်။ စတန်လေ၏မျက်နှာသည် စိတ်တို စိတ်ဆိုးနေသဖြင့် နီရဲလျက်ရှိရုံမျှမက ခက်ထန်တင်းမာနေသည်။ ဆမ်မီ ထွက်လာသည်ကို မြင်သောအခါ သူ့လက်တစ်ဖက်ဖြင့် ဆန့်တန်းပြီး တားသည်။

'ဟော့ .... ပေါတာဖီးလ်၊ မင်းက ငါ့လုပ်ငန်းကိုပျက်အောင် လှုံ့ဆော်တဲ့ စာတမ်းတွေ ဝေနေတယ်လို့ သိရတယ်'

ဆမ်မီသည် စတန်လေ၏စကားကို နားမလည်။

'ဘာပြောတယ်' ဟု ရေရွတ်ကာ အားလုံးကို ကြည့်နေသည်။

'မင်း ငြင်းဖို့မကြိုးစားနဲ့' ဟု စတန်လေက ဒေါသတကြီး ပြောသည်။



'ငါ အားလုံးသိပြီးပြီ၊ မင်းနဲ့ မင်းပထွေး ကားလ်မတ်စ်ဆိုတဲ့ကောင်ဟာ ဓာတ်ရှုပ်ချင်ကြတယ်၊ ငါ မင်းကို အစကတည်းက မသင်္ကာခဲ့တာ၊ အခုမှပဲ လက်ပူးလက်ကြပ် မိတော့တယ်'

'ကျုပ် ဘာလုပ်လို့လဲ၊ ဘာမှ မလုပ်ခဲ့ပါဘူး' ဟု ဆမ်မီက တအံ့တသြ လေသံဖြင့် ပြန်ပြောသည်။

'မင်းဟာ လူလိမ်ပဲ' ဟု စတန်လေက အော်သည်။

'မင်း စာရွက်တွေ ဝေနေတာကို မြင်ရက်သားနဲ့ ဘာမှမပြောဘူး၊ မင်း အိတ်ကပ်ထဲမှာ ဘာလဲ'

ပြောပြောဆိုဆို စတန်လေက ဆမ်မီ၏ ဂျက်ကက်အင်္ကျီထဲမှ စာရွက်တစ်ရွက်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

'ဒီမှာတွေ့လား မင်းက ဘာမှမလုပ်ဘူးလို့ ပြောတယ်၊ ဒါဟာ သက်သေခံပစ္စည်းပဲ၊ မင်း ငါ့လုပ်ငန်းကို ပျက်စီးအောင် လုပ်နေတဲ့ကောင်၊ ငါ မင်းကို အခုချက်ချင်း အလုပ်ကထုတ်လိုက်ပြီ၊ မင်း ရသင့်တဲ့ လုပ်ခငွေကို မစ္စတာဒိုဘီဆီက ထုတ်သွား၊ မင်းရဲ့ ဂျာမန်ဘက်တော်သား မျက်နှာကို နောက်ထပ် မမြင်ချင်ဘူး'

'မဟုတ်သေးပါဘူး မစ္စတာစတန်လေ၊ ကျုပ်ပြောတာကို နားထောင်ပါဦး' ဟု ဆမ်မီက အော်သည်။

သို့သော်လည်း စတန်လေက နားမထောင်။ သူသည် ဆမ်မီအား ကျောပေးကာ ဂျိုးနှင့် ကလက်ဂ်တို့အားခေါ်၍ ထွက်သွားသည်။ ဆမ်မီသည် ကြမ်းပေါ်၌ လွင့်ကျကျန်ရစ်ခဲ့သော စာရွက်ကို ကောက်ယူပြီး ဖတ်ကြည့်သည်။ နောက်ငါးမိနစ်ခန့်အကြာတွင် သူသည် စက်ရုံအပြင်သို့ ထွက်လာသည်။ အလုပ်သမားများသည် ဂိတ်ဝမှရပ်၍ စောင့်နေကြသည်။ ဒေါသတကြီး အော်သံတစ်သံ ကြားရသည်။

'ဒီမှာဟော့...ဂျာမန်ဘက်တော်သား ရောက်လာပြီ၊ ဒီခွေးမသားကို ကောင်းကောင်း ဆုံးမကြရအောင်'

အလုပ်သမားများသည် ဆမ်မီအား ဝိုင်းထားကြသည်။ ဆမ်မီက ....

'ငါ ပြောမယ်၊ နားထောင်ကြပါဦး၊ ငါ ဘာမှမလုပ်ဘူး၊ ငါ့ကို သက်သက်မဲ့အထင် ....'

သံမဏိချိန်းကြိုးတစ်ချောင်းသည် သူ့နားထင်ကို လာထိသည်။ ဆမ်မီက သူ့ကိုယ်သူ ကာကွယ်ရန် ကြိုးစားသည်။ ထိုအခိုက်မှာပင် အလုပ်သမားတစ်ယောက်က သူ့တင်ပါးကို တအားဆောင့်ကန်လိုက်သည်။ သူသည် ဒူးထောက်လျက် လဲကျသွားသည်။

'ဂျာမန်ဘက်တော်သား ဝက်သိုးကောင်' ဟူသော ပြောသံဆိုသံများနှင့် ဆဲဆိုသံ၊ ကျိန်ဆဲသံများ ကြားနေရ၏။ နောက်ဆုံးတွင် တစ်ယောက်တစ်ချက် ဝိုင်း၍ ကန်နေကြသည့်ဒဏ်ကြောင့် ဆမ်မီသည် သတိလစ်သွားလေ၏။

ထို့နောက် သီတင်းသုံးပတ်မျှအကြာတွင် ဂျိုးဂိုလန်သည် ဆမ်မီ၏ထံသို့ လူနာမေးရန် ရောက်လာသည်။ ဆမ်မီသည် အခုအချိန်ထိ အိပ်ရာပေါ်မှ မထနိုင်သေး။ ကျိုးသွားသည့် ညာဘက်ခြေထောက်ကို ပလာစတာ ကိုင်ထားရသည်။ ကျိုးသွားသည့် နံရိုးများကိုလည်း ပလာစတာ ကိုင်ထားရ၏။ တစ်မျက်နှာလုံးမှာလည်း ဒဏ်ရာဒဏ်ချက်များဖြင့် ပြည့်နေသဖြင့် ပတ်တီးများ စီးထားရလေသည်။

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ယုံကြည်နိုင်စရာတောင် မရှိဘူး' ဟု ဂျိုးက စိတ်မကောင်းသည့်လေသံဖြင့် ပြောသည်။

'အခု သူတို့က ကျွန်တော့်ကို ခင်ဗျားနေရာမှာ အစားထိုးခန့်လိုက်ပြီ၊ စိတ်မကောင်းစရာပဲဗျာ၊ ခင်ဗျားကလည်း ဘာပြုလို့ ဒီလိုလုပ်ရတာလဲ'

အမှန်တော့ ဂျိုးသည် ဆမ်မီထံ မလာမီကတည်းက "ယာရီးသတင်းစာ" ထဲမှ သတင်းတစ်ခုကိုဖတ်ပြီး အမှတ်တရ ဖြတ်ယူထားခဲ့ပြီးပြီ။ သတင်းမှာ "ဗြိတိသျှ အလုပ်သမားများက လူဆိုးတစ်ယောက်အား ဆုံးမလိုက်ခြင်း" ဟူသော သတင်း ဖြစ်၏။ သတင်းအဆုံးတွင် "စက်ရုံအုပ်ချုပ်ရေးမှူးတာဝန်နှင့် လက်နက်ငယ်များ ထုတ်လုပ်မှု စက်ရုံဖိုမင် တာဝန်များကို မစ္စတာဂျိုးဇက်ဂိုလန်က တာဝန်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်" ဟု ဖော်ပြထားသည် မဟုတ်ပါလား။

ဂျိုး ပြန်သွားသည့်အခါ ဆမ်မီသည် သူ့ဘေး၌ချထားသည့် စာအုပ်ကို ယူ၍ ဖတ်နေသည်။ စာအုပ်မှာ ကားလ်မတ်၏ စာအုပ် ဖြစ်သည်။ စာအုပ်ကို အလွန်ဂရုစိုက်၍ ဖတ်နေသော်လည်း ရေးထားသည့် အကြောင်းအရာများကိုမူ သူ လုံးဝနားမလည်ချေ။

ဤကိစ္စ ဖြစ်ပွားခဲ့ပြီးနောက်တွင် ဂျိုး၏ ဂုဏ်သိက္ခာသည် များစွာမြင့်မားလာသည်။ စဟာန်လေအဖို့ ဂျိုးသည် အလွန် ရိုးသားဖြောင့်မတ်ပြီး ကျေးဇူးတရားအလွန်စောင့်သိသော လူတစ်ယောက် ဖြစ်နေသည်။ ယင်းကိစ္စ ဖြစ်ပွားခဲ့ပြီးနောက် တနင်္လာနေ့ တစ်မနက်တွင် စတန်လေသည် အလုပ်ခွင်သို့ အချိန်နောက်ကျပြီး ရောက်လာသည်။ သူ ရောက်သည့်အခါ မစ္စတာကလက်ဂ်က သူ အချိန်နောက်ကျပြီးမှ အလုပ်ခွင်သို့ရောက်မည်ဟု ဖုန်းဆက်ထားကြောင်း သိရသည်။ အလုပ်ခွင်၌ ဂျိုးတစ်ယောက်သာလျှင် ရောက်သေး၏။ သူသည် ကလက်ဂ်၏တာဝန် ယူထားရသဖြင့် အလုပ်ခွင်တွင် ဗျာများလျက် ရှိရလေသည်။



စတန်လေသည် သူ့အိုဗာကုတ်အင်္ကျီကြီးကိုချွတ်၍ ချိတ်လိုက်ပြီး သူ့စားပွဲတွင် ဝင်ထိုင်သည်။ လည်စည်းမာဖလာကိုဖြုတ်၍ နီးရာကုလားထိုင်ပေါ် လှမ်းတင်လိုက်ပြီး လက်အိတ်များကိုချွတ်ကာ စားပွဲပေါ်ချလိုက်သည်။ ဖုးလားမှ တစ်ဆင့် ငွေကိုင်စာရေး ဒေါ့စ်ဘီအား ခေါ်ခိုင်းသည်။ ထို့နောက် သူ့အိုဗာကုတ်အင်္ကျီအိတ်ကပ်ထဲသို့နှိုက်၍ တစ်စုံတစ်ရာကိုရှာသည်။ သူ့မျက်နှာတွင် စိတ်တိုသွားသည့် အရိပ်လက္ခဏာ ပေါ်လာသည်။

'အရေးထဲကျမှကွာ၊ ငွေလက်ခံဖြတ်ပိုင်းစာရွက်တွေ ကျန်နေခဲ့တယ်' ဟု ဂျိုးဘက်သို့ လှည့်ကြည့်ပြီး ရေရွတ်သည်။ သူသည် ခေါင်းကို ကုတ်လိုက်သည်။

'ကဲကွာ ....ငါ့ကားကိုယူပြီး အိမ်ကို သွားလိုက်စမ်းပါ၊ ငါ့မိန်းမ လော်ရာကို မေးပါ၊ မနက်စာစားတုန်းက စားပွဲပေါ်မှာ မေ့ကျန်ခဲ့တဲ့စာအိတ် တွေ့သလားလို့၊ တကယ်လို့ အဲဒီမှာမတွေ့ရင် ဧည့်ခန်းထဲက စားပွဲပေါ်မှာ ဖြစ်ချင်ဖြစ်မယ်၊ ကဲကွာ ....မြန်မြန်လေး သွားယူလိုက်စမ်းပါ' ဟု ပြောသည်။

ဂျိုးသည် ရုံးခန်းထဲမှ ကပျာကယာ ပြေးထွက်လာပြီး စတန်လေ၏ ကားဆီသို့ သွားသည်။ စတန်လေ ခိုင်းလိုက်သောကိစ္စကို ဒေါ့စ်အား ပြောပြသည်။ နောက်တစ်မိနစ်ခန့်အကြာတွင် သူတို့မော်တော်ကားသည် ဟစ်လ်တော့ပ်ဂေဟာဆီသို့ မောင်းသွားလျက်ရှိသည်။

အေးမြသော နံနက်ခင်း ဖြစ်၏။ ဆီးနှင်းများသည် တဖွဲဖွဲ ကျဆင်းနေသည်။ လေသည် ဝေ့ယမ်းတိုက်ခတ်လျက်ရှိသည်။ အလုပ်ရုံနှင့် နှစ်မိုင်ခန့်အကွာရှိ ဟစ်လ်တော့ပ်ဂေဟာသို့ ရောက်သည့်အခါ ခြံဝင်းထဲသို့ မောင်းဝင်လာခဲ့ပြီး အိမ်ရှေ့ဆင်ဝင်၌ ရပ်သည်။ ဂျိုးသည် ကားပေါ်မှ ခုန်ဆင်းကာ အိမ်ရှေ့တံခါးဝဆီသို့ ပြေးသွားပြီး ဘဲလ်ကို နှိပ်လိုက်သည်။

ထွက်လာသူမှာ သပ်ရပ်သန့်ရှင်းစွာ ဝတ်စားဆင်ယင်ထားသည့် အိမ်စေအမျိုးသမီးတစ်ယောက်။ ဂျိုးက ဖော်ရွေသောအပြုံးဖြင့် နှုတ်ဆက်သည်။ ဂျိုးသည် ဘယ်သူ့ကိုမဆို တရင်းတနှီးဖြစ်သွားအောင် လုပ်တတ်သူ ဖြစ်သည်။

'ကျွန်တော် စက်ရုံက လာတာပါ' ဟု ဂျိုးက ပြောသည်။

'မစ္စက်စတန်လေမီလင်တန်နဲ့ တွေ့ဖို့လာတာပါ'

အိမ်စေက သူ့အား ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ သူသည် ဆောင်းမီးဖိုဘေး၌ရပ်ကာ မစ္စက်စတန်လေ ရောက်အလာကို စောင့်သည်။ သူသည် လှလည်းလှပ ပါးတစ်ယောက် ဖြစ်သည့်အားလျော်စွာ ကုလားထိုင်များကို မြင်ရုံမျှဖြင့် ထိုင်ချင်စိတ် ရှိနေသော်လည်း မထိုင်၊ မတ်တတ်ရပ်လျက်သာ စောင့်နေသည်။ သူသည် ဧည့်ခန်းကိုကြည့်ကာ များစွာသဘောကျလျက်ရှိ၏။ နံရံထက်

တွင်လည်း ပန်းချီကားတစ်ချပ်သာလျှင် ချိတ်ဆွဲထားသည်ဖြစ်ရာ ဤသည်မှာလည်း ဤဧည့်ခန်း၏ ထူးခြားချက်တစ်ခု ဖြစ်နေပေသည်။

သူ ဧည့်ခန်းကို လေ့လာနေခိုက်မှာပင် အခန်းထဲသို့ လော်ရာ ဝင်လာသည်။ သူသည် လှေကားမှ ဖြည်းဖြည်းချင်း ဆင်းလာခြင်း ဖြစ်၏။ သူမ၏အကြည့်သည် ထည်ဝါခန့်ညားလှ၏။ သူမသည် ဂျိုးအား သိပ်ပြီး အရေးမထားသည့် မျက်နှာထားဖြင့် လှမ်းကြည့်သည်။

'အင်း .... ဆိုပါဦး၊ ဘာကိစ္စလဲ'

ဂျိုးသည် ထစ်တီးထစ်ငေါ့ဖြင့် အဖြေပေးသည်။

'ကျွန်တော် ဟို .... ဟို .... ပြေစာတွေ လာယူတာပါ၊ မစ္စတာစတန်လေက မနက်စာ စားပွဲပေါ်မှာ သူ ကျန်ခဲ့တဲ့ စာရွက်တွေ ယူခိုင်းလိုက်လို့ပါ ခင်ဗျာ'

'ဪ .... ဟုတ်လား' ဟု ရေရွတ်ကာ လော်ရာက သူ့အား ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။ သူသည် လော်ရာ၏ စူးစူးဝါးဝါးကြည့်ခြင်းကို မခံနိုင်။ မျက်နှာတစ်မျက်နှာလုံး နီရဲလျက်ရှိ၏။ ဘာပြော၍ ဘာလုပ်ရမည်ကိုလည်း မသိ။ ကြောင်တီးကြောင်တောင် ဖြစ်လျက်ရှိသည်။

'ဒါနဲ့ နေပါဦး၊ ကျွန်မ ရှင့်ကို အရင်တုန်းက တစ်နေရာရာမှာ မြင်ဖူးခဲ့သလိုလိုပဲ' ဟု လော်ရာက မေးသည်။

'ကျွန်တော် တစ်ချိန်တုန်းက မစ္စက်စတန်လေနဲ့ တွဲပြီးကခဲ့ဖူးပါတယ်' ဟု ဖြေသည်။

'ဪ .... ဟုတ်ပြီ၊ ကျွန်မ အခုမှ မှတ်မိတယ်'

ဂျိုးသည် ထိုအခါကျမှပင် ရယ်နိုင်ပြုံးနိုင် ဖြစ်လာသည်။

'ကျွန်တော်ကတော့ မေ့မသွားပါဘူး ခင်ဗျာ၊ အဲဒီတုန်းက ကခဲ့တာလေးကို ကျွန်တော့်တစ်သက်မှာ ဘယ်တော့မှ မေ့မသွားနိုင်ပါဘူးခင်ဗျာ' ဟု ပြန်ပြောသည်။

လော်ရာသည် ဂျိုးအပေါ်၌ စိတ်ဝင်စားလျက်ရှိသည်။ သူမ၏ မျက်စိထဲတွင် ဂျိုးသည် လူချောတစ်ယောက် ဖြစ်နေသည်။ အပြာရောင်ဝတ်စုံနှင့် အလွန်ကြည့်ကောင်းသည့် လူချောလူလှတစ်ဦး ဖြစ်နေသည်။ ဂျိုး၏ ခွေလိပ်နေသော ဆံပင်များနှင့် အနက်ရောင် မျက်လုံးများသည် သူမအား ဆွဲဆောင်လျက်ရှိသည်။

'စတန်လေက ရှင့်အကြောင်းကို ဟိုနေ့ကပဲ ပြောသေးတယ်' ဟု လော်ရာက ပြောသည်။

'ရှင် လုပ်တာကိုင်တာ သိပ်တော်တယ်တဲ့၊ ဟိုအမျိုးသမီးတစ်ယောက်ရဲ့ စွန့်ပစ်မှုကို ခံခဲ့ရတယ် မဟုတ်လား'



'ဟုတ်ပါတယ်၊ အခုတော့ အဲဒီကိစ္စက ပြီးသွားပါပြီ'

သူမက ဘာမှပြန်မပြောဘဲ ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ ....

'ကျွန်မ စာရွက်တွေ သွားယူလိုက်ဦးမယ်' ဟု ပြောကာ တံခါးဆီသို့ လျှောက်သွားသည်။ လမ်းခုလတ်ရောက်ခါမှ ဖျတ်ခနဲလှည့်ကြည့်ပြီး ....

'တစ်ခုခု သောက်ပါဦးလား' ဟု မေးသည်။

'ကျွန်တော် မနက်ခင်းဆိုရင် မသောက်တတ်ဘူးခင်ဗျ' ဟု ဂျိုးက အဖြေပေးသည်။

'ကျွန်တော် အလုပ်ပျက်မှာစိုးလို့ပါ'

လော်ရာကတော့ သူ ပြောလိုက်သည့်စကားကို မကြားသည့်နှယ်။ အရက်ဗီရိုဆီသို့သွားကာ ဝီစကီနှင့် ဆိုဒါ စပ်ပေးသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။ သူသည် ဝီစကီကို တစ်ငုံချင်း သောက်နေသည်။ ထိုအခိုက်မှာပင် လော်ရာ ပြန်ရောက်လာပြီး စာရွက်များကို လှမ်းပေးသည်။

'ကဲ .... ရော့၊ ရှင်ပြန်ချင်ပြီ မဟုတ်လား'

'ဟုတ်ကဲ့ပါ .... မစ္စက်စတန်လေ'

ပြန်၍ တိတ်ဆိတ်သွားသည်။ လော်ရာသည် မီးဖိုဆီသို့ ငေးကြည့်နေသည်။ ဂျိုးက လော်ရာအား သတိထား၍ကြည့်နေသည်။ လော်ရာသည် လှသည် မဟုတ်။ မျက်နှာက ဖြူရော်ရော် ဖျော့တော့တော့။ ဆံပင်က နက်မှောင်မှောင်။ ကိုယ်လုံးကိုယ်ပေါက်က ထူးထူးခြားခြားမရှိ။ တောင့်တောင့်ဖြောင့်ဖြောင့်တော့ ရှိ၏။ လှပသည်ဟုတော့ မဆိုသာ။ သို့သော်လည်း ပြင်ဆင်ဝတ်စားထားပုံများကတော့ တစ်မူထူးခြားသည်မှာအမှန်။ မည်သို့ပင်ဖြစ်စေ လော်ရာသည် အလွန်စီးကြောင်သည့် မိန်းမတစ်ယောက် ဖြစ်လိမ့်မည်ဟု ခန့်မှန်းသည်။ ဂျိုးသည် လော်ရာ၏စိတ်ထဲတွင် ဘယ်လိုနေလိမ့်မည်နည်းဟု မတွေးဘဲမနေနိုင်။

သို့သော်လည်း သူ့လက်ထဲမှ ဝီစကီသည် ကုန်သွားပြီ။ နောက်ထပ် ကြာကြာဆက်နေရန် ပြစရာအကြောင်းကမရှိ။ သူသည် လက်ထဲမှ ဖန်ခွက်ကို ပြန်ချလိုက်ပြီး ....

'ကျွန်တော် အလုပ်ကိုပြန်မှ ဖြစ်တော့မယ်' ဟု ပြောသည်။

လော်ရာက ဘာမှပြန်မပြောသော်လည်း ဂျိုးအား မော့ကြည့်ပြီးပြုံးသည်။ သူမ၏လက်ကို ဂျိုးဆီသို့ ဆန့်တန်းပေးသည်။ ဂျိုးက ဆွဲ၍နှုတ်ဆက်သည်။ နောက်တစ်မိနစ်ခန့်တွင် သူသည် အိမ်ပြင်သို့ရောက်လာသည်။

သူသည် ကားထဲသို့ ဝင်ထိုင်သည်။ သူ့ခေါင်းသည် ရီဝေဝေ မူးနောက်နောက် ဖြစ်နေသည်။ သူ သေသေချာချာတော့ မသိ။ သူ့ကို လော်ရာက သဘော

ကျနေပြီဟုထင်၏။ ဖြစ်မှ ဖြစ်နိုင်ပါမလား။ သူ့စိတ်ကူးသည် အရူးစိတ်ကူးများ ဖြစ်နေမလား။ သူရုပ်ရည်နှင့် အပြုအမူများသည် မိန်းမများအား ဆွဲဆောင်မှု ရှိနေသည်ကတော့ သေချာ၏။ သူ လမ်းပေါ်၌ လျှောက်လာနေသည့်အခါများ တွင် သူ့အား နှစ်ခြိုက်သဘောကျသည့် မျက်လုံးများဖြင့် စိုက်ကြည့်သွားတတ် သည့် မိန်းမများကို သူ မကြာခဏ သတိထားခဲ့မိသည် မဟုတ်ပါလား။

လော်ရာသည် ထူးထူးခြားခြား ဘာတစ်ခွန်းမှမပြော။ အမူအရာအားဖြင့် လည်း ဘာတစ်ခုမှ မဖော်ပြ။ သူမ၏အမူအရာသည် သူမကိုယ်သူမ ထိန်းချုပ် ထားသည့်သဘောရှိ၏။ ဘာပဲဖြစ်ဖြစ် ဂျိုးသည် မိန်းမတို့၏ သဘောမနောကို ကောင်းစွာသိသူ ဖြစ်သည်။ လော်ရာ၏ မျက်လုံးအစုံတွင် ရင်ထဲ၌ ထိန်းချုပ်ထား ရသည့် မီးတောက်လေးတစ်ခုကို သူ မြင်ခဲ့ရသည် မဟုတ်ပါလော။

အကယ်၍ သူ ထင်မြင်ချက်သည် မှန်ခဲ့ပါက သူ့အဖို့ ကံဇာတာတက် ခြင်းပင် ဖြစ်သည်။ သူသည် လော်ရာလို အထက်တန်းလွှာမှ အမျိုးသမီးတစ် ယောက်က သူ့အား "ကျ" နေသည်ကို တမ်းတနေခဲ့သူ ဖြစ်၏။ ဂရိန်းဂျားလမ်းမ ပေါ်မှ လျှောက်သွားသည့်အခါများတွင် လမ်းသွားလမ်းလာ လူအများကြားမှ ဖြတ်သန်းသွားကာ စတိုးဆိုင်ကြီးများအတွင်းသို့ ဝင်သွားသည့် အထက်တန်းစား မိန်းမများကို သူ မြင်ခဲ့ဖူး၏။ သူတို့ထံမှ သင်းပျံ့မွှေးကြိုင်သော အမွှေးနံ့သာ ပေါင်းစုံကို ရှူရှိုက်ခဲ့ရဖူး၏။ ထိုအခါမျိုးတွင် ဂျိုး၏ စိတ်ထဲ၌ တစ်နေ့နေ့ တစ် ချိန်ချိန်ကျလျှင် ထိုမိန်းမစားမျိုး တစ်ယောက်ကို အရချိုင်မည်ဟု စိတ်ကူးပေါ်ခဲ့ သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဂျိုးသည် သူ့ကိုယ်သူတော့ အထင်ကြီးလာသည်။ ကား၏ နောက်ကြည့်မှန်ထဲမှ သူ့ရုပ်ကို ဂရုတစိုက်ကြည့်သည်။ လှိုင်းထနေသော ဆံပင်ကို အသာအယာ လက်နှင့်သပ်ကာ သူ့ရုပ်သူ အံ့ဩချီးမွမ်းနေမိသည်။ အလုပ်ရုံသို့ ရောက်သည့်အခါ သူ ယူလာသည့် စာရွက်များကို စတန်လေလက်သို့ ပေးလိုက်ပြီး သူ့အလုပ်ခွင်သို့ဝင်သည်။

ထို့နောက်တော့ ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လာသော်လည်း လော်ရာနှင့်ပတ်သက်၍ ထူးခြားသောဖြစ်ရပ်ဟူ၍ တစ်ခုမှပေါ်မလာ။ သူ့အပေါ် လော်ရာ၏ စိတ်ဝင်စားမှုသည် တစ်နည်းတစ်ဖုံ ပေါ်လာလိမ့်မည်ဟု မျှော်လင့် ထားခဲ့၏။ သို့သော်လည်း ဘာတစ်ခုမှ ပေါ်မလာသဖြင့် စိတ်ပျက်လာသည်။ သူ ထင်ခဲ့မိတာ မှားလေပြီလား။ လော်ရာ၏အကြည့်နှင့် အမူအရာများသည် သူ့ကို သဘောကျနေသည်ဟု ထင်စရာရှိ၏။ အခုပုံဆိုပါက ထိုအထင်သည် လွဲမှားပြီဟု ယူဆရပေတော့မည်။



ထိုအတွေးဝင်လာသည့်အချိန်မှစ၍ သူသည် စိတ်ပျက်လာသည်။ စိတ် ညစ် စိတ်ရှုပ်လာသည်။ အလုပ်ခွင်တွင်လည်း မကြာခဏ ဒေါသအိုးပေါက်ကွဲ တတ်သည်။ ညပိုင်းကျတော့လည်း မဟုတ်တရုတ် အောက်တန်းစားမိန်းမများ နှင့် ဗရုတ်ကျသည်။ ထိုမိန်းမများနှင့် စည်းလွတ်ဝါးလွတ် နေမိသည့်အတွက် နောက်ဆုံး နောင်တရသည်မှာ သူသာလျှင် ဖြစ်၏။

ဤသို့ဖြင့် သုံးလမျှ ကုန်လွန်သွားခဲ့သည်။ နိဝင်ဘာလကုန်ခါနီး အလွန် အေးမြသော ညနေခင်းတွင် ဂျိုးသည် စတန်လေနှင့် ချွတ်ယွင်းချက်ရှိနေသော ပုံစံခွက်များအကြောင်းကို ဆွေးနွေးသည်။ ထိုအခိုက်တွင် လော်ရာသည် ရုံးသို့ ဝင်လာသည်။ လော်ရာသည် သူ့ကားကို အပြင်၌ရပ်ထားခဲ့ပြီး စတန်လေအား သူ့ကို တိုင်နီကပ်ဆဲလ်သို့ ကားမောင်း၍ပို့ပေးရန် လာခေါ်သည်။

စာရွက်တွေ တစ်ထပ်ကြီးနှင့် အလုပ်ရှုပ်နေသော စတန်လေသည် စိတ် မရှည်သည့်မျက်နှာထားဖြင့် မော့ကြည့်သည်။ ဤဆောင်းဦးပေါက်တွင် စတန်လေ သည် ယခင်ကထက်ပို၍ စိတ်တိုလွယ်သည်။ သူ့မျက်နှာမှာလည်း အလုပ်ပင်ပန်း မှုကြောင့် ဖြူရော်ဖျော့တော့လျက် ရှိသည်။

'အလုပ်ဒဏ် ပိနေတယ်' ဟု သူက ပြောသည်။

'မင်းတို့ပဲ စဉ်းစားကြည့်လေ၊ မစ္စတာကလက်ဂ်က ခွင့်ယူထားတော့ သူ့ အလုပ်ကို ငါက ဝင်လုပ်နေရတာ၊ နေဦး လော်ရာ၊ ငါးမိနစ်လောက် စောင့်ဦး၊ မောင် အလုပ်ရှုပ်တာ ဂျိုးဂိုလန်ပဲ သိတယ်၊ မောင့်သေးမှာ မောင်ကလွဲပြီး အလုပ် လုပ်တဲ့လူဆိုလို့ ဂျိုးတစ်ယောက်ပဲရှိတယ်'

ဂျိုးကတော့ ဘေးမှရပ်၍ နားထောင်နေသော်လည်း မျက်လုံးများကိုပင့်၍ လော်ရာဘက်သို့ လှည့်မကြည့်ဝံ့။ သူသည် သူ ယူစရာရှိသည့် စာရွက်များကို ယူ၍ ရုံးခန်းထဲမှ ထွက်သွားသည်။

စတန်လေသည် အားရပါးရ တစ်ချက်သမ်းလိုက်ပြီး လက်ထဲမှ ကလောင် တံကို ပစ်ချလိုက်သည်။

'မောင် သိပ်ပင်ပန်းနေတယ် လော်ရာ' ဟု ပြောသည်။

'မနေ့ညကဆိုရင် အိပ်ရေးဝဝ မအိပ်ခဲ့ရဘူး၊ ဂေါက်မရိုက်ရတာလည်း ကြာပြီ၊ အခုလိုကြီး လုပ်နေရတာဟာ တကယ် စိတ်ပျက်စရာကောင်းတယ်၊ ငွေကတော့ အစုလိုက် အပြုံလိုက် ဝင်နေတာ မှန်ပါတယ်၊ ဒါပေမဲ့ အလုပ်က ဒီလောက်ပင်ပန်းနေတော့ ရတာနဲ့ မကာမိသလို ဖြစ်နေတယ်၊ ကလက်ဂ်ကလည်း အခုထက်ထိ အိပ်ရာပေါ်က မထနိုင်သေးဘူး၊ သူ့ကို အခုလို ခွင့်ရက်ရှည်ကြီး ပေးထားမယ့်အစား သူ့ကို ပင်စင်ပေးလိုက်ပြီး လူသစ်ခန့်ရင် ကောင်းမလားလို့ ဒေါ်စားနေရပြီ'

'လုပ်သင့်တဲ့ကိစ္စပဲ လုပ်ရမှာပေါ့' ဟု လော်ရာက ထောက်ခံသည်။

'ဒါပေမဲ့ ခက်တယ် လော်ရာ၊ စိတ်ချရတဲ့ လူကောင်းတစ်ယောက်ရဖို့က လွယ်ဘူးကွာ၊ အလုပ်ရုံမှာကလည်း ရာထူးတိုးပေးသင့်တဲ့လူတွေက သိပ်များနေတယ်၊ အခုတော့ အပြင်လူ ခေါ်ပြီးခန့်ရင် ကောင်းမလားလို့ စဉ်းစားနေတယ်၊ လာမယ့် တနင်္လာနေ့ကျရင် ကြေညာပြီးခေါ်လိုက်တာ ကောင်းမယ်ထင်ပါရဲ့'

'ရှင် ဘာပြုလို့ ဂျိုးဂိုလန်ကို စမ်းမကြည့်တာလဲ' ဟု လော်ရာက ပြောသည်။

စတန်လေက သူ့မိန်းမအား တအံ့တသြမျက်နှာထားဖြင့် လှမ်းကြည့်သည်။

'ဂျိုးဂိုလန်ကိုလား၊ ဟာကွာ ....ဖြစ်ပါ့မလား' ဟု ရေရွတ်ပြီး ရယ်သည်။

'ဂျိုးကို မောင့်ရဲ့မန်နေဂျာ ခန့်ဖို့ကိစ္စက သိပ်မလွယ်ဘူး လော်ရာရဲ့၊ သူက မကြာသေးခင်ကမှ အလုပ်သမား ဖြစ်လာတာ၊ သူ့ကို မန်နေဂျာ ခန့်လိုက်ရင် လူရယ်စရာ ဖြစ်သွားမှာပေါ့'

'လော်ရာကတော့ ရှင့်အယူအဆကို နားမလည်ဘူး' ဟု ပြန်ပြောပြီး တံခါးဆီသို့ လျှောက်သွားရန် ဟန်ပြင်သည်။

'မဟုတ်ဘူး လော်ရာ၊ ကလက်ဂ်ရဲ့အလုပ်က တာဝန်သိပ်ကြီးတယ်၊ မောင် ရုံးမှာ မရှိတဲ့အခါ အလုပ်ရုံတစ်ခုလုံးကို ကြီးကြပ်ပေးရတာ၊ ဒီအလုပ်နဲ့ ဂျိုးနဲ့ သင့်တော်ပါ့မလားဆိုတာ စဉ်းစားရမှာပဲ'

သူသည် စကားကို ဆက်မပြောဘဲ ရပ်ထားပြီး သူ့မေးစေ့ကို လက်နှင့် ပွတ်နေသည်။

'ဒီကောင်က တော်တော့တော်တာ အမှန်ပဲ၊ လွန်ခဲ့တဲ့ သုံးလအတွင်းမှာ သူ့အကူအညီကို အများကြီးရခဲ့တယ်၊ အလုပ်သမားတွေကလည်း သူ့ကို အတော်ခင်ကြတယ်၊ စိတ်ထားကလည်း မဆိုးဘူး၊ ရိုးသားဖြောင့်မတ်တယ်၊ သစ္စာလည်း ရှိတယ်၊ ဟိုခွေးကောင် ပေါ်တာဖီးလ် ကိစ္စတုန်းကဆိုရင် သူ့ကြောင့် ငါ သိရတာ၊ အေးလေ ....ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ စဉ်းစားသင့်တာတော့ အမှန်ပဲ'

လော်ရာက စိတ်မရှည်ဟန်ဖြင့် သူ့လက်ပတ်နာရီကို ငုံ့ကြည့်နေသည်။

'အို .... ရှင့်စိတ်ကူးကို ဘေးချိတ်ထားလိုက်ပါတော့၊ လော်ရာတို့ သွားဖို့ သင့်နေပြီ'

'နေပါဦးကွာ၊ မောင်ပြောတာ နားထောင်စမ်းပါဦး၊ ဒီကိစ္စဟာ မောင့် အခက်အခဲကို ပြေလည်စေမယ့်ဟာဆိုတော့ စဉ်းစားရမှာပဲ၊ တစ်ဖက်မှာက စစ်က ဖြစ်နေတုန်းပဲ၊ အဲဒီတော့ အလုပ်က ဆက်ရှိနေမှာ၊ ဒီတော့ ဒီကိစ္စမှာ လုပ်သင့်လုပ်ထိုက်တာကို မလုပ်လို့မဖြစ်ဘူး'



'ဒါကတော့ မောင် ကောင်းမယ်ထင်သလိုသာ လုပ်ပေါ့'

'ဟာကွာ ....အဲဒီလိုလည်း မဟုတ်သေးဘူး၊ မောင်လုပ်တာ မှန် မမှန် ကြိုပြီးစဉ်းစားဖို့က လိုသေးတယ်၊ မောင်တို့အနေနဲ့ ဂျိုးကို ညစာဖိတ်ကျွေးပြီး အကဲခတ်ကြည့်ရရင် ကောင်းမလား'

'ဒါတော့ မောင့်သဘောပဲ၊ ဒါပေမဲ့ လော်ရာတို့ သွားစရာရှိတာ အခုသွားမှ ဖြစ်မယ်၊ တော်တော်ကြာ သိပ်နောက်ကျသွားရင် မကောင်းဘူး'

စတန်လေသည် ထိုင်နေရာမှ ကပျာကယာထကာ ကုတ်အင်္ကျီကို ယူဝတ်သည်။ လော်ရာ၏နောက်သို့ ခပ်သုတ်သုတ် လိုက်သွားနေရာမှ စက်ခန်းဘက်သို့ လှမ်းအော်၍ ဂျိုးအား ခေါ်သည်။ ဂျိုးသည် စတန်လေဆီသို့ ဖြည်းဖြည်းမှန်မှန် လျှောက်လာသည်။ စတန်လေသည် လက်များကို ကုတ်အင်္ကျီ လက်မောင်းများအတွင်းသို့ ထိုးသွင်းနေရင်းနှင့် ဂျိုးအား လှမ်းပြောသည်။

'ဟေ့ ....ဂျိုး၊ မင်းကို ကိုယ်ပြောဖို့ မေ့နေတယ်၊ တို့အိမ်မှာ တစ်ညလောက် ညစာလာစားလှည့်ကွာ၊ မနက်ဖြန်ညဆိုရင် ဘယ့်နှယ်လဲ၊ အဆင်ပြေတယ် မဟုတ်လား'

ဂျိုးသည် ရုတ်တရက် ချက်ချင်းမဖြေနိုင်။ အံ့အားသင့်လွန်းသဖြင့် ကြောင်ကြည့်နေသည်။ နောက်ဆုံးကျမှ ....

'ဟုတ်ကဲ့ပါ၊ ရပါတယ်၊ အဆင်ပြေပါတယ်' ဟု ထစ်တီးထစ်ငေါ့ ဖြေသည်။

'အေး ....ဒါဆိုရင် ဒီကိစ္စပြီးသွားပြီ၊ တကယ်လို့ ငါ မေ့နေတယ်ဆိုရင်လည်း မင်း မနက်ဖြန်ည ခုနစ်နာရီခွဲအရောက် အိမ်ကိုလာခဲ့'

ဂျိုးက ခေါင်းညိတ်သည်။

စတန်လေ၏နောက်မှနေ၍ မိမိအား အကဲခတ်နေသော လော်ရာ၏ မျက်လုံးနက်နက်များကိုလည်း သူ သတိထားမိသည်။ စတန်လေတို့ ထွက်သွားသည့်အခါ ဂျိုးသည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ကျန်ရစ်ခဲ့သည်။ သူ၏ ပြင်းထန်သော ရင်ခုန်သံသည် မြန်လှပါဘိခြင်း။ သူသည် ပျော်လွန်းအားကြီးသဖြင့် ခုန်ပေါက်ပြီး အော်ဟစ်ချင်စိတ်ပင် ပေါ်လာသည်။ နောက်ဆုံးကျတော့ သူ မျှော်လင့်ထားသည့်အရာသည် သူ့ထံသို့ ရောက်လာခဲ့လေပြီ။ သူသည် နောက်သို့ပြန်လှည့်ကာ အလုပ်ခွင်ဆီသို့ လျှောက်လာခဲ့လေ၏။

ထိုညတွင် ဂျိုးသည် အိမ်ပြန်ရောက်သည့်အခါ ငြိမ်ငြိမ်ဆိမ်ဆိမ်နေ၍မရ၊ သူ့အကြောင်းကို တစ်ဦးတစ်ယောက်အား ဖွင့်ပြောချင်စိတ် ပြင်းပြလျက်ရှိသည်။ ထူးဆန်းသော အလိုဆန္ဒတစ်ခုကလည်း သူ့အား ဖမ်းယူဆုပ်ကိုင်ထားသည်။

သူသည် ထိုဆန္ဒကို ခုခံတွန်းလှန်နိုင်စွမ်းမရှိ။ သူသည် ဓာတ်ရထားကိုစီးကာ တိုင်နီကပ်ဆဲလ်သို့ ထွက်လာခဲ့သည်။ မကြာခင်မှာပင် သူသည် စကော့ဝုဒ်လမ်းအတိုင်း လျှောက်လာလျက်ရှိသည်။

ဆန်းလေးမိသားစုသည် သူ ရောက်သွားချိန်တွင် ညစာ စားနေကြသည်။ စားပွဲ၌ အဲလ်ဖရက်၊ အေဒါ၊ ကလာရီနှင့် ဖီးလစ္စတို့ ရှိသည်။ ဆယ်လီကတော့ ပြင်သစ်သို့ ခရီးထွက်မည့် သူ့မိတ်ဆွေ တေးဂီတအဖွဲ့သားများ၏ ပါတီပွဲသို့ သွားနေသည်ဟု သိရ၏။ သူတို့အားလုံးက ဂျိုးအား ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်ကြသည်။ သူတို့နှင့်တွေ့ခါမှ ဂျိုးသည် သူ့ကိုယ်သူ ပို၍ ကြီးကျယ်မြင့်မားလာသည်ဟု ထင်မိသည်။

အားလုံးက သူ့အား ညစာဝင်စားဖို့ ဖိတ်ခေါ်ကြသည်။ သူသည် ယခင်က ထိုင်နေကျ ကုလားထိုင်၌ ဝင်ထိုင်သည်။ အေဒါ ထည့်ပေးသည့် ညစာကိုစားရင်း မီလင်တန်စက်ရုံ၌ သူ ရရှိနေသည့် အောင်မြင်မှုအကြောင်းကို ပြောပြသည်။ အဆုံးတွင် သူက ....

'မနက်ဖြန်ညကျရင် ကျွန်တော့်ကို ညစာလာစားဖို့ မစ္စတာစတန်လေတို့ လင်မယားက ဖိတ်ထားတယ်' ဟူသောစကားကို ထည့်ပြောသည်။

သူ့စကားကို နားထောင်ကာ အားလုံးက ချီးမွမ်းကြသည်။ ဂျိုးသည် မွေးကတည်းက ကြွားတတ်ဝါတတ်သောဗီဇပါလာသူ ဖြစ်၏။ အထူးသဖြင့် နားထောင်သူများက သူ ကြွားဝါသမျှကို လက်ခံအားပေးကြသည့်အခါ ပို၍ ကြွားဝါတတ်သူ ဖြစ်သည်။ အခုလည်း သူသည် သူတို့စက်ရုံမှထုတ်လုပ်သည့် ကျည်ဆန်တွေ၊ အမြောက်ဆန်တွေနှင့် ဗုံးတွေအကြောင်းကို အကျယ်ချဲ့ကာ ပြောပြလျက်ရှိသည်။

နောက်ထပ် ယာရိုးတောင်ကုန်းပေါ်ရှိ မြေကွက်လပ်တစ်ခုပေါ်၌ လက်နက်ကိရိယာ စက်ရုံတစ်ရုံ အသစ်တိုးချဲ့ ဆောက်လုပ်ဦးမည် ဖြစ်ကြောင်း၊ ထိုစက်ရုံသစ် ဖွင့်သည့်အခါ မိန်းကလေး အလုပ်သမားတွေ ရာပေါင်းများစွာ ခန့်လိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် ပုံကြီးချဲ့၍ ပြောသည်။ ဂျိုးက ကလာရီနှင့် ဖီးလစ္စတို့ကို ကြည့်၍ ....

'မင်းတို့ ဘာဖြစ်လို့ အဲဒီမှာ ဝင်မလုပ်ဘဲ နေကြမှာလဲ၊ အခု မင်းတို့ စလက်တာရီးဆိုင်မှာ ရနေတဲ့ လုပ်ခထက် သုံးဆပိုရမှာကွ သိလား' ဟု ပြောသည်။

အေဒါသည် ဂျိုး၏ စကားများအပေါ်တွင် များစွာ စိတ်ဝင်စားနေသည်။

'တကယ်ပြောတာလား ဂျိုးရယ်' ဟု မေးသည်။

'ဘာပြောတယ်၊ တကယ်ပြောတာလားတဲ့၊ အသေအချာသိထားလို့ ပြောနေတာ'



အေဒါအဖို့တော့ စဉ်းစားစရာ ဖြစ်လာသည်။ တိုင်နီကပ်ဆဲလ်တွင် အိမ်သုတ်ဆေးလုပ်ငန်းသည် ယခင်ကလောက် မကောင်း။ သိသိသာသာ ကျဆင်းနေသည်။ ကလာရီနှင့် ဖီးလစ္စတို့ ရနေသည့် လုပ်ခကလည်း များများစားစား မဟုတ်။ တကယ်တော့ သူတို့အိမ်၏ဝင်ငွေ မလုံမလောက် ဖြစ်နေသည်မှာ ကြာခဲ့ပြီ မဟုတ်ပါလား။

'မင်းကွယ် .... ဒီအလုပ်နဲ့ ပတ်သက်လို့ လူလိုပြီဆိုတာ အသေအချာသိရင် တို့ဆီ သတင်းပို့ပါ' ဟု အေဒါက ပြောသည်။

အေဒါတွင် အမြဲတစေ အားနည်းချက်တစ်ခုရှိသည်။ ဂျိုးအပေါ်တွင် မိခင်စိတ် ထားရှိနေခြင်း ဖြစ်၏။ ယနေ့ညအဖို့ အေဒါ၏မျက်စိထဲတွင် ဂျိုးသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ချောမောလှပနေသည်။ သူသည် ဂျိုးကို ကြည့်၍ သက်ပြင်းချသည်။ သူသည် ဂျိုးအား သမက်တော်လိုသူ ဖြစ်၏။ ဂျင်နီက ဂျိုးအား စွန့်ခွာသွားခြင်းအတွက် သူသည် များစွာ ယူကျုံးမရ ဖြစ်ခဲ့သည်။ ဂျင်နီက ခွာသွားကာမှ ဂျိုး၏ အခြေအနေသည် များစွာ တိုးတက်လာခဲ့၏။ ထိုအဖြစ်သည် အေဒါအတွက် စိတ်ထိခိုက်စရာတစ်ခု ဖြစ်နေခဲ့လေသည်။

ကလာရီနှင့် ဖီးလစ္စတို့သည် ညစာစားအပြီးတွင် အခန်းထဲမှ ထွက်သွားကြသည်။ အဲလ်မှာ နောက်ဖေးဘက်တွင် သူ့ခိုများကို အစာကျွေးနေသည်။ အခန်းထဲတွင် အေဒါနှင့် ဂျိုးသာ ကျန်ရစ်ခဲ့သည်။ အေဒါသည် ဂျိုးကို ဝမ်းနည်းသော မျက်နှာထားဖြင့် လှမ်းကြည့်နေသည်။

'မင်း ဂျင်နီအကြောင်း ဘာမှမကြားဘူးထင်တယ်' ဟု စကားစသည်။

'မကြားဘူး' ဟု ပြောကာ စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိကာ အလုပ်ရှုပ်နေဟန်ပြုသည်။

အေဒါက သက်ပြင်းချပြန်သည်။

'သူ နောက်လထဲမှာ မီးဖွားလိမ့်မယ်၊ ငါ သူ့ဆီသွားပြီး စောင့်ပေးရလိမ့်ဦးမယ်၊ ဒီဇင်ဘာလဆန်းလောက်ဆိုရင် သွားရမှာ'

ဂျိုးသည် ဆေးလိပ်သီးသွားသဖြင့် ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ တစ်မျက်နှာလုံး နီရဲလာသည်။ ချောင်းဆိုးနေသည့်ကြားမှပင် ....

'လူတစ်ယောက် တိုးလာတော့မယ် ဆိုပါတော့' ဟု စိတ်မပါတပါ ရေရွတ်သည်။

အေဒါက ခေါင်းညိတ်သည်။

'ဂျင်နီအဖြစ်က သနားစရာပါ' ဟု ပြောသည်။

'သူ့ယောကျ်ားကလည်း စစ်ထဲဝင်တော့မှာ၊ အဲဒီလိုဆိုရင် သူ ဘာဖြစ်

မလဲ မစဉ်းစားဝံ့ဘူး၊ သူ့ဒုက္ခက သိပ်မသေးဘူး၊ သူ့ယောကျ်ားက ကျောင်းဆရာ အလုပ်က ထုတ်ပစ်တာခံရတယ်'

ဂျိုးသည် နောက်တစ်ကြိမ် ချောင်းဆိုးပြန်သည်။ ထို့နောက် အေဒါသည် ဂျိုးနှင့် အတွင်းကျကျစကားများ ပြောဖြစ်သည်။ အလွန်ရင်းနှီးသောစကားများ ဖြစ်၏။ ဂျိုး ပြန်တော့မည်အပြုတွင် အေဒါသည် များစွာ စိတ်သက်သာမှုရှိနေ သည်။ ဂျိုး အလည်လာမှုသည် သူ့အတွက် အစစအရာရာ အဆင်ပြေသွားသည် ဟု အေဒါက ယူဆသည်။

ဂျိုးသည် ဘိချ်လမ်းသို့ ပြန်လာခဲ့သည်။ သူ့မျက်နှာတွင် ထူးခြားသော အရိပ်အငွေ့များ ထင်ဟပ်နေသည်။ နောက်တစ်နေ့တွင် သူသည် ညစာသွားစား ရမည့် ကိစ္စမှတစ်ပါး အခြား ဘာကိုမှမတွေးနိုင်။ အလုပ်ပိတ်ချိန်တွင် သူသည် ဂရစ်ဂ်၏ ဆံပင်ညှပ်ဆိုင်သို့သွား၍ မုတ်ဆိတ်ရိတ်သည်။ ထို့နောက် အိမ်ပြန်ပြီး ရေမိုးချိုးသည်။ ရေချိုးကန်ထဲ၌ တစ်ကိုယ်လုံးစိမ်ရင်း လေတချွန်ချွန်ဖြင့် လက် သည်းများကို ညှပ်သည်။ ဤညအဖို့ မိမိအတွက် အကောင်းဆုံးတွေ ရောက်လာ တော့မည်ဟု တွေးသည်။

ရေချိုးပြီးသည့်အခါ ဂျိုးသည် သူ၏ အကောင်းဆုံးဝတ်စုံကို ဝတ်သည်။ သူ့ဝတ်စုံသည် မီးခိုးရောင်ဖျော့ဖျော့ဖြစ်၍ တေးသံစုံ ဟာသဇာတ်မြူးရုပ်ရှင်ကား ဝတ်စုံပုံစံကို အတုယူ၍ ချုပ်ထားခြင်းဖြစ်၏။ သူ့အနေဖြင့် ညစာဝတ်စုံတစ်စုံ အသစ်တစ်ထည် ချုပ်ချင်လှပါ၏။ သို့သော်လည်း လောလောဆယ် မချုပ်နိုင် သေး။ နောက်တစ်ကြိမ် မစ္စတာစတန်လေ ဖိတ်မည့် ညစာစားပွဲကျလျှင်တော့ ညစာဝတ်စုံကောင်းကောင်းနှင့် တက်နိုင်ကောင်းပါရဲ့။

သူသည် အဝတ်အစားလဲအပြီးတွင် သူ့ရုပ်သူ မှန်ထဲ၌ ကြည့်သည်။ ရုပ်ကတော့ သားနားခံ့ညားလှပါဘိသည်။ သူသည် မပြုံးဘဲမနေနိုင်။ ဝမ်းဝမ်း တသာပြုံးမိသည်။ 'နောက်ဆုံးကျတော့ မင်းရောက်ချင်တဲ့ အသိုင်းအဝိုင်းထဲကို ခြေချနိုင်တော့မယ်၊ ဒါ အစပဲ၊ ကိုယ့်ကိုယ်ကို သတိထားပြီး လုပ်ပေတော့၊ မင်းရဲ့ တက်လမ်းကို ဘယ်အရာကမှ တားဆီးလို့ မရပါဘူး' ဟုလည်း သူ့ကိုယ်သူ ပြောလိုက်မိလေသည်။

ထို့နောက်တော့ ဂျိုးသည် ဟစ်လ်တော့ပ်ဂေဟာသို့ သွားရာလမ်းပေါ်၌ လျှောက်သွားလျက်ရှိသည်။ သူသည် သူ့မျက်နှာထားကို တည်ငြိမ်အေးဆေးစွာ ထားသည်။ တကယ့်လူကြီးလူကောင်းပုံပေါက်နေအောင် အထူးသတိထားနေ နေသည်။ သူ့ခြေလှမ်းများသည် တခံ့တညားရှိလှ၏။ လောကကြီးကို အနိုင်ယူ တော့မည်ဟူသောဟန်၊ မာန်အပြည့်ရှိနေသည့် ခြေလှမ်းများ ဖြစ်လေသည်။



ဂျိုးအား ဆီးကြိုပြီး ဧည့်ခန်းထဲသို့ ခေါ်သွားသည်မှာ ယခင်တစ်ခေါက် သူ လာစဉ်က ကြိုဆိုသော ဘက်ဆီ အမည်ရှိ အိမ်စေမိန်းမပင် ဖြစ်သည်။ လော်ရာသည် ဆောင်းမီးဖိုဆောင်ကို လက်တစ်ဖက်နှင့် လှမ်းကိုင်ကာ ခြေတစ်ဖက် ကို မီးကင်လျက်ရှိသည်။ လော်ရာသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား သည်။ အခုလိုကျပြန်တော့ ဆောင်းမီးဖိုရောင်တွင် လော်ရာသည် တစ်မျိုးလှနေ သည်ဟု သူ ထင်မိသည်။ သူသည် လော်ရာအနီးသို့ လျှောက်သွားပြီး တလေး တစား နှုတ်ဆက်သည်။

ထို့နောက်တော့ ဂျိုးသည် အူတိအူကြောင်ဖြစ်ကာ ဘာလုပ်၍ ဘာကိုင် ရမည်မှန်းမသိ ဖြစ်လာသည်။ လော်ရာ၏ မလှုပ်မချောက်နိုင်မှုသည် သူ့အတွက် အနေရအထိုင်ရ ခက်စေသည်။ သူ့လက်ဖဝါးများကိုပွတ်၍ ခေါင်းမှဆံပင်ကို သပ်လိုက်သည်။ နက်ကတိုင်ကို အနည်းငယ်ပြုပြင်ပြီး တပ်သည်။ ပြီးတော့ ပြုံးလိုက်သည်။

'ဒီနေ့ တော်တော့ကို အေးတာပဲ၊ ဒီနှစ်ထဲမှာ အအေးဆုံးပဲ၊ ဒီညတော့ အပြင်မှာ ရေခဲလိမ့်မယ်ထင်တယ်'

လော်ရာသည် မီးကင်နေသော ခြေထောက်ကို ပြန်သိမ်းကာ နောက် တစ်ဖက်ကိုမြှောက်၍ မီးကင်ပြန်သည်။ သူ့အလုပ်ပြီးခါမှ ....

'ဟုတ်လား' ဟု ရေရွတ်သည်။

လော်ရာ၏ အပြုအမူသည် မိမိအား ပမာမခန့်လုပ်နေခြင်း ဖြစ်သည်ဟု ဂျိုးက ထင်သည်။ သူ့စိတ်ထဲတွင် မခံချိမခံသာ ဖြစ်လျက်ရှိ၏။ သူ့ဘဝတွင် လော်ရာလို မိန်းမစားမျိုးကို အခုမှတွေ့ဖူးခြင်း ဖြစ်သည်ဟုလည်း သူ တွေးသည်။

'ဒီည ကျွန်တော့်ကို အခုလို ညစာစားဖို့ ဖိတ်တဲ့အတွက် ကျေးဇူးသိပ်တင် တာပဲ၊ ကျွန်တော့်ကို မြှောက်စားချီးမြှင့်ရာ ရောက်ပါတယ်၊ မစ္စတာစတန်လေက ဖိတ်ချင်ပေမယ့် ခင်ဗျား သဘောမတူရင် မဖြစ်နိုင်ပါဘူး၊ ဒါကိုသိရတော့ ကျွန် တော် ဝမ်းလည်းသာ၊ ကျေးဇူးလည်း တင်ရပါတယ်'

လော်ရာက သူ့အား အပြုံးမဟုတ်သည့် အပြုံးဖြင့် ကြည့်နေသည်။ ထို့ နောက် မျက်နှာကို မီးဖိုဘက်သို့ ပြန်လှည့်လိုက်ပြီး ....

'စတန်လေ မကြာခင် ဆင်းလာလိမ့်မယ်' ဟု ပြောသည်။

ဂျိုးသည် နေရထိုင်ရ ခက်သွားပြန်သည်။ သူ့စိတ်သည် လော်ရာအား ကြောက်ရွံ့သလိုလို ခံစားနေရသည်။ ဤအမျိုးသမီးသည် အထက်တန်းစား ဂုဏ် သရေရှိ မိန်းမတစ်ယောက် ဖြစ်သည်မှာကတော့ သေချာသည်။ သို့သော်လည်း ဂျင်နီ ပြောသည့် မိန်းမမျိုးတော့ မဟုတ်။ ဂျင်နီကတော့ ဂုဏ်သရေရှိမိန်းမဆိုလျှင်

အပြောအဆို အလွန် ယဉ်ကျေးသိမ်မွေ့သည်ဟု ယူဆခဲ့၏။ လော်ရာသည် ထိုမိန်းမစားမျိုး မဟုတ်။ လော်ရာမှသာ တကယ် အဆင့်အတန်းမြင့်သည်ဟု သူထင်သည်။ တကယ်တော့ လော်ရာသည် သူ့အား ဆွဲဆောင်မှုအများဆုံးပေးနိုင်သော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

အခန်းထဲသို့ ဖြုန်းခနဲ ဝင်ရောက်လာသော စတန်လေကြောင့် ဂျိုး၏ အတွေးများသည် ရပ်သွားသည်။ စတန်လေသည် ဂျိုး၏ကျောကိုပုတ်၍ လက်ကိုဆွဲကာ တရင်းတနှီး နှုတ်ဆက်သည်။ ဂျိုးအား အနေအထိုင် ကျဉ်းကျပ်မနေအောင် အားပေးခြင်းဖြစ်၏။

'မင်းကို အခုလို ငါ့အိမ်ထဲမှာတွေ့ရတာ ဝမ်းသာတယ် ဂျိုး၊ တခမ်းတနားလုပ်တဲ့ပွဲ မဟုတ်ဘူး၊ သက်သောင့်သက်သာ ဖြစ်အောင်သာနေ' ဟုလည်း စတန်လေက ပြောသည်။ သူသည် မီးဖိုကို ကျောပေး၍ ရပ်လိုက်ပြီး ....

'ဘယ်လိုလဲ လော်ရာ၊ မောင်တို့အတွက် ရမ်လေး ဘာလေး လုပ်မပေးတော့ဘူးလား' ဟု လှမ်းမေးသည်။

လော်ရာသည် အရက်ဗီရိုကလေးဆီသို့ ထသွားသည်။ မကြာခင်မှာပင် သူတို့လက်ထဲသို့ ဖန်ခွက်များ ရောက်လာသည်။ စတန်လေသည် အရက်ကို သုံးခွက်တိတိ သောက်သည်။ အရက်သောက်ရင်းလည်း စကားကို ဖောင်လောက်အောင် ပြောသည်။ ထို့နောက်တော့ ညစာစားခန်းထဲသို့ ဝင်ခဲ့ကြလေသည်။

'ထူးဆန်းတယ်လို့တော့ ဆိုရမှာပဲ' ဟု စတန်လေက လက်သုတ်ပဝါကို ဖြန့်လိုက်ရင်း ပြောသည်။

'အခြေအနေဆိုးထဲက ချက်ချင်း လွတ်မြောက်လာတာဟာ တကယ့်ကို ထူးဆန်းတာ၊ လုပ်ငန်းက တစ်ရှိန်ထိုးကောင်း၊ ငွေက အများကြီးဝင်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကို အလုပ်ခွင်ထဲမှာ သံကြိုးနဲ့ချည်ထားခံရသလို ဖြစ်လာတော့ စဉ်းစားရပြန်တာပဲ၊ ကျန်းမာခြင်းသည် အကောင်းဆုံးသော ဓနဥစ္စာ ဖြစ်သည်တဲ့၊ ရှိတ်စပီးယားလား ဘယ်သူလဲ မသိဘူး၊ ပြောခဲ့တဲ့စကား ရှိတယ် မဟုတ်လား'

'အီမာဆင် ပြောခဲ့တာပါ ဟုတ်တယ် မဟုတ်လား' ဟု လော်ရာက ဂျိုးကို လှမ်းကြည့်ပြီး ဝင်ထောက်သည်။

ဂျိုးက အဖြေမပေး။ သူ့အခန်းတွင် စာအုပ်ဆို၍ "ပြင်သစ်မှ ဟာသပုံပြင်များ" အမည်ရှိ အပေါစား စာအုပ်တစ်အုပ်နှင့် အခန်းပိုင်ရှင် အဘွားကြီး မစ္စက်ကော်ဒါး၏ သမ္မာကျမ်းစာ စာအုပ်သာလျှင် ရှိ၏။ သူ့အဖို့ စာပေနှင့်ပတ်သက်၍ မည်မည်ရရ ဘာမှသိသူ မဟုတ်။ တစ်ခါတစ်ရံ သူ့တွင် မကောင်းမှုတွေ များနေပြီဟု ယူဆကာမှ အဘွားကြီး၏ သမ္မာကျမ်းစာကို တနင်္ဂနွေနေ့ ညနေခင်းများ



တွင် ကောက်ယူကြည့်ရှုလေ့ရှိသည်မှတစ်ပါး ကျန်အချိန်များတွင်မူ ဘာစာအုပ်ကိုမှ ဂရုတစိုက်ဖတ်သူ မဟုတ်။

စတန်လေသည် စကားပြောသည့်အလုပ်ကို သူတစ်ဦးတည်းအပိုင် လုပ်ထားသည်။ သူက စကားတွေအများကြီးပြော၍ လော်ရာက နည်းနည်းသာ ပြောသည်။ ဂျိုးက ရံဖန်ရံခါ ဝင်ထောက်သည်။ အများအားဖြင့်တော့ ဂျိုးသည် စတန်လေပြောသမျှကို ဝင်၍ ထောက်ခံပြောဆိုခြင်းမျှသာ ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည် လော်ရာအား မသိမသာ အကဲခတ်သည်။ စတန်လေလို လူအပေါ်တွင် လော်ရာ ဘယ်လို သဘောထားမည်နည်းဟူသော အတွေးကိုလည်း မတွေးဘဲ မနေနိုင်။

လော်ရာသည် စတန်လေနှင့် အိမ်ထောင်ကျခဲ့သည်မှာ ခုနစ်နှစ် ရှိခဲ့ပြီ။ သားသမီးလည်း မရ။ သူမသည် စတန်လေအပေါ် အမြဲတစေ တလေးတစား ဆက်ဆံသည်။ သူပြောသမျှကို နားထောင်သည်။ သူမ ပြောသမျှကို စတန်လေက နားထောင်ပါသလား။ ဂျိုး သိထားရသလောက် ဆိုပါက စတန်လေသည် လော်ရာနှင့်ရစက လော်ရာအပေါ်၌ အရူးအမူး ဖြစ်ခဲ့သည်။ သူတို့၏ ဟန်းနီးမွန်းခရီးသည်ပင်လျှင် သီတင်းခြောက်ပတ်ကျော်ကျော်မျှ ကြာခဲ့၏။ သို့သော်လည်း ဒီနေ့ ဒီအချိန်မှာတော့ စတန်လေသည် လော်ရာအပေါ်၌ သိပ်ပြီး အရူးအမူး မဖြစ်တော့သည်မှာ သေချာ၏။

အချိုပွဲ စားသောက်အပြီးတွင် လော်ရာသည် သူတို့အား နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။ ဂျိုးက လိုက်သွားပြီး အခန်းတံခါးကို တရိုတသေ ဖွင့်ပေးသည်။ ထို့နောက်တော့ စတန်လေသည် ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိပြီးဖွာသည်။ ဆေးလိပ်ဘူးကို ဂျိုးဘက်သို့ တွန်းပို့ပြီး ....

'ဆေးလိပ်သောက်လေကွာ' ဟု ပြောသည်။

ဂျိုးကလည်း စတန်လေ လုပ်သလို ဆေးလိပ်တစ်လိပ်ကို ကောက်ယူပြီး မီးညှိသည်။ စတန်လေသည် ခြေထောက်များကိုဆန့်ကာ ဆေးလိပ်ကိုသာဖွာလျက် ရှိ၏။ နှစ်ဦးသား စကားမပြောဘဲ အချိန်အတန်ကြာမျှ ငြိမ်ဆိတ်နေကြသည်။

သူသည် ဆေးလိပ်ကိုဖွာရင်းက ဂျိုးအား မကြာခဏ လှမ်းလှမ်းကြည့်သည်။ နောက်ဆုံးတွင် သူ့ထံမှ စကားတစ်ခွန်း ထွက်လာသည်။

'မင်းလည်းအသိပဲ ဂျိုး၊ ငါ မင်းကို ခင်တာတော့ အမှန်ပဲ'

ဂျိုးက အလိုက်သင့်ပြုံးသည်။ ဘာတွေများ ပြောမလို့ပါလိမ့်ဟုလည်း တွေးသည်။

'ငါက လူတစ်မျိုးကွ၊ လွတ်လွတ်လပ်လပ် တွေးတတ်မြင်တတ်တဲ့ လူတစ်ယောက်ပဲ' ဟု စတန်လေက ပြောသည်။

'လူတစ်ယောက်ဟာ ယဉ်ကျေးသိမ်မွေ့မယ်၊ ရိုးသားဖြောင့်မတ်မယ်ဆိုရင် အဲဒီလူ ဘယ်အတန်းအစားက လာတယ်ဆိုတာကို သိပ်တွေးတတ်တဲ့လူ မဟုတ်ဘူး၊ သူဟာ မြို့စားကြီးတစ်ယောက်ရဲ့သားပဲဖြစ်ဖြစ်၊ အမှိုက်သိမ်းတဲ့ လူတစ်ယောက်ရဲ့သားပဲဖြစ်ဖြစ် ငါ့အမြင်မှာ အတူတူပဲ၊ အရေးကြီးတာက ရိုးသားမှုပဲ။ မင်း ငါပြောတာကို နားလည်တယ် မဟုတ်လား ဂျိုး'

'ကျွန်တော် နားလည်ပါတယ် မစ္စတာစတန်လေ'

'အေး ....မင်း သဘောပေါက်တယ်ဆိုရင် ငါ့မှာ ပြောစရာရှိနေတယ်' ဟု စတန်လေက ဆက်ပြောသည်။

'ငါ မင်းကို လွန်ခဲ့တဲ့ တစ်လ နှစ်လအတွင်းက ဂရုစိုက်ပြီး စောင့်ကြည့်ခဲ့တယ်၊ ငါ တွေ့သမျှ မြင်သမျှကိုကြည့်ပြီး မင်း လုပ်တာကိုင်တာတွေကို သဘောကျခဲ့တယ်'

သူသည် စကားကို ဆက်မပြောဘဲ ပါးစပ်၌တပ်ထားသည့် ဆေးပြင်းလိပ်ကို ဆွဲယူလိုက်သည်။ ပြီးတော့ ဂျိုးအား စူးစူးစိုက်စိုက် ကြည့်နေသည်။ ထို့နောက်—

'နံပါတ်တစ်အချက်က ကလက်ဂ်ရဲ့ အခြေအနေပဲ၊ နံပါတ်နှစ်အချက်က ငါ့မှာ စိတ်ကူးတစ်ခု ပေါ်လာတယ်၊ ငါ မင်းကို ငါ့ရဲ့ မန်နေဂျာသစ်အဖြစ် အစမ်းသုံးကြည့်ချင်တယ်'

ဂျိုးသည် သတိလစ်သွားတော့မလို ဖြစ်သွားသည်။

'ဘာ ....မန်နေဂျာ' ဟု အသံတိမ်တိမ်ဖြင့် ရေရွတ်သည်။

စတန်လေက ပြုံးသည်။

'ဟုတ်တယ်လေ၊ ကလက်ဂ်ရဲ့အလုပ်ကို မင်းဝင်လုပ်ဖို့ ငါက ကမ်းလှမ်းနေတာ၊ လုပ်နိုင်မယ် မလုပ်နိုင်ဘူး ဆိုတာကတော့ မင်းအပေါ်မှာ တည်တယ်၊ မင်း ဆုံးဖြတ်ရမှာပေါ့'

ဂျိုးသည် စိတ်လှုပ်ရှားလွန်းသဖြင့် တစ်ကိုယ်လုံး တုန်လှုပ်သွားရသည်။ သူ့ရှေ့ရှိ အခန်းတစ်ခုလုံးသည် ချာချာလည်နေသည်။ မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။ ပါးစပ်၌ ခဲထားသော ဆေးပြင်းလိပ်သည် သူ့ရှေ့မှ ပန်းကန်ပြားထဲသို့ လွတ်ကျသွားသည်။

'ဘာပြုလို့လဲ မစ္စတာစတန်လေ' ဟု ရေရွတ်သည်။

'ကျွန်တော် သဘောမပေါက်နိုင်တော့ဘူး'

'ကိစ္စမရှိပါဘူး ဂျိုးရာ၊ စိတ်ကို အေးအေးထားပါ၊ ငါက ဖြန်းခနဲ ပြောလိုက်တာဆိုတော့ မင်းမှာ ကိစ္စများကုန်တာပေါ့၊ မင်းအနေနဲ့ လုံးဝ မမျှော်လင့်တဲ့ဟာမျိုး ဖြစ်လာတာကိုးကွ၊ ဒါပေမဲ့ အခု စစ်ကြီးက ဖြစ်နေတော့ မမျှော်လင့်တာတွေ အများကြီး ဖြစ်နေတာပါပဲကွာ'



ကလက်ဂ်၏ အလုပ်ကို မိမိက တာဝန်ယူရမည်ဆိုပါလား ....။ မီလင်တန်ခက်ရုံ၏ မန်နေဂျာ ဆိုသည်မှာ အလွန် မြင့်မားသည့်အလုပ် ....။ သူ့ရင်ကို ရိုက်ခတ်လာသည့် ဝမ်းသာမှုအရှိန်သည် ကြီးမားပြင်းထန်လွန်းလှချေသည်။

'ငါ မင်းကို ယုံကြည်စိတ်ချတယ် ဂျိုး' ဟု စတန်လေက ရှင်းပြသည်။

'ဒီကိစ္စက ငါ့ဘာသာငါ စဉ်းစားဆုံးဖြတ်ခဲ့တာပဲ၊ ဒါ့ကြောင့်မို့ ငါကိုယ်တိုင် မင်းကို အခုလိုခေါ်ပြီး ပြောပြတာ'

ထိုအခိုက်တွင် ဧည့်ခန်းထဲမှ တယ်လီဖုန်းမြည်သံ ကြားလိုက်ရသည်။ စတန်လေအား ဂျိုးက စကားပြန်မပြောနိုင်ခင်မှာပင် အခန်းထဲသို့ လော်ရာ ဝင်လာသည်။

'ရှင့်အတွက် တယ်လီဖုန်း လာနေတယ်' ဟု ပြောသည်။

'မေရျာဂျင်ကင်းက စကားပြောချင်လို့တဲ့'

စတန်လေသည် အခန်းထဲမှ ထွက်သွားသည်။ အခန်းထဲတွင် တိတ်ဆိတ်နေသည်။ လော်ရာသည် သူနှင့် မနီးမဝေးတွင် ရပ်ကာ သူ့အားကြည့်နေသည်ကို ဂျိုး၏စိတ်ထဲက သိနေသည်။ သူသည် မျက်လုံးများကိုပင့်၍ လော်ရာနှင့် မျက်နှာချင်းဆိုင်၍ ကြည့်သည်။ လော်ရာက သူ့အကြည့်ကို ရင်မဆိုင်ဘဲ လွှဲဖယ်သွားသည်။

'ဧည့်ခန်းထဲမှာ ကော်ဖီရှိတယ်၊ မပြန်ခင် သောက်သွားဦး'

ဂျိုးက အဖြေမပေး။ စကားပြောနိုင်စွမ်းမရှိ။ နှစ်ယောက်သား မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်။ ဧည့်ခန်းထဲမှ စတန်လေ၏ စကားပြောသံသည် သူတို့ရှိရာ အခန်းထဲသို့ ဝင်ရောက်လာနေသည်။

* * * * *

## (၃၂)

ဂျင်နီ မီးဖွားမည့်ရက်သည် တဖြည်းဖြည်းနှင့် နီးနီးလာသည်။ မီးနေသည်တို့၏ ထုံးစံအတိုင်း ဂျင်နီ၏ စိတ်နေသဘောထားသည် မသိမသာ ပြောင်းလဲလာသည်။ ထိုအပြောင်းအလဲကို ဒေးဗစ်သည် သတိပြုမိသည်။ တစ်ခါတစ်ရံတွင် ဂျင်နီသည် သူ့ပင်ကိုမူလစိတ်အတိုင်း ရန်လိုနေတတ်သော်လည်း တစ်ခါတစ်ရံတွင်မူ သဘောကောင်းနေတတ်၏။

ဂျင်နီသည် သူ မွေးလာမည့်ကလေးကို မိန်းကလေး ဖြစ်ရမည်ဟု သေချာ

ပေါက် တွက်ထားသည်။ ယောကျ်ားကလေးကို သူ မလိုချင်။ သူသည် မွေးလာမည့်ကလေးအတွက် အနွေးထည်ကလေးများကို ညစဉ်ညတိုင်း ဒေးဗစ်နှင့် မျက်နှာချင်းဆိုင်၍ထိုင်ကာ သိုးမွေးဖြင့် ထိုင်၍ထိုးနေတတ်သည်။ ထို့ပြင်လည်း သူမသည် မွေးလာမည့် သမီးကလေးနှင့်ပတ်သက်၍ စိတ်ကူးယဉ် အိပ်မက်များကို အမြဲတစေ မက်နေတတ်၏။

သူမ၏ သမီးငယ်သည် ရုပ်ရှင်မင်းသမီး ဖြစ်ရမည်၊ သို့မဟုတ် ပြဇာတ်မင်းသမီး ဖြစ်ရမည်၊ သို့မဟုတ် နာမည်ကျော် အဆိုတော်တစ်ဦး ဖြစ်ရမည်။ မိမိ ဖြစ်ချင်သည့်အရာများသည် သမီးငယ်ထံ၌ အားလုံးရှိနေရမည်ဟု သူက တွက်သည်။ မိခင်၏ အစွမ်းအစများသည် သမီးထံတွင် ပါလာရမည်ဟု သူ ယူဆသည်။

သို့သော်လည်း တစ်ခါတစ်ရံ သူ မက်သည့် အိပ်မက်ထဲ၌ သီလရှင်တစ်ဦးကို မြင်ရသည်။ သီလရှင်သည် နှလုံးသား ကြေကွဲထိခိုက်နေသူ ဖြစ်သည်။ အင်္ဂလိကန် ဘာသာဝင်တစ်ဦး ဖြစ်၏။ သီလရှင်သည် ဘုရားရှိခိုးကျောင်းထဲ၌ ရောက်နေသည်။ ဝတ်ပြုအခမ်းအနား အစပြုပြီ။ စန္ဒရားသံကိုလည်း ကြားရ၏။ သီလရှင်၏ သာယာနာပျော်ဖွယ်ကောင်းသောအသံကို ကြားရသည်။ ဂျင်နီ၏ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ နာမည်ကြီး အဆိုတော်နှင့် ရုပ်ရှင်မင်းသမီးတို့ကို သူ မမြင်ရ။ သီလရှင်ကိုလည်း မတွေ့ရ။ သူ မြင်နေရသည်မှာ သူကိုယ်တိုင် သေအံ့ဆဲဆဲ ဖြစ်နေသည်။ သူ့နှလုံးသားထဲတွင် နောင်တရားများဖြင့် ပြည့်နေသည်။ သူ့တွင် ကလေးတစ်ယောက် မွေးဖွားနိုင်မည့်ခွန်အားမရှိ။ သူသည် ဒေးဗစ်၏လက်ထဲတွင် မေ့မိုကာ သေလုလု ဖြစ်နေသည်။ ဒေးဗစ်က သူ့ကို စွန့်ပစ်မသွားပါနှင့်ဟု တောင်းပန်နေသည်။ ဝမ်းနည်းစရာကောင်းလှသည့် ထိုရှုခင်း၏နောက်တွင် ဆရာဝန်တစ်ယောက် ရှိနေသည်။ ပြီးတော့ သူ့အိပ်ရာဘေးတွင် နှင်းဆီပန်းတွေ အပြည့်ထိုးထားသည့် ပန်းအိုးတစ်လုံး။

ဂျင်နီ၏ပါးပြင်တွင် မျက်ရည်များ စီးကျလာသည်။ တကယ့်မျက်ရည်များ ဖြစ်၏။ ဒေးဗစ်သည် ဂျင်နီ၏အဖြစ်ကိုကြည့်ကာ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားသည်။

'ဂျင်နီရယ်၊ မင်း ဘာဖြစ်ပြန်တာလဲ' ဟု သူ့ကိုကြည့်၍ ဒေးဗစ်က မေးသည်။

'ဘာမှမဖြစ်ပါဘူး ဒေးဗစ်ရယ်' ဟု ဂျင်နီက ပြန်ပြောသည်။

'ဂျင်နီ ပျော်ပါတယ်၊ တကယ့်ကို ပျော်တာပါ'

ထို့နောက်တော့ ဂျင်နီက ကြောင်တစ်ကောင် မွေးချင်သည်ဟု ဆိုလာ



သည်။ ကြောင် ဆိုသည်မှာ အိမ်မွေးသတ္တဝါဖြစ်၍ ကြောင်ရှိလျှင် ပျော်စရာကောင်းလိမ့်မည်ဟုလည်း သူက ယူဆသည်။ ဤသို့ဖြင့် ဂျင်နီသည် သူနှင့်ခင်မင်သည့်လူတိုင်းအား သူ့အတွက် ကြောင်သားလေးတစ်ကောင် ယူလာပေးဖို့ပူဆာသည်။ သားသတ်သမား၏ သားငယ်က ဂျင်နီထံ ကြောင်ပေါက်စ တစ်ကောင် လာပို့သည်။ မာချီဆန်ဆိုင်မှ ကားဒရိုင်ဘာက ကြောင်တစ်ကောင် ယူလာပြီးပေးသည်။ နောက်တစ်ရက်တွင် မစ္စက်ဝက်ပ်က တစ်ကောင် လာပို့ပြန်လေရာ အားလုံး သုံးကောင် ဖြစ်သွားသည်။

ဂျင်နီအဖို့ ကြောင်ပေါက်စ သုံးကောင်ကို ထိန်းသိမ်းရသည်မှာ မလွယ်။ တစ်အိမ်လုံး ရှင်း၍မနိုင်နိုင်လောက်အောင် ညစ်ပတ်လာသည်။ ပိုနေသည့် နှစ်ကောင်ကို ပြန်ပေးဖို့မှာလည်း မလွယ်။ နောက်ဆုံးတွင် သူသည် မလုပ်ရက်လုပ်ရက်ဖြင့်ပင် ကြောင်နှစ်ကောင်ကို ရေနှစ်၍ သတ်ပစ်လိုက်ရ၏။ ကျန်တစ်ကောင်ကိုမူ "ပရစ်တီး" ဟု အမည်ပေးကာ အိမ်၌မွေးထားခဲ့လေသည်။

ထို့နောက်တွင်မူ သူသည် စန္ဒရားတီး သင်ပြန်သည်။ တစ်နေ့လုံး စန္ဒရားတီးရင်း အချိန်ဖြုန်းသည်။ အတီးသာမက အဆိုပါ လေ့ကျင့်သည်။ ဤအဆင့်ရောက်သည့်အခါ ဂျင်နီသည် သူ့ရင်ထဲ၌ လျှို့ဝှက် နောင်တတစ်ခုကို သိမ်းဆည်းထားရသည်။ တစ်ခါတစ်ရံတွင် ထိုနောင်တကို ဖော်ပြတတ်သည်။ သူသည် ဒေးဗစ်နှင့် ထိုက်တန်သူမဟုတ်ဟု ဖွင့်ဟကာ ဝန်ခံတတ်ခြင်း ဖြစ်၏။

သူသည် ဒေးဗစ်နှင့် ထိုက်တန်သော ဇနီးတစ်ယောက် ဖြစ်ဖို့အတွက် ယခုထက်ပို၍ အသိဉာဏ်ပညာ ထက်မြက်သင့်သည်ဟု ပြောသည်။ ဒေးဗစ်စိတ် ဝင်စားသည့် အကြောင်းအရာဟူသမျှကို ဒေးဗစ်နှင့်ယှဉ်၍ ပြောဆိုဆွေးနွေးနိုင်သော အရည်အချင်း ရှိသင့်သည်ဟုလည်း ဆိုသည်။ အထူးသဖြင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ပြဿနာများကို ဒေးဗစ်ကဲ့သို့ပင် ဆွေးနွေးဝေဖန်နိုင်သင့်သည်ဟု ထင်မိကြောင်းလည်း ပြောသည်။ ထိုအယူအဆဖြင့် သူသည် ဒေးဗစ်၏စာအုပ်များကို ဖတ်သည်။ သို့သော်လည်း စာအုပ်များမှာ ဖတ်၍မရ။ နောက်ဆုံးတွင် သူသည် စာအုပ်များကို မဖတ်တော့ဘဲ လက်မြှောက်အရှုံးပေးသွားခဲ့လေသည်။

အကယ်၍ ဉာဏ်ပညာတွင် မထက်မြက်ပါက မယားကောင်းတစ်ယောက်ဖြစ်အောင်တော့ ကြိုးစားသင့်သည်ဟု ယူဆပြန်သည်။ မယားကောင်း ဆိုသည်မှာ အိမ်ထောင်ကို သာယာအောင် တည်ဆောက်နိုင်ရမည်ဟု သူ ထင်သည်။ ဤသို့ဖြင့် သူသည် အိမ်ထောင်သာယာရေး လမ်းညွှန်စာအုပ်တစ်အုပ် ဝယ်ဖတ်သည်။ စာအုပ်ကို ကလေးတစ်ယောက် စာကျက်သလို ဖတ်သည်။ စာအုပ်ထဲမှအကြောင်းများကိုကြည့်ကာ သူ့နှုတ်ခမ်းများသည် တလှုပ်လှုပ် ....။

'ဂျင်နီဟာလေ အတော့်ကို မိုက်မဲတာပဲ' ဟု ဒေးဗစ်အား ပြောသည်။

'တကယ်တမ်းမှာတော့ ဂျင်နီဟာ မိန်းမဆိုးတစ်ယောက် မဟုတ်ပါဘူး၊ ဒီစာအုပ်ထဲမှာ ရေးထားတယ်၊ လောကမှာ လူတိုင်းဟာ မှားတတ်ကြတယ်တဲ့၊ မိမိကိုယ်မိမိ ပြုပြင်သွားရင် ရတယ်တဲ့၊ ဂျင်နီဟာ သိပ်မဆိုးပါဘူးနော် ဒေးဗစ်၊ ရှင် ဘယ်လို ထင်သလဲဟင်'

ဒေးဗစ်ကလည်း သူ့ထင်မြင်ချက်ကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဂျင်နီကို မိန်းမဆိုးတစ်ယောက်ဟု သူ မမြင်ကြောင်းလည်း ပြောပြသည်။ ဂျင်နီသည် ဒေးဗစ်အား အချိန်အတော်ကြာမျှ စိုက်ကြည့်နေပြီးနောက် သူ့စိတ်ထဲ၌ ရှိနေသည့် ခံစားချက်တစ်ခုကို ရင်ဖွင့်သည်။

'ဒေးဗစ်ဟာလေ ဂျင်နီ တွေ့ဖူးခဲ့သမျှ လူတွေထဲမှာ အကောင်းဆုံးယောကျ်ား တစ်ယောက်ပဲလို့ ဂျင်နီ ထင်တယ်၊ တကယ်ပြောတာပါ ဒေးဗစ်ရယ်၊ မောင်ဟာ ဒီကမ္ဘာကြီးထဲမှာ အကောင်းဆုံး ယောကျ်ားတစ်ယောက်ပါ'

ဒေးဗစ်အဖို့တော့ ဂျင်နီသည် ကလေးငယ်လေးတစ်ယောက်နှင့် တူနေသည်။ အမှန်တကယ်လည်း ဂျင်နီသည် ကလေးတစ်ယောက်လို ဖြစ်နေသည်။ ကလေးစိတ် မကုန်သေးသည့် ဂျင်နီလို မိန်းကလေးတစ်ယောက်က ကလေးတစ်ယောက်ကို ဝမ်းနှင့်လွယ်ထားရခြင်းသည် ရယ်စရာဖြစ်နေသည်ဟု ဒေးဗစ်က တွေးမိသည်။ မည်သို့ပင်ဖြစ်စေ ဒေးဗစ်သည် ဂျင်နီ ဆိုးသမျှကို သည်းခံသည်။ သိမ်မွေ့နူးညံ့စွာ ဆက်ဆံသည်။ ညအိပ်နေရင်းက မကြာခဏ အိပ်ရာမှလန့်နိုးကာ ဆူပူအော်ဟစ်တတ်သည်။ သူ့အား အတင်းဖက်ပြီး ထိတ်လန့်တကြား ငိုကြွေးတတ်သည်။ သူသည် ဂျင်နီ၏ စူထွက်နေသောဗိုက်ကို စမ်းမိသည်။ ဗိုက်ထဲမှ ကလေး၏ လှုပ်ရှားမှုကို သူ ထိတွေ့ရ၏။ ထိုအခါ ဂျင်နီအပေါ် သနားကြင်နာစိတ်သည် ယိုဖိတ်လာသည်။ ဂျင်နီအား တယုတယ ပွေ့ဖက်ပြီး ချော့မော့သည်။ ထိုအဖြစ်သည် ညစဉ် ညဥ့်နက်သန်းခေါင်အချိန်တိုင်း ကြုံရခြင်း ဖြစ်လေသည်။

အိမ်မှုကိစ္စအဝဝကို တာဝန်ယူပေးရန်နှင့် ဂျင်နီအား ပြုစုစောင့်ရှောက်ပေးရန်အတွက် ဂျင်နီ သဘောတူလက်ခံမည်ဆိုပါက သူ့အမေ မာသာအား ခေါ်ထားပေးမည်ဟု ဒေးဗစ်က ပြောသည်။ ယခင်ကလို ပူပူညံညံ မလုပ်ဘဲ အေးအေးဆေးဆေးနေလျက်ရှိသော ဂျင်နီက ချက်ချင်း သဘောတူလက်ခံသည်။ သို့သော်လည်း တစ်ရက်မျှလာပြီး အိမ်မှုကိစ္စများကို လုပ်ပေးခဲ့သော မာသာသည် သူနှင့် ဂျင်နီတို့ကြား၌ သဟဇာတဖြစ်နိုင်ဖို့ ဆိုသည်မှာ မဖြစ်နိုင်တော့ဟု ယူဆသည်။

မာသာ အိမ်အပြန်တွင် လမ်းခုလတ်၌ ဒေးဗစ်နှင့် ဆုံမိသည်။ မာသာ မျက်နှာသည် နီမြန်းလျက်ရှိ၏။



'မင်းတို့ အိမ်အလုပ်ကို အမေ မလုပ်ပေးနိုင်ဘူး' ဟု ပြောသည်။

'လုပ်ရတာ အလကားပဲ၊ အမေ့အနေနဲ့ မင်းမိန်းမနဲ့ ပတ်သက်မှုနည်းလေ ကောင်းလေပဲလို့ ထင်တယ်၊ အမေကလည်း သည်းမခံနိုင်ဘူး၊ သူကလည်း သည်းမခံနိုင်ဘူး၊ လမ်းကတော့ ဆုံးသွားပြီ'

မာသာသည် သူပြောစရာရှိသမျှကို ပြောအပြီးတွင် ဒေးဗစ်ထံမှ စကားပြန်အလာကို မစောင့်တော့ဘဲ ထွက်သွားသည်။

ဤသို့ဖြင့် တိုင်နီကပ်ဆဲလ်မှ ဂျင်နီ၏အမေ အေဒါဆန်းလေးကို မှာခဲ့ရ၏။ အေဒါ ရောက်လာသော ဒီဇင်ဘာ (၂) ရက်နေ့သည် ရာသီဥတု စိုစွတ်ပြီး လေထန်သော နေ့တစ်နေ့ ဖြစ်သည်။ အေဒါသည် အဝါရောင် လက်ဆွဲအိတ်ကလေးကိုဆွဲကာ ရထားပေါ်မှ နေးကွေးလေးလံစွာဖြင့် ဆင်းလာသည်။ ဘူတာသို့ လာကြိုသော ဒေးဗစ်က လက်ဆွဲအိတ်ကလေးကိုဆွဲကာ အေဒါအား လင့်သ်လမ်းသို့ ခေါ်ဆောင်လာခဲ့သည်။

အေဒါသည် လာသာ လာခဲ့ရသော်လည်း စိတ်ပါပုံမရ။ သမက်ဖြစ်သူ ဒေးဗစ်အပေါ်တွင်လည်း နှစ်မြို့ပုံမပေါ်။ ဒေးဗစ်နှင့် ဆက်ဆံရာ၌ ကိုယ်နှုတ်အမူအရာများသည် အေးတိအေးစက်နိုင်သည်။ အိမ်ထဲတွင် အသုံးအဆောင်ပစ္စည်းများ လုံလောက်စွာ မရှိသည့်အတွက် စိတ်ဆိုးသည်။ ဆူဆူပူပူ လုပ်ချင်သည်။ အိမ်သို့ရောက်ပြီး တစ်နာရီမှ မပြည့်သေးခင် ဒေးဗစ်အား နောက်ဖေးအိုးတစ်လုံး အဝယ်ခိုင်းသည်။

အေဒါ၏ လုပ်ကိုင်ပုံများနှင့် သွားလာလှုပ်ရှားပုံများသည် နေးကွေးလေးလံလှ၏။ သူ့အတွက် သက်သောင့်သက်သာရှိမှုကိုကား များစွာ အလေးထားသည်။ ဂျင်နီနှင့်ကျတော့ နှုတ်ချိုလှ၏။ 'အမေ သမီးဘေးမှာ ရှိနေပြီလေ၊ ဘာမှမပူနဲ့' ဟူသော စကားမျိုးကို အလျှံပယ်သုံးလေ့ရှိသည်။

အထူးသဖြင့် အေဒါ့လျှာသည် အလွန်တက်ကြွစွာ လှုပ်ရှားလေ့ရှိ၏။ သူသည် သူ သိထားသမျှ သတင်းများကို ဂျင်နီအား အမြဲတစေ ပြောပြသည်။ ဆယ်လီတစ်ယောက် ပြဇာတ်အဖွဲ့နှင့် လိုက်သွားခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း၊ ဆယ်လီသည် အလုပ်လက်မဲ့ ဖြစ်နေသဖြင့် အလုပ်တစ်ခု ထပ်မံရှာဖွေနေရပြန်ကြောင်း၊ ဒဏ်ရာရစစ်သည်များ ဖြေဖျော်ရေးအတွက် အစီအစဉ်တစ်ခု လုပ်လျက်ရှိရာ ထိုအစီအစဉ်တွင် ဆယ်လီ ပါလိမ့်မည်ဖြစ်ကြောင်း၊ ယင်းပွဲမှာ စေတနာ့ဝန်ထမ်းပွဲ ဖြစ်သဖြင့် အခကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မှ ရနိုင်လိမ့်မည် မဟုတ်ကြောင်း စသည်များကို သူ့ထံမှ ကြားသိရသည်။

ဆယ်လီသည် ထိုက်တန်သော လုပ်ခကြေးငွေကို ဘယ်တော့မှ ရလိမ့်

ချည်ဟု မထင်ကြောင်း၊ အောင်မြင်မှုမရသော ပြဇာတ်အလုပ်ဖြင့်သာ အချိန်ကုန်နေကြောင်း၊ ယခုလုပ်နေသည့် တယ်လီဖုန်းအိတ်စ်ချိန်းမှ အလုပ်မထွက်ပါစေနှင့်ဟု မိမိ အမြဲ ဆုတောင်းနေရကြောင်း စသည် ဝေဖန်မှုများကိုလည်း ကြားကြရ၏။

တဖြည်းဖြည်းနှင့် တစ်ရက်တွင် သားအမိနှစ်ယောက် မီးဖိုခန်းထဲ၌ ထိုင်နေခိုက် အေဒါ့လျှာသည် ဂျိုးအကြောင်း ခလုတ်တိုက်မိသည်။ ထိုနေ့သည် အေဒါ ရောက်လာပြီး နောက်တစ်ရက် ဖြစ်၏။ အေဒါက ဂျင်နီအတွက် လက်ဖက်ရည် တစ်ခွက် ဖျော်ပေးနေရင်းမှ ဂျိုးအကြောင်းကို အမှတ်တမဲ့သဘောဖြင့် စလာသည်။

'ဂျိုးတစ်ယောက် တို့ဆီ အလည်လာတယ် သမီးရဲ့'

ဆိုဖာပေါ်၌ ထိုင်နေသော ဂျင်နီသည် တစ်ကိုယ်လုံး တင်းခနဲ ဖြစ်သွားသည်။ မျက်နှာသည်လည်း နီရဲလာသည်။

'ကျွန်မ ဂျိုးဂိုလန်ဆိုတဲ့လူအကြောင်း ဘာမှ မသိဘူး၊ ဘာမှလည်း မကြားချင်ဘူး၊ ကျွန်မ သူ့ကို အော့နလုံးနာတယ်' ဟု ပြောသည်။

အေဒါက ....

'သမီး သူ့ကို ထားပစ်ခဲ့ပြီးတဲ့နောက် အိမ်ကို တစ်ခါနှစ်ခါပဲ လာတာပါ' ဟု ပြောသည်။

'အမှန်တော့ ငါ့သမီး သူ့ကိုစွန့်လိုက်တာဟာ အမှားကြီးတစ်ခုကို ကျူးလွန်ခဲ့တာပဲ၊ ဂျိုးဟာ သဘောကောင်းတဲ့ သူငယ်ပါကွယ်၊ အခုဆိုရင် သူက ဖီးလစ္စနဲ့ ကလာရီတို့ကို စက်ရုံမှာ အလုပ်သွင်းပေးမယ်လို့ ပြောသွားတယ်၊ သူက အခု မီလင်တန်စက်ရုံမှာ သိပ်ကို ကြီးပွားနေတယ်'

'ဂျင်နီ သူ့အကြောင်း မကြားချင်ဘူးလို့ အမေ့ကို ပြောပြီးပြီ မဟုတ်လား' ဟု ဂျင်နီက ပြောသည်။

သို့သော်လည်း အေဒါက စားပွဲ၌ထိုင်ကာ ဂျိုးအကြောင်းကို ဆက်ပြောနေသည်။

'သူ ဘယ်လောက် ကြီးပွားနေတယ်ဆိုတာ ငါ့သမီး မသိဘူးနော်၊ အခုဆိုရင် စက်ရုံမှာ ရာထူးကြီးကြီး ရထားပြီ၊ သူ လာတုန်းက ပြောသွားတယ်၊ စက်ရုံပိုင်ရှင် သူဌေးက သူ့ကို ညစာစားဖို့ ဖိတ်ထားသတဲ့၊ ငါ့သမီး သိပ်မှားတယ်၊ ဂျိုးလိုလူမျိုးကို လက်လွှတ်ခံတာဟာ သမီးအတွက် သိပ်နစ်နာတာပဲ၊ အမေက ဂျိုးလို လူစားကိုသာ သမက်တော်ချင်တာ'

ဂျင်နီ၏ မျက်နှာသည် ဖြူဖွေးသွားသည်။ သူသည် လက်သီးကို တအားဆုတ်ထားပြီး ပြန်အော်သည်။



'အမေ အဲဒီလိုမပြောနဲ့၊ ဂျိုးကို ဒေးဗစ်နဲ့ နှိုင်းပြောတာကို သမီး မကြိုက်ဘူးသိလား၊ ဂျိုးက လူညစ် လူယုတ်မာ၊ ဒေးဗစ်က အကောင်းဆုံးလူတစ်ယောက်'

ဂျင်နီက အေဒါအား စူးစူးရဲရဲ ကြည့်နေသည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင် သူသည် သူ့အမေအပေါ် မလွှမ်းမိုးနိုင်။ သူ့တွင် ကိုယ်ဝန်ကရှိနေသဖြင့် အားနည်းနေသည်။ ကာယအားနည်းနေချိန်တွင် စိတ်ဓာတ်အင်အားကပါ များစွာချည့်နဲ့နေသည် မဟုတ်ပါလား။ သူ့အမေကတော့ ခေါင်းတခါခါလုပ်ကာ...

'အင်းပေါ့လေ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ သမီးက သူ့ကို လှည့်ပတ်ညာလိုင်းပြီး ခွဲသွားခဲ့တာဆိုတော့လည်း ပြောရတာ ခက်တာပေါ့' ဟု ပြောသည်။

ဂျင်နီသည် မျက်လွှာကိုချထားပြီး ငြိမ်နေသည်။ ထိုအခိုက်မှာပင် တံခါးပွင့်သွားပြီး အခန်းထဲသို့ ဒေးဗစ် ဝင်လာသည်။ ဒေးဗစ်သည် ဆိပ်ကမ်းဘုတ်အဖွဲ့ရုံးမှ ပြန်လာခြင်းဖြစ်၏။ သူသည် ထိုရုံးတွင် ယာယီစာရေး ဝင်လုပ်နေသည် မဟုတ်ပါလား။ အေဒါက ဒေးဗစ်အား ပြုံး၍ နှုတ်ဆက်သည်။ ထိုစဉ်မှာပင် ဆိုဖာပေါ်၌ ထိုင်နေသော ဂျင်နီ၏ငိုသံကို ကြားရသည်။

'အမယ်လေး ....နာလိုက်တာ' ဟူသော ရေရွတ်သံကိုလည်း ကြားရ၏။ အေဒါသည် သူ့သမီးအား လှမ်းကြည့်သည်။ သူ့အကြည့်သည် သံသယဖြစ်ခြင်းနှင့် မနှစ်သက်ခြင်းများကို ဖော်ပြနေသည်။

'နင့်ဟာ ဗိုက်နာတယ်လို့ပဲ မဖြစ်နိုင်တာ၊ မွေးမယ့်ရက်ကိုရောက်ဖို့ တစ်ပတ်တိတိ လိုသေးတယ်'

'မဟုတ်ဘူး အမေ၊ တကယ့်ကို ဖြစ်နိုင်တယ်' ဟု ဂျင်နီက အသက်ရှူမှားနေသည့် လေသံဖြင့် ပြန်ပြောသည်။

'သမီး သိတယ်၊ ဟော ....ဟော ....နာလာပြန်ပြီ'

ထိုအခါကျပြန်တော့လည်း အေဒါသည် စိတ်ထိခိုက်သွားသည်။ ဂျင်နီ၏ဘေး၌ ဒူးထောက်ထိုင်ကာ ဂျင်နီ၏ဗိုက်ပေါ်သို့ လက်တင်ပြီး စမ်းကြည့်သည်။

'အေးဟုတ်ဲ့၊ ဟုတ်တယ်' ဟု ရေရွတ်ကာ ဒေးဗစ်အား လှည့်ကြည့်သည်။

'မင်းက အဲဒီမှာရပ်ပြီး သူ့ကိုကြည့်နေလို့ ဖြစ်မလား၊ သွား ....သွား ဆရာဝန်ခေါ်ချေတော့' ဟု ပြောသည်။

ဒေးဗစ်သည် ဂျင်နီအား တစ်ချက်မျှကြည့်လိုက်ပြီး ဒေါက်တာစကော့အား ခေါ်ရန် ထွက်လာခဲ့သည်။ ဒေါက်တာစကော့မှာ ညနေပိုင်းဖြစ်၍ သူ့ဆေးခန်း၌ ရှိနေသည်။ စကော့သည် အသက်ခပ်ကြီးကြီး၊ မျက်နှာနီရဲရဲ၊ အရိုးအဆစ်ကြီးကြီးနှင့် ခေါင်းကောင်းကောင်း လူတစ်ယောက် ဖြစ်သည်။ သူသည် ဆရာဝန်တစ်

ယောက်နှင့် မတူပေ။ ပခုံးနှစ်ဖက်တွင် သိုင်းကြိုးများ သိုင်းထားသည့် မြင်းစီးဘောင်းဘီကို အမြဲဝတ်သည်။ ဂျက်ကက်အင်္ကျီ ရှည်ဖားဖားကြီးကို အမြဲဝတ်ထားသည်။ ဂျက်ကက်အင်္ကျီ၏ ကြီးမားသော အိတ်ကပ်ကြီးထဲတွင် ဆေးတံ၊ ဆေးပြားများ၊ ပတ်တီးလိပ်၊ သာမိုမီတာနှစ်ခု၊ ခွဲစိတ်ဓားကလေး တစ်ချောင်း စသည့် ပစ္စည်းများကို စုပြုံပြီး ထည့်ထားလေ့ရှိသည်။

သူသည် အမူအရာအားဖြင့်လည်း တစ်မူထူးခြားသူ ဖြစ်၏။ စကားပြောဆိုပြီဆိုလျှင် ချောင်းဟန့်သည်။ တံတွေးတစ်ချက် ပစ်ခနဲထွေးသည်။ ပြီးတော့မှ စကားပြောသည်။ ပြောဆိုနေရင်းကလည်း တံတွေးကို မကြာခဏ ထွေးတတ်သည်။ မသန့်မရှင်း၊ မသပ်မရပ် နေတတ်သော်လည်း အတော်ဆုံး ဆရာဝန်တစ်ဦးအဖြစ် လူသိများသူ ဖြစ်လေသည်။

သူသည် ဂျင်နီ ဗိုက်နာနေပြီဟု သိလိုက်ရသည့်အခါ အရေးကြီးသောကိစ္စတစ်ခုအဖြစ်တော့ အသိအမှတ်ပြုပုံရ၏။ သို့သော်လည်း သူသည် ချောင်းဟန့်၍ တံတွေးထွေး၍ ခေါင်းညိတ်သည်။

'တစ်နာရီအတွင်း လိုက်ကြည့်ပေးမယ်' ဟု ပြောကာ တံခါးပေါက်မှနေ၍ လူနာစောင့် အခန်းထဲသို့ လှမ်းကြည့်လိုက်ပြီး ....

'နောက်တစ်ယောက် ဝင်ပါ' ဟု အော်လိုက်သည်။

ဒေါက်တာစကော့က ချက်ချင်း ထမလိုက်သဖြင့် ဒေးဗစ်သည် များစွာစိတ်ပျက်သွားသည်။ သူသည် အိမ်ပြန်ရောက်သည့်အခါ ဂျင်နီနှင့် အေဒါတို့သည် အပေါ်ထပ်သို့ တက်သွားကြလေပြီ။ သူသည် ဒေါက်တာစကော့ ရောက်အလာကို ဂနာမငြိမ်သောစိတ်ဖြင့် တမျှော်မျှော်ဖြစ်လျက် ရှိလေ၏။ စကော့ ရောက်လာသည်။ ဂျင်နီ၏ ဗိုက်နာသော ဝေဒနာသည် အဆိုးဆုံးအဆင့်သို့ ရောက်နေပြီဖြစ်၏။ သို့သော်လည်း ဒေါက်တာစကော့က အခုအချိန်တွင် သူ ဘာမှလုပ်၍မရဟု ပြောသည်။ ဒေးဗစ်ကလည်း သားဦးဆိုလျှင် ဗိုက်နာချိန် ကြာတတ်သည်ဟု နားလည်ထားသဖြင့် စကော့၏စကားကို လက်ခံသည်။ နောက်ထပ် သိပ်ပြီးကြာဦးမည်လားဟု မေးသည့်အခါ ဒေါက်တာစကော့သည် မီးဖိုဆီသို့ တစ်ခဏမျှငေးကြည့်နေသည်။

'နောက်ထပ် သိပ်ပြီး ကြာတော့မယ် မထင်ပါဘူး၊ ကျုပ် ဆယ့်နှစ်နာရီမထိုးခင် ပြန်လာခဲ့မယ်' ဟု ပြောသည်။

ဆယ့်နှစ်နာရီအထိ စောင့်ရသည်မှာ စိတ်ပင်ပန်းလှချေသည်။ ဂျင်နီ ဗိုက်နာသည်မှာ ပြင်းထန်လာသည်။ မြန်လာသည်။ နာကျင်မှုဝေဒနာကို ဆက်၍ခံနိုင်စွမ်း မရှိတော့သလို ဖြစ်လာသည်။ ဂျင်နီသည် ခုတင်ပေါ်၌ ကပြောင်းကပြန်



ဖြစ်လျက်ရှိသည်။ အေဒါက သူ့အား ကြိုးစားပြီး လမ်းလျှောက်ဖို့ တိုက်တွန်းသော်လည်း မရတော့။ သူသည် ဗိုက်ကို မ ထားလိုက်၊ အိပ်ရာခင်းများကို ဆုတ်ဆွဲလိုက်၊ ကြိတ်၍ ငိုရှိုက်လိုက်နှင့် ဆောက်တည်ရာမရ ဖြစ်နေသည်။

ဆယ့်နှစ်နာရီတိတိတွင် စကော့ ရောက်လာသည်။ အိမ်အပေါ်ထပ်ရှိ ဂျင်နီအခန်းသို့ တန်းသွားသည်။ ထို့နောက်တော့ ဂျင်နီ၏ အော်ဟစ်ညည်းညူသံများနှင့် ဒေါက်တာစကော့ ရှူးဖိနပ်သံများ ....။ မေ့ဆေးနံ့သည် ဒေးဗစ်ထံသို့ ရောက်လာသည်။ သူသည် မီးဖိုခန်းထဲရှိ ကုလားထိုင်၌ထိုင်ကာ တွေဝေငေးမောလျက်ရှိ၏။ တစ်ခဏမျှအကြာတွင် အော်သံဟစ်သံနှင့် ညည်းညူသံများ မကြားရတော့ဘဲ တိတ်ဆိတ်သွားသည်။

ဂျင်နီ၏ ခံစားမှုဝေဒနာ မှန်သမျှသည် ဒေးဗစ်၏စိတ်ကို များစွာထိခိုက်စေသည်။ နက်ရှိုင်းသော အကျိုးသက်ရောက်မှုကို ခံစားရခြင်းဖြစ်၍ ဒေးဗစ်၏စိတ်ကို များစွာ လှုပ်ရှားနိုင်စွမ်းရှိ၏။ သူသည် ဂျင်နီအပေါ်တွင် သနားကရုဏာကြီးစွာ ဖြစ်မိသည်။ သူနှင့် ဂျင်နီတို့ကြား၌ ဖြစ်ပေါ်ခဲ့သမျှ ရန်ပွဲများနှင့် အငြင်းအခုံပွဲများကို သူ မေ့သွားသည်။

သူသည် မွေးလာမည့် ကလေးအကြောင်းကို စဉ်းစားမိသည်။ ထိုအခါ ဘဝသစ်တစ်ခု အစပြုခြင်းကို မြင်လာသည်။ သူ့စိတ်သည် စစ်မြေပြင်များပေါ်မှ လူသေများဆီသို့ ရောက်သွားသည်။ ကျောက်မီးသွေးတွင်းထဲမှ လူသေအလောင်းများဆီသို့လည်း ရောက်သွားသည်။ သူကိုယ်တိုင်မှာလည်း မကြာခင် ပြင်သစ်နိုင်ငံတွင်းမှ စစ်မြေပြင်ဆီသို့ ရောက်ရပေတော့မည်။ မကြာသေးခင်ကပင် ပြင်သစ်ရှေ့တန်းစစ်မြေပြင်ရှိ နူဂျင့်က သူ့ထံ စာတစ်စောင်ရေးလိုက်၏။ နူဂျင့်သည် လူနာထမ်းစင်သယ်သော သူနာပြုတပ်သားအဖြစ် တာဝန်ကျနေသည်မှာ ကြာခဲ့ပြီ။

အပေါ်ထပ် အခန်းဆီမှ ညည်းသံတစ်ချက် ကြားလိုက်ရသည်။ ထို့နောက် အာလေးလျှာလေးနှင့် သီချင်းဆိုသံ ထွက်ပေါ်လာသည်။ ဂျင်နီ၏အသံ ဖြစ်သည်။ မေ့ဆေးအပေးခံထားရသော လူနာများသည် အရက်မူးသမားလို ဖြစ်လာတတ်သည်။ သူတို့သည် မပီကလာ ပီကလာဖြင့် သီချင်းဆိုတတ်ကြသည်။

ထို့နောက် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။ ဒီတစ်ခါ အတော်ကြီးကြာကြာ တိတ်ဆိတ်နေသည်။ ထိုတိတ်ဆိတ်မှုကို အသံတစ်သံကို ဖြိုခွင်းလိုက်သည်။ အသံမှာ အသံသစ် ဖြစ်၏။ ဂျင်နီ၊ အေဒါနှင့် စကော့တို့၏အသံ မဟုတ်။ အသံစူးရှရှဖြင့် အော်ဟစ်ငိုကြွေးလိုက်သည့်အသံ ဖြစ်သည်။ ထိုအသံသည် ဒေးဗစ်၏နှလုံးသားကို ပြေးလာရိုက်ခတ်သည်။ သူသည် မင်တက်မိသလိုဖြစ်ကာ လှုပ်မယှက် ထိုင်နေသည်။ သူ့မျက်လုံးအစုံတွင် အလွန် နူးညံ့သိမ်မွေ့သည့် အရိပ်အယောင်များ မြင်နေရသေးသည်။

နောက်နာရီဝက်ခန့်အကြာတွင် ဒေါက်တာစကော့သည် အပေါ်ထပ်မှ ဆင်းလာသည်။ သူ့မျက်နှာသည် များစွာ ပင်ပန်းနွမ်းနယ်ခြင်းကို ဖော်ပြလျက် ရှိ၏။ ကလေးမီးဖွားပေးရသည့် ဆရာဝန်တိုင်း ရင်ဆိုင်ရတတ်သည့် ပင်ပန်းမှု ဒဏ်ပေတည်း။ သူသည် ဂျက်ကက်အင်္ကျီအိတ်ကပ်ထဲမှ စပျစ်သီးခြောက်ကလေး များကို နှိုက်ယူကာ ပါးစပ်ထဲထည့်၍ ဝါးနေသည်။ သူသည် ဤစပျစ်သီးခြောက် များကို အမြဲတစေ အိတ်ကပ်ထဲ၌ ဆောင်ထားလေ့ရှိသည်။ ကလေးလူနာများအား ချော့မော့ရန် ဆောင်ထားသည့်ပစ္စည်း ဖြစ်၏။ သူကတော့ ဤစပျစ်သီးခြောက် များသည် သံကောင်များကို ကောင်းစွာချေမှုန်း သုတ်သင်နိုင်သည့် အံ့ဖွယ်ဆေး တစ်လက်ဟု ပြောလေ့ရှိသည်။

သူသည် ဒေးဗစ်အား တစ်ချက်လှမ်းကြည့်ပြီး ....

'အသေးစား ပစ္စည်းလေးတော့ ရောက်လာပြီ' ဟု ပြောသည်။

ဒေးဗစ်က ဘာမှပြန်မပြော။ တံတွေးတစ်ချက် မျိုချလိုက်ပြီး ခေါင်းညိတ် ပြသည်။

'သားလေးကွ' ဟု စကော့က ထပ်ပြောသည်။

'ဂျင်နီကော နေကောင်းရဲ့လား'

'မင်းမိန်းမလား၊ နေကောင်းပါတယ်ကွ' ဟု စကော့က ဖြေသည်။

'ကလေးကိုတော့ မင်းတို့ ဂရုစိုက်ဖို့ လိုလိမ့်မယ်'

စကော့က ဒေးဗစ်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေပြန်သည်။ သူ့ အကြည့်သည် ထူးဆန်းသောအကြည့် ဖြစ်သည်။ သူသည် ပြောစရာတစ်ခု ရှိနေသည့်ပုံ ပေါ်နေသည်။ သို့သော်လည်း နောက်ထပ် ဘာမှမပြောချေ။ စကော့ သည် ကျေးလက်ဒေသနှင့် ကျောက်မီးသွေးတွင်း အလုပ်သမားများကြား၌သာ ကျင်လည်ကျက်စားခဲ့ရသည့် ဆရာဝန်ဖြစ်၍ ခပ်ကြမ်းကြမ်း ပြောဆိုပြုမူတတ် သော အကျင့်စရိုက်ရှိသည်။ အခုတော့လည်း ကြမ်းတမ်းစွာ ပြောဆိုခြင်းမပြု။ သူသည် တစ်ချက်မျှ အားရပါးရသမ်းလိုက်ပြီး ဒေးဗစ်အား ခေါင်းညိတ်၍ နှုတ် ဆက်ကာ အိမ်ထဲမှ ထွက်သွားသည်။

ဒေးဗစ်သည် မီးဖိုခန်းအလယ်တွင် ရပ်နေသည်။ အတန်ကြာမှပင် အပေါ် ထပ်သို့ တက်ခဲ့သည်။ အိပ်ခန်းတံခါးကိုခေါက်ကာ အတွင်းသို့ ဝင်ခဲ့သည်။ သူသည် ဂျင်နီနှင့် ကလေးဘေး၌ ထိုင်လိုလှ၏။ သို့သော်လည်း ဂျင်နီမှာ မေ့ဆေး သိပ်မပြယ်သေး။ အခန်းထဲတွင် အလုပ်များနေသော အေဒါက သူ့အား မောင်း ထုတ်သည်။ သူသည် မီးဖိုခန်းထဲသို့ ပြန်ဆင်းလာခဲ့ပြီး ဧည့်ခန်းဆိုဖာပေါ်၌ သူ့အတွက် အိပ်ရာခင်းသည်။ ထို့နောက် တစ်အိမ်လုံးသည် တိတ်ဆိတ်လျက် ရှိလေသည်။



နောက်တစ်နေ့နံနက်တွင် သူသည် ကလေးကို မြင်ရသည်။ သူ နံနက်စာ စားနေခိုက်တွင် အေဒါက ပွေ့ချီလာခြင်း ဖြစ်၏။ ကလေးကို ရေပတ်တိုက်ပြီး ပေါင်ဒါများ လိမ်းပေးထားသည်။ အင်္ကျီသစ်ကလေးတစ်ထည် ဝတ်ပေးထား သည်။ ကလေးသည်း ကြုံလှီသေးကွေးရုံမျှမက အရုပ်ဆိုးသည်။ ဤအတွက် ကြောင့်လည်း သူသည် ကလေးအပေါ်၌ အသနားပိုမိသည်။ သူ့ဒူးပေါ်တင်ထား သည့် ကလေးငယ်၏ မျက်လုံးအစုံသည် ဖွင့်ချီတစ်ခါ၊ မှိတ်ချီတစ်လှည့်။ ခဏ ကြာတော့ ကလေး၏ငိုသံ ထွက်လာသည်။ အေဒါသည် ကလေးကိုပွေ့ယူကာ အခန်းထဲမှ ထွက်သွားသည်။

အချိန်ကျလာသည့်အခါ ဒေးဗစ်သည် အလုပ်ခွင်သို့ ထွက်လာခဲ့သည်။ တစ်လမ်းလုံး ကလေးအကြောင်းကိုသာ တွေးလာသည်။ ထိုနေ့အဖို့ အလုပ်လုပ် နေရင်းလည်း ကလေးအကြောင်းကိုပင် တွေးနေမိသည်။ ညနေခင်း အလုပ်ခွင်မှ အပြန်လမ်းတစ်လျှောက်လုံးလည်း သူ့စိတ်ထဲသို့ ကလေးအကြောင်းမှတစ်ပါး အခြား ဘာအကြောင်းမှ ဝင်ရောက်လာခြင်းမရှိ။ ကလေးသည် သေးငယ်လွန်း လှ၏၊ အရုပ်ဆိုးလှ၏။ သို့သော်လည်း ဤကလေးကို သူ ချစ်သည်။

ဒေါက်တာစကော့က ကလေးအား မိခင်နို့ တိုက်ရမည်ဟု ညွှန်ကြား သည်။ ဂျင်နီကလည်း စကော့စကားကို လိုက်နာသည်။ သူမအဖို့တော့ အခုအချိန် တွင် ဗိုက်နာခဲ့ရစဉ်က ခံစားခဲ့ရသည့် ဝေဒနာကို မေ့သွားပြီ။ သူ လိုချင်သည့် မိန်းကလေးကို မမွေးဘဲ ယောကျ်ားကလေး မွေးလာသဖြင့် စိတ်မကောင်းဖြစ်ခဲ့ ခြင်းကိုလည်း သူ မေ့သွားပြီ။

ဂျင်နီက သူ့သားငယ်အား ဒေးဗစ်ဟု အမည်ပေးချင်သည်။

'မောင့်သားလေးကို မောင့်နာမည်ပဲ ပေးသင့်တယ်လို့ ထင်တယ်' ဟု သူက ပြောသည်။ သို့သော်လည်း ဒေးဗစ်က သူ့ကလေးအား သူ့ဖခင်၏အမည် ကိုယူ၍ "ရောဘတ်" ဟု မှည့်လိုသည်။ ပထမတော့ ဂျင်နီက 'ဟက်တာ၊ အာချီ ဘာ၊ ဗစ်တာ' စသည့် နာမည်များကို ရွတ်ပြကာ ခေါ်လို့ကောင်းသည့် အမည် များဟု ပြောနေသေးသည်။ သို့သော်လည်း နောက်ဆုံးကျတော့ သူ့ဘက်က အလျှော့ပေးလိုက်သဖြင့် ကလေးသည် ဒေးဗစ် မှည့်ချင်သည့်အတိုင်း "ရောဘတ်" ဟု ဖြစ်လာခဲ့လေ၏။

သီတင်းသုံးပတ် ကုန်လွန်သွားခဲ့ပြီ။ အေဒါသည်လည်း တိုင်နီကပ်ဆဲလ် သို့ ပြန်သွားပြီ။ ဂျင်နီမှာလည်း ယခင်ကလို ပုံမှန်အနေအထားသို့ ပြန်လည် ရောက်ရောက်ခဲ့ပြီ။ ဂျင်နီသည် ကလေးအား စောင့်ရှောက်ရသည့်တာဝန်ကို မှန်မှန် ထမ်းသည်။ သို့သော်လည်း ကြာလာသည့်အခါ သူ၏ စိတ်ဝင်စားမှုသည် နည်းပါး

လာသည်။ ဒေးဗစ်က သူ့အစားဝင်၍ ကလေးအား ဆေးတိုက်ခြင်း၊ ရေချိုးပေး ခြင်း စသည်များကို လုပ်နေသည့်အခါ ဂျင်နီသည် များစွာသဘောကျသည်။ ဤကြားထဲမှ သူ့စိတ်ထဲ၌ ထူးဆန်းသော ခံစားမှုတစ်ခုသည် အမြဲတစေ ဝင်လာ တတ်သည်။ ဘာ့ကြောင့်ရယ်တော့မသိ။ ဒေးဗစ်က ကလေးအပေါ်၌ များစွာ စိတ်ဝင်စားခြင်းကို သူ သိပ်ပြီးမကြိုက်။

တစ်ညတွင် ဂျင်နီက ....

'မောင် ဂျင်နီကို အချစ်ဆုံးလို့ သဘောထားတယ် မဟုတ်လား' ဟု မေးသည်။

'ကလေးကို ဂျင်နီထက်ပိုပြီး ချစ်သလား' ဟုလည်း မေးသည်။

ရုပ်အင်္ကျီလက်များကို ပင့်တင်ကာ ကလေးအား ရေချိုးပေးနေသော ဒေးဗစ်က အားပါးတရ ရယ်သည်။

'ဖြစ်မှဖြစ်ရလေ ဂျင်နီရယ်' ဟု ရေရွတ်သည်။

'ဘာ့ကြောင့် မောင်က မင်းထက် ကလေးကို ပိုပြီးချစ်ရမှာလဲ၊ ဖြစ်နိုင်ပါ့ မလားကွာ' ဟု ပြောသည်။

ဂျင်နီက ဘာမှပြန်မပြောဘဲ ဒေးဗစ်နှင့် ကလေးကိုသာ ငေးကြည့်နေသည်။ သူ့အကြည့်မှာ သိပ်ပြီး အလိုမကျသည့်အကြည့် ဖြစ်သည်။ နှစ်သစ်ကူးပွဲတော် နီးကပ်လာချိန်တွင် ဂျင်နီ၏ မကျေနပ်မှုသည် ကြီးမားလာသည်။ စိတ်ကလည်း မငြိမ်မဆိမ် ဖြစ်လာသည်။ သူ့အဖို့ အရာရာတိုင်းသည် အမှားတွေချည်းဖြစ်ကာ အမှန်ဟူ၍ တစ်ခုမှ မရှိတော့သလို ဖြစ်လာသည်။ သူသည် ဒေးဗစ်အား ရှေ့ဝေန်း စစ်မြေပြင်သို့ အမြန်သွားစေချင်သည်။ ဤကြားထဲမှပင် မသွားစေချင်သည့် စိတ် ကလည်း ရှိနေသည်။

သူသည် ယခုလောလောဆယ် ရဲတင်းနေသော်လည်း နောက်တစ်မိနစ်မျှ အကြာတွင် ကြောက်စိတ်ဝင်ကာ အချိုးပြောင်းသွားတတ်သည်။ သူသည် သူ့ စိတ်၏ အခြေအနေကို ရိပ်မိသဖြင့် စိတ်အပြောင်းအလဲ ဖြစ်လာစေရန် ဝတ္ထု စာအုပ်များကို ဖတ်သည်။ ယခုအခါတွင် သူသည် သူ၏ တေးဂီတပညာကိုလည်း မေ့သလောက် ဖြစ်နေပြီး စန္ဒရား မတီး၊ သီချင်းမဆိုသည်မှာလည်း ကြာခဲ့ပြီ။

တစ်ခါတစ်ရံ ဂျင်နီသည် သူ့ရုပ်လွှာကို မှန်ရှေ့၌ရပ်၍ အသေအချာ ကြည့်သည်။ သူ့ရုပ်နှင့် သူ့ကိုယ်လုံးကိုယ်ပေါက်တို့သည် ကျသွားခြင်း မရှိသေး။ ယခင်ကလိုပင် အရာမပျက် ရှိနေသည်။ ဤအတွက် သူ့မှာ အားတက်ရ၏။ ယခင်တစ်ကြိမ်တုန်းကလိုပင် သူ့တွင် အပေါင်းအသင်းဟူ၍ တစ်ဦးမျှ မရှိတော့ ဟူသော ခံစားမှုသည် ယခုတစ်ဖန် ဝင်လာပြန်သည်။ သူသည် အရာရာတိုင်းကို ဆုံးရှုံးနေရပြီဟုလည်း ထင်မိ၏။



ဂျင်နီအဖို့တော့ စိတ်ဓာတ်ကျစရာတွေနှင့်ချည်း ရင်ဆိုင်နေရသည်။ သူ့ ကိုယ်သူ ဘဝသေသလို ဖြစ်သွားပြီဟုလည်း ထင်နေသည်။ ရာသီဥတုကလည်း နှင်းတွတ်လွန်းသဖြင့် စိတ်ပျက်စရာကောင်းနေသည်။ သူ့အနေဖြင့် အပြင်ထွက်လိုက ထွက်နိုင်ပြီ ဖြစ်သော်လည်း မိုးရေစိုစိုကြားတွင် ထွက်လိုစိတ် မရှိ။ ထို့ပြင်လည်း ရောဘတ်ကို လေးနာရီတစ်ကြိမ် နို့တိုက်ရသော တာဝန်က တစ်ဖက်။ ထိုတာဝန် သည် သူ့အား အနှောင့်အယှက်ပေးနေသည်မှာ အမှန်။

သို့သော်လည်း နှစ်သစ်ကူးအကြို ညနေခင်းတွင် တစ်ဖွဲဖွဲ ရွာနေသာ မိုးသည် တိတ်သွားသည်။ နေ၏အလင်းရောင်သည် အပြင်သို့ ထွက်လာသည်။ ဂျင်နီသည် သူ့စိတ်သူ ချုပ်တည်းနိုင်စွမ်းမရှိတော့။ သူ တိုင်းနီကပ်ဆဲလ်သို့သွား၍ သူ့အမေနှင့် တွေ့ချင်သည်။ သူသည် ချက်ချင်းဆုံးဖြတ်ကာ ချက်ချင်းသွားမည် ဟု စိတ်ဥသည်။ အိမ်အပေါ်ထပ် တက်၍ အဝတ်အစား ကပျာကယာလဲသည်။ အချိန်က လေးနာရီ ထိုးနေပြီ။ သူသည် ရောဘတ်အား နို့တိုက်ပြီး ပုခက်ထဲ ပြန်ထည့်လိုက်သည်။ ဒေးဗစ်အတွက် စာတိုလေးတစ်စောင် ကောက်ရေးသည်။ ညရှစ်နာရီထိုးမှ သူ ပြန်ရောက်မည်ဟု ရေးခဲ့ခြင်းဖြစ်၏။

ဒေးဗစ် ပြန်ရောက်လာသည့်အခါ ဂျင်နီ၏စာကို တွေ့သည်။ သူ့စိတ် ထဲတွင် ဘယ်လိုမှ မအောက်မေ့။ ဂျင်နီတစ်ယောက် အရင်ကလို အပြင်သို့ ပြန် ထွက်နိုင်သည့်အတွက် ဝမ်းသာမိသည်။ သူသည် ကလေးငယ် ရောဘတ်အား ကြည့်ရှုပေးနေရသည့်အတွက်လည်း ပင်ပန်းသည်ဟု သဘောမထား။

ရောဘတ်သည် ပုခက်ထဲတွင် နှစ်ခြိုက်စွာ အိပ်မောကျနေသည်။ သူသည် ရှူးဖိနပ်များကို အသာချွတ်၍ ဘေးနားတွင် ချထားလိုက်သည်။ ခြေအိတ်များနှင့် လမ်းလျှောက်လျှင် ခြေသံကို ကလေးမကြားနိုင်။ သို့ဆိုလျှင် ရောဘတ်သည် နိုးလာဖွယ်မရှိ။ သူသည် လက်ဖက်ရည်တစ်ခွက်ဖျော်ကာ အေးအေးဆေးဆေး ထိုင်၍သောက်သည်။ ထို့နောက် ကုလားထိုင်တစ်လုံးကို ပုခက်ဘေး၌ ချ၍ထိုင်ကာ ဒီရေး၏ "အကောင်းနှင့် အဆိုး၏ တစ်ဖက်တွင်" အမည်ရှိ စာအုပ်ကို ဖတ်နေ သည်။ သူသည် စာအုပ်ကို ကြိုက်သည်။ သို့သော်လည်း ဖြောင့်ဖြောင့်တန်းတန်း မဖတ်နိုင်။ ပုခက်ထဲမှ ရောဘတ်ကိုသာ မကြာခဏ လှမ်းကြည့်နေရသဖြင့် စာဖတ်သည့်အလုပ်သည် မတွင်လှ။

ခုနစ်နာရီခွဲသည့်အခါ ရောဘတ်သည် နိုးလာသည်။ သူသည် နို့ဆာ လောက်ပြီ ထင်၏။ ရောဘတ်သည် ပုခက်အမိုးကိုကြည့်ကာ အေးအေးဆေးဆေး ငင် နေသည်။ 'သူ ရင်ဆိုင်ရမည့် ကမ္ဘာကြီး၏ရှုခင်းသည် ဘယ်လောက် ထူးဆန်း ပါသလဲ' ဟုများ တွေးနေလေသလား ....။

ရောဘတ်သည် သူ့လက်မကိုစုပ်ကာ နာရီဝက်ခန့်ကြာမျှ ငြိမ်ဆိတ်နေသည်။ နောက်ဆုံးတွင်မူ သူ့အစာ မဟုတ်သော လက်မသည် သူ့ဝမ်းကို ဖြည့်မပေးနိုင်။ ဤသို့ဖြင့် ရောဘတ်သည် ငိုစပြုလာသည်။ ဒေးဗစ်သည် ရောဘတ်ကို ပွေ့ချီကာ ချော့သည်။ ခဏတစ်ဖြုတ်တော့ ရပါ၏။ ထို့နောက်တော့ တစ်ချီ ထပ်၍ ငိုပြန်လေ၏။

ဒေးဗစ်သည် နာရီကို မော့ကြည့်သည်။ ရှစ်နာရီပင် ခွဲနေပြီ။ ဂျင်နီသည် ပထမ မီးရထားကို မီပုံမရ။ သို့ဆိုလျှင် ဒုတိယ ရထားသည် ဆယ်နာရီထိုး မှ ဆိုက်တော့မည်။ အခုမှပင် ဒေးဗစ်သည် အခြေအနေမှန်ကို ကောင်းစွာ နားလည် လာသည်။ ရောဘတ်၏ဘဝသည် ဂျင်နီ၏အပေါ်၌ လုံးဝ အမှီသဟဲပြုနေရခြင်း ဖြစ်၏။ ဂျင်နီသာ မရှိပါက ရောဘတ်၏ဘဝသည် မှိုင်မြဲဖို့ မလွယ်ပါတကား။

ဒေးဗစ်သည် ရောဘတ် အငိုတိတ်ဖို့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးသည်။ သေးစိုနေသဖြင့် အနီးနှင့် ခါးတောင်းကျိုက်များ လဲပေးသည်။ သူသည် ခါးတောင်းကျိုက်ကို ကောင်းကောင်းမလဲတတ်။ ခါးတောင်းကျိုက် လဲပေးနေခိုက်တွင် ရောဘတ်က သူ့ဆံပင်များကို ဆွဲဆုတ်ထားသည်။

ဒေးဗစ် ရယ်သည့်အခါ ရောဘတ်ကပါ လိုက်ရယ်သည်။ ရောဘတ်သည် ဆာနေဟန်တူ၏။ သူသည် ရောဘတ်အား မီးဖိုရှေ့ ကော်ဇောပေါ်၌ချထားပြီး ထိုင်ကြည့်နေသည်။ ရောဘတ်သည် ခြေကလန် လက်ကလန်နှင့် လှုပ်ရှားလျက် ရှိသည်။ ကလေးငယ်သည် သီတင်းပတ် အနည်းငယ်အတွင်း ပို၍ ကျန်းမာ သန်စွမ်းလာသည်ကို သူ သတိထားမိသည်။ ကြည့်ရသည်မှာ အလွန် ဆာလောင် နေပုံပေါ်၏။ ရောဘတ်သည် နောက်တစ်ချီထပ်၍ ငိုပြန်လေပြီ။

ဒေးဗစ်သည် ကလေးငိုသံ ကြားလေ ဂျင်နီအား ဒေါပွလေ ဖြစ်လာသည်။ သူသည် ကလေးဘေး၌ ဒူးနှစ်ဖက်ထောက်ထိုင်ကာ စကားပြော၍ ချော့သည်။ ထိုအခိုက်မှာပင် တံခါးပွင့်သွားပြီး အခန်းဝ၌ ဂျင်နီ ရပ်နေသည်ကို မြင်ရသည်။ ဂျင်နီသည် မြူးကြွနေသည်။ သူသည် ကလာရီနှင့် ရုပ်ရှင်ကြည့်ခဲ့သည်။ သူ ကြိုက်သော ပို့တ်ဝိုင် အနည်းငယ် သောက်ခဲ့သည်။

သူသည် တင်ပါးပေါ် လက်တစ်ဖက်ထောက်ကာ ဒေးဗစ်အား လှမ်းကြည့် နေသည်။ မျက်နှာကလည်း ပြုံးစပ်စပ်။ ထို့နောက်တော့ အားရပါးရ ရယ်သည်။ ကော်ဇောပေါ်၌ ရှိနေသည့် ဒေးဗစ်နှင့် ရောဘတ်တို့၏အဖြစ်သည် သူ့အတွက် ရယ်ဆေးတစ်ခွက် ဖြစ်နေသည် မဟုတ်ပါလား။

ဒေးဗစ်က နှုတ်ခမ်းကို ကိုက်ထားသည်။

'ဒီလို မရယ်ပါနဲ့၊ ဒါ ရယ်စရာ မဟုတ်ဘူး'



'မရယ်ဘဲ မနေနိုင်လွန်းလို့ပါ ဒေးဗစ်ရယ်' ဟု ဂျင်နီက ပြန်ပြောပြီး တခစ်ခစ် ရယ်နေပြန်သည်။

'မောင်တို့ကိုကြည့်ပြီး တစ်ခုတွေးမိလို့ပါ'

'ဘာတစ်ခုလဲ'

'ဘာမှ မဟုတ်ပါဘူး၊ ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ခုကို တွေးလိုက်မိလို့ပါ'

ဒေးဗစ်သည် ကလေးကို ပွေ့ချီကာ ထရပ်လိုက်သည်။

'ကလေး နို့သိပ်ဆာနေပြီ၊ အဲဒါကို မင်း သိရဲ့လား' ဟု တင်းမာသော လေသံဖြင့် ပြောသည်။ ဒေးဗစ်သည် အခုထိ စိတ်ဆိုးမပြေသေး။ ဂျင်နီက ယိုင်တီယိုင်တိုင်ဖြင့် သူ့ဆီသို့ လျှောက်လာသည်။

'ဟုတ်တာပေါ့၊ သူ့ဆာရင် ဝအောင်လုပ်ပေးနိုင်တာ ဂျင်နီတစ်ယောက်ပဲ ရှိတယ်မဟုတ်လား' ဟု အာလေးလျှာလေးဖြင့် ပြောသည်။

ဂျင်နီသည် ဒေးဗစ်လက်ထဲမှ ကလေးကို လှမ်းယူပြီး ဆိုဖာပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ပြီးတော့ နို့တိုက်သည်။ ရောဘတ် နို့စို့နေခိုက်တွင် အခြားတစ်ဖက်မှ နို့ရည်များသည် တစ်စက်စက် စီးကျနေသည်။ ဒေးဗစ်သည် မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်သည်။

'မင်း သတိထားပါ၊ ငါ မရှိတဲ့အချိန်မှာ ရောဘတ်ကို ဂရုစိုက်ဖို့လိုတယ်'

'စိတ်ချပါ ဒေးဗစ်ရယ်၊ ဂျင်နီ ဂရုစိုက်ပြီး ကြည့်ပါ့မယ်'

နောက်တစ်နေ့တွင် ဒေးဗစ်သည် တိုင်နီကပ်ဆဲလ်သို့ သွားသည်။ ထိုမှ တစ်ဆင့် ကက်တားရစ်ခ်ရှိ စစ်စခန်းသို့ ဝင်သည်။ နောက်သုံးလမျှအကြာ ဧပြီလ ၅ ရက်နေ့တွင် သူသည် စစ်မြေပြင် ဆေးတပ်ဖွဲ့နှင့်အတူ အမှတ် (၅) တပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်အဖြစ်ဖြင့် ပြင်သစ်နိုင်ငံသို့ ရောက်ရှိသွားခဲ့လေ၏။

* * * * *

## (၃၃)

၁၉၁၅ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်၊ တနင်္ဂနွေနေ့တွင် ဟက်တီ၏ မော်တော်ကားသည် လောဂေဟာ ဆင်ဝင်အောက်၌ ရပ်သည်။ ထိုအချိန်က အာသာ သည် စားသောက်ခန်း ပြတင်းပေါက်တစ်ပေါက်၌ရပ်ကာ လက်နှစ်ဖက်ကို အိတ်ကပ်များ ထဲနှိုက်၍ အပြင်သို့ မျှော်ကြည့်လျက်ရှိသည်။ ကာကီဝတ်စုံဖြင့်

ကျော့မော့နေသော ဟက်တီသည် ကားပေါ်မှ ဆင်းလာပြီး အိမ်ရှေ့တံခါးဘက်သို့ လျှောက်လာသည်ကို မြင်တွေ့နေရလေသည်။

လောဂေဟာသို့ ယနေ့ ဟက်တီ လာလိမ့်မည် ဟူသောသတင်းကို အာသာ သိထားနှင့်သည်။ ပထမဆုံး အန်တီကေရီက ပြောသည်။ ပြီးတော့ သူ့အမေက ပြောသည်။ ထို့နောက် စနေနေ့ နေ့လယ်စာ စားပွဲတွင် သူ့ဖခင်ဘားရပ်စ်က ....

'မနက်ဖြန်ကျရင် ဟက်တီ လက်ဖက်ရည် လာသောက်လိမ့်မယ်၊ အထူးအလုပ်နားရက်ရလို့လာတာ' ဟု ပြောသည်။

အာသာက ဘာမှမပြော။ "အထူးအလုပ်နားရက်" ဟူသော စကားသည် သူ့ကို ရိသည့်စကားဟု ထင်သည်။ ဤစကား၏ အသွားအလာသည် မိမိအား ထိကပါးရိကပါး ပြောလိုက်ခြင်းဟုလည်း သူ တွေးမိသည်။

လွန်ခဲ့သည့် ရှစ်လအတွင်း ဟက်တီသည် လောဂေဟာသို့ မကြာခဏ ရောက်လာလေ့ရှိ၏။ သူမသည် အမျိုးသမီး အရေးပေါ်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည့် ပထမဆုံးအုပ်စုတွင် ပါဝင်ခဲ့သဖြင့် အများ၏အမြင်တွင် အထင်ကြီးစရာ ဖြစ်ခဲ့သည်။ ယခုအခါတွင် သူမသည် အမျိုးသမီးတပ်ဖွဲ့ဌာနချုပ် အုပ်ချုပ်ရေးဌာနတွင် အရာရှိတစ်ဦး ဖြစ်နေခဲ့လေပြီ။

သူမသည် ဘားရပ်စ်၏ လှုပ်ရှားမှုများတွင်လည်း အသုံးဝင်သူတစ်ဦး ဖြစ်လာသည်။ မကြာခဏဆိုသလို ဘားရပ်စ် လက်မှတ်ထိုးရမည့် စာရွက်စာတမ်းများကို ယူလာလေ့ရှိသည်။ ယနေ့ကျတော့ ဟက်တီသည် အလုပ်နှင့် ပတ်သက်ပြီး လာခြင်းမဟုတ်။ နားရက်ရ၍ လာခြင်းဖြစ်၏။

ဟက်တီသည် အခန်းထဲသို့ ဝင်လာသည်။ အာသာကို မြင်လိုက်သည့်အခါ တန့်သွားသည်။ သူမသည် အာသာအား အပြုံးဖြင့် နှုတ်ဆက်သည်။ သူမ၏လက်ကို ဆန့်တန်းပေးပြီး အာသာ၏လက်ကို အားရပါးရဆွဲ၍ နှုတ်ဆက်သည်။

'ဘာလဲ ....ဟက်တီ ရောက်အလာကို စောင့်ကြည့်နေတာလား'

အာသာကတော့ ပြုံးလည်း မပြုံး၊ ရယ်လည်း မရယ်၊ တည်ငြိမ်သော မျက်နှာထားဖြင့် ပြန်ကြည့်ကာ ....

'ဟုတ်တယ်' ဟု ဖြေသည်။

'တခြားအိမ်သားတွေကော ဘယ်သွားကြလဲ'

'သူတို့အားလုံး ပျောက်ကွယ်ကုန်ကြပြီ၊ သူတို့က အခုလို လမ်းဖယ်ပေးထားတော့ ကိုယ်နဲ့ မင်းနဲ့ နှစ်ယောက်တည်းဆုံခွင့်ရတာပေါ့'

ဟက်တီက ရယ်သည်။



'အာသာ ပြောပုံက ဟက်တီနဲ့ အခုလို နှစ်ယောက်တည်းဆုံရတာကို မကြိုက်သလိုပဲ၊ ဒါပေမဲ့ ဟက်တီက အာသာ့အကြောင်း ကောင်းကောင်းသိပါတယ်၊ ကဲပါ ....ဟက်တီတို့ ခဏတဖြုတ် လမ်းလျှောက်ကြရအောင်လား'

'ကောင်းသားပဲ၊ လျှောက်ပေါ့'

အာသာသည် သူ့ဦးထုပ်နှင့် ကုတ်အင်္ကျီကို ယူလိုက်သည်။ သူတို့နှစ်ယောက်တည်းတွဲ၍ လမ်းမလျှောက်သည်မှာ လအတော်ကြာခဲ့ပြီ။ သူတို့သည် ဒင်းရေလွှဲပေါက်ဘက်မှဖြတ်၍ လျှောက်လာခဲ့ကြသည်။ ဆောင်းဦးပေါက်ရာသီသည် ပီပြင်စွာ ဝင်ရောက်နေပြီ။ တာရိုးပေါ် ရောက်သည့်အခါ သူတို့ ထိုင်နေကျ ဝက်သစ်ချပင်ကြီး၏ ခြေရင်း၌ ထိုင်ကြသည်။

အောက်ဘက်ရှိမြို့သည် ဆိတ်ငြိမ်သော တနင်္ဂနွေနေ့ကြားတွင် တိတ်ဆိတ်စွာ လဲလျောင်းနေသည်။ တစ်ဖက်တွင်မူ ပင်လယ်ရေပြင်သည် အလွန်အလှမ်းကွာဝေးသည့် မိုးကုပ်စက်ဝိုင်းဆီသို့ ထိနေသည်။ မည်းနက်နေသော နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းသည် ပင်လယ်ပြင်နှင့် မိုးကောင်းကင်တို့ နောက်ခံပြုကာ မားမားမတ်မတ် ရပ်တည်နေသည်။ အာသာသည် ကျောက်မီးသွေးတွင်းဆီသို့ အလွန်စက်ဆုပ်သည့် မျက်နှာထားဖြင့် ငေးကြည့်နေသည်။

'ဘာဖြစ်တာလဲ အာသာ၊ ကြည့်နေပုံက တစ်မျိုးကြီးပဲ၊ ဘာပြုလို့ အဲဒီလို ကြည့်နေရတာလဲ' ဟု ဟက်တီက မေးသည်။

'ကိုယ်လည်း မသိဘူး' ဟု အာသာက စက်ဆုပ်သည့်လေသံဖြင့် ဖြေသည်။

'လုပ်ငန်းကတော့ သိပ်ကောင်းနေတာပဲ၊ ကျောက်မီးသွေးတစ်တန်ကို သျှီလင် ငါးဆယ်နဲ့ ရောင်းနေရတာ'

'ဟုတ်လား' ဟု ဟက်တီက ရေရွတ်သည်။ သို့တစေလည်း အာသာ၏ လေသံက မလိုတမာနိုင်လွန်းလှသဖြင့် သူမ၏စိတ်ထဲတွင် ထူးဆန်းနေသည်။

'အာသာ အခုတလော ဘာဖြစ်နေသလဲ၊ ဟက်တီကို ပြောပြပါလား၊ ဟက်တီ ကူညီနိုင်ရင် ကူညီနိုင်မှာပေါ့'

အာသာက ဟက်တီအား လှည့်ကြည့်သည်။ သူ့မျက်နှာသည် မှုန်မှိုင်းနေသည်။

'နက်ပ်ကျွန်းတွင်းထဲမှာ ဖြစ်သွားတဲ့ကိစ္စကြီးကို ကိုယ် မမေ့နိုင်ဘူး' ဟု တိုးတိုးလေသံဖြင့် ပြောသည်။

'ဘယ်လို မမေ့နိုင်တာလဲ၊ ဘာကြောင့်လဲ အာသာ'

'ဒီကိစ္စဟာ မဖြစ်ခင်ကတည်းက မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်တဲ့ အခြေအနေရှိဘယ်လို့ ကိုယ် ယုံကြည်နေမိတယ်'

ဟက်တီက နားမလည်နိုင်သည့် မျက်နှာထားနှင့် အာသာအား ကြည့်နေသည်။

'ဟက်တီတော့ နားမလည်နိုင်တော့ဘူး၊ ဒီကိစ္စအတွက် ဘာပြုလို့ ဒီလောက် စိတ်ဆင်းရဲနေရတာလဲ'

အာသာက ဟက်တီ့မျက်နှာကို စိုက်ကြည့်နေသည်။

'အလုပ်သမားတွေအားလုံးရဲ့ အသက်တွေဟာ အလဟဿဆုံးရှုံးခဲ့ရတာပဲ ဟက်တီ' ဟု ပြောသည်။ ဟက်တီကတော့ အာသာ၏စကားကို သဘောမပေါက်။ သို့သော်လည်း ဟက်တီသည် အာသာ စိတ်သက်သာရာရစေရန် သူနားလည်သလို ဖျောင်းဖျစကား ပြောသည်။

'အဲဒါကြောင့် စိတ်မကောင်းဖြစ်ရတယ်ဆိုရင်လည်း အကောင်းဆုံးနည်းက အဲဒီအဖြစ်ကို မေ့ပစ်ဖို့ပဲ မဟုတ်လား အာသာ၊ အခုဆိုရင် အဲဒီကိစ္စကြီး ဖြစ်ပြီးခဲ့တာ ကြာပြီမဟုတ်လား၊ ပြီးတော့လည်း သေခဲ့တာက လူတစ်ရာတည်းပါ၊ အခု စစ်ကြီးထဲမှာ လူတွေထောင်နဲ့ချီပြီး သေနေရတာနဲ့ နှိုင်းယှဉ်ကြည့်မှပေါ့၊ အခုဖြစ်နေတဲ့ စစ်ကြီးဟာ တစ်ကမ္ဘာလုံးနဲ့ ဆက်စပ်နေတဲ့ ကမ္ဘာစစ်ကြီးပါ၊ ကျောက်မီးသွေးတွင်းထဲမှာ ဖြစ်ခဲ့တဲ့ သေကျေမှုနဲ့ ယှဉ်ကြည့်လိုက်ရင် သိပ်ကို ခြားနားပါတယ်'

'ကိုယ့်အဖို့တော့ ခြားနားမှုမရှိဘူး ဟက်တီ' ဟု အာသာက ပြန်ပြောသည်။

'ကိုယ်ကတော့ ဒီနှစ်ခုကို အတူတူပဲလို့ မြင်တယ်၊ ဒီနှစ်ခုဟာ အတူတူပဲ၊ ခွဲခြားလို့ လုံးဝမရဘူး၊ ရေ့တန်းစစ်မြေပြင်မှာ လူတွေ အသတ်ခံနေရတာဟာ ကျောက်မီးသွေးတွင်းထဲမှာ အလုပ်သမားတွေ သေရသလိုပါပဲ၊ ကိုယ့်အမြင်မှာတော့ အတူတူပါပဲ ဟက်တီ၊ ဒီကိစ္စတွေဟာ လူသတ်မှုကြီးတွေလို့ပဲ ကိုယ် ထင်တယ်'

ဟက်တီက သက်ပြင်းချသည်။ သို့သော်လည်း သူသည် အခြေအနေကို ပို၍ ခက်ခဲမလာအောင် ထိန်းသည်။

'ဟက်တီ့ကို အခုလိုဖွင့်ပြောလို့ ဟက်တီ ဝမ်းသာပါတယ်'

'အာသာက ကိုယ့်စိတ်ကိုယ် ဒုက္ခပေးနေတာပဲ၊ ဘာမှမဟုတ်တဲ့ အရာတစ်ခုအတွက် သောကတွေ များနေတာပါ၊ ဟက်တီ တစ်ခုစဉ်းစားမိတယ်'

'ဘာစဉ်းစားမိတာလဲ'

'ဟက်တီ ထင်တယ် အာသာ၊ စစ်ထဲမဝင်ချင်တာဟာ ....'

'စစ်ထဲကိုတော့ ဝင်ချင်စိတ်မရှိဘူး'

'ဘာပြုလို့လဲ၊ ဟက်တီ ဆိုလိုချင်တာက အာသာ ....ကြောက်လို့လား'



'ကြောက်လို့ ဖြစ်ချင်လည်း ဖြစ်မှာပဲ၊ ကိုယ်ဟာ လူကြောက်တစ်ယောက် ဖြစ်ချင် ဖြစ်နေမှာ'

'အဓိပ္ပာယ်မရှိတာ' ဟု ဟက်တီက ရေရွတ်သည်။

'လူတိုင်းဟာ ကြောက်တတ်ကြတာချည်းပဲ အာသာ၊ သတ္တိအကောင်းဆုံးဆိုတဲ့လူတွေမှာလည်း ကြောက်စိတ်ကတော့ ရှိတာပါ၊ ကဲပါလေ ....ဟက်တီ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ အာသာဟာ သိပ်တွေးလွန်းတယ်၊ သောကကြီးလွန်းတယ်၊ အပြောင်းအလဲဖြစ်သွားအောင် လက်တွေ့ဘဝထဲမှာ လက်တွေ့ဝင်လုပ်ဖို့ လိုလိမ့်မယ်လို့ ထင်တယ်'

ဟက်တီက အာသာမျက်နှာကို ချိုမြသောအပြုံးဖြင့် အကဲခတ်သည်။

'ဟက်တီပြောတာ နားထောင်စေချင်တယ် အာသာ'

'အာသာ မှတ်မိသေးလား၊ ဟိုတစ်ခါတုန်းက တိုင်နီကပ်ဆဲလ်မှာ အာသာနဲ့ဆုံမိခဲ့ကြတယ်လေ၊ အဲဒီတုန်းက အာသာက တို့နှစ်ယောက် စေ့စပ်ထားကြရအောင်လို့ ပြောခဲ့တယ် မဟုတ်လား၊ အဲဒီတော့ ဟက်တီက နှစ်ယောက်စလုံး အသက်ငယ်ပါသေးတယ်လို့ ပြောခဲ့တယ်လေ'

'အင်း ....ဟုတ်တယ်၊ အဲဒီနေ့ကို ကိုယ် မမေ့ဘူး၊ အမြဲသတိရနေတယ်'

ဟက်တီက ဆွဲဆောင်မှုရှိလှသောအပြုံးဖြင့် အာသာအား ကြည့်နေသည်။

'ဒါဆိုရင် ဟက်တီ ပြောမယ်၊ တကယ်လို့ အာသာ စစ်ထဲမဝင်ရင် အဲဒီအခြေအနေဟာ တစ်မျိုးဖြစ်လာဖို့ရှိတယ်'

အာသာသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ နောက်ဆုံးကျတော့ သူ ထင်ထားသည့်အတိုင်း ဖြစ်လာခဲ့ပြီ။ သူ အကြောက်ဆုံးဖြစ်သော ဟန်ဆောင်နူးညံ့သိမ်မွေ့မှုများဖြင့် သူ့အား ဆွဲဆောင်နေလေပြီ။ အာသာ မတုန်မလှုပ်ဖြစ်သွားသည်ကို ဟက်တီ သတိမထားမိ။ သူ့စိတ်ကူးနှင့်သူ သူ့စကား အောင်မြင်လိမ့်မည်ဟုပင် ယူဆလျက်ရှိသည်။ သူသည် အာသာအနီးသို့ တိုးကပ်လာသည်။

'ဟက်တီကတော့ အာသာကို သဘောကျမိတာအမှန်ပဲ၊ ငယ်ငယ်တုန်းကတည်းက သဘောကျခဲ့တာပါ၊ အာသာအနေနဲ့ မဟုတ်တရုတ်အတွေးတွေကို ဘာပြုလို့ လက်ခံနေရတာလဲ၊ အခုလို နားလည်မှုလွဲမှားနေတာတွေကို ရပ်လိုက်ပါတော့၊ အာသာကြောင့် အာသာ့အဖေရော ညီအစ်ကိုမောင်နှမတွေရော ဟက်တီပါ စိတ်ပူနေကြရတယ်၊ စစ်ထဲမှာသာဆိုရင် အာသာ အခုထက် ပိုပျော်မှာပါ၊ ပြီးတော့ ဟက်တီလည်း ပျော်မှာသေချာတယ်၊ ဟက်တီတို့နှစ်ယောက်စလုံး ပျော်ကြရမယ့်အလုပ်ပါ'

ထိုအချိန်ထိ အာသာက ဘာမှ ပြန်မပြော။ သူ့အား မော့ကြည့်နေသည်

ဟက်တီကိုသာ ပြန်ကြည့်နေသည်။ ထို့နောက် အနိုင်အမာ ဆုံးဖြတ်ထားသည့် လေသံဖြင့် ပြန်ပြောသည်။

'ပျော်စရာကောင်းလိမ့်မယ်ဆိုတာတော့ ကိုယ် သံသယမဖြစ်ပါဘူး၊ ဒါပေမဲ့ စစ်ထဲမဝင်ဘူး ဆိုတာကတော့ ကိုယ် ဆုံးဖြတ်ပြီးသား ဖြစ်နေပြီ'

'မဟုတ်သေးပါဘူး အာသာရယ်၊ အဲဒီလိုတော့ မလုပ်ပါနဲ့၊ အာသာ တကယ်ပြောတာ မဟုတ်ပါဘူးနော်'

'ကိုယ် တကယ်ပြောတာ'

'မဟုတ်သေးဘူး အာသာ၊ ဟက်တီပြောတာကို နားထောင်ပါ၊ သူတို့ အနေနဲ့ အရွယ်ရောက်သူတိုင်း စစ်ထဲ မဝင်မနေရ ဥပဒေလုပ်တော့မှာ၊ အာသာ ထင်သလောက် မလွယ်ဘူးနော်၊ ဟက်တီ အဲဒီသတင်းကို ဌာနချုပ်က ကြားခဲ့တာ၊ အသက်ဆယ့်ရှစ်နှစ်နဲ့ လေးဆယ့်တစ်နှစ်ကြ [illegible]ရွယ်တိုင်း စစ်ထဲဝင်ကြရမှာ၊ အဲဒီတော့ အာသာ လွတ်မတဲ့လား၊ အာသာလည်း ဝင်ရမှာပဲ၊ အဲဒီတော့ အခုကတည်းက ဟက်တီ့အကျိုးကိုကြည့်ပြီး စစ်ထဲဝင်စေချင်တယ်၊ အာသာ့အဖေ ကလည်း စစ်ထဲဝင်စေချင်နေတယ်'

'ကိုယ့်အဖေအနေနဲ့ သူကြိုက်တာ သူလုပ်ပိုင်ခွင့်ရှိတယ်၊ လုပ်ပေါ့၊ ကိုယ့် မှာလည်း ကိုယ်ကြိုက်တာ ကိုယ်လုပ်ရမှာပဲ'

'အဲဒီလို မလုပ်ပါနဲ့ကွာ၊ ဟက်တီကိုချစ်ရင် ဟက်တီ့စကားကို နားထောင်ပါ'

'ကိုယ် မလုပ်နိုင်ဘူး ဟက်တီ'

ဟက်တီမျက်နှာသည် ရှက်စိတ်ဖြင့် နီရဲနေသည်။ သူသည် အာသာလက် ပေါ်၌ ရောက်နေသည့် သူ့လက်ကို ပြန်ရုပ်လိုက်သည်။ သူသည် နောက်သို့ ပြန်ဆုတ်ကာ အာသာအား ကျောခိုင်း၍ထိုင်လိုက်သည်။ သူ့လေသံသည် ချက်ချင်း ပင် ပြောင်းသွားသည်။

'ဒီကိစ္စဟာ ဟက်တီအတွက် အဆိုးဆုံးဖြစ်သွားပြီဆိုတာ ရှင် နားလည် လိမ့်မယ်လို့ထင်တယ်၊ အလွန်လုပ်သင့်တဲ့ အလုပ်တစ်ခုကိုလုပ်ဖို့ တိုက်တွန်း နေတဲ့လူရဲ့စကားကို ဒီလောက်ကြီး ငြင်းနေရင် ဒီလိုလူစားမျိုးကို ဟက်တီ ဘယ်လို လုပ်ပြီး စေ့စပ်နိုင်မှာလဲ'

'ကိုယ် ဝမ်းနည်းပါတယ် ဟက်တီ၊ ဒါပေမဲ့ မင်း သိမှာပါ၊ ဒီကိစ္စက ကိုယ့်မူနဲ့ ဆန့်ကျင်နေတယ်'

'ရှင့်ပါးစပ် ပိတ်ထားပါ' ဟု ဟက်တီက ဒေါသတကြီးပြောသည်။

'ကျွန်မဘဝမှာ ဘယ်တုန်းကမှ အခုလို အစော်ကားခံရတာမျိုး မရှိခဲ့ဘူး



အခုဟာ ပထမဆုံးအကြိမ်ပဲ ....၊ ဒီလိုလူစားနဲ့ စေ့စပ်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး၊ ကျွန်မ ဒီကိစ္စကို လုပ်နေတာဟာ ရှင့်အဖေအတွက်ပဲ၊ ရှင့်အဖေဟာ တကယ့်ကို ယောကျ်ားပီသတဲ့လူ၊ ရှင့်လို စိတ်ဓာတ်ပျော့ညံ့တဲ့လူ မဟုတ်ဘူး၊ ဒီကိစ္စကို ရှင်က မလုပ်နိုင်ဘူးဆိုရင် ရှေ့လျှောက်ပြီး ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာ မရှိတော့ဘူး'

'ကောင်းပြီလေ' ဟု အာသာက ပြန်ပြောသည်။

ဟက်တီသည် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသည်။

'ကျွန်မ ဆုံးဖြတ်လို့ရတာ တစ်ခုပဲရှိတယ်၊ ရှင်ဟာ လူကြောက်ပဲ၊ ရှင်ဟာ လူကြောက်၊ ရွံရှာစက်ဆုပ်ဖို့ကောင်းတဲ့ လူကြောက်တစ်ယောက်ပဲ'

အာသာ မျက်နှာသည် သွေးဆုတ်သွားသည့်နှယ် ဖြူဖပ်ဖြူရော် ဖြစ်သွား သည်။ သူသည် ဟက်တီအား တုံ့ပြန်ချေပခြင်းမပြုဘဲ ငြိမ်နေသည်။ ဟက်တီက ထိုင်ရာမှ ဖြုန်းခနဲ ထရပ်သည်။ အာသာကလည်း ခပ်ဖြည်းဖြည်း ထရပ်သည်။ နှစ်ဦးသား တိတ်ဆိတ်စွာ ပြန်လာခဲ့ကြသည်။

အာသာက ဟက်တီအား အိမ်တံခါးဖွင့်ပေးပြီး ရှေ့မှဝင်စေသည်။ သူ ကတော့ အထဲရောက်လျှင်ရောက်ချင်း သူ့အခန်းရှိရာ အပေါ်ထပ်သို့ တန်းတက် သွားသည်။ ဟက်တီသည် ခန်းမထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ သူမသည် ဦးခေါင်းကို မော့ထားသည်။ ဒေါသအရှိန်ဖြင့် မျက်လုံးအစုံသည် ဝင်းဝင်းတောက်နေသည်။ ထို့နောက် ဖျတ်ခနဲလှည့်ကာ စားသောက်ခန်းထဲသို့ ဝင်သွားသည်။

အခန်းထဲတွင် ဘားရပ်စ် ရောက်နေပြီ။ သူသည် နံရံပေါ်ရှိ အလံငယ် ကလေးများ စိုက်ထားသည့်မြေပုံကို ကြည့်ရှုလေ့လာနေသည်။ ဟက်တီကို မြင် သည့်အခါ နောက်သို့လှည့်လာသည်။ သူသည် လက်ဖဝါးနှစ်ဖက်ကိုပွတ်လိုက် ပြီး လှမ်းမေးသည်။

'ဘယ်လိုလဲ ဟက်တီ၊ အဆင်ပြေရဲ့လား'

ဟက်တီသည် ဘားရပ်စ်၏ ကရုဏာမကင်းသော အကြည့်နှင့် ရင်ဆိုင် မိသည့်အခါ မျက်ရည်များကျလာသည်။

'ဟက်တီ အများကြီး စိတ်ထိခိုက်ခဲ့ရတယ်' ဟု တုန်ရီသောအသံဖြင့် ပြောသည်။

ဘားရပ်စ်သည် သူမ၏အနီးသို့ရောက်လာပြီး ပခုံးကို အသာအယာ ဖက် ထားသည်။

'ပြောပါဦး ....ဘယ်လိုဖြစ်လာသလဲ' ဟု မေးသည်။

ဟက်တီက မပြောနိုင်။ ဘားရပ်စ်ကို ပြန်ဖက်ထားသည်။ ဘားရပ်စ်

ကလည်း စိတ်မကောင်းသော မျက်နှာထားဖြင့် ဟက်တီအား ဖက်ထားသည်။ ဟက်တီသည် မျက်လုံးအစုံကို မှေးမှိတ်ကာ သူမ၏ ဦးခေါင်းကို ဘားရပ်စ်၏ ရင်ခွင်၌ အပ်ထားလေသည်။

* * * * *

## (၃၄)

လုပ်ငန်းမန်နေဂျာအဖြစ် ခန့်ထားခြင်းခံရပြီးနောက် ခြောက်လမျှအတွင်း ဂျိုးဂိုလန်သည် သူ့အတွက် လုပ်စရာ အလုပ်တွေ အများကြီးရှိနေသည်ကို တွေ့ရ၏။ သူသည် ပလတ်လိန်းလမ်းသို့ အစောကြီးလာသည်။ ပြန်တော့ နောက်ကျပြီးမှ ပြန်သည်။ အလုပ်ရှင် စတန်လေက သူ့ကို ခိုင်းစရာပေါ်လာတိုင်း ဂျိုးသည် အသင့်ရှိနေတတ်သည်။

သူသည် ပင်ကိုကတည်းက လိမ္မာပါးနပ်သူ ဖြစ်၏။ လူကဲခတ်ရာ၌လည်း အလွန်တော်သူ ဖြစ်၏။ သူ့အား ရာထူးတိုးပေးခြင်းနှင့် ပတ်သက်၍ စာရေးကြီး ဖူးလား၊ ပုံဆွဲခန်း အကြီးအကဲ အိုင်ရာဗင်နှင့် ငွေကိုင်စာရေး ဒိုဘီတို့က မကျေမနပ် ဖြစ်နေကြသည်ကို သူ သိသည်။ သူတို့လူစုမှာ အသက်ကြီးသူများဖြစ်သည် အားလျော်စွာ အသက် နှစ်ဆယ့်ခုနစ်နှစ်မျှသာရှိသေးသော ဂျိုးလို လူငယ်တစ်ယောက်၏ အုပ်ချုပ်မှုကို မခံယူလိုကြပေ။

အထူးသဖြင့် ဘာအတွေ့အကြုံမှ မရှိသေးဘဲနှင့် လျင်မြန်စွာ ရာထူးတက်လာခြင်းသည် သူတို့အတွက် ဘဝင်မကျစရာတစ်ခု ဖြစ်နေသည်။ ဤသုံးဦးထဲတွင် နှာခေါင်းကောက်ကောက်နှင့် ဒိုဘီသည် မကျေနပ်ဆုံးလူ ဖြစ်သည်။ လူပါးတစ်ယောက်ဖြစ်သော ဂျိုးသည် ထိုအခြေအနေကို ကောင်းစွာနားလည်ထားသည် ဖြစ်ရာ သူ့အလုပ်ကို အလွန်သတိထားပြီး လုပ်သည်။ တစ်နေ့နေ့တွင် သူ့အချိန်သည် ရောက်လာလိမ့်ဦးမည်ဟု သူ တွက်ထားသည်။ သူ့အချိန်မရောက်သေးမီ လောလောဆယ် ကာလမှာတော့ အားလုံးနှင့် အဆင်ပြေအောင် မျက်နှာချိုသွေး၍ နေပါမှ ဖြစ်မည်ဟု နားလည်ထားသည်။

ဂျိုးလို လူလည် လူပါးတစ်ယောက် အဖို့ကတော့ သူ့ကိုဒုက္ခပေးမည့် ပြဿနာဟူ၍ များများစားစား မရှိပေ။ သူသည် စတန်လေ မလုပ်လိုဘဲနှင့် လုပ်နေရသော တာဝန်များကို သက်သာရာရအောင် ဘေးမှနေ၍ ကူညီပံ့ပိုးသည်။ အသေအဖွဲ့လုပ်ငန်း ဟူသမျှကိုလည်း သူကချည်း ဒိုင်ခံ၍ လုပ်ကိုင်ပေးသည်။



ဖြတ်ထိုးဉာဏ်ရှိပြီး အကွက်မြင်တတ်သော ဂျိုးသည် မတ်လထဲ ရောက်သည့်အခါ စတန်လေအား အကြံတစ်ခု ပေးသည်။ စနေနေ့တိုင်း သူနှင့် စတန်လေတို့ တွေ့ဆုံပြီး ရှေ့သီတင်းပတ်အတွက် လုပ်စရာ အလုပ်များကို ဆွေးနွေးညှိနှိုင်းပြီး ချမှတ်ဆောင်ရွက်သွားရန် ဖြစ်သည်။ ဤသို့ဖြင့် စနေနေ့မနက်တိုင်း သူသည် စတန်လေနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ပုံမှန်ပြုလုပ်ခွင့် ရခဲ့လေသည်။

မတ်လကုန်ခါနီးတွင် စတန်လေသည် ဂျိုးထံမှ အကြံပြုချက်တစ်ခု ရရှိခဲ့ပြန်သည်။ နောက်ထပ် သံရည်ကျိုအိုးခြောက်လုံး တိုးချဲ့ရန် ဖြစ်သည်။ စတန်လေကလည်း သူ့အကြံကို လက်ခံသည်။ ထို့နောက် ပစ္စည်းသယ်လုပ်ငန်းတွင် အမျိုးသမီး အလုပ်သမားများ ခန့်ထားအသုံးပြုရန် အကြံပေးပြန်သည်။

သူသည် ဗစ်အိုလီဗာအား စက်ခန်းတာဝန်ခံအဖြစ် ထားလိုက်သည်။ အဘိုးကြီး ဆမ်ဒါဗယ်လ်ဒေးအား ပုံသွင်းဌာန၌ တာဝန်ခံအဖြစ် ထားသည်။ ဤသို့ဖြင့် အိုလီဗာနှင့် ဒါဗယ်လ်ဒေးတို့သည် သူ့အိတ်ကပ်ထဲသို့ ရောက်လာကြသည်။ ဧပြီလထဲတွင် မန်နေဂျာဟောင်း ကလက်ဂ် ကွယ်လွန်သည်။ ဂျိုးသည် အလွန်ကြီးမားသည့် ပန်းခွေကြီးတစ်ခု ပြုလုပ်ကာ ကလက်ဂ်အား ဂုဏ်ပြုခဲ့လေသည်။

တဖြည်းဖြည်းနှင့် ဂျိုးသည် စတန်လေနှင့်ရော၊ စက်ရုံလုပ်ငန်းနှင့်ပါ အနေနီးကာ ထိတွေ့မှုများလာသည်။ လုပ်ငန်း လည်ပတ်ပုံများကို သိလာသည်။ အလုပ်မှရရှိသော အမြတ်ငွေမှာ ကြောက်ခမန်းလိလိ များပြားလှသဖြင့် အကြီးအကျယ် အံ့ဩခဲ့ရ၏။ ဗုံးတစ်မျိုးတည်းအတွက် အစိုးရက စတန်လေအား တစ်လုံးလျှင် ခုနစ်သျှိလင် ခြောက်ပဲနိနှုန်း ပေးသည်ဖြစ်ရာ တစ်လုံးပေါ်မှ အမြတ်ငွေမှာ ပျမ်းမှ ကိုးပဲနိမျှ ရရှိသည်။ ထုတ်လုပ်ပေးနေရသည့် ဗုံးအရေအတွက်မှာ ထောင်ပေါင်းများစွာ ဖြစ်သဖြင့် အမြတ်ငွေ အရေအတွက်သည် အများအပြား ဖြစ်သည်။

ယခုအခါတွင် ဂျိုး၏လစာမှာ တစ်နှစ်လျှင် ပေါင်ခုနစ်ရာငါးဆယ်မျှရှိ၏။ သို့သော်လည်း ထိုငွေသည် စက်ရုံမှ ရရှိနေသည့် အမြတ်ငွေနှင့်တွက်လျှင် ဘာမှ ဖြစ်လောက်သည့်ငွေ မဟုတ်ပေ။ သူ၏ လက်ရှိအခြေအနေသည် စတန်လေနှင့် ယခင်ကထက်ပို၍ ရင်းနှီးလာခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် နေ့လယ်စာကို စတန်လေ၏ ရုံးခန်းထဲ၌ စားလေ့ရှိသည်။ ဘီယာနှင့် အသားညှပ်ပေါင်မုန့်သည် သူတို့၏ နေ့လယ်စာ ဖြစ်၏။ သူတို့သည် စတန်လေ ကလပ်သို့လည်း မကြာခဏသွား၍ စားကြသောက်ကြသည်။ ကောင်တီကလပ်နှင့် စင်ထရယ် ဟိုတယ်သို့လည်း မကြာမကြာ သွားကြ၏။

စတန်လေသည် ဂျိုး၏အပေါ်၌ ယုံကြည်ကိုးစားမှု တိုးတက်လာသည် ဖြစ်ရာ နယ်မြေစစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကော်မတီ အစည်းအဝေးသို့လည်း ခေါ်သွားလေ့ရှိသည်။ အလုပ်ခွင်၌ စတန်လေ မရှိသည့်အခါများတွင်လည်း တာဝန်ဟူသမျှသည် ဂျိုးအပေါ် ကျရောက်လာတတ်၏။ ဂျိုးကလည်း ထိုတာဝန်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံ၍ လုပ်ကိုင်ပေးသည်။ တစ်ခါတစ်ရံ အလုပ်ပင်ပန်းလွန်း၍ နားလိုသည့် အခါများတွင်လည်း စတန်လေသည် သူ့တာဝန်အားလုံးကို ဂျိုး၏လက်သို့ ဝကွက်၍ အပ်ထားတတ်လေသည်။

ဤသို့ဖြင့် ဂျိုး၏ အခန်းကဏ္ဍသည် တစ်နေ့တခြား ကြီးလာသည်။ အရေးကြီးသော ကန်ထရိုက်စာချုပ်များ လက်ခံခြင်း၊ စက်ရုံအတွက် လိုအပ်သည့် ပစ္စည်းများ ဝယ်ယူခြင်း စသည့်လုပ်ငန်းများကိုပါ လုပ်လာရသည်။ အထူးသဖြင့် ခနောက်စိမ်း ဝယ်ယူခြင်း လုပ်ငန်းသည် ဂျိုးအတွက် အကျိုးဖြစ်စရာတစ်ခုအဖြစ် တည်ရှိလာခဲ့၏။ ခနောက်စိမ်းမှာ တစ်တန်လျှင် ၂၅ ပေါင်အထိ ပေးရသည်ဖြစ်ရာ ယင်းအပေါ်မှ အမြတ်ထုတ်စရာ အကွက်များသည် ဂျိုးအတွက် မျက်စိကျစရာ ဖြစ်လာခဲ့၏။ ဤလုပ်ငန်းနှင့် ပတ်သက်၍ ပထမဆုံး ဂျိုးနှင့် ဆက်စပ်ပတ်သက်လာသူမှာ မော်ဆန် ဆိုသူ ဖြစ်လေသည်။

မော်ဆန်သည် လူလုံးလူဖန် ထွားထွားကျိုင်းကျိုင်း၊ အရပ်ပုပု၊ မေးစေ့နှစ်ထပ်ပိုင်ရှင် ဖြစ်သည်။ လူပုံပန်းမှာ လူရည်လည်သောပုံ ဖြစ်၏။ အလှန်ပါးနပ်လိမ္မာသည် ဟူသောအချက်ကို သူ့မျက်နှာက အထင်အရှား ဖော်ပြနေသည်။ မော်ဆန်သည် သူ့ကိုယ်သူ ကုန်သည်ကြီးတစ်ယောက်ဖြစ် လည်းကောင်း၊ ကန်ထရိုက်တာကြီးအဖြစ် လည်းကောင်း အမည်တပ်ထားသူ ဖြစ်ပေသည်။

မယ်လ်မို သဘော်ဆိပ်ခံတံတား၌ စိုက်ထူထားသည့် ဆိုင်းဘုတ်သည် ဂျင်မော်ဆန်၏ အလုပ်အကိုင်ကို ဖော်ပြနေသည်။ ဂျင်မော်ဆန်သည် အလုပ်မျိုးစုံလုပ်သည့် အထွေထွေကုန်သည်ကြီး ဖြစ်သည်။ အထွေထွေ ကန်ထရိုက်တာဟုလည်း သူ့ကိုယ်သူ အမည်တပ်ထားသည်။ တကယ်တော့ သူသည် အရောင်းအဝယ် လုပ်ငန်းများကိုသာ လုပ်သည်မဟုတ်။ ကန်ထရိုက်အလုပ်မျိုးစုံကိုလည်း လုပ်သည်။ တိုင်နီကပ်ဆဲလ် ငွေကြေးဈေးကွက်၌ ဝင်ရောက်လှုပ်ရှားခြင်းလည်း ပြုသည်။ သူသည် ဖြစ်ပွားလာသည့် စစ်ကြီးပေါ်မှာ ရသမျှ အကျိုးအမြတ်များကိုလည်း ထုတ်သည်။ ဤသို့ဖြင့် သူသည် တစ်နေ့ထက်တစ်နေ့ တိုး၍တိုး၍ ချမ်းသာလာနေသည်။

မော်ဆန်၏ လုပ်နည်းလုပ်ဟန်များကို ကြားရသည့်အခါ ဂျိုးသည် စိတ်ဝင်စားသည်။ မော်ဆန်၏ လိမ္မာပါးနပ်မှုသည် ဂျိုးအတွက် အားကျစရာတစ်ခု



ဖြစ်လာသည်။ အတုယူစရာ လူတစ်ယောက်ဟုလည်း မြင်လာသည်။ တကယ်တော့လည်း မော်ဆန်သည် အလွန်အကွက်မြင်သူ ဖြစ်သည်။ တိုင်နီကပ်ဆဲလ်မြို့ပေါ်တွင် စက္ကူများပါးသည့်ပြဿနာ ပေါ်နေသည်။ ယင်းအခြေအနေကို သိလာသော မော်ဆန်သည် ချက်ချင်းပင် လုပ်ငန်းတစ်ခုကို ထလုပ်သည်။

သူသည် မယ်လ်မို လက်လုပ်လက်စား ရပ်ကွက်တွင်းမှာ မိန်းကလေးများအားငှား၍ မြို့တွင်းရှိ အမှိုက်ပုံးများမှ စက္ကူဟောင်းများကို ကောက်ခိုင်းသည်။ မိန်းကလေးများသည် နံနက်တိုင်း ငါးနာရီတွင်ထ၍ မြို့တွင်းရှိ နေရာအနှံ့သို့ သွားကာ ကောက်ကြခြင်း ဖြစ်၏။ သူတို့ ကောက်ယူရရှိလာသည့် စက္ကူနှင့် ကတ်ပြားများအနက် ကတ်ပြားများသည် အကောင်းဆုံးပစ္စည်းများ ဖြစ်သည်။ မိန်းကလေးတစ်ယောက် ရသည့် တစ်ပတ်လုပ်ခမှာ နှစ်သျှီလင် ခြောက်ပဲနီ ဖြစ်သော်လည်း မော်ဆန်၏ ဝင်ငွေမှာမူ အဆမတန် များပြားလှသည်။ မော်ဆန်၏ ထိုစိတ်ကူးနှင့် ထိုလုပ်ငန်းသည် ဂျိုးအား များစွာ ဆွဲဆောင်ခဲ့၏။ 'အမှိုက်ထဲမှ ရွှေဖြစ်သည့်အလုပ်' ဟု ဂျိုးက ယူဆလေသည်။

ဂျင်မော်ဆန်အား အလွန်သဘောကျနေသော ဂျိုးသည် ဂျင်မော်ဆန်အားသူ၏ ညီအစ်ကိုအရင်းလို သဘောထားသည်။ သူတို့ချင်း ပထမဦးဆုံး ဆုံမိခဲ့ကြသည်မှာ ခနောက်စိမ်း ဝယ်ယူရေးကိစ္စကို ဆွေးနွေးကြစဉ်က ဖြစ်၏။ ထိုစဉ်က မော်ဆန်သည် ဂျိုးအား သူ့အိမ်သို့ ဖိတ်ခဲ့သည်။ သူ့အိမ်တွင် မော်ဆန်၏ဇနီး မာ့ဂ်ရက်မော်ဆန်နှင့် ဆုံခဲ့ရ၏။ မစ္စက်မော်ဆန်သည် တစ်ချိန်က အပေါင်ဆိုင်ပိုင်ရှင် ဖြစ်ခဲ့ဖူးသည်ကို များစွား ဂုဏ်ယူနေသော မိန်းမကြီး ဖြစ်သည်။ ထိုညက သူ့အား ညစာကျွေးရာ၌ ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်ကျွေးမွေးခဲ့သည်။ ညစာစားအပြီး အာလာပသလ္လာပ စကားပြောရင်းနှင့် ဂျင်မော်ဆန်က သူ့အား စတော့ဈေးကွက်တစ်ကို ပေးခဲ့သည်။

ဂျိုးသည် မော်ဆန် ပေးသည် တစ်ကို ဝယ်ယူခဲ့ရာ ပေါင်သုံးရာမျှ အမြတ်ရရှိခဲ့၏။ ဤအတွက်သူသည် ဂျင်မော်ဆန်အား ကျေးဇူးတင်၍မဆုံး။ သူ့အနာဂတ်ဘဝ ကြီးပွားချမ်းသာရေးအတွက် မော်ဆန်၏ ပူးပေါင်းဆောင်ရွက်မှုကို မယူလျှင်မဖြစ်ဟု ခံယူခဲ့သည်။ ဤသည်မှာ အစပြုခြင်း ဖြစ်သည်။ စစ်ကြီးဖြစ်နေသည်မှာ နှစ်အတော်ကြာခဲ့ပြီ။ သူ့အဖို့တော့ အံ့သြစရာကောင်းသည့် စစ်ကြီးတစ်ခုဟု ယူဆသည်။ ဤစစ်ကြီးသည် ရာသက်ပန် ဖြစ်နေလိမ့်မည်ဟုပင် မျှော်လင့်မိ၏။

ဂျိုး၏ ရှေ့အလားအလာများသည် များစွာကောင်းလျက် ရှိသည်။ ယင်းအလားအလာများအတွက် အဟန့်အတားဟူ၍ တစ်ခုတည်းသာ ရှိ၏။ ယင်းမှာ အခြားမဟုတ်၊ လော်ရာ ဖြစ်သည်။ ဂျိုးသည် လော်ရာ အကြောင်းကို မကြာမကြာ

တွေးမိသည်။ တွေးမိတိုင်းလည်း ပဟေဠိပုစ္ဆာတစ်ခုလို ဖြစ်နေရ၏။ လော်ရာသည် အလွန် အကဲဖြတ်ရခက်သည့် မိန်းမတစ်ယောက် ဖြစ်နေပေသည်။

အမှန်အတိုင်းပြောရလျှင် သူသည် လော်ရာအား ချဉ်းကပ်လိုသည်။ သို့သော်လည်း လော်ရာ၏ အနေအထိုင်နှင့် အပြုအမူသည် စဉ်းစားဆုံးဖြတ်ရ ခက်နေသည်။ ချဉ်းကပ်၍ မလွယ်ကူနိုင်လောက်အောင် ဖြစ်နေသည်။ သူတို့သည် လူချင်း မကြာခဏ ဆုံမိခဲ့ဖူးသည်။ သို့သော်လည်း နှစ်ယောက်တည်း မဟုတ်။ အနားတွင် အမြဲလိုလို စတန်လေက ရှိနေသဖြင့် အခက်အခဲ ဖြစ်နေရ၏။ သူ့အနေဖြင့် နှစ်ယောက်တည်း ဆုံမိချင်သည်။ အကယ်၍ ဆုံမိချိန်တွင် သူ့ဘက်က လှုပ်ရှားမှုပြုလိုက်ပါက အဆင်ပြေနိုင်ပါမည်လော။ အဆင်မပြေခဲ့သော် မိမိ အခုရထားသည့် အဆင့်အတန်းကိုရော၊ အနာဂတ် အလားအလာများကိုပါ စွန့်လွှတ်ရလိမ့်မည်။ ထို့ကြောင့်လည်း သူသည် မတိုးသာ မဆုတ်သာ အခြေအနေ၌ ဆိုက်ရောက်နေရခြင်း ဖြစ်၏။

ညညကျလျှင် သူသည် လော်ရာအကြောင်းကိုသာ တွေးမိသည်။ လော်ရာ၏ ရုပ်သဏ္ဌာန်ကို မြင်ယောင်ကာ သူ့အနား၌ ရှိစေချင်သောဆန္ဒ ဖြစ်ပေါ်သည်။ အခုအချိန်ဆိုလျှင် လော်ရာ ဘာလုပ်နေမလဲ။ ရေချိုးနေမလား၊ အဝတ်လဲနေမလား၊ ဆံပင်အလှပြင်နေမလား စသည်များကိုလည်း မတွေးဘဲမနေနိုင်။ တစ်ခါသော် လော်ရာအပေါ် မက်မောစိတ် ပြင်းထန်လွန်းသဖြင့် အိမ်မှထွက်ကာ အနီးဆုံး တယ်လီဖုန်းရုံမှနေ၍ ဖုန်းဆက်မိ၏။ တစ်ဖက်က ဖုန်းကိုင်သူမှာ စတန်လေ ဖြစ်နေသဖြင့် ထိတ်လန့်တကြားဖြစ်ကာ တယ်လီဖုန်းကို ကသောကမျော ပြန်ချထားလိုက်ပြီး အိမ်သို့ ပြန်လစ်လာခဲ့ရဖူးလေသည်။

သူ့အဖြစ်သည် ရူးလောက်၏။ လော်ရာအား တမ်းတမ်းစွဲဖြစ်လျက်ရှိသည်။ လော်ရာနှင့် ချစ်ကြိုးသွယ်ရလျှင် အထူးအဆန်း ဖြစ်လိမ့်မည်ဟု လည်းကောင်း၊ သူ ရှာဖွေလိုသောအရာကို လော်ရာထံ၌ ရှာဖွေတွေ့ရှိလိမ့်မည်ဟုလည်း ထင်မိ၏။ သို့သော်လည်း လော်ရာနှင့် မနီးစပ်သဖြင့် သူ ရှာလိုသောအရာကို မရှာနိုင်ခဲ့။

လော်ရာသည် စတန်လေနှင့် ပေါင်းသင်းနေရခြင်းအပေါ် စိတ်ပျက်ခြင်း ငြီးငွေ့ခြင်းများ ဖြစ်လိမ့်မည်ဟု ထင်၏။ စတန်လေ၏ အလုပ်နှင့် ပတ်သက်သည့် ညည်းညူသံများ၊ မျိုးချစ်စိတ် ဆိုသည့် နိုင်ငံရေးစကားများကိုလည်း အလွန် စိတ်ပျက်မည်မှာ မလွဲ။ သို့ပါလျက်နှင့် လော်ရာသည် စတန်လေအပေါ်၌ သစ္စာစောင့်သိနေ၏။ ဘာ့ကြောင့် သစ္စာရှိနေရတာလဲဟု တွေးမိသည့်အခါ ဂျိုးသည် ကျိန်ဆဲမိသည်။ သူသည် သူ့ကိုယ်သူ လူချောလူလှ တစ်ယောက်ဟု



ထင်ထားသူ ဖြစ်သည်။ မိန်းမတွေ သဘောကျနိုင်သည့် ဆွဲဆောင်မှုတွေ အများကြီးရှိသည်ဟုလည်း ထင်နေသူ ဖြစ်၏။ သို့သော်လည်း လော်ရာသည် မိမိအပေါ်၌ မိမိ မြင်နေသလို မြင်ပုံမပေါ်။

လော်ရာသည် သူ့အပေါ် စိတ်ဝင်စားသည်ဟုတော့ သူ ထင်သည်။ တိတိကျကျ် အခိုင်အမာပြောဖို့ကျတော့ ခက်လှ၏။ တစ်ကြိမ်တွင် သူသည် လော်ရာ ရှေ့၌ လက်ဖက်ရည်သောက်နေခိုက်တွင် ရှန့်ရင်းကြမ်းတမ်းသော ဟာသတစ်ခုကို ပြောခဲ့သည်။ သူ ရည်ရွယ်သည်မှာ လော်ရာ၏ အထာကိုသိရန် တို့ထိကြည့်လိုက်ခြင်း ဖြစ်သည်။ သူ့ပြက်လုံးကို စတန်လေက အားပါးတရ ရယ်ခဲ့သော်လည်း လော်ရာကတော့ မတုန်မလှုပ် ရှိနေခဲ့၏။ ထို့ကြောင့်လည်း ဂျိုးသည် များစွာ အရှက်ရခဲ့သည်။ ယခင်က တစ်ကြိမ်မှ မရှက်ခဲ့ဖူးသော ဂျိုးသည် ပထမဦးဆုံးအကြိမ် ရှက်စိတ်မွှန်ကာ မျက်နှာတစ်မျက်နှာလုံး နီရဲထူအမ်းလာခဲ့ရလေသည်။

လော်ရာသည် ထူးဆန်းသော မိန်းမတစ်ယောက် ဖြစ်သည်မှာ ထင်ရှား၏။ ယင်းထူးဆန်းမှုကို စစ်ကြီးနှင့် ယှက်နွယ်နေသော အလုပ်များက သက်သေခံနေသည်။ ယာရိုးရှိ အမျိုးသမီးအားလုံးသည် စစ်နှင့် ဆက်စပ်နေသော လုပ်ငန်းများတွင် အရှုးအမူး ဝင်ရောက်လုပ်ကိုင်နေကြသည့် ကော်မတီများနှင့် အဖွဲ့အစည်းများတွင် အလွန်တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသည်။

တိုင်နီကပ်ဆဲလ်မှ လော်ရာ၏ညီမ ဟက်တီဆိုလျှင် ကာကီစစ်ဝတ်စုံကို ဘယ်တော့မှမချွတ်။ သို့သော်လည်း လော်ရာကျတော့ ဘယ်တော့မှမဝတ်။ တစ်ခါတစ်ရံတွင် လော်ရာသည် စစ်လက်နက်ပစ္စည်း ထုတ်လုပ်သည့် အလုပ်သမားများထံသွား၍ ရိပ်သာစားသောက်ခန်း၌ အသားညှပ်ပေါင်မုန့်များနှင့် ကော်ဖီများ တိုက်ကျွေးတတ်သည်။ ထိုအလုပ်ထက်ပို၍ တခြား ဘာကိုမှ မလုပ်ချေ။ လော်ရာသည် သူ့ဘာသာသူ သီးခြားနေလေ့ရှိသူဖြစ်၍ ဂျိုးအနေဖြင့် အနီးသို့ကပ်မိရန် ကြိုးစားပါသော်လည်း မရနိုင်ဖြစ်လျက်ရှိ၏။

ဇွန်လထဲသို့ ဝင်ခဲ့ပြီ။ ဂျိုး၏ အခြေအနေမှာ ထိုပုံစံအတိုင်းပင် ဖြစ်နေဆဲ။ ထို့နောက် ဇွန်လ ၁၆ ရက်နေ့တွင် စတန်လေသည် ဂျိုး၏ဘဝတွင် ဒုတိယအကြိမ် အံ့အားသင့်စရာတစ်ခုကို လုပ်ပေးခဲ့ပြန်သည်။ ထိုနေ့က ဆယ့်နှစ်နာရီထိုးပြီး ဆယ့်ငါးမိနစ်ခန့်အချိန်တွင် စတန်လေသည် ဂျိုး၏ ရုံးခန်းတံခါးဝသို့ ရောက်လာပြီး ....

'မင်းကို ပြောစရာရှိလို့၊ ငါ့ရုံးခန်းထဲကို ခဏလာစမ်းပါဦး'

အရေးကြီးသော လေသံနှင့် ပြောလိုက်ခြင်းဖြစ်၍ ဂျိုးမှာ တအံ့တသြ

ဖြစ်သွားသည်။ ဘာများပါလိမ့် ဟူသောအတွေးဖြင့် စတန်လေ ရုံးခန်းထဲသို့ ဝင်သွားသည်။ စတန်လေသည် ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ကာ စားပွဲပေါ်မှ စာရွက်စာတမ်းများကို လှန်လှောကြည့်ရှုလျက်ရှိ၏။ စတန်လေသည် လူထူးလူဆန်းတစ်ယောက် ဖြစ်၏။

သူ၏ လုပ်ရည်ကိုင်ရည်သည် သူလိုငါလို သာမန်အဆင့်၌သာ ရှိသည်။ အတွေးအခေါ်ကျတော့လည်း ထူးခြားသစ်လွင်မှု သိပ်မရှိ။ သူသည် ဖဲကစားခြင်းနှင့် ဂေါက်ရိုက်ခြင်း၌ ဝါသနာရှိသူ ဖြစ်သည်။ စာအုပ်ကျတော့လည်း စုံထောက်ဝတ္ထုများကိုသာ နှစ်သက်စွဲလမ်းသူ ဖြစ်သည်။ ဗြိတိသျှ အမျိုးသားတစ်ယောက်သည် နိုင်ငံခြားသားငါးဦးထက် သာလွန်သည်ဟု ယုံကြည်သူလည်း ဖြစ်၏။ မော်တော်ကား ပြပွဲပြိုင်ပွဲကို နှစ်သက်သူလည်း ဖြစ်၏။ စကားပြောရာ၌လည်း ပျင်းစရာကောင်းသူ ဖြစ်သည်။ သူသည် စကားတစ်ခွန်းကို တစ်ဖက်သားငြီးငွေ့လာအောင် ထပ်တလဲလဲပြောတတ်သူ ဖြစ်လေသည်။

သူ့လုပ်ငန်းမှာ တရှိန်ထိုးဖွံ့ဖြိုး တိုးတက်လာခဲ့သည်။ သူ့အမြတ်ငွေမှာ သီတင်းတစ်ပတ်လျှင် ပေါင် ၁,၀၀၀ အထိ ရှိသဖြင့် ငွေကြေးချမ်းသာကြွယ်ဝမှုသည် အဆမတန် များပြားလာခဲ့သည်။ သို့သော်လည်း "ငွေသည် အရာရာတိုင်းကို ဖြည့်စွမ်းနိုင်စွမ်းမရှိ" ဟူသော စကား မှန်ကန်ကြောင်းကို စတန်လေ၏ လက်ရှိအဖြစ်က သက်သေခံနေသည်။

ယခုအခါတွင် သူသည် စိတ်ဆင်းရဲမှုနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် လမ်းပေါ်မှ ဘင်ခရာအဖွဲ့များ၏ တီးသံ၊ မှုတ်သံများနှင့် စစ်သီချင်းဆိုသံများကြားတိုင်း သူ့စိတ်သည် မငြိမ်မသက် ဖြစ်ရသည်။ ဘင်ခရာအဖွဲ့များမှာ စစ်အောင်နိုင်ရေးနှင့် လူတိုင်း စစ်ထဲ၌ ပါဝင်ဆင်နွှဲရေး စသည်များကို လှုံ့ဆော်နေကြသော အဖွဲ့များ ဖြစ်၏။ စတန်လေအဖို့တော့ ဘင်တီးဝိုင်းအဖွဲ့များ ဖြတ်သွားတိုင်း ရှက်စိတ်ဝင်သည်။ 'တိုင်းပြည်အတွက် မင်း တာဝန်ကျေရဲ့လား' ဟူသော မေးခွန်းကိုလည်း သူ့ကိုယ်သူ မမေးဘဲမနေနိုင်။ ဖြည်းဖြည်းချင်း ဝေးသွားနေသော ဘင်ခရာသံများနှင့် ခြေသံများကို နားစွင့်ရင်း သူသည် သက်ပြင်းရှည်ကြီး ချတတ်သည်။

သွားလေရာရာတွင် မြင်တွေ့နေရသည့် ကြော်ငြာများကလည်း သူ့စိတ်ကို များစွာ ဒုက္ခပေးလျက်ရှိ၏။ အထူးသဖြင့် ယာရိုးဘက်ရှိ အိမ်များ၏ ပြတင်းပေါက်များ၌ ချိတ်ဆွဲထားသည့် စာတမ်းများသည် သူ့စိတ်ကို ဒုက္ခအပေးဆုံး ဖြစ်သည်။ "ဤအိမ်မှ ယောကျာ်းတစ်ဦးသည် နိုင်ငံတော်အတွက် စစ်ထွက်သွားသည်" ဟူသော စာတမ်းကို ဖတ်ရတိုင်း သူ့စိတ်သည် မလုံမလဲ ဖြစ်ရ၏။



တစ်ခါတစ်ရံတွင် သူသည် ဆေးတံကိုခဲကာ ထိုကိစ္စကို အလေးအနက် စဉ်းစားမိသည်။ ဤစာတမ်း၏ဒဏ်ကို သူ့စိတ်က မည်မျှကြာကြာ သည်းခံနိုင်ပါမည်နည်း။

ထိုပြဿနာသည် ယမန်နေ့ညက တိုင်နီကပ်ဆဲလ်မြို့ရှိ ဒီလေးခန်းမ၌ကျင်းပသော ညစာစားပွဲ၌ ရင်ဆိုင်ခဲ့ရပြန်၏။ ယခုတစ်ကြိမ်တွင်မူ သူသည် ထိုပြဿနာကို များစွာ အလေးအနက်ထား၍ စဉ်းစားဆင်ခြင်ခဲ့သည်။ ဤအတွက်ကြောင့်လည်း သူသည် ဂျိုးအား ခေါ်ခြင်း ဖြစ်လေသည်။

'ဂျိုးရေ ....ပြင်သစ်နိုင်ငံထဲမှာတော့ စွန့်စားခန်းကြီးတွေ ရှိနေပြီ၊ ဒါပေမဲ့ ငါကတော့ အဲဒီပွဲနဲ့လွဲနေပြီ' ဟု သူ့ရှေ့၌ ထိုင်နေသော ဂျိုးအား လှမ်းပြောသည်။

ဂျိုးကတော့ စတန်လေ၏စကားကို နားမလည်။ တစ်ခုတော့ရှိ၏။ ဤစကား ကြားရသည့်အတွက် သူ့ရင်သည် အတော်ကြီးပေါ့သွားသည်။ သူ့အနေဖြင့် သူ ခနောက်စိမ်း ဝယ်ယူသည့်လုပ်ငန်းပေါ်မှ ဖြတ်စားလျှပ်စား လုပ်နေသည်ကို စတန်လေ မသိသေးဟု နားလည်လိုက်ရခြင်းကြောင့် ဖြစ်သည်။

'ဒီကိစ္စကို မင်း သိသင့်တယ်လို့ ငါထင်တယ် ဂျိုး' ဟု စတန်လေက ဆက်ပြောသည်။

'ငါ စစ်ထဲဝင်ဖို့ ဆုံးဖြတ်လိုက်ပြီ'

ချက်ချင်း တိတ်ဆိတ်သွားသည်။ ဂျိုးသည် ထိတ်လန့်ချောက်ချားကာ စတန်လေအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

'မဖြစ်နိုင်တာဘဲ၊ ဒီအလုပ်ကြီးက ရှိနေသေးတာပဲ' ဟု ရေရွတ်သည်။

'ဒီကိစ္စက နောက်မှ ပြောတာပေါ့' ဟု စတန်လေက ပြောသည်။

'လုပ်ငန်းကို မင်း တာဝန်ယူထားလို့ ရတာပဲ၊ ငါကတော့ သွားရလိမ့်မယ်၊ မနေ့ညကမှ ငါလည်း အမြင်မှန်ကို ရခဲ့တယ်၊ ညက ညစာစားပွဲမှာ ငါ တစ်ယောက်တည်းကလွဲပြီး အားလုံး စစ်ယူနီဖောင်းတွေနဲ့ချည်းပဲ၊ ငါ့မိတ်ဆွေတွေ အားလုံးပဲ ဆိုပါတော့ ....၊ သူတို့ကြားထဲမှာ ငါဟာ အပြင်လူတစ်ယောက်လို ဖြစ်နေတယ်၊ သူတို့အားလုံးက ငါ့ကို ဝိုင်းကြည့်နေကြတယ်၊ ငါ့စိတ်ထဲမှာ မလုံဘူး၊ ငါ့လို လူစားတစ်ယောက်ဖြစ်တဲ့ ဟင်မ်ဆန်တောင်မှ တပ်ထဲမှာ မေဂျာ ဖြစ်နေပြီ၊ ရော်ဘင်ကတော့ ကပ္ပတိန် ဖြစ်နေပြီ၊ အဲဒါတွေ မြင်ရတော့ ငါ မခံနိုင်တော့ဘူး၊ အလွန် တာဝန်မဲ့တဲ့လူ ဖြစ်နေတယ်၊ အဲဒီတော့ စစ်ထဲဝင်မှပဲ ဖြစ်တော့မယ်'

'မစ္စတာစတန်လေ အခု လုပ်နေတာဟာလည်း အလွန် အရေးကြီးတဲ့ အမျိုးသားရေး တာဝန်တစ်ခုပဲ မဟုတ်လား၊ အဲဒီတော့ သက်ဆိုင်ရာက သွားခွင့်ပြုလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး' ဟု ဂျိုးက ပြန်ပြောသည်။

'သွားခွင့်မပြုလို့တော့ ဘယ်ဖြစ်မလဲ၊ ခွင့်ပြုရမှာပေါ့' ဟု စတန်လေက ပြောသည်။

'ဒီလုပ်ငန်းက အရှိန်မပျက် လည်ပတ်နေမှာပဲ၊ စာရင်းကိစ္စကို ဒိုဘီ ကိုင်လို့ရတယ်၊ ကျန်တဲ့ လုပ်ငန်းပိုင်းကျတော့ မင်းရှိနေတာပဲ'

ဂျိုးက မျက်လွှာကို ချထားသည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဖြစ်နိုင်စရာ ရှိနေတာပဲ' ဟု ဂျိုးက ရေရွတ်သည်။

စတန်လေသည် ထိုင်ရာမှထကာ ရုံးခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

'ငါဟာ စိတ်ဓာတ်အနေနဲ့ သိပ်ပြီး ပြင်းထန်တဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ သိတတ်တဲ့ လူတစ်ယောက်အနေနဲ့က ဒီလို အခြေအနေမျိုးအောက်မှာ ဘာမှမလုပ်ဘဲနေလို့ ရနိုင်ပါ့မလား၊ နေ့စဉ်သတင်းစာတွေထဲမှာ ပါလာနေတဲ့ ဗုံးကြဲမှုတွေ၊ ရေငုပ်သင်္ဘောတွေက ဝင်တိုက်နေတာတွေ၊ အပြစ်မဲ့အမျိုးသမီးတွေကို မုဒိမ်းကျင့်နေတာတွေနဲ့ ဆေးရုံတွေအပေါ် ဗုံးကြဲချနေတာတွေဟာ လူတစ်ယောက်ရဲ့သွေးကို ဆူအောင်လုပ်နေတာပဲ'

'မစ္စတာ စတန်လေ ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် သိပါတယ်' ဟု ဂျိုးက မျက်လွှာကိုချ၍ ပြောသည်။

'ကျွန်တော်ကိုယ်တိုင်လည်း ဒီလိုပဲ ခံစားနေရတာပါ၊ တကယ်လို့သာ ကျွန်တော့်ဒူးမှာ ဘာမှမဖြစ်ခဲ့ဘူးဆိုရင် ကျွန်တော်လည်း တပ်ထဲဝင်မှာပါပဲ'

'ငါကတော့ အရာရှိ ဖြစ်နိုင်တဲ့ အရည်အချင်းရှိတယ်ကွ၊ အရင် စိန့်ဘီဒီတပ်မှာ သုံးနှစ် အမှုထမ်းခဲ့ဖူးတယ်၊ ငါ ဒီကိစ္စအတွက် အစီအစဉ်လုပ်ဖို့ သီတင်းပတ်နည်းနည်းတော့ အကုန်ခံရလိမ့်မယ်၊ ပြီးရင် တစ်ခါတည်းထွက်ရုံပဲ'

နောက်ထပ်တစ်ဖန် ငြိမ်ဆိတ်နေကြပြန်သည်။ အတန်ကြာမှ ဂျိုးက ....

'မစ္စက်စတန်လေကတော့ ဒီကိစ္စကို သဘောတူမယ် မထင်ဘူး'

'အေး ....ဟုတ်တယ်၊ ဒါကတော့ သဘာဝပဲ၊ သူက ငါ့ကို စစ်ထဲမဝင်စေချင်ဘူး' ဟု စတန်လေက ရယ်မောပြီး ပြောသည်။ သူသည် လက်ပတ်နာရီကို ကြည့်သည်။

'ငါ မေဂျာဟင်မ်ဆန်နဲ့ နေ့လယ်စာစားဖို့ ချိန်းထားတယ်၊ မင်းက ရပ်တ်လေနဲ့အတူ လက်ပစ်ဗုံးတွေ ထုတ်လုပ်မှုကိစ္စကို ကြီးကြပ်ပေးလိုက်'

'ကောင်းပါပြီခင်ဗျာ' ဟု ဂျိုးက ဝမ်းနည်းသောလေသံဖြင့် ပြောသည်။

ထိုညတွင် ဂျိုးသည် စတန်လေ၏သတင်းကို မော်ဆန်ထံသွား၍ ပြောပြ



သည်။ မော်ဆန်သည် အချိန်အတော်ကြာမျှ နှုတ်ဆိတ်နေသည်။ ရှေ့သို့စူထွက်နေသော သူ့ဗိုက်ကို လက်နှစ်ဖက်နှင့်မတင်ကာ သူ၏ ကျဉ်းမြောင်းသောမျက်လုံးအစုံဖြင့် ဂျိုးအား ကြည့်နေသည်။

'အင်း ဒီကိစ္စက အတော်ကြီးကို အထောက်အကူဖြစ်လာမယ့်သဘောရှိတယ်ကွ' ဟု သုံးသပ်သည်။

ဂျိုးက မော်ဆန်အား ပြန်ကြည့်ကာ ပြုံးဖြဲဖြဲ လုပ်နေသည်။ မော်ဆန်ကတော့ ပြုံးရယ်ခြင်းမရှိ။ ခပ်တည်တည် မျက်နှာထားဖြင့် တစ်စုံတစ်ရာကို စဉ်းစားတွေးတောနေဟန်ရှိသည်။

'ဒီကိစ္စမှာ မင်းနဲ့ငါနဲ့ ပေါင်းပြီး အမြတ်ထုတ်လို့ရနိုင်တယ်' ဟု မော်ဆန်က ပြောသည်။ ထို့နောက် သူ့မိန်းမရှိရာ နောက်ဖေးဘက်လှည့်၍ အော်ပြောသည်။

'အမေကြီးရေ .... ငါနဲ့ ဂျိုးအတွက် ဝီစကီတစ်လုံး ယူခဲ့စမ်းကွာ'

သူတို့သည် ဝီစကီတစ်ပုလင်းကို ကုန်အောင်သောက်ကြသည်။ ထိုညက အခန်းသို့ပြန်လာသော ဂျိုး၏ဦးခေါင်းသည် မူးနောက်ရီဝေလျက် ရှိသည်။ ဝီစကီကြောင့် မဟုတ်၊ မမျှော်လင့်ဘဲ ဖြုန်းခနဲ ပေါ်ပေါက်လာသော အခွင့်အရေးကြောင့်ဖြစ်သည်။ ယခုအခွင့်အရေးသည် သူ့အတွက် သြဇာအာဏာ၊ ငွေနှင့် လိုအပ်သော အရာတိုင်းကို ရစေနိုင်လိမ့်မည် ဖြစ်၏။ ရွှေအခွင့်အရေးဟုဆိုလျှင် မှားနိုင်အံ့လော။

ပျော်စရာကောင်းလိုက်သည့် ည ....။ မိမိအတွက် အကျိုးပေးနေသောနေရာ ....။ တိုင်နီကပ်ဆဲလ်သည် အံ့သြစရာကောင်းသည့် နေရာတစ်နေရာဖြစ်၏။ ဤမြို့တွင် အံ့သြစရာကောင်းသည့်လေ၊ အံ့သြစရာကောင်းသည့် လမ်းများ၊ အံ့သြစရာကောင်းသည့် အဆောက်အဦများဖြင့် ပြည့်နေသည်။ သူ့အဖို့ကတော့ အလွန်သာယာသည့် ကောင်းကင်ဘုံ ဖြစ်နေသည်။ အခုဆိုလျှင် ဤနေရာ၌ သူသည် စိတ်ကူးသစ်တစ်ခု တည်ဆောက်နိုင်ခဲ့ပြီ။ မကြာမီ ငွေကြေး ပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်နိုင်တော့မည်။

အံ့သြစရာကောင်းသည့် ည ....။ အလွန်ပျော်စရာကောင်းသည့် ည ....။ ကောင်းကင်ထက်မှ လရောင်သည် အေးမြသော အလင်းတန်းဖြင့် ပတ်ဝန်းကျင်တစ်ခွင်လုံးကို လွှမ်းခြုံထားသည်။ ဂရိန်းဂျားလမ်းထောင့်အရောက်တွင် မိန်းမရွှင်တစ်ဦးက သူ့အား လှမ်းနှုတ်ဆက်သည်။

'ခွေးမကလေးရေ ....ဝေးရာကို သွားပါကွယ်' ဟု ရွှင်မြူးနေသော ဂျိုးက ပြောင်နောက်နောက်လေသံဖြင့် ပြန်ပြောသည်။

ဒီလိုကောင်မစားတွေထက် သာတဲ့ဟာကို ငါ ရတော့မှာဟု တွေးသည်။ သူသည် လော်ရာကို တမ်းတသည်။ လော်ရာလိုမိန်းမသည် သူ့အတွက် ရှား ရှားဆိုသည့် မိန်းမစား။ ဒါမျိုးကိုရတော့မည် ဖြစ်သဖြင့် မိန်းမပျက်တွေကို သူ ဘာအရေးစိုက်စရာလိုပါသလဲ။ ထိုညက သူ အိပ်မောကျသွားသည့်အခါ အိပ်မက် ထဲတွင် လော်ရာနှင့် တွေ့နေသည်။

နောက်နေ့မနက် ကိုးနာရီတိတိတွင် ဂျိုးသည် ပလတ်လိန်းလမ်းသို့ သွက် လက်တက်ကြွသော ခြေလှမ်းများဖြင့် ဆိုက်ရောက်လာသည်။ စတန်လေနှင့် ဆွေးနွေးစရာ ရှိသည်များကို ဆွေးနွေးသည်။ လုပ်စရာ ရှိသည်များကို လုပ်သည်။ နှစ်နာရီတိတိမျှ တပင်တပန်း လုပ်ကိုင်အပြီးတွင် စတန်လေသည် တစ်ချက်မျှ အားရပါးရ သမ်းလိုက်ပြီး ....

'မင်း တော်တော်တော်တဲ့ကောင်ပဲ ဂျိုး၊ မင်းကို ဒီလောက်အထိ အသေး စိတ်သိလိမ့်မယ်လို့ ငါ မထင်ဘူး' ဟု မှတ်ချက်ချကာ ဂျိုး၏ပခုံးကို ပုတ်သည်။

'ကျေးဇူးသိပ်တင်တယ် ဂျိုး၊ ကဲကွာ ....အခုလောလောဆယ်ကတော့ ဟင်မ်ဆန်နဲ့ လုပ်စရာရှိတာလေးတွေ ရှိနေသေးတယ်' ဟု ပြောကာ ရုံးခန်းထဲမှ ထွက်သွားသည်။

စတန်လေအား နောက်မှရပ်ကြည့်နေသော ဂျိုး၏မျက်နှာတွင် ထူးခြား သော အရိပ်အရွေ့များ ပေါ်လွင်နေသည်။

ရက်ပေါင်းများစွာ ကုန်လွန်ခဲ့ပြီ။ နောက်ဆုံး အစီအစဉ်များသည်လည်း ပြီးပြတ်သွားခဲ့ပြီ။ အယ်လ်ဒါရှော့သို့ ထွက်ခွာရမည့် နေ့ခင်းပိုင်းသို့ ရောက်လာ ခဲ့ပြီ။ စတန်လေသည် ကန်တန်သို့ မော်တော်ကားနှင့်သွားပြီး ထိုမှတစ်ဆင့် အမြန် ရထားစီးရန် စီစဉ်ထားသည်။ စတန်လေက သူ သွားသည့်ဘူတာသို့ လော်ရာနှင့် အတူ လိုက်ပို့ပေးရန်လည်း ဂျိုးအား မှာထားသည်။

အလွန်စိုစွတ်သော နေ့ခင်းပိုင်း ဖြစ်၏။ ဂျိုးသည် ဟစ်လ်တော့ပ်ဂေဟာ သို့ အစောကြီး ရောက်လာသည်။ ဧည့်ခန်းထဲမှ ထိုင်စောင့်နေခိုက် ဆယ်မိနစ်ခန့် အကြာတွင် လော်ရာ ရောက်လာသည်။ အပြာရောင်ဝတ်စုံသည် သူမ၏ ဖြူဖျော့ ဖျော့တော့သော အသားရောင်နှင့် လိုက်ဖက်လှ၏။ ဂျိုးသည် ထိုင်နေရာမှ ကပျာ ကယာထကာ ခရီးဦးကြိုပြုသည်။ လော်ရာကတော့ သူ့အား လုံးဝဂရုမစိုက်ဘဲ ပြတင်းပေါက်ဆီသို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ တိတ်ဆိတ်ငြိမ်သက် လျက် ရှိ၏။ ဂျိုးကတော့ လော်ရာအား မျက်ခြည်အပြတ်မခံ။

'သူ အခုလိုသွားမယ်ဆိုတာ သိရတော့ ကျွန်တော် စိတ်မကောင်းပါဘူး' ဟု ဂျိုးက ပြောသည်။



လော်ရာက လှည့်ကြည့်သည်။ သူမသည် စိတ်ထိခိုက်နေပုံလည်းရ၏။ ဒေါသဖြစ်နေပုံလည်း ပေါ်သည်။ အမှန်တော့လည်း သူသည် စတန်လေအား မသွားစေချင်။ ထိုအခိုက်မှာပင် အခန်းထဲသို့ စတန်လေ ဝင်လာသည်။ စတန်လေ သည် ရွှင်ရွှင်လန်းလန်းပင် ဖြစ်သည်။ သူသည် လော်ရာအား နေ့လယ်စာ ပြင် နိုင်းသည်။ အိမ်စေမကလေး ဘက်ဆီသည် အသားညှပ်ပေါင်မုန့်နှင့် လက်ဖက် ရည်ပွဲကို လာချပေးသည်။

စတန်လေသည် နေ့လယ်စာ စားရင်း မျိုးချစ်စိတ်တရားကို ဟောနေပြန် သည်။ ပြတင်းပေါက်နား၌ ထိုင်နေသော လော်ရာသည် မလှုပ်မယှက် နားထောင် နေသည်။ နောက်ဆုံးတွင် သူတို့သည် အိမ်ထဲမှ ထွက်လာခဲ့ကြပြီး ကားပေါ်သို့ တက်ကြသည်။ ကားသည် ဟစ်လ်တော့ပ်ဂေဟာနှင့် ဖြည်းဖြည်းချင်း ဝေးဝေး လာသည်။

စိန့်ဘီဒီ ဘုရားရှိခိုးကျောင်းရှေ့မှအဖြတ်တွင် စတန်လေက ....

'မင်း ဒီကျောင်းထဲ ရောက်ဖူးသလား ဂျိုး' ဟု မေးသည်။

'မရောက်ဖူးဘူး ခင်ဗျ'

'သိပ်ခမ်းနားတယ်၊ မင်း တစ်ခေါက်လောက်ရောက်ဖို့ကောင်းတယ်'

မိနစ်နှစ်ဆယ်ခန့်အကြာတွင် သူတို့သည် ကန်တန်ဘူတာသို့ ရောက်ကြ သည်။ ရထားဥသြသံကို ကြားရသည်။ ရထားသည် အချိန်နောက်ကျနေသည်။ စတန်လေနှင့် လော်ရာသည် ပလက်ဖောင်းပေါ်၌ နှစ်ဦးတွဲ၍ လမ်းလျှောက်နေကြ သည်။ ဘူတာမှ အလုပ်သမားတစ်ယောက်နှင့် စကားကောင်းနေဟန် ဆောင်နေ သည့် ဂျိုးသည် မနာလိုဝန်တို မျက်လုံးများဖြင့် စတန်လေတို့အား မကြာခဏ ခိုးကြည့်လျက်ရှိ၏။

ရထားဥသြသံကို ကြားရသည်။ တစ်ဆက်တည်းပင် ရထားသည် ဘူတာ ထဲသို့ ဝင်လာသည်။

'လေးမိနစ်ပဲ နောက်ကျပါတယ်ခင်ဗျာ' ဟု အလုပ်သမားက စတန်လေ အား လှမ်းပြောသည်။ စတန်လေသည် ရထားပေါ်သို့ ကပျာကယာ တက်သည်။ ရထားပြတင်းမှနေ၍ အလုပ်နှင့်ပတ်သက်ပြီး ဂရုတစိုက် လုပ်ကိုင်သွားဖို့ ဂျိုးအား မှာသည်။ အခုလို တကယ်တမ်း ခွဲခွာသွားရမည့်အခြေအနေနှင့် ရင်ဆိုင်ရသည့် အခါ စတန်လေသည် စိတ်ကောင်းပုံမရ။ သူ့မျက်လုံးအစုံတွင် မျက်ရည်များပင် စို့လာသည်။ သို့သော်လည်း သူသည် အပြုံးမပျက်အောင် အားထုတ်၍နေသည်။

'ကျန်းမာအောင် နေကြနော်၊ လော်ရာနဲ့ ဂျိုး'

ဂျိုးနှင့် လော်ရာတို့က ခေါင်းညိတ်သည်။

'စာရေးဖို့ မမေ့နဲ့နော် လော်ရာ'

'မမေ့ပါဘူး'

ရထားသည် ဘူတာထဲမှ ထွက်ခွာစပြုပြီ။

'ဂွတ်ဘိုင် လော်ရာ၊ ဂွတ်ဘိုင် ဂျိုး' ဟူသော စတန်လေ၏ နှုတ်ဆက်သံကို ကြားရသည်။ ထို့နောက်တော့ စတန်လေသည် မြင်ကွင်းထဲမှ ပျောက်သွားသည်။ ဂျိုးနှင့် လော်ရာသည် ပလက်ဖောင်းပေါ်၌ ရပ်၍ ကျန်ရစ်ခဲ့ကြသည်။ ဂျိုးက လက်ပြ၍ နှုတ်ဆက်နေသော်လည်း လော်ရာကတော့ လက်မပြ။ သူမ၏ မျက်လုံး အစုံတွင် မျက်ရည်စများ ရစ်ဝိုင်းနေသည်ဟု ဂျိုးက ထင်သည်။

သူတို့ ဘူတာအပြင်ဘက် ရောက်သည့်အခါ မိုးသည် ရွာလာပြန်သည်။ လော်ရာက ကားနောက်ခန်းဆီသို့ သွားသည်။ ထို့နောက် ရှေ့ခန်းထဲသို့ ဝင်ထိုင် သည်။ ဂျိုးက ကားကို ခပ်ဖြည်းဖြည်းမောင်းလာသည်။ မိုးကလည်း သည်းနေ သည်။ ကားပေါ်တွင် လော်ရာနှင့် အချိန်ကြာကြာလည်း နေလိုသည်။ ဤအတွက် ကြောင့် ကားကို ဖြည်းဖြည်းမောင်းနေခြင်း ဖြစ်၏။ လော်ရာသည် သူ့ကို လုံး လှည့်မကြည့်။ ကားရှေ့တည့်တည့်ကိုသာ ကြည့်နေသည်။ ဂျိုးသည် ကားကို မောင်းနေရင်းက လော်ရာအား ခိုးကြည့်သည်။

'ခင်ဗျားကိုကြည့်ရတာ ကျွန်တော့်ကို သိပ်သဘောမကျဘူးထင်ပါရဲ့' ဟု ဂျိုးက လေအေးအေးကလေးဖြင့် စကားစသည်။

လော်ရာက ချက်ချင်း မဖြေမပေး။ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့် နေသည်။

'ကျွန်မ အဲဒါတွေကို ဒီလောက် ကြီးကြီးကျယ်ကျယ်ထားပြီး မစဉ်းစား ဘူး' ဟု ဖြေသည်။

'သြော် .... ဟုတ်လား၊ ကျွန်တော်ကလည်း စိတ်ထဲမှာ တွေးမိတာကို ပြော တာပါ၊ ဘာရည်ရွယ်ချက်မှ မရှိပါဘူး'

'ကားကို ဒီထက်မြန်မြန်မောင်းလို့ မရဘူးလား' ဟု လော်ရာက စိတ်မရှည် သံဖြင့် ပြောသည်။

'ကျွန်မ အလုပ်သမားရိပ်သာကို ခြောက်နာရီထိုး ရောက်ရမယ်'

'သြော် .... ဟုတ်ကဲ့၊ ရပါတယ် မစ္စက်စတန်လေ' ဟု ဂျိုးက ပြန်ပြော၍ ကားအရှိန်ကို မြှင့်လိုက်သည်။

'ကျွန်တော့်အနေနဲ့ စဉ်းစားမိတာတစ်ခုလည်း ရှိလို့ပါ၊ စတန်လေ မရှိ အချိန်မှာ ခင်ဗျားအတွက် လုပ်ပေးသင့်တာလေးတွေကို ကျွန်တော်က သူ့ကိုယ် စား လုပ်ပေးရမယ်လို့ ထင်မိတယ်လေ၊ အဲဒီတော့ လူချင်းက မခင်မင် မရင်းနှီး



မဖြစ်ဘူး မဟုတ်လား၊ အဲဒါကြောင့်ပါ၊ ပြီးတော့ စတန်လေကြောင့် ကျွန်တော့် အခြေအနေ တိုးတက်လာတာဆိုတော့ သူ့ကိစ္စဆိုရင် ကျွန်တော်က တာဝန်ယူပေး ရမှာပါ' ဟုလည်း ဆက်၍ရှင်းပြနေသည်။

သူ ရှင်းပြနေခိုက်မှာပင် မိုးသည် ပို၍ သည်းလာသည်။ လေကလည်း ထန်လာသည်။ မိုးပက်သည့်ဒဏ်ကြောင့် နှစ်ဦးစလုံးတွင် မိုးရေများဖြင့် စိုရွှဲ လာသည်။

'ခင်ဗျားတစ်ကိုယ်လုံး မိုးရေတွေရွှဲနေပြီ' ဟု ဂျိုးက အော်ပြောသည်။

'ကိစ္စမရှိဘူး၊ ရတယ်'

'ဟာ ဘယ်ဖြစ်မလဲ၊ တစ်ကိုယ်လုံး ရွှဲနစ်နေပြီ၊ ကားကို ခဏရပ်မှ ဖြစ် မယ်၊ တစ်နေရာရာမှာ ခဏဝင်ခိုမှကောင်းမယ်၊ မိုးက ချက်ချင်းတိတ်မှာ မဟုတ် သေးဘူး'

အမှန်တကယ်လည်း လော်ရာတစ်ကိုယ်လုံး ရွှဲနစ်နေပြီ ဖြစ်သည်။ အခု အချိန်အထိ သူမသည် စကားပြန်မပြော။ ဂျိုးသည် အပြင်သို့ တစ်ချက်လှမ်း ကြည့်သည်။ ဘယ်ဘက်ဘေးတွင် ဘုရားရှိခိုးကျောင်းဟောင်းကြီး တစ်ကျောင်း။ သူသည် ကားကို ဘုရားရှိခိုးကျောင်းဘက်သို့ကွေ့ကာ ရှေ့တည့်တည့်တွင် ထိုးရပ် လိုက်သည်။

'မြန်မြန်လုပ်' ဟု ဂျိုးက လှည့်အော်သည်။ ပြောပြောဆိုဆို လော်ရာ၏ လက်မောင်းကိုဆွဲ၍ ဘုရားရှိခိုးကျောင်း ဆင်ဝင်ဆီသို့ ပြေးဝင်သည်။ ကျောင်း တံခါးသည် ပွင့်လျက် ....။

'လာ .... လာ .... အထဲဝင်' ဟု ဂျိုးက ထပ်အော်သည်။

'အထဲမဝင်ရင် အအေးမိပြီး ဒုက္ခရောက်လိမ့်မယ်၊ မိုးက တော်တော့်ကို ဆိုးတာပဲ'

သူတို့သည် အထဲသို့ ရောက်သွားကြသည်။ နေရာမှာ ခပ်ကျဉ်းကျဉ်း ဖြစ်သည်။ စင်မြင့်ပေါ်ရှိ လက်ဝါးကပ်တိုင်ကို ဝိုးတိုးဝါးတား မြင်နေရ၏။ ယောင်းတိုင်မှ ညှော်နံ့နှင့် အမွှေးတိုင်မှ အနံ့များသည် အခန်းထဲတွင် ပျံ့နှံ့နေ သည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်။ ခေါင်မိုးပေါ်သို့ ကျနေသည့် မိုးပေါက်သံများသည် ဆူညံလျက်ရှိသည်။ ဂျိုးသည် ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်သည်။ စတန်လေ ပြောသွားသည့် ထိုင်ခုံများကို မြင်ရသည်။

'နေရာကတော့ ဟောင်းလှပြီပဲ၊ ဒါပေမဲ့ မိုးလုံလေလုံဆိုတော့ ခြောက်သွေ့ နေတာပဲ၊ ခဏတဖြုတ် ခိုကြတာပေါ့၊ သိပ်အကြာကြီး ခိုနေရမယ်တော့ မထင်ပါ ဘူး၊ အလုပ်သမား ရိပ်သာကို အချိန်မီရောက်အောင် ပို့ပေးပါမယ်' ဟု ဂျိုးက ပြောသည်။

ဂျိုးက လော်ရာအား လှည့်ကြည့်သည်။ လော်ရာသည် လက်နှစ်ဖက်ကို ပိုက်ထားသော်လည်း အေးလွန်းသဖြင့် တစ်ကိုယ်လုံး တုန်နေသည်ကို မြင်ရသည်။ သူမသည် ထိုင်ခုံပေါ် ဝင်မထိုင်ဘဲ မှီ၍ရပ်နေဆဲ ....။

'ဖြစ်မှ ဖြစ်ရလေ ....' ဟု ဂျိုးက သူ့ကိုယ်သူ အပြစ်တင်သံဖြင့် ရေရွတ်သည်။

'အခုလိုဖြစ်သွားအောင် ဒီထဲခေါ်လာသလို ဖြစ်နေပြီ၊ ဂျက်ကက်အင်္ကျီကလည်း စိုရွှဲနေပြီ၊ ခဏချွတ်ထားလိုက်ရင် ကောင်းမလား'

'ကိစ္စမရှိဘူး၊ ရပါတယ်' ဟု လော်ရာက ပြန်ပြောသည်။ သူမသည် အကြည့်ကို တစ်ဖက်သို့ လွှဲထားသည်။ နှုတ်ခမ်းကို တအားကိုက်ထားသည်။ သူမ၏ ဂျက်ကက်အင်္ကျီကို သူ့ဘာသာသူ ချွတ်သည်။ သူမ၏ အသက်ရှူသံသည် မြန်လျက်ရှိသည်ဖြစ်ရာ သူမ၏ရင်သည် မြင့်ချီတစ်ခါ နိမ့်ချီတစ်လှည့် ဖြစ်နေသည်။ ခေါင်မိုးထက်မှ မိုးပေါက်ကျသံ၊ ပြီးတော့ တိတ်ဆိတ်ခြင်း ....။

ဂျိုးက လော်ရာအား ငေးကြည့်နေသည်။ လော်ရာ၏ တစ်ကိုယ်လုံး တုန်ယင်နေသည်။ ဂျိုးသည် လော်ရာ၏အဖြစ်ကို ချက်ချင်း နားလည်လိုက်သည်။ သူသည် ရှေ့သို့ တိုးလာသည်။

'လော်ရာ' ဟု ခေါ်သည်။

'မဟုတ်ဘူး ....၊ ရှင်မလာနဲ့ ကျွန်မ အိမ်ပြန်ချင်တယ် ....၊ အိမ်ပြန်ချင်တယ် ....'

သူမ၏ စကားမဆုံးမီ ဂျိုး၏ပွေ့ဖက်ခြင်းကို ခံလိုက်ရသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် တအားပွေ့ဖက်ထားကြသည်။ တစ်ယောက်နှုတ်ခမ်းကို တစ်ယောက်က နမ်းသည်။ လော်ရာသည် သူ့အပေါ် အရူးအမူး ဖြစ်နေခဲ့သည်မှာ ထင်ရှားလှ၏။ သူမသည် လွန်ခဲ့သော လများအတွင်း သူမ၏စိတ်ကို ထိန်းချုပ်ပြီး နေလာခဲ့သည်မှာ ထင်ရှားနေသည်။ မိုးသည် အဆက်မပြတ်ရွာနေဆဲ ....။ လက်ဝါးကပ်တိုင်ထက်မှ ရုပ်ပုံလွှာသည် သူတို့နှစ်ယောက်အား ငုံ့ကြည့်နေသည်။

* * * * *



(၃၅)

ဒါဘီစီမံကိန်း စတင် အကောင်အထည်ဖော်လာသည့်အချိန်တွင် အာသာနှင့် သူ့ဖခင်တို့ကြား၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခသည် ပိုမို၍ ကြီးမားလာသည်။ တစ်ဦးနှင့်တစ်ဦးသည် ငြိုးသူရန်ဘက်လို ဖြစ်လာသည်။ အာသာ၏အမည်ကို မှတ်ပုံတင်ဌာနမှ လက်ခံထားပြီး ဖြစ်သော်လည်း သူသည် သူ ရရှိခဲ့သော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပေးခြင်း မပြုခဲ့ပေ။ လက်မှတ်မထိုးဘဲ နေသည့်အတွက် လောလောဆယ်တွင် ဝေဖန်မှုကို မကြားရသေးပေ။

လောဂေဟာတွင်မူ ပြဿနာသည် ဖြည်းဖြည်းချင်း ကြီးထွားလာနေသည်။ အာသာသည် သူ့ဖခင် ဘားရပ်စ်နှင့် မျက်နှာချင်းမဆိုင်လိုသဖြင့် အစားချိန်တိုင်း နောက်ကျပြီးမှ လာလေ့ရှိ၏။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း ရောက်တော့လည်း အာသာသည် အချိန်ရှိသမျှ မြေအောက်သို့သာ ဆင်းနေလေ့ရှိသည်။ သူသည် အလုပ်ခွင်သို့ အစောကြီးရောက်လာပြီး ဘားရပ်စ် ရောက်မလာမီ ဟတ်ဒ်စပက်နှင့် လုပ်စရာရှိသည်များကို လုပ်သည်။ ဘားရပ်စ် ရောက်လာချိန်တွင် သူသည် ရုံးခန်းထဲ၌ မရှိတော့ဘဲ တွင်းထဲသို့ ရောက်သွားပြီဖြစ်၏။

အာသာအနေဖြင့် သတိကြီးစွာထား၍ သူ့အဖေအား ရှောင်နေသော်လည်း အပြဲတစေ လွတ်အောင်ရှောင်၍ကား မရနိုင်ပေ။ တစ်ခါတစ်ရံ တွင်းထဲမှ ညစ်ပတ်ပေရေစွာဖြင့် ရုံးခန်းထဲ ရောက်လာသော အာသာသည် သူ့အဖေနှင့် တိုးနေတတ်၏။ သို့ပါသော်လည်း သူ့အဖေသည် အလွန် အလုပ်ရှုပ်နေသော အမူအရာဖြင့် အာသာအား မမြင်ဟန်ပြုနေတတ်၏။ အာသာ ထွက်ခွာသွားသည့်အခါတွင်မူ သူ၏အကြည့်သည် အာသာနောက်သို့ လိုက်ပါသွားတတ်သည်။ စားပွဲကို လက်ချောင်းများဖြင့် တဒေါက်ဒေါက်ခေါက်၍ အာသာအား လှမ်းကြည့်နေသော မျက်နှာထားသည် နာကျင်ခြင်းနှင့် မကျေနပ်ခြင်းတို့ကို ဖော်ပြနေကြလေသည်။

ဘားရပ်စ်သည် ကျောက်မီးသွေးတွင်း၌ အာသာ ဝင်ရောက်လုပ်ကိုင်နေသည်ကို မလိုလားပေ။ ဤအချက်ကို သူ့သားကလည်း ကောင်းစွာသိနေသည်။ ဤအခြေအနေမျိုးတွင် ဇန်နဝါရီလ လဆန်းပိုင်း၌ မပြေလည်စရာ ပြဿနာတစ်ခု ပေါ်လာသည်။ အမှတ် (၅) ကျောက်မီးသွေးတွင်းထဲမှ ဒေါက်တိုင်များအား အသစ်လဲသင့်ပြီဟု အာသာက တင်ပြသည်။ အာသာစကား ကြားသည့်အခါ ဘားရပ်စ်သည် အကြီးအကျယ် ဒေါသပုန်ထသည်။

'မင်းအလုပ်ကို မင်းလုပ်၊ ငါ့အလုပ်ကို ငါ့ဘာသာငါ လုပ်မယ်၊ ငါ မင်းဆီက အကြံဉာဏ်လိုချင်ရင်တောင်းမယ်'

အာသာသည် ထိုစကားအတွက် ဘာတစ်ခွန်းမှ ပြန်မပြောပေ။ သစ်သား ဒေါက်တိုင်များ မခိုင်တော့သည်ကို သူ ကောင်းစွာသိ၏။ အချို့တိုင်များသည် အောက်ခြေ၌ ဆွေးမြေ့နေကြပြီ ဖြစ်သည်။ အာသာသည် သူ့အဖေ အသုံးပြုထားသည့် ဒေါက်တိုင် သစ်သားအမျိုးအစားများ၏ ညံ့ဖျင်းမှုကိုကြည့်ကာ ထိန်လန့် အံ့သြခြင်း ဖြစ်ခဲ့ရ၏။ ကျောက်မီးသွေးဈေးမှာ အဆမတန် တက်လျက်ရှိရာ သူ့အဖေလက်ထဲသို့ ငွေတွေ အမြောက်အမြားဝင်လျက်ရှိ၏။ ဤမျှလောက် ဝင်ငွေကောင်းနေပါလျက်နှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်လုံခြုံရေးအတွက် အသုံးစရိတ်ကို နှမြောတွန့်တိုလျက်ရှိသည်။ ဖြစ်ပွားခဲ့ပြီးသော ဘေးအန္တရာယ်ကြီးမှ သင်ခန်းစာကို သူ လုံးဝဂရုမပြု။ အာသာသည် သူ့အဖေ၏ သဘောထားနှင့် လုပ်နည်းလုပ်ဟန်များအပေါ်တွင် လုံးဝ ဘဝင်မကျ။

အာသာတို့သားအဖ စကားများကြသည့်နေ့၊ ညနေထုတ် တိုင်းနီကပ်ဆဲလ် အာဂတ်စ် သတင်းစာတွင် ခေါင်းစီးအမည်းဖြင့် သတင်းတစ်ပုဒ် ပါလာသည်။ စစ်မှုထမ်းရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းလိုက်ပြီဟူသော သတင်းဖြစ်၏။ သတင်းကို ဖတ်လိုက်ရသော ဘားရပ်စ်သည် များစွာဝမ်းသာအားရ ဖြစ်လျက်ရှိသည်။

'ဒီဥပဒေက တာဝန်မဲ့နေတဲ့ ကောင်စားတွေကို ကိုင်လှုပ်တော့မှာ သေချာတယ်' ဟု စားပွဲထိပ်မှ ထိုင်နေသော ဘားရပ်စ်က အလွန်ကျေနပ်သည့်လေသံဖြင့် ပြောသည်။

'အခုအချိန်ထိ ခေါင်းရှောင်နေတဲ့ အချောင်သမားတွေ အများကြီးရှိနေသေးတယ်၊ ဒီဥပဒေက သူတို့ကို သင်ခန်းစာ ကောင်းကောင်းပေးမှာကတော့ ကျိန်းသေနေပြီ'

ညစာစားချိန်ဖြစ်၍ စားပွဲတွင် အာသာလည်း ရှိနေသည်။ အာသာမှာ ယနေ့ညကျခါမှပင် သူ့အဖေနှင့်အတူ ညစာစားပွဲ၌ ဆုံမိနေသည်။ ဘားရပ်စ်သည် သူ့စကားများကို အန်တီကေရီအား ကြည့်၍ လှမ်းပြောနေခြင်း ဖြစ်သော်လည်း သူ ဦးတည်၍ ပြောနေသည်မှာ အာသာကိုရည်ရွယ်၍ ပြောနေခြင်း ဖြစ်သည်။

'ဒီကိစ္စဟာ ရှက်စရာသိပ်ကောင်းတယ် ကာရိုလိုင်း' ဟု ဘားရပ်စ်က အသံကျယ်လောင်စွာဖြင့် ထပ်ပြောပြန်သည်။

'အရွယ်ရောက်ပြီး ကျန်းမာသန်စွမ်းတဲ့ လူငယ်တိုင်းဟာ တိုင်းပြည်အတွက် စစ်ထဲ ဝင်တိုက်သင့်တာပေါ့၊ အဲဒါကို စစ်ထဲဝင်မတိုက်ဘဲ သူတို့ကို မလိုလားတဲ့ နေရာမှာလာပြီး အလုပ်လုပ်နေကြတယ်၊ စစ်ထဲဝင်ဖို့ကျတော့ အကြောင်းအမျိုးမျိုး ပြပြီး ရှောင်တိမ်းနေကြတယ်၊ အခုတော့ ဟန်ကျသွားပြီ၊ ဒီကောင်တွေကို ဖနောင့် နဲ့ပေါက်ပြီး စစ်ထဲဝင်ခိုင်းတော့မယ်'



'ဟုတ်တယ် ရစ်ချတ်' ဟု အန်တီကေရီက အလိုက်သင့် ပြန်ပြောသည်။ သို့သော်လည်း မျက်စိကတော့ အာသာကို မဝံ့မရဲ လှမ်းကြည့်သည်။ အာသာကတော့ ဘယ်သူ့ကိုမှမကြည့်။ သူ့ရှေ့မှ ပန်းကန်ကိုသာ စိုက်ကြည့်နေသည်။

'ဒီဥပဒေ လာလိမ့်မယ်ဆိုတာ ငါ သိတယ်' ဟု ဘားရပ်စ်က ဆက်ပြောပြန်သည်။

'ဒီဥပဒေကို အကောင်အထည်ဖော်တဲ့အခါမှာ ငါလည်း ပါရဦးမှာပဲ၊ ဒီကိစ္စအတွက် နယ်မြေတရားရုံးမှာ ပါဖို့ကတော့ သေချာသလောက်ပဲ'

'တရားရုံး ....ဟုတ်လား' ဟု အန်တီကေရီက ရေရွတ်သည်။

'ဟုတ်တယ်လေ' ဟု ဘားရပ်စ်က အာသာဘက်ကို လုံးဝမကြည့်ဘဲ ပြန်ပြောသည်။

'ငါကတော့ အဓိပ္ပာယ်မရှိတဲ့ဟာတွေကို လုံးဝ သည်းမခံနိုင်ဘူး၊ လူတိုင်း သဘောပေါက်နားလည်ဖို့ လိုတယ်၊ နားမလည်လို့ကတော့ ခံရမှာပဲ၊ ဟိုနေ့ကပဲ ငါနဲ့ ဟက်တီ ဒီအကြောင်းကို ပြောမိကြသေးတယ်သိလား'

အာသာက သူ့အဖေအား မျက်လုံးများကို ပင့်၍ကြည့်သည်။ ဘားရပ်စ်သည် ဝတ်စုံသစ်နှင့် ဖြစ်သည်။ သူ၏ မီးခိုးရောင်ဝတ်စုံ ကြယ်သီးပေါက်တွင် ပန်းတစ်ပွင့် ထိုးထားသည်။ သူ့အဖေသည် မကြာသေးခင်ကမှ ဝတ်စုံနှစ်ထည် ချုပ်ထားသည်။ ခါတိုင်းအပ်နေကျ စက်ချုပ်ဆိုင်တွင် မအပ်။ ခေတ်မီပုံဆန်းများ ချုပ်သည့် စက်ချုပ်ဆိုင်၌ အပ်ခဲ့ခြင်း ဖြစ်၏။ ရင်ဘတ်၌ထိုးထားသည့် ဖော့မွှားပန်းမှာ ပန်းရောင် ....။ ခါတိုင်းနှင့် တစ်မူထူးခြားနေသော သူ့အဖေကိုကြည့်ကာ အာသာစိတ်တွင် သံသယဝင်လျက်ရှိသည်။

'မင်း စောင့်ကြည့် ကာရိုလိုင်း' ဟု ဘားရပ်စ် အလွန်အားရကျေနပ်နေသည့်လေသံဖြင့် ရယ်ပြီးပြောသည်။

အန်တီကေရီသည် စိတ်မကောင်းဖြစ်နေသည့် မျက်နှာထားဖြင့် အာသာကိုတစ်လှည့်၊ ဘားရပ်စ်ကိုတစ်လှည့် ကြည့်နေသည်။ ဘားရပ်စ်သည် သူ့လက်ပတ်နာရီကို ကြည့်လိုက်ပြီး ....

'ငါ သွားတော့မယ် ကာရိုလိုင်း၊ ငါ့ကို စောင့်မနေကြနဲ့၊ ငါ အိမ်ပြန်နောက်ကျလိမ့်မယ်၊ ဒီည ဟက်တီကို ဘုရင့်ရုံမှာ ရုပ်ရှင်လိုက်ပြမလို့၊ "တောင်တန်းသူအပျိုစင်" ဆိုတဲ့ကားဟာ တော်တော့်ကိုကောင်းတယ်လို့ ပြောတယ်၊ ဟက်တီကလည်း သိပ်ကြည့်ချင်နေတယ်'

ထို့နောက် ဘားရပ်စ်သည် အာသာအား လုံးဝမကြည့်ဘဲ ကာရိုလိုင်းကို ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။ အာသာ

သည် စားပွဲမှာပင် ဆက်ထိုင်နေသည်။ ဟက်တီနှင့် သူ့ဖခင်သည် မကြာခဏ ရှိန်း၍ အပြင်ထွက်နေကြသည်မှာ အကြိမ်ပေါင်းများနေပြီ။ ထိုအချက်ကို သူ သိနေခဲ့သည်မှာ ကြာခဲ့ပြီ။ ဝတ်စုံသစ်များချုပ်ခြင်း၊ အကျီရင်ဘတ်တွင် ပန်းလှလှ ထိုးခြင်း၊ လူငယ်လေးတစ်ယောက်သဖွယ် သွက်လက်မြူးကြွနေခြင်း စသည်တို့မှာ သူ့ဖခင်၏ ထူးခြားနေမှုများ ဖြစ်၏။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးသည် သာမန် ရိုးရိုးသားသားအဆင့်ကိုများ ကျော်လွန်နေလေသလား ....။ ဒါကိုတော့ သူ အတိအကျ မသိ။ သူသည် သက်ပြင်းချလိုက်မိသည်။

သူ့သက်ပြင်းချသံကြောင့် အန်တီကေရီက ဖျတ်ခနဲမော့ကြည့်သည်။

'မင်း စားတာနည်းလှချေလား အာသာ' ဟု အန်တီကေရီက ရေရွတ်သည်။

'ကျွန်တော် မဆာဘူး အန်တီကေရီ'

'ချက်ထားတာ သိပ်ကောင်းတယ်၊ ထပ်စားကြည့်လိုက်ပါဦး' ဟု အန်တီကေရီက တိုက်တွန်းသည်။

အာသာက ခေါင်းခါသည်။ တကယ်တော့ အန်တီကေရီသည် ကြင်နာသနားတတ်သည်။ သူ့ကို ချစ်လည်းချစ်သည်။ သို့သော်လည်း သူ့အဖေအား အလွန်ကြောက်သူဖြစ်၍ သူ့ကို ဘယ်လိုမှ အကူအညီမပေးနိုင်။

အာသာသည် ထိုင်ရာမှထကာ စားသောက်ခန်းထဲမှ ထွက်ခဲ့သည်။ အပြင်ခန်းမထဲ၌ ဦးခေါင်းငိုက်စိုက်ကျကာ အတန်ကြာမျှ ရပ်နေသည်။ သူ့စိတ်သည် ဘာကိုမျှ ဝေခွဲ၍မရ။ သူသည် လမ်းစပျောက်ကာ တွယ်ရာမဲ့လူတစ်ယောက်လို ဖြစ်နေသည်။ သူသည် အပေါ်ထပ်သို့ တက်ခဲ့ပြီး သူ့အမေ၏ အခန်းတံခါးကို တွန်းဖွင့်ကာ အတွင်းသို့ ဝင်ခဲ့သည်။ ခေါင်းအုံးပေါ်မှေးနေသော သူ့အမေက ခေါင်းထောင်ကြည့်သည်။

'ဒီည အမေ ဘယ်လိုနေသလဲ၊ နေကောင်းရဲ့လား'

'အမေ ခေါင်းကိုက်နေတယ် အာသာ၊ မင်း တံခါးဖွင့်ပုံ သိပ်ကြမ်းလွန်းတယ်'

'ကျွန်တော် တောင်းပန်ပါတယ် အမေ' ဟု အာသာက ပြန်ပြောကာ အိပ်ရာအစွန်း၌ ဝင်ထိုင်သည်။

'အိုကွယ် ....အဲဒီနေရာမှာ ဘယ်သူပဲလာထိုင်ထိုင် အမေ သည်းမခံနိုင်ဘူး၊ ခေါင်းကိုက်ကိုက် မကိုက်ကိုက် ထိုင်တာကို မကြိုက်ဘူး'

'ကျွန်တော် တောင်းပန်ပါတယ် အမေ' ဟု ထပ်ပြောကာ ကမျာကယာ ထရပ်သည်။ သူသည် စိတ်မကောင်းဖြစ်သွားသော်လည်း သူ့အမေ မသိအောင် ဖုံးကွယ်ထားသည်။ သူ့ကို အကြောင်းပြု၍ သူ့အမေ စိတ်မထိခိုက်စေချင်။ ငယ်စဉ်



တောင်ကျေး ကလေးဘဝက အမေ သူ့အား တယုတယ ပြုစုခဲ့ဖူးသည်များကို သတိရသည်။ သူ့အား အကာအကွယ်ပေးခဲ့သည်များကို ပြန်လည်မြင်ယောင်လာသည်။ ထိုအခါ သူ့စိတ်သည် ကလေးဆန်လာသည်။ အမေ့အပေါ် အားကိုးလိုသောစိတ်သည် ပြန်ဝင်လာသည်။

'အမေ...အမေ့ကို ကျွန်တော် ပြောပြချင်တာလေးတွေရှိတယ်' ဟု တုန်ယင်သောအသံဖြင့် ပြောသည်။ သူ့အမေသည် သူ့အား အလိုမကျသည့် မျက်နှာထားဖြင့် ပြန်ကြည့်နေသည်။

'အခုလို ခေါင်းကိုက်နေတဲ့ အချိန်မျိုးမှာ လာပြောရသလား'

'သိပ်မကြာပါဘူး အမေရယ် ခဏလေးပါ၊ ပြီးတော့ ဒီကိစ္စမှာ အမေ့ဆီက အကြံဉာဏ်လည်း လိုချင်တယ် အမေ'

'မပြောပါနဲ့ဦး အာသာရယ်၊ မပြောပါနဲ့ဦး' ဟု သူ့အမေက ငြင်းသည်။

'အမေ နားမထောင်နိုင်သေးဘူး၊ နောက်တစ်ချိန်ကျမှပဲ ပြောပေါ့၊ အမေ့ခေါင်းက တအားကိုက်နေတာ'

အာသာသည် လက်လျှော့လိုက်သည်။ သူ့မျက်နှာသည် မှုန်မှိုင်းနေသည်။ သူ့အမေကတော့ မျက်လုံးများကို စုံမှိတ်ကာ ....

'ဘာပြုလို့ အမေ့မှာ ခေါင်းကိုက်ကိုက်နေရတာလည်း မပြောတတ်ဘူး' ဟု ညည်းသည်။

'ပြင်သစ်နိုင်ငံထဲက သေနတ်သံ၊ အမြောက်သံတွေကြောင့်လား၊ အဲဒီက ဖြစ်လာတဲ့ ပုံတင်ထပ်မှုတွေကြောင့်လား၊ အမေ မပြောတတ်ဘူး၊ အမေ့အနေနဲ့ အသံတွေကို တကယ်တမ်း မကြားရပေမယ့် သိနေ နားလည်နေတော့ ဒီရိုက်ခတ်မှုတွေကြောင့် အမေရဲ့ နောက်ကျောတတ်တဲ့ ဝေဒနာဟာ ဆိုးလာသလား မသိဘူး၊ ငါ့သား ဘယ်လိုထင်သလဲ'

'ကျွန်တော် မပြောတတ်ဘူး အမေ' ဟု အာသာက ပြောသည်။

'ဒါတွေကြောင့် အမေ့ကျော ပိုဆိုးလာတယ်လို့ တွေးရမှာက အတော်ခက်တာပဲ'

'အမေ့ကျောက ဝေဒနာအကြောင်းကို သိပ်ပြီး မပြောချင်တော့ပါဘူးကွယ်' ဟု သူ့အမေက ပြောသည်။

'ဒေါက်တာလူးဝစ္စ ပေးထားတဲ့ လင်နမင်လိမ်းဆေး လိမ်းလို့ အတော့်ကို သက်သာလာတယ် အာသာရဲ့၊ အဲဒီလိမ်းဆေးထဲမှာ အက်ကွန်နိုက်၊ ဘယ်လာဒွန်နာနဲ့ ကလိုရိုဖောင်း ဆိုတဲ့ အဆိပ်သုံးမျိုးပါတယ်လို့ ဆေးညွှန်းထဲမှာ အမေ ဖတ်ရတယ်၊ အဆိပ်ဟာ အပြင်လိမ်းဆေးကျတော့လည်း လူကိုအကျိုးပြုသားပဲနော်'

'ဟုတ်တယ် အမေ' ဟု အာသာက တီးတိုးလေသံဖြင့် ထောက်ခံလိုက်သည်။

သူ့အမေသည် တစ်ခဏမျှ ရပ်နားနေသည်။ ထို့နောက် စကားဆက်ပြောပြန်သည်။ သူ့အကြောင်းကိုချည်း နောက်ထပ် နာရီဝက်ခန့် ပြောနေခြင်းဖြစ်၏။ ထို့နောက်တော့ သူမသည် လက်တစ်ဖက်ဖြင့် ခေါင်းကိုနှိပ်ကာ 'ခေါင်းကိုက်လာပြန်ပြီ' ဟု ပြောသည်။ သူ မောလှပြီဖြစ်၍ အာသာအား 'အခန်းထဲမှ ထွက်သွားပါတော့' ဟု နှင်သည်။ အာသာသည် ငြိမ်ဆိတ်စွာပင် အခန်းထဲမှ ထွက်လာခဲ့သည်။ သူ အပြင်စင်္ကြံအတိုင်း လျှောက်လာနေခိုက်မှာပင် သူ့အမေ၏ ဟောက်သံကို ကြားရလေ၏။

အာသာသည် သူ့ဒုက္ခနှင့်သူ အထီးကျန် ဖြစ်နေရ၏။ နေ့ရက်တွေ ကုန်လွန်လာခဲ့သည်နှင့်အမျှ ပတ်ဝန်းကျင်ရှိ လူအများနှင့်ကင်းကွာကာ တစ်ယောက်တည်းလို ဖြစ်လာနေရ၏။ အခြားလူများနှင့် အလွန်အမင်း အဆက်ပြတ်လာသည့်အခါ တဖြည်းဖြည်းနှင့် အပယ်ခံ လူတစ်ယောက်သဖွယ် ဖြစ်လာခဲ့သည်။ သူ၏ လှုပ်ရှားမှု နယ်ပယ်မှာလည်း များစွာ ကျဉ်းမြောင်းလာခဲ့လေသည်။

သူသည် နေ့စဉ် သူ့အလုပ်မှတစ်ပါး အခြား ဘယ်ကိုမှမသွား။ အလုပ်ခွင်ရောက်တော့လည်း အမ်းစထရောင်းနှင့် ဟပ်ဒ်စပက်တို့လို လူများသာမက အခြားလူများကပါ သူ့အား ထူးဆန်းသော မျက်နှာထားဖြင့် ကြည့်လေ့ရှိကြ၏။ ကျောက်မီးသွေးတွင်းသို့ အသွားနှင့်အပြန် လမ်းခရီးတစ်လျှောက်တွင်လည်း အချို့လူများက သူ့အား မကြားတကြား ဆဲလားဆိုလား ပြုတတ်ကြ၏။ တချို့က ဆိုလျှင် သူ့အား အော်ဟစ်နောက်ပြောင်တတ်ကြ၏။

တကယ်တော့ သူနှင့် သူ့အဖေတို့၏ ကွဲလွဲမှုများသည် လူအများက သိနေသော အရေးတစ်ခု ဖြစ်သွားခဲ့လေပြီ။ အထူးသဖြင့် သူ့အဖေ၏ဆန္ဒကို ငြင်းဆန်ပြီး စစ်ထဲမဝင်ခြင်းသည် လူအများကြား၌ ပြောစရာ စကားတစ်ခု ဖြစ်နေခဲ့လေပြီ။ ဘားရပ်စ်ကတော့ သူ့အမြင်များကို လူအများသိအောင် ပြောလေ့ရှိသည်။ သူ့ဘက်ကမှန်သည်ဟု အများက ထင်လာအောင်လည်း ပြောတတ်၏။ သူ၏ နိုင်ငံချစ်သော စိတ်သဘောထားသည် လူအများ၏ လက်ခုပ်သြဘာပေးခြင်းကို ရရှိနေသည်။ အာသာအဖို့ကတော့ တိုင်းချစ်ပြည်ချစ်စိတ် မရှိသူတစ်ဦးဟူသော အထင်အမြင်လွဲမှားမှုကို ခံယူနေရ၏။ မည်သို့ပင်ဖြစ်သေး တစ်မြို့လုံးရှိလူများသည် သူနှင့် သူ့ဖခင်တို့၏ ပဋိပက္ခကို စိတ်ဝင်တစား စောင့်ကြည့်နေကြသည်ကိုမူ သူ သတိထားနေမိလေသည်။

ဖေဖော်ဝါရီလထဲတွင် အခြေအနေသည် တိုး၍ ဆိုးဝါးလာသည်။ မတ်လ



အလယ်တွင် စလီစကေးတရားရုံးကို ဖွဲ့စည်းတည်ထောင်လိုက်သည်။ ယင်းတရားရုံးကို သားသတ်သမား ဂျိမ်းစ်ရာမက်ချ်၊ အထည်သည် ဘိတ်စ်၊ အဘိုးကြီးမာချီဆန်၊ နယူးဘီသဲလ်လမ်းဝတ်ကျောင်းမှ ဘုန်းတော်ကြီး အီနောလိုးနှင့် ရစ်ချတ်ဘားရပ်စ်တို့အား အဖွဲ့ဝင်များ၏ သဘောတူညီချက်အရ ရစ်ချတ်ဘားရပ်စ်သည် တရားရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုငါးယောက်အပြင် တိုင်နီကပ်ဆဲလ်မြို့ရှိ စစ်တပ်မှ တပ်ကိုယ်စားလှယ် ကပ္ပတိန် ဒေါက်ဂလပ်စ်က အကြံပေးအဖြစ် တာဝန်ယူသည်။ တရားရုံးစာရေးအဖြစ် စလီစကေးမြို့တော် ကောင်စီရုံးမှ စာရေးကြီး ရပ်တားက တာဝန်ယူရလေသည်။

အာသာသည် သူ့အဖေ ဥက္ကဋ္ဌ ဖြစ်နေသော တရားရုံး၏ လှုပ်ရှားမှုများကို စိတ်ဝင်တစား စောင့်၍ လေ့လာလျက်ရှိ၏။ တရားရုံး၏ လုပ်နည်းလုပ်ဟန်များသည် ပြင်းထန်မှုဘက်ကို များစွာယိမ်းယိုင်လျက်ရှိသည်ဟု သူ ထင်သည်။ တရားရုံးသည် စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ မည်သူ့ကိုမှ လွတ်ငြိမ်းချမ်းသာခွင့်မပေးချေ။

အဖွဲ့၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သော ဒေါက်ဂလပ်စ်သည် သက်ဦးဆံပိုင်မင်းတစ်ပါးလို ကျင့်ကြံသူ ဖြစ်၏။ မည်သူ့အပေါ်၌မဆို နိုင်လိုမင်းထက် ဆက်ဆံပြောဆိုတတ်သူ ဖြစ်သည်။ ဥပဒေမှလွတ်ငြိမ်းခွင့် လျှောက်ထားသူဟူသမျှကို ကိုယ်နှုတ်အမူအရာဖြင့် နှိပ်စက်ကလူ ပြုတတ်သူ ဖြစ်၏။ လျှောက်ထားသူအား စစ်ဆေးအပြီးတွင် သူ့နှုတ်မှ 'ဒီလူကို ကျုပ် လိုချင်တယ်' ဟု မာကျောကျောလေသံဖြင့် ပြောတတ်သည်။

သူ့ဖခင် ဘားရပ်စ်နှင့် သားသတ်သမား ရာမက်ချ်တို့မှာ နိုင်ငံချစ်စိတ်ဟူသော စကားလုံးဖြင့် သွေးနားထင်ရောက်နေကြသူများ ဖြစ်သည်။ ကျန်အဖွဲ့ဝင်သုံးဦးမှာမူ ဘာကိုမှ သိမြင်နားလည်ကြသူများ မဟုတ်ပေ။ ဤသို့ဖြင့် တရားရုံးသည် အစွန်းရောက်သော လုပ်နည်းများမှတစ်ပါး အခြား မည်သည့်လမ်းကိုမှ လက်မခံကြပေ။ လွတ်ငြိမ်းခွင့်လျှောက်ထားသူ မှန်သမျှသည် တရားဥပဒေအရ စစ်မှုထမ်းရမည်သူ ဖြစ်၏။ စစ်မှုမထမ်းလိုလျှင် ထောင်တွင်းသို့ ဝင်ရမည်သာ ဖြစ်၏။ လျှောက်ထားသူများအဖို့ ရွေးစရာလမ်းသည် နှစ်လမ်းမျှသာရှိလေသည်။

နေ့ရက်တွေ ကုန်လွန်လာသည်နှင့်အမျှ အာသာ စိတ်တွင် မကျေနပ်မှုများသည် တိုး၍သာ လာနေသည်။ အထူးတရားရုံး၏ လုပ်ပုံကိုင်ပုံများအပေါ် မကျေနပ်မှုများသည် တိုး၍သာလာသည်။ တရားရုံးထိုင်ပြီး ပြန်လာသော သူ့အဖေကိုမြင်ရတိုင်း အာသာ၏ရင်ထဲတွင် မခံချင်စိတ်များ အဆမတန် ကြီးထွားလာရသည်။ သူ့အဖေသည် အာသာ၏အကျိုးကို ရှေ့ရှု၍ အန်တီကေရီအား

တရားရုံးမှ ဖြစ်ရပ်များကို ပြောပြလေ့ရှိသည်။ အန်တီကေရီအား ပြောပြခြင်းသည် သွယ်ဝိုက်ပြီး အာသာအား ပြောပြနေခြင်းပေတည်း။

မတ်လ၏ နောက်ဆုံးရက်တွင် ဘားရပ်စ်သည် အိမ်သို့ ပြန်ရောက်လာသည်။ ညနေခင်း လက်ဖက်ရည်သောက်ဖို့ တမင်နောက်ကျနေသည်။ သို့သော်လည်း သူသည် များစွာ စိတ်အားတက်ကြွလျက်ရှိသည်။ သူသည် စားပွဲ၌ အသင့်ရှိနေသော အာသာအား လုံးဝလှည့်မကြည့်ဘဲ သူ့ကုလားထိုင်၌ ဝင်ထိုင်သည်။ ပေါင်မုန့်ထောပတ်သုတ်ကို အားပါးတရစားကာ လက်ဖက်ရည်ကို သောက်ရင်းနှင့် ဘာသာရေးကို အကြောင်းပြ၍ စစ်မှုထမ်းခွင့်မှ လွတ်ငြိမ်းခွင့်ပေးရန် လျှောက်ထားလာသော ကျောင်းသားတစ်ယောက် အကြောင်းကို မြိန်ရေယှက်ရေ ပြောပြနေသည်။

'အဲဒီကောင်ကို ရာမက်ချ်က ပထမဆုံး မေးလိုက်တဲ့ မေးခွန်းဟာ ဘာလဲသိလား' ဟု ဘားရပ်စ်က ပြောသည်။

'ရာမက်ချ် မေးတာက 'မင်း နေ့စဉ် ရေချိုးသလား' တဲ့၊ ဟား ....ဟား ....ဟား'

ဘားရပ်စ်က သူ့စကားသူ သဘောကျကာ အားရပါးရ ရယ်သည်။

'ဒါပေမဲ့ ဒေါက်ဂလပ်စ်က ရာမက်ချ်ထက် ပိုပြီးတော်တယ်၊ သူက ငါ့ကို တစ်ချက်လှမ်းကြည့်ပြီး ....

'ဟေ့ကောင် ....မင်း စစ်မှုမထမ်းချင်ဘူးလို့ငြင်းရင် သေနတ်နဲ့ ပစ်အသတ်ခံရမယ်ဆိုတာ သိသလား' လို့ ဝင်မေးတယ်၊ ဒီအကောင် ထောင်ချောက်ထဲမိနေတဲ့ သားကောင်တစ်ကောင်အတိုင်းပဲ၊ ချက်ချင်း စစ်ထဲဝင်ဖို့ သဘောတူသွားတယ်၊ နောက်သုံးလဆိုရင် ဒီအကောင် ပြင်သစ် စစ်မြေပြင်ကို ရောက်တော့မှာသေချာသွားပြီ'

သူသည် နောက်တစ်ချီ တအား အော်ရယ်ပြန်လေသည်။

အာသာသည် သူ့အဖေ၏ စကားများကို သည်းခံနိုင်စွမ်း မရှိတော့ပေ။ သူသည် ထိုင်နေရာမှ ခုန်ထလိုက်သည်။ သူ့အဖေ၏ မျက်နှာကို စူးစူးရဲရဲကြည့်သည်။

'အဖေကတော့ ပျော်စရာကြီးတစ်ခုလို့ ထင်နေတာပေါ့လေ ဟုတ်လား၊ အဖေ့အနေနဲ့ သူ့လက်ထဲကို သေနတ်ထည့်ပေးပြီး လူသတ်ကွင်းထဲကို လွှတ်လိုက်တယ်လို့ ခံစားနေတယ် ဆိုပါတော့၊ ဒါဟာ သူ့ရဲ့ အလိုဆန္ဒကိုဆန့်ကျင်ပြီး လုပ်ခဲ့တဲ့ အလုပ်တစ်ခုဆိုတာ အဖေ သိသင့်ပါတယ်၊ အဖေ့အနေနဲ့ သူ့ကို အတင်းအဓမ္မစေလွှတ်ပြီး လူသတ်ခိုင်းရတဲ့အတွက် သိပ်ကို ဝမ်းသာနေတယ် မဟုတ်



လား၊ လူတစ်ယောက်ကိုသတ်ဖို့ ခိုင်းရတာကို ဝမ်းသာနေတာဟာ အံ့သြစရာပါပဲ၊ 'သတ်' သို့မဟုတ် 'အသတ်ခံ' ဆိုတဲ့ အဖေတို့ရဲ့ ဆောင်ပုဒ်ဟာ အတော်ကို မြတ်နိုးစရာကောင်းပါတယ်ဗျာ၊ အလွန်ကို ချစ်စရာကောင်းတဲ့ ဆောင်ပုဒ်တစ်ခုပါလားဗျာ၊ အဲဒီဆောင်ပုဒ်ကိုရေးပြီး အဖေ့ရဲ့ တရားရုံးမှာ နမူနာစည်းစာတမ်းအဖြစ် ချိတ်ထားသင့်တယ်လို့ ကျွန်တော်ကတော့ ထင်တာပဲ၊ အဖေဟာ အဲဒါမျိုးနဲ့ပဲတော်တယ်၊ ဒါပေမဲ့ဗျာ ကျွန်တော့်မှာကတော့ လူသားတွေရဲ့ဘဝကို လေးစားတဲ့စိတ်က ရှိနေတယ်၊ အဖေ့မှာမရှိတဲ့ အရာတစ်ခုပါ၊ အဖေက ကျွန်တော့်ကို ခြောက်လှန့်နေတယ်၊ မရပါဘူး၊ ဘယ်တော့မှ မရပါဘူး'

အာသာသည် စကားကိုဖြတ်ကာ ရပ်လိုက်ပြီး ချာခနဲလှည့်၍ အခန်းတံခါးဆီသို့ လျှောက်သွားသည်။ သို့သော်လည်း ဘားရပ်စ်က သူ့အား လှမ်းတားသည်။

'ခဏနေဦး၊ ငါ မင်းနဲ့ စကားပြောစရာရှိနေတယ်'

အာသာက ပြန်လှည့်လာသည်။

'ကောင်းပြီလေ၊ အဖေ ဘာပြောစရာရှိသလဲ ....ပြောပါ'

သူတို့သားအဖကြားတွင် ဗျာများနေသူမှာ အန်တီကေရီ။ သူမသည် အသက်ပင် ဖြောင့်အောင်မရှူနိုင်။ အာသာသည် နောက်သို့ပြန်လျှောက်လာပြီး စားပွဲ၌ ဝင်ထိုင်သည်။ ဘားရပ်စ်က ချက်ချင်း မပြောသေး။ သူ့လက်ဖက်ရည်ကို ပြီးအောင် သောက်နေသည်။ ထို့နောက် အာသာ၏မျက်နှာကို စူးစူးရဲရဲကြည့်သည်။

'ငါ မင်းကိုမေးတာ နောက်ဆုံးမေးခြင်းပဲ၊ မင်း စစ်ထဲ ဝင်မလား၊ မဝင်ဘူးလား'

အာသာကလည်း ခေါင်းငုံ့မခံ။ သူ့အဖေ၏မျက်နှာကို ရင်ဆိုင်၍ကြည့်သည်။

'မဝင်ဘူး'

ငြိမ်ဆိတ်သွားသည်။

'ငါ မင်းကို ရှင်းအောင်ပြောလိုက်မယ်၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ ငါ မင်းကို မလိုဘူး၊ နားလည်လား'

'သိပ်ကို နားလည်တယ်'

'အဲဒါတောင် မင်း စိတ်မပြောင်းဘူးလား'

'မပြောင်းဘူး'

ငြိမ်ဆိတ်သွားပြန်သည်။

'အေး ....ဒါဆိုရင်တော့ မင်းအမှုဟာ လာမည့်အပတ် အင်္ဂါနေ့မှာ တရားရုံးကိုတင်ရမယ့်အမှု ဖြစ်လာမှာပဲ'

နာကြည်းခံပြင်းသောစိတ်သည် အာသာ၏ရင်ထဲ၌ ဖြစ်ပေါ်လာသည်။ သူသည် မျက်လွှာကို ချထားသည်။ သူ့အဖေသည် သူ့အပေါ်၌ ဤမျှလောက် အထိ လုပ်လိမ့်မည်ဟု မထင်မိခဲ့။

'မင်း နားလည်ဖို့ကောင်းပြီ၊ ငါ့သားဖြစ်လို့ အကာအကွယ်ရလိမ့်မယ်လို့ မထင်နဲ့၊ မင်း မှားမယ်'

'မင်းဟာ အသက်ငယ်သေးတယ်၊ ကျန်းမာသန်စွမ်းမှုလည်းရှိနေတယ်၊ မင်းမှာ ဆင်ခြေပေးစရာ ဘာမှမရှိဘူး၊ ငါ့ရဲ့အမြင်ကို လူတိုင်းသိကြတယ်၊ ငါ့ အနေနဲ့ မင်းကို ငါ့ရဲ့ကျောနောက်မှာ ပုန်းခိုင်းထားဖို့ မဖြစ်တော့ဘူး'

'အဖေက အဲဒီနည်းနဲ့ ကျွန်တော့်ကို စစ်တပ်ထဲ အတင်းအဓမ္မဝင်ခိုင်းလို့ ရမယ်ထင်နေသလား' ဟု အာသာက မေးသည်။

'ထင်တယ်၊ ငါကတော့ အဲဒီနည်းဟာ အကောင်းဆုံးနည်းလို့ထင်တယ်'

'ခင်ဗျား မှားနေပြီ၊ ကျွန်တော် တရားရုံးရှေ့မှောက်မှာ အစစ်ခံရမှာကို ကြောက်လိမ့်မယ်လို့ ထင်နေတာကိုး'

ဘားရပ်စ်က ရယ်သည်။

'ငါကတော့ အဲဒီလိုပဲထင်တယ်'

'အဖေ မှားပြီ၊ ကျွန်တော်က အစစ်ခံဖို့ မကြောက်ဘူး'

ဘားရပ်စ်၏ မျက်နှာသည် နီရဲလာသည်။

'ဒီလိုဆိုရင်တော့ မင်းလည်း တခြားလူကြောက်တွေလိုပဲ ဖြစ်ရမှာပေါ့၊ ငါ ကပ္ပတိန် ဒေါက်ဂလပ်စ်နဲ့ ပြောစရာရှိတာ ပြောပြီးပြီ၊ ဘယ်သူ့ကိုမှ မျက်နှာလိုက်လို့မရဘူး၊ ငါ့စိတ်ကိုလည်း အခိုင်အမာ ဆုံးဖြတ်ထားပြီးပြီ၊ မင်းလည်း တပ်ထဲဝင်ရမှာပဲ'

'အဖေက ကျွန်တော့်ကို ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ' ဟု အာသာက မေးသည်။

'ငါက မင်းကို မင်းလုပ်ရမယ့်တာဝန်ကို လုပ်အောင် လုပ်ပေးရမှာပေါ့' ဟု ဘားရပ်စ်က အဖြေပေးသည်။

'မနက်ဖြန်ဆိုကျရင် တိုင်နီကပ်ဆဲလ်ကိုသွား၊ တပ်ထဲဝင်၊ ဒါဟာ မင်း အကျိုးအတွက် ပြောတာပဲ၊ တပ်ထဲကို ဝင်အောင်မလုပ်ခင် မင်းဘာသာမင်း ဝင်ပါ၊ ဒါဟာ ငါ့ရဲ့နောက်ဆုံးစကားပဲ'

သူသည် အခန်းထဲမှ ထွက်သွားသည်။

အာသာသည် စားပွဲတွင်ထိုင်လျက် ကျန်ခဲ့သည်။ သူသည် စားပွဲပေါ်၌ တံတောင်နှစ်ဖက်ထောက်ကာ သူ့ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ထားသည်။



အန်တီကေရီသည် အခန်းထဲသို့ တိတ်တိတ်ကလေး ဝင်လာသည်။ သူမသည် အာသာအနီးသို့ လျှောက်လာပြီး လက်တစ်ဖက်ဖြင့် ပခုံးကို ကိုင်ထားသည်။

'အာသာရယ် ....မင်းအဖေကို အခုလို အတိုက်အခံလုပ်လို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ ဆင်ခြင်ပြီးလုပ်မှပေါ့၊ ကိုယ့်အကျိုးအတွက်ကြည့်ပြီး လုပ်မှပေါ့'

အာသာက ဘာမှမပြော၊ သူ့ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေသည်။

'မင်းလည်း သိနေတာပဲ အာသာရယ်' ဟု အန်တီကေရီက ပြောသည်။

'လောကမှာ တချို့ကိစ္စတွေဟာ မင်း ဆန့်ကျင်လို့မရဘူး၊ မင်း ကြိုက်ကြိုက် မကြိုက်ကြိုက် တချို့ဟာတွေကို လက်ခံရမှာပဲ၊ အန်တီဟာ မင်းကို ချစ်ပါတယ်၊ မင်းဘဝပျက်မှာကို အန်တီ မမြင်ချင်ဘူး၊ မင်းအဖေ လုပ်စေချင်တဲ့ဟာကို မင်း လုပ်ရမှာပဲ'

'ကျွန်တော် မလုပ်ဘူး'

'ဒီလိုမဟုတ်ဘူး အာသာ'

'မင်း ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီလိုသာလုပ်ရင် ကြောက်စရာကောင်းတဲ့ အဖြစ်တစ်ခု ဖြစ်လာလိမ့်မယ်လို့ အန်တီ ထင်တယ်၊ အရှက်တကွဲတွေ ဖြစ်လာမှာကိုတွေးပြီး ကြောက်မှပေါ့၊ မင်းအဖေက ခိုင်းတာကို လုပ်ပါ့မယ်လို့ အန်တီ့ကို ကတိပေးပါလား အာသာရယ်'

'မဖြစ်နိုင်ဘူး' ဟု အာသာက ဖြေသည်။

'ကျွန်တော့်နည်းနဲ့ကျွန်တော် ပြဿနာကို ရင်ဆိုင်သွားရမှာပဲ'

သူသည် အန်တီကေရီအား ပြုံး၍နှုတ်ဆက်ကာ အိမ်အပေါ်ထပ်ရှိ သူ့ အခန်းသို့ ပြန်တက်သွားသည်။

နောက်တစ်နေ့မနက်တွင် တရားရုံးသို့ လာရောက်ရမည်ဟူသော ဆင့်ခေါ်စာကို အာသာ ရရှိသည်။ စာရောက်လာချိန်တွင် စားပွဲ၌ရှိနေသော ဘားရပ်စ်သည် အာသာ စာဖောက်ဖတ်နေသည်ကို မသိမသာ အကဲခတ်နေသည်။ အာသာက ဘာမှမပြောဘဲ စာကို အိတ်ကပ်ထဲထည့်လိုက်သည့်အခါ ဘားရပ်စ်သည် စိတ်မကောင်းဖြစ်သွားသည်။

သူ့အဖေသည် မိမိအား သူ့ထံ၌ ဒူးထောက်လိမ့်မည်ဟု မျှော်လင့်လျက် ရှိကြောင်း သူ ရိပ်မိသည်။ သူကလည်း ဘယ်တော့မှ ဒူးမထောက်ဟု ဆုံးဖြတ်ထားပြီးပြီ ဖြစ်၏။ သူ၏ ပင်ကိုယ်စိတ်နေသဘောထားမှာ ပျော့ပျောင်းသူ ဖြစ်၏။ သို့သော်လည်း ယခုအခါတွင်မူ သူသည် သူ၏မာန်မာနက တွန်းအားပေးထားသဖြင့် အားမာန်အပြည့်နှင့် လူတစ်ယောက် ဖြစ်နေသည်။

ဤသို့ဖြင့် အင်္ဂါနေ့မနက်သို့ ဆိုက်ရောက်လာသည်။ အာသာအား လာရမည်ဟု ချိန်းဆိုထားသည့်အချိန်မှာ မနက် ဆယ်နာရီဖြစ်၍ နေရာမှာ ဘီသဲလ်လမ်းကျောင်းဟောင်း ဖြစ်သည်။ အာသာ ရောက်သွားသည့်အခါ တရားရုံးကို ကျောင်းခန်းမကြီးအတွင်း၌ ဖွင့်ထားသည်ကို တွေ့ရ၏။ ခန်းမကြီးအတွင်း၌ စင်မြင့်တစ်ခုရှိ၍ ထိုစင်မြင့်ပေါ်တွင် အဖွဲ့ဝင်ငါးဦးက နေရာယူထားကြသည်။ စားပွဲ၏တစ်ဖက်ထိပ်တွင် စာရေး ရပ်တားက ထိုင်၍ အခြားတစ်ဖက်ထိပ်တွင် ကပ္ပတိန်ဒေါက်ဂလပ်စ်က နေရာယူထားသည်။ စားပွဲနောက်ဘက်ရှိနံရံပေါ်တွင် ယူနီယံဂျက်အလံကို လွှင့်ထူထားသည်။ ထိုအလံအောက်တည့်တည့်တွင် ကျောက်သင်ပုန်းကြီးတစ်ခု ရှိသည်။

အာသာသည် ဘီသဲလ်ကျောင်းဟောင်းသို့ ဆယ်နာရီမထိုးမီ ငါးမိနစ်အလိုတွင် ရောက်လာသည်။ တာဝန်ကျ တပ်ကြပ်ကြီး ရှော့ဒမ်က သူ့အမှုကို ပထမဆုံး ခေါ်လိမ့်မည်ဟု သူ့ထံ လာအကြောင်းကြားသည်။ ထို့နောက် သူ့အား တရားရုံးအတွင်းသို့ ခေါ်သွားသည်။

အာသာက တရားရုံးထဲသို့ ဝင်သွားသည့်အခါ များစွာ စိတ်လှုပ်ရှားလျက်ရှိ၏။ ခန်းမထဲတွင် ကျောက်မီးသွေးတွင်းမှ ဟာရီအိုဂလီ၊ ဂျိုးကင့်ချ်၊ ဂျိတ်ဝစ်ခ်နှင့် အခြားအလုပ်သမားတစ်စု ထိုင်နေကြသည်။ အလုပ်သမားတန်းလျားနှင့် မြို့ထဲမှ အမျိုးသမီး အတော်များများကိုလည်း မြင်ရ၏။ ယင်းတို့အထဲတွင် ဟန်နာဘရေ့စ်၊ မစ္စက်ရီးဒီး၊ အဘွားအို ဆူဆန်ကော်ဒါး၊ မစ္စက်ဝက်ပ် စသူတို့ ပါဝင်ကြသည်။

သတင်းစာဆရာများအတွက် ချပေးထားသည့် ခုံတန်းတွင် သတင်းထောက်များဖြင့် ပြည့်နေသည်။ ကင်မရာသမား နှစ်ယောက်မှာမူ ဘေးတစ်ဖက်ရှိပြတင်းပေါက်၌ ရပ်နေကြသည်။ အာသာသည် ချက်ချင်းပင် မျက်လွှာကိုချထားလိုက်သည်။ သူ့အမှုတွင် လူအများက စိတ်ဝင်စားနေကြသည်ကို သူ သတိထားမိသည်။ သူသည် သူ့အတွက် ချပေးထားသည့် ခန်းမ၏အလယ်မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ လူအားလုံးက သူ့အား ဝိုင်းကြည့်နေကြသည်။ သူ့စိတ်ထဲတွင် သူ့ကိုယ်သူ သာမန် သူခိုး၊ လူဆိုး ရာဇဝတ်သားတစ်ယောက်ဟု ထင်နေမိလေသည်။

နောက်တစ်ခဏအတွင်းမှာပင် ဆူဆူညံညံ စကားပြောနေသံများသည် တိတ်သွားသည်။ ဘေးဘက်တံခါးပေါက်မှ တရားရုံးအဖွဲ့ဝင်ငါးဦးသည် ရပ်တားနှင့် ကပ္ပတိန်ဒေါက်ဂလပ်စ်တို့ ခြံရံကာ တန်းစီပြီး ဝင်လာကြသည်။ ကပ္ပတိန်ဒေါက်ဂလပ်စ် ဆိုသူမှာ ကိုယ်လုံး တုတ်ခိုင်ခိုင်၊ ကျောက်ပေါက်မာများဖြင့် ပြည့်နေသည် နီရဲရဲမျက်နှာပိုင်ရှင် ဖြစ်သည်။



အာသာ၏နောက်၌ရပ်နေသော တပ်ကြပ်ရှော့ဒမ်က 'မတ်တတ်ရပ်' ဟု အမိန့်ပေးသည်။ အာသာသည် ထိုင်နေရာမှ ထရပ်လိုက်သည်။ သူသည် ခေါင်းကိုမော့ကာ ကုလားထိုင်မြင့်မြင့်ကြီးပေါ်၌ ထိုင်ချလိုက်သော သူ့အဖေအား စူးစူးရဲရဲ လှမ်းကြည့်သည်။ သူသည် သူ့အဖေအဖြစ် ကြည့်နေခြင်း မဟုတ်၊ တရားသူကြီးတစ်ယောက်အဖြစ် ကြည့်နေခြင်း ဖြစ်သည်။

ဘားရပ်စ်သည် စားပွဲပေါ်၌ လက်ထောက်၍ ကိုယ်ကိုရှေ့သို့ကိုင်းကာ ကပ္ပတိန်ဒေါက်ဂလပ်စ်နှင့် တီးတိုးပြောသည်။ ဒေါက်ဂလပ်စ်က ခေါင်းညိတ်သည်။ သူ့ကုလားထိုင်ကိုမှီ၍ တောင့်တောင့်မတ်မတ် ပြင်ထိုင်ကာ စားပွဲကို သုံးလေးချက် ခေါက်လိုက်သည်။ ခန်းမကြီးထဲတွင် ငြိမ်ဆိတ်သွားသည်။ ဒေါက်ဂလပ်စ်ကတော့ လူအများ ကြားနိုင်လောက်အောင် အသံကိုမြှင့်၍ စကားစပြောသည်။

'အခု စစ်ဆေးမယ့်အမှုဟာ စိတ်ထိခိုက်စရာကောင်းတဲ့ အမှုတစ်မှုပါ' ဟု သူ့နှုတ်မှ ထွက်လာသည်။

'ဒီအမှုမှာ တရားခံဟာ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး မစ္စတာရစ်ချတ်ဘားရပ်စ်ရဲ့သား အာသာဘားရပ်စ် ဖြစ်ပါတယ်၊ အာသာဘားရပ်စ်ဟာ နက်ပ်ကျွန်းကျောက်မီးသွေးတွင်းမှာ အလုပ်လုပ်နေတဲ့လူငယ်ပါ၊ သူဟာ စစ်တပ်မှာ အမှုထမ်းဖို့ အရည်အချင်းနဲ့ပြည့်စုံနေတဲ့ လူတစ်ယောက်ပါ၊ ဒီအချက်ကို အားလုံးသိကြပြီး ဖြစ်တဲ့အတွက် ကျွန်တော်က အကျယ်တဝင့် ရှင်းမပြတော့ပါဘူး၊ ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော် ပြောပြချင်တဲ့အချက်က တရားစစ်ဆေးခြင်းမပြုမီ တရားရေးအဖွဲ့ ဥက္ကဋ္ဌကြီးကို ချီးကျူးဂုဏ်ပြုရမယ့် စကားပါ၊ မစ္စတာရစ်ချတ်ဘားရပ်စ်ဟာ နိုင်ငံချစ်စိတ်နဲ့ မျိုးချစ်စိတ် အလွန်ကြီးမားပြီး ရဲစွမ်းသတ္တိနဲ့ ကြံ့ခိုင်ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးကြီးတစ်ဦးပါ၊ သူဟာ သူ့သွေး သူ့သားအရင်းကိုတောင်မှ တရားဥပဒေအတိုင်း စစ်ဆေးဖို့ တာဝန်ယူခဲ့တဲ့ စိတ်ဓာတ်ကို ကျွန်တော်တို့အားလုံးက အသိအမှတ်ပြုပြီး ချီးကျူးဂုဏ်ပြုကြပါခင်ဗျား'

တရားရုံးထဲတွင် လက်ခုပ်သြဘာသံများ ညံသွားသည်။ လက်ခုပ်သံများ စဲသွားသည့်အခါ ဒေါက်ဂလပ်စ်က သူ့စကားကို ဆက်သည်။

'တပ်ရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ကတော့ ဒီစိတ်မချမ်းမြေ့စရာကောင်းတဲ့အမှုမှာ ပြောစရာရှိတာကို ပြောရပါလိမ့်မယ်၊ အခု တရားရုံးရှေ့မှောက်မှာ ရောက်နေတဲ့လူငယ်ဟာ စစ်မှုထမ်းရမယ့်တာဝန်ကို မငြင်းမဆန်လက်ခံဖို့ ပြောလိုပါတယ်၊ ဒါဆိုရင် သူ့အတွက် ဘာပြဿနာမှ မရှိတော့ဘဲ တိုက်ခိုက်မှုတာဝန်ကို ယူသွားဖို့ပါပဲ'

စကားဆုံးသည့်အခါ ဒေါက်ဂလပ်စ်က တင်းမာသော မျက်လုံးအစုံဖြင့် အာသာအား လှမ်းကြည့်သည်။ သူ့ထံမှ အဖြေတောင်းခံနေခြင်း ဖြစ်သည်ကို အာသာက နားလည်သည်။ သူသည် သူ့စိတ်ကိုတင်း၍ ....

'ကျွန်တော် တာဝန် မထမ်းဆောင်နိုင်ပါဘူး၊ ဒီတာဝန်ကို လက်မခံနိုင်ဘူးလို့ ငြင်းဆန်ပါတယ်' ဟု အဖြေပေးသည်။

'မင်း ဒီစကားကို တကယ် အလေးအနက်ထားပြီး ပြောနေတာလား'

'ကျွန်တော် အလေးအနက်ထားပြီး ပြောနေတာပါ'

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ တင်းမာသည့် အခြေအနေတစ်ရပ်သည် တည်ရှိလာသည်။ ဒေါက်ဂလပ်စ်သည် ဘားရပ်စ်ဘက် လှည့်ကြည့်သည်။ သူ့အနေဖြင့် နောက်ထပ် ဘာမှပြောစရာ မလိုတော့ကြောင်းကို သူ့အကြည့်ဖြင့် ဖော်ပြနေသည်။ အဖွဲ့ဝင် သားသတ်သမား ဂျိမ်းစ်ရာမက်ချ်က သူ့ခေါင်းကို ရှေ့သို့ငိုက်ကာ အာသာအား ကြည့်သည်။

'မင်းက ဘာကြောင့် မတိုက်ချင်ဘူးလို့ ငြင်းနေရတာလဲကွ'

အာသာ၏ မျက်လုံးများသည် သားသတ်သမားဆီသို့ ရောက်သွားသည်။ သားသတ်သမား၏ ကျဉ်းမြောင်းသော မျက်လုံးများသည် သူ့အား နွားထီး တစ်ကောင်၊ ဝက်တစ်ကောင်အား ကြည့်သလို ကြည့်နေသည်ဟုပင် ထင်မိ၏။

'ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ချင်လို့'

'ကျယ်ကျယ်ထပ်ပြော၊ မကြားရဘူး' ဟု ရာမက်ချ်က အော်သည်။

အာသာက ထပ်ပြောသည်။

'ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ချင်လို့'

'ဘာ....မင်းက ဘာ့ကြောင့် မသတ်ချင်ရတာလဲ' ဟု ရာမက်ချ်က ထပ်မေးသည်။ သူ့အဖို့ကတော့ သူ့ဘဝတစ်လျှောက်လုံး သူတစ်ပါး၏ အသက်ပေါင်းများစွာ သတ်နေခဲ့သူ ဖြစ်သဖြင့် အာသာ၏ စိတ်နေသဘောထားကို လုံးဝ နားမလည်နိုင်ချေ။

'သတ်ဖြတ်တဲ့ကိစ္စက ကျွန်တော့်ရဲ့ အသိစိတ်ကို ဆန့်ကျင်နေတယ်'

'အသိစိတ်သိပ်များရင် လူတိုင်းအတွက် မကောင်းဘူးကွ' ဟု ရာမက်ချ်က ခပ်ကြမ်းကြမ်းလေသံဖြင့် အော်သည်။

ဘုန်းကြီး အီနောလိုးက ကပျာကယာ ကြားဝင်သည်။ သူသည် အရုပ်ရှည်ရှည် ပိန်ပါးပါး ....။ သူ့ကျောင်းသည် ရာမက်ချ်၏ ထောက်ပံ့ကူညီမှုအပေါ် အမှီပြုနေရခြင်းဖြစ်၍ ရာမက်ချ် ဘာလုပ်လုပ် ထောက်ခံတတ်သူ ဖြစ်သည်။ အခုလည်း သူသည် အာသာအား လှမ်းမေးသည်။



'မင်းဟာ ခရစ်ယာန်တစ်ယောက် မဟုတ်လား၊ ခရစ်ယာန်ဘာသာတရားထဲမှာ ကိုယ့်နိုင်ငံအတွက် တရားဝင် သတ်ဖြတ်ခြင်းကို တားမြစ်ထားတာ ရှိသလား'

'တရားဝင် သတ်ဖြတ်ခြင်း ဆိုတာမျိုးဟာ လုံးဝမရှိဘူး'

ဘုန်းကြီးသည် သူ့ဦးခေါင်းကို ထောင်လိုက်သည်။

'မင်း ဘာဆိုလိုတာလဲ' ဟု မေးသည်။

'ကျွန်တော့်မှာ ဘယ်ဘာသာတရားမှ သိပ်မရှိဘူး၊ ဆိုလိုတာက ခင်ဗျား နားလည်လက်ခံထားတဲ့ အသိမျိုးနဲ့ ဘာသာမျိုး ကျွန်တော့်မှာမရှိဘူးလို့ ဆိုလိုတာ ....၊ ဒါပေမဲ့ ခင်ဗျားက ခရစ်ယာန်ဘာသာအကြောင်း ပြောလာတော့ ခရိုက်စ်ရဲ့ဘာသာဟာ ခရစ်ယာန်ဘာသာပေါ့ ဟုတ်လား၊ ဒီနေရာမှ ဂျီးဆပ်စ်ခရိုက်စ်ဟာ လုံ့ဗွပ်တစ်ချောင်းနဲ့ ဂျာမန် သို့မဟုတ် အင်္ဂလိပ်တစ်ယောက်ရဲ့ဗိုက်ကို ထိုးလိမ့်မယ်လို့ ကျွန်တော်ကတော့ မထင်ဘူး၊ ဂျီးဆပ်စ်ခရိုက်စ်အနေနဲ့ အင်္ဂလိပ်စက်သေနတ်တစ်လက် သို့မဟုတ် ဂျာမန်စက်သေနတ်တစ်လက် နောက်မှာထိုင်ပြီး အပြစ်ကင်းမဲ့တဲ့လူတွေကို ပစ်သတ်လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး'

ဘုန်းကြီးသည် ထိတ်လန့်အံ့သြနေသည့် မျက်နှာဖြင့် အာသာအား လှမ်းကြည့်နေသည်။ သူသည် ရာမက်ချ်ဘက်လှည့်၍ ....

'ဒီစကားဟာ ဘာသာတရားကို စော်ကားတာပဲ' ဟု ရေရွတ်သည်။

သို့သော်လည်း ကုန်စုံဆိုင်ရှင် မာချီဆန်က ထိုအချေအတင် ငြင်းခုံမှုကို ခွင့်ပြုလိုပုံမရ။ သူသည် ဘာသာတရားနှင့် ပတ်သက်၍ သူ့တွင် ဗဟုသုတ ရှိကြောင်းကိုလည်း ပြလိုဟန်ရှိ၏။ သူသည် ဝက်ပေါင်ခြောက်တစ်တုံးကို ချိန်သည့်အခါ ကြည့်ပုံမျိုးဖြင့် အာသာအား လှမ်းကြည့်လိုက်ပြီး ....

'ဂျီးဆပ်စ်ခရိုက်စ်ဟာ မျက်လုံးတစ်လုံးကို အဖောက်ခံရရင် ကိုယ်ကလည်း သူ့မျက်လုံးကို ထိခိုက်ပျက်စီးအောင် လုပ်ရမယ်၊ ကိုယ့်သွားတစ်ချောင်း ပျက်စီးအောင်လုပ်ရင် သူ့သွားတစ်ချောင်းကိုလည်း ပျက်စီးအောင် လုပ်ရမယ်လို့ ပြောခဲ့တာ မင်း မသိဘူးလား' ဟု မေးသည်။

'မပြောဘူး၊ ဂျီးဆပ်စ်ခရိုက်စ်က အဲဒီလိုမျိုး လုံးဝမပြောခဲ့ဘူး' ဟု အာသာက ပြောသည်။

'သူ ပြောခဲ့တယ်ကွ' ဟု မာချီဆန်က အော်သည်။

'သမ္မာကျမ်းစာထဲမှာ ပါတယ်ကွ၊ သိလား'

သူသည် သူ့စကားအတွက် အလွန် ကျေနပ်အားရသွားဟန်ဖြင့် ကုလားထိုင်ကို ကျောနှင့်မှီပြီး ခပ်ခွဲခွဲ အမူအရာလုပ်ကာ ထိုင်လိုက်သည်။

ထိုအခါ အထည်သည် ဘိတ်စ်က ဝင်ပြောလာပြန်သည်။ သူသည် သူ၏ မုတ်ဆိတ်မွေးရှည်ကြီးကို လက်နှင့်ဆွဲသပ်လိုက်ပြီး ....

'ဘာကယ်လို့ ဂျာမန်တစ်ယောက်က မင်းအမေကို တိုက်ခိုက်တယ် ဆိုပါတော့၊ မင်း ဘာလုပ်မလဲ' ဟု မေးသည်။

အာသာက မဖြေ။ ဘိတ်စ်က သူ့မုတ်ဆိတ်မွေးကို ထပ်ဆွဲကာ ထိုမေးခွန်းကိုပင် ထပ်မေးပြန်သည်။ အာသာကတော့ သူ့အောက်နှုတ်ခမ်းကို တအားကိုက်ထားသည်။

'ဒီမေးခွန်းမျိုးကို ကျွန်တော့်စိတ်ထဲမှာ ဘာရှိနေတယ်ဆိုတာ အတိအကျမသိဘဲနဲ့ ဖြေလို့ရမလား၊ ဂျာမနီမှာလည်း ဒီမေးခွန်းမျိုးကို မေးချင် မေးနေကြမှာပဲ'

'အဲဒီလိုဖြစ်ရင် မင်း ဂျာမန်ကို သတ်မလား၊ ဒါမှမဟုတ် ဂျာမန်က မင်းအမေကိုသတ်တာ ကြည့်နေမလား'

အာသာသည် ထိုမေးခွန်းကို အဖြေမပေးဘဲ လက်မြှောက်လိုက်သည်။ ဘိတ်စ်ကတော့ သူ၏ ကလေးကလားဆန်သော အောင်မြင်မှုအတွက် သူ့အဖွဲ့ဝင်များအား ဝင့်ကြွားသော မျက်နှာထားဖြင့် လှည့်ကြည့်သည်။

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ စားပွဲ၌ ထိုင်နေကြသူများသည် ဘားရပ်စ်၏ အခြေအနေကိုသာ စောင့်ကြည့်နေကြသည့်သဘောရှိ၏။ ဘားရပ်စ်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး သူ့သား အာသာမျက်နှာကို လှမ်းကြည့်သည်။

'တစ်မျိုးသားလုံးအတွက် မဟာလိုအပ်ချက်ကြီးဖြစ်တဲ့ ဒီကိစ္စနဲ့ ငါတို့အားလုံးရဲ့ အနစ်နာခံ စွန့်လွှတ်မှုကြီးကို အလိုရှိနေတဲ့ ကမ္ဘာ့ပဋိပက္ခကြီးရဲ့ လိုအပ်ချက်ကို အသိအမှတ်ပြုဖို့ မင်းက ငြင်းဆန်လိုသလား'

သူ့အဖေနှင့် ရင်ဆိုင်ရသည့်အခါ အာသာတွင် ကြောက်စိတ်ဝင်လာသည်။ သူ့ခန္ဓာကိုယ်သည် တုန်ယင်လာသည်။ သူသည် တည်ငြိမ်အေးဆေးစွာ ပြန်ပြောနိုင်မှုကို များစွာတောင့်တမိ၏။ မည်သို့ပင်ဖြစ်စေ သူသည် သူ့ဖခင်၏မေးခွန်းကို အထစ်ထစ်အငေါ့ငေါ့ပင် အဖြေပေးသည်။

'ကျွန်တော်ကတော့ အချင်းချင်း သတ်ဖြတ်ဖို့အတွက် လူတွေကိုစုစည်းတဲ့ အလုပ်တွေကိုရော၊ ဥရောပတစ်လွှားမှာ ရှိရှိသမျှ မိန်းမတွေနဲ့ ကလေးသူငယ်တွေကို ငတ်မွတ်သေကျေအောင်လုပ်မယ့် လိုအပ်ချက်တွေကိုပါ လက်မခံနိုင်ဘူး၊ အထူးသဖြင့် ဒီအရေးအခင်းကြီးဟာ ဘာအတွက်ဆိုတာ ဘယ်သူမှမသိတဲ့ကိစ္စမို့ ကျွန်တော် အသိအမှတ်မပြုနိုင်ဘူး'

ဘားရပ်စ်၏မျက်နှာသည် နီရဲသွားသည်။

'ဒီစစ်ဟာ စစ်ကို အဆုံးသတ်စေဖို့ တိုက်နေတာကွ' ဟု ပြောသည်။

'ဒါကတော့ လူတွေ အမြဲပြောနေတဲ့ စကားပဲ၊ လူတွေ တစ်ယောက်ကို



တစ်ယောက် သတ်အောင် နောက်ထပ်စစ်ပွဲတစ်ပွဲ ပေါ်ပေါက်လာတော့လည်း ဒီစကားကိုပဲ ပြောကြမှာပါပဲ'

ရာမက်ချ်သည် စိတ်မရှည် ဖြစ်လာသည်။ သူသည် သူ့ရှေ့မှ ကလောင်တံတစ်ချောင်းကိုယူ၍ စားပွဲကို ခိုက်လိုက်နှတ်လိုက် လုပ်နေသည်။

'မဟုတ်က ဟုတ်ကတွေပြောပြီး အချိန်အကုန်မခံနဲ့တော့ဗျာ၊ လုပ်စရာရှိတာကို ဆက်လုပ်ပါ' ဟု ပြောသည်။

ယခင်ကဆိုလျှင် ဘားရပ်စ်သည် ရာမက်ချ်လိုလူစားက သူ့အား အခုလိုပြောလာလျှင် လက်ခံသူ မဟုတ်။ အခုကျတော့ သူသည် ဘာမှပြန်မပြောဘဲ ငြိမ်နေသည်။ သူသည် စားပွဲကို လက်ချောင်းများဖြင့် တခေါက်ခေါက် ခေါက်နေရာမှ ....

'မင်း တပ်ထဲဝင်ဖို့ ငြင်းဆန်နေရတဲ့ အဓိကအကြောင်းက ဘာလဲ' ဟု မေးသည်။

'ကျွန်တော် ပြောခဲ့ပြီးပြီ'

'ဒီကောင် ဘာတွေလျှောက်ပြောနေတာလဲ၊ ပြောင်ပြောင်ပဲ ပြောခိုင်းစမ်းပါ' ဟု ရာမက်ချ်က ပြောသည်။

'မင်း ရှင်းပြဖို့လိုတယ်၊ ရှင်းပြမှပေါ့' ဟု ဘုန်းကြီးလိုးက လှမ်းပြောသည်။

'ကျွန်တော် ဒီထက်ပိုပြီး ရှင်းအောင်မပြောနိုင်ဘူး' ဟု အာသာက ပြန်ပြောသည်။

'ကျွန်တော့်အနေနဲ့ တရားမျှတမှုလည်း မရှိ၊ လိုအပ်မှုလည်း မရှိတဲ့ လူသားတွေရဲ့ အသက်စွန့်လွှတ်မှု မှန်သမျှကို ကန့်ကွက်တယ်'

'တော်တော်ခက်ပါလားကွာ' ဟု ရာမက်ချ်က ညည်းသည်။

'ဘယ်လိုစိတ်ထားလဲ၊ တော်တော် အသုံးမကျတဲ့ စိတ်ဓာတ်ပါလား'

သို့သော်လည်း ထိုအခိုက်တွင် အသံတစ်သံကို ကြားဖြတ်ဝင်လာသည်။ ပရိသတ်ထဲမှ အမျိုးသမီးတစ်ယောက်သည် ဖြုန်းခနဲ ထရပ်လိုက်ပြီး အော်ပြောသည်။

'သူပြောတာ သိပ်မှန်တယ်၊ ရှင်တို့လူစုက မှားနေတာ၊ ရှင်တို့ လူမသတ်သင့်ဘူး၊ 'သင်တို့ လူမသတ်ကြနဲ့' ဆိုတဲ့ စကားကိုသာ ရှင်တို့ သတိရလိုက်ရင် စစ်ကြီးဟာ မနက်ဖြန်ကျ ပြီးသွားမှာပဲ'

အခန်းထဲတွင် ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ အော်ဟစ်ဆူပူသံများကို ကြားကြရသည်။

'ရှက်ဖွယ် .... ရှက်ဖွယ်'

'ပါးစပ်ကို ပိတ်ထားစမ်း'

'ဒီမိန်းမကို အပြင်ဆွဲထုတ်သွားကြ' ဟူသောအသံများ ဖြစ်၏။ လူအများကြားမှ ထရပ်ပြီး ပြောလိုက်သူမှာ မစ္စက်ဝက်ပ် ဖြစ်သည်။ မစ္စက်ဝက်ပ်အား လူတစ်စုက အတင်းဝိုင်းချုပ်ကာ တရားရုံးခန်းအပြင်သို့ ဆွဲထုတ်သွားကြသည်။

ပြန်လည် ငြိမ်ဆိတ်သွားသည့်အခါ ကပ္ပတိန် ဒေါက်ဂလပ်စ်က စားပွဲကို လက်သီးနှင့်ထုပြီး ....

'နောက်တစ်ကြိမ် အခုလိုဟာမျိုး ထပ်ဖြစ်ရင် တရားရုံးထဲ ရောက်နေသမျှ လူအားလုံးကို ရှင်းပစ်မယ်' ဟု အော်သည်။ တကယ်တော့လည်း စာမတတ် ပေမတတ်နှင့် ထင်ရာလုပ်တတ်သော ဒေါက်ဂလပ်စ်သည် အာသာအား ရွံရှာစက်ဆုပ်နေပြီ ဖြစ်သည်။

'မင်းအနေနဲ့ ထောင်ထဲမှာ နှစ်နှစ် သုံးနှစ်လောက်တော့ နေချင်လိမ့်မယ်လို့ ငါ မထင်ဘူး' ဟု ဒေါက်ဂလပ်စ်က မလိုတမာသံဖြင့် ပြောသည်။

ရုံးခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။ လူအများက သူ့အား ဝိုင်းကြည့်နေမှန်း အာသာ သတိထားမိ၏။ သူသည် နောက်ထပ် ဘာကိုမှ မစဉ်းစားတော့ဘဲ သူ ပြောလိုရာသာ ပြောချလိုက်သည်။

'ဘယ်သူက သွားချင်မှာလဲ၊ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ထောင်ကိုသွားရတာဟာ တာဝန်အရ သွားရတာလို့ ထင်ချင်လည်း ထင်မိမှာပဲ'

ဒေါက်ဂလပ်စ်၏ အကြည့်သည် တင်းမာသွားသည်။ ပရိသတ်ထဲမှ သက်ပြင်းချသံများ ကြားလိုက်ရ၏။ ဒေါက်ဂလပ်စ်သည် ဘားရပ်စ်အား လှမ်းကြည့်ပြီး ပခုံးများကိုတွန့်ကာ သူ့လက်ထဲမှ စာရွက်များကို ဒေါသတကြီးနှင့် ပစ်ချလိုက်သည်။

'ပြောရမှာတော့ စိတ်မကောင်းဘူး၊ ဒါပေမဲ့ ဒါမျိုးက လုံးဝ မျှော်လင့်ချက်မရှိတဲ့ကိစ္စမျိုးပဲ' ဟု ရေရွတ်သည်။

ဘားရပ်စ်သည် သူ့ကုလားထိုင်တွင် တောင့်တောင့်မတ်မတ် ထိုင်နေသည်။ အဖွဲ့ဝင်များ၏ ဆွေးနွေးပြောဆိုသံများကို ကြားနေရသော်လည်း သဲသဲကွဲကွဲ မဟုတ်။ 'ခင်ဗျားတို့ သဘောထားဟာ ကျွန်တော်နဲ့ အတူတူပဲ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်' ဟု ဘားရပ်စ်က ရေရွတ်သည်။ ထို့နောက် ဘားရပ်စ်၏ နှုတ်မှ ဆုံးဖြတ်ချက်ကို ကြေညာသည်။

'ခုံရုံးအနေဖြင့် သင့်ကိစ္စကို အလွန်သတိထား၍ စဉ်းစားဆင်ခြင်ခဲ့သည်။ အဖွဲ့အနေဖြင့် သင့်အား စစ်မှုထမ်းခြင်းမှ လွတ်ငြိမ်းခွင့်မပေးဟု ဆုံးဖြတ်လိုက်သည်'



ရုံးခန်းထဲတွင် လက်ခုပ်သြဘာသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။ ပရိသတ်ထဲမှ 'သိပ်တော်ပါတယ် မစ္စတာဘားရပ်စ်ရှင့်၊ ရှင့်ကို ချီးကျူးပါတယ်' ဟူသော မိန်းမသံတစ်သံကို ကြားကြရသည်။ ကပ္ပတိန် ဒေါက်ဂလပ်စ်က ဘားရပ်စ်၏ လက်ကို ဆွဲ၍ခါသည်။ ကျန်အဖွဲ့ဝင်များကလည်း သူ့လိုပင် ဘားရပ်စ်၏ လက်ကိုဆွဲ၍ နှုတ်ဆက်ကြသည်။ သူ့လက်ကိုလာ၍ဆွဲပြီး အားပေးအားမြှောက်ပြုနေကြသူများသည် များလှစွာ၏။

အာသာသည် တရားရုံး၏အလယ်တွင် မတ်တတ်ရပ်နေဆဲ ....။ သူသည် ခေါင်းကို ငိုက်စိုက်ချထားသည်။ သူ့ကိုကြည့်ရသည်မှာ နောက်ထပ် တစ်စုံတစ်ရာ ဖြစ်လာမည်ကို စောင့်မျှော်နေသည့်နှယ် ရှိသည်။ ထို့နောက် သူသည် တရားရုံးထဲမှ ထွက်ခွာသွားလေ၏။

ထိုနေ့ညခင်းတွင် ဘားရပ်စ်သည် ခါတိုင်းကဲ့သို့ပင် နောက်ကျပြီး ပြန်ရောက်လာသည်။ အိမ်ရှေ့ခန်းမထဲတွင် အာသာနှင့် ဆုံမိသည်။ သူသည် ဝေခွဲ၍မရသော မျက်နှာထားဖြင့် အာသာအား လှမ်းကြည့်ပြီး ....

'မင်း ဆန္ဒရှိရင် အသနားခံစာ တင်လို့ရတယ်' ဟု ပြောသည်။

အာသာက သူ့အဖေအား အလွန်တည်ငြိမ်အေးဆေးစွာဖြင့် ကြည့်နေသည်။

'ဒီအဖြစ်မျိုးနဲ့ကြုံအောင် အဖေပဲ ကျွန်တော့်ကို လုပ်ခဲ့တာပဲ၊ ကျွန်တော် အသနားခံစာ မတင်ဘူး၊ ပေးတဲ့အပြစ်ကိုခံမယ်'

'ကောင်းပြီလေ၊ မင်းသဘောပေါ့၊ မင်းမှာလည်း စဉ်းစားနိုင်တဲ့ခေါင်း ရှိနေတာပဲ'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဘားရပ်စ်သည် ချာခနဲလှည့်ကာ စားသောက်ခန်းထဲသို့ ဝင်သွားသည်။

အာသာသည် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အန်တီကေရီ၏ငိုသံကို သူ ကောင်းစွာ ကြားနေရ၏။

ထိုညတွင် မြို့ထဲရှိလူအများသည် များစွာ စိတ်လှုပ်ရှားလျက် ရှိကြသည်။ ဘားရပ်စ် လုပ်ပုံကိုင်ပုံသည် လူတိုင်း၏ ပါးစပ်ဖျား၌ ပြောစရာ ဖြစ်နေသည်။ နိုင်ငံချစ်စိတ် ဟူသောစကားသည် နေရာတိုင်းတွင် ပွပွလောင်လောင် ဖြစ်နေသည်။ လူအများသည် တစ်နေရာ၌စုဝေးကာ မြို့ထဲ၌ စီတန်းလှည့်လည်ကြသည်။ မစ္စက်ဝက်ပ်၏အိမ်သို့သွား၍ ပြတင်းပေါက်များကို ခဲများနှင့်ပစ်၍ ရိုက်ခွဲဖျက်ဆီးကြသည်။

ထို့နောက် ဟန်းစ်မက်စ်ဆူးဝါး၏ဆိုင်သို့ သွားကြသည်။ အဘိုးအိုဟန်းစ်အား လူအများက နိုင်ငံခြားသားတစ်ယောက်ဟု သံသယဖြစ်နေကြလေရာ သူ့

ဆိုင်ကို ဖျက်ဆီးကြသည်။ ပြတင်းပေါက်မှန်များကို ရိုက်ခွဲကြသည်။ ခန်းဆီးများကို အပိုင်းပိုင်းဖြစ်အောင် ဆုတ်ဖြဲပစ်ကြသည်။ အိပ်ရာမှ လန့်နိုးလာသော အဘိုးအိုဟန်းစ်ကိုလည်း ဝိုင်းရိုက်ကြသဖြင့် သတိမေ့ပြီး ကျန်ရစ်ခဲ့လေသည်။

နောက်နှစ်ရက်အကြာတွင် အာသာအား ဖမ်းဆီးကြသည်။ ချက်ချင်း တိုင်နီကပ်ဆဲလ်မြို့ရှိ စစ်တန်းလျားသို့ ပို့သည်။ သူသည် သူ၏သဘောထား အတိုင်း ကြွကြွခံ၍ ရင်ဆိုင်သည်။ သူသည် ယူနီဖောင်းဝတ်စုံကို ထုတ်ပေးသော်လည်း လက်မခံ၊ ဝတ်ဆင်ခြင်းလည်း မပြု။

သူ့အား တာဝန်ရှိသူများက ချက်ချင်းပင် ခုံရုံးတင်သည်။ အလုပ်ကြမ်းနှင့်ထောင်ဒဏ်နှစ်နှစ် ကျခံစေဟု အမိန့်ချသည်။ သူ့အား ဘင်တန် အကျဉ်းထောင်သို့ ပို့ရမည်ဟုလည်း အမိန့်ထဲ၌ ဖော်ပြထားသည်။ ဒုတိယအကြိမ် အစစ်ဆေးခံခဲ့ရသည့် စစ်ခုံရုံးထဲမှ ထွက်လာသည့် အာသာသည် သူ့အဖြစ်ကို များစွာအံ့သြနေသည်။ ထို့ပြင်လည်း သူသည် သူ့ဖခင်၏ အလွန်စိတ်ရှုပ်ထွေးနေဟန်ရှိသည့် မျက်နှာကို မြင်ယောင်နေမိလေသည်။

* * * * *

(၃၆)

အကျဉ်းထောင်ကားသည် ဘင်တန် အကျဉ်းထောင်အပြင်ဘက်၌ ရပ်သည်။ ကားထဲရှိ အမှောင်ရိပ်အောက်၌ ထိုင်နေသော အာသာသည် နောက်ထပ်ပေါ်လာမည့် အဖြစ်ကို စောင့်မျှော်သည်။ ကားတံခါးသည် ပွင့်သွားသည်။ အပြင်မှ အေးမြသောလေသည် ကားထဲသို့ အပြေးအလွှား ဝင်လာသည်။ ကားတံခါး၏အပြင်ဘက်မှ 'အပြင်ကိုထွက်' ဟူသော ထောင်ကြပ်တစ်ယောက်၏ အော်သံကို ကြားရသည်။

အာသာနှင့် အခြား ထောင်ကျလေးဦးတို့သည် အပြင်သို့ ထွက်လာခဲ့ကြသည်။ တိုင်နီကပ်ဆဲလ်မှ ဘင်တန်သို့ လာရသည့်ခရီးမှာ ခရီးရှည်ကြီးတစ်ခုဖြစ်၏။ အခုကျတော့လည်း ထိုခရီးရှည်ကြီးသည် ပြီးဆုံးသွားခဲ့လေပြီ။ ထိုညတွင် မိုးသည် သည်းသည်းမည်းမည်း ရွာသွန်းလျက်ရှိ၏။ အပြင်ဘက် မြေပြင်ထက်၌ ရေအိုင်များကို မြင်တွေ့နေရ၏။ အာသာသည် သူ့ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ မြင့်မားသော ညိုမှိုင်းမှိုင်း ထောင်နံရံကြီးများ၊ ဘေးပတ်ပတ်လည်မှ ကာရံထားသည့် သံဆူးကြိုးများ ....။



ထောင်ကျငါးဦးသည် မိုးရေထဲ၌ ရပ်နေကြရသည်။ ထောင်ကြပ်တစ်ဦး၏ အော်ဟစ်အမိန့်ပေးသံကြောင့် သူတို့သည် အတွင်းသို့ ဝင်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဆေးဖြူသုတ်ထားသော အခန်းတစ်ခန်းထဲသို့ ရောက်ခဲ့ကြသည်။ အမှောင်ထဲမှ ရုတ်တရက် အလင်းရောင်အောက်သို့ ရောက်လာရခြင်းဖြစ်၍ အာသာသည် ဘာကိုမှ ကောင်းစွာမမြင်။ အတန်ကြာမှ စားပွဲတစ်လုံး၌ ထိုင်နေသော ထောင်အရာရှိတစ်ယောက်ကို မြင်သည်။ သူ့ရှေ့စားပွဲပေါ်တွင် စာရွက်တွေ အထပ်လိုက် စီတင်ထားသည်။ အခြားတစ်ဘက်တွင်မူ မှတ်ပုံတင်စာအုပ်ကြီးတစ်အုပ် ချထားသည်။ အရာရှိမှာ အသက်ကြီးကြီး၊ ထိပ်ပြောင်ပြောင်နှင့် သူ့ခေါင်းမှ အရောင်တွေ တလက်လက်ထွက်နေသည်။

ထောင်ကားမှ ထောင်ကြပ်သည် အရာရှိရှေ့သို့သွားကာ နှုတ်ဖြင့် သတင်းပို့နေသည်။ အာသာသည် ထောင်ကျလေးယောက်အား အသေအချာကြည့်နေမိသည်။ ပထမနှစ်ဦးသည် ရုပ်ချင်းဆင်သဖြင့် ညီအစ်ကိုဟု ခန့်မှန်းရ၏။ တတိယလူမှာ မျက်မှန်နှင့်ဖြစ်၍ စိတ်ဓာတ်ကျနေသည့်လက္ခဏာ ရှိသည်။ စတုတ္ထလူကတော့ သန်မာထွားကျိုင်းသူတစ်ဦး ဖြစ်၏။ မုတ်ဆိတ်မွေးများကို ရိတ်မထား။ သန့်သန့်ပြန့်ပြန့် အနေအထားမရှိ။ သူ့ကိုကြည့်ရသည်မှာ ဤနေရာသို့ရောက်လာရသည့်အတွက် ဝမ်းနည်းပုံလည်းမရ။ အံ့သြပုံလည်းမပေါ်။

စားပွဲမှအရာရှိသည် ထောင်ကားမှ ထောင်ကြပ်အား စကားဆက်မပြောတော့ဘဲ ကလောင်တံကိုကောက်ကိုင်လိုက်သည်။

'မင်းတို့အားလုံး တန်းစီကြ' ဟု ပြောသည်။ သူသည် ထောင်သားလက်ခံသောလူ ဖြစ်၏။ သူသည် ထောင်ကျတစ်ဦးချင်းစီ၏ အမည်နှင့် အပြစ်ဒဏ်စသည်များကိုမေးကာ မှတ်ပုံတင်စာအုပ်ထဲ၌ ရေးသွင်းသည်။ အလုပ်အကိုင်၊ ဘာသာနှင့် အိတ်ထဲ၌ ငွေမည်မျှ ပါလာသလဲ စသော အချက်များကိုလည်း မေးသည်။

ညစ်ညစ်ပတ်ပတ်လူသည် ပထမဆုံး အမေးခံရသူ ဖြစ်၏။ သူ့လက်ထဲတွင် ခြူးတစ်ပြားမှမပါ။ သူသည် အလုပ်အကိုင် မရှိ။ လူတစ်ယောက်အား ပြင်းထန်စွာ နာကျင်စေမှုဖြင့် ထောင်သုံးနှစ်ကျလာခြင်း ဖြစ်သည်။ သူ့နာမည်မှာ ဟာစ်ခ် ....။ သူ ပြီးတော့ အာသာ ....။ အာသာ လက်ထဲတွင် ငွေလေးပေါင်၊ ခြောက်သျှီလင်နှင့် ဆယ်ပဲနိ ပါလာသည်။ အရာရှိသည် အာသာ့ငွေများကို ရေတွက်အပြီးတွင် ....

'မင်းက ဒီအထဲမှာ သူဌေးကြီးတစ်ယောက်ပါလား' ဟု သရော်သည်။

ထို့နောက် ညီအစ်ကိုနှစ်ယောက်နှင့် နောက်တစ်ဦးကို စစ်ဆေးမေးမြန်း

သည်။ အရာရှိသည် သူတို့သုံးဦးကျတော့ ကောင်းမွန်စွာဆက်ဆံခြင်းမပြု။ အားလုံးကို စစ်ဆေးအပြီးတွင် အရာရှိသည် တံခါးတစ်ခုကိုဖွင့်၍ သူတို့အား အခန်းထဲသို့ မောင်းသွင်းသည်။ အခန်းမှာ ရှည်မျောမျော ဖြစ်၍ ထိုအခန်း၏ တစ်ဖက်တစ်ချက်တွင် အချုပ်ခန်းများ ရှိသည်။ အရာရှိက အားလုံးကို အဝတ်ချွတ်ခိုင်းသည်။

ကွိုင်ကားဘာသာဝင် ညီအစ်ကိုသည် လူစိမ်းများရှေ့၌ ကိုယ်လုံးတီးရပ်နေရသည်ကို ရှက်ဟန်တူ၏။ တွန့်ဆုတ်ဆုတ် ဖြစ်နေကြသည်။ ထောင်ကျဟစ်ခ်ကတော့ သူတို့နှစ်ယောက်၏အဖြစ်ကို ရယ်စရာကောင်းသည်ဟု ယူဆပုံရ၏။ ပြောင်လားလှောင်လား လုပ်သည်။

'ဟဲ့ .... ကောင်မတွေ ရှက်မနေကြနဲ့၊ ငါ့ဆီကိုလာခဲ့' ဟု လှမ်းပြောသည်။

အရာရှိက လှမ်းငေါက်မှ ငြိမ်သွားသည်။

သူတို့၏ ကိုယ်အလေးချိန်နှင့် အရပ်အမောင်းများကို ချိန်တွယ်တိုင်းထွာကြသည်။ ထို့နောက် ရေချိုးခိုင်းသည်။ ရေမှာ ဘုံဘိုင်ရေဖြစ်၍ ညစ်ပတ်လှချေသည်။ ရေချိုးအပြီးတွင် အားလုံး ထောင်အဝတ်များ ဝတ်ကြရသည်။ ထို့နောက်တော့ ရှေ့သွားများကို ရွှေကွပ်ထားသည့် ဆရာဝန်တစ်ယောက် ရောက်လာပြီး စစ်ဆေးသည်။ ဆေးစစ်ပုံမှာ ပြီးစလွယ်နိုင်လှ၏။ မည်သို့ပင်ဖြစ်စေ အာသာသည် မလွှဲသာမရှောင်သာသည့် ကိစ္စဟူသမျှကို လက်ခံ၍ နေသွားတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဆေးစစ်အပြီးတွင် ထိပ်ပြောင်အရာရှိသည် အာသာတို့အား ထောင်ကြပ်တစ်ဦး၏လက်သို့ လွှဲအပ်ပေးပြီး ပြန်ထွက်သွားသည်။ ထောင်ကြပ်သည် အရပ်ပုပု၊ ကိုယ်လုံးတုတ်ခိုင်ခိုင်၊ ခေါင်းကြီးကြီး ဖြစ်သည်။ သူ့နာမည်မှာ ထောင်ကြပ်ကောလင်း ဖြစ်သည်။ သူသည် အာသာတို့အား တစ်ယောက်ချင်းစီ ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့ တစ်ဦးချင်းစီအား ကိုယ်ပိုင်နံပါတ်နှင့် အချုပ်ခန်းနံပါတ်များ ပေးသည်။ အာသာ၏ ကိုယ်ပိုင်နံပါတ်မှာ ၁၁၅ ဖြစ်၍ သူ့အချုပ်ခန်းနံပါတ်မှာ ၂၇၃ ဖြစ်သည်။

ထို့နောက်တော့ ထောင်ကြပ် ကောလင်းသည် ထောင်တံခါးမကြီးကို ဖွင့်ကာ သူတို့အား အတွင်းသို့ တန်းစီပြီးဝင်ခိုင်းသည်။ သူတို့သည် ထောင်ကြီးအတွင်းသို့ ခြေချမိခဲ့ကြလေပြီ။ ထောင်ကြီးကို ဆောက်ထားသည်မှာ ရေတွင်းတစ်တွင်းပုံစံ ဖြစ်သည်။ ပတ်ပတ်လည်တွင် ရှည်လျားသောအခန်းများရှိ၍ ယင်းအခန်းများကို သံတိုင်များ ကာထားသည်။ အပြင်မှ ရောက်လာနေသည့်လေမှာ အေးမြလှရုံမျှမက အနံ့အသက်ကလည်း မကောင်း။



ထောင်ကြပ် ကောလင်းက အာသာအား အချုပ်ခန်းအမှတ် ၂၇၃ သို့ လိုက်ပို့သည်။ ထိုအခန်းမှာ တတိယအဆောင်ထဲ၌ တည်ရှိသည်။ အာသာသည် သူ့အခန်းထဲသို့ ဝင်ခဲ့သည်။ အချုပ်ခန်းမှာ ခြောက်ပေနှင့် ဆယ့်သုံးပေကျယ်ပြီး ခေါင်မိုးသည် မြင့်မားလှ၏။ အချုပ်ခန်း၏ နံရံများအောက်ပိုင်းကို ဆေးအဝါရောင် သုတ်ထားပြီး အပေါ်ပိုင်းကို အဖြူရောင် သုတ်ထားသည်။ နောက်ဘက်နံရံ၏ အမြင့်ဆုံးသောနေရာတွင် သံတိုင်များ တပ်ထားသည့် ပြတင်းပေါက်သေးသေးတစ်ပေါက် ရှိသည်။ အလွန်နေသာသည့်နေ့များမှာပင် ထိုပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်သည် မဆိုစလောက်မျှသာ လင်းသည်။ အချုပ်ခန်းသမံတလင်းပေါ်တွင် ရေကရားတစ်အိုးနှင့် အညစ်အကြေးစွန့်သည့် အိုးတစ်လုံးရှိ၏။ ရာနှင့်ချီသော အချုပ်ခန်းများထဲရှိ သေးအိုး၊ ချေးအိုးများမှ အနံ့အသက်များသည် ထောင်တစ်ခုလုံးကို ဖုံးလွှမ်းထားလေသည်။

အိပ်ရာမှာ ခြောက်ပေအရှည်ရှိ၍ အကျယ်သည် နှစ်ပေခွဲခန့်ရှိ၏။ မွေ့ရာမရှိသော်လည်း စောင်တစ်ထည်တော့ တင်ထားသည်။ အိပ်ရာ၏ အထက်ဘက်ရှိ စင်ပေါ်တွင် ရေခွက်တစ်ခွက်၊ ပန်းကန်တစ်ချပ်၊ ဇွန်းတစ်ချောင်းနှင့် စည်သွပ်ဘူးဖွင့်သည့် ဓားတစ်ချောင်းရှိသည်။

ထောင်ကြပ် ကောလင်းသည် အချုပ်ခန်းတံခါးဝမှရပ်ကာ အာသာ၏ အရိပ်အခြည်ကို အကဲခတ်နေသည်။ အာသာ့ထံမှ ဘာစကားမှ မကြားရသည့်အခါ သူသည် တံခါးဝမှနေ၍ ပြန်လည်လှည့်သွားသည်။ အာသာသည် အိပ်ရာပေါ်၌ ထိုင်ချလိုက်သည်။ သူသည် မဖျော်လင့်ပါဘဲလျက်နှင့် ထောင်ထဲသို့ ရောက်လာခဲ့ရပြီ။ သူ အခုရောက်နေသော နေရာသည် ထောင်အချုပ်ခန်း ဖြစ်၏။ သူသည် အာသာဘားရပ်စ် မဟုတ်တော့။ သူသည် နံပါတ် ၁၁၅ ဖြစ်သွားပြီ။

သူ၏ဆုံးဖြတ်ချက်အရ အဆိုးဆုံးနှင့် ရင်ဆိုင်ရခြင်း ဖြစ်၏။ အခြေအနေသည် သူ မျှော်လင့်ထားသည်ထက်ပို၍ ဆိုးလျက်ရှိ၏။ အခုနေရသည်မှာ ထောင်ဖြစ်၏။ ထောင်ဆိုသည်မှာ ကြောက်စဖွယ်ကောင်းသည့် နေရာတစ်နေရာ ဖြစ်သည်။ သူသည် သူ့အချုပ်ခန်းကို စေ့စေ့စပ်စပ် ကြည့်နေမိသည်။ ရှေ့လျှောက်ပြီး သူ့ဘဝသည် မလွယ်တော့သည့်အဖြစ်နှင့် ရင်ဆိုင်နေရတော့မည် ဖြစ်၏။

ညခုနစ်နာရီ ထိုးသည့်အခါ ညစာကျွေးသည်။ လူသစ်များအတွက် အထူးညစာဟု ဆိုသော်လည်း ရေအများကြီးထည့်၍ကျိုထားသော ယာဂုတစ်ပန်းကန်မျှသာ ဖြစ်၏။ အနံ့အသက် မကောင်းသဖြင့် သောက်ချင်စိတ်မရှိသော်လည်း အာသာသည် သူ့စိတ်ကိုတင်း၍ မကုန်မချင်း အတင်းမျိုချသည်။ သောက်ပြီးသည့်အခါ အိပ်ရာပေါ် ပြန်ထိုင်သည်။ သူ့တွင် ဘာမှ လုပ်စရာမရှိ။ တွေးနေရုံမှ

တစ်ပါး အခြားဘာမှမရှိ။ သမ္မာကျမ်းစာ စာအုပ်တစ်အုပ်ကိုတော့ သူ တွေ့ရ၏။ သို့သော်လည်း သူ မဖတ်ချင်။

သူ ဘာ့ကြောင့် ထောင်ထဲကို ရောက်လာရတာလဲဟု တွေးသည်။ သူ ရောက်လာရသည်မှာ 'လူမသတ်နိုင်ပါဘူး' ဟု ငြင်းဆန်ခဲ့၍ ဖြစ်၏။ အထူးသဖြင့် ပြင်သစ်စစ်မြေပြင်သို့ထွက်၍ အခြားလူတစ်ယောက်အား လုံ့စွပ်နှင့် ထိုးမသတ်နိုင်ဟု ငြင်းဆန်ခဲ့၍ ဖြစ်၏။ သူ တွေးမိသည့်အတိုင်းပြောရလျှင် လူသတ်မှုကို မကျူးလွန်နိုင်ဟု ငြင်းဆန်ခဲ့၍ ဖြစ်သည်။

သူ့အဖြစ်သည် ထူးတော့ ထူးဆန်းသည်။ စဉ်းစားရသည်မှာ ကြည်နူးစရာကောင်းသလိုလို ခံစားရသည်။ သို့သော်လည်း ကြာကြာစဉ်းစားလာသည့်အခါ တစ်မျိုးဖြစ်လာသည်။ တွေးရသည်မှာ အရသာမရှိ ဖြစ်လာသည်။ သူ့လက်ဖဝါးများတွင် ချွေးပြန်လာသည်။ ထိုအခိုက်မှာပင် အော်သံကြီးတစ်သံကို သူ ကြားရသည်။

အသံသည် အူသံလိုလို အော်သံလိုလို ....၊ ဘာရယ်ဟု ကွဲကွဲပြားပြားမသိ။ ထောင်၏အောက်ဘက်မှ ပေါ်ထွက်လာနေခြင်း ဖြစ်၏။ တိုက်ပိတ်သည့်အခန်းများဆီမှ လာနေခြင်း ဖြစ်သည်။ အာသာသည် ဖျတ်ခနဲ စုန်ထလိုက်သည်။ သူသည် အော်သံကို ဂရုတစိုက် နားထောင်သည်။ နားမခံသာနိုင်လောက်အောင် ဆိုးဝါးသည့်အသံ ဖြစ်သည်။ ထို့နောက် ဖြုန်းခနဲ ရပ်သွားသည်။

အာသာသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသည်။ စောစောက ကြားလိုက်ရသည့်အသံကို ထပ်၍နားစွင့်သော်လည်း မကြားရ။ ထိုအခိုက်မှာပင် ဘဲလ်သံ ကြားလိုက်ရပြီး မီးငြိမ်းသွားသည်။ သူသည် အိပ်ရာပေါ်သို့ လှဲလိုက်သည်။ အိပ်လို့မရ။ သူ့စိတ်အာရုံတွင် သူ့အဖေ၊ ဟက်တီ၊ ရာမက်ချ်၊ တရားရုံး၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း။ ကျောက်မီးသွေးတွင်းထဲ၌ သေဆုံးခဲ့ရသည့် အလုပ်သမားများကို မြင်ယောင်လျက်ရှိ၏။

မနက်ငါးနာရီခွဲအချိန်တွင် ဘဲလ်သံ ကြားရပြန်သည်။ အမှောင်ထုသည် ခိုးမိုးနေဆဲ ....။ အာသာသည် အိပ်ရာမှထကာ မျက်နှာသစ်သည်။ အဝတ်အစားလဲသည်။ စောင်ကိုခေါက်၍ အိပ်ရာခြေရင်း၌ သပ်ရပ်စွာ တင်ထားသည်။ အပြင်မှ သော့ဖွင့်သံကို ကြားရ၏။ ထို့နောက် ထောင်ကြပ်ကောလင်း ပေါ်လာသည်။ သူသည် စာပို့အိတ်တချို့ကို ပစ်ပေးသည်။

'အဲဒီအိတ်တွေကို ချုပ်' ဟု ပြောကာ အခန်းတံခါးကို ပြန်ပိတ်သွားသည်။

အာသာသည် အိတ်များကိုယူ၍ ချုပ်သည်။ ဘယ်လိုချုပ်ရမည်ကို မသိ။ သူသည် ချုပ်၍မရသဖြင့် အိတ်များကို ပြန်ချထားလိုက်သည်။ ခုနစ်နာရီထိုးသည့်



အခါ သော့ဖွင့်သံ ကြားရသည်။ နံနက်စာ လာပို့ခြင်း ဖြစ်၏။ နံနက်စာသည် ရေလုံပြုတ် ယာဂုနှင့် ပေါင်မုန့်ကြမ်းတစ်ချပ် ဖြစ်သည်။

နံနက်စာ စားအပြီးတွင် ထောင်ကြပ်ကောလင်းသည် နောက်တစ်ခေါက် ရောက်လာပြန်သည်။ သူသည် မချုပ်ဘဲ ချထားသည့်အိတ်များကို လှမ်းကြည့်သော်လည်း ဘာမှတော့မပြော။ သူသည် အာသာအား တစ်ချက်မျှ လှမ်းကြည့်ပြီး ....

'လေ့ကျင့်ခန်း လုပ်ရမယ်၊ အပြင်ကိုထွက်' ဟု ပြောသည်။

လေ့ကျင့်ခန်းကို ထောင်၏ကွင်းပြင်ထဲ၌ လုပ်ရသည်။ ထောင်သားများ လေ့ကျင့်ခန်း လုပ်နေသည်ကို စောင့်ကြည့်နေသော ထောင်ကြပ်သည် ....

'စကားမပြောနဲ့' ဟူသော အမိန့်ကိုသာ မကြာခဏ အော်ပြောလျက်ရှိသည်။ နံနက်ကိုးနာရီ ထိုးသည့်အခါ သူတို့အားလုံး အလုပ်ရုံထဲသို့ ဝင်ကြရသည်။ စာပို့အိတ်ချုပ်သည့် လုပ်ငန်းကို လုပ်ကြရသည်။

အလုပ်ရုံကြီးကြပ်ရေးမှူး ထောင်ကြပ်ကြီး ဘီးဘီသည် အာသာအား အိတ်များကိုပေးကာ ချုပ်ခိုင်းသည်။ သူကိုယ်တိုင် စောင့်ကြည့်ပြီး သင်ပေးသည်။ သူပြောသည့်အတိုင်း အလုပ်တတ်သည့်အခါ ဘီးဘီက အာသာအား 'ငတုံး' ဟု ခေါ်သည်။ သို့သော်လည်း သင်ကြားပြသပုံက ညင်သာသဖြင့် အာသာသည် အိတ်များကို ချုပ်တတ်လာသည်။

ဆယ့်နှစ်နာရီတွင် အလုပ်မှရပ်နားပြီး ကိုယ့်အခန်းကိုယ်ပြန်၍ ညနေစာ စားဖို့ စောင့်ကြရသည်။ ညနေစာ စားအပြီးတွင် ထောင်ကြပ်ကောလင်းသည် အာသာ့ထံသို့ ရောက်လာသည်။

'မင်း ဒီမှာလာပြီး ဘာမှမလုပ်ဘဲနေလို့မရဘူး၊ အဲဒီတော့ ဒီအိတ်တွေကို ချုပ်တတ်လာအောင် ချုပ်ပေတော့' ဟု ပြောကာ အိတ်များ ထပ်ပေးသည်။

အာသာသည် အိတ်များကိုချုပ်ရင်းဖြင့် အချိန်ကုန်နေရသည်ဖြစ်ရာ ကြာသော့လည်း အပ်ကိုင်ရသည့်လက်များသည် ရောင်ကိုင်းလာသည်။ သူ့အနေဖြင့် သူ ဘာလုပ်နေရသည်ကိုလည်း မသိ၊ ဘာကြောင့် လုပ်နေရမှန်းလည်း မသိ။ သူသည် ထောင်ကြပ်ကောလင်းက လာ၍ အမိန့်ပေးထားသည့်အတိုင်း နောက်ထပ် ဘဲလ်တီးသံ မကြားမချင်း အိတ်များကို ချုပ်နေရ၏။ ဘဲလ်သံကို သူ ကြားရသည့်အခါ ညရှစ်နာရီ ထိုးနေလေပြီ။

သူသည် အိပ်ရာပေါ်၌ထိုင်ကာ ရှေ့တည့်တည့်မှနံရံကို စူးစိုက်ကြည့်နေသည်။ ညကိုးနာရီတွင် ထုံးစံအတိုင်း မီးပိတ်သွားသည်။ ထိုအခါ သူသည် အိပ်ရာပေါ်သို့လှဲကာ အိပ်ပျော်ဖို့ ကြိုးစားသည်။ မကြာခင်မှာပင် အိပ်ပျော်သွားသည်။

သို့သော်လည်း ကြာကြာအိပ်ပျော်သွားသည် မဟုတ်။ ညသန်းခေါင်ယံတွင် ကြားနေကျအော်သံကြီး ထွက်ပေါ်လာသဖြင့် အိပ်ရာမှ လန့်နိုးလာသည်။ သူသည် တစ်ညလုံး ပြန်မအိပ်နိုင်။ အခန်းထဲတွင် တစ်ညလုံး လမ်းလျှောက်ရင်း အချိန်ကုန်သည်။ အခန်းတံခါးဖွင့်သံကို ကြားရသည့်အချိန်တွင် မိုးစင်စင်လင်းနေလေပြီ။

တံခါးဝ၌ ရပ်နေသူမှာ ထောင်ကြပ် ကောလင်း။

'ကျွန်တော် တစ်ညလုံး အိပ်လို့မရဘူး၊ အော်သံကြီးတစ်သံ ကြားနေရလို့၊ အဲဒီအော်သံက ဘာလဲ' ဟု အာသာက မေးသည်။

'ရူးသွားတဲ့ လူတစ်ယောက် အော်နေတာ၊ မင်းသိချင်တယ်ဆိုလို့ ပြောပြတာ၊ နောက်ထပ်လျှာမရှည်နဲ့တော့' ဟု အဖြေပေးကာ ကောလင်း ထွက်သွားသည်။

အာသာသည် အိပ်ရာပေါ်ပြန်ထိုင်ကာ သူ့စိတ်ကို ထိန်းချုပ်နိုင်ဖို့ အားထုတ်လျက်ရှိသည်။ သူသည် ခေါင်းငိုက်စိုက်ကျလျက်ရှိ၏။ သူသည် ကောလင်း ပို့သွားသည့် နံနက်စာကို စား၍မရ။ အနံ့ကိုပင် မခံနိုင် ဖြစ်နေသည်။ ထိုအခိုက်မှာပင် သော့ဖွင့်သံကြားရသည်။ ထောင်ကြပ် ကောလင်းသည် အခန်းထဲသို့ ဝင်လာပြီး အာသာအား ကြည့်နေသည်။

'ဘာပြုလို့ နံနက်စာကို မစားတာလဲ'

'မစားနိုင်လို့'

'မစားနိုင်လည်း စားရမယ်၊ စား'

'မစားနိုင်ဘူး'

ကောလင်းက အာသာအား စူးစူးရဲရဲကြည့်သည်။

'မင်း မစားရင် ဘာဖြစ်လာမယ်ထင်သလဲ' ဟု မေးသည်။

'မစားရင် မင်းပါးစပ်ထဲကို အတင်းခွဲပြီး ကျွေးရလိမ့်မယ်၊ နားလည်လား၊ မစားတဲ့ကောင်တွေကို ငါ အဲဒီလိုကျွေးခဲ့ဖူးတယ်'

'မစားနိုင်ဘူး၊ စားရင် ကျွန်တော် အန်ထွက်လာမှာပဲ'

'ပန်းကန်ကိုယူ' ဟု ကောလင်းက အမိန့်ပေးသည်။

အာသာသည် ပန်းကန်ကို ယူသည်။ သို့သော်လည်း သူ မစားနိုင်၊ ကောလင်းက သူ့အား စက်ဆုပ်သည့် မျက်နှာထားဖြင့် ကြည့်နေသည်။

'ငါ မင်းကို စရောက်ကတည်းက ကြည့်နေတာ၊ ငါ့မှာ သားတစ်ယောက်ရှိတယ်၊ ရှေ့တန်းစစ်မြေပြင်က ကတုတ်ကျင်းထဲ ရောက်နေတယ်၊ မင်း မနက်စာကို အခုချက်ချင်းစားပါ'

အာသာသည် ယာဂုကို ခပ်၍စားသည်။ တစ်ဝက်ခန့် ကုန်သွားသည့်အခါ ဆက်၍မစားနိုင်။



'ကျွန်တော် မစားနိုင်တော့ဘူး' ဟု ပြောကာ အန်သည်။ သူ့အန်ဖတ်များသည် ကောလင်း၏ ရှူးဖိနပ်ပေါ်သို့ ကျကုန်သည်။ ကောလင်းသည် အာသာ၏ မျက်နှာကို လက်သီးဖြင့် တအားပိတ်ထိုးသည်။

အာသာက ကောလင်းအား ပြူးတူးပြဲတဲဖြင့် ကြည့်သည်။

'ခင်ဗျား ကျုပ်ကို ဘာပြုလို့ ဒီလိုလုပ်ရတာလဲ၊ ခင်ဗျားမှာ လုပ်ပိုင်ခွင့် မရှိဘူးဗျ' ဟု အာသာက အော်သည်။

'ကျုပ်ကို အခုလိုထိုးတဲ့အတွက် ကျုပ် တိုင်ရလိမ့်မယ်'

'ဩော် ....မင်းက တိုင်မယ်ဆိုပါတော့ ဟုတ်လား' ဟု ပြောကာ အာသာ၏ မျက်ခွက်ကို နောက်တစ်ကြိမ် တအားကုန်ကြုံး၍ ထိုးလိုက်ပြန်သည်။

အာသာသည် ပြင်းထန်သော လက်သီးချက်ကြောင့် သမံတလင်းပေါ်သို့ ခြေပစ်လက်ပစ် လဲကျသွားသည်။ အာသာ၏ ညည်းညူသံကို ကြားနေရ၏။ ထောင်ကြပ်ကောလင်းသည် အာသာကိုကြည့်ကာ စစ်မြေပြင်မှ သူ့သားကို သတိရနေသည်။ သူသည် အားရပါးရပြုံးလိုက်ပြီး သူ့ရှူးဖိနပ်မှ အန်ဖတ်များကို အာသာ၏အင်္ကျီနှင့် သုတ်လိုက်သည်။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။ သော့ပိတ်သံ ထွက်ပေါ်လာသည်။

* * * * *

(၃၇)

အချုပ်ခန်းထဲ၌ အာသာ လဲကျပြီး သတိလစ်သွားသည့် အချိန်တွင် ဂျိုးသည် တိုင်နီကပ်ဆဲလ်မြို့ စင်ထရယ်ဟိုတယ်အတွင်း၌ အခန့်သားထိုင်ကာ အရက်သောက်လျက်ရှိသည်။ သူ့ရှေ့တွင် ကနုကမာကောင်တစ်ပွဲ ချထားသည်။ ဂျိုးသည် ကနုကမာကောင်၏ အရသာကို မကြာသေးခင်ကမှ တွေ့ရှိခဲ့ခြင်းဖြစ်၍ ယခုအခါတွင် သူ၏အသည်းစွဲ အစာတစ်မျိုး ဖြစ်နေခဲ့လေပြီ။ သူ့အနေဖြင့် တစ်ခါစားလျှင် အနည်းဆုံး တစ်ဒါဇင်နှင့် ခြောက်ကောင်တော့ စားမြဲဖြစ်၏။

ယခုအခါတွင် ဂျိုးသည် စင်ထရယ်ဟိုတယ်သို့ မကြာမကြာ လာလေ့ရှိသည်ဖြစ်ရာ ဟိုတယ်ရှိ အလုပ်သမားအားလုံးက သူ့အား လူချမ်းသာဧကသည် တစ်ဦးဟု အသိအမှတ်ပြုထားကြသည်။ သူကလည်း အလိုက်သင့် ပြောဆိုဆက်ဆံတတ်သဖြင့် အားလုံးက သူ့အား ခင်မင်ရင်းနှီးနေကြသည်။ ဟိုတယ်တစ်ခုတွင် "စားပွဲထိုးခေါင်း" သည် အရေးအပါဆုံးလူ ဖြစ်၏။ သူနှင့် ရင်းနှီးပါက အကောင်း

ဆုံးနေရာကိုသာမက အကောင်းဆုံး အစားအသောက်များကို ရတတ်၏။ ဂျိုးသည် စင်ထရယ်ဟိုတယ်မှ စားပွဲထိုးခေါင်း ဆူးဟတ်ဒ်နှင့် အလွန်ရင်းနှီးသည်။ သူသည် ဆူးဟတ်ဒ်အား တရင်းတနှီး 'ဆူး' ဟု ခေါ်သည်။

"ငွေ ...."။ ဂျိုးသည် ငွေ၏ အရေးပါအရာရောက်မှုကို စဉ်းစားနေသည်။ ငွေကြောင့် သူ့ဘဝ အရေးပါလာရသည့်အဖြစ်ကို သူ မတွေးဘဲမနေနိုင်။ သူသည် သူ ရောက်နေသည့် အထူးစားသောက်ခန်းကို စေ့စေ့စပ်စပ် ကြည့်မိသည်။ စင်ထရယ် ဟိုတယ်၏ အထူးစားသောက်ခန်းသည် အဖက်ဖက်တွင် ပြည့်စုံနေသောအခန်း ဖြစ်၏။ တနင်္ဂနွေနေ့များဆိုလျှင် ဧည့်သည်များဖြင့် ပြည့်ကျပ်နေလေ့ရှိသည်။ ထိုနေ့ဆိုလျှင် အောင်မြင်မှုရနေသောလူများသည် ဤအခန်းထဲ၌ စုဝေးရောက်ရှိနေကြသည်က များလေသည်။

ဤအခန်းထဲ၌ လာရောက် အချိန်ဖြုန်းလေ့ရှိသော စီးပွားရေးလုပ်ငန်းရှင်အများစုသည် ဂျိုးနှင့် သိကျွမ်းခင်မင်နေသူများ ဖြစ်သည်။ ဘင်ဟမ်နှင့် ဟောင်းဝပ်တို့သည် လက်နက်ခဲယမ်းမီးကျောက်များ ထုတ်လုပ်ရောင်းချရေး ကောင်စီဝင်များ ဖြစ်သည်။ စနက် ဆိုသူမှာ ရှေ့နေတစ်ဦး ဖြစ်၍ အင်ဂရမ် ဆိုသူမှာ အင်ဂရမ်လုပ်ငန်းပိုင်ရှင်တစ်ဦး ဖြစ်သည်။ ကူးဝွတ်မှာ အရက်ချက်စက်ရုံပိုင်ရှင် ဖြစ်၏။ ဝိန်းစရိုက်မှာ တိုင်နီကပ်ဆဲလ် ငွေကြေးလဲလှယ်ရေး လုပ်ငန်းနယ်ပယ်ကို လက်ဝါးကြီးအုပ်ထားသူ ဖြစ်၏။ ပင်နင်တန် ဆိုသူမှာမူ ယိုလုပ်ငန်းပိုင်ရှင် ဖြစ်သည်။

ဂျိုးသည် ထိုလူစုနှင့် တရင်းတနှီးဖြစ်အောင် ပေါင်းသင်းဆက်ဆံလျက်ရှိသည်။ ဤလူစုသည် လက်ဖျားတွင် ငွေသီးနေသူများ ဖြစ်၏။ ထိုလူစုသည် သူ့အကျိုးအတွက် များစွာ အသုံးဝင်လာနိုင်သည့်လူများ ဖြစ်၏။ သူသည် သူ့အခြေအနေကို တိုးတက်အောင် လုပ်ပေးနိုင်မည့်လူများကိုသာ အဓိကရွေးပြီး ပေါင်းသည်။ သူ ပေါင်းသမျှလူများကိုလည်း သူ့ဘဝတိုးတက်ရေးအတွက် လိုအပ်လာသည့်အခါတိုင်း လိမ္မာပါးနပ်စွာ အသုံးချလေ့ရှိသည်။

ပြတင်းပေါက်အနီးရှိစားပွဲ၌ ထိုင်နေသော လူနှစ်ယောက်ကို သူ မြင်လိုက်သည်။ သူက ခေါင်းညိတ်၍ နှုတ်ဆက်သည်။ သူတို့ကလည်း လက်များဝှေ့ယမ်းပြပြီး နှုတ်ဆက်သည်။ ထိုနှစ်ယောက်သည် အလွန်လိမ္မာပါးနပ်သည့်လူများ ဖြစ်သည်။ ဘော့စတော့နှင့် စတုတ် ဆိုလျှင် လူလည်လူနပ်များအဖြစ် အများက အသိအမှတ်ပြုထားကြသည်။ စစ်ကြီးမဖြစ်မီက ရှူးဖိနပ်စက်ရုံ အသေးစားကလေး တည်ထောင်ထားခဲ့သော ဘော့စတော့သည် ယခုအခါတွင် စစ်တပ်မှရသည့် ကန်ထရိုက်လုပ်ငန်းများဖြင့် လူချမ်းသာတစ်ဦး ဖြစ်လာခဲ့၏။



စတုတ်မှာ အထည်ချုပ်အလုပ်ရုံ အသေးစားကလေးကို ပိုင်ဆိုင်သူ ဖြစ်သည်။ စစ်ကြီး ဖြစ်လာကတည်းက စစ်ယူနီဖောင်းများ ချုပ်လုပ်သည့်လုပ်ငန်းဖြင့် တရှိန်ထိုး စီးပွားတက်လာသူ ဖြစ်သည်။ သူသည် ကရော့ကားစ်တောင်းခရိုင်တွင် သူ့ကိုယ်သူ မျိုးချစ်စိတ်အကြီးမားဆုံး ပုဂ္ဂိုလ်အဖြစ် ထင်ရှားနေသူဖြစ်၏။ သူသည် အမြဲတမ်းလိုလို 'အမျိုးသားရေးလိုအပ်ချက်' ဟူသော စကားကို သုံးစွဲပြောဆိုနေသူ ဖြစ်သော်လည်း သူ့အလုပ်သမများအား လုပ်ခတစ်ပြားမှ မပေးဘဲ အချိန်ပိုအလုပ်ခိုင်းတတ်သူ ဖြစ်၏။ စစ်ဝတ်စုံ ချုပ်လုပ်သည့်လုပ်ခများကိုလည်း ထိုက်တန်စွာမပေးဘဲ လျှော့နိုင်သမျှ လျှော့၍ပေးသည်။ သူ ရသည့် အမြတ်ငွေများကား ဘေးလူများအတွက် သွားရည်ယိုစရာ ကောင်းလှချေသည်။

ဂျိုးသည် အတွင်းသိတစ်ဦး ဖြစ်၏။ ဥပမာအားဖြင့် စတုတ်သည် ခါးပတ်တစ်ဒါဇင်လျှင် ချုပ်လုပ်ခ ၈ ပဲနီမျှသာ ပေးသည်။ အထွေထွေကုန်ကျစရိတ်ပါ ထည့်တွက်မည်ဆိုပါက ခါးပတ် တစ်ဒါဇင်လျှင် ၂ သျှီလင် ၁၀ ပဲနီမျှသာ ကုန်ကျသည်။ သူက ပြန်သွင်းသည့်အခါ တစ်ဒါဇင်လျှင် ၁၈ သျှီလင်မျှ ရသည်ဖြစ်ရာ စတုတ်အတွက် အမြတ်ငွေပမာဏသည် အတိုင်းအဆ မရှိနိုင်လောက်အောင် များပြားလျက်ရှိလေသည်။

သူ့အလုပ်ရုံ၏ ပတ်ဝန်းကျင်တွင် အလုပ်လက်မဲ့ဦးရေက အဆမတန် များပြားလျက်ရှိရာ စတုတ်အနေဖြင့် လုပ်ခကို ပေးချင်သလောက် ပေးခြင်းအားဖြင့် အလုပ်သမားများကို သူ လိုချင်သလောက် ရလျက်ရှိ၏။ ဤကြားထဲမှ အလုပ်သမားများကို လုပ်ခမပေးဘဲ အချိန်ပိုခိုင်းခြင်းဖြင့် ခေါင်းပုံဖြတ်လျက်ရှိ၏။ သူ ခေါင်းပုံဖြတ်နေသည်ကို ပြောမည့်လူဟူ၍လည်း တစ်ဦးမျှမရှိ။ ဤသို့ဖြင့် စတုတ်၏ အမြတ်ငွေပမာဏသည် ကြောက်ခမန်းလိလိ များပြားလျက်ရှိလေသည်။

ဂျိုး၏ အတွေ့အကြုံအရဆိုလျှင် ဤစစ်ကြီးသည် လူအချို့အတွက် အလွန် အဖိုးထိုက်တန်သောအရာတစ်ခု ဖြစ်နေသည်။ ဤစစ်ကြီးလောက် လူကို အကျိုးပြုသောအရာသည် ရှိအံ့မထင်။ ယခုအခါတွင် သူသည် မီလင်တန်စက်ရုံ၌ ဘုရင်တစ်ဆူ ဖြစ်နေပြီ။ စက်ရုံရှိ လူအားလုံးသည် သူ့အား ကြောက်ရွံ့နေကြပြီ ဖြစ်၏။ မော်ဂန်၊ အိုင်ရာဗင်နှင့် ဒိုဘီလို လူစားများကပင် သူ့အား ကြောက်ရွံ့နေကြသည်ကို တွေးမိသည့်အခါ သူ့ကိုယ်သူ သဘောကျလွန်းသဖြင့် မပြုံးဘဲ မနေနိုင်။

ဂျိုးသည် ကုလားထိုင်တွင် ကျောနှင့်မှီထိုင်ကာ ဟာဗားနား ဆေးပြင်းလိပ်ကို အရသာခံ၍ ဖွာလျက်ရှိသည်။ အမြတ်ကြီးစားနှစ်ဦး ဖြစ်သော စတုတ်နှင့် ဘော့စ်တော့တို့သည်လည်း သူ့လိုပင် အကောင်းစား ဟာဗားနား ဆေးလိပ်နှင့်

ခိမ်ခံနေကြလိမ့်မည်မှာ သေချာသည်။ သူ့စိတ်ကူးနှင့်သူ သူ့ဘဝ၏ တိုးတက်မြင့်မားမှုကို သဘောကျနေခိုက်မှာပင် အခန်းထဲသို့ ဝင်လာသော ဂျင်မော်ဆန်ကို မြင်လိုက်သည်။ သူသည် ကပျာကယာ နေရာပြင်၍ထိုင်လိုက်ပြီး ဂျင်မော်ဆန်ရောက်အလာကို အသင့်ဆီးကြိုနေသည်။

ဂျင်မော်ဆန်သည် လူအများကြားမှ တိုးဝှေ့ဖြတ်သန်းကာ ဂျိုး၏စားပွဲတွင် ဝင်ထိုင်သည်။

'ဘယ်လိုလဲ ဂျင်၊ ထုံးစံအတိုင်း ဝီစကီပဲ သောက်မှာလား' ဟု ဂျိုးက မေးသည်။ ဂျင်က ခေါင်းခါသည်။

'အရောင်းအဝယ် ဘယ်လိုလဲ' ဟု ပြန်မေးသည်။

'မဆိုးပါဘူး' ဟု ပြောကာ ဂျိုးက သူ့အပေါ်အင်္ကျီအိတ်ကပ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

'ပြီးခဲ့တဲ့အပတ်က ကျည်ဆန် တန် ၂၀၀၊ လက်ပစ်ဗုံး ၁၀,၀၀၀၊ မော်တာကျည်ဆန် ၁,၀၀၀ နဲ့ ဆယ့်ရှစ်ပေါင်ဒါ အမြောက်ဆန် ၁,၀၀၀ ထုတ်ပေးနိုင်ခဲ့တယ်'

'ဒီတစ်ပတ်ကော မင်းဘက်က ဘယ်လောက်ယူနိုင်မလဲ' ဟု မော်ဆန်က ပန်းကန်ပြားထဲမှ သွားကြားထိုးတံ တစ်ချောင်းကို ကောက်ယူရင်း မေးသည်။

'ဒီတစ်ပတ်တော့ တန် ၁၅၀ ပို့ပေးရင် ကောင်းမယ်'

မော်ဆန်က ခေါင်းညိတ်သည်။

'တစ်ခုရှိတယ် ....မော်ဆန်' ဟု ဂျိုးက ပြောသည်။

'ဒီတစ်ပတ်စာရင်းမှာက ၃၅၀ ပြထားတာ၊ အပို တန်တစ်ရာအတွက်က စိတ်မအေးရဘူး'

'ဘာဖြစ်လို့လဲ၊ သိပ်မလုံခြုံဘူးလား'

'သိပ်ပြီးမြန်မြန်လုပ်လို့ မကောင်းဘူးထင်တယ်၊ ဘေးမှာက ဒိုဘီရှိနေတယ်'

'တို့ ဘာလုပ်နေတယ် ဆိုတာတော့ သူ မသိဘူး မဟုတ်လား၊ သူ့စာရင်းမှာ မှန်နေသမျှ ကာလပတ်လုံးတော့ ပြဿနာရှိမယ် မထင်ပါဘူးကွာ' ဟု မော်ဆန်က ပြောသည်။

ဂျိုးက စဉ်းစားနေသည်။ သူသည် မော်ဆန် ပေးသည့်အကြံအတိုင်း လုပ်တော့မည်ဟု စီစဉ်ကတည်းက ဒိုဘီအား အကျင့်ပျက်အောင် ဖျက်ဆီးဖို့ ကြိုးစားခဲ့၏။ သို့သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော်လည်း ကံအားလျော်စွာပင် ဒိုဘီသည် လိမ်ရညာရလွယ်သည့် လူတစ်ယောက် ဖြစ်နေသည်။ ဒိုဘီ



သည် စာရင်းအင်းကိုသာ သိသူဖြစ်၍ ဂျိုး၏ လက်တွေ့လှည့်ကွက်များကိုမူ လုံးဝ မသိပေ။ ဥပမာအားဖြင့် ယနေ့ သူ၏အမှာစာတွင် သံတိုသံစ တန် ၃၅၀ ဟု ဖော်ပြထားသော်လည်း အမှန်တကယ် ဝင်လာသည့်တန်ချိန်မှာ ၁၅၀ သာ ရှိ၏။

ဒိုဘီသည် ထိုအချက်ကို တိတိကျကျ မသိ။ ငွေရှင်းပေးသည့်အခါ တန် ၃၅၀ ဖိုး ရှင်းပေးသည်။ တန် ၂၀၀ အတွက် ရငွေကို သူနှင့် မော်ဆန်တို့ တစ်ယောက်တစ်ဝက်စီ ခွဲယူကြသည်။ တစ်တန်လျှင် ခုနစ်ပေါင်နှုန်းနှင့် ရှင်းပေးခြင်းဖြစ်၍ သူနှင့် မော်ဆန်တို့၏ တစ်ပတ်ရငွေသည် ပေါင် ၁၄၀၀ တိတိ ရှိ၏။ ဤအမြတ်ငွေသည် ဘာမှမလုပ်ရဘဲနှင့် ရရှိသောငွေ ဖြစ်၏။ ဤသည်မှာ စစ်ကြီးကြောင့်ရရှိလာသည့် အကျိုးစီးပွား ဖြစ်လေသည်။

အရောင်းအဝယ်လုပ်ငန်းသည် တစ်ခဏလေးနှင့် ပြီးစီးသွားသည်။ မော်ဆန်သည် စုထွက်နေသောဗိုက်ကို လက်နှစ်ဖက်နှင့် မတင်ကာ ကုလားထိုင်ကို ကျောနှင့်မှီလိုက်သည်။

'ဟော့ ....ဟိုမှာ ဟိုနှစ်ကောင် လာနေပြီ' ဟု ပြောသည်။

စတုတ်နှင့် ဘော့စတော့တို့သည် သူတို့စားပွဲသို့ ရောက်လာကြသည်။ နှစ်ဦးစလုံး ရေချိန်ကိုက်နေကြပြီဖြစ်၍ မျက်နှာတွေ နီရဲကာ မြူးကြွနေကြသည်။ စတုတ်က ဆေးပြင်းလိပ် ထုတ်တည်သည်။ ဂျိုးက သူ့လက်ထဲမှ သောက်လက်စ ဟာဗားနား ဆေးပြင်းလိပ်တိုကို လွှင့်ပစ်လိုက်ပြီး စတုတ်၏ သားရေဘူးထဲမှ ဆေးလိပ်တစ်လိပ်ကို ယူသည်။ စတုတ်က 'ကိုယ့်လူကလည်း ဆေးလိပ်ကို နမ်းကြည့်နေစရာ မလိုပါဘူး၊ အဲဒီဆေးလိပ်က တစ်လိပ်ကို ဆင့်ငါးဆယ် ပေးရတဲ့ ဆေးလိပ်ဗျ' ဟု ပြောသည်။

'ဟုတ်ပါ့ကွာ၊ ကုန်ဈေးနှုန်းတွေကဖြင့် ကြောက်ခမန်းလိလိ တက်နေတာပဲ' ဟု ဘော့စတော့က ပြောသည်။

'ခင်ဗျားတို့ သိကြပြီလား၊ ကြက်ဥတစ်လုံးကို ငါးပဲနိတောင် ပေးနေရပြီ'

'ခင်ဗျား ဝယ်စားနိုင်နေတာပဲ၊ စားပေါ့ဗျာ' ဟု ဂျိုးက ပြောသည်။

'ကျွန်တော် ကိုယ်တိုင်ကတော့ သိပ်မကြိုက်ပါဘူး' ဟု ဘော့စတော့က ပြောသည်။

'အခုတလော အလုပ်ကလည်း သိပ်များတယ်၊ ကင်တန်ဘက်မှာ အိမ်ကြီးတစ်လုံး သွားဝယ်နေရတယ်၊ မိန်းမနဲ့ သမီးက လိုချင်လှချည်ရဲ့ ဖြစ်နေလို့ ဝယ်ပေးရတာ၊ မိန်းမများ တယ်ခက်တာပဲ၊ သူတို့ကြိုက်မိရင် မလွယ်ဘူး၊ စစ်အတွင်းဆိုတော့လည်း ကြက်ဥတစ်လုံးကို ငါးပဲနိ ဖြစ်တာ မဆန်းပါဘူး'

ဆေးပြင်းလိပ်ကို ပါးစပ်နှင့် ကိုက်ဖြတ်နေသော မော်ဆန်က ....

'ဒီနှစ်ကုန်ရင် စစ်က ပြီးတော့မှာ သေချာပါတယ်' ဟု ပြောသည်။

'ကျွန်တော်က ကြက်ဥအကြောင်း ပြောနေတာ၊ စစ်အကြောင်း မပြောဘူး' ဟု ဘော့စတော့က ပြန်ပြောသည်။

'ဘယ်လိုလဲ ....ဒီနေ့ နေ့ခင်း ခင်ဗျား ဘာလုပ်မယ်လို့ စီစဉ်ထားသလဲ' ဟု စတုတ်က မော်ဆန်အား မေးသည်။ မော်ဆန်က ဂျိုးအား လှမ်းကြည့်သည်။

'ကောင်တီကလပ်ကို သွားမယ်လို့ စိတ်ကူးတယ်၊ ဟော့ ....ဂျိုး၊ မင်းလည်း လိုက်ခဲ့ပေါ့ကွ၊ တို့လေးယောက်ဆိုရင် တစ်တွဲတော့ ကစားလို့ရတာပေါ့'

ဂျိုးနှင့် မော်ဆန်သည် ထရပ်လိုက်ကြသည်။

'ဆောရီးပဲ မော်ဆန်၊ ကျွန်တော့်မှာ အလုပ်တစ်ခုရှိနေလို့ မလိုက်တော့ဘူး' ဟု ဂျိုးက သူ့လက်ပတ်နာရီကို မြှောက်ကြည့်ပြီး ပြောသည်။

'ဘာလဲကွ၊ ဘရောင်းလို့ခေါ်တဲ့ မိန်းမတစ်ယောက်ကိစ္စလား'

ဂျိုးက ခေါင်းခါသည်။

'မဟုတ်ပါဘူး၊ အလုပ်တကယ်ရှိတာပါ'

မော်ဆန်၊ ဘော့စတော့နှင့် စတုတ်တို့သည် ကလပ်သို့ ထွက်သွားကြသည်။ ဂျိုးသည် လမ်းမကိုဖြတ်ကာ ပလက်ဖောင်းဘေး၌ရပ်ထားသော သူ့ကားဆီသို့ လျှောက်လာခဲ့သည်။ အလုပ်သမားရိပ်သာ ကင်တင်း၌ ရောက်နေသည့် လော်ရာအား လာကြိုမည်ဟု ကတိပေးထားခဲ့သည် မဟုတ်ပါလား။

သူ ရောက်သွားချိန်တွင် လော်ရာသည် အပြင်မှ ရပ်စောင့်နေသည်ကို တွေ့ရ၏။ သူသည် ကားပေါ်မှမဆင်းတော့ဘဲ ကားတံခါးကိုသာ ဆီးဖွင့်ပေးသည်။ လော်ရာ ဝင်ထိုင်သည့်အခါ ကားကို သူ့အခန်းသို့ မောင်းလာခဲ့သည်။ နှစ်ယောက်သား စကားမပြောမိကြ။ ဂျိုးကတော့ ထုံးစံအတိုင်း သူ့ဘေး၌ လော်ရာ ရှိနေခြင်းကို အလွန်သဘောကျသည်။ အနေကြာလာပြီဖြစ်၍ စိတ်လှုပ်ရှားမှု မရှိတော့သော်လည်း လော်ရာနှင့် အခုလို တွဲနေရသည့်အတွက် စိတ်ချမ်းသာသည်။

'ရှင် နေ့လယ်စာ ဘယ်မှာစားလာခဲ့သလဲ' ဟု လော်ရာက မေးသည်။

'စင်ထရယ်မှာ' ဟု ဂျိုးက ဖြေသည်။

'မင်းရော'

'ကင်တင်းမှာ'

ကားသည် နောသင်းလမ်းမကြီး၏နောက်ဘက်ရှိ ဂျိုး၏အိမ်သို့ ရောက်လာသည်။ ဂျိုး၏တိုက်အိမ်မှာ ကျယ်ဝန်းခမ်းနားသည်။ လော်ရာ ကိုယ်တိုင်က မိန်းမကြီးတစ်ယောက် ငှားပေးထားသဖြင့် အစစအရာရာ အဆင်ပြေလျက်ရှိသည်။



ဤအိမ်သည် ယာရီးနှင့် ငါးမိုင်မျှဝေးသဖြင့် သူတို့နှစ်ဦး၏ တိတ်တိတ်ပုန်း ဇာတ်လမ်းကို ဘေးလူတွေ မသိနိုင်။ ဤအနီးအနားတစ်ဝိုက်မှ လူများကိုမူ မောင်နှမဟု ပြောထားသည်ဖြစ်ရာ အားလုံးက လော်ရာအား ဂျိုး၏နှမဟုပင် သိနေကြ၏။

ဂျိုးသည် အိမ်တံခါးကိုဖွင့်ကာ လော်ရာနှင့်တွဲ၍ အထဲသို့ဝင်ခဲ့သည်။ သူသည် ဧည့်ခန်း လျှပ်စစ်အပူပေးခလုတ်ကို ဖွင့်လိုက်ပြီး တစ်နေရာ၌ဝင်ထိုင်ကာ ဖိနပ်များကို ချွတ်သည်။ လော်ရာကတော့ နို့တစ်ခွက် ထည့်၍သောက်ရင်း ဂျိုး၏နောက်ကျောကို ငေးကြည့်နေသည်။

'ဝီစကီ သောက်မလား' ဟု မေးသည်။

'မသောက်ချင်ဘူး' ဟု ဂျိုးက အဖြေပေးကာ တနင်္ဂနွေ အထူးထုတ် သတင်းစာကို ယူ၍ စီးပွားရေးသတင်း စာမျက်နှာကို ဖတ်နေသည်။

လော်ရာသည် နွားနို့ကိုသောက်နေရင်းက ဂျိုးအား အတန်ကြာမျှ စိုက်ကြည့်နေသည်။ သူမသည် အခန်းထဲ၌ ဟိုလျှောက်သည်လျှောက်လုပ်ကာ ပစ္စည်းများကို ပြန်လည်၍ နေရာချထားပေးနေသည်။ ထို့နောက် ဂျိုး၏အိပ်ခန်းထဲသို့ ဝင်ရောက်သွားသည်။ အခန်းထဲမှ လော်ရာ၏ လှုပ်ရှားနေသံများကို ကြားနေရသော်လည်း ဂျိုးသည် ထိုင်ရာမှမထ။ အမှန်တော့ သူတို့သည် အခြားလူများ ဘုရားရှိခိုးကျောင်းသွားနေသည့် တနင်္ဂနွေနေ့ နေ့ခင်းတွင် နှစ်ဦးသားဆုံတွေ့ကြခြင်း ဖြစ်၏။ ဂျိုးသည် နာရီဝက်ခန့်မျှ သတင်းစာဖတ်ဟန်ဆောင်ကာ ဧည့်ခန်းထဲ၌ ဆက်ထိုင်နေသည်။ ထို့နောက်မှ လော်ရာရှိရာ အိပ်ခန်းထဲသို့ ဝင်ခဲ့လေသည်။

သူသည် အဝတ်အစားများကို ဖြည်းဖြည်းချင်းချွတ်သည်။ ပြီးတော့ အခန်းထဲရပ်ကာ သူ့ငွေများကို ရေတွက်နေသည်။ သူ့အသုံးအဆောင်များကို တစ်ခုချင်းစီကြည့်ကာ အံဆွဲထဲသို့ ထည့်နေသည်။ လော်ရာသည် ဂျိုး လုပ်ကိုင်နေပုံများကိုကြည့်ကာ စိတ်မရှည်နိုင်အောင် ဖြစ်လျက်ရှိ၏။ ထိုအခိုက်မှာပင် ဂျိုးသည် အိပ်ရာခုတင်စွန်း၌ ဝင်ထိုင်သည်။

'ကျွန်မ တစ်ခုစဉ်းစားမိတယ်' ဟု လော်ရာက ပြောသည်။ သူ ပြောလိုက်သော လေသံတွင် သရော်သံ ပါနေသည်။

'ရှင်နဲ့ ကျွန်မရဲ့ ဆက်ဆံရေးကို ပြန်စဉ်းစားလိုက်ရင် ကျွန်မက အပေးဘက်ကချည်း ဖြစ်နေတာ တွေ့ရတယ်၊ စီးကရက်ဘူး၊ လက်ပတ်နာရီ၊ ရွှေကြယ်သီးလို အသေးအဖွဲ လက်ဆောင်ကလေးတွေကအစ ကျွန်မက ပေးရတာချည်းပဲ၊ ကားသုံးတာတောင်မှ ကျွန်မကားကိုပဲ ပေးရတာ၊ အခု ဒီအိမ်ဧည့်ခန်းထဲက အိမ်ထောင်ပရိဘောဂ ပစ္စည်းတွေဆိုရင်လည်း ကျွန်မကပဲ ဝယ်ပေးရတာ

ပဲ၊ ပြောမယ်ဆိုရင် ရှင့်အတွက် ကျွန်မက လုပ်ပေးခဲ့တာတွေဟာ မနည်းတော့ပါဘူး၊ အဲဒါတွေကို ရှင် သိမှသိရဲ့လားလို့ ကျွန်မ တွေးနေမိတယ်'

ဂျိုးသည် လော်ရာ၏စကားကို နားထောင်ရင်း ရယ်ချင်စိတ်ဖြစ်လာမိသည်။

'အင်းပေါ့လေ' ဟု သူက အလိုက်သင့် ရေရွတ်သည်။

'အဲဒါတွေကတော့ မင်းဘာသာမင်း ပေးချင်လို့ ပေးတာပဲလေ'

'ဩော် .... ရှင်က အဲဒီလို မြင်တာကိုး' ဟု လော်ရာက ရေရွတ်သည်။ သူသည် အတန်ကြာမျှ နှုတ်ဆိတ်နေသည်။

'ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြန်တွေးလိုက်ရင် ရင်နာဖို့ကောင်းတယ်၊ ရှင်ရောက်လာတဲ့ အဲဒီနေ့နံနက်က အဖြစ်ဟာ ကျွန်မရဲ့ မိုက်မဲတဲ့အားနည်းချက်ပဲ၊ အဲဒီအားနည်းချက်ကြောင့် အခုလိုအဖြစ်နဲ့ကြုံရတာပဲ'

'အေးပေါ့လေ ....' ဟု ဂျိုးက စပ်ဖြဲဖြဲမျက်နှာထားဖြင့် ပြန်ပြောသည်။

'ဒီကိစ္စမျိုးတွေမှာ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တွေပါ၊ မင်း ကိုယ့်အပေါ်မှာ အရူးအမူး ဖြစ်ခဲ့တာကို မင်းဘာသာမင်း သိမှာပါ'

'ရှင့်စကားက အတော့်ကို လှုပါပေတယ်၊ ဒါပေါ့လေ ....၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ရှင့်အနေနဲ့ ကျွန်မအပေါ်မှာ သိပ်ပြီး အလေးအနက်မထားဘူးဆိုတာ ကျွန်မ အစကတည်းက သိပါတယ်၊ ရှင်က ကျွန်မကို ရှင် ကြီးပွားချမ်းသာဖို့အတွက် အသုံးချနေတာပဲ'

'နေပါဦး၊ ကိုယ်ကရော မင်းအတွက် အသုံးမကျဘူးလား'

တိတ်ဆိတ်သွားသည်။

'ရှင်ဟာ အတော် လိမ္မာပါးနပ်တဲ့ လူတစ်ယောက်ပဲ၊ ကျွန်မကိုယ်ကျွန်မ ရွံရှာစက်ဆုပ်သွားအောင် မုန်းသွားအောင်လုပ်တဲ့နေရာမှာ ရှင်ဟာ ရှာမှရှားပဲ'

'အဲဒီစကားမျိုးတွေကို အခုမှ ပြောမနေပါနဲ့တော့ လော်ရာရယ်' ဟု ဂျိုးက လေပျော့ဖြင့် တောင်းပန်သည်။ တစ်ခဏမျှတော့ နှစ်ဦးနှစ်ဖက် ပြေလည်သွားကြသည်။ ခါတိုင်းကဲ့သို့ပင် နေရိုးနေစဉ် နေကြသည်။ တစ်နာရီခန့်မျှကြာသောအခါ လော်ရာသည် ဂျိုးအား မသိမသာ အကဲခတ်သည်။

'ရှင် ကျွန်မကို ချစ်သေးရဲ့လား' ဟု မေးသည်။

'ကိုယ် ချစ်တယ်ဆိုတာ မင်းသိပါတယ် လော်ရာ'

လော်ရာက သက်ပြင်းချသည်။ ဂျိုးအား မကြည့်တော့ဘဲ မျက်လွှာချထားသည်။

'အို ....မကောင်းပါဘူး' ဟု ညည်းသည်။



'ဘာဖြစ်တာလဲ လော်ရာ'

'ဘာမှမဖြစ်ဘူး၊ ရှင် ကျွန်မကို မုန်းချင်တဲ့အချိန် မုန်းနိုင်တယ် ဂျိုး၊ တစ်ခါတလေကျရင် ရှင့်ကြောင့် ကျွန်မကိုယ်ကျွန်မ စက်ဆုပ်မိတယ်၊ တကယ်ပါ ကျွန်မ ဘာမှမတတ်နိုင်ဘူး'

ဂျိုးသည် လော်ရာအား ကြည့်နေမိ၏။ သူသည် ဘာပြောရမှန်းမသိ ဖြစ်နေသည်။

'ကိုယ်တို့ လက်ဖက်ရည်သောက်ကြရင် ကောင်းမယ်ထင်တယ်' ဟု ပြောသည်။ သူသည် စပ်ဖြဲဖြဲလုပ်ကာ လော်ရာအား ချော့ဖို့ကြိုးစားသည်။ ထိုအခိုက်မှာပင် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။ သူသည် လော်ရာအပေါ်မှ ကျော်၍ တယ်လီဖုန်းကို ယူသည်။

'ဟယ်လို ....ဟုတ်ပါတယ် ဂျိုးဂိုလန်ပါ၊ မစ္စတာမော်ဂန်၊ ဟုတ်ကဲ့ပါ၊ ကျွန်တော် မသိပါဘူး၊ ဘာ ....'

ဂျိုး၏လေသံသည် ပြောင်းသွားသည်။ သူသည် တစ်ဖက်မှပြောသမျှကို အတန်ကြာမျှ ငြိမ်၍နားထောင်နေသည်။

'ဟာ ...ဟုတ်လား၊ ခင်ဗျားက အဲဒီလိုမှ မပြောခဲ့ပဲကိုး၊ ရုံးကိုသွားသလား၊ ဟုတ်ကဲ့ ....ဟုတ်ကဲ့ .... ကျွန်တော် သွားလိုက်ပါ့မယ်၊ မကြာခင် သွားမှာပါ'

ဂျိုးသည် တယ်လီဖုန်းကို ပြန်ချထားလိုက်ပြီး သူ့နေရာ၌ပြန်ထိုင်ကာ ငြိမ်ဆိတ်နေသည်။ လော်ရာက စိုးရိမ်မကင်းသော မျက်နှာထားဖြင့် ဂျိုးအား လှမ်းကြည့်သည်။

'ဘာဖြစ်တာလဲ' ဟု မေးသည်။

'အင်း ....ကိစ္စက ....၊ ဟိုဟာ ....လေ၊ မင်းသိတဲ့အတိုင်းပဲ ....'

ဂျိုသည် ထစ်တီးထစ်ငေါ့ ဖြစ်နေသည်။

'ဘာလဲ ....ဘာဖြစ်သလဲ ပြောလေ' ဟု လော်ရာက မေးသည်။

'ရုံးကို ကြေးနန်းတစ်စောင် ရောက်လာလို့တဲ့'

လော်ရာသည် အိပ်ရာပေါ်လှဲနေရာမှ ဖျတ်ခနဲ ထထိုင်လိုက်သည်။

'စတန်လေ ဘာဖြစ်သတဲ့လဲ'

'ဘာမှ မဖြစ်ပါဘူး ....' ဟု ဂျိုးက ကပျာကယာ ပြန်ပြောသည်။

'စတန်လေ ဘာမှမဖြစ်ပါဘူး၊ ဗုံးဆန်ကျလို့ သွေးလန့်တာပါ'

'ဘာ ....သွေးလန့်တယ်၊ ဟုတ်လား'

'ဟုတ်တယ် ....၊ အဲဒီလောက်ပါ'

'ဘုရား ....ဘုရား ဒါမျိုး ဖြစ်လာလိမ့်မယ်ဆိုတာ အစောကြီးကတည်းက ကျွန်မ သိခဲ့တယ်၊ အခုတော့ ....'

'ဒါပေမဲ့ သိပ်ပြီး မဖြစ်လောက်ပါဘူး၊ သူ့မှာ အပွန်းအပဲ့ဒဏ်ရာတောင် မရပါဘူး၊ ဖုံးဆန်ကျလို့ နည်းနည်းပါးပါး ဖြစ်သွားတာပါ၊ သူတို့က သူ့ကို အိမ်ပြန်ပို့ပြီး နားခိုင်းမယ့်သဘောပါ၊ ဒဏ်ရာတောင်မှ မရပါဘူး၊ တကယ်ပြောတာပါ'

ပြောပြောဆိုဆို ဂျိုးက လော်ရာ၏လက်ကို လှမ်းကိုင်သည်။ လော်ရာက အကိုင်မခံဘဲ သူမ၏လက်ကို ဆတ်ခနဲ ပြန်ရုပ်လိုက်သည်။

'ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ကျွန်မကို ....'

လော်ရာသည် စကားကို ဆုံးအောင်မပြောနိုင်။

'မဟုတ်သေးပါဘူး လော်ရာရယ်၊ သူ့မှာ ဒဏ်ရာတောင် မရပါဘူး'

လော်ရာသည် ဂျိုး၏စကားကို နားမထောင်။ အိပ်ရာပေါ်မှ ခုန်ဆင်းသည်။ သူမ၏ ညဝတ်ဂါဝန်ကိုချွတ်ကာ အဝတ်များကို ပြန်ဝတ်သည်။ လော်ရာ အခုလိုငိုသည်ကို မမြင်ခဲ့ဘူးသော ဂျိုးသည် များစွာအံ့အားသင့်လျက်ရှိသည်။

'မဟုတ်သေးဘူး လော်ရာ၊ ကိုယ်ပြောတာကို နားထောင်ပါဦး'

'ရှင့်ပါးစပ်ကို ပိတ်ထားရင်ကောင်းမယ်' ဟု လော်ရာက ပြောသည်။

'ရှင် ဘာတွေပဲပြောပြော ပြောလေဆိုးလေ ဖြစ်မှာပဲ၊ ရှင့်လုပ်ရပ်ကြောင့် ကျွန်မကိုယ်ကျွန်မ မုန်းတဲ့ဘဝ ရောက်နေပြီ၊ အခုပဲကြည့် ....၊ စတန်လေမှာ .... အို .... ဘုရား .... ဘုရား'

သူမသည် ဂျက်ကက်အင်္ကျီကို လှမ်းယူသည်။ သူမ၏ဦးထုပ်ကို ဆွဲယူသည်။ ရှိုက်ကြီးတငင် ငိုကြွေးကာ အခန်းထဲမှ ပြေးထွက်သွားသည်။ ဂျိုးသည် အိပ်ရာပေါ်၌ထိုင်၍ ကျန်ရစ်ခဲ့သည်။ သူသည် ပခုံးများကို တစ်ချက်မျှတွန့်လိုက်ပြီး အိပ်ရာဘေးရှိ စားပွဲပေါ်မှ စီးကရက်ဘူးကို လှမ်းယူသည်။ ပြီးတော့ စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာသည်။

* * * * *

## (၃၈)

၁၉၁၆ ခုနှစ်၊ နွေဦးပေါက်ရာသီ ဖြစ်သည်။ ဟာစ်လ်ဒါနှင့် ဂရေ့စ်တို့ လန်ဒန်သို့ သွား၍ သူနာပြုအလုပ်ကို ဝင်ရောက်လုပ်ကိုင်နေခဲ့ကြသည်မှာ ဆယ့်လေးလနီးပါး ရှိခဲ့ပြီ။ ဟာစ်လ်ဒါမှာ လန်ဒန် ရောက်ကတည်းက စိတ်ချမ်းသာပျော်ရွှင်မှုကို အပြည့်အဝ ရရှိခံစားနေရသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း၌ ဖြစ်ပွားခဲ့



သည့် ဘေးအန္တရာယ်နှင့် အာသာ ထောင်ကျသွားသည့် ကိစ္စများသည် သူမအဖေ ၏စိတ်ကို သိသာစွာ ပြောင်းလဲစေခဲ့၏။ သို့သော်လည်း ထိုအပြောင်းအလဲများ သည် ဟာစ်လ်ဒါ၏စိတ်ကို သိပ်ပြီးထိခိုက်အောင် မစွမ်းဆောင်နိုင်ခဲ့ကြချေ။ အန်တီကေရီထံမှ မှန်မှန်ရောက်လာနေသည့် စာများကလည်း ဟာစ်လ်ဒါ၏ သာယာ ပျော်ရွှင်မှုကို မဖျက်ဆီးနိုင်ခဲ့ကြပေ။

အာသာ ထောင်ကျသွားစဉ်က ဂရေ့စ်သည် ဟာစ်လ်ဒါထံ ရောက်လာပြီး ဝမ်းနည်းပက်လက် ငိုကြွေးခဲ့သည်။

'ဟာစ်လ်ဒါရယ် ....အာသာ့ကိစ္စကို တစ်ခုခုတော့လုပ်မှဖြစ်မယ်၊ ညီမတို့ အနေနဲ့ ဒီလိုအဖြစ်ခံတာ မကောင်းဘူးထင်တယ်' ဟုလည်း ပြောခဲ့သည်။

ဟာစ်လ်ဒါကတော့ ....

'တို့က ဘာလုပ်ပေးနိုင်မှာလဲ၊ ဘာမှလုပ်လို့မရဘူး၊ ဒီကိစ္စမှာ ဝင်မပါတာ အကောင်းဆုံးပဲ' ဟု အဖြေပေးခဲ့သည်။ နောက်ပိုင်းတွင်လည်း ဂရေ့စ်က ဤကိစ္စ ကိုလာပြောတိုင်း ဟာစ်လ်ဒါက ခါထုတ်ခဲ့လေသည်။

လော့ဒ်ကဲလ်၏ အိမ်ကြီးမှာ ဘဲလ်ဂရေ့စကွဲရားဘက်၌ တည်ရှိ၍ အလွန် ကြီးမားလှပသောအိမ်ကြီး ဖြစ်သည်။ ယခုအခါတွင်မူ ထိုအိမ်ကြီးကို လိုအပ်သလို ပြုပြင်မွမ်းမံကာ ဆေးရုံအဖြစ် အသွင်ပြောင်းထားခဲ့ပြီး ဖြစ်၏။ အလွန် ကျယ်ဝန်း သော အခန်းကြီး ခြောက်ခန်းမှာ မျက်နှာကြက်များ မြင့်မားပြီး ဝက်သစ်ချသား လျှာထိုးများ ခင်းထားသဖြင့် ယင်းအခန်းများသည် လူနာဆောင်များ ဖြစ်လာ သည်။ အိမ်နောက်ဘက်ရှိ သစ်ပင်ပန်းပင်များ ပျိုးသည့် အဆောက်အဦကို ခွဲစိတ် ဆောင်အဖြစ် ပြုပြင် ပြောင်းလဲထားသည်။ ဟာစ်လ်ဒါသည် ဤနေရာ၌ တာဝန်ကို ပျော်ရွှင်စွာ ထမ်းဆောင်နေခြင်း ဖြစ်လေသည်။

ဟာစ်လ်ဒါသည် ဘဲလ်ဂရေ့စကွဲရား ဆေးရုံတွင် အံ့ဩဖွယ်ကောင်းလောက် အောင် ထူးချွန်သည့် သူနာပြုဆရာမတစ်ဦးအဖြစ် ကျော်ကြားလျက်ရှိသည်။ သူမသည် သုံးနှစ်တိတိ သင်ကြားပါမှ တတ်မြောက်သော သူနာပြုဆရာမတစ်ဦး ၏ အတတ်ပညာကို ခြောက်လနှင့် တတ်မြောက်ခဲ့သူ ဖြစ်၏။ သူနာပြုဆရာမချုပ် မစ္စဂစ်ဘ်သည် စတွေ့ကတည်းက ဟာစ်လ်ဒါ၏ သာမန်ဆရာမများနှင့် မတူသည့် အရည်အသွေးကို မြင်ခဲ့သည်။ မစ္စဂစ်ဘ်ကိုယ်တိုင်က ဟာစ်လ်ဒါအား ခွဲစိတ်ဆောင် ၌ တာဝန်ချထားခဲ့ခြင်း ဖြစ်၏။ ဟာစ်လ်ဒါကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် ကြိုးစားမှု တို့သည် သူမ၏ ပင်ကိုမွေးရာပါဗီဇအသိဉာဏ်ဖြင့် ပေါင်းစပ်မိသည့်အခါ အလွန် ထူးချွန်သည့် ခွဲစိတ်ဆောင် သူနာပြုဆရာမတစ်ဦးဖြစ်လာသည်။ ခွဲစိတ်ဆောင်၌ တာဝန်ကျသည့် ပထမ သီတင်းပတ်အတွင်းမှာပင် သူမ၏ အရည်အချင်းများကို အထူးသဘောကျခဲ့သူမှာ မစ္စတာနက်စ် ဖြစ်သည်။

နက်စ်သည် ဝမ်းဗိုက်နှင့်ဆိုင်သော ခွဲစိတ်မှုလုပ်ငန်းတွင် အံ့သြဖွယ်ကောင်းအောင် ထူးချွန်သော ဆရာဝန်တစ်ဦးဖြစ်၏။ သူသည် ဟာစ်လ်ဒါကို စတွေ့ကတည်းက သူ၏ ခွဲစိတ်မှုလုပ်ငန်းတွင် အသုံးဝင်လိမ့်မည်ဟု တွက်မိသည်။ ထို့ကြောင့်လည်း သူနာပြုဆရာမချုပ် မစ္စဂစ်ဘ်အား နှစ်ကိုယ်ကြားကျိတ်၍ ဟာစ်လ်ဒါကို သူ့ခွဲစိတ်ဆောင်၌ တာဝန်ချထားပေးဖို့ တောင်းခံခဲ့ခြင်း ဖြစ်လေသည်။

ခွဲစိတ်ကုဆရာဝန်ကြီး နက်စ်က သူမအပေါ် စိတ်ဝင်စားနေသည်ဟု သိလိုက်ရခြင်းသည် ဟာစ်လ်ဒါအဖို့ ဂုဏ်ယူစရာ ဖြစ်ခဲ့သည်။ မစ္စဂစ်ဘ် ပေးသည့် တာဝန်ကို မငြင်းမဆန် လက်ခံခဲ့သည်။ စိတ်ထဲကကျိတ်၍ ဝမ်းသာအားတက်နေသော်လည်း အပြင်သို့မထုတ်။ သူ လုပ်ချင်သောအလုပ်တွင် မျှော်လင့်ထားသည်ထက် အောင်မြင်မှုရနေသည့်အတွက် ဝမ်းမြောက်၍မဆုံး။ ဤသို့ဖြင့် ဟာစ်လ်ဒါသည် ခွဲစိတ်ခန်းတွင် ဒေါက်တာနက်စ်၏ သူနာပြုဆရာမ ဖြစ်လာခဲ့ရလေ၏။

ဟာစ်လ်ဒါသည် ခွဲစိတ်ကုသူနာပြုဆရာမအနေဖြင့် နက်စ်၏ ဘေးမှ ရပ်ကာ လိုအပ်သမျှကို အမှားအယွင်းမရှိအောင် ကူညီပေးခဲ့သည်။ နက်စ် ခွဲစိတ်နေသည်များနှင့် ခွဲစိတ်ဒဏ်ရာများ ပြန်ချုပ်ပေးနေသည်ကို အလွန် စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာနေလေ့ရှိ၏။ နက်စ် လုပ်ကိုင်နေသည်များကိုကြည့်ကာ နောင်တစ်ချိန်တွင် သူမကိုယ်တိုင် နက်စ် ခွဲစိတ်ကုသသလို ကုသနိုင်ရမည်ဟု စိတ်ကူးယဉ်လျက်ရှိသည်။

ဤသည်မှာ ဟာစ်လ်ဒါ၏ ကြီးမားသော ရည်မှန်းချက် ဖြစ်၏။ သူမသည် အမြဲတစေ ဆရာဝန်တစ်ယောက် ဖြစ်လိုသောဆန္ဒရှိခဲ့သူ ဖြစ်သည်။ အထူးသဖြင့် ခွဲစိတ်ကုဆရာဝန်ဘဝကို လိုလားခဲ့သူ ဖြစ်သည်။ သူမသည် အသက် နှစ်ဆယ့်ငါးနှစ် ရှိခဲ့ပြီ။ ဤအသက်သည် သိပ်ပြီး ကြီးသေးသည် မဟုတ်။ မိမိ ရည်မှန်းထားသည့်အတိုင်း မဖြစ်မနေ လုပ်သွားမည်ဆိုပါက အလားအလာကောင်းတွေ အများကြီးရှိနေသေးသည်ဟု ယူဆထားသည်။ လွတ်လပ်မှုဟူ၍ လုံးဝမရှိသော လောဂေဟာမှ လွတ်မြောက်လာကတည်းက ဟာစ်လ်ဒါသည် သူမ၏ရည်မှန်းချက်ကို ဖြစ်မြောက်အောင်မြင်အောင်လုပ်မည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်၏။ ထို့ကြောင့်လည်း သူမသည် အတိုင်းအဆ မသိနိုင်လောက်အောင် ပျော်နေခြင်းဖြစ်၏။ ထို့ပြင်လည်း သူမသည် သူမအချစ်ဆုံးညီမ ဂရေ့စ်ကို သူမ၏အနီး၌ ခေါ်ထားနိုင်ခဲ့ပြီ မဟုတ်လား။

ဂရေ့စ်သည် ဟာစ်လ်ဒါကဲ့သို့ ထူးချွန်သည့် သူနာပြုတစ်ယောက် ဖြစ်မလာခဲ့ပေ။ သူမသည် ကျေနပ်ရောင့်ရဲနိုင်သူ ဖြစ်သည်။ တစ်ခါတစ်ရံတွင် မစ္စဂစ်ဘ်က



သူမအား အရည်အချင်း လုံးဝမရှိသော မိန်းကလေးတစ်ယောက် ဖြစ်သဖြင့် ထူးထူးခြားခြား ဘာမှဖြစ်လာနိုင်မည်မဟုတ်ဟု လူအများရှေ့၌ မညှာမတာ ပြောခဲ့သော်လည်း သည်းခံနိုင်စွမ်းရှိသည်။ ဘာမှပြန်မပြောဘဲ ခေါင်းငုံ့၍သာ ခံခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဂရေ့စ်သည် အခြားသူနာပြုဆရာမများ၏အလယ်တွင် လူချစ်လူခင်ပေါသူ ဖြစ်၏။ ဆေးရုံနှင့် မဝေးလှသော ဆီလုံးလမ်းရှိ သူနာပြုဆရာများဂေဟာ၌ ဂရေ့စ်အား ကူညီမည့်သူတွေ တစ်ပုံကြီးရှိသည်။ ဂရေ့စ် လိုချင်သည့် ပစ္စည်းမှန်သမျှကို ပေးမည့်သူတွေ အများအပြားရှိသည်။ သူမအား စီးကရက်ပေးမည့်သူ၊ ခတ်ပြားပေးမည့်သူ၊ ချောကလက်ပေးမည့်သူ၊ နေ့လယ်စာ ကျွေးမည့်သူနှင့် ရုပ်ရှင်ပြမည့်သူတွေ အမြဲရှိနေတတ်သည်။ သူမတွင် ခင်မင်နေသော ယောကျ်ားလေးအဖော်တွေလည်း ပေါသည်။

ဟာစ်လ်ဒါကတော့ ဒါမျိုးတွေ မုန်းသည်။ သူမ၏ သပ်ရပ်သန့်ရှင်းသော အခန်းကို ဘယ်သူမှလာသည်ကို မကြိုက်။ ဂရေ့စ်မှတစ်ပါး အခြား ဘယ်သူ့ကိုမှ မလာစေချင်။ ဂရေ့စ်ကိုတော့ အမြဲလာစေချင်သည်။ လာလျှင်လည်း အလွန် ဝမ်းသာသည်။ ဆူဆူပူပူလည်း လုပ်တတ်သည်။

မတ်လကုန်ခါနီး တစ်နေ့သော နံနက်ခင်းတွင် ညီအစ်မနှစ်ယောက် ဆုံမိကြသည်။

'ဒီမယ် ဂရေ့စ်၊ နင် မောင်ဂိုမာရီဆိုတဲ့ သတ္တဝါနဲ့ အမြဲတွဲပြီး ထွက်နေတယ်ဆို'

ဟာစ်လ်ဒါက မေးသည်။

'မွန်တီဟာ လူဆိုးတစ်ယောက် မဟုတ်ပါဘူး အစ်မရယ်၊ ညီမတို့က တွေ့ရာနေရာတွေကို သွားကြတာ မဟုတ်ပါဘူး'

'မိန်းမတစ်ယောက်ဟာ အဲဒီလို မဖြစ်သင့်ဘူး' ဟု ဟာစ်လ်ဒါက ပြောသည်။

'နောက်တစ်ပတ် အားလပ်တဲ့ရက်ကျရင် သွားစရာရှိတာ တို့အတူသွားကြမယ်'

ဟာစ်လ်ဒါသည် ထိုအချိန်မှစ၍ ဂရေ့စ်အတွက် အစစအရာရာ သူကိုယ်တိုင် စီစဉ်သည်။ ဂရေ့စ်ကလည်း ပျော်ရွှင်စွာပင် လိုက်နာသည်။ ဂရေ့စ်သည် ရိုးသားသည်။ ပရိယာယ်မရှိ။ သဘောမနော ကောင်းသည်။ ထိုစိတ်ကြောင့်လည်း သူသည် ဟာစ်လ်ဒါ ပြုသမျှအတိုင်း လိုက်နာနေခြင်း ဖြစ်၏။

သို့သော်လည်း ဂရေ့စ်သည် သူမထံ၌ရှိနေသည့် စာများအကြောင်းကိုတော့ ဟာစ်လ်ဒါအား အသိမပေး။ ဂရေ့စ်သည် ဟာစ်လ်ဒါက ဘာပဲပြောပြော

ဘာပဲလုပ်လုပ် ပဋိပက္ခဖြစ်အောင် မနေ၊ မပြော၊ မလုပ် ....။ သို့သော်လည်း ဤစာများနှင့်ပတ်သက်၍ သိသင့်သလောက် သိနေသော ဟစ်လ်ဒါသည် များစွာသောကရောက်လျက်ရှိ၏။ စာများမှာ ပြင်သစ်နိုင်ငံမှ လာနေခြင်းဖြစ်၍ တစ်ပတ်တစ်စောင်၊ တစ်ခါတစ်ရံ နှစ်စောင် ရောက်လာလေ့ရှိသည်။ စာအိတ်ပေါ်မှ တံဆိပ်မှာ စစ်မြေပြင် စာတိုက်တံဆိပ် ဖြစ်သည်။

စာအိတ်ပေါ်မှ လက်ရေးမှာ ယောကျ်ားလက်ရေးဖြစ်၍ စာရောက်လာတိုင်း ထိုလက်ရေးချည်း ဖြစ်နေသည်ကို ဟစ်လ်ဒါ သတိထားမိသည်။ ဤစာများရောက်လာနေပုံကို ကြည့်ရခြင်းအားဖြင့် ဂရေ့စ်သည် ရှေ့တန်းစစ်မြေပြင်မှ တစ်ဦးတစ်ယောက်နှင့် စာအပြန်အလှန် မှန်မှန်ရေးနေသည်မှာ ထင်ရှားနေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကြာလာတော့လည်း ဟစ်လ်ဒါသည် သည်းမခံနိုင်အောင် ဖြစ်လာသည်။ ဧပြီလ တစ်ညခင်းတွင် ဂရေ့စ်နှင့်အတူ အိမ်သို့ လမ်းလျှောက်ပြီး ပြန်လာကြသောအခါ ဟစ်လ်ဒါသည် မအောင့်နိုင်တော့ဘဲ ထုတ်မေးသည်။

'ဒီနေ့ စာတစ်စောင် ရောက်လာပြန်ပြီ၊ ပြင်သစ်ကလာတဲ့စာပဲ' ဟု ဟစ်လ်ဒါက ပြောသည်။ ဂရေ့စ်သည် သူ့ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်ပြီး သွားနေရာမှ ....

'ဟုတ်တယ်' ဟု ဖြေသည်။

'ဘယ်သူက ရေးနေတာလဲ'

ပထမတွင် ဂရေ့စ်သည် အဖြေမပေး။ သို့သော်လည်း အေးဆေးရိုးသားသော ဂရေ့စ်သည် သူ့အစ်မ၏မေးခွန်းကို မဖြေဘဲမနေနိုင်။

'ဒန်းတီးစ်ဒေးပါ'

'ဒန်းတီးစ်ဒေးလ် ....၊ ဟုတ်လား' ဟု ဟစ်လ်ဒါက အလန့်တကြား ရေရွတ်သည်။

'ပေါင်မုန့်ဖုတ်သမားရဲ့သား တီးစ်ဒေးလား'

ဂရေ့စ်ကတော့ ....

'ဟုတ်တယ်' ဟု ဆေးဆေးဆေးဆေးပင် ဖြေသည်။

'ဘုရား .... ဘုရား၊ ဒီလောက်ကြီး မိုက်မဲရသလား ဂရေ့စ်ရယ်၊ မုန့်ဖုတ်သမားရဲ့သားနဲ့မှ သွားပြီး ဖြစ်ရသလား'

'ဘာပြုလို့ မိုက်မဲတယ်လို့ ပြောရတာလဲ'

'ပြောရမှာပေါ့၊ ဒီလိုဟာမျိုးနဲ့ဖြစ်တော့ နင် အပေါစား ဖြစ်တာပေါ့'

'ဘာ့ကြောင့် အပေါစားဖြစ်ရမှာလဲ ဟစ်လ်ဒါရယ်၊ ဂရေ့စ်ရဲ့ တစ်သက်မှာ သူ့စာတွေလောက် ဖတ်ကောင်းတာ တစ်ခါမှ မကြုံခဲ့ဖူးဘူး၊ သူ့စာတွေဖတ်ရလို့ အပေါစား ဖြစ်မသွားနိုင်ပါဘူး'



'နင် ဒီလိုလုပ်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဘာမှ မသိနားမလည်တဲ့ ကျောင်းသူပေါက်စမလေးအချိုးမျိုး လုပ်နေတာကို ငါက ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ စစ်သူရဲကောင်းတွေဆိုပြီး မိုက်လုံးကြီးတဲ့မိန်းမတွေက သူတို့ခြေရင်းမှာ ဝပ်စင်းနေကြတာဟာ ရွံရှာဖို့ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် ဒီစာတွေလာနေလို့ မဖြစ်တော့ဘူး'

ဂရေ့စ်က ခေါင်းခါသည်။

'ဝမ်းနည်းပါတယ် ဟစ်လ်ဒါ၊ ဒီကိစ္စမှာတော့ ....'

'မဖြစ်ဘူး ဂရေ့စ်၊ ဒါကိုတော့ ရပ်တန်းက ရပ်ရမယ်'

ဂရေ့စ်က ခေါင်းထပ်ခါသည်။

'ဂရေ့စ် မရပ်နိုင်ဘူး' ဟု ပြောသည်။ ဂရေ့စ်၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလျက်ရှိသည်။ သူမ၏လေသံတွင် မလျှော့နိုင်ဘူးဟူသော သဘောပါနေသည်။ ထိုလေသံကြောင့် ဟစ်လ်ဒါသည် ဂရေ့စ်အား နောက်ထပ် ဘာမှမပြောရဲသလို ဖြစ်သွားသည်။

ထိုညက ဟစ်လ်ဒါသည် ဤကိစ္စနှင့်ပတ်သက်၍ စကားမစပ်တော့ပေ။ သို့သော်လည်း နောက်ပိုင်းတွင် သူမသည် ဂရေ့စ်အား ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်ဖြင့် ထိုစာများကို အဆက်ဖြတ်ရန် အားထုတ်သည်။ သူ အဆက်မပြတ် အားထုတ်ခဲ့သည်မှာ ဆယ့်ငါးရက်ခန့်ကြာသည်။ သို့သော်လည်း စာများသည် ပုံမှန်အတိုင်း ရောက်လာလျက်ပင် ရှိလေသည်။

ထို့နောက် ဟစ်လ်ဒါသည် တစ်ပတ်လုံးလုံး ဂရေ့စ်၏အလိုသို့လိုက်ကာ သူ ကြိုက်လိမ့်မည်ဟု ယူဆရသော အလုပ်များကို လုပ်ပေးသည်။ ဂရေ့စ်နှင့်အခြား သူနာပြုဆရာမများ နှစ်သက်သော ကာဒိုးမားကဖီးသို့ ဂရေ့စ်နှင့်အတူ သွားထိုင်ခြင်း၊ ဂရေ့စ် သွားလိုရာနေရာများသို့ လိုက်ပို့ခြင်း စသည်များကို လုပ်ကိုင်ပေးခြင်း ဖြစ်၏။ ဂရေ့စ်သည် ဟစ်လ်ဒါ လုပ်ပေးသမျှကို လက်ခံသည်။ ဟစ်လ်ဒါက ချော့မော့ဖျောင်းဖျနေသည့်အခါတွင်လည်း ဘာတစ်ခွန်းမှပြန်မပြောဘဲ နားထောင်သည်။ သို့သော်လည်း ဒန်းတီးစ်ဒေးထံသို့ စာမရေးဖို့ ဖျောင်းဖျသည့်အခါ နားမထောင်။ စာကို မှန်မှန်ပင်ရေးသည်။

ထိုအခါ ဟစ်လ်ဒါသည် စာများအရောက်ကို မျက်ခြည်မပြတ် စောင့်ကြည့်သည်။ နေ့စဉ် နံနက်တိုင်း စာတင်စင်ကို သွားကြည့်သည်။ ဤသို့ဖြင့် ဇွန်လ၏ တစ်နံနက်တွင် ဟစ်လ်ဒါသည် လောဘိုရို စာတိုက်အမှတ်တံဆိပ်ဖြင့် ရောက်နေသော စာတစ်စောင်ကို တွေ့ခဲ့ရလေ၏။ ထိုနေ့ နံနက်စာစားအပြီးတွင် သူမသည် ဂရေ့စ်ထံ ရောက်သွားသည်။

'သူ ဒဏ်ရာ ရသွားသလား' ဟု အသံကိုထိန်း၍မေးသည်။

'ဟုတ်တယ်' ဟု ဖြေကာ ဂရေ့စ်က မျက်နှာကိုလွှဲထားသည်။

'ဒဏ်ရာ ပြင်းထန်သလား'

'မပြင်းဘူး'

'အခု ဆေးရုံမှာလား'

'အင်း'

သူမ၏ရင်ထဲမှ တိတ်တခိုး စိုးရိမ်မှုသည် များစွာ သက်သာရာရသွားသည်။ လောဘကိုရှိသည် အလွန် အလုမ်းကွာဝေးလှသဖြင့် တော်ပါသေးရဲ့ဟု အောက်မေ့မိသည်။ ဒဏ်ရာ မပြင်းထန်ပါက ဒန်းသည် ချက်ချင်းပင် ပြင်သစ်စစ်မြေပြင်သို့ ပြန်ထွက်ရလိမ့်မည်ဟု ယူဆရ၏။ သို့သော်လည်း ဟာစ်လ်ဒါက နှုတ်ခမ်းကိုမဲ့လိုက်ပြီး သူ့ညီမအား သရော်သည်။

'သူ့ကို ဒီဆေးရုံအထိ သယ်လာဖို့ကောင်းတယ်၊ ဒါဆိုရင် တစ်ပေါင်လောက်သာတန်တဲ့ ချစ်ဇာတ်လမ်းလေးကို မြင်ကြရမှာ'

ဂရေ့စ်သည် သူ့အစ်မ၏ ထေ့သံငေါ့သံများကို မကြားလို။ သူသည် ချက်ချင်းပင် ဟာစ်လ်ဒါ့အနားမှ ထွက်ခွာသွားသည်။ သူသည် လူနာဆောင်ထဲရောက်သည့်အခါ ဒန်း၏စာကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်သည်။ ဒန်းသည် လက်တွင် ဒဏ်ရာရခြင်း ဖြစ်၏။ မကြာမီ သက်သာသွားလိမ့်မည်ဟု စာတွင် ရေးထားသည်။ ဂရေ့စ်သည် စာကိုဖတ်ကာ သက်ပြင်းချနိုင်သွားသည်။

ဇူလိုင်လ ကုန်ခါနီးတွင် ဒန်းထံမှ စာများသည် အလာကျဲသွားသည်။ လ၏နောက်ဆုံးရက် ညနေခင်းတွင် ဂရေ့စ်သည် ဆလုံးလမ်းပေါ်အတိုင်း လျှောက်လာလျက်ရှိ၏။ ထိုအခိုက်တွင် လက်တစ်ဖက်ကို ပတ်တီးစည်းကာ စလွယ်သိုင်းထားသည့် စစ်ယူနီဖောင်းနှင့် လူတစ်ယောက်သည် သူမနှင့် မျက်နှာချင်းဆိုင်ဘက်မှ လျှောက်လာလျက်ရှိ၏။ ဂရေ့စ်သည် ထိုသူကို သတိမထားမိ။ သူမ၏အစ်ကို အာသာအကြောင်းနှင့် အိမ်မှ အပြောင်းအလဲများအကြောင်းကိုတွေးကာ စိတ်မကောင်းဖြစ်လျက်ရှိသည်။ ဤကြားထဲမှပင် သူနာပြုဆရာမကြီး မစ္စဂစ်ဘ်၏ အဆူအပူကို ခံထားရသဖြင့် စိတ်ကလည်းညစ်လျက်ရှိသည်။ ဒန်းဆီမှ လာနေကျစာများ ရောက်မလာသည်မှာလည်း ရက်အတော်ကြာခဲ့ပြီဖြစ်၍ သူမတွင် သောကက ရှိနေသည်။

ထိုခဏမှာပင် သူမသည် ဒန်းကို မြင်လိုက်သည်။ ပထမတော့ ဂရေ့စ်သည် ဟုတ်မှ ဟုတ်ပါလေစဟု ဇဝေဇဝါ ဖြစ်နေသေးသော်လည်း တစ်ခဏအတွင်းမှာပင် သေချာသွားသည်။ ဒန်းမှ ဒန်းအစစ်။ ဒန်းသည် လမ်းမကို



ဖြတ်ကာ သူမ၏အနီးသို့ ရောက်လာသည်။ သူမက လက်တစ်ဖက်လှမ်းပေးပြီး ဒန်း၏လက်ကို ဆွဲထားသည်။

ဒန်းသည် ဂရေ့စ်၏မျက်နှာကို မကြည့်။ ရှက်စိတ်ဝင်နေသဖြင့် ရဲရဲမကြည့်ဝံ့ခြင်း ဖြစ်၏။ သူမအား ကြောက်သလို ရွံ့သလို ဖြစ်နေသော ဒန်းကိုကြည့်ကာ ဂရေ့စ်သည် အံ့အားသင့်လျက်ရှိသည်။ ဂရေ့စ်က ဒန်း၏ ပတ်တီးစည်းထားသောလက်ကို လှမ်းကြည့်သည်။

'လက်ကဒဏ်ရာ ဘယ်လိုနေသေးလဲ'

'လက်ကောက်ဝတ်က အကြောတွေအတွက် ဆေးရုံက ဆရာဝန်တွေ ခေါင်းရှုပ်ခဲ့ကြရတယ်' ဟု ဒန်းက ပြန်ပြောသည်။

'သူတို့က လန်ဟာမ်း ဆေးကုဌာနမှာ အရိုးပြုပြင်ကုသမှု ခံယူရမယ်လို့ ပြောပြီး ဒီကိုလွှတ်လိုက်တယ်၊ လျှပ်စစ်ဓာတ်နဲ့ နှိပ်တာ၊ စက်တွေနဲ့ လေ့ကျင့်ခန်းလုပ်တာတွေကို သီတင်းခြောက်ပတ်တိတိ လုပ်ရမယ်တဲ့'

'သီတင်းခြောက်ပတ် ....ဟုတ်လား' ဟု ဂရေ့စ်က ဝမ်းသာအားရ ရေရွတ်သည်။

ဒန်းကတော့ သူမ၏မျက်နှာကိုကြည့်ကာ တစ်စုံတစ်ရာပြောရန် ချိန်ဆနေသည်။

'တကယ်လို့ တာဝန်မလေးဘူးဆိုရင်ပေါ့လေ၊ ဟို ....ဟို ....'

'တာဝန် ဘာလေးစရာရှိလို့လဲ' ဟု ဂရေ့စ်က ပြန်ပြောသည်။

'မနက်ဖြန်ကျရင် ဂရေ့စ် အလုပ်နားချိန် နှစ်နာရီရမယ်၊ ဂရေ့စ်နဲ့ လက်ဖက်ရည် လာသောက်ပါလား'

ဒန်းက ရယ်သည်။ သူသည် မြေပြင်ကို ငုံ့ကြည့်နေဆဲ ....။

'ကျွန်တော်ကလည်း ဂရေ့စ်ကို အဲဒီစကား ပြောချင်နေတာ'

ဤတစ်ကြိမ်တွင် ဂရေ့စ်က ရယ်သည်။ နှစ်နှစ်ခြိုက်ခြိုက်ရယ်လိုက်ခြင်း ဖြစ်၏။ တကယ်တော့ ဒန်းသည် ငယ်ငယ်ကတည်းက သူမ၏ အဖော်ကောင်းတစ်ဦး ဖြစ်ခဲ့သည် မဟုတ်ပါလား ....။ ဒန်းသည် ငယ်ငယ်တုန်းကအတိုင်းပင် ဖြစ်သည်။ ခုဗိုလ်ယူနီဖောင်း ဝတ်ထားခြင်းနှင့် လက်တွင် ပတ်တီးစည်းပြီး စလွယ်သိုင်းထားခြင်းမှတစ်ပါး အခြားအရာအားလုံးသည် အပြောင်းအလဲမရှိ။ ဟိုတစ်ချိန် ငယ်ငယ်တုန်းကအတိုင်းပင် ဖြစ်၏။ ယခုအထိ သူသည် ရှက်တတ်ရွံ့တတ်ဆဲ ဖြစ်၏။ နူးညံ့သိမ်မွေ့ဆဲ ဖြစ်၏။ ဘယ်လိုပဲဖြစ်ဖြစ် မိမိအနေဖြင့် ဒန်းအပေါ် ချစ်လာလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

'မနက်ဖြန် သုံးနာရီကို လာခဲ့ပေါ့၊ သူနာပြုဂေဟာ အပြင်ကနေပြီးစောင့်' ဟု ဂရေ့စ်ကပြောကာ ဂေဟာတွင်းသို့ ဝင်သွားသည်။

နောက်တစ်နေ့တွင် သူတို့ချင်း ချိန်းထားသည့်အတိုင်း ဆုံကြသည်။ အောက်စဖို့လမ်းထဲရှိ ဟာရစ္စကဖီး၌ လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံ ကျကြသည်။ ရက်စိတ်ပျောက်နေသည့်အခါတွင် ဒန်းသည် စကားပြောကောင်းသူ ဖြစ်၏။ သူ့အနေဖြင့် ဂရေ့စ် ပြောသမျှကိုလည်း စိတ်ဝင်တစား နားထောင်သည်။ ဂရေ့စ်က သူမ၏အစ်ကိုနှင့် အဖေတို့အတွက် သောကများနေရကြောင်းကို ရင်ဖွင့် သည့်အခါ သူသည် ကိုယ်ချင်းစာတရားအပြည့်ဖြင့် နားထောင်သည်။

'ကျောက်မီးသွေးတွင်း ပြိုပြီးကတည်းက ဂရေ့စ်တို့အိမ်မှာ အဆင်မပြေ မှုတွေ စလာတာပဲ ဒန်း' ဟု ဂရေ့စ်က သူမ၏စကားကို အဆုံးသတ်သည်။

'ဂရေ့စ်ကတော့ အိမ်ကိုတောင် မပြန်ချင်တော့ဘူး'

ဒန်းက ခေါင်းညိတ်သည်။

'ကိုယ် နားလည်ပါတယ်' ဟု ပြန်ပြောသည်။

'ဒန်းကော စစ်ကြီးပြီးသွားရင် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာပဲ အလုပ်ပြန်လုပ်မယ်လို့ စိတ်ကူးသလား၊ ဂရေ့စ်ကတော့ အဲဒီမှာ အလုပ်ပြန်လုပ်ဖို့ မစဉ်းစားဝံ့ဘူး'

'ကိုယ်လည်း မစဉ်းစားချင်တော့ဘူး၊ အမှန်အတိုင်းပြောရရင် အဲဒီအလုပ် ကို ကိုယ် လုံးဝမကြိုက်ဘူး၊ စစ်ကြီးအတွင်းမှာ ဘာမှမဖြစ်ဘဲ အသက်ရှင်ကျန်ရစ် ခဲ့ရင်တော့ ယာလုပ်ငန်းပဲ လုပ်ချင်တယ်'

'အဲဒါလည်း ကောင်းသားပဲ' ဟု ဂရေ့စ်က ပြောသည်။ သူတို့နှစ်ယောက် သည် စကားလက်ဆုံ ပြောလို့မကုန် ဖြစ်နေသည်။ စကားပြောနေကြသည်မှာ ကြာလွန်းသဖြင့် စားပွဲထိုး အမျိုးသမီးက သူတို့ထံ နှစ်ခေါက်တိတိ ရောက်လာပြီး နောက်ထပ် ဘာလိုသေးသလဲဟု နောက်တီးနောက်တောက် အမူအရာဖြင့် မေး သည်။

ထို့နောက် နှစ်ယောက်သား လမ်းလျှောက်ရင်း စကားဆက်ပြောကြပြန် သည်။ ညနေငါးနာရီ ထိုးသည့်အခါ သူနာပြုဂေဟာရှေ့သို့ ပြန်ရောက်ကြသည်။ ဂရေ့စ်က ဂေဟာထဲမဝင်မီ....

'ဂရေ့စ်ကြောင့် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် နောက်တစ်ကြိမ် ထပ်ပြီး အပြင်ထွက်ကြဦးစို့' ဟု ပြောသွားသည်။

ထိုအချိန်မှစ၍ ဂရေ့စ်နှင့် ဒန်းတို့သည် နေ့စဉ်မှန်မှန်တွေ့ကာ အပြင်သို့ အလည်ထွက်ကြသည်။ အထူးအဆန်းနေရာမှန်သမျှကို သွားကြသည်။ ဤသို့ဖြင့် တစ်နေ့သောညနေခင်း ကင်ဆင်တန်း ပန်းဥယျာဉ်မှအပြန်တွင် သူနာပြုဂေဟာ ရှေ့၌ ဟစ်လ်ဒါနှင့် ဆုံမိကြ၏။ အမှန်အားဖြင့် ဟစ်လ်ဒါသည် သူ့ညီမနှင့် ဒန်း အမြဲတစေ တွဲသွားနေကြသည့်သတင်းကို သိပြီးဖြစ်သည်။



ဟစ်လ်ဒါသည် အေးစက်စက်နိုင်လှသော အပြုံးဖြင့် ဒန်းအား တစ်ချက် လှမ်းကြည့်ပြီး ....

'မင်္ဂလာ ညခင်းပါ' ဟု နှုတ်ဆက်သည်။

'မင်္ဂလာ ညခင်းပါ မစ္စဟစ်လ်ဒါ' ဟု ဒန်းက ပြန်၍ နှုတ်ဆက်သည်။

'မင်းကြည့်ရတာ စစ်ပွဲက ရသမျှ အခွင့်အရေးတွေကို အသုံးချနေပုံပေါ် တယ်' ဟု ဟစ်လ်ဒါက ခနဲ့တဲ့တဲ့လေသံဖြင့် ပြောသည်။

အားလုံး နှုတ်ဆိတ်သွားကြသည်။ တစ်မျက်နှာလုံး နီရဲနေသော ဒန်း သည် ဟစ်လ်ဒါကို ပြန်ကြည့်ကာ စိတ်မငြိမ်မသက်ဖြစ်လျက် ရှိသည်။

'ဒါပေမဲ့ စစ်ကြီးပြီးသွားရင်တော့ လူတိုင်းဟာ ကိုယ့်နေရာကိုယ် ပြန် သွားကြရမှာပဲဆိုတာတော့ သိထားဖို့လိုတယ်' ဟု ဟစ်လ်ဒါက ထပ်ပြောသည်။

သူမ၏စကားသည် ရှင်းသည်။ သူမ၏ဆိုလိုရင်းကို နားလည်လိုက်သော ဒန်းသည် ဟစ်လ်ဒါအား ကပျာကယာ နှုတ်ဆက်ကာ ဂရေ့စ်ကိုပင် လှည့်မကြည့် တော့ဘဲ ထွက်ခွာသွားသည်။

ဂေဟာထဲ ရောက်သွားကြသည့်အချိန်တွင် ဟစ်လ်ဒါနှင့် ဂရေ့စ်သည် ဤကိစ္စကို အကြောင်းပြု၍ စကားများကြသည်။ ဟစ်လ်ဒါက ဒန်းအား မုန့်ဖုတ် သမား၏သား မတ်စတာဘန်းပုံပြင်ကိုပြောကာ သရော်သည်။ ဂရေ့စ်ကလည်း ထိုသရော်မှုကို မခံနိုင်။

'အဲဒီစကားမျိုးကို နောက်တစ်ခါ ထပ်ပြောရင် ကျွန်မ အသက်ရှင်နေသမျှ ကာလပတ်လုံး ရှင်နဲ့ အဆက်အဆံမလုပ်ဘူး၊ အပြတ်ပဲ' ဟု ပြောသည်။ ညီအစ်မ နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစူးရဲရဲကြည့်ကာ ဒေါသမီး တောက်ကြသည်။

နောက်တစ်ကြိမ် ဒန်းနှင့် ဂရေ့စ်တို့သည် အပြင်တွဲ၍ ထွက်ကြသည်မှာ ကြာသပတေးနေ့တွင် ဖြစ်သည်။ ထိုနေ့သည် သူတို့နှစ်ယောက် နောက်ဆုံးအကြိမ် တွေ့ကြရခြင်း ဖြစ်၏။ ဤသီတင်းပတ်သည် ဒန်း နေခွင့်ရသည့် နောက်ဆုံးပတ် ဖြစ်၏။ ဒန်း၏လက်ကောက်ဝတ်မှ ဒဏ်ရာမှာလည်း အတော်ကြီး သက်သာ နေပြီ ဖြစ်သည်။ သူသည် လာမည့်အပတ် တနင်္လာနေ့တွင် တပ်ရင်းသို့ပြန်၍ သတင်းပို့ရပေတော့မည်။

ထိုနေ့က သူတို့သည် ပန်းခြံများကို သွားကြသည်။ ဟစ်လ်ဒါ၏ ဆက်ဆံမှု မပြေပြစ်သဖြင့် နှစ်ဦးစလုံး စိတ်မကောင်းဖြစ်ကာ နှုတ်ဆိတ်နေကြသည်။ ယခု အခါတွင် ဂရေ့စ်သည် သူ့စိတ်သူ သိနေပြီ။ သူသည် ဒန်းအား ချစ်နေမိပြီဖြစ်၏။ မိမိက ချစ်နေကြောင်း မသိဘဲနှင့် ပြင်သစ်စစ်မြေပြင်သို့ ပြန်သွားရမည့် ဒန်း အတွက် သူသည် စိတ်မကောင်းဖြစ်နေသည်။

ဒန်းကတော့ သူမ၏အကြောင်းကို သိလိမ့်မည်မဟုတ်။ သူမအား မိတ်ဆွေတစ်ယောက်ဟုပင် မြင်နေပေလိမ့်မည်။ သို့ဆိုလျှင် ဒန်းသည် မိမိအပေါ်၌ မိတ်ဆွေတစ်ယောက်ထက်ပိုပြီး ခင်မင်မှုရှိလိမ့်မည် မဟုတ်။ ဤလောကတွင် မိမိအား ချစ်မည့်သူ ရှိပါဦးမည်လား ....။ သူမသည် ဉာဏ်ကလည်း မထက်မြက်၊ နမော်နမဲ့လည်းနိုင်၏။ သပ်သပ်ရပ်ရပ်လည်း မနေတတ်။ ရုပ်ကလည်း မချော။ ဂရေ့စ်သည် ဒန်းနှင့် ဘေးချင်းယှဉ်၍ လျှောက်သွားနေရင်း ရောက်တတ်ရာရာများကို တွေးလာနေသည်။

သူတို့သည် တောအုပ်အစပ်မှ ရေကန်တစ်ကန်ဆီသို့ ရောက်သွားကြသည်။ ရေဘဲများကိုကြည့်ကာ ကြည်နူးနေကြသည်။ ဒန်းက ရေဘဲတွေလှကြောင်း ပြောနေရာမှ ....

'ကိုယ်ကတော့ ဒီလိုဘဲမျိုးတွေကို သိပ်မွေးချင်တာပဲ' ဟု ပြောသည်။

သူတို့သည် ကန်ပေါင်ပေါ်၌ရပ်ကာ ရေဘဲများ၏ လှုပ်ရှားမှုကို စိတ်ဝင်တစား ကြည့်နေကြသည်။ ထိုအခိုက်မှာပင် ရုတ်တရက် မိုးရွာလာသည်။ မိုးသည် သည်းထန်လှ၏။

'ကိုယ်တို့ပြေးမှ ဖြစ်မယ်' ဟု ပြောကာ ဒန်းက ဂရေ့စ်လက်ကိုဆွဲ၍ နီးရာအိမ်တစ်လုံးဆီသို့ ပြေးသွားသည်။ အိမ်မှာ သစ်ခွပန်းများပျိုး၍ ရောင်းချသော အိမ်ငယ်တစ်လုံးမျှသာ ဖြစ်လေသည်။

ဂရေ့စ် လက်ထဲတွင် အပြာရောင် သူနာပြုဆရာမ ကုတ်အင်္ကျီ ပါလာသည်။ ဒန်းတွင်မူ ဘာမှပါမလာ။ သူ၏ ကျူးနစ်အင်္ကျီသည် မိုးရေများဖြင့် ရွှဲရွဲစိုနေသည်။

'ရှင့် ကျူးနစ်အင်္ကျီတစ်ထည်လုံး စိုကုန်ပြီ ဒန်း၊ ရှင် ဝတ်ထားလို့ ဘယ်ဖြစ်မလဲ၊ ဂရေ့စ်ကိုချွတ်ပေး၊ ခြောက်အောင် လုပ်ပေးမယ်' ဟု ပြောသည်။

ဒန်းက အင်္ကျီကို ချွတ်ပေးသည်။ သူသည် ဂရေ့စ် ဘာခိုင်းခိုင်း လိုက်နာလေ့ရှိသည်။ အခုလည်း ဂရေ့စ် ခိုင်းသည့်အတိုင်း လုပ်သည်။ ဂရေ့စ်က အင်္ကျီကို ယူ၍ ညှစ်နေခိုက်တွင် ဥယျာဉ်မှူး အဘိုးကြီး ရောက်လာသည်။ သူသည် ဒန်းတို့ ပြေးလာသည်ကို စောစောကတည်းက မြင်ခဲ့သူ ဖြစ်၏။ သူသည် ဒန်းအား ခေါင်းညိတ်၍နှုတ်ဆက်ပြီး ဂရေ့စ်ကိုကြည့်၍ပြုံးသည်။

ဂရေ့စ်သည် အပူငွေ့ရှိနေသော ပိုက်လုံးများပေါ်တွင် ကျူးနစ်အင်္ကျီကို တင်၍ ခြောက်အောင်လုပ်နေသည်။ အင်္ကျီခြောက်သွားသည့်အခါ ဒန်းထံသို့ သွား၍ပေးသည်။ ဒန်းသည် အပြင်ဘက်မှ တရစပ်ကျနေသော မိုးပေါက်များဆီသို့ ငေးကြည့်နေသည်။ ဒန်းသည် အင်္ကျီကိုယူ၍ဝတ်သည်။ ဂရေ့စ်က ဘေးမှ



ဝင်ကူသည်။ ဒန်းသည် ဂရေ့စ်အား စိုက်ကြည့်နေရာမှ သူ့ရင်ထဲ၌ရှိနေသမျှ ပွင့်ထွက်လာသည်။

'ကိုယ် ....မင်းကို ချစ်တယ် ဂရေ့စ်၊ ကိုယ် ....မင်းကို ချစ်တယ်'

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်မိကြသည်။ ကျူးနစ် အင်္ကျီသည် သူတို့လက်ထဲမှ လွတ်ကျသွားသည်။ ဂရေ့စ်အဖို့ ပျော်လွန်းအားကြီးသဖြင့် အရူးအမူးဖြစ်လျက်ရှိသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လျက်ရှိသည်။

'ဒန်းရယ်၊ ဂရေ့စ်ကို တကယ်ချစ်တာလားဟင်'

'တကယ်ချစ်တာပါ ဂရေ့စ်ရယ်'

'ဒန်း တပ်ကို ဘယ်နေ့ပြန်မှာလဲ'

'တနင်္လာနေ့'

'ဒီနေ့ ဘာနေ့လဲ'

'ကြာသပတေးနေ့'

ဂရေ့စ်သည် တစ်ခဏမျှ စဉ်းစားနေသည်။

'ဒါဆိုရင် ဂရေ့စ်တို့ စနေနေ့မှာ လက်ထပ်ကြရအောင်'

ဒန်းသည် အံ့အားသင့်လျက်ရှိ၏။ ဥယျာဉ်မှူး အဘိုးအိုသည် သူတို့နှစ်ဦး၏အဖြစ်ကို ချောင်းကြည့်နေသည်။ သူသည် သူ လုပ်စရာရှိသမျှကို မေ့နေသည်။ နှလုံးရောဂါ၏ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်မှုကိုပင် ခံရလုနီးပါး ဖြစ်သွားသည်။

သူတို့သည် စနေနေ့တွင် လက်ထပ်ကြသည်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်နှစ်ရက်တွင် သူမအား နားခွင့်ပေးဖို့ မစ္စစ်ဂစ်ဘ်နှင့် တိုက်ပွဲဝင်ရသည်။ ထိုနှစ်ရက်သည် ဂရေ့စ်နှင့် ဒန်းတို့၏ ဟန်းနီးမွန်းခရီး ဖြစ်သည်။ ထိုနှစ်ရက်တွင် သူတို့သည် ဘရိုက်တန်သို့သွား၍နေကြသည်။ တစ်ချိန်လုံး မိုးရွာလျက်ရှိသဖြင့် ရာသီဥတုမှာ စိုစွတ်လှ၏။ သို့သော်လည်း မိုးသည် ဂရေ့စ်နှင့် ဒန်းတို့အတွက် ထူးခြားသောအရာတစ်ခု မဟုတ်ပေ။

* * * * *

## (၃၉)

ဩဂုတ်လ၏ တစ်နေ့သော မွန်းလွဲပိုင်းတွင် မစ္စတာရစ်ချတ်ဘားရပ်စ်သည် ကျောက်မီးသွေးတွင်းတူး လုပ်သားဝတ်စုံကို ဝတ်ကာ အမ်းစထရောင်း၊ ဟာတ်ဒ်စပက်တို့နှင့်အတူ ရုံးဝင်းအတွင်းသို့ ဝင်လာသည်။ သူသည် ရုံးခန်းရှေ့၌ ခဏမျှ ရပ်ကာ အမ်းစထရောင်းနှင့် ဟာတ်ဒ်စပက်တို့အား စကားပြောလျက်ရှိသည်။

'မင်း ဒီသတင်းကို သတင်းစာတွေဆီ ပို့ပေးလိုက်ရင် ကောင်းမယ်လို့ ငါ ထင်တယ်၊ အာဂတ်စ် သတင်းစာကိုပါ ပေးလိုက်ပေါ့၊ သူတို့ကတော့ ဒီသတင်းကိုရရင် ဝမ်းသာမှာပဲ'

'မှန်ပါတယ်ခင်ဗျာ' ဟု အမ်းစထရောင်းက ပြောသည်။

'ကျွန်တော် မနက်ဖြန်ကျရင် ဖုန်းဆက်ပြီး ပြောလိုက်ပါမယ်'

'အခုဖောက်မယ့် လမ်းသစ်အတွက် ခန့်မှန်းခြေ ကုန်ကျစရိတ်ကိုလည်း အပြည့်အစုံပေးလိုက်ပါ'

'ကောင်းပါပြီခင်ဗျာ'

'တစ်ခုပြောရဦးမယ် အမ်းစထရောင်း၊ အခုလုပ်လိုက်တဲ့ ခြေလှမ်းရဲ့ အဓိကအကြောင်းရင်းက မျိုးချစ်စိတ်ကြောင့်ပဲဆိုတာ သူတို့ သိပါစေ၊ တို့အနေနဲ့ ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းထဲကိုဝင်နိုင်ရင် တို့ ထုတ်လုပ်ပေးနိုင်မယ့် ကျောက်မီးသွေးဟာ အခု လက်ရှိထွက်နှုန်းထက် နှစ်ဆပိုလာမှာ'

ဘားရပ်စ်သည် ဦးခေါင်းကို တစ်ချက်မျှဆတ်လိုက်ပြီး ဝင်းတံခါးဘက်သို့ လှည့်လိုက်သည်။ သူသည် လောဂေဟာသို့ ရှေ့ရှု၍ လျှောက်သွားသည်။ ကိုက်အနည်းငယ်မျှ လျှောက်မိတိုင်း လက်တစ်ဖက်ကိုမြှောက်၍ သူ့အား ခေါင်းညိတ်၍၊ လက်မြှောက်၍ နှုတ်ဆက်နေကြသူများအား အသိအမှတ်ပြန်ပြုနေရသည်။

ယခုအခါတွင် ဘားရပ်စ်သည် များစွာပေါ်ပြူလာ ဖြစ်နေသည်။ သူ၏ မျိုးချစ်စိတ်လုပ်ငန်း ဆောင်ရွက်မှုများမှာ အဆမတန် များပြားလျက်ရှိ၏။ ယင်းအခြေအနေတွင် သူ့သားအာသာသည် မသေသေး။ အသက်ထင်ရှားရှိနေဆဲ ....။ ထောင်ထဲ၌ ဒုက္ခပေါင်းစုံနှင့် ရင်ဆိုင်နေရဆဲ။ သို့သော်လည်း ဘားရပ်စ်ကတော့ သူ့သားအတွက် ဘာမှမစဉ်းစား။ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်စကားကို များများပြောကာ သူ နာမည်ကျော်ကြားဖို့ကိုသာ အဓိကထားသည်။

လူတိုင်းက ဘားရပ်စ်အား အလွန်ကြီးကျယ် မြင့်မြတ်သည်ဟု ယူဆကြ



သည်။ သူ့သားအာသာ ထောင်ကျသွားသည့်သတင်းနှင့် ပတ်သက်၍ သတင်းစာများကလည်း ဖခင်ဖြစ်သူအား များစွာအားပေး၍ ရေးကြသည်။ အာဂတ်စ် သတင်းစာတွင် "စပါတာဖခင်" ဟု ခေါင်းစီးတပ်ကာ နိုင်ငံချစ်စိတ်ကိုသာ အဓိကထားပြီး သူ့သားကိုစွန့်ပစ်သည့်ဖခင် စသည်ဖြင့် ရေးသည်။ ဆန်ဒေးအက်ကိုး သတင်းစာကလည်း သူတို့သားအဖအကြောင်းကို သတင်းဆောင်းပါးတစ်ပုဒ် ရေး၍ ဘားရပ်စ်အား ချီးကျူးခဲ့ကြသည်။

ထိုသတင်းများကြောင့် ဘားရပ်စ်၏ ဂုဏ်သတင်းသည် စလီစကေး၌သာ မက တိုင်နီကပ်ဆဲလ်မြို့၌ပါ ပျံ့နှံ့ကျော်ကြားနေသည်။ သူ သွားလေရာ ရောက်လေရာတွင် သူ့အား စိတ်ဝင်တစား ကြည့်နေသူတွေနှင့် အသိမိတ်ဆွေ ဖြစ်ချင်သူတွေ ပေါများလွန်းလှသည်ကို တွေ့နေရ၏။ ဘားရပ်စ်အဖို့တော့ ထိုအရာများသည် သာယာယစ်မူးဖွယ်ရာ အရာများဖြစ်သည်။

ယခုအခါတွင် သူသည် ဟက်တီနှင့်တွဲကာ စင်ထရယ်ဟိုတယ်သို့ မကြာခဏသွားလေ့ရှိသည်။ ထိုအခါမျိုးတွင်လည်း ပတ်ဝန်းကျင်ရှိလူအများက သူ့အား မျိုးချစ်ပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ် ပြုနေကြကြောင်းကို ကိုယ်နှုတ်အမူအရာများဖြင့် ဖော်ပြကြသည်။ ဘားရပ်စ်ကတော့ ထိုအမူအရာများကို မြင်တွေ့ရသည့် အခါများတွင်လည်း အလွန်ကျေနပ်အားရခြင်း ဖြစ်သည်။

အထူးခုံရုံး ဥက္ကဋ္ဌအနေဖြင့်လည်း ဘားရပ်စ်သည် ယခင်ကထက် နှစ်ဆတိုး၍ ကျော်ကြားလျက်ရှိသည်။ သူ့ရုံးတွင် ဘယ်သူ့ကိုမှ လွတ်ငြိမ်းခွင့်မပေး။ ရောက်လာသမျှ လူများကို စစ်မှုထမ်းရမည်ဟုသာ အမိန့်ချသည်။ သူသည် ထိုကဲ့သို့ လုပ်ရခြင်းအပေါ်၌လည်း အလွန် သာယာနေသူဖြစ်၏။ သူသည် ဘယ်တော့မှ အမှုသွား အမှုလာကို ယထာဘူတကျကျ စဉ်းစားလေ့မရှိ။ ဘယ်လို အမှုမျိုးပဲဖြစ်ဖြစ် အပြစ်ဒဏ်ချမှတ်ဖို့သာ စဉ်းစားလေ့ရှိသည်။ ရုံးထိုင်သည့်နေ့ဆိုလျှင် အိမ်သို့ ပြန်လာသည့်အခါတိုင်း ပျော်ရွှင်မြူးထူးလျက်ရှိသည်ကိုသာ တွေ့ရတတ်၏။

သူသည် လွန်ခဲ့သော လများစွာအတွင်းကစတင်၍ ပါရာဒိုက်စ် ကျောက်မီးသွေးတွင်း အဝင်လမ်းကို တည်ဆောက်ရန် စဉ်းစားခဲ့သည်။ စစ်ကြီး ဖြစ်လာကတည်းက အမြတ်ငွေ အဆမတန် ရလာခဲ့သည်ဖြစ်ရာ သူ့အနေဖြင့် နောက်ထပ် အမြတ်များများ ရရှိရေးအတွက် ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းကို ပြုပြင်ရန် စဉ်းစားကြံဆခဲ့ခြင်း ဖြစ်၏။ လက်ရှိပေါက်ဈေးမှာ ကျောက်မီးသွေးတစ်တန်လျှင် ဆယ်သျှီလင် ဖြစ်ရာ သူ့အမြတ်ငွေမှာ အဆမတန် ကြီးမားလာခဲ့သည်။ ထို့ကြောင့်လည်း ကျောက်မီးသွေးများကို နှစ်ဆတိုးထုတ်ရန် ကြံစည်ခဲ့ရခြင်း ဖြစ်လေသည်။

အမြတ်ငွေများ အဆမတန် ရလာချိန်မှစ၍ ဘားရပ်စ်သည် လောဂေဟာအတွက် ဗိမ်ခံပစ္စည်း အမြောက်အမြားကို ဝယ်ယူသုံးစွဲခဲ့သည်။ ထို့ပြင်သာမကသေး ဟက်တီအား ပေးရသည့် လက်ဆောင်များမှာ တန်ဖိုးကြီးလှသည်ဖြစ်ရာ ငွေကြေးအဆမတန် ကုန်ကျခဲ့သည်။ ဤအတွက်လည်း သူသည် ယခင်ကလို ငွေကြေးကို နှမြောခြင်းမရှိဘဲ သုံးစွဲခဲ့သည်။ တကယ်တော့ ဟက်တီသည် သူ့စိတ်ကို များစွာ သာယာချမ်းမြေ့အောင် လုပ်ဆောင်ပေးနေခဲ့သည် မဟုတ်ပါလား။ ယနေ့ည ဆိုလျှင် သူသည် ဟက်တီနှင့်အတူတူ ဘုရင့်ရုံသို့သွား၍ ပြဇာတ်ကြည့်ရန် ချိန်းထားခဲ့ပြီးပြီ မဟုတ်ပါလား။

သူသည် လောဂေဟာဝင်းခြံထဲသို့ ဖြည်းဖြည်းမှန်မှန်လျှောက်၍ ဝင်လာခဲ့သည်။ အိမ်ထဲရောက်သည့်အခါ အပေါ်ထပ်သို့ တန်းတက်သွားပြီး ရေကို စိမ်ပြေနပြေချိုးသည်။ ပြီးတော့ အဝတ်အစားကို ကျကျနနလဲကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

အန်တီကေရီသည် ထုံးစံအတိုင်း ဟာရီးယက်၏ ကျောကိုနှိပ်ပေးပြီး အောက်ထပ်သို့ ပြန်ဆင်းလာသည်။ သူမ၏ ဟင်းသီးဟင်းရွက် စိုက်ခင်းဆီသို့ သွား၍ လုပ်စရာရှိသည်များကို လုပ်သည်။ အန်တီကေရီသည် စစ်ကြီးဖြစ်စကတည်းက ထိုစိုက်ခင်းကို ပြုလုပ်ထားခဲ့ခြင်း ဖြစ်၏။ တဖြည်းဖြည်းနှင့် စိုက်ခင်းသာမက ကြက်နှင့် ဘဲများကိုပါ မွေးမြူထားခဲ့၏။ စစ်ကြီး ဖြစ်နေစဉ်အတွင်း အစစအရာရာ ရှားပါးလျက်ရှိသည်ဖြစ်ရာ အာလူး အနည်းငယ်ရဖို့၊ အသားအနည်းငယ်ရဖို့နှင့် ထောပတ်နှစ်ဘူးလောက် ရဖို့အတွက် အချိန်များစွာ အကုန်ခံ၍ တန်းစီနေရချိန် ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် အန်တီကေရီ၏ စိုက်ခင်းနှင့် ကြက်ဘဲခြံများသည် ပံ့ပိုးကူညီလျက်ရှိသည်။ အများတကာ၌ ရှားပါးနေချိန်တွင် ရစ်ချတ်ဘားရပ်စ်၏စားပွဲတွင် ဟင်းလျာမျိုးစုံကို အမြဲတစေ မြင်တွေ့ရလေသည်။

ဘားရပ်စ် စားသောက်ခန်းထဲ ဝင်သွားသည့်အခါ အန်တီကေရီက ဆီး၍ နှုတ်ဆက်သည်။ စားပွဲ၌ ထိုင်မိသည်နှင့် တစ်ပြိုင်နက် ဘားရပ်စ်က ....

'ပါရာဒိုက်စ်တွင်းထဲမှာ လမ်းသစ်ဖောက်ဖို့ စီစဉ်ထားပြီးပြီ ကာရိုလိုင်း' ဟု ပြောသည်။

'အို ....ဟုတ်လား၊ ကောင်းတာပေါ့' ဟု အန်တီကေရီက သူ့ဝသီအတိုင်း ထောက်ခံပြောသည်။

'အဲဒီတွင်းထဲမှာ သေသွားခဲ့တဲ့ လူဆယ်ယောက်ရဲ့ အလောင်းတွေကို လည်း အပြင်ထုတ်နိုင်တော့မယ်၊ အဲဒါအတွက် ငါ တော်တော်ဝမ်းသာတယ်' ဟု ဘားရပ်စ်က ဆက်ပြောသည်။



'ဟုတ်တာပေါ့၊ သိပ်ကောင်းပါတယ်'

'အလောင်းတွေကို ကျကျနန တခမ်းတနား သင်္ဂြိုဟ်ဖို့လည်း စီစဉ်ထားတယ်၊ သူတို့ကို ဂုဏ်ပြုတဲ့ အထိမ်းအမှတ်ပေါ့'

အန်တီကေရီက ခေါင်းညိတ်သည်။ သူမသည် ဘားရပ်စ် ဆက်ပြောမည့် စကားကို စောင့်၍နားစွင့်နေသည်။

'ဒီနေ့ည အိမ်အပြန်နောက်ကျလိမ့်မယ်၊ ဟက်တီကို ပြဇာတ်လိုက်ပြဖို့ ရှိနေလို့၊ ငါ ပြန်ရောက်ရင် စားဖို့တော့ အသားညှပ်ပေါင်မုန့်တစ်ပန်းကန် စားပွဲပေါ်မှာတင်ထား' ဟု ဘားရပ်စ်က ပြောသည်။

အန်တီကေရီသည် မျက်နှာပျက်သွားသည်။ သူသည် ခေါင်းညိတ်ပြခဲ့ပြီး အပြင်ဘက် ဟင်းသီးဟင်းရွက်ခင်းဆီသို့ ထွက်လာခဲ့သည်။ သူမသည် အလုပ်ကို လုပ်နေရသော်လည်း စိတ်က အလုပ်ထဲတွင်မရှိ။ သူမ၏စိတ်သည် ထောင်ထဲရောက်နေသည့် အာသာ၏ ကံကြမ္မာဆိုးပုံကို တွေးနေမိ၏။ ဟက်တီနှင့် ရစ်ချတ်ဘားရပ်စ်တို့၏ ဆက်ဆံရေး အခြေအနေကိုလည်း မတွေးဘဲ မနေနိုင်။ သူတို့နှစ်ယောက်အကြောင်းကို တွေးလိုက်တိုင်း အန်တီကေရီသည် ရင်နာရ၏။

အန်တီကေရီကတော့ ဤကိစ္စတွင် ဘားရပ်စ်အား အပြစ်ဆိုရန် ဝန်လေးလျက်ရှိ၏။ သူမအနေဖြင့် ဟက်တီကိုသာ အပြစ်တင်ချင်သည်။ ဟက်တီ၏ သဘောထားသည် စဉ်းစားဆုံးဖြတ်ရ ခက်လှချေသည်။ မကြာသေးခင်က ဘားရပ်စ်သည် ဟက်တီအား အဖိုးတန်ပစ္စည်းများ လက်ဆောင်ပေးခဲ့၏။ ထိုပစ္စည်းများ အကြောင်း တွေးလိုက်မိသည့်အခါ အန်တီကေရီသည် များစွာရင်ပူရ၏။ ဘယ်လိုပဲဖြစ်ဖြစ် အန်တီကေရီသည် ဟက်တီအား စက်ဆုပ်မုန်းတီးခြင်း ဖြစ်မိ၏။ ထိုညအဖို့ အန်တီကေရီသည် အိပ်၍မပျော်။ ထိုကိစ္စကိုတွေးကာ အိပ်ရာပေါ်တွင် တလူးလူးတလိမ့်လိမ့် ဖြစ်နေခဲ့ရလေ၏။

ညဆယ့်တစ်နာရီ ထိုးခါနီးတွင် ဘားရပ်စ် ပြန်ရောက်လာသည်။ သူနှင့်အတူ ဟက်တီပါ လိုက်လာသည်။ ဇာတ်ရုံထဲ၌ အပူဒဏ်ခံလာရသဖြင့် အပြင်ဘက်၌ ခဏတဖြုတ် ကားလျှောက်စီးရအောင်ဟု ဘားရပ်စ်က ပြောသဖြင့် လိုက်လာခြင်း ဖြစ်၏။ သူတို့သည် ဧည့်ခန်းထဲသို့ ဝင်လာကြသည်။

'ကြာကြာနေလို့တော့ မဖြစ်ဘူး' ဟု ဟက်တီက ပြောသည်။ ဟက်တီသည် ဘားရပ်စ်က လှမ်းပေးသည့် စီးကရက်ကိုယူကာ ကုလားထိုင်တစ်လုံး၏ လက်တင်ပေါ်၌ တင်ပါးလွှဲထိုင်လိုက်သည်။

'ပေါင်မုန့်စားသွားဦးမလား' ဟု ဘားရပ်စ်ကမေးကာ စားသောက်ခန်းထဲ ဝင်သွားသည် အန်တီကေရီ တင်ထားသည့် အသားညှပ်ပေါင်မုန့်ပန်းကန်ကို သွားယူခြင်း ဖြစ်သည်။

အမှန်အတိုင်း ဝန်ခံရလျှင် သူသည် ဟက်တီအား ပြန်လွတ်ရမည်ကို န်လေးလျက်ရှိသည်။ ဘာ့ကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်း။ ဒါကျတော့ သူ့ ကိုယ်သူ မမေးမိ။ သူသည် သူ့ကိုယ်သူ ကိုယ်ကျင့်တရား အလွန်ကောင်းသူ တစ်ဦးဟု ယုံကြည်ထားသူ ဖြစ်သည်။ သူ၏ အလိုဆန္ဒအတွက် ဖျော်ဖြေစရာ လူသည် အိမ်အပေါ်ထပ်တွင် အသင့်ရှိနေ၏။ သို့ပါလျက်နှင့် သူ ဘာကြောင့် အခုလို ဖြစ်ရသနည်း။

သူသည် မုန့်ပန်းကန်ပြားကို ကိုင်ကာ ဧည့်ခန်းထဲသို့ ပြန်ရောက်လာသည်။ ပေါင်မုန့်တစ်ခုကို လှမ်းပေးသည်။ ဟက်တီက ကြက်သားအသားညှပ် ပေါင်မုန့်ကို လှမ်းယူသည်။

'ချက်ချင်းကြီး ငြိမ်ချက်သား ကောင်းလှချေလား၊ ဘာဖြစ်လို့လဲ ဟက်တီ' ဟု ဘားရပ်စ်က မေးသည်။

ဟက်တီက သူမ၏အကြည့်ကို တစ်ဖက်သို့ လွှဲထားရင်းက ....

'ဟုတ်လား' ဟု ရေရွတ်သည်။

ဟက်တီသည် ဘားရပ်စ်၏ မျက်နှာထားပြောင်းလဲမှုကို သတိထားမိသဖြင့် စိတ်မငြိမ်မသက်ဖြစ်လျက်ရှိသည်။ ဘားရပ်စ်၏ ကြည့်ပုံရှုပုံ၊ ဆက်ဆံပုံ ပြောင်းလဲသွားသည်ကို မိမိအနေဖြင့် မသိဘဲနေ၍မရ။ လွန်ခဲ့သော သီတင်းပတ်များအတွင်းကပင် မိမိ သတိထားခဲ့မိခြင်း ဖြစ်၏။ သူ၏ အပြုအမူ၊ သူ၏ ဂရုတစိုက် ပြုမူမှုများနှင့် ထပ်တလဲလဲ ပေးလာသော လက်ဆောင်များသည် အမြင့်မားဆုံးသော အခြေအနေတစ်ရပ်သို့ ရောက်ကြရတော့မည်ဟု သင်္ကေတပေးနေသည့်နှယ်ရှိ၏။

ဟက်တီသည် ထိုဖြစ်ရပ်ကို မလိုလားပေ။ သူမဘက်က ဘာမှ ပြန်မပေးရဘဲနှင့် အကျိုးခံစားခွင့်များ ရမည်ဆိုပါက လက်ခံနိုင်မည် ဖြစ်သော်လည်း တစ်စုံတစ်ရာ ပြန်၍ပေးရမည်ဆိုပါမူကား ....။ တကယ်တော့ ဟက်တီသည် ကိုယ်ကျင့်တရားကို သိပ်ပြီး အလေးအနက်ထားသည့် မိန်းကလေးတစ်ဦး မဟုတ်ပေ။ သူမသည် အပြင်ပန်းအားဖြင့်သာ သန့်စင်သော မိန်းကလေး ဖြစ်သည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ စဉ်းစားရာ၌လည်း သူမအား ငွေများများပေးနိုင်ပြီး စည်းစိမ်ခံ၍နေနိုင်မည့် အခြေအနေမျိုး ပေးနိုင်သူကိုသာ အဓိကထား၍ စဉ်းစားသူ ဖြစ်ပေသည်။

ဟက်တီသည် သူမ၏အစ်မ လော်ရာ၏ ဘဝမျိုးကို အားကျနေသူ ဖြစ်သည်။ ပထမက သူမသည် ကျောက်မီးသွေးတွင်းပိုင်ရှင်တစ်ဦး၏သား အာသာ အပေါ်၌ များစွာ ယုံကြည်ကိုးစားခဲ့၏။ နောက်ပိုင်း အာသာ ထောင်ကျသွားသည့်



အခါ သူမ၏ စိတ်ကူးယဉ်အိပ်မက်သည် ပြိုပျက်သွားခဲ့ရသည်။ အာသာအား သူမ၏ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်တော့ပေ။

ထိုအချိန်တွင် ဘားရပ်စ်က သူမအပေါ်၌ ကြင်နာသနားသည် အရိပ်လက္ခဏာများ ပြလာသည့်အခါ လက်ခံရုံမှတစ်ပါး အခြားနည်းလမ်းကို ရှာမတွေ့ခဲ့ပေ။ မည်သို့ပင်ဖြစ်စေ လူအများကြား၌ သွားအတူလာအတူ နေခဲ့ရသဖြင့် အာသာနှင့် ပတ်သက်၍ ကျဆင်းခဲ့ရသော သူမ၏သိက္ခာသည် ပြန်လည် မြင့်မားလာခဲ့ရ၏။ ဤအတွက်ကြောင့်လည်း သူမသည် ဘားရပ်စ်နှင့် အမြဲတစေ တွဲနေခဲ့ခြင်း ဖြစ်၏။

ဧည့်ခန်းထဲတွင် ထွန်းညှိထားသည် မီးများမှ အလင်းရောင်များသည် ဖြာဆင်းလျက်ရှိသည်။ မျက်နှာကြက်တစ်ခုလုံးတွင် အမှောင်ရိပ်ဖုံးနေသော်လည်း ကော်ဇောများပေါ်၌မူ အလင်းရောင်သည် လှပစွာ တည်ရှိနေသည်။

'သိပ်ကိုလှတာပဲ' ဟု ဟက်တီက အလင်းရောင်ကျနေပုံကိုကြည့်၍ ပြောသည်။ ထို့နောက် ဘားရပ်စ်ဘက်လှည့်၍ ....

'ဘာပြုလို့ ဆေးပြင်းလိပ်မသောက်တာလဲ' ဟု မေးသည်။

'မကြိုက်လို့' ဟု ဘားရပ်စ်က ဖြေသည်။ သူ့မျက်လုံးများသည် ဟက်တီ့မျက်နှာကိုသာ စိုက်ကြည့်နေသည်။

ဟက်တီက ရယ်သည်။

'ဒီလိုဆိုရင်လည်း ဟက်တီကို စီးကရက်တစ်လိပ်ပေးဦး' ဟု ပြောသည်။ ဘားရပ်စ်က စီးကရက်တစ်လိပ် မီးညှိပေးသည်။ ဟက်တီသည် စီးကရက်ကို ဖွာရင်း ဓာတ်စက်ဆီသို့ လျှောက်သွားပြီး ဗွိုင်အိုလက်လော်ရိန်း၏ သီချင်း ဓာတ်ပြားကို ဖွင့်သည်။

'တကယ်လို့သာ ဒီကမ္ဘာပေါ်မှာ မိန်းကလေးဆို့လို့ မင်းတစ်ယောက်တည်း ရှိမယ်ဆိုရင်လေ ....' ဟူသော သီချင်းသံသည် ပေါ်ထွက်လာသည်။

'မနက်ဖြန်ကျရင် ဒစ်ပါဗက်စ်နဲ့ သူ့နှမ ဒီလေးကဖီးမှာလုပ်မယ့် လက်ဖက်ရည်ပွဲကို သွားရလိမ့်ဦးမယ်' ဟု ဟက်တီက ပြောသည်။ သူမ၏စကားအဆုံးတွင် ဘားရပ်စ်၏ မျက်နှာထားသည် ပြောင်းသွားသည်။ မနာလိုသော အရိပ်အငွေ့များ ထင်ဟပ်လာသည်။ သူသည် လူငယ်တစ်ဦးဖြစ်သော ပါဗက်စ်အား အလွန်မုန်းသည်။ ဒစ်ပါဗက်စ်သည် ဟက်တီ ကလေးဘဝကတည်းက ခင်မင်ရင်းနှီးခဲ့သော ကစားဖော်တစ်ဦး ဖြစ်သည်ဟု သူ သိထားရသည် မဟုတ်ပါလား။

ယခုအခါတွင် ဒစ်ပါဗက်စ်သည် လေတပ်တွင် ဖလိုက်လက်ဖတင်နင် ဖြစ်နေရုံမျှမက အရှေ့မြောက်ပိုင်းမှ နိုင်ငံများကို ညပိုင်း သွားရောက်ဗုံးကြဲရာ၌

ထိရောက်အောင်မြင်မှုများ ရှိခဲ့သဖြင့် နာမည်ကြီးနေသည်။ တိုင်နီကပ်ဆဲလ်မြို့ပေါ်တွင် ဒစ်ပါဗက်စ်သည် အာဇာနည် သူရဲကောင်းတစ်ယောက် ဖြစ်နေသည်။ ဗိုစီခေါ် သူရဲကောင်းတံဆိပ်ပင် ရလိမ့်မည်ဟု သတင်းဖြစ်နေသည်။

ဒစ်ပါဗက်စ်နှင့် ပတ်သက်သော အရာအားလုံးသည် ဘားရပ်စ်၏ခေါင်းထဲ၌ ပြန်ပေါ်လာနေသည်။

'မင်းကြည့်ရတာ ဒီ ပါဗက်စ်ဆိုတဲ့ကောင်ရဲ့နောက်ကို တကောက်ကောက်လိုက်ခဲ့ဖူးတယ်ထင်တယ်' ဟု ဘားရပ်စ်က မလိုတမာသံဖြင့် ပြောသည်။

'မဟုတ်ပါဘူး' ဟု ဟက်တီက ပြောသည်။

'အခုလောလောဆယ် သူက သိပ်ပြီး ပေါ်ပြူလာဖြစ်နေတယ် မဟုတ်လား၊ သူနဲ့တွဲထိုင်နေရင် ဟက်တီတို့စားပွဲကို လူတိုင်းက ဝိုင်းကြည့်နေမှာ သေချာတယ်၊ အဲဒါဆိုရင် လက်ဖက်ရည်ပွဲဟာ ပျော်စရာသိပ်ကောင်းလာမှာ သေချာတယ်၊ အဲဒါကြောင့်ပါ'

ဘားရပ်စ်သည် ဟက်တီအား စိုက်ကြည့်နေသည်။ မာန်မာနကြီးသော အရိပ်အငွေ့ကို သူ့နှုတ်ခမ်းများက ဖော်ပြနေသည်။ သူသည် သူ၏ စိတ်လှုပ်ရှားမှုကို ခက်ခက်ခဲခဲ နှိမ်နင်းနေရသည်။ သူသည် ဆက်တီကုလားထိုင်တွင် ထိုင်ချလိုက်သည်။

'ဒီမှာ လာထိုင်ပါလား ဟက်တီ' ဟု ခေါ်သည်။

'ဟက်တီက ဒီလိုပဲ လျှောက်နေချင်တယ်၊ ဇာတ်ရုံထဲမှာ အကြာကြီးထိုင်ခဲ့ရတော့ ညောင်းနေတယ်' ဟု ဟက်တီက ပြန်ပြောသည်။

'ဒါပေမဲ့ ငါက မင်းကို ငါ့ဘေးမှာ လာထိုင်စေချင်တယ်'

ဟက်တီက ဘားရပ်စ်၏မျက်နှာကို လှမ်းအကဲခတ်သည်။ ငြင်း၍မဖြစ်ဟု ယူဆသည်။ သူသည် ဆက်တီ၏ တစ်ဖက်စွန်း၌ ဝင်ထိုင်သည်။

'ဒီည ကျွန်မကို အနိုင်ကျင့်နေသလိုပဲ' ဟု ဟက်တီက ရေရွတ်သည်။

'ဟုတ်လား ....ငါက မင်းကို အနိုင်ကျင့်နေတယ် ထင်သလား'

ဟက်တီက ခေါင်းညိတ်သည်။ ဘားရပ်စ်က သူမဘက်သို့ တိုးလာသည်။ ရှောင်ရန် စိတ်ကူးသော်လည်း မအောင်မြင်။ ဘားရပ်စ်က သူမ၏ လက်ကောက်ဝတ်ကို ဆွဲကိုင်ကာ လက်ကောက်ကို လက်ချောင်းများဖြင့် ပွတ်ကြည့်နေသည်။

'ငါပေးခဲ့တဲ့ လက်ကောက်ကို မင်း ကြိုက်ရဲ့လား ဟက်တီ'

'အို ....ကြိုက်ပါတယ်၊ ကျွန်မကို ရှင် ဖျက်ဆီးသလိုတော့ ဖြစ်နေပြီ'

'ငါဟာ သိပ်ကိုချမ်းသာတဲ့ လူတစ်ယောက်ပါ ....၊ ငါ မင်းကို လိုချင်တာ အကုန်ပေးနိုင်တယ်'



ဘားရပ်စ်သည် အတွေ့အကြုံမရှိသည့် လူတစ်ယောက်လို ဖြစ်နေသည်။ သူသည် ဘာဆက်လုပ်ရမှန်းမသိ။ အူတိုးအူကြောင် ဖြစ်နေသည်။

'ရှင်ဟာ ကျွန်မအပေါ် ကောင်းရှာပါတယ်' ဟု ဟက်တီက မျက်လွှာကိုချ၍ ပြောသည်။ ဘားရပ်စ်က သူမ၏လက်ကို လှမ်းဆွဲသည်။ သို့သော်လည်း ထိုအခိုက်မှာပင် ဓာတ်စက်က ရပ်သွားသည်။ လွတ်မြောက်ရေးလမ်းစကို ရလိုက်သဖြင့် ဟက်တီသည် ထိုင်နေရာမှ ခုန်ထလိုက်ပြီး ဓာတ်စက်ဆီသို့ လျှောက်သွားသည်။

'ဟက်တီ နောက်တစ်ဖက် ဖွင့်ဦးမယ်နော်' ဟု ပြောကာ ဓာတ်ပြားကို လှန်လိုက်သည်။

ဟက်တီသည် ဆက်တီဆီသို့ ပြန်မလာတော့ဘဲ သီချင်းကို စည်းလိုက်နေသည်။ ထိုအခိုက်မှာ ဘားရပ်စ်သည် ဖျတ်ခနဲထကာ ဟက်တီ၏ သေးသွယ်သောခါးကို လက်နှစ်ဖက်ဆွဲ၍ သူ့ဒူးပေါ်သို့ ဆွဲထိုင်ခိုင်းသည်။ ဖြစ်သွားပုံမှာ မြန်ဆန်လွန်းသဖြင့် နှစ်ဦးစလုံး အံ့အားသင့်နေကြသည်။ ဟက်တီသည် အော်လိုက်ရကောင်းနိုး၊ ငြိမ်နေရကောင်းနိုးနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ဤအခိုက်တွင် သူတို့နောက်မှတံခါးသည် ရုတ်တရက် ပွင့်သွားသည်။ အခန်းထဲသို့ ဖြုန်းခနဲဝင်လာသူမှာ အန်တီကေရီ ...။ ညကြီးသန်းခေါင် ခါတိုင်းနှင့်မတူ တစ်မူထူးခြားပြီး ဆူဆူညံညံအသံများ ကြားနေရ၍ ဆင်းလာခြင်းဖြစ်၏။ သို့သော်လည်း ဆက်တီကုလားထိုင်ပေါ်မှအဖြစ်ကို မြင်လိုက်ရသည့်အခါ ရုတ်တရက်ချက်ချင်း ကျောက်ရုပ်လို ဖြစ်သွားသည်။

သူမ၏မျက်လုံးများသည် ပြူးနေသည်။ မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ သူမ၏ ဘဝတစ်သက်တာတွင် အခုတစ်ဒင်္ဂအချိန်သည် ထိတ်လန့်ဖွယ်ရာအကောင်းဆုံးသောအချိန် ဖြစ်နေသည်။ သူသည် ချက်ချင်းပင် ချာခနဲလှည့်ကာ အခန်းထဲမှ ပြေးထွက်သွားပြီး အပေါ်ထပ်သို့ ပြန်တက်သွားသည်။

ဘားရပ်စ်ရော၊ ဟက်တီပါ ကြုံလိုက်ရသည့်အဖြစ်ကို ပီပီပြင်ပြင် မသိလိုက်၊ အားလုံး ဝိုးတဝါးလို ဖြစ်သွားသည်။ ဘားရပ်စ်အဖို့ကတော့ ထိုအချိန်တွင် ဟက်တီမှတစ်ပါး အခြားဘာကိုမှ မသိ၊ မမြင်၊ နားမလည်။ ဟက်တီနှင့် နီးနီးကပ်ကပ်နေရခြင်း၊ ဟက်တီ၏ရေမွှေးနံ့...စသည်တို့က သူ့အား လွှမ်းမိုးထားသည်။

'ဟက်တီ ....ငါ မင်းကို သိပ်ပြီးသဘောကျတယ်ဆိုတာ မင်း သိမှာပါ'

'ဟက်တီကို အဲဒီလို ကိုင်မထားပါနဲ့'

ဘားရပ်စ်က တင်းကျပ်စွာ ဖက်ထားရာမှ အနည်းငယ်လျှော့ပေးပြီး ဟက်တီ၏ခါးကို ကိုင်သည်။

'အို ....မလုပ်ပါနဲ့၊ ကျွန်မကို အဲဒီလိုလုပ်တာ မကြိုက်ဘူး'

'မဟုတ်ဘူး ဟက်တီ ....'

'မလုပ်ပါနဲ့၊ လုံးဝမကိုင်ပါနဲ့၊ ကျွန်မဟာ အဲဒီလို မိန်းကလေးမျိုး မဟုတ်ဘူး ....လုံးဝ မဟုတ်ဘူး'

ချက်ချင်းပင် ဟက်တီ၏စိတ်ထဲ၌ ဘားရပ်စ်အား မုန်းတီးစက်ဆုပ်ခြင်း ဖြစ်လာသည်။ ပါဗက်စ်၏ ငယ်ရွယ်နုပျိုသော ရုပ်လက္ခဏာသည် သူမ၏အာရုံထဲ၌ မြင်ယောင်လာသည်။

'လွှတ်ပါ၊ ကျွန်မကိုလွှတ်၊ မလွှတ်ရင် ကျွန်မ အော်လိုက်မှာနော်'

ဘားရပ်စ်သည် ဟက်တီအား ပို၍ တင်းကျပ်စွာ ဖက်ထားသည်။ ဟက်တီ၏လည်ပင်းကို ငုံ့နမ်းသည်။ ဟက်တီသည် အော်ဟစ်ခြင်း မပြုသော်လည်း အကြောက်အကန် လွှတ်အောင်ရုန်းသည်။ ပြီးတော့ သူမ၏လက်သီးဖြင့် ဘားရပ်စ်၏ပါးကို ပိတ်ထိုးသည်။ ထို့နောက် ဘားရပ်စ်၏လက်ထဲမှ ရုန်းထွက်လိုက်သည်။ သူမ၏ အဝတ်များနှင့် ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် ပြန်လည်ပြုပြင်သည်။

'ရှင်ဟာ တော်တော်ကြောက်စရာကောင်းတဲ့ တိရစ္ဆာန်ကြီးပါလား၊ ရှင်ဟာ ရှင့်သားထက် အဆပေါင်းများစွာ ပိုဆိုးတဲ့ သတ္တဝါကြီးပဲ၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်၊ ကျွန်မဟာ မိန်းမကောင်းလေးတစ်ယောက်ဆိုတာ ရှင် မသိဘူးလား၊ ရှင်ဟာ ဂုဏ်သိက္ခာလုံးဝမရှိတဲ့လူကြီး၊ ကျွန်မ ရှင့်မျက်နှာကို လုံးဝ မကြည့်ချင်ဘူး'

ဘားရပ်စ်သည် ထိုင်ရာမှထရပ်ကာ တစ်စုံတစ်ရာပြောရန် အားထုတ်သည်။ သို့သော်လည်း စကားတစ်ခွန်းမှ မပြောနိုင်မီ ဟက်တီသည် အခန်းထဲမှ ပြေးထွက်သွားသည်။ ဘားရပ်စ်သည် တစ်ခဏမျှ ရပ်နေသည်။ သူ၏ နှလုံးခုန်သံသည် မြန်လာသည်။ သူ့ဦးနှောက်သည် မူးနောက်ရီဝေနေသည်။ သူသည် သူ့ကိုယ်သူ အလွန်နိမ့်ကျသွားပြီဟု ထင်လိုက်သည်။ သူ့အသက်၊ သူ့အရွယ်၊ သူ့ဂုဏ်သိက္ခာ ....။

သူသည် သူ့ခြေထောက်ပေါ်၌ ရပ်နေဆဲ ....။ သို့သော်လည်း တည်တည်ငြိမ်ငြိမ် မရပ်နိုင်။ ယိမ်းယိုင်လှုပ်ရှားလျက်ရှိသည်။ မူးမိုက်သောဝေဒနာသည် သူ့အား ဝင်ရောက်တိုက်ခိုက်နေပြီ။ သူသည် နှလုံးသွေးရပ်တော့မလား ....။ လေဖြတ်တော့မလား ....။ တစ်ခုခုဖြစ်တော့မည်ဟု ထင်သည်။ ထို့နောက် လက်တစ်ဖက်ဖြင့် သူ့ခေါင်းကို အုပ်ကိုင်ထားရင်း ဆက်တီကုလားထိုင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားလေသည်။

* * * * *



(၄၀)

ထိုအတောအတွင်းတွင် အန်တီကေရီသည် သူမ၏အခန်း အမှောင်ထုထဲ၌ ထိုင်နေသည်။ ဟက်တီအား တိုင်နီကပ်ဆဲလ်သို့ ပြန်ပို့ပေးသည့် မော်တော်ကားသံကိုလည်း ကြားရသည်။ ကား၏ ရှေ့မီးနှစ်လုံးကိုလည်း ရိပ်ခနဲ တွေ့လိုက်ရသည်။ သူမအဖို့တော့ ယနေ့ညသည် အလွန် တုန်လှုပ်ချောက်ချားစရာကောင်းသည့်ည ဖြစ်နေသည်။ ညှို့ခန်းထဲ၌ သူမ တွေ့မြင်ခဲ့ရသော မြင်ကွင်းသည် ကြောက်စရာမြင်ကွင်းတစ်ခု ဖြစ်နေပေသည်။

အန်တီကေရီသည် ဘားရပ်စ်ကို အလွန်အထင်ကြီးသူ ဖြစ်၏။ ဘားရပ်စ်အပေါ် လေးစားသည်။ ချစ်ကြောက်ရိုသေနေခဲ့သည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ သံသယလည်း နည်းနည်းကလေးမှ မရှိခဲ့။ အခုကျတော့ ဘားရပ်စ်အား ဘယ်လိုလူစားဟု သတ်မှတ်ရပါမည်နည်း။ သူမသည် ဝမ်းနည်းယူကျုံးမရဖြစ်ကာ မျက်ရည်ကျမိသည်။ သူမသည် ရစ်ချတ်ဘားရပ်စ်အား အလုပ်အကျွေးပြုလာခဲ့သည်မှာ နှစ်ပေါင်း ဆယ့်ငါးနှစ်မျှ ရှိခဲ့ပြီ။ ထိုကာလအတွင်း ဘားရပ်စ်၏ မဖွယ်မရာပြုမူမှုများကို မမြင်ခဲ့ရ။ အခုတော့ ဟက်တီတော့ဒ် ဆိုသည့် မိန်းကလေးအား ပွေ့ဖက်ပြီး သူ့ပေါင်ပေါ် တင်ထားသည်ကို မျက်ဝါးထင်ထင် မြင်ခဲ့ရ၏။ ဘာကြောင့်များ သူ ဒီလိုလုပ်ရတာပါလိမ့် ....။

အန်တီကေရီသည် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်။

သူ ငိုနေခိုက်မှာပင် တခေါက်ခေါက်ခေါက်သံကို ကြားရသည်။ ဟာရီယက်၏ တုတ်ခေါက်သံ ဖြစ်သည်။ ဟာရီယက်သည် ခိုင်းစရာ ပြောစရာကိစ္စတစ်ခု ပေါ်လာလျှင် အိပ်ရာဘေး၌ အသင့်ထောင်ထားသော လမ်းလျှောက်တုတ်ကိုယူ၍ နံရံကိုခေါက်ကာ ခေါ်လေ့ရှိသည် မဟုတ်ပါလား။ အမှန်တော့ ယခုအချိန်သည် ဆေးသောက်ရမည့်အချိန် ဖြစ်၏။ သူမအား ဆေးတိုက်ရန်ခေါ်ခြင်း ဖြစ်ပေလိမ့်မည်။ သို့သော်လည်း အန်တီကေရီသည် ဟာရီယက်ထံသို့ သွားချင်စိတ်မရှိ။

ဟာရီယက်၏ တုတ်ခေါက်သံကို ထပ်၍ ကြားရပြန်သည်။ မျက်ရည်စများကို မသိမ်းနိုင်သေးသည့် အန်တီကေရီသည် သွားရမည်ကို ဝန်လေးလျက်ရှိ၏။ သို့သော်လည်း မသွား၍မဖြစ်သဖြင့် အန်တီကေရီသည် ထွက်လာခဲ့သည်။ အပြင်စင်္ကြံလမ်းသည် မှောင်မိုက်လျက်ရှိသည်။ ဟာရီယက်၏ အခန်းထဲတွင် အိပ်ရာဘေးမှ ခပ်မှိန်မှိန် မီးတစ်လုံးသာရှိ၏။ ထိုမီးရောင်သည် ကြမ်းပေါ်သို့သာ

ဖြာဆင်းလျက်ရှိသဖြင့် အန်တီကေရီ၏ အခြေပျက်နေသော မျက်နှာကို ဟာရီယက် မြင်နိုင်မည်မဟုတ်။

ဟာရီယက်သည် သူ အချက်ပေးသည်ကို ချက်ချင်းရောက်မလာသဖြင့် ဒေါပွလျက်ရှိသည်။ အန်တီကေရီအား စိတ်ဆိုးနေသော မျက်နှာထားဖြင့် ဆီး၍ ကြည့်သည်။

'ဘာပြုလို့ ချက်ချင်းမလာတာလဲ' ဟု အော်သည်။

'တုတ်ခေါက်နေတာ နာရီဝက်လောက်ရှိပြီ မကြားဘူးလား'

အန်တီကေရီသည် သူ့စိတ်ကို မငိုမိအောင် ထိန်းချုပ်ထားသည်။ စကား ပြောသည့် လေသံကိုလည်း အခြေပျက်မသွားအောင် သတိထားသည်။

'ဘာဖြစ်မှန်းမသိပါဘူး ဟာရီယက်ရယ်၊ ရုတ်တရက် မလာနိုင်တာ ခွင့်လွှတ်ပါ၊ အခု ဆေးသောက်တော့မလား'

သို့သော်လည်း စိတ်ကြီးသော ဟာရီယက်သည် ဤပြဿနာကို လွယ်လွယ်နှင့် လွှတ်မပေး။ ဒေါသအရှိန်လည်း မပြေသေး။

'ငါ့ကို ပစ်ထားကြတယ်၊ ခေါင်းကိုက်ဝေဒနာကိုခံစားပြီး အိပ်ရာထဲ လဲနေတဲ့ လူတစ်ယောက်အပေါ်မှာ အညှာအတာ လုံးဝမရှိကြဘူး၊ ဆေးသောက်ချင်လို့ ခေါ်နေတာကို လာမယ့်လူ ဘယ်သူမှမရှိဘူး' ဟု ဒေါသတကြီး ပြောနေဆဲ ....။

'ဆေးတိုက်ရတော့မလား ဟာရီယက်' ဟု အန်တီကေရီက မေးသည်။

'သောက်သင့်ပြီလို့ ထင်တယ်'

'အခုပဲ တိုက်ပါ့မယ်' ဟု အန်တီကေရီက ပြောသည်။

'ခါတိုင်းသောက်နေကျ ဗယ်လာရီယန်ဆေးပဲ သောက်မလား ဟာရီယက်'

'ဟင့်အင်း၊ အဲဒီဆေး မသောက်ဘူး၊ ဒေါက်တာလူးဝစ္စ ပေးထားတဲ့ ဘရိုမိုက်ဆေး သောက်မယ်၊ အဲဒီဆေးက ကောင်းတယ်လို့ ထင်တာပဲ၊ စင်ပေါ် ဟိုဘက်ထောင့်မှာ ထားတယ်'

အန်တီကေရီသည် စင်ပေါ်ရှိ ဆေးဘူးများကြား၌ ရှာသော်လည်း ရုတ်တရက်မတွေ့။

'ဘယ်နေရာမှာ ထားတာလဲ ဟာရီယက်' ဟု ထပ်မေးသည်။

'အဲဒီနေရာမှာပေါ့' ဟု ဟာရီယက်က ဒေါသတကြီး အော်ပြောသည်။

'ဒီည ရှင် ဘာဖြစ်နေသလဲ၊ ရူးနေသလား၊ အဲဒီမှာလေ ရှင့်လက်အောက်က ဘူးလေ၊ ကျွန်မကိုယ်တိုင် ထားခဲ့တာ၊ ကျွန်မ ကောင်းကောင်းမှတ်မိတယ်'

'ဒီဘူးလား'

'မဟုတ်ဘူး၊ ဟိုဘက်က ကပ်နေတဲ့ဘူး၊ အစိမ်းရောင်ဘူးလေ၊ ရှင် ဘာဖြစ်နေလဲ၊ ဒုက္ခပါပဲ၊ ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီဘူး....အဲဒီဘူး'



အန်တီကေရီသည် ဆေးဘူးကိုယူ၍ စားပွဲဆီသို့ သွားသည်။ သူမ၏ လက်သည် တုန်ယင်လျက်ရှိသည်။ ဆေးချိန်သော ဖန်ခွက်သည် သူမလက်ထဲ၌ တလှုပ်လှုပ် ....။

'တစ်ခါသောက်ရင် ဘယ်လောက်လဲ' ဟု မေးသည်။

'စားပွဲဇွန်းနဲ့ နှစ်ဇွန်းလေ၊ ဒါလောက်မှ မသိဘူးလား၊ စာမဖတ်တတ်ဘူးလား'

အမှန်တော့ အန်တီကေရီသည် စာကို မဖတ်နိုင်ပေ။ သူမသည် အကန်းလို ဖြစ်နေသည်။ သူမ၏စိတ်သည် ကပေါက်တိ ကပေါက်ချာ ဖြစ်နေသည်။ အခု အချိန်တွင် သူမသည် သူမ၏အခန်းသို့ပြန်ရန်သာ စိတ်စောလျက်ရှိသည်။ သူမ သည် ဆေးပုလင်းထဲမှ ဆေးကို နှစ်ဇွန်းစာ ထည့်သည်။ သူမ၏စိတ်ထဲတွင် ဆေးအနံ့သည် တစ်မျိုးထူးခြားနေသည်ဟု ထင်မိသည်။

သူမသည် ဆေးထည့်ထားသည့် ဖန်ခွက်ကို ဟာရီယက်အား သွားပေးသည်။ ဟာရီယက်က ဖန်ခွက်ကို ဆောင့်ကြီးအောင့်ကြီးနှင့် လှမ်းယူသည်။

'ရှင် ဒီည ဘာဖြစ်နေသလဲ၊ ဘာလုပ်လုပ် အဆင်မပြေဘူး' ဟု ပြောကာ ဆေးကို မော့ချလိုက်သည်။ ထို့နောက် ကြောက်လန့်တကြား အော်သည်။

'ရှင်ပေးတာ ဆေးမဟုတ်ဘူး'

သူမ၏လက်ထဲမှ ဖန်ခွက်သည် လွှတ်ကျသွားသည်။

အန်တီကေရီသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ စက္ကန့်ဝက်ခန့် ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေသည်။ ထို့နောက် အခန်း မီးခလုတ်ခုံ ဆီသို့ ပြေးသွားကာ ခလုတ်ကို ဖွင့်လိုက်သည်။ သူမသည် စားပွဲပေါ်မှ ဆေး ပုလင်းကို ပြေးကြည့်သည်။ ဆေးပုလင်းမှာ လင်နမင် လိမ်းဆေးပုလင်း ဖြစ်၏။ သူမသည် ဟာရီယက်အား အဆိပ်တစ်မျိုး ဖြစ်သည့် လင်နမင်လိမ်းဆေးကို တိုက်မိခဲ့လေပြီ။ သူမသည် အလန့်တကြား အော်လိုက်မိ၏။ သူမ၏အော်သံ သည် ဟာရီယက်၏ အော်သံထက် အဆပေါင်းများစွာ ပို၍ကျယ်သည်။

ဟာရီယက်သည် သူမ၏ဗိုက်ကို လက်နှစ်ဖက်နှင့်ဖိကာ အိပ်ရာပေါ်သို့ လဲကျသွားသည်။ သူမ၏မျက်နှာသည် ဖြူဖွေးနေသည်။ မျက်လုံးများသည် ပြူးထွက်နေကြသည်။ နှုတ်ခမ်းများသည် ပြာနှမ်းလာသည်။

'ရေပေးပါ၊ ရေပေးပါ၊ ပူတယ်....သိပ်ပူတယ်'

အန်တီကေရီသည် ရေပုလင်းကို အပြေးအလွှားယူပေးသည်။ ဟာရီယက် ၏ ပူလောင်နေသော နှုတ်ခမ်းများသည် ရေကို မသောက်နိုင်။ ရေများသည် အိပ်ရာပေါ်သို့ ဖိတ်စင်ကျကုန်သည်။ သို့သော်လည်း ဟာရီယက်သည် ရေကိုသာ

ထပ်တလဲလဲ တောင်းနေဆဲ ....။ ရေပေးသည့်အခါကျတော့လည်း ဟာရီယက်သည် များများစားစား မသောက်နိုင်။ သောက်၍ရသမျှနှင့်လည်း သူ ခံစားနေရသည့် အပူဒဏ်သည် သက်သာခြင်းမရှိ။

အန်တီကေရီသည် ဆရာဝန်ခေါ်ဖို့ သတိရသည်။ သူသည် အခန်းထဲမှ ကြောက်လန့်တကြား ပြေးထွက်လာသည်။ သူသည် စင်္ကြံလမ်းအတိုင်း ပြေးသွားပြီး လှေကားမှ ပြေးဆင်းသည်။ သူသည် လမ်းခုလတ်တွင် အပေါ်ထပ်သို့ တက်လာသည့် အန်းနှင့် ဆုံမိသည်။ အန်တီကေရီသည် အန်း၏လက်မောင်းကို တအားဆွဲထားသည်။

'ဆရာဝန် .... ဆရာဝန်ဆီ ဖုန်းဆက်ပါ၊ မြန်မြန်ဆက်ပါ၊ အခုချက်ချင်းလာဖို့ပြောပါ၊ မြန် .... မြန် .... မြန် .... မြန်' ဟု အန်တီကေရီက အမောတကောပြောသည်။

အန်းသည် အန်တီကေရီအား တစ်ချက်ကြည့်ရုံမျှဖြင့် ကြောက်စရာကောင်းသည့်အရာတစ်ခု ဖြစ်နေပြီဟု နားလည်လိုက်သည်။ သူသည် ဘာမှပြန်မမေးတော့ဘဲ တယ်လီဖုန်းဆီသို့ ပြေးသွားသည်။ ဘယ်ဆရာဝန်ဆီဆက်ရလျှင် ကောင်းမည်ကို တစ်ခဏမျှရပ်၍ စဉ်းစားသည်။ ဒေါက်တာလူးဝစ္စထံသို့ အရင်ဆုံး ဆက်သည်။ အခုချက်ချင်းလာမည်ဟု ဒေါက်တာလူးဝစ္စက ပြောသည်။ သတိရှိသော အန်းသည် တစ်ယောက်နောက်ကျနေလျှင် နောက်တစ်ယောက်အချိန်မီ ရောက်လာစေရန်အတွက် ဒေါက်တာပရော့တာထံ ထပ်ဆက်သည်။ အမြန်ဆုံးလာပါဟုလည်း မှာသည်။

အန်တီကေရီသည် ပျာယာခတ်လျက်ရှိသည်။ သူမသည် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ။ စတိုခန်းထဲသို့ပြေးသွားကာ ထုံးမှုန့်တစ်ထုပ်ကို ဆွဲယူလာသည်။ ထုံးမှုန့်သည် အဆိပ်ဖြေဆေးတစ်မျိုးဟု သူ ကြားခဲ့ဖူး၍ ဖြစ်သည်။ သူ ထုံးထုပ်ကိုယူပြီး ပြေးထွက်အလာတွင် ဧည့်ခန်းထဲမှ ထွက်လာသော ဘားရပ်စ်နှင့် ဆုံမိသည်။ သူသည် တံခါးပေါက်ကို အားပြု၍ရပ်နေရာမှ ....

'ဘာဖြစ်နေတာလဲ' ဟု လှမ်းမေးသည်။

'ဟာရီယက် .... ဟာရီယက်'

'ဟာရီယက် ဘာဖြစ်လို့လဲ'

အန်တီကေရီသည် နောက်ထပ် အဖြေမပေးနိုင်တော့ဘဲ အပေါ်ထပ်သို့ ပြေးတက်သွားသည်။ ဘားရပ်စ်သည် နောက်မှနေ၍ ဖြည်းဖြည်းချင်းလျှောက်၍ လိုက်သွားသည်။

ဟာရီယက်မှာ အိပ်ရာပေါ်တွင် ဘေးတစ်ဖက်သို့ဆင်းကာ ပက်လက်



ဖြစ်နေသည်။ နှုတ်ခမ်းများသည် မည်းနက်နေကြသည်။ ဟောင်းလောင်းပွင့်နေသော ပါးစပ်ထဲမှ ချွဲသလိပ်များသည် မြင်မကောင်းအောင် ထွက်ကျနေသည်။ ဟာရီယက်၏ ခြေထောက်များမှာ အကြောဆွဲနေကြသည်။ အကြောဆွဲလိုက်သည့်အခါတိုင်း သူမထံမှ အသက်ရှူသံကို ကြားရ၏။

ထိတ်လန့်တကြား ဖြစ်နေသော အန်တီကေရီသည် ထုံးမှုန့်များကို ဟာရီယက်၏ ပါးစပ်ထဲသို့ ထိုးထည့်ပေးနေသည်။ အခန်းထဲသို့ ဒယီးဒယိုင်ဖြင့် ဝင်လာသော ဘားရပ်စ်သည် အန်တီကေရီ၏ လုပ်ကိုင်နေသောပုံကိုကြည့်ကာ များစွာအံ့အားသင့်လျက်ရှိသည်။

'ဟာရီယက် ဘာဖြစ်လို့လဲ' ဟု ဘားရပ်စ်က မေးကာ အိပ်ရာအနီးသို့ ရောက်သွားသည်။ ထိုအခိုက်မှာပင် ဒေါက်တာလူးဝစ္စသည် အခန်းထဲသို့ ဝင်လာသည်။ ဝင်လာစဉ်က သွက်လက်ရွှင်ပြုံးနေသော ဒေါက်တာလူးဝစ္စသည် ဟာရီယက်၏အဖြစ်ကို မြင်သည့်အခါ ချက်ချင်းပင် မျက်နှာထား ပြောင်းသွားသည်။ ဒေါက်တာစကော့အား အမြန်ဆုံးလာဖို့ အန်တီကေရီအား ဖုန်းဆက်ခိုင်းသည်။ အန်တီကေရီသည် ချက်ချင်းပင် တယ်လီဖုန်းရှိရာသို့ အပြေးအလွှား ထွက်သွားသည်။ ဘားရပ်စ်ကတော့ တစ်နေရာ၌ရပ်ကာ ဒေါက်တာလူးဝစ္စ လုပ်ကိုင်နေသည်များကို စောင့်ကြည့်နေသည်။

ဒေါက်တာစကော့နှင့် ဒေါက်တာပရော့တာတို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်းလိုလို ရောက်လာကြသည်။ ဆရာဝန်သုံးယောက်တို့သည် ဟာရီယက်ကိစ္စကို ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြသည်။ ပထမဦးစွာ ဟာရီယက်အား ဆေးထိုးပေးကြသည်။ ထို့နောက် ဟာရီယက်၏ ဗိုက်ထဲမှ အစာများကို ပိုက်နှင့်ပြန်ထုတ်ကြသည်။ ထွက်လာသည့် အစားအစာများကို ကြည့်ရုံမျှဖြင့် ဟာရီယက်သည် အစားကောင်းများ မည်မျှလောက် စားထားခဲ့သည်ကို သိသာလျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ ဆရာဝန်များ ထုတ်ထားသည့် အစားအစာများကို ကာယကံရှင် ဟာရီယက်ကတော့ မမြင်နိုင်တော့ပေ။

နောက်ဆုံးတွင် ဆရာဝန်များသည် လက်လျှော့ရမည့် အခြေအနေသို့ ဆိုက်ရောက်သွားသည်။ ဒေါက်တာလူးဝစ္စသည် နဖူးမှ ချွေးများကိုသုတ်လိုက်ပြီး အခုအချိန်ထိ ပြတင်းပေါက်အနီး၌ ရပ်နေသော ရစ်ချတ်ဘားရပ်စ်ထံသို့ လျှောက်သွားသည်။

'ဝမ်းနည်းပါတယ် မစ္စတာဘားရပ်စ်၊ ကျွန်တော်တို့ မတတ်နိုင်တော့တဲ့ အခြေအနေကို ရောက်သွားပါပြီ'

ဘားရပ်စ်သည် စကားပြန်မပြော။ ဒေါက်တာလူးဝစ္စသည် ဘားရပ်စ်ကို

ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိ၏။ ဘယ်နည်းနှင့်မဆို ဘားရပ်စ်သည် သွေးအမြင့်ဆုံး တက်နေလိမ့်မည်ဟု ခန့်မှန်းနေသည်။ သူသည် ဘာ ပြောစရာစကား ရှာမရသဖြင့် ....

'ကျွန်တော်တို့ တတ်နိုင်သမျှတော့ ကြိုးစားပြီး လုပ်ခဲ့ကြပါတယ်' ဟု ထပ်ပြောသည်။

'ဟုတ်ကဲ့ပါ' ဟု ဘားရပ်စ်က ပြန်ပြောသည်။ သူ့အသံသည် ထူးဆန်းသလို ဖြစ်နေသည်။

ဒေါက်တာလူးဝစ္စ၏ရင်ထဲတွင် ဘားရပ်စ်အပေါ်၌ သနားသောစိတ် ဖြစ်ပေါ်လာရပြန်သည်။ သူသည် စိတ်ထိန့်ကိစ္စာဖြင့် ဘားရပ်စ်အား စိုက်ကြည့်နေသည်။ သို့သော်လည်း သူသည် ဟာရီယက်အား သတ်ခဲ့သည့် လူသတ်သမားအား ကြည့်နေခြင်း ဖြစ်သည်ကိုမူ မသိပေ။

* * * * *

## (၄၁)

ဟစ်လ်ဒါသည် များစွာ စိတ်ထိခိုက်ခဲ့ရ၏။ ဂရေ့စ်နှင့်အတူ မိခင် ဟာရီယက်၏ ရှာပနမှ ပြန်လာပြီးနောက် သီတင်းပတ်ပေါင်းများစွာ ကုန်လွန်သည်အထိ စကားလည်းမပြောဘဲ တွေတွေဝေဝေ၊ ငေးငေးမှိုင်မှိုင် ဖြစ်နေခဲ့၏။ သူတို့မိသားစု နေခဲ့ရာ လောဂေဟာသည် ယခင်ကနှင့်မတူ။ ပုံမှန်အနေအထား မဟုတ်သည်ကို ကောင်းစွာ သတိထားမိခဲ့သည်။ စိတ်လက်မကြည်မလင် ဖြစ်နေသော ဟစ်လ်ဒါသည် လူနာများကိုလည်း ခပ်ကြမ်းကြမ်း ဆက်ဆံပြောဆိုသည်။ ဒေါက်တာနက်စ်ကိုလည်း ခပ်ရိုင်းရိုင်း ပြောဆိုဆက်ဆံသည်။ မည်သို့ပင်ဖြစ်စေ သူ့အလုပ်ကိုတော့ ကျေပွန်သည်။ အပြစ်အနာအဆာဟူ၍ မရှိအောင် လုပ်သည်။ သူ့ညီမ ဂရေ့စ်၏အပေါ်၌မူ ယခင်ကလိုပင် ဒေါမနဿဖြင့် ဆက်ဆံပြုမူလေ့ရှိသည်။

နေ့တစ်ဝက် အနားရသော ရက်တစ်ရက် နေ့ခင်းပိုင်းတွင် သူတို့သည် ရီဂျင့်လမ်းအတိုင်း လျှောက်လာနေကြသည်။ အောက်စဖို့ဒ်အဝိုင်းမှနေ၍ နိုက်ဘရစ်ချ်သို့သွားမည့် ဘတ်စ်ကားကိုစီးရန် လာခဲ့ကြခြင်းဖြစ်၏။ မိသားစုပြဿနာများကြောင့် သောကများနေသော ဟစ်လ်ဒါသည် ဂရေ့စ်အား သရော်ပြစ်တင်လိုသည့် မျက်နှာထားဖြင့် တစ်ချက်မျှ လှမ်းကြည့်သည်။

'အိမ်မှာ ပြဿနာတွေပေါ်လာရင် နင်က အမြဲတမ်းလိုလို အဆင်ပြေသွားအောင် လုပ်ချင်တဲ့စိတ် ရှိခဲ့တယ်၊ အခုဆိုရင် အိမ်မှာ အဆင်မပြေတာတွေရှိနေပြီ၊ နင် ပြန်သွားပြီး လုပ်သင့်လုပ်ထိုက်တာတွေ လုပ်ပေးသင့်တယ်' ဟု ဟစ်လ်ဒါက စပြောသည်။



'မှန်တော့ မှန်ပါတယ် ....၊ ဒါပေမဲ့ ကျွန်မကို အသုံးချလို့ရတော့မှာ မဟုတ်ဘူး'

'နင်ပြောတဲ့ အဓိပ္ပာယ်က ဘာလဲ'

ထိုအခိုက်တွင် သူတို့စီးရမည့် ဘတ်စ်ကားသည် သူတို့ရပ်စောင့်နေသည့် ဂိတ်တွင် လာရပ်သည်။ နှစ်ယောက်သား ကားပေါ်သို့ တက်ထိုင်ကြသည်။ နေသားတကျ ထိုင်မိသည့်အခါ ဂရေ့စ်က သူမတွင် ကိုယ်ဝန်ရှိနေပြီဟု အသိပေးသည်။ ဟစ်လ်ဒါသည် မမျှော်လင့်သောသတင်းကို ကြားလိုက်ရသဖြင့် ဆတ်ခနဲ ဖြစ်သွားသည်။ သူမသည် လက်မှတ်ရောင်း အမျိုးသမီးအား ကားခပေးပြီးချိန်အထိ ဘာမှမပြော။ လက်မှတ်ရောင်း ထွက်သွားခါမှ နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။

'အဲဒါ လင်ယူလို့ရလာတဲ့အကျိုးပေါ့၊ ချက်ချင်း ဒုက္ခရလာတာပဲ မဟုတ်လား၊ နင်ဟာ အရူးမပဲ'

'ဂရေ့စ်ကတော့ ကိုယ့်ကိုယ်ကို အရူးမလို့ မထင်ဘူး'

ဟစ်လ်ဒါသည် ဒေါသဝင်လာသည်။

'တီးစ်ဒေး ဆိုတဲ့ကောင်ကို အရူးအမူးဖြစ်ခဲ့တဲ့အတွက် အမြတ်ရတာပေါ့၊ ခေါင်းမှ မရှိဘဲကိုး၊ နင် ဆေးရုံအလုပ်က လွင့်ရတော့မယ်၊ အတော့်ကို စိတ်ပျက်ဖို့ကောင်းတဲ့ကိစ္စပဲ၊ ငါဟာ မိသားစုအရှုပ်တွေထဲက ကင်းအောင်နေလာခဲ့တာကြာပြီ၊ ရှေ့လျှောက်ပြီးလည်း အဲဒီလိုပဲ ဆက်နေသွားမယ်လို့ ဆုံးဖြတ်ထားပြီးပြီ၊ နင်ကလေးမွေးတဲ့ ကိစ္စမှာလည်း ငါ မပါချင်ဘူး၊ နင့်ဘာသာနင် မမြင်ကွယ်ရာမှာ သွားမွေး၊ ငါကတော့ ဘာအကူအညီမှ မပေးနိုင်ဘူး' ဟု ပစ်ပစ်ခါခါပြောသည်။

ဂရေ့စ်က ဘာမှပြန်မပြော။ ဘာမှ ပြန်မပြောသင့်သည့် အချိန်တွင် ဘာမှ ပြန်မပြောဘဲနေခြင်းသည် အကောင်းဆုံးအဖြေကိုပေးခြင်းဟု သူ ယူဆသည်။ သူ နားလည်ထားသည့်အတိုင်းဆိုလျှင် ဒန်းကို သူ လက်ထပ်ပြီးကတည်းက ဟစ်လ်ဒါနှင့် သူသည် ဘယ်တော့မှ စိတ်ချင်းနီးစပ်တော့မည်မဟုတ် ဟူသော အချက် ဖြစ်သည်။ ထို့ကြောင့်လည်း ဟစ်လ်ဒါ ပြောသမျှကို ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းငုံ့ခံနေခြင်း ဖြစ်လေသည်။

ဟစ်လ်ဒါအဖို့ကတော့ ကြေကွဲဝမ်းနည်းစရာ ဖြစ်နေသည်။ သူသည် ဂရေ့စ်အား နို့စို့အရွယ် ကလေးဘဝကတည်းက ချီပိုးထိန်းကျောင်းလာခဲ့ရသူ

ဖြစ်သည်။ အခုကျတော့ သူ့လက်ပေါ်၌ အမြဲတစေ အိပ်မောကျနေခဲ့သော မိန်းကလေးသည် ကလေးတစ်ယောက် ဖွားမြင်ပေတော့မည်။ ဟစ်လ်ဒါ၏မျက်လုံးအစုံတွင် မျက်ရည်များ စို့လာသည်။ ဆင်းရမည့်မှတ်တိုင် ရောက်သည့်အခါ သူသည် ဂရေ့စ်ကိုပင် လှည့်မကြည့်တော့ဘဲ ဘတ်စ်ကားပေါ်မှ ဆင်းလာခဲ့သည်။

ဤသို့ဖြင့် ဂရေ့စ်သည် သူ့ကိစ္စကို သူ့ဘာသာသူ တာဝန်ယူဆောင်ရွက်ရသည်။ နောက်တစ်နေ့တွင် သူသည် သူနာပြုဆရာမချုပ် မစ္စဂစ်ဘ်နှင့် သွားတွေ့သည်။ ထုံးစံအတိုင်းဆိုပါက ဤကိစ္စမျိုးတွင် မစ္စဂစ်ဘ်သည် မိန်းမချင်း ကိုယ်ချင်းစာကာ ဂရေ့စ်အပေါ် သနားကရုဏာသက်ဖို့ကောင်းသည်။ သို့သော်လည်း မစ္စဂစ်ဘ်သည် ဟစ်လ်ဒါကဲ့သို့ပင် သနားကရုဏာ ကင်းမဲ့သည်။ ဂရေ့စ်အကြောင်း ကြားသည့်အခါ သူမသည် စိတ်ဆိုးမာန်ဆိုးနှင့် သူထင်ရာ လျှောက်ပြောသည်။

'ငါကတော့ ဒါမျိုးဆိုရင် စိတ်ပျက်တယ် ဆရာမဘားရပ်စ်၊ မင်းကို တို့က ဒီမှာလက်ခံထားခဲ့တာ ဘာအတွက်လဲ၊ ဒဏ်ရာရလာတဲ့ လူနာတွေကို ပြုစုဖို့ထားခဲ့တာ၊ တို့အတွက် အသုံးချလို့ရအောင် မင်းကို လေ့ကျင့်သင်ကြားပေးခဲ့တာ၊ မင်းက အဲဒီကျေးဇူးကို ဒီပုံစံကြီးနဲ့ ပြန်ဆပ်တာကိုး။ ငါကတော့ မင်းလုပ်ပုံကို မကျေနပ်ဘူးလို့ ပြောရမှာပဲ၊ မင်းက မင်းအစ်မလို ထူးခြားတဲ့ သူနာပြုဆရာမလည်း ဖြစ်မလာဘူး၊ သူ့ဆီက ကျွန်မ ကလေးမွေးတော့မယ် ဆိုတဲ့စကားလည်း မကြားရဘူး၊ နမော်နမဲ့လုပ်မှုနဲ့ အပြင်စကြံ်မှာ စကားပြောနေမှုအတွက် သုံးကြိမ်အရေးယူခဲ့ရတယ်၊ အခုတစ်ခါ ဒီဇာတ်လမ်းနဲ့ ရောက်လာပြန်တယ်၊ ခက်တယ် ဆရာမဘားရပ်စ်၊ ဒါတွေအပေါ်မှာ ငါကတော့ မကျေနပ်ဘူး'

ဟစ်လ်ဒါနှင့် မစ္စဂစ်ဘ်တို့၏ သဘောထားနှင့် ပြုမူပြောဆိုပုံများသည် မဖွယ်မရာနိုင်လွန်းသည်ဟု ဂရေ့စ်က ယူဆသည်။ မည်သို့ပင်ဖြစ်စေ ဂရေ့စ်သည် ကိစ္စတစ်ခုနှင့်ကြုံလာလျှင် လွယ်လွယ်နှင့် အညှံ့ခံတတ်သူ မဟုတ်ပေ။ သူသည် ရိုးသည်၊ ပရိယာယ်မရှိ၊ နမော်နမဲ့ လုပ်တတ်ကိုင်တတ်သည်။ သို့သော်လည်း သူသည် စိတ်ဓာတ်ကြံ့ခိုင်မာကျောသူ ဖြစ်သည်။

ဂရေ့စ်သည် သူ့ကိစ္စအတွက် သူ့ဘာသာသူပင် အစီအစဉ်များချသည်။ သူ့အမေ သေဆုံးသွားချိန်မှစ၍ လောဂေဟာသို့ ပြန်ရမည်ကို များစွာကြောက်ရွံ့ခဲ့၏။ သူသည် အန်တီကေရီထံ စာတစ်စောင်ရေး၍ အခြေအနေကို စုံစမ်းကြည့်သည်။ ကေရီ၏ ပြန်စာထဲတွင် ထိတ်လန့်ကြောက်ရွံ့မှုများကို ဖတ်ရ၏။ ထိုစာကို ဖတ်ပြီးချိန်တွင် ဂရေ့စ်သည် သူ အိမ်ပြန်၍မဖြစ်ဟု နားလည်လိုက်သည်။

ဇန်နဝါရီလ ပထမပတ် စနေနေ့တွင် ဂရေ့စ်သည် တစ်နေ့လုံး အနားရသည်။ သူသည် မီးရထားဖြင့် ဆပ်စ်ဆက်စ်သို့ လိုက်လာခဲ့၏။ ဆပ်စ်ဆက်စ်



သည် နေသာ၍ ရာသီဥတု ပူနွေးသောနေရာ ဖြစ်သဖြင့် သူ သဘောကျသောနေရာ ဖြစ်၏။ သူသည် ဆပ်စ်ဆက်က်အကြောင်း မသိပေ။ တစ်ချိန်က သူနာပြုဆရာမတစ်ဦး အလည်လာခဲ့ရာ ထိုဆရာမက သူ နေထိုင်ခဲ့ဖူးသော ဝင်းရပ်ရှ်ရွာမှ လိပ်စာကို ပေးခဲ့၍ ဤနေရာကို စဉ်းစားမိခြင်း ဖြစ်သည်။

ဂရေ့စ်သည် ပန်ဟမ်လမ်းခွဲဘူတာတွင် ဆင်းသည်။ ပတ်ဝန်းကျင်တွင် သံဆူးကြိုးများ ကာထားသည့် နွားတင်းကုပ်များ၊ နွားခြံများနှင့် နို့ဆီဘူးပုံများကို မြင်တွေ့ရသည်။ သူသည် "ဝင်းရပ်ရှ်" ဟူသော ဆိုင်းဘုတ်ကို မတွေ့တွေ့အောင် ရှာခဲ့ရာ မကြာမီ ရှာဖွေတွေ့ရှိခဲ့သည်။ ဆိုင်းဘုတ်ပေါ်မှ စာတမ်းအရ သွားရမည့် ခရီးမှာ တစ်မိုင်သာ ဝေးသည်။ ဂရေ့စ်သည် ဝင်းရပ်ရှ် ရောက်သည်အထိ လမ်းလျှောက်သွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

လေထန်သောနေ့ ဖြစ်သည်။ သန့်စင်လတ်ဆတ်သော လေနှင့်အတူ မြေသင်းနံ့နှင့် ပင်လယ်နံ့တို့သည် လိုက်ပါလာလျက်ရှိ၏။ ချစ်စရာကောင်းအောင် လှပသည့် ဤပတ်ဝန်းကျင်မျိုးတွေ ရှိနေပါလျက်နှင့် စစ်ကြီးသည် ဖြစ်နေရ၏။ ဤစစ်ကြီးသည် သဘာဝကို ဖျက်ဆီးလျက်ရှိ၏။ လောက၏အလှကို ဖျက်ဆီးလျက်ရှိ၏။ လူသားများကို ဖျက်ဆီးလျက်ရှိ၏။ သူသည် ဤအကြောင်းများကို တွေးကာ စိတ်မချမ်းမြေ့ ဖြစ်လာသည်။

သို့သော်လည်း ဝင်းရပ်ရှ်သို့ ဆိုက်ရောက်သွားသည့်အခါတွင်မူ ထိုအရာအားလုံးကို မေ့သွားသည်။ ဝင်းရပ်ရှ်သည် ချစ်စရာကောင်းသည့် နေရာတစ်နေရာဟု သူ ထင်သည်။ ဝင်းရပ်ရှ်သည် ရွာငယ်ကလေး တစ်ရွာမျှသာ ဖြစ်၏။ ရွာထဲတွင် လမ်းဟူ၍ တစ်လမ်းမျှသာရှိ၍ ပင်လယ်ဘက်သို့ ဦးတည်သွားသောလမ်း ဖြစ်သည်။

ရွာလယ်လမ်းမဘေးတွင် ဆိုင်ငယ်လေးတစ်ဆိုင်ရှိ၍ အိမ်လုပ် လက်ဖြစ်ဆိုင်းဘုတ်တစ်ခု ချိတ်ထားသည်။ "မစ္စက်ကော့စ် ကုန်စုံဆိုင်၊ အထည်ဆိုင်၊ ဆေးဆိုင်" ဟု ရေးထားသော ထိုဆိုင်းဘုတ်သည် ရွာ၏ တစ်ခုတည်းသော ဆိုင်းဘုတ် ဖြစ်သည်။ ဂရေ့စ်သည် ဆိုင်ကလေးကိုကြည့်ကာ များစွာ သဘောကျမိသည်။ သူသည် လမ်းလေး၌ ခဏမျှရပ်ကာ ဆိုင်ပြတင်းပေါက်မှနေ၍ အထဲမှ ပစ္စည်းများကို ကြည့်နေမိ၏။ သူ ငယ်စဉ်က တွေ့ဖူးမြင်ဖူး သုံးဖူးခဲ့သမျှ အရာဝတ္ထုများကို မြင်နေရလေသည်။

သူသည် ဆိုင်ထဲသို့ ဝင်ခဲ့သည်။ အတွင်းဘက်တွင် မှောင်နေသဖြင့် ဝင်ပေါက်တံခါးခုံကို ခလုတ်တိုက်ကာ ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားသည်။

'အမယ်လေး' ဟူသော အလန့်တကြား ရေရွတ်သံကို ကြားလိုက်ရ၏။

'ဒီတံခါးနဲ့တော့ ဒုက္ခပါပဲ' ဟူသော ပြောသံကိုလည်း ကြားလိုက်ရသည်။

ဂရေ့စ်သည် အသံရှင်ကိုကြည့်၍ ဆိုင်ရှင် မစ္စက်ကေ့စ် ဖြစ်ရမည်ဟု တွက်လိုက်သည်။

'ကိစ္စမရှိပါဘူး၊ ကျွန်မကိုယ်က နမော်နမဲ့နိုင်တာပါ၊ ကျွန်မ စည်ပိုင်းကလေးကို ဝင်တိုက်မိသေးတယ်၊ ပျက်များသွားပြီလား မသိဘူး' ဟု ဂရေ့စ်က အလိုက်သင့် ပြန်ပြောသည်။

'စည်ပိုင်းက ကိစ္စမရှိဘူး၊ မင်းကို ခိုက်မိသေးသလား'

ဂရေ့စ်က ပြုံးသည်။ ဆိုင်ရှင် မစ္စက်ကေ့စ်သည် အရပ်ပုပု၊ ကျောကုန်းတွင် ဘုကြီးနှင့်ဖြစ်၍ မြင်သူတိုင်းက ပြုံးမိကြသည့် အဘွားအိုတစ်ယောက် ဖြစ်သည်။ ကလေးဘဝက ရခဲ့သော ရောဂါတစ်မျိုးကြောင့် ယခုလို ကိုယ်အင်္ဂါ ချွတ်ယွင်းပျက်ပြားလာခဲ့ရခြင်း ဖြစ်သည်။ အဘွားအို၏ ဦးခေါင်းသည် သူ့ခန္ဓာကိုယ်တွင် အလွန်အမင်း မြုပ်ဝင်နေသည်ဖြစ်ရာ ထိုင်လိုက်သည့်အခါ သူ့ပခုံးများပေါ်သို့ ပြန်ထိုင်နေသလားဟု ထင်ရ၏။

'ကျွန်မ အခန်းငှားချင်လို့ လာတာပါ' ဟု ဂရေ့စ်က ပြောသည်။

'သူနာပြုဆရာမ မောင်ဂိုမာရီကို မှတ်မိမလားတော့ မသိဘူး၊ သူက ကျွန်မမိတ်ဆွေပါ၊ ဒီဘက်မှာ တာဝန်ကျတုန်းက ဒီမှာလာပြီး အခန်းငှားနေခဲ့ဖူးပါတယ်၊ သူက ကျွန်မကို ညွှန်လိုက်လို့ လာခဲ့တာပါ'

'သြော် ....ဟုတ်တယ်၊ ငါ သူ့ကို မှတ်မိတယ်၊ သိပ်ပြီး ပျော်ပျော်နေတတ်တဲ့ မိန်းကလေးကွယ်၊ မင်းက နွေရာသီမှာနေဖို့ ငှားချင်တာလား'

'မဟုတ်ဘူးရှင့်၊ ကျွန်မက နွေဦးပေါက်မှာလာနေဖို့ ငှားချင်တာ၊ ကျွန်မက သူ့လိုတော့ မဟုတ်ဘူး၊ ကလေးမီးဖွားစရာ ရှိနေလို့ပါ'

မစ္စက်ကေ့စ်သည် အချိန်အတော်ကြာမျှ စဉ်းစားနေသည်။ ဂရေ့စ်က ....

'ဘာဖြစ်လို့လဲ၊ ကလေးမီးဖွားစရာရှိတယ်လို့ ပြောတာနဲ့ ပြဿနာရှိလို့လား'

'တကယ်လို့ပေါ့လေ မင်းခင်ပွန်းသည်က စစ်ထဲမှာလား၊ ဒါမှမဟုတ်ဘဲ တစ်နေရာရာမှာလား၊ သူ ရှိတော့ရှိတယ် မဟုတ်လား၊ ဒီမေးခွန်း မေးတာတော့ မင်း စိတ်မဆိုးဘူး ထင်ပါတယ်နော်'

ဂရေ့စ်က စိတ်မဆိုးရုံမျှမက မစ္စက်ကေ့စ်အား ဒန်းအကြောင်းကို ပြောပြသည်။ သူ့အကြောင်းကိုလည်း ရှင်းပြသည်။ မစ္စက်ကေ့စ်သည် စတင်တွေ့စအချိန်ကလိုပင် တရင်းတနှီး ပြန်ဖြစ်လာသည်။ အဘွားကြီးက လူတွေမကောင်းသဖြင့် အစစအရာရာ သတိထားဖို့ လိုအပ်ကြောင်းလည်း ပြောပြသည်။



'ကဲ ....ကဲ ....လာ၊ မင်း အခန်းကြည့်ချင်ရောပေါ့' ဟု ဆိုကာ ဂရေ့စ်အား ခေါ်သွားသည်။

အခန်းများမှာ တခမ်းတနား ရှိလှပေသည်။ နှစ်ခန်းမျှရှိရာ အားလုံးက ဒုတိယထပ်တွင် ရှိကြသည်။ ကြမ်းပြင်များသည် မညီမညာရှိလှ၍ မျက်နှာကြက်များသည် နိမ့်လှ၏။ အိပ်ရာဆီသို့ သွားသည့်အခါ ခေါင်းကိုငုံ့ထားရသည်။ သို့သော်လည်း အခန်းအားလုံး သန့်ရှင်းသပ်ရပ်လှပေသည်။ နံရံတစ်ဖက်တွင် ဗိတိုရိယဘုရင်မ နန်းတက်ပွဲပုံကြီး ချိတ်ထားသည်။ တစ်နေရာတွင်မူ မစ္စက်ကေ့စ်၏တူ ရှာဖွေစုဆောင်းထားသည့် ငှက်ဥများထားရာ သေတ္တာလေးတစ်လုံး တင်ထားသည်။ အခြားတစ်ဖက် မှန်နံရံပေါ်တွင်မူ မစ္စက်ကေ့စ်၏ ခင်ပွန်းသည်ပုံကြီး ချိတ်ထားသည်။ မစ္စက်ကေ့စ်၏ ယောကျ်ားမှာ မီးရထားအလုပ်သမားဖြစ်၍ အသည်းရောဂါဖြင့် ကွယ်လွန်သွားသည်မှာ ကြာခဲ့ပြီဖြစ်၏။

အခန်းပြတင်းပေါက်မှ လှမ်းကြည့်လျှင် အပြင်ဘက်မှ ဥယျာဉ်ကို မြင်နေရသည်။ ဥယျာဉ်ထဲမှ ချယ်ရီပင်များကို လှမ်းမြင်နေရ၏။ ဂရေ့စ်၏စိတ်ထဲတွင် နွေဦးပေါက်နေပြီဟုပင် ထင်မိသည်။ ဥယျာဉ်၏တစ်ဖက်ရှိ လယ်ကွင်းများထဲတွင် နွားမများသည် အစာစားလျက်ရှိကြသည်။ ဂရေ့စ်သည် ရှုခင်းကိုကြည့်ကာ ဒန်းအား သတိရမိသဖြင့် မျက်ရည်ဝိုင်းလာသည်။ သူသည် မစ္စက်ကေ့စ်အား လှည့်ကြည့်သည်။

'ရှင် ငှားမယ်ဆိုရင်တော့ အခန်းတွေကို ကျွန်မ ငှားချင်ပါတယ်'

မစ္စက်ကေ့စ်က ခေါင်းညိတ်သည်။

'ကဲကွယ် ....၊ အောက်ထပ်ကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ လက်ဖက်ရည်သောက်ရင်းပေါ့'

သူတို့သည် အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ လက်ဖက်ရည် တစ်ခွက်ပြီးတစ်ခွက်သောက်ရင်း စကားပြောကြသည်။ မစ္စက်ကေ့စ်သည် စောစောကထက်ပို၍ ဂရေ့စ်အပေါ်တွင် ယုံကြည်စိတ်ချလာခဲ့ပြီ ဖြစ်၏။

'တကယ်လို့ တစ်ပတ်ကို ဆယ့်ငါးသျှီလင်လို့ပြောရင် ဘယ်လိုသဘောရမလဲ၊ များလွန်းတယ်လို့များ ထင်မလား'

'မထင်ပါဘူး' ဟု ဂရေ့စ်က ပြောသည်။

ကိစ္စသည် ချက်ချင်းပင် ပြီးပြတ်သွားသည်။ သူတို့နှစ်ဦးကြားတွင် နားလည်မှုကလည်း တိုး၍လာသည်။ မစ္စက်ကေ့စ်သည် သတင်းပေါင်းစုံရသူလည်း ဖြစ်၏။ ရွာထဲရှိ မစ္စတာပါဆယ်၏ ယာခြံတွင် တယ်လီဖုန်းရှိသဖြင့် အချိန်မရွေး သုံးနိုင်သည်ဟု သိရသည်။ ရွာနှင့် သုံးမိုင်ခန့်မျှသာဝေးသည့် ဖစ်တဲလ်ဟင်မတန်

မြို့တွင် ဆရာဝန်ကောင်းတွေ ရှိကြောင်းလည်း သိရသည်။ စကားအကြာကြီး ပြောလိုက်ရသည့်အတွက် သူတို့နှစ်ယောက်သည် အလွန် ခင်မင်ရင်းနှီးသွားကြသည်။

ပန်ဟမ်လမ်းခွဲဘူတာမှ ညနေလေးနာရီဆယ်မိနစ်ရထားကို စီး၍ ပြန်လာခဲ့သော ဂရေ့စ်သည် များစွာပျော်ရွှင်ကာ စိတ်အားတက်လျက်ရှိသည်။ သူ့အစ်မ ဟစ်လ်ဒါနှင့် သူနာပြုဆရာမကြီး မစ္စဂစ်ဘ်တို့အမြင်တွင် ဂရေ့စ်သည် ပေါ့တီပေါ့တန် နမော်နမဲ့သမားတစ်ဦး ဖြစ်သည်။ ဂရေ့စ်အနေဖြင့် သားဖွားဆေးရုံ တစ်ရုံကို သွားရုံမှတစ်ပါး အခြားနည်း မမြင်ကြ။ အကယ်၍ အခုလို တစ်နေရာသို့သွား၍ အခန်းငှားသည်ဟုသိရလျှင် ဂရေ့စ်အား ရူးနေပြီဟုပင် စွပ်စွဲကြလိမ့်မည်ဖြစ်၏။

ဂရေ့စ်သည် အဆောင်သို့ပြန်ရောက်သည့်အခါ ဟစ်လ်ဒါအား အကြောင်းစုံ ပြောပြသင့်သည်ဟု ထင်လာသည်။ သူသည် ချက်ချင်းပင် ဟစ်လ်ဒါ၏အခန်းသို့ သွားသည်။ သူ့မျက်နှာထားသည် ယုံကြည်မှုနှင့် ပျော်လင့်ချက်အပြည့် ....။

'ညီမတော့ အားလုံး အဆင်ပြေသွားအောင် လုပ်ခဲ့ပြီးပြီ၊ ဆပ်စ်ဆက်စ်ဘက်မှာ သိပ်ကိုနေလို့ကောင်းမယ့် နေရာကလေး တစ်နေရာ တွေ့လာခဲ့ပြီ' ဟု ဂရေ့စ်က ပြောသည်။

'ဟုတ်လား' ဟု ဟစ်လ်ဒါက အေးစက်စက်လေသံဖြင့် ပြောသည်။ အမှန်တော့ ဟစ်လ်ဒါသည်ဘ် ဂရေ့စ် ဘယ်သွား၍ ဘာတွေလုပ်လာခဲ့သည်ကို အလွန်သိချင်နေသည်။ သို့သော်လည်း သူ့မာန်မာနက သူ့အား မမေးအောင် ဟန့်တားထားသည်။

'ဂရေ့စ် ပြောပြရမလား' ဟု မေးသည့်အခါတွင်လည်း ဟစ်လ်ဒါသည် သိလိုစိတ်မရှိဟန်ဆောင်ထားသည်။

'နောက်ကျမှပြောပါ' ဟူသောစကားဖြင့် တားမြစ်လိုက်ပြီး မဂ္ဂဇင်းတစ်စောင်ကို ကောက်ယူကာ စာရွက်များ လှန်လှောကြည့်ရှုနေသည်။

ဂရေ့စ်သည် အခန်းထဲမှ ထွက်သွားသည်။ အခန်းတံခါး ပိတ်သွားသည်နှင့်တစ်ပြိုင်နက် ဟစ်လ်ဒါသည် ကုလားထိုင်ပေါ်မှ ခုန်ထကာ နောက်မှလိုက်သည်။ အမှန်တော့ ယခုကဲ့သို့ လိုက်ခြင်းသည် ဟစ်လ်ဒါ၏ ပင်ကိုစိတ်နှင့် ဆန့်ကျင်လျက်ရှိ၏။ သူသည် ချက်ချင်းပင် ဆက်မလိုက်တော့ဘဲ ရပ်နေသည်။ လက်ထဲမှ မဂ္ဂဇင်းကို အခန်းထောင့် တစ်ထောင့်ဆီသို့ ပစ်ပေါက်လိုက်သည်။

ထိုညတွင် ရန်သူလေယာဉ်ပျံများ ရောက်လာပြီး လန်ဒန်မြို့ကို ဗုံးကြဲသည်။ ခါတိုင်း လေကြောင်းတိုက်ပွဲ ဖြစ်သည့်အခါတိုင်း ဂရေ့စ်သည် ဟစ်လ်ဒါ



ထံသို့ အပြေးအလွှား ရောက်လာတတ်သည်။ ဟစ်လ်ဒါ၏ အိပ်ရာပေါ်သို့ အတင်းတိုးဝင်ကာ ကပ်၍လှဲနေလေ့ရှိသည်။ သို့သော်လည်း ယနေ့ညတွင်မူ ဂရေ့စ် ပေါ်မလာ။ ဟစ်လ်ဒါသည် ဂရေ့စ် ရောက်လာလိမ့်မည် ဟူသောအထင်ဖြင့် တမျှော်မျှော် ဖြစ်လျက်ရှိ၏။ ဂရေ့စ်၏ အရိပ်အယောင်ကိုပင် မမြင်ရ။

နေ့ရက်များသည် တဖြည်းဖြည်း ကုန်လွန်လာသည်။ ဂရေ့စ်အဖို့ ဒန်းထံမှ စာများကိုသာ မျှော်လင့်စောင့်စားရင်း အချိန်ကုန်ရသည်။ ဒန်းထံမှစာများသည် တစ်ပတ်လျှင်နှစ်ကြိမ် လာစမြဲဖြစ်၏။ စစ်က အရေးကြီးသော အချိန်ကာလ ဖြစ်နေသဖြင့် ခွင့်ယူ၍လည်းမရ။ အခုလိုအချိန်တွင် သူ မလာနိုင်သည့်အတွက် စိတ်ထိခိုက် ကြေကွဲရပါသည်ဟု အမြဲတစေ ရေးလေ့ရှိ၏။ တစ်ခါတစ်ရံတွင် တပ်ထဲမှ ထွက်ပြေးပြီး ပြင်သစ်နိုင်ငံဘက်မှနေ၍ ရေလက်ကြားကို ကူးဖြတ်ကာ ဂရေ့စ်ထံလာချင်စိတ် ဖြစ်မိသည်ဟုလည်း ရေးလေ့ရှိ၏။

မည်သို့ပင်ဖြစ်စေ ဒန်း၏စာများသည် ဂရေ့စ်အတွက် စိတ်၏ချမ်းသာခြင်းကို ဖြစ်စေသည်။ ဂရေ့စ်အနေဖြင့် ဟစ်လ်ဒါသည် သူ့အပေါ်၌ ပြန်လည်၍ ခင်မင်ကြင်နာလာလိမ့်မည်ဟု မျှော်လင့်တောင့်တမိသည်။ သို့သော်လည်း သူ မျှော်လင့်သလို ဖြစ်မလာ။ ဆေးရုံ၌ တာဝန်ကျရက် ကုန်ဆုံးသည့် နောက်ဆုံးနေ့တွင် ဂရေ့စ်သည် ဟစ်လ်ဒါအား နှုတ်ဆက်ရန် ရောက်သွားသည်။ ဟစ်ဒ်ဒါသည် ခွဲစိတ်ခန်းထဲ၌ ရောက်နေသဖြင့် မတွေ့ရ။ ဂရေ့စ်သည် နှုတ်ဆက်လိုပါသော်လည်း နှုတ်ဆက်ခွင့်မရ။ သူသည် စိတ်ထိခိုက်စွာဖြင့်ပင် ဆေးရုံမှ ထွက်ခွာခဲ့ရလေ၏။

* * * * *

## (၄၂)

၁၉၁၇ ခုနှစ်၊ ဧပြီလ ဆယ့်ခြောက်ရက်တွင် စတန်လေမီလင်တန်သည် တိုင်နီကပ်ဆဲလ်သို့ ပြန်ရောက်လာသည်။ ထိုသီတင်းပတ်များအတွင်းတွင် လော်ရာသည် စတန်လေ ဆေးရုံတက်နေသည့် ဝါးဝမ်ရှိုင်းယားနယ်၊ ဆောဘရစ်ချ်မြို့၌ သွားရောက်နေထိုင်လျက်ရှိ၏။ စတန်လေ၏ရောဂါမှာ စစ်ကြောင့် စွဲကပ်လာသည့် နျူရိုးဆစ် စိတ်ရောဂါ ဖြစ်သဖြင့် စိတ္တဇဆေးရုံ၌ တက်ရောက်၍ အကုသခံနေရခြင်း ဖြစ်လေသည်။

ဂျိုးသည် စတန်လေနှင့် ပတ်သက်၍ ဘာသတင်းမှမရ။ လော်ရာနှင့်

ပတ်သက်၍လည်း ဘာမှမကြားရ။ နောက်ဆုံး ရုံးသို့ရောက်လာသည့် ကြေးနန်းစာအရ စတန်လေနှင့် လော်ရာတို့ ဟစ်လ်တော့ပ်ဂေဟာသို့ ပြန်လာတော့မည့်ရက်ကို သိရသည်။ အမှန်သော် သူနှင့် လော်ရာ အဆက်ပြတ်သွားသည်မှာ ကြာပြီဖြစ်၏။ သူနှင့် လာနေသည့် ညနေခင်းက ငိုယိုပြီး အခန်းထဲမှ ထွက်သွားချိန်ကတည်းက ထပ်မံ မဆုံမိကြတော့ခြင်း ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ အခုလို ပြန်လာမည်ဟု သိရသောအခါ မည်သူကမှ သူ့အား အကြောင်းမကြားသော်လည်း သူကိုယ်တိုင် ဘူတာအထိ ဆင်းကြိုသင့်သည်ဟု ယူဆသည်။ သာမန်အားဖြင့်တွက်မည်ဆိုပါက အကြောင်းမကြားလျှင် သွားရန်မသင့်ပေ။ သို့သော်လည်း ဂျိုးသည် မျက်နှာပြောင်သူ ဖြစ်ရုံမျှမက ဘယ်သူတွေက ဘယ်လိုပဲပြောပြော အရေထူသူ ဖြစ်လေရာ ဘူတာသို့သွား၍ ကြိုမည်ဟု ဆုံးဖြတ်လိုက်၏။ သူသည် လော်ရာနှင့် နောက်ဆုံးအကြိမ် ချိန်းတွေ့ကြစဉ်က လော်ရာ လုပ်သွားသည့် အပြုအမူကို ခေါင်းထဲမှ ဖျောက်ပစ်လိုက်သည်။ လော်ရာကိုယ်တိုင်ကလည်း သူ့အား မျှော်လိမ့်မည်ဟု သူ့ဘာသာသူ တစ်ဖက်သတ် ယူဆထားလိုက်သည်။ ဤသို့ဖြင့် သူသည် စတန်လေတို့ ရောက်မည့်ရက်တွင် ဘူတာသို့ ရောက်သွားခဲ့လေ၏။

သို့သော်လည်း မီးရထားဆိုက်၍ စတန်လေနှင့် ရင်ဆိုင်လိုက်ရသည့်အခါ ဂျိုး၏မျက်နှာပေါ်မှ အပြုံးရိပ်သည် ပျောက်ကွယ်သွားသည်။ သူကတော့ ဝမ်းသာအားရဖြင့် ....

'ဟယ်လို ....စတန်လေ' ဟု နှုတ်ဆက်ကာ လက်ကိုဆွဲ၍ ခါနေသော်လည်း စတန်လေကတော့ မတုန်မလှုပ်။

'ဗုံးဆန်တစ်လုံးကြောင့် ငါ မြေကြီးထဲမြုပ်သွားတယ်' ဟုသာ ပြောသည်။

ဂျိုးက လော်ရာအား လှမ်းကြည့်သည်။ လော်ရာ့မျက်နှာသည် တည်တည်ငြိမ်ငြိမ်ပင်။ ဘူတာ ပလက်ဖောင်းပေါ်တွင် လူများဖြင့် ပြည့်ကျပ်နေသည်။ တိုးဝှေ့သွားလာနေကြသည့် လူအများကြားတွင် စတန်လေသည် အဟန့်အတားတစ်ခုသဖွယ် ဖြစ်နေသည်။ လော်ရာသည် ဂျိုးနှင့် မျက်လုံးချင်းမဆိုင်မိအောင် ရှောင်ဖယ်ကာ စတန်လေ၏ လက်မောင်းကိုဆွဲ၍ ခေါ်သွားနေသည်။ လမ်းခုလတ်တွင် စတန်လေက ဂျိုးအား စကားထပ်ပြောပြန်သည်။

'ဗုံးဆန်တစ်လုံးကြောင့် ငါ မြေကြီးထဲမြုပ်သွားတယ်'

သူတို့သည် ကားပေါ်သို့ ရောက်သွားကြသည်။ ဘူတာမှ အိမ်သို့အသွား လမ်းတစ်လျှောက်တွင် ဂျိုးသည် စတန်လေအား ဘေးတိုက်ကြည့်၍ အကဲခတ်လာသည်။ စတန်လေသည် စောစောကပြောခဲ့သည့်စကားကို တတိယအကြိမ် ထပ်ပြောပြန်သည်။



'ဗုံးဆန်တစ်လုံးကြောင့် ငါ မြေကြီးထဲမြုပ်သွားတယ်'

ဤတစ်ကြိမ်တွင်မူ ဂျိုးက ....

'ဟုတ်တယ် စတန်လေ၊ ဗုံးဆန်ကျလို့ ခင်ဗျား မြေကြီးထဲမြုပ်သွားတယ်' ဟု အလိုက်သင့် ပြန်ပြောသည်။

စတန်လေသည် ဘာမှ ပြန်မပြော။ ရှေ့တည့်တည့်ကိုသာ တွေဝေငေးမောနေသည်။ သူ့မျက်လုံးအစုံသည် ရီဝေမှုန်မှိုင်းနေကြသည်။ ဘာကိုမှ မမြင်။ ဘာကိုမှ မသိသည့် လူတစ်ယောက်လို ဖြစ်နေသည်။ ဂျိုးကတော့ စတန်လေအား ယခင်က စတန်လေအဖြစ် မြင်တွေ့ရလိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ခဲ့၏။ အခုတော့ ....။

မော်တော်ကားသည် အိမ်ရှေ့ဆင်ဝင်၌ ရပ်သည်။ ဂျိုးသည် ကားပေါ်မှ ခုန်ဆင်းကာ စတန်လေအား ရက်ရက်ရောရော ကူညီသည်။

'ဒီဘက်ကိုလာ ....၊ ဖြည်းဖြည်းဆင်း ....၊ သတိထားနော်' စသည်ဖြင့် ဘေးမှနေ၍ သတိပေးသည်။

စတန်လေ လမ်းလျှောက်ပုံသည် ယခင်ကနှင့်မတူ။ ခြေလှမ်းများ လှမ်းပုံသည် မမှန်။ ဂျိုးက ဘေးမှနေ၍ တွဲထားသည်။

'ခြေထောက်တွေကတော့ ကောင်းလာပြီ၊ မကောင်းတာက ခေါင်းပဲ၊ ဒါကြောင့် ငါ ဆေးရုံတက်နေရတာ၊ ဗုံးဆန်ကြောင့် မြေကြီးထဲ ရောက်သွားတယ်' ဟု စတန်လေက ပြောသည်။

လော်ရာသည် အိမ်အဝင် ဝင်းတံခါး၌ရပ်၍ သူ့ဒရိုင်ဘာအား ပစ္စည်းများကိစ္စ မှာကြားနေသည်။ ဂျိုးသည် လော်ရာအား စောင့်မနေတော့ဘဲ စတန်လေအား အိမ်ထဲသို့ လိုက်ပို့ပေးသည်။ စတန်လေသည် အိမ်ထဲမှ ရပ်စောင့်နေသော အိမ်စေမကလေး ဘက်ဆီကို လုံးဝသတိထားပြီးမကြည့်။ ဧည့်ခန်းထဲသို့ တန်းဝင်သွားပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။ သူ့အမူအရာမှာ ဤအိမ်ကို သူပိုင်အိမ်ဟု သိပုံမရ။ ဘက်ဆီသည် စတန်လေအားကြည့်ပြီး မျက်ရည်ကျသည်။

'မစ္စတာ စတန်လေအတွက် နေ့လယ်စာပြင်တော့ ဘက်ဆီ' ဟု ဂျိုးက ပြောသည်။

'သူ နေ့လယ်စာ စားလိုက်ရင် ပိုပြီး နေကောင်းသွားလိမ့်မယ်'

ဘက်ဆီသည် အခန်းထဲမှ ထွက်သွားသည်။ မီးဖိုခန်းထဲမှ ဘက်ဆီ၏ ငိုသံနှင့် ထမင်းချက်အား စတန်လေအကြောင်း ပြောပြနေသံကို ကြားနေရ၏။ စတန်လေသည် ဧည့်ခန်းကို စေ့စေ့စပ်စပ် ကြည့်နေသည်။ ထိုအခိုက်မှာပင် လော်ရာ ဝင်လာသည်။

'အပေါ်ထပ်ကို တက်တော့မလား' ဟု လော်ရာက မေးသည်။ စတန်လေက 'မတက်ချင်ဘူး' ဟု ဖြေသည်။

စတန်လေ၏ မျက်နှာသည် ကြောက်လန့်ခြင်းကို ဖော်ပြနေသည်။ ဘာကို ကြောက်နေမှန်းတော့ မသိ။ စားသောက်ခန်းထဲမှ မောင်းတီးသံ ကြားရသည်။

'ကဲ .... လာ နေ့လယ်စာ စားကြရအောင်' ဟု ဂျိုးက စတန်လေအား ကြည့်ပြောသည်။

'သူ့ကို နေ့လယ်စာကျွေးလိုက်ရင် နည်းနည်းအဆင်ပြေသွားလိမ့်မယ်လို့ ထင်တယ်' ဟုလည်း လော်ရာအား လှမ်းပြောသည်။

'နေ့လယ်စာ စားပြီးရင် ငါ အိပ်မှဖြစ်မှာ၊ ဆရာဝန်တွေက ငါ့ကို မှာလိုက်တယ်'

သူတို့သည် စားသောက်ခန်းထဲသို့ ဝင်ကြသည်။

'ရှင်က အလုပ်ကိုပြန်ဖို့ အချိန်ကျနေပြီ မဟုတ်လား' ဟု လော်ရာက ဂျိုးအားမကြည့်ဘဲ ပြောသည်။

'ပြန်ဖို့ မလိုပါဘူး၊ ဟိုမှာ အဆင်ပြေအောင် လုပ်ထားခဲ့တယ်' ဟု ဂျိုးက ဖြေသည်။

'စတန်လေကရော ဂျိုးကို ပြန်သွားစေချင်တယ် မဟုတ်လား' ဟု လော်ရာက စတန်လေဘက်လှည့်၍ ပြောသည်။

စတန်လေသည် စိတ်တိုသွားသည့် အရိပ်လက္ခဏာကို ပြသည်။

'သူ့ဘာသာသူနေတာ နေစမ်းပါစေကွာ'

ဂျိုးက ပြုံးသည်။ လော်ရာသည် ဘာမှ ထပ်မပြောတော့ဘဲ နှုတ်ဆိတ်သွားသည်။ သူတို့သည် နေ့လယ်စာကို စားနေကြသည်။ နေ့လယ်စာ စားနေရင်းမှပင် စတန်လေသည် သူ့အား ဆရာဝန်က ညွှန်ကြားလိုက်သည့်စကားကို ထပ်ပြောနေပြန်သည်။ ဤတစ်ကြိမ်တွင် ....

'ငါ အိပ်ရာက နိုးလာတဲ့အခါ ဓာတ်ထိုးရဦးမှာကွ' ဟူသော စကားတစ်ခွန်းကိုပါ ထည့်ပြောလာသည်။

ဂျိုးသည် ပါးစပ်အဟောင်းသားဖြင့် စတန်လေအား ကြည့်နေသည်။

'ဘာ .... ဓာတ်ထိုးရဦးမယ်၊ ဟုတ်လား' ဟု ရေရွတ်သည်။

'ဟုတ်တယ်၊ ဓာတ်ထိုးနေရင် ခေါင်းသက်သာတယ်၊ ဆေးရုံမှာနေတုန်းက ငါ ဓာတ်ထိုးသင်လာခဲ့ရတယ်'

ဂျိုးသည် စဉ်းစားဝေဖန်ရ ခက်နေသည်။ ဓာတ်ထိုးမည်ဟု ပြောနေ၏။ 'ဘာကြောင့်ပါလိမ့်၊ ဘယ်လိုဖြစ်တာလဲ' စသည်ဖြင့် တွေးကာ ရယ်ချင်စိတ်ပင်



ဖြစ်လာသည်။ ထိုအခိုက်တွင် စတန်လေက ငိုသံပါနှင့် ပြောလိုက်သည့် စကားတစ်ခွန်း ကြားရသည်။

'ငါ မလုပ်တတ်တော့ဘူး၊ ငါ မလုပ်တတ်တော့ဘူး'

လော်ရာက ကပျာကယာ လှမ်းပြောသည်။

'ဘာဖြစ်လို့လဲ၊ ဘာကို မလုပ်နိုင်တာလဲ'

'ဒီမှာလေ .... ငါ ဒီအိုးအဖုံးကို ပြန်ပိတ်လို့ မရတော့ဘူး'

ဂျိုးက ထိုင်ရာမှ ထရပ်ကာ ....

'ကျွန်တော် ပိတ်ပေးမယ်' ဟု ပြောသည်။ အိုးနှင့် အဖုံးကြား၌ ညပ်နေသောဇွန်းကို ဆွဲထုတ်လိုက်ကာ အိုးအဖုံးကို ပိတ်ပေးလိုက်သည်။ လော်ရာသည် စတန်လေ၏အဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်လျက်ရှိ၏။ သူသည် လုပ်စရာတစ်ခုရှိသည်ဟု အကြောင်းပြကာ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် တိတ်ဆိတ်နေသည်။ ဂျိုးသည် မိနစ်အတော်များများ ကုန်သည်အထိ သူ့အစီအစဉ်အားလုံးကို စိတ်ကူးဖြင့် ရေးဆွဲချမှတ်နေသည်။ အချိန်ကောင်း အခါကောင်းနှင့် ကြုံကြိုက်တိုင်း သူ့စိတ်ကူးများကို အကောင်အထည်ဖော်မှ ဖြစ်မည်ဟု တွေးသည်။ နောက်ဆုံးတွင် သူသည် စတန်လေအား ....

'မိတ်ဆွေကြီး စတန်လေတစ်ယောက် အခုလို ပြန်ရောက်လာတာ သိပ်ဝမ်းသာတယ်၊ အခုလုပ်ငန်းက ဝင်ငွေတွေ အများကြီးရနေတယ်၊ ပြီးခဲ့တဲ့လက ဆိုရင် ရတဲ့ငွေဟာ အံ့မခန်းပဲ'

စတန်လေက ....

'အင်း' ဟု ပြောသည်။

'ဟိုလူလေ .... ဒိုဘီ ဆိုတဲ့လူ၊ ဒီလူက လုံးဝ တန်ဖိုးမရှိဘူး၊ သုံးလို့ကို မရတာ၊ အခု ခင်ဗျား ရောက်လာပြီဆိုတော့ ကျွန်တော်တို့ တိုင်ပင်ပြီး သူ့ကို ထုတ်ပစ်သင့်တယ်'

'အင်း'

'ကျွန်တော်က ဒီလအကုန်မှာ သူ့ကို နို့တစ်ပေးလိုက်ရင် ကောင်းမလားလို့ စဉ်းစားတယ်၊ ခင်ဗျားလည်း သဘောတူလိမ့်မယ်လို့ ထင်တယ် စတန်လေ'

'အင်း'

ထို့နောက် စတန်လေသည် ဖျတ်ခနဲ ထရပ်သည်။

'ငါ အိပ်ရာပေါ် သွားလှဲတော့မယ်'

'ရတယ် စတန်လေ'

'ခင်ဗျား ကြိုက်တာသာလုပ်ပါ'

ဂျိုးက စတန်လေ၏ လက်မောင်းကိုဆွဲ၍ လိုက်ပို့သည်။ လှေကားခြေရင်းမှ ရပ်စောင့်နေသေည လော်ရာသည် မျည်ရည်များဖြင့် ရွှဲရွှဲစိုနေသည့် လက်ကိုင်ပဝါကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ စတန်လေအား မြင်သည့်အခါ တွဲခေါ်ရန် ကပျာကသီ လျှောက်လာသည်။

'ငါ့ကို မဆွဲနဲ့ လော်ရာ' ဟု စတန်လေက ဆီးပြောသည်။ သူသည် ဂျိုးကို မှီ၍ အပေါ်ထပ်သို့ တက်သွားသည်။ ဂျိုးက အိပ်ခန်းထဲအထိ လိုက်သွားပြီး အဝတ်များ လဲပေးသည်။

စတန်လေသည် ယခင်ကလို စိုပြည်တောင့်တင်းခြင်း မရှိတော့။ နံရိုးအပြိုင်းပြိုင်းနှင့် ပိန်ကြုံလျက်ရှိသည်။ သူ့ကိုကြည့်ရသည်မှာ လူသေကောင်တစ်ကောင်နှင့် တူလှချေသည်။ သူသည် ချက်ချင်း အိပ်ရာပေါ်သို့ မလှဲသေး။ ခုတင်အောက်ကို ပထမဆုံး ငုံ့ကြည့်သည်။ ထို့နောက် အိပ်ရာနှင့် ခေါင်းအုံးများကို လှန်ကြည့်သည်။ ဗီရိုများကို ဖွင့်ကြည့်သည်။ ပြတင်းပေါက်ခန်းဆီးများကို ဖယ်ကြည့်သည်။ ပြီးမှပင် အိပ်ရာပေါ်တက်၍ ပက်လက်လှဲလိုက်သည်။ ခြေများနှင့် လက်များကို ဆန့်ထားပြီး မျက်လုံးများသည် မျက်နှာကြက်ကို တည့်တည့်ကြီး စိုက်ကြည့်နေသည်။ ဂျိုးသည် အခန်းထဲမှ ခြေဖျားထောက်၍ ပြန်ထွက်လာခဲ့လေ၏။

ဧည့်ခန်းထဲမှ ဂျိုး ဆင်းအလာကို စောင့်နေသော လော်ရာ၏ မျက်လုံးအစုံသည် မို့နေကြသည်။ ငိုထားသဖြင့် တစ်မျက်နှာလုံး နီရဲနေသည်။ သူ့မျက်နှာထားသည် တစ်ခုခုကို အနိုင်အမာ ဆုံးဖြတ်ထားပြီ ဖြစ်ကြောင်း ဖော်ပြနေသည်။ သူသည် နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ထားသည်။

'ကျွန်မ ရှင့်ကို ပြောစရာရှိတယ်၊ ရှင် ဒီနေ့ကစပြီး ဒီအိမ်ကို မလာပါနဲ့၊ ဒီအိမ်နဲ့ ကင်းအောင်နေပါ'

'မဟုတ်သေးဘူး လော်ရာ၊ အဲဒီလိုတော့ မလုပ်ပါနဲ့၊ မင်းမှာ ဒုက္ခရောက်နေတဲ့အချိန်ဆိုတော့ အကူအညီလိုမှာ သေချာနေတယ် မဟုတ်လား'

'ရှင် အခုလုပ်နေတာတွေကို အကူအညီပေးတယ်လို့ ခေါ်သလား'

'ဟုတ်တယ်လေ၊ ဒါတွေဟာ အကူအညီပေါ့၊ မင်းတို့အတွက် အခုအချိန်မှာ စိတ်အထိခိုက်ဆုံးလူဟာ ငါပဲရှိတာပါ၊ တခြား ဘယ်သူမှ မရှိပါဘူး၊ ရင်ဆိုင်ရမယ့်ကိစ္စမှန်သမျှကို တို့အချင်းချင်း တိုင်ပင်ညှိနှိုင်းပြီး လုပ်သွားကြဖို့လိုတယ် မဟုတ်လား၊ စတန်လေရဲ့ အခြေအနေအရဆိုရင် လုပ်ငန်းတွေကို တာဝန်ယူသွားဖို့က ....'

'ရှင်ပဲ တာဝန်ယူသွားမယ် ဆိုပါတော့' ဟု လော်ရာက နာကြည်းသောလေသံဖြင့် ပြောသည်။



'မဟုတ်သေးဘူး လော်ရာ၊ ကိုယ် ဆိုလိုတာက စတန်လေကို သူ့လုပ်ငန်းမှာ ပြန်ပြီး စိတ်ဝင်စားလာအောင် ကိုယ်က လုပ်ပေးချင်တာပါ၊ ကိုယ်က ဘေးက နေပြီး ကူညီပံ့ပိုးပေးသွားမှာပါ၊ အဲဒါကို ကိုယ် ဆိုလိုတာပါ'

'ရှင် ဆိုလိုတာကို ကျွန်မ မယုံကြည်ဘူး ဆိုရင်ရော ....'

'ကိုယ် တကယ်ပြောတာပါ လော်ရာ ....ယုံပါ၊ ကိုယ်တို့အချင်းချင်း ကူညီရမယ့်အချိန်ဆိုတော့ ကိုယ် တကယ့်ကို ကူညီမှာပါ'

နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ လော်ရာသည် ဂျိုး၏မျက်နှာကို စူးစူးရဲရဲကြည့်နေသည်။ သူမ၏ အသက်ရှူသံသည် မြန်လာသည်။

'ကျွန်မကတော့ ရှင့်ကို လုံးဝ မယုံဘူး၊ ရှင်လုပ်ခဲ့တဲ့ အလုပ်တွေကြောင့် ကျွန်မ ရှင့်ကိုမုန်းတယ်၊ ကျွန်မကိုယ်ကျွန်မလည်း မုန်းတယ်'

လော်ရာသည် ချာခနဲလှည့်ကာ ဧည့်ခန်းထဲမှ ထွက်သွားသည်။

ဂျိုးသည် သူ့မေးစေ့ကို လက်တစ်ဖက်ဖြင့် အသာပွတ်ကာ စဉ်းစားနေသည်။ ထို့နောက် ပြုံးသည်။ ပြီးတော့ အိမ်ထဲမှ ထွက်သွားသည်။ နောက်တစ်နေ့ မနက်တွင် သူသည် စတန်လေအား အလုပ်ခွင်သို့ခေါ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ရောက်လာသည်။ စတန်လေသည် ဓာတ်စက်ဖွင့်၍ နားထောင်နေသည်ကို တွေ့ရ၏။ သူသည် ဓာတ်ပြားတစ်ချပ်ကိုသာ ထပ်တလဲလဲဖွင့်၍ နားထောင်နေခြင်း ဖြစ်သည်။

'ငါ ဒီဓာတ်ပြားတစ်ပြားပဲ ကြိုက်တယ်' ဟု စတန်လေက ပြောသည်။

ဂျိုးသည် ထိုဓာတ်ပြားကိုပင် စိတ်ပျက်လက်ပျက်ဖြင့် နားထောင်နေရသည်။ နောက်ဆုံးတွင်မှ သူသည် စတန်လေအား အလုပ်ရုံသို့ သွားကြရအောင်ဟု သတိပေးသည်။ ထိုအခါကျမှပင် စတန်လေသည် ဓာတ်စက်ကိုပိတ်ကာ ထလိုက်လာသည်။

ဂျိုး၏ ကြိုတင်စီစဉ်ထားမှုကြောင့် အလုပ်ရုံတွင် ယူနီယံဂျက်အလံများကို လွှင့်ထူထားရုံမျှမက "ကြိုဆိုပါ၏" ဟူသော နဖူးစည်းစာတမ်းကြီးကိုလည်း အလုပ်ရုံအဝင်ဝ၌ ချိတ်ဆွဲထားသည်။ အမျိုးသမီး အလုပ်သမားများ အပါအဝင် အလုပ်သမားအားလုံးသည် အလုပ်မှရပ်နားကာ စတန်လေအား တန်းစီ၍ ကြိုဆိုနေကြသည်။ သူတို့၏ လက်ခုပ်သံများသည် သောသောညံလျက်ရှိ၏။

စတန်လေသည် အမျိုးသမီးများအား ကြောင်တက်တက်ဖြင့် ကြည့်နေသည်။ အလုပ်သမားခ ဈေးအပေါဆုံးဖြင့် ဂျိုးကိုယ်တိုင် စီစဉ်၍ ရှာထားသူများဖြစ်သည်။ ဤအမျိုးသမီးများသည် ယခုအခါတွင် လစဉ် ကျည်ဆန်အမြောက်အမြားကို ထုတ်လုပ်ပေးနေသူများ ဖြစ်၏။ စတန်လေမှာ ထိုအကြောင်းကို သိသူ

မဟုတ်။ သူသည် အမျိုးသမီးများရှေ့၌ရပ်ကာ ဘာလုပ်၍ ဘာပြောရမှန်းမသိဖြစ်လျက်ရှိသည်။ ဂျိုးက စတန်လေအနားကပ်ကာ နှစ်ကိုယ်ကြားလေသံဖြင့် အကြံပေးလျက်ရှိသည်။

'စကားနည်းနည်းတော့ ပြောလိုက်ပါ စတန်လေ၊ ခင်ဗျား ပြောချင်တာတစ်ခုကို ပြောလိုက်ပါ'

မစ္စတာစတန်လေသည် အမျိုးသမီးများဘက်လှည့်၍ ....

'ငါ ဖုံးဆန်ကြောင့် မြေမြုပ်ခံရတယ်၊ ပြီးတော့ ဆေးရုံတက်ခဲ့ရတယ်'

အလုပ်သမားများထံမှ လက်ခုပ်သြဘာသံများ ထွက်ပေါ်လာသည်။

'ပစ္စည်းတွေ အထွက်တိုးလာတဲ့အတွက် ဝမ်းသာပါတယ်၊ ဆက်ပြီးတော့အခုပုံစံအတိုင်း ကုန်ပစ္စည်းတွေ အထွက်တိုးအောင် ကြိုးစားကြပါလို့ ဆက်ပြောပါ' ဟု ဂျိုးက တိုးတိုးကပ်ပြောသည်။

စတန်လေသည် ဂျိုး ခိုင်းသည့်အတိုင်း အော်ပြောသည်။ လက်ခုပ်သြဘာသံများ တစ်ခဲနက်ထွက်ပေါ်လာပြန်သည်။

ဂျိုးက သူ့လက်နှစ်ဖက်ကိုမြှောက်၍ ပရိသတ်အား ငြိမ်ခိုင်းသည်။

'မစ္စတာစတန်လေ ပြန်ရောက်လာတဲ့အတွက် ခင်ဗျားတို့ ဝမ်းသာသလိုကျွန်တော်လည်း ဝမ်းသာနေပါတယ်၊ မစ္စတာစတန်လေကတော့ သူ ဘာတွေလုပ်ခဲ့တယ်ဆိုတာ အသေးစိတ်ပြောပြမှာ မဟုတ်ဘူး၊ အဲဒီတော့ သူ့အစား ကျွန်တော်ကပဲ ပြောပြရမှာပဲ၊ ကျွန်တော်ကလည်း အများကြီးပြောဖို့ မရှိပါဘူး၊ အရေးကြီးတာက နိုင်ငံတော်ကြီးအတွက် အလုပ်လုပ်ကြဖို့ပါ၊ လုပ်ကိုလုပ်မှ ဖြစ်မှာပါ၊ မစ္စတာစတန်လေဟာ နိုင်ငံအတွက် အလုပ်လုပ်လာခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ သူ့အတွက် ဂုဏ်ယူပြီး သူ့အတွက် အလုပ်လုပ်ပေးကြပါ။

'ကျွန်တော်ဆိုရင် သူ့အတွက် ဂုဏ်ယူတဲ့အပြင် သူ့လုပ်ငန်း အောင်မြင်ဖို့အတွက် ကိုယ်တိုင် အလုပ်ကို ကြိုးစားပြီး လုပ်နေတာပါ၊ မစ္စတာစတန်လေဟာ သူ့အလုပ်ကို ပြင်သစ်နိုင်ငံမှာ တာဝန်ကျေအောင် လုပ်ခဲ့ပါတယ်၊ ကျွန်တော်တို့ ခင်ဗျားတို့က ဒီမှာနေပြီး နိုင်ငံတော်ကြီးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစား လုပ်ကိုင်သွားကြဖို့ လိုပါတယ်။

'ခင်ဗျားတို့ နားလည်ကြမှာပါ၊ ကြိုးစားပြီး ကုန်ပစ္စည်းတွေ အထွက်တိုးအောင် လုပ်ကြပါ၊ အခုပြောချင်တာက ဒါပါပဲ၊ အခု ခင်ဗျားတို့ အလုပ်ခွင်ပြန်မဝင်ခင် အမျိုးသားသီချင်းကို သီဆိုပြီး မစ္စတာစတန်လေကို ဂုဏ်ပြုကြပါစို့'

အလုပ်သမားများသည် ပထမတော့ ငြိမ်နေကြသည်။ ထို့နောက်တော့ အလုပ်သမ တစ်ဦးနှစ်ဦးက စတင်ပြီး "ဘုရားသခင်သည် ဘုရင်မင်းမြတ်အား



ကယ်မပါစေ" ဟူသော အမျိုးသားသီချင်းကို ဆိုလာကြသဖြင့် အားလုံးက လိုက်ဆိုလာကြသည်။

အလုပ်သမားများသည် သူတို့ဘုရားသခင်ထံ ဘုရင်မင်းမြတ်အား ကယ်တင်ရန် ဆုတောင်းပြီးသောအခါ မစ္စတာစတန်လေ၊ ဂျိုးနှင့် တွေ့သမျှလူတိုင်းအား သြဘာပေးကာ အလုပ်ခွင်အသီးသီးသို့ ပြန်ဝင်ကြသည်။ ကျည်ဆန်များ၊ လက်ပစ်ဗုံးများ၊ ဗုံးဆန်များ၊ ဆယ့်ရှစ်ပေါင်ဒါ အမြောက်ဆန်များကို တိုးတက်ထွက်ရှိရန် အားထုတ်ကြမည်ဟူသော စိတ်ဆန္ဒဖြင့် အလုပ်ကို ကြိုးစား၍ လုပ်ကြလေသည်။

ဂျိုးနှင့် စတန်လေတို့သည် ရုံးခန်းဘက်သို့ လျှောက်လာကြသည်။ သို့သော်လည်း ရုံးခန်းအနီးသို့မရောက်မီ ခရီးတစ်ဝက်ခန့်တွင် အဆမတန်ကြီးမားသော ဗုံးဆန်ကြီးတစ်လုံး ချထားသည်ကို တွေ့ရသဖြင့် စတန်လေသည် တုံ့ခနဲရပ်သွားသည်။ ထိုဗုံးကြီးမှာ ဂျိုးအား ဂျွန်ရပ်တ်လေက လက်ဆောင်ပေးထားခြင်းဖြစ်၏။ အရှည် ဆယ့်ခုနစ်လက်မရှိ၍ အလွန်လှပစွာ ပြုလုပ်ထားသော ဗုံးဆန်ကြီး ဖြစ်သဖြင့် အလုပ်ရုံ အမှတ်တံဆိပ်အဖြစ် ဂျိုးက လက်ခံရယူထားခြင်းဖြစ်၏။

ထိုဗုံးကြီးကို လက်ဆောင်အဖြစ် ရလာခြင်းကြောင့် ဂုဏ်ယူမဆုံးဖြစ်ခဲ့သော ဂျိုးသည် အလုပ်ရုံ၏ အလှအပ ပစ္စည်းတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။ သစ်သားစင်ကြီးတစ်လုံး တည်ဆောက်ကာ ထိုဗုံးကြီးကို စင်ကြီးပေါ်၌ တင်ထားခဲ့သည်။ ဗုံးဆန်ထိပ်ဖူးသည် မိုးကောင်းကင်ကို ချိန်ရွယ်လျက်ရှိသဖြင့် တခံ့တညား ရှိလှပေသည်။

စတန်လေသည် ရပ်နေရာမှ ထိုဗုံးကြီးကို ငေးစိုက်ကြည့်နေသည်။ ဂျိုးက..

'သိပ်လှတဲ့ဗုံးကြီးပေါ့၊ ကျွန်တော် သူ့ကို့ ကေကီလို့ နာမည်ပေးထားတယ်' ဟု ပြောသည်။

စတန်လေကတော့ မတုန်မလှုပ်။ ဂျိုးကမူ စက်ရုံတွင် ဝင်ငွေတွေ အဆမတန်ရရှိကာ တိုးတက်နေကြောင်း ပြောပြနေသည်။

'ကဲ ....မစ္စတာစတန်လေ .... ကျွန်တော်တို့ ရုံးခန်းထဲ သွားကြစို့၊ ဟိုမှာ မော်ဂင်နဲ့ ဒိုဘီတို့ စောင့်နေကြလိမ့်မယ်၊ သူတို့နဲ့ အလုပ်ကိစ္စ စကားပြောစရာတွေ ရှိနေသေးတယ်လေ' ဟု ဂျိုးက သတိပေးသည်။

သို့သော်လည်း စတန်လေသည် ရပ်မြဲတိုင်း ရပ်နေသည်။ သူသည် ဗုံးဆန်ကြီးကိုသာ မျက်ခြည်မပြတ် စိုက်ကြည့်နေသည်။ သူ လွင့်စင်နစ်မြော်သွားခဲ့ရသည်မှာ ဤအရွယ် ဗုံးဆန်ကြီး ကျလာခဲ့၍ ဖြစ်သည်။ သူသည် ဗုံးကြီးကို ကြည့်ကာ တစ်ကိုယ်လုံး တုန်နေသည်။

'ကဲ ....ကဲ ....မစ္စတာစတန်လေ၊ ကျွန်တော်တို့ကို ရုံးထဲကလူတွေ စောင့်နေကြလိမ့်မယ်၊ သွားကြစို့' ဟု ဂျိုးက ထပ်၍ပြောပြန်သည်။

'ငါ အိမ်ပြန်ချင်တယ်'

စတန်လေ၏အသံသည် အလွန် ထိတ်လန့်ကြောက်ရွံ့နေသည့်လေသံဖြစ်သည်။ သူသည် ဗိုးဆန်ကြီးရှေ့မှ ဖြတ်လျှောက်ရမည်ကို နောက်တွန့်နေခြင်း ဖြစ်၏။

'ကိစ္စမရှိပါဘူး မစ္စတာစတန်လေ၊ ခင်ဗျား ဘာမှမဖြစ်ပါဘူး' ဟု ဂျိုးက ပြောကာ လက်မောင်းကို ဆွဲခေါ်သည်။

'ငါ့ကိုမဆွဲနဲ့၊ လွှတ်၊ ငါ အိမ်ပြန်ချင်တယ်' ဟု စတန်လေက ပြောကာ အတင်းတွန်းထိုး ရုန်းကန်လျက်ရှိသည်။

'မဟုတ်သေးပါဘူး စတန်လေ၊ ကျွန်တော် ခင်ဗျားကို ကိုက်မစားပါဘူး၊ ဖြည်းဖြည်းလုပ်ပါ၊ စဉ်းစဉ်းစားစား လုပ်မှပေါ့'

သို့သော်လည်း စတန်လေသည် စဉ်းစားခြင်းမပြု။ စတန်လေ၏ စဉ်းစားဆင်ခြင်မှုဉာဏ်သည် ပြင်သစ်တွင် ရှိခဲ့စဉ်က သူ့အနီး၌ ကျရောက်ပေါက်ကွဲခဲ့သော ဗိုးဆန်နှင့်အတူ လိုက်ပါသွားခဲ့ပြီ ဖြစ်သည်။ စတန်လေ၏ မျက်လုံးများသည် ကြောက်မက်ဖွယ်ကောင်းလှသည်။

'ငါ အိမ်ပြန်ချင်တယ်' ဟူသော စကားကိုသာ တွင်တွင်ပြောလျက်ရှိ၏။

ဂျိုးသည် လက်လျှော့လိုက်ပြီ ဖြစ်သည်။

'ကိုင်းဗျာ ....ဒီလိုဆိုရင်လည်း အိမ်ပြန်ပါ၊ ရပါတယ်၊ ဒီစကားကို ထပ်တလဲလဲပြောမနေပါနဲ့တော့'

ဂျိုးသည် စတန်လေ၏ လက်မောင်းကိုဆွဲကာ မော်တော်ကားဆီသို့ ပို့ပေးသည်။ ကားသည် စတန်လေကိုတင်ကာ ဟစ်လ်တော့ပ်ဂေဟာသို့ ပြန်သွားသည်။ ဂျိုးကတော့ သူ့ရုံးခန်းထဲသို့ ပြန်ဝင်ကာ သူ့စားပွဲ၌ ဝင်ထိုင်သည်။ ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်၍ မီးညှိပြီး ဖွာနေသည်။ သို့သော်လည်း သူ့စိတ်သည် ဆေးပြင်းလိပ်အပေါ်၌မရှိ။ သူသည် စတန်လေအကြောင်းကို တွေးလျက်ရှိသည်။

စတန်လေအား ဘူတာ၌ စတွေ့ကတည်းက သူ အကဲခတ်ခဲ့သည်။ စတန်လေ၏ အခြေအနေသည် ပုံမှန်အနေအထားသို့ တော်တော်နှင့် ပြန်ရောက်ဖွယ်ရာမရှိ။ ဗိုးဆန် အနီးကပ်ကျ၍ သွေးလန့်သွားခဲ့ခြင်းဖြစ်ရာ ယင်းသွေးလန့်မှုကြောင့် ဖြစ်ပေါ်ခဲ့ရသော စိတ်ချောက်ချားမှုသည် လပေါင်းများစွာ ကြာရှည်နေဦးမည်မှာ သေချာလျက်ရှိ၏။ ထိုအချိန်ကာလအတွင်း သူသည် လုပ်ငန်းတစ်ခုလုံးကို သူ စိတ်တိုင်းကျ လွှမ်းမိုးခြယ်လှယ်နိုင်မည်မှာ သေချာလျက်ရှိ၏။



သူသည် သူ၏ အနာဂတ်အရေးကို တွေးမိသည်။ စတန်လေ အခုလိုဖြစ်နေခြင်းသည် သူ့အတွက် ဘဝလုံခြုံရေးနှင့် ခိုင်မာရေးကို တည်ဆောက်ပေးနိုင်လိမ့်မည်ဟု ထင်၏။ သူ့အတွက် အလွန့်အလွန်ကောင်းသော မဟာအခွင့်အရေးကြီးတစ်ရပ်ပေတည်း။ အကယ်၍ လိမ္မာပါးနပ်စွာဖြင့် စတန်လေအား အသုံးချသွားနိုင်မည်ဆိုပါမူကား သူ့အနာဂတ်ဘဝသည် အထွတ်အထိပ်သို့ပင် ရောက်သွားနိုင်ဖွယ်ရာရှိ၏။

သူ့စိတ်ကူးပေါ်တွင် သာယာကြည်နူးလျက်ရှိသော ဂျိုးသည် တယ်လီဖုန်းကို လှမ်းယူလိုက်သည်။ ဂျင်မော်ဆန်ထံသို့ ဆက်ခြင်းဖြစ်၏။ ဂျင်မော်ဆန်နှင့် မိတ်ဆွေဖြစ်ရသည့်တန်ဖိုးကို အခုမှပင် ပို၍ သိရ၏။ သူသည် ဂျင်မော်ဆန်၏ ပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေ ယူရတော့မည် မဟုတ်ပါလား ....။ ဂျင်မော်ဆန်သည် အလုပ်တစ်ခုကိုလုပ်လျှင် ဘယ်လိုလုပ်ရမည်ကို တိတိကျကျသိသူဖြစ်ရုံမျှမက အလွန်စေ့စပ်သေချာသည် မဟုတ်ပါလား။

'ဟယ်လို ....ဂျင်၊ ကျွန်တော်လေ ဂျိုးပါ' ဟု အစချီကာ စတန်လေအကြောင်းကို ပြောပြသည်။ ကိစ္စတစ်ခုနှင့် ပတ်သက်၍ တိုင်ပင်စရာရှိနေသည်ဟု အသိပေးသည်။

'မနက်ဖြန်ည ခင်ဗျားအိမ်မှာပဲ ပြောကြတာပေါ့၊ ဖုန်းနဲ့ပြောလို့မကောင်းဘူး' ဟု ပြောကာ စကားကို အဆုံးသတ်လိုက်သည်။

ထို့နောက် သူသည် လော်ရာထံ ဆက်သည်။ လော်ရာနှင့်ကျတော့ စကားကို အချိုသာဆုံး၊ အသိမ်မွေ့ဆုံးနှင့် အကြင်နာဆုံး လေသံများကို များများသုံးသည်။

'ကိုယ် စကားပြောစရာရှိနေတယ် လော်ရာ၊ မပြောမဖြစ်တဲ့ ကိစ္စတစ်ခုရှိနေတယ်၊ ဟုတ်ပါတယ်လေ၊ ဒီကိစ္စမှာ မင်း ဘယ်လိုခံစားနေရတယ်ဆိုတာ နားလည်ပါတယ်၊ ကိုယ် မင်းကို အပြစ်မတင်ပါဘူး၊ ကိုယ်တို့နှစ်ယောက်စလုံး လူတွေပဲ လော်ရာရယ်၊ ဖြစ်တတ်တဲ့ သဘာဝပါ၊ ဒီအထဲကပဲ ကိုယ့်အနေနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်လို့ရတာပဲ မဟုတ်လား ....။

'ဟုတ်ပါတယ် ....၊ ဟုတ်ပါတယ်၊ မင်း ကိုယ့်ကို ခေါ်ချင်တဲ့နာမည်ခေါ်ပါ၊ ရပါတယ်၊ အေးပါ၊ ကြိုက်သလိုသာပြောပါ၊ ကိုယ်နဲ့ ထိုက်တန်တဲ့စကားလုံးတွေပါ၊ ကဲပါလေ ....၊ အဲဒါတွေ ဘေးဖယ်ထားပြီး လိုရင်းကို တည့်တည့်ပြောကြရအောင် ....၊ ကိုယ် မင်းနဲ့ မတွေ့လို့မဖြစ်ဘူး၊ တွေ့ရလိမ့်မယ်၊ တွေ့ကိုတွေ့မှဖြစ်မှာ၊ ဒါက ရှောင်လို့မရနိုင်ဘူးလေ၊ ပြောစရာကိစ္စက ရှိနေတာကိုး။

'ဘာ ....မလာနိုင်ဘူး ဟုတ်လား၊ တကယ်လို့ မလာရင်တော့ ....၊ ဒါပေမဲ့ ဒီလိုရှိတယ်လေ၊ အင်း ....ဟုတ်တယ်၊ ကိုယ့်အခန်းမှာ တစ်ညနေခင်းလုံးရှိမယ်၊ တကယ်လို့ မင်း စိတ်ပြောင်းသွားရင် လာလို့ရပါတယ်၊ အင်း ....ဟုတ်တယ်'

သူ့စကားမဆုံးမီ တစ်ဖက်မှ တယ်လီဖုန်းချသွားသံကို ကြားလိုက်ရ၏။ သူ့အနေဖြင့် သူ ပြောလိုသမျှကို ပြောပြီးပြီဖြစ်၍ စိတ်လက်ပေါ့ပါးသွားသည်။ သူ့အလုပ်ကို စိတ်လက်ပေါ့ပါးစွာဖြင့် လုပ်သည်။ ထိုညတွင် သူသည် စားနေကျ ညစာကို ကောင်တီ စားသောက်ဆိုင်သို့ သွားမစားတော့ဘဲ အိမ်သို့ ခြောက်နာရီ တိတိတွင် ရောက်အောင်ပြန်သည်။ သူသည် လေတချွန်ချွန်ဖြင့် ဆောင်းမီးဖိုကို ဖိုသည်။ ဝီစကီ တစ်ဖန်ခွက် ထည့်သည်။ ဆိတ်သားအစားသွတ် မုန့်တစ်ခုကို လုပ်သည်။ ထို့နောက် အဝတ်အစားလဲကာ ညှို့ခန်းထဲ၌ ထိုင်သည်။

သူသည် နာရီကို မကြာခဏ မော့ကြည့်သည်။ လမ်းပေါ်မှ ကားသံကြားတိုင်းလည်း နားစွင့်သည်။ အိမ်ဘက်သို့ ဦးတည်ပြီး လာသလား ....။ မလာဘူးလား ....။ သူသည် ဂနာမငြိမ် ဖြစ်နေသော စိတ်ကို တည်ငြိမ်စေရန်အတွက် သတင်းစာ ယူဖတ်နေသည်။ နောက်ဆုံး ကိုးနာရီထိုးခါနီးမှပင် တံခါးဆီမှ လူခေါ်ခေါင်းလောင်းသံ ကြားရသည်။ သူသည် ဝမ်းသာအားရ ထကာ တံခါးဆီသို့ ပြေးသွားသည်။

လော်ရာသည် အလွန်တင်းမာသည့် မျက်နှာထားဖြင့် အခန်းထဲသို့ ဝင်ရောက်လာသည်။ ဒေါသအရိပ်အငွေ့များသည် မျက်နှာတွင် ထင်ဟပ်လျက်ရှိသည်။ သူသည် မိုးကာအကျီဝတ်ကာ အညိုရောင်ဦးထုပ် ဆောင်းထားသည်။ ဖိနပ်တွင် နွံ့စက်များ ကပ်ငြိနေသည်ကို ကြည့်ရခြင်းအားဖြင့် ဟစ်လ်တော့ပ်ဂေဟာမှ ဤနေရာအထိ ခြေကျင်လျှောက်လာခဲ့သည်မှာ ထင်ရှားနေသည်။

'ရှင်ပြောတဲ့အတိုင်း ကျွန်မ လာတယ်၊ ရှင်မြင်ပြီး မဟုတ်လား' ဟု လော်ရာက နာကြည်းစက်ဆုပ်သော လေသံဖြင့် ပြောသည်။ သူသည် လက်နှစ်ဖက်ကို မိုးကာအကျီအိတ်ကပ်များထဲ နှိုက်ထားသည်။

'ကဲ ....ရှင် ပြောစရာရှိတာပြော၊ ဘာပြောမလို့လဲ'

ဂျိုးသည် ယခင်ကလို လော်ရာအား ပွေ့ဖက်ဖို့မဆိုထားနှင့်၊ အနားကိုပင် မသွား။ သူသည် ခေါင်းကိုငုံ့ထားသည်။

'မင်းလာတဲ့အတွက် ကိုယ် ဝမ်းသာပါတယ်'

'အင်း ....ရှင် ပြောစရာရှိတာ မြန်မြန်ပြော၊ ကျွန်မ အကြာကြီး စောင့်မနေနိုင်ဘူး'

'ထိုင်ပါဦးလား' ဟု ဂျိုးက ချော့ချော့မော့မော့လေသံဖြင့် ပြောသည်။

'ဒီလိုကြီး စကားပြောရတာ သိပ်မကောင်းပါဘူး'

ဂျိုးသည် မီးဖိုထဲသို့ မီးထပ်ထည့်သည်။ လော်ရာသည် အေးစက်စက်မျက်နှာထားဖြင့် တစ်ချက်လှမ်းကြည့်ပြီး ကုလားထိုင်တွင် ဝင်ထိုင်သည်။



'ဒီအခန်းကိုရောက်တိုင်း ကျွန်မရဲ့စိတ်ဟာ လုံးဝ ငြိမ်းချမ်းမှုမရဘူး'

'ကိုယ်သိပါတယ်' ဟု ဂျိုးက လော်ရာအားမကြည့်ဘဲ ပြောသည်။

'ဒါပေမဲ့ အခုလို ဖြစ်လာလိမ့်မယ်လို့ ကြိုပြီးမှမသိတာ'

'ကျွန်မ သူ့မျက်နှာကို မြင်လိုက်တိုင်း စိတ်ထိခိုက်ရတယ်၊ သူကလည်း ကျွန်မကို လုံးဝကြည့်လို့မရတော့ဘူး၊ ရှင့် အမြင်ပဲ၊ သူဟာ ကျွန်မကို မုန်းတီးစက်ဆုပ်နေပုံပေါ်တယ်၊ သူ့အနားကပ်ရင်ကို မကြိုက်ဘူး၊ သူက ဘောနားမောက်က အပန်းဖြေဂေဟာတစ်ခုမှာ သွားနေမယ်လို့ ပြောတယ်၊ ကျွန်မကို လိုက်လာစရာမလိုဘူးလို့ပြောတယ်၊ သူလုပ်တာ မှန်ပါတယ်၊ ကျွန်မက သူ့အပေါ် သစ္စာမဲ့ခဲ့တဲ့မိန်းမ မဟုတ်လား၊ ကျွန်မဟာ ကျွန်မကိုယ်ကျွန်မ အရှက်သိက္ခာကင်းမဲ့အောင် လုပ်ခဲ့တဲ့ မိန်းမတစ်ယောက် ဖြစ်နေတာအမှန်ပဲ'

'ကိုယ်တို့ကိစ္စကို စတန်လေ မသိအောင် ဖုံးထားဖို့တော့ လိုလိမ့်မယ်၊ နည်းနည်းလေးမှ သိလို့မဖြစ်ဘူး' ဟု ဂျိုးက ပြောသည်။

လော်ရာက မဲ့ပြုံးပြုံးသည်။

'မသိပါစေနဲ့လို့ ကျွန်မကတော့ ဆုတောင်းပါတယ်၊ သူ့ကိုဖွင့်ပြောလိုက်ဖို့တော့ ရှင် အကြံပေးမယ် မထင်ပါဘူးနော်' ဟု မလိုတမာသံဖြင့် ရေရွတ်သည်။

'အို ....ကွာ၊ မလုပ်ပါဘူး' ဟု ဂျိုးက ပြောသည်။ သူ့အသံသည် မလုံမလဲဖြစ်နေခြင်းကို ဖော်ပြနေသည်။ သူသည် ထိုင်ရာမှ ထသွားကာ ဝီစကီနှင့် ဆော်ဒါ တစ်ဖန်ခွက် ထပ်စပ်နေသည်။

'တစ်ခုတော့ရှိတယ်၊ မင်းက ကိုယ့်ဘက်ကရပ်မှသာ ကိုယ်က ဒီကိစ္စကို ဖုံးထားနိုင်မှာ၊ ရော့ ....လော်ရာ၊ ဒါလေးကို သောက်လိုက်၊ မင်း စိတ်ငြိမ်သွားလိမ့်မယ်'

လော်ရာက ဖန်ခွက်ကို လှမ်းယူသည်။

'ကိုယ့်ဘက်ကရပ်မှသာ ဆိုတဲ့စကားအဓိပ္ပာယ်က ဘာကိုဆိုလိုတာလဲ' ဟု မေးသည်။

'ဒီလိုလေကွာ၊ မင်းနဲ့ ကိုယ်နဲ့က မိတ်ဆွေတွေဖြစ်နေဖို့လိုတယ်' ဟု ပြောကာ ဂျိုးက အရက်ကို တစ်ငုံသောက်လိုက်သည်။

'အားလုံးဟာ မိတ်ဆွေတွေချည်းပဲ ဆိုတဲ့စကားဟာ ကိုယ့်ဆောင်ပုဒ်ပဲ၊ ဘယ်သူနဲ့မဆို မိတ်ဆွေဖြစ်ရမယ်၊ အဲဒါ ကိုယ့်မူဝါဒပဲ၊ တကယ်လို့ပေါ့လေ .... ဒီကိစ္စကို စတန်လေ သိသွားရင် သူ့မှာလည်း အကျိုးမရှိဘူး၊ ကိုယ်တို့နှစ်ယောက်မှာလည်း အကျိုးမရှိနိုင်ဘူး၊ ပြီးတော့ အခုလို နေထိုင်မကောင်း ဖြစ်နေချိန်မှာ စတန်လေဟာ ကိုယ်မရှိရင် မဖြစ်ဘူး၊ သူ့အတွက် ကိုယ်ဟာ အလိုအပ်ဆုံး လူတစ်ယောက် ဖြစ်နေတယ်။

‘ကိုယ့်မှာက ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး အမြင်သစ်တွေရှိနေတယ်၊ ဘာတွေ တိုးချဲ့သင့်တယ်၊ ဘယ်ပစ္စည်းမျိုးတွေ ထုတ်သင့်တယ် စတဲ့ စိတ်ကူးသစ်တွေဟာ ကိုယ့်ဆီမှာ အများကြီးရှိတယ်၊ ဟိုတစ်နေ့ကတောင် အဲဒီအကြောင်းကို ဂျင်မော်ဆန်နဲ့ ပြောမိကြသေးတယ်၊ မင်း ဂျင်မော်ဆန်ကို သိတယ်မဟုတ်လား၊ တိုင်နီကပ်ဆဲလ်မြို့မှာ အအောင်မြင်ဆုံး စီးပွားရေးသမား တစ်ယောက်ပဲ၊ သူရယ်၊ ကိုယ်ရယ်၊ စတန်လေရယ် သုံးယောက်တွဲမိရင် တို့လုပ်ငန်းဟာ တစ်ရှိန်ထိုး တက်သွားမှာ သေချာတယ်’

‘ကျွန်မ သဘောပေါက်ပြီ’ ဟု လော်ရာက ပြောသည်။

‘ရှင်လိုချင်တာ ဘာလဲဆိုတာ ကျွန်မ နားလည်ပြီ၊ ရှင်က ကျွန်မအပေါ်မှာလည်း စိတ်ကုန်နေပြီဆိုတော့ ဒီကိစ္စမှာ ရှင့်အကျိုးအတွက် ကျွန်မကို အသုံးချတော့မှာပေါ့၊ ရှင်နဲ့ ကျွန်မ ဖြစ်ချင်သလို ဖြစ်ခဲ့တာတွေဟာ ရှင့်အတွက် အသုံးချစရာတွေ ဖြစ်လာပြီဆိုတော့ ....’

‘အဲဒီလို မတွေးပါနဲ့ လော်ရာ၊ အစဉ်းစားအဆင်ခြင် ရှိဦးမှပေါ့၊ အခုကိစ္စမှာ မင်းနဲ့ကိုယ်နဲ့ဟာ တန်းတူရည်တူထားတာပါ၊ တို့နှစ်ယောက် အခင်အမင် မပျက် နေသွားနိုင်ရင် ငွေတွေဟာ အောတိုက်ပြီး ဝင်လာမှာ’

‘ငွေ ....ဟုတ်လား၊ ရှင့်မှာ ငွေကလွဲပြီး တခြားတွေးစရာ ဘာမှမရှိတော့ဘူးလား၊ ရှင်ဟာ တော်တော်ကြီးကို ရွံရှာစက်ဆုပ်ဖို့ကောင်းတဲ့လူပါလား’

‘ဒါကတော့ကွာ၊ ကိုယ်ဟာ လူပဲ၊ မင်းလည်း လူပဲ၊ ဒီလောက်တော့ ရှိမှာပေါ့၊ လူတွေမို့သာ ငါနဲ့မင်းနဲ့ ချစ်ကြိုးသွယ်မိကြတာပေါ့’

‘မပြောနဲ့၊ အဲဒီစကားကို ကျွန်မ မကြားချင်ဘူး’

နှစ်ဦးစလုံး ငြိမ်ဆိတ်နေသည်။ လော်ရာသည် ဝီစကီကို တစ်ငုံချင်း သောက်နေသည်။ ဂျိုး၏ အတွေးအခေါ်နှင့် လုပ်ကိုင်ပုံများသည် လက်တွေ့ကျသည်ဟု မတွေးမိဘဲမနေနိုင်။ လော်ရာသည် ဂျိုး၏မျက်နှာကို တစ်ချက်မျှ စူးစူးရဲရဲကြည့်သည်။ စက်ဆုပ်မုန်းတီးစိတ်သည် လှိုင်းထလာသည်။ ဤသီတင်းပတ်များအတွင်း သူမသည် ဂျိုးအား အလွန်ရွံရှာမုန်းတီးနေမိသည်။ ဂျိုး၏ အောက်တန်းကျမှု၊ ရိုင်းစိုင်းယုတ်မာမှု၊ အတ္တကြီးမှု စသည်များသည် မိမိကိုယ်တိုင် သိထားရသည့် အကျင့်စရိုက်များ ဖြစ်၏။

ဤကြားထဲမှပင် လော်ရာသည် ဂျိုး၏ ချောမောမှု၊ ကိုယ်လုံးကိုယ်ပေါက် လှပမှု၊ ယောကျာ်းပီသမှုများကို တွေးမိသည်။ ထိုအချက်များကြောင့်လည်း မိမိ၏ဂုဏ်သိက္ခာ ပျက်ခဲ့ရခြင်းကိုလည်း သတိရသည်။ သို့သော်လည်း အောက်တန်း အလွန်ကျသော ဂျိုးအား မိမိကိုယ်တိုင် ယဉ်ကျေးသိမ်မွေ့လာအောင် သင်ပြပေးခဲ့၏။ အဝတ်အစား ဝတ်ပုံမှအစ စားပုံသောက်ပုံအထိ သင်ကြားပြသပေးခဲ့ရခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ပြောရလျှင် ဂျိုးသည် မိမိ ဖန်ဆင်းထားသည့် လူတစ်ယောက် ဖြစ်သည် မဟုတ်ပါလား ....။



‘မင်း ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား လော်ရာ’ ဟု ဂျိုးက မေးသည်။

‘ကျွန်မ ရှင့်အကြောင်းကို စဉ်းတောင် မစဉ်းစားမိဘူး’ ဟု လော်ရာက ပြောသည်။

‘ရော့ .... ဝီစကီ နောက်တစ်ခွက်ထည့်ဦး၊ ကျွန်မက ဒါနဲ့ပဲတန်တဲ့ မိန်းမပဲ’

ဂျိုးက ဝီစကီတစ်ခွက် ကပျာကယာ စပ်ပေးသည်။

‘ဒီသီတင်းပတ်တွေထဲမှာ မင်းနဲ့ ခွဲနေရတော့ မင်းကို သိပ်သတိရတယ်၊ မင်းကို လွမ်းနေတယ်ပဲ ပြောပါတော့လေ’

လော်ရာက ပြောသည်။

‘ရှင် လိမ်ပြောနေတာပဲ၊ ကျွန်မ ဝေးရာရောက်နေရင် ရှင်က တခြားမိန်းမတစ်ယောက်နဲ့ အိပ်နေတဲ့လူပဲ၊ ဒါကလွဲပြီး တခြားဘာမှမဖြစ်နိုင်ပါဘူး’

‘ကိုယ် အမှန်တွေပြောနေတာပါကွာ’ ဟု ဂျိုးက လိမ်ပြောသည်။

‘ရှင့်စကားကို ကျွန်မ မယုံဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ရှင့်ဘာသာရှင် ဘယ်သူတွေနဲ့ပဲအိပ်နေနေ အကြောင်းမဟုတ်တော့ပါဘူး၊ ရှင့်မှာ တွဲစရာမိန်းမတစ်ရာ ရှိနေလည်း ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မကိုယ်ကျွန်မ ထိန်းနိုင်ခဲ့လို့ ဘုရားသခင်ကို ကျေးဇူးတင်ရမယ်၊ အခုမှပဲ ကျွန်မဟာ စတန်လေကို ချစ်ချစ်ခင်ခင်နဲ့ ပြုစုရတော့မှာ’

‘ကိုယ်သိပါတယ် လော်ရာ’ ဟု ပြောကာ လော်ရာ့လက်ထဲမှ ဖန်ခွက်ကို ယူရန် လက်လှမ်းသည်။ သို့သော်လည်း သူသည် ဖန်ခွက်ကို မပေးဘဲ လော်ရာ၏လက်ကို ဆွဲထားသည်။

‘ရှင် ဘယ်လိုလုပ်တာလဲ၊ ဒါမျိုးမလုပ်ပါနဲ့၊ ကျွန်မ မကြိုက်ဘူး’

‘မိတ်ဆွေအဖြစ်ပါ လော်ရာရယ်’

‘ရှင်ဟာ ကျွန်မကို ဒုက္ခအများကြီး ပေးခဲ့ပြီးပါပြီ၊ ဒါလောက်ဆို တော်လောက်ပြီထင်ပါတယ်’

လော်ရာသည် ပြောပြောဆိုဆို ထိုင်ရာမှထသည်။ သို့သော်လည်း လော်ရာ၏ အားနည်းချက်ကို နားလည်နေသော ဂျိုးက တယုတယပွေ့ဖက်ထားသည်။

‘ကျွန်မကို လွှတ်ပါ၊ ကျွန်မကိုလွှတ် ....’

လော်ရာက ရုန်းသည်။

‘နေပါဦး ....လော်ရာရယ်၊ မပြန်ပါနဲ့ဦး’ ဟု ဂျိုးက ပြောသည်။

လော်ရာသည် အတွေ့ဒဏ်ကို မခံနိုင်။ သူမသည် ဂျိုး၏လက်ခုပ်တွင်းမှရေ ဖြစ်ရပြန်သည်။ တကယ်တော့ ဂျိုးသည် လော်ရာအား ချစ်သည်မဟုတ်။ သူ ကြီးပွားချမ်းသာရေးအတွက် အသုံးချဖို့သာ ချစ်ဟန်ဆောင်ခြင်း ဖြစ်၏။ သူ့ကိစ္စ ပြီးလျှင် ခြေနှင့်ကန်ထုတ်လိမ့်မည်မှာမလွဲ။ ထိုညက လော်ရာ အိမ်ပြန်ရောက်သည့်အခါ ညဆယ်နာရီ ထိုးနေလေပြီ။

သူ အိမ်ပြန်ရောက်သည့်အခါ မစ္စက်ဂျွန်ရပ်တ်လေ စောင့်နေသည်ကို တွေ့ရ၏။ စတန်လေအတွက် စိတ်မကောင်းဖြစ်ရကြောင်း ပြောကာ လော်ရာသည် အဘွားကြီးကိုကြည့်ကာ ပြုံးလိုက်မိသည်။ သူမ၏အပြုံးသည် အသက်မပါ။ ပုံပျက်ပန်းပျက် ဖြစ်နေသည်။

* * * * *

(၄၃)

၁၉၁၇ ခုနှစ်၊ နိုဝင်ဘာဘာ အလယ်တွင် မာသာသည် အင်နီမေဆာအကြောင်းကို ကြားရသည်။ ဆောင်းရာသီ တစ်နံနက်တွင် ဟန်နာဘာရေ့စ်က လာပြောခြင်း ဖြစ်၏။ ယခုကဲ့သို့သော် ကံမကောင်းအကြောင်းမလှမှုသည် အင်နီလို သဘောမနောကောင်းပြီး လိမ္မာယဉ်ကျေးသော မိန်းကလေးတစ်ဦးအပေါ် ကျရောက်လာရခြင်းအတွက် ဟန်နာဘာရေ့စ်သည် များစွာ စိတ်ထိခိုက်ကြေကွဲလျက်ရှိ၏။

ဟန်နာဘာရေ့စ်က အင်နီမေဆာအား အိမ်ရှေ့၌ရပ်နေသည်ကို သူကိုယ်တိုင် တွေ့ခဲ့ရခြင်း ဖြစ်ကြောင်း၊ ပိန်ချုံးလျက်ရှိသဖြင့် လေပြင်းပြင်းတိုက်လျှင် လဲကျသွားလိမ့်မည်ဟု ထင်ရကြောင်း၊ သူနှင့်တွေ့သည့်အခါ အင်နီက 'ကျွန်မကို ငှက်တောင်နဲ့ရိုက်ရင်တောင် လဲကျမှာစိုးရတယ်' ဟု ပြောလိုက်ကြောင်း စသည်ဖြင့် ဖောက်သည်ချသွားခဲ့လေသည်။

ဟန်နာဘာရေ့စ်၏သတင်းသည် မာသာအတွက် အထူးအဆန်းတစ်ခု မဟုတ်ပေ။ စိတ်ထိခိုက်စရာအကြောင်းလည်း မရှိခဲ့ပေ။ ဟန်နာ၏သတင်းကြားအပြီးတွင် မာသာသည် သူ့အိမ်ထဲသို့ ပြန်ဝင်လာသည်။ သို့သော်လည်း မာသာအနေဖြင့် ဟန်နာဘာရေ့စ် ပြောပြခဲ့သော သတင်းအတွက် အောင်ပွဲရသလို ဖြစ်သွားခဲ့၏။ သူသည် အခန်းထဲရှိ စားပွဲ၌ဝင်ထိုင်ကာ ဟန်နာ ပြောသွားခဲ့သည့် အတင်းအဖျင်းသတင်းကို ပြန်၍စဉ်းစားနေသည်။

သူသည် အစကတည်းက အင်နီအား မိန်းမကောင်းတစ်ယောက် မဟုတ်



ဟု ပြောခဲ့ဖူးသည်။ သူ့စကားသည် မှန်နေပြီဖြစ်၏။ ယခု ကြားလိုက်ရသော သတင်းသည် သူ့စကားမှန်ကြောင်း သက်သေပြလျက်ရှိသည် မဟုတ်ပါလော။ မာသာသည် သူ့အထင် မှန်နေသဖြင့် အားရကျေနပ်စွာ ပြုံးနေမိသည်။

ဤဖြစ်ရပ်တွင် တာဝန်ရှိသူမှာ သူ့သား ဆင်မီ ဖြစ်၏။ သူ့သားသည် မကြာခဏ အိမ်မှထွက်ထွက်သွားတတ်သည်။ ပြီးခဲ့သောလအတွင်းကဆိုလျှင် အလုပ်ပိတ်ရက်တိုင်း အိမ်တွင်မနေ။ ဤကဲ့သို့သော အနေအထိုင်များကြောင့် အခုကိစ္စသည် ပေါ်ပေါက်လာရခြင်း ဖြစ်ပေလိမ့်မည်။ တကယ်တော့ ဤကိစ္စသည် ဆင်မီ၌ တာဝန်မကင်းသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော်လည်း အကြောင်းမဟုတ်ဟုပင် မာသာက ယူဆသည်။ မာသာ အယူအဆမှာ ဤကိစ္စမျိုးတွင် အပြစ်တင်ရမည့်လူသည် ယောကျ်ား မဟုတ်၊ မိန်းမသာ ဖြစ်သည်။

အင်နီ အဖြစ်ကို ကြားရသည့်အတွက် မာသာသည် များစွာဝမ်းသာသည်။ ဤအချက်ကိုတော့ သူ ဝန်ခံသည်။ မိန်းမချင်း ကိုယ်ချင်းမစာလေခြင်းဟု ဆိုလာလျှင်လည်း သူ ဝန်ခံရန်အသင့်။ အခုလိုဖြစ်လာလိမ့်မည်ဟု သူ အစောကြီးကတည်းက ကြိုတင်တွက်ဆထားသည်ဖြစ်ရာ အခုလို ဖြစ်လာသည့်အခါ သူ့အထင်မှန်သဖြင့် ဝမ်းသာသည်မှတစ်ပါး အခြားဘာခံစားမှုမှမရှိ။

ဆင်မီသည် အင်နီအား ယခင်ကလို အထင်အမြင်ကြီးတော့မည်မဟုတ်။ ယောကျ်ားများသည် မိန်းကလေးတစ်ယောက် ယခုလိုဖြစ်လာလျှင် အထင်အမြင်သေးသွားတတ်သည်။ ထို့ပြင်လည်း ယခုလောလောဆယ် ဆင်မီသည် အိမ်၌မရှိ။ ပြင်သစ်စစ်မြေပြင်၌ ရောက်နေသည်။ ပြင်သစ်မှပြန်လာလျှင် ဆင်မီကို မိမိနိုင်အောင်ထိန်းရမည်။ အင်နီမေဆာနှင့် လုံးဝ အဆက်အသွယ် ပြန်မဖြစ်အောင် အားထုတ်ရမည်။ ထိုကိစ္စသည် မိမိ စွမ်းဆောင်နိုင်မည့်ကိစ္စဟုပင် မာသာက ယုံကြည်ထားသည်။

မိမိ လုပ်ရမည့် ပထမအဆင့်မှာ ဟန်နာဘာရေ့စ် ပြောလာသည့်သတင်း မည်မျှအထိမှန်သည်ကို စုံစမ်းရန်ဖြစ်သည်။ ဤသို့ဖြင့် မာသာသည် ထိုနေ့ နေ့ခင်းဆယ့်တစ်နာရီတွင် သူ့ကုတ်အင်္ကျီကိုယူဝတ်ကာ ကောင်းပင်လမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။ ယခုအခါတွင် မေဆာမိသားစုသည် စားဝတ်နေရေးအတွက် တပင်တပန်း ရုန်းကန်နေကြရ၏။ သားဖြစ်သူ ပက်သည် စစ်ထဲဝင်သွားသည်။ အဖေဖြစ်သူ မေဆာမှာလည်း ဒူလာရောဂါ စွဲကပ်နေသဖြင့် အလုပ်ကို ကောင်းစွာမလုပ်နိုင်။

အဘိုးကြီး မေဆာသည် ယခုအခါ ပင်လယ်ကမ်းခြေနှင့် မနီးမဝေး တစ်နေရာသို့ထွက်၍ ငါးဖမ်းသည့်အလုပ်ကိုလုပ်၍ အင်နီမေဆာက သူ့အဖေအား

ငိုင်းဝန်းကူညီသည်။ မနက်အရုဏ်မတက်ခင်ကတည်းက အင်နီသည် သူ့အဖေ နှင့်အတူ ပင်လယ်ပြင်သို့ ရောက်နေသည်။ မိုးလင်း၍ လူအများ အိပ်ရာမှနိုးချိန် တွင် အင်နီသည် ငါးတောင်းကို ကျောပိုးကာ ကြေးခေါင်းလောင်းငယ်လေးကို လှုပ်ကာ တစ်လမ်းဝင် တစ်လမ်းထွက် ငါးရောင်းရသည်။ ယခုအခါတွင် စလီ စကေး တစ်မြို့လုံးက အင်နီမေဆာအား ငါးသည်မလေးအဖြစ် သိနေကြပြီ ဖြစ်၏။

မာသာသည် ဖြည်းဖြည်းမှန်မှန် လျှောက်လာနေရင်းနှင့်ပင် အင်နီ၏ ကြေးခေါင်းလောင်းသံကို နားစွင့်လာသည်။ သူသည် အင်နီ၏ ခေါင်းလောင်းသံ ကို ကောင်းပင်လမ်းအဆင်း အောက်ဘက်အရောက်တွင် ကြားရသည်။ သူသည် ခေါင်းလောင်းသံကို ကြားတိုင်း နားခါးခဲ့၏။ ယနေ့တွင်မူ သူသည် အင်နီကို မြင်လိုက်သည့်အခါ ခေါင်းလောင်းသံကို မေ့သွားသည်။ သူသည် မျက်စောင်း တစ်ချက်ထိုး၍ ကြည့်လိုက်ရုံမျှဖြင့် အင်နီနှင့်ပတ်သက်၍ ဟန်နာဘရေ့စ် ပြော သွားသည့်သတင်း မှန်နေသည်ကို သိလိုက်သည်။

သူသည် လျှောက်လာရင်းနှင့်ပင် အင်နီအနီးသို့ ရောက်သွားသည်။ အင်နီ သည် ငါးတောင်းကို မစ္စက်ဒေးလ်၏ အိမ်ရှေ့ပလက်ဖောင်းပေါ်သို့ချကာ တောင်း ထဲမှ ငါးတစ်ကောင်ကို မစ္စက်ဒေးလ်၏ ပန်းကန်ထဲသို့ ထည့်ပေးနေသည်။ မာသာ သည် အင်နီအား ကြည့်နေရင်းကပင် အင်နီ၏ သန့်ရှင်းသပ်ရပ်မှုကို သတိထား နေမိသည်။ ဘယ်တော့တွေ့လိုက်တွေ့လိုက် အင်နီသည် အမြဲတစေ သပ်ရပ် သန့်ရှင်းစွာ ဝတ်စားဆင်ယင်ထားလေ့ရှိ၏။ ဤတစ်ချက်ကတော့ မိမိ မငြင်းနိုင် သောအချက် ဖြစ်၏။ မည်သို့ပင်ဖြစ်စေ မာသာသည် ထိုအချက်ကိုပင် မနှစ်သက် နိုင်အောင်ဖြစ်လျက် ရှိလေသည်။

အင်နီသည် ခြင်းတောင်းပေါ် ငုံ့ကြည့်နေရာမှ ခါးဆန့်လိုက်သည့်အခါ သူ့အားကြည့်နေသော မာသာနှင့် မျက်နှာချင်းဆိုင်မိသည်။ သူ့ထံမှ ငါးဝယ် ရန်လာခြင်းဖြစ်လိမ့်မည်ဟု တွေးမိသဖြင့် ဝမ်းသာသွားသည်။ အကယ်၍သာ သူ ထင်သလို ဖြစ်မလာပါက မာသာသည် မိမိအား အသိအမှတ်ပြုသည့်သဘော သက်ရောက်နေသည် မဟုတ်ပါလား။

'ငါးတွေ လတ်လတ်ဆတ်ဆတ် ပါတယ် မစ္စဖင်းဝစ်' ဟု အင်နီက လှမ်း ပြောသည်။

'အကောင်ကြီးတွေကလည်း အကြီးကြီးတွေပဲ'

မာသာကတော့ စကားတစ်ခွန်းမှ ပြန်မပြော။ အင်နီကိုသာ စိုက်ကြည့် နေသည်။ အင်နီသည် မစဉ်းစားတတ်အောင် ဖြစ်နေသည်။ သို့သော်လည်း သူ သည် ခြင်းတောင်းအုပ်ကိုဖွင့်ကာ အထဲမှ ငါးများကို မာသာအား ပြသည်။



'အဖေနဲ့ ကျွန်မ ဒီမနက် လေးနာရီထိုးက ဖမ်းလာတဲ့ငါးတွေလေ' ဟု အင်နီက ပြောသည်။

'ဒီငါးမျိုးတွေက ရေပေါ်မှာ မြူးဆိုင်းနေတဲ့အခါ ဖမ်းရလွယ်တယ်၊ ကျွန်မ အဲဒီဘက်သွားရင်းနဲ့ ငါးနှစ်ကောင် အိမ်ကိုဝင်ပို့ပေးခဲ့မယ်၊ ဒါဆိုရင် မစ္စက်ဖင်းဝစ် ကိုင်သွားစရာ မလိုတော့ဘူးပေါ့'

အင်နီသည် ဆင်မီ၏ မိခင်ဖြစ်သော မာသာက သူ့ကို သဘောကျခင်မင် လာစေချင်သောဆန္ဒ ရှိနေသည်။ ထို့ကြောင့်လည်း ဤမျှလောက်အထိ မျက်နှာ ချိုသွေးကာ စကားကို အကြာကြီးပြောနေခြင်း ဖြစ်၏။ သို့သော်လည်း မာသာ ထံမှ ဘာသံမှမကြားရချေ။ မိမိအား အေးစက်စက် မာကျောကျော မျက်နှာထား ဖြင့် ကြည့်နေသည်ကိုသာ မြင်နေရသည်။ အင်နီသည် မာသာ၏အကြည့်ကို ကောင်းစွာ နားလည်သည်။ မာသာအကြည့်သည် 'ငါအကုန်သိတယ်' ဟု ပြော နေသည် မဟုတ်ပါလား။

'ငါ နင့်ငါးကိုလည်း မလိုချင်ဘူး၊ နင်ပေးသမျှ ဘာပစ္စည်းကိုမှလည်း မလိုချင်ဘူး' ဟု ပြောကာ မာသာသည် အင်နီ၏ တုံ့ပြန်မှုကို စောင့်နေသည်။ သို့သော်လည်း အင်နီသည် ဘာမှပြန်မပြောဘဲ ခေါင်းကိုငုံ့၍ရပ်နေသည်။ သူ့ ကိုယ်သူ အောင်ပွဲရ လူတစ်ယောက်သဖွယ် ထင်မှတ်လျက်ရှိသော မာသာသည် ချာခနဲလှည့်ကာ ဦးခေါင်းကိုထောင်၍ သူ့အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

အင်နီသည် ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သော မာသာကို ရပ်ကြည့် နေသည်။ အင်နီမျက်နှာတွင် ရှက်ရိပ်နှင့် ဒေါသရိပ်များကို မမြင်ရသော်လည်း အတန်ကြာရပ်နေရာမှ သူ့ငါးတောင်းကို ပခုံးနှင့်လွယ်ကာ ရှေ့ဆက်သွားသည်။ သူ့လက်ထဲမှ ခေါင်းလောင်းသံသည် ခါတိုင်းကဲ့သို့ပင် အဆက်မပြတ် ထွက် ပေါ်လျက်ရှိလေ၏။

မာသာသည် အိမ်လည်ပြီး အတင်းအဖျင်း သတင်းများကို ပြောတတ်သူ မဟုတ်။ သို့သော်လည်း ယခုကိစ္စတွင် သူ၏တုံ့ပြန်မှုသည် ထူးခြားလှ၏။ သူ သည် အင်နီ ရင်ဆိုင်နေရသည့်ဒုက္ခကို အလုပ်သမားတန်းလျား၌ ပျံ့နှံ့သွားအောင် သတင်းလိုက်ဖြန့်လျက်ရှိသည်။ ထိုမျှသာမကသေး၊ သူသည် အင်နီ လမ်းထွက် လာချိန်တွင် အပြင်ထွက် လမ်းလျှောက်ကာ အင်နီအား မလိုလား မကြည်သာ သော မျက်နှာထားဖြင့် ကြည့်လေ့ရှိ၏။ ကြည့်ရာ၌လည်း ရိုးရိုးကြည့်ခြင်း မဟုတ်၊ ရန်သူသဖွယ် မျက်စောင်းတခဲခဲလုပ်၍ ကြည့်ခြင်း ဖြစ်သည်။

အင်နီသည် အလုပ်အားချိန် ညနေခင်းတိုင်း တောင်ကုန်းထက်သို့ လမ်း လျှောက်ထွက်လေ့ရှိ၏။ ထိုအချိန်တွင်လည်း မာသာသည် အင်နီရှိရာသို့ လမ်း

လျှောက်ထွက်လာတတ်သည်။ အင်နီအားတွေ့လျှင် ရန်သူသဖွယ် ကြည့်လေ့ရှိသည်။ အင်နီသည် မကြာခဏပင် မာသာအား စကားပြောချင်စိတ် ပေါ်မိသည်။ သို့သော်လည်း မာသာ၏ မျက်နှာထားကြောင့် ပြောမထွက်။ တကယ်တော့ မာသာသည် အင်နီကြောင့် သူ နှစ်နှင့်ချီ၍ စိတ်ဆင်းရဲခဲ့ရသည်ဟုတွေးကာ အင်နီအား ရန်ပြုခြင်းဖြင့် လက်စားချေနေခြင်းပေတည်း။

မာသာသည် သူ့သား ဆင်မီထံ စာရေးသည့်အခါတွင်လည်း အင်နီအကြောင်းကို တစ်စွန်းတစ်စမှ တည့်မရေးပေ။ သူသည် ထိုကိစ္စကို လိမ္မာပါးနပ်စွာ ဖုံးကွယ်ထားသည်။ သူသည် ယခင်ကထက်ပို၍ကောင်းသော လက်ဆောင်ပစ္စည်းများကို ဆင်မီထံ မကြာမကြာပို့ပေးသည်။ မိခင်သည် သူ့အတွက် တန်ဖိုးရှိလှသည်ဟူသော အသိနှင့် အယူအဆများ ဆင်မီ၏စိတ်၌ စွဲကပ်စေရန် ဖန်တီးခြင်း ဖြစ်၏။ ယခုအခါတွင် မာသာသည် သီတင်းပတ်တိုင်း ဆင်မီ၏ ထောက်ပံ့ငွေကို ရရှိနေလေရာ သူ ထင်သလို သုံးနိုင်သည့် အခြေအနေတစ်ရပ်ကို ရရှိထားသည် မဟုတ်ပါလား။

နေ့ရက်များနှင့် သီတင်းပတ်များသည် ကုန်လွန်လာခဲ့သည်။ စလီစကေးမြို့ကလေးထဲတွင် ထူးခြားသောဖြစ်ရပ်ဟူ၍ ဘာတစ်ခုမှမဖြစ်။ နက်ပ်ကျွန်းကျောက်မီးသွေးတွင်းသည် ပုံမှန်လည်ပတ်လျက်ရှိသည်။ ကျောက်မီးသွေးတွင်းလုပ်ငန်းတွင် ထူးခြားမှုဟူ၍ တစ်ခုသာရှိခဲ့၏။ ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းထဲသို့ ဝင်နိုင်အောင် လမ်းသစ်တစ်ခု ဖောက်လုပ်ခဲ့ခြင်းပေတည်း။

သူ့ချွေးမ ဂျင်နီသည် တိုင်နီကပ်ဆဲလ်မြို့ရှိ မိဘများထံ ပြန်ရောက်နေသည်။ မာသာသည် ဂျင်နီနှင့်ပတ်သက်၍ ဘာသတင်းမှမကြားရ။ ကြားရအောင်လည်း မကြိုးစား။ မြို့ပေါ်တွင် တွမ်အိုဂလီ၏သား ဟာရီအိုဂလီသည် မြို့တော်ကောင်စီဝင် လူကြီးအဖြစ် အရွေးခံရသည်။ ဟန်းစ်မက်ဆားမှာ ဆေးကုသခန်းမှ ဆေးရုံသို့ ပြောင်းရွှေ့ကုသခံနေရ၏။ မစ္စက်ဝက်ပ်၏ မုန့်ဆိုင်မှာ တစ်ပတ်မှာ နှစ်ရက်သာလျှင် ဖွင့်သည်။ ဂျက်ရီးဒီးမှာ ခတ်ငွေ့အဆိပ်မိသဖြင့် ရှေ့တန်းမှ ပြန်လာခဲ့ရသည်။ သူ့သား ဒေးဗစ်ထံမှ တစ်လတစ်ကြိမ် စာမှန်မှန်လာသည်။ ဤသည်တို့မှတစ်ပါး အခြား ထူးခြားမှုဟူ၍ ဘာမှမရှိ။

အင်နီမေဆာကတော့ ငါးလည်ရောင်းရသည့် ငါးသည်ဘဝနှင့်ပင် ဆက်လက်၍ စခန်းသွားနေရဆဲ ....။ အင်နီ ငါးရောင်းနေခြင်းသည် ဂုဏ်သိက္ခာကင်းမဲ့စေသည့်အလုပ်ဟု လူတိုင်းက ပြောကြသည်။ သို့သော်လည်း အင်နီအနေဖြင့် ထိုအလုပ်မှတစ်ပါး အခြား လုပ်တတ်သည့်အလုပ်က မရှိ။ အင်နီ၏အစ်ကို ပက်မှာလည်း သူ ရသည့်လစာထဲမှ အိမ်အတွက် ထောက်ပံ့သူမဟုတ်။ အင်နီတို့



သားအဖအဖို့ ငါးဖမ်း၍ရောင်းရသည့် အလုပ်ကိုမှ မလုပ်လျှင် တခြား ဘာအလုပ်နှင့် အသက်မွေးမြူရပါမည်နည်း။ ဂုဏ်သိက္ခာကို ထောက်ထားလိုသော်လည်း စားရေးက ရှိနေသေးသည် မဟုတ်ပါလား။

တစ်နေ့တွင်မူ အင်နီသည် ငါးရောင်းမထွက်ပေ။ ထိုနေ့သည် မတ်လ (၂၂) ရက် ဖြစ်၏။ မာသာသည် အင်နီအား မသိမသာ လိုက်ရှာသော်လည်း မတွေ့။ ညနေပိုင်းတွင် မာသာသည် အင်နီ လမ်းလျှောက်နေကျနေရာသို့ ထွက်၍ ရှာပြန်သည်။ ရှာရင်းနှင့် အင်နီအား ကလေးမျက်နှာမြင်နေပြီဟု တွေးသည်။ သူသည် အင်နီ ရပ်နေကျ ကျောက်ဆောင်တစ်ခုအနီး၌ရပ်ကာ ပတ်ဝန်းကျင်ကို မျှော်ကြည့်သည်။

ထိုအခိုက်မှာပင် သူသည် အင်နီကို လှမ်းမြင်သည်။ အင်နီသည် ကျောက်ဆောင်ခြေရင်းဘက်မှနေ၍ လူသွားလမ်းအတိုင်း တက်လာနေခြင်း ဖြစ်၏။ မာသာသည် အပေါ်မှနေစောင့်ကာ အင်နီအား ကြည့်နေသည်။ အင်နီသည် အတော်ကြိုးကြိုးစားအားထုတ်၍ တက်လာနေရဟန်ရှိ၏။ နောက်ဆုံးတွင် သူသည် တောင်ထိပ်သို့ ရောက်လာသည်။ မာသာကလည်း အင်နီအား စူးစူးဝါးဝါး ဆီးကြည့်နေသည်။

အင်နီကတော့ မာသာ၏အကြည့်ကို သတိမထား။ တပင်တပန်း တက်လာရခြင်းဖြစ်၍ အမောဖြေလျက်ရှိ၏။ သူသည် ပထမတွင် မာသာအား လှမ်းကြည့်သည်။ ထို့နောက် ပင်လယ်ပြင်ဆီသို့ တွေဝေငေးမောနေသည်။ သူသည် နေ့စဉ်နေ့တိုင်း လုပ်နေကျအလုပ်ကို လုပ်နေခြင်းပေတည်း။ အချိန်အတန်ကြာသည့်အခါ သူ့နှုတ်မှ စကားတစ်ခွန်း ထွက်လာသည်။

'ဆင်မီနဲ့ ကျွန်မ ဩဂုတ်လထဲမှာ လက်ထပ်ခဲ့ပြီးပြီ'

မာသာသည် တစ်ကိုယ်လုံး ဆတ်ခနဲ ဖြစ်သွားသည်။

'ဒါ နင်လိမ်တာ' ဟု ရေရွတ်သည်။

အင်နီကတော့ ပင်လယ်ရေပြင်ဆီကို ကြည့်နေသည်။

'ကျွန်မတို့ လက်ထပ်ပြီးကြပြီ၊ သူ ခွင့်ယူပြီးပြန်လာတဲ့ ဩဂုတ်လတုန်းက လက်ထပ်ခဲ့ကြတာ'

'နင် လိမ်ပြောတာ၊ မဖြစ်နိုင်ဘူး၊ ဆင်မီက ငါ့ဆီကိုပဲ သူ့လစာပို့နေတာ'

အင်နီသည် မာသာအား လှည့်မကြည့်။ ဆင်မီ ရှိနေလိမ့်မည်ဟု မှန်းဆရသော ပင်လယ်ပြင်တစ်ဘက်ဆီသို့သာ ငေးမောနေသည်။

'ကျွန်မတို့က လစာကို ရှင်ပဲ ရစေချင်ကြတယ်၊ ရှင် ဒုက္ခမဖြစ်စေချင်ဘူး၊ ဆင်မီနဲ့ကျွန်မ တိုင်ပင်ပြီး နှစ်ဦးသဘောတူ ရှင့်ကို ပေးခဲ့ကြတာပါ'

'ငါ မယုံဘူး၊ ဘယ်တော့မှ မယုံဘူး၊ နင် လိမ်ပြောနေတာ'

မာသာ၏ မာန်မာနသည် သူ့အား ဒေါသပိုကြီးလာအောင် ဖန်တီးလျက်
ရှိ၏။ အင်နီသည် မာသာအား လှည့်ကြည့်သည်။ အင်နီ၏မျက်နှာသည် မှုန်မှိုင်း
လျက်ရှိ၏။ သူ့မျက်နှာပေါ်တွင် အရိပ်ကြီးတစ်ခုကျနေသည့်နှယ်ရှိသည်။ သူ
သည် အဆမတန် လေးလံလှသည့် မနိုင်ဝန်ကြီးတစ်ခုကို ရွက်ထားရသည့် လူ
တစ်ယောက်နှင့် တူနေသည်။ သူသည် လက်ထဲမှ ကြေးနန်းစာရွက်ကို မာသာ
အား လှမ်းပေးသည်။

မာသာသည် ကြေးနန်းစာရွက်ကို ဆီးယူသည်။

ကြေးနန်းသည်....

"မစ္စအင်နီဖင်းဝစ်" သို့ဟု လိပ်မူထားသည်။ ကြေးနန်းစာက ....

"ခင်ဗျား၏ခင်ပွန်းသည် တပ်ကြပ်ဆင်မြူရယ်ဖင်းဝစ်သည် မတ်လ (၁၉)
ရက်နေ့က တိုက်ပွဲတွင် ကျဆုံးသွားကြောင်း ဝမ်းနည်းစွာဖြင့် အကြောင်းကြား
အပ်ပါသည်" ဟု ဖြေလျက်ရှိလေသည်။

* * * * *

## (၄၄)

၁၉၁၈ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့သည် အာသာ၏ ထောင်ကျရက် ကုန်ဆုံးသော
ရက် ဖြစ်သည်။ ထိုနေ့နံနက် ကိုးနာရီတွင် အာသာသည် သူ ထောင်ကျစဉ်က
ပါလာခဲ့သော သူ့ဝတ်စုံကိုဝတ်ကာ အကျဉ်းထောင်တွင်း ဂိတ်တံခါးများကို ဖြတ်
သန်း၍ ထွက်ခဲ့သည်။ သူသည် ထောင်တံခါးဝမှ ခေါင်းငုံ့၍ ထွက်လာခဲ့သည်။
ကောင်းကင်သည် မှုန်မှိုင်းနေသည်။ စွတ်စိုထိုင်းမှိုင်းသော နေ့တစ်နေ့
ဖြစ်၏။ သို့သော်လည်း အာသာအဖို့ကတော့ အားလုံး လင်းနေသည်။ သူ တွေ့
နေရသည့် အလင်းရောင်နှင့် ထင်သလို လှုပ်ရှားသွားလာနိုင်နေသော လဟာပြင်
ကြီးသည် သူ့အတွက် မယုံကြည်နိုင်စရာလို ဖြစ်နေသည်။ ဒီနေရာကျတော့
အချုပ်ခန်းဟူ၍မရှိ။ လေးဘက်လေးတန်မှ ကာရံထားသည့် အုတ်တံတိုင်းများ
ကိုလည်း မတွေ့ရ။ ဘာ့ကြောင့်များပါလိမ့် ....။ ရုတ်တရက် သူ့စိတ်တွင် အသိ
ဝင်လာသည်။ သူ့နောက်ဘက်တွင် အုတ်တံတိုင်းကြီးများ ကျန်ရစ်ခဲ့ပြီ။
သူသည် သွက်လက်လျင်မြန်စွာ မလျှောက်နိုင်။ လှုပ်ပုံပန်းမှာ ဆေးရုံမှ
ဆင်းလာစ လူနာနှင့် တူနေသည်။ ခန္ဓာကိုယ်သည် အရိုးပေါ်အရေတင် ဖြစ်နေ
သည်။ အားကလည်း နည်းနေသည်။ အနည်းငယ် လှုပ်ရှားရုံမျှဖြင့် အဆမတန်



မောပန်းနွမ်းနယ်ခြင်းကို ခံစားရသည်။ ဆံပင်ကလည်း သူ မလွတ်ခင် တစ်ပတ်
ခန့်ကတည်းက ထောင်ဝါဒါကောလင်း၏ အနိုင်ကျင့်မှုကြောင့် အတိုကလေး
အညှပ်ခံခဲ့ရသည်။ အမှန်တော့ သူ့နောက်တွင် ကျန်ရစ်ခဲ့သည့် နံရံလေးဘက်ကာ
ထောင်ကြီးထဲ၌ သူ့ဦးနှောက်သည် စစ်ဆင်ရေးအလုပ်ခံခဲ့ရခြင်း ဖြစ်ပေသည်။

ထိုစစ်ဆင်မှုဒဏ်ကို ခံခဲ့ရသဖြင့် အာသာသည် မလုံမလဲစိတ်ဖြင့် လူတိုင်း
ကို ကြည့်မိသည်။ သူ့ကို ဒီလူတွေက ကြည့်နေကြသလား ....။ သူတို့က ဝိုင်း
ကြည့်နေကြသလား ....။ သူတို့က ကြည့်နေကြသလား ....။

သူသည် တစ်မိုင်ခန့် လမ်းလျှောက်မိသည့်အခါ ဆင်တန်မြို့ ဆင်ခြေဖုံး
ရပ်ကွက်သို့ ရောက်သည်။ အလုပ်သမားတစ်ယောက်၏ ကော်ဖီဆိုင်တွင် ဝင်ထိုင်
သည်။ ကတုံးဆံပင် ဖြစ်နေသော သူ့ခေါင်းကို ဘေးလူတွေမြင်မှာစိုး၍ ဦးထုပ်ကို
မချွတ်။ သူ့မျက်လုံးများသည် စားပွဲပေါ်၌ စူးစိုက်နေသည်။ သူသည် ကော်ဖီ
တစ်ခွက်နှင့် ကြက်ဥပြုတ်နှစ်လုံး မှာသည်။ သူ့အား စားပွဲထိုးပေးနေသည့်လူကို
မော့မကြည့်။ ထိုသူ၏ ရှူးဖိနပ်နှင့် ညစ်ပတ်ပေရေနေသော ခါးစည်းအဝတ်ကိုသာ
မြင်နေသည်။ ထိုလူသည် ကော်ဖီနှင့် ကြက်ဥများ ချပေးအပြီးတွင် ငွေတောင်း
သည်။

စားသောက်အပြီးတွင် အာသာသည် ဆိုင်တံခါးဆီ လျှောက်လာရင်း
စီးကရက်တစ်ဘူး ဝယ်သည်။ ကောင်တာ၌ ထိုင်နေသော ဆံပင်နီနီနှင့်လူက
စီးကရက်ဘူးကို ကောင်တာပေါ်ချပေးပြီး 'အထဲမှာ နှစ်တော်တော်ကြာခဲ့သလား'
ဟု မေးသည်။ အာသာသည် သူ့ကို ထောင်ထွက်တစ်ယောက်မှန်း မသိစေချင်။
သို့သော်လည်း ဆိုင်ရှင်က သိနေသည်။ ဘာ့ကြောင့်နည်း ....။ ထောင်ထွက်များ
သည် ဤဆိုင်သို့ဝင်၍ ရပ်နားဖူးကြသည် ထင်၏။ သူသည် ဆိုင်ရှင်၏မေးခွန်း
ကို မဖြေဘဲ ဆိုင်ထဲမှ ထွက်လာခဲ့သည်။

သူသည် ဘင်တန်မှနေ၍ တိုင်နီကပ်ဆဲလ်သို့ ဓာတ်ရထားစီးသည်။ သူ
သည် ဓာတ်ရထားပေါ်တွင်လည်း ဦးခေါင်းကို ငုံ့ထားသည်။ ထောင်ထဲ၌ နေခဲ့
ရစဉ်ကတော့ သူ့စိတ်သည် အမြဲလိုလို အပြင်လောကဆီသို့ ရောက်နေသည်။
အခု အပြင်ရောက်တော့လည်း ထောင်အကြောင်းမှတစ်ပါး အခြားဘာကိုမှမတွေးမိ။
ဓာတ်ရထားသည် စင်ထရယ်ဘူတာကြီး အပြင်ဘက်၌ ရပ်သည်။ သူသည် ဓာတ်
ရထားပေါ်မှဆင်းကာ ဘူတာကြီးအတွင်းသို့ ဝင်လာခဲ့သည်။ သူသည် စလီစကေး
သို့ အသွားရထားလက်မှတ်ဝယ်ရန် စိတ်ကူးရှိ၍ ဝင်လာခဲ့ခြင်း ဖြစ်သော်လည်း
ရုတ်တရက် မဝယ်သေးဘဲ အလုပ်သမားတစ်ယောက်ထံ သွားမေးသည်။

'စလီစကေးကို နောက်ထွက်မယ့်ရထားက ဘယ်အချိန်လဲ'

'ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်'

အာသာသည် စာအုပ်ဆိုင်အပေါ်ဘက်မှ နာရီကို မော့ကြည့်သည်။ ငါးမိနစ်မျှသာ လိုတော့၏။ သူသည် အိမ်ကို မြန်မြန်မရောက်ချင်သေး။ သူ့အမေ ကွယ်လွန်ပြီ ဟူသောသတင်းကို သူ ထောင်ထဲ၌ရှိစဉ်က သတင်းရခဲ့၏။ ထိုစဉ်ကတည်းက အိမ်အပေါ်၌ တွယ်တာစိတ်သည် နည်းပါးသွားခဲ့သည်။ သူသည် စားသောက်ခန်းသို့ဝင်ကာ လက်ဖက်ရည်နှင့်မုန့်မှာ၍ စားသောက်သည်။

သူသည် ဟက်တီအား သတိရသည်။ ဟက်တီအား တွေ့ချင်မြင်ချင်လှပါ၏။ ဟက်တီရှေ့၌ ဒူးထောက်ထိုင်ကာ ပွေ့ဖက်ထားချင်လှပါ၏။ ဟက်တီသည် သူ့ကို တကယ်ချစ်သူ၊ တကယ်မြတ်နိုးသူတစ်ဦး ဖြစ်ပါ၏။ ဟက်တီသည် သူ့အပေါ် နားလည်ခြင်း၊ သနားကြင်နာခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့် ဆီးကြိုထွေးပိုက်လိမ့်မည်ဟုပင် ယုံကြည်နေဆဲ ဖြစ်ပါ၏။ သူသည် တွေးရင်းတွေးရင်းနှင့် မျက်ရည်များ ဝဲလာသည်။

တစ်နာရီထိုးလုနီးနီးတွင် အာသာသည် ဘူတာထဲမှထွက်ကာ ကောလိပ်ရိုးဘက်သို့ ဖြည်းညင်းလေးကန်စွာ လျှောက်လာခဲ့သည်။ သူသည် ဟက်တီနှင့် တွေ့ရမည့်အရေးကိုတွေးကာ ကြောက်စိတ်ဝင်လာသည်။ နံပါတ် (၁၇) ရှေ့သို့ ရောက်သောအခါ ကြောက်စိတ်သည် ပို၍ ကြီးမားလာသည်။ သူသည် လမ်းမ၏ တစ်ဖက် မျက်နှာချင်းဆိုင် ပလက်ဖောင်းပေါ်၌ရပ်ကာ တော့ဒ်မိသားစုအိမ်ကို မျှော်ကြည့်နေမိသည်။

သူသည် အိမ်ရှေ့ရောက်ခါမှ အိမ်ထဲဝင်ရမည့်အရေးကိုတွေးကာ နောက်တွန့်လျက်ရှိ၏။ အကယ်၍ မမျှော်လင့်ဘဲ ရောက်လာသော မိမိအား တွေ့လိုက်ပါက မည်မျှလောက် ဝမ်းသာအံ့ဩကြပါမည်နည်း။ ထောင်မှထွက်ထွက်ချင်း တန်းလာခဲ့သည်ကို သိလိုက်ရလျှင် ပို၍ပင် အံ့ဩကြပေလိမ့်မည်။ သူသည် ချက်ချင်းပင် အားတက်သွားသည်။ သို့သော်လည်း လမ်းမကိုဖြတ်ကူး၍ အိမ်ရှေ့မှ ဘဲလ်ကို နှိပ်လိုက်ရမည့်အရေး တွေးလိုက်မိသည့်အခါတွင်မူကား သူ့စိတ်သည် ပြန်ကျသွားပြန်သည်။

သူသည် နောက်သို့ပြန်လှည့်ကာ တစ်နေရာ၌ သွားထိုင်ပြီး စဉ်းစားဦးမည်ဟုတွေး၍ လျှောက်လာခဲ့သည်။ ဤတွင် လုံးဝ မျှော်လင့်မထားသော တွေ့ဆုံမှုနှင့် ကြုံရသည်။ သူသည် အံ့ဩလွန်းသဖြင့် အသက်ရှူပင် မှားသွားသည်။ ပထမတွင် လော်ရာသည် သူမှန်း မသိ။ သူ့အား ကျော်ဖြတ်သွားတော့မည့်အခါ သို့ ရောက်သွားပြီးကာမှ သူ့အား မှတ်မိသွားသည်။

'အာသာ မင်း အာသာ မဟုတ်လား' ဟု တအံ့တဩ ရေရွတ်သည်။ အာသာကတော့ ပလက်ဖောင်းပေါ်ကိုသာ ငုံ့ကြည့်နေသည်။



'ဟုတ်ပါတယ် ....ကျွန်တော် အာသာပါ' ဟု ထစ်တီးထစ်ငေါ့နှင့် ဖြေသည်။

လော်ရာသည် အာသာအား အသေအချာကြည့်သည်။ မျက်နှာထားပြောင်းသွားသည်။ အံ့ဩတုန်လှုပ်သွားခြင်းကို ဖော်ပြနေသည်။

'ဘာလဲ တို့အဖေနဲ့တွေ့ဖို့ လာတာလား' ဟု မေးသည်။

အာသာက ခေါင်းယမ်းသည်။ လော်ရာသည် အာသာ၏ပုံပန်းကိုကြည့်ကာ စိတ်မကောင်းဖြစ်သည်။ အာသာထံလျှောက်လာပြီး လက်ကိုဆွဲ၍ခေါ်သည်။

'မင်း အိမ်ထဲဝင်မှပေါ့၊ ငါလည်း အိမ်ထဲပြန်ဝင်မှာ၊ မင်းကြည့်ရတာ နေမကောင်းသလိုပဲ'

'ဟင့်အင်း...ကျွန်တော် မလိုက်တော့ဘူး၊ သူတို့က ကြိုက်ချင်မှ ကြိုက်မှာ'

'အို ....ဘယ်ဟုတ်မလဲ၊ ဒီနားရောက်မှတော့ ဝင်မှပေါ့'

အာသာသည် ကလေးတစ်ယောက်သဖွယ် လော်ရာ ဆွဲခေါ်ရာသို့ ဆုတ်ကန်ဆုတ်ကန်ဖြင့် ပါသွားသည်။ လော်ရာသည် သူ့လက်ပွေ့အိတ်ထဲမှ သော့ထုတ်ကာ အိမ်တံခါးကို ဖွင့်သည်။ နောက်ဖေးဧည့်ခန်းထဲထိခေါ်သွားပြီး သူ့အား ထိုင်ခိုင်းသည်။ သူ ထိုင်နေခိုက်တွင် လော်ရာသည် မီးဖိုထဲဝင်ကာ အစားအသောက်များကို သူကိုယ်တိုင် ကပျာကယာပြင်သည်။ ချက်ချင်းပင် လက်ဖက်ရည်နှင့် ပေါင်မုန့်မီးကင် ထောပတ်သုတ်များကို လင်ပန်းတစ်ချပ်တွင်ထည့်ကာ သူ့ရှေ့သို့ လာချပေးသည်။ လော်ရာသည် အာသာ စားသောက်နေသည်ကို ထိုင်ကြည့်နေသည်။

စားသောက်အပြီးတွင် သူသည် လော်ရာအား မော့ကြည့်သည်။ ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်၍ကြည့်ခြင်း ဖြစ်၏။

'ကျေးဇူးတင်ပါတယ် လော်ရာ' ဟု သူက ပြောသော်လည်း လော်ရာကတော့ ဘာမှပြန်မပြော။ လော်ရာသည် ယခင်ကနှင့်မတူ။ မျက်နှာကလည်း ညှိုးသည်။ ဝတ်စားဆင်ယင်ပုံကလည်း ဖြစ်ကတတ်ဆန်း ....။ သိသာစွာ ပြောင်းလဲနေသော လော်ရာအားကြည့်ကာ အာသာသည် များစွာအံ့အားသင့်လျက်ရှိသည်။ လော်ရာသည် ဘာကြောင့် ဤမျှလောက် အိုစာကျသွားရပါလိမ့် ....။

'လော်ရာတို့ ဘာဖြစ်ကြလို့လဲ ....၊ ဒီကို ဘာပြုလို့ ရောက်နေရတာလဲ၊ ပြဿနာများရှိလို့လား'

လော်ရာသည် စိတ်ထိခိုက်သွားပုံရသည်။ မျက်နှာသည် ချက်ချင်း ညှိုးငယ်သွားသည်။

'ဘာမှမဖြစ်ပါဘူး' ဟု ပြောကာ မီးဖိုကာ မီးတောက်များထလာအောင် ထိုးဆွပေးနေသည်။

'ဒီတစ်ပတ် အဖေနဲ့လာနေတာ၊ ဟစ်လ်တော့ဂေဟာကို ပိတ်ထားခဲ့တယ်'

'အိမ်ကို ပိတ်ထားခဲ့တယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ စတန်လေက ဘွန်းမောက်ကိုသွားပြီး အပန်းဖြေဂေဟာတစ်ခုမှာ အနားယူနေတယ်၊ သူ့အနား ဗုံးဆန်ကျလို့ သွေးလန့်သွားတာကို မင်းသိမှာ မဟုတ်သေးဘူး၊ ဒီမှာ လုပ်စရာရှိတာတွေပြီးသွားရင် သူ့နောက်ကို လိုက်ချင်လိုက်မယ်'

'အလုပ်တွေကကော'

'စီစဉ်ထားပြီးပြီ'

အာသာသည် လော်ရာအားကြည့်ကာ အံ့အားသင့်လျက်ရှိသေးသည်။ လော်ရာသည် သူ သိနားလည်ခဲ့သော လော်ရာနှင့် လုံးဝမတူ။ လော်ရာ့မျက်နှာထက်မှ ဝမ်းနည်းကြေကွဲမှုအရိပ်သည် ပီပြင်စွာပေါ်လျက်ရှိ၏။ နာကြည်းထိခိုက်နေသော စိတ်ဒဏ်ကို ခံစားနေရသည်မှာ ထင်ရှားနေသည်။ သူတို့နှစ်ဦးကြားတွင် ရှည်ကြာသော တိတ်ဆိတ်မှုသည် ဝင်ရောက်လာသည်။

'ကျွန်တော် ခင်ဗျားကို ဒုက္ခလာပေးသလိုဖြစ်ရတာ စိတ်မကောင်းပါဘူး'

'မင်း ဘာမှ ဒုက္ခမပေးပါဘူး'

အာသာသည် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

'ကျွန်တော် အခုဒီကိုလာတာ ဟက်တီနဲ့ တွေ့မလားလို့ လာခဲ့တာပါ'

လော်ရာသည် သူ့ရှေ့သို့လာရပ်သည်။

'ဟက်တီ ဒီမှာ မနေတော့ဘူး'

'ဘာ'

'သူ အခု မန်ဘိုရိုးမှာနေတယ်၊ ဒစ်ပါဗက်စ်နေတဲ့နေရာလေ'

'ဘာ....ဘယ်လို'

'မင်း မသိနိုင်သေးဘူး၊ သူနဲ့ ဟက်တီ ဇန်နဝါရီလထဲက လက်ထပ်ကြတယ်၊ ရုတ်တရက်ချက်ချင်း စီစဉ်လိုက်ကြတာ၊ မင်းအမေသေပြီး ရက်ပိုင်းအတွင်းမှာ ဒီကိစ္စကို ပြီးပြတ်အောင် လုပ်ခဲ့ကြတာပဲ၊ ပါဗက်စ်က ဗွီစီသူရဲကောင်းဘွဲ့ ရခဲ့သေးတယ်၊ သူတို့ မင်္ဂလာပွဲသတင်းက သတင်းစာအားလုံးမှာ ပါခဲ့တယ်'

အာသာသည် ငြိမ်ဆိတ်နေသည်။

'ဒါဆိုရင် ဟက်တီ လက်ထပ်သွားပြီပေါ့' ဟု ရေရွတ်သည်။

'ဟုတ်တယ် အာသာ'

'ကျွန်တော် အဲဒီလို ဖြစ်သွားလိမ့်မယ်လို့ လုံးဝ မတွေးမိခဲ့ဘူး'

လော်ရာသည် လိမ္မာပါးနပ်စွာ ငြိမ်နေသည်။ အားပေးစကား မပြော၊ ဖျောင်းဖျခြင်းလည်းမပြု။ အာသာက ထိုင်ရာမှ ထကာ....



'ကျွန်တော် သွားတော့မယ်' ဟု ပြောသည်။

'မင်းကြည့်ရတာ အားရှိပုံမပေါ်သေးဘူး၊ မသွားပါနဲ့ဦးလား'

အာသာ၏ ခြေထောက်များသည် မတ်မတ်မရပ်နိုင်။ လဲကျတော့မည့်ပုံဖြစ်နေသည်။ လော်ရာက ရှေ့သို့တိုးသွားပြီး အာသာ့ရှေ့မှ ပိတ်ရပ်လိုက်သည်။

'မင်း မသွားသင့်သေးဘူး၊ အိပ်ရာပေါ်မှာ လှဲနေမှဖြစ်မယ်'

လော်ရာက အာသာအားတွဲကာ ဟက်တီ့အခန်းထဲမှ အိပ်ရာပေါ် ပို့ပေးသည်။ အဝတ်များချွတ်ကာ စောင်ခြုံပေးသည်။ ရေနွေးပုလင်းတစ်လုံးနှင့် အေးစက်သော ခြေထောက်များကို ကပ်ပေးသည်။ အတန်ကြာသည့်အခါ ....

'နေလို့ သက်သာရဲ့လား' ဟု မေးသည်။

အာသာက ခေါင်းညိတ်သည်။

အချိန်မှာ ညနေငါးနာရီခန့်ရှိပြီ။ နေရောင်သည် အနောက်ဘက်မှနေ၍ အခန်းတွင်းသို့ ရောက်လာနေပြီ။ အိမ်နောက်ဘက်ဥယျာဉ်ထဲမှ မြေတူးငှက်ငယ်များ၏ တွန်ကျူးသံများ ကြားနေရသည်။

အာသာသား ဆေးကုသမှုနှင့်ပတ်သက်၍ လော်ရာ၏ဖခင်သည် ဝင်ရောက်ဟန့်တားခြင်းမပြုခဲ့ပေ။ ဘယ်သူ့ကိစ္စတွင်ဖြစ်ဖြစ် ပါဝင်လေ့မရှိသည်မှာ တော့ဒ်၏အကျင့်စရိုက် ဖြစ်သည်။ ထို့ပြင်လည်း မြစ်ရေကိုဆန်၍ ကူးသလိုဖြစ်ခဲ့ရသော အာသာအပေါ်တွင် ကြင်နာစိတ်ကလည်းရှိ၏။ သူသည် အာသာထံသို့ တစ်နေ့လျှင်နှစ်ကြိမ်မျှ မှန်မှန်လာပြီး စကားစမြည် ပြောလေ့ရှိ၏။ သို့သော်လည်း အသက်အရွက်ကြီးသူပီပီ အာသာ့စိတ်ကို ထိခိုက်စေမည့် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းအကြောင်း၊ စစ်ကြီးအကြောင်းနှင့် ဟက်တီ့အကြောင်းများကိုမူ လုံးဝမပြောချေ။ သူ ပြန်သည့်အခါတိုင်းလည်း ....

'အရေးမကြီးဘူး အာသာ၊ မင်း ဒီမှာကြိုက်သလောက်နေပါ၊ နေကောင်းတဲ့အထိ နေလို့ရပါတယ်' ဟု ပြောသွားလေ့ရှိသည်။

တဖြည်းဖြည်းနှင့် အာသာသည် နာလန်ထလာသည်။ ပထမတွင် အိမ်ထဲ၌ လမ်းလျှောက်သည်။ ထို့နောက် လော်ရာကို အားပြုကာ တောင်းမူပန်းခြံဘက်သို့သွားသည်။ သူတို့သည် အများအားဖြင့် လူသွားလူလာများသောနေရာများကို သွားလေ့မရှိကြပေ။ တစ်နေ့သောနံနက်တွင် သူတို့သည် ပန်းခြံထဲရှိ လူရှင်းသော နေရာတစ်နေရာမှ ခုံတန်းလျားတွင် ထိုင်နေကြသည်။

'လော်ရာသာမရှိရင် ကျွန်တော် အခုလိုပြန်ကောင်းလာဖို့ မလွယ်ပါဘူး၊ ခင်ဗျားဟာ ကျွန်တော့်အပေါ် ကျေးဇူးကြီးလှပါတယ်' ဟု အာသာက ပြောသည်။

လော်ရာက ဘာမှပြန်မပြော။

'ဟုတ်တယ် လော်ရာ၊ အထူးသဖြင့် စိတ်ဓာတ်အင်အား ပြန်တက်လာတာဟာ လော်ရာကြောင့်ပါ' ဟု အာသာက ထပ်ပြောသည်။

'လော်ရာကြောင့် ကျွန်တော်ဟာ လူတစ်ယောက် ပြန်ဖြစ်လာတာပါ၊ အခုဆိုရင် ကျွန်တော်ဟာ လောကကြီးကို ပြန်ပြီး ရင်ဆိုင်နိုင်ပြီ၊ ဒါပေမဲ့ ကျွန်တော့်မှာ အကျိုးရှိပေမယ့် လော်ရာမှာတော့ ဘာမှမရဘူး'

အာသာသည် ငြိမ်ဆိတ်နေသော လော်ရာအား စေ့စေ့စပ်စပ် ကြည့်နေသည်။

'လော်ရာကိုကြည့်ပြီး ရုပ်ဖဲလ်ရဲ့ ဝတ္ထုထဲက မက်ဒိုနာကို သတိရမိတယ်'

'မရှုးစမ်းပါနဲ့' ဟု လော်ရာကပြောကာ ထိုင်နေရာမှ ဖျတ်ခနဲထ၍ ထွက်သွားသည်။

အာသာသည် လော်ရာ လုပ်သွားပုံကို နားမလည်နိုင်ဖြစ်ကာ အံ့အားသင့်ပြီး ကျန်ရစ်ခဲ့သည်။

အားအင်တော်ကြီး ပြည့်လာသည့်အခါ အာသာသည် သူ့အဖေအကြောင်းနှင့် စလီစကေးသို့ပြန်ရေးကို စဉ်းစားလာသည်။ တစ်ညတွင်မူ ညစာစားအပြီး အပျင်းပြေ ဖဲကစားနေခိုက် အာသာ့ထံမှ မမျှော်လင့်သော စကားတစ်ခွန်း ထွက်လာသည်။

'ကျွန်တော် စလီစကေးကို အမြန်ဆုံးပြန်မှဖြစ်မယ် လော်ရာ'

ဤစကားတွေအတွက် လော်ရာ့ဘက်မှ ပြန်ပြောစရာအကြောင်းဟူ၍ ဘာမှမရှိချေ။ သို့သော်လည်း အာသာသည် သူပြန်မည့်ရက်ကို အတိအကျ မသတ်မှတ်နိုင်ဘဲ ဖြစ်နေသည်။ ဤသို့ဖြစ်နေခိုက်တွင် တစ်ရက်သောနံနက်တွင် ကူရီးယား သတင်းတစ်ပုဒ်ကို တွေ့သည်။ အာသာသည် ထိုသတင်းကို စိတ်ဝင်တစား ဖတ်ရှုနေသည်။ အာသာ၏ အရိပ်အကဲကို အမြဲတစေ အကဲခတ်နေသော လော်ရာက ....

'ဘာထူးလို့လဲ' ဟု မေးသည်။

'ပါရာဒိုက်စ် ကျောက်မီးသွေးတွင်းထဲကို လမ်းသစ်ဖောက်ကြတယ်၊ လွန်ခဲ့တဲ့သုံးရက်က အလောင်းဆယ်လောင်းကို တွေ့ကြသတဲ့၊ အဲဒီအလောင်းတွေကို မနက်ဖြန်မှာ စစ်ဆေးကြလိမ့်မယ်၊ ပြင်သစ်က ဆွေမျိုးတချို့ကိုတောင်ခေါ်ပြီး အလောင်းတွေကို ပြလိမ့်မယ်၊ ကျွန်တော်ပြန်မှ ဖြစ်တော့မယ်၊ ဒီနေ့ပြန်ရင် ....အို ....မထူးတော့ပါဘူး၊ အခုမနက်ပဲ ပြန်ပါတော့မယ်'

လော်ရာက တစ်ခွန်းမှ ပြန်မပြော။ ကော်ဖီခွက်ကိုသာ လှမ်းပေးသည်။ သူသည် ကော်ဖီသောက်ရင်း သူ့ကိစ္စကို ဆက်၍စဉ်းစားပြန်သည်။ သူ မပြန်၍



မဖြစ်၊ ပြန်မှ ဖြစ်မည်။ သူသည် လော်ရာ့မျက်နှာကို ကြည့်နေသည်။ လော်ရာက သူ့အကြည့်ကို နားလည်သည်။ ပါးစပ်က မဖြေသော်လည်း ခေါင်းတစ်ချက်ဆတ်ပြသည်။ သူသည် စားပွဲပေါ်မှထကာ ခန်းမတွင်းသို့ဝင်၍ သူ့ဦးထုပ်နှင့် ကုတ်အင်္ကျီကို ယူသည်။ သူ့တွင် တခြား ဘာပစ္စည်းမှ ရှိသည်မဟုတ်။ လော်ရာက သူ့အား တံခါးဝအထိ လိုက်ပို့သည်။

'လော်ရာ့ကို တစ်ခု ကတိပေးစေချင်တယ် အာသာ' ဟု လော်ရာက ပြောသည်။

'မင်း ဘာပဲလုပ်လုပ် ထင်တာတွေ လျှောက်မလုပ်ပါနဲ့'

အာသာက ခေါင်းညိတ်သည်။ ပြီးတော့ တိတ်ဆိတ်ခြင်း ....။ အာသာသည် လော်ရာ၏လက်များကို လှမ်းဆွဲသည်။

'ကျေးဇူးတင်စကားပဲ ပြောနေရတာပဲ လော်ရာ၊ လက်တွေ့ကျတော့ ဘာမှ မတုံ့ပြန်နိုင်ဘူး၊ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ လော်ရာ သိမှာပါ၊ ကျွန်တော် လော်ရာနဲ့ လာတွေ့ပါဦးမယ်၊ မကြာစေရပါဘူး၊ အဲဒီအချိန်ကျရင် လော်ရာ့အတွက် တစ်ခုခုတော့ လုပ်ပေးနိုင်မှာပါ'

'ရပါတယ်'

အာသာသည် ဘာဆက်ပြောရမှန်းမသိ။ လော်ရာ၏ လက်များကိုဆွဲကိုင်ကာ အချိန်အတော်ကြာကြာမျှ ကြောင်တောင်တောင်ဖြစ်ကာ ရပ်နေသည်။ နောက်ဆုံးကျမှ လော်ရာလက်များကို မလွှတ်ချင် လွှတ်ချင်နှင့် လွှတ်လိုက်သည်။

'ဂွတ်ဘိုင် လော်ရာ'

'ဂွတ်ဘိုင်'

သူသည် လမ်းမပေါ်သို့ ရောက်လာသည်။ လေနှင့်အတူပါလာသော မိုးစက်မိုးပေါက်များသည် သူ့အား ဆီးကြိုသည်။ သူသည် ဘူတာသို့ ဆယ်နာရီ ဆယ်မိနစ်တွင် ရောက်သည်။ ရောက်လျှင်ရောက်ချင်း စလီစကေးသို့ အသွား လက်မှတ် ဝယ်လိုက်သည်။

ဆယ်နာရီဆယ့်ငါး လော်ကယ်ရထားတွင် ခရီးသည် များများစားစား မပါ။ အာသာသည် တတိယတန်းတွဲတစ်နေရာ၌ ခပ်ကုပ်ကုပ်ထိုင်၍ လိုက်ပါလာသည်။ မီးရထားသည် သူ မြင်ဖူးတွေ့ဖူးနေကျ ရှုခင်းများကို ဖြတ်သန်းလာသည်။ အင်နယ်တံတားနှင့် ဘရင့်မြေအောက် ဥမင်လိုဏ်ခေါင်းများကို ဖြတ်သန်းပြီးသည့်အခါ စလီစကေးနှင့် ပို၍နီးလာသည်။

**စလီစကေး** ဘူတာပလက်ဖောင်းပေါ်သို့ အာသာ ခြေချမိသည့်အခါ ဆယ့်တစ်နာရီခွဲပြီ။ ထိုအခိုက်တွင် ရထား၏ နောက်ဘက်တွဲတစ်တွဲပေါ်မှ ဆင်း

လာသော ခရီးသည်သည် သူနှင့်အတူ အပေါက်ဝသို့ ရောက်သွားကြသည်။ လက်မှတ်စစ်အနီးသို့ ရောက်သည့်အခါကျမှပင် ထိုခရီးသည်၏ မျက်နှာကို အသေအချာကြည့်မိသည်။ သူ မြင်နေရသည့်လူသည် ဒေးဗစ်ဖင်းဝစ်ပေတည်း။

ဒေးဗစ်သည် အာသာကို ချက်ချင်းမှတ်မိသည်။ သို့သော်လည်း ဖက်လဲတကင်း မလုပ်။ ရှောင်သွားခြင်းလည်းမပြု။ သူတို့သည် နှစ်ယောက်အတူတူတွဲ၍ ဘူတာထဲမှ ထွက်လာကြသည်။

'အလောင်းတွေကို စစ်ဆေးဖို့လာတာလား' ဟု အာသာက မေးသည်။

ဒေးဗစ်က ခေါင်းညိတ်သည်။ သူသည် ဖရီးဟိုးလမ်းအတိုင်း လျှောက်သွားနေသည်။ သူ့ယူနီဖောင်းဝတ်စုံသည် အရောင်လွင့်စပြုနေပြီ။ ပင်လယ်ဘက်မှလာနေသော မိုးသေးမိုးမွှားများသည် သူတို့ဆီသို့ ပြေးလာနေသည်။ သူတို့သည် ကောင်းပင်လမ်းအတိုင်း ခပ်သုတ်သုတ် တက်လာခဲ့ကြသည်။

'ငါ ပြန်ရောက်နေတာ နှစ်ရက်ရှိပြီ' ဟု ဒေးဗစ်က ပြောသည်။

'ငါ့မိန်းမက တိုင်နီကပ်ဆဲလ်က သူ့မိဘတွေဆီမှာ နေခဲ့တာ၊ ငါ့သားလေး ရောပေါ့၊ အခု တိုင်နီကပ်ဆဲလ်က ပြန်လာတာ'

'ဟုတ်ကဲ့' ဟု အာသာက ရေရွတ်သည်။ အာသာသည် နောက်ထပ်ပြောစရာစကား မရှိသဖြင့် ငြိမ်နေပြန်သည်။ သူ အိမ်ရှေ့ရောက်သည့်အခါ ဒေးဗစ်က ရပ်လိုက်သည်။

'မင်း အိမ်ထဲခဏဝင်ပါလား'

'ငါ မင်းကို ပြစရာတစ်ခုရှိလို့' ဟု ဒေးဗစ်က ပြောသည်။

အာသာသည် ဒေးဗစ်နောက်မှကပ်၍ အိမ်အမှတ် (၂၃) ထဲသို့ လိုက်သွားသည်။ သူတို့သည် အိမ်ရှေ့ခန်းမထဲသို့ ဝင်ခဲ့ကြ၏။ ခန်းဆီးများကို တင်ထားသဖြင့် အပြင်မှအလင်းရောင်သည် ခန်းမတွင်းသို့ ဝင်လာနေသည်။ အာသာသည် ခန်းမအလယ်၌ချထားသည့် ခေါင်းနှစ်လုံးကို မြင်ရသည်။ ခေါင်းအဖုံးများကို ဖွင့်ထားသည်။ အာသာသည် ပထမဆုံးခေါင်းကို ငုံ့ကြည့်သည်။ သူ့မျက်လုံးများသည် ရောဘတ်ဖင်းဝစ်၏ မျက်လုံးဟောက်ပက်များနှင့် ရင်ဆိုင်မိသည်။

ရောဘတ်၏ ကိုယ်ခန္ဓာသည် မြေတွင်းထဲ၌ နေခဲ့ရသည်မှာ လေးနှစ်ရှိခဲ့ပြီ။ မျက်နှာသည် ဆပ်ပြာတိုက်ထားသလို ဖြစ်နေသည်။ အရောင်အဆင်းမှာ ဖယောင်းသားကဲ့သို့ ဖြူဖွေးနေသည်။ အရေပြားများသည် အရိုးများတွင် ကျုံ့ဝင်နေကြသည်။ အာသာသည် တွန့်ခနဲဖြစ်ကာ နောက်သို့ဆုတ်သွားပြီး မျက်နှာကို လက်ဝါးများဖြင့် အုပ်ထားလိုက်မိသည်။

ဒေးဗစ်ထံမှ စကားပြောသံ ထပ်ကြားရသည်။



'ငါ့အဖေရဲ့ ကိုယ်ပေါ်က ဒီစာကိုတွေ့ခဲ့ရတယ်၊ ဒီစာကို ဘယ်သူမှ မတွေ့ကြဘူး'

အာသာသည် မျက်နှာပေါ် အုပ်ထားသည့်လက်ကို ဖယ်လိုက်သည်။ ဒေးဗစ်၏လက်ထဲမှ စာရွက်ကို လှမ်းကြည့်သည်။ ထို့နောက် စာရွက်ကို လှမ်းယူပြီးကြည့်သည်။ စာမှာ ရောဘတ် ရေးထားခဲ့သောစာ ဖြစ်၏။ အာသာသည် စာကို ဖတ်ကြည့်သည်။ တစ်စက္ကန့်မျှ သူသည် သူ့ကိုယ်သူ သေသွားလိမ့်မည်ဟုပင် ထင်လိုက်မိ၏။

'မင်း သိပြီမဟုတ်လား၊ ဒီစာက အရာအားလုံးကို ရှင်းသွားအောင် လုပ်ပေးလိုက်တာပဲ' ဟု ဒေးဗစ်က ပြောသည်။

အာသာသည် စာကို စိုက်ကြည့်နေသည်။ သူ့ကိုယ်သူ လဲကျမသွားအောင် ကြိုးစား၍ထိန်းလျက်ရှိသည်။

'ဒီစာကို ဒီထက်ပိုပြီး အသုံးချသွားဖို့ ငါ စိတ်မကူးပါဘူး' ဟု ဒေးဗစ်က ပြောသည်။

'ဒါပေမဲ့ မင်းသိသွားသင့်တယ်ထင်လို့ အဲဒီလောက်လုပ်ဖို့ အခွင့်အရေးကတော့ ရှိရမှာပဲလို့ ငါ ယူဆတယ်'

အာသာသည် ဒေးဗစ်ကို စူးစူးဝါးဝါး ကြည့်နေသည်။ သူ့ကိုယ်သူ လဲကျမသွားစေရန် နံရံကို လက်တစ်ဖက်ဖြင့်ထောက်၍ အားပြုထားသည်။ သူသည် စာကို ပြန်ခေါက်ကာ ဒေးဗစ်အား ပြန်ပေးသည်။ ဒေးဗစ်က စာကို သူ့ကုတ်အင်္ကျီအတွင်းအိတ်ကပ်ထဲသို့ ထိုးထည့်လိုက်သည်။ အာသာသည် တုန်ရီအက်ကွဲနေသောလေသံဖြင့် စကားတစ်ခွန်းပြောသည်။

'ဒီကိစ္စကို ကျွန်တော့်တာဝန်ထားလိုက်ပါ၊ ကျွန်တော့်အဖေကို ကျွန်တော်ကိုယ်တိုင် ပြောပြပါ့မယ်'

စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူသည် အိမ်ထဲမှ ထွက်သွားသည်။

သူသည် လောဂေဟာဘက်သို့ လျှောက်လာသည်။ မိုးသည် ရွာနေဆဲ ...။ သူသည် သူ့အပေါ်သို့ ကျလာနေသည့် မိုးပေါက်များကို လုံးဝ သတိမထားမိ။ သူ့ခေါင်းထဲတွင် ရောဘတ်ဖင်းဝစ်၏ ကိုယ်ပေါ်မှရခဲ့သောစာကိုသာ သတိရနေသည်။ ထိုစာကြောင့် အရာရာတိုင်းသည် ရှင်းသွားခဲ့ပြီ။ သူ သံသယဝင်ခဲ့သော၊ သူ ကြောက်ခဲ့သော အရာရာတိုင်းသည် ရှင်းသွားသည်။ အခုဆိုလျှင် သံသယလည်း မဖြစ်တော့၊ ကြောက်လည်း မကြောက်တော့။ အားလုံးကို သူ သိခဲ့ရပြီ။

သူသည် ရောဘတ်၏စာကို ပုံကြီးချဲ့၍ စဉ်းစားသည်။ ရှုထောင့်အမျိုးမျိုးမှ လှည့်တွေးသည်။ အနက်အဓိပ္ပာယ်သည် အမျိုးစုံထွက်လာသည်။ သို့သော်

လည်း စာ၏အဓိကအချက်သည် တစ်ချက်တည်းသာ တွေ့ရ၏။ ယင်းမှာ အခြား မဟုတ်။ ကျောက်မီးသွေးတွင်း၌ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆိုးသည် သူ့အဖေ၌ တာဝန်မကင်း။ ယင်းကိစ္စတွင် အပြစ်ရှိသူသည် သူ့အဖေ။ ပြင်းထန်သောဒေါသ သည် အာသာ၏ရင်ကို များစွာ ပူလောင်လာစေသည်။ သူသည် သူ့အဖေကိုသာ တွေ့လိုမြင်လို၏။

သူသည် အိမ်ရှေ့လှေကားမှတက်သွားပြီး ခေါင်းလောင်းကြိုးကို ဆွဲသည်။ တံခါးဖွင့်ပေးသူမှာ အန်တီကေရီ ....။ အန်တီကေရီသည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေသည်။ အံ့အားလည်း သင့်နေသည်။ သူသည် ဘုရားသခင်အား ကျေးဇူး စကားဆိုကာ အာသာ၏လည်ပင်းကို ဖက်ထားသည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုကြွေးသည်။

'ဖြစ်မှဖြစ်ရလေ အာသာရယ်၊ မင်း အခုလွတ်လာပြီနော် ဟုတ်လား၊ အန်တီ ဝမ်းသာလိုက်တာကွယ်၊ အမယ်လေး ....မင်းကိုကြည့်ရတာ မကျန်းမာ သလိုပဲ၊ မင်း အခုချက်ချင်း တစ်ခုခုစားလိုက်မှဖြစ်မယ်၊ နွားနို့သောက်မလား၊ ဘီစကွတ်ကော စားမလား၊ မင်း စားချင်တာပြော'

'ဘာမှမစားချင်ဘူး အန်တီ'

အန်တီကေရီ ဆွဲခေါ်ရာသို့ လိုက်ပါလာနေသော အာသာသည် စား သောက်ခန်း အပြင်ဘက်အရောက်တွင် ခဏမျှရပ်လိုက်သည်။

'အဖေ ပြန်မရောက်သေးဘူးလား' ဟု မေးသည်။

'မလာသေးဘူး အာသာ'

'ဘာလဲ သူက နေ့လယ်စာ ပြန်မစားဘူးလား'

'ပြန်စားပါတယ်၊ သူ ပြောသွားတာတော့ ဒီနေ့ တစ်နာရီမှ ပြန်ရောက် မယ်တဲ့၊ လုပ်စရာအလုပ်တွေများလို့တဲ့၊ ဟို ....ဟိုတွင်းထဲက အလောင်းတွေကို ဒီနေ့ တခမ်းတနားစီစဉ်ပြီး သင်္ဂြိုဟ်ရမယ်လို့ ပြောတယ်'

အာသာသည် ဘာမှပြန်မပြော။ သူ မရှိခင်က ပြုပြင်ထားသည့် အပြောင်း အလဲများကိုသာ ကြည့်နေသည်။ အိမ်ထောင်ပရိဘောဂအသစ်များ၊ ကော်ဇော အသစ်များနှင့် ခန်းဆီးသစ်များ၊ လျှပ်စစ်မီးကြိုးသစ်များနှင့် ခလုတ်သစ်များ ....။

သူသည် ထောင်ထဲမှ သူ နေခဲ့ရသည့်အခန်းကို သတိရသည်။ ထောင် ထဲ၌ သူ ခံစားခဲ့ရသည့် ဒုက္ခများကို ပြန်လည် မြင်ယောင်လာသည်။ သူ အခု မြင်တွေ့နေရသည့် အိမ်တွင်းမှ အပြောင်းအလဲများကိုကြည့်ကာ သူ့အဖေအား ရွံရှာမုန်းတီးစိတ် ဖြစ်ပေါ်လာသည်။ သူသည် အန်တီကေရီအား လှည့်ကြည့်သည်။

'ကျွန်တော် အပေါ်ထပ်ကို ခဏသွားလိုက်ဦးမယ်'



'သြော် ....အေး ....အေး၊ နေ့လယ်စာက တစ်နာရီမှာ စားကြမှာ အာသာ၊ မင်းကို တစ်ခုတော့ ပြောပါရစေကွယ်၊ မင်းအဖေကို စိတ်ဆင်းရဲအောင် မလုပ် ပါနဲ့နော်၊ သူ့ခမျာ အလုပ်တွေကများတော့ သိပ်ပင်ပန်းရှာတယ်၊ ပြီးတော့ အလုပ် များလွန်းလို့လားမသိဘူး၊ အခု သိပ်စိတ်တိုတတ်တယ်'

'စိတ်တိုတတ်တယ် ဟုတ်လား' ဟု အာသာက ရေရွတ်သည်။ ထို့နောက် သူသည် အိမ်အပေါ်ထပ်သို့ တက်သွားသည်။ သူသည် သူ့အခန်းသို့မသွား၊ သူ့အဖေ၏ စာကြည့်ခန်းဆီသို့ သွားသည်။ သူ ကလေးဘဝကတည်းက မဝင်ရ ဟု တားမြစ်ထားခဲ့သည့်အခန်း ....။ သူသည် အခန်းထဲသို့ ဝင်ခဲ့သည်။ သူ့အဖေ ၏ စားပွဲရှေ့၌ ရပ်သည်။ စားပွဲကတော့ မဟော်ဂနီစားပွဲကြီး ....။ ခုံညားလှပါ ဘိခြင်း ....။

အာသာ၏မျက်နှာသည် ပူထူနေသည်။ အံဆွဲများတွင် ခတ်ထားသည့် ကြေးသော့ခလောက်ကြီးများကိုကြည့်ကာ တစ်ချက်မျှ မဲ့လိုက်မိ၏။ 'ဘယ်သူမှ မဝင်ရ' ဟု တားမြစ်ပိတ်ပင်ထားခဲ့သည့်အခန်းဖြစ်၍ သူကိုယ်တိုင် မဝင်ရဲခဲ့သည့် အခန်း ဖြစ်သည်။ ဤအခန်းထဲမှ ဤစားပွဲသည် သူ့အဖေ လျှို့ဝှက်ချက်တွေ အများကြီးရှိသောနေရာ ဖြစ်သည်။

သူသည် မီးဖိုဘေး၌ ထောင်ထားသည့် မီးဆွသံချောင်းကြီးကို သွားယူကာ စားပွဲဆီသို့ ပြန်လာသည်။ သူသည် သံချောင်းကြီးဖြင့် အပေါ်ဆုံး အံဆွဲသော့ကို ကလန့်ပြီးဖွင့်လိုက်သည်။ အတွင်းမှ စာရွက်စာတမ်းများကို ကြည့်သည်။ ထို့ နောက် နောက်အံဆွဲတစ်လုံးကို ဖွင့်သည်။ ထို့နောက်တွင် နောက်တစ်လုံး ....။ သူသည် စားပွဲတစ်ခုလုံးရှိ အံဆွဲတိုင်းကို ဖွင့်သည်။

ဤစားပွဲအံဆွဲများအတွင်းမှ တွေ့ရသမျှ စာရွက်စာတမ်းများ၊ စာအုပ်များ သည် သူ့အဖေ၏ ဥစ္စာခနေ ကြွယ်ဝမှုပမာဏကို အသေးစိတ်ဖော်ပြလျက်ရှိ၏။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုများ၊ ဝင်ငွေများစာရင်းကို ဖော်ပြနေသည့် စာအုပ် များသည် သူ့အဖေ၏ ထွက်ငွေ၊ ဝင်ငွေနှင့် အမြတ်များကို အသေးစိတ်ဖော်ပြ ထားသည်။ သူ့အဖေ၏ အမြတ်ငွေသည် နှစ်စဉ် ပေါင်နှစ်သိန်းမျှရှိသည်ကို တွေ့ရ၏။

သူ့အဖေသည် နေရာတိုင်းတွင် ငွေကိုသာ အဓိကထားသူ ဖြစ်သည်။ ငွေမှလွဲ၍ ဘာကိုမှမသိ၊ မမြင်၊ နားမလည်၊ ငွေသည်သာလျှင် သူ့ဘဝအတွက် အရေးအကြီးဆုံး ....။ သေခြင်း၊ ပျက်စီးခြင်း၊ ငတ်မွတ်ခြင်း၊ စစ်ဖြစ်ခြင်း စသည် များသည် သူ့အဖေအတွက် အရေးကြီးသည့်အရာများ မဟုတ်။

အာသာသည် နောက်ထပ် အံဆွဲတစ်လုံးမှသော့ကို ဖျက်ပြန်သည်။ ယခု

အခါတွင် သူ့အဖေအပေါ်၌ လက်တုံ့ပြန်လိုသောစိတ်သည် အာသာအား ဖိစီးလျက်ရှိသည်။ ဘာပဲဖြစ်ဖြစ် သူ သိလိုသောအရာသည် ဤအံဆွဲများအတွင်း၌ရှိရမည်။ သူ့အဖေသည် စာရွက်စာတမ်းများကို ဖျောက်ဖျက်ခြင်း၊ ဖျက်ဆီးခြင်း ပြုလေ့မရှိ။ အကယ်၍ ရောဘတ်၏စာသည် မလိမ်ညာဘူးဆိုပါမူကား ကျောက်မီးသွေးတွင်း ပုံစံသည် ဤအံဆွဲများထဲတွင် ရှိကိုရှိရမည်။

စားပွဲအံဆွဲများသည် ကြမ်းပြင်ထက်၌ အစုလိုက်အပုံလိုက် ဖြစ်နေကြပြီ။ နောက်ဆုံး အောက်ဆုံးအဆင့် အံဆွဲသည် အပြင်သို့ထွက်လာသည်။ ထိုအထဲမှ စာရွက်အလိပ်များကို တွေ့ရသည်။ ထိုအထဲမှ စာလိပ်တစ်လိပ်သည် နက်ပ်ကျွန်းကျောက်မီးသွေးတွင်းဟောင်း၏ပုံစံပင် ဖြစ်သည်။ ထိုပုံစံသည် ကျောက်မီးသွေးတွင်း၏ မြေအောက်ပိုင်း တည်နေရာနှင့် အခြေအနေများကို အသေးစိတ် ဖော်ပြထားသည်။ အာသာသည် ပုံစံစာရွက်ကို အသေအချာကြည့်သည်။ ဤစာလိပ်သည် အဓိကကျသော သက်သေခံပစ္စည်းတစ်ခု ဖြစ်၏။ တကယ်တော့ ဤအရာသည် မတရားမှုနှင့် ယုတ်မာဆိုးညစ်မှုကို ပြသသည့် ပစ္စည်းတစ်ခု ဖြစ်ပေသည်။

အာသာသည် ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်သည်။ ကျောက်မီးသွေးတွင်း ပုံစံစာရွက်ကို လိပ်လိုက်သည်။ သူ့အဖေ၏ လိမ်လည်လှည့်ဖျားမှုကြီးသည် ဘူးပေါ်သလို ပေါ်လာခဲ့ပြီ ဖြစ်သည်။ သူသည် စက္ကူလိပ်ကို လက်တစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုတ်ကိုင်ထားသည်။ သူသည် ထောင်ထဲ၌ ခံစားခဲ့ရသည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုများကို သတိရသည်။ သူ့အဖေ၏ အပြစ်ကို ဖော်ပြနေသည့် အချက်အလက်များသည် သူ့လက်ထဲမှ စာရွက်ထဲတွင် ရှိနေသည်။

သူသည် မဲ့ပြုံးပြုံးလိုက်မိ၏။ ရယ်ချင်စိတ်သည်လည်း တဖွားဖွားပေါ်လာသည်။ သူသည် အခန်းတစ်ခန်းလုံးကို ဖျက်ဆီးပစ်ချင်သည်။ မီးရှို့ပစ်ချင်သည်။ သူသည် သူ့အဖေအား အပြစ်ဒဏ်ပေးချင်သည်။ မိမိ၏ ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးရလိုသည်။ မိမိအတွက် တရားမျှတမှုကို လိုချင်သည်။

သူသည် အောက်ထပ်သို့ ပြန်ဆင်းလာသည်။ သူသည် ခန်းမထဲမှရပ်ကာ စောင့်နေသည်။ သူ့မျက်လုံးများသည် အိမ်ရှေ့တံခါးဆီကိုသာ စူးစိုက်နေသည်။ သူသည် တစ်ချိန်လုံးလိုလို နာရီကိုသာ မော့ကြည့်နေသည်။ နောက်ဆုံးတွင် အိမ်ရှေ့၌ ကားရပ်သံ ကြားရသည်။ မကြာခင် အိမ်ရှေ့လှေကားမှ တက်လာနေသည့်ခြေသံများ ကြားရသည်။ တံခါးသည် ဖြန်းခနဲပွင့်သွားပြီး ခန်းမထဲသို့ သူ့အဖေ ဝင်လာသည်။ အာသာ၏ မျက်လုံးအစုံသည် သူ့အဖေ၏ မျက်လုံးများနှင့် ရင်ဆိုင်မိသည်။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် စူးစူးရဲရဲ ကြည့်နေကြ



သည်။ အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိ၏။ အာသာအဖို့တော့ အတိတ်ကဖြစ်ရပ်များကို မမေ့နိုင်သေး။ သူ့အဖေကလည်း မေ့နိုင်သေးပုံမရ။

'သြော် ....မင်း ပြန်ရောက်လာပြီကိုး' ဟု သူ့အဖေက ရေရွတ်သည်။

အာသာက ဘာမှပြန်မပြော။ သူသည် လက်ထဲမှ စာရွက်စာတမ်းများကို စားပွဲပေါ်ချနေသည့် သူ့အဖေကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့အဖေသည် စားပွဲပေါ်မှ ပစ္စည်းများကို နေသားတကျဖြစ်အောင် စီနေရာမှ ....

'မင်း စစ်ကြီး မပြီးသေးဘူးဆိုတာ သိရဲ့လား၊ ငါ့အမြင်တွေဟာ လုံးဝမပြောင်းသေးဘူး၊ ငါက ရေသာခို အချောင်သမားတွေကို အိမ်မှာ လက်မခံနိုင်ဘူး'

အာသာက သူ့စိတ်သူ ထိန်းချုပ်ထားရသည့်လေသံဖြင့် ....

'ကျွန်တော် ရေသာခို အချောင်သမား မဟုတ်ဘူး၊ ကျွန်တော် ထောင်ကျခံခဲ့တယ်' ဟု တုံ့ပြန်သည်။

'ဒါကတော့ မင်းဘာသာမင်း ရွေးတဲ့လမ်းပဲ ....၊ တကယ်လို့ မင်းစိတ်ကို မပြင်သေးဘူးဆိုရင် နောက်တစ်ကြိမ် ထပ်သွားရဦးမှာပဲ၊ မင်း အဲဒါကိုသိရဲ့လား'

'ဘာမသိစရာရှိသလဲ၊ ကျွန်တော် အများကြီးကို မြင်ခဲ့ တွေ့ခဲ့ရပြီပဲ၊ ထောင်ဟာ အရာရာကို မြင်နိုင်တဲ့ နေရာကောင်းတစ်ခုပဲ'

ရစ်ချတ်ဘားရပ်စ်သည် စကားဆက်မပြောဘဲ ခန်းမကြီးထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက်ရှိသည်။ သူသည် အိတ်ဆောင် ရွှေနာရီကို ထုတ်ကြည့်သည်။

'ငါ့မှာ နေ့လယ်စာ စားပြီးရင် ချိန်းထားတာတစ်ခုရှိတယ်၊ ဒီည တက်ရမယ့် အစည်းအဝေးလည်း နှစ်ခုတောင်ရှိတယ်၊ ဒီနေ့ဟာ ငါ့အတွက် အလွန်အလုပ်များတဲ့နေ့၊ ငါ မင်းနဲ့ အငြင်းအခုံလုပ်ပြီး အချိန်ဖြုန်းနေဖို့ အချိန်မရှိဘူး'

'အဖေ့မှာ စစ်ကြီး အောင်နိုင်ရေးအတွက် အလုပ်တွေ သိပ်များနေတယ်လို့ဆိုလိုတာလား'

'မင်းက အဲဒီလို ယူဆတယ်ဆိုရင်လည်း ငါက 'ဟုတ်တယ်' လို့ပဲဖြေမယ်၊ ငါဟာ စစ်ကြီး အောင်နိုင်ရေးအတွက် အစွမ်းကုန် အလုပ်လုပ်နေတယ်'

အာသာ၏ နှုတ်ခမ်းများသည် မဲ့သွားသည်။ သူ့ကိုယ်သူ မထိန်းချုပ်နိုင်တော့သည့် စိတ်ခံစားမှုသည် သူ့ရင်ထဲတွင် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

'အဖေက အဖေ့ကိုယ်အဖေ သိပ်အထင်ကြီးပြီး ဘဝင်မြင့်နေတာကိုး၊ ကိုယ့်ကိုယ်ကို မဟာမျိုးချစ်ခေါင်းဆောင်ကြီးလို့ ထင်နေတာပဲ၊ လူတိုင်းကလည်း အဖေ့ကို ချီးကျူးဂုဏ်ပြုနေကြတာဆိုတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ကော်မတီတိုင်းမှာ ဆရာကြီးလုပ်ပြီးဝင်ပါ၊ ကိုယ့်နာမည် သတင်းစာတွေထဲပါအောင်လုပ်၊ အောင်ပွဲခံ

မိန့်ခွန်းကြီးတွေပြော၊ စစ်မြေပြင်မှာ ထောင်နဲ့ချီပြီး သေနေတဲ့ လူတွေကတော့ အဖေ နာမည်ကြီးဖို့ အလုပ်အကျွေးပြုနေရတဲ့ ကျေးကျွန်တွေပေါ့ ....။

'အဖေ့လက်ထဲမှာတော့ ငွေတွေဟာ ပေါင်သိန်းနဲ့သန်းနဲ့ချီပြီး စုပုံလာနေတယ်၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းထဲမှာ အလုပ်သမားတွေကျခဲ့တဲ့ သွေးနဲ့ ချွေးဟာ အဖေ့အတွက်တော့ ငွေပုံကြီးပေါ့လေ ဟုတ်လား၊ အဖေကတော့ သူတို့ အရေးဟာ အဖေနဲ့ မဆိုင်ဘူးပေါ့၊ ဘုရင်မင်းမြတ်နဲ့ နိုင်ငံတော်အတွက် ဆိုတဲ့ စကားကို လက်သီးလက်မောင်းတန်းပြီး အော်ဟစ်နေဖို့ကလွဲလို့ တခြား ဘာမှ သိတဲ့လူ မဟုတ်ဘူး၊ အဖေသိတာ ဒါပဲ ....၊ သူများတွေရဲ့ဘဝ ရှင်သန်ခြင်းနဲ့ သေခြင်းဆိုတာကို အဖေ လုံးဝ အရေးမထားဘူး၊ အဖေ ချမ်းသာဖို့၊ ကြီးပွားဖို့၊ သြဇာအာဏာကြီးဖို့ကလွဲပြီး တခြားဘာမှလည်း မသိဘူး၊ အဖေဟာ အဖေ့အတွက်ပဲသိတဲ့ အတ္တသမားကြီးပဲ'

အာသာ၏ပါးစပ်မှ စကားများသည် ကရားရေလွှတ် တတွတ်တွတ် ထွက်လာသည်။

'အဲဒီလိုနေတဲ့အတွက် အနည်းဆုံး ငါ ထောင်ထဲကိုတော့ ရောက်မသွားဘူးကွ' ဟု ဘားရပ်စ်က ပြန်အော်သည်။

'အဖေ့ကိုယ်အဖေ သိပ်ထင်မနေနဲ့ဦး' ဟု အာသာက ပြန်ပြောသည်။

'အခြေအနေက အဖေကိုယ်တိုင် မကြာခင် ထောင်ထဲရောက်သွားရမယ့်ပုံ ရှိနေတယ်၊ ဒီတစ်ခါတော့ အဖေ နာမည်ကြီးဖို့၊ အဖေ့အတွက် ကျွန်တော်က ထောင်အကျမခံနိုင်တော့ဘူး'

ရစ်ချတ်ဘားရပ်စ်သည် ဖျတ်ခနဲ ရပ်လိုက်သည်။ သူသည် ပါးစပ်ဟောင်းလောင်းဖြင့် အာသာအား လှမ်းကြည့်နေသည်။

'ဘာကွ ....၊ မင်းက ဘာကိုဆိုလိုတာလဲ'

'မင်း ရူးနေသလား' ဟုလည်း မေးသည်။

'မရူးဘူး' ဟု အာသာက ဒေါသတကြီး ပြောသည်။

'ကျုပ် မရူးဘူး၊ ဒါပေမဲ့ ကျုပ် ရူးသွားသင့်တယ်'

ရစ်ချတ်သည် သူ့သား၏မျက်နှာကို စူးစူးဝါးဝါး ကြည့်နေသည်။

ထို့နောက် ပခုံးများကိုတွန့်လိုက်ပြီး သူ့နာရီကို ထုတ်ကြည့်ပြန်သည်။

'ငါ့မှာ နေ့လယ်စာ စားပြီးရင် ချိန်းထားတာတစ်ခုကို သွားရမယ်' ဟု ရေရွတ်သည်။

'မသွားပါနဲ့ အဖေ'

'ဘာ ....'



ဘားရပ်စ်က အပေါ်ထပ်သို့တက်ရန် ဟန်ပြင်နေရာမှ အာသာအား လှည့်ကြည့်သည်။

'ကျွန်တော်ပြောတာ နားထောင်ပါ အဖေ'

'ကျောက်မီးသွေးတွင်းထဲမှာ ဖြစ်ခဲ့တဲ့ ဘေးအန္တရာယ်ဆိုးကြီးနဲ့ ဆက်စပ်ပတ်သက်နေသမျှအားလုံးကို ကျွန်တော် သိထားပြီ အဖေ၊ ရောဘတ်ဖင်းဝစ်က သူ မသေခင်မှာ သတင်းတစ်ခုကို စာရွက်ပေါ်မှာ ရေးထားခဲ့တယ်၊ အဲဒီစာအရ ဒီဘေးဆိုးကြီးရဲ့ တရားခံဟာ အဖေပဲ'

'မင်း ဘာပြောတယ်ကွ'

'ကျွန်တော် အခုပြောတာကို အဖေ ကြားပါတယ်'

'ဒါ လိမ်တာပဲ၊ ငါက လုံးဝမဟုတ်ဘူးလို့ ငြင်းတယ်'

'ငြင်းချင် ငြင်းပေါ့၊ ဒါပေမဲ့ ကျွန်တော် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းရဲ့ တွင်းဟောင်းပုံစံကို ရှာလို့တွေ့ထားပြီ'

ဘားရပ်စ်၏ မျက်နှာသည် နီရဲလာသည်။ သူ့လည်ပင်းကြောများသည် ထောင်ထလာသည်။ သူသည် တစ်ကိုယ်လုံး တုန်ယင်ကာ ဒယီးဒယိုင် ဖြစ်လာသည်။ သူသည် အနီးမှစားပွဲကို မှီထားသည်။

'မင်း ရူးနေပြီ၊ ငါ မင်းပြောတာတွေကို နားမထောင်ချင်ဘူး'

'အဖေ့အနေနဲ့ ဒီပုံစံကို သိမ်းမထားသင့်ဘူး၊ ဖျက်ဆီးပစ်သင့်တယ်'

ဘားရပ်စ်သည် သူ့စိတ်သူ မထိန်းနိုင်တော့ချေ။ သူသည် ဒေါသတကြီး ထအော်သည်။

'မင်းက ဒီအကြောင်းကို ဘာသိလို့လဲ၊ ငါက ဘာ့ကြောင့် ဖျက်ဆီးပစ်ရမှာလဲ၊ ငါဟာ ရာဇဝတ်မှုကျူးလွန်ခဲ့တဲ့လူ မဟုတ်ဘူး၊ ငါဟာ အားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်နေတဲ့လူကွ၊ နားလည်လား၊ ဒီကိစ္စအတွက် ငါ့မှာ စိတ်ပူစရာ ဘာမှမရှိဘူး၊ အားလုံးပြီးသွားခဲ့ပြီးပြီ၊ အခု စစ်ကြီးက ဖြစ်နေတုန်း၊ ပြီးတော့ ငါ့မှာ ....ငါ့မှာ ....နှစ်နာရီ အစည်းအဝေးတက်ရဦးမယ်၊ ဒီမှာဟေ့ ....'

ဘားရပ်စ်သည် ဒယီးဒယိုင်ဖြင့် လျှောက်သွားကာ လှေကားလက်ရန်းကို ကိုင်ထားသည်။ အာသာကတော့ မတုန်မလှုပ်။ သို့သော်လည်း အာသာသည် သူ ပြောစရာရှိသည်များကို လေသံအေးအေးဖြင့် ဆက်ပြောသည်။

'ဒါဆိုရင်လည်း အစည်းအဝေးတက်စရာရှိတာ သွားတက်ပေါ့၊ ဒါပေမဲ့ ကျောက်မီးသွေးတွင်းထဲမှာ သေခဲ့ရတဲ့လူတွေဟာ အဖေသတ်လို့ သေတာပဲ၊ ဒီကိစ္စမှာ တရားမျှတမှုရအောင်တော့ ကျွန်တော် လုပ်ရလိမ့်မယ်'

ဘားရပ်စ်၏ အသက်ရှူသံသည် လျင်မြန်လာသည်။ ပြင်းထန်လာသည်။ ဒေါသလှိုင်းသည် သူ့အား အပြင်းအထန် ရိုက်ခတ်လျက်ရှိ၏။

'ငါ့အနေနဲ့ လုပ်ခတွေ ထုတ်ပေးဖို့ပဲလိုတယ်၊ အဲဒီထက်ပိုပြီး လုပ်စရာ ဘာမှမရှိဘူး၊ ငါတို့အားလုံးဟာ လူတွေကွ၊ လူတိုင်းလူတိုင်း အမှားတွေ လုပ်မိကြတာချည်းပဲ၊ ငါဟာ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာ၊ ဒီကိစ္စက အခုဆိုရင် ပြီးသွားပြီ၊ နောက်ထပ် ဘာမှလုပ်စရာ မလိုတော့ဘူး၊ သူတို့အနေနဲ့ အမှုကို ပြန်ဖွင့်ပြီး စုံစမ်းစစ်ဆေးလို့လည်း မရတော့ဘူး၊ မင်း ဘာမှဝင်မရှုပ်နဲ့၊ နေ့လယ်စာ စားပြီးရင် ငါ့မှာ အစည်းအဝေးတက်စရာရှိနေတယ်'

သူသည် သူ၏ အိတ်ဆောင်နာရီကို နှိုက်သည်။ သို့သော်လည်း သူ့လက်သည် အိတ်ကပ်ဆီသို့ မရောက်။ အာသာသည် သူ့အဖေ၏အဖြစ်ကိုကြည့်ကာ ရင်မောလျက်ရှိ၏။ သူ့အဖေသည် မာနကိုမလျှော့။ သူ့အနေဖြင့် အဖေကို ချစ်ပါ၏။ သို့သော်လည်း ဤကိစ္စတွင် သူ့ဘက်မှ အလျှော့မပေးနိုင်။

'ဒါဆိုရင်လည်း ဒီပုံစံစာရွက်ကို တာဝန်ရှိတဲ့လူတွေဆီမှာ ကျွန်တော် တင်ပြရလိမ့်မယ်၊ ကျွန်တော် အဲဒီလိုလုပ်တာကိုတော့ အဖေ့မှာ ကန့်ကွက်ပိုင်ခွင့် မရှိဘူး'

ဘားရပ်စ်သည် သူ့နားထင်ကို လက်ချောင်းများဖြင့် ဖိထားသည်။ သွေးခုန်နှုန်းသည် အလွန်လျင်မြန်နေသည် ထင်၏။

'မင်း ပြောနေတာတွေကို ငါ တစ်ခုမှ နားမလည်ဘူး၊ အစည်းအဝေးတစ်ခု တက်စရာရှိသေးတယ်လို့ ငါ ပြောထားတာ မင်း မေ့သွားပြီလား၊ အစည်းအဝေးက သိပ်ပြီးအရေးကြီးတဲ့ကိစ္စ ဆွေးနွေးကြမှာ၊ နှစ်နာရီတိတိမှာ လုပ်မှာဆိုတော့ ငါ့အနေနဲ့ ရေချိုးရဦးမယ်၊ နေ့လယ်စာ စားရဦးမယ်'

ဘားရပ်စ်သည် အသက်ရှူမမှန် ဖြစ်လာသည်။ သူ့လက်တစ်ဖက်သည် အိတ်ဆောင်နာရီကို ရှာဖွေနေဆဲ။ နောက်ဆုံးတွင် နာရီကို တွေ့သွားသည်။ နာရီကို တစ်ချက်ငုံ့ကြည့်ကာ အာသာရှေ့မှဖြတ်၍ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ အာသာကတော့ မတုန်မလှုပ် ရပ်နေဆဲ ....။ သူသည် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ။ သူ့အနေဖြင့် တရားမျှတမှုကို မဖြစ်မနေ ရယူချင်သည်။ သို့သော်လည်း မတိုက်ခိုက်ဘဲ၊ မရန်းကန် မလှုပ်ရှားဘဲနှင့် ဤတရားမျှတမှုကို ရနိုင်ဖွယ်ရာမရှိ။

သူ့အဖေ၏အဖြစ်သည် သနားစရာ ကောင်းလှချေသည်။ သူ့အဖေသည် လူတစ်ယောက် ဖြစ်၏။ လူတစ်ယောက်ပီပီ အမှားများကို ကျူးလွန်ခဲ့၏။ ငွေနှင့် ဩဇာအာဏာကို မက်မောလွန်းသဖြင့် မပြုသင့်သည့် အမှားများကို ပြုခဲ့၏။ သူသည် ပုံစံများကို သက်ဆိုင်ရာသို့ မပို့တော့ဟု ဆုံးဖြတ်လိုက်သည်။

အပေါ်ထပ်မှ သူ့အဖေ၏ လှုပ်ရှားသံများကို ကြားနေရသည်။ သွက်လက်



လျင်မြန်သော လှုပ်ရှားသံများဟု ဆိုနိုင်သော်လည်း တစ်ခါတစ်ရံတွင် ခြေလှမ်းများ မမှန်သည်ကို သတိထားမိသည်။ ရေပိုက်ဖွင့်သံနှင့် ရေကျသံများကို ကြားရ၏။ သူသည် အိမ်ထဲမှ ထွက်ခွာရန် ဟန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် လေးလံသော အရာတစ်ခု လဲကျသွားသံကို ကြားလိုက်ရလေ၏။

သူသည် ဖျတ်ခနဲ ရပ်လိုက်ပြီးနောက် နားစွင့်သည်။ နောက်ထပ် ဘာသံမှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်ခြင်းသာ လွှမ်းမိုးလျက်ရှိသည်။ သူသည် အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ အန်တီကေရီသည်လည်း သူ့နောက်မှ ပြေးလိုက်လာသည်။ သူတို့သည် ပိတ်ထားသည့် ရေချိုးခန်းတံခါးကို အပြင်မှနေ၍ ထုကြရိုက်ကြသည်။ အထဲမှ တုံ့ပြန်မှုမရှိ။ အာသာသည် နောက်သို့ တစ်လှမ်းနှစ်လှမ်းမျှ ဆုတ်လိုက်ပြီး တံခါးကို ကိုယ်စောင်းတိုက်၍ ဖွင့်သည်။

ရစ်ချတ်ဘားရပ်စ်သည် ကြမ်းပေါ်တွင် လဲကျလျက်ရှိသည်။ မျက်နှာတစ်ခြမ်းသည် ဆပ်ပြာမြှုပ်များ ဖုံးအုပ်လျက်ရှိ၏။ လက်တစ်ဖက်သည် ဆပ်ပြာခဲကို ကိုင်ထားသည်။ ရစ်ချတ်ဘားရပ်စ်သည် သတိလစ်လျက်ရှိ၏။ ပြင်းထန်သော အသက်ရှူသံကို ကြားနေရသည်။ နှလုံး၏ ပြင်းထန်သော တိုက်ခိုက်မှုကို ခံလိုက်ရခြင်းပေတည်း။

* * * * *

(၄၅)

၁၉၁၈ ခု၊ နိုဝင်ဘာလ နှစ်ဆယ့်ငါးရက် ....အလွန် နေသာပြီး ကောင်းကင်တစ်ပြင်လုံး လင်းလက်နေသောနေ့ ဖြစ်သည်။ ကောင်းပင်လမ်းအတိုင်း လျှောက်လာလျက်ရှိသော အာသာဘားရပ်စ်သည် အရောင်မျိုးစုံ ဖြာထွက်သလို ဖြစ်နေသော နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို မျှော်ကြည့်ကာ စိတ်ကြည်လင်လန်းဆန်းလျက်ရှိသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းနှင့် သူ၏ အနာဂတ်ခရီး ဖြောင့်ဖြူးမည့် အတိတ်နိမိတ် တစ်ခုဟုပင် စိတ်ထဲက ထင်မိ၏။ သူသည် သူ့အတွေးနှင့်သူ ပြုံးလိုက်မိလေသည်။

သူသည် စစ်ကြီး ဖြစ်နေသည့် ကာလအတွင်း ကိုယ်စိတ်နှစ်ပါး များစွာ ဆင်းရဲခဲ့ရ၏။ ထိုကာလအတွင်း သူ ခံစားခဲ့ရသည့် ဒုက္ခများကိုကြည့်ကာ သူ့ဘဝသည် ပျက်ပြီဟုပင် ထင်မှတ်ခဲ့သည်။ အခုကျတော့လည်း သူ့အနာဂတ်သည် သာယာဖြောင့်ဖြူးမည့် အရိပ်အငွေ့များကို မြင်နေရသည်။ ကျောက်မီးသွေးတွင်း

တစ်ခုလုံး အခြေအနေအရပ်ရပ်ကို သူ့စိတ်တိုင်းကျ ပြောင်းလဲပြုပြင်သွားနိုင်မည်ဆိုပါမှ သူ့ဘဝသည် သာယာပျော်ရွှင်မှုကို နောက်တစ်ကြိမ် ရလိမ့်မည်ဟု ယုံကြည်မိသည်။ ထိုလုပ်ပိုင်ခွင့်ကို ရရှိခြင်းသည် သူ့အား သူ ခံစားခဲ့ရသည့် ဒုက္ခဆင်းရဲခြင်းများအတွက် ဆုလာဘ်အဖြစ် ချီးမြှင့်လိုက်ခြင်းပေလား ....။

သူသည် ဂိတ်တံခါးကိုဖြတ်ကာ ဝင်းထဲသို့ လျှောက်လာသည်။ အမ်းစထရောင်းနှင့် ဟတ်ဒ်စပက်တို့သည် သူ့အား ရုံးခန်းထဲမှ စောင့်ကြိုနေကြသည်။ သူသည် ခေါင်းမှဦးထုပ်ကို ချွတ်၍ချိတ်လိုက်ပြီး စားပွဲပေါ်တွင် ဝင်ထိုင်သည်။ သူ့အသက်သည် နှစ်ဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော်လည်း မျက်နှာက ထိုအသက်မျှမက ရင့်ရော်လျက်ရှိ၏။ သူသည် နဖူးထက်မှ ဖွာနေသော ဆံပင်များကို လက်နှစ်ဖက်ဖြင့် သိမ်းလိုက်သည်။ နဖူးထိပ်တည့်တည့်မှ ဆံပင်များသည် ကျိုးတိုးကျဲတဲ ဖြစ်နေကြပြီ။

သူသည် သူ့စားပွဲဘေး၌ ရပ်နေကြသော အမ်းစထရောင်းတို့ကို လှမ်းကြည့်ကာ ....

'လုပ်စရာရှိတာ အားလုံးတော့ ပြီးသွားပြီ'

'ဘင်းနားမင်းက မနေ့ကပဲ စာရွက်စာတမ်းအားလုံးကို ပြည့်စုံအောင် လုပ်ပေးလိုက်ပြီ'

အမ်းစထရောင်းက ချောင်းတစ်ချက်ဟန့်သည်။

'ဝမ်းသာပါတယ် ခင်ဗျာ' ဟု ပြောသည်။

'အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်၊ မအောင်မြင်စရာအကြောင်းလည်း မရှိပါဘူး၊ အတိတ်ကလည်း ကျွန်တော်တို့အားလုံး နက်ပ်ကျွန်းအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ကြတာပဲ မဟုတ်လား'

'အနာဂတ်မှာ ဘာတွေဆက်လုပ်မယ် ဆိုတာကတော့ ဘာမှ မစဉ်းစားကြရသေးဘူးနော် မစ္စတာအမ်းစထရောင်း'

'ဟုတ်ပါတယ် ခင်ဗျာ' ဟု အမ်းစထရောင်းက ဖြေသည်။ တစ်ခဏတိတ်ဆိတ်သွားသည်။ အာသာသည် ကုလားထိုင်ကို ကျောနှင့်မှီထိုင်လိုက်သည်။

'လိုအပ်မယ်လို့ထင်ရတဲ့ အချက်တစ်ချက် နှစ်ချက်လောက် ပြောထားချင်တယ်၊ ဒါမှလည်း လုပ်ငန်းလုပ်တဲ့အခါတိုင်း ရှင်းရှင်းလင်းလင်း လုပ်နိုင်လိမ့်မယ်လို့ ထင်တယ်၊ ခင်ဗျားတို့အနေနဲ့ ကျွန်တော့်အဖေ ခိုင်းသမျှကိုတော့ လုပ်တတ်တဲ့ အလေ့အကျင့်ရနေကြပြီ၊ အခုတော့ ကျွန်တော် ခိုင်းသမျှကို လုပ်နိုင်တဲ့အလေ့အကျင့်ရလာအောင် ကြိုးစားကြရလိမ့်မယ်၊ ဒါဟာ ကျောက်မီးသွေးတွင်းရဲ့ နံပါတ်တစ် ပြောင်းလဲမှုပဲ ....။



'မကြာခင်မှာ အပြောင်းအလဲသစ်တွေ အများကြီး ရှိလာလိမ့်ဦးမယ်၊ အခုအချိန်ဟာ အပြောင်းအလဲတွေ လုပ်ဖို့ကောင်းတဲ့ အချိန်ကာလတစ်ခုပဲ၊ စစ်ကြီးအတွင်းက ကျွန်တော်တို့ရဲ့ မူဝါဒအမြင်တွေ ဘယ်လောက်ပဲ ကွဲပြားခြားနားခဲ့ပေမယ့် ကျွန်တော်တို့အားလုံးဟာ ငြိမ်းချမ်းရေးကို လိုလားတဲ့နေရာမှာတော့ တစ်သဘောတည်းပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ အခုဆိုရင် ငြိမ်းချမ်းရေးရနေပြီ၊ အဲဒီ ငြိမ်းချမ်းရေးကို တည်တံ့ခိုင်မြဲအောင် ဝိုင်းလုပ်ကြရမှာပဲ ....။

'ကျွန်တော်တို့ဟာ ဖျက်ဆီးမှုတွေကို ရပ်တန်းက ရပ်ပစ်ကြရမယ်၊ အပြောင်းအလဲတွေအတွက် ပြန်လည်တည်ဆောက်မှုတွေ မလုပ်လို့ မဖြစ်ဘူး၊ ကျွန်တော်အခု ဒီမှာလုပ်ဖို့ စိတ်ကူးထားတာ အဲဒါတွေပဲ၊ နောက်တစ်ကြိမ် ကြီးမားတဲ့အန္တရာယ်ဆိုးကြီး မကျရောက်နိုင်တဲ့ ကျောက်မီးသွေးတွင်းတစ်တွင်း ဖြစ်လာအောင် လုပ်ကြရမယ်၊ လုံခြုံတဲ့ ကျောက်မီးသွေးတွင်းတစ်တွင်း ဖြစ်လာစေရမယ်၊ လူတိုင်းအတွက် တရားမျှတမှုရှိနေအောင် ကျွန်တော် လုပ်သွားမယ်၊ ဒါနဲ့ စကားမစပ် မေးရဦးမယ်၊ ခင်ဗျားဘက်က တန်ချိန် ဘယ်လောက်ထွက်သလဲ အမ်းစထရောင်း၊ တန်လေးရာ မဟုတ်လား'

အမ်းစထရောင်း၏မျက်နှာသည် နီရဲသွားသည်။ သူသည် မျက်လွှာကိုချထားသည်။

'ဟုတ်ပါတယ် လေးရာပါ၊ တကယ်လို့ အဲဒီအချိန်ဟာ သိပ်များလွန်းနေတယ်ထင်ရင်တော့ ....'

'ခင်ဗျားကကော ဟတ်ဒ်စပက်' ဟု အာသာက မေးသည်။

ဟတ်ဒ်စပက်က ရယ်သည်။

'ကျွန်တော်က တန်နှစ်ရာ့ငါးဆယ်နှုန်းနဲ့ သွားနေတာ သုံးနှစ်ရှိသွားပြီ၊ တက်လာအောင် မလုပ်နိုင်တော့သလို ဖြစ်နေတယ်'

'ဒါဆိုရင် အခုတက်အောင်လုပ်ပါ' ဟု အာသာက ပြောသည်။

'အမ်းစထရောင်းက တန်ငါးရာထား၊ ဟတ်ဒ်စပက်က သုံးရာ့ငါးဆယ်၊ ရက်ကို ပြီးခဲ့တဲ့ လဆန်းတစ်ရက်က စကြတာပေါ့'

'ကောင်းပါတယ်' ဟု နှစ်ဦးစလုံးက ပြောသည်။

'ဒီကိစ္စ ပြီးပြတ်သွားပြီနော်' ဟု ပြောကာ အမ်းစထရောင်းက ထိုင်ရာမှ ထရပ်သည်။

'ဒီမနက်တော့ ခင်ဗျားတို့ ရုံးခန်းမှာ အဆင်သင့် ရှိပါစေဦး၊ နံနက် ဆယ့်တစ်နာရီမှာ တိုင်နီကပ်ဆဲလ်က မစ္စတာတော့ဒ်နဲ့ ချိန်းထားတယ်၊ အလုပ်ခွင်ကို စစ်ဆေးချင် စစ်ဆေးဖြစ်မယ်၊ နားလည်လား'

'ဟုတ်ကဲ့ပါ ....စောင့်နေပါမယ်' ဟု အမ်းစထရောင်းက ပြောကာ ခေါင်းညိတ်ပြီး ဟတ်ဒ်စပက်နှင့် တွဲ၍ထွက်သွားသည်။ အာသာသည် ပြတင်းပေါက်သို့သွား၍ အတန်ကြာမျှ ရပ်နေသည်။ သူသည် ရုံးဝင်းတစ်ဝင်းလုံးကို စေ့စေ့စပ်စပ်ကြည့်နေသည်။ ထို့နောက် ကျောက်မီးသွေးတွင်းဘက်မှ လှုပ်ရှားမှုများ ....၊ 'ငါ့အကြောင်းကို သူတို့သိအောင် ပြရမှာပဲ၊ ဒါဟာ ငါ့အတွက် အခွင့်ကောင်းတစ်ခုပဲ' ဟု တွေးသည်။

သူသည် စားပွဲ၌ပြန်ထိုင်ကာ ဘယ်ဘက်အံဆွဲထဲမှ အကြွေးတောင်းခံလွှာများနှင့် ကုန်ပစ္စည်းစာရင်းများကို ယူကြည့်သည်။ ဤပစ္စည်းစာရင်းများသည် သူ့အတွက် အထူးအဆန်းများ မဟုတ်ပေ။ ဤအရာအားလုံး သူ့အဖေ ရှိစဉ်ကတည်းက တွေ့မြင်ခဲ့ဖူးသော စာရွက်များ ဖြစ်သည်။ ဤစာရွက်များကိုမြင်တိုင်း သူ့စိတ်ထဲတွင် စိတ်မကောင်းဖြစ်ရ၏။ ဈေးပေါသည့် သစ်ညှံ့များ၊ အညှံ့စားအုတ်များ၊ မခိုင်ခံ့သည့် ဒေါက်တိုင်များ၊ မတောင့်တင်းသည့် အပေါစားအမိုးများ ....။ ဤကဲ့သို့သော အဖိုးနည်းပစ္စည်းများကိုဝယ်၍ ထည့်ထားခဲ့ခြင်းဖြစ်ရာ အဘယ်မှာလျှင် လုံခြုံမှုရှိပါမည်နည်း ....။ ဤသည်တို့မှာ သူ့အဖေ၏ လုပ်ရပ်များသာ ဖြစ်၏။ သူ့လက်ထက်တွင် ထိုအမှားများကို ပြုပြင်မှဖြစ်မည်။

သူ့စားပွဲ၌ အလုပ်လုပ်နေခိုက်တွင် ယခုဆို အသက် ခုနစ်ဆယ့်လေးနှစ်အရွယ် ရောက်ချိန်အထိ ကျန်းမာသန်စွမ်းဆဲဖြစ်သော အဘိုးကြီး ဆောပစ်ကင်းသည် ရုံးခန်းတံခါးဝမှ ချောင်းကြည့်ကာ အေဒမ်တော့ဒ် ရောက်လာပြီဟု အသိပေးသည်။ အာသာသည် ထိုင်နေရာမှ ခုန်ထလိုက်ကာ တော့ဒ်အား အားပါးတရ လက်ဆွဲနှုတ်ဆက်သည်။ တော့ဒ်သည် အာသာဘေးမှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ အာသာက ဖိုင်တစ်ခုကို တော့ဒ်လက်သို့ လှမ်းပေးပြီး ....

'အဲဒီထဲက ဟာတွေကို ဖတ်ကြည့်ပါဦး'

တော့ဒ်သည် ဖိုင်ထဲမှ စာရွက်စာတမ်းများကို ဖတ်ကြည့်နေသည်။

'အင်း ....ဈေးပေါပေါနဲ့ ရထားတဲ့ ပစ္စည်းတွေချည်း သုံးထားတာကိုး' ဟု တော့ဒ်က ရေရွတ်သည်။

'မဟုတ်ဘူး မစ္စတာတော့ဒ်၊ အဲဒီပစ္စည်း အားလုံးနီးပါးဟာ အစုတ်အပြတ်တွေချည်းပဲ'

အဘိုးကြီးတော့ဒ်က ဘာမှ ပြန်မပြော။ သူ့မျက်နှာထားကတော့ အာသာ့စကားကို လက်ခံသဘောတူကြောင်း ဖော်ပြနေသည်။ အာသာသည် အသံကို နှိမ့်လိုက်ပြီး သူ့စိတ်ကူးများကို ပြောပြသည်။

'ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ခင်ဗျားလည်း ဒီကိစ္စမှာ အားလုံး



ကို သိနေတာပဲဟာ၊ အဲဒီလိုသိလို့လည်း အဖေ့ကို သတိပေးခဲ့တာပဲ၊ ဒါပေမဲ့ ကျွန်တော့်ကိုတော့ အထူးသတိပေးဖို့ မလိုတော့ပါဘူး၊ အားလုံးကို မှန်မှန်ကန်ကန် ဖြစ်သွားအောင်လုပ်ဖို့ စီစဉ်ထားပြီးပြီ၊ ကျွန်တော့်အနေနဲ့ နက်ပ်ကျွန်းကို လုံခြုံမှုရှိတဲ့ ကျောက်မီးသွေးတွင်း ဖြစ်သွားအောင် လုပ်မှာပဲ'

'ကောင်းတာပေါ့ အာသာ' ဟု တော့ဒ်က ပြောသည်။

'မင်းမှာ တရားဝင် လုပ်ပိုင်ခွင့်တော့ ရထားပြီထင်ပါရဲ့'

'ဘင်းနားမင်းက အားလုံး ပြီးပြတ်အောင် လုပ်ပေးပြီးပါပြီ၊ ကျမ်းကျိန်လွှာလည်း လုပ်ခဲ့ပြီးပြီ၊ လုပ်ငန်းတစ်ခုလုံး ကျွန်တော့်အုပ်ချုပ်မှုအောက်ကို ရောက်ပြီ၊ အရေးကြီးတာက ကျောက်မီးသွေးတွင်းအတွက် လုပ်ကိုင်ပေးရမယ့် လိုအပ်ချက်တွေကို ခင်ဗျားက အကြံပြုပါ၊ ကျွန်တော်ကတော့ အဖေ့လို မဟုတ်ဘူး၊ လိုအပ်တာမှန်သမျှကို လုပ်မှာပဲ'

'ကောင်းတာပေါ့ကွာ'

'အခုလုပ်ထားတဲ့ အစုတ်အပြတ်တွေကို အစားထိုးပစ်မယ်၊ ဒေါက်တိုင်ဟောင်းတွေအားလုံးကို လဲပစ်မယ်၊ သုံးထားတဲ့ သစ်သားအားလုံးကို မီးရှို့ပစ်မယ်၊ အုတ်တွေကိုလည်း အသစ်တွေ အစားထိုးမယ်၊ အမိုးတွေကို အင်္ဂတေကိုင်သင့်ကိုင်ရမယ်၊ ကောင်းကင်ကြိုးတွေကိုလည်း အသစ်ပြန်တပ်မယ်'

'ဒါဆိုရင်တော့ ငွေအများကြီး ကုန်လိမ့်မယ်'

'ငွေ ဟုတ်လား' ဟု ပြောကာ အာသာက ရယ်သည်။

'စစ်ကြီးအတွင်းမှာ ဒီတွင်းကြောင့် ငွေတွေ ဒလဟော တိုးဝင်လာခဲ့တယ်၊ ရေတွစီးဝင်လာနေသလို ဝင်ခဲ့တာ၊ အဲဒီငွေထဲက တချို့တစ်ဝက်ကို သုံးရမှာပေါ့၊ လိုအပ်လာရင် အကုန်သုံးရမှာပေါ့၊ ကျွန်တော်က နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း အသစ်ဖြစ်စေချင်တာ၊ တွင်းရဲ့ အလုပ်ခွင်လုံခြုံရေး တစ်ခုတည်းသာ လုပ်ချင်တာ မဟုတ်ဘူး၊ အလုပ်သမားတွေ ကောင်းရာကောင်းကျိုးတွေကိုပါ လုပ်ချင်တာ၊ ဥပမာဆိုပါတော့ ရေချိုးခန်းတွေ၊ အဝတ်လဲခန်းတွေ၊ ပစ္စည်းသိမ်းတဲ့အခန်းတွေ ....၊ အဲဒါမျိုးတွေကိုပါ လုပ်ပေးချင်တာ'

'ငါ သဘောပေါက်ပါတယ် အာသာ'

အာသာက ထိုင်ရာမှ ထသည်။

'ကဲ ....လာ ကျွန်တော်တို့ သွားကြစို့'

သူတို့သည် တွင်းထဲသို့ဆင်းကာ နေရာအနှံ့ စစ်ဆေးကြသည်။ အမ်းစထရောင်းနှင့် ဟတ်ဒ်စပက်တို့ကိုခေါ်ကာ တွင်းပေါ် တွင်းအောက် အသေးစိတ် စစ်ဆေးကြခြင်း ဖြစ်၏။ သူတို့သည် စစ်ဆေးကြ၊ မေးမြန်းကြ၊ ဆွေးနွေးကြ

သည်။ ရုံးခန်းထဲသို့ ပြန်ရောက်သည့်အခါ တစ်နာရီ ထိုးနေလေပြီ။ တော့ဒ်သည် အတော်ကြီး မောပန်းသွားပုံရ၏။ သူသည် စာအုပ်တစ်အုပ်ပေါ်တွင် ကုန်ကျမည့် စရိတ်ကို ခန့်မှန်း တွက်ချက်နေသည်။

'ဒီလုပ်ငန်း တစ်ခုလုံးအတွက် ငွေဘယ်လောက် ကုန်ကျမယ်လို့ မင်း ထင်သလဲ'

'ကျွန်တော် ဘယ်သိမလဲ'

'အနည်းဆုံး ပေါင်တစ်သိန်းလောက် ကုန်လိမ့်မယ်'

'အဲဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့တွင်း ဘယ်လောက်ကြီး ပျက်စီးနေတယ်ဆိုတာ သိသာတယ်၊ ရတယ်လေ၊ တကယ်လို့ ကုန်ကျစရိတ်က အဲဒီ နှစ်ဆ ဖြစ်မယ်ဆိုလည်း လုပ်ပါ၊ ကျွန်တော့်မှာ လုပ်ရမယ့်တာဝန် ရှိနေတာပဲ'

'အေးလေ ....ဒါပေါ့၊ လုပ်သင့် လုပ်ထိုက်တာတော့ လုပ်ရမှာပေါ့' ဟု တော့ဒ်က ပြောသည်။

'မင်းသိထားရမှာ တစ်ခုတော့ရှိတယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်တဲ့အခါ အခက်အခဲတစ်ခုတော့ရှိမယ်၊ စက်ရုံအလုပ်ရုံတွေအားလုံးဟာ စစ်ကြီးအတွင်းမှာ ကုန်ထုတ်လုပ်မှု မလုပ်နိုင်ခဲ့ကြဘူး၊ လိမ္မာပါးနပ်တဲ့ လုပ်ငန်းရှင်တွေကတော့ သူတို့စက်ရုံတွေကို လက်နက်စက်ရုံ အဖြစ်ကနေ မူလစက်ရုံတွေအဖြစ် အသွင် ပြောင်းထားကြပြီ'

သူသည် တစ်ခဏမျှ စဉ်းစားနေသည်။

'ငါ ကြားရသလောက်တော့ ပလတ်လိန်းလမ်းက စက်ရုံဆိုရင် အရင်က ပုံစံ ပြန်စနေပြီတဲ့'

'စတန်လေမီလင်တန်ရဲ့ စက်ရုံလား'

'ဟုတ်တယ်၊ မင်းစတန်လေက သူ့စက်ရုံကို မော်ဆန်နဲ့ ဂိုလန်တို့ကို ရောင်းပစ်ခဲ့တာကော သိတယ်မဟုတ်လား'

အာသာက ခေါင်းညိတ်သည်။ ပြီးတော့ တော့ဒ်၏လက်မောင်းကို လှမ်း ကိုင်သည်။

'ခင်ဗျား ပင်ပန်းသွားပြီ၊ နေ့လယ်စာတော့ စားသွားပါဦး၊ လောဂေဟာက မျှော်နေကြမယ်၊ အခုတော့ လောဂေဟာဟာ ဟစ်လ်ဒါရဲ့အိမ် ဖြစ်နေပြီ၊ ဂရေ့စ်နဲ့ ဒန်းတို့လည်း တစ်ရက်နှစ်ရက် နေကြလိမ့်ဦးမယ်၊ ကျွန်တော်နဲ့ အခုပဲလိုက်ခဲ့ပါ'

သူတို့သည် ပူနွေးသော နေရောင်အောက်တွင် စိတ်လက်ချမ်းသာစွာဖြင့် လောဂေဟာသို့ ပြန်လာခဲ့ကြသည်။ ကားပေါ်၌ပါလာသော တော့ဒ်သည် အာသာ ၏လုပ်ရပ်အပေါ် စိတ်ထဲကကျိတ်၍ ချီးကျူးနေမိသည်။ သူ့အဖေ ဘယ်တော့မှ



မလုပ်မည့် အလုပ်ကို အာသာက လုပ်လိုက်ခြင်းဖြစ်၏။ အလွန်သင့်တော် ကောင်းမွန်သော လုပ်ရပ်တစ်ခု ဖြစ်သည်ကို သူ အသိအမှတ်မပြုဘဲ မနေနိုင်။

'အခုအချိန်မှာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို မင်းအဖေ မမြင်ရတာ စိတ်ထဲမှာ တစ်မျိုးခံစားရတယ်' ဟု တော့ဒ်က ပြောသည်။

'အဖေ ဒီနေရာကို ပြန်လာနိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး၊ သူ့အသက်နဲ့ ကိုယ်ကတော့ နှစ်အတော်ကြာတဲ့အထိ မြဲနေလိမ့်ဦးမယ်လို့ ဒေါက်တာလူးဝစ္စ ကတော့ ပြောတယ်၊ ဒါပေမဲ့ သူ့ညာဘက်တစ်ခြမ်းလုံးဟာ လေဖြတ်ခံထား ရတော့ ထနိုင်ဖို့ မလွယ်တော့ဘူး၊ စကားလည်း မပြောနိုင်တော့ဘူး၊ ပြင်းပြင်း ထန်ထန် ချွတ်ယွင်းသွားတာကတော့ ဦးနှောက်ကြောတွေပဲ၊ အမှန်အတိုင်း ပြော ရရင် သူ့ခေါင်းက ပြန်ကောင်းလာဖို့ မလွယ်တော့ဘူး မစ္စတာတော့ဒ်'

အာသာသည် စကားကိုဖြတ်ကာ ငြိမ်နေသည်။ အတန်ကြာမှ ....

'ကျွန်တော့်ရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်က ကျွန်တော် နက်ပ်ကျွန်း တွင်းမှာ လုပ်ထားသမျှကို အဖေ မြင်သွားစေချင်တာပဲ' ဟု ထပ်ပြောသည်။

'မပူပါနဲ့ကွယ်၊ ဒါတွေကို သူ တွေ့သွားရမှာပါ'

သူတို့ အိမ်ထဲရောက်သွားသည့်အခါ တစ်နာရီခွဲပြီ။ နေ့လယ်စာစားချိန် ဖြစ်၏။ သူတို့သည် စားသောက်ခန်းထဲသို့ တန်းဝင်သွားကြသည်။ အာသာက စားပွဲထိပ်၌ထိုင်၍ အန်တီကေရီက စားပွဲ၏ တစ်ဖက်ထိပ် မျက်နှာချင်းဆိုင်၌ ထိုင်သည်။ တော့ဒ်နှင့် ဟစ်လ်ဒါတို့က စားပွဲ၏ ညာဘက်တွင်ထိုင်၍ ဂရေ့စ်နှင့် ဒန်းတို့က မျက်နှာချင်းဆိုင် တစ်ဘက်၌ ထိုင်သည်။

အားလုံး ကြည်နူးရွှင်လန်းနေကြသည်။ တော့ဒ်ကတော့ သူ့တစ်သက် တာတွင် လောဂေဟာ၌ အခုလို တပျော်တပါး နေထိုင်ကြသည်ကို ပထမဆုံး အကြိမ် တွေ့ဖူးခြင်းပေတည်း။ သူသည် သူ့ဘေးမှ ဟစ်လ်ဒါအား လှည့်ကြည့် သည်။

'အခုတော့ မင်းက မင်းအဖေကို ပြုစုနေရပြီပေါ့ ဟုတ်လား၊ မင်းရဲ့ သူနာပြု ဆရာမ အတွေ့အကြုံဟာ အခုမှပိုပြီး အသုံးဝင်တာပေါ့'

ဟစ်လ်ဒါက ခေါင်းခါသည်။

'အန်တီကေရီက သူနာပြုဆရာမ ဖြစ်နေတယ်' ဟု ပြန်ပြောသည်။

အာသာက ပြုံးသည်။

'ခင်ဗျားက ဟစ်လ်ဒါရဲ့ ရည်မှန်းချက်ကို မသိသေးဘဲကိုး၊ သူက ဆေး ပညာသင်ဖို့ ဦးတည်နေတာ၊ နောက်လဆိုရင် လန်ဒန်ကိုသွားပြီး ကျောင်းတက် တော့မှာ'

'ဆေးပညာသင်မယ်' ဟု တော့ဒ်က ရေရွတ်သည်။ သူသည် များစွာ အံ့အားသင့်နေပုံရ၏။

'ဟုတ်တယ်၊ ဟစ်လ်ဒါကတော့ သိပ်ကိုကျေနပ်တာပဲ၊ သူလုပ်ချင်တာ လုပ်ခွင့်ရသွားတော့ ကျေနပ်ရမှာပေါ့' ဟု အာသာက ဝင်ပြောသည်။

အားလုံးထဲတွင် နေရထိုင်ရခက်နေသူမှာ ဒန်း ....။ သူသည် လောဂေဟာသို့ လိုက်ချင်သူ မဟုတ်။ သူ့ဇနီးဂရေ့စ် ကျေနပ်စေရန် ကြိုးစား၍လိုက်လာခြင်း ဖြစ်၏။ သူသည် အများနှင့်ရော၍ ထိုင်နေရသော်လည်း ဟစ်လ်ဒါက သူ့အား သရော်လိုက်မည်ကို ကြောက်လျက်ရှိသည်။ သူသည် တစ်ချိန်လုံး ဂရေ့စ်နှင့် အပေါ်ထပ်ရှိ သူ့ကလေးအကြောင်းကိုသာ စဉ်းစားလျက်ရှိသည်။ သူသည် ခေါင်းငုံ့ထားရာမှ မော့ကြည့်လိုက်သည်။ သူ့အား ကြည့်နေသည့် တော့ဒ်၏ မျက်လုံးများနှင့် ရင်ဆိုင်မိသည်။

'အခု စစ်ကြီးပြီးသွားပြီဆိုတော့ မင်းလည်း နက်ပ်ကျွန်းမှာ အလုပ်ပြန်ဝင်တော့မယ် မဟုတ်လား' ဟု တော့ဒ်က မေးသည်။

ဒန်းသည် ပါးစပ်ထဲရောက်နေသည့် အာလူးကို မဝါးဘဲ မျိုချလိုက်မိသည်။

'မဟုတ်ဘူးခင်ဗျ၊ ကျွန်တော် ယာလုပ်ငန်း လုပ်မယ်လို့ စိတ်ကူးထားတယ်' ဟု ဖြေသည်။

ဂရေ့စ်က စားပွဲအောက်မှနေ၍ သူ့လက်တစ်ဖက်ဖြင့် ဒန်း၏လက်ကို ဆွဲညှစ်ထားသည်။

'ကျွန်မကတော့ ဒန်းကို ကျောက်မီးသွေးတွင်းမှာ ပြန်ပြီး အလုပ်မလုပ်နိုင်းတော့ဘူး မစ္စတာတော့ဒ်၊ ကျွန်မတို့ ဆက်ဆက်စ်သွားဖို့ စိတ်ကူးထားတယ်၊ ကျွန်မတို့ ဝင်းရပ်ရှ်မှာ မြေကလေးတစ်ကွက် ဝယ်ထားပြီးပြီ၊ ဒန်းရတဲ့ ဆုကြေးငွေလေးနဲ့ ဝယ်လိုက်တာ' ဟု ဂရေ့စ်က ပြောသည်။

'သူတို့စုံတွဲက ခေါင်းသိပ်မာတယ်' ဟု အာသာက ရှင်းပြသည်။

'ကျွန်တော်က ဒန်းကို ကျောက်မီးသွေးတွင်းလုပ်ငန်းမှာ အတူတွဲလုပ်ဖို့ ပြောတယ်၊ နှစ်ယောက်စလုံးက ငြင်းတယ်၊ ငွေပေးတော့လည်း တစ်ပဲနီတောင် မယူဘူး၊ သူက ဟိုမှာ ကြက် ငှက်မွေးဖို့လောက်ပဲ စိတ်ကူးရှိနေတာ'

'ကျွန်မတို့ဆီ အလည်လာခဲ့ပါ မစ္စတာတော့ဒ်' ဟု ဂရေ့စ်က ဖိတ်ခေါ်သည်။

တော့ဒ်က ဂရေ့စ်အား ပြုံးကြည့်နေသည်။ သူ့အဖို့ ဂရေ့စ်၏စိတ်ဓာတ်နှင့် လုပ်ရပ်တို့သည် သဘောကျစရာ ဖြစ်နေသည်။ သူတို့လုပ်ကိုင်ပုံသည် သနားစရာလည်း ကောင်းနေသည်။



အန်တီကေရီသည် စားပွဲမှထသည်။ သူ့တွင် ကြည့်ရှုပြုစုရမည့် လူနာတစ်ဦး ရှိနေသေးသည်။ ဟိုတုန်းကတော့ ဟာရီးယက်၊ အခုတော့ ရစ်ချတ်ဘားရပ်စ် ...။ အိမ်မှုကိစ္စ တာဝန်များကို အန်တီကေရီ လက်မလွှတ်ရသေး။ သူ့ခါးတွင် ခါးစည်းအဝတ်ကို အမြဲတစေ စည်းထားရဆဲ ....။

အာသာသည် တော့ဒ်လက်မောင်းကိုဆွဲကာ ကားဆီသို့ ခေါ်လာခဲ့သည်။ တော့ဒ်အား ဘူတာသို့ လိုက်ပို့ရဦးမည် မဟုတ်ပါလား။ တော့ဒ်သည် ရစ်ချတ်ဘားရပ်စ်အား သွားမကြည့်တော့ဟု ဆုံးဖြတ်ထားသည်။ အကယ်၍ ဘားရပ်စ်ကို မြင်ရပါက နှစ်ဦးစလုံး စိတ်ထိခိုက်ကြရမည်ဟု သူ ထင်သည်။ သူတို့သည် ကားဘေး၌ ခဏမျှ ရပ်နေကြသည်။

'ဝယ်ရမယ့် ပစ္စည်းတွေနဲ့ ပတ်သက်လို့ ငါ အကြောင်းကြားမယ်' ဟု တော့ဒ်က ပြောသည်။

'အခု မင်းလုပ်မယ့် အလုပ်ကတော့ တကယ့်ကိုကောင်းတဲ့အလုပ်ပဲ အာသာ၊ မင်း ဒီလုပ်ငန်းကိုသာ လုပ်လိုက်ရင် စံပြကျောက်မီးသွေးတွင်းတစ်တွင်းကို ပိုင်ဆိုင်တဲ့လူ ဖြစ်လာမှာပဲ'

'စံပြကျောက်မီးသွေးတွင်းတစ်တွင်း' ဟူသော စကားသည် အာသာအဖို့ နားဝင်ချိုလှသည့်စကား ဖြစ်ချေသည်။

'ကျွန်တော် အမြဲ အိပ်မက်မက်ခဲ့တဲ့ဟာပါ'

နှစ်ဦးသား လက်ဆွဲနှုတ်ဆက်ကြသည်။ တော့ဒ်သည် ကားနှင့်ပါသွားသည်။ အာသာသည် အိမ်ထဲသို့ပြန်ဝင်ပြီး အပေါ်ထပ်သို့ တက်ခဲ့သည်။ သူသည် သူ နေ့စဉ်ပြုနေကျအတိုင်း သူ့အဖေအခန်းထဲသို့ ဝင်သွားသည်။ ခုတင်ဘေး၌ ဝင်ထိုင်သည်။ သူ့အဖေသည် မျက်လုံးများ၌သာ အသက်ရှိတော့သည့် လူတစ်ယောက်ဘဝသို့ ရောက်နေပြီ။ သူ့အဖေအပေါ်၌ ထားခဲ့မိသော နာကြည်းစိတ်များသည် အာသာ့ထံတွင် မရှိတော့ပြီ။

သူသည် သူ လုပ်နေကျ ဝတ္တရားအတိုင်း ကျောက်မီးသွေးတွင်း၏ လတ်တလော အခြေအနေများကို အေးအေးသာသာ ပြောပြသည်။ ဘားရပ်စ်၏ မျက်နှာအားသည် မိမိ ပြောနေသမျှကို နားလည်ကြောင်း ဖော်ပြနေသည်။ သူ့အဖေသည် စကားပြောရန် အားထုတ်လျက်ရှိ၏။ သို့သော်လည်း ဘာသံမှ ထွက်မလာ၊ အာသာသည် သူ့ခေါင်းကိုငုံ့ကာ သူ့နားတစ်ဖက်ကို သူ့အဖေပါးစပ်နှင့် ကပ်ထားသည်။ သို့သော်လည်း ဘာစကားမှ ထွက်မလာ။ ဘာသံကိုမှ မကြားရ။

* * * * *

## (၄၆)

ဒီဇင်ဘာ (၁၇) ရက်၊ စနေနေ့ညနေ ခြောက်နာရီအချိန်တွင် ဒေးဗစ်သည် တိုင်နီကာပ်ဆဲလ်သို့ မီးရထားဖြင့် ပြန်ရောက်လာသည်။ သူသည် ဘူတာတွင်းသို့ ရထားဝင်သည်နှင့် တစ်ပြိုင်နက် ရထားပေါ်မှ ခုန်ဆင်းကာ ဘူတာထဲမှ ထွက်လာခဲ့သည်။ သူသည် ဂျင်နီနှင့် ရောဘတ်တို့ သားအမိနှင့် အမြန်ဆုံး တွေ့လိုစိတ်ဖြင့် အပြေးအလွှား လျှောက်လာခဲ့သည်။ သူ ပထမဆုံး မြင်ရသူမှာ ဆယ်လီဆန်းဒေး။ သူသည် အဝေးမှလှမ်း၍ လက်ဝှေ့ယမ်းပြသည်။ ဆယ်လီကလည်း ပြန်၍လက်ပြသည်။ အနီးသို့ ရောက်သွားသည့်အခါ ဒေးဗစ်က ဝမ်းသာအားရ နှုတ်ဆက်သည်။

'တခြားလူတွေကော ပါမလာကြဘူးလား'

ဆယ်လီသည် ဒေးဗစ်၏အမေးကို မဖြေ။

'မင်း အခုလို ပြန်ရောက်လာလို့ ဝမ်းသာတယ်၊ မင်းနဲ့ငါ စကားနည်းနည်းလောက် ပြောချင်တယ်၊ မင်း ရထားက အတော်နောက်ကျတယ်နော်' ဟု ပြန်ပြောသည်။ သူသည် ဒေးဗစ်အား အပြုံးဖြင့် ဆီးကြိုသော်လည်း မျက်နှာထား တစ်မျိုး ဖြစ်နေသည်ကို ဒေးဗစ် သတိထားမိသည်။

'လာကွယ်၊ မင်းလည်း ဝမ်းဟာလာမှာပေါ့၊ တို့ ဘူတာ စားသောက်ခန်းထဲသွားပြီး ကော်ဖီသောက်ရင်း စကားပြောကြရအောင်'

ဒေးဗစ်သည် ဆယ်လီ့နောက်သို့ လိုက်လာခဲ့သည်။ ဆယ်လီသည် ကော်ဖီနှစ်ခွက်ယူလာပြီး စားပွဲတစ်လုံးတွင် ဝင်ထိုင်သည်။ ဒေးဗစ်က စိတ်ရှုပ်ထွေးသော မျက်နှာထားဖြင့် ဆယ်လီအား ကြည့်နေသည်။

'မင်းကို စကားပြောချင်တာလေးတစ်ခုရှိတယ်' ဟု ဆယ်လီက ထပ်ပြောပြန်သည်။

'အိမ်ရောက်မှပြောလို့ မရဘူးလား၊ ကျွန်တော် ဂျင်နီတို့သားအမိနဲ့ သိပ်တွေ့ချင်နေပြီ'

'မဟုတ်ဘူး ဒေးဗစ်ရဲ့၊ အိမ်မရောက်ခင်ပြောတာ ပိုပြီးအဆင်ပြေမယ်ထင်လို့'

'အမှန်တော့ကွယ် ဒီကိစ္စဟာ ဂျင်နီရဲ့အပြစ် မဟုတ်ပါဘူး'

'ဘာ'

'မင်လည်း သိနေသားပဲ၊ ကလေးက သိပ်ပြီးကျန်းမာတာ မဟုတ်ဘူး၊ အဲဒီတော့ ဒီကိစ္စမှာ ဂျင်နီအပေါ် နားလည်စေချင်တယ်၊ သူ ဂရုမစိုက်လို့ ဖြစ်ရတာ မဟုတ်ပါဘူးကွယ်'



ဆယ်လီက အကြောင်းစုံကို ရှင်းပြသည်။ ဒေးဗစ်၏သားငယ် ရောဘတ်မှာ တိုက်ဖွိုက်ဖြစ်ခဲ့ရာ နှစ်ရက်မျှ အပြင်းဖျားပြီး ကွယ်လွန်သွားရကြောင်း ပြောပြသည်။ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဒေးဗစ်သည် ငြိမ်ဆိတ်သွားသည်။ သူ့သားကို အလွန် တွေ့ချင်နေသော်လည်း တွေ့ရတော့မည် မဟုတ်။ သူသည် သူ့စိတ်ကို ကြိုးစား၍ထိန်းသည်။ ကိုယ့်စိတ်ကိုယ် မရအရထိန်းသည့် အလေ့အထကို စစ်မြေပြင်၌ ရရှိထားခဲ့သည် မဟုတ်ပါလား။

'ဒီကိစ္စမှာ မင်းဘက်က နားလည်မှုရှိစေချင်တယ်၊ ကလေးက သိပ်ပြီး ကျန်းမာရေးမကောင်းဘူးကွယ့်၊ အဲဒါကြောင့် ဖြစ်ရတာ၊ ဂျင်နီအပြစ်လို့ပြောရင် မဖြစ်ဘူး'

'ကျွန်တော် ဘာမှမပြောပါဘူး' ဟု ပြောကာ ဒေးဗစ်က ထိုင်ရာမှထသည်။ သူ့အိတ်ကို ပခုံးတွင်ချိတ်ကာ ထိုင်ရာမှထရပ်သည်။ နှစ်ယောက်သား ဘူတာထဲမှ ထွက်ခဲ့ကြပြီး စကော့ဝုဒ်လမ်းအတိုင်း လျှောက်လာကြသည်။ အမှတ် (၁၁၇) အိမ်ရှေ့ရောက်သည့်အခါ ဆယ်လီက ရပ်လိုက်သည်။

'အခု လောလောဆယ် ငါ အိမ်ထဲမဝင်သေးဘူး ဒေးဗစ်၊ လုပ်စရာလေးတွေရှိလို့ အပြင်သွားဦးမယ်' ဟု ပြောကာ ထွက်သွားသည်။

ဒေးဗစ်သည် အိမ်ရှေ့မှရပ်ကာ ဆယ်လီအား လှမ်းကြည့်နေသည်။ မိမိအနေဖြင့် ဝပ်လေးသို့သွား၍ ဂျင်နီ အလုပ်လုပ်သည်ကို သဘောမတူခဲ့။ သို့ပါလျက်နှင့် ဂျင်နီသည် ကလေးအတွက် အသင့်တော်ဆုံး ရာသီဥတုရှိသည့် စလီစကေးမှ ထွက်ခွာပြီး ဝပ်လေး၌ နေထိုင်ခဲ့၏။ ထို့ကြောင့် သားငယ်ရောဘတ် သေဆုံးရသည်ဟု မိမိက ယူဆပါက ဂျင်နီတွင် အပြစ်ကင်းတော့မည်မဟုတ်။ ဤအဖြစ်ကို ဆယ်လီသည် စိုးရိမ်ဟန်တူ၏။ ဒီလိုဆိုပြန်တော့လည်း ဆယ်လီသည် စိတ်နေစိတ်ထားကောင်းသူဟု သတ်မှတ်ရပေတော့မည်။

သူသည် အတွေးကိုဖြတ်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ဧည့်ခန်းထဲ၌ ထိုင်နေသူမှာ ဂျင်နီ ....။ ဂျင်နီသည် သူ့အား ပွေ့ဖက်ပြီးကြိုသည်။ ပြီးတော့ ဒေးဗစ်၏ရင်ခွင်တွင် မျက်နှာအပ်ကာ ဝမ်းနည်းပက်လက်ငိုသည်။

'ဒေးဗစ်ရယ် ....ဂျင်နီကို ခွင့်လွှတ်ပါ'

'ဆရာဝန်ခေါ်ဖို့ ဂျင်နီ သတိမရဘူး၊ သနားပါတယ်၊ သူ သေသွားတော့ ဂျင်နီ ဖြေလို့မရဘူး'

ဒေးဗစ်ကတော့ ပြောသမျှကို နားထောင်နေသည်။ ကလေး ဘယ်လိုသေရသည်ကို ဂျင်နီက ရှင်းပြနေသည့်အခါ သူ့မျက်နှာသည် တည်ငြိမ်လျက်ရှိ၏။

'ဒေးဗစ်ရယ် ရှင်သာ ပြန်မရောက်လာရင် ဂျင်နီတော့ သေမှာပဲ'

'သားလေးဆုံးရတာဟာ ဂျင်နီအပြစ် မဟုတ်ပါဘူး မောင်ရယ်၊ သူ ဆုံးတော့လေ ဂျင်နံ သိပ်ကိုခံစားရပါတယ်၊ မအိပ်နိုင် မစားနိုင် ဖြစ်ခဲ့ရတယ်'

ဒေးဗစ်က ဆိုဖာပေါ် ထိုင်သည်။ ဂျင်နီကတော့ ဒေးဗစ်ထံမှ ပြောလာမည့်စကားကို စောင့်မျှော်နေသည်။ ဆိုဖာပေါ်မှ စားလက်စ ချောကလက်ဘူးကြီးနှင့် အပေါ်စား မဂ္ဂဇင်းတစ်စောင်ကို ငေးကြည့်နေသည်။ ဒေးဗစ်သည် ဂျင်နီအားဘာမှ ပြန်မပြော၊ ဂျင်နီက ဒေးဗစ်အား မော့ကြည့်သည်။

'ဂျင်နီဆီ ပြန်လာရတာ သိပ်ကိုဝမ်းသာတာပဲဆိုတဲ့ စကားလေးတောင် မပြောတော့ဘူးလားကွယ်'

'ဟုတ်ပါတယ်၊ စစ်ကြီးပြီးသွားလို့ ပြန်လာရတာ ဝမ်းသာစရာပေါ့' ဟု ဒေးဗစ်က ပြောသည်။

'ဒါပေမဲ့ မောင်တို့အနေနဲ့ အမြန်ဆုံး ဘဝသစ်တစ်ခုကို အစပြုကြရတော့မှာ'

'ဟုတ်ပါတယ် ဒေးဗစ်ရယ်' ဟု ဂျင်နီက ပြန်ပြောသည်။

'ဂျင်နီလည်း ဘဝသစ်ကို ပြန်စချင်နေတာပါပဲ၊ ဂျင်နီလေ မောင့်လိုယောကျ်ားကောင်းတစ်ယောက် ရခဲ့တဲ့အတွက် သိပ်ကို ဝမ်းသာတာပဲ၊ မောင်ဘီအေဘွဲ့ယူပြီး ကျောင်းအုပ်ကြီးတစ်ယောက်ဖြစ်လာဖို့ မဝေးတော့ဘူးနော်'

'အဲဒါတော့ မဖြစ်နိုင်တော့ဘူး ဂျင်နီ၊ မောင် စာသင်တဲ့အလုပ်ကို မလုပ်တော့ဘူး၊ အဲဒီအလုပ်ကို စွန့်သင့်နေတာ ကြာခဲ့ပြီလို့ပဲ ထင်တယ်'

'ဒါဆိုရင် ဘာလုပ်မယ်လို့ စိတ်ကူးထားသလဲ' ဟု ဂျင်နီက ငိုသံပါဖြင့် မေးသည်။

'ဟာရီနူဂျင့်က မောင့်ကို တိုင်နီကပ်ဆဲလ်က ဟက်ဒွန်းဆီ စာတစ်စောင်ရေးပေးထားတယ်၊ အဖွဲ့ချုပ်ရုံးမှာ အလုပ်တစ်ခုရမှာကတော့ သေချာတယ်၊ လစာကတော့ အစပိုင်းမှာ များများရမှာတော့ မဟုတ်ဘူး၊ စာရေးအလုပ်နဲ့ စရမှာ၊ နောက်ပိုင်းကျရင်တော့ အတိုးအတက်ရှိလာမှာ သေချာတယ်'

'ဒါပေမဲ့ ဒေးဗစ်ရယ် ....'

'ဟုတ်ပါတယ် ....ဂျင်နီပြောမယ့်စကား မောင် သိပါတယ်၊ ငွေကြေးနဲ့တွက်ရင် အရနည်းမှာပဲ၊ တစ်ပတ်မှာ နှစ်ပေါင်တော့ရမယ်၊ ဒါတောင် ကံကောင်းပါမှရမှာ၊ ဒါပေမဲ့ အဲဒီ နှစ်ပေါင်ဟာ မောင်တို့နှစ်ယောက်အတွက် ကောင်းကောင်းလောက်ပါတယ်၊ အဲဒီတော့ မင်း မနက်ဖြန်ကျရင် စလီစကေးကိုသွား၊ အိမ်ကိုနေသားတကျဖြစ်အောင် ပြန်လုပ်လိုက်တော့၊ မောင်က ဟက်ဒွန်းဆီသွားပြီး အလုပ်ကိစ္စ ဆွေးနွေးမယ်'



'ဒါပေမဲ့ ဒေးဗစ်ရယ် ....' ဟု ဂျင်နီက အလိုမကျသည့်လေသံဖြင့် စကားစပြန်သည်။

'တစ်ပတ်မှ နှစ်ပေါင်ဆိုတော့ ....၊ ဂျင်နီ အခုရနေတာက တစ်ပတ်ကို လေးပေါင်ဆိုတော့ ....'

ဒေးဗစ်က ဂျင်နီ၏မျက်နှာကို စူးစူးရဲရဲကြည့်သည်။

'ငွေကို သိပ်ပြီး အဓိကမထားနဲ့ ဂျင်နီ၊ မောင် အလုပ်သွားလုပ်တာ ငွေတစ်ခုတည်းအတွက် မဟုတ်ဘူး'

'ဒါပေမဲ့ ဒေးဗစ်ရယ်၊ ဂျင်နီက ....'

ပြောပြောဆိုဆို ဂျင်နီသည် သူ လုပ်နေကျအတိုင်း သူ့မျက်နှာကို ဒေးဗစ်ရင်ခွင်၌အပ်ထားသည်။

'ဂျင်နီရတဲ့ လစာက ကောင်းတော့ အလုပ်ကို ဆက်လုပ်ရရင် ကောင်းမလားလို့'

ဒေးဗစ်သည် နှုတ်ခမ်းများကို တင်းကျပ်စွာ စေ့ထားသည်။ သူသည် မျက်မှောင်ကုပ်ထားသည်။

'မောင် တစ်ခုပြောချင်တယ် ဂျင်နီ၊ မောင်တို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိကြဖို့တော့ လိုပြီထင်တယ်'

'မောင်ကလည်းကွယ် ....ဂျင်နီတို့နှစ်ယောက်က အမြဲတမ်း နားလည်မှုရှိခဲ့ကြတဲ့လူတွေပဲဟာ' ဟု အလွန်ချိုသာအေးမြသော လေသံဖြင့် ပြောသည်။ သူ့မျက်နှာကိုလည်း ဒေးဗစ်၏ရင်ခွင်သို့ ပို၍ တိုးကပ်ထားသည်။

'မောင် သိမှာပါကွယ်၊ ဂျင်နီက မောင့်ကို သိပ်ချစ်တယ်၊ သိလား'

'မောင်ကလည်း ချစ်ပါတယ် ဂျင်နီ၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မောင်တို့ စလီစကေးကို ပြန်ရမယ်၊ မနက်ဖြန်ကို ပြန်မှဖြစ်မှာ'

'ဟုတ်ပါတယ် ဒေးဗစ်ရယ်'

ဒေးဗစ်သည် တစ်စုံတစ်ရာကို အလေးအနက်ထား၍ စဉ်းစားလျက်ရှ၏။ သူသည် သူ၏အနာဂတ်ကာလအရေးကို တွေးကာ ဆင်ခြင်နေဟန်ရှိသည်။

'ဒီတစ်ခါတော့ မောင့်အလုပ်ဟာ တကယ့်ကို အကျိုးဖြစ်မယ့်အလုပ်လို့ ယုံကြည်တယ်၊ အလုပ်သမားအဖွဲ့ချုပ်မှာ အလုပ်ဝင်လုပ်မယ်၊ မြို့တော်ကောင်စီမှာ ရွေးကောက်ပွဲဝင်မယ်၊ ဟာရီနူဂျင့်က မောင့်မိတ်ဆွေဆိုတော့ အဆင်ပြေဖို့ အလားအလာတွေ အများကြီးရှိတယ် ဂျင်နီ'

'ဟုတ်တာပေါ့ ဒေးဗစ်ရယ်၊ အဲဒီလိုဆိုရင်တော့ သိပ်ကိုကောင်းမှာပဲ' ဟု ဂျင်နီက ဝမ်းသာအားရ ပြောသည်။ ချက်ချင်းပင် သူသည် မြို့တော်ကောင်စီဝင်

တစ်ယောက်၏ဇနီး ဖြစ်သွားသည်။ သူ့စိတ်အာရုံတွင် ထည်ထည်ဝါဝါ ဝတ်စားဆင်ယင်ထားသော သူ့ပုံ၊ သူ့ရုပ်လွှာကို မြင်ယောင်လျက်ရှိလေသည်။

မည်သို့ပင်ဖြစ်စေ ဤတစ်ကြိမ်တွင် ဂျင်နီသည် ဒေးဗစ်၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲသွားအောင် လုပ်၍မရချေ။ နောက်တစ်ရက်တွင် ဒေးဗစ် စီမံထားသည့်အတိုင်း စလီစကေးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဒေးဗစ်ကလည်း သူ ပြောထားသည့်အတိုင်း အလုပ်သမားအဖွဲ့ချုပ်ရုံးသို့သွား၍ ဟက်ဒွန်းနှင့် တွေ့သည်။

'မင်းက စစ်ထဲမှာ ဟာရီနဲ့ တွဲခဲ့ရတာကိုးကွ' ဟု ဟက်ဒွန်းက တရင်းတနှီးပြောသည်။ ထို့နောက် အဖွဲ့ချုပ်တွင် စာရေးတစ်ယောက်နေရာ လစ်လပ်နေကြောင်း၊ အကယ်၍ ဒေးဗစ်လုပ်မည်ဆိုပါက လစာကတော့ များများရနိုင်လိမ့်မည် မဟုတ်ကြောင်း၊ တစ်ပတ်လျှင် သုံးဆယ့်ငါးသျှိလင်မျှသာ ရဖို့ရှိကြောင်း ရှင်းပြသည်။

'သူ့အကြောင်းကိုလည်း သိဖို့လိုသည်' ဟု ဟက်ဒွန်းက ဆိုသည်။ သူသည် သူ့စားပွဲအံဆွဲထဲမှ သတင်းစာတစ်စောင်ကို ထုတ်ပြသည်။ ထိုသတင်းစာထဲမှ မင်ပြာဖြင့် ဝိုင်းထားသော ဆောင်းပါးတစ်ပုဒ်ကို ပြသည်။

'အဲဒါ ငါရေးခဲ့တာပဲ၊ အဲဒီဆောင်းပါးကို ဖတ်ကြည့်၊ ငါ့မူ၊ ငါ့ဝါဒကို မင်း သိလာလိမ့်မယ်'

ဒေးဗစ်သည် ဆောင်းပါးကို ဂရုတစိုက် ဖတ်ကြည့်သည်။ ဆောင်းပါးကို ဖတ်ရုံမျှဖြင့် ဟက်ဒွန်း၏ ရိုးသားဖြောင့်မတ်မှုနှင့် အရင်းရှင်မုန်းတီးမှုတို့ကို မြင်နိုင်သည်။

'အတော်ကလေးကောင်းတဲ့ ဆောင်းပါးပါပဲ'

ဟက်ဒွန်းက ပြုံးသည်။ သူသည် သတင်းစာကို ပြန်ယူပြီး အံဆွဲထဲ ပြန်ထည့်သည်။

'အလုပ်ရှင်တွေနဲ့ ပတ်သက်လို့ ငါ့သဘောထားကို ဒီဆောင်းပါးထဲမှာ မင်း တွေ့လိမ့်မယ်လို့ ငါ ထင်တယ်၊ ငါကတော့ အလုပ်ရှင်တွေ အားလုံးကို မုန်းတယ်၊ ဒီကောင်တွေ ငါတို့လိုချင်တဲ့ပုံအတိုင်း လုပ်လာရမှာပဲလို့ ငါကတော့ တွက်ထားတယ်'

'အခုဆိုရင် ကြည့်၊ ရစ်ချတ်ဘားရပ်စ်ဟာ ကြွသွားပြီ၊ သူ့သားက သူ့အလုပ်ကို ဆက်ခံတယ်၊ သူ့သားက ကျောက်မီးသွေးတွင်းကို အလုပ်သမားတွေအတွက် လုံခြုံမှုအဓိကထားပြီး လုပ်ကိုင်ပေးနေတယ်၊ သူ့အဖေ မလုပ်ပေးခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုကို ငွေတွေ အကုန်အကျခံပြီး လုပ်နေတယ်၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ အလုပ်သမားတွေရဲ့ တိုးတက်မှုကို ရှေးရှုတဲ့ ပြောင်းလဲ



မှုတွေ ရှိလာပြီလို့ ငါတို့ကို ယုံကြည်လာအောင် လုပ်နေတာပဲ၊ တို့ကတော့ စောင့်ကြည့်ရဦးမှာပဲပေါ့ကွာ'

ဟက်ဒွန်းသည် စကားကိုဖြတ်ကာ မီးငြိမ်းသွားသော ဆေးတံကို မီးပြန်ညှိသည်။

'တနင်္လာနေ့ကစပြီး အလုပ်ဆင်းပေါ့'

ဒေးဗစ်နှင့် ဟက်ဒွန်းတို့၏ တွေ့ဆုံဆွေးနွေးမှုသည် ခင်မင်ရင်းနှီးသော မိတ်ဆွေများအဖြစ်ဖြင့် အဆုံးသတ်သွားခဲ့လေသည်။

ဒေးဗစ် အိမ်ပြန်ရောက်သည့်အခါ အိမ်ကို ပြန်လည်ပြုပြင် မွမ်းမံသော အလုပ်ဖြင့် မအားမလပ်ဖြစ်နေသော ဂျင်နီကို မြင်ရသည်။ ဒေးဗစ်သည် အဝတ်အစား ကပျာကယာလဲကာ အိမ်မွမ်းမံမှုအလုပ်တွင် ဝင်ကူသည်။ ဧည့်ခန်းထဲမှ ပရိဘောဂ ပစ္စည်းများကို ရွှေ့ပြောင်းနေရာချထားပေးသည်။ ကြမ်းများကို တိုက်ပေးသည်။ ခြံဝင်းထဲမှ ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းပေးသည်။ သုံးနာရီ ထိုးသည့်အခါ အလုပ်ကို ရပ်လိုက်သည်။ ရေချိုး အဝတ်အစားလဲကာ အပြင်သို့ ထွက်ခဲ့ပြန်၏။

စစ်ကြီးအတွင်းက ဖြစ်ပေါ်တည်ရှိခဲ့သော အနိဋ္ဌာရုံများကို ကျော်ခိုင်းကာ ကိုယ့်မြို့ကိုယ့်ရွာတွင် ပြန်လည်အခြေချနိုင်သည့် ဒေးဗစ်သည် ဝမ်းသာကြည်နူးမှုကို ရရှိခံစားနေရသည်။ တစ်ချိန်က လုပ်ဖော်ကိုင်ဖက်များနှင့် ပြန်လည်တွေ့ဆုံရမည့်အရေးကိုတွေးကို စိတ်ချမ်းသာလျက်ရှိသည်။ သူသည် လင့်သ်လမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်လာခဲ့ရာ မကြာခင်မှာပင် အလုပ်သမား တန်းလျားများဆီသို့ ဆိုက်ရောက်ခဲ့သည်။ သူ့အားမြင်သည်နှင့် တစ်ပြိုင်နက် မိတ်ဟောင်းဆွေဟောင်းများသည် သူ့ထံသို့ ရောက်လာပြီး ဝိုင်းဝန်းနှုတ်ဆက်ကြလေသည်။

သူသည် သူ့အမေထံသွား၍ တစ်နာရီခန့်နေသည်။ သူ့အမေသည် ဆင်မီ သေဆုံးခဲ့ရခြင်းကို မေ့ပျောက်၍မရသေး။ ဒေးဗစ် အိမ်ထောင်ကျသွားသည့်ကိစ္စအပေါ်တွင်လည်း ကျေနပ်မှုမရှိသေး။ မိခင် မာသာသည် ဆင်မီ လက်ထပ်သွားသည်ကိုလည်း အသိအမှတ်မပြုနိုင်သေး။

ဆင်မီ လက်ထပ်သွားသည်ကို တစ်မြို့လုံးက သိကြ၏။ ဆင်မီနှင့် အင်နီတို့မှ မွေးဖွားလာသောကလေးသည် ယခုအခါ ဆယ့်တစ်လသားပင် ရှိနေပြီ။ ကလေးငယ်အား ဆင်မြူရယ်ဖင်းဝစ်ဟုပင် နာမည်မှည့်ထားပြီးပြီ။ သို့သော်လည်း မာသာကတော့ ဆင်မီအား အိမ်ထောင်ကျသွားသည်ဟု မတွက်။ သူမသည် ထိုကိစ္စကို တံတိုင်းကြီးတစ်ခုနှင့် ကာထားလိုက်သည်။ သူမအဖို့တော့ ဆင်မီအား သူမှတစ်ပါး အခြားဘယ်သူမှ ပိုင်ဆိုင်သည်ဟု မယူဆ။

သူ့အမေထံမှ ပြန်လာသည့်အခါ ညနေငါးနာရီ ထိုးနေပြီ။ သူသည် အင်ကာမင်လမ်းအတိုင်းလျှောက်ကာ ဟာရီအိုဂလီ၏ အိမ်သို့ ဝင်သည်။ ဟာရီ အိုဂလီသည် အိုဂလီ၏ သားများထဲတွင် အကြီးဆုံးဖြစ်၏။ သူ့ညီဘော့အိုဂလီ မှာ ကျောက်မီးသွေးတွင်း ပြိုစဉ်က အသက်ဆုံးရှုံးသွားခဲ့ရသည်။ ယခုအခါတွင် ဟာရီအိုဂလီသည် အသက် လေးဆယ့်ငါးနှစ်ပင် ရှိနေပြီ။ သူသည် ဒေးဗစ်၏ ဖခင် ရောဘတ်ဖင်းဝစ် လုပ်ကိုင်သမျှကို ထောက်ခံအားပေးခဲ့သူ ဖြစ်၏။ သူသည် အလုပ်သမားများကြားတွင် ထင်ရှားနေသူ ဖြစ်သည်။ ယခုအခါတွင် သူသည် စလီစကေးမြို့တော်ကောင်စီ အဖွဲ့ဝင်တစ်ဦး ဖြစ်လျက်ရှိသည်။

ဒေးဗစ်အား တွေ့ရသဖြင့် ဟာရီအိုဂလီသည် များစွာဝမ်းသာသည်။ နောက်ဘက် မီးဖိုခန်းထဲရှိ စားပွဲ၌ထိုင်ကာ နှစ်ဦးသား ရှေးဟောင်းနှောင်းဖြစ် များကို ဖလှယ်ကြသည်။ ထို့နောက် ဒေးဗစ်က ....

'ကျွန်တော့်အတွက် တစ်ခုလောက် လုပ်ပေးစေချင်တယ် ဟာရီ၊ လာမယ့် လမှာလုပ်မယ့် ကောင်စီရွေးပွဲမှာ ကျွန်တော့်နာမည် ပါလာအောင် ကူညီစေချင် တယ်'

'နာမည်ပါသွားဖို့က လွယ်ပါတယ် ဒေးဗစ်ရယ်၊ ဒါပေမဲ့ မင်းနိုင်ဖို့က မလွယ်ဘူး၊ မာရှီဆန်က မင်းနဲ့ ပြိုင်ရွေးမှာ သေချာတယ်၊ သူ့ဘက်က အပေါ်စီး ရနေတယ်'

'အဲဒါ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အဲဒီအချက်ကို အဓိကမထားစေ ချင်ဘူး၊ ကျွန်တော်က ကြိုးစားကြည့်ချင်တာပါ ဟာရီ'

တစ်ခဏမျှ နှုတ်ဆိတ်သွားသော ဟာရီသည် နောက်ဆုံးတွင် သက်ပြင်း ချသည်။

'အေးပေါ့လေ ....၊ မင်း ကြိုးစားကြည့်ချင်တယ်ဆိုရင်လည်း ငါ တတ်နိုင် သမျှ ကူညီပေးရမှာပေါ့'

ဒေးဗစ်သည် သူ ကောင်စီတွင် ပါဝင်အရွေးခံရမည့်ကိစ္စကို ထို့နေ့က ဂျင်နီအား အသိမပေး။ နောက်ဆယ်ရက်ကြာမှ ဖွင့်ပြောခြင်းပေတည်း။ ဂျင်နီ သည် များစွာဝမ်းသာလျက်ရှိသည်။ ဂျင်နီသည် ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲ၌ အားတက်သရော ပါဝင်သည်။ ဒေးဗစ်အတွက် အားတက်သရော လှုပ်ရှားသည်။ ရွေးကောက်ပွဲနေ့တွင် "ဖင်းဝစ်အား မဲပေးကြစို့" ဟူသော ပိုစတာများသည် အိမ် တိုင်းရှိ ပြတင်းပေါက်များတွင် မြင်တွေ့ရသည်။ သူသည် ဒေးဗစ်၏ဓာတ်ပုံ ပါသော ထိုပိုစတာများကိုကြည့်၍ အားမရ။ တစ်နေ့တစ်နေ့ အကြိမ်ပေါင်းများစွာ လမ်းထွက်၍ကြည့်သည်။



ဂျင်နီကတော့ ဒေးဗစ်တစ်ယောက် မြို့တော်ကောင်စီဝင်တစ်ဦး ဖြစ်လာ လျှင် သူ ဂုဏ်တက်မည် ဟူသောအတွေးဖြင့် သာယာကျေနပ်နေခြင်း ဖြစ်၏။ သူ့အား အခြားကောင်စီဝင်များ၏ မိန်းမများက လက်ဖက်ရည်ပွဲနှင့် ညစာစားပွဲ များသို့ ဖိတ်ကြားခံရမည်ကို စိတ်ကူးကာ ရွှင်မြူးလျက်ရှိသည်။ ဒေးဗစ်တစ် ယောက် ဘာ့ကြောင့် အခုလို ဝင်ရောက်အရွေးခံတာပါလိမ့် ဟူသောအချက်ကိုမူ အလေးအနက်ထား၍ စဉ်းစားခြင်းမပြု။

ဤသို့ဖြင့် ရွေးကောက်ပွဲရက်သို့ ရောက်လာသည်။ ဒေးဗစ်သည် သူ့ အလားအလာကိုတွေးကို စိတ်မအေး ဖြစ်နေရသည်။ သူသည် နာမည်ကောင်း ရှိသူ ဖြစ်၏။ သူ့အဖေသည် ကျောက်မီးသွေးတွင်းထဲ၌ အလုပ်လုပ်ရင်း အသက် စွန့်သွားသူ ဖြစ်၏။ သူ့ညီသည် စစ်မြေပြင်တွင် ကျဆုံးသွားခဲ့သူ ဖြစ်၏။ သူ ကိုယ်တိုင်လည်း စစ်ပွဲ၏ ရှေ့တန်းစစ်မြေပြင်တွင် သုံးနှစ်တာမျှ တိုက်ပွဲဝင်ခဲ့ရသူ ဖြစ်၏။ ထိုအရည်အချင်းများကို စလီစကေးတစ်မြို့လုံးက သိနေကြသည်ဖြစ်ရာ ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်မည့် အရည်အသွေးများ ဖြစ်ပေသည်။

သို့တစေလည်း ဒေးဗစ်သည် အတွေ့အကြုံနည်းသူ ဖြစ်သည်။ ဤရွေး ကောက်ပွဲမျိုးတွင် ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူ မဟုတ်။ သူနှင့် ယှဉ်ပြိုင်ရမည့် မာရှီဆန်သည် လူလည်လူပါးတစ်ယောက် ဖြစ်၏။ ရွေးကောက်ပွဲ နီးကပ်လာချိန် မှစ၍ အကြွေးဝယ်ယူခွင့်ကို များများပေးလာသည်။ သူ့ဆိုင်သို့ ဈေးလာဝယ် သည့် ဖောက်သည်များ၏ ခြင်းများထဲသို့ စက္ကူအိတ်ဖြင့် ထည့်ထားသော ဆပ်ပြာ တောင့်၊ ငါးသေတ္တာဘူး စသည့်လက်ဆောင်များ မသိမသာ ထည့်ပေးခြင်းဖြင့် မဲဆွယ်သောအလုပ်ကို လုပ်သည်။ ဤလုပ်ရပ်များသည် ပြိုင်ဘက်အတွက် ကောင်းသောလုပ်ရပ်များ မဟုတ်ပေ။

ရွေးကောက်ပွဲ ကျင်းပနေသည့် စနေနေ့ မွန်းလွဲပိုင်းတွင် မြို့ထဲသို့ လမ်း လျှောက်၍ဝင်လာသော ဒေးဗစ်သည် နယူးဘီသဲလ်လမ်းကျောင်းဘက်မှ လာနေ သော အင်နီနှင့် ဆုံမိသည်။

'ကျွန်မ အခုပဲ ရှင့်ကို မဲပေးပြီး ပြန်လာတာ' ဟု အင်နီက ပြောသည်။

'ကျေးဇူးပါပဲ အင်နီ'

သူတို့သည် မျက်နှာချင်းဆိုင်၍ ရပ်နေမိကြသော်လည်း ရုတ်တရက် ဘာ ပြောရမှန်းမသိ။ ဒေးဗစ်၏ရင်ထဲတွင် တဖြည်းဖြည်းနှင့် ပြောစရာစကားတွေ အများကြီးရှိလာသည်။ သူ့ညီဆင်မီနှင့် ပတ်သက်၍ စိတ်ကိုဖြေသိမ့်သွားဖို့ တိုက် တွန်းချင်သည်။ အင်နီ့သားကလေးအကြောင်းကို မေးချင်သည်။ သူ့သား ရောဘတ် အဖြစ်ကို ပြောပြချင်သည်။ သို့သော်လည်း လူသွားလူလာများကာ ဆူညံနေသော

လမ်းပေါ်၌ ပြော၍မဖြစ်။ သူ စဉ်းစားနေခိုက်မှာပင် အင်နီသည် သူ့အားနှုတ်ဆက်ကာ သူ့အိမ်ဘက်သို့ ပြန်သွားလေ၏။

ထိုနေ့က မဲများ ရေတွက်သည့်အခါ ဒေးဗစ်က မာရှီဆန်အား လေးဆယ့်ခုနစ်မဲဖြင့် အသာရကာ အနိုင်ရသွားခဲ့သည်။ အကြီးအကျယ် ဝမ်းသာလုံးဆို့နေသူမှာ ဂျင်နီ ....။ ဂျင်နီသည် သူကိုယ်တိုင် အရွေးခံလိုက်ရသည့်နှယ် ဆွေ့ဆွေ့ခုန်လျက်ရှိ၏။ ကိုယ်တိုင် အရွေးခံရသည့် ဒေးဗစ်သည် ဂျင်နီလောက် ရွှင်လန်းဝမ်းသာခြင်းမဖြစ်ချေ။

သူသည် ရွေးကောက်ပွဲမဝင်မီကတည်းက အချိန်ရတိုင်း နယ်မြေဒေသတွင်းမှ နိုင်ငံရေးလှုပ်ရှားမှုများကို စနစ်တကျ လေ့လာခဲ့သူ ဖြစ်သည်။ နိုင်ငံရေးလောကတွင် 'မင်းက ငါ့အတွက် ဒါလုပ်ပေး၊ ငါက မင်းအတွက် ဒါလုပ်ပေးမယ်' ဟူသော မူဝါဒ တည်ရှိနေသည်ကို တွေ့ရသဖြင့် သူသည် များစွာစိတ်ပျက်ခဲ့ရ၏။ အထူးသဖြင့် လောလောဆယ် ဤလောကကို ဦးဆောင်၍ လက်ဝါးကြီးအုပ်ထားသူမှာ ရာမက်ချ် ဖြစ်သည်။ ရာမက်ချ်သည် မြို့တော်ကောင်စီကို ကြီးစိုးလွှမ်းမိုးလာခဲ့သည်မှာ လွန်ခဲ့သော လေးနှစ်ကတည်းက ဖြစ်သည်။ ကောင်စီဝင်ဖြစ်လာသော ဒေးဗစ်သည် သူ့စေတနာနှင့် ရည်မှန်းချက်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက မိမိ ဆန့်ကျင်ရမည့်လူသည် ရာမက်ချ် ဖြစ်နေသည်ကို တွေ့မြင်နေရလေသည်။

နိုဝင်ဘာ (၂) ရက်နေ့၊ မွန်းလွဲပိုင်းတွင် မြို့တော်ကောင်စီ အစည်းအဝေးပြုလုပ်သည်။ သဘာပတိမှာ ထုံးစံအတိုင်း ရာမက်ချ် ....။ ကျန်အဖွဲ့ဝင်များမှာ ဟာရီအိုဂလီ၊ ဒေးဗစ်၊ ဘီသဲလ်လမ်းဘုရားကျောင်းမှ ဘုန်းတော်ကြီး အီနောလိုး၊ ကျောင်းအုပ်ကြီး စထရောသား၊ အထည်ဆိုင်ပိုင်ရှင် ဘိတ်၊ ဓာတ်ငွေ့ကုမ္ပဏီမှ ကွန်နိုလီနှင့် စာရေး ရပ်တားတို့ ဖြစ်သည်။

အစည်းအဝေးမစမီ ထုံးစံအတိုင်း တစ်ယောက်ကိုတစ်ယောက် အလွန်ခင်မင်လေဟန်ဖြင့် နှုတ်ဆက်စကားဆိုကြသည်။ သူတို့ချင်း စကားတွေဖောင်လောက်အောင်ပြောကာ တသောသော ရယ်နေကြသော်လည်း ဒေးဗစ်နှင့် ဟာရီအိုဂလီတို့ကိုမူ ဖုတ်လေသည့်ငပိ ရှိသည်ဟုပင် ထင်ပုံမရ။ သို့သော်လည်း စည်းဝေးခန်းမတွင်းသို့ ဝင်ကြသည့်အခါ ရာမက်ချ်က ဒေးဗစ်အား မျက်စောင်းတစ်ချက်ထိုးကြည့်သည်။

'ကျုပ်တို့မိတ်ဆွေကြီး မာရှီဆန် ပါမလာတာ စိတ်မကောင်းစရာပဲ' ဟု ရာမက်ချ်က ပြောသည်။

'ဒီနေရာမျိုးမှာ လူသစ်တစ်ဦး ရောက်လာတာဟာ မသင့်တော်သလိုကြီးပဲ'



'ချာတိတ်ရေ စိတ်မပူနဲ့၊ မင်းစိတ်ကို တတ်နိုင်သမျှထိန်း' ဟု ဟာရီအိုဂလီက ဒေးဗစ်အား နှစ်ကိုယ်ကြားလေသံဖြင့် ပြောသည်။

'ဒီအပြောမျိုးနဲ့ ဒီအချိုးမျိုးတွေဟာ မင်း မကြာခဏ ရင်ဆိုင်ရမယ့်ဟာတွေကွ၊ ကြာတော့လည်း ရိုးသွားမှာပေါ့ကွာ'

သူတို့အားလုံး စားပွဲ၌ ထိုင်မိကြသည့်အခါ စာရေး ရပ်တားက ယခင်ကောင်စီအစည်းအဝေးမှတ်တမ်းကို စိတ်မဝင်စားသော လေသံဖြင့် ဖတ်ပြသည်။ ဖတ်ပြီးသည့်အခါ ....

'ပထမဆုံးလုပ်ရမှာက အသားနဲ့ အထည်အလိပ် ကန်ထရိုက်အလုပ်တွေကို အများသဘောတူခွင့်ပြုချက်ပေးဖို့ပါ၊ လူကြီးမင်းတို့က သဘောတူလက်ခံကြလိမ့်မယ်လို့ ထင်ပါတယ်' ဟု ရပ်တားက ပြောသည်။

'အေး ....ဟုတ်တယ်' ဟု ရာမက်ချ်က အားပါးတရ တစ်ချက်မျှသမ်းလိုက်ပြီး ပြောသည်။ သူသည် စားပွဲထိပ် ကုလားထိုင်တွင် အကျအန ထိုင်နေရာမှ ဦးခေါင်းကို မော့မှီလိုက်သည်။ သူ့မျက်လုံးများသည် မျက်နှာကြက်ဆီသို့ ငေးကြည့်နေသည်။

'အေး ....အားလုံးက သဘောတူပြီးပြီ' ဟု ဘိတ်က ထောက်ခံသည်။

ဒေးဗစ်က အေးအေးဆေးဆေး ကြားဝင်သည်။

'ခဏနေကြပါဦး'

အားလုံး ငြိမ်ဆိတ်သွားသည်။

'ကျွန်တော် အဲဒီကန်ထရိုက်စာချုပ်တွေကို မမြင်ရသေးပါဘူး'

'မင်း မြင်ဖို့မလိုပါဘူး၊ အများသဘောတူထားပြီးဟာပဲ' ဟု ရာမက်ချ်က ပြောသည်။

'ဘယ့်နှယ် အများက သဘောတူရမှာလဲ၊ မဲတောင်မှ မခွဲရသေးပါဘူး'

စာရေး ရပ်တားသည် များစွာ စိတ်လှုပ်ရှားနေသည့် မျက်နှာထားဖြင့် ဒေးဗစ်အား ကြည့်နေသည်။

'ကန်ထရိုက်စာချုပ်တွေကို ကျွန်တော် ကြည့်ချင်တယ်' ဟု ဒေးဗစ်က ပြောသည်။ ဒေးဗစ်သည် ဤကန်ထရိုက်စာချုပ်များအကြောင်းကို ကောင်းစွာသိနေသူ ဖြစ်၏။ သူ့အနေဖြင့် မှတ်တမ်းစာအုပ်ထဲ ရေးသွင်းမှုကို ကြန့်ကြာသွားအောင် လုပ်ချင်၍သာ ဤစကားကို ပြောလိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ဤကန်ထရိုက်လုပ်ငန်းများသည် စလီစကေးမြို့ပေါ်တွင် ဂုဏ်သိက္ခာ အကင်းမဲ့ဆုံးသော လုပ်ငန်းများ ဖြစ်သည်။ မြို့ပေါ်မှလူအများကြားတွင် အပုပ်နံ့အထွက်ဆုံးသော လုပ်ငန်းများ ဖြစ်၏။ အဝတ်အထည် ကန်ထရိုက်

မှာ သိပ်ပြီးအရေးပါလှသည်မဟုတ်။ ယင်းလုပ်ငန်းမှာ စည်ပင်သာယာဝန်ထမ်းများ ယူနီဖောင်းနှင့် အခြားသော ဌာနဝန်ထမ်းများ၏ ယူနီဖောင်း ပေးသွင်းရသည့် ကန်ထရိုက်လုပ်ငန်း ဖြစ်သည်။ ထိုလုပ်ငန်းကို နှစ်စဉ် အထည်ကုန်သည်ဘိတ်က လက်ဝါးကြီးအုပ်ထားလေသည်။ အသားပေးသွင်းရသည့် ကန်ထရိုက်လုပ်ငန်းမှာ ရာမက်ချို၏လုပ်ငန်း ဖြစ်သည်။ နယ်မြေအတွင်းရှိ ဆေးရုံများသို့ အသားပေးသွင်းရခြင်း ဖြစ်၏။ ကျသင့်ငွေမှာ အကောင်းဆုံး အသားများအတွက် ကျသင့်သည့် နှုန်းထားဖြင့် ရယူထားခြင်း ဖြစ်သော်လည်း တကယ်တမ်း ပေးသွင်းနေသည့် အသားမှာ အညံ့ဆုံးအသားများသာ ဖြစ်၏။ ဤလုပ်ငန်းကို နှစ်စဉ် ရယူထားသူ ရာမက်ချိုသည် အကျိုးအမြတ်ငွေကို မတန်တဆ ရယူလျက် ရှိလေသည်။

ဒေးဗစ်သည် အသားသွင်း ကန်ထရိုက်စာချုပ်ကို ရပ်တား၏ တုန်ယင်နေသောလက်ထဲမှ ဆွဲယူလိုက်လေသည်။ ကန်ထရိုက်အတွက် ပေးရသည့်ငွေမှာ ပေါင်သုံးရာ ဖြစ်သဖြင့် များလွန်းလှချေသည်။ ဒေးဗစ်သည် လက်ထဲမှစာချုပ်ကို အသေအချာဖတ်လျက်ရှိရာ ဘေးလူများက ဝိုင်းကြည့်နေကြသည်။

'ဒီဟာ အပြိုင်စနစ်နဲ့ လက်ခံထားတဲ့ ကန်ထရိုက်စာချုပ်လား' ဟု ဒေးဗစ်က မေးသည်။

တစ်မျက်နှာလုံး နီရဲနေသော ရာမက်ချိုသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ချေ။ သူသည် ဒေါသတကြီးနှင့် လှမ်းမေးသည်။

'ငါ ဒီအလုပ်ကို ကန်ထရိုက်ရလာတာ ဆယ့်ငါးနှစ်ကျော်ပြီ၊ မင်းက အခုကန့်ကွက်ချင်သလား'

ဒေးဗစ်က ရာမက်ချိုအား စူးစူးရဲရဲကြည့်သည်။ ထိပ်တိုက်တွေ့ရလေပြီ။ ပထမဆုံး အစည်းအဝေးတွင် ပထမဆုံး အစမ်းသပ်ခံရသည့်ပွဲ ဖြစ်၏။ ဤပွဲတွင် မိမိဘက်က အညံ့ခံ၍မဖြစ်။ ဤပွဲတွင် အလျှော့ပေးလိုက်ပါက နောက်ပိုင်းတွင် သူ၏ခြေဖဝါးအောက်သို့ ရောက်ရပေတော့မည်။ သူသည် အေးစက်မာကျောသော လေသံဖြင့်

'ဒီအလုပ်ကို ကန့်ကွက်မယ့်လူတွေဟာ အတော်များများ ရှိနေတယ်လို့ ကျွန်တော် ထင်တယ်' ဟု ပြောသည်။

'ကန့်ကွက်တော့ကော ဘာအရေးလဲကွာ' ဟု ရာမက်ချိုက ရေရွတ်သည်။

'မစ္စတာရာမက်ချို၊ သတိထားပါ' ဟု ဘုန်းကြီးလိုးက ဝင်တားသည်။ အမှန်တော့ လိုးသည် ဘုန်းကြီး ဖြစ်နေသော်လည်း သူ၏ ကျောင်းတည်ဆောက်မှုတွင် အများဆုံး လှူဒါန်းထားသော ရာမက်ချိုဘက်မှ အမြဲတစေ ဘက်လိုက်နေသူ ဖြစ်၏။ သူသည် ဒေးဗစ်ဘက်လှည့်၍ အပြစ်ရှာလိုသောလေသံဖြင့် ....



'မင်းက ဒီအဖွဲ့မှာ လူသစ်ပါ မစ္စတာဖင်းဝစ်၊ မင်း နည်းနည်းဆန္ဒစောနေတယ်လို့ ထင်တယ်၊ ဒီကန်ထရိုက်လုပ်ငန်းတွေကို ကြော်ငြာပြီးမှ ခေါ်ခဲ့တယ်ဆိုတာ မင်း မေ့နေပြီထင်တယ်' ဟု ပြောသည်။

'လူတွေ မမြင်နိုင်အောင် တစ်လက်မလောက်ပဲရှိတဲ့ ကြော်ငြာကို ပြောတာလား၊ ဘယ်သူမှ မတွေ့နိုင် မမြင်နိုင်တဲ့ ကြော်ငြာမျိုးကို စကားထဲထည့်ပြောလို့ မရပါဘူး'

'ဘာပြုလို့ လူတွေက မတွေ့ရမှာလဲကွ' ဟု ရာမက်ချိုက အော်ကြီးဟစ်ကျယ် ပြောသည်။

'ဒီကန်ထရိုက်အလုပ်ကို ငါ ရလာတာ ဆယ်နှစ်ရှိပြီ၊ ဘယ်သူကမှ ကန့်ကွက်တဲ့စကား မပြောခဲ့ဘူး၊ နားလည်လား'

'ခင်ဗျားရဲ့ အသားအပုပ်အစပ်တွေကို စားနေရတဲ့လူတွေမှတစ်ပါး အခြားလူတွေက မကန့်ကွက်ကြဘူး ဆိုပါတော့ ဟုတ်လား'

တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဟာရီအိုဂလီသည် ဒေးဗစ်အား အလန့်တကြား လှမ်းကြည့်သည်။ စာရေး ရပ်တားသည် ကြောက်စိတ်ဖြင့် တစ်မျက်နှာလုံး ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ ရာမက်ချိုသည် သူ၏ ကြီးမားသော လက်သီးဆုပ်ကြီးဖြင့် စားပွဲကို တအားထုလိုက်သည်။

'ဒါဟာ ဂုဏ်သိက္ခာကင်းမဲ့အောင်လုပ်တာ' ဟု ရာမက်ချိုက အော်ပြောသည်။

'ဒါမျိုးကို တရားစွဲနိုင်တဲ့ ဥပဒေရှိတယ်ကွ၊ ဘိတ်နဲ့ ရပ်တား ....ခင်ဗျားတို့ဟာ သက်သေတွေပဲ၊ ဒီကောင် ကျုပ်ကို အသရေဖျက်နေတာ'

ရပ်တားက ဒေးဗစ်အား လှမ်းကြည့်သည်။

'ဒီစွပ်စွဲချက်ကို ပြန်လည်ရုပ်သိမ်းဖို့ ကျွန်တော် မေတ္တာရပ်ခံရပါလိမ့်မယ်' ဟု ပြောသည်။

ဒေးဗစ်သည် ရာမက်ချိုအား စိုက်ကြည့်နေသည်။ သူသည် အိတ်ကပ်ထဲမှ စာရွက်တစ်ထပ်ကြီးကို ဆွဲထုတ်လိုက်သည်။

'ကျွန်တော် မရုပ်သိမ်းနိုင်ပါဘူး၊ ရုပ်သိမ်းဖို့လည်း မလိုပါဘူး၊ ကျွန်တော့်ဆီမှာ ခိုင်လုံတဲ့ သက်သေခံ အထောက်အထားတွေ ရှိနေပါတယ်၊ ကော့တိတ်ချ်ဆေးရုံက မစ္စတာရာမက်ချိုရဲ့ အသားပုပ်၊ အသားသိုးတွေကို စားနေရလို့ မကျေနပ်ကြတဲ့ သူနာပြုဆရာမ သုံးယောက်နဲ့ သူနာပြုဆရာမကြီးအပြင် လူနာ ဆယ့်ငါးယောက်ရဲ့ လက်မှတ်ထိုး ထွက်ဆိုထားတဲ့ သက်သေခံစာရွက်ကို ကျွန်တော်

ရလာခဲ့ပါတယ်၊ သူနာပြုဆရာမကြီးကတော့ ဒီအသားတွေဟာ ခွေးစားဖို့တောင် မသင့်တော်ပါဘူးလို့ ပြောထားပါတယ်၊ ကျွန်တော် ခင်ဗျားတို့ကို ဖတ်ပြပါရစေ'

ဒေးဗစ်က ထွက်ဆိုချက်များကို ဖတ်ပြသည်။ ထွက်ဆိုချက်များအရဆိုလျှင် ရာမက်ချ် ပေးသွင်းခဲ့သော အသားပုပ်များကို စားရသဖြင့် ရောဂါများ ရခဲ့သည်ဟု သိရ၏။ စာဖတ်အပြီးတွင် ဟာရီအိုဂလီသည် အလွန် ဝမ်းသာကျေနပ်သည့် မျက်နှာထားဖြင့် သူ့အား ကြည့်နေသည်ကို တွေ့ရ၏။

'ဒါ လိမ်ညာပြီး ထွက်ထားတာတွေကွ' ဟု ရာမက်ချ်က ပြောသည်။

'ငါ သူတို့ဆေးရုံကိုသွင်းတဲ့ အသားတွေဟာ ပထမတန်းစားတွေချည်းပဲ သိလား'

'ဒီလိုဆိုရင်တော့ ပထမတန်းစား အသားတွေကို ဘုရားသခင်က ကူညီစောင်မတော်မူပါစေဗျာ' ဟု ဟာရီအိုဂလီက ပြောသည်။

ဘုန်းကြီးလိုးကမူ ....

'ဒါဟာ အသားကောင်းတွေနဲ့ ရောပြီးပါသွားတဲ့ အသားပုပ်နည်းနည်းကြောင့် ဖြစ်မှာပါ' ဟု ပြောသည်။ သို့သော်လည်း ဒေးဗစ်ဘက်က ခိုင်လုံသော အထောက်အထားများကို ပြနေသဖြင့် သူသည် အကြံရခက်လျက်ရှိ၏။

ဒေးဗစ်က ....

'ကျွန်တော့်အနေနဲ့ ပိုပြီးရှင်းသွားအောင် ပြောပါရစေ' ဟု အစချီသည်။

'တကယ်လို့ ဒီအစည်းအဝေးက ဒီကန်ထရိုက် လုပ်ငန်းအတွက် လိုအပ်တဲ့ ကြော်ငြာကို အသစ်စီစဉ်ပြီး ထည့်ဖို့ကိစ္စ ခွင့်မပြုဘူးဆိုရင် ဒီထွက်ဆိုချက်အားလုံးကို ကောင်တီခရိုင် ကျန်းမာရေးဌာနကို ပို့ရပါလိမ့်မယ်၊ ဒီပြဿနာကို အစအဆုံး စုံစမ်းစစ်ဆေးပေးပါလို့ တောင်းခံရပါလိမ့်မယ်'

ရာမက်ချ်နှင့် ဒေးဗစ်တို့ မျက်လုံးများသည် တစ်ဦးကိုတစ်ဦး စူးစူးရဲရဲကြည့်ကြသည်။ သို့သော်လည်း မျက်လွှာကို ပထမဆုံးချသွားသူမှာ ရာမက်ချ်။ သူသည် မြို့တော်ကောင်စီအား ဆယ့်ငါးနှစ်တိတိ လိမ်လည်ခဲ့၏။ ထိုလိမ်လည်မှုကြီးသည် ပေါ်ပေါက်ခဲ့လေပြီ။ သူ့တွင် ကြောက်လန့်သည့်စိတ်မှတစ်ပါး အခြားမရှိ။ အကယ်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့ပြီး စစ်ဆေးခဲ့ပါမူ ထွက်ပေါ်လာမည့် ရလဒ်သည် သူ့အတွက် ဆိုးကျိုးများသာ ဖြစ်လာဖို့ရှိ၏။

'မဲခွဲနေစရာမလိုဘူး၊ ကြော်ငြာထပ်ထည့်၊ ကျုပ်ကတော့ အသာစီးရမှာ သေချာတယ်' ဟု ပြောသည်။

ဒေးဗစ်အဖို့တော့ အောင်ပွဲရလိုက်ခြင်း ဖြစ်သည်။ ဤပွဲသည် သူ၏



ပထမဆုံးသောခြေလှမ်းဖြစ်၏။ ဤပွဲတွင် သူ့ဘက်က အောင်နိုင်ခဲ့သည်။ ရှေ့ဆက်ရမည့်ခရီးတွင်လည်း သူ့ဘက်ကသာ အောင်မြင်မှုရလိမ့်မည်မှာ မလွဲ။

အစည်းဝေးသည် ဆက်လက်ဆွေးနွေးစရာရှိသည်များကို ဆွေးနွေးလျက်ရှိလေသည်။

* * * * *

## (၄၇)

ဒေးဗစ်တစ်ယောက် မြို့တော်ကောင်စီဝင်အဖြစ် အရွေးခံရသည့်အတွက် မျှော်လင့်ချက်တွေ အကြီးအကျယ်ထားနေသူမှာ သူ့ဇနီးဂျင်နီ ဖြစ်သည်။ ဂျင်နီသည် မြို့တော်ကောင်စီဝင်များ ဖြစ်ကြသည့် ရာမက်ချ်၊ စထရောသား၊ အမ်းစထရောင်း၊ ဒေါက်တာပရော့တားနှင့် ဘိတ်တို့၏ ဇနီးများနှင့် တန်းတူရည်တူ ဖြစ်လာမည့် အရေးကို မျှော်တွေးကို စိတ်အားထက်သန်လျက်ရှိသည်။ ယင်းအမျိုးသမီးကြီးများက ဖိတ်ကြားသည့် လက်ဖက်ရည်ပွဲများ၊ နေ့လယ်စာစားပွဲများနှင့် ညစာစားပွဲများကိုလည်း သူ တက်လိုက်မည်ဟု အားခဲထားသည်။ စလီစကေးမြို့၏ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် သူ့အဆင့်သည် မြင့်လာပြီး အထက်တန်းလွှာဟု ခေါ်နေကြသည့် လူအများ၏ကြား၌ များစွာတွင်ကျယ်လာလိမ့်မည်ဟု သူ မျှော်လင့်ထားသည်။ သို့သော်လည်း တကယ့်လက်တွေ့ဘဝတွင်မူကား သူ ထင်ထားသလို ဖြစ်မလာခဲ့ပေ။

ထိုအမျိုးသမီးများက ဂျင်နီအား တရော်တဝင်ဆက်ဆံဖို့ မဆိုထားနှင့်၊ လမ်း၌ ပက်ပင်းတိုး ဆုံမိကြသည့်အခါများ၌ပင် နှုတ်ဆက်ဖော်မရကြပေ။ ဒီဇင်ဘာလဆန်းပိုင်းတစ်ရက်တွင် ဂျင်နီသည် ဘိတ်၏ဆိုင်သို့သွားကာ ပစ္စည်းတစ်ခု ဝယ်သည်။ ဤတွင် သူသည် ငွေပေးကောင်တာအနီး၌ ရာမက်ချ်၏ဇနီး မစ္စက်ရာမက်ချ်နှင့် ဆုံမိသည်။ ဂျင်နီသည် အခွင့်ကောင်းတစ်ခု ရလာပြီဟု ယူဆကာ မစ္စက်ရာမက်ချ်အား တလေးတစား နှုတ်ဆက်သည်။

မစ္စက်ရာမက်ချ်သည် ဂျင်နီ၏မျက်နှာကို စူးစူးရဲရဲကြည့်သည်။ ဂျင်နီမှန်းလည်း သူ သိသည်။ သို့သော်လည်း သူသည် အသိအမှတ်မပြု။

'လူချင်းမသိဘဲနဲ့ ဘာပြုလို့ ငါ့ကိုလာပြီး နှုတ်ဆက်နေရတာလဲ' ဟု ခါးခါးသီးသီး ပြောသည်။

'ကျွန်မက မစ္စက်ဖင်းဝစ်ပါ' ဟု ဂျင်နီက ပြန်ပြောသည်။

'ကျွန်မယောကျ်ားက ရှင့်ယောကျ်ားနဲ့ မြို့တော်ကောင်စီမှာ အဖွဲ့ဝင်တစ်ယောက်ပါပဲ'

မစ္စက်ရာမက်ချ်က ဂျင်နီအား ခြေဆုံးခေါင်းဆုံးကြည့်သည်။ ထို့နောက် မျက်နှာကို ချာခနဲလှည့်ကာ အရောင်းစာရေးမနှင့် တရင်းတနှီး စကားပြောနေသည်။ အကြီးအကျယ် အရှက်ရသွားသော ဂျင်နီသည် ဆိုင်ထဲမှ ကသောကမျော ထွက်ကာ အိမ်သို့ပြန်ခဲ့သည်။ ထိုညက သူသည် ကြုံခဲ့ရသည့်အဖြစ်ကို ဒေးဗစ်အား ပြောပြသည်။ ဒေးဗစ်ကလည်း စိတ်ရှည်လက်ရှည်ဖြင့် အကြောင်းစုံကို ရှင်းပြသည်။

'မောင်နဲ့ ရာမက်ချ်က အခုလောလောဆယ် တစ်ယောက်လည်ပင်း တစ်ယောက် ညှစ်နေတဲ့ အနေအထားမှာ ရှိနေတော့ သူ့မိန်းမက မင်းကို ဘယ်နည်းနဲ့မှ မကြည်နိုင်ဘူး ဂျင်နီ၊ လွန်ခဲ့တဲ့ သုံးလအတွင်းမှာ မောင်က သူ့ရဲ့အသားသွင်းကန်ထရိုက်အလုပ်ကို တိုက်ခိုက်ပစ်ခဲ့တယ်၊ ပြီးတော့ သူက သူ့အိမ်ရှေ့ကဖြတ်ပြီး လမ်းသစ်တစ်ခုဖောက်ဖို့ အဆိုတင်သွင်းတယ်၊ ပြည်သူ့ငွေ ပေါင် ၅၀၀ လောက် အကုန်ခံရမှာ၊ ဒီလမ်းသစ်က သူတစ်ဦးတည်းအတွက်ပဲ အကျိုးရှိမယ်၊ တခြားလူတွေအတွက် ဘာမှအကျိုးထူးမှာ မဟုတ်ဘူး၊ ဒါကြောင့် မောင်က ကန့်ကွက်တယ်၊ နောက်ဆုံးလုပ်ခဲ့တဲ့ အစည်းအဝေးမှာလည်း မောင်က သူ့ရဲ့ ညစ်ပတ်စုတ်ပွဲနေတဲ့ သားသတ်ရုံတွေကို ကန့်ကွက်ခဲ့တယ်၊ အဲဒီလောက် ဖြစ်နေတော့လည်း မစ္စတာရာမက်ချ်က မောင့်ကို ချစ်မယ်တဲ့လား၊ သူ့မိန်းမကကော မောင့်မိန်းမကို ခင်နိုင် ချစ်နိုင်မယ်တဲ့လား'

ဂျင်နီသည် ဒေးဗစ်၏စကားများအပေါ်တွင် မကျေနပ်။ ထုံးစံအတိုင်း မျက်ရည်ခံ အရင်ဆုံးထိုးသည်။

'မောင်က ဘာကြောင့် ဒီလိုလူစားတွေကို ဆန့်ကျင်နေရတာလဲ၊ တကယ်လို့သာ မစ္စတာရာမက်ချ်နဲ့ အဆင်ပြေအောင်နေသွားရင် မောင့်အတွက် အားလုံးကောင်းလာမှာ သေချာတယ်၊ မောင်ဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်နေပြီ'

'ဟုတ်တယ် ဂျင်နီ၊ မောင်ဟာ လူထူးလူဆန်းတစ်ယောက် ဖြစ်ချင်လည်း ဖြစ်မှာပဲ၊ ကျောက်မီးသွေးတွင်း ပြိုတာရယ်၊ စစ်ကြီးအတွင်းက ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေရယ် အဲဒါတွေပေါင်းစပ်ပြီး မောင်ဟာ လူတစ်မျိုး ဖြစ်လာတာလို့ ပြောရင်လည်း မမှားဘူး၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကျင့်တရားတွေ ပျက်ပြားပြီး မတော်တရော် လုပ်နေတဲ့လူတွေကိုတော့ မဆန့်ကျင်လို့မရဘူး၊ ဆန့်ကျင်ရမှာပဲ'

'ဒါပေမဲ့ ဒေးဗစ်ရယ်၊ ရှင် ရနေတဲ့လစာကို ကြည့်ပါဦး၊ တစ်ပတ်မှ သုံးဆယ့်ငါးသျှိလင်ပဲရတာ၊ ဒီဝင်ငွေလေးနဲ့ နေသွားလို့ ဖြစ်မယ်တဲ့လား'



ဒေးဗစ်သည် ထိုင်ရာမှ ဖျတ်ခနဲထရပ်ကာ ဂျင်နီအား စိုက်ကြည့်နေသည်။ ဂျင်နီနှင့် နောက်ထပ် ငြင်းခုံခြင်း မပြုသော်လည်း သူ့ရင်သည် နိမ့်ချည်မြင့်ချည် ဖြစ်လျက်ရှိသည်။ သူသည် ချာခနဲလှည့်ကာ အခန်းထဲမှ ထွက်သွားသည်။ သူ၏ မကျေနပ်မှုကို ဖော်ပြသွားခြင်းပေတည်း။

ထိုနေ့မှစ၍ ဂျင်နီသည် ဒေးဗစ်အပေါ်၌ ယခင်က ပြုမူဆက်ဆံသလို ဆက်ဆံသည်။ တီတီတာတာ လုပ်သည့်အခါ လုပ်သည်။ စိတ်ကောက်သည့်အခါ ကောက်သည်။ မျက်ရည်ကျသည့်အခါ ကျသည်။ ရန်ဖြစ်သည့်အခါ ဖြစ်သည်။ သို့သော်လည်း ဒေးဗစ်သည် ယခင်ကနှင့်မတူ။ ဂျင်နီအလိုကို နေရာတိုင်းမလိုက်လျော။ ခပ်တင်းတင်း ခပ်မာမာ နေထိုင်ဆက်ဆံသည်။ ထိုထူးခြားချက်သည် ဂျင်နီအတွက် အံ့သြစရာတစ်ခု ဖြစ်နေသည်။

တစ်ခါတစ်ရံတွင် ဂျင်နီသည် ဒေးဗစ်နှင့် ရန်ဖြစ်အောင် ကြိုးစားသည်။ နည်းအမျိုးမျိုးနှင့် ကြိုးစားသော်လည်း မရ။ ထိုအခါ ဒေးဗစ်အား ဂုဏ်သိက္ခာထိပါးစေမည့် စကားများကို ပြောတတ်သည်။

'စစ်အတွင်းက ဂျင်နီ အလုပ်လုပ်ခဲ့တာ တစ်ပတ်ကို လေးပေါင်တိတိရတယ်၊ အခု ရှင်ရနေတာထက် အဆအများကြီး ပိုရခဲ့တာ'

'မောင် ဒီအလုပ်ဝင်လုပ်တာဟာ ငွေရဖို့ အဓိကမဟုတ်ဘူး ဂျင်နီ'

'ဂျင်နီကလည်း ငွေကိုမက်တဲ့ မိန်းမစား မဟုတ်ပါဘူး၊ ဒါပေမဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ သီတင်းပတ်တိုင်း ငွေအလုံအလောက် ရမလာတာကိုတော့ ပြောရမှာပဲ'

'မောင်တို့ အလျှဉ်မီအောင်တော့ စားနေကြရတာပဲ'

'ကျွန်မ အလုပ်ရှာမယ်ဆိုရင် ရှင့်ထက် လစာကောင်းပြီး အဆင့်မြင့်တဲ့ အလုပ်ကိုရနိုင်တယ် သိလား'

'စိတ်ရှည်ရှည်ထားပါ ဂျင်နီ၊ မောင်ဟာ လူညံ့တစ်ယောက် မဟုတ်ပါဘူး'

မည်သို့ပင်ဖြစ်စေ ဒေးဗစ်သည် ဟက်ဒွန်းနှင့် အလုပ်တွဲလုပ်ရာ၌ အောင်မြင်မှုများစွာ ရခဲ့သည်။ ဟက်ဒွန်းသည် သူ့အား အစည်းအဝေးတိုင်းသို့ ခေါ်သွားသည်။ ခရိုင်အတွင်းရှိ အစည်းအဝေးများတွင် စကားပြောဆိုခွင့်ကိုလည်း ပေးသည်။ ဤသို့ဖြင့် ဒေးဗစ်၏နာမည်သည် အလုပ်သမားလောကနယ်ပယ်တွင် လူသိများကာ ထင်ရှားကျော်ကြားလာခဲ့၏။ နောက်ဆုံးတွင် ဇန်နဝါရီ ညီလာခံကျင်းပခဲ့ရာ ဟက်ဒွန်းက ထိုညီလာခံ ပြင်ဆင်မှုတာဝန်ကို ဒေးဗစ်အား လုံးဝလွှဲအပ်ထားခဲ့သည်။

ညီလာခံတွင် ဒေးဗစ်သည် စကားပြောခွင့်ရခဲ့၏။ ထိုနေ့က သူ့မိန့်ခွန်း

သည် ရိုးသားဖြူစင်မှုကို အခြေခံသောမိန့်ခွန်းဖြစ်၍ အားလုံးက နှစ်သက်ကြသည်။ သူ မိန့်ခွန်းပြောပြီး၍ စင်မြင့်ပေါ်မှ ဆင်းလာသည့်အခါ ညီလာခံကိုယ်စားလှယ်များစွာက သူ့အား တလေးတစား လာရောက် နှုတ်ဆက်ကြသည်။

ဟက်ဒွန်းသည် ဒေးဗစ် ထင်ရှားကျော်ကြားလာမှုအပေါ်တွင် မနာလိုဝန်တိုခြင်း မဖြစ်။ သူကိုယ်တိုင်က ဒေးဗစ်၏ စိတ်ဓာတ်နှင့် အရည်အချင်းကို သိနေသဖြင့် ရှေ့တန်းသို့ရောက်အောင် တင်ပေးခဲ့ခြင်း ဖြစ်၏။ အထူးသဖြင့် ဟက်ဒွန်းသည် မြို့တော်ကောင်စီအတွင်း၌ ဆောင်ရွက်နေသော ဒေးဗစ်၏ အားထုတ်မှုများကို များစွာ သဘောကျသည်။

တိုင်းနီကပ်ဆဲလ် သတင်းစာများကလည်း ဒေးဗစ်၏ လုပ်ဆောင်ချက်ကို လက်ခံကြသည်။ ဒေးဗစ်အား အမြဲတစေ ထောက်ခံရေးသားကြသည်။ ကောင်စီသတင်းများကို ဖတ်ရသည့်အခါတိုင်း ဟက်ဒွန်းသည် ကျေနပ်အားရသည်။ ဒေးဗစ်ကိုလည်း အားပေးတိုက်တွန်းသည်။ ဤသို့ဖြင့် မှန်ကန်မှုဘက်မှ အမြဲတစေ ရပ်တည်နေသော ဒေးဗစ်၏နာမည်သည် တရှိန်ထိုး တက်လာခဲ့လေသည်။

ဂျင်နီကတော့ ဒေးဗစ်၏အကြောင်းကို မသိပေ။ သူသည် သုံးဖို့ဖြုန်းဖို့နှင့် ပျော်ဖို့ပါးဖို့ကိုသာ အလေးအနက်ထားသူ ဖြစ်သဖြင့် ဒေးဗစ် လုပ်ကိုင်နေသမျှအပေါ်တွင် လုံးဝစိတ်ဝင်စားခြင်းမရှိ။ သူ့ကို ဒေးဗစ်က ဂရုမစိုက် ဟူသောအတွေးဖြင့် သူထင်ရာ သူလုပ်သည်။ ဤသို့ဖြင့် ၁၉၁၉ ခုနှစ်၊ နွေဦးပေါက်ရာသီတွင် ဂျင်နီသည် အရက်ကို နေ့စဉ်မှန်မှန်သောက်နေသည့်ဘဝသို့ ပြန်လည်ဆိုက်ရောက်လာသည်။ တစ်ရက်တွင်မူ စိတ်ပိုင်းဆိုင်ရာအရ အရေးပါသည်ဟု ယူဆရသော ဖြစ်ရပ်တစ်ခုသည် ဖြစ်ပွားလာခဲ့သည်။

မေလ ၅ ရက်၊ တနင်္ဂနွေနေ့တွင် အဘိုးအို ချာလီဂိုလန် သေဆုံးသွားသည်။ သူ မကျန်းမမာဖြစ်ပြီး အိပ်ရာထဲ လဲနေခဲ့သည်မှာ ခြောက်လမျှကြာခဲ့ပြီ။ ယခုမှပင် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်၏။ သူ ကွယ်လွန်ပြီး နှစ်ရက်အကြာတွင် စလီစကေးသို့ ပြန်လည်ရောက်ရှိလာသူမှာ ချာလီဂိုလန်၏သား ဂျိုးဂိုလန်ပေတည်း။ ဂျိုးသည် အင်္ဂါနေ့မနက်တွင် ဆန်းဘီးယင်း မော်တော်ကားဖြင့် ရောက်လာခြင်းဖြစ်၍ လူအများအဖို့ စိတ်ဝင်စားစရာ ဖြစ်နေသည်။

သူ စီးလာသည့်ကားကို အစိမ်းရောင် ယူနီဖောင်းဝတ်ဒရိုင်ဘာက မောင်းလာခြင်း ဖြစ်သည်။ သူ နေထိုင်ခဲ့ဖူးသည့် အယ်လ်မာ ရပ်ကွက်တွင်းမှ အိမ်ရှေ့၌ ကားရပ်လိုက်သည့်အခါ ဂျိုးသည် တခဲ့တညား ဆင်းလာသည်။ ကားအနီး၌ ဝိုင်းအုံ၍ ရပ်နေကြသူများသည် ဂျိုးအား ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြလေ၏။



ဂျိုးဂိုလန်၏အိမ်တွင် ဟာရီအိုဂလီ၊ ဂျိတ်ဝစ်နှင့် အလုပ်သမား အနည်းငယ်မျှ ရောက်နေကြသည်။ အသုဘချမည့်အချိန်မှာ နီးကပ်နေပြီ ဖြစ်၏။ ဂျိုးတစ်ယောက် လူချမ်းသာ ဖြစ်နေပြီဟူသောသတင်းကို စလီစကေးမှ ကျောက်မီးသွေးတွင်း အလုပ်သမားများသည် ကြားသိထားကြသည်။ သို့သော်လည်း ဤမျှလောက်အထိ ပြောင်းလဲသွားလိမ့်မည်ဟု မထင်ခဲ့ကြသဖြင့် လူအများသည် တသွေးတမွေး ဖြစ်နေသော ဂျိုးကိုကြည့်ကာ အံ့အားသင့်နေကြသည်။ လူအများသည် ဂျိုးအား မဝံ့မရဲ ဆက်ဆံလျက် ရှိကြသည်။ အထူးသဖြင့် ဂျိုးအား စေခိုင်းခဲ့ဖူးသော အလုပ်သမားကြီး ဖရင့်ဝေါလေးသည် ဂျိုးအား 'ခင်ဗျားနှင့် ကျွန်တော်နှင့်' ပြောလျက်ရှိ၏။ ဂျိုး၏ အဝတ်အစားများမှာ ထည်ဝါခံ့ညားလွန်းသဖြင့် အားလုံး၏အမြင်တွင် ဂျိုးသည် လူချောတစ်ဦး ဖြစ်နေရုံမျှမက ရိုသေလေးစားရမည့်လူလည်း ဖြစ်နေသည်။

ဟာရီကတော့ ဂျိုး အခုလို အချိန်မီရောက်လာ၍ ဝမ်းသာကြောင်း ပြောသည်။ ဂျိုးသည် အလွန် ညစ်ပတ်ပေရေလျက်ရှိသော မီးဖိုခန်းကို တစ်ချက်ဝေ့ကြည့်သည်။ တစ်ချိန်ကတော့ သူသည် ဤအခန်းထဲ၌ထိုင်၍ မုန့်လိုးဓား၌ကပ်နေသော မုန့်ဖတ်အစအနများကို လျှာနှင့်လျက်၍ စားခဲ့ဖူးသည် မဟုတ်ပါလား။ သူသည် အနက်ရောင်ခေါင်းထဲမှ သူ့အဖေအလောင်းကို တစ်ချက်ငုံ့ကြည့်သည်။

'ခင်ဗျားတို့ဗျာ၊ ကျွန်တော့်ဆီကို ဘာကြောင့် အချိန်မီ အကြောင်းမကြားကြတာလဲ' ဟု ဂျိုးက အပြစ်တင်သည်။

'တကယ်ဆို စာရေးဖို့ ကောင်းပါတယ်၊ ကျွန်တော် ဘယ်မှာနေတယ်ဆိုတာလည်း ခင်ဗျားတို့ သိနေကြတာပဲ၊ ကျွန်တော် ဘာလုပ်နေတယ်ဆိုတာလည်း သိနေကြတာပဲ၊ ဖုန်းဆက်ရင်တောင် ရပါတယ်ဗျာ၊ ခင်ဗျားတို့ တော်တော်တာဝန်မဲ့ကြတာပဲ၊ ရှက်ဖို့ကောင်းပါတယ်ဗျာ၊ အခုတော့ အဘိုးကြီးခမျာ ဆင်းရဲဒုက္ခနဲ့ သေရပြီ'

သူသည် သုသာန်သို့ရောက်၍ မြေမြှုပ်သည့်အခါ မျက်နှာကို လက်ကိုင်ပဝါနှင့် အုပ်ထားသည်။ ထို့နောက် သုသာန်မှနေ၍ ကားဖြင့် လင့်သ်လမ်းသို့ သွားကာ ကျောက်တိုင် မှာသည်။ သူ့အဖေ၏ မြေပုံထိပ်၌ စိုက်ထူပေးရန် တွမ်အား မှာသည်။

'ငွေ ဘယ်လောက်ပဲကုန်ကုန် အရေးမကြီးဘူး၊ ရှင်းပေးရမယ့် ငွေစာရင်းပြေစာတွေကို ကျွန်တော့်ဆီသာပို့ပေး' ဟုလည်း မှာသည်။

ထို့နောက် မြို့ထဲသို့ ကားနှင့် လျှောက်ကြည့်သည်။ သူ ငယ်စဉ်က နေထိုင်ခဲ့သော သူ့အိမ်ကို ဓာတ်ပုံရိုက်ပြီး သူ့ထံပို့ပေးပါဟု ဟာရီအိုဂလီအား

အကူအညီတောင်းသည်။ ‘ကုန်ကျငွေကို သူ ပေးပါမည်’ ဟု ဆိုသည်။ ညနေခြောက်နာရီထိုးသည့်အခါ သူသည် သူငယ်ချင်း ဒေးဗစ်ထံ သွားသည်။ စလီစကေးသို့ ဂျိုး ရောက်လာသည် ဟူသောသတင်းကို ကြားကတည်းက စိတ်လှုပ်ရှားစွာဖြင့် တမျှော်မျှော် ဖြစ်နေခဲ့သော ဂျင်နီသည် ဂျိုးအား ညစာစားရန် ဖိတ်သည်။

ဂျိုးက သူ့တွင် ဖိတ်ထားပြီးဖြစ်၍ မစားနိုင်ဟု ငြင်းသည်။ ဂျင်နီ မျှော်လင့်ထားသည့် စိတ်ဝင်စားမှုမျိုးကိုလည်း မမြင်ရ။ သူသည် ဂျိုး၏ အမူအရာကို ကြည့်ကာ စိတ်အားပျက်သွားသည်။ သို့သော်လည်း သူ့စိတ်ထဲတွင် အောင်မြင်မှုရနေသော ဂျိုးနှင့် ဘာတစ်ခုမှ ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာသော ဒေးဗစ်ကို နှိုင်းယှဉ်ကြည့်နေမိလေသည်။

ဂျိုးသည် ရွှေစီးကရက်ဘူးကိုထုတ်၍ စီးကရပ်တစ်လိပ်ကိုဖွာသည်။ သူ့အကြောင်းကို ပြောသည်။ စစ်ကြီးပြီးသွားသော်လည်း လုပ်ငန်းတွေ အရှိန်မပျက် တိုးတက်လည်ပတ်နေသည်ဟုလည်း ပြောသည်။ သူ့အလုပ်ရှင် စတန်လေမှာ အခုအချိန်ထိ မကျန်းမာသေးသဖြင့် အနားယူလျက်ပင် ရှိသည်ဟုလည်း ပြောသည်။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းအတွက် ပစ္စည်းတွေ အများအပြားမှာယူထားသဖြင့် သူ့စက်ရုံက လုပ်ပေးနေရကြောင်းကိုလည်း အသိပေးသည်။

ဂျင်နီအဖို့တော့ ဂျိုးထံမှ ကြားရသမျှသည် ရင်သပ်ရှုမော အံ့ဩဖွယ်ရာတွေချည်း ဖြစ်သည်။ အားကျစရာတွေချည်း ဖြစ်သည်။ မက်မောစရာတွေချည်း ဖြစ်သည်။ အပြင်ဘက်၌ ရပ်ထားသည် မော်တော်ကား ....။ လှလိုက်ပါဘိခြင်း။ ဂျိုး၏ လုပ်ရည်ကိုင်ရည်သည် ထူးခြားလှပါဘိခြင်း။

ထိုညက ဂျိုး ပြန်သွားသည့်အခါ ဒေးဗစ်က ဂျင်နီအားလှမ်းကြည့်ပြီး....

‘မင်း တွေ့တယ်မဟုတ်လား၊ ဂျိုးဟာ အဲဒါပဲ’ ဟု ပြောသည်။

‘သိတယ်လေ၊ အဲဒါ ဂျိုးပဲ၊ ဒါဘာဖြစ်လဲ၊ ရှင်က ဘာဆိုလိုချင်တာလဲ’

‘အို .... ဘာမှ မဆိုချင်ပါဘူး၊ ဒါပေမဲ့ သူ မောင့်ဆီက ချေးထားတဲ့ ငွေနှစ်ပေါင် အခုထက်ထိ ပြန်မရသေးဘူးဆိုတာကိုတော့ သတိရမိတယ်’

‘နှစ်ပေါင် ဟုတ်လား’ ဟု ရေရွတ်ကာ ဂျင်နီက နှာခေါင်းရှုံ့သည်။

‘ငွေနှစ်ပေါင်လောက်ကို ဂျိုးက စားပွဲထိုးဆီ ပစ်ပေးနိုင်တယ်ဆိုတာ ရှင်မေ့နေပြီလား၊ ဂျိုးက ရှင့်ထက် အများကြီးချမ်းသာတဲ့လူ၊ သူကမှ တကယ့်ယောကျ်ား၊ ငွေကို ဘယ်လိုရအောင်ရှာမလဲဆိုတာ ကောင်းကောင်းသိတဲ့လူ၊ သူ့ကိုကြည့်ပြီး ရှင် မရှက်ဘူးလား၊ ရှင်ဟာ သူစီးလာတဲ့ ရှူးဖိနပ်ကို လျှာနဲ့ လျက်သင့်တဲ့လူ၊ ရှင်ဟာ ယောကျ်ားမှ မဟုတ်တာ’

ဒေးဗစ်သည် လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုတ်ကာ ဂျင်နီအား



ကြည့်နေသည်။ သူသည် သူ့စိတ်ကို အစွမ်းကုန် ထိန်းချုပ်ထားသည်။ သူသည် ဂျင်နီနှင့် ထိပ်တိုက်မဖြစ်အောင် ရှောင်မှဖြစ်မည်ဟု သဘောထားသည်။ သူသည် အခန်းထဲမှ ထွက်လာပြီး မီးဖိုခန်းထဲသို့ ဝင်သည်။ ဂျင်နီကတော့ ဦးထုပ်ယူဆောင်းကာ အပြင်သို့ထွက်သွားသည်။ ထိုညက ဂျင်နီ အိမ်ပြန်ရောက်လာသည့်အခါ ဆယ့်တစ်နာရီပင် ထိုးနေလေပြီ။

‘ဟယ်လို ....ငွေရှာဖို့ စဉ်းစားနေတုန်းပဲလား’ ဟု ဂျင်နီက ပြောသည်။

ဒေးဗစ်သည် ဖျတ်ခနဲထကာ ဂျင်နီအား သွားတွဲသည်။ ဂျင်နီက သူ့လက်များကို ပုတ်ထုတ်သည်။

‘လာမကိုင်နဲ့၊ ငါ နင့်ကို အလိုမရှိဘူး၊ နင်ဟာ ငါနဲ့ ထိုက်တန်တဲ့ကောင် မဟုတ်ဘူး’

‘ဒီမှာ ဂျင်နီ၊ မင်း အိပ်ရာပေါ်လှဲနေလိုက်ရင် ကောင်းမယ်ထင်တယ်’

‘မလှဲဘူး’

ဒေးဗစ်သည် ဂျင်နီအား ကြည့်နေရာမှ သူ့အတွက် မွေးပေးခဲ့သည့် ကလေးကို သတိရသည်။

‘မဟုတ်သေးဘူး ဂျင်နီ၊ မင်းကိုယ်မင်း ထိန်းပါ၊ တို့သားလေးကို သတိရပါ၊ ဒီသားကလေး ရောဘတ်နဲ့ ပတ်သက်လို့ ငါ မင်းကို လုံးဝ ဘာမှမပြောခဲ့ဘူး၊ မင်း စိတ်ဆင်းရဲမှာဆိုးလို့ အပြစ်မဆိုခဲ့ဘူး၊ ဒါကိုသတိရပြီး မင်းကိုယ်မင်း ထိန်းမှပေါ့’

ဂျင်နီက တအားအော်ရယ်သည်။ တော်တော်နှင့် အရယ်မရပ်။

‘ဒီမယ် ....နင့်ကို ငါ ပြောမလို့ စဉ်းစားနေတာကြာပြီဟေ့ .... သိလား၊ တို့သားလေးတဲ့။ ဟာ.... ဟား .... ဟား၊ နင့်ကိုယ်နင့် လိမ်နေတယ်ဆိုတာ နင်သိရဲ့လား၊ အဲဒီကလေးဟာ နင့်ကလေးလို့ နင် ဘယ်လိုလုပ်ပြီး သိတာလဲ’

ဒေးဗစ်သည် အလွန်စက်ဆုပ်ရွံရှာသည့် မျက်နှာထားဖြင့် ဂျင်နီအား ကြည့်နေသည်။ ဂျင်နီသည် ဒေးဗစ်၏မျက်နှာကိုကြည့်ကာ ပို၍ဒေါသကြီးလာသည်။

‘နင်ဟာ အရူးပဲ၊ အဲဒါ နင့်ကလေး မဟုတ်ဘူး၊ ဂျိုးရဲ့ကလေးဟဲ့’

ဒေးဗစ်၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားသည်။ သူသည် ဂျင်နီ၏ လက်ကို ဆောင့်ဆွဲကာ နံရံတွင် ဖိကပ်ထားသည်။

‘ဒီစကားဟာ အမှန်ပဲလား’ ဟု မေးသည်။

ဂျင်နီသည် အဖြေမပေး။ ကြောက်လန့်တကြားနှင့် ကြည့်နေသည်။ သူ နှုတ်လွန်သွားပြီဟု နားလည်လိုက်သည်။ သူသည် ချက်ချင်းပင် ရှိုက်ကြီးတငင် ငိုသည်။

'ဂျင်နီဟာ အလကားမိန်းမပါ၊ လုံးဝမကောင်းဘူး ....ဆိုးတယ်၊ သိပ်ဆိုးတယ်၊ ဂျင်နီဟာ မိန်းမယုတ်၊ ဂျင်နီကို သနားရင် မိန်းမကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားဖို့ အခွင့်ပေးပါ၊ ဒီတစ်ကြိမ်တော့ ဂျင်နီကို ခွင့်လွှတ်ပါ'

ဒေးဗစ်သည် မျက်နှာကို လွှဲထားသည်။ သူ့ရင်ထဲတွင် နာကျင်မှုဝေဒနာကို ပြင်းစွာခံစားရသည်။ သူ့အဖို့တော့ အလွန်ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခုပေတည်း။ သူသည် ရောဘတ်အား သူ့သားကလေး ဟူသောအထင်ဖြင့် နှလုံးသားထဲတွင် နှစ်ထားခဲ့၏။ အခုတော့...။ ဂျင်နီ၏ လုပ်ရပ်သည် ရက်စက်လှပါဘိသည်။

နောက်ဆုံးတွင် ဂျင်နီသည် အငိုတိတ်သွားသည်။ အတန်ကြာမျှ ငြိမ်ဆိတ်နေကြသည်။ ဒေးဗစ်က သက်ပြင်းရှည်ကြီးချသည်။

'ဒီအချိန်ကစပြီး ဒီကိစ္စကို နောက်ထပ် မပြောကြစတမ်းလို့ သဘောထားလိုက်တော့ ဂျင်နီ၊ မင်း မကျန်းမာလို့ မှားခဲ့တယ်လို့ပဲ သတ်မှတ်လိုက်မယ်၊ ဘာပဲဖြစ်ဖြစ် မင်း အခုလောလောဆယ် ဒီမှာမနေသင့်ဘူး၊ မင်း ဆပ်စ်ဆက်က ဒန်တီးစ်ဒေးလ်ရဲ့ ယာတောကို ခဏသွားနေရင် မကောင်းဘူးလား၊ မောင် စီစဉ်ပေးမယ်'

'ဆပ်စ်ဆက်က ယာတောမှာ သွားနေရမယ် ဟုတ်လား'

'ဟုတ်တယ်'

ဂျင်နီသည် ဝမ်းသာလွန်း၍ မျက်ရည်ကျပြန်သည်။

'မောင်ဟာ ဂျင်နီအပေါ်မှာ သိပ်ကိုကောင်းပါတယ်' ဟု ပြောကာ ဒေးဗစ်အားဖက်ထားသည်။

'မင်း ဟိုရောက်ရင် အရက်ကို လုံးဝမသောက်ပါဘူးလို့ ကတိပေးပါ'

'ဂျင်နီ ကတိပေးပါတယ် ဒေးဗစ်ရယ်'

'ကောင်းပြီ၊ ဒါဆိုရင် မင်းသွားဖို့ မောင် စီစဉ်ပေးမယ်'

* * * * *

## (၄၈)

ဇွန်လ လဆန်းပိုင်း၊ တစ်ရက်သောနံနက်တွင် ဒေးဗစ်သည် ဂျင်နီအား စင်ထရယ်ဘူတာကြီး မီးရထားပေါ်အထိ လိုက်၍တင်ပေးသည်။ ဂျင်နီအား ဝင်းရပ်ရှိသို့ စေလွှတ်ရသည့်ကိစ္စမှာ ချောမောလွယ်ကူသည်။ ဂရေ့စ်အနေဖြင့် ဂျင်နီအား လက်ခံထားရမည့်ကိစ္စကို ဝမ်းပန်းတသာ ကြိုဆိုသည်။ ဒေးဗစ်က အပတ်စဉ်



ထောက်ပံ့နိုင်သည့်ငွေ မလုံမလောက် ဖြစ်နေသည်ကိုလည်း ဂရေ့စ်က သိသည်။ ဂရေ့စ်၏ ပွင့်လင်းမှုကြောင့် ဒေးဗစ်သည် များစွာစိတ်ချမ်းသာခဲ့ရလေသည်။

ဂျင်နီကလည်း ယာတော၌ အပန်းဖြေရမည့်အရေးကိုတွေးကာ စိတ်လက်ကြည်နူးလျက်ရှိသည်။ အထူးသဖြင့် သူ့အား ဒေးဗစ်က အပြစ်မှ ခွင့်လွှတ်လိုက်ခြင်းအတွက် များစွာ စိတ်ချမ်းသာလျက်ရှိသည်။ သူ ထုတ်ဖော်ပြောလိုက်သည့် စကားသည် ဒေးဗစ်အတွက် အလွန်ပြင်းထန်သည့် ထိုးနှက်ချက်ကြီးတစ်ခု ဖြစ်သွားသည်ကိုမူကား သူ စဉ်းစားခြင်းမပြုခဲ့ပေ။ ထိုကဲ့သို့ မစဉ်းစားခြင်းမှာလည်း တခြားကြောင့်မဟုတ်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဒေးဗစ်က သူ့အား နောက်ထပ် မေးမြန်းခြင်း၊ စုံစမ်းခြင်း၊ နာနာကြည်းကြည်း ပြောဆိုခြင်း စသည်များကို မပြုလုပ်ခြင်းကြောင့် ဖြစ်သည်။

သူ့အနေဖြင့် သူ ဖွင့်ဟလိုက်သည့်စကားကြောင့် ဒေးဗစ်တွင် ဘယ်လိုမှ မခံစားရ ဟူသောအတွေးကိုပင် တွေးခဲ့သည်။ ဤသည်မှာ ဂျင်နီ၏အမှား ဖြစ်သည်။ တကယ်တော့ ဂျင်နီသည် ဒေးဗစ်၏ စိတ်နေသဘောထားနှင့် အကျင့်စရိုက်ကို ကောင်းစွာမသိခဲ့ပေ။ ထို့ကြောင့်လည်း သူ့နှလုံးသားထဲတွင် ဤကိစ္စနှင့်ပတ်သက်၍ ဒေးဗစ်သည် ပဟေဠိတစ်ခု ဖြစ်နေရုံမျှမက သရော်ရွှတ်ချစရာလူတစ်ယောက် ဖြစ်နေသည်။

ဂျင်နီသည် ရထားပြတင်းမှနေ၍ ဘူတာအစွန် အပေါ်ဘက်၌ ချိတ်ဆွဲထားသော နာရီကြီးကို လှမ်းကြည့်သည်။ 'ရထားထွက်ဖို့ အချိန်နီးနေပြီ' ဟု ရေရွတ်သည်။ ဒေးဗစ်အားဖက်၍ နှုတ်ဆက်ကာ ရထားတွဲပေါ်သို့ တက်သည်။ ဒေးဗစ်က နောက်မှနေ၍ ရထားတံခါးကို ပိတ်ပေးသည်။ ခရာမှုတ်သံတစ်ချက် ထွက်ပေါ်လာသည်။ ရထားသည် ဘူတာထဲမှ ဖြည်းဖြည်းချင်း ထွက်ခွာလာသည်။

နေ့ခင်း နှစ်နာရီတွင် ဂျင်နီသည် ရထားပြောင်းစီးရသည်။ ညနေလေးနာရီခွဲတွင် ဘမ်ဟမ်လမ်းခွဲဘူတာသို့ ရောက်သည်။ သူ့အား ဘူတာမှ လာကြိုနေသူမှာ ဒန်း ....။ ဒန်းသည် ကုန်တင်ကားဆန်ဆန် လုပ်ထားသည့် ဖို့ဒ်ကားလေးနှင့် လာကြိုခြင်း ဖြစ်၏။ ဒန်းမှာ ယခင်ကထက် ပို၍ထွားကျိုင်းကာ ကျန်းမာပျော်ရွှင်နေပုံရ၏။ သူသည် ဂျင်နီအား တရင်းတနှီး ဆီးကြိုနှုတ်ဆက်ကာ ဝင်းရပ်ရှိသို့ ကားနှင့်ခေါ်သွားသည်။

ဂရေ့စ်သည် ဂျင်နီ ရောက်လျှင်ရောက်ချင်း လက်ဖက်ရည်ပွဲဖြင့် သူကိုယ်တိုင် ဧည့်ခံသည်။ လယ်ယာထွက်ပစ္စည်း လတ်လတ်ဆတ်ဆတ်များဖြင့် ပြုလုပ်ထားသည့် မုန့်မျိုးစုံလည်း ပါသည်။ ဂျင်နီ၊ ဂရေ့စ်၊ ဒန်း၊ သမီးငယ်

ကာရိုလင်းနှင့် နို့စို့အရွယ် သားငယ်ကလေး ဒစ်ကာရီဒေါ်ခ်တို့သည် စားပွဲ၌ ရုပ်ပြုထိုင်ကာ တပျော်တပါး စားကြသောက်ကြသည်။

လက်ဖက်ရည် သောက်အပြီးတွင် ဂရေ့စ်က ဂျင်နီအား ယာခြံတစ်ခြံလုံးကို လိုက်ပြသည်။ သူတို့ယာခြံသည် ဧကလေးဆယ်သာ ရှိကြောင်း၊ အဘိုးကြီးမစ္စတာပါဘယ်ထံမှ ငှားထားခြင်း ဖြစ်ကြောင်း၊ သူနှင့် ဒန်းတို့သည် ဤယာလုပ်ငန်းကို ပင်ပန်းကြီးစွာ လုပ်ကိုင်ထူထောင်ခဲ့ကြရကြောင်း၊ အထူးသဖြင့် ကြက်မွေးမြူရေးလုပ်ငန်းမှာ အမြတ်နည်းသလောက် ပင်ပန်းလှကြောင်း စသည်ဖြင့် ရှင်းပြသည်။ အလုပ်ပင်ပန်းသော်လည်း သူ ပျော်ကြောင်း၊ ဒန်းအား နက်ပ်ကျွန်းကျောက်မီးသွေးတွင်း အလုပ်သမားဘဝမှ လွတ်မြောက်အောင် လုပ်ပေးနိုင်ခဲ့သဖြင့် ဝမ်းသာကြောင်း၊ ငွေကြေးအတွက်ကတော့ အရေးမကြီးဟုပင် သူ ယူဆကြောင်းများကိုလည်း ရိုးရိုးစင်းစင်း ပြောပြသည်။ ငွေနှင့်ပတ်သက်၍ ဂရေ့စ်၏ အမြင်သည် ဒေးဗစ်၏အမြင်နှင့် တူလျက်ရှိသည်။

ခရီးပန်းလာသော ဂျင်နီသည် ထိုညက အိပ်ရာစောစောဝင်ခဲ့သည်။ နောက်တစ်နေ့ နေထွက်ချိန်တွင် သူ နိုးသည်။ တောက်ပသောနေရောင်၊ စိမ်းမြသစ်ပင်များနှင့် နွားမတစ်ကောင်၏အော်သံ ....။ အားလုံးသည် ဂျင်နီ၏စိတ်ကို ကြည်လင်လန်းဆန်းစေသည်။ ပြီးတော့ သူ့အား လာနှိုးသူမှာ ဂရေ့စ်ငှားထားသည့် အိမ်ဖော်မကလေး ပက်ဂ်။ ရွာထဲမှ မိန်းကလေး ဖြစ်၏။ ပါးနှစ်ဖက်သည် ချယ်ရီပန်းသဖွယ် နီရဲနေသည်။ ပက်ဂ်သည် သူ့ထံသို့ လက်ဖက်ရည်တစ်ခွက် လာပို့ခြင်းပေတည်း။

လက်ဖက်ရည် သောက်အပြီးတွင် သူသည် ရေချိုးသည်။ အောက်ထပ်သို့ ဆင်း၍ ဂရေ့စ်တို့နှင့် နံနက်စာ စားသည်။ ပြီးတော့ ယာခြံထဲသို့ သူ့ဘာသာသူ လျှောက်ကြည့်သည်။ ဆယ့်တစ်နာရီထိုးချိန်တွင် ဂရေ့စ် မိသားစုနှင့်အတူ ပင်လယ်ကမ်းခြေသို့ လိုက်သွားသည်။ ဂျင်နီသည် ရေမကူးတတ်၍ ရေဆင်းမကူးသော်လည်း ဂရေ့စ်တို့မိသားစု တပျော်တပါး ရေကူးနေကြသည်ကိုကြည့်ကာ စိတ်ချမ်းသာခဲ့ရ၏။

အပြန်ခရီးတွင် ဂျင်နီသည် သူ့အတွေးနှင့်သူ နှုတ်ဆိတ်ကာ လိုက်ပါလာသည်။ ဤမျှအထိ ပျော်ရွှင်ကြည်နူးနေသော မိသားစုတွင် ဘာ့ကြောင့် ငွေသည် အဓိကမကျပါသနည်း။ သူတို့အဖို့ ငွေသည် ဘယ်အခန်းကဏ္ဍမှ ပါဝင်နေပါလိမ့် ....။ မိသားစုတစ်စုလုံး ကျန်းမာကြသည်။ လေကောင်းလေသန့်ကို ရှူကြရသည်။ ရေကူးစရာ ပင်လယ်ပြင် ရှိသည်။ ပြီးတော့ တောက်ပသည့် နေရောင်ခြည် ....။



နေ့လယ်စာ စားအပြီးတွင် သူသည် ဒေးဗစ်ထံ စာတစ်စောင်ရေးသည်။ စာကို သူကိုယ်တိုင် ဘမ်ဟမ်လမ်းခွဲဘူတာသို့ လမ်းလျှောက်သွားပြီး ထည့်သည်။ သူသည် အသွားရော အပြန်ပါ တစ်လမ်းလုံး ဂရေ့စ်တို့ မိသားစုအကြောင်းကို တွေးနေမိ၏။ သူသည် ဂရေ့စ်လို ဖြစ်လာနိုင်ပါ၏။ သို့သော်လည်း သူ့စိတ်က ဖြစ်လိုသောဆန္ဒ ရှိပါမှသာ ဖြစ်နိုင်ဖွယ်ရာရှိ၏။

နောက်တစ်နေ့ကျတော့လည်း ယာခြံသည် ယခင်နေ့ကအတိုင်းပင် ဖြစ်သည်။ နေရောင်သည် ကြည်လင်သာယာသည်။ တောက်ပသည်။ မြင်နေရသော ရှုခင်းသည် အံ့သြဖွယ်ရာ ဖြစ်သည်။ နောက်တစ်ရက်ကျတော့လည်း ထိုပုံစံအတိုင်းပင် ဖြစ်၏။ စနေနေ့ကျတော့ သူသည် ပင်လယ်ကမ်းစပ်သို့သွားထိုင်ကာ စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် သောက်သည်။ ဤနေရာသည် ဒန်းနှင့် ဂရေ့စ်တို့အတွက်ကတော့ အဖက်ဖက်တွင် ပြည့်စုံနေသည့်နေရာ ဖြစ်သည်။ သူ့အတွက်ကတော့ အနည်းငယ် ပျင်းစရာကောင်းနေသည်။

သူသည် ပင်လယ်ကမ်းခြေအပေါ်တွင်လည်း စိတ်မဝင်စား။ ကြက်စာကျွေးရခြင်းကိုလည်း မြင်ရုံမျှဖြင့် စိတ်ပျက်သည်။ ဝက်တွေကို မြင်ရပြန်တော့လည်း အော့နလုံးနာသည်။ စက်ဆုပ်သည်။ ရွံရှာသည်။ သူသည် ရင်ထဲ၌ ဟာနေသည်။ တစ်စုံတစ်ခုလိုနေသလိုလို ခံစားရသည်။

သူသည် ပင်လယ်ကမ်းစပ်မှထကာ ဘမ်ဟမ်ဘူတာဘက်သို့ လျှောက်လာခဲ့သည်။ ဆိုင်တစ်ဆိုင်သို့ဝင်၍ စီးကရက်တစ်ဘူးနှင့် သတင်းစာတစ်စောင် ဝယ်သည်။ ထို့နောက် မယ်ရီသော့ဟိုတယ်သို့ဝင်ကာ ပို့တ်ဝိုင် အရက်တစ်ဖန်ခွက် ဝယ်သောက်သည်။ သူသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ဒီလောက် ကျဉ်းမြောင်းကျပ်သပ်နေတဲ့နေရာကို ဘာကြောင့် ဟိုတယ်လို့ ခေါ်နေကြတာပါလိမ့်ဟု တွေးသည်။

သူသည် အိမ်ပြန်ရောက်သည့်အခါ သူ့အခန်းသို့ တန်းဝင်ပြီး သတင်းစာ ဖတ်သည်။ လန်ဒန်မြို့ထုတ်သတင်းစာ ဖြစ်၏။ သူသည် လန်ဒန်မြို့တော်ကြီးကို တမြတ်တနိုး ကိုးကွယ်သူ ဖြစ်သည်။ သူ့ဘဝတွင် လန်ဒန်ကို လေးခေါက်ရောက်ခဲ့ဖူး၏။ ရောက်တိုင်း လန်ဒန်ကို ပို၍ပို၍ ချစ်လာခဲ့၏။ သူသည် လန်ဒန် အထက်တန်းစားလောကမှ သတင်းများကို ဦးစားပေး ဖတ်သည်။ ပြီးတော့ ကြော်ငြာများ ....။ ကြော်ငြာအားလုံး စိတ်ဝင်စားစရာတွေချည်း ဖြစ်သည်။ အတွေ့အကြုံရှိသော အရောင်းစာရေး အမျိုးသမီးများ အလိုရှိသည် ဟူသောကြော်ငြာသည် သူ့အား ဆွဲဆောင်မှုအကောင်းဆုံး ....။ ထိုည အိပ်ရာဝင်သည့်အခါ ဂျင်နီသည် အတွေးပင်လယ်တွင် နစ်မျောလျက်ရှိလေသည်။

နောက်တစ်နေ့တွင် မိုးရွာလျက်ရှိ၏။ 'ဒုက္ခပါပဲ' ဟု ဂျင်နီက မိုးကိုကြည့်၍ ညည်းသည်။ သူသည် စိုစွတ်လွန်းသဖြင့် ဘုရားကျောင်းကို မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ မွန်းလွဲပိုင်း ဂရေ့စ် တရေးတမောအိပ်ချိန်တွင် ဒန်းသည် အလုပ်များလျက်ရှိသည်။ ထိုအချိန်တွင် ဂျင်နီ ရောက်လာသည်။ ဒန်းအား လှမ်း၍နှုတ်ဆက်ကာ ပေါင်များကို ကား၍ရပ်နေသည်။

ဒန်းက သူ့အား ပြန်၍နှုတ်ဆက်ကာ သူ့အမူအရာကို အကဲခတ်သည်။ ထို့နောက် စိတ်ဝင်စားဟန်မပြဘဲ သူ့အလုပ်သူ ဆက်လုပ်နေသည်။ ဂျင်နီသည် သူ့ရည်မှန်းချက် မထိရောက်သဖြင့် မျက်နှာပျက်သွားသည်။ ဒန်း၏မျက်လုံးများသည် သူ့မယား ဂရေ့စ်မှတစ်ပါး အခြားမိန်းမများကို မြင်ပုံမရပါတကား။ သူသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ မိုးရေအောက်မှာပင် လမ်းလျှောက်လာခဲ့သည်။

နောက်တစ်နေ့တွင်လည်း မိုးရွာလျက်ရှိသဖြင့် စိုစွတ်ထိုင်းမှိုင်းလျက်ပင် ရှိ၏။ ဂျင်နီ၏ မကျေနပ်မှုသည် တဖြည်းဖြည်းချင်း တိုးလာနေသည်။ ဤလို နေရာမျိုးတွင် သူ မည်မျှကြာကြာ သည်းခံ၍ နေနိုင်ပါမည်နည်း။ နောက်ထပ် နေရဦးမည့်ရက်မှာ ဆယ့်နှစ်ရက်မျှ ကျန်နေသေးသည်။ ဘယ်နည်းနှင့်မှ ရက်ပြည့် အောင် နေနိုင်မည်မဟုတ်။ သူသည် ဤယာတောသို့ ပို့ခဲ့သော ဒေးဗစ်ကို အပြစ် မြင်လာသည်။ မုန်းစိတ်ပင် ဝင်လာသည်။ 'ငါ့ကိုကျတော့ ဒီလိုနေရာမျိုး ပို့ထားပြီး သူကတော့ ဟိုမှာ ပျော်လို့ရွှင်လို့နေမှာပါ' ဟု တွေးသည်။

သူ့စိတ်သည် ဒေးဗစ်အား ဆန့်ကျင်လျက်ရှိသည်။ သူနှင့် ဒေးဗစ်တို့ ကြား၌ရှိနေသော အခြေအနေများကိုတွေးကာ မကျေမနပ် ဖြစ်လာသည်။ ဒေးဗစ် ၏ဒဏ်ကို သူ ဘယ်လောက်ကြာကြာ ခံနိုင်ပါမည်နည်း။ သူ့အနေဖြင့် လန်ဒန် သို့သွား၍ အလုပ်လုပ်မည်ဆိုပါက တစ်ပတ်လျှင် လေးပေါင်တော့ရမည်။ ပြီးတော့ သူသည် ဒေးဗစ်ကို နှစ်နှစ်ကာကာ ချစ်ခင်ခဲ့သည် မဟုတ်။

နောက်တစ်နေ့တွင် နေပြန်ထွက်လာသည်။ ကြည်လင်သာယာသောနေ့ ဖြစ်၏။ သို့တစေလည်း ဂျင်နီ၏မျက်နှာသည် မှုန်မှိုင်းလျက်ရှိ၏။ မရွှင်သော နှလုံးကြောင့် မပြုံးနိုင်သည့်မျက်နှာ ဖြစ်နေသည်။ ဂရေ့စ်ကတော့ မီးဖိုထဲတွင် အလုပ်များလျက်ရှိသည်။ သူသည် မကြာသေးခင်က ညှစ်ယူထားသော နွားနို့ လတ်လတ်ဆတ်ဆတ် တစ်ဖန်ခွက်ကို ဂျင်နီထံ သွားပို့သည်။

'ကိုယ်က နွားနို့ မကြိုက်ဘူး' ဟု ပြောကာ အခန်းထဲမှ ထွက်သွားသည်။ ခြံထဲ၌ ဟိုလျှောက်သည်လျှောက်လုပ်ကာ လမ်းသလားလျက်ရှိသည်။ ပန်းပွင့် များပေါ်၌ ပျံဝဲနေကြသော ပျားများ၏အသံကို သူ ကြားနေရသည်။ ဒန်းသည် ခြံထောင့်တစ်နေရာ၌ ထင်းခွဲလျက်ရှိသည်။ ရောက်စတုန်းကတော့ ဒန်း ထင်းခွဲ



နေသည်ကို ကြည့်ရသည်မှာ ကြည့်၍ကောင်းခဲ့၏။ အခုကျတော့ ထိုမြင်ကွင်း သည် မုန်းတီးစက်ဆုပ်စရာ ဖြစ်သွားခဲ့လေပြီ။

သူ့စိတ်သည် လန်ဒန်မြို့တွင်း၌ ရောက်နေသည်။ လမ်းများပေါ်၌ သွားလာ လှုပ်ရှားနေကြသည့် လူများ ...။ မော်တော်ကားသံများ ...။ ပြီးတော့ ...၊ ပြီးတော့ ...၊ ဂျင်နီသည် ဘမ်ဟမ်သို့သွားကာ သတင်းစာ ဝယ်သည်။ ဆိုင်ရှေ့၌ရပ်ကာ ကြော်ငြာများကို ပိုက်စိပ်တိုက်ဖတ်သည်။ အလုပ်တွေကတော့ အများကြီး ....။ မိမိအနေဖြင့် တစ်နေရာတော့ ခြေချနိုင်မည် ထင်၏။ သူသည် ချက်ချင်းပင် ဘူတာထဲသို့ဝင်ကာ လန်ဒန်သို့သွားမည့် မီးရထား အချိန်စာရင်းကို စုံစမ်းသည်။ အမြန်ရထားသည် ညနေလေးနာရီတိတိတွင် ထွက်လိမ့်မည်။

ဂျင်နီသည် ဆုံးဖြတ်ချက်ကို ချက်ချင်းချသည်။ ထိုနေ့မွန်းလွဲပိုင်း ဂရေ့စ် အလုပ်ရှုပ်နေခိုက်တွင် သူသည် သူ့ပစ္စည်းများကို လက်ဆွဲအိတ်တွင် ပြန်ထည့် ကာ ဘယ်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ တိတ်တဆိတ် လစ်ထွက်လာခဲ့သည်။ သူသည် ညနေလေးနာရီ မီးရထားဖြင့် လန်ဒန်သို့ ထွက်လာခဲ့လေ၏။

ဂျင်နီအား သွားခေါ်သည့် ဂရေ့စ်သည် အခန်းထဲ၌ လူရော ပစ္စည်းပါ မမြင်ရတော့သဖြင့် မီးဖိုခန်းထဲသို့ အပြေးအလွှား ဆင်းလာသည်။

'ဒန်း ....ဂျင်နီ မရှိတော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ'

ပေါင်မုန့်ကို ယိုသုတ်နေသော ဒန်းသည် တစ်ခဏမျှ ရပ်သွားသည်။

'သူ မနေချင်တော့လို့ နေမှာပေါ့' ဟု ပြန်ပြောသည်။

'ဟုတ်တယ်၊ ဂရေ့စ်တို့က သူ မကြိုက်တာ ဘာများလုပ်မိလို့ပါလိမ့်၊ စိတ်ရှုပ်စရာပဲ'

ဒန်းသည် ပေါင်မုန့်ကို ယိုဆက်သုတ်သည်။ ထို့နောက် တစ်ကိုက်မျှ ကိုက်၍ ဝါးလျက်ရှိသည်။

'ကိုယ်တော့ စိတ်မရှုပ်ဘူး ဂရေ့စ်၊ သူ့ကြည့်ရတာ သိပ်ပြီး ကောင်းမယ့် လက္ခဏာမရှိဘူး'

ထိုညတွင် ဒန်းသည် ဒေးဗစ်ထံ စာတစ်စောင်ရေးသည်။ ဂျင်နီသည် ရက်ပြည့်အောင် မနေတော့ဘဲ ပြန်သွားပြီဖြစ်ကြောင်း၊ ဒေးဗစ်ထံသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟု သူ မျှော်လင့်ကြောင်း ရေးထားသည့်စာ ဖြစ်သည်။

နောက်တစ်နေ့ ညနေခင်းတွင် ထိုစာသည် ဒေးဗစ်၏လက်ထဲသို့ ရောက် သည်။ သူသည် စာကိုဖတ်ကာ စိတ်မအေး ဖြစ်ရသည်။ ဂျင်နီသည် အခုအချိန်ထိ အိမ်သို့ ပြန်မရောက်သေး။ သူသည် ဂျင်နီ သွားကတည်းက သူ့အား ချက်ပြုတ် ကျွေးမွေးရန် ရောက်နေသည့် သူ့မိခင် မာသာအား လှမ်းကြည့်သည်။

မာသာကတော့ ဘာမှမပြော။ ထင်မြင်ချက်လည်း မပေး။ နှုတ်ပိတ်လျက်ရှိ၏။ ဒေးဗစ်အနေဖြင့် ဂျင်နီသည် ယနေ့ ရောက်မလာသော်လည်း မနက်ဖြန်ကျ ရောက်လာလိမ့်မည်ဟု တွေးသည်။ မကောင်းသည့်အရာများကို တွေ့မြင်သိရှိနေရသော်လည်း သူကတော့ ဂျင်နီကို ချစ်နေဆဲ ....။ ဘယ်နည်းနှင့်မဆို ဂျင်နီသည် ပြန်လာမည်မှာမလွဲဟု သူ တွက်သည်။

သို့သော်လည်း ဂျင်နီသည် ပြန်မလာတော့ချေ။

* * * * *

## (၄၉)

အန်တီကေရီသည် ရစ်ချတ်ဘားရပ်စ်၏ ဘီးတပ်ကုလားထိုင်ကို ဖြည်းဖြည်းသာသာကလေးတွန်းကာ စိမ်းလဲ့လဲ့ မြက်ခင်းပြင်ပေါ်ရှိ ငုပင်ကြီးခြေရင်းသို့ ပို့ပေးသည်။ အလွန်သာယာသောနေ့ဖြစ်၍ အပြင်ဘက်တွင် နွေးထွေးလျက်ရှိ၏။ ငုပန်းတို့သည် အဆုပ်လိုက် အခဲလိုက် ပွင့်နေကြသဖြင့် တစ်ပင်လုံး ဝါထိန်နေသည်။ အန်တီကေရီသည် ရစ်ချတ်၏ စိတ်နေသဘောထားကို သိနေသဖြင့် သူ့အတွက် လိုအပ်သည့်ပစ္စည်းများကို သတိထား၍ ယူလာခဲ့လေသည်။

ယခုအခါတွင် ရစ်ချတ်သည် အခြေအနေကောင်းသည့်ဘက်သို့ ရောက်လာသည်။ သူသည် စ၍ဖြစ်ပါပြီ ဆိုကတည်းက အိပ်ရာပေါ်မှ မထနိုင်၊ စကားလည်း မပြောနိုင်၊ သူ့တစ်ကိုယ်လုံးတွင် မျက်လုံးများသာလျှင် ရှင်သန်လျက်ရှိသည်။ သူ့အခန်းထဲ အန်တီကေရီ ဝင်သွားပြီဆိုပါက သူ့မျက်လုံးအစုံသည် အန်တီကေရီ၏နောက်မှ တကောက်ကောက် လိုက်နေတတ်၏။

ရစ်ချတ် ပြန်လည်နေကောင်းလာသည့်နေ့ကို အန်တီကေရီ မေ့၍မရ။ ထိုနေ့ကို သူ ကောင်းစွာ မှတ်မိနေသည်။ ရစ်ချတ်အား လေဖြတ်ပြီးနောက် သုံးလနှင့် တစ်ပတ်အကြာတွင် ဖြစ်သည်။ ထိုနေ့တွင် ရစ်ချတ်သည် အန်တီကေရီအား ပထမဆုံးအကြိမ် စကားပြောခဲ့သည်။ ရစ်ချတ်သည် ထိုစဉ်က အန်တီကေရီ၏ လှုပ်ရှားမှုများကို လိုက်ကြည့်နေရာမှ ....

'ကာရီလိုင်း' ဟု ခေါ်လိုက်ခြင်း ဖြစ်သည်။

အန်တီကေရီသည် မူးမေ့ပြီး သတိလစ်ကာ လဲကျသွားတော့မလို ဖြစ်သွားသည်။ သူသည် ရင်ဘတ်ကို လက်နှင့်ဖိကာ ပါးစပ်အဟောင်းသားဖြင့် ရစ်ချတ်အား ကြည့်နေမိ၏။ သားဦးကလေး၏နှုတ်မှ စကားပြောသံ ကြားလိုက်



ရသဖြင့် အံ့သြဝမ်းသာနေသည့် မိခင်တစ်ယောက်၏ မျက်နှာထားမျိုးဖြင့် ကြည့်နေခြင်း ဖြစ်သည်။

ထိုနေ့ ထိုအချိန်မှစ၍ ရစ်ချတ်သည် စကားပြန်ပြောလာသည်။ အန်တီကေရီသည် ရစ်ချတ်အား ယခင်ကထက် နှစ်ဆမျှပို၍ ဂရုစိုက်သည်။ အထူးသဖြင့် ကိုယ်လက်များ လှုပ်ရှားလာအောင်၊ စကားများများ ပြောလာအောင် အားပေးသမှုပြုသည်။ တစ်ခါတစ်ရံတွင် ရစ်ချတ်သည် အန်တီကေရီ ပေးထားသည့် ခဲတံဖြင့် စာရေးသည်။ ဘယ်ဘက်လက်ဖြင့် ရေးခြင်းဖြစ်၏။ စာလုံးများသည် ကျောင်းနေစ ကလေးငယ်တစ်ယောက်၏ လက်ရေးနှင့် တူလှချေသည်။

မေလ၏ သာယာကြည်လင်သော ဤနေ့တွင်လည်း အန်တီကေရီသည် ထုံးစံအတိုင်း ရစ်ချတ်အား ဤငုပင်အောက်သို့ လာပို့ခြင်း ဖြစ်သည်။ အန်တီကေရီကတော့ သူ့ဘေးမှရပ်ကာ စကားစမြည် ပြောလျက်ရှိသည်။

'ကျွန်မ ဟစ်လ်ဒါဆီက ဒီနေ့မနက် စာတစ်စောင်ရတယ် ရစ်ချတ်၊ သူ စာမေးပွဲအောင်တယ်တဲ့၊ သူ ဘာတွေရေးလိုက်သလဲဆိုတာ ပြောပြရမလား'

'ဟစ်လ်ဒါဟာ တော်တယ်၊ မင်းလည်း တော်တာပဲ၊ ပြီးတော့ ဟာရီးယက်လည်း တော်တယ်'

'ဟစ်လ်ဒါက ရေးတယ်၊ သူ လုပ်ကိုင်နေရတာ သိပ်ကို ပျော်တာပဲတဲ့၊ ကျွန်မ သူ့စာကိုဖတ်ပြမယ် နားထောင်' ဟု ပြောကာ အန်တီကေရီက စာကို ဖတ်ပြသည်။ စာကို ၁၉၂၀ ခု၊ မေလ ၁၄ ရက်ဟု ရက်စွဲတပ်ထားသည်။ ချယ်လ်ဆီးမှ ရေးလိုက်သောစာ ဖြစ်၏။ အန်တီကေရီက ဖြည်းဖြည်းကလေး ဖတ်ပြသည်။ စာဆုံးသွားသည့်အခါ ရစ်ချတ်၏နှုတ်မှ ထူးဆန်းသော စကားများ ထွက်လာသည်။

'ငါ့ကျတော့ ဘာစာမှမရဘူး၊ တစ်စောင်မှ မလာဘူး၊ အာသာ ဘယ်မှာလဲ၊ ဒီကောင်ဟာ အလွန်ဆိုးတဲ့ကောင် ....၊ အခု ဒီအကောင် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ ဘာတွေများ လုပ်နေလဲ ....၊ ငါ့စာရင်းစာအုပ်ရော ဘယ်မှာလဲ'

အန်တီကေရီက သူ ပေးထားသည့်စာအုပ်ကို ယူပေးသည်။

'စာအုပ်က ဒီမှာလေ' ဟု ပြောသည်။ ရစ်ချတ်သည် စာအုပ်ကို ဒူးပေါ်တင်ကာ စဉ်းစားလျက်ရှိသည်။ ထိုအခိုက်တွင် အိမ်စေမကလေး အင်သည် နွားနို့လာပို့သည်။ အင်သည် ရစ်ချတ်အား နဂိုကတည်းက ကြောက်သူဖြစ်၍ မျက်နှာကို မကြည့်ရဲ။ လင်ပန်းကို အန်တီကေရီ့လက်ထဲသို့ထည့်ကာ သုတ်သီးသုတ်ပျာ ပြန်သွားသည်။

ရစ်ချတ်သည် ချက်ချင်း ဒေါသထွက်လာသည်။ နွားနို့ကိုသောက်ရင်း ငြင်းသည်။

*'ဘာဖြစ်တာလဲ၊ ဘာပြုလို့ ဒီကောင်မလေးက အခုလို ထွက်သွားရတာလဲ၊* အာသာက ဘာပြုလို့ မလာတာလဲ၊ ဒီကောင် အခု ဘာလုပ်နေသလဲ၊ အခု ဒီကောင် ဘယ်မှာလဲ' စသည်ဖြင့် ရေရွတ်နေသည်။

'လာမှာပါ ရစ်ချတ်ရယ်' ဟု အန်တီကေရီက ချော့သည်။

'အာသာ အခု ကျောက်မီးသွေးတွင်းကို ရောက်နေတယ်၊ နေ့လယ်စာ ပြန်စားချိန်ကျရင် ရောက်လာမှာပေါ့'

'သူ ဘာတွေလုပ်နေသလဲ' ဟု မေးသည်။

'ဒီအကောင် ငါ မသိအောင် ဘာတွေဖုံးထားသလဲ'

'ဘာမှ ဖုံးမထားပါဘူး ရစ်ချတ်ရဲ့၊ သူ လုပ်သမျှ ရစ်ချတ်ကို အသိပေးနေတာပါ၊ ကဲ .... နွားနို့သောက်လိုက်ဦး'

'ဒီအကောင် ဘာမှ နားလည်တာ မဟုတ်ဘူး၊ ခေါင်းရှိတဲ့ကောင် မဟုတ်ဘူး၊ သူက ငါ့ကို ဒီမှာလာထားပြီး ထင်ရာတွေ လျှောက်လုပ်နေတာ၊ ဒီကောင် သတိမထားရင် ဒုက္ခရောက်လိမ့်မယ်၊ ငါ သူ့ကို စကားပြောမှဖြစ်မှာ'

'ပြောတာပေါ့ ရစ်ချတ်ရယ်'

ထိုအခိုက်တွင် အသံတစ်သံ ကြားရသည်။ ကားသံ ဖြစ်၏။ အလုပ်ခွင်မှ အာသာ ပြန်လာခြင်း ဖြစ်သည်။ ရစ်ချတ်သည် ကားသံကို ကြားရုံမျှဖြင့် အာသာ ပြန်လာခြင်းဖြစ်သည်ကို သိနေသည်။ သို့သော်လည်း မသိလေဟန် ဆောင်ထားသည်။

အာသာသည် မြက်ခင်းပြင်ပေါ်မှ ဖြတ်လျှောက်ကာ သူ့အဖေရှိရာ ငုပင်ကြီးဆီသို့ လာလျက်ရှိသည်။ သူသည် ရစ်ချတ်ဘေးနားအရောက်တွင် သူ့အဖေအား အလွန်ချိုသာသိမ်မွေ့စွာဖြင့် နှုတ်ဆက်သည်။

'နေကောင်းတယ် မဟုတ်လား အဖေ'

ရစ်ချတ်ဘားရပ်စ်ကတော့ အာသာအား မလိုလားသည့် မျက်နှာထားဖြင့် မော့ကြည့်သည်။

'မင်းက ဘယ်သွားပြီး ဘာတွေ လျှောက်လုပ်နေတာလဲ'

'ကျွန်တော် အခု ဂလုပ်တွင်းကို ရောက်ခဲ့တယ်၊ အခု ကျွန်တော်တို့ ကျောက်မီးသွေးကို ဂလုပ်တွင်းက တူးနေတာ'

'ဂလုပ်တွင်း....ဟုတ်လား'

'ဟုတ်တယ် အဖေ၊ အခုလောလောဆယ် ကျွန်တော်တို့ ကျောက်မီးသွေးတွင်းကို ဝယ်အားလျော့နေတယ်၊ ဈေးကလည်း တစ်တန်မှ ငါးဆယ့်ငါးသျှီလင်ပဲ ရတယ်'



'ဘာ...တစ်တန်ကို ငါးဆယ့်ငါးသျှီလင်ပဲရတယ်၊ ဟုတ်လား' ဟု ရစ်ချတ်က အလန့်တကြား ရေရွတ်သည်။

အလွန် မကျေနပ်သည့် အရိပ်အငွေ့များကို သူ့မျက်လုံးများက ဖော်ပြနေကြသည်။ သူသည် ချက်ချင်းပင် ရှုံ့မဲ့မဲ့ ဖြစ်လာသည်။

'ငါ ရောင်းတုန်းက တစ်တန်ကို သျှီလင်ရှစ်ဆယ် ရတယ်၊ မှားကုန်ပြီ၊ မင်း တလွဲတချော်တွေ လုပ်နေပြီ'

'မဟုတ်ဘူး အဖေ၊ ဈေးတွေကျနေတယ်'

'မဖြစ်နိုင်ဘူး၊ မင်း ဘာတွေလုပ်နေသလဲ၊ ငါ့ကို အမှန်အတိုင်းပြောစမ်း' အာသာက သက်ပြင်းချသည်။

'ကျွန်တော် အဖေ့ကို အရင်တစ်ခါကလည်း ရှင်းပြခဲ့ပြီးပြီ၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် လုပ်နေတယ်၊ လုပ်ငန်းမူဝါဒကိုလည်း သိမ်သိမ်မွေ့မွေ့ဖြစ်အောင် စီစဉ်ချမှတ်ထားတယ် အဖေ၊ လူတွေကို မျှမျှတတ ဆက်ဆံရင် သူတို့ဆီကလည်း ကောင်းသောတုံ့ပြန်မှုကို ရမှာပဲ'

ရစ်ချတ်သည် အာသာ၏စကားကို လက်မခံ၊ သူ၏ တုံ့ပြန်မှုသည် ပိုမို၍ ပြင်းထန်လာသည်။

'မဟုတ်ဘူး၊ မင်း ငါ့ငွေတွေကို အလဟဿ ဖြုန်းပစ်နေတာ၊ ငွေတွေကို အဆမတန် သုံးပစ်နေတာ၊ ငါ သိတယ်' ဟု ဒေါသတကြီး ပြောသည်။ သူ့လက်များသည် တုန်ယင်လာသည်။ မျက်ရည်များပင် စီးကျလာသည်။

'ကျွန်တော် ငွေကိုဖြုန်းနေတာမဟုတ်ဘူး အဖေ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ငွေအကုန်အကျခံပြီး လုပ်သင့်တဲ့ အလုပ်တွေကို လုပ်နေတာ'

ရစ်ချတ်ကတော့ လက်မခံ။

'ငါ မင်းကို သိပ်စိတ်ဆိုးတယ်၊ ငါ့ငွေတွေကို မဟုတ်ကဟုတ်က နေရာတွေမှာ သုံးပစ်တယ်'

'မဟုတ်ဘူး အဖေ၊ ကိုယ့်ကိုယ်ကို စိတ်ထိခိုက်အောင် မလုပ်ပါနဲ့၊ အဖေ့ ကျန်းမာရေးနဲ့ဆိုရင် အလုပ်ဒဏ်ကို ခံနိုင်မှာ မဟုတ်သေးဘူး၊ ဒါတွေကို မစဉ်းစားပါနဲ့'

'ငါက ဘာ့ကြောင့် မခံနိုင်ရမှာလဲကွ၊ မင်း ဘာတွေလာပြောနေတာလဲ၊ မင်းဟာ အရူးပဲ၊ လာမယ့်အပတ်မှာ ငါ အလုပ်ပြန်ဆင်းမယ်၊ ငါ ခံနိုင်သလား မခံနိုင်ဘူးလားဆိုတာ သိအောင်ပြမယ်၊ နားလည်လား'

'ဟုတ်ကဲ့ပါ အဖေ' ဟု အာသာက သိမ်သိမ်မွေ့မွေ့ ပြန်ပြောသည်၊

နေ့လယ်စာ အဆင်သင့်ဖြစ်နေပြီဟူသော အချက်ပေး ခေါင်းလောင်းသံ ကြားရသည်။ သူသည် အိမ်ထဲသို့ ဝင်လာခဲ့သည်။

ရစ်ချတ်ဘားရပ်စ်သည် အာသာအား မျက်စိအောက်မှ ပျောက်ကွယ်သွားသည်အထိ ကြည့်နေသည်။ ထို့နောက် သူ့မျက်နှာထားသည် ပြောင်းသွားသည်။ ကောက်ကျစ်စဉ်းလဲသည့် အရိပ်လက္ခဏာများ ပေါ်လာသည်။ သူသည် အန်တီကေရီအား တစ်ချက်မျှ မော့ကြည့်ပြီး သူ့မှတ်စုစာအုပ်ကိုထုတ်ကာ ခဲတံဖြင့် စာရေးသည်။

'နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို ကာကွယ်ရန်၊ ကျွန်ုပ်၏ဆန္ဒမပါဘဲ ငွေများ သုံးစွဲသည့်အတွက် စုံစမ်းစစ်ဆေးရန်၊ ကျွန်ုပ် ဦးစီးနိုင်ကြောင်း သိရှိရန် လိုအပ်သည်။ ကျွန်ုပ် အလုပ်ခွင်သို့ မလာနိုင်ဘဲ ယာယီ ပျက်ကွက်နေချိန်တွင် မတော်မတရား ပြုနေသူများအား မျက်ခြည်မပြတ် စောင့်ကြည့်ရမည်။'

စာရေးအပြီးတွင် သူ့စာကို ပြန်ဖတ်သည်။ အလွန် ကျေနပ်သွားသည့် အရိပ်အရွေ့များသည် သူ့မျက်နှာတွင် ယှက်သန်းလာသည်။ ထို့နောက် သူ့အား အိမ်ဘက်သို့ ပြန်ပို့ပေးရန် အန်တီကေရီအား အချက်ပြသည်။

* * * * *

## (၅၀)

ထိုနေ့မနက်တွင် ဒေးဗစ်သည် ဟာရီနူဂျင့်နှင့် တွေ့ရမည့်ကိစ္စကိုတွေးကာ အိပ်ရာမှ နိုးလာသည်။ ခါတိုင်းဆိုလျှင် သူ အိပ်ရာမှ နိုးလျှင်နိုးချင်း တွေးမိသည့်အတွေးမှာ ဂျင်နီအကြောင်း ဖြစ်သည်။ ဂျင်နီတစ်ယောက် ဘယ်ရောက်နေပါလိမ့်။ သူ မသိသော လောကအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခြင်းဖြစ်၍ သူ ရှာတွေ့နိုင်ဖို့မလွယ်။ ယနေ့မနက်မှာတော့ သူသည် ဟာရီအကြောင်းကိုသာ သတိရသည်။

သူသည် အိပ်ရာထဲမှ မထသေးဘဲ သူနှင့် နူဂျင့်တို့၏ မိတ်ဆွေဘဝကို ပြန်တွေးမိနေသည်။ ပြင်သစ်နိုင်ငံအတွင်းရှိ စစ်မြေပြင်၌ သူတို့ အတူတွဲ၍ တာဝန်ကျခဲ့ရသည်များကို သတိတရ ဖြစ်မိ၏။ ထိုစဉ်က သူနှင့် နူဂျင့်တို့သည် လေးလံလှသော လူနာထမ်းစင်ကိုမ၍ အကြိမ်ပေါင်းများစွာ ပြေးလွှားခဲ့ရသည် မဟုတ်ပါလား ....။ အကြိမ်ပေါင်းမည်မျှအထိ ရှိခဲ့သည်ကို ရေတွက်၍ပင် ရနိုင်ဖွယ်ရာ မရှိ။

အောက်ထပ် မီးဖိုခန်းထဲမှ သူ့အမေ၏ လှုပ်ရှားသံများ ကြားနေရ၏။



ဝက်သားကင်အနံ့ကိုလည်း သူ ရနေ၏။ သူသည် အိပ်ရာမှထကာ မုတ်ဆိတ်မွေး ရိတ်သည်။ မျက်နှာ ကပျာကယာ သစ်သည်။ အဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းလာသည်။ ရှစ်နာရီပင် မထိုးသေး။ သူ့အမေသည် ထုံးစံအတိုင်း အိပ်ရာမှ လွန်ခဲ့သော တစ်နာရီကျော်ကျော်ကတည်းက စော၍နိုးနေခြင်း ဖြစ်၏။ သူ့အတွက် နံနက်စာကိုပင် အသင့်ပြင်ထားပြီးနေပြီ။

'မင်္ဂလာနံနက်ပါ အမေ' ဟု ဒေးဗစ်က နှုတ်ဆက်စကားကို ဆိုကာ စားပွဲပေါ်၌ အသင့်တင်ထားပေးသည့် ဟာရဲထရီဗြွန်း သတင်းစာကို ကောက်ယူလိုက်သည်။ မာသာက ခေါင်းညိတ်၍ နှုတ်ဆက်သည်။ မာသာသည် ဘယ်တော့မှ 'မင်္ဂလာနံနက်ပါ၊ မင်္ဂလာညခင်းပါ' ဟု ပြောဆိုနှုတ်ဆက်လေ့မရှိ။ မာသာသည် စကားများများပြောသူ မဟုတ်။ စကားကို ဖြန်းတီးလေ့မရှိ။ ပြောပြီဆိုလျှင်လည်း အလွန် "တာ" သွားသည်။ မာသာသည် ဒေးဗစ်၏ ရှူးဖိနပ်ကို သွားယူကာ ဘရပ်ရှ်နှင့် တိုက်လျက်ရှိလေသည်။

ဒေးဗစ်သည် သတင်းစာ ကြည့်နေသဖြင့် မာသာ ဘာလုပ်နေသည်ကို မမြင်။ သူသည် အင်္ကျီလေအင်စတီကျူ ဖွင့်ပွဲဓာတ်ပုံထဲမှ နူဂျင့်၏ပုံကို ကြည့်နေရာမှ မျက်နှာကို ခွာလိုက်သည်။ ထိုအခါကျမှပင် သူသည် သူ့ရှူးဖိနပ်အား တိုက်နေသည့် သူ့အမေကို မြင်သည်။

'ကျွန်တော့်ဖိနပ်ကို မတိုက်ပါနဲ့လို့ ကျွန်တော် ပြောထားလျက်နဲ့ အမေရယ်'

မာသာကတော့ သူ့အလုပ်သူ ဆက်လုပ်နေသည်။ အတန်ကြာမှ ....

'ဒီဖိနပ်တွေကို အမြဲတမ်း ငါ တိုက်နေကျပဲ'

'တစ်ခုပဲရှိတယ်၊ အရင်က တစ်ရန်ပဲရှိတယ်၊ အခု ငါးရန်ရှိတယ်၊ ဒီအလုပ်ကို လုပ်နေကျအတိုင်း မလုပ်ဘဲ ရပ်ထားရမယ်ဆိုတာ မဖြစ်နိုင်ဘူး'

'ကျွန်တော့်ဘာသာ ကျွန်တော် လုပ်မယ် အမေ' ဟု ဒေးဗစ်က ပြောသည်။

'အခု ဒီမှာလာပြီး အေးအေးဆေးဆေး နံနက်စာ ထိုင်စားလှည့်စမ်းပါ အမေရယ်'

'တချို့လူတွေဟာ အလေ့အထကို ပြောင်းလို့မရဘူး ဒေးဗစ်၊ အဲဒီအထဲမှာ ငါလည်းပါတယ်'

ဒေးဗစ်သည် သူ့အမေအား စိတ်ရှုပ်သော မျက်နှာထားဖြင့် ကြည့်နေသည်။

'ကျွန်တော် ဒီနေ့ ဟာရီနူဂျင့်နဲ့ နေ့လယ်စာ စားရမယ် အမေ၊ အမေ နူဂျင့် အကြောင်း ကြားဖူးတယ် မဟုတ်လား၊ ဟာရီနူဂျင့် အမတ်လေ ....၊ သူဟာ ကျွန်

တော့်သူငယ်ချင်းပဲ၊ သူနဲ့ နေ့လယ်စာ စားဖို့ဆိုတာ လွယ်တာမဟုတ်ဘူး အမေ၊ ပြီးတော့ ဂုဏ်ယူရမယ့် ကိစ္စတစ်ခုပါ'

မာသာက ဒေးဗစ်အား မော့ကြည့်သည်။ သူ့မျက်နှာသည် ဒေးဗစ်၏ စကားအပေါ်တွင် အထင်အမြင် မကြီးသည့် လက္ခဏာကို ဖော်ပြနေသည်။ သူ့မိခင်၏ သဘောကို သိနေသော ဒေးဗစ်က စိတ်ပျက်ဟန်ဖြင့် သူ့အမေအား ပြန်ကြည့်နေသည်။

'အမေကတော့ ကျွန်တော် ဘာလုပ်လုပ် အထင်ကိုမကြီးဘူး၊ ကျွန်တော်က ဘာမှအကျိုးမရှိတဲ့ အလုပ်တွေကို လုပ်နေတဲ့လူ မဟုတ်ပါဘူး အမေရာ'

'အဲဒီလိုတော့ မဟုတ်ဘူး ဒေးဗစ်' ဟု မာသာက ပြန်ပြောသည်။

'အမေက မင်း လုပ်သမျှတွေအပေါ်မှာ တအား အထင်မကြီးနိုင်တာတစ်ခုပဲရှိတာပါ၊ ဆိုပါတော့ ....မင်းရဲ့ ကောင်စီအလုပ်နဲ့ နိုင်ငံရေးအလုပ်၊ ပြီးတော့ မင်း မကြာမကြာ ပြောပြောနေတဲ့ ပြည်သူပိုင်လုပ်ရေးဆိုတဲ့ကိစ္စ၊ ဒါတွေအပေါ်မှာ အမေက သိပ်ပြီး အထင်အမြင် မကြီးတာတော့အမှန်ပဲ ဒေးဗစ်'

နှစ်ဦးစလုံး ငြိမ်နေကြသည်။ ဒေးဗစ်သည် နောက်ထပ် ပြောစရာစကားကို စဉ်းစားနေသည်။

'ကျွန်တော် အမေ့ကို ပြောချင်တာတစ်ခု ရှိသေးတယ်' ဟု စကားစသည်။

'အင်း ....'

'အင်နီနဲ့ သူ့သားလေး ဆင်မီတို့ကိစ္စပဲ အမေ၊ ဆင်မီဟာ အတော့်ကို ချစ်စရာကောင်းပါတယ်၊ အင်နီကလည်း သူ့သားကို သိပ်ဂရုစိုက်ရှာတယ်၊ အဲဒီတော့ ဟိုတုန်းက ဖြစ်ခဲ့သမျှတွေကို မေ့လိုက်စေချင်တယ် အမေ၊ ဖြစ်နိုင်ရင် သူတို့သားအမိကို အမေ့ဆီ ခေါ်ထားပါလား၊ ကျွန်တော်ကတော့ ခေါ်ထားစေချင်တယ် အမေ'

စောစောက မသိမသာ ပြုံးနေသော မာသာ၏မျက်နှာသည် ချက်ချင်းပင် တည်ငြိမ်သွားသည်။

'ငါက ဘာ့ကြောင့် ခေါ်ထားရမှာလဲ' ဟု မေးသည်။

'ဆင်မီဟာ အမေ့မြေးပါ အမေ' ဟု ဒေးဗစ်က ဖြေသည်။

'တကယ်လို့သာ ဒီကလေးအပေါ်မှာ ကျွန်တော် မြင်သလို အမေမြင်ရင် သူ့ကိုချစ်မှာပါ၊ ပြီးတော့ အမေ အင်နီအကြောင်းကို စဉ်းစားကြည့်ပါ၊ သူဟာ အလွန် သဘောကောင်းပါတယ်၊ အခုဆိုရင် မေဆာကလည်း မကျန်းမာလို့ အိပ်ရာထဲလဲနေပြီ၊ အဲဒါတွေဟာ ....'

'အဲဒါတွေဟာ ငါနဲ့ ဘာဆိုင်သလဲ' ဟု မာသာက ဒေါသတကြီး ရေရွတ်



သည်။ ဒေးဗစ်သည် စိတ်ပျက်သွားသည်။ သူသည် သူ့အမေနှင့် ဆက်စကားပြော၍မဖြစ်ဟု သိလာသည်။ သူ့အမေသည် ခေါင်းမာသူ ဖြစ်၏။ ပြောလေဆိုးလေ ဖြစ်လာတတ်၏။ သူသည် ဘာမှ ထပ်မပြောတော့ဘဲ သတင်းစာကို ပြန်ဖတ်နေသည်။ ကိုးနာရီထိုးဖို့ ဆယ့်ငါးမိနစ်အလိုတွင် သူသည် သတင်းစာကို ခေါက်၍ စားပွဲပေါ် ပစ်တင်လိုက်ပြီး ကုတ်အင်္ကျီကိုဝတ်ကာ အပြင်သို့ ထွက်လာခဲ့လေသည်။

သူသည် ဘူတာဆီသို့ လျှောက်လာခဲ့သည်။ အအေးဓာတ် လွန်ကဲနေသည်။ လမ်းပေါ်တွင် မြူများဆိုင်းလျက်ရှိ၏။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းသို့ အလုပ်ဆင်းရန် သွားနေကြသော လူငယ် အလုပ်သမားများသည် ဒေးဗစ်အား တလေးတစား နှုတ်ဆက်သွားကြသည်။ မိမိအနေဖြင့် ဘဝင်မြင့်တတ်သူဆိုပါက အခုအချိန်သည် ဘဝင်မြင့်စရာ အကောင်းဆုံးအချိန်ဟုတွေးကာ ပြုံးလိုက်မိသည်။

သူသည် မြို့ပေါ်တွင် ထူးခြားထင်ရှားသည့် လူငယ်တစ်ယောက် ဖြစ်လာနေသည်မှာ အမှန်ပင် ဖြစ်၏။ ခရိုင်နယ်မြေအတွင်းမှာပင် လူသိများသူတစ်ဦး ဖြစ်လာနေသည်။ သို့သော်လည်း သူသည် မာန်မာနတက်ဖို့ မစဉ်းစား။ သူအပြင်ထွက်တိုင်း ကျောင်းအုပ်ကြီး စထရောသားက တလေးတစား နှုတ်ဆက်လေ့ရှိသည်ကို သတိရမိသည်။ စထရောသားသည် သူ့ကိုတွေ့လျှင် အလွန်အထင်အမြင်ကြီးပြီး ရိုသေလေးစားသည့် အမူအရာများကို ပြတတ်၏။

စထရောသားသည် ကောင်စီဘုတ်အဖွဲ့ဥက္ကဋ္ဌ ရာမက်ချ်အား သေမလောက်ကြောက်နေရသူ ဖြစ်သည်။ သူသည် ရာမက်ချ်က နိုင်ထက်စီးနင်း ဆက်ဆံပြောဆိုသမျှကို ခေါင်းငုံ့၍ခံနေရသူ ဖြစ်သည်။ ယခု ဒေးဗစ်က ရာမက်ချ်အား ဆန့်ကျင်လာသည့်အခါ သူသည် စိတ်ထဲကကျိတ်၍ လက်ခုပ်ဩဘာပေးလျက်ရှိသည်။ ဒေးဗစ်သည် သူ့အတွက် သူရဲကောင်းတစ်ယောက် ဖြစ်နေသည်။ ဟိုတစ်ချိန်ကတော့ စထရောသားသည် ဒေးဗစ်အား အောက်စည်း၍ထား၍ ဆက်ဆံခဲ့သူဖြစ်၏။ အခုတော့လည်း ပြောင်းပြန် ဖြစ်နေသဖြင့် ရယ်စရာပင်ကောင်းနေသည်။

ဒေးဗစ် ရုံးရောက်သည့်အခါ ဟက်ဒွန်း မရောက်သေး။ သူသည် တစ်နံနက်ခင်းလုံး အလုပ်လုပ်ရင်း အချိန်ကုန်သွားသည်။ ရုံးသို့ ဟက်ဒွန်း ရောက်လာသည့်အခါ ဆယ့်နှစ်နာရီခွဲနေပြီ။ သူ ရောက်လာပြီး မကြာခင်မှာပင် သူတို့သည် ဂရိန်းဂျားလမ်းအတိုင်းလျှောက်ကာ နေ့သင်အိစတင်း ဟိုတယ်သို့ လာခဲ့ကြသည်။ သူတို့ရောက်ပြီး အတန်ကြာမှပင် ဟာရီနူဂျင့်၊ ဒတ်ဂျီယွန်နှင့် ကလီမင့်ဘက်ဘင်တန်တို့ ရောက်လာကြလေသည်။

ဒေးဗစ်သည် ဟာရီနူဂျင့်အား လှိုက်လှိုက်လှဲလှဲ ဆီးကြိုသည်။ နူဂျင့်ကလည်း သူ့အား အဖော်နှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။

'ခင်ဗျားနဲ့ အခုလိုပြန်တွေ့ရတာ သိပ်ကိုဝမ်းသာတာပဲ' ဟုလည်း ပြန်ပြောသည်။

သူတို့လူစုသည် နေ့လယ်စာစားရင်း အာလာပသလ္လာပ ပြောကြသည်။ အထူးသဖြင့် အလုပ်သမားရေးနှင့် နိုင်ငံရေးအကြောင်းကို အများဆုံး ပြောဖြစ်ကြသည်။ ပြောသမျှ အကြောင်းအရာများထဲတွင် ကျောက်မီးသွေးတွင်း အလုပ်သမားများ၏ အရေးအခင်းများသည် သူတို့အတွက် စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်၏။

ကျောက်မီးသွေးတွင်းများနှင့် ပတ်သက်၍ မကြာသေးခင်ကမှ ထုတ်ပြန်လိုက်သော အစိုးရ အစီရင်ခံစာအကြောင်း ရောက်လာသည့်အခါ ဒေးဗစ်သည် ပို၍ စိတ်ဝင်စားလာသည်။

'သူ့အစီရင်ခံစာထဲမှာ ဆာဂျွန်ဆန်ကေးက ဘယ်လိုရေးထားသလဲဆိုတာ သိကြရဲ့လား' ဟု ဂျင်ဒတ်ဂျီယွန်က မေးသည်။

'ကျောက်မီးသွေးတွင်းနဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှကို အစိုးရက တာဝန်ယူပြီး ဦးစီးဆောင်ရွက်သွားသင့်တယ်လို့ သူက ဆိုထားတယ်၊ ဒီကိစ္စနဲ့ ပတ်သက်လို့ အောက်လွှတ်တော်ထဲမှာ မစ္စတာလွိုက်ဂျော့ ဘာတွေပြောခဲ့တယ်ဆိုတာ ခင်ဗျားတို့လည်း သိနေတာပဲ၊ ကျောက်မီးသွေး အရေးအခင်းတွေမှာ အစိုးရ ဝင်ရောက်စွက်ဖက်ရေး မူဝါဒကို လက်ခံမယ့်သဘော ပြောသွားတာပဲ မဟုတ်လား'

ဒတ်ဂျီယွန် စကားပြောနေခိုက်တွင် နူဂျင့်က ဒေးဗစ်၏မျက်နှာကိုကြည့်၍ အကဲခတ်နေသည်။ သူနှင့် ဒေးဗစ်သည် သဲအိတ်များ ကာရံထားသည့် ရှေ့တန်းစစ်မြေပြင် ကတုတ်ကျင်းများထဲ၌ စကားလက်ဆုံ ကျခဲ့သည်များကို ပြန်လည်သတိရနေသည်။ သူသည် သူ့ရင်ထဲ၌ရှိနေသည် သိချင်စိတ်ကို ဖုံးကွယ်မထားနိုင်။

'ပြည်သူပိုင်လုပ်ရေးဆိုတဲ့ မူဝါဒကို ခင်ဗျား အခုအချိန်ထိ အပြင်းအထန်သဘောကျနေတုန်းပဲလား' ဟု မေးသည်။

ဒေးဗစ် ပါးစပ်က အဖြေမပေးဘဲ ခေါင်းညိတ်ပြသည်။ စကားဝိုင်းသည် တစ်ခဏမျှ ငြိမ်ဆိတ်သွားသည်။ နူဂျင့်သည် ဒတ်ဂျီယွန်အား လှမ်းကြည့်သည်။ ထို့နောက် ဘက်ဘင်တန်အား မသိမသာ အကဲခတ်သည်။ နောက်ဆုံးတွင် သူ့မျက်နှာသည် ဒေးဗစ်ဘက်သို့ ပြန်လှည့်လာသည်။

'ကျွန်တော် ပြောစရာတစ်ခုရှိနေတယ် ဒေးဗစ်' ဟု နူဂျင့်က စကားစသည်။

'ကောင်စီအနေနဲ့ နယ်မြေသုံးခုကိုပေါင်းစပ်ပြီး ခရိုင်တစ်ခုဖွဲ့ဖို့ ဆုံးဖြတ်လိုက်တယ်၊ အခု အက်ဂျ်လေမှာ အသစ်ဖွင့်လိုက်တဲ့ဌာနဟာ ဌာနချုပ် ဖြစ်သွားလိမ့်မယ်၊ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ မြောက်ပိုင်း သတ္တုတွင်း အလုပ်သမား



များ အသင်းကြီးအတွက် တကယ် အလုပ်လုပ်မယ့် အထွေထွေ အတွင်းရေးမှူးတစ်ယောက် ရချင်တယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်အားထက်သန် တက်ကြွတဲ့ လူငယ်လူရွယ်တစ်ယောက်ကို ရမှဖြစ်မှာ၊ ကျွန်တော်တို့ ခင်ဗျားနဲ့ စကားပြောဖို့ ချိန်းခဲ့တာဟာ အဲဒီကိစ္စပဲ၊ အဲဒီရာထူးကို ခင်ဗျား လက်ခံစေချင်တယ်'

ဒေးဗစ်သည် အံ့အားသင့်လျက်ရှိသည်။ မမျှော်လင့်သော ကမ်းလှမ်းမှုတစ်ခု ဖြစ်သဖြင့် သူသည် တအံ့တသြဖြစ်လျက်ရှိ၏။ အတန်ကြာမှ ....

'ခင်ဗျား ဆိုလိုတာက အဲဒီရာထူးအတွက် ကျွန်တော်က လျှောက်လွှာတင်ရမှာလား'

နူဂျင့်က ခေါင်းယမ်းသည်။

'ခင်ဗျားနာမည်နဲ့ တခြားလူသုံးယောက်အမည်ကို ပြီးခဲ့တဲ့အပတ်ထဲကပဲ ကော်မတီကို တင်ပြီးပြီ၊ ကျွန်တော်တို့ဟာ ကော်မတီပဲ၊ ခင်ဗျားက အတွင်းရေးမှူးအသစ်ပဲ'

ပြောပြောဆိုဆို ဒေးဗစ်၏လက်ကို လှမ်းဆွဲသည်။ ဒေးဗစ်ကလည်း အမှတ်တမဲ့ပြန်ဆွဲကာ ဆုပ်ကိုင်ထားသည်။

'ဒါပေမဲ့ ဟက်ဒွန်းက ရှိသေးတယ်၊ စဉ်းစားမယ်ဆိုရင် သူ့ကို ....' ဟု ပြောကာ ဒေးဗစ်က ဟက်ဒွန်းအား လှည့်ကြည့်သည်။ ထိုရာထူးကို ဟက်ဒွန်းအားပေးပါက ပို၍ သင့်တော်မည်ဟု သူ ထင်မိသည်။

'ဟက်ဒွန်းက ခင်ဗျားနဲ့ အသင့်တော်ဆုံးလို့ ထောက်ခံထားတယ်' ဟု နူဂျင့်က ပြောသည်။

ဟက်ဒွန်း၏ မျက်လုံးများသည် ဒေးဗစ်အား စေ့စေ့စပ်စပ် ကြည့်နေသည်။

'ငါနဲ့ မကိုက်ဘူးဆိုတာ မင်း သိသင့်တယ်၊ သူတို့ လိုချင်တာက လူငယ်လူရွယ်တစ်ယောက် ....၊ မင်းလည်း ကြားသားပဲ၊ ငါက ရပ်ဒ်လမ်းမှာပဲ တောက်တဲ့ကပ်သလို ကပ်နေပြီ၊ အဲဒီနေရာကလွဲပြီး ငါ ဘယ်ကိုမှ သွားလို့မဖြစ်တော့ဘူး'

ဘက်ဘင်တန်သည် သူ့လက်ပတ်နာရီကို ကြည့်သည်။

'ရထားက သုံးနာရီထွက်မှာ၊ ရထားမမီမှာ စိုးရတယ်'

သူတို့အားလုံး ထိုင်ရာမှထကာ ဘူတာရုံသို့ လျှောက်ခဲ့ကြသည်။ ဘူတာပလက်ဖောင်းပေါ် မရောက်မီ နူဂျင့်သည် နောက်ချန်နေရစ်ခဲ့ပြီး ဒေးဗစ်၏လက်ကို ဆွဲဆုပ်ထားသည်။

'ဒါဟာ ခင်ဗျားအတွက် အခွင့်ကောင်းတစ်ခုပါ၊ အဲဒီတော့ ဒီအခွင့်ကောင်းကို ယူစေချင်တယ်၊ ခင်ဗျား ဘယ်လောက်အထိ အစွမ်းအစရှိတယ်ဆိုတာကို ကျွန်တော်တို့က စောင့်ကြည့်နေကြမှာပါ'

မီးရထားဘေး၌ ရပ်နေသော ဓာတ်ပုံဆရာသည် ဂျင်ဒတ်ဂျီယွန်အား ဓာတ်ပုံရိုက်လိုက်သည်။

'အလုပ်ကတော့ စပြီ' ဟု သူက ဒေးဗစ်အား လှမ်းပြောသည်။

'ဒီနေ့အဖို့ သတင်းထောက်တွေက ကျွန်တော့်ကိုမိတာ ဒါ ဒုတိယအကြိမ်ပဲ'

ဟာရီနွဂျင့်ကတော့ ဘာမှဝင်မပြော။ ရထားထွက်သွားသည့်အခါ ဒေးဗစ်သည် ဟက်ဒွန်းနှင့်အတူ ဘူတာစင်္ကြံ ပလက်ဖောင်းပေါ်၌ရပ်ကာ မျှော်ကြည့်ကျန်ရစ်ခဲ့လေသည်။

* * * * *

(၅၁)

ဖေဖော်ဝါရီလဆန်းတွင် အာသာသည် မော်ဆန်၊ ဂိုလန်အင်ကုမ္ပဏီနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခဲ့သည်။ ကျောက်မီးသွေး တူးဖော်သည့်လုပ်ငန်းသည် ယခင်ကလိုမကောင်း။ အခြေအနေသည် တစ်မျိုးပြောင်းလျက်ရှိ၏။ လွန်ခဲ့သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံခြားသို့ တင်ပို့နေရသည့် ကျောက်မီးသွေးတန်ချိန်သည် သိသိသာသာ ကျဆင်းသွားခဲ့သည်။ ဂျာမနီနိုင်ငံမှ ထွက်ရှိသော ကျောက်မီးသွေးသည် ဈေးကွက်တွင် ပိုမို၍ အရောင်းတွင်ကျယ်လာခြင်းကြောင့် ဖြစ်သည်။

အထူးသဖြင့် ယခင်က အာသာတို့၏ ဖောက်သည်ဖြစ်ခဲ့သော ပြင်သစ်နိုင်ငံသည် ဂျာမနီနိုင်ငံမှ ဈေးပေါသော ကျောက်မီးသွေးကို ပို၍ ကြိုက်နှစ်သက်သည်။ အာသာ၏ နက်ပ်ကျွန်း ကျောက်မီးသွေးများသည် အလွန် ကောင်းမွန်သည်မှာ မှန်သော်လည်း ဈေးကကြီးနေသည်။ ဤအခြေအနေတွင် အမေရိကန်နိုင်ငံသည် ဥရောပဈေးကွက်အတွင်းသို့ သူ့ပစ္စည်းများ တင်ပို့ရောင်းချလာသည်။ ဗြိတိန်နိုင်ငံအဖို့ အလွန်အင်အားကြီးသော စီးပွားရေးပြိုင်ဖက် နိုင်ငံတစ်နိုင်ငံနှင့် ထိပ်တိုက်ရင်ဆိုင်နေရခြင်း ဖြစ်လေသည်။

အာသာသည် လူအ၊ လူမိုက်တစ်ယောက် မဟုတ်ပေ။ သူသည် ဥရောပဈေးကွက်၌ ဗြိတိသျှ ကျောက်မီးသွေးများ ယခင်ကလောက် မတွင်ကျယ်တော့မည့်အဖြစ်ကို ကြိုတင်၍မြင်သည်။ ထို့ကြောင့်လည်း သူ့ကျောက်မီးသွေးများကို ပြည်တွင်းဈေးကွက်၌ တွင်ကျယ်စွာ ရောင်းလာနိုင်အောင် စီမံခဲ့သည်။

ယခု ရလာသည့် မော်ဆန်ဂိုလန် ကန်ထရိုက်သည် ၁၉၁၈ ခုနှစ်က နက်ပ်ကျွန်းကျောက်မီးသွေးလုပ်ငန်းမှ ပစ္စည်းများ မှာယူခဲ့ခြင်းကို အကြောင်းပြု၍



တုံ့ပြန်သည့်သဘောဖြင့် ရလာသော ကန်ထရိုက်လုပ်ငန်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဤကဲ့သို့သော ကန်ထရိုက်လုပ်ငန်းကိုရခြင်းသည် နက်ပ်ကျွန်းကျောက်မီးသွေးတွင်းအတွက် အောင်မြင်မှုတစ်ခုပင် ဖြစ်၏။

ထိုနေ့နံနက်တွင် အာသာသည် များစွာ ဝမ်းသာကြည်နူးလျက်ရှိသည်။ သူ၏အခြေအနေကိုကြည့်ကာ အမ်းစထရောင်းကလည်း ဝမ်းသာလျက်ရှိသည်။

'အမှန်တော့ ဒီဂိုလန် ဆိုတဲ့လူက မစ္စတာအာသာရဲ့အဖေနဲ့ ကျုပ်လက်အောက်မှာ တွင်းတူးအလုပ်သမား လုပ်သွားခဲ့တဲ့ လူပါဗျာ' ဟု အမ်းစထရောင်းက ပြောသည်။

'ဟာ ....အဲဒါကိုတော့ သူ့ကို ပြန်သတိရအောင်လုပ်လို့ မဖြစ်ဘူး၊ သူ ဒီနေ့ ဆယ်နာရီမှာ လာလိမ့်မယ်၊ ကျွန်တော်တို့ စာချုပ်လက်မှတ်ထိုးကြတဲ့အခါ ကျရင်တော့ ခင်ဗျားကို သက်သေအဖြစ် ထားရလိမ့်မယ်' ဟု အာသာက ပြောသည်။

'ရပါတယ်လေ၊ ဂိုလန်ဆိုတဲ့လူကတော့ အခုဆိုရင် တိုင်နီကပ်ဆဲလ်မြို့မှာ အသံအကျယ်ဆုံးလူ ဖြစ်နေပြီပဲ' ဟု အမ်းစထရောင်းက ပြောသည်။

'မော်ဆန်နဲ့သူက ရသမျှကို တစ်ဝက်စီ ခွဲယူနေကြတာ လူတိုင်းသိနေတာပဲ'

'ဟုတ်တယ်၊ ဂိုလန်က လုပ်ငန်းတွေ တိုးချဲ့နေတယ်၊ ကျွန်တော်တို့ အခု ကန်ထရိုက်ကိုရတာဟာ အဲဒါကြောင့်ပဲ'

အမ်းစထရောင်းသည် စာချုပ်ကိုယူ၍ အသေအချာဖတ်သည်။ သူသည် အာသာအား မော့မကြည့်ဘဲ 'စာချုပ်ထဲမှာ ပဋိညာဉ်ပျက်ကွက်ရင် ဘယ်လို ဆုံးရှုံးမှုမျိုးနဲ့ ရင်ဆိုင်ရလိမ့်မယ်ဆိုတဲ့အချက် ပါနေပါလား' ဟု ရေရွတ်သည်။

'ဒါက ထုံးစံပဲ၊ ပါရမှာပေါ့'

'ခင်ဗျားအဖေကတော့ အဲဒီအပိုဒ်မျိုးပါလာရင် လုံးဝ လက်မခံဘူး'

အာသာသည် သူ့အဖေ လက်ထက်က လုပ်ပုံကိုင်ပုံကိုကြားတိုင်း နားမခံနိုင်အောင် ဖြစ်ရ၏။

'ဒီခေတ်မှာ ရွေးစရာလမ်း မရှိဘူးဗျ၊ ဒီလိုပဲ လုပ်ကြရမှာပဲ၊ လေးလကန်ထရိုက်စာချုပ်ကို မပျက်ကွက်အောင်လုပ်ဖို့ အချိန်ကာလက ခြောက်လတောင် ရှိနေတာပဲ၊ အရေးကြီးတာက ဒါ မဟုတ်ဘူး၊ ကျွန်တော်တို့မှာ အမြဲတမ်းအလုပ်ရှိနေဖို့ပဲ' ဟု ပြန်ပြောသည်။

'မှန်ပါတယ် ခင်ဗျာ' ဟု အမ်းစထရောင်းက ပြောသည်။

'ကျွန်တော်က တွေးမိတာကို ပြောတာပါ၊ ဒါပေမဲ့ အလုပ်သဘောကို မစ္စတာအာသာက ပိုပြီးသိမှာပါ'

ရုံးဝင်းထဲသို့ ဝင်လာသော မော်တော်ကားသံ ကြားရသည်။ အာသာသည် ပြတင်းပေါက်သို့သွားရပ်ကာ အပြင်သို့ လှမ်းကြည့်သည်။

'ဂိုလန်တော့ ရောက်လာပြီ' ဟု ရေရွတ်သည်။

တစ်မိနစ်ခန့်အကြာတွင် ဂျိုးသည် ရုံးခန်းထဲသို့ ဝင်လာသည်။ တခမ်းတနား ဝတ်စားဆင်ယင်ထားသော ဂျိုးသည် အာသာ့ထံသို့ လျှောက်သွားကာ လက်ဆွဲ၍ နှုတ်ဆက်သည်။ အမ်းစထရောင်း၏ လက်ကိုလည်း တရင်းတနှီး ဆွဲခါနေသည်။

'ကျောက်မီးသွေးတွင်းကို အခုလို တစ်ခေါက်ရောက်လာရတာ ကျွန်တော် သိပ်ဝမ်းသာပါတယ်၊ ခင်ဗျား မှတ်မိချင် မှတ်မိမှာပါ၊ ကျွန်တော် လူငယ်ဘဝ တုန်းက ဒီတွင်းမှာ အလုပ်သမားတစ်ယောက် လုပ်ခဲ့ဖူးပါတယ် မစ္စတာအာသာ'

အာသာသည် ဂျိုး၏ ပွင့်လင်းရိုးသားစွာ ပြောဆိုဆက်ဆံခြင်းကို စိတ်ထဲကကျိတ်၍ သဘောကျနေသည်။ ဂျိုး၏ ဘဝမမေ့ခြင်းနှင့် သဘောထားကြီးခြင်းတို့ကိုလည်း များစွာ အံ့သြချီးမွမ်းနေမိသည်။

'ဟုတ်ပါတယ် မစ္စတာအာသာ၊ ကျွန်တော်ဟာ အဲဒီအချိန်က ဟောဒီ မစ္စတာ အမ်းစထရောင်းရဲ့ လက်အောက်မှာပါ၊ ပထမဆုံး တွင်းထဲဆင်းတဲ့အလုပ်ကို သူ့ဆီက သင်ယူခဲ့ရတာပါ၊ ကျွန်တော် ပထမဆုံးရတဲ့ငွေဟာ ခင်ဗျားရဲ့အဖေ မစ္စတာရစ်ချတ်ဘားရပ်စ်ဆီကပါ မစ္စတာအာသာ၊ ကျွန်တော့်ဘဝမှာ ပထမဆုံး ရခဲ့တဲ့ငွေဟာ ခင်ဗျားအဖေရဲ့ငွေပါ'

ဂျိုးသည် စားပွဲတွင် ဝင်ထိုင်သည်။

'ကျွန်တော်ကတော့ ဒီတွင်းနဲ့ ကန်ထရိုက်စာချုပ် လုပ်ရတာ သိပ်ဝမ်းသာတယ်၊ ဒီတွင်းအပေါ်မှာ သံယောဇဉ်မကင်းဖြစ်နေလို့ အခုလို ဝမ်းသာရတာလား တော့ မပြောတတ်ပါဘူး၊ ပြီးတော့ အခု ခင်ဗျား ဒီတွင်းမှာ လုပ်ကိုင်နေတာတွေကိုလည်း သိပ်ပြီးသဘောကျတယ် မစ္စတာအာသာ'

အာသာက ပြုံးသည်။

'ကျွန်တော်တို့ကလည်း ဒီကန်ထရိုက်စာချုပ် ချုပ်နိုင်တဲ့အတွက် အလွန်ကိုဝမ်းသာနေကြပါတယ် မစ္စတာဂျိုး' ဟု အလိုက်သင့် ပြန်ပြောသည်။

ဂျိုးသည် စားပွဲပေါ်ရှိ စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိပြီးဖွာသည်။

'လာမယ့်လထဲမှာ ကျွန်တော်တို့လည်း လုပ်ငန်းတစ်ခု တည်ထောင်ဖို့ စီစဉ်နေကြတယ်'

'ကုမ္ပဏီထောင်မှာလား'



'ဒါပေါ့ဗျာ၊ ကုမ္ပဏီပေါ့၊ အချိန်တန်နေပြီဆိုတော့ လုပ်ကြရမှာပေါ့'

'ကဲ ....ကျွန်တော်တို့ ကန်ထရိုက်စာချုပ်ကိစ္စ ဆွေးနွေးကြရအောင်လား' ဟု အာသာက ပြောသည်။

'လုပ်ပါ မစ္စတာအာသာဘားရပ်စ်၊ ကျွန်တော်ကတော့ အဆင်သင့်ပါပဲ၊ အလုပ်နဲ့ ပတ်သက်လာရင် ကျွန်တော်က ဘယ်တော့မှ အချိန်ဆွဲတတ်တဲ့လူ မဟုတ်ပါဘူးခင်ဗျာ'

'ကျွန်တော့်ဘက်က ပြောစရာတစ်ချက် ရှိနေပါတယ်၊ ပျက်ကွက်ရင် လိုက်နာရမယ့် စည်းကမ်းနဲ့ ပတ်သက်တဲ့အချက်ပါ'

'ဟုတ်ကဲ့ ပြောပါ'

'ကျွန်တော်တို့ဘက်က ကန်ထရိုက်စာချုပ်အတိုင်း မပျက်မကွက် လိုက်နာနိုင်လိမ့်မယ်ဆိုတာ သံသယမရှိပါဘူး'

ဂျိုးက ပြုံးသည်။

'ဒီလိုဆိုရင်လည်း အဲဒီအချက်အတွက် ပူစရာ ဘာလိုသလဲဗျာ'

'ကျွန်တော် စိတ်မပူပါဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ဘက်က ဈေးချပေးထားရုံ မကဘူး၊ ယာရိုးအထိ ပို့ပေးရမှာဆိုတော့ ဒီအပိုဒ်ကို ဖြုတ်ပစ်ရင် သင့်တော်မယ်လို့ ထင်မိပါတယ်'

ဂျိုးကတော့ အပြုံးမပျက်။

'ဒါက ဒီလိုပါ၊ ကျွန်တော်တို့ဘက်ကလည်း ကိုယ့်အကျိုးစီးပွားကို ကာကွယ်ရမှာက ရှိပါသေးတယ် မစ္စတာအာသာဘားရပ်စ်၊ ကျွန်တော်တို့က ကျောက်မီးသွေး လိုချင်တယ်ဆိုတော့ ကျောက်မီးသွေးရဖို့ သေချာအောင် လုပ်ထားတဲ့ သဘောပါ၊ ကျွန်တော်တို့ဘက်က ကျွန်တော်တို့အလုပ်ကို ကျေပွန်အောင်လုပ်ဖို့နဲ့ ခင်ဗျားတို့ဘက်က ခင်ဗျားတို့တာဝန်ကို မပျက်မကွက်လုပ်နိုင်ဖို့ စီစဉ်ထားရတာပါ၊ တကယ်လို့ အဲဒီအချက်ကို ခင်ဗျားတို့ဘက်က လက်မခံနိုင်ဘူးဆိုရင်တော့လည်း ကျွန်တော်တို့ ဒီကိစ္စကို ....'

'အဲဒီလိုလည်း မဟုတ်ပါဘူး' ဟု အာသာက ကပျာကယာ ပြန်ပြောသည်။

'ရပါတယ် ...ကိစ္စမရှိပါဘူး၊ ဒီအချက်ပါမှ ဖြစ်မယ်လို့ ခင်ဗျားတို့ဘက်က ထင်နေရင်လည်း ကျွန်တော် သဘောတူရမှာပေါ့'

အာသာသည် ကန်ထရိုက်အလုပ် ဆုံးရှုံးသွားမည်ကို စိုးရိမ်နေသည်။ ထိုအပိုဒ်ကို စာချုပ်ထဲ၌ ထည့်ထားသည်မှာ လွန်သည်ဟုတော့ မဆိုသာ။ အခုလို စီးပွားကျနေချိန်တွင် ဘာပဲလုပ်လုပ် စီးပွားရေးလုပ်ငန်း မှန်သမျှတွင် ခိုင်မာသေချာအောင် လုပ်ထားဖို့က အရေးကြီးသည် မဟုတ်ပါလား။

ဂျိုးသည် သူ့အိတ်ကပ်တွင် ချိတ်ထားသည့် ရွှေဖောင်တိန်ကို ထုတ်ယူကာ စာချုပ်ကို လက်မှတ်ထိုးသည်။ တစ်ချိန်က သူ့အား အော်ဟစ်ကြိမ်းမောင်းပြီး ဆဲဆိုခဲ့သော အမ်းစထရောင်းသည် ဂျိုး လက်မှတ်ထိုးနေသည်ကို ကြည့်ကာ တအံ့တဩ ဖြစ်နေသည်။ ထို့နောက်တော့ ဂျိုးသည် အာသာတို့အား တရင်းတနှီး နှုတ်ဆက်ကာ တိုင်နီကပ်ဆဲလ်သို့ ပြန်သွားခဲ့လေသည်။

ဂျိုး ပြန်သွားသည့်အခါ အာသာသည် သူ့စားပွဲ၌ထိုင်၍ စာချုပ်ကိစ္စကို တွေးပြီး စိတ်ပူလျက်ရှိသည်။ ကိစ္စတစ်ခုကို ဆုံးဖြတ်ပြီးတိုင်း တွေး၍ သောက ရောက်ရသည်မှာ အာသာ၏အကျင့် ဖြစ်၏။ သူသည် ဂျိုးကိုလန်အား အပေါ်စီး ရအောင် လုပ်ပေးလိုက်မိပြီလား ....။ အကယ်၍ ကန်ထရိုက်စာချုပ်အတိုင်း မလုပ် ပေးနိုင်ဘဲ မိမိဘက်မှ ပျက်ကွက်ခဲ့ပါမူ မည်သို့ဖြစ်လာနိုင်မည်နည်း။

မည်သို့ပင်ဖြစ်စေ ကန်ထရိုက်စာချုပ်အတွက် အလုပ်လုပ်လာသည့်အခါ များစွာထိရောက်သည်ကို တွေ့ရ၏။ အာသာသည် သောကများကို မေ့သွား သည်။ သူ လိုချင်နေသည့်ပုံစံအတိုင်း ဖြစ်လာသဖြင့် များစွာ ဝမ်းသာအားတက် နေသည်။ ***"လူတိုင်း အလုပ်ရှိရမည်။ တရားမျှတစွာ ပေးအပ်ထားသော အလုပ် ဖြစ်ရမည်။ ထိုက်တန်သောလုပ်ခ ဖြစ်ရမည်။ မျှတသောအမြတ်ကို ရရှိရမည်"*** ဟူသော အချက်များသည် သူ့မူဝါဒတွင် ပါဝင်နေသည့်အချက်များ ဖြစ်ပေသည်။

ထိုညက သူ အိမ်ပြန်ရောက်သည့်အခါ ကျောက်မီးသွေးတွင်း၌ နေ့ဆိုင်း ညဆိုင်းခွဲ၍ အဆက်မပြတ် အလုပ်ရှိနေပြီဖြစ်ကြောင်း သူ့အဖေအား ပြောပြသည်။ သူ့အဖေကတော့ သူ့စကားကိုမယုံ။ သံသယမျက်လုံးများဖြင့် သူ့အား ကြည့်နေ သည်။ ပြီးတော့ ....

'မင်းဟာ အရူးပဲ၊ ငါ သိတယ်၊ မင်းဟာ အရူး၊ မင်း အခုလုပ်နေတာတွေ ဟာ အရူးအလုပ်တွေ၊ ငါပြန်မလာမချင်း နက်ပ်ကျွန်းကျောက်မီးသွေးတွင်းဟာ ကောင်းလာမှာ မဟုတ်ဘူး'

နောက်ရက်အနည်းငယ်မျှအတွင်း အာသာသည် ရွှင်လန်းမြူးထူးလျက် ရှိသည်။ ဘာပဲလုပ်လုပ် ပျော်နေသည်။ ယခင်က အချိန်ရှိသမျှ ကျောက်မီးသွေး တွင်းအတွက်မှတစ်ပါး အခြားဘာကိုမှ မစဉ်းစားနိုင်။ အခုကျတော့ စာဖတ်ချိန်၊ စာရေးချိန်ပင် ရလာသည်။ သူသည် ဟစ်လ်ဒါနှင့် ဂရေ့စ်တို့ထံ စာရေးသည်။

အရာရာတိုင်းသည် ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကြည်နူးစရာများ ဖြင့် အချိန်ကုန်ဆုံးခဲ့သည်။ ထိုနေ့တွင် အာသာသည် နံနက်စာစားရင်း သတင်းစာ ကို ဖတ်နေသည်။ အလယ်စာမျက်နှာသို့ ရောက်သည့်အခါ သတင်းစာထဲမှ



သတင်းတစ်ပုဒ်သည် သူ့စိတ်ကို များစွာလှုပ်ရှားစေခဲ့သည်။ သူသည် နံနက်စာ ဆက်စားဖို့ သတိမရတော့ဘဲ တယ်လီဖုန်းဆီသို့ထသွားကာ မြောက်ပိုင်းဒေသ သတ္တုတွင်းတူးဖော်ရေးအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ် ပရီးဘတ်ထံ ဖုန်းဆက်သည်။

'ဟယ်လို .... မစ္စတာ ပရီးဘတ်၊ ဒီမနက် တိုင်းမ်သတင်းစာ ဖတ်ပြီးပြီ လား' ဟု မေးသည်။

'သူတို့က ကြီးကြပ်ချုပ်ကိုင်မှုကို ပယ်ဖျက်ပစ်တော့မယ်၊ ဘုရင့်မိန့်ခွန်း ထဲမှာလည်း ပါလာတယ်၊ မတ်လ ၃၁ ရက်က စမယ်လို့ ဆိုထားတယ်၊ ဥပဒေ လည်း ပြဋ္ဌာန်းလိမ့်မယ်'

တစ်ဖက်မှ ပရီးဘတ်အသံကို ကြားရသည်။

'ဟုတ်တယ် .... ငါ တွေ့ပြီးပြီ အာသာ၊ ငါ သိပြီးပြီ'

'စမှာက လာမယ့်လ ၃၁ ရက်တဲ့၊ မယုံနိုင်စရာပဲ၊ သူတို့ အာမခံထား တာက ဩဂုတ်လအထိ မလုပ်သေးပါဘူးတဲ့၊ အခုကျတော့ ....'

'ဟုတ်တယ်၊ သိပ်မြန်လွန်းတယ်၊ ဒီကိစ္စမှာ မင်းက ငါ့ထက်ပိုပြီး အထိ နာမယ်လို့ထင်တယ်'

'ကျွန်တော် ခင်ဗျားနဲ့တွေ့ချင်တယ် မစ္စတာပရီးဘတ်၊ ကျွန်တော် အခုပဲ လာခဲ့ပါရစေ'

အာသာသည် ချက်ချင်းပင် သူ့ကားကိုထုတ်ကာ ပရီးဘတ်ဆီသို့ လာခဲ့ သည်။ ဟယ်လင်တန်ဘက်ရှိ ပရီးဘတ်၏အိမ်မှာ လေးမိုင်ခန့်ဝေး၏။ သူသည် ခုနစ်မိနစ်အတွင်း ထိုအိမ်သို့ ရောက်သွားသည်။ ပရီးဘတ်သည် သတင်းစာကို ပေါင်ပေါ်၌တင်ကာ ဆေးလိပ်သောက်ရင်း သူ့အား ဆီးကြိုသည်။

'ငါလည်း မင်းလိုပဲ ဘဝင်မကျဘူး၊ သူတို့လုပ်တာ မြန်ဆန်လွန်းတယ်' ဟု ပရီးဘတ်က ပြောသည်။

သူသည် အသက်ခြောက်ဆယ့်ငါးနှစ် ရှိနေပြီ။ တစ်ခေါင်းလုံး ဆံပင်တွေ ဖြူနေပြီ။ သူသည် လူချမ်းသာကြီးတစ်ဦးဖြစ်၍ နယ်မြေအတွင်းရှိ လူမှုရေးနှင့် ဘာသာရေး အဖွဲ့အစည်းများသို့ အမြဲတစေ အလှူဒါနပြုနေသူ ဖြစ်သဖြင့် အများ ၏ကြည်ညိုလေးစားမှုကို ရရှိနေသူ ဖြစ်လေသည်။

'ထိုင်ပါဦး အာသာရယ်' ဟု ပရီးဘတ်က ပြောသည်။

'ဒီဟာ ဘာအဓိပ္ပာယ်လဲ၊ ကျွန်တော်ဖြင့် နားမလည်နိုင်တော့ဘူး'

'အဓိပ္ပာယ်က ဒုက္ခလာမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွယ်'

'သူတို့က ဘာ့ကြောင့် ဒါကို လုပ်ကြတာလဲ'

'ရှင်းပါတယ် အာသာ' ဟု ပရီးဘတ်က ပြောသည်။

'အစိုးရအနေနဲ့ တို့ရဲ့အမြတ်ငွေတွေထဲက ရှယ်ယာတွေ အများကြီးရယူနေခဲ့တယ်၊ ဒါပေမဲ့ တို့ရဲ့ အရှုံးတွေထဲကျတော့ မျှဝေပြီး မယူချင်ဘူး၊ ဒီထက်ရှင်းအောင်ပြောရရင် တို့ပစ္စည်းတွေ အရောင်းရကောင်းနေတဲ့အခါ ရသမျှဝေစုကို ခွဲယူချင်တယ်၊ မကောင်းတဲ့အခါ ဘာမှ တာဝန်မယူချင်ဘူး၊ အဲဒါပဲ ....၊ မင်းနဲ့ငါ နှစ်ယောက်တည်း သိထားဖို့က ငါ့မှာ ဝက်စ်မင်စတာနဲ့ အဆက်အသွယ်ရှိထားတယ်၊ တို့က တို့လုပ်ငန်းကို ပြန်ပြီးတည့်မတ်လာအောင် ထူထောင်ပေးကြရမယ်၊ တို့အချင်းချင်း စည်းလုံးညီညွတ်စွာနဲ့ ဒီကိစ္စကို ပြန်တိုက်ကြရမယ်'

'တိုက်ရမယ် ဟုတ်လား' ပရိုးဘတ်က ခေါင်းညိတ်သည်။

'ငါကတော့ လုပ်ခတွေကို လေးဆယ်ရာနှုန်းဖြတ်ပစ်ဖို့ အကြံပြုရလိမ့်မယ်'

'လေးဆယ်ရာနှုန်း ဟုတ်လား' ဟု အာသာက အလန့်တကြား ရေရွတ်သည်။

'ဒါဆိုရင် စစ်ကြီးမဖြစ်မီကအဆင့်ထက် နိမ့်ကျသွားမှာပေါ့၊ အလုပ်သမားတွေကလည်း ခံမှာမဟုတ်ဘူး၊ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ အားလုံး သပိတ်မှောက်ကုန်မှာ ကျိန်းသေပဲ'

'သပိတ်မမှောက်ခင် အလုပ်ကို ပိတ်ပစ်လိုက်ကြတာပေါ့၊ တကယ်လို့ တို့ပြောတာကို သူတို့ သဘောမပေါက်ရင် တို့က ဒီလက်နက်ပဲသုံးရမှာ'

'ဟာ ဒါဆိုရင် အုံကြွမှုတွေ ဖြစ်လာမှာပေါ့'

'ဖြစ်လာတော့လည်း တစ်မျိုးတစ်ဖုံ လုပ်ကြတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကြောင်းကျိုးဆင်ခြင်နိုင်အောင်တော့ လုပ်ကြရမှာပဲ'

အာသာသည် အတန်ကြာမျှ စဉ်းစားနေသည်။ မကြာသေးမီကမှ ပြုပြင်ပြောင်းလဲထားသဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို မြင်ယောင်လာသည်။ ပြီးတော့ မကြာခင်က ချုပ်ဆိုထားခဲ့သည့် စာချုပ်ကို သတိရသည်။

'ကျွန်တော်ကတော့ ကျွန်တော့်လူတွေကို အဲဒီလိုမလုပ်ဘူး' ဟု သူက ပြောသည်။

'ဘယ်တော့မှ မလုပ်ဘူး၊ အခုလောလောဆယ် အချိန်ပြည့် နှစ်ဆိုင်းခွဲပြီး လုပ်နေရတဲ့ အခြေအနေရှိတယ်၊ လုပ်ခ လေးဆယ်ရာနှုန်း ဖြတ်တာဟာ ရူးခြင်းတစ်မျိုးပဲ၊ ကျွန်တော်က သူတို့ကို သင့်တော်လုံလောက်တဲ့ လုပ်ခပေးဖို့ ပြင်ဆင်နေပြီ၊ ကျောက်မီးသွေးတွင်းကို ပိတ်ထားဖို့ ဆိုတာလည်း လုံးဝ မစဉ်းစားနိုင်ဘူး၊ တခြားလူတစ်ယောက်အကျိုးအတွက် ကိုယ့်လည်ပင်းကိုယ် ဓားနဲ့မလှီးနိုင်ဘူး'

ပရိုးဘတ်က အာသာကျောကို အသာပုတ်သည်။



'အခြေအနေကို သိပ်ပုံကြီးချဲ့ပြီး မတွေးပါနဲ့ကွယ်၊ နောက်တစ်ပတ်ထဲမှာ တို့အဖွဲ့ချုပ်က အစည်းအဝေးလုပ်မှာပါ၊ အဲဒီကျတော့ မင်းပြောစရာရှိတာ ပြောပိုင်ခွင့်ရှိပါတယ်၊ တို့နဲ့ပဲ မင်း လက်တွဲပါ၊ မင်းမှာ တခြားရွေးစရာလမ်း မရှိပါဘူး'

အာသာသည် ပရိုးဘတ်အား စိတ်ရှုပ်နေသော မျက်နှာထားဖြင့် ကြည့်နေသည်။

'ကျွန်တော့်အဖို့တော့ ဒီကိစ္စဟာ ဘေးကျပ်နံကျပ် ဖြစ်ရမယ့်ဟာပဲ' ဟု ရေရွတ်သည်။

ပရိုးဘတ်က အာသာ၏ပခုံးကိုပုတ်၍ ....

'မင်း နံနက်စာ စားခဲ့ပြီးပြီလား၊ ကော်ဖီတစ်ခွက်လောက် သောက်ပါဦးလား'

'တော်ပြီ၊ ကျွန်တော် မသောက်တော့ဘူး' ဟု အာသာက ပြန်ပြောသည်။

'မင်းအဖေရော ဘယ်လိုနေသေးလဲ၊ တော်တော်ကောင်းလာပြီလို့တော့ ကြားတယ်၊ ငါတို့အဖွဲ့ချုပ်မှာ သူနဲ့ ငါဟာ လုပ်ဖော်ကိုင်ဖက်ကြီးတွေပဲ၊ မကြာခင် အဖွဲ့ချုပ်မှာ လူချင်းပြန်ဆုံခွင့်ရလိမ့်မယ်လို့ ငါကတော့ မျှော်လင့်နေတာပဲ၊ ငါက သတိရနေတဲ့အကြောင်း မင်းအဖေကို ပြောပြလိုက်ပါကွာ'

'ဟုတ်ကဲ့ပါ၊ ပြောလိုက်ပါမယ်' ဟု ပြောကာ အာသာသည် အိမ်ထဲမှ ထွက်လာခဲ့သည်။

အာသာသည် ရုံးခန်းထဲသို့ဝင်ကာ စားပွဲတွင် စိတ်ပျက်လက်ပျက် ထိုင်သည်။ သူသည် အခြေအနေအရပ်ရပ်ကိုတွေးကာ စိတ်မအေးဖြစ်လျက်ရှိ၏။ အကယ်၍သာ ပရိုးဘတ် ပြောသလို လုပ်ခကို လျှော့ချလိုက်မည်ဆိုပါက လုပ်ခသည် စစ်မဖြစ်မီကအချိန်က ရနေသည့် တစ်ပတ် တစ်ပေါင်အောက်သို့ ရောက်သွားချေတော့မည်။ တစ်ပတ်လျှင် ဆယ့်ခြောက်သျှီလင်နှင့် ကိုးပဲနီ ရသည် ဆိုပါတော့။ အိမ်ငှားခ၊ အဝတ်နှင့် အစားအစာများကို လုံလောက်စွာ ရနိုင်ပါတော့မည်လေ ....။ ထိုအဖြစ်ကို အလုပ်သမားများဘက်က လက်ခံလိမ့်မည်ဟု မျှော်လင့်ခြင်းသည် ရူးခြင်းတစ်မျိုးသာလျှင် ဖြစ်ဖို့ရှိ၏။

ထိုအခိုက်တွင် ရုံးခန်းထဲသို့ အမ်းစထရောင်း ဝင်လာသည်။ အာသာက ဆီး၍ ....

'ကျွန်တော် ခင်ဗျားကို အချိန်ပိုအလုပ်ဆင်းခိုင်းဖို့ တာဝန်ပေးချင်တယ်၊ အခုချက်ချင်းစပါ၊ ရသမျှ ကျောက်မီးသွေးကို အပြင်ထုတ်ပြီး ပုံခိုင်းပါ၊ လူအင်အားကို ရနိုင်သလောက် အသုံးပြုပါ' ဟု ညွှန်ကြားသည်။

'ကောင်းပါပြီ မစ္စတာ အာသာဘားရပ်စ်' ဟု အမ်းစထရောင်းက အံ့အားသင့်နေသည့်အသံဖြင့် ပြောသည်။

အာသာသည် သူ့စိတ်ကူးကို အမ်းစထရောင်း နားလည်အောင် ရှင်းပြဖို့ အချိန်မရ။ စိတ်ရှည်လက်ရှည်နှင့် ရှင်းပြလိုသောဆန္ဒလည်းမရှိ။ သူ့မှာကလည်း သူ့အပူနှင့်သူ ဖြစ်၏။ သူသည် စာရွက်တစ်ရွက်ပေါ်တွင် ခဲတံတစ်ချောင်းဖြင့် ရေးချကာ တွက်ချက်ကြည့်နေသည်။ သတ်မှတ်ရက်သည် ဖေဖော်ဝါရီလ ၁၆ ရက်။ သူသည် ခဲတံကိုပစ်ချကာ သူ့ရှေ့တည့်တည့်ကိုကြည့်၍ တွေဝေငေးမော နေသည်။

နောက်တစ်နေ့တွင် အဖွဲ့ချုပ်မှ အစည်းအဝေးထိုင်သည်။ လျှို့ဝှက်ညွှန် ကြားလွှာ ထွက်လာသည်။ ခရိုင်နယ်မြေအတွင်းရှိ ကျောက်မီးသွေးတွင်းများကို အချိန်ကျလျှင် ပိတ်ကြရန်နှင့် ယခုကတည်းက ကျောက်မီးသွေးများကို ရသမျှ စုဆောင်းသိုလှောင်ထားကြရန် ညွှန်ကြားလိုက်ခြင်း ဖြစ်၏။ ထိုစာကို အာသာ ရသည့်အခါ နာကြည်းစိတ်ဖြင့် ပြုံးမိသည်။ လေးလအတွက် ကျောက်မီးသွေးကို သီတင်းခြောက်ပတ်ထဲနှင့် ထွက်ရှိအောင် သူ ဘယ်နည်းနှင့်မှ လုပ်၍ရနိုင်မည် မဟုတ်။

မတ်လ ၂၄ ရက်နေ့တွင် ကျောက်မီးသွေးတွင်းများ ကြီးကြပ်မှုဥပဒေသည် အတည်ဖြစ်လာသည်။ အာသာသည် သူ့လူများအား ကန်ထရိုက်လုပ်ငန်းအား ဆက်မလုပ်တော့ဘဲ ရပ်ထားရန် အသိပေးလိုက်သည်။ မတ်လ ၃၁ ရက်နေ့တွင် သူသည် ကန်ထရိုက်စာချုပ်အရ သတ်မှတ်ကျောက်မီးသွေး တန်ချိန်မပြည့်ဘဲ တစ်ဝက်ခန့် လိုနေသေးသည်ကို တွေ့ရလေ၏။

ဝမ်းနည်းစရာကောင်းသည့် နေ့တစ်နေ့ ဖြစ်သည်။ အာသာသည် မွှန်းလွဲ ပိုင်းတွင် သူ့ရုံးထဲ၌ရပ်ကာ အပြင်သို့ တွေဝေငေးမောနေသည်။ သူသည် စိတ်အား ပျက်ကာ ညှိုးငယ်လျက်ရှိသည်။ မိုးရွာနေသဖြင့် ရာသီဥတုသည် စိုစွတ်ထိုင်းမှိုင်း လွန်းလှချေသည်။ ထိုအခိုက်တွင် ရုံးခန်းတံခါးသည် ပွင့်သွားပြီး အထဲသို့ တွမ် ဟက်ဒွန်း ဝင်ရောက်လာသည်ကို တွေ့ရသည်။

ဟက်ဒွန်းသည် တံခါးပေါက်ကိုကျောပေးကာ အာသာရှေ့တည့်တည့် တွင် မျက်နှာချင်းဆိုင် လာရပ်သည်။ သူသည် အလုပ်ပိတ်လိုက်ပြီ ဟူသောဒဏ်ကို ခံထားရသဖြင့် များစွာမကြည်မလင် ဖြစ်နေပုံရ၏။

'ကျုပ် ခင်ဗျားနဲ့ စကားပြောစရာရှိလို့လာတာ၊ ခင်ဗျားက ဒီတွင်းမှာ ရှိသမျှ အလုပ်သမားအားလုံးကို အလုပ်မဆင်းနဲ့တော့လို့ ညွှန်ကြားလိုက်သလား'

'အဲဒါ ဘာဖြစ်လဲ' ဟု အာသာက ပြန်မေးသည်။

'ကျွန်တော်လည်း တခြားတွင်းပိုင်ရှင်တွေနဲ့ ဘာများခြားနားလို့လဲ၊ သူတို့ လုပ်သလို လုပ်ရတာပဲပေါ့'



ဟက်ဒွန်းက သရော်သံဖြင့် ရယ်သည်။

'ဒီတွင်းဟာ တခြားတွင်းတွေနဲ့ ခြားနားတယ်၊ အဲဒါကို မသိဘူးလား၊ ဒီတွင်းဟာ ရေအစိုစွတ်ဆုံး တွင်းတစ်တွင်းဗျ၊ ခင်ဗျားက လုံခြုံရေးအလုပ်သမား တွေနဲ့ ရေစုပ်ပိုက်သမားတွေကိုပါ အလုပ်က ရပ်ခိုင်းလိုက်လို့ ဖြစ်မတဲ့လား'

'ဒီကိစ္စမှာ ကျွန်တော် ခင်ဗျားနဲ့ ရန်မဖြစ်ချင်ဘူး ဟက်ဒွန်း၊ အလုပ်ရပ်ဖို့ နို့တစ်ပေးရတာဟာ မရှောင်မလွှဲသာလို့ ကျွန်တော် လုပ်ခဲ့ရတယ်ဆိုတာ ခင်ဗျား သိသင့်တယ်'

'အဲဒါတွေ အသာဘေးဖယ်ထားလိုက်ပါ၊ နောက်တစ်ကြိမ် နက်ပ်ကျွန်းမှာ ရေလွှမ်းပြီး မြေပြိုတာ ထပ်ဖြစ်ချင်နေသလား'

'ဒါက လုံခြုံရေးအလုပ်သမားတွေက ဆက်ပြီး တာဝန်ယူမှာပေါ့'

'သူတို့က ယူမှာတဲ့လား' ဟု ပြောကာ ဟက်ဒွန်းက နှာခေါင်းရှုံ့သည်။

'ခင်ဗျား နားလည်ထားရမှာက အခုလောလောဆယ် လုံခြုံရေးအလုပ် သမားတွေက တွင်းကို ဆက်ထိန်းပေးနေတာဟာ ကျုပ်က မေတ္တာရပ်ခံထားလို့ဗျ၊ ကျုပ်ကသာ ပြောမထားရင် ခင်ဗျားရဲ့ ကျောက်မီးသွေးတွင်းဟာ နှစ်ဆယ့်လေး နာရီအတွင်း ရေလျှံသွားမှာ သေချာတယ်'

ပြောပြောဆိုဆို ဟက်ဒွန်းသည် ချာခနဲ လှည့်ထွက်သွားသည်။ တံခါး ကိုလည်း ဝုန်းခနဲ မြည်ဟည်းသွားသည်အထိ တအားကုန်ဆောင့်ပိတ်သွားသည်။

အာသာသည် စားပွဲတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူသည် ထိုနေရာ၌ အမှောင်ရိပ်များ ကျလာချိန်အထိ ထိုင်နေခြင်းဖြစ်၏။ လုံခြုံရေးအလုပ် သမားများမှတစ်ပါး ကျန်လူအားလုံးသည် ထွက်ခွာသွားကြပြီ။ ထိုအခါကျမှပင် သူသည် ထိုင်ရာမှထကာ အိမ်ဘက်သို့ ခြေကျင်လျှောက် ပြန်လာခဲ့လေ၏။

လုပ်ငန်းများကို ပိတ်လိုက်လေပြီ။ အလုပ်သမား မိသားစုများ၏ စားဝတ် နေရေးဒုက္ခသည် အစပြုလာခဲ့လေပြီ။ ပိန်ချောင်ချောင် မျက်နှာများနှင့် ယောကျ်ား များ၊ မိန်းမများ၊ ကလေးသူငယ်များကို အမြဲတစေ မြင်တွေ့လာကြရ၏။ လမ်းများ ပေါ်၌ ရယ်သံမောသံ၊ စကားပြောသံများ မကြားရ။ မြေအောက်သို့ဆင်း၍ ချွေး များ မြေကျသည်အထိ ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ကြရရှာသူများသည် အခုကျ တော့ ငတ်ပြတ်မှုများနှင့် ရင်ဆိုင်နေရ၏။ ယင်းအဖြစ်ကိုကြည့်ကာ အာသာသည် နေ့စဉ်နှင့်အမျှ စိတ်မချမ်းမြေ့မှု ဆင်းရဲဒုက္ခကို ခံစားနေရလေ၏။

နောက်ဆုံးတွင် အာသာသည် မြို့တွင်း၌ အခမဲ့ စားရိပ်သာတချို့ကို ဖွင့်လှစ်တည်ထောင်ခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်း တစ်ခုကိုလည်း ထူထောင် ခဲ့သည်။ သူ၏ အားထုတ်မှုများကို ကျေးဇူးသိခြင်းဖြင့် ကြိုဆိုမည့်သူမရှိ။ အမုန်း ဖြင့်သာ ဆီးကြိုကြသည်။ အလုပ်သမားများအပေါ်တွင် သူ အပြစ်မတင်ရက်။

သူတို့ဘက်ကကြည့်လျှင် အလုပ်ရှင်က အလုပ်တွေပိတ်ထား၍ ဝေါ်ကြပြတ်ကြရခြင်းဖြစ်ရာ အလုပ်ရှင်အပေါ်တွင် သူတို့ဘက်က နားလည်မှုမထားနိုင်ကြသည်မှာ မဆန်းဟုပင် သူ ယူဆလေသည်။

ပြဿနာသည် တစ်နေ့တခြား ကြီးမားလာသည်။ အလုပ်သမားများ၏ မကျေနပ်မှုများ၊ အုံကြွမှုများ၊ ဆူပူလှုပ်ရှားမှုများနှင့် အာဏာပိုင်တို့ဘက်မှ နှိပ်ကွပ်မှုများသည် ဆက်တိုက် ဖြစ်ပေါ်လာသည်။ မစ္စတာပရိုးဘတ်လို ကျောက်မီးသွေးလုပ်ငန်းပိုင်ရှင်ကြီးများသည် ဘေးကင်းရာ လုံခြုံရာသို့ မိသားစုများနှင့်အတူ ပြောင်းရွှေ့နေထိုင်ကြသည်။ ပရိုးဘတ်မိသားစုဆိုလျှင် ဘန်းမောက်နယ်သို့ သွားရောက်ကြသည်။

သို့တစေလည်း အာသာကတော့ ဘယ်ကိုမှမသွားဘဲ စလီစကေးမြို့မှာပင် နေသည်။ ဧပြီ၊ မေနှင့် ဇွန်လအထိ သုံးလမျှ အခြေအနေဆိုးများကို ရင်ဆိုင်ဖြတ်သန်းခဲ့ရ၏။ ဤကြားထဲမှာပင် သူ့ထံသို့ စာတိုက်မှ ပို့စကတ်များ မကြာခဏ ရောက်လာနေသည်။ သူ့အား ထိပါးပုတ်ခတ်သည့်စာများ ရေးထားသည့် ပို့စကတ်များ ဖြစ်သည်။ အာသာ့အနေဖြင့် ဘယ်သူကရေး၍ ပို့နေမှန်းမသိ။ စဉ်းစား၍ ဖော်ထုတ်ကြည့်တော့လည်း ပေါ်မလာ။ ဇွန်လကုန်ခါနီးတွင်မှ ပို့စကတ်များပို့နေသည့် လက်သည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုသူကား တခြားလူ မဟုတ်။ သူ့ဖခင် ရစ်ချတ်ဘားရပ်စ်ပေတည်း။ ရစ်ချတ်ဘားရပ်စ်သည် သူ စာရေးထားသည့် ပို့စကတ်များကို လောဂေဟာသို့ စာအမြဲလာပို့နေသည့် စာပို့သမားအား ပေးပေးလွှတ်နေခြင်း ဖြစ်လေသည်။

ဇူလိုင်လထဲ ရောက်သည့်အခါ တစ်ခရိုင်လုံး၌တည်ရှိနေသော ရှုန်းကန်လှုပ်ရှားမှုများသည် ရပ်တန့်သွားသည်။ အလုပ်သမားများသည် လူလုံးမလှ ဖြစ်ကြရသကဲ့သို့ အာသာမှာလည်း အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရ၏။ ဂျိုးနှင့် လုပ်ထားသည့် ကန်ထရိုက်လုပ်ငန်းစာချုပ်နှင့်ပတ်သက်၍ အာသာ့ဘက်မှအရှုံးသည် ကြီးမားလှပေသည်။

မည်သို့ပင်ဖြစ်စေ ကျောက်မီးသွေးတွင်း လုပ်ငန်းခွင်သို့ နှေးကွေးလေးလံစွာဖြင့် ဝင်ရောက်လာနေကြသော အလုပ်သမားများကို ပြန်မြင်လာရသည်။ အခြေအနေအရပ်ရပ်သည် ပြောင်းပြန်ဖြစ်လာသည်။ ပြီးသွားခဲ့သည့် အရေးကိစ္စများတွင် သူသည် အပြစ်ကင်းစင်သော်လည်း လုပ်ငန်းရှင်အများစုတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့ရသဖြင့် သူ့စိတ်သည် မသန့်မစင် ဖြစ်ခဲ့ရ၏။ နောက်တစ်ခါတော့ဖြင့် အဖြစ်မခံနိုင်။ အခုအချိန်မှစ၍ သူသည် ရောက်နေသည့်နေရာမှစ၍ လုပ်ငန်းကို ပြန်စရပေတော့မည်။

* * * * *



# (၁၂)

၁၉၂၅ ခုနှစ်၊ နွေရာသီ၏ တနင်္ဂနွေနေ့တစ်နေ့တွင် ဒေးဗစ်သည် သဲတောင်ကုန်းများပေါ်သို့ လမ်းလျှောက်ထွက်ရာမှ ပြန်လာသည်။ သူသည် လင့်သ်လမ်း၏ အရှေ့ဘက်အစွန်တွင် အင်နီတို့ သားအမိနှင့်ဆုံသည်။ ဒေးဗစ်ကို မြင်သည့်အခါ အင်နီ၏သားငယ် ဆင်မီသည် ဒေးဗစ်ထံသို့ ဒုန်းစိုင်း၍ပြေးလာသည်။

ယခုအခါတွင် ဆင်မီသည် အသက်ရှစ်နှစ်ပြည့်နေပြီ။ အသက်နှင့်မလိုက်အောင် ထွားကျိုင်းကာ သန်မာတောင့်တင်းလှ၏။ အသားဖြူဖြူ၊ မျက်လုံးပြာပြာဖြစ်သည်။ ရယ်လိုက်သည့်အခါတိုင်း သူ့အဖေကဲ့သို့ပင် သူ့မျက်လုံးများသည် ပျောက်ပျောက်သွားတတ်သည်။ ဆင်မီသည် သူ့အမေ ဆင်ထားသည့် တနင်္ဂနွေဝတ်စုံကို သပ်ရပ်စွာ ဝတ်ထားသည်။

'ဒီကောင် သိပ်ဆိုးတယ်၊ ဒင်းမြောင်းတောင်ပေါ် မတက်ရလို့ အင်နီ့ကို စိတ်ဆိုးနေတယ်' ဟု အင်နီက ပြောသည်။

'ကျွန်တော်က ဝက်သစ်ချသီးခူးချင်လို့တက်တာ ဒေးဗစ်'

'ဟဲ့ ....အန်ကယ်ဒေးဗစ်လို့ခေါ်'

'ရတယ် အင်နီ၊ သူ ခေါ်ချင်သလို ခေါ်ပါစေ'

အင်နီသည် ခက်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေရဆဲ ဖြစ်၏။ သူ့ဖခင်မေဆာမှာ အဆစ်အမြစ် အကြောအခြင် ကိုက်ခဲသောရောဂါဖြင့် မစွမ်းမသန်ဖြစ်သွားခဲ့သည်။ သူမ၏မောင် ပတ်ဂ်ကလည်း ကျောက်မီးသွေးတွင်းအလုပ်ကို မှန်မှန်မဆင်း။ ဤကြားထဲ သားငယ် ဆင်မီအတွက်က တာဝန်တစ်ဖက် ဖြစ်ေ သဖြင့် အင်နီ့ဘဝသည် ကြမ်းတမ်းနေဆဲပင် ဖြစ်၏။

အင်နီသည် အခြားအိမ်များတွင် အဝတ်လျှော်သည်။ သန့်ရှင်းရေးလုပ်သည်။ အိမ်မှုကိစ္စများကို လုပ်ပေးသည်။ ရသမျှငွေကို လုံလောက်အောင် ကျစ်လစ်သိပ်သည်းစွာ သုံးသည်။ ဒေးဗစ်က လူချင်းဆုံမိတိုင်း အင်နီအား တတ်အားသရွေ့ ထောက်ပံ့ကူညီပါရစေဟု ပြောသည်။ အင်နီက လက်မခံ။ အင်နီသည် သူတစ်ပါးအပေါ် မှီခိုပြီးမနေလို။ သူ့ဘဝသူ လွတ်လပ်စွာ ရုန်းကန်လှုပ်ရှားချင်သည်။

'အင်နီတို့သားအမိ ဝှစ်တလေပင်လယ်ကွေ့ကိုလိုက်ပြီး တစ်ပတ်လောက် အပန်းမဖြေချင်ဘူးလား' ဟု ဒေးဗစ်က မေးသည်။

အင်နီသည် ချက်ချင်း အဖြေမပေးနိုင်။ ဆင်မီကတော့ ချက်ချင်းပင် ခုန်ပေါက်မြူးထူးလာသည်။

'ကျွန်တော် သွားချင်တယ်၊ ဝှစ်တလေကမ်းခြေဆိုရင် လိုက်ချင်တယ်' ဟု ဝမ်းသာအားရ အော်သည်။ အင်နီကတော့ စဉ်းစားနေဆဲ ....။

တကယ်တော့ ဝှစ်တလေကမ်းခြေသို့သွား၍ တစ်ပတ်တိတိ အပန်းဖြေရမည့်အလုပ်သည် သူတို့သားအမိအတွက် အလွန်ထူးခြားဆန်းကြယ်သော အရာတစ်ခု ဖြစ်၏။ သို့သော်လည်း သူမ၏ခေါင်းထဲတွင် အခက်အခဲပေါင်းများစွာဖြင့် ပြည့်နေသည်။ သူမတွင် အဝတ်အစားကောင်းကောင်းမရှိ။ ပြီးတော့ ....။

'ဟာရီနှုဂျင့်က စာလှမ်းရေးတယ်၊ သူနဲ့ အဲဒီမှာ ဆုံကြရအောင်တဲ့၊ ကိုယ်ကလည်း အဲဒီမှာ တစ်ပတ်လောက် သွားနားမယ်လို့ အစောကတည်းက စိတ်ကူးထားတာဆိုတော့ အတော်ပဲဖြစ်သွားတယ်'

အင်နီကတော့ မတုန်မလှုပ်။ သူမတွင် ကျေးမွေးစရာ ဖခင်က ရှိနေသေး၏။ အကယ်၍ မိမိ ခရီးထွက်သွားပါက မောင်ဖြစ်သူ ပတ်ဂ်သည် သူမ၏ဖခင်အားမကြည့်ဘဲ အရက်မူးနေမည်ကို ပူရ၏။ သူမ၏ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာသည်။

'ဒီလိုလုပ်ပါလား ဒေးဗစ်၊ ဆင်မီကို ခေါ်သွားလေ'

'အင်း ....အင်နီ့သားက သူ့အမေ မပါဘဲ ဘယ်ကိုမှသွားမယ့်ကောင် မဟုတ်ဘူး' ဟု ဒေးဗစ်က ပြန်ပြောသည်။

'အမေကလည်းဗျာ သားကို လိုက်ပို့ပေးပါ' ဟု ဆင်မီက ဝင်ပြောသည်။

ငြိမ်ဆိတ်နေကြပြန်သည်။ ထို့နောက်တော့ အင်နီသည် ဒေးဗစ်အား မော့ကြည့်ပြီးပြုံးသည်။

'ကောင်းပြီလေ၊ အင်နီတို့ကို ခေါ်မယ်ဆိုရင်လည်း လိုက်ရမှာပေါ့'

ဒေးဗစ်သည် အင်နီတို့သားအမိသွားရာသို့ မျက်စိတဆုံး လိုက်ကြည့်သည်။ ပြီးတော့ သူ့အိမ်ဘက်သို့ လျှောက်လာခဲ့သည်။ သူသည် ခန်းမထဲရှိ ချိတ်တွင် ဦးထုပ်ကို ချိတ်ခဲ့ပြီး မီးဖိုခန်းထဲသို့ ဝင်လာခဲ့၏။ မာသာသည် သူ့အတွက် လက်ဖက်ရည်ဖျော်ရန် ပြင်ဆင်လျက်ရှိသည်။ သူသည် သူ့အမေမျက်နှာကို တစ်ချက်လှမ်း၍ အကဲခတ်သည်။

'အမေ ....ဝှစ်တလေ ကမ်းခြေကို တစ်ပတ်လောက် လိုက်ခဲ့ပါလား၊ ကျွန်တော် အဲဒီကိုသွားမလို့'

မာသာက လှည့်၍ပင်မကြည့်။

'ငါက ဝှစ်တလေကမ်းခြေမှာ ဘာလုပ်ရမှာလဲ' ဟု မေးသည်။

'နားရတာပေါ့ အမေရယ်၊ အင်နီနဲ့ သူ့သားလေး ဆင်မီတို့လည်း လိုက်ကြလိမ့်မယ်၊ အဲဒီတော့ အမေပါ ပါရင် ပိုကောင်းတာပေါ့'



'မလိုပါဘူး၊ ငါ ဒီမှာနေရတာ အဆင်ပြေနေတာပဲ'

သူ့အမေသည် အတင်းဖိအားပေး၍ရသူမဟုတ်မှန်း သိနေသဖြင့် သူသည် ဘာမှ ထပ်မပြောတော့ပေ။ ဆိုဖာပေါ်တွင် ဝင်ထိုင်ကာ "ဝပ်ကားစ်အင်ဒီပင်းဒင့်ဂျာနယ်" ကို ကောက်ကြည့်သည်။ လွန်ခဲ့သော ဆယ့်နှစ်လမှစ၍ ရေးသားခဲ့သော သူ၏ အပတ်စဉ် ဆောင်းပါးသည် ပါလျက်ပင်ရှိ၏။ အင်္ဂါနေ့က ဆက်ဂ်ဟစ်၌ သူ ပြောခဲ့သော မိန့်ခွန်းကို အလယ်စာမျက်နှာတွင် ဖော်ပြထားသည်။ သူသည် ထိုနှစ်ခုစလုံးကို မဖတ်ပေ။

အခုဆိုလျှင် သူသည် အသက်သုံးဆယ့်ငါးနှစ်မျှ ရှိခဲ့ပြီ။ သူသည် သူ့အဖွဲ့အတွက် မနားမနေ အလုပ်လုပ်ခဲ့၏။ အဖွဲ့တွင် အသင်းသားဦးရေသည် လေးထောင်ကျော်အထိ တက်လာခဲ့သည်။ အန်ဗေးပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့သည့် သူ၏ သုတေသန စာအုပ်သုံးအုပ်သည် များစွာထင်ရှားကျော်ကြားလျက်ရှိသည်။ သူ၏ သုတေသန ကျမ်းစာတစ်စောင်ဖြစ်သော "အမျိုးသားနှင့် သတ္တုတွင်းများ" အမည်ရှိ စာအုပ်သည် ရပ်ဆဲလ်စာပေဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ထိုဆုတံဆိပ်သည် ယခုအခါတွင် ဘယ်ဆီရောက်နေမှန်းမသိ။ အပေါ်ထပ်တစ်နေရာ၌ ရောက်နေမည်ထင်၏။ ပျောက်ဆုံးနေသည်မှာ ကြာပြီ။

သူသည် နောက်ကြောင်းများကိုတွေးကာ ဝမ်းနည်းစိတ် ဝင်လာသည်။ ယနေ့ မွန်းလွဲပိုင်းက သူသည် သဲတောင်ကုန်းများဘက် ရောက်ခဲ့သည်။ မိုးစွေငှက်တို့၏ တွန်ကျူးသံများ ကြားခဲ့ရ၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်နီးပါးက အဖေနှင့် သွားခဲ့ဖူးသည်များကို သတိရလွမ်းဆွတ်မိသည်။ ငယ်စဉ်ကတည်းက သူသည် မိုးစွေငှက်တို့၏ တေးသီသံများကို ကြားခဲ့ရဖူးသည် မဟုတ်ပါလား။

ထို့နောက်တော့ သူသည် ဂျင်နီအား သတိရမိပြန်သည်။ ဂျင်နီတစ်ယောက် ဘယ်များရောက်နေပါလိမ့်။ သူသည် ဂျင်နီကိုတော့ မေ့မရ။ အခုထိ ချစ်တုန်း၊ အခုထိ လွမ်းဆွတ်တမ်းတတုန်း။ အင်နီနှင့် ဆင်မီတို့ သားအမိကို တွေ့ခဲ့စဉ်က သူ့စိတ်သည် ပြန်လည်ရွှင်လန်းလာခဲ့ရ၏။ အခုကျတော့ စိတ်ဓာတ်သည် ပြန်လည်ကျဆင်းသွားခဲ့ရပြန်ပြီ။

သူ့အမေ မာသာ၏ အပြုအမူတွေကြောင့်များလား။ သူ့အမေသည် ခွင့်မလွှတ်နိုင်သော နှလုံးသားပိုင်ရှင် ဖြစ်၏။ အမေသည် ဘယ်သူ့ကိုမှ ခွင့်လွှတ်ချင်တတ်သောစိတ်မရှိ။ သူသည် လက်ဖက်ရည်သောက်အပြီးတွင် စိတ်ကြည်လင်လန်းဆန်းလာသည်။ ချက်ချင်းပင် ဟာရီ့ထံ စာရှည်ကြီးတစ်စောင် ရေးသည်။ ကို့နောက်တော့ ဆယ်ရက်မျှအတွင်း အလုပ်များနှင့် နပန်းလုံးနေရသည်။

ဝှစ်တလေကမ်းခြေသို့ သွားမည်ဟု စီစဉ်ထားသည့် နံနက်တွင် သူသည်

တိုင်နီကပ်ဆဲလ် စင်ထရယ်ဘူတာကြီးသို့ အပြေးအလွှား လာခဲ့သည်။ သူသည် အင်နီတို့သားအမိအား ဘူတာမှစောင့်နေရန် ချိန်းထားခဲ့သည် မဟုတ်ပါလား။ သူတို့သည် ဝှစ်တလေကမ်းခြေသို့သွားမည့် ရထားပေါ်သို့ တက်လာကြသည်။ ဒေးဗစ်က လက်ဆွဲအိတ်များကို ဆွဲလာသည်။ အင်နီက သူ့လက်ဆွဲအိတ်ကို ဒေးဗစ် မဆွဲစေချင်။ သူ့မောင်ပတ်ဂ်ထံမှ ငှားလာသည့်အိတ်ကို သူ့ဘာသာသူပင် ဆွဲချင်သည်။

ရထားပေါ်တွင် ဆင်မီသည် ဒေးဗစ်နှင့် အတူတွဲထိုင်ပြီး အင်နီက မျက်နှာချင်းဆိုင်ခုံတွင် ထိုင်သည်။ ရထားသည် မြို့ဆင်ခြေဖုံးကို ဖြတ်သန်းပြီး ကျေးလက်ဒေသအတွင်းသို့ ဝင်ရောက်လာသည်၊ ထိုအခါ ဆင်မီသည် ယခင်ကနှင့်မတူ။ ရွှင်လန်းမြူးထူးလာသည်။ ရထားကို ကြာကြာစီးလိုက်ရသည့် ခရီးမဟုတ်သော်လည်း သာယာကြည်နူးစရာကောင်းသည့် ခရီးတစ်ခု ဖြစ်သည်။ မကြာခင်မှာပင် သူတို့သည် ဝှစ်တလေကမ်းခြေသို့ ဆိုက်ရောက်ကြလေသည်။

ဒေးဗစ်သည် သူတို့အတွက် အခန်းများကို တာရန့်လမ်း ဆိတ်ငြိမ်ရပ်ကွက်၊ ဝေဖာလေးဟိုတယ်အနီးရှိ အိမ်တစ်လုံးတွင် ငှားသည်။ သူ့ရုံးမှ စာရေးဒစ်ကီ ညွှန်လိုက်သည့်အတိုင်း မစ္စက်လက်စလီ အမည်ရှိ အဘွားကြီးထံမှ ငှားခဲ့ခြင်း ဖြစ်သည်။ မစ္စက်လက်စလီ၏ခင်ပွန်း ဒေါက်တာလက်စလီမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်က ဟတ်ဒ်လင်တန်၌ ကျောက်မီးသွေးတွင်းတစ်တွင်း ပြိုကျရာ၌ အသက်ဆုံးရှုံးသွားခဲ့ရ၏။ ထိုစဉ်က ဒေါက်တာလက်စလီသည် သစ်သားတိုင်တစ်တိုင်အောက် ရောက်နေသော အလုပ်သမားတစ်ယောက်၏လက်ကို မြေအောက်သို့ ဆင်း၍ ဖြတ်တောက်ကယ်ဆယ်နေစဉ် ဖြစ်၏။ သစ်သားတိုင်ပိနေသောလက်ကို ဖြတ်တောက်ရာ၌ လွယ်လွယ်ကူကူ လုပ်နိုင်သည် မဟုတ်။ မြေပေါ်၌ အလျားမှောက်ကာ ဖြတ်တောက်ရခြင်း ဖြစ်သည်။ မြေပြင်ထက်၌ သွေးချွေးအလူးလူးဖြင့် ကြိုးပမ်းအားထုတ်၍ လုပ်နေခိုက်တွင် အပေါ်မှ အမိုးပြိုကျကာ ပိ၍သေဆုံးခဲ့ရခြင်း ဖြစ်လေသည်။

မစ္စက်လက်စလီသည် အရပ်မြင့်မြင့်၊ အသားညိုညို အမျိုးသမီးကြီး ဖြစ်သည်။ သူသည် ဒေးဗစ်နှင့် အင်နီတို့အား ဆီးကြိုနှုတ်ဆက်ကာ အခန်းများကို လိုက်ပြသည်။ ဤတွင် မစ္စက်လက်စလီသည် ဒေးဗစ်တို့ မျှော်လင့်မထားသော အမှားတစ်ခုကို ပြုလုပ်ခဲ့သည်။ သူမသည် အင်နီဘက်လှည့်၍ ....

'ရှင်နဲ့ ရှင့်ယောကျ်ားက ဒီရှေ့ကအခန်းကိုယူရင် အကောင်းဆုံးဖြစ်မယ်ထင်တယ်၊ သားလေးအတွက်ကတော့ နောက်ကအခန်းကိုယူပေါ့' ဟု ပြောလိုက်သည်။



'ဒီဟာ ကျွန်မရဲ့ခဲအိုပါ မစ္စက်လက်စလီ၊ ကျွန်မခင်ပွန်းက စစ်အတွင်းက ကျဆုံးသွားခဲ့ပါတယ်' ဟု အင်နီက ပြန်ပြောသည်။

'အင်း ....ကျွန်မရဲ့ မိုက်မဲမှုပါပဲ၊ စာရကတည်းက ဒီအချက်ကို သိထားသင့်တာ' ဟု မစ္စက်လက်စလီက သူ့ကိုယ်သူ စိတ်ပျက်သံဖြင့် ရေရွတ်သည်။ သူသည် သူ့အမှားအတွက် အင်နီအား ခွင့်လွှတ်ရန် တောင်းပန်ရုံမျှမက တရင်းတနှီး ပြောဆိုဆက်ဆံသည်။ ဤသို့ဖြင့် သူနှင့် အင်နီသည် ချက်ချင်းပင် ရင်းနှီးသော မိတ်ဆွေများအဖြစ်သို့ ရောက်သွားကြသည်။ မစ္စက်လက်စလီ စီစဉ်ထားသည့် အခန်းကိစ္စနှင့် ပတ်သက်၍လည်း ရှေ့ဘက်မှအခန်းကို အင်နီတို့သားအမိက ယူ၍ နောက်ဘက်မှ အခန်းငယ်ကို ဒေးဗစ်က ယူလိုက်ခြင်းဖြင့် ပြီးပြတ်သွားသည်။

ဆင်မီသည် ပျော်မဆုံးမော်မဆုံး ဖြစ်လျက်ရှိသည်။ သူသည် ဒေးဗစ်၏နောက်မှ တကောက်ကောက်လိုက်လျက်ရှိသည်။ ရာသီဥတုကတော့ နွေးထွေးလှ၏။ လေကလည်း လတ်ဆတ်သန့်စင်လှ၏။ သူတို့သည် မနက်တိုင်း ကမ်းခြေသို့ဆင်း၍ ရေကူးကြသည်။ သဲသောင်ပြင်ပေါ်၌ ခရစ်ကတ် ကစားကြသည်။

ဒေးဗစ်နှင့် ဆင်မီတို့ တတွဲတွဲဖြစ်နေသော်လည်း အမြဲတမ်း နောက်ကွယ်၌ ကျန်နေလေ့ရှိသူမှာ အင်နီ ဖြစ်သည်။ တစ်ခါတစ်ရံ ဒေးဗစ်နှင့် ဆင်မီတို့က အတင်းခေါ်ပါမှ လိုက်လာတတ်သည်။ အများအားဖြင့်တော့ အင်နီသည် အကြောင်းတစ်ခုခုပြကာ နေရစ်ခဲ့သည်က များ၏။ ဘာကြောင့် ထိုကဲ့သို့ လုပ်နေသည်ကို ဒေးဗစ် မသိချေ။ တစ်ရက်သော မွန်းလွဲပိုင်းတွင်မူ အပြင်၌ နေပူစာလှုံနေသော ဒေးဗစ်သည် အခန်းဘက်သို့ ပြန်လာသည်။ ဤတွင် မိမိ၏ ဘောင်းဘီရှည်ကို လက်ပေါ်၌တင်၍ အပေါ်ထပ်သို့ တက်သွားသော အင်နီကို မြင်လိုက်ရ၏။ သူ့နောက်မှ လိုက်သွားသည့်အခါ သူ့ဘောင်းဘီများအား မီးပူတိုက်လျက်ရှိသည်ကို တွေ့ရသည်။ ဒေးဗစ်သည် အင်နီ လုပ်နေပုံကိုကြည့်ကာ ဒေါသဖြစ်လာသည်။

'ဘယ်လိုလဲ အင်နီ၊ မင်း ဘာတွေလုပ်နေတာလဲ' ဟု မေးသည်။

'ဘာပြုလို့ မင်းက မီးပူတိုက်နေရတာလဲ၊ အခုလို သာယာတဲ့နေ့မှာ အခန်းအောင်းပြီး ဒီလိုအလုပ်တွေပဲ လုပ်နေတော့မှာလား၊ ဒါဆိုရင် အပန်းဖြေခရီးထွက်တယ်ဆိုတာ အဓိပ္ပာယ်ရှိဦးတော့မှာလား၊ မင်း ဘာပြုလို့ ကိုယ်နဲ့ ဆင်မီတို့ဆီ လာပြီး အတူတူမနေနိုင်ရတာလဲ'

'အင်နီ နောက်ကလိုက်ခဲ့မယ် ဒေးဗစ်' ဟု အင်နီက ပြောသည်။

'မင်းကိုခေါ်ရင် ဒီစကားမျိုးတွေပဲ ပြောတယ်၊ ခဏနေတော့ လိုက်ခဲ့မယ်၊ နောက်မှ လိုက်ခဲ့မယ်နဲ့ ပြီးတော့ ရောက်မလာဘူး'

အင်နီက ပြုံးသည်။ ဦးထုပ်ကိုယူဆောင်းကာ ဒေးဗစ်နှင့်အတူ ကမ်းခြေ

သို့ လိုက်လာသည်။ အင်နီသည် သဲပြင်တစ်နေရာ၌လှဲကာ မျက်လုံးအစုံကိုမှိတ်၍ နေဘက်သို့ မျက်နှာမူထားသည်။ ဒေးဗစ်သည် အင်နီ့မျက်နှာကို မကြာမကြာ လှမ်းကြည့်နေမိသည်။

အင်နီသည် မိန်းမပီသသော မိန်းမချောတစ်ယောက် ဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက်လှသည်။ မျက်နှာက အမြဲ အေးဆေးတည်ငြိမ်ရုံမျှမက လှပသည်။ အားလုံးကို ခြုံကြည့်လိုက်ပါက စံတင်လောက်သည့် အလှပိုင်ရှင် ဖြစ်သည်ဟု ဆိုရမည်။ အင်နီသည် သူ့စိတ်ကို ညို့ယူဖမ်းစားထားနေပြီဟု သူ့စိတ်ထဲက ကျိတ်၍ ဝန်ခံနေမိ၏။ သူသည် ရေစပ်၌ ပုံးတစ်လုံးဖြင့် ကစားနေသော ဆင်မီအား တစ်ချက်လှမ်းကြည့်သည်။

'တို့နှစ်ယောက်ဟာ အခင်မင်ဆုံးမိတ်ဆွေတွေ ဖြစ်သင့်တယ် အင်နီ'

'ဟုတ်ပါတယ်၊ ဒေးဗစ်ဟာ အင်နီရဲ့ အကောင်းဆုံးမိတ်ဆွေတစ်ယောက်ပါ'

'မင်း အခု ဘာတွေစဉ်းစားနေသလဲ၊ အဲဒါကိုသိရရင် ကောင်းမှာပဲ အင်နီ၊ မင်းဟာ လျှို့ဝှက်လွန်းတယ်၊ မျိုသိပ်လွန်းတယ်၊ မင်းဟာ ကမ္ဘာကျော်ပန်းချီကားကြီးထဲက လျှို့ဝှက်နက်နဲလှတဲ့ အပြုံးပိုင်ရှင်မလေး မောနာလီဆာနဲ့ တူတူလာနေတယ်'

အင်နီက ပြုံးသည်။

'ကိုယ်ပြောမယ် နားထောင်' ဟု ဒေးဗစ်က ဆက်ပြောသည်။

'ဒီည ဆင်မီ အိပ်သွားတဲ့အချိန်မှာ မင်းကို မြို့ထဲက ဖန်ဖဲယားကို ခေါ်သွားမယ်၊ အဲဒီအခါကျရင် မင်း စိတ်ပြောင်းမပြောင်း ကိုယ် ကြည့်မယ်'

အင်နီကတော့ ပြုံးနေဆဲ ....။

ထိုည ဆင်မီ အိပ်ပျော်သွားတဲ့အချိန်တွင် ဒေးဗစ်နှင့် အင်နီသည် တိုင်နီမောက်မြို့ထဲမှ ဖန်ဖဲယား ပျော်ပွဲရွှင်ပွဲသို့ သွားကြသည်။ သာယာသောညခင်းဖြစ်၏။ လေကလည်း သာသာညှင်းညှင်း တိုက်ခတ်လျက်ရှိသည်။ ဒေးဗစ်သည် ဤအရပ်သို့ ဂျင်နီနှင့် အတူလာခဲ့ကြဖူးသည်ကို သတိရမိသည်။

'ကိုယ် ဒီနေရာကို တစ်ခါတုန်းက ဂျင်နီနဲ့အတူလာခဲ့ဖူးတယ်'

'အင်နီ သိပါတယ်'

'ကိုယ် ဂျင်နီကို သိပ်သတိရတယ်၊ တစ်နေ့ကျရင် သူ ကိုယ့်ဆီပြန်လာလိမ့်မယ်လို့ ထင်နေတုန်းပဲ'

'အင်နီကလည်း ပြန်လာမယ်လို့ မျှော်လင့်ပါတယ် ဒေးဗစ်ရယ်'

သူတို့သည် ပျော်ပွဲရွှင်ပွဲကွင်းအတွင်းသို့ ဝင်လာခဲ့ကြသည်။ အင်နီသည် စောစောကလောက် ရွှင်လန်းတက်ကြွခြင်း မရှိတော့။ သူသည် နှုတ်ဆိတ်လျက်



ရှိသည်။ ဒေးဗစ်ကတော့ အင်နီအား ပျော်အောင်လုပ်မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် အင်နီ ပျော်လာလိမ့်မည်ဟု ယူဆရသောနေရာများသို့ လိုက်ပို့သည်။ ကြာလာတော့လည်း အင်နီသည် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြစ်လာသည်။ အထူးသဖြင့် ပြိုင်ကားများစီးချိန်တွင် အင်နီသည် ပို၍ သွက်လက်ပျော်ရွှင်လာသည်။

ပြိုင်ကားစီးအပြီး ကားပေါ်မှအဆင်းတွင် အင်နီသည် ဒေးဗစ်၏လက်မောင်းကို ကိုင်ဆင်းသည်။ သူ့ပါးနှစ်ဖက်သည် ဖြန်းခနဲ နှင်းဆီရောင်သမ်းသွားသည်။ သူမ၏ မျက်လုံးများသည် ဒေးဗစ်၏လက်မောင်းကို ကိုင်ထားရသည့်အတွက် များစွာ ဝမ်းသာနေကြောင်း ဖော်ပြလျက်ရှိကြသည်။

'ဒေးဗစ်ရယ် .... နောက်တစ်ခါ အင်နီ့ကို ပြိုင်ကားမစီးခိုင်းပါနဲ့တော့' ဟု အင်နီက နှစ်နှစ်ခြိုက်ခြိုက် ရယ်မောပြီး ပြောသည်။

'ဒါပေမဲ့ စီးလို့တော့ သိပ်ကောင်းတာပဲ'

'မင်း အားရပါးရရယ်တာ အခုမှပဲ တွေ့ရတော့တယ်၊ ကိုယ် မင်းကို မြင်ချင်တာ အဲဒီလိုပျော်ရွှင်နေတာကို မြင်ချင်တာ'

ကွင်းထဲတွင် လူတွေဖြင့် ပြည့်ကျပ်နေသည်။ ဤပွဲသို့ ရောက်လာသမျှ လူများစုသည် ကျောက်မီးသွေးတွင်း အလုပ်သမားများ ဖြစ်သည်။ အနီးအနားပတ်ဝန်းကျင်ရှိ တိုင်နီဆိုက်၊ ရှစ်ပ်ဟက်၊ ယာရိုး၊ ဘက်ဂ်ဟစ်လ်နှင့် ဟက်ဒ်လင်တန်စသည့်မြို့များမှ အလုပ်သမားများ ဖြစ်၏။ လာသမျှသည် စုံတွဲတွေချည်း ဖြစ်သည်။ ဒေးဗစ်သည် တပျော်တပါး သွားလာလှုပ်ရှားနေကြသည့် လူစုလူဝေးကို ကြည့်ကာ သူ့နှုတ်မှ စကားတစ်ခွန်း ထွက်လာသည်။

'ကိုယ့်ကိုပိုင်ဆိုင်တဲ့နေရာဟာ ဒီနေရာပဲ အင်နီ၊ သူတို့ဟာ ကိုယ့်ရဲ့လူတွေပဲ၊ သူတို့ကြားမှာ ရောက်နေရင် ကိုယ် သိပ်ပျော်တယ်'

'ရှင်က ထိပ်ဆုံးရောက်မယ့် လူတစ်ယောက်ပါ ဒေးဗစ်၊ လူတိုင်းက ရှင့်ကို အဲဒီလိုပဲ ပြောနေကြတာပါ၊ နောက်တစ်ကြိမ် ရွေးကောက်ပွဲမှာ ရှင်ဟာ အမတ်အဖြစ် အရွေးခံရပြီး ပါလီမန်လွှတ်တော်ထဲ ရောက်သွားမယ့်လူပါ'

'ဘယ်သူတွေက ပြောတာလဲ'

'အားလုံးက ပြောနေကြတာပါ၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းက အလုပ်သမားအားလုံးက ဒီအတိုင်းပဲ ယုံကြည်နေကြတယ်၊ ပတ်ဂ်ကလည်း အင်နီ့ကိုပြောတယ်၊ သူတို့အားလုံးက သူတို့အတွက် ကောင်းအောင်လုပ်ပေးမယ့်လူဟာ ရှင်တစ်ယောက်တည်းပဲ ရှိတယ်တဲ့'

သူတို့သည် သူတို့အခန်းရှိရာ တာရန့်လမ်းဘက်သို့ လျှောက်လာကြသည်။ ထိုအခိုက်မှာပင် ပင်လယ်ရေပြင်ထဲမှ လသည် ဖြည်းဖြည်းချင်းထွက်လာ

ပြီး သူတို့အား ကြည့်နေသည်။ လူသံသူသံများသည် တဖြည်းဖြည်း ပျောက်သွားသည်။ ဒေးဗစ်သည် သူ့ဘေးမှပါလာသော အင်နီ၏ စကားနည်းမှုကို အံ့သြနေသည်။ သူသည် သူ့အကြောင်းကို မတွေးဘဲမနေနိုင်။ သူသည် သူ့အတွက် ရည်မှန်းချက်ကြီးကြီးထားသူ မဟုတ်။ ကြီးမြင့်လိုစိတ်လည်း မရှိ။ သူ လိုချင်နေသည်မှာ ကျောက်မီးသွေးတွင်း အလုပ်သမားများအတွက် တရားမျှတမှုသာဖြစ်၏။ သူသည် အဖိနှိပ်ခံ ထိုလူတန်းစားထဲမှတစ်ဦး ဖြစ်ခဲ့သည် မဟုတ်ပါလား။

'သူတို့အတွက် ကိုယ်လိုချင်တာက တရားမျှတမှုနဲ့ ဘဝလုံခြုံမှုပဲ အင်နီ' ဟု သူက ပြောသည်။

'သတ္တုတွင်းလုပ်ငန်းဟာ တခြားစက်မှုလုပ်ငန်းတွေနဲ့ တူတာမဟုတ်ဘူး၊ ဒီလုပ်ငန်းတွေဟာ နိုင်ငံပိုင်လုပ်သင့်တဲ့ လုပ်ငန်းတွေလို့ ကိုယ် ထင်တယ်၊ အလုပ်သမားတွေရဲ့ အသက်တွေဟာ ဒီအပေါ်မှာ တည်မှီနေကြရတာ၊ ပုဂ္ဂလိကလုပ်ငန်းအဖြစ်နဲ့ကျတော့ အမြတ်ငွေ အများကြီးရဖို့သာ စဉ်းစားတာ၊ အဲဒီတော့ လူတွေရဲ့ ဘဝလုံခြုံမှုဆိုတာကို အလေးအနက်ထားပြီး မစဉ်းစားကြတော့ဘူး၊ ဒါ့ကြောင့်မို့လည်း ကျောက်မီးသွေးတွင်းတွေထဲမှာ မကြာခဏ ဘေးအန္တရာယ်တွေကျပြီး လူတွေအများကြီး သေကြရတာ၊ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းထဲမှာ မြေပြိုကျပြီး ရေလျှံလို့ အလုပ်သမားတွေ သေကုန်တာတွေဟာ စဉ်းစားမိတိုင်း ရင်နာစရာကောင်းပါတယ်'

သူတို့ တာရန့်လမ်း ရောက်သည်အထိ နှုတ်ဆိတ်လာကြသည်။

'ကိုယ်ပြောတာတွေ နားထောင်ရတာ ပျင်းသွားပြီလား အင်နီ' ဟု မေးသည်။

'မပျင်းပါဘူး' ဟု အင်နီက ပြောသည်။

'ဒါတွေဟာ လက်တွေ့ဘဝရဲ့ စိတ်ဝင်စားစရာတွေပါ၊ မင်းကို မနက်ဖြန် ရောက်လာမယ့် ဟာရီနူဂျင့်နဲ့ တွေ့စေချင်တယ်၊ သူဟာ ကိုယ်တို့ရဲ့ အခြေအနေအားလုံးကို နားလည်နေတဲ့လူပါ၊ မင်း သူ့ကို သဘောကျမှာပါ'

အင်နီ ခေါင်းခါသည်။

'အင်နီ မတွေ့ချင်ဘူး၊ မတွေ့ပါရစေနဲ့'

'ဘာဖြစ်လို့လဲ အင်နီ'

'ဘာမှမဖြစ်ပါဘူး၊ တွေ့ချင်စိတ်မရှိလို့ပါ'

ဒေးဗစ်သည် စိတ်မကောင်းဖြစ်သွားသည်။ မိမိအနေဖြင့် အင်နီအား သူ့ကမ္ဘာလေးထဲမှ ဆွဲထုတ်ပေးချင်သည်။ ပျော်ပျော်ရွှင်ရွှင် နေထိုင်လျက်ရှိသော ပတ်ဝန်းကျင်နှင့် ထိတွေ့စေချင်သည်။ သူ့စေတနာကို ဘာကြောင့် အင်နီက



လက်မခံရသနည်း။ သူသည် ထိုကိစ္စ ဆက်မပြောတော့ဘဲ ရပ်ပစ်လိုက်သည်။ အခန်းကို ပြန်ရောက်သည်အထိ စကားမပြော။ အင်နီက ညလယ်စာ လုပ်ပေးရမလားဟု မေးလာသည်ကိုပင် ငြင်းပယ်လိုက်ပြီး သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။

နောက်တစ်နေ့တွင် ဟာရီနူဂျင့် ရောက်လာသည်။ နူဂျင့်သည် ဝုစ်တလေပင်လယ်ကွေ့ကို များစွာ သဘောကျနေသည်။ ဤနေရာကဲ့သို့ လေကောင်းလေသန့်ရသောနေရာမျိုးကို ဘယ်မှာမှမရှိဟုပင် ပြောသည်။ နေ့ခင်းပိုင်း ဖြစ်သဖြင့် သူတို့သည် လက်ဖက်ရည်သောက်ရင်း စကားလက်ဆုံကျကြသည်။ နူဂျင့်သည် လက်ဖက်ရည်သမား ဖြစ်သည်။ လက်ဖက်ရည်ကို တစ်ခွက်ပြီးတစ်ခွက် တစွတ်စွတ်သောက်တတ်သူ ဖြစ်၏။ အခုလည်း သူသည် လက်ဖက်ရည် တတိယခွက်ကို သောက်နေရာမှ ဒေးဗစ်အား ပြုံး၍ကြည့်နေသည်။

သူသည် စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာရင်း ဒေးဗစ်အား တစ်ချက်လှမ်းကြည့်သည်။

'ခင်ဗျားလည်း သိရောပေါ့၊ ခရစ္စတက်လက်တွန်တစ်ယောက် အတော်ကြီး နေမကောင်းဖြစ်နေတယ်၊ သူ့အခြေအနေက သိပ်ဆိုးတယ်၊ ဖရီးမေဆန်ဆေးရုံမှာတက်ပြီး ခွဲစိတ်ကုသမှုကို ခံထားရတယ်၊ မနေ့က ကျွန်တော်ရောက်တော့ သူ သတိမရဘူး'

သူသည် စကားကို ဆက်မပြောဘဲ ရပ်ထားသည်။ တစ်စုံတစ်ရာကို ဆင်ခြင်စဉ်းစားနေသည့်နှယ်ရှိသည်။ ထို့နောက် 'လာမယ့်လထဲမှာ ကြားဖြတ်ရွေးကောက်ပွဲတစ်ခု စလီစကေးမှာ လုပ်လိမ့်မယ်' ဟု ထပ်ပြောသည်။

ဒေးဗစ်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူသည် ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေသည်။ နူဂျင့်သည် သူ့အားမော့ကြည့်ပြီး ခေါင်းညိတ်သည်။

'ကျွန်တော်က ဒေသခံလူတွေနဲ့ အမြဲအဆက်အသွယ် ရှိနေတာဆိုတော့ အကြောင်းစုံကို ကြိုပြီး သိရတာများတယ်၊ ခရစ္စတက်လက်တွန်ရဲ့နေရာမှာ ဘယ်သူ့ကို အစားထိုးမလဲဆိုတာ သူတို့ သိတယ်၊ ခင်ဗျားအမည်ကို စာရင်းတင်ကြလိမ့်မယ်'

ဒေးဗစ်သည် သူ့နားသူ မယုံကြည်နိုင် ဖြစ်နေသည်။ သူသည် နူဂျင့်ကို ငေးကြည့်နေသည်။ သူ့မျက်လုံးအစုံသည် မှုန်ဝါးဝါး ဖြစ်လာသည်။ သူသည် နူဂျင့်ကို ကောင်းစွာ မမြင်ရတော့ပေ။

* * * * *

## (၅၃)

စလီစကေးသို့ ပြန်ရောက်သည့်အခါ ဒေးဗစ် ပထမဆုံးတွေ့ရသူမှာ ဂျိမ်းစ် ရာမက်ချ် ဖြစ်၏။ ထိုတနင်္လာနေ့ နံနက်တွင် သူသည် အင်နီတို့သားအမိနှင့်အတူ ဝှစ်တလေ ပင်လယ်ကွေ့မှ တိုင်နီကပ်ဆဲလ်သို့ ပြန်ရောက်သည်။ အင်နီတို့သားအမိ စလီစကေးသို့ပြန်ရန် ဘူတာသို့ လိုက်ပို့ပေးသည်။ သူတို့မီးရထား ထွက်သွားသည့်အခါ ဒေးဗစ်သည် သူ့အဖွဲ့ရုံးသို့သွား၍ လုပ်စရာရှိသမျှ အလုပ်များကို လုပ်မည်။ ဤသို့ဖြင့် သူ စလီစကေး ဘူတာတွင်းမှ ထွက်လာသည့်အခါ ညခုနစ်နာရီ ထိုးနေပေပြီ။ သူ အပြင်ရောက်လျှင်ရောက်ချင်း လူချင်းတိုက်လုနီးပါး ဖြစ်ရသူမှာ ညနေထုတ် သတင်းစာတစ်စောင်ဝယ်ရန် ထွက်လာသည့် ရာမက်ချ် ဖြစ်သည်။

ရာမက်ချ်သည် ဒေးဗစ်ကို မြင်လျှင်မြင်ချင်း လမ်းလယ်ခေါင်၌ တုံ့ခနဲ ဖြစ်သွားသည်။ လွန်ခဲ့သောရက် တနင်္ဂနွေနေ့ညက စတက်လက်တန်သည် ဖရီးမေဆန်ဆေးရုံ၌ ကွယ်လွန်သွားခဲ့သည်ဖြစ်ရာ ထိုသတင်းသည် ယနေ့မနက်ထုတ် တိုင်နီကပ်ဆဲလ် ဟာရဲလ် သတင်းစာ၌ ခေါင်းစီးကြီးကြီးဖြင့် ပါလာခဲ့၏။ ထိုသတင်းကို ရာမက်ချ် သိနေသည်မှာ သံသယဖြစ်ဖွယ်မရှိပေ။

'ဟင်း....ဟင်း' ဟု ရာမက်ချ်က သရော်သံပေးသည်။

'ပါလီမန် အမတ်တစ်ယောက် ရွေးရဦးတော့မှာပေါ့ ဟုတ်လား'

'မှန်ပါတယ် မစ္စတာရာမက်ချ်'

'မင်းက သေချာပေါက် မင်း ရလိမ့်မယ်လို့ ထင်နေတယ်ဆိုပါတော့'

'ကျွန်တော် အဲဒီလိုပဲ မျှော်လင့်ပါတယ်'

ရာမက်ချ်၏မျက်နှာသည် နီရဲပုပ်သိုးသွားသည်။ သူသည် လက်သီးတစ်ဖက်ကို ဆုပ်ထားသည်။

'လူတွေကို ဆူဆူပူပူဖြစ်အောင် လိုက်လုပ်နေတဲ့ မင်းလိုလူစားကို တို့နယ်က ကိုယ်စားလှယ်အမတ်အဖြစ် ရွေးလိမ့်မယ်လို့ ထင်နေသလား'

ဒေးဗစ်သည် ရာမက်ချ်၏ မှုန်တေတေမျက်နှာကို ကြည့်နေသည်။ သူ့အား ရွံရှာမုန်းတီးသည့်လက္ခဏာကို အထင်အရှား ဖော်ပြနေသည့်မျက်နှာ ဖြစ်၏။ သူသည် ရာမက်ချ်အား ဆေးရုံလူနာများအတွက် အသားကောင်းကောင်း လတ်လတ်ဆတ်ဆတ်များ ပေးသွင်းအောင် ပြုလုပ်ပေးခဲ့သည်။ မသန့်ရှင်း မသပ်မရပ် ဖြစ်နေသော သားသတ်ရုံကို ခိုင်ခံ့ကောင်းမွန်အောင်၊ ပြုပြင်တည်ဆောက်



အောင် ပြုလုပ်ပေးခဲ့သည်။ ပြိုပျက်နေသော အလုပ်သမား တန်းလျားများကို ပြန်လည်တည်ဆောက်ပေးအောင် ပြုလုပ်ပေးခဲ့၏။ အမှန်တော့ သူသည် ရာမက်ချ်အား ကောင်းသောအရာများကို လုပ်ချင်အောင်၊ လုပ်လာအောင် တွန်းအားပေးခဲ့သူ ဖြစ်၏။ ယင်းကဲ့သို့ ပြုလုပ်ပေးခဲ့မှုများအတွက် ရာမက်ချ်သည် မိမိကို သတ်ချင်နေသည်။ အံ့သြစရာ ကောင်းလှပါပေသည်။

ဒေးဗစ်သည် အာဃာတဟူ၍ လုံးဝမထားဘဲ အေးအေးဆေးဆေးပင် ပြန်ပြောသည်။

'ခင်ဗျား ကြိုက်တဲ့လူကို ခင်ဗျား ထောက်ခံခွင့်ရှိနေတာပဲ'

'အေးပေါ့ကွာ၊ မင်းကို ပြုတ်သွားအောင် ဖြုတ်ပြမယ်၊ နားလည်လား' ဟု ရာမက်ချ်က ဒေါသတကြီး တုံ့ပြန်သည်။

'ငါတို့အုပ်စုက မင်းကို ကောင်းကောင်းဆော်ပြမယ်'

ဒေးဗစ်သည် သူ့အနီးမှ ထွက်ခွာသွားသော ရာမက်ချ်အား လှည့်၍ပင် မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ တကယ်တော့ ရာမက်ချ်၏ အမြင်သည် နယ်သူနယ်သားအားလုံး၏အမြင် မဟုတ်ပေ။ သူ သိထားသည့်အတိုင်းဆိုပါက စလီစကေး မဲဆန္ဒနယ်သည် လေဘာပါတီအတွက် အသေချာဆုံးနေရာ ဖြစ်သည်။

သို့သော်လည်း လွန်ခဲ့သော လေးနှစ်တာကာလအတွင်း ကိုယ်စားလှယ် ဖြစ်ခဲ့သည့် စတက်လက်တန်သည် အသက်ကြီးသူ ဖြစ်၏။ ယခု ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်၏။ ဘော်လ်ဒွင်အစိုးရကို ဖြစ်ပေါ်စေခဲ့သော ပြီးခဲ့သော ရွေးကောက်ပွဲအတွင်းမှ စလီစကေးမှ ပြည်သူများသည် နဝေတိမ်တောင် ဖြစ်ခဲ့ကြသည်။ ကွန်ဆာဗေးတစ်ပါတီမှ လောရင့်စ်ရော့စ်ကိုအား နှစ်သက်သယောင်ယောင် ရှိခဲ့၏။ ဤသို့ဖြင့် စတက်လက်တန်သည် မဲအရေအတွက် အသာစီး အနည်းငယ်မျှဖြင့် အမတ်ဖြစ်သွားခဲ့ရခြင်း ဖြစ်လေသည်။

ယခု ကြားဖြတ်ရွေးကောက်ပွဲတွင် ရော့စ်ကိုသည် ပြန်လည်ယှဉ်ပြိုင်လိမ့်မည် ဖြစ်၏။ ရော့စ်ကိုသည် လူရွယ်လူလတ်၊ လူချောလူလှ၊ လူချမ်းသာတစ်ဦး ဖြစ်သည်။ ဒေးဗစ်သည် ရော့စ်ကိုအား တွေ့ဖူးသည်။ အသက်သုံးဆယ့်လေးနှစ်ခန့်ရှိ၍ အရပ်မြင့်မြင့်နှင့် သွက်လက်ဖျတ်လတ်သည်။ သူသည် ဆာလင်တန် ရော့စ်ကို၏သားဖြစ်၍ တိုင်နီကပ်ဆဲလ် မိန်းကျောက်မီးသွေးလုပ်ငန်း၏ ဒါရိုက်တာတစ်ဦး ဖြစ်သည်။

ရော့စ်ကိုသည် မိဘမျိုးရိုးထုံးစံအတိုင်း ဥပဒေဘွဲ့ယူကာ ရှေ့နေလိုက်လျက် ရှိသည်။ ရှေ့နေတစ်ယောက် အနေဖြင့်လည်း များစွာအောင်မြင်မှုရနေသူ ဖြစ်သည်။ စစ်ကြီးအတွင်းကလည်း သူသည် ဘုရင့်လေတပ်မတော်တွင် လေသူ

ကောင်းတစ်ယောက်အဖြစ် ထင်ရှားကျော်ကြားခဲ့သူ ဖြစ်၏။ သို့ဖြစ်ရာ ဒေးဗစ် ယှဉ်ပြိုင်ရမည့်ပုဂ္ဂိုလ်သည် သူ့အတွက် အန္တရာယ်များသော ပြိုင်ဘက်တစ်ဦးဟု သတ်မှတ်ရလိမ့်မည် ဖြစ်သည်။

ဒေးဗစ် အိမ်ထဲဝင်သွားသည့်အခါ သူ့အမေသည် မကြာသေးခင်ကမှ ဝယ်ထားခဲ့သော စတီးကိုင်းမျက်မှန်ကိုတပ်၍ ညနေထုတ် သတင်းစာတွင် မျက်နှာ အပ်နေသည်ကို တွေ့ရ၏။ ခါတိုင်းဆိုလျှင် မာသာသည် ညနေထုတ် သတင်းစာ ကို ဘယ်သောအခါမှ ဖတ်လေ့မရှိ။ သို့သော်လည်း ယနေ့တော့ သူ့မိတ်ဆွေ ဟန်နာဘာရေ့စ်က ရွေးကောက်ပွဲသတင်းအကြောင်းကို လာပြောသဖြင့် အပြင်သို့ ထွက်၍ သတင်းစာတစ်စောင် ဝယ်လာပြီး ဖတ်နေခြင်း ဖြစ်၏။ သူမ၏ ဘဝ တစ်လျှောက်လုံး သတင်းစာကို ကိုယ်တိုင်ဝယ်၍ ပထမဆုံးအကြိမ် ဖတ်ခြင်း ပေတည်း။

ဒေးဗစ်အား မြင်လိုက်သည့်အခါ မလုံမလဲဖြစ်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ သူသည် သတင်းစာကို ကပျာကယာ ဖွက်လိုက်သည်။ ပြီးတော့....

'မင်း ပြန်လာတာ စောလှချည်လား၊ ကိုးနာရီလောက်ကျမှ ပြန်ရောက် မယ်ထင်တာ' ဟု စကားမရှိစကားရှာ ပြောသည်။ ဒေးဗစ်ကတော့ သူ့အမေအား လွှတ်မပေး။

'အဲဒီကိစ္စ အမေ ဘယ်လိုသဘောရသလဲ' ဟု မေးသည်။

'ငါတော့ မကြိုက်ဘူး'

မာသာသည် များများမပြော။ ထိုတစ်ခွန်းသာပြောပြီး ဒေးဗစ်အတွက် ညလယ်စာပြင်ရန် မီးဖိုခန်းထဲသို့ ဝင်သွားသည်.

ညလယ်စာ စားနေခိုက်တွင် ဒေးဗစ်သည် သူ့ရွေးကောက်ပွဲအတွက် ကြိုတင်စီစဉ်မှုများကို စဉ်းစားသည်။ တကယ်တော့ ရွေးကောက်ပွဲတွင် ငွေကြေး အကုန်အကျများဖို့ရှိသည်။ ဆင်းရဲသူတစ်ဦးအတွက် ဤပြဿနာသည် လွယ်ကူ သည် မဟုတ်။ မည်သို့ပင်ဖြစ်စေ ရွေးကောက်ပွဲအတွက် မဲဆွယ်မှု၊ စည်းရုံးမှု သည် ဩဂုတ်လထဲတွင် အစပြုခဲ့လေသည်။

အမတ်လောင်းများ ဖြစ်ကြသည့် ရော့စ်ကိုနှင့် ဒေးဗစ်တို့ကိုယ်တိုင်လည်း မဲဆွယ်စည်းရုံးရေးအတွက် ဟောကြ ပြောကြသည်။ သူတို့၏ ကိုယ်စားလှယ် များကလည်း နေရာအနှံ့အပြားသို့သွား၍ စည်းရုံးမဲဆွယ်ကြသည်။ ပထမသီတင်း ပတ်အကုန်တွင် တိုင်နီကပ်ဆဲလ်မှ တွမ်ဟက်ဒွန်းသည် ဒေးဗစ်အတွက် မဲဆွယ် မိန့်ခွန်းပြောကြားရန် ရောက်လာခဲ့သည်။

တွမ်ဟက်ဒွန်းသည် အလုပ်သမားတစ်ဦး ဖြစ်သဖြင့် စကားကို တင့်တယ်



ပြေပြစ်အောင် မပြောတတ်။ မပြောနိုင်။ သူ့စိတ်ထဲရှိသမျှကို တဲ့တိုးပင် ပြော သည်။ အချုပ်အားဖြင့် ဒေးဗစ်ဖင်းဝစ်သည် ကျောက်မီးသွေးတွင်းတူး အလုပ် သမားတစ်ဦးမှ မွေးဖွားလာသူ ဖြစ်သည်။ သူကိုယ်တိုင်လည်း ငယ်ရွယ်စဉ် ကတည်းက ကျောက်မီးသွေးတွင်း၌ အလုပ်လုပ်ခဲ့ရသူ ဖြစ်သည်။ ရော့စ်ကိုနှင့် ယှဉ်လိုက်လျှင် အလုပ်သမားတွေအကြောင်း ဘယ်သူ ပိုသိနိုင်မည်နည်း၊ အလုပ် သမားတွေအပေါ် ဘယ်သူက ပို၍ ကိုယ်ချင်းစာတရား ထားနိုင်မည်နည်း။ ယင်း အချက်များကိုကြည့်၍ ဘယ်သူ့အား မဲပေးသင့်သည်ကို မိမိတို့ဘာသာ စဉ်းစား ဆုံးဖြတ်ကြပါဟု တိုက်တွန်းသွားလေသည်။

ဟက်ဒွန်း စကားပြောသွားသည်မှာ နာရီဝက်ခန့် ကြာသည်။ သူ့စကား များသည် ထိရောက်မှုရှိသည်။ အလုပ်သမားများက အဘောကျကြသည်။ သူတို့ စဉ်းစားရမည့်အချက်နှင့် ရွေးရမည့်လမ်းကို ချက်ချင်း မြင်ကြရသည် မဟုတ် ပါလား။

'ငါက စကားပြောတတ်တဲ့ကောင် မဟုတ်ဘူး ဒေးဗစ်၊ မင်းအတွက် ထိုက် သင့်သလောက်တော့ အကျိုးရှိမှာပါကွာ၊ ငါ တတ်နိုင်သမျှ လုပ်ပေးတဲ့သဘောပါ' ဟု ဟက်ဒွန်းက ပြောသည်။

စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့သည် ရွေးကောက်ပွဲကျင်းပမည့်ရက် ဖြစ်၏။ ၂၀ ရက်နေ့၊ စနေနေ့ ညခြောက်နာရီတွင် စလီစကေးမြို့တော်ခန်းမ၌ ဒေးဗစ် မိန့်ခွန်းပြောသည်။ ခန်းမထဲတွင် လူထုပရိသတ်ဖြင့် ပြည့်ကျပ်နေသည်။ ဒေးဗစ်၏ ဘက်တော်သားများ ဖြစ်ကြသည့် ဟက်ဒွန်း၊ ဟာရီအိုဂလီ၊ ပီတာ ဝစ်လ်ဆန်နှင့် ကာမစ်ချယ်တို့သည် ဒေးဗစ်နှင့်အတူ စင်မြင့်ပေါ်၌ ရှိနေကြသည်။

ဒေးဗစ်သည် ထိုင်ရာမှထကာ ရေပုလင်းတစ်လုံး တင်ထားသည့် စားပွဲ ငယ်တစ်လုံးနောက်၌ ရပ်သည်။ သူ့အား မော့ကြည့်နေကြသည့် မျက်နှာများ သည် နည်းနည်းနောနော မဟုတ်။ သူသိသော မျက်နှာတွေချည်း ဖြစ်သည်။ ရှေ့ဆုံးတန်းတွင် အင်နီနှင့် သူ့မောင် ပတ်ဂ်တို့ ရှိနေကြသည်။ သူ့အား ဝိုင်းကြည့် နေကြသည့် လူအားလုံးသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှ အလုပ်သမား တွေချည်း ဖြစ်သည်။

'ကျွန်တော်နဲ့ ဒီနေ့ ဒီမှာ ရောက်လာကြတဲ့လူတွေဟာ အသိအကျွမ်းတွေ ပါ' ဟု ဒေးဗစ်က အစချီသည်။

'ခင်ဗျားတို့အားလုံးဟာ ကျွန်တော်နဲ့အတူတူ နက်ပ်ကျွန်း ကျောက်မီးသွေး တွင်းမှာ အလုပ်တွဲလုပ်ခဲ့ကြတဲ့လူတွေပါ၊ ကျွန်တော့်အနေနဲ့ ခင်ဗျားတို့အားလုံးကို ရင်းနှီးတဲ့ အပေါင်းအသင်းတွေလို့ သဘောထားပါတယ်၊ ဒါကြောင့်လည်း အစ

စကားပြောတဲ့အခါမှာ မိတ်ဆွေအပေါင်းအသင်းတွေကို ပြောသလို ပြောချင်ပါတယ်။'

'ဒီခန်းမကြီးထဲမှာ ရောက်နေကြတဲ့ ယောကျ်ားတိုင်း၊ မိန်းမတိုင်းဟာ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ ကျောက်မီးသွေးတွင်းနဲ့ ဆက်စပ်နေပါတယ်၊ ကျွန်တော်တို့အားလုံးရဲ့ဘဝဟာ ကျောက်မီးသွေးတွင်းနဲ့ ကင်းကွာလို့ လုံးဝမရပါဘူး၊ ခင်ဗျားတို့အားလုံးဟာ သတ္တုတွင်း အလုပ်သမားတွေပါ၊ ဒါကြောင့်မို့ သတ္တုတွင်းရဲ့ ပြဿနာဟာ ကျွန်တော်တို့ ခင်ဗျားတို့ အားလုံးအတွက် အလွန်အရေးကြီးတယ်ဆိုတာ အထူးပြောစရာ မလိုပါဘူး'

ဒေးဗစ်၏အသံသည် ခန်းမကြီးထဲတွင် ပွဲတင်ရိုက်နေသည်။ သူသည် ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်၏ အားနည်းချက်များကို ရှင်းပြသည်။ အမြတ်များများ ရရှိရေးဟူသော ရည်မှန်းချက်ကြောင့် အလုပ်သမားများအတွက် အလုပ်ခွင်လုံခြုံရေးနှင့် ဘဝလုံခြုံရေး မရှိကြောင်းကို တင်ပြသည်။ ထိုစနစ်၏ ချွတ်ယွင်းချက်နှင့် အားနည်းချက်များကို ပြောပြအပြီးတွင် နိုင်ငံပိုင် ပြုလုပ်ရေးစနစ်၏ အခြေခံသဘောတရားများကို ရှင်းပြသည်။

တစ်နိုင်ငံလုံးရှိ ကျောက်မီးသွေးတွင်းများ၏ အခြေအနေ အရပ်ရပ်ကိုလည်း ပြောပြသည်။ အလုပ်ခွင် မလုံခြုံမှုများ၊ လုပ်ခနည်းမှုများ၊ အိုးအိမ်အခြေအနေ ဆိုးဝါးမှုများ စသည်တို့ကို အကျယ်တဝင့် ရှင်းပြသည်။ ထို့နောက် ယင်းအခြေအနေများအား ဘယ်လိုစနစ်မျိုးဖြင့် ပြန်လည်ပြုပြင် တည်ဆောက်သင့်သည်ကို တင်ပြသည်။

သူ စကားပြောသည်မှာ နာရီဝက်ကြာသည်။ သူ့တင်ပြချက်များအပေါ် အားလုံးက စိတ်ဝင်စားကြသည်။ သဘောလည်း ပေါက်ကြသည်။ နားလည်းလည်ကြသည်။

'ခင်ဗျားတို့အတွက် တိုက်ပွဲဝင်ဖို့၊ တရားမျှတမှုကိုရယူဖို့ ကျွန်တော့်ကို ကူညီကြပါ' ဟူသောစကားဖြင့် သူ့မိန့်ခွန်းကို အဆုံးသတ်သည်။ ပထမတော့ ပရိသတ်သည် ငြိမ်ဆိတ်နေသည်။ ထို့နောက်တော့ လက်ခုပ်သြဘာသံများသည် သောသောညံသွားသည်။

ဒေးဗစ်၏ အပေါင်းအသင်းများက ဝိုင်းဝန်းချီးကျူးကြသည်။ လက်ဆွဲ၍ ခါသူကခါ၊ ကျောကို ပုတ်သူက ပုတ်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

'မင်း သူတို့ကို ကောင်းကောင်းဆွဲဆောင်နိုင်တယ်ဟေ့' ဟု ဟက်ဒွန်းက ဝမ်းသာအားရ ပြောသည်။

နောက်တစ်နေ့တွင် မဲဆန္ဒပေးပွဲ ကျင်းပသည်။ ဒေးဗစ်က မဲပေါင်း ၁၂၄၂၄



မဲ ရရှိ၍ ရှော့စ်ကိုက ၃၆၉၁ မဲ ရရှိသည်။ စလီစကေး မဲဆန္ဒနယ်တွင် ဆယ့်လေးနှစ်မျှ ကာလအတွင်း မဲအများဆုံးရရှိပြီး အောင်ပွဲရသွားခြင်းဖြစ်၍ သမိုင်းမှတ်တိုင်တစ်တိုင် ဖြစ်သွားခဲ့၏။ မြို့တော်ခန်းမရှေ့၌ ရပ်နေသော ဒေးဗစ်အား ဝိုင်းဝန်းအားပေးနေကြသည့် ပရိသတ်မှာ ကြီးမားများပြားလှချေသည်။

ရှုံးသွားသော ရှော့စ်ကိုက ဒေးဗစ်အား လက်ဆွဲ၍ အပြုံးဖြင့် နှုတ်ဆက်သည်။ မပြုံးနိုင် မရယ်နိုင်သူမှာ ရာမက်ချ် ....။ ရန်လိုသော မျက်နှာထားဖြင့် ဒေးဗစ်အား ကြည့်နေသည်။ ဒေးဗစ်ကတော့ မဲဆန္ဒရှင်များအား ကျေးဇူးတင်စကား ပြောသည်။ သူ့စကားသည် တိုတိုပြတ်ပြတ် ဖြစ်သည်။ 'ယနေ့မှစ၍ သူသည် သူတို့အတွက် အလုပ်လုပ်မည်၊ သူတို့အတွက် တိုက်ပွဲဝင်မည်၊ သူတို့အား အလုပ်အကျွေးပြုမည်' ဤမျှသာ ဖြစ်လေသည်။

နောက်ဆုံးတွင် သူသည် အိမ်သို့ ပြန်ရောက်လာသည်။ သူသည် အမေရှိရာ မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ ကိုယ်ရောစိတ်ပါ ပင်ပန်းလွန်းလှ၏။ သူသည် သူ့အမေအား လှမ်းကြည့်သည်။

'အမေ ကျွန်တော်နိုင်တယ်'

'အေး.... ငါ သိတယ်'

သူ့အမေထံမှ ထိုမျှသာ ကြားရလေသည်။

* * * * *

## (၅၄)

ဒေးဗစ်၏ အောက်လွှတ်တော်အမတ် ဘဝအစသည် မရှောင်သာ မလွှဲသာသည့် အဟန့်အတားများနှင့် ရင်ဆိုင်ရသည်။ အခြားအမတ်များအကြားတွင် သူ့ကိုယ်သူ အရေးမပါသလို၊ မထူးခြားသလို၊ အပေါင်းအသင်း ကင်းမဲ့နေသည့် အထီးကျန်လူတစ်ယောက်လို ခံစားရသည်။ ဤသည်မှာ သူ ပထမဆုံး ရင်ဆိုင်နေရသည့် ပြဿနာ ဖြစ်၏။ သူသည် ထိုပြဿနာကို ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အနိုင်ရအောင် ကြိုးစားခဲ့ရ၏။

ပထမဆုံး လွှတ်တော်အစည်းအဝေး တက်ရသည့်နေ့က ဖြစ်သည်။ ရယ်စရာတော့ ကောင်းသည်။ ထိုနေ့က လန်ဒန်ရဲတို့ထံမှသာ အကူအညီမရလျှင် လွှတ်တော်တွင်းသို့ ဘယ်လမ်း ဘယ်အပေါက်က ဘယ်လိုဝင်ရမည်ကို သိမည်မဟုတ်။ သူသည် လွှတ်တော်အတွင်းသို့ အများပြည်သူဝင်ပေါက်မှဝင်ရန် အား

ထုတ်သည်။ ထိုအဖြစ်ကို ရဲတစ်ယောက်ကမြင်၍ တားမြစ်ပြီး သူ့အား အထုးဝင်ပေါက်မှဝင်ရန် လမ်းပြပေးခဲ့သည်။ လွှတ်တော်ဝင်းထဲမှ ဖြတ်အလာတွင် အခြားရဲတစ်ဦးက သူ့အား အဝတ်အစားထားခန်းသို့ လိုက်ပို့ပေးရပြန်သည်။ သူသည် အပေါ်ဝတ် ဂရိတ်ကုတ်နှင့် ဦးထုပ်ကိုချွတ်၍ ထိုအခန်းထဲ ထားခဲ့ရသည်။ ထို့နောက် အခြားရဲတစ်ဦးက သူ့အား လွှတ်တော်၏ တည်နေရာနှင့် အခန်းများ အဆောင်များအကြောင်း ရှင်းပြကာ လွှတ်တော်ထဲအထိ လိုက်ပို့သည်။

သုံးနာရီထိုးတွင် နူဂျင့်နှင့် ဘက်ဘင်တန်တို့ ရောက်လာသည်။ သူသည် သူတို့နှင့် လိုက်ပါသွားသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးက သူ့နာမည်ကိုခေါ်၍ နေရာပေးခါမှ သူ ထိုင်ရသည်။ ထို့နောက်တော့ သူ၏ လွှတ်တော်အမတ်တစ်ယောက်၏တာဝန်သည် အစပြုခဲ့ရလေသည်။

သူသည် ဘက်တားဆီးရပ်ကွက်၊ ဘလောင့်လမ်း၌ အခန်းငှား၍ နေထိုင်သည်။ အိပ်ခန်း၊ ဧည့်ခန်း၊ ဓာတ်ငွေ့မီးဖိုပါသော မီးဖိုခန်းနှင့် ရေချိုးခန်းတို့ ပါသော်လည်း ကျယ်ကျယ်ဝန်းဝန်း မရှိလှပေ။ မစ္စက်တပ်ကား အမည်ရှိ အိမ်ရှင်မကြီးထံမှ တစ်ပတ်လျှင် တစ်ပေါင်နှုန်းဖြင့် ငှားရမ်းခြင်း ဖြစ်၏။ မစ္စက်တပ်ကားသည် အိပ်ရာသိမ်းဖို့၊ ခင်းဖို့နှင့် အခန်းသန့်ရှင်းရေးကို တာဝန်ယူပေးသည်။ ထို့ထက်ပို၍ကား ဒေးဗစ်ဘက်မှ ငွေကြေးမတတ်နိုင်။ သူသည် နံနက်စာကို သူ့ဘာသာသူ ချက်ပြုတ်စားသည်။ ဤလုပ်ရပ်အတွက် မစ္စက်တပ်ကားသည် ဒေးဗစ်အပေါ် အံ့ဩမဆုံးဖြစ်လျက် ရှိလေသည်။

ဘလောင့်လမ်းသည် လက်လုပ်လက်စား အလုပ်သမားများ နေထိုင်သော လမ်း ဖြစ်သည်။ လမ်းတစ်ဖက်တစ်ချက်၌ စီတန်းနေသော အိမ်များသည် ညစ်ပတ်ပေရေနေကြသည်။ အမှတ် (၃၃) တပ်ကားအိမ်နှင့် တစ်မိုင်ခန့်တွင် ဘက်တားဆီးပန်းခြံရှိ၍ ယင်းပန်းခြံသည် ဒေးဗစ်အတွက် ဆွဲဆောင်မှုအရှိဆုံးသောနေရာ ဖြစ်သည်။

စနေနေ့တစ်ရက်တွင် ဒေးဗစ်သည် ဘက်ဘင်တန်နှင့် ဘက်တားဆီးပန်းခြံဘက်သွား၍ နေ့လယ်စာ စားဖြစ်ကြသည်။ ဒေးဗစ် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ရပြီး အနိုင်ရရှိခဲ့ခြင်းသည် ဘက်ဘင်တန်အဖို့ အထင်ကြီးစရာ ဖြစ်ခဲ့၏။ ထို့ကြောင့်လည်း သူသည် ဒေးဗစ်အား တရင်းတနှီး ဆက်ဆံနေခြင်း ဖြစ်သည်။

သူတို့ နေ့လယ်စာ စားနေကြသည့် စားသောက်ဆိုင်၏ ပြတင်းပေါက်မှ လှမ်းကြည့်လျှင် မြစ်ပြင်ကို မြင်နေရသည်။ မကြာခင်မှာပင် ဒေးဗစ်သည် ဘက်ဘင်တန်၏ သဘောသဘာဝကို သိလာသည်။ ယခုလို ထင်ရှားသည့် စားသောက်ဆိုင်သည် ဘက်ဘင်တန်၏စားကျက် ဖြစ်သည်။ ထိုစားကျက်တွင် သူသည် လူတိုင်းနှင့်သိသည်။ ဘက်ဘင်တန်သည် ဒေးဗစ်အား စကားအဆက်မပြတ် ပြောနေသည်။ သူ ပြောနေသမျှအားလုံးမှာ သူ့အကြောင်းတွေက များ၏။

ကြာလာတော့လည်း ဒေးဗစ်သည် ဘက်ဘင်တန်အား စိတ်ဝင်စားမှု နည်းလာသည်။ ထို့ကြောင့်လည်း သူသည် ဘက်ဘင်တန်၏ စကားများအပေါ်၌ အာရုံမစူးစိုက်နိုင်တော့ဘဲ ပတ်ဝန်းကျင်ကိုသာ ကြည့်နေသည်။ ဘက်ဘင်တန်ကလည်း ဒေးဗစ်၏ အပြုအမူကို သတိထားမိလာသဖြင့် မသိမသာ နှာခေါင်းရှုံ့သည်။ သူကလည်း ပတ်ဝန်းကျင်ရှိ အမျိုးသမီးအပေါ်၌သာ အာရုံဝင်စားလျက် ရှိ၏။ နောက်ဆုံးတွင် စားပွဲထိုးတစ်ယောက်သည် ကျသင့်ငွေ ပြေစာတစ်ရွက်ကို လင်ပန်းကလေးပေါ်တင်ကာ လာပို့သည်။ ဘက်ဘင်တန်သည် ငွေခြောက်ပေါင်ကို လင်ပန်းထဲ ထည့်လိုက်သည်။ လူနှစ်ယောက်တည်း အစားများများ စားကြသည် မဟုတ်။ အရက်နှစ်ခွက်နှင့် အမြည်းတစ်ပန်းကန်မျှသာ ဖြစ်သည်။ ထိုငွေခြောက်ပေါင်သည် ကျောက်မီးသွေးတွင်းမှ အလုပ်သမား မိသားစုအတွက် တစ်လစာမျှ ရှိလေသည်။

သူသည် နောက်ထပ် စကားတစ်ခွန်းမှ မပြောတော့ပေ။ လူအများကြားရှိ မညီမျှမှုနှင့် တရားမျှတမှု ကင်းမဲ့ခြင်းများကို စဉ်းစားနေမိသည်။ သူ ငယ်စဉ်ဘဝ အလုပ်သမားများ၏ သပိတ်တိုက်ပွဲ၊ ကျော်ခဲ့ ဖြတ်ခဲ့ရသည့် အဖြစ်ဆိုးများ.... အားလုံးကို သူ သတိရလာသည်။ ဘက်ဘင်တန်တို့လို ဇိမ်ခံ၍နေမည့်အစား ရိုးရိုးသားသား စားသောက်နေထိုင်ခြင်းသည် မိမိအတွက် အကောင်းဆုံးဖြစ်လာဖို့ ရှိသည်ဟု တွေးမိသည်။

ဒေးဗစ်၏ နေထိုင်ပုံသည် ရောမခေတ်က စပါတန်များနေသည်နှင့် တူသည်။ အခန်းရှင် မစ္စက်တပ်ကားအဖို့တော့ ဒေးဗစ်သည် လူထူးလူဆန်းတစ်ယောက် ဖြစ်နေသည်။ ဒေးဗစ်၏ နေပုံထိုင်ပုံသည် သူ့အမြင်တွင် တစ်မျိုးကြီး ဖြစ်နေသည်။ သူသည် ရှာနာဟန် ဟူသောအမြင်ဖြင့် လူအများက နှစ်သက်လက်ခံမှုကိုရခဲ့သူ ဖြစ်၏။ သို့ပါလျက်နှင့် ယခု ဤလူရှယ်နှင့်ဆုံမိခါမှ နိမ့်ကျသွားသလို ဖြစ်နေသည်။ သူက ဒေးဗစ်အတွက် နံနက်စာရော ညစာပါ ချက်ပြုတ်ကျွေးမွေးခွင့် ရချင်သည်။ သို့သော်လည်း ဒေးဗစ်က လက်မခံ။ ဤအတွက် အဘွားကြီး၏ရင်ထဲတွင် ကျေနပ်မှုမရှိ။

ဇန်နဝါရီလ စနေတစ်ရက် မွန်းလွဲပိုင်းတွင် ဒေးဗစ်သည် ဘူးလ်လမ်းသို့ သွား၍ ကိုယ်တိုင် ဈေးဝယ်သည်။ ထိုလမ်းမှ ဈေးဆိုင်များသည် ဝယ်လို့ကောင်းသည်။ ဈေးပေါသည်။ ပိုပိုသာသာ ရတတ်သည်။ အများအားဖြင့် ဒေးဗစ်သည် ထိုဈေးမှ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ဝယ်လေ့ရှိ၏။ ထိုနေ့က သူသည် ခါတိုင်းဝယ်နေကျ ပစ္စည်းများသာမက ဒယ်အိုးတစ်လုံးပါ ဝယ်သည်။

ဆိုင်မှ ဈေးသည် မိန်းကလေးသည် ဒယ်အိုးကို လူအများမြင်၍မကောင်းသဖြင့် သတင်းစာစက္ကူဟောင်းဖြင့် အထပ်ထပ်ပတ်၍ ထုတ်ပေးသည်။ သို့သော်လည်း စက္ကူများ ပေါက်ပြဲကုန်သဖြင့် ကြည့်မကောင်းရှုမကောင်း ဖြစ်လျက်ပင်ရှိသည်။ နောက်ဆုံးတွင် မိန်းကလေးက ဒီအတိုင်းပဲ ယူသွားလို့ဖြစ်လျှင် ယူသွားပါတော့ဟု ပြောသဖြင့် ဒေးဗစ်သည် ဒယ်အိုးကို လက်တစ်ဖက်မှဆွဲကာ သူ့အခန်း အမှတ် ၃၃၊ ဘလောင့်လမ်းသို့ ပြန်လာခဲ့လေ၏။

သို့သော်လည်း အမှတ် ၃၃၊ ဘလောင့်လမ်း အခန်းရှေ့တွင် မိုးကာအင်္ကျီနှင့် လူငယ်တစ်ယောက် ရှိနေသည်ကို ဒေးဗစ် သတိမထားမိ။ လူငယ်သည် ဒေးဗစ်ကို မြင်သည့်အခါ ကပျာကယာ အနီးသို့လျှောက်လာပြီး ပါလာသည့် ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူသွားသည်။ ထို့နောက် ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

နောက်နေ့မနက် ဒေးလီးဂေဇက် သတင်းစာ၏ အလယ်မျက်နှာတွင် ထိုဓာတ်ပုံသည် ပါလာသည်။ အောက်ကရေးထားသည့်စာတမ်းမှာ "ဒယ်အိုးအမတ်" ဟူ၍ ဖြစ်၏။ ထို့ပြင်လည်း မြောက်ပိုင်းဒေသ ကျောက်မီးသွေးတွင်း အလုပ်သမားများကြားမှ တက်လာသည့် မျက်နှာသစ်အမတ် စသည်ဖြင့် တစ်ကော်လံစာ သတင်းတိုလေး ပါလာသည်။ ထိုသတင်းမှာ အခန်းရှင် မစ္စက်တပ်ကားက ပေးလိုက်သောသတင်း ဖြစ်လေသည်။

ဒေးဗစ်သည် ဓာတ်ပုံနှင့် သတင်းကိုကြည့်ကာ ဒေါသဖြစ်သွားသည်။ သူသည် အောက်ထပ်ရှိ တယ်လီဖုန်းမှနေ၍ ဒေးလီးဂေဇက် သတင်းစာ အယ်ဒီတာထံ ဖုန်းဆက်၍မေးသည်။ စိတ်ဆိုးမာန်ဆိုးနှင့် အပြစ်တင်သည်။ အယ်ဒီတာက တောင်းပန်စကားဆိုသည်။ ပြီးတော့ သူတို့ ထည့်လိုက်သည့် သတင်းထဲတွင် ဒေးဗစ်အား ထိခိုက်နစ်နာစေမည့် အကြောင်းအရာမပါဟု သူ ထင်ကြောင်း ရှင်းပြသည်။ တကယ်တော့ ထိုသတင်းသည် ဒေးဗစ်အတွက် ကောင်းသောသတင်းပါဟုလည်း ပြောသည်။ သတင်းပေးလိုက်သူ မစ္စက်တပ်ကားအပေါ်တွင်လည်း စိတ်ဆိုးစရာအကြောင်းမရှိဟု ယူဆသည်။ မစ္စက်တပ်ကားကတော့ သူ၏နာမည် သတင်းစာထဲ ပါလာသဖြင့် များစွာဝမ်းသာလျက်ရှိလေသည်။

ထိုနေ့နံနက်ပိုင်းတွင် အချိန်တန်လာသည့်အခါ ဒေးဗစ်သည် လွှတ်တော်သို့သွားသည်။ ဒေးလီးဂေဇက်တွင် ပါလာသည့်သတင်းကြောင့် သူ့စိတ်သည် မကြည်မလင် ဖြစ်နေသည်။ ဤသတင်းကို အားလုံးက သရော်စရာဟု သဘောမထားဘဲ ဥပေက္ခာပြုတန်ကောင်းပါရဲ့ဟု တွေးလာသည်။ သို့သော်လည်း သူမျှော်လင့်သလို မဟုတ်ပေ။ သူ လွှတ်တော်ထဲသို့ ဝင်သွားသည့်အခါ အမတ်များက



ဝိုင်း၍ ဩဘာပေးကြသည်။ ဒေးဗစ်သည် စိတ်ထဲတွင် မလုံမလဲ ဖြစ်လျက်ရှိ၏။ မိမိကိုယ်မိမိ နာမည်ကြီးအောင် တမင်တီထွင်ပြီး ဤသတင်းကို ပါအောင်လုပ်သည် အထင်ခံရသည်ရှိသော် ....။

'ခေါင်းထဲမှာ မထားနဲ့၊ ရယ်ပစ်လိုက်' ဟု နူဂျင့်က အကြံပေးသည်။ နူဂျင့်သည် နားလည်မှုရှိသူ ဖြစ်၏။ သို့သော်လည်း ဘက်ဘင်တန်ကတော့ ဒေးဗစ်အား သူ့ကိုယ်သူ နာမည်ကြီးအောင်လုပ်သည်ဟု စွပ်စွဲသည်။ ထိုညတွင် နူဂျင့်သည် ဒေးဗစ်၏အခန်းသို့ အလည်ရောက်လာသည်။ သူသည် ဒေးဗစ်၏ အခန်းကိုကြည့်၍ ....

'အခန်းကလေးက မဆိုးပါဘူး၊ သေးပေမယ့် သပ်ရပ်ပါတယ်' ဟု ပြောသည်။

'တစ်ပတ် တစ်ပေါင် ပေးရတာဆိုတော့ မဆိုးလှပါဘူး' ဟု ဒေးဗစ်က ပြောသည်။

'ဘယ်လိုပဲနေရနေရ အရေးကြီးတာက ကျွန်တော်တို့လူတွေအတွက် ကောင်းတာတွေဖြစ်လာအောင် လုပ်ပေးနိုင်ဖို့ပဲ အရေးကြီးပါတယ်'

'လုပ်ရမှာပေါ့' ဟု နူဂျင့်က ပြန်ပြောသည်။

'အခုလောလောဆယ်မှာတော့ ကိုယ် လုပ်ချင်သလောက် လုပ်လို့မရသေးဘူးပေါ့၊ ကျွန်တော်တို့က အင်မတန်မာကျောတဲ့ တိုရီပါတီတံတိုင်းကြီးကို ဆန့်ကျင်နေကြရတာ၊ သူတို့က ၄၁၉ နေရာ၊ ကျွန်တော်တို့က ၁၅၁ နေရာဆိုတော့ သိပ်ကွာလွန်းနေသေးတယ်၊ သူတို့ကိုပြိုင်ပြီး ကိုယ်လုပ်ချင်တာလုပ်လို့က မရနိုင်သေးဘူး၊ ခင်ဗျား စိတ်ထဲမှာ ဘယ်လိုဆန္ဒတွေ ရှိနေတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒီလိုပဲ သည်းခံပြီး လုပ်သွားရမှာပဲ'

'ဒါနဲ့ ကျောက်မီးသွေးတွင်းတွေကို ပြည်သူပိုင်လုပ်ဖို့ကျတော့ ဘယ်အချိန်လောက်ကျမှ ဖြစ်နိုင်မယ်ထင်သလဲ'

'အင်း ....ကျွန်တော်တို့ လေဘာပါတီအစိုးရ တက်လာတဲ့အချိန်ထိတော့ စောင့်ကြရမှာပဲ ဒေးဗစ်၊ ဒီကြားထဲမှာတော့ ကိုယ့်ကိုယ်ကို အကျင့်ပျက်ပြားတဲ့ အုပ်စုထဲ ပါမသွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားဖို့တော့လိုမှာပါ'

သူသည် နံရံမှနာရီကို မော့ကြည့်ပြီး ထိုင်ရာမှထသည်။

'ကျွန်တော် သွားတော့မယ်' ဟု နူတ်ဆက်သည်။

'နောက် ဆယ့်လေးရက်လောက်အတွင်းမှာ ကလပ်ခ်က သတ္တုတွင်း အလုပ်သမားများ လုံခြုံရေးဥပဒေကြမ်း တင်လိမ့်မယ်၊ အဲဒါဟာ ခင်ဗျားလိုချင်နေတဲ့ဟာတစ်ခုပဲ၊ ကဲ ....သွားမယ်၊ မင်္ဂလာညခင်းပါ'

ဒေးဗစ်သည် ကုလားထိုင်၌ထိုင်၍ ကျန်ရစ်ခဲ့သည်။ သူသည် ရောက်တတ်ရာရာများကို တွေးတောဆင်ခြင်လျက်ရှိသည်။ အထူးသဖြင့် သတ္တုတွင်း အလုပ်သမားများ လုံခြုံရေးဥပဒေကြမ်းသည် အခွင့်ကောင်းတစ်ခုဟု သူ ယူဆသည်။ အကယ်၍ ထိုကိစ္စအဆင်ပြေခဲ့ပါမူ ....။ ထိုအခိုက်တွင် အပြင်မှ တံခါးခေါက်သံကြားလိုက်ရပြီး အခန်းထဲသို့ မစ္စက်တပ်ကား ဝင်လာသည်ကို တွေ့ရ၏။

'အမျိုးသမီးတစ်ယောက်က တွေ့ချင်လို့တဲ့' ဟု ပြောသည်။

'အမျိုးသမီး' ဟု ဒေးဗစ်က ရေရွတ်သည်။ သူ့ရင်ထဲတွင် ဂျင်နီတစ်ယောက် လန်ဒန်မြို့၌ ရှိနေသည်ဟု ကျိတ်၍တွက်ထားခဲ့၏။ ယခုလာသူသည် ဂျင်နီများ ဖြစ်လေမလား ....။

'သူ အောက်မှာရှိတယ်၊ သွားခေါ်လိုက်ရမလား'

'ခေါ်လိုက်ပါ'

သူသည် မတ်တတ်ရပ်ကာ တံခါးဝကို မျက်နှာပြုထားသည်။ သူ့နှလုံးသားသည် တဒိတ်ဒိတ်ခုန်လျက်ရှိ၏။ သို့သော်လည်း အခန်းထဲသို့ ဝင်လာသူသည် ဂျင်နီ မဟုတ်။ ဟစ်လ်ဒါဘားရပ်စ် ....။

'အံ့သြနေလား' ဟု ဟစ်လ်ဒါက ပြောသည်။

'ရှင် ဘယ်မှာရောက်နေတယ်ဆိုတာ ဒီနေ့မနက် သတင်းစာထဲမှာ ဖတ်ရလို့သိတာ၊ ရှင့်ကို ချီးကျူးစကားပြောချင်လွန်းလို့ လာခဲ့တာ၊ တကယ်လို့ ရှင့်မှာ အလုပ်တွေ သိပ်များနေတယ်ဆိုရင်တော့ ကျွန်မ ချက်ချင်းပြန်ပါ့မယ်'

'ပေါက်ကရတွေ မပြောပါနဲ့ ဟစ်လ်ဒါ' ဟု ဒေးဗစ်က ပြောသည်။

အမှန်တော့ ဟစ်လ်ဒါကို တွေ့ရသည်မှာ အံ့သြစရာကောင်းသည်။ ဟစ်လ်ဒါနှင့် သူသည် တစ်ကြိမ်မျှသာ တွေ့ဆုံခဲ့ဖူး၏။ ထိုစဉ်ကလည်း စိတ်မကောင်းစရာ ဖြစ်ခဲ့ရဖူးသည် မဟုတ်ပါလား ....။

ဒေးဗစ်က ပြုံးသည့်အခါ ဟစ်လ်ဒါကလည်း အပြုံးဖြင့် တုံ့ပြန်သည်။ ဟစ်လ်ဒါသည် ဘယ်တော့မှ ပြုံးလေ့မရှိ။ အခုလို ပြုံးနေသည်မှာ သူ့အတွက် အထူးအဆန်းတစ်ခု ဖြစ်နေသည်။ အရင့်အရင်က ဟစ်လ်ဒါ ပြုံးသည်ကို သူ တစ်ခါမှ မမြင်ဘူးခဲ့။

'ထိုင်လေ' ဟု ဒေးဗစ်က ပြောသည်။

ဟစ်လ်ဒါသည် ကုလားထိုင်တွင် ဝင်ထိုင်သည်။

'မင်း လန်ဒန်မှာလာပြီး ဘာတွေလုပ်နေသလဲ' ဟု ဒေးဗစ်က မေးသည်။

ဟစ်လ်ဒါက ထပ်၍ပြုံးပြန်သည်။

'ရှင် ဘာတွေလုပ်ပြီး ဘာတွေဖြစ်လာတယ်ဆိုတာ ကျွန်မက မျက်ခြည်



မပြတ်ဘူး၊ စိတ်ဝင်တစားနဲ့ လေ့လာတယ်၊ ရှင်ကတော့ ကျွန်မ ရှိနေတယ်ဆိုတာတောင် သတိမရတော့ဘူး'

'ဟာ ....အဲဒီလို မဟုတ်ပါဘူး' ဟု ဒေးဗစ်က ကပျာကယာ ပြန်ရှင်းသည်။

'မင်း ဆရာဝန် ဖြစ်သွားပြီဆိုတာ လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက သိခဲ့ပါတယ်'

ဟစ်လ်ဒါက ရယ်သည်။ ရယ်လိုက်သည့်အခါ သူမ၏မျက်နှာတွင် ကြည်လင်ချမ်းမြေ့မှုကို မြင်ရသည်။ သူမသည် ယခင်ကထက်ပို၍ ပျော်ပျော်ရွှင်ရွှင် နေထိုင်လာတတ်သည့်အကျင့် ရှိလာပုံရ၏။

'ဆရာဝန်တစ်ယောက် ....၊ ဟုတ်လား' ဟု ဟစ်လ်ဒါက ရေရွတ်သည်။

'အဲဒီလိုတော့ ရောပြီးမချေချင်ဘူး၊ ကျွန်မဟာ ခွဲစိတ်ကုဆရာဝန်တစ်ယောက်ပါ၊ အမ်အက်စ်ဘွဲ့ရပြီး ဆရာဝန် ဖြစ်လာရတာပါ၊ ရှင်ကတော့ စိတ်ဝင်စားချင်မှ ဝင်စားမှာပါ၊ ကျွန်မ အခု စိန့်အယ်လီဇဘက် အမျိုးသမီးဆေးရုံမှာ တာဝန်ကျတယ်၊ ရှင်နေတဲ့ ဒီနေရာနဲ့ဆိုရင် မြစ်ပဲခြားတယ်၊ ကလစ်ဖို့ဒ်လမ်း၊ ချယ်လ်ဆီးမှာပေါ့'

'ကောင်းတာပေါ့'

'ဒါပေါ့ ....'

'အလုပ်ကိုကော ကြိုက်တယ်မဟုတ်လား'

ဟစ်လ်ဒါသည် သိသာစွာ ပြောင်းလဲသွားသည်။ ဤအချက်ကို သတိထားမိသော ဒေးဗစ်သည် မအံ့သြဘဲမနေနိုင်။ ဟစ်လ်ဒါသည် ဒေးဗစ်၏အတွေးကို ရိပ်မိဟန်တူ၏။

'တစ်ချိန်က ကျွန်မဟာ သားရဲတစ်ကောင်ပဲနော်၊ ဟုတ်တယ် မဟုတ်လား' ဟု ပြောသည်။

'ဂရေ့စ်နဲ့ အန်တီကေရီတို့အပေါ်မှာ သားရဲတိရစ္ဆာန်တစ်ကောင်လို ဆက်ဆံခဲ့တာ၊ အို ....လူတိုင်းကို အဲဒီလိုပဲ ဆက်ဆံခဲ့တာပါ၊ ကျွန်မကိုယ် ကျွန်မလည်း ဒီအတိုင်းပဲ၊ အခု ကျွန်မ လာတာဟာ အရင်က ဖြစ်ခဲ့သမျှတွေကို သင်ပုန်းချေပြီး စစ်ပြေငြိမ်းဖို့ လာခဲ့တာ'

'ဒါတွေက ခွင့်လွှတ်ပြီးသားတွေပါ၊ အရေးမှမကြီးတာ'

'ကျွန်မက ပွင့်ပွင့်လင်းလင်းသမားပါ' ဟု ဟစ်လ်ဒါက ပြောသည်။

'လန်ဒန်မှာ အသိမိတ်ဆွေဆိုလို့ ကျွန်မမှာ နည်းနည်းပဲရှိတယ်၊ တကယ့်ကိုနည်းတာ၊ နေရတာ အင်မတန် ကျဉ်းကျပ်ခက်ခဲပါတယ်၊ ကျွန်မဟာ လူတွေနဲ့ တွေ့တဲ့အခါ သိပ်ပြီး မဆက်ဆံတတ်ဘူး၊ ဒါဟာ ကျွန်မရဲ့ အားနည်းချက်

ဒါပေမဲ့ ကျွန်မ ရှင့်ကိုတော့ အမြဲပဲခင်ပါတယ်၊ ဒါကိုလည်း နားလည်မှုမလွဲစေချင်ဘူး'

'မလွဲပါဘူး'

ဒေးဗစ်သည် သူ့အင်္ကျီအိတ်ကပ်နှစ်ဖက်တွင် လက်နှိုက်ကာ မီးဖိုကို ကျောပေး၍ ရပ်နေသည်။

'တို့ ညလယ်စာ စားမလို့၊ မင်း စားသွားပါလား' ဟု ပြောသည်။

'စားတာပေါ့'

ဒေးဗစ်သည် မီးဖိုခန်းထဲသို့ ဝင်သွားသည်။ သူ၏ ချောင်းတဟွတ်ဟွတ် ဆိုးသံများ ကြားနေရသည်။ သူ ပြန်ထွက်လာသည့်အခါ ဟာစ်လ်ဒါက ဆီးမေးသည်။

'ချောင်းက ဆိုးလှချည်ကလား၊ ဘာဖြစ်လို့လဲ'

'ဆေးလိပ်သမားချောင်းပေါ့'

'ဂရုစိုက်ဖို့တော့ ကောင်းပါတယ်'

နှစ်ယောက်သား ညစာစားရင်း စကားလက်ဆုံကျကြသည်။ ဟာစ်လ်ဒါက သူမ၏အလုပ်အကြောင်းကို ပြောပြသည်။ သူမ၏ ခွဲစိတ်ခားအောက်မှ အမျိုးသမီးများအကြောင်းသည် စိတ်ဝင်စားစရာကောင်းသည်။ ပြီးတော့ မကြာခင် ဒေးဗစ် ပြောမည့် မိန့်ခွန်းအကြောင်းကို ဝေဖန်ကြသည်။ သူမက စိတ်ဝင်စားသည်။ ဒေးဗစ်က သူ့ရည်မှန်းချက်ကို ပြောပြသည့်အခါ သူမက ဝေဖန်သည်၊ မကြိုက်သည့် အချက်များကို ထောက်ပြသည်။

ညဆယ်နာရီ ထိုးသည့်အခါ သူမက ထိုင်ရာမှထသည်။

'ရှင် ကျွန်မဆီကို အလည်လာခဲ့ပါဦးလား၊ ကျွန်မက ရှင့်ထက် ကိုကိုးပိုဖျော်တတ်ပါတယ်'

'လာခဲ့ပါမယ်၊ ဒါပေမဲ့ မင်း ငါ့ထက်ပိုပြီး ကိုကိုးဖျော်တတ်တယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး'

ချယ်လ်ဆီးဘက်သို့ ပြန်လာချိန်တွင် ဟာစ်လ်ဒါ၏စိတ်သည် ကြည်လင်ပေါ့ပါးလျက်ရှိသည်။ ယနေ့ သူမ၏လုပ်ရပ်သည် အောင်မြင်မှုရှိသည်ဟု ယူဆသည်။ ပထမတော့ သူ သွားလည်လျှင် ဒေးဗစ်ဘက်မှ နားလည်မှုလွဲကာ တစ်မျိုးတစ်မည် ထင်သွားလေမလားဟု စိုးရိမ်ခဲ့သည်။ အခုကျတော့ ဒေးဗစ်ဘက်မှ နားလည်မှုလွဲမည့် အရိပ်အငွေ့ကို မမြင်ရ။ ဤအတွက် ဟာစ်လ်ဒါသည် များစွာဝမ်းသာခဲ့ရ၏။

ဒေးဗစ် လွှတ်တော်ထဲ၌ စကားပြောသွားသည့်နေ့ နောက်တစ်ရက်တွင် ဟာစ်လ်ဒါသည် သတင်းစာ ပြေးဝယ်သည်။ "ဒေးလီးဟာရဲလ်သတင်း" သည် ဒေးဗစ်၏မိန့်ခွန်းကို ခေါင်းစီးကြီးတပ်ကာ တစ်ကော်လံခွဲမျှ ဖော်ပြသည်။ "သည်တိုင်းမ်သတင်းစာ' ကလည်း ထိုမိန့်ခွန်းအား စလီစကေး မဲဆန္ဒနယ်မြေမှ အမတ်သစ်တစ်ဦး၏ ရိုးသားဖြူစင်ပြီး ရည်မှန်းချက်ကြီးမားသော မိန့်ခွန်းဟု ဝေဖန်သုံးသပ်ထားလေသည်။



ဟာစ်လ်ဒါသည် များစွာဝမ်းသာလျက်ရှိသည်။ သူမသည် လူနာဆောင်များထဲသို့ မဝင်မီ ဒေးဗစ်ထံ ဖုန်းဆက်၍ ချီးကျူးစကားပြောသည်။ ထို့နောက် သူမသည် တာဝန်ရှိရာ ဆေးရုံ အလုပ်ခွင်သို့ ဝင်ခဲ့သည်။ ဒေးဗစ်၏ မိန့်ခွန်းသည် အံ့သြစရာကောင်းလောက်အောင် ထူးခြားသည့်မိန့်ခွန်း ဖြစ်သည်။ ပြီးတော့ ထိုမိန့်ခွန်းသည် မိမိနှင့် ဆက်စပ်ပတ်သက်နေသည် မဟုတ်ပါလား။

* * * * *

## (၁၁)

အာသာသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း ရုံးခန်းပြတင်းပေါက်၌ရပ်ကာ ငင်းအတွင်း၌ တန်းစီရပ်နေကြသော အလုပ်သမားများအား ကြည့်နေသည်။ သူသည် အလုပ်ပိတ်ထားခဲ့ရသည့်နေ့များကို ပြန်လည်သတိရကာ စိတ်မကောင်းဖြစ်နေမိသည်။ ၁၉၂၆ ခုနှစ်က ပေါ်ပေါက်ခဲ့သော အထွေထွေသပိတ်ကြီးကိုလည်း သူ မမေ့နိုင်။ တကယ်တော့ ထိုပဋိပက္ခကြီးများသည် အလွန် အဓိပ္ပာယ်ကင်းမဲ့သည့် ပဋိပက္ခကြီးများဟု သူ ယူဆမိ၏။

မည်သို့ပင်ဖြစ်စေ အခုကျတော့ လူတိုင်းသည် အလုပ်ကို တမ်းတနေကြသည်။ လုပ်ခ ဘယ်လောက်ပဲရရ အလုပ်သာ လုပ်ချင်နေကြရှာ၏။ သူတို့မျက်နှာများသည် စိတ်အားငယ်မှုကို ဖော်ပြနေကြ၏။ ဤအဖြစ်သည် ပိုင်ရှင်များဘက်မှ အောင်ပွဲခံရခြင်း ဖြစ်၏။ အလုပ်သမားများသည် အနိုင်ခံရခြင်းမဟုတ်။ အရှိုးနှိမ်ခံနေကြရခြင်း ဖြစ်သည်။ ဘယ်လို အခြေအနေမျိုးနှင့် ဘယ်လိုစည်းကမ်းချက်မျိုးတွေပဲ ချထားစေကာမူ အလုပ်သာရလျှင် လုပ်မည်ဟူသော အညှုံ့ခံကြရသည့် စိတ်ဓာတ်ဖြင့် တန်းစီစောင့်နေကြရခြင်း ဖြစ်လေသည်။

ဟာတ်ဒ်စပက်သည် အဘိုးကြီး ပက်တစ်နှင့် တွဲရပ်ကာ အလုပ်သမားများအား စစ်ဆေးပြီး စာရင်းသွင်းလျက်ရှိသည်။ အာသာသည် ထိုမြင်ကွင်းကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိသည်။ လူတစ်ယောက် သူ့ရှေ့ရောက်လာတိုင်း ဟာတ်

စပက်သည် အသေအချာကြည့်သည်။ ကိုယ်အလေးချိန်ကို ချိန်သည်။ ပြီးတော့ ပက်တစ်ဘက်လှည့်၍ ခေါင်းညိတ်ပြသည်။ သူ ခေါင်းညိတ်လျှင် ထိုလူသည် အလုပ်ရပြီ။ ထိုလူအဖို့တော့ နိဗ္ဗာန်ဘုံကို ရောက်သွားခြင်းပင် ဖြစ်၏။

သို့သော်လည်း အသားစီးရထားသော အလုပ်ရှင်များဘက်မှ လူတိုင်းကို အလုပ်မပေးနိုင်။ ဗြိတိသျှပြည်သူအများစုက ထောက်ခံပါသည်ဟုဆိုသော အစိုးရသည် ဆင်းရဲသား အလုပ်သမားများဘက်၌မရှိ။ အလုပ်ရှင်များနှင့်သာ လက်တွဲနေသဖြင့် အလုပ်သမားများမှာ အားကိုးစရာမရှိ။ ဘာပဲလုပ်ရလုပ်ရ အငတ်မခံနိုင်သဖြင့် အလုပ်ရရှိရေးကိုသာ အဓိကထားနေကြရလေသည်။

အာသာသည် အလုပ်သမားတို့၏ မျက်နှာများကို စိတ်ဝင်စားနေသဖြင့် ပြတင်းပေါက်အနီးမှ မခွာနိုင်။ အထူးသဖြင့် ယခု ရပ်လာသူသည် သူ့အတွက် ဆွဲဆောင်မှုအပြည့်ရှိနေသည်။ ထိုသူမှာ ပတ်ဂ်မေဆာ ဖြစ်သည်။ အာသာသည် ပတ်ဂ်အား ကောင်းကောင်းသိသည်။ ပတ်ဂ်သည် အလုပ်တွင် စိတ်မဝင်စား။ တနင်္လာနေ့မနက်တိုင်း ယမန်နေ့ညများက အရက်အမူးလွန်ခဲ့သဖြင့် အလုပ်မတက်နိုင်။ သူ၏အားနည်းချက်ကို ပတ်ဂ်ကလည်း သိပုံပေါ်၏။ ယခု မြင်နေရသည့် သူ့မျက်နှာသည် အလုပ်မရ ဖြစ်မည်ကို စိုးရိမ်ပူပန်နေဟန်ရှိသည်။

ပတ်ဂ်၏ရှေ့မှ လူလေးယောက်ကို ဟတ်ဒ်စပက်တို့က ယူလိုက်သော်လည်း ပတ်ဂ်၏အလှည့် ရောက်လာသည့်အခါ ဟတ်ဒ်စပက်က ခေါင်းမညိတ်၊ မျက်နှာကိုလည်း တစ်ဖက်သို့ လွှဲထားသည်။ ဤသည်မှာ ပတ်ဂ်အား အလိုမ ကြောင်း ဖော်ပြခြင်းပေတည်း။ အာသာသည် စိတ်မကောင်းဖြစ်ရ၏။ သို့သော်လည်း လက်ရှိအခြေအနေအရ သူ့ဘက်ကလည်း လူလေးရာစလုံးကို အလုပ်မပေးနိုင်။ ပတ်ဂ်လို ပယ်သင့်သူများကို မပယ်၍မရ။ ထိုနေ့သည် ၁၉၂၆ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်မတိုင်မီတစ်ရက် ဖြစ်သည်။ သူသည် ဤတစ်ရက်ကို အမြန်ဆုံး ကုန်ဆုံးစေချင်လှပါ၏။

ဂိတ်တံခါး အပြင်ဘက်သို့ ရောက်သွားပြီဖြစ်သော ပတ်ဂ်သည် ကောင်းပင်လမ်းအတိုင်း လျှောက်လာသည်။ သူသည် လက်နှစ်ဖက်ကို အိတ်များတွင်နှိုက်ကာ ခေါင်းကိုငုံ့၍ လျှောက်လာနေခြင်း ဖြစ်၏။ သူသည် စကပ်လမ်းနှင့် ကွေးလမ်းအတိုင်း ဆက်လျှောက်ကာ အိမ်သို့ပြန်ရောက်လာသည်။

'အင်နီ ဘယ်သွားလဲ အဖေ' ဟု အခန်းထဲ ရောက်လျှင်ရောက်ချင်း သူ့အဖေအား မေးသည်။

မီးဖိုခန်းထဲရှိ အိပ်ရာထဲ၌ လှဲနေသော သူ့အဖေက ....

'အပြင်သွားတယ်' ဟု ဖြေသည်။



'မင် အလုပ်မဆင်းဘူးလား' ဟုလည်း ပြန်မေးသည်။

'အလုပ်မှ မရှိတာ၊ ဘယ်လိုလုပ်ပြီး ဆင်းမလဲ'

'ယောကျ်ားဆိုတာ အလုပ်တော့ လုပ်မှပေါ့ကွယ်'

'ရှိမှ မရှိတာ၊ ကျွန်တော် ဘာလုပ်ရမလဲ'

အဘိုးအို မေဆာသည် ခေါင်းတယမ်းယမ်း လုပ်နေသည်။ ပတ်ဂ်သည် တိတ်ဆိတ်စွာ ရပ်နေသည်။ နာကြည်းစိတ်ဖြင့် သူ့ရင်သည် လှုပ်ရှားလျက်ရှိ၏။

'ငါ့မှာ သောက်စရာဆေး မရှိတော့ဘူး၊ ဆေးဝယ်ရမယ်'

'သွားစမ်းပါ၊ ဆေးအကြောင်း လာပြောမနေနဲ့' ဟု ပတ်ဂ်က ဒေါသတကြီး ပြန်ပြောကာ ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထိုအခိုက်တွင် အင်နီသည် မစ္စက်ပရော့တာထံမှ ချုပ်စရာအဝတ်များယူပြီး ပြန်ရောက်လာသည်။ သူမသည် ဆင်မီကိုပါ တစ်ပါတည်းခေါ်သွားကာ ကျောင်းသို့ပို့ထားခဲ့ပြီး ဖြစ်၏။

သူမသည် ဝင်လာလာချင်း ပတ်ဂ်၏ သုန်မှုန်နေသောမျက်နှာကို မြင်သည်။ သို့သော်လည်း ရန်ဖြစ်ကြရမည့်အဖြစ်ကို တွေးမိသဖြင့် ဘာစကားမှ မပြော။ စားပွဲပေါ်မှ ပန်းကန်များကိုယူကာ ဆေးကြောနေသည်။

'ငါ့ကို အလုပ်မပေးဘူး အင်နီ' ဟု ပတ်ဂ်က စပြောသည်။

'မပေးတော့ကော ဘာဖြစ်လဲ ....၊ တို့ဘာသာတို့ ရှာကြံပြီးနေလို့ရတာ ပတ်ဂ်ရယ်' ဟု အင်နီက ဖျောင်းဖျသည်။

'မဟုတ်ဘူး အင်နီ၊ သူတို့က ငါ့ကို အထင်သေးကြတာ၊ ငါက လူနှစ်ယောက်စာလောက် လုပ်နိုင်တဲ့ကောင်ပါဟာ'

'ငါ သိပါတယ်ဟယ်၊ နင် အဲဒါတွေတွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့'

တိတ်ဆိတ်နေကြသည်။ အဘိုးအိုမေဆာသည် ပတ်ဂ်အားကြည့်လိုက် အင်နီအား ကြည့်လိုက်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေသည်။

'ဒေးဗစ်ဆီ စာလှမ်းရေးပြီး အကူအညီတောင်းကြည့်ပါလား'

'ကိစ္စမရှိဘူး အဖေ၊ ဒီလိုပဲ ဖြစ်သွားမှာပေါ့' ဟု အင်နီက ပြောသည်။ သူ့အနေဖြင့် ဘယ်တော့မှ ဒေးဗစ်ထံမှ ငွေကြေးအကူအညီတောင်းဖို့ စိတ်မကူး။ အင်နီအဖို့ သူတစ်ပါးဆီ အကူအညီတောင်းမည့်အစား သူ့ဘာသာသူ အလုပ်များရှာပြီး လုပ်ချင်သည်။ ထို့ကြောင့်လည်း သူသည် အိမ်အလုပ်များပြီးသည်နှင့် တစ်ပြိုင်နက် အပြင်ထွက်၍ အိမ်တွင်းအလုပ်များကို လိုက်ရှာသည်။ သို့သော်လည်း အလုပ်ရဖို့က ထင်သလောက်မလွယ်။

အင်နီသည် ဒေါက်တာစကော့နှင့် မစ္စက်အမ်းစထရောင်းတို့အိမ်များသို့ ရောက်သည်။ မစ္စက်ရာမက်ချ်၏အိမ်ကိုပင် ရောက်ခဲ့၏။ သို့သော်လည်း အောင်မြင်မှု

မရ။ မစွက်ပရော့တာကတော့ ချုပ်စရာ အပ်ထည်များ ပို့ပေးပါမည်ဟု ကတိပေးလိုက်သည်။ နယူးဘီသဲလ်လမ်းမှ သင်းအုပ်ဘုန်းကြီး၏ဇနီး မစွက်လိုးကတော့ တနင်္လာနေ့ကျလျှင် အဝတ်လျှော်စရာအလုပ် ရှိမည်ဟု ပြောလိုက်သည်။ ထို့ထက်ပို၍ကား ဘာအလုပ်မှမရချေ။ နောက်ရက်များတွင် အင်နီသည် ဆက်လက်၍ မလုပ်ရှာခဲ့သည်။ သို့သော်လည်း ဘာအလုပ်မှမရှိ။

ဤအတောအတွင်း ပတ်ဂ်သည် အလုပ်လက်မဲ့ ထောက်ပံ့ကြေးကိစ္စကို လိုက်သည်။ သူသည် ထိုထောက်ပံ့ကြေးကို မလျှောက်ချင်။ သို့သော်လည်း အခြေအနေက မလျှောက်လျှင်မဖြစ်။ ထို့ကြောင့် သူသည် အလုပ်သမားဌာန၏ အလုပ်ရှာဖွေရေးရုံးသို့သွားကာ အလုပ်လက်မဲ့ မှတ်ပုံတင်ပြီး ထောက်ပံ့ကြေး လျှောက်ရန် စီစဉ်ခဲ့သည်။

အလုပ်သမားရုံးရှေ့တွင် တန်းစီပြီး ရပ်နေကြသည့် လူအုပ်မှာ နည်းနည်းနောနော မဟုတ်။ ပတ်ဂ်သည် သူ ရထားသည့်နေရာ၌ရပ်ကာ သူ့အလှည့်ကို စောင့်စားလျက်ရှိသည်။ သူ့အရှေ့တွင် လင်းဝု့ဒ်၊ စလက်တာရီနှင့် ချာလီမင်းတို့ ရှိကြသည်။ သူသည် ထိုသူငယ်ချင်းများအား စကားပြောချင်စိတ်မရှိ၍ မပြော။ မိုးသည် ခပ်ဖွဲဖွဲရွာလျက်ရှိ၏။ သိပ်ပြီးမသည်းသဖြင့် ပတ်ဂ်၏စိတ်ထဲတွင် တော်ပါသေးရဲ့ဟု ကျိတ်၍ မှတ်ချက်ချသည်။

နောက်ငါးမိနစ်ခန့်အကြာတွင် ဂျက်ရီးဒီး ရောက်လာသည်။ သူသည် အများကြားတွင် ဝင်တန်းမစီဘဲ ဟိုလျှောက်သည်လျှောက် လုပ်နေရာမှ လူတန်း၏ ရှေ့ဆုံးသို့သွားကာ နေရာယူသည်။ ဂျက်သည် ကျောက်မီးသွေးတွင်းပြိုစဉ်က သေဆုံးသွားခဲ့သော တွမ်နှင့် ပရီးဒီးတို့၏ညီ ဖြစ်သည်။ ဂျက်သည် စစ်ထဲဝင်သွားခဲ့ရာ တင်ပါးဆုံတွင် သေနတ်ထိမှန်ခဲ့ရာမှ ခြေတစ်ဖက်ထော့နင်း ဖြစ်သွားခဲ့ရ၏။ ဤချွတ်ယွင်းချက်ကြောင့် ဟာတ်ဒ်စပက်က သူ့အား အလုပ်တွင် လက်မခံဘဲ ပယ်လိုက်ခြင်း ဖြစ်ပေသည်။

ပတ်ဂ်သည် ဆတ်ခနဲ ခေါင်းထောင်ကာ ဂျက်ကို လှမ်းကြည့်သည်။ ပြီးတော့ ဂျက် ပြောနေသည့်စကားများ နားစွင့်သည်။

'အဲဒါပဲကြည့် သူငယ်ချင်းတို့ရေ....' ဟု ဂျက်က စပြောသည်။

'သူတို့က တို့ကို တိုက်ပွဲဝင်စေချင်နေကြတယ်ကွ၊ သိလား၊ မင်းတို့စဉ်းစားစမ်း၊ သူတို့က တို့ကို လူပျင်းလူဖျင်းတွေလို့ ခေါ်ကြတယ်၊ ဒါဟာ ဇော်ကားတာပဲ ....၊ လေယာဉ်ပျံတွေနဲ့ စစ်သင်္ဘောတွေကို ဘယ်သူတွေ တည်ဆောက်ပေးခဲ့ကြသလဲ၊ စဉ်းစားကြစမ်း၊ ငါတို့ အလုပ်သမားတွေ တည်ဆောက်ပေးခဲ့ကြတာပါကွ၊ သေနတ်တွေ၊ ကျည်ဆန်တွေ၊ အမြောက်တွေ၊ သံချပ်ကာကားတွေကိုရော ဘယ်သူတွေ တည်ဆောက်ပေးခဲ့ကြတာလဲ ....၊ ငါတို့ အလုပ်သမားတွေပါပဲကွာ။



'စစ်ကြီး ဖြစ်လာတော့လည်း အင်္ဂလန်နိုင်ငံအတွက် တိုက်ပွဲဝင်ကြရမယ်တဲ့၊ ဘယ်သူတွေ ရှေ့ထွက်လာကြသလဲ၊ မင်းတို့ ငါတို့ အလုပ်သမားတွေပါပဲကွာ၊ အဲဒါတွေအတွက် ငါတို့ ဘာတွေများရသလဲ ဘာမှမရပါဘူး၊ အားလုံးတော်နေကြတယ်၊ အလုပ်တောင်မရဘူး'

'ဟေ့ကောင် ....မင်း နောက်ကိုသွားပြီး တန်းစီ ....၊ တရားလာဟောမနေနဲ့၊ မင်းပါးစပ်ကိုပိတ်ထား' ဟု ရှော့ဒမ်က ပြောသည်။

'ဟေ့ ....ငါက စစ်တိုက်လာတဲ့ကောင်ကွ၊ ငါ့ကိုလာပြီး ဆရာလုပ်လို့ ရမယ်မထင်နဲ့'

'မင်းပါးစပ်ပုပ်ကိုပိတ်ထား၊ သွား ....ဟိုးနောက်ကိုသွားပြီးတန်းစီ'

'မသွားဘူးကွာ'

ရှော့ဒမ်၏မျက်နှာသည် နီရဲလာသည်။ သူသည် ဂျက်အား တွန်းထိုးပြီး လူတန်းနောက်ဘက်သို့ ပို့သည်။ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ထိုးကြကိတ်ကြတော့မည့်နှယ် ရန်စောင်နေကြသည်။ ဘေးလူများက ပွဲကောင်းတစ်ပွဲကို မြင်ရတော့မည်ဟု စောင့်မျှော်နေကြသည်။ သို့သော်လည်း နှစ်ဦးစလုံး ကိုယ်ရှိန်ပြန်သတ်သွားကြသည်။ ရှော့ဒမ်သည် တန်းစီနေသူများအား ထိန်းပေးနေရသူဖြစ်သဖြင့် သူ့အလုပ်သူ ဆက်လုပ်နေသည်။ မိုးကတော့ ခပ်ဖွဲဖွဲရွာနေဆဲ။

ကျောင်းမှပြန်လာသော ဆင်မီသည် ထောက်ပံ့ကြေးရဖို့ တန်းစီနေသော သူ့ဦးလေးပတ်ဂ်အား မမြင်ဟန်ဆောင်သွားသည်။ သူသည် သူ့ဦးလေး၏အဖြစ်ကိုတွေးကာ ရှက်စိတ်ဝင်သည်။ အမှန်တော့လည်း အိမ်တွင် ကျပ်တည်းမှုရှိလာနေသည်ကို သူ သတိထားမိသည်မှာ ကြာခဲ့ပြီ။ သူ့အိမ်တွင် ကိတ်မုန့်ကို အစအနပင် မမြင်ရသည်မှာ ကြာပြီဖြစ်၏။ ဆန်ပြုတ်တစ်လှည့်၊ စွတ်ပြုတ်တစ်လှည့် စားလာခဲ့ရသည်မှာ သီတင်းပတ် အတော်များခဲ့ပြီ။ အကယ်၍ သူ့အမေသာ အဝတ်မလျှော်လျှင် သို့မဟုတ် အဝတ်မချုပ်လျှင် ဆန်ပြုတ်ပင် သောက်ရလိမ့်မည် မဟုတ်။

တစ်ခါတစ်ရံတွင် ဆင်မီသည် အလုပ်ထွက်လုပ်ဖို့ စိတ်ကူးမိ၏။ ကျောက်မီးသွေးတွင်း၌ သူ့အသက်အရွယ်နှင့် ကိုက်ညီသော အလုပ်များ ရှိနေသည်ကို သူ သိ၏။ အကယ်၍ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းသို့သွား၍ အကျိုးအကြောင်း ပြောပြပါက သင့်တော်ရာ အလုပ်တစ်ခုကိုတော့ ရလိမ့်မည်မှာမလွဲ။

သီတင်းတစ်ပတ်ပြီးတစ်ပတ် ပတ်ဂ်သည် ထောက်ပံ့ကြေးအတွက် တန်းစီသည်။ ဆင်မီကလည်း အမြဲ မြင်တွေ့နေရသည်။ မြင်တွေ့ရတိုင်းလည်း မမြင်ဟန်ဆောင်ကာ လူတန်းကြီးဘေးမှ ကဆုန်စိုင်း၍ပြေးသည်။ ဤသို့ဖြင့် ခန်နေ[illegible]

လကုန်ခါနီး သောကြာနေ့တစ်ရက်တွင် ဆင်မီသည် အဖြစ်တစ်ခုနှင့် ရင်ဆိုင်ရသည်။ နယူဘီသဲလ်လမ်းမှ ပြေးထွက်လာပြီး လင့်သ်လမ်းထောင့်သို့အရောက်တွင် သူသည် သူ့ဘွားအေ မာသာအား ဝင်တိုက်မိလေသည်။

သူသည် အရှိန်ဖြင့် ဝင်တိုက်ခြင်းဖြစ်၍ သူ့ကိုယ်သူ မဟန်နိုင်တော့ဘဲ လဲကျသွားသည်။ သူ့ခေါင်းမှ ဦးထုပ်နှင့် သူ့ကျောင်းစာအုပ်များသည် တစ်ခုတစ်ခြားစီ လွင့်စင်ကုန်သည်။ သူသည် အားလုံးသော ပစ္စည်းများကို လိုက်လံကောက်ယူပြီး မော့ကြည့်လိုက်သည့်အခါ သူ့အား လှမ်းကြည့်နေသော မာသာနှင့် အကြည့်ချင်းဆုံမိသည်။ ယခင်က သူ့အား ဘယ်နေရာ၌ ဆုံမိဆုံမိ မကြည့်ခဲ့သော မာသာသည် ယခုအခါတွင် သူ့အား အသေအချာကြည့်နေသည်ကို တွေ့ရလေ၏။

'ဟဲ့ ....မင်းမှာ ခိုက်မိသွားသေးလား'

မာသာ၏လေသံမှာ တစ်မျိုးဖြစ်သည်။

'ဟင့်အင်း ....မခိုက်မိပါဘူး'

'မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ဆင်မီဖင်းဝစ်'

'ဩော် .... ဆင်မီဖင်းဝစ်တဲ့လား' ဟု မာသာက ရေရွတ်သည်။ သူ့သားဆင်မီနှင့် ရုပ်ချင်းတူလှချေသည်။ ယခုအခါ ဆင်မီသည် ဆယ်နှစ်သား။ သူ့အဖေငယ်ငယ်ကနှင့် တူလှ၏။

'ငါ ဘယ်သူဆိုတာ မင်းသိရဲ့လား'

'ကျွန်တော့်အဘွား'

မာသာ မျက်နှာသည် နီရဲသွားသည်။ ဆင်မီသည် အဘွားကြီး၏နှလုံးသားကို အရည်ပျော်သွားအောင် လုပ်လိုက်ပြီ ဖြစ်၏။

'လာ .... ဆင်မီ'

ဆင်မီသည် မာသာခေါ်ရာသို့ လိုက်သွားသည်။ သူသည် ထူးဆန်းသော စိတ်ခံစားမှုဖြင့် လိုက်ပါသွားခြင်း ဖြစ်၏။ သူတို့သည် လမ်းကြားထဲရှိအိမ်သို့ တွဲ၍ဝင်သွားကြသည်။

'ထိုင် ....ဆင်မီ'

ဆင်မီက ထိုင်သည်။

မာသာသည် ကိတ်မုန့်တစ်လုံးကို လှီးနေသည်။ သူ့စာအုပ်များကို ဒူးပေါ်တင်ကာ ကိတ်မုန့်ကိုစားသည်။



မာသာသည် ဆင်မီအား အသေအချာ ထပ်ကြည့်နေသည်။ သူ့သားဆင်မီမျက်နှာနှင့် တစ်ထေရာတည်း ....။

'ကိတ်မုန့်က စားလို့ကောင်းရဲ့လား'

'သိပ်ကောင်းတာပဲ'

'မင်း စားခဲ့ရသမျှ ကိတ်မုန့်တွေထဲမှာ အကောင်းဆုံးလား'

ဆင်မီသည် ချက်ချင်းပြန်ပြောရန် ဟန်ပြင်ပြီးခါမှ မပြောဘဲ ရပ်ထားသည်။

'ကျွန်တော့်အမေလည်း ပစ္စည်းအစုံရှိရင် ကိတ်မုန့်ကောင်းကောင်းဖုတ်တတ်တယ်၊ ဒါပေမဲ့ အခုတော့ အိမ်မှာ မုန့်ဖုတ်ဖို့ ဘာမှမရှိဘူး'

'မင်းဦးလေး ပတ်ဂ်က ထောက်ပံ့ကြေး လာလာယူတယ် မဟုတ်လား' ဟု မာသာက မေးသည်။ ဆင်မီ၏မျက်နှာသည် ရှက်စိတ်ဖြင့် နီရဲနေသည်။

'အခု ခဏယူတာပါ၊ အလုပ်မရှိသေးလို့'

'မင်းအဖေက ဘယ်တော့မှ ထောက်ပံ့ကြေးကို မလျှောက်ဘူး၊ ယူလည်း မယူဘူး'

'ကျွန်တော် သိတယ်'

'သူဟာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ အကောင်းဆုံး အလုပ်သမားတစ်ယောက်ပဲ'

'အမေက ကျွန်တော့်ကို ပြောပြလို့ ကျွန်တော် သိတယ်'

'မင်းကော ကြီးရင် ဘာလုပ်မလဲ ဆင်မီ'

'အဖေ့လို အလုပ်လုပ်မှာပေါ့'

'အေးပေါ့၊ မင်းအဖေလို အလုပ်လုပ်ရမှာပေါ့'

မာသာသည် တစ်ကိုယ်လုံး အားအင်ဆုတ်ယုတ်သည့်နှယ် ခံစားရသည်။ သူ့သားဆင်မီ သူ့ထံ ပြန်ရောက်လာသည်ဟု ထင်မိ၏။ ဆင်မီသည် သူ့ဦးထုပ်နှင့် စာအုပ်များကို ကောက်ယူသည်။

'မင်း သွားတော့မလို့လား၊ ခဏမနေတော့ဘူးလား'

'အမေ စိတ်ပူနေမှာ'

'အေး ...အေး ဒီလိုဆိုလည်း သွားတော့ ...၊ ရော့ ...မင်းစားဖို့ ထပ်ယူသွား'

မာသာသည် ကိတ်မုန့်တစ်ချပ် ထပ်လှီးကာ ပန်းသီးတစ်လုံးနှင့် အတူတွဲထုပ်ပြီး ဆင်မီ့အိတ်ကပ်ထဲ ထည့်ပေးသည်။

'မနက်ဖြန်ကျရင် မင်း အဘွားဆီ တစ်ခေါက်ထပ်လာဦးနော်'

ဆင်မီက ခေါင်းညိတ်သည်။

မာသာသည် အပြေးအလွှားသွားနေသော သူ့မြေးဆင်မီကို မျက်စိတဆုံး ကြည့်နေသည်။ ထို့နောက် မီးဖိုခန်းထဲသို့ ပြန်ဝင်သည်။ လီးလက်စ ကိတ်မုန့်ကို စိုက်ကြည့်နေသည်။ ငယ်စဉ်ကလေးဘဝက သူ့သားဆင်မီသည် သူ့စိတ်အာရုံတွင် ထင်ဟပ်လာသည်။ သူသည် စားပွဲပေါ်၌ ထိုင်ချလိုက်ကာ သူ့မျက်နှာကို လက်မောင်းပေါ်အပ်၍ ဝမ်းနည်းပက်လက် ငိုကြွေးနေမိလေသည်။

* * * * *

(၅၆)

ဒေးဗစ်၏ နိုင်ငံရေးဆိုင်ရာ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှုသည် လူ့ခန္ဓာကိုယ် ဖွံ့ဖြိုးတိုးတက်သည်နှင့် တူသည်။ ဖြည်းဖြည်းမှန်မှန် တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ နေ့စဉ်နှင့်အမျှ တစ်နေ့ပြီးတစ်နေ့ တိုးတက်လာခြင်း ဖြစ်သည်။ လွန်ခဲ့သော ငါးနှစ်အတွင်း သူ၏ နိုင်ငံရေးအသိသည် များစွာ ဖွံ့ဖြိုးလာခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ သူ့ရည်မှန်းချက်သည် တိကျပြတ်သားပြီး ခိုင်မာသော်လည်း ရှည်လျားပြီး ခက်ခဲသော လမ်းများပေါ်၌ လျှောက်လှမ်းခဲ့ရလေသည်။

ဤအချိန်ကာလအတွင်း သူသည် လက်တွေ့ဘဝထဲမှ နိုင်ငံရေးအသိများကို ရရှိခဲ့၏။ သူသည် လုပ်စရာရှိသော အလုပ်များကို ပင်ပန်းကြီးစွာ လုပ်သည်။ လုပ်ရင်းကိုင်ရင်းနှင့် အသိဉာဏ်သည် ဖွံ့ဖြိုးတိုးတက်ခဲ့ရ၏။ သင်ခန်းစာများ ကို ရခဲ့၏။ ဤအထဲတွင် သည်းခံခြင်းနှင့် စိတ်ရှည်ခြင်းကို များစွာ အလေးအနက် ပြုနိုင်ခဲ့သည်။

နောက်ပိုင်းကာလများတွင် သတ္တုတွင်း အလုပ်သမားများ၏ နယ်မြေများ အတွင်းမှ စိတ်ထိခိုက်ကြေကွဲဖွယ်ရာများကို သူ တရားဟောသည့်အခါတိုင်း ထည့်သွင်းဟောပြောခဲ့၏။ ထိုအချိန်မှစ၍ လွှတ်တော်ထဲတွင် သူ့မိန့်ခွန်းများ သည် လူကြိုက်အလွန်များလာခဲ့သည်။ အမတ်အများစုကလည်း သူ့အား အသိ အမှတ်ပြုလာကြသည်။

ဤသို့ဖြင့် သူ့အား အသိအမှတ်ပြုသည့်အနေဖြင့် "သတ္တုတွင်းလုပ်ငန်း ဆိုင်ရာ အလုပ်သမားများ မသန်မစွမ်းဖြစ်မှု အခြေအနေ စုံစမ်းရေးကော်မတီ" တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် နေရာပေးခြင်းကို ခံခဲ့ရသည်။ သူသည် ထိုကော်မတီ နှင့် တစ်နှစ်တိတိ လုပ်ကိုင်ခဲ့ပြီးနောက် လက်ရှိ တည်ဆဲဥပဒေအရ သတ္တုတွင်း ဆိုင်ရာ အရာရှိများ ခန့်ထားရာ၌ အရည်အချင်း သတ်မှတ်ရေးဆိုင်ရာ စုံစမ်းရေး ကော်မရှင်၌ ပါဝင်ခဲ့ရပြန်၏။



ထို့နောက် နောက်တစ်နှစ်တွင် အဲလ်ဘတ်ခန်းမ၌ တီ၊ စီ၊ ယူ အလုပ်သမား အဖွဲ့ချုပ်မှ ကျင်းပသော လူထုစည်းဝေးပွဲ၌ ရုတ်တရက်ဝင်၍ မိန့်ခွန်းပြောရန် ကြုံလာသည်။ ပထမက နူဂျင့်ပြောရန် စီစဉ်ထားခဲ့ရာမှ နူဂျင့်မှာ တုပ်ကွေးဖျား သဖြင့် အိပ်ရာထဲ လဲနေသဖြင့် သူ့အစား ဒေးဗစ်က ဝင်၍ပြောရခြင်း ဖြစ်၏။

ထိုနေ့က လူငါးထောင်အား ပြောကြားခဲ့သည့် သူ့မိန့်ခွန်းသည် ပရိသတ် ၏စိတ်ကို များစွာ ထိခိုက်စေခဲ့သည်။ ထိုမိန့်ခွန်းကြောင့် ဒေးဗစ်၏ဂုဏ်သတင်း သည် ချက်ချင်းပင် ပျံ့နှံ့သွားခဲ့သည်။ လူအများက ဒေးဗစ် ပြောဆိုသမျှ၊ လုပ်ကိုင် သမျှ အရာအားလုံးအပေါ်တွင် များစွာ အာရုံစူးစိုက်ခဲ့ကြ၏။ ထိုညက ပြောခဲ့ သော သူ့မိန့်ခွန်းသည် သူ့အား တစ်ရှိန်ထိုး ကျော်ကြားသွားစေခဲ့၏။

ဒေးဗစ်သည် သတ္တုတွင်းမှား နိုင်ငံပိုင်လုပ်ရေး စာတမ်းကို တီ၊ စီ၊ ယူ အလုပ်သမားအဖွဲ့အတွက် ရေးသားတင်ပြခဲ့ပြီးနောက် "လျှပ်စစ်ဓာတ်အားနှင့် အမျိုးသားတိုးတက်ရေးစာတမ်း" ကိုလည်း အမေရိကန် အလုပ်သမားညီလာခံ၌ ဖတ်ကြားတင်သွင်းခဲ့သည်။ ထို့နောက် ကျောက်မီးသွေးတွင်းများထဲမှ ရေဘေး အန္တရာယ်ဆိုင်ရာ ပြဿနာစစ်ဆေးရေး ဘုတ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင် ရွက်ခွင့် ရခဲ့ပြန်လေ၏။

၁၉၂၈ ခုနှစ်၊ ဆောင်းဦးပေါက်တွင် သူသည် လေဘာပါတီ ပါလီမန် လွှတ်တော်ကော်မတီတွင် အဖွဲ့ဝင် ဖြစ်လာသည်။ နောက်ဆုံးတွင် သူ၏အောင်မြင်မှု သည် အထွတ်အထိပ်သို့ ရောက်သွားသည်။ သတ္တုတွင်း အလုပ်သမားများ အဖွဲ့ချုပ်တွင် အမှုဆောင် အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့ခြင်းပေတည်း။

ဒေးဗစ်၏ မျှော်လင့်ချက်များသည် ယခင်ကထက်ပို၍ မြင့်မားလာသည်။ သူသည် ခေါင်းကို အေးအေးထားကာ လုပ်စရာ အလုပ်များကို မနားတမ်းလုပ် သည်။ ထိုအချိန်ကာလသည် တိုင်းသူပြည်သားများက လက်ရှိအစိုးရအပေါ် အယုံအကြည် ကင်းမဲ့လာနေချိန် ဖြစ်သည်။ အထူးသဖြင့် ကွန်ဆာဗေးတစ်ပါတီ ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးစနစ်များအပေါ်၌ သံသယကြီးစွာ ဝင်လာ လျက်ရှိသည်။ တစ်ရှိန်ထိုး မြင့်မားလာနေသော အလုပ်လက်မဲ့ဦးရေသည် အစိုးရ အတွက် အခက်ကြုံစရာ ပြဿနာကြီးတစ်ခု ဖြစ်လာနေသည်။ သစ်လွင်ပြီး ရဲရင့် ပြတ်သားသော စိတ်ကူးများနှင့် အတွေးအခေါ်များသည်လည်း နေရာယူလာ ကြသည်။

ဒေးဗစ်ကတော့ သူ၏ လေဘာပါတီသည် အချိန်ကောင်းနှင့် တွေ့ရလိမ့် မည်ဟု ခန့်မှန်းနေသည်။ ဤနှစ်အတွင်း ရွေးကောက်ပွဲလုပ်တော့မည် ဖြစ်၏။ လေဘာပါတီသည် ရွေးကောက်ပွဲ ပါဝင်ပါက သတ္တုတွင်း ပြဿနာများအပေါ်

ရပ်တည်၍ လှုပ်ရှားကြလိမ့်မည် ဖြစ်၏။ ဤပုံအတိုင်းဆိုပါက မိမိတို့ လေဘာပါတီသည် ရွေးကောက်ပွဲတွင် ပြိုင်ဘက်များအပေါ် အသာစီးရလိမ့်မည်ဟု ဒေးဗစ်က မျှော်လင့်မိလေသည်။

ဧပြီလ၏ ကြည်လင်သာယာသော တစ်နံနက်တွင် ဒေးဗစ်သည် သူ့အခန်း ပြတင်းပေါက်အနီး၌ထိုင်ကာ သတင်းစာဖတ်လျက်ရှိသည်။ ထိုနေ့သည် စနေနေ့ ဖြစ်၏။ သူ သတင်းစာထဲ၌ စိတ်ဝင်စားနေခိုက်တွင် တယ်လီဖုန်းမြည်လာသည်။ သူသည် ချက်ချင်း တယ်လီဖုန်းကို မကိုင်။ မစ္စက်တပ်ကား အကိုင်ကို စောင့်နေသည်။ တယ်လီဖုန်းသည် အဆက်မပြတ် မြည်နေသည်။ သူသည် အောက်ထပ်သို့ ပြေးဆင်းသွားပြီး တယ်လီဖုန်းကို ကောက်ယူလိုက်သည်။ တစ်ဖက်မှအသံကို ကြားလိုက်ရသည့်အခါ ချက်ချင်း မှတ်မိသည်။ တခြားလူ မဟုတ်။ ဆယ်လီ။

'ဟယ်လို ဒေးဗစ်၊ အလုပ်များနေသလား၊ ဆယ်လီ ဆက်နေတာကြာပြီ'

'ဟုတ်လား ဆယ်လီ'

'အမယ် ... ဆယ်လီမှန်း သိတယ်နော်'

'အသံကို မှတ်မိနေတာပဲ'

နှစ်ဦးစလုံး ရယ်မိကြသည်။

'မင်း အခု ဘယ်ကဆက်တာလဲ'

'ဆယ်လီ စတင်တန်ဟိုတယ်မှာ ရောက်နေတယ်၊ ဗြိတိသျှဂရိတ်နားက ဟိုတယ်လေ၊ ဆယ်လီနဲ့အတူ အဲလ်လည်း ရှိနေတယ်'

'ဘာတွေ လုပ်နေကြသလဲ'

'ဒီမယ် ဒေးဗစ်၊ ဆယ်လီ လက်ထပ်တော့မလို့၊ အဲဒါကြောင့် ဆယ်လီ လက်မထပ်ခင် ဖေဖေ့ကို လန်ဒန်ခေါ်မလို့'

'ဟာ ....ဒီသတင်းက တကယ့် မဟာသတင်းတစ်ခုပဲ ဆယ်လီ၊ မင်း လက်ထပ်မယ့်လူက ဘယ်သူလဲ၊ ကိုယ် တွေ့ဖူးတဲ့လူပဲလား'

'အဲဒါတော့ ဆယ်လီ မသိဘူး၊ သူက တိုင်နီကပ်ဆဲလ်က ဒစ်ဂျိုးဘေးလေ'

'ဒစ်ဂျိုးဘေး ဟုတ်လား၊ ဒါဆိုရင် ဘယ်ဆိုးလို့လဲ'

တစ်ဖက်မှ တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် ....

'ဆယ်လီ ဒေးဗစ်ကို တွေ့ချင်တယ်၊ အဲလ်ကလည်း တွေ့ချင်နေတယ်၊ ဒီနေ့ ဆယ်လီတို့ဆီ လာခဲ့ပါလား၊ ဆယ်လီပြောတာ နားထောင်၊ ဆယ်လီတို့ ခရစ္စတယ်ပဲလေ့စ်ကို သွားဖို့စီစဉ်ထားတယ်၊ ဒေးဗစ်လည်း လိုက်ခဲ့ပေါ့၊ နေ့လယ်စာကို ဟိုတယ်မှာစားမယ်၊ အခုချက်ချင်းလာခဲ့ပါလား' ဟု ပြောသည်။



'ကောင်းပြီလေ ....၊ လာခဲ့မယ်၊ ကိုယ် အဲဒီကို ဆယ့်နှစ်နာရီထိုးအပြီးမှာ ရောက်မယ်'

ဆယ့်တစ်နာရီခွဲတွင် သူသည် မြေအောက်မီးရထားဖြင့် ပြတိုက်ဘူတာသို့ လိုက်ခဲ့သည်။ ဘူတာမှနေ၍ ဘက္ကာရေးလမ်းအတိုင်းလျှောက်ကာ စတင်တန် ဟိုတယ်သို့ လာသည်။ နွေသာသဖြင့် ကြည်လင်သာယာသောနံနက် ဖြစ်သည်။ နွေဦးပေါက်တော့မည့် အရိပ်အငွေ့များကို မြင်တွေ့နေရပြီ။ ပန်းခြံထဲမှ သစ်ပင် အားလုံးတွင် ရွက်သစ်ကလေးများ ဝေနေပြီ။ သူသည် မိနစ်အနည်းငယ်မျှနှင့် ဟိုတယ်သို့ ရောက်သွားသည်။ ဧည့်ခန်းထဲမှ သူ့အား စောင့်ကြိုနေသည့် ဆယ်လီနှင့် အဲလ်တို့ကို တွေ့ရသည်။ သူတို့က လှိုက်လှဲစွာ ဆီးကြိုကြသည်။

သူတို့သည် နေ့လယ်စာကို အချိန်အနည်းငယ်စော၍ စားကြသည်။ စားရင်းလည်း ရှေးဟောင်းနှောင်းဖြစ်များကို ပြောမိကြသည်။ ဆယ်လီက သူ လက်ထပ်တော့မည့်ကိစ္စကို ပြောပြသည်။

'ဆယ်လို့အတွက်တော့ ဒစ်ဂျိုးဘေးဟာ မဆိုးပါဘူး၊ သင့်တော်တဲ့ လူ တစ်ယောက်ပါပဲ' ဟု ဆယ်လီက ဆိုသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ ဆယ်လီလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ် အခြေချချင်ပြီ ဒေးဗစ်' ဟု ပြောသည်။

ငြိမ်ဆိတ်နေကြသည်။ ဆယ်လီသည် တစ်စုံတစ်ရာကို အလေးအနက်ထား၍ စဉ်းစားနေသည့်နှယ်ရှိသည်။ သူမ၏မျက်နှာသည် တွေတွေငေးငေးနှင့် မှုန်မှိုင်းနေသည်။ ရုတ်တရက် သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်သည့်နှယ် အဲလ်အား လှည့်ကြည့်သည်။

'ကိုယ် ဒေးဗစ်နဲ့ စကားပြောစရာရှိလို့ မင်း အပြင်ကိုခဏသွား၊ မင်း သွားစရာရှိတာသွားပြီး ပြန်လာရင် ငါတို့ ဒီမှာပဲရှိနေမယ်'

'ဟုတ်ကဲ့'

အဲလ်သည် ခေါင်းတစ်ချက်ညိတ်ကာ ထိုင်ရာမှ ထရပ်သည်။ ဦးထုပ်ကို ပြင်ဆောင်းပြီး အပြင်သို့ထွက်သွားသည်။ ဆယ်လီသည် အဲလ်အား ကြင်နာသော မျက်နှာထားဖြင့် လှမ်းကြည့်နေသည်။ ဒေးဗစ်သည် သူ့ရှေ့၌ လူတစ်ယောက်က အခြားတစ်ယောက်အား ကြင်နာသနားခြင်းကို ပြသနေပါက သူ့ရင်ထဲ၌ နွေးနွေးထွေးထွေး ခံစားရတတ်သည်။ သူသည် ဆယ်လီ၌ရှိတတ်သော ထိုအရည်အသွေးကို ကောင်းစွာသိထားသူ ဖြစ်၏။

'မင်းဘဝတစ်လျှောက်လုံး ဘယ်သူ့ကိုမှ စိတ်ထိခိုက်အောင် မလုပ်ခဲ့ဘူးလို့ ကိုယ် ထင်တယ်၊ ဟုတ်လား' ဟု ဒေးဗစ်က ပြောသည်။

'အဲဒါတော့ ဆယ်လီ မသိဘူး' ဟု ဆယ်လီက ပြန်ပြောသည်။

'ဒါပေမဲ့ အခုလောလောဆယ် ဒေးဗစ်ကိုတော့ ဆယ်လီ စိတ်ထိခိုက်အောင် လုပ်ရတော့မယ်'

'ဘာကြောင့်လဲ ဘာကိစ္စနဲ့လဲ' ဟု အံ့အားသင့်သွားသော မျက်နှာထားဖြင့် ဆယ်လီ့မျက်နှာကိုကြည့်၍ မေးသည်။

'အင်း ....ပြောရတော့မှာပဲ' ဟု ရေရွတ်ကာ သူ့လက်ပွေ့အိတ်ကိုဖွင့်၍ အထဲမှ စာတစ်စောင်ကို ထုတ်ယူလိုက်သည်။

'ဆယ်လီ့မှာ ပြောစရာတစ်ခုရှိနေတယ်၊ ပြောတော့ မပြောချင်ဘူး ဒေးဗစ်၊ ဒါပေမဲ့ ပြောမှဖြစ်မှာဆိုတော့ ပြောရမှာပဲ၊ တကယ်လို့ မပြောပြန်ရင်လည်း ဆယ်လီ့ကို ဒေးဗစ် မုန်းမှာ'

သူမသည် စကားကို မဆက်သေးဘဲ ရပ်ထားသည်။

'ဆယ်လီ ဂျင်နီဆီက သတင်းရတယ်'

'ဂျင်နီ'

'ဟုတ်တယ်၊ သူ့ဆီက ဒီစာရတယ်'

ဆယ်လီသည် နောက်ထပ် ဘာမှမပြောတော့ဘဲ စာကို ဒေးဗစ်လက်သို့ လှမ်းပေးသည်။

ဒေးဗစ်သည် စာကိုဖွင့်၍ကြည့်သည်။ ဂျင်နီ၏လက်ရေးမှန်း သူ ချက်ချင်း မှတ်မိသည်။ စာအိတ်ပေါ်မှ လိပ်စာမှာ "အိပ်ဆယ်စီယံဟိုတယ်၊ ချယ်လ်တင်ဟမ်" ဟု ရေးထားသည်။ ရက်စွဲမှာ မကြာသေးခင် သီတင်းပတ်အနည်းငယ်က ဖြစ်၏။ စာမှာ ....

"ချစ်သော ဆယ်လီ" ဟု အစချီထားသည်။

'အချိန်တွေအကြာကြီး ကွယ်ပျောက်နေရတာ တခြားကြောင့် မဟုတ်ဘူး၊ အလွန် အလှမ်းဝေးတဲ့ တစ်ရပ်တစ်ကျေးမှာ ရောက်နေလို့ပါ၊ မင်းကတော့ ဂျင်နီအပေါ် ဘယ်လိုတွေးနေမလဲဆိုတာ မသိပါဘူး၊ ဒါပေမဲ့ ဂျင်နီအကြောင်း ပြောပြလိုက်ရင် မင်း နားလည်သွားမှာပါ။'

'ဂျင်နီ ဘမ်ဟမ်မှာနေတုန်းတစ်ရက်မှာ သတင်းစာထဲက ကြော်ငြာတစ်ခုကို ဖတ်မိခဲ့တယ်၊ အထက်တန်းစား အဘွားကြီးတစ်ယောက်အတွက် အဖော်အဖြစ် နေထိုင်ပေးမယ့် အမျိုးသမီးတစ်ယောက် အလိုရှိတယ်ဆိုတဲ့ ကြော်ငြာပါ၊ ဂျင်နီက အပျင်းပြေ ပျော်စေပျက်စေဆိုတဲ့သဘောနဲ့ လျှောက်လိုက်မိပါတယ်၊ ချက်ချင်းပဲ အလွန်ယဉ်ကျေးသိမ်မွေ့စွာရေးထားတဲ့ အလုပ်ခန့်စာနဲ့ လန်ဒန်ကို လာဖို့ မီးရထားခပါ ပါလာတယ်၊ ဒါကြောင့် ဂျင်နီဟာ သူ့ဆီကို လိုက်သွားခဲ့



ပါတယ်၊ ဟိုရောက်တော့ သူက စပိန်၊ အီတလီ၊ ဗင်းနစ်နဲ့ ပါရီကို ခရီးသွားဖို့ အစီအစဉ်နဲ့ကိုး၊ အမျိုးသမီးကြီးက ဆံပင်တွေ ဖြူနေပေမယ့် လူချမ်းသာဆိုတော့ ဝတ်စားထားလိုက်တာ ကြော့မော့နေတာပဲ၊ မျက်လုံးတွေကလည်း အလွန်လှပပြီး ကရုဏာအရိပ်အငွေ့တွေ ယှက်သန်းနေတဲ့ မျက်လုံးတွေပါ။'

'သူက ဂျင်နီကိုတွေ့တော့ သဘောသိပ်ကျသွားတယ်၊ 'မင်းကို ပြန်မလွှတ်တော့ဘူး' တဲ့၊ ဒါနဲ့ပဲ ဂျင်နီ အဲဒီအလုပ်ကို လက်ခံလိုက်ပါတယ်၊ အတိုချုပ်ပြီး ပြောရရင်တော့ အလုပ်ကို ဂျင်နီ သိပ်မကြိုက်လှပေမယ့် ခရီးသွားရမယ့်အစီအစဉ်ကိုသိရတော့ လက်မလွှတ်ချင်ဘူးလေ၊ ဒါနဲ့ပဲ ဂျင်နီဟာ အမျိုးသမီးကြီးနဲ့အတူ စပိန်၊ အီတလီ၊ ဗင်းနစ်နဲ့ ပါရီကိုသာ မကဘူး၊ အီဂျစ်ဘက်ကိုပါ ရောက်သွားခဲ့တယ်။'

'အို ....ဆယ်လီရယ်၊ ပျော်စရာကောင်းလိုက်တဲ့ဖြစ်ခြင်း၊ ဟိုတယ်တွေဆိုရင် အကောင်းစားတွေမှာပဲ တည်းတာ၊ အစေခံတွေကလည်း အရှမ်းကိုရိုသေကြတာပဲ၊ အော်ပရာဇာတ်တွေဆိုတာလည်း အမျိုးစုံကြည့်ရတယ်၊ အလုပ်ရှင်အမျိုးသမီးကြီး မစ္စက်ဗန်ဆစ်တားကလည်း ဂျင်နီကို မျက်စိအောက်က အပျောက်မခံဘူး ဆယ်လီရေ သိလား၊ ဂျင်နီဟာ တကယ့် သူ့သမီးတစ်ယောက်လို ဖြစ်နေတာပဲ။'

'ဂျင်နီက သူ့ကို စာဖတ်ပြရတယ်၊ သွားစရာရှိရင် လိုက်ပို့ရတယ်၊ အိမ်ထဲမှာ အလှအပတွေ ပြင်ဆင်ပေးရတယ်၊ ဂျင်နီက ကံကောင်းတာပဲလို့ထင်တယ်၊ ဂျင်နီ့အဖို့တော့ ဘဝဟာ ပျော်စရာကြီးပါ၊ ဂျင်နီရဲ့အမေ ကလာရစ္စ၊ ဖိလစ္စနဲ့ ဖေဖေ့ကို သတိရကြောင်းပြောလိုက်ပါ၊ တကယ်လို့ကွာ ....မင်း ဒေးဗစ်နဲ့တွေ့ရင် ပြောလိုက်ပါ၊ တစ်ခါတလေ သူ့ကို သတိရပါတယ်လို့၊ အခုတော့ ကိုယ့်ဘဝထဲမှာ အဖော်မရှိတော့ဘူး၊ အဲဒါလည်း ပြောပြလိုက်ပါ၊ ယောကျ်ားတွေဟာ သားရဲတိရစ္ဆာန်တွေပဲ၊ ဒါပေမဲ့ သူကတော့ ဂျင်နီအပေါ် ကောင်းရှာပါတယ်။'

'ကဲ ....ဆယ်လီရေ၊ ညစာစားပွဲတစ်ခုသွားဖို့ အဝတ်အစားလဲရဦးမယ်၊ စာကို ဆက်ရေးနေလို့ မဖြစ်သေးဘူး၊ ဂျင်နီအဖို့တော့ အိပ်မက်ကမ္ဘာလေးတစ်ခုထဲ ရောက်နေရသလိုပါပဲ၊ ဗွတ်ဘိုင် ....ဆယ်လီ။'

'ဆယ်လီရဲ့ ဂျင်နီ

အချိန်အတော်ကြာမျှ တိတ်ဆိတ်သွားသည်။ ထို့နောက်တော့ ဒေးဗစ်၏ ရှည်လျားသော သက်ပြင်းချသံ။ သူ့စိတ်အာရုံတွင် ထင်ဟပ်နေသည်မှာ ဂျင်နီ ....။

'ကိုယ့်ကို စောစောက ဘာကြောင့် အသိမပေးခဲ့တာလဲ ဆယ်လီရယ်'

'ဘာထူးမှာမို့လဲ' ဟု ဆယ်လီက ပြန်မေးသည်။

'ဆယ်လီ အိတ်ဆယ်စီယာဟိုတယ်ကို လိုက်သွားတယ်၊ သူ နှစ်ရက်လောက် နေသွားတယ်၊ ဒါပေမဲ့ သူ ရေးထားသလို သူ့စာထဲက အမျိုးသမီးကြီးနဲ့ မဟုတ်ဘူး'

'ကိုယ်လည်း ခန့်မှန်းမိပါတယ်'

'အဲဒီလိုဖြစ်တာနဲ့ စိတ်မထိခိုက်သင့်ဘူး ဒေးဗစ်' ဟု ဆယ်လီက အားပေးသည်။

'သူ အသက်ရှင်နေတုန်းပဲ ဆိုတာရယ်၊ ကောင်းကောင်းနေနေရတယ် ဆိုတာရယ် သိလိုက်ရတာဟာ ဝမ်းသာစရာပဲ မဟုတ်လား'

'ဒါပေါ့လေ'

'ဆယ်လီ ဒီစာကိုပြတာဟာ မှန်မှမှန်ရဲ့လား'

ဒေးဗစ်သည် စာကိုခေါက်၍ စာအိတ်ထဲပြန်ထည့်ပြီး လှမ်းပေးသည်။

'မင်း ပြတဲ့အတွက် ကိုယ် ဝမ်းသာပါတယ်၊ ဒီကိစ္စမှာ ကိုယ်ဟာ သိသင့်တဲ့ လူတစ်ယောက်ပါ'

နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ ထိုအခိုက်တွင် အဲလ် ပြန်ရောက်လာသည်။ သူသည် နှစ်ဦးစလုံး၏မျက်နှာများကိုကြည့်၍ အကဲခတ်သော်လည်း ဘာမှတော့ မမေးချေ။ သူသည် စပ်စပ်စုစု လုပ်တတ်သူမဟုတ်။

ပြန်လာသည့်အခါ ဒေးဗစ်သည် တစ်လမ်းလုံး ဂျင်နီအကြောင်းကို တွေးလာမိသည်။ အမှန်တော့ ဂျင်နီ၏စာထဲမှ အချက်များသည် အားလုံး အလွဲတွေချည်း ဖြစ်သည်။ အပေါ်စားဟိုတယ်တစ်ခုတွင် ယောကျ်ားအဖော်တစ်ယောက်နှင့် နေထိုင်သွားခြင်းသာ ဖြစ်ဖို့များ၏။ စာထဲ၌ ပြောထားသမျှသည် စိတ်ကူးယဉ်တတ်သော ဂျင်နီ၏ အိပ်မက်များသာ ဖြစ်ဖို့ရှိ၏။ မိမိကိုလည်း တစ်ခါတစ်ရံ သတိရသည်ဟု ဆို၏။ သို့ဆိုလျှင် မိမိက ဘာများ လှမ်းမောစရာလိုပါသနည်း။ သို့သော်လည်း သူသည် ဂျင်နီကို မေ့မရ။ ဘာကြောင့်ပါလိမ့်။

ထိုညတွင် သူသည် အိပ်မပျော်။ အလုပ်လည်း လုပ်၍မရ။ စိတ်သည် ပူလောင်လျက်ရှိ၏။ ညဥ့်နက်ပိုင်းတွင် သူသည် အပြင်သို့ထွက်၍ ခြေဦးတည့်ရာ လျှောက်သွားသည်။ ထို့နောက် ရက်ပေါင်းများစွာ ကုန်လွန်သည်အထိ စိတ်မငြိမ်သက်မှုဒဏ်ကိုခံရသည်။ သူသည် ကျန်ရက်များအတွင်း တော်လ်စတွိုင်း၏ "အင်နာကရင်နီနာ"၊ "ရိဆာရက်ရှင်း" နှင့် "သားသုံးယောက်" စသော ဝတ္ထုကြီးများကိုဖတ်လျက် လူ့အဖွဲ့အစည်းအတွင်းမှ လူတို့၏ အကျင့်စရိုက်များနှင့် ကံကြမ္မာတို့၏ အပြန်အလှန် ဆက်စပ်ယှက်နွယ်မှုများကို ဆင်ခြင်သည်။

အချိန်သည် တရွေ့ရွေ့ကုန်လာသည်။ ဧပြီကုန်၍ မေလထဲသို့ ဝင်လာ



သည်။ အစိုးရအဖွဲ့၏ အင်အားသည် ယိမ်းယိုင်ချည့်နဲ့လာသည်။ ဒေးဗစ်သည် တွေးနေ ဆွေးနေဖို့ အချိန်မရှိတော့။ သူသည် တိုင်နီကပ်ဆဲလ်မှ ဆယ်လီ့မင်္ဂလာပွဲသို့ မပျက်မကွက် သွားလိုက်သေးသည်။

မေလ ၁၀ ရက်နေ့တွင် ပါလီမန် ဖျက်သိမ်းသည်။ အမတ်လောင်း အမည်စာရင်းများ တင်သွင်းခြင်းကို မေလ ၂၀ ရက် နောက်ဆုံးထား၍ ပြုလုပ်သည်။ ရွေးကောက်ပွဲကို မေလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ လေဘာပါတီ၏ အဓိက မူဝါဒကြေညာချက် ထုတ်ပြန်သည်။ သတ္တုတွင်းများအား နိုင်ငံပိုင် ပြုလုပ်ရေးသည် လေဘာပါတီ၏ အဓိကမူဝါဒ ဖြစ်လာသည်။ လေဘာပါတီက သူတို့၏ မူဝါဒအား ထောက်ခံကြရန် ပြည်သူသို့ ပန်ကြားချက်သည် ထွက်ပေါ်လာသည်။

ရွေးကောက်ပွဲတွင် ဒေးဗစ်၏ မဲအရေအတွက်သည် ယခင်ကထက်ပို၍ တက်လာသည်။ နူဂျင့်၊ ဘက်ဘင်တန်၊ ဒပ်ဂျီယွန်၊ ချာလ်မာတို့သည် မဲအရေအတွက် ယခင်ကထက်ပို၍ရရှိပြီး အရွေးခံခဲ့ကြရသည်။ ဒေးဗစ်သည် မျှော်လင့်ချက်ကြီးစွာဖြင့် လန်ဒန်သို့ ပြန်လာသည်။

ဒေးဗစ်၏ခေါင်းထဲတွင် စိတ်ကူးသစ်များဖြင့် ပြည့်လျှံနေသည်။ သူသည် ကျောက်မီးသွေးတွင်းများ ဥပဒေကြမ်းကို ရေးဆွဲရန် စိတ်ကူးယဉ်လျက်ရှိသည်။ ဤဥပဒေကြမ်းကို ပါတီမှ တင်ရလိမ့်မည် မဟုတ်ပါလား ....။ နောက်ဆုံး ၁၉၂၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပါလီမန် လွှတ်တော်အစည်းအဝေးသည် အစပြုလေသည်။

* * * * *

## (၅၇)

ဆောင်းဦးပေါက်ရာသီ၏ မြူများဆိုင်းနေသော တစ်ညနေခင်းတွင် ဒေးဗစ်နှင့် ဟာရီနူဂျင့်တို့သည် လွှတ်တော်အတွင်းမှ ထွက်လာပြီး ပလက်ဖောင်းပေါ်၌ရပ်ကာ စကားလက်ဆုံကျနေကြသည်။ လွန်ခဲ့သော ဆယ်ပတ်အကြာက ဘုရင်သည် နန်းတော်ထဲ၌ မိန့်ခွန်းပြောကြားခဲ့သည်။ လေဘာအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အစဉ်အလာအတိုင်း ဘုရင်၏လက်ကို တလေးတစား နမ်းရှုံ့ခဲ့ကြသည်။ လွှတ်တော်တွင် အမတ်ဦးရေ အများဆုံးရရှိခဲ့သော လေဘာပါတီသည် အစိုးရဖွဲ့နိုင်ပြီ ဖြစ်၏။ လေဘာပါတီ၏ ဝန်ကြီးချုပ်ကလည်း လေဘာပါတီ ညီလာခံသို့ ***'ကျွန်ုပ်တို့သည် အလွန်နက်ရှိုင်းသော ချောက်ကြီးထဲ၌ နှစ်ပေါင်းများစွာ***

***ဆင်းရဲဒုက္ခများကို ခံစားနေရသော ကျောက်မီးသွေးလုပ်ငန်းကို မြှင့်တင်ပေးကြရပေလိမ့်မည်'*** ဟူသော စကားများပါသည့် သဝဏ်လွှာကို ပို့ခဲ့ပြီးပြီ ဖြစ်၏။

ပလက်ဖောင်းပေါ်၌ ရပ်နေသော ဒေးဗစ်၏မျက်နှာသည် တည်ငြိမ်လျက်ရှိသည်။ သူသည် လက်နှစ်ဖက်ကို အိတ်ကပ်များထဲနှိုက်၍ ခေါင်းကိုငုံ့ကာ ရပ်နေခြင်း ဖြစ်သည်။

'ဒီနှစ်ထဲမှာ ဥပဒေကြမ်းကို တင်ဖြစ်မလား' ဟု သူက နူဂျင့်အား မေးသည်။

'ကျွန်တော်ကတော့ လောလောဆယ် အဲဒါကိုပဲ သိချင်တယ်'

'ကျွန်တော့်ကို ပြောတဲ့အတိုင်းမှန်ရင်တော့ ဒီဇင်ဘာလထဲမှာ တင်ဖြစ်မယ်'

ဒေးဗစ်ကတော့ ဘာမှ ပြန်မပြော။ သူ့မျက်နှာကဲ့သို့ မှုန်မှိုင်းနေသော မြူများကို ငေးကြည့်နေသည်။ အတန်ကြာမှ ....

'အင်းပေါ့လေ၊ ဥပဒေကြမ်း အပြည့်အစုံပြီးသွားတဲ့အထိ စောင့်ကြည့်ရဦးမှာပေါ့' ဟု ရေရွတ်သည်။

'ဒါပေမဲ့ ကျွန်တော် နားမလည်တာက ဘာပြုလို့ ဒီလောက်နေးကွေးရတာလဲ၊ တွန့်ဆုတ်တွန့်ဆုတ်နဲ့ လုပ်စရာရှိတာကို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား မလုပ်ချင်ကြဘူး၊ အဲဒါ ဘာဖြစ်တာလဲ ....'

ထိုအခိုက်တွင် အနက်ရောင် ကားတစ်စီးသည် ဖြည်းဖြည်းသာသာမောင်းလာပြီး လွှတ်တော်ဝင်ပေါက်နှင့် မျက်နှာချင်းဆိုင်၌ ရပ်သည်။ အတွင်းမှ ထွက်လာသူမှာ ဘက်ဘင်တန် ...။ သူသည် နူဂျင့်နှင့် ဒေးဗစ်တို့အား လှမ်းကြည့်သည်။

'အနောက်ဘက်ကို သွားမယ်ဆိုရင် လမ်းကြုံတယ်၊ ခင်ဗျားတို့ လိုက်ကြမလား'

ဒေးဗစ်က ခေါင်းယမ်းသည်။ နူဂျင့်က ....

'မလိုက်တော့ဘူး၊ ကျွန်တော်တို့ ရာလ်စတန်ကို စောင့်ရဦးမယ်' ဟု ပြန်ဖြေသည်။

ဘက်ဘင်တန်က ပြုံး၍နှုတ်ဆက်ကာ ကားပေါ်သို့ တက်သွားသည်။ ကားသည် မြူများကြားသို့ တိုးဝင်သွားသည်။

'အလွန့်အလွန်ကို ထူးဆန်းတာပဲ' ဟု ဒေးဗစ်က ပြောသည်။

'ဘက်ဘင်တန်ရဲ့ ကားကိစ္စလေ၊ သူ့ကားက မင်နာဗာ အမျိုးအစား၊ ဈေးကမသေးဘူး၊ ဒီကားကို သူ ဘယ်လိုရတာလဲ ကျွန်တော် စဉ်းစားတိုင်း အံ့သြစရာဖြစ်နေတယ်'



နူဂျင့်က ဒေးဗစ်အားကြည့်ပြီး ပြုံးသည်။ သူ့အပြုံးမှာ သရော်ပြုံးဖြစ်သည်။

'နိုင်ငံတော်ကို ချစ်မြတ်နိုးပြီး အလုပ်တွေအများကြီး လုပ်ပေးခဲ့လို့ ရတာဖြစ်မှာပေါ့' ဟု ငေါ့တော့တော့လေသံဖြင့် ပြောသည်။

'မဟုတ်သေးဘူး နူဂျင့်' ဟု ဒေးဗစ်က ပြောသည်။

'ကျွန်တော် အလေးအနက်ထားပြီး ပြောနေတာ၊ သူ့မှာ ကိုယ်ပိုင်လုပ်ငန်းဘာမှမရှိဘူးလို့ ခဏခဏညည်းတယ်၊ အခုကျတော့ အဖိုးတန်ကားနဲ့ ဒရိုင်ဘာကိုရထားတယ်၊ အဲဒါ ဘာလဲ၊ မထူးဆန်းဘူးလား'

'အလေးအနက်ထားတာ ကောင်းပါတယ်' ဟု နူဂျင့်က ပြောသည်။

'ကျွန်တော်တို့မိတ်ဆွေ ဘက်ဘင်တန်ဟာ မကြာသေးခင်ကပဲ စုပေါင်းကျောက်မီးသွေးတွင်းလုပ်ငန်းများ ဘုတ်အဖွဲ့မှာ အဖွဲ့ဝင် ဖြစ်သွားတယ်၊ ဒါမျိုးက အရင်တုန်းကလည်း အများကြီး ဖြစ်ခဲ့ဖူးတာပဲ၊ စနစ်တကျလုပ်တာဆိုတော့ ကျွန်တော်တို့ ခင်ဗျားတို့က ဘယ်လိုလုပ်ပြီး ပြောလို့ဖြစ်မလဲ'

ဒေးဗစ်သည် စိတ်ရှုပ်သော မျက်နှာထားဖြင့် နူဂျင့်အား ကြည့်နေသည်။ နူဂျင့်မှာ ယခင်ကလို မဟုတ်၊ ကျန်းမာရေးက မကောင်း၊ အနေအထိုင် အပြောအဆိုမှအစ လမ်းလျှောက်ရာမှာပင် နေးကွေးလေးလံလှသည်။ သူသည် ဝန်ကြီးအဖွဲ့၌ ရာထူးပေးသည်ကိုပင် လက်မခံနိုင်။ သူ့ကျန်းမာရေး အခြေအနေသည် ဝေစ်နေ့တခြား ဆိုးဝါးလာနေသည်။ ဤအကြောင်းကြောင့်လည်း ဒေးဗစ်သည် ဤဥပဒေကြမ်းကိစ္စကို နားပူနားဆာမလုပ်ဘဲ ရေငုံနှုတ်ပိတ် လုပ်နေခဲ့ရခြင်း ဖြစ်သည် မဟုတ်ပါလား ....။

ဒေးဗစ်၏စိတ်သည် ယခင်ကလို ပျော်ရွှင်ခြင်းမရှိပေ။ သူသည် သူ့ရဲဘော်ရဲဘက် ဆိုသူများ၏ လုပ်ကိုင်ပုံ နေးကွေးမှု၊ မထိရောက်မှု၊ စိတ်မဝင်စားမှု စသည်များကိုကြည့်ကာ များစွာ စိတ်ပျက်နေသည်။ သူသည် သူ့မဲဆန္ဒနယ် စလီစကေးမှ လူများအား တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးပါမည်ဟု ကတိပေးခဲ့၏။ မိမိအပါအဝင် ပါတီတစ်ရပ်လုံးသည် ထိုကတိအပေါ်၌ ရပ်တည်ခဲ့ကြသဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြခြင်း ဖြစ်သည်။ သို့ပါလျက်နှင့် ဤအရေးကိစ္စတွင် ဘာကြောင့် နေးကွေးလေးလံနေကြရပါသနည်း။

တကယ်တော့ ဒေးဗစ်သည် ကျောက်မီးသွေးတွင်းများ ဥပဒေကြမ်းသစ်အပေါ်၌ သူ၏ မျှော်လင့်ချက်အားလုံးကို ပုံအောထားသူ ဖြစ်သည်။ ထိုဥပဒေကြမ်းသည် ပြဿနာတစ်ခုလုံးအတွက် အဖြေဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ထားသူ ဖြစ်သည်။ ပါတီအတွက်ရော လူအများအတွက်ပါ အသက်ရှင်သန်ရေးကို များစွာ အထောက်အကူ ဖြစ်လိမ့်မည်ဟုလည်း သူ ထင်သည်။

ဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့မှ ဖွဲ့စည်းပေးထားသော ကော်မတီမှ ရေးဆွဲနေသည်ဟု သိထားရ၏။ ကော်မတီသည် ထိုဥပဒေကြမ်းကို ပြုပြင်ရေးဆွဲရာ၌ သတ္တုတွင်းအလုပ်သမားများ အဖွဲ့ချုပ်မှ ဖွဲ့စည်းပေးထားသော အထူးကော်မတီနှင့် ညှိနှိုင်းတိုင်ပင်ပြီး ရေးဆွဲနေခြင်း ဖြစ်သည်ဟုလည်း သိထားရ၏။ သို့သော်လည်း ထိုကော်မတီများတွင် မိမိရော နူဂျင့်ပါ ပါဝင်ခြင်းမရှိသဖြင့် မည်သည့်အခြေအနေသို့ ရောက်နေပြီကို အတိအကျမသိရ။ ဥပဒေကြမ်းထဲ၌ မည်သို့သော အချက်အလက်တွေ ပါဝင်နေသည်ကိုလည်း မသိရ။ သို့ဖြစ်ရာ ဒီဇင်ဘာလ ရောက်အလာကို စောင့်မျှော်နေရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီ။

ဤသို့ဖြင့် ဥပဒေကြမ်းကို လွှတ်တော်သို့ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် တင်သည်။ အစိုးရရှေ့နေချုပ်နှင့် သတ္တုတွင်းဝန်ကြီးတို့၏ ထောက်ခံချက်ဖြင့် ကုန်သွယ်ရေး ဘုတ်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ခံ၍ တင်သွင်းခဲ့ခြင်း ဖြစ်၏။ ဤအဆင့်သည် ပဏာမအဆင့် ဖြစ်၏။ ထိုနေ့က လွှတ်တော်ထဲတွင် အမတ်များများစားစား တက်ရောက်ခြင်းမရှိ၊ ထူးခြားသော နေ့တစ်နေ့ ဖြစ်လာနိုင်မည့်အရိပ်အငွေ့များကို လုံးဝမမြင်ရ။

ဥပဒေကြမ်းတင်ပုံသည် အလျင်စလိုနှင့် ဖြစ်ကတတ်ဆန်းနိုင်လှသည်။ ဥပဒေကြမ်းသည် တိုတောင်းလွန်းလှ၏။ ဘာမှ အတိအကျမရှိ။ ယေဘုယျသဘောမျှသာ ဖြစ်၏။ အစမှအဆုံး ဖတ်ကြား တင်ပြသွားသည်မှာ အချိန် ဆယ်မိနစ်မျှသာ ကြာ၏။ ဒေးဗစ်သည် ထိုအဖြစ်ကို နားမလည်နိုင်အောင် ဖြစ်လျက်ရှိလေရာ သူသည် လွှတ်တော်စည်းခန်းမဆောင်သို့သွား၍ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။ သူ့အား ဥပဒေကြမ်း မိတ္တူတစ်စောင်ပေးဖို့ တောင်းသည်။

ထိုညတွင် သူသည် ရလာသည့် ဥပဒေကြမ်းမိတ္တူကို လေ့လာသည်။ သူသည် သူ့မျက်လုံးများကိုပင် မယုံကြည်နိုင်အောင် ဖြစ်ရ၏။ သူသည် ဥပဒေကြမ်းအပေါ် အံ့အားသင့်နေရုံမျှမက စိုးရိမ်ထိတ်လန့်ခြင်းပင် ဖြစ်လာရသည်။ သူ့အဖို့ကတော့ ဤဥပဒေကြမ်းသည် အလွန်ပြင်းထန်သော ထိုးနက်ချက်ကြီးတစ်ခု ဖြစ်လာခဲ့ရလေပြီ။

သူသည် ညဥ့်နက်သည်အထိ စားပွဲ၌ထိုင်ကာ အပြန်ပြန်အလှန်လှန် ဆင်ခြင်စဥ်းစားသည်။ သူ ရွေးချယ်ရမည့်လမ်းသည် ဘယ်လမ်းလဲ ....။ အခုအတိုင်းဆိုပါက သူ့ဘက်မှ သဘောထားနှင့် ရပ်တည်ချက်သည် ခိုင်မာရမည်။ ပြတ်သားရမည်။ တိကျရမည်။ သို့မဟုတ်ပါက ဤပြဿနာသည် ကြီးမားရှုပ်ထွေးလာဖို့သာ ရှိတော့၏။

နောက်တစ်နေ့တွင် ဒေးဗစ်သည် စောစောစီးစီးသွားကာ လွှတ်တော်ဆိုင်ရာ



လေဘာပါတီ ကော်မတီ အစည်းအဝေး တက်သည်။ အစည်းအဝေးမှာ ကြီးကြီးမားမားတော့ မဟုတ်။ လူများများစားစား တက်ရောက်ရမည့် အစည်းအဝေး မဟုတ်။ သို့သော်လည်း ရောက်နေသည့်လူများကိုကြည့်ကာ ဒေးဗစ်မှာ များစွာ စိတ်ဓာတ်ကျသွားသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ အစည်းအဝေးသည် လူစုံတက်စုံရှိနေဖို့တော့ လို၏။ သို့သော်လည်း ဤအစည်းအဝေးတွင် ဝန်ကြီး အတော်များများကို မတွေ့ရ။ အထူးသဖြင့် သတ္တုတွင်းဝန်ကြီး မတက်ရောက်ဘဲ ပျက်ကွက်ခြင်းသည် အဆိုးဆုံးဟု သူ ထင်သည်။ ဒပ်ဂျီယွန်၊ ဘက်ဘင်တန်၊ နူဂျင့်၊ ရာလ်စတန်၊ ချာလ်မာနှင့် အခြားကော်မတီဝင်အမတ် နှစ်ဆယ်ခန့်ကိုတော့ မြင်ရသည်။ နေ့လယ်စာစားပြီးမှ ပြုလုပ်သော အစည်းအဝေးဖြစ်၍ လူများစုသည် နေးကွေးလေးလံနေကြသည်။ ချာလ်မာသည် ကုတ်အင်္ကျီကြယ်သီးများကိုဖြုတ်ကာ ကုလားထိုင်ကိုမှီ၍ ပျင်းတိပျင်းတွဲ ထိုင်လျက်ရှိ၏။ အာလက်ဟွန်ကတော့ မျက်လုံးများကိုမှိတ်ကာ တရေးတမော "နှပ်ဖို့" အားထုတ်လျက် ရှိလေသည်။

အစည်းအဝေး သဘာပတိမှာ ဂျင်ဒပ်ဂျီယွန် ဖြစ်သည်။ သူသည် သူ့ရှေ့မှ စာရွက်များကို လှန်လှောကြည့်ရှုနေပြီးနောက် စာများကို လျင်မြန်စွာဖတ်သည်။

'ဒီတစ်ပတ် လွှတ်တော်အစည်းအဝေး အစီအစဥ်မှာ အလုပ်လက်မဲ့ပြဿနာ၊ အိမ်ရာပြဿနာနဲ့ ကျောက်မီးသွေးတွင်းများ ဥပဒေကြမ်းကို ဒုတိယအကြိမ် ဆွေးနွေးရေး စသည်တို့ ပါဝင်ပါတယ်၊ အဲဒီတော့ ....'

ဒေးဗစ်သည် ထိုင်ရာမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

'သဘာပတိကြီး ခင်ဗျား' ဟု သူက အစချီသည်။

'ကျွန်တော် တစ်ခုမေးပါရစေ၊ ဒီဥပဒေကြမ်းဟာ လေဘာပါတီရဲ့မူဝါဒကို ကိုယ်စားပြုထားတဲ့ ဥပဒေကြမ်း ဟုတ် မဟုတ် ကျွန်တော် သိချင်ပါတယ်'

ဒပ်ဂျီယွန်က ဒေးဗစ်အား ရင်းနှီးဖော်ရွေစွာဖြင့် လှမ်းကြည့်သည်။

'လူကြီးမင်းအနေနဲ့ ဒီဥပဒေကြမ်းဟာ လေဘာပါတီရဲ့မူဝါဒကို ကိုယ်စားမပြုဘူးလို့ ယုံကြည်နိုင်လောက်တဲ့ အထောက်အထား ရှိနေပါသလား' ဟု ပြန်မေးသည်။

ဒေးဗစ်သည် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားသည်။

'ဒီဥပဒေကြမ်းဟာ အခုလက်ရှိပုံစံအတိုင်းဆိုရင် မပြည့်မစုံ ဖြစ်နေတယ်လို့ ယူဆပါတယ်၊ ကျွန်တော်တို့ဟာ နိုင်ငံပိုင်လုပ်ရေးဆိုတဲ့မူအပေါ် ရပ်တည်ခဲ့ကြတာပါ၊ ကျွန်တော်တို့ရဲ့ ကြေညာစာတမ်းထဲမှာ ကျောက်မီးသွေးတွင်းတွေထဲက ဝမ်းနည်းကြေကွဲစရာ အဖြစ်မျိုးတွေကို နောက်ထပ် မဖြစ်ပွားအောင် သက်သာရာ

ရအောင်လုပ်ဖို့ ဖော်ပြထားခဲ့ကြပါတယ်၊ ကျောက်မီးသွေးတွင်း လုပ်ငန်းတွေကို အောက်ခြေကနေ ထိပ်ဆုံးအထိ ပြန်လည်ပြုပြင် ဖွဲ့စည်းဖို့လည်း အတိအလင်း ဖော်ထုတ်ထားခဲ့ကြပါတယ်၊ အခု ဒီကော်မတီရဲ့ အဖွဲ့ဝင်အားလုံးဟာ ဒီဥပဒေကြမ်း အပြည့်အစုံကို စေ့စေ့စပ်စပ် ဖတ်ရှုပြီးကြပြီလား ဆိုတာဟာလည်း ကျွန်တော် သံသယဖြစ်နေတဲ့အချက်ပါ၊ ကျွန်တော်ကတော့ အသေအချာ ဖတ်ပြီးပါပြီ၊ ကျွန်တော့်အမြင်ကတော့ ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ပေးထားတဲ့ ကတိတိုင်းကို ဖောက်ဖျက်ထားတယ်လို့ ပြောချင်ပါတယ်'

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ဒပ်ဂျီယွန်သည် မေးကိုပွတ်ကာ ဒေးဗစ်အား ကြည့်နေသည်။

'အမတ်မင်း မေ့နေတဲ့ အချက်တစ်ချက် ရှိနေပါတယ်၊ ကျွန်တော်တို့မှာ ဒီဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးနိုင်တဲ့အာဏာ မရှိပါဘူး၊ ရုံးထိုင်ပြီး ဆွေးနွေးညှိနှိုင်းပေးရုံပဲရှိပါတယ်၊ အကောင်းဆုံးဖြစ်အောင်တော့ ကျွန်တော်တို့ လုပ်သွားမှာပါ၊ အစိုးရကသာ ဖျန်ဖြေညှိနှိုင်းပေးရမှာပါ' ဟု ပြောသည်။

'ဖျန်ဖြေညှိနှိုင်းပေးရမယ် ဆိုတဲ့စကားဟာ မဖြစ်နိုင်ပါဘူး၊ ဒီကိစ္စက ဖျန်ဖြေညှိနှိုင်းပေးရမယ့် ကိစ္စတစ်ရပ် မဟုတ်ပါဘူး၊ ဒီစကားဟာ သူ့ရဲ့သဘောကြောင်တာကို ဖော်ပြနေတယ်လို့ ကျွန်တော် ယူဆပါတယ်၊ တွင်းပိုင်ရှင်တွေကို ပိုပြီး မျက်နှာသာပေးထားတဲ့ ဒီဥပဒေမျိုးကို အတိုက်အခံပါတီကတောင် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးစားမယ် မထင်ပါဘူး၊ ဒီဥပဒေကြမ်း တစ်ခုလုံးဟာ ပိုင်ရှင်တွေအတွက် လုပ်ထားသလို ဖြစ်နေပါတယ်၊ ဒါဟာ တိုရီပါတီရဲ့ ဥပဒေကြမ်းပါ၊ ဒီအချက်ကို လွှတ်တော်အမတ်တိုင်းက မကြာခင် သိလာကြတော့မှာပါ'

'ခဏနေပါဦး' ဟု ဒပ်ဂျီယွန်က တားသည်။

'ကျွန်တော်ဟာ လက်တွေ့သမားတစ်ယောက်ပါ၊ ခင်ဗျားရဲ့ ကန့်ကွက်ချက်က ဘာလဲ၊ အတိအကျပြောပါ'

'ကျွန်တော့်ကန့်ကွက်ချက်က ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ရဲ့ အခက်အခဲတွေကို ပြေလည်အောင် ဖြေရှင်းပေးနိုင်မယ့် အရာတစ်ခု မဟုတ်ပါဘူး၊ ဘယ်တော့မှ ပူးပေါင်းဆောင်ရွက်လို့ မရနိုင်မယ့်မှုတွေကို သင့်မြတ်ပေါင်းစည်းမိအောင် လုပ်ထားတဲ့ ရယ်စရာ အားထုတ်မှုတစ်ခုလို့ မြင်ပါတယ်'

'ဒါဆိုရင် တခြားနည်းလမ်း ဘာရှိလဲ၊ ကျွန်တော်တို့ရဲ့ အနေအထားကိုလည်း သတိထားမှပေါ့'

'ကျွန်တော် သိပ်သတိထားတာပေါ့၊ ကျွန်တော်တို့ရဲ့ အနေအထားနဲ့ ဂုဏ်သိက္ခာကို သတိထားလွန်းလို့ ဒီစကားတွေကို ပြောနေရတာပေါ့'



'ဒီအမတ်မင်းက ဘာလိုချင်နေတာလဲ၊ အတိအကျရှင်းအောင် မေးစမ်းပါဦး' ဟု ချာလ်မာက ဝင်ပြောသည်။

'ကျွန်တော် လိုချင်နေတာ တခြားမဟုတ်ပါဘူး၊ ပါတီဝင်တိုင်းရဲ့ ကိုယ်ကျင့်သိက္ခာ၊ အခြေခံရပ်တည်မှုတွေနဲ့ ကိုက်ညီအောင် ဒီဥပဒေကြမ်းကို ပြန်လည်ပြင်ဆင် ရေးဆွဲပေးဖို့ပါ၊ ပြီးရင် လွှတ်တော်ကို တင်ပေးပါ၊ အကယ်၍ မဲခွဲရာမှာ ကျွန်တော်တို့ဘက်ကရှုံးရင် ကိုယ့်မဲဆန္ဒနယ်မြေထဲက ပြည်သူတွေကို ရှင်းပြပါ၊ ဒါဆိုရင် သူတို့အတွက် ကျွန်တော်တို့ တိုက်ပွဲဝင်ခဲ့တယ်ဆိုတာ သူတို့ သိကြမှာပါ၊ ဒါဟာ အကောင်းဆုံးနည်းလမ်းလို့ ကျွန်တော် ထင်ပါတယ်'

'ခင်ဗျားအနေနဲ့ အမြင်မှန်ရအောင် ကြိုးစားဖို့လိုနေတယ်၊ ကျွန်တော်တို့အနေနဲ့ နိုင်ငံကို အုပ်ချုပ်နိုင်စွမ်းရှိတယ်ဆိုတာပြဖို့ လိုအပ်နေပါတယ်၊ ပြဿနာတွေကို ကိုင်တွယ်ရာမှာလည်း အေးအေးသာသာနဲ့ ကိုင်တွယ်သွားဖို့ကို အဓိကထားရမယ့်အချိန် ဖြစ်နေပါတယ်'

'ခင်ဗျားကိုယ်ခင်ဗျား လှည့်စားမနေပါနဲ့' ဟု ဒေးဗစ်က ရှုံ့ရှာသောလေသံဖြင့် ပြန်ပြောသည်။

'အားလုံးက ကျွန်တော်တို့ကို ဝိုင်းပြီး ရယ်နေကြတာ ခင်ဗျားသိရဲ့လား၊ တိုရီပါတီကို ထောက်ခံနေတဲ့ သတင်းစာတွေကို ခင်ဗျား ဖတ်မိရဲ့လား၊ သူတို့ဘက်ကစကားနဲ့ပြောရင် ကျွန်တော်တို့ဟာ တိုင်းပြည်ကို အုပ်ချုပ်နေတာ မဟုတ်ဘူး၊ ထင်ရာတွေ လျှောက်လုပ်ပြနေကြတာ'

ဒပ်ဂျီယွန်က သက်ပြင်းချသည်။

'ပါတီတွင်းမှာ ရိုင်းစိုင်းကြမ်းတမ်းတဲ့ စကားလုံးတွေ မသုံးပါနဲ့၊ ကျွန်တော်တို့အနေနဲ့ ဖြည်းဖြည်းမှန်မှန် လုပ်သွားရလိမ့်မယ်ဆိုတာ သတိပြုစေချင်တယ်'

'ဖြည်းဖြည်းမှန်မှန် ဟုတ်လား' ဟု ဒေးဗစ်က ရေရွတ်သည်။

'ဒီပုံမျိုးနဲ့သာဆိုရင် နောက်နှစ်ပေါင်းနှစ်ထောင် ကြာရင်တောင်မှ ကျွန်တော်တို့အလုပ်ဟာ အကောင်အထည်ပေါ်မှာ မဟုတ်ဘူး'

နူဂျင့် ထိုင်ရာမှ ထရပ်သည်။

'ဒေးဗစ် ပြောတာ မှန်တယ်' ဟု ပြောသည်။

'မူဝါဒအရဆိုရင် သူ ပြောသွားတဲ့အတိုင်း လုပ်ရမှာပဲ၊ အခုဆိုရင် ကျွန်တော်တို့ဟာ အာဏာကို ကစားပြနေသလိုပဲ၊ ကိုယ့်ကိုယ်ကို လှည့်စားပြီး လုပ်ချင်တာတွေ လျှောက်လုပ်ပြနေသလို ဖြစ်နေပြီ၊ ပြီးတော့ ကျွန်တော်တို့ကို မဲပေးလိုက်တဲ့လူတွေကို ထည့်သွင်းစဉ်းစားကြရလိမ့်မယ်'

'တိုင်နီကပ်ဆဲလ်က အစိုးရရဲ့ အုပ်ချုပ်မှုကို ပုန်ကန်ချင်နေတဲ့လူတစ်စု ကြောင့် ကျုပ်တို့အားလုံး လက်ရှိရာထူးတွေက ထွက်ပေးရမှာလား' ဟု ကလက်ဟွန်းက ကြားဖြတ်ပြောသည်။

'ခင်ဗျား မဲလိုချင်တုန်းကတော့ သူတို့ကို ဘယ်လိုခေါ်ခဲ့သလဲ၊ ပုန်ကန်သူတွေလို့ပဲ ခေါ်ခဲ့သလား' ဟု ဒေးဗစ်က အော်ပြောသည်။

'ခင်ဗျားတို့ လုပ်နေပုံက အေးအေးဆေးဆေး လုပ်ကိုင်စားသောက်နေတဲ့ လူတွေကို တော်လှန်ပုန်ကန်လာအောင် တွန်းအားပေးနေသလို ဖြစ်နေပြီ၊ သတိထားကြဦးမှပေါ့'

ကျန်လူစုကလည်း ဒေးဗစ်၏ တင်ပြချက်များကို ကန့်ကွက်သည့်အနေနှင့် တစ်ယောက်တစ်ပေါက် ထပြောလာကြသည်။ 'ကျွန်တော်တို့အနေနဲ့ ဘာပဲလုပ်လုပ် သတိထားပြီး လုပ်ကြရလိမ့်မယ်' ဟု သဘာပတိ ဒပ်ဂျီယွန်က ပြောသည်။ လုပ်သမျှကို အခြေခံဥပဒေနဲ့ ညီညွတ်အောင်လည်း လုပ်ရမယ်'

'တကယ်တော့ ခင်ဗျားတို့ ဘာမှ မလုပ်ချင်ကြပါဘူး၊ ထိရောက်အောင် လုပ်ဖို့လည်း စိတ်မဝင်စားကြပါဘူး' ဟု ဒေးဗစ်က ဒေါသတကြီး ပြောသည်။

'ကိုယ် ရထားတဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး ဝန်ကြီးလစာကို မှန်မှန် ထုတ်ယူ စားသောက်နေရုံကလွဲပြီး တခြား ဘာကိုမှ မလုပ်ချင်ကြတော့ပါဘူး၊ ထောင်နဲ့ချီပြီး ငတ်နေတဲ့ အလုပ်သမားတွေကို ခင်ဗျားတို့ မမြင်ကြ မသိကြတော့ ဘူး ....၊ အဲဒါပါပဲ'

အခန်းထဲတွင် ဆူဆူညံညံ ဖြစ်လာသည်။

'ကျွန်တော်ကတော့ လူတစ်ယောက်အတွက် ကိုယ့်ကိုယ်ကို နိုင်ငံရေးအရ သေအောင် ပြန်မသတ်နိုင်ဘူး' ဟု ဒပ်ဂျီယွန်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်ပြောသည်။

'အခု ခင်ဗျားပြောတဲ့စကားဟာ ဒီကော်မတီ တစ်ခုလုံးရဲ့ သဘောထားပဲလား' ဟု ဒေးဗစ်က မေးကာ ပတ်ဝန်းကျင်မှ လူများအား လှည့်ကြည့်သည်။

'ကဲ ....ခင်ဗျားတို့ ဘာအကြံပြုကြမလဲ၊ ပြုကြပေါ့၊ ခင်ဗျားတို့ ပေးထားတဲ့ ကတိအတိုင်း လုပ်ကြမလား၊ အဲဒီကတိ ချိုးဖောက်ကြမလား ....၊ ဒါပဲ'

'အရူးမဟုတ်လို့ ထင်ရှားနေတဲ့ ကျွန်တော့်ရဲ့ ကျော်ကြားမှုကို ထိန်းသိမ်း စောင့်ရှောက်သွားဖို့ပဲ အကြံပြုချင်ပါတယ်' ဟု ဘက်ဘင်တန်က ပြောသည်။

'ဟုတ်တယ် ....ဟုတ်တယ်' ဟု အများစုက ဝိုင်းအော်ကြသည်။

'နောက်ကိစ္စကို ဆက်ပြီး ဆွေးနွေးပါ သဘာပတိကြီးခင်ဗျား'

'ဒီကိစ္စကို ပြန်စဉ်းစားဖို့ ကျွန်တော် ထပ်မံပြီး မေတ္တာရပ်ခံပါရစေ' ဟု ဒေးဗစ်က ပြောသည်။



'ဒီဥပဒေကြမ်းကို ပြန်ပြီး ပြုပြင်ရေးဆွဲဖို့ ခင်ဗျားတို့ငြင်းတာကို ကျွန်တော် မယုံနိုင်ဘူး၊ ခင်ဗျားတို့ မကြိုက်ရင် နိုင်ငံပိုင်ပြုလုပ်ရေး ဆိုတဲ့အချက်ကို ထားခဲ့ ကြပါ၊ အနိမ့်ဆုံးလုပ်ခ သတ်မှတ်ရေးဆွဲတဲ့အပိုင်းကို ပြန်စဉ်းစားပြီး ပြုပြင်ပေးကြ ဖို့ တောင်းပန်ပါရစေ'

ချာလ်မာက စိတ်မရှည်တော့သည့် အမူအရာဖြင့် အော်သည်။

'သဘာပတိကြီး ခင်ဗျား၊ ဒီကိစ္စကို ထပ်ဆွေးနွေးစရာ မလိုတော့ပါဘူး၊ လက်ရှိအခြေအနေအရ သူ့ကို သူ့သဘောတရားနဲ့သူ နေပါစေ၊ အစိုးရအဖွဲ့ကို လုပ်စရာရှိတာ ဆက်လုပ်သွားဖို့သာ တိုက်တွန်းပါ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ နောက်တစ်ခု ဆက်ဆွေးနွေးပါ' ဟု ကျန်လူများက ဝိုင်းအော်ကြသည်။

'ကျုပ် ခင်ဗျားတို့ကို ပြောနေတာဟာ သဘောတရားရေးရာတွေ မဟုတ်ဘူး' ဟု ဒေးဗစ်က ပြန်အော်သည်။

'ကျုပ် ပြောနေတာက ယောကျ်ားတွေနဲ့ မိန်းမတွေဆိုတဲ့ လူသားတွေ အတွက် ပြောနေတာ၊ ကျုပ် ကော်မတီကို သတိပေးလိုက်မယ်၊ ဒီဥပဒေကြမ်းဟာ သတ္တုတွင်း အလုပ်သမားတွေ စိတ်ဓာတ်ပျက်ပြားအောင်၊ ဆူပူလှုပ်ရှားလာအောင် လုပ်လိမ့်မယ်'

'သင့်တော်တဲ့အချိန်ကျရင် ဒီဥပဒေကြမ်းကို ပြင်ဆင်ဖို့ အခွင့်အလမ်း ရလာလိမ့်မယ်' ဟု ဒပ်ဂျီယွန်က ပြောသည်။

'ခင်ဗျားတို့ ဘယ်လိုသဘောရကြသလဲ'

'နောက်တစ်ခု ဆက်ဆွေးနွေးပါ' ဟူသော အော်သံ ကြားရသည်။

ဒေးဗစ်သည် သူ၏ ကန့်ကွက်ချက်ကို တင်ပြရန် ထပ်မံအားထုတ်သည်။ သို့သော်လည်း အများစု၏ ဆူညံသံများကို ထိုးဖောက်၍မရ။ အခန်းထဲတွင် သဘာပတိ ဒပ်ဂျီယွန်၏အသံသာလျှင် လွှမ်းမိုးလျက်ရှိသည်။ ကော်မတီသည် ဆွေးနွေးစရာရှိသည်များကို ဆက်လက်ဆွေးနွေးလျက် ရှိလေသည်။

* * * * *

## (၅၈)

အေးမြသော ဒီဇင်ဘာတစ်နံနက်တွင် အာသာသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းရုံးခန်းထဲသို့ ဝင်ရောက်လာသည်။ သူသည် စောစောစီးစီး ဆိုက်ရောက်လာခြင်းဖြစ်၏။ သူသည် ဦးထုပ်နှင့် ကုတ်အင်္ကျီတို့ကိုချွတ်၍ ချိတ်လိုက်ပြီး နံရံဘက်မှ ပြက္ခဒိန်ကို လှမ်းကြည့်သည်။ တစ်ရက် ကုန်သွားပြန်ပြီ။ သူသည် ပြက္ခဒိန်စက္ကူကို ဆွဲဆုတ်ပစ်လိုက်သည်။ သူသည် နောက်တစ်ရက် အသက်ရှင်နေရပြန်ပြီ။

သူသည် စားပွဲ၌ ဝင်ထိုင်သည်။ အိပ်ရာမှ ထလာစဖြစ်သော်လည်း သူ့ဦးခေါင်းသည် ရီဝေဝေ မှုနောက်နောက်။ မနေ့ညက အိပ်ရေးဝဝ မအိပ်ခဲ့ရ။ သူ့ဘဝအား ဖျက်ဆီးပစ်မည့် စီးပွားရေး ကျပ်တည်းမှုများသည် သူ့အား အဆက်မပြတ် ခြိမ်းခြောက်လျက်ရှိသည် မဟုတ်ပါလား။ သူ့မျက်နှာသည် ပိန်ချောင်ချောင် ဖြစ်နေသည်။ သောကလည်း သူ့အား ဖိစီးနှိပ်စက်လျက်ရှိ၏။

သူသည် စားပွဲပေါ်မှ ဘဲလ်ကို နှိပ်လိုက်သည်။ ချက်ချင်းပင် သူ့စာရေးပက်တစ်သည် မနက်ပိုင်းရောက်လာသော စာများနှင့်အတူ ရုံးခန်းတွင်းသို့ ဝင်လာသည်။ သူသည် စာအိတ်များကို ကြီးစဉ်ငယ်လိုက်ဖြစ်အောင် သပ်ရပ်စွာစီ၍ထပ်ထားသည်။ ပက်တစ်သည် ဘာအလုပ်ပဲလုပ်လုပ် သေသပ်စွာ လုပ်တတ်သူဖြစ်၏။

'မင်္ဂလာနံနက်ပါ ပက်တစ်'

'မင်္ဂလာနံနက်ပါ မစ္စတာအာသာဘားရပ်စ်၊ မနေ့ညက ဆီးနှင်းတွေ အဆမတန်ကျတာပဲ'

'ဟုတ်တယ် ....အေးလည်း သိပ်အေးတယ်'

'ကျွန်တော် မီးဖိုထဲကို ကျောက်မီးသွေး ထပ်ထည့်ပေးရဦးမလား'

'မထည့်နဲ့တော့ ရတယ်'

ပက်တစ် အခန်းထဲမှ မထွက်မီမှာပင် အာသာသည် အပေါ်ဆုံးမှ စာအိတ်ကို ယူကြည့်သည်။ သူ မျှော်နေသောစာ ဖြစ်၏။ တိုင်နီကပ်ဆဲလ်ရှိ သူ့ဘဏ်လုပ်ငန်းရှင်များထံမှစာ ဖြစ်သည်။ စာကို ဖောက်ဖတ်လိုက်သည့်အခါ သူတို့ဘဏ်၏ လက်ရှိမူအရ နောက်ထပ် နှစ်တိုးချေးငွေများကို မပေးနိုင်သဖြင့် ဝမ်းနည်းပါကြောင်း ရေးလိုက်သည့်စာ ဖြစ်သည်။

သူသည် စာကို စားပွဲပေါ်သို့ ပစ်ချလိုက်သည်။ 'ဝမ်းနည်းပါတယ်' ဟု



သောစကားသည် ငွေကြေးချေးငှားသူတို့အတွက် တကယ့်ကို ဝမ်းနည်းစရာကောင်းသည့်စကား ဖြစ်ချေသည်။ သူသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည် ချေးငွေအတွက် လျှောက်လွှာမရေးမီကတည်းက ဤအဖြေမျိုးရလိမ့်မည်ဟု ကြိုတင်တွက်ထားပြီး ဖြစ်၏။ သူသည် လောလောဆယ် အခြေအနေကို ပြန်လည်သုံးသပ်ကြည့်သည်။

ကျောက်မီးသွေးတွင်းထဲ၌ ဘေးအန္တရာယ်ဆိုးကြီး ကျရောက်ခဲ့သည့်အချိန်မှစ၍ ယခုအချိန်ထိ သူ လျှောက်ခဲ့ရသော ခရီးသည် ရှည်လျားခက်ခဲလှ၏။ သူ့အဖြစ်သည် ရွံ့ညွန်ကြီးကို ဖြတ်လျှောက်ခဲ့ရသည့် လူတစ်ယောက်နှင့် တူနေသည်။ ကျောက်မီးသွေးဈေးမှာ ဆက်တိုက်ကျလျက်ရှိရာ ယခုဆိုလျှင် တစ်တန်ကို ဆယ့်ငါးသျှီလင်မျှသာရသည်။ ထိုဈေးနှင့် ရောင်းချနေပါလျက်နှင့်ပင် အဝယ်ကမလိုက်။ စုပေါင်း ကျောက်မီးသွေးလုပ်ငန်းရှင်များအဖွဲ့မှ ကျောက်မီးသွေးများကို အများအပြား ထုတ်လုပ် ရောင်းချနေကြ၏။ သူ့လို ပုဂ္ဂလိက အသေးစားလုပ်ငန်းရှင်အဖို့ကတော့ ထိုလူများနှင့်ယှဉ်၍ ဈေးကွက်တွင်းသို့ ဝင်မတိုးနိုင်။

သူသည် ကျောက်မီးသွေးတစ်တန်လျှင် ရရှိသော အမြတ်ငွေထဲမှ ခြောက်ပဲနီကို အလုပ်သမားများအတွက် ရာခိုင်နှုန်း သတ်မှတ်ပေးထားသည်။ လုပ်ငန်းခွင်ကိုလည်း လုံခြုံမှုရှိနေအောင် အမြဲတစေ ပြုပြင်ဖန်တီးပေးထားသည်။ သူသည် အလုပ်ရှင် အလုပ်သမား သင့်မြတ်စွာ ပေါင်းစည်းလုပ်ကိုင်ရေး ဟူသောမူကို ကျမှတ်ဆောင်ရွက်နေသူ ဖြစ်၏။ သို့သော်လည်း ....။

သူသည် သက်ပြင်းချမိပြန်သည်။ သူ လျှောက်လှမ်းခဲ့ရသည့် ခရီးတစ်လျှောက်လုံး အလုပ်သမားများသည် သူ မျှော်လင့်သလို သူ့အပေါ် ကောင်းသောတုံ့ပြန်မှုကိုမပေး။ အမြဲတစေ မယုံသင်္ကာဖြစ်မှုများနှင့်သာ တုံ့ပြန်နေကြ၏။ သူသည် အလွန်ညံ့ဖျင်းသောခေါင်းဆောင် ဖြစ်သည်။ သူ့အနေဖြင့် အနိုင်အမာပြတ်သားခြင်း၊ ခေါင်းမာခြင်း၊ အဆုံးအဖြတ်မြန်ဆန်ခြင်း စသည့် အရည်အသွေးများကို လက်ကိုင်ပြုသင့်၏။ သို့သော်လည်း သူ့တွင် ထိုအရည်အသွေးများမရှိ။

အလုပ်သမားများသည် အာသာ၏ အားနည်းချက်များကို ကောင်းစွာသိကြသည်။ ထို့ကြောင့်လည်း သူ့အား လေးစားမှုသိပ်မရှိ။ အခွင့်ကောင်းယူကာ သူ့အား ဒုက္ခပေးကြ၏။ သူ့အဖေ အုပ်ချုပ်စဉ်တုန်းကတော့ သူ့အဖေသည် အလုပ်သမားများအား နည်းအမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့၏။ ထိုအချက်ကို အလုပ်သမားများက သိကြသော်လည်း ဘာမှ ပြန်မလုပ်ဝံ့။ ကြောက်ရွံ့ကြသည်။ သူ့အဖေ၏ လုပ်ကိုင်ပုံကို အလုပ်သမားများက အံ့သြချီးမွမ်းခြင်းကို ပြုကြ၏။ ယခု အာသာကျတော့ သူ့တွင် အလုပ်သမားများအတွက် စိတ်ကူးကောင်းသော

ဘယ်လောက်ပဲရှိရှိ အလုပ်သမားများက တန်ဖိုးမထား။ သူ့အပေါ် ယုံကြည်မှုလည်းမရှိ။ ရန်လိုသည့် အပြုအမူများကိုသာ ရင်ဆိုင်နေရလေသည်။

မည်သို့ပင်ဖြစ်စေ သူကတော့ အရှုံးမပေး၊ အနိုင်လည်းမခံ။ လုပ်စရာရှိသည်များကို ဆက်လုပ်ပြီး အောင်ပွဲရဖို့သာ ကြိုးစားမည်ဖြစ်၏။ သို့သော်လည်း လောလောဆယ်အနေဖြင့် သူသည် အလုပ်သမားအားလုံးကို အလုပ်မပေးနိုင်။ တစ်နေ့မှ လူငါးဆယ်သာလျှင် အလုပ်ပေးနိုင်၏။ အခုဆိုလျှင် အလုပ်သမားခေါ်ရာသည် အလုပ်လက်မှဲ့ ထောက်ပုံကြေးအပေါ်တွင် မှီခိုနေရ၏။ အကယ်၍သာ ကျောက်မီးသွေးများ အရောင်းရ တွင်ကျယ်လာပါက အလုပ်သမားအားလုံးကို အလုပ်ချက်ချင်း ပြန်ပေးချင်လှပါ၏။

သူသည် နာရီကို မော့ကြည့်သည်။ တစ်နာရီထိုးလျှင် သူသည် အမ်းစထရောင်းကို အသိပေးစရာရှိနေသည်။ သူသည် တံခါးကိုဖွင့်ကာ အမ်းစထရောင်း၏အခန်းသို့သွားသည်။ အမ်းစထရောင်းနှင့် နာရီဝက်ခန့် တိုင်ပင်သည်။ ဘယ်လိုအမျိုးအစား အလုပ်သမားများအား အလုပ်ခွင်မှ ထပ်လျှော့ရမည်ကို စဉ်းစားဆွေးနွေးကြခြင်း ဖြစ်သည်။ ဤကိစ္စတွင် သူသည် များစွာ စိတ်မကောင်းဖြစ်ရ၏။ လျှော့ပစ်ရမည့်လူများထဲတွင် အချို့မှာ အတွေ့အကြုံ ရင့်ကျက်လှပြီဖြစ်သော လူဟောင်းများ ဖြစ်သည်။ အနည်းဆုံး နှစ်ပေါင်းနှစ်ဆယ်ခန့် နက်ပ်ကျွန်းကျောက်မီးသွေးတွင်းထဲမှ ကျောက်မီးသွေး အများအပြားကို ထုတ်လုပ်ပေးခဲ့သူများ ဖြစ်ပေသည်။ ဤလူများသည် အလုပ်လက်မှဲ့ ထောက်ပံ့ကြေးကို အမှီပြုကာလေလွင့်သူများဘဝသို့ ဆိုက်ရောက်ကြရပေဦးတော့မည်။

နောက်ဆုံးတွင် အလုပ်ကိစ္စ ပြီးပြတ်သွားသဖြင့် သူသည် သူ့ရုံးခန်းသို့ ပြန်လာခဲ့သည်။ ရုံးခန်းထဲတွင် ဟတ်ဒ်စပက်သည် ဒေါသဖြစ်နေသောမျက်နှာထားဖြင့် သူ့အား စောင့်နေသည်ကို တွေ့ရသည်။ သူ့အနီးတွင် ကက်ဦးထုပ်ကိုကိုင်၍ရပ်နေသော လူငယ်တစ်ယောက် ....။ ဂျိတ်ဝစ်ခ်၏သား ဘတ်ဝစ်ခ် ဖြစ်သည်။

'ဘာဖြစ်လာကြတာလဲ' ဟု အာသာက မေးသည်။

ဟတ်ဒ်စပက်က စီးကရက်တစ်ဘူးနှင့် မီးခြစ်တစ်ဘူးကို ထုတ်ပြသည်။

'ဒီကောင် အလုပ်လုပ်ရင်း ဆေးလိပ်သောက်နေတယ်၊ မြင်းဇောင်းထဲက ကောက်ရိုးပုံပေါ်ထိုင်ပြီး သောက်နေတာ'

အာသာသည် မီးခြစ်နှင့် စီးကရက်များကို စိုက်ကြည့်နေသည်။ သူသည် သူ့ဒေါသကို မပေါက်ကွဲအောင် သတိထား၍ ထိန်းနေသည်။ ကျောက်မီးသွေးတွင်းပြို၍ လူအများအပြား သေပြီးကတည်းက အလုပ်သမားများအတွက် အလုပ်



ခွင်လုံခြုံရေးကို သူသည် များစွာ အာရုံစိုက်၍ လုပ်ပေးခဲ့၏။ သို့ပါလျက်နှင့် အလွန်အန္တရာယ်ကြီးသော ဆေးလိပ်နှင့် မီးခြစ်ကို ယူသွားခဲ့၏။ ဆေးလိပ်ကို အဆင်ခြင်ကင်းမဲ့စွာ သောက်နေခဲ့၏။ အကယ်၍သာ မီးလောင်ခဲ့ပါမူ ....။

'မင်း ဘာပြောမလဲ'

'ကျွန်တော် ဘာမှ မလုပ်ပါဘူး'

'မင်း ဆေးလိပ်သောက်နေတယ်'

'တစ်ဖွာ နှစ်ဖွာပဲ ဖွာတာပါ'

အာသာသည် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဘတ်ဝစ်ခ်သည် သူ့အား ပမာမခန့်ပုံမျိုးဖြင့် ကြည့်နေသည်။

'ကျုပ်အဖေက ပြောတယ်၊ နက်ပ်ကျွန်းတွင်းထဲမှာ မီးလောင်နိုင်တဲ့လောင်စာ မရှိဘူးတဲ့'

အာသာသည် သူ့စိတ်ကို မထိန်းနိုင်တော့ချေ။ ဘတ်ဝစ်ခ်၏အနီးသို့ လျှောက်သွားပြီး မျက်နှာကို ဖြတ်ရိုက်လိုက်သည်။

'သောက်ရူး' ဟု ဒေါသတကြီးဖြင့် အော်သည်။

'မင်းဟာ သောက်ရူးပဲ၊ မင်းက တစ်တွင်းလုံး မီးလောင်ပြီး ပေါက်ကွဲစေချင်သလား၊ လူတွေအားလုံးကို သေကုန်အောင် လုပ်ချင်သလား၊ ကျန်တဲ့အလုပ်သမားတွေအားလုံး အလုပ်လုပ်နေကြတယ်၊ မင်းက ဘာမှမလုပ်ဘဲထိုင်ပြီး ဆေးလိပ်သောက်နေတယ်၊ မင်းလုပ်လို့ တစ်တွင်းလုံးပေါက်ကွဲပြီး လူတွေအားလုံးသေရင် ဘယ့်နှယ်လုပ်မလဲ၊ မင်း အခုချက်ချင်း ငါ့ရှေ့ကထွက်သွား၊ မင်းကို ငါ အလုပ်ဖြုတ်လိုက်ပြီ၊ သွား ....အခုထွက်သွား'

သူသည် ဘတ်ဝစ်ခ်၏ပခုံးများကို ဆုတ်ကိုင်ကာ တံခါးပေါက်မှနေ၍ အပြင်သို့ ဆောင့်တွန်းထုတ်လိုက်သည်။ ဘတ်ဝစ်ခ်သည် ရုံးခန်းအပြင်ဘက် ကြမ်းပေါ်တွင် မှောက်လျက်လဲကျသွားသည်။ အာသာသည် တံခါးကို တအားကုန် တွန်းပိတ်လိုက်သည်။

ရုံးခန်းထဲတွင် တိတ်ဆိတ်သွားသည်။ အာသာသည် စားပွဲကိုမှီ၍ ရပ်နေသည်။ ဟတ်ဒ်စပက်သည် စိတ်အနှောင့်အယှက်ဖြစ်နေပုံရသော မျက်နှာထားဖြင့် သူ့အားကြည့်နေသည်ကို သတိထားမိ၏။ ဘာကြောင့် ထိုကဲ့သို့ ကြည့်နေသည်ကို အာသာ နားလည်သည်။

'ဒီကောင့်ကို ကျွန်တော် အခုလိုလုပ်လိုက်တာ မမှားဘူး၊ သူနဲ့ထိုက်တန်တဲ့ဟာပဲ'

ဟတ်ဒ်စပက်သည် ဦးခေါင်းကိုငုံ့ကာ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

'ဒီကောင် သူ့အဖေကို ချက်ချင်းသွားပြောမှာ သေချာတယ်'

'ကျွန်တော် သူ့ကို တအားပိတ်ထိုးလိုက်တာတော့ မဟုတ်ဘူး'

'သူကတော့ သူ့ကို ခင်ဗျားက သေလုမျောပါးဖြစ်အောင် လုပ်လိုက်တယ်လို့ ချဲ့ကားပြီးပြောမှာ၊ သူတို့က ပြဿနာရှာချင်နေတဲ့ကောင်တွေ၊ ကျွန်တော် သွားကြည့်ဦးမှ ဖြစ်မယ်'

ပြောပြောဆိုဆို ဟတ်ဒ်စပက် ထွက်သွားသည်။ အာသာသည် စားပွဲကို မှီ၍ ရပ်နေဆဲ ....။ သူ မှားသွားပြီဟု တွေးသည်။ ဘတ်ဝစ်ခ်အား ရိုက်လိုက်ခြင်းသည် ကြောက်စရာကောင်းသည့်အမှား ဖြစ်၏။ သူ့အား ဖိစီးနေသောသောက များသည် သူ့အား အမှားကြီးတစ်ခုကို ကျူးလွန်အောင် တွန်းအားပေးသွားခဲ့၏။

ဟတ်ဒ်စပက်သည် ပြဿနာကို ငြိမ်းအေးအောင်လုပ်ရန် ထွက်သွားခြင်း ဖြစ်သဖြင့် ဤကိစ္စသည် ပြေလည်သွားလိမ့်မည်ဟု အာသာက ယူဆသည်။ သူသည် တွင်းတူးလုပ်သားဝတ်စုံကိုလဲကာ နယူးပါရာဒိုက်စ်တွင်းကို စစ်ဆေးရန် ရုံးထဲမှ ထွက်လာခဲ့သည်။ သို့သော်လည်း ပြဿနာသည် သူ ထင်သလို ပြေလည် ခြင်းမရှိခဲ့ပေ။

အာသာက ရိုက်သဖြင့် လဲကျသွားခဲ့သော ဘတ်ဝစ်ခ်သည် လဲကျစဉ် လေကားခုံနှင့် တိုက်မိ၍ ဒဏ်ရာရသွားသော ခြေထောက်ကို ထော့နင်းထော့နင်း လျှောက်ကာ အလုပ်ခွင်ရှိ သူ့အဖေထံ ရောက်လာသည်။ ကျောက်မီးသွေးသံ များကို တစ်လုံးစီရေတွက်ကာ စာရင်းမှတ်နေသော သူ့အဖေ ဂျိုတ်ဝစ်ခ်သည် ဘတ်ဝစ်ခ်အား လှမ်းကြည့်သည်။

'ဟေ့ကောင် ....ဘာဖြစ်လို့လဲ' ဟု ဆီးမေးသည်။ သားဖြစ်သူ အကြောင်းစုံ ရှင်းပြသည့်အခါ ....

'သူက မင်းကို အဲဒီလိုလုပ်သလား၊ ဒါဟာ သူ မလုပ်သင့်ဘူးကွ' ဟု ရေရွတ်သည်။

'ကျုပ်ကိုတော့ အဲဒီလို လုပ်လွှတ်လိုက်တယ်ဗျ၊ သူက ကျုပ်ကို လ နဲ့ပိတ်ထိုးတယ်၊ ခြေထောက်နဲ့ ဆောင့်ကန်တယ်'

ဂျိုတ်ဝစ်ခ်သည် စာရင်းစာအုပ်ကို ဘေးသို့ချလိုက်သည်။

'ဒီလိုမလုပ်သင့်ဘူးကွ' ဟု ထပ်ပြောပြန်သည်။

'ငါတို့ကို ဒီလိုလုပ်လို့ကတော့ ဒီလူ မလွယ်တော့ဘူး၊ ဟေ့ကောင် ဘတ် ....လာ၊ တို့အခုသွားပြီးရှင်းမယ်'

ဂျိုတ်သည် သူ့သားအား ဆေးရုံသို့ခေါ်သွားသည်။ တာဝန်ကျ ဒေါက်တာဝက်ဘာအား သူ့သား၏ခြေထောက်ကို စစ်ဆေးခိုင်းသည်။



မှာ ဆေးဝါးထောက်ပံ့ရေး ကော်မတီတွင် ဘဏ္ဍာရေးမှူး ဖြစ်သဖြင့် ဒေါက်တာ ဝက်ဘာသည် ဂျိုတ်ဝစ်ခ် ကျေနပ်အောင် လုပ်ပေးရမည့်တာဝန်ရှိသည်ဟု ယူဆ သည့်အားလျော်စွာ ဘတ်ဝစ်ခ်၏ခြေထောက်ကို အချိန်များစွာယူ၍ အသေအချာ စစ်ဆေးသည်။

'သူ့ခြေထောက် ကျိုးသွားသလား' ဟု ဂျိုတ်က မေးသည်။

ဒေါက်တာဝက်ဘာသည် ခြေထောက်ကျိုးသည်ဟုတော့ မထင်။ သူ စစ်ဆေးတွေ့ရှိရသလောက်ဆိုပါက ခြေထောက်မကျိုးသည်မှာ သေချာသည်။ သို့သော်လည်း ဂျိုတ်ဝစ်သည် ပြဿနာအလွန်ရှာတတ်သူ ဖြစ်သည်ဟု သူ သိထား သည်။ ထို့ကြောင့်လည်း သူသည် ဂျိုတ်ဝစ်ခ်နှင့် ထိပ်တိုက်ရင်မဆိုင်လို။ အလိုက် သင့်ဖြစ်စေချင်သည်။

'သူ့ခြေထောက်ကို ဓာတ်မှန်ရိုက်ကြည့်မှကောင်းမယ်'

ဂျိုတ်ဝစ်ခ်ကလည်း ဓာတ်မှန်ရိုက်ခြင်းသည် အကောင်းဆုံးနည်းဟု တွေး သည်။ ဂျိုတ်၏ကျေနပ်မှုကိုသာ အဓိကထားနေရသော ဒေါက်တာဝက်ဘာက ....

'ခင်ဗျားသားကို နှစ်ဆယ့်လေးနာရီလောက် အိပ်ရာပေါ်မှာနေပါစေ၊ ဒါဆို ရင် ပိုပြီးအဆင်ပြေဖို့ရှိတယ်' ဟု အကြံပြုသည်။

ဂျိုတ်တို့သားအဖက သဘောတူသည်။ ဘတ်အား ချက်ချင်း ဆေးရုံတင် သည်။ ထို့နောက် ဂျိုတ်သည် တိုင်နီကပ်ဆဲလ်ရှိ ဟက်ဒွန်းထံ ဖုန်းဆက်သည်။

'ဟယ်လို ဟယ်လို' ဟူသော ဟက်ဒွန်း၏အသံကို ကြားရသည်။

'ဘာကိစ္စလဲ၊ ဘာဖြစ်လို့လဲ' ဟူသောမေးသံကို ကြားရသည်။

ဟက်ဒွန်းသည် ဂျိုတ် ပြောပြသမျှကို ငါးမိနစ်ကြာမျှ နားထောင်သည်။ ဆုံးသွားသည့်အခါ ....

'ကောင်းပြီလေ၊ ကျွန်တော် အခုပဲလာခဲ့မယ်' ဟု ပြန်ပြောသည်။

နောက်နှစ်နာရီခန့်အကြာတွင် အာသာသည် ပါရာဒိုက်စ်တွင်းထဲမှ ပြန် ထွက်လာသည်။ သူ့ရုံးခန်းထဲသို့ ရောက်သွားသည့်အခါ သူ ရောက်အလာကို စောင့်နေသော ဟက်ဒွန်းနှင့် ဆုံမိသည်။

အာသာသည် ဟက်ဒွန်းအား စကားမပြောဘဲ ရေချိုးခန်းထဲသို့ဝင်၍ မျက်နှာနှင့် လက်များကို ဆေးကြောသည်။ ထို့နောက် အပြင်သို့ထွက်လာပြီး စားပွဲပေါ်ကို ကျောပေး၍ရပ်ကာ ဟက်ဒွန်းနှင့် မျက်နှာချင်းဆိုင်သည်။

'ဘာကိစ္စရှိလို့လဲ ဟက်ဒွန်း'

'ဘာကိစ္စဆိုတာ ခင်ဗျား သိပါတယ်'

'ဘတ်ဝစ်ခ် ကိစ္စလား' ဟု အာသာက ပြန်မေးသည်။

‘ကျွန်တော် ဘာမှမတတ်နိုင်ဘူး၊ အလုပ်ခွင်မှာ စည်းကမ်းဖောက်ဖျက်လို့ အလုပ်ထုတ်ပစ်လိုက်ရတာ’

‘ဟုတ်ရဲ့လား’

‘ဟုတ်တယ်၊ သူ တွင်းထဲမှာ ဆေးလိပ်သောက်နေတယ်၊ ကျွန်တော်ဟာ တွင်းရဲ့ လုပ်ငန်းခွင်လုံခြုံမှုအတွက် အများကြီး အကုန်အကျခံပြီး လုပ်ထားတာပါ၊ ဒါကို ဂရုမစိုက်ဘဲ ဆေးလိပ်သောက်တယ်၊ ဘာတွေဖြစ်နိုင်တယ်ဆိုတာ ခင်ဗျားလည်း သိနေတာပဲ’

‘ဘတ်ဝစ်ခ်က အခု ဆေးရုံရောက်နေတယ်၊ အဲဒါကျတော့ ဘယ်လိုလဲ’

‘ဆေးရုံမှာ ဟုတ်လား၊ ဘာဖြစ်လို့လဲ’

‘ခင်ဗျား သိနေတာပဲ’

‘ကျွန်တော် မသိဘူး’

‘သူ့ခြေတစ်ဖက် ကျိုးသွားတယ်လို့ ထင်နေကြတယ်’

‘ကျွန်တော်ကတော့ မယုံဘူး၊ ကျွန်တော် သူ့ကို ဘာမှ ထိခိုက်အောင် မလုပ်ခဲ့ဘူး၊ အနားမှာ ဟတ်ဒ်စပက်တစ်ယောက်လုံး ရှိနေတာပဲ’

‘ဘတ်ဝစ်ခ်ကို မနက်ဖြန်ကျရင် ဓာတ်မှန်ရိုက်ကြည့်လိမ့်မယ်၊ ခြေမကျိုးဘူးဆိုရင်တော့ ခင်ဗျားပြောတာ မှန်မှာပေါ့၊ ကျွန်တော် အခု ဆေးရုံကလာတာ’

အာသာသည် မျက်နှာပျက်သွားသည်။ သူသည် အခန်းအပြင်ဘက်၌ ခြေပစ်လက်ပစ် လဲကျသွားသော ဘတ်ဝစ်ခ်၏အဖြစ်ကို ပြန်၍မြင်ယောင်နေသည်။

‘နေပါဦး ဟက်ဒွန်း၊ ခင်ဗျား ဘာပြောချင်နေတာလဲ’

‘ဒီမယ် အာသာ၊ ကျုပ် ခင်ဗျားကို ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျား ဒေါသကြီးပြီး လူတစ်ယောက်ကို ထိုးလားကြိတ်လား လုပ်ခဲ့တယ်၊ အဲဒါကို မငြင်းနဲ့ ငြင်းလို့မရဘူး၊ ဟိုလူ ဘာလုပ်တယ်ဆိုတာက အဓိကမဟုတ်ဘူး၊ ခင်ဗျား သူ့ကို အကြမ်းဖက်ပြီး ထိုးကြိတ်ခဲ့တယ်၊ သူ့ခြေထောက်ကို ကျိုးအောင်လုပ်ခဲ့တယ်၊ ဒါဟာ အရေးကြီးတဲ့ကိစ္စပဲ၊ အလေးအနက်ထားရမယ့်ကိစ္စ၊ ဒါဟာ ရာဇဝတ်မှုတစ်ခုပဲ၊ ဒီတွင်းက အလုပ်သမားအားလုံးဟာ ကျုပ် အချက်ပေးရုံနဲ့ ခင်ဗျားကို ဒုက္ခပေးမယ့်လူချည်းပဲ၊ တစ်ယောက်မကျန် အလုပ်က ထွက်သွားကြမှာ’

‘အလုပ်ကထွက်သွားလို့ သူတို့မှာ ဘာအကျိုးရှိလာမှာလဲ၊ သူတို့အ အလုပ်လုပ်ချင်နေတဲ့လူတွေပဲ၊ အလုပ်က ထွက်မတဲ့လား၊ မဖြစ်နိုင်တာပဲ’

‘ဘာလို့ မဖြစ်နိုင်ရမှာလဲ ....၊ တစ်ယောက်ကိုထိရင် အများက မခံဘူး ဆိုတာ ပြကြရမှာပဲ၊ အားလုံး တညီတညွတ်တည်း ဝိုင်းဝန်းကြရမှာပဲ’

ဟက်ဒွန်း၏ခြိမ်းခြောက်မှုများသည် အာသာ့စိတ်ကို များစွာထိခိုက်စေခဲ့၏။



‘ကျွန်တော်ဟာ ဒီတွင်းမှာ အလုပ်သမားတွေအတွက် ဘယ်လိုလုပ်ပေးခဲ့တယ်ဆိုတာ ခင်ဗျားအသိပါ၊ ဒါနဲ့တောင်မှ ခင်ဗျား ဒီစကားမျိုးတွေ ပြောရက်တယ်ဗျာ’ ဟု ပြောသည်။

‘ကျုပ်တို့ ဒီနေ့ ခြောက်နာရီမှာ အစည်းအဝေးလုပ်မယ်၊ ခင်ဗျား ဘာတွေပဲလုပ်နေလုပ်နေ အကျိုးထူးလာမှာ မဟုတ်ဘူး၊ ပြဿနာကတော့ ဖြစ်လာမှာပဲ’

အာသာသည် ဟက်ဒွန်းကိုသာမက ဟက်ဒွန်း၏ ခြိမ်းခြောက်သောစကားများကိုပါ များစွာရွံရှာစက်ဆုပ်လာသည်။ ဤခြိမ်းခြောက်မှုများသည် ဟက်ဒွန်း၏ အလုပ် ဖြစ်ချေသည်။ ဟက်ဒွန်းသည် သူ့အား လာ၍ အနိုင်ကျင့်နေခြင်း ဖြစ်၏။ ဤအနိုင်ကျင့်မှုမျိုးသည် စက်ဆုပ်စရာ ကောင်းလွန်းလှချေသည်။

မည်သို့ပင်ဖြစ်စေ ဟက်ဒွန်းသည် နက်ပ်ကျွန်းတွင်းထဲမှ အလုပ်သမားများကို ဆွဲထုတ်သွားနိုင်လိမ့်မည်ဟု သူ မထင်။ လက်ရှိ အလုပ်သမားများသည် အလုပ်ရှိနေ၍ ပျော်ရွှင်နေကြသူများ ဖြစ်၏။ ဤခရိုင်အတွင်း၌ အလုပ်လက်မဲ့ ဦးရေသည် ကြောက်မက်ဖွယ်ကောင်းအောင် တိုးတက်လာနေ၏။ အလုပ်ရှိနေသူများသည် အလွန်ကံကောင်းသူများ ဖြစ်သည်။ ဟက်ဒွန်း လုပ်ချင်သလိုလုပ်၍ ရနိုင်မည်မဟုတ်။ ဟက်ဒွန်း လှုံ့ဆော်တိုင်း ပါလာလိမ့်မည်ဟု သူ မထင်။

ဟက်ဒွန်းသည် ထိုင်ရာမှ ဝုန်းခနဲထကာ ရုံးခန်းထဲမှ ထွက်သွားသည်။

‘ခင်ဗျား ကျုပ်တို့ဆီကသတင်းကို မကြာခင် ကြားရမှာပေါ့’ ဟု ကြုံးဝါးသွားသည်။

အာသာသည် မလှုပ်မယှက် ဆက်၍ရပ်နေသည်။ သူ့မျက်လုံးများသည် ဝမ်းနည်းခြင်း၊ နာကြည်းခြင်းတို့ကို ဖော်ပြနေသည်။ သူသည် ရေချိုးခန်းထဲသို့ ဝင်သွားကာ လက်ထဲမှ မျက်နှာသုတ်ပဝါကို ချိတ်တစ်ခုတွင် လှမ်းချိတ်လိုက်သည်။ မျက်နှာသုတ်ပဝါမှာ ညစ်ပတ်ပေရေနေသည်။ သူသည် ချက်ချင်းပြန်ယူကာ အဝတ်လျှော်စည်ထဲသို့ ပစ်ချလိုက်သည်။

သူသည် သူ့မျက်နှာကို မှန်ထဲ၌ ကြည့်မိသည်။ သူ့အသက်မှာ သုံးဆယ့်ရှစ်နှစ်မျှသာ ရှိသေး၏။ သို့သော်လည်း မျက်နှာသည် အိုစာလှချေသည်။ သူသည် ဘာကြောင့် ဤအလုပ်များကို လုပ်မိပါလိမ့်။ ရူးသွပ်မိုက်မဲသော စိတ်ကူးယဉ်မှုများကို အခြေပြုကာ အလုပ်သမားများ သက်သာချောင်ချိရေးနှင့် တရားမျှတမှုများ ရရှိခံစားရေး စသည့်အလုပ်များကို ဘာကြောင့်လုပ်ခဲ့မိပါလိမ့် ....။ နောက်ဆုံးကျတော့ ဘယ်သူကမှ ကျေးဇူးတရားကို သိကြသည်မဟုတ်။ တခြားလူတွေဆိုလျှင် ငွေများများ ရအောင်ရှာဖွေကာ သူတို့ဘဝကို သာယာပျော်ရွှင်မှု၊ စည်းစိမ်ခံစားမှုများထဲ၌သာ မြုပ်နှံထားကြသည် မဟုတ်ပါလား ....။

သူသည် နာရီကို မော့ကြည့်သည်။ ခြောက်နာရီ ထိုးတော့မည်။ သူသည် ရုံးခန်းထဲမှထွက်ကာ ကောင်းပင်လမ်းအတိုင်း လျှောက်လာခဲ့သည်။ သူ့အနေဖြင့် ဆေးရုံပေါ်မှ ဘတ်ဝစ်ခ်ကို သွားကြည့်သင့်သည်ဟု တွေးမိသည်။ သို့သော်လည်း နောက်မှပဲ သွားကြည့်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ သူ လျှောက်လာနေခိုက် မှာပင် သတ္တုတွင်း အလုပ်သမားများရုံးဘက်မှ အော်သံဟစ်သံများကို ကြားရ သည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြဿနာတော့ ရှိလိမ့်မည်မထင်။ အခုလိုအချိန်အခါ မျိုးတွင် ဤပြဿနာမျိုး ရှိလာလိမ့်မည်ဟု ထင်သူသည် အရူးသာ ဖြစ်ပေလိမ့် မည်။ ဤသည်ကား သူ့အတွေး ....။

* * * * *

## (၅၉)

အလုပ်သမားများ၏ အစည်းအဝေးကို အစည်းအရုံး အဆောက်အဦအတွင်း၌ ညနေခြောက်နာရီတွင် ကျင်းပသည်။ ဤအစည်းအဝေးသည် ကြာလိမ့်မည်မဟုတ် ဟု ဟက်ဒွန်းက တွက်ထားသည်။ သူ တွက်ထားသည့်အတိုင်းပင် အစည်းအဝေး သည် မကြာလိုက်...။ အမှန်တော့ ဟက်ဒွန်း၏ မူဝါဒမှာ ဤပြဿနာကို ကြီးထွား မလာစေချင်။ မိမိတို့ အစည်းအရုံး၏ လက်ရှိရန်ပုံငွေကလည်း ပြဿနာကြီး နှင့် ရင်ဆိုင်နိုင်လောက်အောင် အင်အားမတောင့်။ အခုကိစ္စတွင် သူ၏ အဓိက ရည်မှန်းချက်မှာ အသာဘားရပ်စ်အား နှစ်ဆယ့်လေးနာရီခန့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ခြိမ်းခြောက်ရန်မျှသာ ဖြစ်သည်။ သူ ရည်မှန်းထားသည့်အတိုင်း ဖြစ်မြောက်သွားပြီးသည့်အခါတွင်မူ သူသည် ဘတ်ဝစ်ခ်အတွက် ထိုက်သင့်သော လျော်ကြေးငွေရရှိအောင် ဆောင်ရွက်ပေးမည်။ သူ့ရည်မှန်းချက်သည် ဤမျှသာ ဖြစ်လေသည်။ သူသည် အစည်းအဝေးတွင် ဘတ်ဝစ်ခ်၏ ပြဿနာကို အကျဉ်း ချုပ်၍ တင်ပြသည်။ ဘတ်ဝစ်ခ်၏ဖခင် ဂျိတ်ဝစ်ခ်အား ဖျောင်းဖျသည်။ ဆုံးဖြတ် ချက်ကို ဟာရီအိုဂလီအား အတည်ပြု ထောက်ခံနိုင်းသည်။ ထို့နောက် သူသည် တိုင်နီကပ်ဆဲလ်ရှိ နေအိမ်သို့ပြန်ရန် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

လှေကားမှ ဆင်းလာသည့်အခါ သူသည် တစ်ခဏမျှ တန့်ခနဲဖြစ်သွား သည်။ အပြင်ဘက်၌ လူထုပရိသတ်မှာ နည်းနည်းနောနော မဟုတ်။ ဘာကြောင့် ဤလူအုပ်ကြီး ဤနေရာသို့ ရောက်လာပါလိမ့်ဟုတွေးကာ သူသည် အံ့အားသင့် နေသည်။ ရပ်နေသည့် လူစုလူဝေးအင်အားသည် အနည်းဆုံး ငါးရာခန့် ရှိလိမ့်မည်ဟု သူ ခန့်မှန်းသည်။ အများစုမှာ အလုပ်လက်မဲ့များ ဖြစ်ကြ



ဤမျှလောက် များပြားသည့် လူထုနှင့် ရင်ဆိုင်လိုက်မိသည့်အခါ ဟက်ဒွန်း၏စိတ်ထဲ၌ ခေါင်းဆောင်တစ်ယောက်အနေဖြင့် 'စကားအနည်းငယ်တော့ ပြော သင့်သည်ဟု ထင်လာသည်။ ထို့ကြောင့်လည်း သူသည် ဦးခေါင်းကိုမော့ကာ စကားအနည်းငယ်ပြောသည်။

'ဒီနေ့ ဖြစ်ပွားခဲ့ရတဲ့ကိစ္စအတွက် ငါတို့ အခုပဲ အစည်းအဝေးလုပ်ပြီးသွားပြီ၊ ငါတို့ ယူနီယံအဖွဲ့ဝင်တစ်ဦးကို ဘယ်သူကမှ မတရားလုပ်တာမခံဘူး၊ မတရား သဖြင့် အလုပ်ဖြုတ်တာကို ငါတို့က ခံမှာမဟုတ်ဘူး၊ ဒါပေမဲ့ အခုလောလော ဆယ်တော့ ငါတို့အားလုံး စည်းကမ်းရှိရှိ နေသွားကြဖို့လိုတယ်၊ ကျွန်တော်ကိုယ် တိုင် မနက်ဖြန်ကျရင် ဒီကိုတစ်ခေါက်ပြန်လာပြီး ဈေးစပ်ဆွေးနွေးဖို့ စီစဉ်ထား တယ်'

ဟက်ဒွန်းသည် ပရိသတ်အား လက်မြှောက်၍နှုတ်ဆက်ပြီး လှေကားမှ ဆင်းလာသည်။ ထို့နောက် ခြောက်နာရီလေးဆယ့်ငါး မီးရထားကိုမီရန် ဘူတာရုံ ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

လူစုလူဝေးထဲမှ ဩဘာသံများသည် တစ်ခဲနက် ထွက်ပေါ်လာသည်။ ထိုဩဘာသံသည် ဘာကိုရည်ရွယ်ပါသနည်း ....။ အခြေခံအားဖြင့် ထိုဩဘာသံ များထဲတွင် မကျေနပ်မှုများနှင့် မငြိမ်ဆိတ်မှုများ ပါဝင်လျက်ရှိ၏။

အဆောက်အဦထဲမှ နောက်ထပ် ထွက်လာသူမှာ ဂျိတ်ဝစ်ခ် ဖြစ်သည်။ သူသည်လည်း မကျေနပ်မှုနှင့် ထွက်လာသူ ဖြစ်၏။ ချက်ချင်းပင် အပြင်မှရပ်နေသူ များသည် သူ့အား ဝိုင်းရံထားကြသည်။ အထူးသဖြင့် လူအုပ်ကို ဦးဆောင်လာသူ ဂျက်ရီးဒီးနှင့် သူ့အပေါင်းအသင်းတစ်စုသည် ရှေ့ဆုံးမှ ဖြစ်သည်။ သူတို့က အခြေအနေကို သိလိုကြသည်။ ဘာဖြစ်တာလဲ ....။ ဘာလုပ်မလဲ ....။

'ဘာဖြစ်တာလဲ' ဟု ဂျက်ရီးဒီးက ဆီးမေးသည်။ ဂျိတ်ဝစ်ခ်က ဂျက်ရီးဒီး၊ ...နှင့် စလက်တာရီးတို့အား ပြန်ကြည့်သည်။ ပြီးတော့ အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ခဲ့သည့် အချက်များကို ပြန်၍ဖောက်သည်ချသည်။

လူအုပ်သည် တစ်ခဏ ငြိမ်ဆိတ်နေသည်။ ထို့နောက် တစ်ယောက်တစ် ခေါက် ပြောကြဆိုကြပြန်သည်။ ဂျက်ရီးဒီးသည် ဂျိတ်ဝစ်ခ်၏မျက်နှာကို စူးစူး ... ကြည့်နေသည်။

'အလုပ်သမားတွေကို အလုပ်ခွင်က ခေါ်ထုတ်ဖို့ကိစ္စ ဘယ်လိုစီစဉ်သလဲ' ဟု ဂျက်က မေးသည်။ သူ့လေသံတွင် ဒေါသပါသည်။ ပြဿနာရှာမည့်လေသံ ဖြစ်၏။

'သူက အဲဒီကိစ္စကို လိုအပ်မှလုပ်ရမယ်လို့ပြောတယ်၊ သူလည်း အလကား ... ဘာမှလုပ်မှာ မဟုတ်ဘူး' ဟု ဂျိတ်ဝစ်ခ်က ပြောသည်။

'ဟုတ်တယ်၊ ဒီကောင်ကြီးလည်း ဘာမှလုပ်ပေးမှာ မဟုတ်ဘူး' ဟု ဂျက်က ပြောသည်။

'ငါတို့ ဆန္ဒပြပွဲတစ်ခုလုပ်ဖို့ လိုလာပြီကွ' ဟု ဗုဒ်က ကြားဖြတ်ပြောသည်။

'ဆန္ဒပြပွဲ၊ ဟုတ်လား' ဟု ဂျက်က ရေရွတ်သည်။ ဤအပတ်ထဲတွင် ဆန္ဒပြပွဲတစ်ခု ပေါ်ပေါက်ခဲ့ပြီးပြီ။ အလုပ်လက်မဲ့များ၏ ဆန္ဒပြပွဲ ဖြစ်သည်။ အားလုံး စီတန်းလှည့်လည်ကြခြင်း ဖြစ်၏။ ထိုလုပ်ရပ်ကြောင့် ဘာတစ်ခုမှ အကျိုး မထွက်။ သူတို့အတွက် ဘာအကျိုးထူးမှမရ ....။ ဒီအလုပ်မျိုးကို နောက်ထပ် မလုပ်ချင်။

ဂျက်ရီးဒီးကတော့ ယခုကိစ္စတွင် ဟက်ဒွန်းသည် အလုပ်သမားအားလုံးကို သပိတ်မှောက်ကြရန် ကြေညာသင့်သည်ဟု ထင်သည်။ လှုံ့ဆော်သင့်သည်ဟု ယူဆသည်။ ရာလောက်မျှသာ ရှိသည့်လူများက တန်းစီပြီးလျှောက်ရုံမျှဖြင့် ဘာတစ်ခုမှ ဖြစ်လာမည်မဟုတ်။ ထိုအလုပ်သည် လုံးဝ အဓိပ္ပာယ်မရှိသော အလုပ်သာ ဖြစ်သည်။ ထို့ထက်ပို၍ ကြီးမားပြင်းထန်သော လှုပ်ရှားမှုတစ်ခုကို ပြုမှဖြစ်မည်ဟု သူ ယုံကြည်သည်။

'ခင်ဗျားတို့ လုပ်ခဲ့တဲ့ အစည်းအဝေးက အလကားပဲ' ဟု ဂျက်ရီးဒီးက ဂျိတ်ဝစ်ခ်အား ပြောသည်။

'သက်သက်မဲ့ အချိန်ကုန်တာပဲ၊ အခု ကျုပ်တို့ဘာသာကျုပ်တို့ တစ်ခု လုပ်မှဖြစ်မယ်၊ ကဲ ....ရဲဘော်တို့ ကျုပ်ပြောတာ နားထောင်ကြ၊ ဒီည ရှစ်နာရီ တိတိမှာ လူထုစည်းဝေးပွဲကြီး လုပ်မယ်၊ အားလုံးသိအောင် တစ်ယောက်တစ်ယောက် ပြောပြကြ'

ဂျိတ်ဝစ်ခ်သည် ထိတ်လန့်လာသည်။ ကြောက်စိတ်ဝင်လာသည်။

'မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ သတိထားဦးမှပေါ့' ဟု ဂျက်အား လှမ်းပြောသည်။

'ခင်ဗျား ကြောက်လို့ အိမ်ပြန်ချင်ရင်ပြန်၊ ဒါမှမဟုတ်ရင်လည်း ခင်ဗျားဟာ ဘတ်နဲ့အတူ ဆေးရုံမှာသွားနေ' ဟု ဂျက်က ပြန်ပြောသည်။

ဂျိတ်သည် ဂျက်အား ဘာမှပြန်မပြောရဲ။ ဂျက်သည် ပြန်ပြော၍ရသည့် လူစားမဟုတ်။ အထူးသဖြင့် အခုလိုအချိန်တွင် ဂျက်နှင့် ပြိုင်ပြောနေပါက ရန်ပွဲ တစ်ပွဲ ပေါ်ပေါက်လာဖို့သာရှိသည် မဟုတ်ပါလား။ ဂျက်ကတော့ ဂျိတ်အား လုံးဝ အရေးမစိုက်။ ကျန်အလုပ်သမားများဘက်လှည့်၍ ....

'ရဲဘော်တို့ လာကြ၊ ဘာလဲ ....၊ မင်းတို့က ဒီနေရာမှာ တစ်ညလုံး ရပ်နေ ကြတော့မှာလား'



သူသည် အလုပ်လက်မဲ့အားလုံးကို ခေါင်းဆောင်၍ ကောင်းပင်လမ်း အတိုင်း ဆယ်လူတောရှင်းဆိုင်ဘက်သို့ လျှောက်သည်။ ဆိုင်တံခါးကို ပခုံးတစ်ဖက်နှင့်တွန်းပြီး လူတေလူပေဂိုက်ဖြင့် ဝင်သည်။ တခြားလူများကလည်း သူ လုပ်သလိုလုပ်ကာ အတွင်းသို့ ဝင်လိုက်လာကြသည်။ တစ်ခဏအတွင်းမှာ ဆိုင်ထဲ၌ လူတွေဖြင့် ပြည့်ကျပ်သွားသည်။ အရက်ဘားကောင်တာနောက်၌ ရပ်နေသော ဘတ်အားမားသည် အားလုံးကို မျက်နှာချိုသွေး၍ ဆီးကြိုသည်။

'ဟယ်လို ဘတ်' ဟု ဂျက်က နှုတ်ဆက်သည်။ သို့သော်လည်း သူ့ နှုတ်ဆက်ပုံသည် ဘတ်အဖို့တော့ ကြောက်စရာကောင်းနေသည်။

'ကဲ....ရဲဘော်တို့ မင်းတို့ သောက်ချင်ရာသောက်ကြ' ဟု သူ့လူများဘက် လှည့်၍ အော်ပြောသည်။ အားလုံးက သူတို့ကြိုက်ရာများကို မှာသောက်ကြသည်။ အယ်သူကမှ အရက်ဖိုးမပေး။ ဘတ်အားမားကလည်း မတောင်းရဲ။ သူသည် ကောင်တာနောက်၌ရပ်ကာ ထိုးခံလာသမျှ ဖန်ခွက်များကို အရက်ဖြည့်ပေးနေရ သည်။ ဂျက်ရီးဒီးကတော့ ကောင်တာနားမှ မခွာ၊ အရက်ကို တစ်ခွက်ပြီးတစ်ခွက် နားတမ်းသောက်လျက်ရှိသည်။

'အလုပ်ရှင် လုပ်လိုက်ပုံက အတော်ဆိုးတာပဲ ဂျက်' ဟု ဘတ်အားမားက စကားမရှိ စကားရှာ၍ ပြောသည်။

'ဟိုကောင်လေး ဘတ်စ်ခ် အထိုးခံရတာ ကျုပ်ကြားတယ်'

ဂျက်က မကြားချင်ဟန်ဆောင်နေသော်လည်း သူ့ဘေးနားမှ ချားလင်း မင်းက ကောင်တာပေါ် လက်ထောက်လိုက်ပြီး ....

'ခင်ဗျားက အဲဒီအကြောင်း ဘာတွေသိထားသလဲ' ဟု မေးသည်။

ဘတ်အားမားသည် ချားလင်းမင်းအကြောင်း ကောင်းကောင်းသိသည်။ ချားလင်းမင်းသည် သူ့အဖေလိုပင် ရန်လိုသူ ဖြစ်၏။ စစ်အတွင်းက စစ်ထဲလိုက် များခဲ့ရာ အပြန်တွင် တံဆိပ်တစ်ခု ရလာခဲ့သည်။ လွန်ခဲ့သော သီတင်းပတ် အတွင်းက အလုပ်သမားများ စီတန်းလမ်းလျှောက်၍ ဆန္ဒပြကြသည့်အခါ သူ သည် ထိုတံဆိပ်ကို ရင်ဘတ်၌တပ်၍ ရင်ကိုကော့ ခေါင်းကိုမော့ကာ ဟန်ပါပါ လမ်းလျှောက်ခဲ့သူ ဖြစ်သည်။ တွေ့သမျှ မြင်သမျှ လူများကိုလည်း အဖက်မတန် သည့် မျက်နှာထားဖြင့် ဟန်ရေးဝါရေး ပြခဲ့သည်။ ထိုစဉ်က သူ့အပြုအမူသည် တွေ့သမျှ မြင်သမျှလူများအား ကိုက်တော့မည့်တကဲကဲ ဖြစ်နေသည့် ခွေးလေး များလှင့် ခွေးဆိုးတစ်ကောင်နှင့် တူလှချေသည်။

အခုလည်း ချားလင်းမင်းသည် ထိုတံဆိပ်ကို တပ်ထားသည်။ ဤတံဆိပ် ကိုအကြောင်းပြု၍ သူသည် သူ့ကိုယ်သူ "စစ်သူရဲကောင်း" ဟု ယူဆထားသူ

ဖြစ်သည်။ ငါ့လောက်တော်ပြီး ငါ့လောက်သတ္တိရှိသည့်လူ တစ်ဦးမှမရှိဟု ထင်နေ သူ ဖြစ်သည်။ ဘတ်အားမားကတော့ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် တံဆိပ်ကို အလွဲသုံးစားပြုခြင်းဖြစ်၍ တစ်နေ့ကျလျှင် အလွဲသုံးစားမှုဖြင့် ဒီအကောင် ထောင်ကျ လိမ့်မည်ဟု တွေးမိသည်။

ဘတ်အားမားသည် ကောင်တာပေါ်မှ ဝီစကီပုလင်းကို သိမ်းဆည်းရန် ယူသည်။ ဂျက်က အယူမခံ။ ပုလင်းကို ဖျတ်ခနဲဆွဲယူပြီး ထောင့်တစ်ထောင့်ရှိ စားပွဲသို့ သွားထိုင်သည်။ ချားလင်းမင်းတို့လူစုကလည်း သူ့နောက်မှ လိုက်သွား ကြသည်။ ဂျက်နှင့် သူ့လူများသည် ဘတ်ဝစ်ခ်ကိစ္စကို ဆွေးနွေးပြောဆိုနေကြ သည်။ ဘတ်အားမားသည် အဝတ်တစ်စဖြင့် ကောင်တာကိုသုတ်ရင်း နားစွင့် လျက်ရှိသည်။

ဂျက်၏စားပွဲတွင် လူအများအပြား ရောက်လာကြသည်။ စကားဝိုင်းသည် ပို၍ ဆူဆူညံညံ ဖြစ်လာသည်။ အရက်ကလည်း ပို၍မူးလာကြသည်။ ကြောက် မက်ဖွယ်ကောင်းလောက်အောင် ငြင်းခုံနေကြခြင်း ဖြစ်သဖြင့် စိတ်ပျက်စရာ ကောင်းလာသည်။ အမှန်တော့ ဤလူစုကို ဦးဆောင်နေသော ဂျက်ရီးဒ်သည် သူ့ဘဝသူ နာကြည်းနေသူဖြစ်ရာ သူ့ပတ်ဝန်းကျင်ကို ကြည့်သည့်အခါ နာကြည်း စရာများမှတစ်ပါး အခြားဘာကိုမှမမြင်။

အခုလည်း သူသည် အရက်မူးနေသည် မဟုတ်။ သူသည် အရက်ကို ဘယ်လောက်ပဲသောက်သောက် မမူး။ တစ်ခုပဲရှိ၏။ သူသည် အရက်သောက်နေ သည့်အခါတိုင်း နာကြည်းစရာများကိုသာ မြင်တတ် တွေးတတ်သည်။ သူသည် အခြားလူတွေ ပြောသမျှကို နားထောင်ရင်း စိတ်ရှုပ်လျက်ရှိသည်။ အားလုံးသည် ပါးစပ်ကြီးများကိုဖြဲကာ လေတွေထုတ်နေကြသည်။ လက်တွေ့ကျတော့ ဘာမှ မလုပ်ကြ။ ဘာမှမလုပ်ဘဲ လိမ်ညာဝါကြွားနေကြခြင်းသာ ဖြစ်သဖြင့် လက်တွေ့ တွင် ဘာမှလည်းဖြစ်မလာ။

ယနေ့ည ရှစ်နာရီတွင် အစည်းအဝေးလုပ်ကြမည်။ ထိုအစည်းအဝေးမှာ စကားတွေ ပြောကြဦးမည်။ ထိုစကားများသည် ဘာမှဖြစ်လာစရာမရှိ။ ဘာမှ လုပ်၍ရမည်လည်း မဟုတ်။ ဘာရည်မှန်းချက်ကိုမှ ရနိုင်စရာလည်းမရှိ။ "မ... မျှော်လင့်ချက် ကင်းမဲ့မှုကြီး" သည် သူ့အား လွှမ်းခြုံထားသည်။ အလုပ်... သောက်ပုံကြေးကလေးအပေါ် မှီခိုနေရသော သူ့အဖြစ်သည် ဂုဏ်သိက္ခာ... လွန်းလှ၏။ ထိုရငွေဖြင့် ထမင်းကို ဝအောင်စားဖို့ မဆိုထားနှင့်၊ နပ်မှန်အောင်ပင် မစားနိုင်။

ထိုအခိုက်တွင် ဆိုင်ထဲသို့ ဟာရီကင့်ချ် ဝင်လာသည်။ ဟာရီမှာ နိုင်ငံ...



တွင် ဝါသနာကြီးသူ ဖြစ်၏။ အခုလည်း သူ့လက်ထဲတွင် "အာဂတ်စ်" သတင်းစာ တစ်စောင် ပါလာသည်။ ရောက်လျှင်ရောက်ချင်း ....

'သတင်းတစ်ပုဒ် ဒီသတင်းစာထဲမှာ ပါလာတယ်' ဟု ဒေါသတကြီး ပြောသည်။

'ဒီကောင်တွေ ငါတို့ကို ရောင်းစားလိုက်ပြီ ....၊ တို့ကို လိမ်သွားပြီ'

လူတိုင်း၏ မျက်လုံးများသည် သူ့ဆီသို့ ရောက်သွားကြသည်။

'ဘာသတင်းလဲ၊ ဘယ်လို လိမ်တာလဲ' ဟု စလက်တာရီးက မေးသည်။

'ဥပဒေကြမ်းအကြောင်း သတင်းစာထဲမှာ ပါလာတယ်၊ အကြီးဆုံး ညစ်ပတ် လိမ်လည်မှုကြီးပဲ၊ လက်တွေ့ကျတော့ ဒီကောင်တွေ တို့ကို ဘာမှရအောင် လုပ် မပေးဘူး' ဟု ဟာရီက အော်ကြီးဟစ်ကျယ် ပြောသည်။

အရက်ခန်းထဲရှိ လူအားလုံး၏အာရုံသည် ထိုသတင်းအပေါ်တွင် စိတ် ဝင်စားလာကြသည်။ ပထမဆုံး စတင်လှုပ်ရှားလိုက်သူမှာ ဂျက် ....။

'မင်းသတင်းစာ ပြစမ်းပါဦး' ဟု ဆိုကာ သတင်းစာကိုဆွဲယူပြီး ဖတ် သည်။ ဘေးမှ ရပ်နေသူများကလည်း သတင်းစာကို ငုံ့ကြည့်နေကြသည်။

'ဟာ ....ဟုတ်တာပေါ့၊ သူပြောတဲ့အတိုင်း မှန်တယ်' ဟု ရေရွတ်သည်။

'ဒါကတော့ လွန်တာအမှန်ပဲ၊ ဒီအတိုင်း ငုံ့ခံနေလို့ မဖြစ်တော့ဘူး' ဟု ချားလင်းမင်းက ပြောသည်။

လူအားလုံး ဆူဆူညံညံ ဖြစ်လာပြန်သည်။ အော်ကြဟစ်ကြ ငြင်းကြ ခုံကြ ....။ သတင်းစာကိုလည်း တစ်ယောက်တစ်လက်ပြောင်း၍ ဖတ်ကြသည်။ ထို့နောက် ဂျက်၏ လှုံ့ဆော်မှုဖြင့် ဝီစကီ ထပ်သောက်ကြသည်။

'ငါတို့ အလုပ်သမားဌာနချုပ်ကို သွားကြမယ်၊ လာကြဟေ့' ဟု ဂျက်က အော်သည်။ မိနစ်ပိုင်းအတွင်းမှာပင် ဂျက်ခေါင်းဆောင်သော လူအုပ်ကြီးသည် အလုပ်သမားဌာနချုပ်ရုံးရှေ့သို့ စုဝေးရောက်ရှိလာကြသည်။

ဂျက်သည် ရုံးအုပ်လှေကားထိပ်မှရပ်ကာ သူ့လူများအား မျက်နှာချင်း ဆိုင်လိုက်သည်။ သူ့လူများ၏ မျက်နှာများသည် မှောင်ရိပ်ထဲ ရောက်နေသဖြင့် ထင်ထင်ပြင်ပြင် မမြင်ရ။

'ရဲဘော်တို့' ဟု သူက အော်သည်။

'တို့ အခုပဲ သတင်းရတယ်၊ ငါတို့ကို ဒီကောင်တွေ လိမ်ကြပြန်ပြီ၊ ဟက်ဒွန်း က တို့ကိုလိမ်သလို လိမ်တာပဲ၊ ဒီကောင်တွေဟာ ဒီလိုပဲ အမြဲလိမ်နေကြတာပဲ၊ လိမ်ဖို့အလုပ်ကလွဲပြီး တခြားဘာကိုမှသိတဲ့ နားလည်တဲ့ကောင်တွေ မဟုတ်ဘူး၊'

'ဒီကောင်တွေဟာ တို့ကို ကူညီမယ့်ကောင်တွေ မဟုတ်ဘူး၊ တို့ကို လိမ်

ညာစားနေမယ့် ကောင်တွေချည်းပဲ၊ တို့အပေါ်မှာ မတရားလုပ်နေတဲ့ကောင်တွေ ချည်းပဲ၊ ရဲဘော်တို့ သေသေချာချာ စဉ်းစားကြ၊ ဒီကောင်တွေဟာ ငွေတွေကို မတရားယူမယ်၊ မော်တော်ကားတွေ၊ အိမ်ကြီးအိမ်ကောင်းတွေ အများကြီးရအောင် လုပ်မယ် ....၊ အဲဒါပဲသိတယ်။'

'တို့မှာတော့ အားလုံး ငတ်ပြတ်မွဲနေကြတယ်၊ စားစရာမရှိ၊ ဝတ်စရာမရှိ နေစရာမရှိနဲ့ ခွေးလေခွေးလွင့်တွေလို ဖြစ်ကုန်ပြီ၊ တို့သားသမီးတွေကိုကြည့်စမ်း အားလုံး စုတ်ပြတ်မွဲတေနေကြပြီ၊ ကျောင်းတောင် မတက်နိုင်ကြတော့ဘူး၊ ဒါဟာ တရားတဲ့စနစ်လား ....၊ ဒီစနစ်ဟာ နောက်ချေးပုံကြီးနဲ့ သိပ်ကိုတူတဲ့စနစ်ဆိုတာ ငါတို့သိရမယ်။'

'တို့ ဒီစနစ်ကြီးက မတရားလုပ်နေတာကို ဒီလိုပဲ ငုံ့ခံနေကြတော့မှာလား ငါတို့ ဒီလိုပဲ သည်းခံနေကြတော့မလား ....၊ ငါတို့အကြောင်းကို မပြကြတော့ ဘူးလား၊ ဒီလိုပဲ ကြည့်နေကြတော့မလား၊ အခုလိုသာ လက်ပိုက်ကြည့်နေရင် ကတော့ အားလုံး ငရဲတွင်းကြီးထဲမှာ နစ်မြုပ်ကုန်တော့မယ်။'

'အခု ငါတို့ကို ဘုရားသခင်က ဒီကောင်တွေရဲ့ မတရားမှုတွေကို မြင် အောင် သိအောင် ပြလိုက်ပြီ၊ ငါတို့ တစ်ခုခုမလုပ်ရင် မဖြစ်တော့ဘူး၊ ငါကတော့ လုပ်ရမှာပဲ၊ လုပ်စရာရှိတာကို လုပ်ရမယ်၊ ငါကတော့ ငါ့အကြောင်းကို သိသွား အောင် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို အခု သွားဖျက်မယ်၊ ရဲဘော်တို့ ငါတို့ လက်စားချေရမယ်၊ ငါတို့ မခံနိုင်တော့ဘူးဆိုတာ ပြရမယ်၊ ရဲဘော်တို့ ငါနဲ့လိုက်မလား၊ မလိုက်ဘူးလား'

လူအုပ်ကြီးသည် ဆူညံလှုပ်ရှားလာသည်။ သောသောရုတ်ရုတ် ဖြစ်လာ သည်။ လှေကားထစ်များထိပ်မှ ပြေးဆင်းလာသော ဂျက်နောက်သို့ ဆူပူအော် ဟစ်ကာ လိုက်လာကြသည်။ အချို့ကတော့ လန့်ဖျပ်ကာ သူတို့တန်းလျားများ ဆီသို့ သုတ်ခြေတင်ကြသည်။ သို့သော်လည်း လူတစ်ရာကျော်ခန့်သည် ဂျက်၏ နောက်သို့ ပါသွားသည်။

သူတို့သည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဆီသို့ ဦးတည်၍သွားကြ သည်။ သူတို့ ရောက်သွားချိန်တွင် တွင်းထဲ၌ ညဆိုင်းအလုပ်ဆင်းသူ များ လုံခြုံရေးအလုပ်သမားများသာလျှင် ရှိ၏။ ယင်းတို့မှာလည်း ရေစုပ်ပိုက်သမား နှစ်ဦးမျှသာဖြစ်၍ ယင်းတို့မှာ ဂျိုးဒေးဗစ်နှင့် ဟူးဂယ်လ်တာန်တို့ ဖြစ်သည်။ နှစ်ဦး စလုံးသည် အင်ဂျင်ရုံထဲ၌ ရှိနေကြသည်။

လူအုပ်သည် အင်ဂျင်ခန်းဝင်းအတွင်းသို့ ဝင်လာကြသည်။ သူတို့အသံကို ပထမဦးစွာ ကြားသူမှာ ဂယ်လ်တာန်။ ဂယ်လ်တာန်သည် အသက်ခပ်ကြီးကြီး



ဖြစ်၏။ သူသည် ထူးထူးဆန်းဆန်းအသံများ ဖြစ်နေသဖြင့် ပြတင်းပေါက်မှ အနည်းငယ်ဖွင့်၍ အပြင်သို့ ချောင်းကြည့်သည်။ လူအုပ်ကို မြင်သည့်အခါ 'ဘာ ဖြစ်တာလဲဟေ့' ဟု လှမ်းမေးသည်။

'ခင်ဗျား အောက်ကိုဆင်းခဲ့' ဟု ဂျက်ရီးဒီးက ပြန်ပြောသည်။

'ဘာလုပ်ဖို့လဲကွ'

'ဆင်းခဲ့ဆိုရင် ဆင်းခဲ့ပေါ့ဗျာ၊ ဘာလို့ လျှာရှည်နေတာလဲ၊ ဆင်းမလာ ရင်တော့ ခင်ဗျား နာလိမ့်မယ်'

ဂယ်လ်တာန်သည် ပြတင်းပေါက်ကို ပြန်ပိတ်လိုက်သည်။ ဆယ်စက္ကန့် အကြာတွင် ချားလင်းမင်း ပစ်ပေါက်လိုက်သော အုတ်ခဲသည် ပြတင်းပေါက်ကို ထိမှန်သည်။ ဂျက်ရီးဒီးနှင့် အခြားလူတစ်စုသည် အင်ဂျင်ရုံဆီသို့ လှေကား ပြေးတက်လာကြသည်။

'ဘာဖြစ်ကြတာလဲဟ' ဟု ဂျိုးဒေးဗစ်က အင်ဂျင်ခန်းထဲသို့ ဝင်လာသ များအား အလန့်တကြားကြည့်ပြီး မေးသည်။

'ဘာမှ မေးမနေနဲ့၊ ခင်ဗျားတို့နှစ်ယောက် အပြင်ထွက်ကြ၊ အပြင်ထွက် ပေးရင် ခင်ဗျားတို့ကို ဘာမှမလုပ်ဘူး' ဟု ဂျက်က ပြောသည်။

'ဘာပြုလို့ ထွက်ရမှာလဲ'

ဂျက်သည် ဂျိုးဒေးဗစ်အား ခေါင်းနှင့်ဆောင့်ကာ အတင်းဝင်လုံးသည် နှစ်ယောက်သား ကြမ်းပေါ်တွင် လုံးထွေးသတ်ပုတ်နေကြသည်။ နောက်ဆုံးတွင် ဂျက်က အသာစီးရကာ ဂျိုးဒေးဗစ်အား အပေါ်မှ ခွထိုင်ထားသည်။ ဘေးမှလူများက ဂျိုးဒေးဗစ်နှင့် ဂယ်လ်တာန်တို့အား ဝိုင်းချုပ်ကာ အပြင်သို့ ဆွဲထုတ်သွားကြသည် ထိုအချိန်တွင် အမှိုက်တောင်းထဲသို့ စီးကရက်တိုတစ်လိပ် ကျသွားသည်ကို မည်သူမှ သတိမထားမိကြ။

ထို့နောက်တော့ ဖြစ်ပျက်ပုံမှာ လျင်မြန်လွန်းလှ၏။ အင်ဂျင်ရုံတစ်ရုံလုံး သည် မီးတောက်မီးလျှံများကြားသို့ ရောက်သွားသည်။ 'မီးလောင်နေပြီဟေ့ မီးလောင်ကုန်ပြီ' ဟူသော အော်သံများ ကြားရသည်။ လူအားလုံးသည် အင်ဂျင် ရုံဆီမှ ပြေးဆင်းလာခဲ့ကြသည်။ လူအုပ်သည် သူတို့ ဖမ်းထားသည့် ဂယ်လ်တာန် နှင့် ဂျိုးဒေးဗစ်တို့အား လွှတ်ပေးလိုက်ပြီး အပြင်သို့ ပြေးထွက်သွားကြသည်။

ဂယ်လ်တာန်သည် ရုံးခန်းထဲသို့ ပြေးဝင်ကာ တယ်လီဖုန်းဆက်ဖို့ ကြိုးစား သည်။ အာသာ၊ အမ်းစထရောင်းနှင့် မီးသတ်ဌာနများသို့ အကြောင်းကြားသည်၊ အင်ဂျင်ရုံမှမီးသည် တဖြည်းဖြည်းနှင့် ရုံးဘက်သို့ ကူးစက်လောင်ကျွမ်းသည်၊ ရုံးဝင်းအတွင်းသို့ တာဝန်ရှိသူများ တဖွဲဖွဲ ရောက်လာနေသည်။ အာသာနှင့် အမ်း

စထရောင်းတို့သည် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ မကြာခင်မှာပင် စလီစကေးမှ မီးသတ်ကားများ ရောက်လာသည်။ မီးကို ငြိမ်းသတ်နိုင်ရန် အားထုတ်ကြသည်။ ထိုအချိန်တွင် မီးသည် အဆောက်အဦ အတော်များများကို ဝါးမျိုပစ်လိုက်လေပြီ။

ညသည် တဖြည်းဖြည်းနှင့် ကုန်ဆုံးသွားသည်။ အရုဏ်တက်ချိန်ရောက်ခါမှပင် မီးသည် ငြိမ်းသွားသည်။ အဆောက်အဦများနေရာတွင် မည်းနက်နေသော မီးလောင်ပြင်သာ ကျန်ရစ်ခဲ့သည်။ ထိုမျှသာမကသေး၊ ကျောက်မီးသွေးတွင်းပေါ်တွင်လည်း မည်းနက်သော လောင်စာများကိုသာ မြင်တွေ့ရ၏။ အာသာသည် လှေကားတစ်ခုကို မှီ၍ရပ်ကာ အပျက်အစီးပုံကို ငေးကြည့်နေသည်။ မြေအောက်၌ မည်မျှအထိ ပျက်စီးမည်ကို သူ ခန့်မှန်း၍မရ။

* * * * *

(၆၀)

ပြန်လည်နေကောင်းလာပြီဖြစ်သော ရစ်ချတ်ဘားရပ်စ်သည် နေ့စဉ်နေ့တိုင်း မှန်း... ပိုင်းဆိုလျှင် သူ ထိုင်နေကျ ငုပင်ကြီးအောက်၌ ရောက်နေလေ့ရှိသည်။ ထိုနေရာမှ လှမ်းကြည့်လျှင် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို ခပ်ရေးရေးမြင်ရသည်။ သူသည် သူ့ကျောက်မီးသွေးတွင်းကို အမြဲတစေ မျှော်ကြည့်နေတတ်သည်။ သူ၏ ကျောက်မီးသွေးတွင်း၌ ပြဿနာရှိနေပြီဟု သူ့စိတ်က ထင်နေသည်။

ယခုအခါတွင် ရစ်ချတ်ဘားရပ်စ်သည် ယခင်ကထက်ပို၍ ကျန်းမာသန်စွမ်းလာပြီဖြစ်၍ အန်တီကေရီ၏ အနီးကပ် စောင့်ရှောက်မှုကို မလိုတော့။ သူသည် တစ်ယောက်တည်း လမ်းလျှောက်သည်။ အန်တီကေရီက သူ့အား လာတွဲလျှင် အော်ငေါက်ထုတ်သည်။ ယောကျ်ားဆိုသည်မှာ မိမိကိုယ်မိမိ တာဝန်ယူ၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည် မဟုတ်ပါလား။

သူသည် မြက်ခင်းပြင်ကိုဖြတ်ကာ အိမ်ဘက်သို့ ပြန်လျှောက်လာသည်။ ဧည့်ခန်းထဲမှတစ်ဆင့် ဆေးလိပ်သောက်ခန်းထဲသို့ ဝင်သည်။ စားပွဲတစ်လုံး... ဝင်ထိုင်ကာ သူ့မှတ်တမ်းကို ဆက်ရေးသည်။ 'ယနေ့လည်း နက်ပ်ကျွန်း... ဘက်မှ မီးခိုးများကို မမြင်ရ။ မကောင်းသော အတိတ်နိမိတ် ဖြစ်၏။ လူ... သည် ကျွန်ုပ်အား ဆန့်ကျင်နေကြသည်။ ကျွန်ုပ်ကိုယ်ကျွန်ုပ် ကာကွယ်ရန်မှ... အခြားနည်းလမ်းမရှိ ....'



သူ့နောက်မှခြေသံကြောင့် လှမ်းကြည့်သည်။ အခန်းထဲဝင်လာသူမှာ အန်တီကေရီ။ အန်တီကေရီသည် သူ့ဆီသို့ အမြဲတစေ လာလေ့ရှိသည်။ ဘာကြောင့် သူ့အား နှောင့်ယှက်နေရသနည်း။ သူသည် မှတ်တမ်းစာအုပ်ကို ပိတ်လိုက်ပြီး သံသယမကင်းသော မျက်လုံးများဖြင့် အန်တီကေရီအား မော့ကြည့်သည်။

'ရှင် နားချိန်ရောက်နေပြီ၊ မနားရသေးဘူး ရစ်ချတ်'

'ငါ မနားချင်ဘူး'

'မနားချင်လည်း ရပါတယ် ရစ်ချတ်'

အန်တီကေရီသည် စိတ်မကောင်းဖြစ်နေသည့် မျက်နှာထားဖြင့် ရစ်ချတ်ဘားရပ်စ်အား ကြည့်နေသည်။ ဖြစ်ပွားသွားသည့်ကိစ္စကို သူ့အား အသိပေး၍ မဖြစ်။ အကယ်၍ သိသွားပါက စိတ်ထိခိုက်ပြီး နောက်တစ်ချီပြန်၍ လဲပေဦးတော့မည်။ ဒီတစ်ချီသာ လဲမည်ဆိုပါက အဆိုးဆုံးအဆင့်သို့ ရောက်ရပေတော့မည်။

'ငါ မင်းကို မေးချင်တာ တစ်ခုရှိတယ် ကာရိုလိုင်း၊ မင်း မှန်မှန်ပြောပါ၊ သူတို့ နက်ပ်ကျွန်းတွင်းမှာ ဘာတွေလုပ်နေကြသလဲ'

'ဘာမှ မလုပ်ပါဘူး'

ရစ်ချတ်သည် သံသယမျက်လုံးများဖြင့်ကြည့်ကာ နှုတ်ဆိတ်နေသည်။ အန်တီကေရီသည် ရစ်ချတ်အား ခဏတဖြုတ်နားပါဟု ပြောချင်၏။ သို့သော်လည်း မပြောဝံ့။ ရစ်ချတ်သည် အန်တီကေရီအား မော့ကြည့်ကာ နောက်ထပ်မေးခွန်းတစ်ခု ထုတ်ပြန်သည်။

'ဟစ်လ်ဒါက ဘာကြောင့် ဒီရောက်နေရတာလဲ'

'ရစ်ချတ်ကို လာကြည့်တာ၊ ပြီးတော့ အာသာနဲ့လည်း တွေ့ရအောင် လာတာ၊ မကြာခင် ဂရေ့စ်လည်း ရောက်လာလိမ့်မယ်၊ နောက်ထပ် ကိုယ်ဝန်ရှိနေပြန်ပြီ'

'ဒီလူတွေအားလုံး အိမ်ကိုလာပြီး စုနေကြတာ ဘာကြောင့်လဲ'

'ဘယ်ကလူတွေကို ပြောနေတာလဲ ရစ်ချတ်'

ရစ်ချတ်သည် အဖြေမပေး။ သူ့လက်တစ်ဖက်ကို ငုံ့ကြည့်နေသည်။ သူ့လက်သည် တဆတ်ဆတ် လှုပ်လျက်ရှိ၏။ သူ့ခြေတစ်ဖက်ကလည်း ထိုအတိုင်းပင် လှုပ်နေသည်။ သူသည် ငိုချလိုက်ချင်စိတ် ပေါက်နေသည်။

'ခဏလောက် နားလိုက်ပါဦးလား ရစ်ချတ်ရယ်' ဟု အန်တီကေရီက ဖယောင်းပန်သည်။ ထိုအခါကျမှပင် သူသည် ခေါင်းညိတ်သည်။ သူသည်

အိပ်ရာပေါ် လှဲမိသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားသည်။ အိပ်ရာမှနိုးလာသည့်အခါ သူ့စိတ်သည် ပြန်လည်လန်းဆန်းလာသည်။ ကြည်လင်လာသည်။ အန်တီကေရီ လာကျွေးသော အစားအစာများကို စားသည်။ ထို့နောက် အိပ်ရာပေါ်၌ ပြန်လှဲကာ အနားယူပြန်သည်။ ဤတစ်ကြိမ်တွင်မူ ရုတ်တရက် အိပ်မပျော်သဖြင့် မျက်နှာကြက်ကို ငေးကြည့်ကာ ရောက်တတ်ရာရာများကို စဉ်းစားနေသည်။

ထိုအခိုက်တွင် ဝင်းထဲသို့ဝင်လာသော မော်တော်ကားသံများ ကြားရသည်။ သူသည် တံတောင်နှစ်ဖက်ထောက်ကာ အိပ်ရာပေါ်မှထ၍ နားစွင့်သည်။ လူတွေ လာကြပြန်ပြီ၊ ဘာကြောင့် လာကြတာလဲ။ သူသည် အိပ်ရာပေါ်မှဆင်းကာ လှေကားဆီသို့ လျှောက်သွားသည်။ သူသည် သူ့ကိုယ်သူ မထိန်းနိုင်ဖြစ်ကာ ဒူးထောက်လျက်လဲသည်။ သူ၏ လဲကျသံကို ကြားများသွားလေသလား၊ သူသည် ရုတ်တရက် မလှုပ်ရှားသေးဘဲ နားစွင့်နေသည်။ တော်ပါသေးရဲ့၊ ဘယ်သူမှ ကြားဟန်မတူ။ သူသည် ဒူးထောက်လျက်ပင် ပြတင်းပေါက်ဆီသွားကာ အပြင်သို့ ချောင်းကြည့်သည်။ ရပ်ထားသည့် ကားနှစ်စီးကို မြင်တွေ့ရလေသည်။

သူသည် ပြတင်းပေါက်ပေါင်ကို အားပြုကာ မတ်တတ်ရပ်သည်။ ထို့နောက် လှေကားဆီသို့ ခက်ခဲပင်ပန်းစွာ လျှောက်သွားသည်။ ပြီးတော့ လှေကားမှ ခဲယဉ်းပင်ပန်းစွာဆင်းပြီး ခန်းမထဲသို့ ဝင်သည်။ သူသည် ခန်းမထဲမှရပ်ကာ လူသံသူသံများကို နားစွင့်သည်။ လူအားလုံး စားသောက်ခန်းထဲ၌ ရှိနေကြသည်။ ထိုအထဲမှ စကားပြောသံများကို ကြားနေရ၏။ သူသည် စားသောက်ခန်းတံခါးပေါက်နား၌ရပ်ကာ အထဲသို့ ချောင်းကြည့်သည်။

စားပွဲထိပ်၌ ထိုင်နေသူမှာ ရှေ့နေကြီး ဘင်းနားမင်း၊ သူနှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသူမှာ အာသာ၊ သူ့ဘေးတစ်ဖက်တွင် အန်တီကေရီ၊ ဘေးတစ်ဖက်တစ်ချက်ဆီမှ လူများမှာ ဟစ်လ်ဒါ၊ အေဒမ်တော့ဒ်နှင့် တီးစ်ဒေးလ်။ ဘင်းနားမင်းသည် စာရွက်တွေတစ်ထပ်ကြီး ကိုင်ထား၍ အာသာ လက်ထဲတွင်လည်း စာရွက်တွေအများကြီးရှိသည်။ အေဒမ်တော့ဒ်၏ လက်ထဲတွင်မူ စာရွက်တစ်ရွက်တည်းသာရှိသည်။ ဟစ်လ်ဒါ၊ အန်တီကေရီနှင့် တီးစ်ဒေးလ်တို့ လက်ထဲတွင်မူ ဘာစာရွက်မှ မမြင်ရချေ။

'အခုဟာ ကမ်းလှမ်းချက်တစ်ခုလို့ ကျုပ်ကတော့ ယူဆတယ်' ဟု မစ္စတာဘင်းနားမင်းက ပြောသည်။

'ကျွန်တော့်အမြင်ကတော့ ဒါကို ကမ်းလှမ်းချက်လို့ မယူဆဘူး၊ စက်ဆုပ်စရာကောင်းတဲ့ စော်ကားမှုတစ်ခုလို့ပဲထင်တယ်' ဟု အာသာက ပြန်ပြောသည်။ အာသာ၏အသံသည် စိတ်ဆင်းရဲခြင်းကို ဖော်ပြနေသည်။ အာသာ့အဖြစ်ကို မြင်ရသောအခါ ရစ်ချတ်သည် များစွာဝမ်းသာသွားသည်။



မစ္စတာဘင်းနားမင်းသည် သူ့လက်ထဲမှ စာရွက်တစ်ရွက်ကို ထပ်၍ကြည့်လိုက်ပြီး 'ကျုပ်ကတော့ ဒါဟာ အကျိုးဖြစ်ထွန်းစေမယ့် ကမ်းလှမ်းချက်လို့ပဲ မြင်တာပဲ'

ထိုအခါ အေဒမ်တော့ဒ်က 'တွင်းထဲကရေတွေကို စုပ်ထုတ်ပစ်လို့ မရနိုင်ဘူးလား၊ နံရံတာရိုးတွေကို ပြန်ပြီးဆောက်မယ်ဆိုရင်ကော မဖြစ်နိုင်တော့ဘူးလား' ဟု မေးသည်။

'ကုန်ကျစရိတ်တွေကို ဘယ်သူကပေးမှာလဲ' ဟု အာသာက ပြန်မေးသည်။

'ဒါတွေကို ကျုပ်တို့ အရင်က ထည့်စဉ်းစားပြီးပါပြီ' ဟု ဘင်းနားမင်းက ဝင်ထောက်သည်။

'ဖြစ်ပုံကတော့ စိတ်မကောင်းစရာပဲ' ဟု အေဒမ်တော့ဒ်က စိတ်ပျက်လက်ပျက်ဖြင့် ညည်းသည်။ ထို့နောက် ဖျတ်ခနဲ ခေါင်းကိုထောင်လိုက်ပြီး 'မင်းအဖေ ပန်းချီကားတွေကိုရောင်းရင် မဖြစ်နိုင်ဘူးလား၊ မင်းမှာ လိုအပ်တဲ့ငွေကိုတော့ ရနိုင်လိမ့်မယ်လို့ ထင်တယ်' ဟု ပြောသည်။

'ပန်းချီကားတွေက အလကားပဲ၊ လုံးဝ တန်ဖိုးမရှိဘူး၊ ကျွန်တော် ဗင်းဆင့်ကို ခေါ်ပြီးပြီ၊ တန်ဖိုးဖြတ်ကြည့်ခိုင်းတယ်၊ သူက ပုံတွေကိုကြည့်ပြီး ရယ်တယ်၊ ဘယ်သူမှ ဝယ်မှာမဟုတ်ဘူးလို့ ပြောသွားတယ်' ဟု အာသာက ရှင်းပြသည်။

ဟစ်လ်ဒါက ခိုင်မာပြတ်သားသောလေသံဖြင့် ဝင်ပြောသည်။

'အာသာအနေနဲ့ နောက်ထပ် ဘာသောကမှ မရှိစေချင်တော့ဘူး၊ သူ့ရဲ့လက်ရှိအခြေအနေဟာ သောကဒဏ်ကို ခံနိုင်မယ့်ပုံ မဟုတ်တော့ဘူး'

'ကျေးဇူးတင်တယ် ဟစ်လ်ဒါ၊ ဒါပေမဲ့ ကျွန်တော်လုပ်ခဲ့သမျှဟာ အရှုံးနီးဖြစ်ရတာ စိတ်မကောင်းဘူး၊ ကျွန်တော် မှန်တယ်၊ ကောင်းတယ်ထင်တဲ့ဟာတွေကို လုပ်ခဲ့တာပါ၊ ဒါတွေဟာ ထိုက်သင့်သလောက်လည်း အကျိုးရှိခဲ့တာပါပဲ၊ ခုဒီအချိန်မျိုးမှာ အခုလို ဖြစ်လာတော့ ကျွန်တော်လည်း မတတ်နိုင်တော့ဘူး၊ ကျွန်တော့်နေရာမှာ အဖေသာရှိနေရင် အခုလိုဖြစ်လာမှာ မဟုတ်ဘူးလို့ အားလုံးက တွေးနေကြတာ ကျွန်တော် သိပါတယ်'

ထိုစကား ကြားရသည့်အခါ အပြင်ဘက် တံခါးဝမှ ချောင်းနားထောင်နေသော ရစ်ချတ်သည် များစွာ ဝမ်းသာကျေနပ်လျက်ရှိ၏။ သူသည် အဖြစ်မှန်အခြေအနေမှန်ကို နားလည်သည် မဟုတ်။ ပြဿနာကတော့ ရှိနေပြီ။ ထိုပြဿနာပြေလည်ရေးအတွက် သူတို့အားလုံးက မိမိကို တမ်းတနေကြပြီဟုတွေးကာ ပျော်မွေ့လျက်ရှိသည်။

'ကျွန်တော်ဟာ အလုပ်သမားတွေနဲ့ ပတ်သက်လာရင် တရားမျှတမှုဆိုတဲ့

စကားကို အမြဲပြောခဲ့တဲ့လူပါ' ဟု အာသာက ပြောသည်။ 'အခုတော့ ကျွန်တော် ကိုယ်တိုင် တရားမျှတမှုကို ခံစားရတာပါ၊ တစ်ချိန်က ကျွန်တော်တို့လုပ်ခဲ့တာ မဟုတ်လို့ ကျောက်မီးသွေးတွင်းထဲ ရေဝင်ပြီး ပြိုကျခဲ့ရတယ်၊ အလုပ်သမားတွေ သေခဲ့ရတယ်၊ အခုကျတော့ ကျွန်တော်က သူတို့ရဲ့ အလုပ်ခွင်လုံခြုံရေးကို လိုအပ်သလို အကုန်လုပ်ပေးခဲ့တယ်၊ အဲဒါကြောင့်လားမသိဘူး၊ သူတို့က ကျွန်တော့်ကို ကျောခိုင်းပြီး တွင်းထဲ ရေဝင်အောင် ဝိုင်းလုပ်ကြတယ်၊ ကျွန်တော့်ဘဝကို ဖျက်ဆီးကြတယ်'

'ကျုပ်ကတော့ ဒီကမ်းလှမ်းချက်ကို ကောင်းသော ကမ်းလှမ်းချက်လို့ ထင်ကြောင်း ထပ်ပြောပါရစေ'

'အဲဒီ ကမ်းလှမ်းချက်က ဘာလဲ မစ္စတာဘင်းနားမင်း၊ ဘယ်လိုဟာမျိုးလဲ ဆိုတာ ရှင်းပြပါဦး' ဟု ဟာစ်လ်ဒါက မေးသည်။

'သူတို့က ဒီလိုပါ၊ ပြိုကျပျက်စီးပြီး ရေတွေဝင်နေတဲ့ ဒီတွင်းကို တန်ဖိုးဖြတ်ပြီးဝယ်မယ်လို့ ပြောပါတယ်၊ အကုန်လုံးကိုပေါ့' ဟု ဘင်းနားမင်းက ရှင်းပြသည်။

'သူတို့က တွင်းထဲကရေတွေကို လွယ်လွယ်နဲ့ ထုတ်လို့ရတယ်ဆိုတာ သိနေတယ်လေ' ဟု အာသာက နာကြည်းသောလေသံဖြင့် ပြောသည်။ 'မြေအောက်ကလမ်းတွေကို ငွေကြေး ထောင်နဲ့ချီ အကုန်အကျခံပြီး ကျွန်တော် ပြုပြင်ထားခဲ့တာပါ၊ ဒီခရိုင်ထဲမှာ အကောင်းဆုံးတွင်းဆိုတာ သူတို့ သိတယ်၊ ဒါကြောင့်မို့ လိုချင်တာပေါ့၊ ဒါပေမဲ့ ပေးထားတဲ့ဈေးက တန်ဖိုးရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိဘူး၊ အလွန်နည်းတဲ့ မတန်တဆဈေးနဲ့ အလကားလောက်နီးပါးထားပြီး ယူချင်ကြတာပဲ'

'တကယ်လို့ ကျွန်မတို့က ဒီကမ်းလှမ်းချက်ကို လက်ခံမယ်ဆိုရင်' ဟု ဟာစ်လ်ဒါက မေးသည်။

'ဒါက ဒီလိုပါ' ဟု ဘင်းနားမင်းက ဖြေသည်။ 'ကျုပ်တို့က ကျုပ်တို့ရဲ့ ကြွေးမြီအားလုံးကို ရှင်းထားပေးရပါမယ်၊ အာသာက အသုံးအစွဲမှာ မဆင်ခြင် ခဲ့တော့ ပြောရခက်တယ်၊ ကျုပ်တို့ရှင်းပေးရမယ့် ကြွေးမြီကိစ္စကတော့ ထည့်ပြီး မစဉ်းစားလို့ မရပါဘူး'

'အခုပေးထားတဲ့ဈေးထက် တိုးမပေးနိုင်တော့ဘူးလား' ဟု ဟာစ်လ်ဒါက မေးသည်။

'ဒါဟာ နောက်ဆုံးဈေးပါပဲ'

'အမှန်တော့ ဒါဟာ ခါးပြတိုက်ယူတဲ့သဘောပါပဲ' ဟု အာသာက ဆင် ပြောသည်။



'ဝယ်မယ့်လူတွေက ဘယ်သူတွေပါလဲ' ဟု ဟာစ်လ်ဒါက ထပ်မေးပြန်သည်။

'မော်ဆန့်အင်ဂိုလန် ကုမ္ပဏီကပါ' ဟု ဘင်းနားမင်းက ပြောသည်။ 'ဒီ ကိစ္စမှာ အရောင်းအဝယ်ကို စသူက မစ္စတာဂျိုးဇက်ဂိုလန်ပါ'

အာသာက ဟာစ်လ်ဒါကို လှမ်းကြည့်သည်။ 'ဒီလူကို အစ်မသိပါတယ်' ဟု ပြောသည်။ 'ဂရိန်းဂျားလမ်းထဲမှာ ဖွင့်ထားတဲ့ ကုမ္ပဏီပေါ့၊ မြေနဲ့ အဆောက် အဦကတင် ပေါင်လေးသောင်းလောက်တန်တယ်၊ နက်ပ်ကျွန်းကျောက်မီးသွေး တွင်းမှာ အလုပ်လုပ်သွားဖူးတဲ့ ဂျိုးဂိုလန်ဟာ သူပဲပေါ့'

'သူဟာ အခု နက်ပ်ကျွန်းမှာ မလုပ်တော့ပါဘူး' ဟု ဘင်းနားမင်းက ကြားဖြတ်ပြောသည်။ 'မက်ဆာမောဆန့်အင်ဂိုလန် ကုမ္ပဏီက အခုဆိုရင် နော့သင်းစတီးအင်ဒပ်စထရီလီမိတက်၊ ယူနိုက်တက်ဘရပ်စ်ဖောင်းဒါးလီမိတက်၊ တိုင်နီဆိုက်ကော်မာရှယ် ကော်ပိုရေးရှင်းနဲ့ ရပ်စ်ဖို့စ်လေယာဉ်ကုမ္ပဏီတွေနဲ့ တွဲ လုပ်နေပါတယ်'

အေဒမ်တော့ဒ်သည် ကြားလိုက်ရသော စကားများအတွက် များစွာ စိတ် မချမ်းမမြေ့ ဖြစ်သွားသည်။ သူသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချသည်။ 'တခြားနည်းလမ်း မရှိတော့ဘူးလား' ဟု ရေရွတ်သည်။ 'နက်ပ်ကျွန်းကထွက်တဲ့ ကျောက်မီးသွေးဟာ ပထမတန်းစားတွေဆိုတာ ကျွန်တော် သိထားတယ်၊ ဒီတွင်းဟာ အစဉ်အဆက် 'ဘားရပ်စ်မိသားစု' မိသားစု ပိုင်ခဲ့တာပါ၊ တခြားနည်းလမ်း ရှာကြပါဦး၊ လုံးဝ မရှိတော့ဘူးလား'

'ခင်ဗျားမှာရှိရင် အကြံပေးပါ၊ သင့်တော်ရင် သုံးကြတာပေါ့' ဟု ဘင်းနားမင်းက ပြောသည်။

'မင်း ဘာ့ကြောင့် ဂိုလန်ဆီ မသွားတာလဲ' ဟု တော့ဒ်က အာသာဘက် လှည့်၍ အပြစ်တင်လိုသောလေသံဖြင့် ပြောသည်။

'သူနဲ့ ဖက်စပ်လုပ်ဖို့ ကြိုးစားကြည့်ပါလား၊ ဒီတွင်းကို ငွေသားနဲ့မရောင်း ချင်ဘူးလို့ပြောပေါ့'

အာသာ့မျက်နှာသည် နီရဲလာသည်။ 'အလွန်ကြီးကျယ်တဲ့ စိတ်ကူးတစ်ခု ပါပဲလား' ဟု ရေရွတ်သည်။ 'ဒီမယ် တော့ဒ်၊ သူ့ဆီကို ကျွန်တော် ရောက်ခဲ့ပြီးပြီ၊ ခင်ဗျား ပြောသလို ကြိုးစားခဲ့ပြီးပြီ၊ လွန်ခဲ့တဲ့နှစ်ရက်က သူ့ဆီကိုရောက်ခဲ့တယ်၊ ရုံးခန်းနဲ့ အဆောက်အဦကတော့ဖြင့် ကြီးကျယ်ခမ်းနားပါ့၊ ကျွန်တော်က ကျွန် တော့်ကိုယ်ကျွန်တော်တောင် ရောင်းဖို့ လုပ်ခဲ့ပါတယ်၊ ဒါပေမဲ့ ပြောပြရတော့မှာပဲ၊ သူ ဘယ်လိုလူစားဆိုတာ ခင်ဗျားသိရဲ့လား။'

'သူဟာ ပထမဦးဆုံး မီလင်တန်ရဲ့ စက်ရုံကို လိမ်ညာပြီး သူ့လက်ထဲ

ရောက်အောင် လုပ်ခဲ့တယ်၊ သူရဲ့အစုရှင်တွေအားလုံးကို လိမ်ညာပြီး ငွေတွေကို အရယူခဲ့တယ်၊ သူ့ဘဝတစ်လျှောက်လုံး ရိုးသားဖြောင့်မတ်တဲ့အလုပ်ဆိုလို့ တစ်ခု မှ မလုပ်ခဲ့ဖူးဘူး၊ သူနဲ့တွဲလုပ်တဲ့ လူမှန်သမျှအားလုံး အညစ်ခံရတာချည်းပဲ၊ အဲဒါတွေကိုမေ့ထားပြီး သူ့ဆီကို သွားခဲ့တာပါ။'

'ဒါပေမဲ့ သူက ကျွန်တော့်ကို ကြွက်တစ်ကောင်နဲ့ကစားတဲ့ ကြောင်တစ်ကောင်လို ဆက်ဆံခဲ့တယ်၊ ပြောလိုက်တဲ့စကားတွေ ပထမတန်းစားချည်းပဲ၊ ကျောလိုက်တာအလွန်ပဲ၊ နောက်ဆုံးကျတော့ ကျွန်တော့်ကို မြေအောက်စစ်ဆေးရေးမှူးအလုပ်ဝင်လုပ်ဖို့ ကမ်းလှမ်းလိုက်တယ်'

အားလုံး ငြိမ်ဆိတ်သွားကြသည်။ ဒန်းတီးဒေးလ်သည် သူ့ကုလားထိုင်ပေါ်တွင် ဂနာမငြိမ် ဖြစ်လာသည်။ သူသည် တစ်ချိန်လုံး နှုတ်ဆိတ်နေရာမှ ပထမဆုံးအကြိမ် စကားစပြောသည်။

'ရှက်စရာ သိပ်ကောင်းတယ်၊ သက်သက်မဲ့ အရှက်ခွဲတာပဲ၊ အားလုံးကို ထားခဲ့ပြီးကျွန်တော်တို့နဲ့ လိုက်နေပါလား၊ ကျွန်တော်တို့ကတော့ ငွေကြေးနောက် မလိုက်ဘူး၊ ငွေလည်း မလိုချင်ပါဘူး၊ ငွေမရှိလည်း ကျွန်တော်တို့ ပျော်နေတာပဲ၊ ငွေထက်ကောင်းတာတွေ အများကြီးရှိတာပဲ၊ ဂရေ့စ်သင်ပေးလို့ ဒီအသိကိုရခဲ့တာ၊ ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ လေကောင်းလေသန့်ရှူပြီး အလုပ်လုပ်ရတာ၊ ကျွန်တော်တို့ဆီလိုက်ပြီး ဘဝသစ်တစ်ခု ပြန်စပေါ့'

ရှေ့နေ ဘင်းနားမင်းသည် စိတ်မရှည်ဖြစ်လာသည်။ 'ကျွန်တော်မေးပါရစေ ကျွန်တော်က ဘာဆက်လုပ်ရမှာလဲ' ဟု ပြောသည်။

'ကျွန်တော် ခင်ဗျားကို ရောင်းမယ်လို့ ပြောပြီးပြီ မဟုတ်လား' ဟု အာသာက စိတ်တိုသံဖြင့် ပြန်ပြောသည်။ 'လောဂျေဟာကိုလည်း ရောင်းမယ်၊ ဂျိုးဂိုလ်ဒ် အိမ်ကိုလည်း ဝယ်ချင်နေတယ်၊ အားလုံးကို သူ့လက်ထဲထည့်လိုက်၊ ကျွန်တော့်ကိုလည်း သူ့လက်အောက်က အလုပ်သမားအဖြစ် ခန့်ပါစေတော့'

တံခါးဝ၌ ဒူးထောက်၍ထိုင်နေသော ရစ်ချတ်ဘားရပ်စ်သည် ပါးစပ် အဟောင်းသားဖြင့် တွေငေးနေသည်။ သူ့မျက်နှာသည် နီရဲနေသည်။ အသွေး စိတ်ရှုပ်ထွေးနေသည်။ ကြားနေရသည့် စကားများကို ဝေဖန်ပိုင်းခြား၍မရ။ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းတွင် ပြဿနာပေါ်နေပြီ ဟူသောအချက်ကိုတော့ နားလည်သည်။ သူသည် ကြမ်းပြင်ပေါ်၌ ဖင်ထိုင်ချကာ တွေးနေသည်။

သူ ထိုင်နေချိန်မှာပင် ရတ်တရက် အခန်းတံခါးသည် ပွင့်လာပြီး အခန်းထဲမှ လူအားလုံး ထွက်လာကြသည်။ အဝတ်အစားတွေ ကပိုကရိုနှင့် ဖြစ်ကာ တံခါးဘေး၌ ထိုင်နေသော ရစ်ချတ်ဘားရပ်စ်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသည့်အခါ အားလုံး အံ့အားသင့်ကုန်ကြသည်။ သနားစရာမြင်ကွင်းကိုကြည့်ကာ တုန်လှုပ်ကြသည်။



ဟာစ်လ်ဒါသည် သူ့အဖေထံသို့ ပြေးသွားသည်။ 'ဖြစ်မှဖြစ်ရလေ အဖေ ရယ်' ဟု ရေရွတ်သည်။ သူ့အဖေကတော့ ဘာကိုမှသိဟန်မတူ။ အားလုံးကို ကြည့်ကာ ရယ်လျက်ရှိသည်။

တီးဒေးစ်နှင့် ဟာစ်လ်ဒါသည် ရစ်ချတ်ဘားရပ်စ်အားဆွဲထူကာ အပေါ်ထပ်ရှိအိပ်ခန်းသို့ ပို့ပေးသည်။ ရှေ့နေ ဘင်းနားမင်းကတော့ မျက်ခုံးတစ်ဖက်ကို ပင့်ကာ ပခုံးများကိုတွန့်လိုက်ပြီး အာသာကို ဝတ်ကျေတန်းကျေ နှုတ်ဆက်၍ အိမ်ထဲမှ ထွက်သွားသည်။

အာသာသည် ခန်းမထဲ၌ရပ်ကာ အဒေမ်တော့ဒ်အား လှမ်းကြည့်သည်၊ သူ့အား ရေဆန်ကို ဆန့်ကျင်ပြီးမကူးဖို့ အမြဲသတိပေးခဲ့သော တော့ဒ်သည် သူ့အား ဘာအကူအညီမှ မပေးနိုင်တော့။ ရတ်တရက် အာသာ၏ပါးစပ်မှ စကားတစ်ခွန်း ထွက်လာသည်။ 'ကျွန်တော်တို့ တိုင်နီကပ်ဆဲလ်ကို သွားကြရအောင် ....တော့ဒ်၊ ကျွန်တော် အရက်မူးချင်တယ်'

* * * * *

## (၆၁)

နောက်ရက်အနည်းငယ်မျှအတွင်း ရစ်ချတ်ဘားရပ်စ်သည် အိပ်ရာပေါ်မှမဆင်းရ၊ ဟာစ်လ်ဒါ၏ အကြံပေးချက်အရ သူသည် အိပ်ရာပေါ်မှာပင် လှဲနေရသည်။ လန်ဒန်မြို့သို့မပြန်ခင် ဟာစ်လ်ဒါသည် သူ့အဖေအား ခြေထောက်များကို များများမသုံးရန်နှင့် တတ်နိုင်သမျှ အိပ်ခန်းထဲမှမထွက်ရန် အတန်တန် သတိပေးသွားခဲ့သည်၊ ရစ်ချတ်ဘားရပ်စ်အဖို့တော့ အချိန်ရှိသမျှ သူ့အခန်းထဲ၌ထိုင်ကာ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို ဘယ်လိုပြုပြင် ဖန်တီးမည်ဟူသော အချက်မှတစ်ပါး တခြားဘာကိုမှ စဉ်းစားလေ့မရှိ။

တစ်ခါတစ်ရံတွင် အာသာသည် သူ့အခန်းထဲသို့ ရောက်လာတတ်ပြီး 'နေကောင်းရဲ့လား အဖေ' ဟု မေးလေ့ရှိသည်။ ပြီးတော့ ဝမ်းနည်းကြေကွဲစွာဖြင့် သူ့အဖေအား ကြည့်နေတတ်၍ 'ကျွန်တော် အဖေနဲ့ စကားပြောချင်တယ်၊ ကျွန်တော်ပြောရင် အဖေ နားလည်ပါ့မလား' ဟု မေးသည်။

'အခု မပြောနဲ့ဦး'

'အဖေ နေမကောင်းသေးဘူးဆိုတာကော သိရဲ့လား ....ဟင်'

'ငါ နေကောင်းတယ်' ဟု ရစ်ချတ်က ဒေါသတကြီးနှင့် ပြန်ပြောသည်၊

'တကယ်လို့ ကျွန်တော်တို့ လောဂေဟာထက်သေးတဲ့ အိမ်တစ်အိမ်ကို ပြောင်းပြီးနေရမယ်ဆိုရင်၊ အဖေ့အနေနဲ့ ....'

'အခုမပြောနဲ့' ဟု ရစ်ချတ်က ကြားဖြတ်ဟန့်သည်။ 'ငါ အခု နားမထောင်ချင်ဘူး၊ နောင်တစ်ချိန်ကျမှပြော'

သူသည် မျက်လုံးများကိုမှိတ်ပြီး ငြိမ်နေသည်။ အာသာသည် နောက်ထပ် ဘာမှမပြောတော့ဘဲ အခန်းထဲမှ ထွက်သွားသည်။ ရစ်ချတ်အဖို့ကတော့ သူ့ နက်ပ်ကျွန်း ကျောက်မီးသွေးတွင်း အကြောင်းမှတစ်ပါး အခြားဘာကိုမှမတွေးနိုင်။ သူ့အနေဖြင့် နက်ပ်ကျွန်းကို ပြန်လည် တည်ဆောက်ရမည်။ သို့ဆိုလျှင် နက်ပ်ကျွန်းဆီသို့ သူကိုယ်တိုင်သွားကြည့်မှ ဖြစ်မည်။

သူသည် ထိုင်ရာမှထကာ အောက်ထပ်သို့ဆင်းသည်။ ခန်းမထဲတွင် မည်သူမှမရှိ။ သူသည် ဦးထုပ်ကိုယူဆောင်းကာ အပြင်သို့ ထွက်လာခဲ့သည်။ ခြံဝင်းထဲတွင်လည်း လူတစ်ယောက်မှမရှိ။ သူ့အား ဟစ်လ်ဒါနှင့် ဒေါက်တာလူးဝစ္စတို့က ဝေးဝေးလံလံ လမ်းမလျှောက်ရဟု တားမြစ်ထားသည်။ သို့သော်လည်း ကိစ္စမရှိ။ သူ လျှောက်ချင်စိတ်ရှိ၍ လျှောက်ခြင်းဖြစ်၏။ နက်ပ်ကျွန်းတွင် သူ့အတွက် လုပ်စရာတွေက အများကြီးရှိနေသည် မဟုတ်ပါလား။

သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းဘက်သို့ လျှောက်လာခဲ့သည်။ မိုးသည် မမျှော်လင့်ဘဲနှင့် သည်းထန်စွာ ရွာသွန်းလာသည်။ သူ လျှောက်လာနေသည့်လမ်းသည် ဆိုးဝါးလှချေသည်။ ရွှံ့တွေ၊ ဗွက်တွေနှင့် ပြည့်နေသည်။ တစ်ခါတစ်ရံတွင် သူ့ခြေထောက်များသည် ဗွက်ထဲတွင် နစ်နေသည်။ တဖြည်းဖြည်းနှင့် ရေမြောင်းပေါင်ဆီသို့ ရောက်လာသည်။

မြောင်းပေါင်ပေါ်သို့ တက်သည့်လှေကားသို့ ရောက်လာသည်။ သူ့ခြေထောက်များကို မြှောက်၍ပင့်၍မရ။ သူသည် မျက်ရည်များကျလာသည်။ သူသည် လှေကားကိုတက်ရန် အကြိမ်ကြိမ် ကြိုးစားနေရင်းနှင့်ပင် မှောက်လျက်လဲကျသွားသည်။ သူသည် ချက်ချင်းပြန်ထ၍မရ။ အချိန်အတော်ကြီးကြာကာမှပင် ထ၍ရလာသည်။ ရသည်နှင့်တစ်ပြိုင်နက် အပေါ်သို့တက်ရန် ထပ်မံအားထုတ်ပြန်သည်။ ဤတစ်ကြိမ်တွင်လည်း သူသည် မှောက်လျက်လဲကျပြန်သည်။ သူ့တစ်ကိုယ်လုံးတွင် ရွှံ့နွံ့များ အလိမ်းလိမ်းကပ်နေသဖြင့် မြင်မကောင်း ဖြစ်နေသည်။

သူသည် အကြောများ ဆွဲနေသည့်ကြားမှပင် မဖြစ်မနေ ထရပ်ပြန်သည်။ လမ်းလျှောက်ရသည်မှာ စောစောကလို မလွယ်။ ခြေထောက်တွေက ဒယီးဒယိုင်ကတုန်ကယင် ဖြစ်နေသည်။ ခြေတစ်ဖက်မှာလည်း တရွတ်ဆွဲနေသည်။ အခုတော့ သူသည် ဘယ်လက်နှင့် ခြေကိုသာ အားပြုနိုင်သည်။ ညာဘက်လက်နှင့် ခြေမှာ လှုပ်၍မရသလောက် ဖြစ်နေပြီ။



မိုးသည် သည်းထန်စွာ ရွာသွန်းလာပြန်သည်။ သူ့တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲစိုနေသည်။ သူသည် တစ်နေရာတွင် ဆက်မသွားနိုင်သဖြင့် ရပ်နေရပြန်သည်။ မိုးရေအောက် ရပ်နေရခြင်းဖြစ်၍ ခိုက်ခိုက်တုန်မျှ ချမ်းလာသည်။ မိုးရေများနှင့် မျက်ရည်စများသည် ပါးပြင်များထက်သို့ စီးဆင်းလျက်ရှိသည်။ သူသည် မိုးခိုစရာနေရာ တွေ့လိုသဖြင့် ဇွတ်အတင်းအားယူပြီး ဆက်လျှောက်ပြန်သည်။

တဖြည်းဖြည်းနှင့် သူသည် စနူတွင်း အလုပ်သမားတန်းလျားမှ အစွန်ဆုံးအိမ်သို့ ရောက်သွားသည်။ ထိုအိမ်မှာ "ဟူးဝါးဂေဟာ" ဟု အမည်ပေးထားသော အိမ်ဖြစ်၍ အလွန်ဆင်းရဲသော မုဆိုးမတစ်ဦး ပိုင်ဆိုင်သည့်အိမ် ဖြစ်သည်။ ပိုင်ရှင်မုဆိုးမ၏ အမည်မှာ ဆူဆန်မစ်တ်ချယ် ဖြစ်၍ သူ့ထံသို့ စနူတွင်းမှ အဆင်းရဲဆုံးသော အလုပ်သမား အနည်းငယ်မှတစ်ပါး အခြားလာမည့်သူ တစ်ဦးမျှမရှိပေ။ သို့သော်လည်း ရစ်ချတ်ဘားရပ်စ်သည် ထိုအိမ်ဆီသို့ ရောက်သွားခဲ့လေပြီ။

မိုးကလည်းသည်း၊ လေကလည်းထန် ဖြစ်နေသဖြင့် ရစ်ချတ်သည် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိ၏။ အိမ်ထဲ၌ ဖွင့်ထားသည့် အရက်ဘား၌ အရက်သောက်နေကြသည့် အလုပ်သမားနှစ်ယောက်သည် ရစ်ချတ်ကို မြင်သည့်အခါ အရက်မူးနေသည့် သူတောင်းစားအဘိုးကြီးတစ်ဦးဟု တင်ကြသည်။ သူတို့သည် ရစ်ချတ်ကိုကြည့်ကာ ရယ်နေကြသည်။ တစ်ဦးက သူ့အဖော်အား မျက်စိတစ်ဖက်မှိတ်ပြပြီး ရစ်ချတ်ဘက်လှည့်၍မေးသည်။

'ဘယ်လိုဖြစ်တာလဲ၊ မင်္ဂလာဆောင်က ပြန်လာတာလား'

ရစ်ချတ်က ထိုလူအား ပြန်ကြည့်သည်။ ထိုအခါ ဒုတိယလူက ထလာပြီး ရစ်ချတ်ပခုံးကို ကိုင်ဆွဲကာ အိမ်ထဲသို့ ခေါ်သွင်းသွားသည်။ အထဲရောက်၍ ကုလားထိုင်တွင် ထိုင်မိသည့်အခါ နှစ်ဦးစလုံးက ရစ်ချတ်အားကြည့်၍ ရယ်နေကြပြန်သည်။ ရစ်ချတ်သည် သူ ဘယ်ရောက်နေသည်ကို မသိ။ သူ့အားကြည့်ပြီး ရယ်နေကြသူများကိုလည်း ဘယ်သူဘယ်ဝါတွေမှန်း မသိ။

သူသည် လှုပ်ရှား၍ရသော လက်တစ်ဖက်ဖြင့် အိတ်ကပ်ထဲနှိုက်ကာ လက်ကိုင်ပဝါကို ဆွဲထုတ်သည်။ ဆွဲထုတ်လိုက်သည့်အခါ အိတ်ထဲမှ ငွေဒင်္ဂါးတစ်ပြား ထွက်ကျလာသည်။ ဒုတိယလူသည် သမံတလင်းပေါ်မှ ငွေဒင်္ဂါးပြားကို ချက်ခနဲ ကောက်ယူလိုက်သည်။

'အဘိုးကြီးက လူချမ်းသာကြီးပဲ၊ ဒင်္ဂါးတွေ ဘာတွေနဲ့၊ အရက်တစ်ပက်စီတော့ ကောင်းကောင်းရတယ်' ဟု ရေရွတ်ကာ ကောင်တာကို လက်ဝါးနှင့် တအားရိုက်လိုက်ပြီး 'အရက်သုံးခွက်' ဟု လှမ်းအော်သည်။ ရစ်ချတ်ကတော့ ဘာကိုမှ ဂရုစိုက်ရာ နားမလည်။

နောက်ဖေးဘက်မှ မိန်းမတစ်ယောက် ထွက်လာသည်။ အသားမည်းမည်း ပိန်ပါးပါး။ သူသည် ဖန်ခွက်သုံးခွက်တွင် ဝီစကီ ထည့်သည်။ တတိယခွက် ထည့်နေခိုက်တွင် သူသည် ရစ်ချတ်အား သံသယမျက်လုံးများဖြင့် ကြည့်နေသည်။ 'သူ့ကို အရက်တိုက်လို့ ဖြစ်ပါ့မလား' ဟု မေးသည်။

'ဖြစ်ပါတယ်၊ အရက်တစ်ခွက်နဲ့ အန္တရာယ်တော့ မဖြစ်နိုင်ပါဘူး' ဟု ပထမလူက ဖြေသည်။ တတိယလူက ရစ်ချတ်အား အရက်ဖန်ခွက် သွားပေးသည်။ 'ရော့ ....အဘိုးကြီး၊ ဒါလေးမော့လိုက်' ဟု ပြောသည်။

ရစ်ချတ်သည် ဖန်ခွက်ကို ယူလိုက်သော်လည်း ဖန်ခွက်ထဲ၌ ဘာပါသည်ကို မသိ။ သူသည် ဖန်ခွက်ထဲမှ အရက်ကို သောက်လိုက်သည်။ ဝီစကီတစ်ခွက်သည် သူ့ရင်ကို နွေးသွားစေသည်။ တစ်ကိုယ်လုံးနွေးထွေးကာ ဦးနှောက်ဆီအထိ ပျံ့သွားသည်။ ဝီစကီတစ်ခွက်သည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို ပြန်လည်သတိရလာစေသည်။ ပြီးတော့ သူ့ကိုယ်သူ ရစ်ချတ်ဘားရက်စ်မှန်း မှတ်မိလာသည်။ သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းပိုင်ရှင် ဖြစ်သည်။ ဂုဏ်သိက္ခာနှင့်၊ စည်းစိမ်ဥစ္စာနှင့် နေထိုင်ခဲ့သော လူတစ်ယောက် ဖြစ်သည်။

အလုပ်သမားနှစ်ယောက်က သူ့အားကြည့်ပြီး ရယ်နေကြသည်။ မိန်းမသည် သူတို့လို လူစားများ၏ ပြောင်လှောင်ရယ်မောခြင်းကို ခံရမည့်လူစားမဟုတ်။ သူသည် အပြင်သို့ထွက်လိုသည်။ သူသည် ထိုင်ရာမှ ဒယီးဒယိုင်နှင့်ထကာ တံခါးဆီသို့ သွားသည်။ လူနှစ်ဦး၏ ရယ်သံသည် သူ့နောက်မှ လိုက်လာလေသည်။

သူ အပြင်ရောက်သည့်အခါ မိုးတိတ်နေပြီ။ ကောင်းကင်တွင် မိုးသားများလည်း ကင်းစင်နေပြီ။ တောက်ပသော နေရောင်သည် သူ့မျက်လုံးများအား ကျိန်းစပ်သွားစေသည်။ သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို သွားချင်စိတ်တစ်ပါး တခြား ဘာကိုမှမသိ။ သူ့နက်ပ်ကျွန်း၊ ရစ်ချတ်ဘားရပ်စ်၏ နက်ပ်ကျွန်း။ သူသည် စိတ်အားကိုတင်းကာ ခပ်သွက်သွက် လျှောက်နိုင်ရန် အားထုတ်သည်။

စနှုကွင်းကို ဖြတ်လျှောက်ရသည်မှာ မလွယ်။ ကျောက်စရစ်တွေ၊ ချိုင့်တွေ၊ ကျင်းတွေနှင့် ဖြစ်သည်။ တစ်ခါတစ်ရံ ချော်လဲတော့မလို ဖြစ်ရ၏။ တစ်ခါတစ်ရံတွင်မူ တရွတ်ဆွဲနေသော ခြေတစ်ဖက်ကြောင့် ခလုတ်တိုက်၍ လဲကျတော့မလို ဖြစ်ရ၏။ သူ့ခြေထောက်များသည် သူ့အား သစ္စာမဲ့နေကြပြီ။

မည်သို့ပင် အားထုတ်စေကာမူ ရစ်ချတ်ဘားရပ်စ်သည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းသို့ ရောက်အောင် မသွားနိုင်ခဲ့ပေ။ စနှုကွင်းကို ဖြတ်နေစဉ် လမ်းတစ်ဝက်အရောက်တွင် လဲကျသွားခဲ့ရာ လုံးဝ ပြန်မထနိုင်တော့ချေ။ သူ့



မျက်နှာသည် ရွှံ့ဗွက်ပေါ် မှောက်လျက်၊ သူ့နှုတ်ခမ်းများသည် ခြောက်သွေ့ပြာနှမ်းလျက် ....၊ သူ့လက်တစ်ဖက်သည် မြေကြီးကို ကုတ်ခြစ်လျက်၊ သူ့အား ရှာဖွေနေသူများသည် သူ့အလောင်းကို ထိုနေရာ၌ ထိုပုံစံအတိုင်းပင် တွေ့ကြရလေသည်။

* * * * *

(၆၂)

သတ္တုတွင်းများ ဥပဒေကြမ်းကို လွှတ်တော်တွင်း၌ အပြန်အလှန် ဆွေးနွေးဝေဖန်ခဲ့ကြသည်မှာ တတိယမြောက်နေ့သို့ ရောက်ခဲ့ပြီ။ ထိုနေ့က ဦးဆောင်ဆွေးနွေးနေသူမှာ ကက်စတာန် မဲဆန္ဒနယ်မြေမှ မစ္စတာစိန့်ကလယ်ရာဘွန်း ဖြစ်သည်။ သူသည် ဥပဒေကို နားလည်သူ ဖြစ်သဖြင့် သူ၏ ဆွေးနွေးချက်များသည် ထိရောက်ပြီပြင်သည်ဟု ဆိုနိုင်စရာရှိ၏။ သုံးနာရီတိတိ အပြန်အလှန် ဆွေးနွေးမှုသည် အစိုးရအဖွဲ့နှင့် ပါတီဝင်များအဖို့ ဥပဒေကြမ်းကို နောက်ထပ်ရွှေ့ဆိုင်းရဦးမည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရလေ၏။

ဆွေးနွေးသမျှကို လက်ပိုက်၍ ထိုင်ကာနားထောင်နေသော ဒေးဗစ်၏ မျက်နှာသည် မကြည်မလင် ဖြစ်နေသည်။ သူသည် အပြန်အလှန် ငြင်းခုံနေကြသည်များကို စိတ်ပျက်လက်ပျက်ဖြင့် နားထောင်လျက်ရှိရာမှ ရင်ထဲတွင် ဒေါသချိုင်းသည် ပြင်းထန်စွာ ထကြွလျက်ရှိသည်။ သူသည် ဒပ်ဂျီယွန်၊ ဘက်ဘင်တန်၊ ဟမ်းနှင့် ကလက်ဟွန်းတို့၏ စကားများကို နားထောင်ကာ အပြင်းအထန် မကျေနပ်ဖြစ်လျက်ရှိ၏။ မကောင်းသော အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် စကားလုံးများဖြင့် မွမ်းမံနေကြခြင်းဖြစ်၍ ရွံရှာစက်ဆုပ်လျက်ရှိလေသည်။

ဒေးဗစ်သည် လွှတ်တော်ဥက္ကဋ္ဌအား မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ သူသည် ဤပွဲတွင် စကားမပြော၍ မဖြစ်။ ပြောကိုပြောမှ ဖြစ်မည်။ ပါတီနှင့် မဲဆန္ဒရှင်များအပေါ် ကျူးလွန်ခဲ့သည့် သစ္စာဖောက်မှုကြီးတစ်ခုကို သည်အတိုင်း လက်ပိုက်ကြည့်နေ၍ မဖြစ်။ သူ့ဘဝတစ်လျှောက်လုံး စဉ်းစားကြံဆခဲ့သမျှ၊ လုပ်ခဲ့ကိုင်ခဲ့သမျှနှင့် တိုက်ပွဲဝင်ခဲ့သမျှသည် ဤကိစ္စ အောင်မြင်ရေး ဖြစ်၏။ အခုတော့ ကိစ္စသည် ချောင်ထိုးခံရပြီ။

ထိုမျှသာမကသေး၊ အတိုက်အခံ တိုရီပါတီဝင် အမတ်များ၏ ပြင်းတင်းချမှုနှင့် ဝေဖန်သုံးသပ်မှုများကို အလူးအလဲ ခံနေရ၏။ အချို့ကဆိုလျှင်

ယခု တင်လာသည့် ဥပဒေကြမ်းကို လုံးဝ အသုံးမကျ၊ အရာမရောက်သည့် အရာတစ်ခုအဖြစ် ပြောဆိုနေကြ၏။ အထူးသဖြင့် အလုပ်ရှင်များဘက်မှ ရပ်တည်ပြီး ပြောနေသော တိုရီအမတ် စတုံး၏ စကားအသုံးအနှုန်းများသည် မခံချင်စရာကောင်းလှချေသည်။

မည်သို့ပင်ဖြစ်စေ သူကတော့ ဤကိစ္စတွင် ခေါင်းငုံ့၍မနေနိုင်။ မိမိနှင့်မိမိတို့ပါတီ၏ ရပ်တည်ချက်နှင့် သဘောထားအမြင်များကို မရှင်းလင်း၍မဖြစ်။ စတုံးသည် သူ့စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူ့နေရာတွင် ဟန်ပါပါနှင့် ထိုင်ချလိုက်သည်။ ဒေးဗစ်သည် ချက်ချင်းပင် သူ့နေရာမှ ခုန်ထလိုက်သည်။ ထို့နောက် သူသည် စကားကို အေးအေးသာသာ စပြောသည်။

'ဒီနေ့တစ်နေ့လယ်လုံး ဒီဥပဒေကြမ်းနှင့် ပတ်သက်ပြီး ဆွေးနွေးသွားကြတဲ့ ကျွန်တော့်မိတ်ဆွေ အမတ်များရဲ့ စကားကို ကျွန်တော် ဂရုတစိုက် အလေးအနက်ထားပြီး နားထောင်ခဲ့ပါတယ်' ဟု ဒေးဗစ်က အစချီသည်။ အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိ၏။ အမတ်အများစုသည် သူ့အပေါ်တွင် အာရုံစူးစိုက်လျက်ရှိကြသည်။

'အသေအချာ နားထောင်လိုက်တဲ့အခါမှာ သူတို့ရဲ့စကားလုံး အသုံးအနှုန်းလှလှလေးတွေနဲ့ တန်ဆာဆင်ထားတဲ့ ဆွေးနွေးချက်တွေဟာ ထဲထဲဝင်ဝင်မရှိရှိမကဘူး၊ အနှစ်သာရ ကင်းမဲ့နေတာကိုပါ ကျွန်တော် သတိထားမိလာပါတယ်။ အထူးသဖြင့် ကျွန်တော့်ရှေ့က ပြောသွားတဲ့ အမတ်မင်းရဲ့ ဆွေးနွေးချက်တွေဟာ နိုင်ငံရေးအရ ဝေါဟာရ အသစ်အဆန်းတွေ အများကြီး သုံးသွားပေမယ့် တကယ့်သတ္တုတွင်း အလုပ်သမားတွေဘဝကို ပီပီပြင်ပြင် မသိမမြင် နားမလည်ဘူးဆိုတာထင်ရှားနေပါတယ်။'

'ဒီလွှတ်တော်ထဲမှာ အခါအခွင့်သင့်တိုင်း အမတ်မင်းများရဲ့အာရုံကို ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ သတ္တုတွင်းနယ်မြေပေါ် စူးစိုက်စိတ်ဝင်စားလာအောင် အားထုတ်ခဲ့ပါတယ်၊ ကြောက်မက်ဖွယ်ကောင်းလောက်အောင် မျှော်လင့်ချက်ကင်းမဲ့နေကြတဲ့ အလုပ်သမား မိသားစုတွေ၊ ဆင်းရဲငတ်ပြတ်လွန်းလို့ နလုံးသားကျေကြေကွဲပျက်စီးနေရတဲ့ အလုပ်သမား မိသားစုတွေ၊ ပင်ပန်းကြီးစွာနဲ့ အသက်စွန့်ရင်းပြီး အလုပ်လုပ်နေကြရပေမယ့် ....တစ်နေ့တခြား စားရမဲ့ သောက်ရမဲ့ အခြေကြောင့် ဘဝပျက်နေကြရတဲ့ အလုပ်သမား မိသားစုတွေကို လက်တွေ့ လာရောက်ကြည့်ရှုဖို့တောင် ကျွန်တော် ကြိုးစားခဲ့ဖူးပါတယ်။'

'တကယ်လို့များ ကျွန်တော့်ရဲ့ ဖိတ်ကြားချက်ကို အမတ်မင်းတို့လက်ခံပြီး လိုက်ကြည့်ကြမယ်ဆိုရင် မြင်ရတာတွေဟာ အံ့သြစရာကောင်းလွန်းကြ



ပါးစပ်အဟောင်းသားနှင့် ဖြစ်ကုန်ကြမှာပါ၊ ဒီလူတွေ ဒီကမ္ဘာကြီးပေါ်မှာ ဘယ်လိုများ နေထိုင်ကြပါလိမ့်ဆိုတဲ့ မေးခွန်းကိုလည်း မေးမိကြမှာပါ၊ အဲဒီမေးခွန်းကိုဖြေရရင်တော့ ဒီလူတွေဟာ ဘဝရှင်သန်ပြီး နေထိုင်နေကြတာ မဟုတ်ပါဘူး။ အားလုံးဟာ တည်ရှိနေကြတာပါ၊ သူတို့ဟာ ပျက်စီးယိုယွင်းပြီး ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာ အလျှင်းမရှိတဲ့ လောကတစ်ခုမှာ ဖြစ်ပေါ်တည်ရှိနေကြတာပါ။'

'ဒါတွေဟာ ကျွန်တော် စိတ်ကူးယဉ်ပြီး ပုံကြီးချဲ့ပြောနေတာ မဟုတ်ပါဘူး၊ မနိုင်တဲ့ ဝန်ထုပ်ဝန်ပိုးကြီးကိုထမ်းပြီး လူ့ပ်ရှားနေရတဲ့ သူတို့ရဲ့ဘဝအမှန်ကို ကျွန်တော် ပြောပြနေတာပါ၊ ဒီနေရာမှာ အဲဒီဘက် ခရိုင်အတွင်းကို ရောက်ရှိခဲ့ကြတဲ့ ကျောင်းကျန်းမာရေး အရာရှိတွေရဲ့ နှစ်စဉ် အစီရင်ခံစာတွေကို သက်သေပြပါရစေ။'

'အဲဒီ အစီရင်ခံစာတွေဟာ အထက်လူကြီးတွေ အကြိုက်ကိုလိုက်ပြီး လိမ်ညာလုပ်ကြံရေးထားတဲ့ အစီရင်ခံစာတွေ မဟုတ်ပါဘူး၊ အဖြစ်မှန် အခြေအနေမှန်တွေကို သိလာမြင်လာပြီး ပြပြင်နိုင်အောင် တင်ပြထားတဲ့ အစီရင်ခံစာတွေပါ၊ အဲဒီ နယ်မြေထဲက ကလေးသူငယ်တွေမှာ အဝတ်အထည် မရှိတာ၊ ဖိနပ်တောင် စီးစရာမရှိလို့ အလွန်အေးမြတဲ့ နှင်းတောထဲ ဖိနပ်မပါဘဲ လျှောက်နေရတာ၊ အာဟာရဓာတ် ပြည့်ဝအောင် မစားရလို့ လူနဲ့သူနဲ့မတူဘဲ ကမ္ဘဋ္ဌာန်းရုပ်ကောင်လိုဖြစ်နေရတာ စတဲ့ လူမှုရေးအနိဋ္ဌာရုံတွေကို အဲဒီ အစီရင်ခံစာတွေထဲမှာ အတိအကျဖော်ပြထားပါတယ်။'

'အစီရင်ခံစာဆိုတာ လိမ်ညာဝါဒဖြန့်ပြီး စိတ်ကူးနဲ့ရေးရတဲ့အလုပ် မဟုတ်ပါဘူး၊ ပြည်သူရဲ့ အခွန်ဘဏ္ဍာထဲက လစာကို ယူနေကြတဲ့ ပြည်သူ့ဝန်ထမ်းတွေက ပြည်သူတွေရဲ့ ဘဝမှန် အခြေအနေမှန်တွေကို ပြုပြင်ပေးနိုင်အောင် တင်ပြရတဲ့ အလုပ်ပါ၊ မိမိရဲ့ ရာထူးတည်မြဲရေးနှင့် ရာထူးတိုးတက်ရေး တစ်ခုတည်းကိုကြည့်ပြီး အမှန်အတိုင်း၊ အရှိအတိုင်း မတင်ပြဘဲ လိမ်ညာဝါဒဖြန့်ပြီး တင်ပြရတဲ့ အလုပ် မဟုတ်ပါဘူး၊ ဒါကြောင့်မို့ အဲဒီအစီရင်ခံစာတွေဟာ အင်မတန်မှ ခိုင်လုံတဲ့ သက်သေ အထောက်အထားတွေပါ။'

'မကြာသေးခင်က ဒီလွှတ်တော် ဖွင့်တဲ့နေ့မှာ တရားမျှတမှု ဆိုတဲ့ စကားလုံးကို တွင်တွင်ပြောသွားခဲ့ကြပါတယ်၊ အမတ်တစ်ဦးကဆိုရင် သတ္တုတွင်းအလုပ်သမားတွေအပေါ်မှာ ကျင့်သုံးနေခဲ့တဲ့ မတရားမှုတွေကို အမြန်ဆုံး ဖယ်ရှားဖို့တောင် ပြောနေခဲ့ပါတယ်၊ လူလူချင်း မတရားမှုပြုတာလောက် ဆိုးဝါးယုတ်မာတဲ့အလုပ်ဟာ မရှိဘူးတဲ့၊ လူ့လောကမှာ အဲဒီ ဒုစရိုက်မှုကြီး ကျင့်သုံးနေသမျှကာလပတ်လုံး ဘယ်တော့မှ မသာယာ မဝပြောနိုင်ဘူးတဲ့။'

'ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ လူဟာ လူပါပဲ၊ အာဏာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူဟာလူပဲ၊ လူ့သဘာဝအရ တရားမျှတမှုကို လိုချင်ကြတာပါပဲ၊ မတရားတာလုပ်နေရင် မခံချင်ကြပါဘူး၊ လူတွေကို အဲဒီ သဘောသဘာဝအပေါ်မှာ ရပ်တည်နေခွင့်ဟာ ပေးသင့်တဲ့ အခွင့်အရေးပါ။'

'သတ္တုတွင်း အလုပ်သမားတွေဟာ လူကြီးမင်းတို့ဆီက တရားမျှတမှုကို လိုချင်နေကြပါတယ်၊ ဒါပေမဲ့ အခု လွှတ်တော်မှာ တင်ပြထားတဲ့ ဥပဒေကြမ်းဟာ တရားမျှတမှုကို မပေးပါဘူး၊ ဒီလွှတ်တော်အနေနဲ့ ကျောက်မီးသွေးတူးဖော်မှု လုပ်ငန်းရဲ့ သဘောသဘာဝဟာ တခြားလုပ်ငန်းတွေနဲ့ အလွန် ခြားနားတယ် ဆိုတာ လုံးဝ နားမလည်ပါဘူး၊ ဒီလုပ်ငန်းဟာ ဝိသေသလက္ခဏာ ထူးခြားတဲ့ လုပ်ငန်းပါ။'

'မြေကြီးထဲက ကျောက်မီးသွေးကို တူးဖော်ရရှိရုံ သက်သက်မျှသာပဲလို့ ထင်ရင် သိပ်မှားပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ စက်မှုလက်မှု လုပ်ငန်းအားလုံးရဲ့ တစ်ဝက်ကျော်လောက်ကို ဖွံ့ဖြိုးတိုးတက် ကြွယ်ဝအောင် လုပ်ပေးနေတဲ့ အခြေခံ လုပ်ငန်းကြီးပါ၊ အဲဒီလုပ်ငန်းကြီးကို လုပ်ပေးနေရတဲ့ အလုပ်သမားတွေမှာတော့ အသက်နဲ့ရင်းပြီး လုပ်နေကြရပေမယ့် ဆင်းရဲမွဲတေ ငတ်ပြတ်ပြီး ဒုက္ခတွင်းကြီး ထဲမှာ နစ်နေကြပါတယ်။'

'ကျောက်မီးသွေး လုပ်ငန်းထဲမှာ မတရားမှုတွေ သိပ်များနေတဲ့အတွက် အဲဒီဟာတွေကို ဖယ်ရှားဖို့ စဉ်းစားလုပ်ကိုင်လာခဲ့ကြတာ ကြာပါပြီ၊ ဒီလုပ်ငန်း တွေအပေါ်မှာ နိုင်ငံတော်က ချုပ်ကိုင်ကြီးကြပ်ပေးဖို့ လိုအပ်လာပြီဆိုတာလည်း သိနားလည်လာခဲ့ကြတာ ကြာပါပြီ၊ ကျောက်မီးသွေးတွင်း လုပ်ငန်းကို သိပ္ပံနည်း ကျကျ ပြန်လည်ပြုပြင် လုပ်ကိုင်သွားဖို့အတွက် နိုင်ငံပိုင်လုပ်မှ ဖြစ်လိမ့်မယ်ဆိုတဲ့ အယူအဆကိုလည်း ကော်မရှင်အဖွဲ့နှစ်ဖွဲ့က တင်ပြခဲ့တာ ကြာပါပြီ။'

'အခုလက်ရှိအစိုးရဟာ အာဏာကို မရခင်က ကျောက်မီးသွေးတွင်းများ နိုင်ငံပိုင်လုပ်ရေးကို ရည်မှန်းချက်တစ်ခုအဖြစ်ထားပြီး ကြွေးကြော်သံ ဆောင်ပုဒ် တစ်ခုအဖြစ် လက်စွဲပြုခဲ့ကြပါတယ်၊ အခုကျတော့ ဒီဆောင်ပုဒ်ကို မေ့ပစ်ကြ တယ်၊ ဒီရပ်တည်ချက်ကို ဥပေက္ခာပြုပစ်ကြတယ်၊ အဲဒါ ဘာဖြစ်တာလဲ၊ ဘာ ကြောင့်လဲ၊ တစ်မျိုးသားလုံးရဲ့ကိုယ်စား ဒီလုပ်ငန်းကို နိုင်ငံတော်က ချုပ်ကိုင်ပြီး တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ကြရမယ်ဆိုတဲ့ ရည်မှန်းချက်ဟာ အဘယ်ရောက်သွားပြီလဲ။'

'ဒီလွှတ်တော်အနေနဲ့ ကျွန်တော် အခု တင်ပြသွားတဲ့ အချက်တွေကို အလေးအနက်ထားပြီး ပြန်စဉ်းစားဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်၊ တောင်းဆို



ပါတယ်၊ အဆိုပြုပါတယ်၊ အထူးသဖြင့် ကျွန်တော့်ရဲ့ ပါတီဝင် လုပ်ဖော်ကိုင်ဖက် တွေကို မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ကို ဒီလွှတ်တော်ထဲရောက်အောင် ပို့ပေးလိုက်တဲ့လူတွေနဲ့ ကိုယ့်ယုံကြည်ချက်ကို သစ္စာမဖောက်ကြဖို့ပါ'

ဒေးဗစ်သည် သူ့စကားကို အဆုံးသတ်ကာ သူ့နေရာတွင် ပြန်ထိုင်လိုက် သည်။ လွှတ်တော်ခန်းမကြီးထဲတွင် အပ်ကျသံပင် ကြားရလောက်အောင် တိတ် ဆိတ်ငြိမ်သက်သွားသည်။ ဒေးဗစ်၏ စကားများသည် လွှတ်တော်အပေါ်၌ ဩဇာ လွှမ်းမိုးသွားသည်မှာ ထင်ရှားနေသည်။ ထိုအခိုက်မှာပင် ဘက်ဘင်တန်၏ အသံ သည် ထွက်ပေါ်လာသည်။

'စလီစကေး မဲဆန္ဒနယ်မြေက အမတ်မင်းအနေနဲ့ လက်ရှိအစိုးရဟာ ကျောက်မီးသွေးတွင်းတွေကို နိုင်ငံပိုင် လုပ်ရာမှာ ခွေးလိုင်စင်ယူသလို အလွန် လွယ်ကူလိမ့်မယ်လို့ ယုံကြည်နေဟန်တူပါတယ်'

သူ့စကားကြောင့် လွှတ်တော်ထဲတွင် ရယ်သံများ လွှမ်းသွားသည်။ နောက်ဘက်ခုံတန်း တစ်နေရာမှ တိုရီပါတီဝင် လူရွယ်အမတ်သည် ခွေးဟောင်သံ လုပ်ပြသည်။ ရယ်သံများသည် ပို၍ကျယ်လောင်ရုံမျှမက အတောမသတ်နိုင်အောင် ဖြစ်လာသည်။ အမတ် အများအပြားသည် ထိုင်ရာမှ ထကုန်ကြသည်။ အလွန် အရေးကြီးသည့် ကိစ္စရပ်တစ်ခုသည် ရယ်မောသံများဖြင့် အဆုံးသတ်သွားခဲ့၏။ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော ဒေးဗစ်သည် လွှတ်တော်ထဲမှနေ၍ လူမသိ သူမသိ ထွက်လာခဲ့လေသည်။

* * * * *

## (၆၃)

ဒေးဗစ်သည် စိန့်ဂျိမ်းပန်းခြံတွင်းသို့ ဝင်လာခဲ့သည်။ သူသည် အရှုံးနှင့်ရင်ဆိုင် ခဲ့ရသည့်အတွက် သိမ်ငယ်ခြင်းလည်း မဖြစ်၊ ရှက်စိတ်ဝင်ခြင်းလည်း မရှိ။ ဘက် ဘင်တန်က သရော်လိုက်သည့် စကားအတွက်လည်း စိတ်ထဲတွင် နာကျင်ခြင်း လည်း မဖြစ်မိ။ လွှတ်တော်တစ်ရပ်လုံးက ဝိုင်း၍ လှောင်ပြောင်ရယ်မောကြခြင်း အတွက်လည်း သူ့စိတ်ထဲတွင် နာလိုခံခက်မဖြစ်။ သို့သော်လည်း ဝမ်းနည်း ကြေကွဲမှုကတော့ သူ့စိတ်ကို လွှမ်းခြုံထားသည်။

သူသည် ပန်းခြံထဲ၌ အချိန်အတော်ကြာမျှ ရပ်နေသည်။ လမ်းပေါ်မှ တက္ကစီကားသံများနှင့် ဘတ်စ်ကားသံများကို အဆက်မပြတ် ကြားနေသည်။

သူသည် လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသည့် လူများအား ငေးကြည့်နေသည်၊ သူ၏ ဝမ်းနည်းကြေကွဲမှုသည် အခုချိန်အထိ ပျောက်မသွားသေး။

လမ်းပေါ်မှလူများသည် ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်သည်။ ကိုယ့်ရည်မှန်းချက်နှင့်ကိုယ် ဖြစ်သည်။ လူတစ်ဦးချင်းစီသည် ဘဝရေစီးကြောင်းကြီးထဲ၌ အများနှင့်ရောနှောပြီး သွားနေကြသော်လည်း သူတို့ ရှင်သန်နေကြသည်မှာ ကိုယ့်စိတ်ဝင်စားမှုနှင့်ကိုယ် ဖြစ်၏။ ကိုယ့်စိတ်သာယာဖို့၊ ကိုယ့်ဘဝ တိုးတက်ဖို့၊ ကိုယ့်အတွက်သာ ကိုယ်ကြည့်ပြီး လှုပ်ရှားရှင်သန်နေကြခြင်းသာ ဖြစ်၏။ ထိုအတွေးသည် ဒေးဗစ်၏စိတ်ကို များစွာ တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ စိတ်ဓာတ်လည်း အကြီးအကျယ် ကျသွားစေခဲ့သည်။

သူသည် ချက်ချင်းပင် ပန်းခြံထဲမှ ထွက်လာခဲ့သည်။ သူသည် ဟေးမားကက်ဘက်သို့ လျှောက်လာခဲ့သည်။ ဟေးမားကက်ထဲရှိ ပင်တန်လမ်းထောင့်တွင် လူလေးယောက်သည် သီချင်းဆိုနေကြသည်။ သူတို့လူစုသည် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများ ဖြစ်သည်ကို ဒေးဗစ် သတိထားမိ၏။ အားလုံး လူငယ်တွေချည်းဖြစ်၍ ဝေလဘာသာစကားဖြင့် သီချင်းတစ်ပုဒ်ကို သီဆိုနေကြခြင်း ဖြစ်၏။ သူတို့သည် ခြေသလုံးအိမ်တိုင်သမားများ ဖြစ်သည်ကို မြင်ရုံမျှဖြင့် သိသာနေသည်။ သူတို့သည် သီချင်းဆို၍ ငွေတောင်းနေကြခြင်း ဖြစ်လေသည်။

ဒေးဗစ်သည် ပစ်ကာဒယ်လီဘက်သို့ ဆက်လျှောက်လာသည်။ သူသည် ဘူတာထဲသို့ဝင်ကာ ရထားလက်မှတ်တစ်စောင် ဝယ်သည်။ မကြာခင် ဝင်ရောက်လာသည့် မီးရထားပေါ်သို့တက်၍ လိုက်လာခဲ့သည်။ သူနှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော အလုပ်သမားသည် ညနေထုတ် သတင်းစာထဲမှ သူ့မိန့်ခွန်းကို ဖတ်နေသည်။ သူ ပြောခဲ့သည့် စကားများအပေါ် ဘယ်လိုမြင်သလဲဟု မေးလိုက်ချင်သောဆန္ဒသည် ပြင်းစွာပေါ်လာသည်။ သို့သော်လည်း သူသည် မမေးဖြစ်ချေ။

ဘတ်တားဆီးဘူတာသို့အရောက်တွင် သူသည် ရထားပေါ်မှဆင်းခဲ့ပြီး ဘလောင့်လမ်းဘက်သို့ လျှောက်လာခဲ့သည်။ အမှတ် ၃၃ အိမ်ထဲသို့ ဝင်လာသည့်အခါ ပင်ပန်းနွမ်းနယ်သည့်ဝေဒနာကို ခံစားလာရ၏။ သူသည် လှေကားထစ်များကို ဖြည်းဖြည်းချင်းနင်း၍ တက်လာခဲ့သည်။ သို့သော်လည်း လှေကားသုံးလေးထစ်အရောက်တွင် မစ္စက်တပ်ကားက သူ့အား လှမ်းခေါ်သည်။ သူမသည် ဧည့်ခန်းထဲမှနေ၍ ခေါ်လိုက်ခြင်း ဖြစ်၏။

'ဒေါက်တာဘားရပ်စ် ဖုန်းဆက်တယ်' ဟု သူမက ပြောသည်။ 'ဆက်တာ အကြိမ်မနည်းတော့ဘူး၊ ဘာကိစ္စဆိုတာလည်း ပြောမထားဘူး'

'ကျေးဇူးပဲ မစ္စက်တပ်ကား'



'မင်း ပြန်လာချိန်လောက်မှာ တစ်ခါထပ်ဆက်မယ်လို့တော့ ပြောတာပဲ'

'ဟုတ်ကဲ့ပါ'

ဟစ်လ်ဒါသည် လွှတ်တော်ထဲ၌ သူ ယနေ့ပြောခဲ့သော မိန့်ခွန်းအတွက် ချီးကျူးဖျောင်းဖျရန် ဆက်ခြင်း ဖြစ်လိမ့်မည်ဟု သူ တွေးသည်။ သို့ဖြစ်ရာ အခု ချက်ချင်း ပြန်ဆက်ဖို့မလိုဟု သူ ထင်သည်။

'ဒေါက်တာ ဟစ်လ်ဒါဘားရပ်စ်ကို မင်းပြန်ရောက်ရင် ဖုန်းဆက်ခိုင်းပါမယ်လို့ ငါ ကတိပေးထားတယ်' ဟု မစ္စက်တပ်ကားက ထပ်ပြောသည်။

'ဩော်....ဟုတ်လား' ဟု ဒေးဗစ်က ရေရွတ်ကာ တယ်လီဖုန်းဆီသို့ လျှောက်သွားသည်။ သူ ဟစ်လ်ဒါ့ထံ ဖုန်းဆက်နေခိုက်တွင် မစ္စက်တပ်ကားသည် သူ့အခန်းတံခါးကို ပိတ်လိုက်သည်။ သူ တယ်လီဖုန်းနံပါတ်ကို လှည့်အပြီး ချက်ချင်းပင် ဟစ်လ်ဒါ၏အသံကို ကြားရသည်။ ဟစ်လ်ဒါသည် တယ်လီဖုန်းနားမှ ထိုင်စောင့်နေသည်မှာ ထင်ရှား၏။

'ဟယ်လို ....ဟစ်လ်ဒါ'

'ဟုတ်တယ်....ဒေးဗစ်၊ ဒီနေ့တစ်နေ့ခင်းလုံး ရှင့်ဆီဆက်နေတာ မရဘူး'

'ဟုတ်လား၊ ဘာကိစ္စလဲ'

'ဟစ်လ်ဒါ .... ရှင့်ကို ချက်ချင်းတွေ့ချင်တယ်၊ အရေးကြီးလို့ ....'

'နေပါဦးလား ဟစ်လ်ဒါရယ်၊ သိပ်အရေးမကြီးရင် အခုမလာပါရစေနဲ့၊ နည်းနည်းပင်ပန်းနေလို့ပါ'

'မဟုတ်သေးဘူး၊ အခုလာမှဖြစ်မှာ၊ ကိစ္စက သိပ်အရေးကြီးတယ်၊ အခု ချက်ချင်းတွေ့မှ ....'

'ဘာကိစ္စလည်း ဟစ်လ်ဒါရယ်'

'တယ်လီဖုန်းက မပြောပါရစေနဲ့၊ အို .... ဒေးဗစ်ရယ်၊ ကိစ္စက ရှင့်မိန်းမကိစ္စ'

သူသည် တယ်လီဖုန်းကို ကိုင်ကာ တစ်ခဏမျှ ငိုင်သွားသည်။ 'ဂျင်နီလား' ဟု မေးသည်။

'ဟုတ်တယ်'

'မင်း ဂျင်နီနဲ့ တွေ့လို့လား၊ သူ အခု ဘယ်မှာလဲ၊ ပြောပြစမ်းပါ၊ သူ ဘယ်မှာလဲဆိုတာ မင်းသိလား ဟစ်လ်ဒါ'

'ဟုတ်တယ်၊ ဟစ်လ်ဒါ သိတယ်'

'ဒါဆိုရင်ပြောလေ၊ သူ အခု ဘယ်မှာလဲ'

'ဟစ်လ်ဒါ့ဆီကိုသာ လာခဲ့ပါ၊ ဒါမှမဟုတ်လို့ ဟစ်လ်ဒါ လာရမယ်ဆိုရင်လည်း အခုချက်ချင်း လာခဲ့မယ်၊ တယ်လီဖုန်းနဲ့ ပြောလို့ကတော့ မဖြစ်ဘူး'

'ကောင်းပြီလေ၊ ဒါဆိုရင်လည်း ကိုယ် အခုချက်ချင်းပဲ မင်းဆီကိုလာခဲ့မယ်'

သူသည် တယ်လီဖုန်းကို ပြန်ချလိုက်ပြီး အပြင်သို့ အပြေးအလွှားထွက်လာခဲ့သည်။ တက္ကစီကားတစ်စီးကိုတား၍ ဟစ်လ်ဒါအခန်းသို့ လာခဲ့သည်။ ခုနစ်မိနစ်ခန့်မျှအကြာတွင် သူသည် ဟစ်လ်ဒါ၏ အခန်းတံခါးဝ၌ရပ်ကာ ဘဲလ်ကို နှိပ်နေပြီဖြစ်၏။

အခန်းတံခါးကို လာဖွင့်ပေးသူမှာ ဟစ်လ်ဒါ ကိုယ်တိုင် ဖြစ်သည်။ သူသည် ဂျင်နီအား ဟစ်လ်ဒါနှင့် အတူရှိနေလိမ့်မည်ဟု တွက်ထားခဲ့၏။ ထို့ကြောင့်သာလျှင် သူ့အား သူမထံ အမြန်ဆုံးလာရန် ခေါ်ခြင်းဖြစ်ရမည်ဟု သူ တွေးထားခဲ့သည် မဟုတ်ပါလား။

သို့သော်လည်း သူထင်သလို မဟုတ်ကြောင်းကို ဟစ်လ်ဒါက ခေါင်းခါပြခြင်းဖြင့် အဖြေပေးခဲ့သည်။ သူ့အား အခန်းထဲသို့ခေါ်သွားပြီး ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ သူမကိုယ်တိုင်လည်း သူနှင့် မျက်နှာချင်းဆိုင်၌ ဝင်ထိုင်သော်လည်း သူ့မျက်နှာကို မော့မကြည့်။ သူမသည် ပြောရမည်ကို ဝန်လေးနေဟန် ရှိ၏။

'ဘာလဲ ဟစ်လ်ဒါ၊ ဘာဖြစ်တာလဲ၊ ပြောရမယ့်အတူတူ ပြောသာပြောပါ'

'ဂျင်နီ ဒီနေ့ ကျွန်မဆီကိုလာတယ်'

'နေမကောင်းလို့လား'

'ဟုတ်တယ် ....နေမကောင်းဘူး'

'အခု ဆေးရုံမှာလား'

'ဟုတ်တယ်၊ ဆေးရုံမှာ'

'သူ ဘာဖြစ်တာလဲ ....အခြေအနေဆိုးလား'

'ဟုတ်တယ် ....ဆိုးတယ်' ဟစ်လ်ဒါသည် ဒေးဗစ်၏မျက်နှာကို မကြည့်။

'သူ ဒီနေ့ အပြင်လူနာဌာနကို ရောက်လာတယ်၊ သူ့အခြေအနေ ဘယ်လောက်အထိ ဆိုးတယ်ဆိုတာ သူ မသိဘူး၊ ဒါပေမဲ့ လူချင်းသိနေလို့ ဝင်လာပြီး စုံစမ်းတဲ့သဘောပဲ'

'အခြေအနေက သိပ်ဆိုးသလား'

'အင်း ....ဆိုးတယ်လို့ ဆိုရမှာပဲ၊ ခန္ဓာကိုယ်အတွင်းပိုင်းမှာ ဖြစ်တာဆိုတော့ ....'

ဒေးဗစ်သည် ဟစ်လ်ဒါအား စိုက်ကြည့်နေသည်။

'ကိုယ် ....အခု ဆေးရုံကို သွားချင်တယ်၊ မင်းရော လိုက်ခဲ့မလား၊ ကိုယ် တစ်ယောက်တည်း သွားရမလား'



ပြောပြောဆိုဆို သူသည် ထိုင်ရာမှထကာ တံခါးဆီသို့ လျှောက်သွားသည်။

'ဟစ်လ်ဒါ သူ့ကို စိန့်အယ်လီဇဘက် ဆေးရုံမှာ တင်ခွင့်မရခဲ့ဘူး၊ အစွမ်းကုန် ကြိုးစားပေမယ့် မရဘူး၊ နောက်ကွယ်မှာ အကြောင်းတစ်ခု ရှိနေတယ်။ အကြောင်းက အို ....ဒါတွေကို ထားလိုက်ပါတော့၊ သူ့ကို တခြားဆေးရုံမှာတင်ဖို့ လုပ်ပေးခဲ့ရတယ်'

'ဘယ်ဆေးရုံမှာလဲ'

ဟစ်လ်ဒါက ဒေးဗစ်၏မျက်နှာကို ကြည့်နေသည်။

'ကင်ဒွန်လမ်းထဲက လော့ခ်ဆေးရုံမှာ'

ပထမတော့ ဒေးဗစ်သည် နားမလည်နိုင်သည့် မျက်နှာထားဖြင့် ဟစ်လ်ဒါအား ငေးကြည့်နေသည်။ စိတ်ထိခိုက်ခြင်းကို ဖော်ပြသည့် အသံတစ်သံသည် သူ့ပါးစပ်မှ ထွက်လာသည်။

'ကျွန်မ ....မတတ်သာလွန်းလို့ပါ' ဟု ဟစ်လ်ဒါက ပြောသည်။ ဒေးဗစ် စိတ်ထိခိုက်သွားသည်ကို မကြည့်ရက်သဖြင့် မျက်နှာကို တစ်ဖက်သို့ လွှဲထားသည်။

'သူတို့က ကိုယ့်ကို တွေ့ခွင့်ပြုပါ့မလား'

'ပြုမှာပါ၊ ခွင့်ပြုအောင် ဟစ်လ်ဒါ စီစဉ်ပေးနိုင်ပါတယ်၊ ဒါမှမဟုတ်ရင်လည်း ကျွန်မကိုယ်တိုင် လိုက်ပို့ပေးရမလား'

'မပို့ပါနဲ့၊ ကိုယ့်ဘာသာကိုယ်ပဲ သွားမယ်'

ဒေးဗစ်သည် ဟစ်လ်ဒါ ဖုန်းဆက်ပြီးသည်အထိ ရပ်စောင့်နေသည်။ ပြီးသည်နှင့်တစ်ပြိုင်နက် အခန်းထဲမှ အမြန်ထွက်လာခဲ့၏။ လှေကားမှအဆင်းတွင် မိုက်ခနဲ ဖြစ်သွားသဖြင့် လှေကားလက်ရန်းကိုကိုင်၍ ရပ်နေရသည်။ သူ နေ့လယ်စာ မစားရသေးသည်ကို အခုမှပင် သတိရသည်။ သူသည် ဖြည်းဖြည်းချင်း ဆက်ဆင်းလာခဲ့သည်။ အောက်ဆုံးထပ် တိုက်ခန်းတစ်ခန်းမှ ဓာတ်စက်ဖွင့်သံကို ကြားနေရသည်။ သီချင်းမှာ "မင်းဟာလေ ....ကိုယ့်နှလုံးသားရဲ့ သာယာကြည်နူးရာပါကွယ်" သီချင်း ....။ အခုတလော လန်ဒန်မြို့ပေါ်ရှိ နေရာတိုင်းတွင် ဤသီချင်းသံကိုသာ ကြားနေရ၏။

လမ်းဘေးတစ်နေရာသို့အရောက်တွင် ကော်ဖီဆိုင်တစ်ဆိုင်တွေ့သဖြင့် ကော်ဖီတစ်ခွက်နှင့် အသားညှပ်ပေါင်မုန့်တစ်ခုကို စားသောက်လိုက်သည်။ ထို့နောက်တော့ တက္ကစီတစ်စီးနှင့် လော့ခ်ဆေးရုံသို့ လာခဲ့သည်။ ဆေးရုံဝင်းတံခါးစောင့်မှာ အဘိုးကြီး ဖြစ်သည်။ အဘိုးကြီးက သူ့အား ခဏစောင့်ခိုင်းထားပြီး လူနာဆောင်သို့ ဖုန်းဆက်သည်။ ပြီးမှ သူ့အား ဝင်ခွင့်ပြုသည်။ သူ လူနာဆောင်

သို့ ရောက်သွားသည့်အခါ တိုးတိုးလေးသာ ဖွင့်ထားသည့် ဓာတ်စက်မှ သီချင်းသံကို ကြားရပြန်သည်။ "မင်းဟာလေ ....ကိုယ့်နှလုံးသားရဲ့ သာယာကြည်နူးစရာပါကွယ်" သီချင်း ....။

အဆောင်တစ်ခုလုံးတွင် အဖြူရောင် လွှမ်းနေသည်။ သူ့ဇနီး ဂျင်နီသည် အစွန်ဆုံး ခုတင်ပေါ်၌ လှဲနေသည်။ 'ဂျင်နီ' ဟု တိုးတိုးအသံပေးသည်။ ဂျင်နီက သူ့အားမော့ကြည့်ပြီး ပြုံးပြသည်။ 'မောင် လာလိမ့်မယ်လို့ ဂျင်နီ ထင်သားပဲ' ဟု ပြောသည်။ သူသည် ဂျင်နီ၏ ခုတင်ဘေးမှခုံတွင် ဝင်ထိုင်သည်။

ဂျင်နီ၏ မျက်လုံးအစုံသည် ဝမ်းနည်းကြေကွဲခြင်းကို အထင်အရှား ဖော်ပြနေသည်။ မျက်နှာသည် ပိန်ချုံးလျက်ရှိသော်လည်း အလှကတော့ မပျက်သေး။ အခုချိန်အထိ အိုစာမကျသေး။ လှနေဆဲဟုပင် ဆိုနိုင်သည်။ သို့သော်လည်း အလှတို့သည် လွင့်စဉ်ပျောက်ကွယ်သွားတော့မည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။

'ဂျင်နီက ....မောင် လာမှာပဲလို့ ထင်ထားသားပဲ' ဟု ဂျင်နီက ထပ်ပြောပြန်သည်။ 'ဂျင်နီလေ ....ဒေါက်တာဟစ်လ်ဒါဘားရပ်စ်ဆီကို ရောက်သွားတယ်၊ ဂျင်နီက နေမကောင်းဖြစ်ရင် သူစိမ်းတစ်ရံဆံ ဆရာဝန်နဲ့ မပြချင်ဘူး မောင်ရဲ့၊ သိရဲ့လား ....ဟစ်လ်ဒါနဲ့ ဂျင်နီက စလီစကေးမှာ နေတုန်းကတည်းက ခင်မင်လာခဲ့ကြတာဆိုတော့ သူ့ဆီ ရောက်သွားတာပေါ့၊ ပြီးတော့လည်း ဂျင်နီ သူ့ဆီ ရောက်သွားရင် ဂျင်နီဆီကို မောင် လာမှာပဲလို့ တွက်ထားတယ်လေ'

'ဒီမှာနေရတာကော အဆင်ပြေရဲ့လား'

'အို ...အဆင်ပြေပါတယ်၊ ဒီအဆောင်ဟာ ဆင်းရဲတဲ့ လူနာတွေကိုထားတဲ့ အဆောင် ဆိုပေမယ့် တာဝန်ကျ ဆရာမတွေက သိပ်ကိုသဘောကောင်းပါတယ်'

'မင်း အဆင်ပြေတယ်ဆိုလို့ မောင် ဝမ်းသာပါတယ်'

ဂျင်နီသည် ဒေးဗစ်အား ပြုံး၍ကြည့်နေသည်။ သို့သော်လည်း သူ့အပြုံးသည် အသက်မပါ၊ လျော့ရဲရဲနိုင်လှ၏။ ဝမ်းနည်းကြေကွဲခြင်းကို ဖုံးကွယ်မထားနိုင်။

'မင်း ဘာပြုလို့ မောင့်ဆီကို စာမရေးတာလဲ၊ တကယ်လို့သာ စာရေးပြီး အကြောင်းကြားရင် အခုလို ဘယ်ဖြစ်မလဲ'

'မထူးပါဘူးလေ' ဟု ဂျင်နီက ပြောသည်။ 'ဂျင်နီလေ ....မောင့်အကြောင်း ရေးထားတာတွေကို သတင်းစာတွေထဲမှာ အမြဲဖတ်ခဲ့ရတယ်၊ တစ်ခါတုန်းက ဆိုရင် မောင် ဂျင်နီအနားက ဖြတ်လျှောက်သွားဖူးတယ်'

'မင်း ဘာကြောင့် မောင့်ကို နှုတ်မဆက်တာလဲ'

'ပထမတော့ နှုတ်ဆက်မလို့ပါပဲ၊ ဒါပေမဲ့ ....ဂျင်နီမှာ အဖော်ပါနေတာနဲ့



'ဒါပေါ့ ....လေ၊ အဲသည်လိုဆိုတော့လည်း နှုတ်ဆက်လို့ ဘယ်ဖြစ်ပါ့မလဲ'

နှစ်ဦးစလုံး ဘာဆက်ပြောရမှန်း မသိသဖြင့် တိတ်ဆိတ်နေကြပြန်သည်၊ ဒေးဗစ်က စကားမရှိ စကားရှာ၍ 'မင်း လန်ဒန်ကို ထွက်သွားခဲ့တာနော်' ဟု ပြောသည်။

'ဟုတ်တယ်၊ ဂျင်နီက လန်ဒန်ကို အရမ်းသဘောကျခဲ့မိတယ်၊ ရောက်စကတော့ အားလုံး အဆင်ပြေပါတယ်၊ ရောက်ကတည်းက ကံမကောင်းတာတော့ မဟုတ်ပါဘူး၊ ကောင်းကောင်းနေခဲ့ရတဲ့ အချိန်တွေ အများကြီး ရှိခဲ့ပါတယ်၊ နောက်ပိုင်းကျမှသာ ....'

ဂျင်နီက သူမ၏အိပ်ရာဘေး၌ တင်ထားသည့် ရေခွက်ကို လှမ်းယူရန် ဟန်ပြင်သည်။ ဒေးဗစ်က ကပျာကယာ ထယူပေးသည်။ 'ဘာလဲ ....ရေငတ်လို့လား' ဟု မေးသည်။

'မဟုတ်ဘူး၊ အစာအိမ်ကြောင့် ....၊ ကြာကြာ အစာမရှိဘဲ ထားလို့မရတော့ဘူး၊ ဒေါက်တာဟစ်လ်ဒါဘားရပ်စ်က ခွဲပေးမှာ၊ အခု ဂျင်နီ အားမွေးနေရတာ'

ဂျင်နီက ရေခွက်ကို ပြန်ပေးသည်။

'ဂျင်နီ စိတ်မကောင်းပါဘူး၊ ဂျင်နီဟာ မောင့်အပေါ်မှာ မကောင်းခဲ့ဘူး'

'ဒါတွေ ပြန်တွေးမနေပါနဲ့၊ မင်း ပြန်ပြီး နေကောင်းလာအောင်သာ ကြိုးစားပါ'

'ဒီအဆောင်ဟာ ဘယ်လိုအဆောင်ဆိုတာ မောင် သိပါတယ်နော်'

'သိပါတယ်'

ဂျင်နီသည် ဝမ်းနည်းပက်လက် ငိုချလိုက်သည်။ သူမ၏ မျက်လုံးများတွင် နာကြည်းနေသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။

'ဂျင်နီ ရှက်တယ်၊ မောင့်မျက်နှာကို မကြည့်ဝံ့ဘူး'

ဆရာမတစ်ယောက် ရောက်လာသည်။ 'ဒီညဆိုရင် ကောင်းသွားမှာပါ' ဟု ပြောသည်။ ဒေးဗစ်သည် ထိုင်ရာမှ ထရပ်လိုက်သည်။

'မောင် ....မနက်ဖြန် တစ်ခေါက်လာခဲ့ဦးမယ် ....ဂျင်နီ'

ဂျင်နီက မျက်ရည်များကြားမှ ပြုံး၍နှုတ်ဆက်သည်။

'လာခဲ့နော်'

ဒေးဗစ်က ဂျင်နီ၏ပါးကိုနမ်း၍ နှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။ ဆရာမက နောက်မှနေ၍ အေးစက်စက်လေသံဖြင့် လှမ်းပြောသည်။

'လူနာဆောင်ထဲမှာ အခုလိုနမ်းတာ မသင့်တော်ဘူး၊ ဒီလောက်တော့ သိဖို့ကောင်းတယ်'

ဆေးရုံအပြင်ဘက်သို့ ရောက်လာသော ဒေးဗစ်သည် "မင်းဟာလေ —ကိုယ့်နှလုံးသားရဲ့ သာယာကြည်နူးစရာလေးပါကွယ်" ဟူသော သီချင်းသံကို ကြားရသည်။

* * * * *

(၆၄)

အောက်တိုဘာလ၏ ရာသီဥတု သာယာကြည်လင်သော နေ့တစ်နေ့ ဖြစ်သည်။ အချိန်မှာ နံနက်ဆယ့်တစ်နာရီ ထိုးလုနီးနေပြီ။ လင်ဒင်းရပ်ကွက်အတွင်းရှိ သူမ၏ အိမ်ခန်းပြတင်းပေါက်မှနေ၍ အပြင်လောကကို မျှော်ကြည့်နေသော အန်တီကာရိုလိုင်းသည် အပြင်ထွက်၍ လမ်းလျှောက်မည်ဟု ဆုံးဖြတ်လိုက်သည်။ အခုဆိုလျှင် သူမသည် ရာသီဥတု ကောင်းမွန်ပါက မွန်းမတည့်မီ တစ်ကြိမ်၊ မွန်းလွဲပိုင်းတွင် တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ် လမ်းလျှောက်ထွက်သည်။ လန်ဒန်မြို့၌ နေရသည့် အရသာထဲတွင် ဤအလုပ်သည်လည်း သူမအတွက် စိတ်ချမ်းသာစရာကောင်းသော အလုပ်တစ်ခု ဖြစ်ချေသည်။

အန်တီကေရီ လန်ဒန် ရောက်နေသည်မှာ ကြာခဲ့ပြီ။ ရစ်ချတ်ဘားရုပ်မ်သေသွားပြီးနောက် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းကို မော်ဆန်အင်ဂိုလန်ကုမ္ပဏီသို့ ရောင်းလိုက်ကြသည်။ လောဂေဟာကိုလည်း မစ္စတာဂိုလန်ကဝယ်သွားခဲ့၏။ ယင်းအပြောင်းအလဲများ ဖြစ်လာပြီးသည့်နောက် သူ စလီစကေး၌ ဆက်လက်နေထိုင်ဖို့ ဆိုသည်မှာ ဖြစ်နိုင်ပါဦးမည်လော။

သူမအား စလီစကေး၌ ဆက်လက်နေထိုင်ဖို့လည်း တားမည့်သူရှိ။ အာသာသည် ယခင်ကနှင့် လုံးဝမတူ။ အမြဲတစေ သုန်မှုန်ကာ နီးရာလူအား ရန်လိုစိတ် ရှိနေသည်။ အရောင်းအဝယ်ကိစ္စ ဆွေးနွေးပြောဆိုခဲ့ကြသည့်ညက အာသာသည် တိုင်နီကပ်ဆဲလ်သို့ ထွက်သွားခဲ့၏။ ပြန်လာသည့်အခါ တားမရနိုင်လောက်အောင် မူးရူးလာသည်။ သူမကိုခေါ်၍ 'ခင်ဗျားလည်း ခင်ဗျားဘာသာ ခင်ဗျားနေတော့' ဟု ပြောခဲ့၏။ သူ့စကားသည် သူ၏နှလုံးသားကိုဓားနှင့်ထိုးစိုက်ခံလိုက်ရသည့်နှယ် ခံစားခဲ့ရသည်ကို သူ မသိ။

အခုဆိုလျှင် အန်တီကေရီ၏အသက်သည် ခြောက်ဆယ့်လေးနှစ် ရှိခဲ့ပြီ



တစ်နှစ်လျှင် ဝင်ငွေ ပေါင် ၁၂၀ မျှ ရှိနေသဖြင့် သူမအတွက် ပူပင်သောကရောက်စရာမလို။ လန်ဒန်သည် နေလို့ထိုင်လို့ကောင်းသောနေရာ ဖြစ်၏။ ပြီးတော့ သူမ၏တူမ ဟာစ်လ်ဒါနှင့် နီးနီးနားနား နေရသည် မဟုတ်ပါလား။ ဂရေ့စ်နှင့် ခရီးမဝေးလှ။ ဂရေ့စ်သည် သူမအပေါ်တွင် အမြဲတစေ အကြင်နာတရားထားသူ ဖြစ်၏။

ဂရေ့စ်သည် ရိုးရိုးအေးအေးနေတတ်သူ ဖြစ်သည်။ သူမခင်ပွန်းနှင့်အတူ သားသမီးများနှင့်အတူ တောပိုင်းဒေသ၌ လွတ်လပ်စွာ နေထိုင်လျက်ရှိ၏။ သူမသည် ငွေကိုလည်း သိပ်ပြီး အဓိကမထား။ စိတ်ချမ်းသာစွာနှင့် ပျော်ပျော်ရွှင်ရွှင်နေဖို့မှတစ်ပါး အခြားအရာများကို တန်ဖိုးထားလေ့မရှိ။ ကျန်းမာပျော်ရွှင်ရေးသည်သာလျှင် ဂရေ့စ်၏ ရည်မှန်းချက် ဖြစ်လေသည်။

အန်တီကေရီသည် ဘမ်ဟမ်းသို့ နှစ်စဉ်သွားကာ တစ်လ နှစ်လမျှ အချိန်ဖြုန်းလေ့ရှိ၏။ ဘမ်ဟမ်းတွင် လော်ရာ ရှိနေသည် မဟုတ်ပါလား။ လော်ရာမီလင်တန်သည် သူမ၏ခင်ပွန်း နာတာရှည် ရောဂါသည်အား ပြုစုစောင့်ရှောက်နေခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ။ ထိုအရပ်ဒေသသည် အင်္ဂလန်နိုင်ငံတောင်ပိုင်းဒေသဖြစ်၍ အန်တီကေရီ နှစ်သက်သောဒေသ ဖြစ်၏။ မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းသုံးဆယ်ခန့် လူနာများကို ကြည့်ရှုစောင့်ရှောက်ခဲ့ရသော အန်တီကေရီသည် ထိုအလုပ်ကို ယခင်ကလောက် စိတ်ဝင်စားမှု မရှိတော့ပြီ။

သူမ အခုနေထိုင်သည့် လင်ဒင်းရပ်ကွက်သည် သူမအတွက် အသင့်တော်ဆုံးနေရာဟု ထင်သည်။ နွေဦးပေါက်ဆိုလျှင် ပတ်ဝန်းကျင်ရှိ သစ်ပင်များသည် မြစိမ်းရောင် သမ်းနေကြသည်။ လမ်း၏ တစ်ဖက်စွန်းတွင် စိန့်ဖီးလစ်ဘုရားရှိခိုးကျောင်း ရှိသဖြင့် အသက်ကြီးလာကာမှ ဘုရားကျောင်းကို မှန်မှန်သွားလေ့ရှိသည်။

အန်တီကေရီ ရွေးထားသော အခန်းမှာလည်း သူမအတွက် အသင့်တော်ဆုံးအခန်း ဖြစ်၏။ နေထိုင်ကြသည့်လူများမှာ စည်းနှင့်ကမ်းနှင့် နေထိုင်တတ်သူများ ဖြစ်သဖြင့် သူမ၏ ပတ်ဝန်းကျင်သည် ပြဿနာမရှိ။ မစ္စက်ဂစ်တင်း အငှားချထားသည့်လူများမှာ အသက်ကြီးကြီးလူများသာ ဖြစ်သဖြင့် အားလုံးသည် နားအေးပါးအေး နေထိုင်သူများသာ ဖြစ်သည်။

လမ်းလျှောက်ထွက်မည်ဟု ဆုံးဖြတ်ထားသော အန်တီကေရီသည် သူမ၏ဦးထုပ်ကိုယူ၍ ဆောင်းလိုက်သည်။ ထို့နောက် သူမသည် လင်ဒင်းလမ်းအတိုင်းလျှောက်လာခဲ့ပြီး ဝက်စ်ဘွန်းဘက်သို့ ရောက်လာသည်။ သူမသည် လမ်းဘေးရှိဆိုင်များထဲမှ ခင်းကျင်းပြသထားသည့် ပစ္စည်းများကို စိတ်ဝင်တစားကြည့်၍ လျှောက်လာခဲ့လေသည်။

ထို့နောက် မာရက်စတိုးဆိုင်ကြီးရှေ့သို့ ရောက်လာသည်။ သူ အမြဲဝယ်နေကျဆိုင် ဖြစ်သဖြင့် ဆိုင်ထဲသို့ မဝင်ဘဲမနေနိုင်။ သူမသည် ယခင်တစ်ခေါက်ရောက်စဉ်က စာအိတ်ဖောက်သော ကိရိယာလေးတစ်ခုကို တွေ့ခဲ့၏။ ဝယ်ချင်လှန်းလှသော်လည်း ဈေးက ကိုးပဲနိဖြစ်၍ မဝယ်ရဲ။ အခုကျတော့ ခြောက်ပဲနိခွဲဟု ရေးထားသဖြင့် ဝမ်းသာအားရ ဝယ်လိုက်လေသည်။ ဤပစ္စည်းကလေးကို ဟာစ်လ်ဒါအား လက်ဆောင်အဖြစ် ပေးမည်ဟု ရည်ရွယ်ထားသည် မဟုတ်ပါလား။

ထို့နောက်တွင်မူ အန်တီကေရီသည် အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ "စာဖတ်၊ စာရေးနှင့် နားနေရန်" ဟု ရေးထားသော အခန်းထဲသို့ ဝင်ခဲ့သည်။ အခန်းထဲတွင် မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် သတင်းစာများရှိသည်။ အန်တီကေရီသည် သတင်းစာများကို ယူ၍ဖတ်သည်။ မစ္စတာမက်ဒေါ်နယ်က ဘုရင်မင်းမြတ်နှင့် နောက်တစ်ကြိမ် တွေ့ဆုံမည့်အကြောင်း၊ လက်ရှိအစိုးရ၏ ကြေညာချက်များ၊ မကြာခင် ကျင်းပတော့မည့် ရွေးကောက်ပွဲ — စသည်များကို တွေ့ရသည်။

သူမသည် မာရက် စတိုးဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ သူမ ဝယ်ထားသည့်လက်ဆောင်ကို ပေးမည်ဟူသော စိတ်ကူးဖြင့် ဟာစ်လ်ဒါ၏အခန်းရှိရာသို့ လျှောက်လာခဲ့သည်။ ဟာစ်လ်ဒါ၏အခန်းသို့ ရောက်သွားသည့်အခါ အန်တီကေရီသည် စိတ်ရှုပ်သွားသည်။ အခန်းထဲတွင် ဟာစ်လ်ဒါ တစ်ယောက်တည်း မဟုတ်။ ဟာစ်လ်ဒါ့ထံ အလည်လာနေသည့် ဧည့်သည်မှာ ဒေးဗစ်ဖင်းဝစ်။

'ဧည့်သည်ရှိနေလိမ့်မယ်လို့ အန်တီ မထင်ခဲ့မိဘူး....ဟာစ်လ်ဒါ' ဟု တောင်းပန်စကား ဆိုသည်။

'အန်တီက မင်းတစ်ယောက်တည်းပဲဖြစ်မယ်လို့ ထင်မိတာ'

ဟာစ်လ်ဒါက ထလာပြီး ဆီးကြိုသည်။

'လာ....အန်တီ၊ ဒေးဗစ်ဖင်းဝစ်ကို အန်တီ သိတယ်မဟုတ်လား'

အန်တီကေရီသည် ဒေးဗစ်နှင့် လက်ဆွဲနှုတ်ဆက်ရသည်။ အာသာ ငယ်စဉ်က နည်းပြဆရာအဖြစ်နှင့် အိမ်ကို မကြာခဏ ရောက်ခဲ့သော ဒေးဗစ်ကို သူ တရင်းတနှီးခင်ခဲ့သည်။ ထို့နောက်တော့ လွှတ်တော်ထဲ၌ ရဲရဲတောက် မိန့်ခွန်းများ မကြာခဏ ပြောခဲ့သူအဖြစ် သူ ခင်ခဲ့ရသည်။ သူမသည် ဒေးဗစ်ကို အထင်အမြင်ကြီးသူ ဖြစ်သည်။

ဒေးဗစ်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်သည်။

'ကိုယ် သွားတော့မယ် ဟာစ်လ်ဒါ၊ ဒီနေ့မွန်းလွဲပိုင်းမှာ ကိုယ် ဆေးရုံကို သွားရဦးမှာ'



'အိုကွယ် ....ငါ ရောက်လာတာနဲ့ မင်းပြန်ရတော့မလို ဖြစ်နေပြီ၊ အန်တီ စိတ်မကောင်းဘူး' ဟု အန်တီကေရီက ပြောသဖြင့် ဒေးဗစ်သည် သူ့နေရာ ဆက်ရပ်နေသည်။

'အပြင်မှာ သိပ်ကိုသာယာတာပဲ' ဟု အန်တီကေရီက ပြောသည်။

'ဒါပေမဲ့ မိုးရွာလိမ့်မယ်ထင်တယ်'

'ဟာစ်လ်ဒါကတော့ ရွာမယ်မထင်ဘူး'

'အန်တီလည်း မင်းထင်သလိုပဲထင်တယ်'

အန်တီကေရီသည် ဒေးဗစ်၏မျက်နှာကိုကြည့်သည်။ ထို့နောက် ဟာစ်လ်ဒါ၏မျက်နှာ ....။ ပြဿနာတစ်ခုတော့ ရှိနေပြီဟု သူ တွက်သည်။

'ကိုယ် သွားတော့မှဖြစ်မယ်၊ သုံးနာရီကျမှပဲ ကိုယ် မင်းဆီကိုလာခဲ့မယ်'

သူသည် အန်တီကေရီအား လက်ဆွဲနှုတ်ဆက်ကာ အခန်းထဲမှ ထွက်သွားသည်။ ဟာစ်လ်ဒါ ပြန်ရောက်လာသည့်အခါ သူသည် မအောင့်အည်းနိုင်တော့ 'ဘာဖြစ်လို့လဲ ....ဟာစ်လ်ဒါ၊ သူ့ကိုကြည့်ရတာ အတော်ကြီးကို စိတ်ထိခိုက်နေပုံပဲ' ဟု မေးသည်။

'သူ့မိန်းမ ဆေးရုံမှာ ရောက်နေတယ် အန်တီ၊ ဒီနေ့ နေ့ခင်းပိုင်းမှာ သူ့ဇနီးကို ကျွန်မ ခွဲစိတ်ကုသပေးရမှာ'

'ဖြစ်မှဖြစ်ရလေကွယ်....' ဟု အန်တီကေရီက ရေရွတ်သည်။ 'သူ့ကို သက်သာသွားအောင် လုပ်လို့ရပါ့မလား....ဟာစ်လ်ဒါရယ်'

'အန်တီက ဘယ်လိုဖြစ်လိမ့်မယ်လို့ ထင်နေသလဲ'

အန်တီကေရီသည် နှုတ်ဆိတ်သွားသည်။ ဒေးဗစ်၏ဇနီး ဘာဖြစ်တာလဲဟု သူ မေးချင်၏။ သို့သော်လည်း မမေးရဲ။ ဟာစ်လ်ဒါ၏မျက်နှာထားသည် မမေးရဲအောင် ဟန့်တားထားသည်။ သူသည် ရုတ်တရက် ပြောစရာစကား ရှာမရ။ အတန်ကြာမှ 'အန်တီ မင်းအတွက် လက်ဆောင်လေးတစ်ခု ဝယ်လာတယ် ဟာစ်လ်ဒါ' ဟု ပြောကာ စာအိတ်ဖောက်သည့် ဓားကလေးကို ထုတ်ပေးသည်။

* * * * *

## (၆၅)

ထိုနေ့မွန်းလွဲပိုင်း တစ်နာရီခွဲတွင် ဒေးဗစ်သည် စိန့်အယ်လီဇဘက် ဆေးရုံသို့ ရောက်လာခဲ့သည်။ သူ ထွက်လာသည်မှာ အချိန်အလွန်စောနေသည်ကို သိသည်။ သို့သော်လည်း အခန်းထဲ၌ ထိုင်စောင့်နေရသည်မှာ စိတ်ပင်ပန်းလှ၏။ ထို့ကြောင့်

သူ သည်းမခံနိုင်။ ခွဲစိတ်ခံနေရမည့် ဂျင်နီကို မြင်ယောင်ကာ စိတ်မအေး ဖြစ်လာရ၏။ ထို့ကြောင့်လည်း စောစောစီးစီး ထွက်လာခဲ့ရခြင်း ဖြစ်လေသည်။

ဂျင်နီအား ခွဲစိတ်ကုသဖို့အတွက် ဆေးရုံတွင် သုံးလကြာမျှ အားအင်ပြည့်အောင် ကုသပေးခဲ့ကြသည်။ ထိုကာလအတွင်း သူသည် ဂျင်နီထံ မှန်မှန်သွားခဲ့၏။ ဘာကြောင့်နည်း။ အချစ်ကြောင့်လား ....မဟုတ်။ ဂျင်နီအပေါ်၌ထားရှိခဲ့သည့် အချစ်သည် သေသွားခဲ့ပြီ။ ကာလအားဖြင့်တွက်လျှင် နှစ်ပေါင်းအတော်ကြာခဲ့ပြီ။ အမှန်တော့ သူသည် ဂျင်နီအပေါ်၌ ကရုဏာမကုန်သေး။ သနားကြင်နာမှုဟူသော ဤကရုဏာတရားသည် သူ့အား ဂျင်နီအပေါ်၌ သံယောဇဉ်အမျှင်တန်းနေအောင် ပြုလုပ်ထားခဲ့၏။

အခုဆိုလျှင်တော့ ဂျင်နီ၏အဖြစ်ကို သူ ကောင်းစွာနားလည်နေပြီ။ ဂျင်နီက သူ့အား သူမ၏ဇာတ်လမ်းကို ပြောပြရာ၌ မှန်သည်များလည်း ပါ၏။ မဟုတ်မမှန် လုပ်ကြံပြောသည့် အကြောင်းအရာများလည်း ပါ၏။ ဂျင်နီ၏အပြောအရ သူ လန်ဒန်သို့ ရောက်သည့်အခါ ပထမဦးစွာ စတိုးဆိုင်ကြီးတစ်ဆိုင်၌ အလုပ်ရသည်။ အလုပ်က ယခင်တစ်ချိန် သူ လုပ်ခဲ့ဖူးသည့် စလက်တားရီးစတိုးမှ အလုပ်ထက် အဆပေါင်းများစွာ ပို၍ ပင်ပန်းသည်။

သို့သော်လည်း ရသည့်လစာက နည်းသည်။ မကြာခင်မှာပင် သူသည် သူငယ်ချင်းတစ်ယောက် ရှိလာသည်။ ထို့နောက် တစ်ယောက် ....ထို့နောက် နောက်တစ်ယောက်။ စပြီး ခင်မင်စကတော့ လူကြီးလူကောင်း၊ လူယဉ်ကျေး ဖြစ်သည်။ နောက်ဆုံးကျတော့ အားလုံးသည် သားရဲတိရစ္ဆာန်များ ဖြစ်နေသည် တွေ့ရ၏။

သူ့ညီမ ဆယ်လီထံရေးခဲ့သည့် စာထဲ၌ အမျိုးသမီးကြီးတစ်ယောက်နှင့် နိုင်ငံရပ်ခြားသို့ သွားခဲ့ပုံများ ပါခဲ့၏။ ထိုအကြောင်းများသည် စိတ်ကူးယဉ်ပြီး ရေးခဲ့ခြင်းမျှသာ ဖြစ်၏။ သူမသည် ကလေးဆန်သော အတွေးအခေါ်များ လက်ခံထားသူဖြစ်ရာ သူ့ကိုယ်သူ အမြင့်ဆုံးနေရာ၌သာထား၍ တွေးတတ်၏။ နောက်ဆုံးကျတော့ သူသည် "အထီးကျန်" ခဲ့၏။ ယင်းကဲ့သို့ အထီးကျန်ရခြင်းမှာ သူ၏ အပြစ်မဟုတ်။ 'အပြစ်တင်ရမှာက ယောကျ်ားတွေပဲ ဒေးဗစ်' ဟု သူမ ပြောသည်။ 'ဒေးဗစ်ကတော့ ယုံချင်မှယုံမှာ၊ ဂျင်နီကတော့ နောက်ထပ် အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်ယောကျ်ားကိုမှ မတွေ့ချင်တော့ဘူး'

ယခုအချိန်ထိ ဂျင်နီသည် စိတ်နေစိတ်ဓာတ်နှင့် အမူအကျင့်များ မပြောင်းသေး။ ဒေးဗစ်က သူမအတွက် ပန်းများယူသွားသည့်အခါ ဂျင်နီက များစွာ ကျေးဇူးတင်သည်။ ဘာ့ကြောင့်နည်း။ အဆောင်မှ ဆရာမနှင့် ဒေးမှလူနာများ



အား ပန်းများကိုပြပြီး ကြွားရခြင်းကြောင့် ဖြစ်သည်။ ဆေးရုံပေါ်ရောက်နေချိန်အထိ ဂျင်နီသည် စိတ်ကူးယဉ်မှုများကို မလျှော့နိုင်သေး။ ကြွားရလျှင် မယုံနိုင်စရာ ဖြစ်သော်လည်း ဂျင်နီ၏ အကျင့်စရိုက်မှာ ထိုအတိုင်းပင် ဖြစ်သည်။

ယောကျ်ားများ၏ ဆိုးဝါးယုတ်မာမှုကို ပြောနေသော်လည်း ဆေးရုံတာဝန်ရှိသူများ မသိအောင် ဝှက်ထားသည့် မှန်နှင့် နှုတ်ခမ်းနီဆိုးဆေးတောင့်ကို အသုံးပြုနေဆဲ ဖြစ်၏။ သူ ဆေးရုံသို့ရောက်တိုင်း သူမကိုယ်သူမ လှပနေအောင် တတ်နိုင်သမျှ ခြယ်မှုန်းထားသည်ကို တွေ့ရ၏။ ဆေးရုံဆီသို့ လျှောက်လာသော ဒေးဗစ်သည် ဂျင်နီအကြောင်းကိုတွေးကာ သက်ပြင်းချမိလေသည်။

ဆေးရုံအဝင် မုခ်ဦးမှနာရီကို မော့ကြည့်သည်။ သူ ရောက်လာသည်မှာ အလွန် စောနေသေးသည်။ သို့သော်လည်း သူသည် ဆေးရုံထဲသို့သာ ဝင်သွားချင်နေသည်။ သူ့အနေဖြင့် အပြင်ဘက်မှရပ်၍တော့ မစောင့်ချင်။ လမ်းပေါ်ဟိုလျှောက်သည်လျှောက် လုပ်မနေလို။ ဂျင်နီရှိရာ ဒုတိယထပ်သို့ ရောက်သောအခါ သူသည် ဆင်ဝင်ထောင့်တစ်နေရာ၌ ရပ်နေသည်။

ဆင်ဝင်တစ်ဘက်ရှိ အခန်းတံခါးအားလုံး ပွင့်နေသည်။ ဟာစ်လ်ဒါး၏ အခန်း၊ သူနာပြုဆရာမ၏ အခန်းနှင့် ဧည့်ခန်းတံခါးအားလုံး ပွင့်နေကြခြင်း ဖြစ်၏။ ဒေးဗစ်အား ဆွဲဆောင်နေသည့်တံခါးများမှာ ခွဲစိတ်ခန်းမကြီး၏ တံခါးများ ဖြစ်သည်။ ထိုတံခါးများ၏နောက်ကွယ်၌ ဘာတွေများ ဖြစ်နေပါလိမ့်၊ မတွေးဝံ့၊ မတွေးရဲ။

တာဝန်ကျဆရာမ စစ္စတာကလက်သည် လူနာဆောင်ထဲမှ ထွက်လာသည်။ သူမသည် ခွဲစိတ်ခန်းသူနာပြု မဟုတ်။ စစ္စတာကလက်သည် သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး 'ရှင်လာတာ သိပ်ပြီးစောနေတယ်၊ သူတို့က အခုစပြီးခွဲတာ' ဟု ပြောသည်။

'ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်' ဟု ဒေးဗစ်က ပြန်ပြောသည် 'ဒါပေမဲ့ လာရမယ့်အတူတူ မထူးဘူးဆိုပြီး လာခဲ့တာပါ'

ဆရာမကလက်ကလည်း သူ့အား ဧည့်ခန်းထဲသွားပြီး ထိုင်စောင့်နေလားဟု ဝတ်ကျေတန်းကျေစကားပင် မပြောတော့ဘဲ ထွက်ခွာသွားသည်။ ဒေးဗစ်သည် နံရံတွင် ကပ်ရပ်ကာ စောင့်မြဲစောင့်နေသည်။ သူ့အာရုံသည် ခွဲစိတ်ခန်း ရောက်နေသည်။ ခွဲစိတ်ခန်းထဲ၌ ဘာတွေ လုပ်နေကြသည်ကို သူ စိတ်အာရုံ မြင်ယောင်လျက်ရှိသည်။ စစ်အတွင်းက သူသည် စစ်မြေပြင် အခြေစိုက်ဆေး များ၌ လူနာများကို ခွဲစိတ်တိုင်း အနားမှနေ၍ ကူညီလုပ်ကိုင်ပေးခဲ့ဖူးသည် မဟုတ်ပါလား။

ခွဲစိတ်ခန်းတွင်မူ တာဝန်ကျဆရာဝန်၊ ဆရာမများသည် များစွာ [illegible] ရှုပ်လျက်ရှိကြသည်။ ဟစ်လ်ဒါသည် စားပွဲထိပ်၌ ရပ်နေသည်။ သူ၏ လက် [illegible] ဆရာဝန်သည် မျက်နှာချင်းဆိုင် တစ်ဖက်ထိပ်၌ ရပ်နေသည်။ ဟစ်လ် [illegible] စားပွဲပေါ်၌ ချထားသည့် ပစ္စည်းများကို စေ့စေ့စပ်စပ် ကြည့်ရှုစစ်ဆေး [illegible] စားပွဲပတ်ပတ်လည်တွင် သူနာပြုဆရာမများသည် ဝိုင်းရံပြီး ရပ်နေ [illegible] အားလုံးသည် အဖြူရောင်ဝတ်စုံများ ဝတ်ထားကြသည်။ လက်များတွင် [illegible] ရောင် လက်အိတ်များ စွပ်ထားကြသည်။

လူနာတင် ခုတင်နှင့် မလှမ်းမကမ်းတွင် မေ့ဆေးဆရာဝန် ရှိသည်။ [illegible] ဆရာဝန်မှာ အမျိုးသမီး ဖြစ်သည်။ သူမသည် တည်ငြိမ်အေးဆေးသည့် [illegible] ထားဖြင့် ဟစ်လ်ဒါ၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။ စားပွဲတစ်လုံး [illegible] လည်း ပုလင်းပေါင်းမျိုးစုံ တင်ထားသည်။ အများစုမှာ ပိုးသတ်ဆေး [illegible] ဖြစ်သည်။

သူနာပြုဆရာမတစ်ယောက်သည် ခွဲစိတ်ကိရိယာများကိုယူ၍ [illegible] လက်သို့ ပေးသည်။ ဟစ်လ်ဒါကတော့ ကိရိယာများကို ကြည့်ရှုခြင်း [illegible] လိုက်သည့် ပစ္စည်းကို ဆီး၍ယူကာ လိုအပ်သလို သုံးသွားနေခြင်း [illegible] သူမသည် စားပွဲပေါ်ရှိ လူနာအပေါ်၌ငုံ့ကြည့်ကာ လုပ်စရာရှိသည်များ [illegible] မြန်သွက်လက်စွာ လုပ်ကိုင်လျက်ရှိသည်။ ခုတင် ပတ်ပတ်လည်တွင် [illegible] နေကြသည့် ဆရာမများ ကွယ်နေသဖြင့် ခုတင်ပေါ်မှလူနာကို မမြင်ရ။ [illegible] ဘာလုပ်နေသည်ကိုလည်း မတွေ့ရ။

အချိန်သည် တရွေ့ရွေ့ ကုန်သွားလျက်ရှိသည်။ ဒေးဗစ်သည် [illegible] ဝင်ပေါက် တံခါးကြီးများကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေသည် [illegible] ဆုံးတွင် သူ မျှော်နေသည့်အတိုင်း အခန်းတံခါးကြီးများ ပွင့်လာပြီး [illegible] ဆရာမနှစ်ဦး တွန်းလာသည့် ဘီးတပ်လူနာတင်စင်သည် အပြင်သို့ [illegible] သည်။ သူ့ရှေ့မှကပ်၍ ဖြတ်သွားခြင်း ဖြစ်သဖြင့် ဒေးဗစ်သည် မေ့ဆေး [illegible] မေ့မြောနေသော ဂျင်နီ၏မျက်နှာကို အနီးကပ် မြင်တွေ့လိုက်ရသည်။ [illegible] တော့လည်း ဂျင်နီ၏မျက်နှာတွင် စိတ်ကူးယဉ်နေသည့် အရိပ်အငွေ့များ [illegible] လူနာတင်စင်သည် လူနာဆောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည် [illegible] သည် ချက်ချင်းပင် အသက်ဝင်လှုပ်ရှားလာသည်။ ခွဲစိတ်အခန်းထဲမှ [illegible] မည့် ဟစ်လ်ဒါအား စောင့်မျှော်သည်။ မကြာခင် ဟစ်လ်ဒါ ထွက် [illegible] သူ့ထံသို့ ရောက်လာသည်။

'ပြီးသွားပြီ၊ သူ သက်သာလာလိမ့်မယ်လို့ မျှော်လင့်ရတာပဲ'



'ကိုယ် သူ့ကို ဘယ်အချိန်လောက်ကျမှ သွားကြည့်နိုင်မလဲ'

'ဒီညနေခင်းဆို ရမှာပါ၊ ရှစ်နာရီလောက်ဆိုရင် သူ မေ့ဆေးပြေပြီး ညှသည်ကို လက်ခံစကားပြောနိုင်မှာပါ'

ဟစ်လ်ဒါ စကားပြောနေပုံသည် ခါတိုင်းလိုမဟုတ်။ တိုတိုပြတ်ပြတ်ရှိလွန်းလှသဖြင့် ဒေးဗစ်၏ ရင်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားရသည်။ ခွဲစိတ်ပြီးစ စိတ်ပင်ပန်းလို့ ထင်ပါရဲ့။ သို့မဟုတ် တခြားအကြောင်းများ ရှိနေလေသလား။ ဟစ်လ်ဒါကတော့ စိတ်မရှည်တော့သည့် မျက်နှာထားဖြင့် သူမ၏အခန်းထဲသို့ ဝင်သွားသည်။ တံခါးသည် ပွင့်နေဆဲ။ ဒေးဗစ်သည် အခန်းထဲသို့ ဝင်လိုက်သွားသည်။ တိုးတိုးသာသာ လေသံဖြင့် 'သိပ်ကို ကျေးဇူးတင်ပါတယ် ဟစ်လ်ဒါ' ဟု ပြောသည်။

ဟစ်လ်ဒါကတော့ ဘာမှ ပြန်မပြော။ အခန်းထဲမှ စားပွဲပေါ်ရှိ စာရွက်များကို ယူကြည့်သည်။ ပြီးတော့ ပြန်ချထားလိုက်သည်။ အမှန်တော့ အပေါ်ယံအားဖြင့် အေးစက်မာကျောနေသော်လည်း အတွင်းမှာကတော့ အလွန် စိတ်သောကများလျက် ရှိသည်။ သူမ အဓိကရည်မှန်းချက်မှာ ခွဲစိတ်မှု အောင်မြင်ရေး ဖြစ်သည်။ အောင်မြင်မှုကို ရယူလိုက်ခြင်းအားဖြင့် သူမ၏ကျွမ်းကျင်မှုနှင့် ထက်မြက်မှုကို ဒေးဗစ် သိစေချင်သည်။

သို့သော်လည်း သူမ၏ ရည်မှန်းချက်သည် ဘာများအသုံးကျပါသနည်း။ တန်ဖိုးမရှိသော မိန်းမသည် သူ့ထံသို့ ပြန်လည်ရောက်ရှိသွားချေတော့မည်။ ဤအမျိုးသမီးသည် ခန္ဓာကိုယ်အနေဖြင့် ကျန်းမာကြံ့ခိုင်နေဦးမည် ဖြစ်သော်လည်း စိတ်နေစိတ်ထားကတော့ ယခင်ကလိုပင် ဆိုးဝါးယုတ်မာနေလိမ့်ဦးမည်သာ ဖြစ်၏။ ဤအတွေးဖြင့် စိတ်သောက ရောက်နေရခြင်းသည် ဒေးဗစ်နှင့် ပတ်သက်နေသော မိမိ၏ခံစားမှုကြောင့် ဖြစ်သည်။

ဒေးဗစ်အား သူမဘက်က တစ်ဖက်သတ် ချစ်နေပါသည်ဟု ပြော၍မရ။ ဒေးဗစ်အပေါ်၌ သူမက ထားရှိနေသည့်စိတ်မှာ အချစ်ဆိုသောအရာထက် အဆပေါင်းများစွာပို၍ နူးညံ့သိမ်မွေ့သောအရာ ဖြစ်သည်။ အမှန်တော့ ဟစ်လ်ဒါအဖို့ ဆွဲဆောင်မှု အရှိဆုံးသော ယောကျ်ားဆို၍ ဒေးဗစ် တစ်ဦးတည်းသာရှိ၏။ တစ်ချိန်ကဆိုလျှင် သူမသည် ဒေးဗစ်နှင့် ချစ်ကြိုးနှောင်မိမည့် အခြေအနေသို့ပင် ဆိုက်ရောက်ခဲ့ရသည်။ ဟစ်လ်ဒါသည် သူမ၏အတွေးနှင့် စိတ်ရှုပ်ထွေးလျက်ရှိလေရာ ဘာကိုမှ စိတ်မဝင်စားတော့သလို ဖြစ်နေသည်။

'ဒီညနေ ရှစ်နာရီကျရင် ကျွန်မ ဒီမှာရှိနေမယ်'

သူမ၏အသံသည် စောစောကကဲ့သို့ မာမာပြတ်ပြတ် ဖြစ်သည်။ ဒေးဗစ်ကတော့ 'ရပါတယ်' ဟုသော ဖြေသည်။

'ကျွန်မ လူနာဆောင်ထဲ သွားစရာရှိသေးတယ်'

'ရပါတယ်'

ဒေးဗစ်သည် ဆေးရုံထဲမှ ပြန်ထွက်သွားသည်။ ဂျွန်လမ်းသို့ ရောက်သည့် ခါ ဘတ်စ်ကားတစ်စီးပေါ်သို့ အပြေးအလွှားတက်၍ လိုက်လာခဲ့သည်။ ဘက် ားဆီးတံတားဆီသို့ ဦးတည်သွားနေသော ဘတ်စ်ကားပေါ်တွင် ဒေးဗစ်သည် ၏အနာဂတ်အရေးကို တွေးလာသည်။ ဂျင်နီက သူ့အပေါ် ဘာတွေ လုပ်သွား သည်ကို မေ့ပစ်၍မဖြစ်။ သူ့အနေဖြင့် ဂျင်နီအား စွန့်ပစ်နိုင်သည့်စိတ်မရှိ။ ျင်နီတစ်ယောက် သူ့အားထားခဲ့ပြီး ထွက်ခွာသွားခဲ့သည့် နှစ်များစွာအတွင်း ၌သည် ဂျင်နီအား အမြဲတစေ တမ်းတခဲ့သည်။

အခု သူတို့ချင်း ပြန်လည်ဆုံတွေ့ကြချိန်တွင် သူတို့နှစ်ဦးကြားရှိ အရာရာ ိုင်းသည် သေသလို ဖြစ်သွားခဲ့၏။ တကယ်တော့ သူနှင့် ကင်းကွာနေခဲ့ရသည့် ာလတစ်လျှောက်လုံး ဂျင်နီသည် လမ်းပေါ်သို့ ရောက်သွားခဲ့သည်။ အပေါစား ကြးစားတစ်ယောက်ပင် ဖြစ်သွားခဲ့ရ၏။ သူသည် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ရွာစက်ဆုပ်ခြင်းပင် ဖြစ်ခဲ့ရ၏။ သို့သော်လည်း သူ့စိတ်သည် ဂျင်နီအပေါ်၌ ာ်ယောဇဉ်မကုန်သေး။

သူသည် မှတ်တိုင် ရောက်သဖြင့် ဘတ်စ်ကားပေါ်မှ ဆင်းလာခဲ့သည်။ ာလောင့်လမ်းအတိုင်းလျှောက်ကာ သူ့အခန်းထဲသို့ ရောက်လာခဲ့သည်။ သူ ာည် ပြတင်းပေါက်နား၌ထိုင်ကာ အပြင်လောကသို့ မျှော်ကြည့်သည်။ ပန်းခြံ ာစ်ဖက်ဆီမှ အိမ်ခေါင်မိုးများနှင့် နောက်ဘက်မှ မိုးကောင်းကင် ....၊ သူ့ခေါင်း ခဲသို့ လွှတ်တော်တွင်း၌ ရင်ဆိုင်ခဲ့ရသည့် ဖြစ်ရပ်များ ပြန်ဝင်လာနေသည်။

သူ ရှုံးပြီဟု သူ တွက်လည်း မတွက်လို။ တိုက်ပွဲဟူသည် အနိုင်မခံ ခရှုံးမပေးဘဲ ဖွဲ့နှင့်မာန်နှင့်တိုက်မှသာ အောင်ပွဲရနိုင်မည် ဖြစ်၏။ သူ့တွင် နိုင်မာ သာ ယုံကြည်ချက်သည် ရှိနေဆဲ။ သူ့နောက်တွင် သူ့ယုံကြည်ချက်နှင့် တူညီ သာလူတွေလည်း ရှိနေသေး၏။ အနာဂတ်ဘဝသည် သူ့ရှေ့၌ရှိနေဆဲ။

သူသည် ထိုင်ရာမှ ဖြုန်းခနဲထကာ စားပွဲဆီသွား၍ စာသုံးစောင်ရေးသည်။ ျင့်၊ ဟာစ်ဒင့်နှင့် ဝစ်လ်ဆန်တို့ထံ ရေးခြင်းဖြစ်၏။ ပြီးတော့ စလီစကေးရှိ ၏ကိုယ်စားလှယ်ထံ စာတစ်စောင်ရေးသည်။ ဝစ်လ်ဆန်ထံရေးသည့်စာသည် ရေးကြီးသောစာ ဖြစ်၏။ သူ့အနေဖြင့် နောက်တစ်ရက်တွင် စလီစကေးသို့ ာရောက်ပြီး နယ်မြေဒေသခံအဖွဲ့နှင့်တွေ့၍ ပြောစရာရှိသည်များကို ပြောမည် ု စာထဲ၌ ဖော်ပြလိုက်သည်။

သူသည် ဂျင်နီ၏ ခွဲစိတ်ကုသမှုကိစ္စကြောင့် သူ့အလုပ်သူ မေ့ထားခဲ့ရ၏။



အခုမှပင် သူသည် နိုင်ငံရေးအခြေအနေများကို ပြန်လည် ဆင်ခြင်စဉ်းစားနေရ သည်။ ဩဂုတ်လထဲတွင် ဘဏ္ဍာရေးနှင့် နိုင်ငံရေး အခြေအနေများ၏ အရှိန် ကြောင့် လက်ရှိအစိုးရသည် ထွက်ရတော့မည်မှာ မလွဲ။ ရွေးကောက်ပွဲအသစ် အတွက် အမတ်လောင်းများ ရွေးချယ်ခြင်းကို အောက်တိုဘာလထဲ၌ ပြုလုပ်လိမ့် မည် ဖြစ်သည်။ သူ့အဖို့ကတော့ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် အားထုတ် ရလိမ့်ဦးမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လေဘာပါတီသည် မဟာအခက်အခဲ များနှင့် ရင်ဆိုင်ရတော့မည်မှာ သေချာသလောက် ဖြစ်နေလေပြီ။

ခြောက်နာရီခွဲပြီ။ သူသည် ကိုကိုးတစ်ခွက် ဖျော်သောက်ပြီး မစ္စက်တပ်ကား ဝယ်လာသည့် ညနေသတင်းစာကို လျှောက်ကြည့်သည်။ စီးပွားရေးလုပ်ငန်းများ ကို နိုင်ငံပိုင်ပြုလုပ်ခြင်းမှ ကာကွယ်ပါ။ ဘိုလ်ရှီဗစ်ဝါဒီသမားများ ရှုံးကုန်ပြီ — စသည့် စသည့် သတင်းများကို တွေ့ရ၏။ ဘက်ဘင်တန်ကတော့ သူ့ရဲကောင်း ကြီး ဖြစ်နေသည်။ ဘက်ဘင်တန်၏ သတင်းကို ဖတ်ရင်း ဒေးဗစ်သည် မပြုံး မရယ်ဘဲ မနေနိုင်။ သူသည် သတင်းစာကို ပစ်ချလိုက်သည်။

ခုနစ်နာရီ ထိုးသည့်အခါ သူသည် လက်ဆေးသည်။ မျက်နှာသစ်သည်။ ပြီးတော့ ဦးထုပ်ကိုယူဆောင်းပြီး အပြင်သို့ ထွက်ခဲ့သည်။ ညနေခင်းသည် သာယာလှပနေသည်။ ဘက်တားဆီးတံတားကို အဖြတ်တွင် ကောင်းကင်သည် အနီရောင်နှင့် ရွှေရောင်ရောကာ တောက်ပလျက်ရှိသည်။ ဆေးရုံထဲ ရောက်သည့် အခါ သူသည် လှေကားမှ အပြေးတက်လာခဲ့၏။ ဟာစ်လ်ဒါသည် သူ့အခန်းထဲ၌ ရောက်နေပြီ။

'ဂျင်နီဆီကို အခုသွားလို့ရပြီလား' ဟု သူက မေးသည်။

'ရတယ်' ဟု ဟာစ်လ်ဒါက ဖြေသည်။ နေ့ခင်းပိုင်းကလေးကနှင့်စာလျှင် ဟာစ်လ်ဒါသည် များစွာ ပျော့ပျောင်းလာသည်။ 'မေ့ဆေးကြောင့် သူ ဘာမှမဖြစ် ပါဘူး၊ ရှင်လာလိမ့်မယ်လို့ ကျွန်မ သူ့ကို ပြောခဲ့ပြီးပြီ၊ သူ ဝမ်းသာသွားတယ်'

ထိုအခိုက်တွင် လူနာဆောင်ထဲမှ သူနာပြုဆရာမလေးတစ်ယောက် သုတ်သီးသုတ်ပျာ ထွက်လာသည်။ သူမ၏မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေ သည်။ ထိတ်လန့်တကြား ဖြစ်နေသည်။ သူမသည် သူနာပြုဆရာမကလက်ကို မြင်သည့်အခါ အနီးသို့ပြေးလာသည်။ 'စစ္စတာ...အမြန်လိုက်ခဲ့ပါ' ဟု ခေါ်သည်။

စစ္စတာကလက်သည် ချက်ချင်း လိုက်သွားသည်။ အရေးပေါ်ကိစ္စ ဖြစ် ဟန်တူ၏။ ဟာစ်လ်ဒါကတော့ သူမစားပွဲ၌ ရပ်နေသည်။ ထို့နောက် သူမကိုယ် တိုင်ပင် လူနာဆောင်ထဲသို့ လိုက်သွားသည်။ ဒေးဗစ်သည် ဘာလုပ်ရမှန်းမသိ ဖြစ်ကာ ကျန်ရစ်ခဲ့သည်။ ခဏအကြာတွင် ဟာစ်လ်ဒါ ပြန်ရောက်လာသည်၊ 'ရှင်

စည့်ခန်းထဲက ခဏထိုင်စောင့်ပါ' ဟု သူ့အား လှမ်းပြောပြီး ရေးကြီးသုတ်ပျာ ပြန်ထွက်သွားသည်။

လူနာဆောင်ထဲမှ သူနာပြုဆရာမနှစ်ဦး ပြေးထွက်လာကြပြန်သည်။ သူတို့သည် ခွဲစိတ်ခန်းထဲသို့ ပြေးဝင်သွားသည်။ ချက်ချင်းပင် အခန်းတွင်းမှ မီးများ ပွင့်လာသည်။ ချက်ချင်းပင် လူနာဆောင်ထဲမှ ဟစ်လ်ဒါ ပြန်ထွက်လာသည်။ 'စည့်ခန်းထဲက သွားစောင့်ပါ' ဟု သူ့အား ထပ်ပြောပြန်သည်။ ဒေးဗစ် အနေဖြင့် ဟစ်လ်ဒါ ခိုင်းသည့်အတိုင်း လိုက်နာရုံမှတစ်ပါး အခြားဘာမှမတတ်နိုင်။ သူ စည့်ခန်းထဲ ထိုင်မိချိန်တွင် ဟစ်လ်ဒါ၏ ခပ်သွက်သွက်လှမ်းသွားသော ခြေသံများကို ကြားလိုက်ရလေသည်။

အရေးပေါ်လူနာမှာ တခြားလူ မဟုတ်၊ ဂျင်နီ ဖြစ်နေသည်ကို သိလိုက်ရသောအခါ ဒေးဗစ်တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ အပြေးအလွှား သွားလာလှုပ်ရှားနေကြသည့် ခြေသံများ ကြားနေရ၏။ ထို့နောက် တိတ်ဆိတ်ငြိမ်သက်ခြင်း။ အတန်ကြာသောအခါ ခွဲစိတ်ခန်းထဲမှ ပြေးထွက်လာသော လူတစ်ယောက်၏ ခြေသံများ။ ဟစ်လ်ဒါ၏ အခန်းထဲသို့ ဝင်သွားသည်။ ပြီးတော့ ပြန်ထွက်လာပြီး ပြန်ပြေးသွားသည်။ ဒေးဗစ်၏ရင်သည် တထိတ်ထိတ်။

အချိန်တွေအများကြီး ကုန်သွားသည်။ ဘယ်လောက်အထိ ကြာရှည်သည်ကို သူ မသိ။ သူသည် သူ့နေရာ၌ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ထိုင်နေသည်။ ရုတ်တရက် တံခါးပွင့်လာပြီး အတွင်းသို့ ဟစ်လ်ဒါ ဝင်လာသည်။ သူသည် ဟစ်လ်ဒါမှ ဟုတ်ရဲ့လားဟု တွေးမိသည်။ ဟစ်လ်ဒါသည် အကြီးအကျယ် ပြောင်းလဲနေသည်။ အလွန့် ....အလွန် မောပန်းနွမ်းနယ်နေသည့် အနေအထား။

'ရှင် အခုသွားကြည့်လိုက်ရင် ကောင်းမယ်'

'သူ ဘာဖြစ်လို့လဲ'

'သေွးသွန်တာ'

'ဘယ်လိုဖြစ်ရတာလဲ'

'အဆောင်ထဲက ဆရာမလည်း ထွက်သွားရော ....သူက အိပ်ရာပေါ် ထိုင်တယ်၊ ဝှက်ထားတဲ့မှန်ကို သူ ယူတယ်၊ သူ လှရဲ့လားဆိုတာကြည့်ဖို့၊ သူ့ ဆံပင်တွေကို လှအောင်ဖြီးဖို့နဲ့ သူ့နှုတ်ခမ်းတွေကို နှုတ်ခမ်းနီဆေးဆိုးဖို့ပေါ့ ဒီလိုလုပ်လိမ့်မယ်လို့ ရှင် တွေးမိပါ့မလား၊ မှန်ကိုလည်းရရော .... ကျွန်မ လုပ်ထား ထားသမျှ အရာအားလုံးဟာ သဲထဲရေသွန် ဖြစ်ကုန်ရတာပဲ၊ အဲဒီတော့ —'

ဟစ်လ်ဒါသည် စကားကို ဆုံးဆောင်မပြောနိုင်။ သူမ၏အသံသည် တိမ်



ဝင်သွားသည်။ သူမ၏မျက်နှာသည် မှုန်မှိုင်းနေသည်။ 'ရှင် သွားတွေ့ချင်ရင် သွားပါ' ဟု ပြောသည်။

ဒေးဗစ်သည် စည့်ခန်းထဲမှ ထွက်လာခဲ့ပြီး လူနာဆောင်ကိုဖြတ်၍ လူနာခန်းအတွင်းသို့ ဝင်ခဲ့သည်။ ဂျင်နီသည် ခုတင်ပေါ်၌ ပက်လက်။ စစ္စတာကလက်သည် ဂျင်နီ၏ လက်မောင်းကို ဆေးတစ်လုံး ထိုးပေးနေသည်။ အခန်းထဲတွင် ပစ္စည်းများသည် ဖရိုဖရဲ။ ခွက်များ၊ ရေခဲများနှင့် မျက်နှာသုတ်ပဝါများသည် နေရာအနှံ့တွင် ပြန့်ကျဲနေသည်။ ကြမ်းပေါ်တွင် ကြည့်မှန်တစ်ချပ်၏ အပိုင်းအစများကို မြင်နေရ၏။

ဂျင်နီ၏မျက်နှာသည် ဖြူဖွေးနေသည်။ သူမ၏ မျက်လုံးများသည် မျက်နှာကြက်ဆီသို့ ငေးနေကြသည်။ သူမ၏ အသက်ရှူပုံမှာ ခပ်မျှင်းမျှင်း။ ဒေးဗစ်သည် သူမ၏ ခုတင်ဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

'ဂျင်နီ'

ဂျင်နီ၏မျက်လုံးများသည် သူ့ထံသို့ လှည့်လာသည်။ သူမ၏နှုတ်ခမ်းများသည် လှုပ်လာသည်။

'ဂျင်နီလေ ....မောင့်အပေါ် ကောင်းချင်လိုက်တာ'

အသံမှာ တိုးတိုးကလေး ဖြစ်သည်။

ဒေးဗစ်၏ပါးနှစ်ဖက်တွင် မျက်ရည်များ စီးကျလာသည်။ သူသည် သွေးမရှိတော့သည့် ဂျင်နီ၏လက်ကို အသာအယာ ဆွဲကိုင်ထားသည်။

'ဂျင်နီရယ် ....'

'ဂျင်နီလေ ....မောင့်အပေါ် ကောင်းချင်လိုက်တာ'

ဒေးဗစ်သည် မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်။ သူသည် ဂျင်နီ၏ လက်ကို သူ့ပါးတွင်ကပ်ကာ ဝမ်းနည်းပက်လက် ငိုကြွေးမိသည်။

'ရေငတ်လိုက်တာ၊ ဂျင်နီကို ရေတိုက်ပါ' ဟု ပြောသည့်အသံမှာ သဲ့သဲ့မျှသာ ဖြစ်၏။

ဒေးဗစ်သည် ရေခွက်ကိုယူ၍ ဂျင်နီ၏နှုတ်ခမ်းများတွင် ကပ်ပေးသည်။ ဂျင်နီက အားမရှိတော့သည့် လက်ကိုမြှောက်ကာ ရေခွက်ကို ကိုင်သည်။ ခွက်ထဲမှ ရေများသည် သူ့အင်္ကျီပေါ်သို့ ဖိတ်ကျကုန်သည်။

နောက်ဆုံးတွင် အရာရာတိုင်းသည် ဂျင်နီအတွက် အကောင်းဆုံးဖြစ်လာသည်။ သူမ၏ ရေခွက်ကို ကိုင်ထားသော လက်ချောင်းများသည် ပျော့ခွေပြေကျသွားသည်။ ဂျင်နီသည် ညင်ညင်သာသာကလေးပင် အသက်ရှူရပ်သွားလေသည်။

* * * * *

## (၆၆)

ဂျင်နီ၏ ရျာပနကိစ္စ ပြီးစီးသည့် နောက်တစ်နေ့နံနက် ရှစ်နာရီခွဲတွင် ဒေးဗစ်သည် စလီစကေးဘူတာ ပလက်ဖောင်းပေါ် ခြေချမိသည်။ ဘူတာမှ သူ့အား စောင့်ကြိုနေသူမှာ မီလာဝစ်လ်ဆန် ....။ ယမန်နေ့ကတော့ တစ်နေ့လုံး ဝမ်းနည်းကြေကွဲမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဂျင်နီ၏အလောင်းကို မြေမြုပ်သင်္ဂြိုဟ်ရသည်။ သူမ၏မြေပုံပေါ်တွင် ပန်းခွေချခဲ့ရသည်။ ထို့နောက် လန်ဒန်မှထွက်သည့် ညရထားကို စီးခဲ့သည်။ တစ်ညလုံး ကောင်းကောင်း မအိပ်နိုင်ခဲ့။ သူသည် လက်ဆွဲအိတ်ကို ပလက်ဖောင်းပေါ်ခကာချကာ ဝစ်လ်ဆန်၏လက်ကို ဆွဲ၍နှုတ်ဆက်သည်။

'မနေ့က အစည်းအဝေးကို လွတ်သွားတာနာတယ်' ဟု ဝစ်လ်ဆန်က ပြောသည်။ 'ဒီတစ်ချီ ပြိုင်ရမယ့် အခြေအနေကို ခင်ဗျားသိဦးမှာ မဟုတ်ဘူး'

'ခက်ခက်ခဲခဲ ယှဉ်ရလိမ့်မယ် ဆိုတာလောက်တော့ ကျွန်တော် ခန့်မှန်းလို့ ရပါတယ်' ဟု ဒေးဗစ်က အေးအေးဆေးဆေး ပြန်ပြောသည်။

'အရင်တစ်ကြိမ်ထက်ပိုပြီး ခက်ခဲလိမ့်မယ်၊ ခင်ဗျားနဲ့ ပြိုင်ရွေးဖို့ သူတို့ဘက်က ဘယ်သူ့ကိုရွေးထားတယ်ဆိုတာရော ခင်ဗျား ကြားပြီးပြီလား၊ တခြားလူ မဟုတ်ဘူး ဒေးဗစ်၊ ဂျိုးဂိုလန်ပဲ ....'

ဒေးဗစ်၏ နှလုံးအစုံသည် ရပ်သွားသည်ဟု ထင်လိုက်ရ၏။ 'ဂျိုးဂိုလန် ....ဟုတ်လား' ဟု ထပ်မေးသည်။

'ဟုတ်တယ်၊ မနေ့ညကမှ ကြေညာသွားတာ၊ သူက အခု လောဂေဟာရဲ့ အိမ်ရှင် ဖြစ်နေပြီ၊ နေတာကတော့ တကယ့်အပျံစားပဲ၊ နက်ပ်ကျွန်း ကျောင်း မီးသွေးတွင်းကို ပိုင်ကတည်းက ဒီဒေသမှာ သူဟာ နာမည်ကြီးနေတယ်၊ သူ့ ဘက်က ရာမက်ချ်၊ ကော်နိုလီနဲ့ လိုးတို့ ရှိနေတယ်၊ ကွန်ဆာဗေးတစ်အများ ကတော့ သူကျွေးသမျှကိုစားပြီး သူ့လက်ကို ဝိုင်းလျက်နေကြတယ်၊ တိုင်းနီကယ် ဆဲလ်ကလည်း တွန်းအားပေးတော့ သူ့ကို အမတ်လောင်းအဖြစ် ရွေးလိုက်ကြ တာပဲ'

ဒေးဗစ်အဖို့တော့ ဤသတင်းသည် အံ့သြစရာလည်း ကောင်းသည်။ ထိတ်လန့် ချောက်ချားစရာလည်း ကောင်းသည်။ ဒေးဗစ်သည် သူ့လက်ဆွဲအိတ် ကို ကောက်ယူကာ ဝစ်လ်ဆန်နှင့်အတူ ဘူတာထဲမှ ထွက်လာသည်။ သူသည် တစ်လမ်းလုံး နှုတ်ဆိတ်လာသည်။ သူ့ဦးနှောက်ထဲတွင် ဂျိုးဂိုလန်သာလျှင် ရှိနေ သည်။ ဂျိုးဂိုလန်၏ အရည်အချင်းများကို အထင်သေး၍တော့မရ။ သူ့တွင် ...



သည်။ အောင်မြင်မှုတွေရှိသည်။ ဩဇာရှိသည်။ ဥပမာအဖြစ် နှိုင်းယှဉ်ရလျှင် အသိဉာဏ်မရှိသော လင်းနတ်နှင့် တူသည်။

ပြီးခဲ့သော ရွေးကောက်ပွဲတွင် လူကြားသူကြားထဲ၌ စကားတစ်ခါမှ မပြော ဖူးသော လင်းနတ်သည် အမတ်အဖြစ် အရွေးခံခဲ့ရသည်။ အမတ် ဖြစ်လာ တော့လည်း သူသည် လွှတ်တော်မှန်မှန်တက်သူ မဟုတ်။ အကယ်၍ ဂျိုးသည် အမတ် ဖြစ်လာပါက လင်းနတ်နှင့် ဘာမှ ထူးခြားလာလိမ့်မည် မဟုတ်။

ချက်ချင်းပင် ဒေးဗစ်သည် သူ့ခေါင်းထဲမှ အားငယ်စိတ်ပျက်စိတ်များကို ထုတ်ပစ်လိုက်သည်။ ဤရွေးကောက်ပွဲတွင် ဂျိုးအား မိမိက အသာစီးဖြင့် အနိုင် ရရှိဖို့သာ စဉ်းစားရမည်။ လုပ်ရကိုင်ရမည်။ ကြိုးပမ်းအားထုတ်ရမည်။

သူသည် မနက်စာကို ဝစ်လ်ဆန်အိမ်မှာပင် စားသည်။ နှစ်ယောက်သား အခြေအနေ အရပ်ရပ်ကို ဆင်ခြင်သုံးသပ်ကြသည်။ ဝစ်လ်ဆန်သည် စဉ်းစား ဆင်ခြင်ရမည့် အချက်အလက်များကို တစ်ချက်မှ ချန်မထား။ စလီစကေးသို့ ဒေးဗစ် ရတ်တရက် ပြန်ရောက်မလာဘဲ ကြန့်ကြာနေခြင်းအပေါ်၌ မဲဆန္ဒရှင်များက သိပ်ပြီး မကျေနပ်ကြ။ လေဘာပါတီကလည်း သတ္တုတွင်း ဥပဒေကြမ်းနှင့် ပတ် သက်၍ လွှတ်တော်တွင်း၌ ဒေးဗစ် ပြောခဲ့သည့် စကားများအပေါ် ဘဝင်မကျရုံမျှ မက မနှစ်သက်ကြ။ သူ့အား ပါတီတွင်း ပုန်ကန်သူဟု မြင်နေကြသဖြင့် အမတ် အဖြစ် ပြန်လည်အရွေးခံရေးကိစ္စကို သိပ်ပြီး လက်မခံလိုကြ။ သို့သော်လည်း သတ္တုတွင်း အလုပ်သမားများအဖွဲ့ချုပ်က ရွေးချယ်တင်ပြလာပါမူကား ဆန့်ကျင် ရဲကြလိမ့်မည် မဟုတ်။ သူတို့အနေဖြင့် မတတ်သာ၍ လက်ခံရသည့်သဘော ဖြင့် လက်ခံကြလိမ့်မည်ဟု ယူဆရ၏။

သူ ပြောစရာရှိသမျှကို ပြောဆိုအပြီးတွင် ဝစ်လ်ဆန်က ဒေးဗစ်အား အိမ်ပြန်ပြီးအိပ်ဖို့ အတင်း တိုက်တွန်းသည်။ ကော်မတီ အစည်းအဝေးကို သုံးနာရီ ထိုးမှ ပြုလုပ်လိမ့်မည် ဖြစ်သဖြင့် အိပ်ဖို့အချိန် ကောင်းကောင်းရသည်ဟု ဆိုသည်။ ဒေးဗစ်သည် အိပ်ချင်စိတ် မရှိသော်လည်း တွေးစရာတွေက အများကြီးရှိနေသဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။

သူ့အမေ မာသာသည် ဒေးဗစ် ရောက်အလာကို တမျှော်မျှော် ဖြစ်လျက် ရှိသည်။ လန်ဒန်မှ သူ ပို့ခဲ့သည့် ကြေးနန်းကို ရထားသည် မဟုတ်ပါလား။ အမေသည် ဒေးဗစ် ရောက်လာတော့လည်း သူမ၏ဝသီအတိုင်း ထွေထွေထူးထူး မေးမြန်းစပ်စုခြင်းမရှိ။

'မင်း သိပ်နောက်ကျတယ်၊ မနက်စာစားဖို့ အချိန်တောင် လွန်သွားပြီ' ဟု မာသာက ပြောသည်။

'ကျွန်တော် ဝစ်လ်ဆန်နဲ့ စားခဲ့ပြီးပြီ....အမေ'

'ငါ မနက်စာ အဆင်သင့် လုပ်ထားတယ်၊ လက်ဖက်ရည်တစ်ခွက်တော့ သောက်လိုက်ဦး'

'သောက်မယ်....အမေ'

သူသည် သူ့အမေ လက်ဖက်ရည် ဖျော်နေသည်ကို စိတ်ဝင်တစားကြည့်နေသည်။ အမေသည် အခုအချိန်ထိ သန်မာဆဲ၊ သွက်လက်ဆဲပါတကား။ ရုတ်တရက် သူ့နှုတ်မှ စကားတစ်ခွန်း ထွက်လာသည်။

'လွန်ခဲ့တဲ့ သုံးရက်က ဂျင်နီ သေသွားပြီ....အမေ'

'အေးလေ..ဖြစ်ရမယ့်အတိုင်း ဖြစ်သွားတာပဲပေါ့'ဟု ပြောကာ လက်ဖက်ရည်ပန်းကန်ကို ဒေးဗစ်ရှေ့သို့ လာချပေးသည်။

ဂျင်နီ သေသွားခြင်းနှင့် ပတ်သက်၍ အမေ့တွင် ပြောစရာစကား ဒါလောက်ပဲ ရှိသလား။ ဝမ်းနည်းသည့်စကားကိုပင် မပြော။ ဘာ့ကြောင့်ပါလိမ့်။

'ဒီကိစ္စအတွက် မင်း စိတ်ထိခိုက်ရတာကို အမေ စိတ်မကောင်းပါဘူး ဒေးဗစ်၊ ဒါနဲ့....အခု မင်း ဘာဆက်လုပ်ဖို့ ရှိသေးသလဲ'

'နောက်တစ်ကြိမ် ရွေးကောက်ပွဲဝင်မယ်....အမေ'

'မင်း စိတ်မကုန်သေးဘူးလား'

'မကုန်သေးဘူး....အမေ'

လက်ဖက်ရည်သောက်အပြီးတွင် ဒေးဗစ်သည် အပေါ်ထပ်သို့ တက်ခဲ့သည်။ အိပ်ရာပေါ်သို့လှဲကာ မျက်လုံးများကို မှိတ်ထားသည်။ သူသည် ဂျိုးဂိုလန်ကို နိုင်မှ ဖြစ်မည်။ တဖြည်းဖြည်းနှင့် သူသည် ငိုက်မျဉ်းလာသည်။ ထို့နောက် အိပ်ပျော်သွားသည်။

နောက်တစ်ရက်သည် တရားဝင် အမည်စာရင်း တင်သွင်းသည့်ရက် ဖြစ်သည်။ ရွေးကောက်ပွဲ မဲဆွယ်ပွဲ အစပြုသည့်ရက် ဖြစ်၏။ ဒေးဗစ်သည် မြို့တော်ခန်းမ၏ အပြင်ဘက်၌ ဂျိုးနှင့် ဆုံမိကြသည်။ ဒေးဗစ်သည် ဝစ်လ်ဆန်နှင့်အတူ သူ့လျှောက်လွှာကိုတင်ရန် မြို့တော်ခန်းမဆီသို့ တက်သွားခိုက် ဖြစ်၏။ ဂျိုးသည် ရာမက်ချ်၊ ကော်နိုလီနှင့် ဘုန်းကြီးလိုးတို့ ခြံရံကာ မြို့တော်ခန်းမထဲမှ ထွက်လာပြီး လှေကားမှ ဆင်းလာသည်။

ဒေးဗစ်ကို မြင်လိုက်သည့်အခါ ဂျိုးသည် ဟန်ပါပါနှင့်ရပ်၍ နှုတ်ဆက်သည်။ သူသည် ဒေးဗစ်၏အထက် လှေကားနှစ်ထစ်မှနေ၍ နှုတ်ဆက်ခြင်း ဖြစ်သည်။ 'ကောင်းသောတွေ့ဆုံခြင်းပါပဲ....ဒေးဗစ်'ဟု ဂျိုးက ချိုမြသောလေသံဖြင့် ပြောသည်။ 'သန့်ရှင်းသောပြိုင်ပွဲ ဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ ကိုယ့်ဘက်ကတော့ သန့်ရှင်းစွာ ပြိုင်သွားမှာပါ'



ဒေးဗစ်ကတော့ စိတ်ထဲတွင် ရွံရှာစက်ဆုပ်လျက်ရှိသော်လည်း အပြင်ပန်း ကတော့ အေးအေးသာသာပင် ဖြစ်သည်။ အလိုက်သင့်ပင် ဆက်ဆံသည်။

'ကိုယ်ကတော့ ဗြိတိသျှအခြေခံဥပဒေအတွက် တိုက်ပွဲဝင်မှာပါ၊ နှစ်ဦး စလုံး သန့်ရှင်းစွာ တိုက်ပွဲဝင်ကြတာပေါ့၊ ဗြိတိသျှအားကစားစိတ်ဓာတ်နဲ့ ယှဉ် ပြိုင်ကြတာပေါ့'

ဂျိုးအား ထောက်ခံကြသည့် ပရိသတ်ဆီမှ လက်ခုပ်သြဘာသံများ ကြား သည်။ တချို့က ဂျိုးထံ ချဉ်းကပ်ကာ လက်ဆွဲနှုတ်ဆက်ကြသည်။ ဒေးဗစ်ကတော့ စကားတစ်ခွန်းမှ ပြန်မပြောဘဲ အပေါ်သို့ ဆက်တက်လာခဲ့သည်။ လူအများ အမြင်တွင် ဂျိုးသည် မာန်မာနမရှိ။ လူတိုင်းနှင့် လက်ဆွဲနှုတ်ဆက်သည်။ အလွ ယဉ်ကျေးသိမ်မွေ့သည့် လူတစ်ယောက်ဟု ယူဆကြသည်။ ဂျိုးကလည်း ဤ အခွင့်အရေးကို ကောင်းကောင်းအသုံးချကာ သူ့သဘောထားကို ရှင်းပြသည်

'အားလုံး သိစေချင်တာက ကျွန်တော်ဟာ ဘိုလ်ရှီဗစ်တွေကို ဆန့်ကျင်တ လူပါ'ဟု ဂျိုးက ပြောသည်။ 'ကျွန်တော်ကတော့ ဗြိတိသျှအခြေခံဥပဒေ ကာကွယ်ဖို့ပဲ အဓိကထားတယ်၊ ဗြိတိသျှအလံတော်နဲ့ ဗြိတိသျှတို့ရဲ့ ငွေကြေး ကာကွယ်ဖို့ပဲ အလေးအနက်ထားတယ်၊ တရားဥပဒေ စိုးမိုးရေးနဲ့ စည်းကမ် သေဝပ်ရေးကိုသာ ရှေ့တန်းတင်တယ်၊ ကျွန်တော် ရွေးကောက်ပွဲဝင်တာ အဲ ရည်ရွယ်ချက်တွေနဲ့ဝင်တာပါ။'

'ကျွန်တော်တို့ဟာ ကိုယ်ကျင့်တရား ကောင်းမွန်ရေးအတွက် ဘုရားသခ ရဲ့ ပညတ်တော်ဆယ်ပါးကို ဦးထိပ်ပန်ဆင်ရပါလိမ့်မယ်၊ ဘာသာကို ဆန့်ကျင လူတွေကို အားပေးလို့ မဖြစ်ပါဘူး၊ ဗြိတိသျှအလံတော်ကို ပြုတ်ကျသွားစေမ မင်းမဲ့စရိုက်ဝါဒီတွေကို နှိမ်နင်းပစ်ရပါလိမ့်မယ်၊ ဒါကြောင့်မို့ ခင်ဗျားတို့ဆီ မဲကို ကျွန်တော် တောင်းနေတာပါ၊ အဲဒီအချက်ကို ခင်ဗျားတို့ မေ့မပစ်ကြပါနဲ့ ပြီးတော့ ခင်ဗျားတို့ အလုပ်လက်မဲ့ မဖြစ်ချင်ကြဘူးဆိုတဲ့ အချက်ကိုလည်း မေ့ပ လို့ မဖြစ်ပါဘူး၊ ဒါဟာ အရေးကြီးပါတယ်'

ဂျိုးဂိုလန်သည် လူလိမ်၊ လူညာ၊ လူလည်၊ လူကောက်ကျစ်တစ်ယော ဖြစ်သည့်အားလျော်စွာ သွယ်ဝိုက်ပြီး ဒေးဗစ်အား ပုတ်ခတ်သည်။ ဒေးဗစ်အ ဘုရားမဲ့ဝါဒီ ကွန်မြူနစ်တစ်ယောက်ဟု စွပ်စွဲသည်။

ပညတ်တော်ဆယ်ပါးကို ရှေ့တန်းတင်ကာ သူသာလျှင် ဘာသာတရ ကိုင်းရှိုင်းသူအဖြစ် မြင်လာအောင် ဘုရားသခင်အား ခုတုံးလုပ်သည်။ သူ့ မဲမပေးသူများအား အလုပ်လက်မဲ့ ဖြစ်စေရမည်ဟု မသိမသာ ခြိမ်းခြောက်သည် ရာမက်ချ်က ဂျိုးဂိုလန်အား လက်ခုပ်သြဘာပေး၍ ထောက်ခံသည်။ လူအလု

လူပြိန်းများကလည်း ရာမက်ချ်နှင့်အတူ ရောယောင်ပြီး သြဘာပေးကြသည်။ ဂျိုးကတော့ သူ့လောက် စကားပြောကောင်းသူ ဤလောက၌မရှိဟု ထင်သည်။ ထို့နောက် သူသည် သူနှင့်နီးရာလူများအား လက်ဆွဲနှုတ်ဆက်ကာ လှေကားမှ ဆင်းသည်။

လှေကား၏ အောက်ဆုံးအဆင့် သမံတလင်းပြင်သို့အရောက်တွင် အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ပေပေရေရေ အသက်ခြောက်နှစ်အရွယ် ယောကျ်ားလေးတစ်ယောက်သည် ဂျိုး၏ခြေရင်း၌ ချော်လဲသည်။ ကလေးသည် ချက်ချင်းကြောက်လန့်တကြားငိုသည်။ ကလေးအမေသည် နို့စို့ကလေးကို ခါးထစ်ခွင်ထားရာမှ သူ့သားငယ်အားဆွဲထူရန် အပြေးအလွှား ရောက်လာသည်။

ဂျိုးသည် ကလေးအား သူကိုယ်တိုင် ဆွဲထူပေးသည်။ 'သားလေးက လူချောကလေးပဲ' ဟု ပြောသည်။ 'သူ့နာမည် ဘယ်လိုခေါ်သလဲ' ဟု မေးသည်။

လူကြီးလူကောင်း သူဌေးတစ်ယောက်နှင့် ရင်ဆိုင်မိသဖြင့် ရှက်စိတ်နှင့် ကြောက်စိတ်ဝင်ကာ တစ်မျက်နှာလုံး နီရဲနေသော ကလေးအမေသည် မဝံ့မရဲလေသံဖြင့် 'သူ့နာမည် ဂျိုအီတောင်းလေးပါ ...မစ္စတာဂိုလန်' ဟု ကလေးအမေက ပြန်ဖြေသည်။ 'သူ့အဖေရဲ့အစ်ကို သူ့ဦးကြီးက တွမ်တောင်းလေးပါ၊ ရှင့်ရဲ့ ပါရာဒိုက်စ်တွင်းမှာ အလုပ်လုပ်ပါတယ်' ဟု ဆက်ပြောသည်။

'သြော်....သြော်....ခင်ဗျားရဲ့ယောကျ်ားကကော နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းမှာ အလုပ်လုပ်သလား' ဟု ဂျိုးက မေးသည်

'မလုပ်ပါဘူး....မစ္စတာဂျိုးဂိုလန်' ဟု ကလေးအမေက ပြန်ဖြေသည်။ 'သူ အခု အလုပ်လက်မဲ့ ထောက်ပံ့ကြေးနဲ့ နေရတာပါ၊ တကယ်လို့သာ မစ္စတာဂိုလန်က အလုပ်ပြန်ပေးရင်တော့....'

ဂျိုးက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'ကိစ္စမရှိပါဘူး၊ ဒီကိစ္စ ကျွန်တော့်တာဝန်ထားပါ၊ အခု ရွေးကောက်ပွဲဝင်တာကလည်း ခင်ဗျားတို့အားလုံး အလုပ်ရရှိရေးအတွက် ဆောင်ရွက်သွားဖို့ပါ'

စကားအဆုံးတွင် သူသည် သူ့ရှေ့က ကလေး၏ခေါင်းကို အသာအယာပုတ်ကာ အလွန်ချစ်ခင်လေဟန် ပြုမူပြလေသည်။ တကယ်တော့ ဂျိုးသည် အစွ သမား ဖြစ်၏။ သူ ကောင်းစားဖို့မှတစ်ပါး တခြား ဘာကိုမှ အရေးထားသူမဟုတ်။ သူ့ကိုယ်သူမှတစ်ပါး တခြား ဘယ်သူ့ကိုမှ ချစ်တတ်သူလည်း မဟုတ်။

'ဒီချာတိတ်က တကယ့် လူချောကလေးပဲ၊ ဒီကလေးဟာ နောင်တစ်ချိန်ကျရင် ဂျိုးဂိုလန်လိုလူစား ဖြစ်ချင်ဖြစ်လာမှာ' ဟု ဂျိုးက ပြောလိုက်သေးသည်။

ဂျိုးသည် ချိုမြသောအပြုံးဖြင့် အားလုံးကို လက်မြှောက်နှုတ်ဆက်ကာ



သူ့ကားဆီသို့ လျှောက်သွားသည်။ လမ်းလျှောက်ပုံကလည်း ဟန်ပါပါလျှော ခြင်းဖြစ်၍ လူအလူနများ၏ မျက်စိအမြင်တွင် လှပခံ့ညားလှပါပေ၏။ သူ ပြောပုံဆိုပုံ၊ ဆက်ဆံပုံ စသည်....စသည်များသည် အံ့မခန်းရှိလှပါပေသည်

ထိုသတင်းသည် အလုပ်သမား ရပ်ကွက်များဆီသို့ ပျံ့နှံ့သွားသည် မစ္စတာဂျိုးဂိုလန်က ဆာရာတောင်းဗေး၏ ယောကျ်ားအား အလုပ်ကောင်းကော ပြန်ခန့်တော့မည် ဖြစ်ကြောင်း၊ အလုပ်လက်မဲ့များကို ဂျိုးက အလုပ်ပေးတော့ ဖြစ်ကြောင်း....စသည်တို့ ဖြစ်သည်။

ဂျိုးအား စကားပြောကောင်းသူဟုလည်း အများက အသိအမှတ်ပြုလာ သည်။ အသံရော၊ အမူအရာပါ သိပ်ကောင်းသည်ဟု ဆိုကြသည်။ အမှန်စ ဂျိုးသည် အရည်အချင်းမရှိသူကြား၌ အနှစ်လုံးဝမရှိသော စကားများကို ပြော ခြင်းပင် ဖြစ်၏။ သူ၏ ကြွေးကြော်သံများကိုလည်း တီထွင်ဖန်တီးပြသ မကြာမီ မြို့ထဲတွင် အလွန်ကြီးမားသော ပိုစတာကြီးများသည် နေရာအနှံ့အ တွင် ပေါ်ပေါက်လာသည်။

*'အလုပ်လက်မဲ့များ၊ ဆင်းရဲဒုက္ခများ*
*မကောင်းမှုဒုစရိုက်များ ပပျောက်ရေး။*
*တရားဥပဒေ တည်တံ့ခိုင်မြဲရေး။*
*ဗြိတိသျှအခြေခံဥပဒေ ကာကွယ်ရေး။*
*ဂျိုးဂိုလန်အား မဲပေးကြပါ။'*

ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲကြီးကို စောစောစီးစီး အစပြုသည့် ဂိုလန် အပါအဝင် သူ့ဘက်တော်သားများသည် မဲအနိုင်ရရှိရေးအတွက် န မျိုးစုံ သုံးကြသည်။ နိုင်ငံရေးအသိဉာဏ် ကင်းမဲ့သော၊ မယဉ်ကျေးမသိမ်မွေ့ တေလေကြမ်းပိုးဆန်ဆန် အောက်တန်းကျသော လူများသည် မဲဆွယ်သည့် များတွင် အောက်လမ်းနည်းများကို အသုံးပြုတတ်ကြ၏။ ဂျိုးဂိုလန်နှင့် နောက်လိုက်များသည် ဒေးဗစ်အား ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများကို အပြင်းအ ပြုလုပ်ကြသည်။ ဆိုးညစ်ယုတ်မာသော စွပ်စွဲမှုများကိုလည်း လုပ်ကြံတ ကြသည်။

ရာမက်ချ်က ဒေးဗစ်သည် လူငယ်ဘဝက သူခိုးတစ်ယောက် ဖြစ်ကြေ ငယ်စဉ်က သူ့ထံမှ ဝက်ဆီးအိတ်ကို လာခိုးသဖြင့် သူကိုယ်တိုင် ဒေးဗစ်၏ ခြေထောက်ဖြင့် ဆောင့်ကန်ခဲ့ရကြောင်း စသည့် သေးဖွဲသောအရာများကို မဲဆွယ်တရားပွဲ၌ ထည့်သွင်းဟောပြောသည်။ ဂျိုးဂိုလန်သည် သူ အနိုင်ရ အတွက် ငွေကို ရေလိုသုံးသည်။

ဒေးဗစ်သည် ဗြိုင်ဘက်များ၏ လုပ်ပုံကိုင်ပုံများ အလွန် အောက်တန်းကျသည်ကို ကောင်းကောင်းသိသည်။ သို့သော်လည်း သူတို့လုပ်သလို လိုက်မလုပ်။ "လူ့ကျင့်ဝတ်သိက္ခာ" ကို စောင့်စည်းရမည်ဟု ခံယူထားသဖြင့် သူ့နည်းသူ့ဟန်ဖြင့်သာ တုံ့ပြန်သည်။ တည်ငြိမ်ရင့်ကျက်သော နိုင်ငံရေးသမားပီသ စွာ နည်းမှန်လမ်းမှန်များကိုသာ အသုံးပြုသည်။

တဖြည်းဖြည်းနှင့် ဂျိုးဂိုလန်နှင့် အပေါင်းပါများသည် လွန်ကဲလာကြသည်။ လူမိုက်လူရှုပ်များအား ငွေပေး၍ ဒေးဗစ်၏ တရားပွဲများကို မပျက်ပျက်အောင် ဖျက်ခိုင်းသည်။ ဒေးဗစ် တရားဟောနေခိုက်တွင် ရန်ထဖြစ်သည်။ ထိုးကြိတ်ကြသည်။ တစ်ရက်သော နံနက်ပိုင်းတွင် မဲအနိုင်ရရှိရေးကော်မတီရုံးခန်းလာရောက်သော ဒေးဗစ်သည် နံရံပေါ်၌ ဆေးဖြူဖြင့် ရေးထားသည့်စာတမ်းကို ဖတ်ရသည်။ စာတမ်းမှာ "ဒေးဗစ်အား သူ့မိန်းမအကြောင်း မေးကြည့်ကြစမ်းပါ" ဟု ဖြစ်၏။

ထိုစာတမ်းသည် မြို့ထဲရှိ အဆောက်အဦတိုင်း၌ ရေးထားသည်ကို တွေ့လာကြရသည်။ ဒေးဗစ်၏ ကိုယ်စားလှယ်များ ဖြစ်သော ဝစ်လ်ဆန်နှင့် ဟာရီအိုဂလီတို့က သည်းမခံနိုင်။ 'ဒီလောက်အထိ လုပ်လာတာကတော့ တရားလွန်တယ်၊ ကျွန်တော်တို့ ဒီကောင်နဲ့သွားတွေ့ပြီး ရှင်းကြရင်ကောင်းမယ်' ဟု အိုဂလီက ဒေါသတကြီးပြောသည်။

'ခင်ဗျားသွားပြောလည်း အပိုပဲ' ဟု ဒေးဗစ်က ပြန်ပြောသည်။ 'သူ ရေးတာ မဟုတ်ပါဘူး၊ သူခိုင်းတာလည်း မဟုတ်ပါဘူး၊ သူ့ကို ကြည်ညိုနေတဲ့လူတွေက လုပ်ကြတာပါလို့ ပြောမှာပဲ'

'ဒါဆိုရင် ကျွန်တော့်မှာလည်း သူ့ရဲ့ ဆိုးညစ်ယုတ်မာမှုတွေကို ထုတ်ပြောနိုင်တဲ့ အထောက်အထားတွေ အများကြီးရှိတယ်၊ ဒီည ....စန္ဒမှာလုပ်မယ့် တရားပွဲကျရင် ချမယ်' ဟု ဟာရီအိုဂလီက ပြောသည်။

'မပြောနဲ့ ....ဟာရီ' ဟု ဒေးဗစ်က ပြောသည်။ 'လူမှန်ရင် စောင့်စည်းရမယ့် ဝတ္တရားနဲ့ ကိုယ်ကျင့်တရားဆိုတာရှိတယ်၊ ဒါကို ကျွန်တော်တို့ ထိန်းကြရမယ်'

သူ့အပေါ် မတော်မတရား ပြောဆိုစွပ်စွဲမှုများနှင့် ပတ်သက်၍ ဒေးဗစ်သည် ဒေါသလည်း မဖြစ်၊ မုန်းတီးစိတ်လည်း မထား။ တကယ်တမ်း ဘာသာတရားကို ယုံကြည်သည်ဆိုပါက ယင်းကဲ့သို့သော မတော်မတရားစိတ်မျိုးထား၍ မဖြစ်ဟု သူ ယူဆသည်။

ဟာရီအိုဂလီကတော့ ဒေးဗစ်၏ သဘောထားကို လက်မခံနိုင်။ သူ



ကောင်းလျှင် ကိုယ် ကောင်းမည်။ သူ ဆိုးလျှင် ကိုယ်ကလည်း ဆိုးမည်ဟူသော ဒါဒကို လက်ကိုင်ထားသည်။ ထိုညတွင် စန္ဒတွင် မဲဆွယ်တရားဟောသည့်အခါ ဂျိုးဂိုလန်၏ ဆိုးဝါးယုတ်မာမှုများ၊ ကလိမ်ကျမှုများ၊ ညစ်ပတ်စုတ်ပဲ့မှုများကို စည်သွင်း ပြောဆိုခဲ့သည်။ ဒေးဗစ်မှာ တခြားတစ်နေရာရှိ လူထုစည်းဝေးပွဲသို့ သွားနေရသဖြင့် စန္ဒတရားပွဲ၌ ဘာတွေ ပြောနေ၊ ဟောနေသည်ကို မသိ။

ဒေးဗစ်သည် တရားပွဲပြီး၍ အိမ်ပြန်ရောက်လာသည့်အခါ စန္ဒတရားပွဲမှ ဟာရီအိုဂလီ ပြန်အလာကို စောင့်မျှော်လျက်ရှိသည်။ တရားပွဲ အခြေအနေကို သူကိုယ်တိုင် အိမ်သို့လာ၍ပြောပြမည်ဟု ဟာရီက ချိန်းသွားခဲ့သည် မဟုတ်ပါလား။ သို့သော်လည်း ဟာရီသည် တော်တော်နှင့် ရောက်မလာ။ ညဆယ်နာရီထိုးသည့်အခါ ဒေးဗစ်သည် ယနေ့ည ဟာရီ လာတော့မည်မဟုတ်ဟု ယူဆသဖြင့် ရေ့တံခါးကို သော့ခတ်ရန် ရောက်သွားသည်။ ထိုအခိုက်မှာပင် ဟာရီသည် ရောက်လာသည်။ သူ့မျက်နှာသည် သွေးချင်းချင်းနီနေသည်။ သူ့မျက်လုံးအထက်နားရှိ ဟက်တက်ကွဲနေသော ဒဏ်ရာမှ သွေးများသည် မျက်နှာပေါ်သို့ ယိုကျလျက်ရှိလေသည်။

'စန္ဒတရားပွဲပြီးလို့ ပြန်လာတာ၊ ဂျိုးရဲ့လက်စွဲတော် ဆင်ဒွန်းနဲ့ လူမိုက်တစ်စု လိုက်လာတယ်၊ ကျွန်တော့်ကို သံပိုက်လုံးနဲ့ ဝိုင်းရိုက်ကြတယ်' ဟု ပြောသာ ဒေးဗစ်၏ လက်ပေါ်မှာပင် သတိလစ်သွားသည်။

ဒေးဗစ်သည် ဂျက်ကင့်ချ်အား ဒေါက်တာစကော့ထံ လွှတ်လိုက်သည် ဟာရီ၏ နဖူးမှ ဒဏ်ရာကို ဆယ်ချက်ချုပ်ရသည်။ ဤကိစ္စနှင့်ပတ်သက်၍ မှသာ ဝါဒကို လက်ကိုင်ထားသည့် ဂျိုးဂိုလန်က အံ့သြဟန်ပြသည်။ သူ့လူတွေ ဒီအလုပ်မျိုး မလုပ်ကြပါဘူးဟု ဖြောင်လိမ်သည်။ ဗြိတိန်မြေပေါ်တွင် ဒီအဖြစ်မျိုး ဖြစ်သည်ဟု ကြားရခြင်းမှာ အလွန်အံ့သြဖို့ကောင်းသည်ဟု ဆိုသည်။ သူတို့ဘာသာ သူတို့ ရိုက်နှက်ပြီး လုပ်ကြံဇာတ်လမ်း ခင်းခြင်းသာ ဖြစ်လိမ့်မည်ဟုလည်း သူက တန်ပြန် စွပ်စွဲလိုက်သည်။ ပြီးတော့ ဟာရီအိုဂလီအတွက် များစွာ ဝမ်းနည်းပါသည ဟူသော စာတစ်စောင်ကိုလည်း ပို့လိုက်သေးသည်။

အသိဉာဏ် ရှိသူများက သူ့စကားကို မယုံသော်လည်း၊ အသိဉာဏ အလွန်မရှိသော နလပိန်းတုံးများကမူ ယုံကြည်ကြရုံမျှမက ဂျိုးဂိုလန်အား အလွ သဘောထားကြီးသည့် ပုဂ္ဂိုလ်ကြီးဟု မြင်ကာ ယခင်ကထက်တိုး၍ ကြည်ညို လေးစားလာကြသည်။ လူလိမ်လူညာတစ်ယောက်အဖို့ လိမ်လေလေ အမြင ရှက်လေလေ ဖြစ်နေသည်။

ဒေးဗစ်အဖို့တော့ ဟာရီအိုဂလီအား လက်လွှတ်လိုက်ရသဖြင့် များစွ

နစ်နာခဲ့၏။ ဟာရီလို သွက်လက်တက်ကြွသည့်လူစားသည် အစားထိုး၍မရနိုင်။ ဤကြားထဲတွင် တစ်နိုင်ငံလုံးက လေဘာပါတီပေါ်၌ ယုံကြည်မှု ကင်းမဲ့သွားကြလေရာ ဒေးဗစ်အဖို့ အထိနာရလေတော့၏။ မည်သို့ပင်ဖြစ်စေ ဒေးဗစ်သည် ဤအရေးတွင်လည်း ဖွဲ့နပဲကြီးစွာဖြင့် အစွမ်းကုန်ကြိုးစားခဲ့လေသည်။

မဲပေးသည့်နေ့တွင် ဒေးဗစ်သည် မနက်ပိုင်းတစ်ပိုင်းလုံး အိမ်ထဲမှမထွက်။ သူသည် ဂျိုးဂိုလန်၏ နည်းများကိုလည်း တွေးမိသည်။ ကွယ်လွန်သွားသည့် ဂျင်နီကိုပင် ဂုဏ်သိက္ခာကင်းမဲ့အောင်လုပ်ကာ မိမိအား အပုပ်ချခဲ့သည့်လုပ်ရပ်ကို များစွာ အံ့သြနေမိသည်။ ဤမျှလောက်အထိ ယုတ်ညံ့သူအား သူ အနိုင်ရချင်၏။ အဆိုးနှင့် အကောင်းတွင် အကောင်းကသာ နိုင်ရသည်ဟူသော အသိအမြင်ကို လူတွေ သင်ခန်းစာ ရစေချင်လှပါ၏။

ညနေခြောက်နာရီ ဒေးဗစ်သည် ဟာရီအိုဂလီ၏အိမ်ဘက်သို့ ထွက်လာခဲ့သည်။ သူ ကောင်းပင်လမ်းအတိုင်း လျှောက်လာနေခိုက် ဖရီးဟိုးလမ်းဘက်မှ ထွက်လာသည့် အာသာဘားရပ်စ်နှင့် ဆုံမိသည်။ အာသာက သူ့အား နှုတ်ဆက်လိုစိတ် ရှိချင်မှရှိမည်ဟူသော အတွေးကြောင့် ဒေးဗစ်သည် အာသာအားမကြည့်ဘဲ ဆက်လျှောက်သွားရန် စိတ်ကူးထားသည်။ သို့သော်လည်း အာသာက သူ့အား လှမ်း၍နှုတ်ဆက်သည်။

'ကျွန်တော် ခင်ဗျားကို မဲပေးပြီး ပြန်လာတာ' ဟု အာသာက ပြောသည်။

'ငါ့ကို မင်း မဲပေးလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး'

'ဘာလို့ မပေးရမှာလဲ' ဟု အာသာက ပြောသည်။ 'ကျွန်တော်ဟာ အခု ဘာကောင်မှ မဟုတ်တော့ဘူးဆိုတာ ခင်ဗျား မေ့သွားသလား၊ ထားပါတော့လေ၊ ဖြစ်ပုံတွေက ရယ်စရာ မကောင်းဘူးလား၊ ဓာတ်လမ်းက ဒီလိုပုံကြီး အဆုံးသတ်သွားတယ်နော်'

အာသာသည် ခေါင်းတစ်ချက်ဆတ်၍ နှုတ်ဆက်ကာ သူ့လမ်းသူ ဆက်သွားသည်။ ဒေးဗစ်သည် ဟာရီ့အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့၏။ သူသည် ဟာရီ့အိမ်ထဲသို့ ဝင်ခဲ့သည်။ ဟာရီ့အခြေအနေမှာ များစွာကောင်းမွန်နေပြီ ဖြစ်သည်။ သူသည် တစ်ညနေခင်းလုံး ဟာရီနှင့် စကားလက်ဆုံကျနေသည်။ သူ့စိတ်သည် ရွေးကောက်ပွဲမှ ထွက်ပေါ်လာမည့် အဖြေပေါ်၌ ရောက်နေသော်လည်း ရွေးကောက်ပွဲအကြောင်းကို စကားမစပ်ကြချေ။

သူတို့သည် ညနေစာကို စားကြသည်။ ထို့နောက် ဆက်၍ စကားပြောကြပြန်သည်။ ဆယ့်တစ်နာရီ ထိုးသည့်အခါ ဟာရီက သူ့အား မဲရေတွက်မည့် မြို့တော်ခန်းမသို့သွားရန် တိုက်တွန်းသည်။ မဲအရှုံးအနိုင်ကို မနက်နှစ်နာရီမတိုင်မီ



မသိနိုင်ဟု ယူဆထားသော ဒေးဗစ်သည် ထိုင်ရာမှမထ။ နောက်ဆုံး တစ်န
ထိုးခါမှပင် သူသည် ဟာရီ၏အိမ်ထဲမှ ထွက်လာခဲ့လေသည်။

ညသည် တိတ်ဆိတ်နေသည်။ လတစ်ခြမ်းသည် မြေပြင်ဆီသို့ အလ
ရောင်လွှတ်ပေးလျက်ရှိ၏။ မြို့တော်ခန်းမဘက်သို့ နီးကပ်လာသောအခါ ဒေး
သည် လမ်းများပေါ်၌ တွေ့နေရသည့် လူအုပ်ကိုကြည့်ကာ အံ့အားသင့်နေသ
သူသည် ခန်းမထဲသို့ဝင်သွားပြီး သူ့ကိုယ်စားလှယ် ဝစ်လ်ဆန်နှင့်ဆုံသ
'နောက်နာရီဝက်ဆိုရင် အဖြေသိရတော့မယ်' ဟု ဝစ်လ်ဆန်က ပြောသည်

အပြင်ဘက်တွင် ကားတစ်စီးရပ်သံ ကြားလိုက်ရသည်။ မိနစ်ပိုင်းအ
ဂျိုးဂိုလန်သည် စန်က၊ ရာမက်ချ်၊ ကွန်နီလီ စသော သူ့အပေါင်းအသင်းမျာ
အတူ ရောက်လာသည်။ နောက်ဆယ်မိနစ်ခန့်အကြာတွင် ကောင်စီစာရေးဖြ
ရပ်တားသည် စာရွက်တစ်ရွက်ကိုင်ပြီး အခန်းထဲမှ ထွက်လာသည်။ သူ
အပြုံးပန်း ဆင်လာသည်။ ထိုအပြုံးကို မြင်လိုက်ရသောအခါ ဒေးဗစ်၏ရင်ထဲ
ဆိတ်ခနဲ ဖြစ်သွားသည်။

ရပ်တားရှိရာဘက်သို့ လျှောက်သွားနေသော ဒေးဗစ်သည် သူ့အား
နေသည့် ရာမက်ချ်နှင့် တစ်ဖောတာမျှ မျက်နှာချင်းဆိုင်လိုက်မိသည်။ ဒေ
ရှုံးသွားသည်ကို တွေ့မြင်လိုသည့်ဆန္ဒသည် ရာမက်ချ်၏ မျက်နှာပေါ်တွင် အ
သားပေါ်လျက်ရှိ၏။ ရပ်တားသည် ဆင်ဝင်၌ရပ်ကာ လူစုလူဝေးဘက်သို့ မျ
မြှားသည်။ ထို့နောက် သူ၏အသံကို ကြားကြရလေသည်။

'မစ္စတာ ဂျိုးဇက်ဂိုလန် ....... ၈,၈၅၂
မစ္စတာ ဒေးဗစ်ဖင်းဝစ် ....... ၇,၄၉၀'

'ဟူးရေး....ဟူးရေး' ဟူသော ရာမက်ချ်၏အော်သံကို ကြားရသည်၊
ဂိုလန်အား နှုတ်ဆက်ကြ၊ ချီးကျူးသြဘာပေးကြနှင့် သောသောရုတ်ရုတ်ဖြစ်
နေသည်။ ဒေးဗစ်သည် သံလက်ရန်းတစ်ခုကို ဆုပ်ကိုင်ပြီး ရပ်နေသည်။ '
ရှုံးပြီ — ရှုံးပြီ ....ရှုံးပြီ ....' ဟူသော အသိသည် သူ့ခေါင်းအား ထိုးနှက်နေ

ဂျိုးဂိုလန်သည် ဆူညံလှုပ်ရှားနေသော ပရိသတ်အား မျက်နှာပြု၍
သည်။ အောင်ပွဲတွင် သာယာယစ်မူးနေသည့် အရိပ်အငွေ့များသည် သူ့မျ
နှာ ဆင်ဟပ်နေသည်။ သူ့ရှေ့မှ လူထုသည် သူ့လူထု ဖြစ်သွားခဲ့ပြီ။ အ
သည် သူ့လူများ ဖြစ်သွားပြီ။ ဤလူစုသည် သူ့အတွက် အသုံးချရမည့်
ဖြစ်၏။ သူ့ခြေရင်းဘက်၌ရပ်နေသော အစွမ်းအမိုက်များသည် သူ့အား
အားကို ဝိုင်းဝန်းကူညီကြလိမ့်မည် ဖြစ်သည်။

သူသည် ငွေရှင် ဖြစ်၏။ ငွေ ....ငွေ ....ငွေ၊ ငွေကိုသာ အဓိကထား

များသည် ငွေ၏ကျေးကျွန်များ ဖြစ်သည်။ ဂျိုးဂိုလန်တွင် ငွေအများကြီးရှိ၏။ ထို့ကြောင့် ကျေးကျွန်များကိုလည်း ပိုင်ဆိုင်လာရ၏။ သူသည် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။

'ကျွန်တော့်ရဲ့ ချစ်လှစွာသော မိတ်ဆွေများခင်ဗျား ....'

* * * * *

## (၆၇)

အေးမြသော စက်တင်ဘာလ၏ တစ်နေ့သော နံနက်ငါးနာရီတွင် ဖြစ်သည်။ အလင်းရောင်သည် ဝင်ရောက်လာခြင်း မရှိသေး။ လေသည် ပင်လယ်ပြင်အမှောင်ထုတွင်းမှနေ၍ ထွက်လာလျက်ရှိ၏။ မိုးကောင်းကင်အပြင်ဘက်သို့ ပြေးလွှားနေသော လေသည် ကြယ်များကို အရောင်တလက်လက် ထွက်လာအောင် ပွတ်တိုက်ပေးနေသည့်နှယ် ရှိသည်။ တိတ်ဆိတ်ခြင်းသည် အလုပ်သမားတန်းလျားများအပေါ် စိုးမိုးလွှမ်းခြုံထားသည်။

ထိုအချိန်တွင် ဟန်နာဘရေ့စ်၏ အိမ်ပြတင်းပေါက်မှ အလင်းရောင်တစ်ခုသည် အမှောင်ထုကို ဖောက်ထွင်းလာသည်။ အလင်းရောင်သည် ဟိုသည် ရွေ့လျားလျက်ရှိရာမှ နောက်ဆယ်မိနစ်ခန့်အကြာတွင် အိမ်တံခါးပွင့်လာပြီး အဘွားအို ဟန်နာဘရေ့စ် ထွက်လာသည်။ အဘွားအိုသည် တဘက်တစ်ထည် ခြုံထားသည်။ သူမ၏ လက်တစ်ဖက်သည် ဝါးလုံးရှည်တစ်လုံးကို ကိုင်ထားသည်။

သူမသည် ခင်ပွန်းသည် တွမ်ကောလ်ဒါး အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားချိန်မှစ၍ အလုပ်သမား ရပ်ကွက်တွင်း၌ မနက်စောစောစီးစီးထ၍ အလုပ်ဆင်းရမည့် အလုပ်သမားများအား လိုက်လံနှိုးဆော်ပေးရသည့်အလုပ်ကို လုပ်လာခဲ့၏။ သူမသည် လက်တစ်ဖက်မှ မီးအိမ်ကိုကိုင်၍ ကျန်တစ်ဖက်ထဲမှ ဝါးလုံးဖြင့် အဆိုင်းသစ်ဝင်ရမည့် အလုပ်သမားများ၏ ပြတင်းပေါက်များကို ခေါက်သွားလျက်ရှိသည်။

သို့သော်လည်း နံပါတ် ၂၃ အိမ်သို့ ရောက်သည့်အခါ သူမသည် ပြတင်းပေါက်မှန်ကို မခေါက်ဘဲ ကျော်သွားသည်။ သူမသည် ရှေ့ဆက်ရသည့်ခရီးလျှောက်ပြတင်းပေါက်များကို ခေါက်လိုက်၊ လူနာမည်များကို ခေါ်လိုက်နှင့် အလုပ်ရှုပ်လျက်ရှိ၏။ သူမ၏ တုန်ရီနေသော ခန္ဓာကိုယ်သည် တဖြည်းဖြည်းနှင့် အမှောင်ထုတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။



နံပါတ် ၂၃ အိမ်ထဲတွင် မာသာသည် မီးဖိုခန်းထဲ၌ အလုပ်များလျက်ရှိသည်။ မီးဖိုတွင် မီးတောက်များသည် တလှုပ်လှုပ် ....။ မီးဖိုထက်မှ ရေနွေးအိုးသည် ပွက်ပွက်ဆူလျက်ရှိသည်။ ဒယ်အိုးထဲမှ ကြော်ပြီးစ ဝက်အူချောင်းများသည် အငွေ့မပြယ်သေး။ မာသာသည် စားပွဲပေါ်၌ စားပွဲခင်းတစ်ခုခင်းကာ မနက်စာပြင်သည်။

မာသာသည် အသက်ခုနစ်ဆယ်ရှိခဲ့ပြီ ဖြစ်သော်လည်း ကျန်းမာသန်စွမ်းဆဲပင် ဖြစ်၏။ သွက်လက်စွာ လှုပ်ရှားလုပ်ကိုင်နေဆဲပင် ဖြစ်သည်။ သူမသည် ခေါင်းကထက်ပို၍ စိတ်ချမ်းသာသောအသွင်ကို ဆောင်နေသည်။ သူမသည် ပြင်ဆင်ထားသည့်စားပွဲကို အသေအချာ ပြန်ကြည့်သည်။ အားလုံး နေသားတကျရှိကာ လှပနေသည်။ သူမသည် နံရံပေါ်မှနာရီကို လှမ်းကြည့်သည်။ ငါးနာရီခွဲနေပြီ။ သူမသည် လှေကားတစ်ဝက်ခန့်အထိ တက်သွားပြီး အပေါ်ထပ်မျှော်ကာ အော်ခေါ်သည်။

'ဒေးဗစ် ....၊ ထတော့ ....ငါးနာရီခွဲပြီ'

သူမသည် အောက်သို့ ရုတ်တရက် ပြန်မဆင်းသေးဘဲ နားစွင့်နေသည်။ အပေါ်ထပ် အိပ်ခန်းထဲမှ လှုပ်ရှားသံ၊ ခြေသံနှင့် ရေသံများ ကြားကာမှပင် ပြန်ဆင်းလာသည်။ နောက်ဆယ်မိနစ်ခန့်အကြာတွင် ဒေးဗစ်သည် အောက်ထပ်သို့ ရောက်လာသည်။ မီးဖိုရှေ့၌ရပ်ကာ လက်များကို မီးကင်လျက်ရှိသည်။ ထို့နောက် စားပွဲ၌ဝင်ထိုင်သည်။ သူသည် ကျောက်မီးသွေးတွင်း အလုပ်သမားဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။

မာသာသည် သူမ၏သားအား ဝက်အူချောင်းများ၊ အိမ်တွင် ဖုတ်သည့် ပေါင်မုန့်နှင့် အကျအနဖျော်ထားသည့် လက်ဖက်ရည်ကိုချကာ မနက်စာကျွေးသည်။ သူ့သား စားနေသည်ကိုကြည့်ကာ စိတ်ထဲတွင် သာယာကြည်နူးလျက်ရှိသည်။ ထိုခံစားမှုသည် သူမ၏မျက်နှာတွင် ထင်ဟပ်လျက်ရှိလေသည်။

'အမေ လက်ဖက်ရည်ထဲမှာ သစ်ကြမ်းပိုးခေါက် နည်းနည်းလေး ထည့်ဖျော်ထားတယ်၊ မင်း ချောင်းဆိုးတာ သက်သာသွားအောင်လို့' ဟု မာသာက ပြောသည်။

'ကျေးဇူးပဲ ....အမေ'

'မင်းအဖေ ချောင်းဆိုးတုန်းကလည်း အမေ လက်ဖက်ရည်ဖျော်ရင် သစ်ကြမ်းပိုးခေါက်လေးနည်းနည်း ထည့်ဖျော်ပေးတယ်၊ သူ သက်သာသွားတာပဲ'

'ဟုတ်ကဲ့ ....အမေ' ဟု ပြန်ဖြေကာ ဒေးဗစ်က သူ့အမေအား မော့ကြည့်သည်။ အမေ့မျက်နှာသည် ကြည်လင်အေးမြနေသည်။ သူ့အပေါ်၌ မည်မျှလေး

ချစ်သည်ဟူသော မေတ္တာရိပ်ကိုလည်း အပီအပြင် ဖော်ပြနေသည်။ သူ့အပေါ်၌ ချစ်သည်ဟူသော အရိပ်လက္ခဏာကို သူ့အမေက ပထမဦးဆုံး ဖော်ပြခြင်းဖြစ်၏။ ဒေးဗစ်၏ရင်ထဲတွင် ဝမ်းသာသလို၊ ဝမ်းနည်းသလို ခံစားမှုဝင်လာသည်။ သူသည် စိတ်ခံစားမှုကို သူ့အမေ မမြင်စေချင်။ မသိမသာ ခေါင်းကိုငုံ့ကာ မနက်စာကို ဆက်စားနေသည်။

သူ့အမေ၏ ယခု ဖော်ပြချက်သည် သူ့အပေါ်၌ ထားရှိနေသော သဘောထား ပြောင်းသွားသည်ကို အတိအလင်း ထုတ်ဖော်လိုက်ခြင်း ဖြစ်သည်။ တခြားကြောင့် မဟုတ်။ နောက်ဆုံးတွင် သူသည် ကျောက်မီးသွေးတွင်း အလုပ်သမားဘဝကို ပြန်လည်ရယူလိုက်ခြင်းကြောင့် ဖြစ်သည်။ သူ ပညာသင်ကြားနေစဉ်က၊ စာသင်ကျောင်းတွင် ဆရာလုပ်နေစဉ်က၊ အလုပ်သမားအဖွဲ့ချုပ်တွင် အလုပ်လုပ်နေစဉ်က၊ ပါလီမန်လွှတ်တော်တွင် အမတ်ဖြစ်နေစဉ်က သူ့အမေသည် သူ့မ၏ နလုံးသားကို သော့ခတ်ထားခဲ့သည်။ အခုကျတော့ သူသည် နက်ပ်ကျွန်း ကျောက်မီးသွေးတွင်းသို့ပြန်ကာ အလုပ်လုပ်သည်။ သူ့အမေသည် ထိုအလုပ်ကို လုပ်ကာမှပင် သူ့သား အစစ်အမှန်ဟု ယူဆပုံရ၏။ သူ့မ၏သားသည် အခုမှပင် သူ့အဖေ၏ ရိုးရာအစဉ်အလာကို ထိန်းသိမ်းသည့် ယောကျ်ားကောင်းတစ်ယောက်ဟုလည်း သတ်မှတ်သွားပုံရလေသည်။

သူ ဤအလုပ်ကို ပြန်လုပ်ရခြင်းမှာ လိုအပ်ချက်ကြောင့် ဖြစ်၏။ သူသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးသည့်နောက် သင့်တော်ရာ အလုပ်တစ်ခုကို လိုက်လံရှာဖွေခဲ့သည်။ အလုပ်တစ်ခုရအောင် ရှာဖွေရသည်မှာ မည်မျှလောက် ခက်ခဲသည်ကို ထိုအခါကျမှပင် သူ လက်တွေ့သိမြင်ခဲ့ရ၏။ သူ ယခင်က လုပ်ကိုင်ခဲ့သော စာရေးအလုပ်သည် အလုပ်သမားအဖွဲ့ချုပ်တွင် နေရာလွတ်မရှိတော့ပေ။ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဌာနမှလည်း သူ့အပေါ်၌ အာဃာတရှိနေသဖြင့် အလုပ်ရရှိ လမ်းပိတ်လျက်ရှိ၏။ ပညာအရည်အချင်း တစ်ပိုင်းတစ်စကြောင့် ကျောင်းဆရာ ပြန်ဖြစ်ဖို့လည်း မလွယ်တော့ပေ။

သူ့အဖြစ်မှာ ကျောက်မီးသွေးတွင်း အလုပ်သမားဘဝသို့ ပြန်သွားရုံမှ တစ်ပါး အခြားရွေးစရာလမ်း မရှိတော့ပေ။ အာသာ၏ရှေ့၌ တန်းစီနေသော အလုပ်သမားများကြား၌ ဝင်၍ရပ်ကာ မြေအောက်စစ်ဆေးရေးဌာန၌ အလုပ်တစ်နေရာရအောင် ကြိုးစားခဲ့ရသည်။

မကောင်းသော ကံကြမ္မာသည် သူတစ်ဦးတည်းကိုသာ ဖိစီးနှိပ်စက်သည် မဟုတ်။ ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ရသော လေဘာပါတီမှ အမတ်များသည် အခြေအနေဆိုးနှင့် ရင်ဆိုင်ခဲ့ရ၏။ ရာလ်စတန်သည် လီဗာပူးရှိ သဘော်သားပွဲစားရုံ၌



စာရေး လုပ်နေရသည်။ ဘွန်းတစ်ယောက်သည် လိဒ်၌ လက်ထောက်စာတိုက်ဆရာ လုပ်နေသည်။ ဂျက်ဒေးဗစ်ကတော့ ရှန်ဒါရုပ်ရှင်ရုံ တီးဝိုင်းတွင် စန္ဒရားတီးနေရ၏။

သူသည် ဒက်ဂျီယွန်၊ ချာလ်မားစ်၊ ဘက်ဘင်တန်နှင့် ကျန်လူများအကြောင်းကို စဉ်းစားမိသည့်အခါ ပြုံးမိသည်။ ထိုလူစုသည် ယခုအချိန်အထိ နာမည်ကျော်နေဆဲပင် ဖြစ်သည်။ လေဘာပါတီ၏ ယုံကြည်ချက်ကို ဖျက်ဆီးခဲ့သူများ ဖြစ်သော်လည်း အများ၏အမြင်တွင်မူ သူရဲကောင်းများ ဖြစ်နေသည်။ အထူးသဖြင့် သတ္တုတွင်း ဥပဒေကြမ်းကို ဆန့်ကျင်ခဲ့သော ဘက်ဘင်တန်သည် သတင်းစာတိုင်းတွင် ဓာတ်ပုံပါနေဆဲ။ ရေဒီယိုမှ ဟောပြောနေဆဲ။

ဒေးဗစ်သည် ထိုင်နေရာမှထကာ လည်စည်းပဝါကိုယူ၍ လည်ပင်းတွင် ပတ်လိုက်သည်။ ရှူးဖိနပ်ကြီးများကိုယူ၍ စီးသည်။ မာသာသည် ဒေးဗစ်အတွက် နေ့လယ်စာဘူးကို ဆီစိမ်စက္ကူတစ်ရွက်ဖြင့် သပ်ရပ်စွာ ထုပ်ပေးထားသည်။ ခေါင်းဆီးကြီးတစ်လုံးကိုလည်း စကတ်ဖြင့်သုတ်ကာ အိတ်တစ်လုံးတွင် ထည့်လိုက်သည်။ 'ဒီည ဆင်မီကိုခေါ်ခဲ့ဖို့ မမေ့နဲ့ဦး ....ဒေးဗစ်၊ အမေ သူ့အတွက် ကိတ်မုန့်တစ်လုံး ဖုတ်ထားတယ်' ဟု မာသာက ပြောသည်။

'အမေက ဆင်မီကိုတော့ ခေါ်တယ်၊ အင်နီကျတော့ မခေါ်ဘူး၊ ဆင်မီကို ခေါ်ရင် အင်နီကိုလည်းခေါ်မှ တရားတော့မပေါ့' ဟု ဒေးဗစ်က ပြောသည်။

မာသာသည် ဒေးဗစ်အား လှမ်းကြည့်သည်။ အမေ့အကြည့်တွင် အာဃာတ အရိပ်ကို မမြင်ရချေ။

'အေးလေ ....မင်း အင်နီက လိုက်ချင်တယ်ဆိုလည်း သူ့သဘောနဲ့သူ လိုက်ခဲ့ပေါ့' ဟု မာသာက ပြန်ပြောသည်။

ဒေးဗစ်က ဘာမှ ပြန်မပြောသည့်အခါ တစ်ချက် လှမ်းကြည့်သည်။

'အမေပြောတာ ကြားရဲ့လား ....၊ အမျိုးသမီးကို လိုက်လာဖို့ခေါ်ခဲ့'

'ဟုတ်ကဲ့ ....အမေ' ဟု ဒေးဗစ်က အဖြေပေးကာ တံခါးဆီသို့ လျှောက်သွားသည်။

မာသာက ရှေ့မှသွားနှင့်ကာ တံခါးကိုဖွင့်ပေးသည်။ အခုဆိုလျှင် ဒေးဗစ် အပြင်သွားတိုင်း မာသာသည် ကိုယ်တိုင် တံခါးဖွင့်ပေးလေ့ရှိသည်။ ဤသည်မှာ ဒေးဗစ်အပေါ်၌ လေးစားမှုကို ဖော်ပြသည့် လုပ်ရပ်တစ်ခုပင် ဖြစ်သည်။ သူသည် တံခါးဝမှရပ်ကာ အမှောင်ထုအတွင်းသို့ လျှောက်ဝင်သွားသော ဒေးဗစ်ကို မျက်စိတဆုံး ကြည့်နေသည်။ ထို့နောက် မီးဖိုထဲပြန်ဝင်ကာ သူ့မ၏ ခြေအတွက် ကိတ်မုန့်ဖုတ်သည်။ မာန်မာနကြီးသော မျက်နှာတွင် စိတ်ချမ်းသာမှုအပြုံးတို့ မြင်နေရ၏။

ဒေးဗစ်သည် အလုပ်သမားတန်းလျားများအတွင်းမှ လမ်းအတိုင်း လျှောက်လာသည်။ သူ့လို လျှောက်လာနေကြသူများ၏ ရှူးဖိနပ်သံများသည် အမှောင်ထုအတွင်း၌ ပဲ့တင်ထပ်နေကြသည်။ 'ဟယ်လို ....နက်၊ ဟယ်လို ....တွမ်၊ ဟေ့ — ဒေးဗစ်' ဟူသော နှုတ်ဆက်သံများကိုလည်း ကြားနေရ၏။ တစ်ခါတစ်ရံတွင် အမှောင်ထုကြား၌ ရွေ့လျားနေသည့် ရုပ်လွှာများဆီမှ ဆေးတံဖွာ၍ ထွက်ပေါ်လာသည့် မီးရောင်များကို မြင်တွေ့ရသည်။

ဒေးဗစ်သည် နက်ပ်ကျွန်းတွင် အလုပ်ပြန်လုပ်သည့်အချိန်မှစ၍ မနက်တိုင်းကြုံရသည့် ဤအချိန်ကလေးကို များစွာ အလေးအနက်ဖြစ်မိသည်။ သူသည် ဤစစ်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်မှာ မှန်သော်လည်း အနည်းဆုံး ဤလူများနှင့် အတူတူတော့ ချီတက်ခဲ့ရ၏။ ဤစစ်ပွဲတွင် သူသည် သူ့ကိုယ်သူရော၊ သူ့လူများကိုပါ သစ္စာမဖောက်ခဲ့။ သူတို့၏ ကံကြမ္မာသည် အခုချိန်အထိ သူ့ကံကြမ္မာအဖြစ်ပင် ရပ်တည်နေဆဲ။ ထိုအတွေးသည် သူ့အား သတ္တိကိုမွေးနိုင်သည့်အားကို ဖြစ်စေ၏။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူသည် ကျောက်မီးသွေးတွင်းထဲမှ ပြန်လည်တိုးထွက်ကာ ဤလူစုနှင့်အတူ လွတ်လပ်မှုအသစ်ကို ရှာဖွေရရှိနိုင်လိမ့်မည်ဟု သူ ထင်သည်။

ကွေးလမ်း၏တစ်ဖက်ရှိ အိမ်တန်းဆီသို့ လမ်းမကိုဖြတ်ကာ လျှောက်လာခဲ့သည်။ အိမ်တစ်အိမ်ရှေ့အရောက်တွင် တံခါးကို ခေါက်သည်။ သူသည် အိမ်ထဲမှ လူထွက်အလာကို မစောင့်တော့ဘဲ တံခါးလက်ကိုင်ကို ဆွဲလှည့်ကာ တံခါးကိုဖွင့်၍ အိမ်ထဲသို့ ဝင်ခဲ့သည်။ ဆင်မီသည် မီးဖိုနှင့် မနီးမဝေး၌ထိုင်ကာ ရှူးဖိနပ်ကြိုးများကို ချည်နေသည်။ သူ့အမေ အင်နီကတော့ မီးဖိုနောက်မှောင်ရိပ်မှ ရပ်ကာ သူ့သားအား လှမ်းကြည့်နေသည်။

'အံမာ ....မင်းက အဆင်သင့် ဖြစ်နေပါပေါ့လား' ဟု ဒေးဗစ်က ပြောသည်။ 'ငါထင်လာတာက ငါရောက်မှ မင်းကို အိပ်ရာထဲက ဆွဲချရလိမ့်မယ်လို့ ထင်လာတာ'

ဆင်မီက ရယ်သည်။ အသက် ဆယ့်လေးနှစ်ရှိပြီ ဖြစ်သော်လည်း သူ့အရပ်အမောင်းသည် သိပ်မမြင့်လာသေး။ သို့သော်လည်း သူသည် မြေအောက်တွင်းထဲသို့ဆင်းကာ အလုပ်လုပ်ရတော့မည်။

'ဒေးဗစ်ပြောခဲ့တဲ့ဟာကို သတိရပြီး သူ ညက အိပ်မပျော်ခဲ့ဘူး' ဟု အင်နီက ပြောသည်။

ဒေးဗစ်က အင်နီအား လှမ်းကြည့်သည်။ အင်နီသည် မီးဖိုရှေ့သို့ရောက်နေပြီး မီးရောင်ဖြင့် အင်နီ့မျက်နှာကို မြင်နေရ၏။ အင်နီသည် နုနည့်သိမ်မွေ့



ကောက် သတ္တိကောင်းသူ ဖြစ်သည်။ မုဆိုးမဘဝဖြင့် သားငယ် ဆင်မီနှင့်အ ဘဝတစ်ခုကို ကြံ့ကြံ့ခံကာ ဘဝကို ရင်ဆိုင်လာခဲ့သည်မှာ ကြာခဲ့ပြီ။ အင်နီသည် သည်၊ ရိုးသားဖြောင့်မတ်သည်။ တစ်ကိုယ်ကောင်းမဆန်။ အင်နီတွင် မြင့်မြတ်ဖြူစင်သောစိတ် ရှိ၏။

'ဒီမယ် ....အင်နီ၊ အမေက မင်းနဲ့ ဆင်မီကို ဒီည အိမ်မှာ ညစာလာစား ခိုင်းလိုက်တယ်'

အခန်းထဲတွင် အတန်ကြာမျှ တိတ်ဆိတ်သွားသည်။

'တကယ်ဖိတ်လိုက်တာ ဟုတ်ရဲ့လား' ဟု အင်နီက မေးသည်။

ဒေးဗစ်က ခေါင်းညိတ်သည်။

'အမေ့ပါးစပ်ထဲက ထွက်လာတဲ့စကားပဲ' ဟု ဖြေသည်။

'အင်နီ ဝမ်းသာပါတယ်၊ ဒီည အင်နီပါ လိုက်ခဲ့မယ်'

အဘွားကြီး၏ အသိအမှတ်ပြုခြင်းကို ခံရသဖြင့် အင်နီသည် တက ...နေခြင်း ဖြစ်သည်။ သူမသည် ဒေးဗစ်အား ပြုံး၍ကြည့်နေသည်။

ဆင်မီသည် အိမ်ရှေ့တံခါးဝသို့ ရောက်နှင့်နေပြီ။ ဒေးဗစ်သည် နောက် ... လိုက်သွားသည်။ လမ်းပေါ်ရောက်သည့်အခါ သူတို့သည် ဘေးချ ... လျှောက်သွားကြသည်။ ဒေးဗစ်သည် စကားမပြော၊ စောစောက ဆင် ... အင်နီက ကြည့်လိုက်သည့် အကြည့်ကို သတိရနေသည်။ သတ္တိနှင့် ... ပြည့်ပါသောအကြည့်ဟု သူ ထင်သည်။

သူတို့သည် ရာမက်ချ်၏ ဆိုင်ရှေ့မှ ဖြတ်လာခဲ့သည်။ အလုပ်သိမ်း ... ကျောက်မီးသွေးတွင်းမှ ပြန်လာချိန်တွင် ရာမက်ချ်၏ ဆိုင်တံခါးများသည် ပိ ... ရှိသည်၊ ဆိုင်ရှေ့တံခါးကတော့ ပွင့်နေတတ်၏။ ဆိုင်ရှေ့တံခါးဝ၌ ထိ ... ရာမက်ချ် ....။ ရာမက်ချ်သည် ဒေးဗစ် ပြန်လာတိုင်း ထိုနေရာမှဒေ ... သိက္ခာကင်းမဲ့စေသော စကားများ ပြောလေ့ရှိ၏။ ရာမက်ချ်သ ... အလုပ်စဆင်းသည့်နေ့မှစ၍ သီတင်းလေးပတ်တိတိ ထိုအလုပ်ကို ... ခဲ့သည်၊ ဒေးဗစ်ကို ကျောက်မီးသွေးတွင်းတူး အလုပ်သမားအဖြစ် ပြ ... ခြင်းသည် ရာမက်ချ်အတွက် အောင်ပွဲကြီးတစ်ခု ဖြစ်နေသည် မဟု ...

... နှင့် ဆင်မီသည် ကျောက်မီးသွေးတွင်းဘက်သို့ နီးလာပြီ၊ ရုံးခြ ... "ဆက်ဆန်အင်ဂိုလန်" ဟူသော စာတမ်းများပါသည့် ထရပ်ကားတစ်ချို့သ ... ထွက်လာတတ်သည်။ ကားတွေထွက်လာတိုင်း သူတို့သည် လ ... ဆင်းဆင်းပေးကြရသည်။ ဒေးဗစ်က နှုတ်ဆိတ်လျက်ရှိသော ဆင်မီအ ... သည်။ ထို့နောက် ဒေးဗစ်က စကားစသည်။

'စနေနေ့ကျရင် မင်းနဲ့ငါ ငါးမျှားထွက်ကြမယ် ဆင်မိ၊ စက်တင်ဘာလဆိုရင် ဝမ်းစ်ဘက်မှာ ရာသီဥတုကောင်းတယ်၊ ငါးမျှားလို့လည်း ကောင်းတယ်'

'အင်း'

သူတို့သည် အခြားအလုပ်သမားများနှင့်အတူ ရုံးဝင်းကိုဖြတ်ကာ ကျောက်မီးသွေးတွင်းဆီသို့ လျှောက်လာခဲ့ကြသည်။ အများနှင့်အတူရော၍ အလုပ်သမားများအား မြေအောက်တွင်းအဝသို့ ပို့ပေးသည့် လှောင်ချိုင့်ကြီးထဲသို့ ဝင်ခဲ့သည်။ ဆင်မိသည် ဒေးဗစ်၏ကိုယ်နှင့် ပူးကပ်ကာ ဒေးဗစ်၏လက်ကိုပါ တအားကိုင်ထားသည်။ 'ဒီလှောင်ချိုင့်ကြီးက အောက်ကို တအားကုန် အရှိန်နဲ့ကျတတ်သလား' ဟု ဆင်မိက မေးသည်။

'အရှိန်ပြင်းပြင်းနဲ့ မကျပါဘူးကွာ' ဟု ဒေးဗစ်က နှစ်ကိုယ်ကြားလေသံဖြင့် ပြန်ပြောသည်။

တိတ်ဆိတ်နေသည်။ ခပ်လှမ်းလှမ်းမှ ခေါင်းလောင်းသံ ကြားရသည်။ အလုပ်သမားအားလုံးသည် အတက်အဆင်းလုပ်၍ သယ်ယူပို့ဆောင်ပေးသည့် ဓာတ်လှေကား လှောင်ချိုင့်ကြီးအတွင်း၌ တစ်ဦးကိုတစ်ဦး ပူးကပ်ကာ ရပ်နေကြသည်။ ကျောက်မီးသွေးတွင်း၏ အပေါ်ဘက်ထိပ်ပိုင်းသည် မြို့၊ သဘော်ဆိပ်နှင့် ပင်လယ်ပြင်တို့ကို အုပ်မိုးထားသည့်နှယ်ရှိသည်။ ဓာတ်လှေကား လှောင်ချိုင့်ကြီးသည် မြေအောက်သို့ လျှောခနဲဆင်းသွားပြီး ရုတ်တရက် တုန့်ခနဲရပ်သွားသည်။ မြေအောက်အမှောင်ထုကြီးဆီသို့ လှောင်ချိုင့်ကြီး ဆင်းသွားသံသည် မိုးကောင်းကင်ထက်ရှိ အဝေးဆုံးသော ကြယ်များဆီအထိ တက်ရောက်သွားနိုင်သည့် အလွန်ကြီးမားသော သက်ပြင်းချသံကြီးနှင့် တူလှချေသည်။

မောင်ထွန်းသူ

ဧပြီ ၁၉၊ ၁၉၉၉။